http:\\www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(ပဉ္စမတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

http:\\www.dhammadownload.com

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး

ရေးသားစီရင်ချီးမြှင့်တော်မူခဲ့သော

# ဆုတောင်းလင်္ကာ

ဤသည့်ပုည ကုသလကြောင့်၊
လောဘ ဒေါသ မောဟ ကင်းကွာ၊
သံသရာဝယ် ကျင်ပါရဘိ၊
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း၊
ဉာဏ်မဲ့ကွင်း၍ ပြည့်လင်းလှူဖွယ်၊
လှူစဉ်ဝယ်လည်း သုံးသွယ်စေတနာ၊
ဖြောင့်ညီညာသည် . . . ၊
ခေမာအထွတ် တိုင်လိုသော၀်။ ။

(အကိတ္တိဇာတ်နှင့် ဆုတောင်းခြင်း ဖြစ်သည်။)

http:\\www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(ပဌမတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

http:\\www.dhammadownload.com

**ပုံနှိပ်မှတ်တမ်း**

စတုတ္ထအကြိမ်

၂၀၀၆၊ ဖေဖော်ဝါရီလ

အုပ်ရေ ၁၅၀၀

**ပုံနှိပ်ထုတ်ဝေသူ**

ဦးအောင်သန်း(၂)

အတွင်းရေးမှူး

တိပိဋက=နိကာယ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

အမှတ် ၃၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http:\\www.dhammadownload.com

အရှင်ဝိစိတ္တသာရာဘိဝံသ ၏

ဟောစဉ်တရားတော်များ (ပဋ္ဌမတွဲ)

**(သာသနာ့ရှိန်ခွင်ကြီး လေးလက် တရားတော်)**

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | ... | က |
| **(က) အရှင်သာရိပုတ္တရာ (ပညာရှိန်ခွင်ကြီး)** | ... | ၁ |
| ပညာအနုဂါမိကဥစ္စာ | ... | ၁၅ |
| အာယာစနသုတ် | ... | ၂၃ |
| အရှင်သာရိပုတ္တရာတို့၏အတိတ်အကြောင်း | ... | ၂၆ |
| နှစ်ကြိမ်မြောက် (ဝါတွင်း) သာသနာ့ရှိန်ခွင် တရားတော် | ... | ၉၂ |
| အရှင်မောဂ္ဂလ္လာန် ရဟန္တာဖြစ်ခြင်း | ... | ၉၃ |
| **အရှင်သာရိပုတ္တရာ(ပညာရှိန်ခွင်ကြီး)တရားတော်** | ... | ၁၅၁ |
| အာသယဓာတ်အကြောင်း | ... | ၁၆၆ |
| ဒိဋ္ဌိနှစ်ပါး၏အထူး | ... | ၁၇၀ |
| ဝါဒသုံးမျိုး | ... | ၁၇၆ |
| ရွှေပန်းထိမ်သည် ရဟန်းအကြောင်း | ... | ၁၉၇ |
| အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခြင်း | ... | ၂၁၃ |
| သာရိပုတ္တထေရ ဂါထာတရားတော် | ... | ၂၂၅ |
| သာဝကသန္နိပါတနှင့် ဩဝါဒပါတိမောက် | ... | ၂၂၅ |
| အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း (နာလကသုတ္တန်တရား) | ... | ၃၀၅ |
| စုန္ဒသုတ္တန်တရား | ... | ၃၀၈ |

http:\\www.dhammadownload.com

မာတိကာ


ဖလသမာပတ်သုံးမျိုး ... ၃၁၇
မယ်တော်ရူပသာရီ၏အသက် ခန့်မှန်းချက် ... ၃၃၈
ပါဠိပဟာရိယသုံးမျိုး ... ၃၅၀
မယ်တော်ကြီး သောတာပန်ဖြစ်ခြင်း ... ၃၅၃
ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း ... ၃၆၁
ရေဝတီ ဝိမာနဝတ္ထု ... ၃၆၆

(ခ) အရှင်မဟာမောဂ္ဂလ္လာန် (သမာဓိချိန်ခွင်) တရားတော်

သရဘင်္ဂဇာတ် ... ၃၉၃
အထုအထည်ခုနစ်မျိုး ဖောက်ခွဲပစ်ပြခြင်း ... ၄၂၆
သရဘင်္ဂ အမည်တွင်ခြင်း ... ၄၃၄
အရှင်မောဂ္ဂလာန်အလောင်း ကိသဝစ္ဆ
ရှင်ရသေ့၏ အကြောင်း ... ၄၄၀
မင်းသုံးဦးတို့ သရဘင်္ဂပညာရှိထံ လာကြခြင်း ... ၄၄၇
သိကြားမင်းလည်း လာခြင်း ... ၄၄၈
ကိသဝစ္ဆရှင်ရသေ့ ကွယ်လွန်ခြင်း ... ၄၄၉
သရဘင်္ဂဇာတ် အလယ်ပိုင်းတရား ... ၄၆၈
(က) ဒဏ္ဍကီမင်း ဝတ္ထု ... ၄၈၀
(ခ) နာဠိကေရမင်းဝတ္ထု ... ၄၈၁
(ဂ) အဇ္ဇုနမင်း ဝတ္ထု ... ၄၈၈
(ဃ) ကလာဗုမင်း ဝတ္ထု ... ၄၉၁
ခန္တိဝါဒီဇာတ်၊ ကလာဗုမင်း ဝတ္ထု ... ၄၉၂
သရဘင်္ဂဇာတ် တတိယပိုင်း ... ၅၁၅
ဒိဋ္ဌိ အာသယ ၂ ပါး မှတ်ဖွယ် ... ၅၃၇
တရားနိဂုံး ... ၅၅၃


(ခ) ရဟာန်းယောကျာ်းချိန်ခွင်ကြီးတရားတော်
မာတိကာ ပြီးပါပြီ။

http:\\www.dhammadownload.com

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဟောစဉ်တရားတော်များ ပဋ္ဌမတွဲကို တတိယအကြိမ် ပြန်လည်ထုတ်ဝေရခြင်းအကြောင်း

## အမှာစာ

ဆရာတော်ဘုရားကြီး၏ တရားတော်များကို ဟောစဉ်တရားတော်များ အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ ဟောစဉ်တရားတော်များ ပထမတွဲမှ ဒသမတွဲအထိ ဆယ်တွဲတိတိ ဖြစ်ပါသည်။ ဟောစဉ် ပဋ္ဌမတွဲကို နှစ်ကြိမ်တိတိ ထုတ်ဝေခဲ့ပြီး ဖြစ်သော်လည်း ယခုအခါ ဟောစဉ် ပဋ္ဌမတွဲများ လက်ကျန်မရှိတော့သဖြင့် တတိယအကြိမ်အဖြစ် ထပ်မံရိုက်နှိပ်ရခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် အင်္ဂုတ္တိုရ်ပါဠိတော်လာ အာယာစနသုတ်ကို အခြေခံ၍ သာသနာ့ချိန်ခွင်ကြီးလေးလက်တရားတော်ကို ဟောကြားခဲ့ပါသည်။ အတုယူစံပြုရမည့် သာသနာ့ချိန်ခွင်ကြီး လေးလက်တို့သည်-

၁။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် တည်းဟူသော ရဟန်းယောကျ်ား သာသနာ့ချိန်ခွင်ကြီး။

၂။ ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီ တည်းဟူသော ရဟန်းမိန်းမ သာသနာ့ချိန်ခွင်ကြီး။

၃။ စိတ္တသူကြွယ်နှင့် ဟတ္ထကာဠဝကသီတင်းသည်မင်းသား တည်းဟူသော ဥပါသက သာသနာ့ချိန်ခွင်ကြီး။

၄။ ရှင်မခုဇ္ဇုတ္တရာနှင့် ဝေဠုကဏ္ဍကမြို့သူ သေဋ္ဌေးကတော် တည်းဟူသော ဥပါသိကာ သာသနာ့ချိန်ခွင်ကြီးတို့ ဖြစ်ပါသည်။

http:\\www.dhammadownload.com

သာသနာတော်၌ သဒ္ဓါတရားရှိသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ဒါယကာ၊ ဥပါသိကာ ဒါယိကာမတို့က သာသနာ့ချိန်ခွင်ကြီးလေးလက်တို့ကို စံပြုအတုယူထိုက်လှပေသည်။

သာသနာ့ချိန်ခွင်ကြီးလေးလက်တရားတော်ကို ဟောစဉ်တရားတော်များ ပဌမတွဲ၊ ဆဋ္ဌမတွဲ၊ အဋ္ဌမတွဲနှင့် နဝမတွဲတို့၌ လေ့လာဖတ်ရှုနိုင်ပါသည်။ ဤဟောစဉ်ပဌမတွဲတွင် ပညာအရာ အရှင်သာရိပုတ္တရာနှင့် သမာဓိအရာ အရှင်မောဂ္ဂလ္လာန်တို့အကြောင်း လေ့လာနိုင်ပါသည်။ ဆရာတော်ဘုရားကြီးသည် ဤအရှင်မြတ်နှစ်ပါးတို့၏ အကြောင်းကို ဇာတက၊ ဓမ္မပဒ၊ ဝိမာနဝတ္ထု၊ အပဒါန်၊ ထေရဂါထာတို့ဖြင့် တန်ဆာဆင်၍လည်းကောင်း၊ စုဒ္ဒသုတ္တန်၊ နာလကသုတ္တန်တို့ဖြင့်လည်းကောင်း ဝေဝေဆာဆာ ပြည့်စုံစွာ ဟောကြားထားပါသည်။

ထို့ပြင် ဤပဌမတွဲနိဒါန်း၌ သာသနာ့ချိန်ခွင်ကြီး လေးလက်ပါ ပုဂ္ဂိုလ်ရှစ်ဦးတို့အကြောင်း စာမြည်းအဖြစ် အကျဉ်းချုပ် ဖော်ပြထား၍ လေ့လာသူများအဖို့ ကြည်နူးဝမ်းသာနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါသည်။

တိ=နိ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့.

http:\\www.dhammadownload.com



## အရှင်ဝိစိတ္တသာရာဘိဝံသ၏

## ဟောစဉ်တရားတော်များ (ပဋ္ဌမတွဲ)

# သာသနာ့ချိန်ခွင်ကြီးလေးလက် တရားတော်

## (၁) ရဟန်းယောကျ်ား ချိန်ခွင်ကြီး

## (က) အရှင်သာရိပုတ္တရာ

## (ပညာချိန်ခွင်) တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကောဇာသက္ကရာဇ် ၁၃၃၂ ခု၊ သာသနာ ၂၅၁၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့၊ မန္တလေးမြို့ အနောက်ပြင် အောင်တော်မူကျောင်းကြီး စေတီတော် အာရာမ်အတွင်း ဆိပ်ကမ်းအလုပ်သမားများ၏ ကုသိုလ်ကောင်းမှုဖြစ်သော "နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံ"၌ စတင်ဟောကြားအပ်သော **"သာသနာ့ချိန်ခွင်ကြီး လေးလက်"** တရားပွဲ။

ဘုရားသာသနာမှာ ချိန်ခွင်ကြီး လေးလက်ရှိတာကို တရားနာပရိသတ်များ သိအောင် အသိပေးရမယ့် တာဝန် ဘုန်းကြီးတို့မှာ ရှိပါတယ်။ ဘယ်တော့များ အသိပေးရပါမည်လဲလို့ အခွင့်အရေးကို မျှော်နေတာ ဒီယနေ့ စပြီး အသိပေးရမည့်နေ့ ဖြစ်ပါတယ်။

အဲဒီ ချိန်ခွင်ကြီးလေးလက်ကို အသိမပေးခင် တရားနာပရိသတ်ရဲ့ လက်ထဲမှာ ရောက်နေတဲ့ လက်ထဲမှာ ထည့်ထားတဲ့ "ဓမ္မလက်ဆောင် လက်ာ" စာရွက်ကလေးများရဲ့ အနက်အဓိပ္ပာယ်ကိုလည်းပဲ အကျဉ်းချုပ် နားလည်အောင် ပြောရမည့် ဝတ္တရား ဘုန်းကြီးမှာ ရှိနေပါတယ်။ မိမိတို့ လက်ထဲမှာ ထည့်ထားတဲ့ အဲဒီ ကတ်ပြားကလေးတွေထဲမှာ ရှေ့ပိုင်းက လင်္ကာ ၂ ပုဒ် ပါတယ်၊ နောက်ပိုင်းက ၁ ပုဒ် ပါတယ်။ အချိန်ကျတော့ အဲဒီ စာပိုဒ်လေးတွေကို ကြည့်ရအောင်။

http:\\www.dhammadownload.com



မြတ်စွာဘုရားက နိဓိကဏ္ဍသုတ္တန်မှာ -

ယဿ ဒါနေန သီလေန၊

သံယမေန ဒမေန စ။

နိဓိ သုနိဟိတော ဟောတိ၊

ဣတ္ထိယာ ပုရိသဿ ဝါ။

အကြင် အမျိုးကောင်းသမီး မင်းမိန်းမ၊ အကြင်အမျိုးကောင်းသား မင်းယောကျ်ားမှာ အနုဂါမိက ဥစ္စာရတနာဆိုတာ လေးမျိုးရှိတယ်။ သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်အောင် မိမိနောက်က ကောက်ကောက် လိုက်ပါမယ့်၊ အရိပ်ပမာ လိုက်ပါမယ့် အနုဂါမိကဥစ္စာ ရတနာ လေးမျိုး ရှိတယ်။ (၁)ဒါန (၂)သီလ (၃)သမာဓိ (၄)ပညာ တဲ့။ (ဒီ တရားလေးပါးဟာ အနုဂါမိကဥစ္စာ ရတနာဖြစ်တယ်၊ ဥစ္စာလေးမျိုးထဲ မှာ အမြတ်ဆုံး ဥစ္စာ ဖြစ်တယ်။)

ဥစ္စာလေးမျိုးဆိုတာက -

(၁) ထာဝရဥစ္စာ (၂) ဇင်္ဂမဥစ္စာ (၃) အင်္ဂသမဥစ္စာ (၄)အနုဂါမိက ဥစ္စာ လို့ ပါဠိလို လေးမျိုးရှိတယ်။

(၁) ထာဝရဥစ္စာ-ဆိုတာက မိမိပိုင်တဲ့ အသက်မရှိတဲ့ ပစ္စည်းများ ကို ဆိုလိုတယ်။ အိမ်တို့၊ ယာတို့၊ တိုက်တာ၊ လယ်ယာ၊ မိုးမြေ၊ ရွှေငွေ များပေ။ ဒီအနားချထားယင် ထားတဲ့နေရာက ဘယ်မှ ရွေ့မသွားနိုင်တဲ့ မိမိပိုင်သော သက်မဲ့ပစ္စည်းများကို ထာဝရဥစ္စာလို့ ခေါ်တယ်။

(၂) ဇင်္ဂမဥစ္စာ-ဆိုတာက မိမိပိုင်တဲ့ အသက်ရှိသော ပစ္စည်းများကို ဆိုလိုတယ်။ တရွေ့ရွေ့ရှားရှား သွားလာလှုပ်ရှားနေတဲ့ မိမိပိုင်သော ဆင်တို့၊ မြင်းတို့၊ ကျွဲတို့၊ နွားတို့၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ ဆိုတဲ့ သက်ရှိဥစ္စာတို့ကို ဆိုလိုတယ်။

(၃) အင်္ဂသမဥစ္စာ-ဆိုတာက မိမိရဲ့ ဦးခေါင်း လက် ခြေ အင်္ဂါ သည် မိမိသွားရာ လိုက်ပါသလို လောကသမ္မုတိအားဖြင့် မိမိသွားရာ

http:\\www.dhammadownload.com



အမြဲလိုက်ပါတဲ့ နှုတ်မှုပညာ၊ လက်မှုပညာများကို ဆိုလိုတယ်။ မြန်မာလိုတော့ လက် ခြေ စသော အင်္ဂါကြီးငယ်နဲ့တူတဲ့ ဥစ္စာလို့ ဆိုလိုတယ်။

(၄) အနုဂါမိကဥစ္စာ–ဆိုတာက ဒါနရယ်+သီလရယ်+သမာဓိရယ်+ပညာရယ်=ဒီလေးပါးကို ခေါ်တယ်။ အဲဒီလေးမျိုးထဲမှာ ယခုတရားနာနေတဲ့ ဗုဒ္ဓဘာသာ အမျိုးကောင်းသား၊ ဗုဒ္ဓဘာသာ အမျိုးကောင်းသမီး သူတော်စင်တွေဟာ ဒါနကို နေ့တိုင်း နေ့တိုင်း ပြုနေကြတယ်။

**သီလ** နေ့စဉ် နေ့စဉ် ငါးပါးသီလကို စောင့်ထိန်းလျက် ရှိကြတယ်။ အဲဒီ သီလနယ်ပယ်ကလည်းပဲ မိမိတို့ နေ့စဉ် စောင့်ထိန်းနေကျ ဖြစ်တဲ့ ငါးပါးသီလကို ဝါရိတ္တ=ပကတိသီလလို့ ခေါ်တယ်။ အဲဒီ ပကတိ ငါးပါးသီလထဲမှာလည်းပဲ လူ့ဘောင်မှာ လူ့ကိစ္စ မလိုအပ်တော့ဘူး ဆိုတဲ့ အသက်အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်များကတော့ ကဿပမြတ်စွာဘုရား လက်ထက်တုန်းက "ဂဝေသီဆရာကြီး" များ စောင့်ထိန်းတဲ့ "ဗြဟ္မစရိယပဥ္စမကသီလ"ကို ဆောက်တည်စောင့်ထိန်းဖို့ ကောင်းပါတယ်။

ဗြဟ္မစရိယ ပဥ္စမကသီလ ဆိုတာ ပကတိ ဝါရိတ္တငါးပါးသီလရဲ့ အထက်နားမှာ ရှိနေပါတယ်။ မိမိတို့ စောင့်ထိန်းနေကျ ငါးပါးသီလ သိက္ခာပုဒ်ထဲမှာ "ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" ဆိုတဲ့ ဒီသိက္ခာပုဒ်နေရာမှာ "အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" လို့ ဆိုပြီးတော့ ကျင့်သုံးအပ်တဲ့ သီလမျိုးကို ဗြဟ္မစရိယပဥ္စမကသီလို့ ခေါ်ဆိုတယ်။ အဗြဟ္မစရိယာမှ လုံးဝရှောင်ကြဉ်တဲ့အတွက် ဒီသီလကို "ဗြဟ္မစရိယသီလ"လို့ ခေါ်တယ်။

ကဿပမြတ်စွာဘုရား လက်ထက်တုန်းက "ဂဝေသီဆရာကြီး" လို့ ရှေ့ဆောင် ဆရာကြီးတစ်ယောက် ပေါ်ပေါက်ခဲ့ဖူးပါတယ်။ သူကိုယ်တိုင်ကလည်းပဲ ပထမ ရှေ့ပိုင်းမှာ ရိုးရိုး ငါးပါးသီလခေါ်တဲ့ (၁) ပါဏာတိပါတမှ ရှောင်ကြဉ်မှု၊ (၂) အဒိန္နာဒါနမှ ရှောင်ကြဉ်မှု၊

http:\\www.dhammadownload.com



(၃) ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်မှု၊ (၄) မုသာဝါဒမှ ရှောင်ကြဉ်ခြင်း၊ (၅) သုရာပါနမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ပကတိ ဝါရိတ္တသီလ ငါးပါး မြဲတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူနဲ့ အတူတကွ နေထိုင်ကြတဲ့ ဥပါသကာ ငါးရာတို့ကလည်းပဲ ထို့အတူပင် ငါးပါးသီလ ပကတိ ဝါရိတ္တသီလ မြဲကြတယ်။ တစ်နေ့မှာ ဂဝေသီဆရာကြီးက စဉ်းစားတယ် ...၊ "ဆရာ နဲ့ တပည့် ဘာမှ မထူးကြဘူး၊ အဲဒီတော့ သူတို့ရဲ့ အရိုအသေကို ငါ ခံယူတယ်၊ သူတို့ရဲ့ အရိုအသေ ခံထိုက်အောင် သူတို့ထက် တိုးပြီးတော့ ငါ ကျင့်ဦးမှပဲ ..." ဆိုပြီးတော့ ရိုးရိုးငါးပါး သီလ "ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" နေရာမှာ "အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" လို့ ပြောင်း၍ ဆောက်တည် ကျင့်သုံးတယ်။ အဲဒါကို ဗြဟ္မစရိယပဉ္စမက သီလလို့ ခေါ်ပါတယ်။

နောက်လိုက် ဥပါသကာ ငါးရာတို့ကလဲပဲ "ဆရာကြီးမှာ ဗြဟ္မစရိယ ပဉ္စမကသီလကို ကျင့်သုံးတယ်၊ ငါတို့လည်းပဲ လိုက်ပြီးတော့ ကျင့်သုံးကြမှပဲ" ဆိုပြီးတော့ ထို့အတူ လိုက်၍ ဆောက်တည် ကျင့်သုံး ကြပြန်တော့ ဆရာကြီး ဂဝေသီက "ကိုင်း ... ငါ တစ်ဆင့်တက်ဦးမှပဲ" ဆိုပြီး ဆောက်တည်နေကျဖြစ်တဲ့ ဗြဟ္မစရိယ ပဉ္စမက သိက္ခာပုဒ်ငါးပါး ပေါ်မှာ "ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"သိက္ခာ ပုဒ် တစ်ခု ထပ်တိုးပြီးတော့ ဆောက်တည်လိုက်တယ်။ နေလွဲညစာ မစားတော့ဘူး။ အဲဒီလို သိက္ခာပုဒ်ခြောက်ပါးကို စောင့်ထိန်းတဲ့ သီလ ကျတော့ "ဧကဘတ္တိကဆက္ကသီလ"လို့ ပါဠိလို ခေါ်တယ်။ ဧက- ဘတ္တိက - ဆိုတာက နံနက်ဆိုတဲ့ တစ်ချိန်မှာပဲ အစာအာဟာရ ထမင်း ကို စားသုံးတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ ဆက္ကသီလ-ဆိုတာက ထိုသူ စောင့်ထိန်းတဲ့ သီလခြောက်ပါးလို့ ဆိုလိုပါတယ်။ ဆရာကြီးက တစ် ဆင့်တိုး၍ ဆောက်တည်ပြန်တော့လည်းပဲ နောက်လိုက် ဥပါသကာ

http:\\www.dhammadownload.com



ငါးရာတို့ကလဲ ဇကောဘတ္တိကဆက္ကသိလကို လိုက်ပြီးတော့ ဆောက်တည် ကျင့်သုံးကြပြန်တယ်။

ဒီအခါ ဆရာကြီး ဂဝေသိဟာ "ငါ ... တစ်ဆင့်တိုးပြီး ကြိုးစားဦးမှပဲ"လို့ ကဿပမြတ်စွာဘုရား အထံတော်၌ ရဟန်းပြုပြီး ရဟန်းတရားပွားများအားထုတ်လို့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားတဲ့အခါမှာ "သြော် ... ငါ့ရဲ့နောက်လိုက် ဉပါသကာငါးရာတို့လည်းပဲ ငါလိုပင် ရဟန်းပြု၍ ရဟန်းတရား ပွားများကြိုးကုတ်အားထုတ်ကြပြီး အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြလျှင် ကောင်းလေစွ"ဟု အကြံဖြစ်တယ်။ နောက်လိုက် ဉပါသကာ ငါးရာတို့လည်းပဲ ဆရာကြီး ကြံစည်တဲ့အတိုင်း ကဿပမြတ်စွာဘုရား အထံတော်မှာ ရဟန်းပြုကြ၍ ရဟန်းတရား ပွားများ အားထုတ်ကြလို့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာငါးရာဖြစ်ကုန် ကြတယ်။

ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ...၊ ယခု အသင်သူတော်ကောင်းတို့ ကျင့်သုံးတဲ့ ရှစ်ပါးသိလဟာ သိလနယ်ပယ်မှာတော့ ဒီအထက်မှာ ဆယ်ပါး သိလပဲ ရှိတော့တယ်။ ဒီတော့ "ငါတို့သည် သိလတည်းဟူသော အနဂါမိက (ဒုတိယ) ဥစ္စာ ရတနာမျိုးရတနာအိုးကို စိုက်ပျိုးမြုပ်နှံသိုမှီး သိမ်းဆည်းရပြီ" လို့ အောက်မေ့ဝမ်းမြောက်ကြပါ။

**သမာဓိ –**

ဒီတော့ ယခု မိမိတို့မှာ ဒါနရယ်၊ သိလရယ် အနဂါမိက ကုသိုလ်ဥစ္စာရတနာ နှစ်မျိုးကို သိုမှီးသိမ်းဆည်းကြရပြီ။ ယခုအခါ သမာဓိဆိုတဲ့ တတိယ အနဂါမိကဥစ္စာကို မြုပ်နှံသိုမှီး သိမ်းဆည်းကြရအောင်။ ဒီ သမာဓိဘာဝနာ သူတော်စင်တွေဟာ ကုသိုလ်ဖြစ်ဖို့ရန်အတွက် ဗုဒ္ဓဘာသာ သူတော်စင်တွေဟာ များသောအားဖြင့် မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်ကို ပုတီးစိပ်လေ့ ရှိကြတယ်။ ပုတီးစိပ်တဲ့ အမျိုးသား

http:\\www.dhammadownload.com



အမျိုးသမီး တစ်ယောက်ကို "ဘာ ပုတီးစိပ်သလဲ"လို့ မေးယင် "အရဟံ ဂုဏ်တော်ကို ပုတီးစိပ်တယ်" လို့ ဖြေတတ်ကြပါတယ်။ "ဘယ်လို အောက်မေ့ ဆိုပြီးတော့ ပုတီးစိပ်သလဲ" လို့ မေးယင် "သော ဘဂဝါ ဣတိပိ အရဟံ" အဲဒါကို တစ်ခေါက်ဆိုပြီးလျှင် ပုတီးတစ်လုံး ချတယ် လို့ ဖြေကြပါတယ်။ သော ဘဂဝါ ဣတိပိ အရဟံက ပါဠိစကား ဖြစ်နေတယ်။ မိမိဆိုတဲ့ ပါဠိစကားရဲ့ အနက်အဓိပ္ပါယ်ကို အကျယ်ဆိုပြီး အသိဉာဏ်ရပြီးတော့မှ "သော ဘဂဝါ ဣတိပိ အရဟံ"လို့ တစ်ခေါက် ဆိုလိုက်ရယင် တစ်ခေါက်ဆို ဆိုသလောက် အင်မတန် တန်ဖိုးရှိပါ တယ်။ ဒါကြောင့် သဒ္ဓါတရား ရှိကြပြီးသော အသင် သူတော်ကောင်း တို့နှင့် သင့်လျော်လျောက်ပတ်မယ့် "အရဟံ ဂုဏ်တော် ပုတီးစိပ် နည်း"ကို စဉ်းစားကြည့်တဲ့အခါ ယခု အသင် သူတော်ကောင်းတို့ရဲ့ လက်ထဲမှာ ရောက်ရှိနေတဲ့ ဓမ္မလက်ဆောင် စာရွက်ခေါက်ကလေးရဲ့ ကျောဘက်က ပါတဲ့ စာပိုဒ်ကို အမှတ်ရပြီး "ဒီနှစ်တော့ တရားနာ သူတော်ကောင်းတို့အား ဒီစာပိုဒ်ကို တရားလက်ဆောင် ပေးမှပဲ" လို့ စဉ်းစားအကြံ ဖြစ်လို့ ဟောဒီ အသံဖမ်းတဲ့ ဒကာကြီးများအဖွဲ့က ဓမ္မ လက်ဆောင် ပေးပါဘုရားလို့ လျှောက်ထားတောင်းပန်လို့ အဲဒီ "အရဟံဂုဏ်တော် ပုတီးစိပ်နည်းလင်္ကာ" စာပိုဒ်ကို ပေးလိုက်ပါတယ်။

အဲဒီ စာပိုဒ်ကလေးမှာ "အမျိုးသမီးတို့၏ စံပြ" ဆိုတာကို တွေ့ကြ ရပါလိမ့်မယ်။ အမျိုးသမီးတိုင်းက ဓမ္မဘက်မှာ စံပြလောက်တဲ့ အထူး အားဖြင့် မန္တလေးမြို့တော်သူ အမျိုးသမီးတို့၏ စံပြလို့ ဆိုနိုင်ပါတယ်။ "ဓမ္မ ခင်မင်" ဆိုတာက သူတော်ကောင်းတရားကို အင်မတန် ခင်မင် မြတ်နိုးပါတယ်။ "သူတော်စင်အမျိုးသမီး"ဆိုတာက အသက် ၁၀ နှစ် အရွယ်လောက်က စပြီး မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးတို့၊ လယ်တီဆရာတော်ဘုရားကြီးတို့ အဲဒီ ခေတ်ဟောင်းဆရာတော်ဘုရား ကြီးများရဲ့ တရားတွေကို နာလို့၊ အဲဒီလို တရားနာပြီးတဲ့နောက်

http:\\www.dhammadownload.com



အသက် (၁၇) ဆယ့်ခုနစ်နှစ်သမီး၊ သက္ကရာဇ်အားဖြင့် ၁၂၅၇ ခုနှစ်၊ တန်ဆောင်တိုင်လဆန်း ၂ ရက်နေ့မှာ သီလရှင်ဝတ်ခဲ့တဲ့ အမျိုးသမီး **စံပြ ဖြစ်ပါတယ်။**

အရွယ်အားဖြင့် ၁၇ နှစ်၊ မိဖဆွေမျိုးများက ကြည့်မဝ ရှုမဝ အရိပ်တကြည့်ကြည့်နဲ့ အလွန်လုပနေတုန်း၊ အဲဒီအရွယ်မှာ မိဖများက ခွင့်မပြုတဲ့အတွက် မိမိ၏ဆံထုံးကို အိပ်ရာထဲမှာပဲ ကတ်ကြေးနဲ့ ကိုက်ဖြတ်ပြီးတော့ တစ်ခါတည်း မင်းကွန်းတောထဲကို ထွက်ပြေးပြီး သီလရှင်ဝတ်ခဲ့ပါတယ်။ အဲဒီလို သီလရှင်ဝတ်ပြီးတဲ့နောက် မောင်တွေ၊ ဦးကြီး၊ ဦးလေးတွေက အတော့်ကိုပဲ မကျေမနပ် ဖြစ်ကြတယ်။ ဦးလေးတစ်ယောက်ကဆိုယင် "သီလရှင်အဝတ်ကို တွေ့တဲ့နေရာမှာပဲ ဆုတ်ဖြတ်ပစ်မယ်"လို့ ကြိမ်းမောင်းတဲ့ သတင်းကို ကြားရတော့ "ဩော်... ငါ ဒီမှာနေယင်ဖြင့် အန္တရာယ်ဖြစ်ချေရဲ့"လို့ စဉ်းစားမိပြီး သီလရှင်ဝတ်နဲ့ပဲ သီဟိုဠ်ကို ထွက်ပြေးရတယ်။ အဲဒီလို သီလရှင်အဖြစ်ကို မြတ်နိုးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။

အကယ်၍သာ ယနေ့ ဘိက္ခုနီသာသနာ ထင်ရှားရှိနေလျှင် ဘိက္ခုနီမ=ရဟန်းမ အဖြစ်ကို ရယူမယ့် ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ယနေ့ သာသနာမှာ "ခေတ်ပင်ရှိသေးသော်လည်း အဆက်ပြတ်သဖြင့် ဘိက္ခုနီမ=ရဟန်းမ အဖြစ်ကို ဘယ်လိုနည်းနှင့်မှ ရလို့ မဖြစ်ပါဘူး" ရမဖြစ်တဲ့အတွက် သာသနာမှာ ရနိုင်သလောက် သီလရှင်ဘဝကို ရယူခြင်း ဖြစ်ပါတယ်။ ရယူတဲ့ သီလရှင်ဘဝကိုလည်းပဲ သီလရှင် ပြုပဟော့ဆိုတဲ့ နေ့ကစပြီး ယနေ့ထက်တိုင် အသက် ၉၂ နှစ် ရှိပြီ၊ ဆယ်ပါးသီလ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်း ဆယ်ပါးသီလကို စောင့်ထိန်းခဲ့တယ်။ အသက်က ယနေ့ဆိုလျှင် ၉၂ နှစ်၊ ၁၇ နှစ်က သီလရှင်ဝတ်လာတယ်ဆိုတော့ သီလရှင်ဝါကိုက ၇၉ ဝါလောက် ရှိနေပြီ။ မန္တလေးမြို့ ရွာသာတန်းက မိဖနှစ်ပါးက ပိုးကုန်သည် ဂုဏ်သရေရှိတဲ့

http:\\www.dhammadownload.com



မိဖနစ်ပါးက ဖြစ်ပွားလာတဲ့ "ကုလဓိတု-အမျိုးကောင်းသမီး" ဖြစ်ပါတယ်။

အဲဒီ အမျိုးကောင်းသမီးဖြစ်တဲ့ ဆရာကြီး ဒေါ်ဓမ္မစာရီဟာ ဒီ "အရဟံ ဂုဏ်တော် ပုတီးစိပ်နည်း" ကို စာရှုက်ပေါ်မှာ ရေးနေတာ မဟုတ်ပါဘူး။ သူက ပရိယတ္တိ စာပေနယ်ပယ်မှာဆိုယင် ဘုန်းကြီးတို့ မူလဋီကာ ဆိုတာ ရှိတယ်။ အဘိဓမ္မာဘက်က အလွန်ခက်တဲ့ ဋီကာပါ။ ဒီ မူလဋီကာကို ကိုယ်တိုင် ဆိုဝါအဖြစ်နဲ့ စာတက်ခဲ့ရလို့ ကိုယ်တိုင် မူလဋီကာ ကောင်းကောင်းကြည့်နိုင်တဲ့ အရည်အချင်းရှိတယ်။ အဋ္ဌကထာ၊ ဋီကာကို ကောင်းကောင်းကြည့်နိုင်တဲ့ အရည်အချင်းရှိအောင် အမျိုးသမီး တစ်ယောက် ဒီပညာအရည်အချင်း ရောက်တယ်ဆိုတာ အင်မတန် အဆင့်အတန်း မြင့်မားပါတယ်။ စာပေပရိယတ်နှင့်တကွ ပဋိပတ်နယ်ပယ်မှာဆိုယင် ယနေ့ သံဃရာဇာ အဘိဓဇမဟာရဋ္ဌဂုရု ဖြစ်တော်မူကြတဲ့ ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးတို့က "သူတော်ကောင်းတစ်ယောက်ပဲ"လို့ အသိအမှတ် ပြုခံရတဲ့ မန္တလေးက အမျိုးသမီးစံပြ သူတော်စင် တစ်ယောက် ဖြစ်ပါတယ်။

အဲဒီ ဆရာကြီး ဒေါ်ဓမ္မစာရီဟာ "ဥပသမာနုဿတိကမ္မဋ္ဌာန်း" စီးဖြန်းအားထုတ်မယ်ဆိုလျှင် မိလိန္ဒပဥှာ ပါဠိတော်ကလာတဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်ပုဒ်တွေ၊ ဣတိဝုတ်ပါဠိတော်မှာ ဟောတဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်ပုဒ်တွေ၊ အသင်္ခတသံယုတ်မှာ မြတ်စွာဘုရား ဟောထားတဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်ပုဒ်တွေ၊ ထိုထိုနိကာယ်ငါးရပ်မှာ အကုန်လုံးထုတ်ပြီး အားလုံး နှုတ်တက်ရအောင် ကျက်တယ်၊ ပြီးမှ နှုတ်က တတွတ်တွတ် ရွတ်ဆိုပြီး နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူးတွေကို နှစ်နှစ်သက်သက် သဘောပေါက်ပြီးတော့ အောက်မေ့တဲ့ "ဥပသမာနုဿတိ" တရားအလုပ်ကို အားထုတ်သူ ဖြစ်ပါတယ်။ ဒါကို ဘုန်းကြီးကိုယ်တိုင် သိပြီးတော့ ပြောပါတယ်။

http:\\www.dhammadownload.com



ထို့အတူပဲ အရဟံ ဂုဏ်တော်ကို နှလုံးသွင်းတဲ့နေရာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကို အရဟံ+အရဟံ လို့ ချီးကျူးရတာဟာ အကြောင်းငါးပါး ရှိပါတယ်။

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရိန သော မုနိ။
ဟတသံသာရစက္ကာရော၊ ပစ္စယာဒီန စာ+ရဟော။
န ရဟော ကရောတိ ပါပံ၊ အရဟံ တေန ဝုစ္စတေ။

ကျမ်းဂန်မှာလာသည့်အတိုင်း –

အာရကတ္တာ စ=တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူခြင်းကြောင့်လည်းကောင်း။ ကိလေသာရိနံ=ကိလေသာတည်းဟူသော ရန်သူတို့ကို။ ဟတတ္တာ စ=ပယ်သတ်အပ်ပြီးဖြစ်တော်မူသောကြောင့် လည်းကောင်း။ ဟတသံသာရစက္ကာရော–ဟတသံသာရစက္ကာရတ္တာ စ=သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူပြီး ဖြစ်သောကြောင့်လည်းကောင်း။ ပစ္စယာဒီနံ=ပစ္စည်းအစရှိသော အပူဇော် (ပစ္စယပူဇာ+ဓမ္မပူဇာ ဆိုတဲ့ အပူဇော် အမျိုးမျိုး) တို့ကို။ အရဟော–အရဟတ္တာ စ=ခံထိုက်တော်မူသောကြောင့်လည်းကောင်း။ ရဟော=ဆိတ်ကွယ်ရာ၌။ ပါပံ=မကောင်းမှုကို။ (ယသ္မာ=အကြင့်ကြောင့်။) န ကရောတိ=ပြုတော်မမူ။ (တသ္မာ စ=ထို့ကြောင့် လည်းကောင်း။) တေန=ထို ဆိုခဲ့ပြီးတောင်း ငါးပါးသော အကြောင်းကြောင့်။ နာယကော=လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော။ သော မုနိ=ထို မြတ်စွာဘုရားသည်။ အရဟံ=အရဟံ မည်တော်မူပါပေ၏။

မြတ်စွာဘုရားကို အရဟံ+အရဟံလို့ ချီးကျူးပြောဆိုရတာဟာ အကြောင်းငါးပါး ရှိပါတယ်။ အဲဒီ အကြောင်းငါးပါးကြောင့် မြတ်စွာဘုရားသည် အရဟံဂုဏ်တော်ရှင် ဖြစ်တော်မူတယ်လို့ ဆိုတာကို စာရွက်ပေါ်မှာ မရေးဘဲနဲ့ လျှာပေါ်မှာပင် တစ်ပိုဒ် တစ်ပိုဒ် တစ်ကြောင်း

http:\\www.dhammadownload.com



တစ်ကြောင်း စဉ်းစားပြီး (လျှာဆိုတဲ့ စာရွက်ပေါ်မှာ) ရေးတဲ့ စာပိုဒ် ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်ကပေါ့။ ဗောဓိပင်မှာ ရေသွန်းပြီး တော့ ဆင်းအလာ တရုတ်စကားပင်တန်းအောက်မှာ ဆရာကြီးဟာ စာရွက်ပေါ်မှာ မဟုတ်ဘဲ လျှာပေါ်မှာ ဒီအသံလေးတွေကို စီကာ ပတ်ကုံး ဆိုဆိုကြည့်တယ်။ ဆရာကြီး ဆိုဆိုကြည့်တာကို ကိုယ်တိုင် ကြားရ+မြင်ရတာပါ၊ ဒါကို ဘုန်းကြီးနားနဲ့ ဆတ်ဆတ်ကြားပြီးတော့ ပြောနေပါတယ်။ ဒီတော့ အမျိုးသမီးလောက က ဂုဏ်ယူလောက်တဲ့၊ စံယူလောက်တဲ့၊ စံပြဖြစ်တဲ့ အမျိုးသမီး သူတော်ကောင်းကြီး တစ် ယောက်ရဲ့ လက်ရာကို တရားနာ သူတော်ကောင်းတွေရဲ့ ပညာလက်ထဲ ကို ထည့်ပေးပါမယ်။ အသင် သူတော်ကောင်းတို့ရဲ့ လက်ထဲမှာ ဖြန့်ဝေ ထားတဲ့ ဓမ္မလက်ဆောင် စာရွက်ကလေးရဲ့ ကျောဘက်ကို ကြည့်ကြ ပါ။

(၁) သံသရာဝဋ်ဆင်းရဲ၊ အပါယ်ဝဋ်ဆင်းရဲ၏ အကြောင်း မကောင်းယုတ်မာ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျှက်ဖြင့် အကြွင်းမဲ့ပယ်သတ်၊

(၂) ဝါသနာ အငွေ့ဓာတ် နှင့်တကွ ထို တစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့မှ ဝေးကွာ၊

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

(၄) ဖြစ်မှုကြိမ်ဖန် အတန်တန် လည်တတ်သော သံသရာစက်၏ အကန့်ကို ဖျက်ဆီး၊

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါ တို့၏ ပူဇော်အထူးကို ခံထိုက် -

(ဆိုခဲ့ပြီးတောင်း ငါးပါးသော အကြောင်းတို့ကြောင့်) တစ်သောင်း

http:\\www.dhammadownload.com



တိုက်လုံး ခြိမ့်အုန်းညိုးညံ့ အရဟံ+အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လွှင့်ကျော်စောတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား ...။ သော ဘဂဝါ ဣတိပိ အရဟံ။ (တစ်ခေါက်ဆုံးမှ ပုတီးတစ်လုံးချ) ဟူသော စာပိုဒ်ကို တွေ့ကြရပါလိမ့်မည်။ အဓိပ္ပာယ်ကတော့ -

(၁) သံသရာဝဋ်ဆင်းရဲ၊ အပါယ်ဝဋ်ဆင်းရဲ၏ အကြောင်း မကောင်းယုတ်မာ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်၊

ဒါက အကြောင်းတစ်ပါး။ ဒီအကြောင်းက "အရီနံ ဟတတ္တာ"ဆိုတဲ့ အကြောင်းနဲ့ ကိုက်ညီပါတယ်။ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ်တည်းဟူသော ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်တော်မူသောကြောင့်လည်းပဲ မြတ်စွာဘုရားကို အရဟံ+အရဟံလို့ ချီးကျူးရပါတယ်။

(၂) ဝါသနာ အငွေ့ဓာတ် နှင့်တကွ ထို တစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့မှ ဝေးကွာ -

ဒါက ဒုတိယအကြောင်း။ "အာရကတ္တာ"လို့ စာထဲက လာတဲ့ အတိုင်း ဆိုခြင်း ဖြစ်ပါတယ်။ တခြား တခြားသော ရဟန္တာပုဂ္ဂိုလ်တွေကော တစ်ထောင့်ငါးရာ ကိလေသာတို့မှ မဝေးကွာဘူးလား၊ ဝေးကွာပါတယ်။ ဒါဖြင့် သူတို့ကိုတော့ အရဟံ+အရဟံလို့ မချီးကျူးဘဲ ဘာကြောင့် ဘုရားကိုမှ ကွက်ပြီး ချီးကျူးရတာလဲ။

အဖြေကတော့ မြတ်စွာဘုရားမှာတော့ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့မှရော၊ ထိုကိလေသာတို့ရဲ့ အထုံအခိုးအငွေ့လို့ဆိုတဲ့ ဝါသနာအငွေ့ဓာတ်မှရော နှစ်မျိုးလုံးမှ ဝေးကွာတော် မူပါတယ်။ ရဟန္တာများကျတော့ တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်

http:\\www.dhammadownload.com



မှုကြသော်လည်း ကိလေသာရဲ့ အထုံအနိုး တန်ခိုးအငွေ့လို့ဆိုတဲ့ ဝါသနာကတော့ ကျန်နေသေးတယ်။

ဘုရားရှင်လက်ထက်တော်တုန်းက အရှင်ပိလိန္ဒဝစ္ဆဆိုတာ ရဟန္တာပဲ။ ဒါပေမယ့် သူက အင်မတန် ဇာတ်မြင့်တယ်လို့ ယူဆတဲ့ ဇာတိမန္တ ပုဏ္ဏားမျိုးမှာ ဘဝငါးရာ ဆက်တိုက်ဖြစ်ခဲ့လေတော့ အဲဒီ ဇာတိမန္တ ပုဏ္ဏားတွေက "သူတို့မှ ကျန်တဲ့လူမျိုးတွေဟာ လူယုတ်ချည်းပဲ၊ သူတို့ ကမှ မြတ်တယ်" အဲဒီလို ဇာတိမာန် တက်ပြီးတော့ ကျန်တဲ့လူတွေကို "ဝသလ=လူညံ့တွေ၊ လူယုတ်တွေ"လို့ပဲ ပြောဆိုကြ အောက်မေ့ကြပါ တယ်။ အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာလည်းပဲ အဲဒီ ဇာတိမန္တပုဏ္ဏားဘဝပေါင်း ငါးရာတုန်းက ကိန်းတည်ခဲ့တဲ့ မာနကိလေသာနှင့်တကွ အနမတဂ္ဂ သံသရာက ကိန်းတည်ခဲ့တဲ့ မာနကိလေသာတရားကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်နိုင်သော်လဲ ထိုဇာတိမန္တပုဏ္ဏား ဘဝ ငါးရာတုန်းက ကိန်းတည်ခဲ့တဲ့ ဇာတိမာန် ကိလေသာ၏ အထုံအနိုး တန်ခိုးအငွေ့ဖြစ်တဲ့ ဝါသနာကိုကား မပယ်နိုင်တဲ့အတွက် ရဟန္တာ ဖြစ်တော့လည်းပဲ တွေ့တိုင်းတွေ့တိုင်းသော လူများကို "ဝသလ+ဝသလ =ဟဲ့ သူယုတ်၊ ဟဲ့ သူယုတ်"လို့ ပြောလေ့ ဆိုလေ့ ရှိပါတယ်။ ရိုင်းနေ တာပ။

ဒီတော့ မြတ်စွာဘုရားကိုယ်တိုင်က "ဟဲ့ သူယုတ်၊ ဟဲ့ သူယုတ်" လို့ အခေါ်ခံရတဲ့ ပုဂ္ဂိုလ်တွေ စိတ်ထဲက မနာအောင် "ပိလိန္ဒဝစ္ဆ ရဟန္တာ ဟာ ပဒုဋ္ဌစိတ်=ပြစ်မှားတဲ့ စိတ်နဲ့ ပြောတာ မဟုတ်ဘူး၊ ဇာတိမန္တပုဏ္ဏား ဘဝပေါင်း ငါးရာတုန်းက ကိန်းတည်ခဲ့တဲ့ ဇာတိမာန် ကိလေသာရဲ့ အထုံအနိုး တန်ခိုးအငွေ့ ဝါသနာပါလာလို့ ပြောတာဖြစ်တယ်"လို့ ပြန်လည်ဖြေရှင်း ဟောပြတော်မူရပါတယ်။ ရဟန္တာပုဂ္ဂိုလ်များမှာ အဲဒီ အထုံဝါသနာ မပျောက်ဘူး၊ မြတ်စွာဘုရားကျတော့ အထုံဝါသနာနှင့် တကွ ထိုတစ်ထောင့်ငါးရာ ကိလေသာတို့ကို ပယ်တော်မူတာဖြစ်လို့

http:\\www.dhammadownload.com



"ဝါသနာအငွေ့ဓာတ်နှင့်တကွ ထိုတစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာ"လို့ ဒုတိယအကြောင်းကို ဖွဲ့ဆိုခြင်း ဖြစ်ပါတယ်။

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု။

ဒါက တတိယအကြောင်း။ "န ရဟော ကရောတိ ပါပံ"ကို ကြည့်၍ ဖွဲ့ဆိုထားခြင်း ဖြစ်ပါတယ်။ မြတ်စွာဘုရားမှာ မကောင်းမှု ပြုဖို့ရန် ဆိတ်ကွယ်ရာအရပ်ဟူ၍ လုံးဝ မရှိပါ။ ဒါကြောင့် ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူ (ဝါ) မကောင်းမှုကို ပြုဖို့ရန် ဆိတ်ကွယ်ရာ အရပ်ဟူ၍ လုံးဝ ရှိတော်မမူသောကြောင့်လည်းပဲ မြတ်စွာဘုရားဟာ အရဟံဂုဏ်တော်ရှင် ဖြစ်တော်မူပါတယ်။

(၄) ပြစ်မှုကြိမ်ဖန် အတန်တန် လည်တတ်သော သံသရာစက်၏ အကန့်ကို ဖျက်ဆီး။

ဒါက စတုတ္ထအကြောင်း။ ပကတိလှည်းဘီးကြီး၊ ရထားဘီးကြီးများ တောင့်တောင့်တင်းတင်း လည်နေနိုင်တာဟာ ထောက်(ဒေါက်)တွေ အကန့်တွေကြောင့် လည်နေနိုင်တာ ဖြစ်တယ်။ ပကတိ လှည်းဘီးကြီး ရထားဘီးကြီးကို မလည်နိုင်အောင် ဘယ့်နှယ်လုပ်မလဲ၊ အဲဒီ ထောက်တွေ အကန့်တွေကို ရိုက်ချိုးပစ်လိုက်ယင် မလည်နိုင်တော့ဘူး။ ထို့အတူပဲ မြတ်စွာဘုရားရှင်သည် သံသရာတည်းဟူသော လှည်းဘီးကြီး၊ ရထားဘီးကြီး မလည်နိုင်အောင် ပဋိစ္စသမုပ္ပါဒ်ကို အဦးမူ၍ ကုဋေပေါင်း သုံးသန်းခြောက်သိန်း အရေအတွက်ရှိတဲ့ မဟာဝဇိရဝိပဿနာဉာဏ်တော်ဖြင့် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ခေါ်တဲ့ သင်္ခါရတည်းဟူသော သံသရာစက်ရဲ့ အကန့်တွေ ထောက်တွေကို ဖျက်ဆီးပြီးသော အကြောင်းကြောင့်လည်းပဲ မြတ်စွာဘုရားဟာ အရဟံဂုဏ်တော်ရှင် ဖြစ်တော်မူပါတယ်။ "ဟတသံသာရစက္ကာရော"ဆိုတဲ့ ပါဠိနဲ့အညီ ဖြစ်ပါတယ်။ "ပြစ်မှုကြိမ်ဖန် အတန်တန်

http:\\www.dhammadownload.com



ထည်တယ်" ဆိုတာက သံသရာမှာ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်တာကို ခေါ်တယ်။

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါ တို့၏ ပူဇော်အထူးကို ခံထိုက်။

ဒါက ငါးခုမြောက်အကြောင်း။ မြတ်စွာဘုရားမှာ ကြီးကဲလွန်မြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ် ကျေးဇူးတော်တွေ ရှိတယ်။ ရှိတဲ့အတွက် လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် အရဟံ ဂုဏ်ရှင် ဖြစ်တော်မူပါတယ်။ "ပစ္စယာဒီန စာ+ရဟော" ဆိုတဲ့ ပါဠိနဲ့အညီ ဖြစ်ပါတယ်။ ဒီငါးချက်ကို စိပ်စိပ်စေးစေး နှလုံးသွင်းလျှင် မြတ်စွာ ဘုရား၏ အရဟံဂုဏ်တော်ကို အပြည့်အစုံ နှလုံးသွင်းခြင်း ဖြစ်ပါ တယ်။

(ဆိုခဲ့ပြီးတောင်း ငါးပါးသော အကြောင်းတို့ကြောင့်) တစ် သောင်းတိုက်လုံး ခြိမ့်အုံးညိုးညံ့ အရဟံ+အရဟံ ဟူသော ဂုဏ် တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လှိုင်ကျော်စော တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား .... ။

ဆိတ်ငြိမ်ရာမှာ တစ်ယောက်တည်း အေးအေးဖြည်းဖြည်း စဉ်းစား ပြီး ဆိုပါ၊ ဆိုပြီးမှ – "သော ဘဂဝါ ဣတိပိ အရဟံ"လို့ ဆိုလိုက်လျှင် "ဩော် ... ယခု ငါဆိုခဲ့တဲ့ အနက်အဓိပ္ပာယ်တွေကို ရည်စူးပြီးတော့ "သော ဘဂဝါ ဣတိပိ အရဟံ" လို့ ငါဆိုတာပါတကား၊ ငါဆိုခဲ့တဲ့ "သော ဘဂဝါ ဣတိပိ အရဟံ"သည် ယခု ဆိုခဲ့ပြီးတဲ့ အနက်အဓိပ္ပာယ် နဲ့ ပြည့်စုံတဲ့ ပါဠိပါတကား ... "လို့ မြင်ပြီးတော့ သိသွားမယ်။ အဲဒါကို သမာဓိဘာဝနာလို့ ခေါ်တယ်။ ဒါနရယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် လေးမျိုးရှိရာမှာ သမာဓိဆိုတဲ့ အနုဂါမိက ဥစ္စာရတနာ ဖြစ်

http:\\www.dhammadownload.com



ပါတယ်။ အဲဒီအတိုင်း မပြတ် မပြတ် ရွတ်ဆို ပွားများကြပါ သူတော်ကောင်းတို့ ... ။

## ပညာအနုဂါမိက ဥစ္စာ

ရှေ့မျက်နှာမှာ ပါရှိတဲ့ စာပိုဒ်ကလေး နှစ်ပိုဒ်က ပညာဆိုတဲ့ အနုဂါမိကဥစ္စာ ရတနာကို ပေးချင်လို့၊ ရစေချင်လို့ ဒီလင်္ကာစာပိုဒ်ကလေး ၂ ပိုဒ်ကို တရားလက်ဆောင်အနေနဲ့ အပ်ထားခြင်း ဖြစ်ပါတယ်။ ဒီလင်္ကာစာပိုဒ်ကလေး ၂ ပိုဒ် ဖြစ်ပေါ်လာရခြင်း အကြောင်းကို အကျဉ်းချုပ် ပြောပြလိုပါတယ်။

ဘုန်းကြီးများရဲ့ ဥပဇ္ဈာယ်ဆရာတော် (ပထမဓမ္မနာဒ ဆရာတော်) ဟာ လွန်ခဲ့တဲ့ ၁၂၉၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့မှာ ဘ၀နတ်ဌာန် ပျံလွန်တော်မူပါတယ်။ ပျံလွန်တော်မမူခင် ထေးရက်လောက်အလိုမှာ အရိဋ္ဌနိမိတ်လို့ ခေါ်တဲ့ ဓိဝိတိန္ဒြေကြွေမယ့် အရိပ်နိမိတ် လက္ခဏာကို မြင်ရတော့ ဘုန်းကြီးက ဆရာတော်ကို (တရားနှလုံးသွင်းဖို့ သတိမမေ့အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့) မေးလျှောက်ပါတယ်။ မေးလျှောက်ပုံက -

(တပည့်) "ဆရာတော် ...၊ အသညသတ်ဗြဟ္မာ့ဘုံကို ရောက်ကြမယ့် ဈာန်ရပုဂ္ဂိုလ်ကြီးတွေဟာ လူ့ပြည်+နတ်ပြည်တုန်းက နာမ်တရားကို ငြီးငွေ့ကြ၊ စက်ဆုပ်ကြတာဟာ တရားဉာဏ်နဲ့ကြည့်ယင် လမ်းမှန်ပဲ မဟုတ်လား ဘုရား"။

(ဆရာတော်) "မှန်ပါတယ်ကွာ ... "။

(တပည့်) "အရူပဗြဟ္မာ့ဘုံကို ရောက်ကြမယ့် ဈာန်ရပုဂ္ဂိုလ်ကြီးတွေရဲ့ လူ့ပြည်+နတ်ပြည်တုန်းက ရုပ်တရားကို ငြီးငွေ့ကြ၊ စက်ဆုပ်ကြတာကော တရားဉာဏ်နဲ့ကြည့်ယင် လမ်းမှန်ပဲ မဟုတ်လား ဘုရား။"

(ဆရာတော်) "မှန်ပါတယ်ကွာ ... "

http:\\www.dhammadownload.com



(တပည့်) "ဒါဖြင့်ယင် အဲဒီ အမှန်နှစ်ခုကို ပေါင်းစပ်ပြီးတော့ တပည့်တော်တို့ "ဓိ နာမရူပံ၊ ဓိ နာမရူပံ။ နာမရူပံ=နာမ်ရုပ်တရား နှစ်ပါးသည်။ ဓိ=စက်ဆုပ်ရွံရှာ ကြောက်မက်ဖွယ်ရာတွေပါတကား .." အဲဒီလိုများ နှလုံးသွင်းရယင် အမှန်နှစ်ချက် စပ်မိပြီးတော့ ကောင်းမယ် မဟုတ်လားဘုရား ..."လို့ (အင်း ... ဆရာတော်ရဲ့ အလိုကို စမ်းပြီး တော့၊ ဝါ-ဆရာတော်မှာ တရားနှလုံးသွင်းမှု မလစ်ဟင်းသည် လစ် ဟင်းသည်ကို သိလို၍ လျှောက်တယ်။) လျှောက်တော့ ဘုန်းကြီးကို ဆရာတော်က ဘာပြောသလဲဆိုတော့ -

(ဆရာတော်) "ကွာ ... (တဲ့)၊ သံယုတ်ပါဠိတော်မှာလာတဲ့ ခုနစ်နှစ်အရွယ် ဝဇိရာလို့ ခေါ်တဲ့ ရဟန္တာထေရီမလေး ရွတ်ဆိုတဲ့ -

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာ+ညတြ ဒုက္ခာ သမ္ဘောတိ၊
နာ+ညံ ဒုက္ခာ နိရုဇ္ဈတိ။

အဲဒီဂါထာ မရှိဘူးလားကွာ ... (တဲ့)။ သူတို့ ရဟန္တာ အရှင်မြတ် တွေအဖို့ ခန္ဓာငါးပါး-နာမ်ရုပ်တရား နှစ်ပါးတို့ကို အမြဲတမ်း "ဒုက္ခ" လို့ မြင်နေတော့ "ဒုက္ခမေဝ ဟိ သမ္ဘောတိ" စသည်ဖြင့် မိန့်ဆိုကြတာပ။ ငါတို့ အဖို့ရာကျတော့ နာမ်ရုပ်ကို ပထမ မြင်ဖို့ အရေးကြီးတယ်။ ဒါကြောင့် အဲဒီဂါထာလာ ဒုက္ခရဲ့အစား နာမရူပပါဠိနဲ့ ပြောင်းလဲပြီး-

နာမရူပံဝ သမ္ဘောတိ၊
တံဝ တိဋ္ဌတိ ဝေတိ စ။
နာ+ညတြ တမှာ သမ္ဘောတိ၊
နာ+ညံ တမှာ နိရုဇ္ဈတိ။

အဲဒီလို နှလုံးသွင်းကွာ ... "လို့ အမိန့်ရှိပြီး ဆရာတော်က မိမိ

http:\\www.dhammadownload.com



မမေ့မလျော့ တရားနှလုံး ကျင့်သုံးလျက်ရှိနေကြောင်း သိပါစေဆိုတဲ့ အဓိပ္ပာယ်နဲ့ "ကွယ် ... အရှင်ဂေါဓိကတို့ဟာ ဒုက္ခကို မဖြစ်ဖြစ်အောင် ပြုလုပ်ပြီးမှ ဉာဏ်ဖြင့် သိမ်းဆည်းတော်မူကြရသေးတာ၊ ငါက ဖြစ်လာတဲ့ ဝေဒနာကို အချည်းနှီး ချုပ်မသွားစေရပါဘူး" လို့ နောက်ဆုံး အမိန့်ရှိပါတယ်။

သိပ်ကောင်းတာပဲ။ အမှန်တော့ ဆရာတော်ဟာ အဲဒီလို နှလုံးသွင်းရင်း ရှိပါတယ်။ သူ အနှစ်သက်ဆုံးအနေနဲ့ အမိန့်ရှိတာဖြစ်တော့ ဘုန်းကြီးတို့ (တပည့်များ) အနေနဲ့လည်းပဲ အမြတ်နိုးဆုံး အနေနဲ့ မှတ်သားရပါတယ်။ အဲဒီ နာမရူပံဝ သမ္ဘောတိ အစရှိတဲ့ ဂါထာကို အနက်ပေးကြည့်ကြရအောင်။

ဣမသ္မိံ **ကာယေ**=ဤ ကိုယ်ကာယ တစ်လံမျှ၌။ နာမရူပံဝ= ရုပ်နာမ်တရား ဤနှစ်ပါးသည်သာလျှင်။ သမ္ဘောတိ=ဥပါဒ် ထင်ရှား ဖြစ်ပွား၍ နေ၏။ တံဝ=နာမ်ရုပ်တရား ထိုနှစ်ပါးသည်သာ လျှင်။ တိဋ္ဌတိ စ=ဠီခဏ အနေဖြင့် တည်လည်း တည်နေပေ၏။ ဝေတိစ=ဘင်ခဏသို့ ရောက်၍ ချုပ်လည်း ချုပ်ပျောက်၏။ (ဒီ တစ်လံမျှလောက်သော ခန္ဓာကိုယ်မှာ နာမ်တရား ရုပ်တရား နှစ်ပါး သာလျှင် ဖြစ်ကြ+တည်ကြ+ချုပ်ကြတယ်။) တမှာ=နာမ်ရုပ် တရား ထိုနှစ်ပါးကို။ အညတြ ဌပေတွာ=ချန်လှပ်ဖယ်ရှား အလွတ် ထား၍။ အညံ=တပါးသော ပုဂ္ဂိုလ်+သတ္တဝါ+ငါ+သူတပါး+ ယောကျ်ား+မိန်းမ+အတ္တ+ဇီဝ+လိပ်ပြာဆိုတဲ့ သဘောသည်။ န သမ္ဘောတိ=ဥပါဒ်ထင်ရှား ဖြစ်ပွားသည်မဟုတ်။ တမှာ=နာမ်ရုပ် တရား ထိုနှစ်ပါးမှ။ အညံ=တစ်ပါးသော ပုဂ္ဂိုလ်+သတ္တဝါ+ငါ+ သူတပါး+ယောကျ်ား+မိန်းမ+အတ္တ+ဇီဝ+လိပ်ပြာဆိုတဲ့ သဘော သည်။ န နိရုဇ္ဈတိ=ချုပ်သည်မဟုတ်။ (ထိုသဘောများသည် တရားသားအနေနဲ့ ရှိလည်းမရှိ) လို့ -

http:\\www.dhammadownload.com



အနက်အဓိပ္ပာယ် အဲဒီလို ရှိပါတယ်။ ပါဠိပညာရှင်တွေ အနေနဲ့တော့ ဒီဂါထာကို နှလုံးသွင်းလိုက်ယင်ပဲ အင်မတန် သဘောကျကျေနပ်သွားကြပါတယ်။ ပါဠိပညာရှင်တွေ ခံစားကြရတဲ့ ဓမ္မပီတိမျိုးကို ပါဠိကို မကျွမ်းကျင်တဲ့ အခု တရားနာနေတဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသား+အမျိုးသမီးတွေလည်းပဲ ခံစားကြရပါမယ်။ ဗုဒ္ဓရှင်တော်ရဲ့ တရားတော်ကို ကိုယ်တော်ရဲ့ သားတော်+သမီးတော်များ ဖြစ်ကြတဲ့ ဘိက္ခု ဘိက္ခုနီ ဥပါသကာ+ဥပါသိကာ=လေးဦးစလုံး နားလည်ရမည် ဖြစ်ပါတယ်။ အဲ ဥပါသကာ ဥပါသိကာတို့ နားမလည်ယင် သာသနာဘက်က သားတော်ဖြစ်ကြတဲ့ ရဟန်းတော်များက ပြောပြကြရပါမယ်။ နားလည်အောင် ပြောရမည့် ဝတ္တရားရှိတဲ့အတိုင်း -

**ဤ ကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝရုပ်နာမ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကား လိပ်ပြာ၊ ဤကား ငါနှင့်၊ ဤမှာ ဇီဝ၊ ဤ အတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည် …၊ ခန္ဓာ နာမ်ရုပ်မျှပါတကား …**

ဆိုတဲ့ ဓမ္မလက်ဆောင် လင်္ကာကလေးကို ဖြန့်ပေးထားခြင်း ဖြစ်ပါတယ်။

**ဤ ကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝရုပ်နာမ်၊ ဖြစ်၍ ချုပ်၏၊** သြော် … ဤ တစ်လံမျှလောက်သော ငါ၏ကိုယ်မှာ နာမ်တရား ရုပ်တရား ဤနှစ်ပါးတို့သာ ဖြစ်၍ ဖြစ်၍ ချုပ်နေပါတကား … ။ **နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကား လိပ်ပြာ၊ ဤကား ငါနှင့်၊ ဤမှာ ဇီဝ၊ ဤ အတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊** နာမ်ရုပ်နှစ်ပါးကို ဖယ်ရှားပြီးတော့ ဟောဒါက လိပ်ပြာ၊ ဒါက ငါ၊ ဒီမှာက ဇီဝ၊ ဟောဒါက အတ္တ-လို့ ပြစရာ နာမ်ရုပ်ကလွဲယင် အဲဒီတရားမျိုးဟာ ရှိကို မရှိ။ **ခန္ဓာနာမ်ရုပ်မျှပါတကား၊** ဒီ တစ်လံမျှလောက်သော ခန္ဓာကိုယ်မှာ အမှန်တကယ် ရှိနေတာဟာဖြင့် နာမ်ရုပ်နှစ်ပါးပဲ ရှိနေပါ တကား

http:\\www.dhammadownload.com



... လို့ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နှလုံးသွင်း ဆင်ခြင်နိုင်ပါတယ်။ အဲဒီလို အောက်မေ့နှလုံးသွင်းလို့ အလေ့အထ ရလာတဲ့အခါမှာ **"ဒီတစ်ထံမှုသောက်သော မိမိတို့ရဲ့ ကိုယ်မှာ အနုမတ္တက အစ** မထင် အတိတ်သံသရာ တစ်ခွင်က မိမိတို့ ထင်မှားခဲ့တဲ့ ပုဂ္ဂိုလ်+သတ္တဝါ+ငါ+သူတပါး+ယောကျ်ား+မိန်းမ+အတ္တ+ဇီဝ+လိပ်ပြာ"လို့ မရှိဘဲနဲ့ ရှိတယ်လို့ ထင်မှားခဲ့တဲ့ ပညတ်တရားနဲ့ အစစ်အမှန် တကယ်ရှိနေတဲ့ နာမ်ရုပ်တရား ဒီနှစ်ပါးကို ခွဲခွဲခြားခြား သိသွားတယ်။ အဲဒီလို ခွဲခွဲခြားခြား သိတဲ့ဉာဏ်ကို နာမရူပဝဝတ္ထာနဉာဏ်လို့ ခေါ်ပါတယ်။ ဝိပဿနာဉာဏ်သို့ မရောက်သေးပါဘူး။

ဝိပဿနာဉာဏ် ရောက်အောင်ဆိုပြီးတော့ အဲ ... ခုနကပြောခဲ့တဲ့ ဝတ္ထုနဲ့ ဆက်စပ်ကြည့်မယ်ဆိုယင် ဆရာတော် ပျံလွန်တော်မူပြီးတဲ့နောက် တစ်ချိန်ကျတော့ "ဩော် ... ဒီဂါထာနဲ့ ဒီလင်္ကာက နာမရူပဝဝတ္ထာန ဉာဏ်လောက်ပဲ အဆင့်ရှိသေးတယ်၊ လက္ခဏာသမ္မသနဆိုတဲ့ ပထမဝိပဿနာ ရောက်အောင် ဆရာတော်ရဲ့ ဂါထာကို အဖြည့်ခံသဘောထားပြီး ငါထပ်ဖြည့်မှပဲ" ဆိုတဲ့ အကြံနဲ့ အဖြည့်ဂါထာကို ဆက်ပြီး စဉ်းစားတဲ့အခါမှာ -

တဥ္ဍ ဟုတွာ အဘာဝေန၊
ဥဒယဗ္ဗယပီဠနာ။
အဝသဝတ္တနာ+နိစ္စံ၊
ဒုက္ခာ+နတ္တာဝ ကေဝလံ။

ဆိုတဲ့ ဂါထာနှင့် -

**နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရှာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့် ဖြစ်ပွားသမျှ၊ အနိစ္စသည်...၊ ဒုက္ခ အနတ္တချည်းပါတကား ...**

http:\\www.dhammadownload.com



ဆိုတဲ့ ဒီလင်္ကာစာပိုဒ်အလွယ်နှင့် ဉာဏ်ထဲမှာ ထင်လာပြီး ရေးသားမိပါသည်။ (ဤလင်္ကာကား ယနေ့ ၁၃၄၅ ခုနှစ်က ထောက်လျှင် လွန်ခဲ့တဲ့ ၁၃၀၁ ခုနှစ်လောက်က ရေးခဲ့တာဖြစ်လို့ နှစ်ပေါင်း ၄၃ နှစ်သောက် ကြာခဲ့ပါပြီ။)

**ဖော်ပြရာပါ တဒ္ဓ ဟုတွာ အဘာဝေန ဂါထာ၏ အနက်ကား -**

တဒ္ဓ=နာမ်ရုပ်တရား ထိုနှစ်ပါးသည်လည်းပဲ။ ဟုတွာ အဘာဝေန=ဖြစ်ပြီးလျှင် ပျက်တတ်သော အနက်သဘောကြောင့်။ ကေဝလံ အနိစ္စံဝ=သက်သက်ကေန် အနိစ္စမှန်စွာတကား ... ။ ဥဒယဗ္ဗယ ပီဠနာ=ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အတင်းအကြပ် နှိပ်စက်အပ်ရကား။ ကေဝလံ ဒုက္ခံဝ=သက်သက်ကေန် ဒုက္ခမှန်စွာတကား ...။ အဝသဝတ္တနာ=အလိုသို့ မလိုက်ပါသောကြောင့်။ ကေဝလံ အနတ္တာဝ=သက်သက်ကေန် အနတ္တမှန်စွာတကား ...

လို့ အဲဒီလို ပါဠိနဲ့ + မြန်မာ အနက်အဓိပ္ပာယ် ရှိပါတယ်။

ဒီအချက်ကို ပါဠိလို မလေ့လာရတဲ့ ယခု တရားနာ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများ အလွယ်တကူ သိဖို့ရန် "ရုပ်နာမ်တရား၊ ဤနှစ်ပါးလည်း" အစရှိတဲ့ ဒုတိယလင်္ကာစာပိုဒ်ကို ဝမ္ပလက်ဆောင် ဖြန့်ဝေပေးထားခြင်း ဖြစ်ပါတယ်။ ထိုလင်္ကာအတွက် အနက်အဓိပ္ပာယ် စဉ်းစားကြည့်ကြရအောင်။

**နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ မတည်ကြဘဲ** =နာမ်တရား ရုပ်တရား ဒီနှစ်ပါးဟာ ကာလရှည်ရှည် မတည်ကြဘူး၊ ဘာကို ကြည့်ရမလဲ။ ကိုယ့်အသံတွေကို ပြန်ပြီး ဉာဏ်နဲ့ဆင်ခြင်ကြည့်။ ဩကာသ+ဩကာသလို့ ဆိုတဲ့အခါမှာ "ကာ"ရောက်တော့ "ဩ"ဆိုတဲ့ အသံ ချုပ်ပျောက်ပြီ၊ "သ"ရောက်တော့ "ကာ"ဆိုတဲ့ အသံချုပ်ပျောက်ပြီ၊ နောက် "ဩ"ရောက်တော့ "သ"အသံ ချုပ်ပျောက်၊ "ကာ"ရောက်တော့

http:\\www.dhammadownload.com



"ဩ"အသံချုပ်ပျောက်၊ "သ"ရောက်တော့ "ကာ"အသံ ချုပ်ပျောက်၊ အို ... တစ်သံပြီး တစ်သံ ချုပ်ပျောက်ကြပုံကို ဉာဏ်နဲ့ ဆင်ခြင်ကြည့်ပါ၊ အင်မတန် သိသာပါတယ်၊ ကာလရှည်ရှည် မတည်ကြဘူး။

အိမ်ကျတော့ ကာလရှည်ရှည် တည်အောင် ပြုလုပ်ကြည့်ပါ၊ ဥဩ ဆွဲသလို "ဩ"ဆိုတဲ့ အသံကို အကြာကြီး ဆွဲကြည့်၊ ဘယ်တော့မှ "ဩ"ဆိုတဲ့ အသံအတိုင်း ကြာကြာမတည်ဘူး၊ နောက်ပိုင်းလဲကျရော "ဝေါ ..." ဆိုတဲ့ အသံပဲ ရှိတော့မယ်၊ "ဩ"သံ မဟုတ်တော့ဘူး။ အမှန်တကယ်တော့ "ဩ"ဆိုတဲ့ အသံဟာ လျှပ်စီးနှစ်ပြက်+လက်ဖျောက်နှစ်တွတ်+မျက်တောင်နှစ်ခတ် အချိန်လောက်ပဲ ရှိတယ်။ သူ့အချိန်ကျယင် သူက ချုပ်သွားတာပဲ။ မိမိက အရှည်ကြီး ဖြစ်နေအောင် ဆိုမယ်ဆိုပေမယ့် ဩကတော့ မရှည်ဘူး၊ ဒါကြောင့် (ရှည်လျားကာလ၊ မတည်ကြဘဲ) လို့ နှလုံးသွင်းခိုင်းတာ။

ဒီ "ဩ"ဆိုတဲ့ အသံဟာ ဘာကြောင့် ကြာကြာ မတည်သလဲလို့ မေး၊ အဖြေကတော့ အသံရုပ်သာ မဟုတ်ဘူး၊ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ရုပ်လေးမျိုးစလုံးရော၊ စိတ် စေတသိက်ဆိုတဲ့ နာမ်တရားများပါ အားလုံး နာမ်ရုပ်တရားနှစ်ပါးတို့ ကြာကြာ မတည်ကြပါဘူး။ ကြာကြာမတည်ကြတာကတော့ သူတို့ကို ဖြစ်စေတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ဝတ္ထုအာရုံဆိုတဲ့ သူတို့နဲ့ အကြောင်းတရားတွေကိုက ကြာကြာမတည်တဲ့ အနိစ္စအကြောင်းတရားတွေဖြစ်လို့ အနိစ္စအကြောင်း တရားတွေကြောင့်ဖြစ်တဲ့ ရုပ်နာမ်နှစ်ပါးလည်းပဲ အနိစ္စပင် ဖြစ်ပါတော့သည်။ 'အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ' စတဲ့ ဒေသနာတော် အတိုင်းပင် ဖြစ်ပါတယ်။ လင်္ကာထဲမှာ **ခဏဖြစ်လျက်၊ ခဏပျက်၍** လို့ ဆိုတာက အနိစ္စဉာဏ်ပေါ်အောင် အခြေခံ ဉာဏ်ပျိုးပေးတာ ဖြစ်တယ်။

http:\\www.dhammadownload.com



**နိုပ်စက်ခြင်းရာ** ဆိုတာက ဒုက္ခဉာဏ်ပေါ်အောင် အခြေခံဉာဏ်ကို ပျိုးပေးခြင်း ဖြစ်ပါတယ်။ ရုပ်နာမ်တရားတို့ရဲ့ ဖြစ်၊ တည်၊ ပျက် ဆိုတဲ့ **ခဏငယ်သုံးချက် အသက်တည်နေရာမှာ ဖြစ်တယ်ဆိုတဲ့** ဥပါဒ်ခဏမှာ ဇာတိမီး တညီးညီး တပြောင်ပြောင် အတောက်လောင်ခံနေရတယ်။ တည်တယ်ဆိုတဲ့ ဌီခဏမှာ ဇရာမီး၊ ပျက်တယ်ဆိုတဲ့ ဘင်ခဏမှာ မရဏမီး တညီးညီး တပြောင်ပြောင် အတောက်လောင် ခံနေရတယ်။ ဥပါဒ်ခဏမှာ ဇာတိမီးက နှိပ်စက်၊ ဌီခဏမှာ ဇရာမီးက နှိပ်စက်၊ ဘင်ခဏမှာ မရဏမီးက နှိပ်စက်၊ အဲဒီလို ခဏငယ် သုံးချက် အသက်ရှိနေသမျှ မီးသုံးပါး အနှိပ်စက်ခံရပြီး ချုပ် ပျောက် သွားရတဲ့ ဒီရုပ်နာမ်တရားကို ဘယ်မှာ သုခလို့ ဆိုသင့်တော့အံ့နည်း၊ ဒုက္ခလို့သာ ဆုံးဖြတ်ချက် ချရမည် ဖြစ်ပေတယ်။

**လိုမပါဘူး** ဒါက အဝသဝတ္တနဋ္ဌေန=အလိုသို့ မလိုက်ပါခြင်းဟူသော အနက်သဘောကြောင့် အနတ္တပါတကား ... လို့ အကြောင်းအကျိုး လုံလောက်စွာ နှလုံးသွင်းနိုင်အောင် ဖော်ပြတာ ဖြစ်တယ်။ **(ခဏဖြစ်လျက်၊ ခဏပျက်၏။ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး။ သဘာဝအား။ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား ... ။)** ခဏတွင်း ဖြစ်၍ ခဏအတွင်း ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စပါတကား ...၊ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံရသော အနက်သဘောကြောင့် ဒုက္ခပါတကား ...၊ အလိုသို့ မလိုက်ပါသော အနက်သဘောကြောင့် အနတ္တပါတကား ... ၊ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံရသော အနက်သဘောကြောင့် အနတ္တပါတကား ...၊ ဤကဲ့သို့ နှလုံးသွင်းကြပါ။ ဤကဲ့သို့ နှလုံးသွင်းလျှင် သမ္မသနဝိပဿနာဉာဏ်အစ ထူထောင်မိပြီး အဲဒီ သမ္မသနဉာဏ် ထူထောင်မိလျှင် နောက်မဆုတ်နဲ့၊ ရှေ့ကို အဆင့်ဆင့် ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ် အစရှိတဲ့ ဝိပဿနာဉာဏ်တွေ တစ်ဆင့်တက်ပြီး

http:\\www.dhammadownload.com



တစ်ဆင့် သမ္မသနုဉာဏ်လှေကားက တက်သွားယင် ရောက်လိမ့်မယ်။ ပထမတော့ အဲဒီသမ္မသနုဉာဏ် လှေကားကို ရောက်အောင် တက်ကြစမ်းပါ၊ သွားကြစမ်းပါလို့ပဲ ဘုန်းကြီး တိုက်တွန်းပါရစေ။ အဲဒီ တရားနာပရိသတ်တို့ရဲ့ လက်ထဲမှာ ထည့်ထားတဲ့ ဓမ္မလက်ဆောင် အနေနဲ့ ပြောဆိုလိုတာ ပြီးပါပြီ။

## အာယာစနသုတ်

စောစောကပြောခဲ့တဲ့အတိုင်း "သာသနာ့ချိန်ခွင်ကြီးလေးလက်" တရားကို ဟောကြစို့။ တစ်ဝါတွင်းနဲ့မှ ပြီးပါ့မလားတော့ မသိဘူး။ မြတ်စွာဘုရားက ဧကကနိပါတ် (အံ၊၁၊၈၈)နှင့် စတုက္ကနိပါတ် (အံ၊၁၊ ၄၈၂) အင်္ဂုတ္တိုရ်ပါဠိတော်မှာ "အာယာစနသုတ်"လို့ ဟောခဲ့တယ်။ ကိုယ်ရေးကိုယ်တာ ပန်ထွာ တောင့်တလျှင် သဘာဝကျကျ ကိုယ်တော့် သားတော် သမီးတော်များ တောင့်တတတ်အောင်၊ ပန်ထွာတတ်အောင် ဟောတဲ့ သုတ္တန်။

သဒ္ဓေါ ဘိက္ခဝေ ဘိက္ခု ဧဝံ သမ္မာ အာယာစမာနော အာယာစေယျ။

"တာဒိသော ဟောမိ၊ ယာဒိသာ သာရိပုတ္တမောဂ္ဂလ္လာနာ"တိ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ....။ သဒ္ဓေါ=သဒ္ဓါ တရားနှင့် ပြည့်စုံသော။ ဘိက္ခု=ရဟန်းသည်။ အာယာစမာနော= ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တသည် ရှိသော်။ "သာရိပုတ္တ မောဂ္ဂလ္လာနာ=အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့သည်။ ယာဒိသာ = အကြင်သို့ သဘောရှိကုန်၏။ (ဘယ်လို သဘော လဲ၊ အရှင်သာရိပုတ္တရာက ပညာကြီးရင့်ခြင်း သဘောရှိတယ်၊ အရှင်မောဂ္ဂလ္လာန်က သမာဓိ ကြီးရင့်ခြင်း သဘော ရှိတယ်။) အဟမ္ပိ=ငါလည်းပဲ။ တာဒိသော=အရှင်သာရိပုတ္တရာလို ပညာ

http:\\www.dhammadownload.com



ကြီးရင့်တဲ့ ရဟန်း၊ အရှင်မောဂ္ဂလ္လာန်လို သမာဓိကြီးရင့်တဲ့ ရဟန်း သည်။ ဟောမိ=ဖြစ်ရပါလို၏"။ ဣတိ ဧဝံ=ဤသို့။ အာယာ စမာနော=ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တမှု။ သမ္မာ=ကောင်း စွာ၊ ဝါ-သဘာဝကျကျ။ အာယာစေယျ= တောင့်တပန်ထွာသည် မည်ရာ၏။

ရဟန်းတို့ ... သဒ္ဓါတရားရှိတဲ့ ရဟန်းတော်တစ်ပါးဟာ ကိုယ်ရေး ကိုယ်တာ ပန်ထွာတောင့်တချင်ယင် "ငါသည် အရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီးရင့်သော ရဟန်း၊ အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ သမာဓိကြီးရင့် သော ရဟန်း ဖြစ်ရပါလို၏"။ အဲဒီလို ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုမှ သဘာဝကျတဲ့၊ ကောင်းမွန်မှန်ကန်တဲ့ ဆုတောင်းပတ္ထနာမှု ဖြစ်နိုင် မယ်။ ဘာကြောင့်လဲ -

သော ဘိက္ခဝေ တုလော၊ ဧတံ ပမာဏံ မမ သာဝကာနံ ဘိက္ခူနံ ယဒိဒံ သာရိပုတ္တမောဂ္ဂလ္လာနာ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ယဒိဒံ-ယေ ဣမေ သာရိပုတ္တ မောဂ္ဂလ္လာနာ=အကြင်သာရိပုတ္တရာမထေရ်၊ အရှင်မောဂ္ဂလ္လာန်မထေရ်တို့သည်။ သန္တိ=ရှိကုန်၏။ ဧသော=ဤ သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန် မထေရ်နှစ်ပါးစုံသည်။ မမ သာဝ- ကာနံ ဘိက္ခူနံ=ငါဘုရား၏ တပည့်သား သာဝက ရဟန်းတော်တို့ အနက်။ တုလာ=ချိန်ခွင်ကြီးပါပေတည်း။ ဧတံ=ဤမထေရ် နှစ်ပါး စုံသည်။ ပမာဏံ=နှိုင်းယှဉ်ကြောင်း သမာဓိ စံပြတင်းတောင်းကြီး အစုံပါပေတည်း။

(က) ရဟန်းယောကျ်ားများဘက်က (စံပြ) ချိန်ခွင်ကြီး (စံပြ- သမာဓိ) တင်းတောင်းကြီး နှစ်လုံးအနေနဲ့ ပြစမ်းပါဆိုယင် အရှင် သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ကို ပြရမယ်။ အရှင်

http:\\www.dhammadownload.com



သာရိပုတ္တရာက ပညာဘက်က (စံပြ) ချိန်ခွင်ကြီး၊ အရှင်မဟာမောဂ္ဂလ္လာန်က သမာဓိဘက်က (စံပြ) ချိန်ခွင်ကြီး၊ အရှင်သာရိပုတ္တရာက ပညာဘက်က (စံပြ) သမာဓိတင်းတောင်းကြီး၊ အရှင်မဟာမောဂ္ဂလ္လာန်က သမာဓိဘက်က(စံပြ)သမာဓိတင်းတောင်းကြီး ဖြစ်တယ်။

(ခ) အဲဒီ ရဟန်းယောကျ်ားဘက်မှာ (စံပြ) သမာဓိဘက် ချိန်ခွင်ကြီး၊ တင်းတောင်းကြီး နှစ်မျိုးရှိသလို ဘိက္ခုနီဆိုတဲ့ ရဟန်းမဘက်ကျတော့ ခေမာထေရီက ပညာဘက်က၊ ဥပ္ပလဝဏ်ထေရီက သမာဓိဘက်က (စံပြ) ချိန်ခွင်ကြီး၊ (စံပြ) တင်းတောင်းကြီးအစုံ ဖြစ်ပါတယ်။

(ဂ) ဥပါသကာ ဒါယကာတွေဘက်ကျတော့ စိတ္တသေဌေးနှင့် ဟတ္ထကာဠဝက သိတင်းသည်။ အဲဒီ ပုဂ္ဂိုလ်နှစ်ဦးအစုံဟာ ဥပါသကာ ဒကာများဘက်က ချိန်ခွင်ကြီး၊ တင်းတောင်းကြီးအစုံ ဖြစ်ပါတယ်။

(ဃ) အဲ-ဥပါသိကာ ဒါယိကာမကြီးတွေ . ဘက်ကျတော့ ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာ သေဌေးကတော်တို့ဟာ အမျိုးသမီးများဘက်က စံပြချိန်ခွင် စံပြတင်းတောင်းကြီး နှစ်လုံးပါပဲ။ သာသနာမှာ အမျိုးသမီးလောက က အတုယူ ဆုယူချင်ယင် "သြော်... ငါသည် ရှင်မခုဇ္ဇုတ္တရာလို ပညာကြီးတဲ့ ဥပါသိကာတစ်ယောက်၊ နန္ဒမာတာသေဌေးကတော်လို သမာဓိကြီးတဲ့ ဥပါသိကာတစ်ယောက် ဖြစ်ရပါလို၏"လို့ အဲဒီလို ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တမှ သဘာဝကျပြီး မှန်ကန်သောတောင့်တခြင်း ဖြစ်နိုင်မယ် ... တဲ့။

မြတ်စွာဘုရားက အဲဒီလို ဟောထားလို့ ဘုန်းကြီးအဖို့ရာ တရားနာပရိသတ်များအနေနဲ့ ဒီပုဂ္ဂိုလ်တွေရဲ့ အကြောင်း၊ ဒီချိန်ခွင်ကြီးလေးလက်ရဲ့ အကြောင်းကို တစ်နေ့မှာ ကောင်းကောင်းကြီး အသိပေးမယ်လို့ ရည်ရွယ်ချက်ရှိခဲ့တဲ့အတိုင်း ယနေ့ ပထမချိန်ခွင်ကြီးကို စပြီး အသိပေးကြစို့ ... ။

http:\\www.dhammadownload.com



## အရှင်သာရိပုတ္တရာတို့၏ အတိတ်အကြောင်း

အားလုံးသိကြတဲ့ ဘုရားရှင်လက်ထက်တော်တုန်းက အရှင် **သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ကို မမြင်ဖူးကြဘဲနဲ့ သိကြ** တယ်။ မမြင်ဖူးကြဘဲနဲ့ကို ဆွေမျိုးသဖွယ် စိတ်ထဲက ရင်းနှီးကြတယ်။ အဲဒီမထေရ်မြတ်ကြီးနှစ်ပါး။ သူတို့ ဟောတဲ့ သူတို့ရဲ့ ကျင့်စဉ်၊ အပဒါန်ဆိုတာကတော့ တစ်ဝါတွင်း ဟောလို့လည်းပဲ ဒီဂါထာတွေ ကုန်နိုင်စရာ အကြောင်းမရှိပါဘူး။ အင်မတန် ကျယ်ဝန်းပါတယ်။ သို့သော် မထေရ်မြတ်တို့ရဲ့ ကျင့်စဉ်အကြောင်းကို ခပ်ကျဉ်းကျဉ်းပဲ အသိပေးပါရစေ။

တစ်နည်းအားဖြင့် ဘုန်းကြီးတို့ရဲ့ စာပေပရိယတ္တိနယ်ပယ်မှာ အကျယ်ရေးဖွင့်တဲ့ ဆရာ၊ အလယ်အလတ်ရေးဖွင့်တဲ့ ဆရာ၊ အကျဉ်းရေးဖွင့်တဲ့ ဆရာလို့ ကျမ်းဆရာ သုံးမျိုး ထင်ရှားခဲ့တယ်။ (၁)အကျယ်အရေးကောင်းတာက ဋီကာကျော် ဆရာတော်များရဲ့ ဆရာ အရှင်သာရိပုတ္တရာ ဆိုတဲ့ မထေရ်မြတ်ကြီးက အကျယ်အရေးကောင်းတယ်၊ အကျယ်ပြောတဲ့နေရာမှာဖြင့် ရေပက်စရာမရှိဘူး။ (၂)**အလယ်အလတ်** ရေးသားဖွင့်ဆိုတဲ့ နေရာမှာ အကောင်းဆုံးလို့ သာသနာ**တစ်ခုလုံး** အသိအမှတ်ပြုရတာက အရှင်ဓမ္မပါလမထေရ်လို့ ခေါ်တယ်။ **အဲဒီ ဆရာ တော်ဘုရားက အဋ္ဌကထာလည်း** ရေးတယ်၊ ဋီကာလည်း ရေးတယ်။ (၃)အဲ-အကျဉ်းဆုံး အစက်ဆုံး ရေးတဲ့ ပြောတဲ့နေရာမှာ အကောင်းဆုံး အစက်ဆုံးလို့ ဆိုတာက မူလဋီကာဆရာ အရှင်အာနန္ဒာ မထေရ်လို့ သိဟိုဠ် သာသနာခေတ်က အကျယ်အရေးကောင်း၊ အလယ်အလတ် အရေးကောင်း၊ အကျဉ်းအရေးကောင်းတဲ့ မထေရ်သုံးပါးတို့ ရှိကြတယ်။

အဲဒီ မထေရ်သုံးပါးအနက်မှ အလယ်အလတ် အရေးကောင်းတဲ့ အရှင်ဓမ္မပါလမထေရ် "ထေရဂါထာ အဋ္ဌကထာ" မှာ ဖွင့်ဆိုတာ

http:\\www.dhammadownload.com



လောက်ကနေပြီး မချွိမပငိုပနဲ့ ပုဂ္ဂိုလ်များပီပီ အလယ်အလတ်သောက် ကနေပြီးတော့ သိကြည့်ကြရအောင်။ အဲဒီထေရဂါထာ အဋ္ဌကထာ (ဒု၊ မျက်နှာ ၃၇၀) မှာ အရှင်သာရိပုတ္တရာ+အရှင်မဟာမောဂ္ဂလ္လာန် မထေရ် မြတ်နှစ်ပါးရဲ့ အတိတ်အကြောင်းကို ဖွင့်ပြလို၍ -

**အတီတေ** ဣတော သတသဟဿကပ္ပါဓိကေ အသင်္ချေယျေ **မတ္ထကေ အာယသ္မာ သာရိပုတ္တော** ဗြာဟ္မဏ မဟာသာလ ကုလေ **နိဗ္ဗတ္တိ၊ နာမေန "သရဒမာဏဝေါ"** နာမ အဟောသိ-လို့ မိန့်တယ်။

**အတီတေ=ရှေးလွန်လေပြီး**သောအခါ။ (ဒီ ဘဒ္ဒကမ္ဘာထဲက လွန်လေပြီးသော အတိတ်လား၊ မဟုတ်ဘူးတဲ့။) သတသဟဿ ကပ္ပါဓိကေ=ကမ္ဘာတစ်သိန်း အပိုအလျှံ အပိုအဆောင်းပါသော။ အသင်္ချေယျမတ္ထကေ=အသင်္ချေထက်၌ (လွန်ခဲ့တဲ့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကလို့) အစကို ဖော်ပြလိုက်တယ်။

အရှင်သာရိပုတ္တရာသည် ဗြာဟ္မဏမဟာသာလ စီးပွား ဥစ္စာ ပေါ များတဲ့ ပုဏ္ဏားမျိုးမှာ သွားပြီးတော့ လူဖြစ်ခဲ့တယ်၊ အမည်အားဖြင့် **"သရဒလုလင်" လို့** ခေါ်တယ်။

**ထိုအချိန်မှာပဲ -**

**မဟာမောဂ္ဂလ္လာနော** ဂဟပတိမဟာသာလကုလေ နိဗ္ဗတ္တိ၊ **နာမေန "သိရိဝဍ္ဎကုဋုမ္ဗိကော"** နာမ အဟောသိ။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်ကတော့ (ဗျာဒိတ်စခဲ့ကြတဲ့ဘဝ) အဲဒီ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက်မှာပဲ ဂဟပတိမဟာသာလ ခေါ်တဲ့ ဥစ္စာစီးပွား ကြိုကြိုတက် ပေါများတဲ့ သူဌေးမျိုးမှာ သွားဖြစ် တယ်။ အမည်ကတော့ **"သိရိဝဍ္ဎသူဌေး"**လို့ ခေါ်တယ်လို့ ဝတ္ထု အကြောင်းကို အဋ္ဌကထာက **စပေးတယ်**။ ဘုန်းကြီးတို့ တရားဟောတဲ့ ပုဂ္ဂိုလ်ရော+တရားနာတဲ့ ပုဂ္ဂိုလ်ရော ဆင်ခြင်စဉ်းစား သိမြင်ကြရမှာက-

http:\\www.dhammadownload.com



လွန်ခဲ့တဲ့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က တစ်ခုသော ကမ္ဘာမှာ အရှင်သာရိပုတ္တရာအလောင်းက ဥစ္စာစီးပွား ပေါများတဲ့ ပုဏ္ဏားမျိုး၊ အရှင်မဟာမောဂ္ဂလ္လာန်က ဥစ္စာစီးပွား ပေါများတဲ့ သဌေးမျိုးမှာ သွားဖြစ်ကြတယ်။ အရှင်သာရိပုတ္တရာရဲ့ အလောင်းက "သရဒ" လုလင်၊ အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ အလောင်းက "သိရိဝဍ္ဎ သဌေး"လို့ အဲဒီတုန်းက နာမည်တွင်ကြတယ်။ အဲဒီ အမျိုးနှစ်ဆက်ကလည်းပဲ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် အလွန်ရင်းနှီးလာခဲ့တဲ့ မိတ်ဆွေတွေ၊ မိဘဘိုးဘေး လက်ထက်ကိုက နှစ်အိမ်တစ်အိမ် ခင်မင်ရင်းနှီးကြတယ်။ သူတို့ နှစ်ယောက်ကလည်းပဲ တစ်နေ့တည်း လူဖြစ်ခဲ့ကြတယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝထဲကိုက မြေမှုန့်အတူ ကစားပြီးတော့ ကြီးပြင်းလာခဲ့ကြတယ်။ အချိန်အရွယ်ရောက်တဲ့အခါကျတော့လည်းပဲ မိဘရဲ့ အရိုက်အရာကို ခံကြရတယ်။

အရှင်သာရိပုတ္တရာ အလောင်းက သရဒလုလင်ဖြစ်လို့ နောက်ဖခင် ကွယ်လွန်တဲ့အခါကျတော့ အိမ်ရာစီးပွားကို ကိုယ်တိုင်ကိုယ်ကြပ် အုပ်ချုပ်စီမံလာလို့ တစ်နေ့သဥ္စကျတော့ သံဝေဂဉာဏ် လှုံ့ဆော်လာတယ်။ ဘယ်လိုလဲဆိုတော့ -

"ဣမေသံ သတ္တာနံ မရဏံ နာမ ဧကန္တိကံ။

ဣမေသံ သတ္တာနံ=ဤသတ္တဝါတို့ရဲ့ (အဖို့ရာ)။ မရဏံ နာမ =စုတိပျက်ယွင်း သေလွန်ကြခြင်း မည်သည်။ ဧကန္တိကံ=မြေလက်ခတ်မလွဲ အမြဲဧကန် မုန်လုပေ၏။

(ဒီသတ္တဝါတွေ တစ်နေ့ကျလျှင် စုတေကြရလိမ့်မယ်၊ သေခြင်းတရားနဲ့ မြေလက်ခတ်မလွဲ ရင်ဆိုင်ကြရမယ်။)

တသ္မာ မယာ ဧကံ ပဗ္ဗဇ္ဇံ ဥပဂန္တွာ မောက္ခမဂ္ဂေါ ဂဝေသိတဗ္ဗော"။

http:\\www.dhammadownload.com



တသ္မာ မယာ ဇကံ ပဗ္ဗဇ္ဇံ ဥပဂန္တွာ=ရဟန်းအဖြစ် တစ်ခုခုသို့ ကပ်ရောက်၍။ မောက္ခမဂ္ဂေါ=သေခြင်းတရားမှ လွတ်ကြောင်း ကောင်းမြတ်တဲ့ လမ်းစဉ်ကို။ ဂဝေသိတဗ္ဗော=ရှာမှီးသင့်၏။ (ဝါ) ရှာမှီးမှ သင့်တော့မည်။

အေး–ဘာပြောပြော သက်တမ်းစေ့ယင် ဒီသတ္တဝါတွေ သေကြရမှာ ကေန်ပဲ၊ အဲဒီတော့ မသေခင် တစ်ခုသော ရဟန်းအဖြစ်သို့ ကပ်ရောက်ပြီးတော့ သေခြင်းတရားမှ လွတ်မြောက်ရာလမ်းကို ရှာမှ သင့်တော့မယ်လို့ အဲဒီလို သံဝေဂ ဖြစ်တယ်။

သံဝေဂဖြစ်ပြီးတော့ သူငယ်ချင်း သိရိဝမုသေဋ္ဌေးထံ သွားပြီး ဘာပြောသလဲဆိုတော့ –

"သမ္မ အဟံ ပဗ္ဗဇိတုကာမော"

သမ္မ=အဆွေတော် သိရိဝမု။ အဟံ=ငါသည်။ ပဗ္ဗဇိတုကာမော =ရသေ့ ရဟန်း ပြုလို၏။

သူငယ်ချင်း ... ငါတော့ ရဟန်းပြုချင်ပြီ။ (သာသနာ မပွင့်သေးဘူး နော်၊ သာသနာပြင်ပ ရသေ့ ရဟန်း ပြုချင်ပြီလို့ ပြောတာ။)

"ကိံ တွံ ပဗ္ဗဇိတုံ သက္ခိဿသိ"။

ကိံ=အသို့နည်း။ တွံ=သင် သူငယ်ချင်းသည်။ ပဗ္ဗဇိတုံ=ရဟန်း ပြုခြင်းငှာ။ သက္ခိဿသိ=စွမ်းနိုင်ပါ့မလား။

သူငယ်ချင်း ...၊ မင်း ငါနဲ့အတူ လိုက်ပြီးတော့ ရဟန်းပြုနိုင်ပါ့ မလားလို့ မေးတယ်။ သရဒလုလင်ရဲ့ ဆန္ဒက "ငါ့တော့ မခေါ်ဘူး"လို့ နောက်အခါ သိရိဝမုသေဋ္ဌေးက အပြစ်တင်စရာ မရှိအောင် မေးတယ်။ သိရိဝမုသေဋ္ဌေးက ဘာပြောသလဲဆိုတော့ –

န သက္ခိဿာမိ = မစွမ်းနိုင်ပါဘူး။

http:\\www.dhammadownload.com



"သူငယ်ချင်းရာ၊ ငါ့မှာ အိမ်ကိစ္စတွေက အင်မတန် များပါတယ်" လို့ ပြန်ပြောတယ်။ အဲဒီတော့ သူငယ်ချင်း သွားခေါ်လို့ မရတဲ့အတွက် သရဒလုလင် စိတ်ဆိုးသလား၊ မဆိုးပါဘူး။

**"ဟောတု = ရှိပါစေ။ အဟမေဝ ပဗ္ဗဇိဿာမိ = ငါပဲ ရဟန်းပြုတော့မယ်"**

ကဲကွာ–မင်းမလိုက်နိုင်ယင်လည်း ငါပဲ ရဟန်းပြုတော့မယ်လို့ ဆိုပြီး ရတနာတိုက်၊ ကျီ၊ ကြများကို ဖွင့်စေပြီး အထီးကျန် ဆင်းရဲသား၊ ခရီးသွား စသူတို့အား မဟာဒါနကြီး ပေးပြီးနောက် တောင်ခြေကို သွားရောက်၍ ရသေ့ရဟန်းပြုခဲ့ပါတယ်။ သရဒလုလင် ရဟန်းပြုခြင်းကို အတုယူအားကျ၍ ရသေ့ရဟန်း ပြုကြတဲ့ ပုဏ္ဏားပေါင်း (၇၄၀၀) ခုနစ်သောင်းလေးထောင် ရှိပါတယ်။ ဆရာဖြစ်သူ သရဒ ရသေ့ပါဆိုယင် ခုနစ်သောင်းလေးထောင်တစ်ယောက်ပေါ့။ ဆရာဖြစ်သူ သရဒ ရသေ့နဲ့ တပည့်ရသေ့ပေါင်း ခုနစ်သောင်းလေးထောင်တို့ဟာ ဟိမဝန္တာရဲ့ အနီး "လမ္ဗက"လို့ ခေါ်ဆိုတဲ့ တောင်ကို အမှီပြုပြီး နေကြတယ်။

ဆရာရသေ့က လောကီဈာန်သမာပတ် ရှစ်ပါး၊ လောကီအဘိညာဏ် ငါးပါးတို့ကို ရအောင် အားထုတ်ပြီး တပည့်တွေလည်း လောကီဈာန်သမာပတ် လောကီအဘိဉာဏ်ရတဲ့ တပည့်တွေချည်းပဲ တဲ့။ အဲဒီတုန်းကဆိုယင် ကောင်းကင်ကြီး အပြင်မှာ ရသေ့တွေရဲ့ လျှော်တေ အဝတ်သံတွေဟာ ဘွမ်းဘွမ်း ဘွမ်းဘွမ်းနဲ့ နေသပ။ အဲ နည်းတာမှ မဟုတ်ဘဲ၊ ခုနစ်သောင်းလေးထောင်ဆိုတော့ အများကြီး။

အဲဒီ အကြောင်းတွေကို အရှင်သာရိပုတ္တရာက ရဟန္တာဖြစ်တဲ့ နောက်ဆုံးဘဝမှာ မိမိရဲ့ ကျင့်ခဲ့တဲ့ အစဉ်ကို ပြန်လျှောက်တဲ့ အပဒါန် ပါဠိတော်ကျတော့ ဂါထာတွေ ၂၇၀ လောက် ရှိတယ်၊ အလွန်ကျယ်ဝန်းပါတယ်၊ စိတ်ကူးနဲ့သာ မှန်းကြည့်ကြပေတော့။ အဲဒီ သာရိပုတ္တထေရ အပဒါန် ပါဠိတော်မှ အစဆုံး ဂါထာက –

http:\\www.dhammadownload.com



**ဟိမဝန္တဿ အဝိဒူရေ၊**
လမ္ဗကော နာမ ပဗ္ဗတော။
အဿမော သုကတော မယှံ၊
**ပဏ္ဏသာလာ သုမာပိတာ - (တဲ့)**

**အင်မတန် ဖြိန်ဖြိန်ရှက်ရှက်နဲ့ မြတ်စွာဘုရားအား လျှောက်ထား တာ ဖြစ်တယ်။ လွန်ခဲ့တဲ့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မမူခင် ဟိမဝန္တာရဲ့ အနီးမှာ လမ္ဗကလို့ ခေါ်တဲ့ တောင်ကြီးတစ်ခု ရှိတဲ့အကြောင်းက စပြီးတော့ သစ်မ်းကျောင်းရဲ့ သာယာပုံ၊ မြစ်ကလေး ချောင်းကလေး စမ်းကလေး တွေရဲ့ သာယာပုံ၊ တော သစ်ပင်တွေရဲ့ သာယာပုံ၊ တောပန်းစုံရဲ့ တင့်တယ်ပုံ၊ တောသစ်သီးတွေရဲ့ တင့်တယ်ပုံတွေကို အကျယ်တဝင့် ပုဗ္ဗေနိဝါသ အဘိညာဏ်နဲ့ကြည့်ပြီး မြတ်စွာဘုရားအား လျှောက်ထား တယ်။**

ကိုင်း ... ထားပါဦး၊ သူတို့ဖြစ်ရပ်ကို ကြည့်ရအောင်။ ရှာန် အဘိညာဏ်ရတဲ့ ရသေ့ခုနစ်သောင်းလေးထောင်နဲ့ ဆရာကြီးသရဒ ရသေ့တို့ ဟိမဝန္တာရဲ့အနီး လမ္ဗကတောင်မှာ သစ်မ်းကျောင်းရသေ့ ကျောင်းတိုက်ကြီး ဖွဲ့ပြီးနေလို့ အချိန်တော်တော်ကြာညောင်းလာတဲ့ အခါ လောကမှာ နှစ်ကျိပ်ရှစ်ဆူ အပါအဝင်ဖြစ်တဲ့ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူလာလို့ တစ်နေ့မှာ အနောမဒဿီ မြတ်စွာ ဘုရားရဲ့ ဉာဏ်တော်ထဲမှာ သရဒရသေ့နဲ့ တပည့်ပေါင်း ခုနစ်သောင်း လေးထောင်တို့ ထင်လာလို့ ဆင်ခြင်တော်မူတယ်။

"သရဒတာပသဿ စ အန္တေဝါသိကာနဉ္စ သင်္ဂဟံ ကရိဿာမိ"

အဟံ=ငါဘုရားသည်။ အဇ္ဇ=ယနေ့။ သရဒတာပသဿ စ= သရဒ ရသေ့အား လည်းကောင်း။ အန္တေဝါသိကာနဉ္စ=ခုနစ်သောင်း

http:\\www.dhammadownload.com



လေးထောင်သော တပည့်တို့အား လည်းကောင်း။ သဂ်ဂဟံ= ချီးမြှောက်မှုကို။ ကရိဿာမိ=ပြုပေလတ်အံ့။

အဲဒီလို ဆင်ခြင်စဉ်းစားတော်မူပြီး အဖော်တစ်ပါးကိုမှ မခေါ်ဘူး၊ အချိန်က နံနက်ခင်း၊ ကိုယ်တော်ချည်း တစ်ပါးတည်း သပိတ်သင်္ကန်းကို ယူ၍ ကောင်းကင်ခရီးက အဘိညာဏ်ရှာန်ယာဉ်စီးပြီး ကြွတော်မူတယ်။ သရဒရသေ့နေတဲ့ သစ်မ်းကျောင်းကိုလည်း ရောက်ကရော-

"ဗုဒ္ဓဘာဝံ မေ ဇာနာတု။ မေ=ငါဘုရား၏။ ဗုဒ္ဓဘာဝံ=သဗ္ဗညုဘုရား အဖြစ်ကို။ ဇာနာတု=သရဒရသေ့ သိပါစေသား"

အဲဒီ ရည်ရွယ်ချက်နဲ့ သရဒရသေ့ကြည့်နေစဉ်ပင် ကောင်းကင်မှ မြေပြင်သို့ သက်ဆင်း၍ ရပ်တည်တော်မူနေတယ်။ အဲဒီအချိန်မှာ သရဒရသေ့ရဲ့ တပည့်ရသေ့ပေါင်း ခုနစ်သောင်းလေးထောင်တို့ တောထဲသို့ သစ်သီးသွားရှာနေခိုက် ရသေ့အာရာမ်ကြီး တစ်ခုလုံးမှာ သရဒရသေ့ တစ်ပါးတည်း ရှိနေတယ်။

သရဒ ရသေ့ဟာ အနောမဒဿီ မြတ်စွာဘုရားရဲ့ ကိုယ်တော်မှာ ပါရှိတဲ့ မဟာပုရိသ လက္ခဏာတော်ကြီးများကို စူးစူးစမ်းစမ်း ဆင်ခြင်ကြည့်ရှုပြီး "သဗ္ဗညုဗုဒ္ဓေါ ယေဝ ယံ=ဤသူမြတ်ကား သဗ္ဗညုဘုရား ကေန်အမှန်ပဲ"လို့ ဆုံးဖြတ်ချက် ချမှတ်ကာ ခရီးဦးကြိုဆိုပြီး မြတ်စွာဘုရားအား ပန်းမွေ့ရာ နေရာခင်း၍ လှူဒါန်းတယ်။ မြတ်စွာဘုရား နေရာတော်၌ သီတင်းသုံး ထိုင်မိလျှင် သရဒရသေ့လည်း အပြစ်လွတ်တဲ့ နေရာက ထိုင်ပြီး ဤဆိုလတ္တံ့သော ဂါထာတို့ဖြင့် မြတ်စွာဘုရားအား ချီးကျူးလျှောက်ထားတယ်။ (အရှင်သာရိပုတ္တရာ ပညာကြီးတာဟာ ဘုရားဂုဏ်တော်တွေကို ချီးကျူးပူဇော်တဲ့အတွက် ပညာကြီးတော်မူခြင်း ဖြစ်တယ်။)

http:\\www.dhammadownload.com



ယေန ဉာဏေန သဗ္ဗညူ၊
ဝိဟရတိ အနာသဝေါ။
တံ ဉာဏံ ကိတ္တယိဿာမိ၊
သုဏာထ မမ ဘာသတော။

သဗ္ဗညူ=ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားသိမြင်တော်မူသော မြတ်စွာဘုရား။ ယေန ဉာဏေန=အကြင်ဉာဏ်တော်ဖြင့်။ (ဝါ)အကြင် ဉာဏ်တော်ကြောင့်။ သဗ္ဗညူ=ခပ်သိမ်းဥဿုံ အလုံးစုံတရား ပိုင်းခြားသိမြင် ဘုရားရှင်သည်။ အနာသဝေါ=လေးဖြာအာသဝေါ ကွာလျော့ ကုန်ခန်းပြီးဖြစ်၍။ ဝိဟရတိ=မျှတရွှင်မြူး ချမ်းသာစွာ သီတင်းသုံးနေ တော်မူရ၏။ တံ ဉာဏံ=ထိုဉာဏ်တော်ကို။ ကိတ္တယိဿာမိ=ချီးမွမ်းစကား တပည့်တော် လျှောက်ထားပါရစေ။ ဘာသတော=ချီးမွမ်းစကား လျှောက်ထားသော။ မမ=တပည့်တော်၏ (စကားကို)။ သုဏာထ=နာယူတော်မူကြပါဘုရား။

မြတ်စွာဘုရားကို လျှောက်ထားတဲ့ဂါထာ။ ဘာနဲ့လျှောက်လိုက်သလဲ ဆိုတော့ -

သမုဒ္ဓရတိ + မံ လောကံ၊
သယမ္ဘူ အမိတောဒယ။
တဝ ဒဿန မာဂမ္မ၊
ကင်္ခါသောတံ တရန္တိ တေ။

သယမ္ဘူ=မိမိအလိုလို ကိုယ်တော်တိုင်သာ သစ္စာလေးပါး တရားသိမြင် သယမ္ဘူဉာဏ်ရှင် ဖြစ်တော်မူပါပေသော။ အမိတောဒယ=မနှိုင်းယှဉ်အပ်သော ကျေးဇူးဂုဏ်တို့ဖြင့် တိုးပွားဖြစ်ထွန်းတော် မူပါပေသော မြတ်စွာဘုရား။ တွံ=အရှင်ဘုရားသည်။ ဣမံ လောကံ=လူ နတ် ဗြဟ္မာ ဤသတ္တဝါလောကကို။ သမုဒ္ဓရတိ=

http:\\www.dhammadownload.com



သံသရာတည်းဟူသော ပင်လယ်ကြောမှ နိဗ္ဗာန်တည်းဟူသော ကမ်းထက်သို့ ရောက်အောင် ထုတ်ဆောင် ကယ်တင်တော်မူပါပေ၏။ တဝ=အရှင်ဘုရားအား။ ဒဿနံ=ဖူး မြင်ရခြင်းကို။ အာဂမ္မ= အကြောင်းပြု၍။ (ပသာဒမျက်စိနဲ့ ဖူးမြင်ရခြင်း၊ ဉာဏ်ပညာ မျက်စိနဲ့ ဖူးမြင်ရခြင်းလို့ နှစ်မျိုးရှိတဲ့အနက် ပသာဒမျက်စိနဲ့ ဖူးမြင်ရတဲ့အတွက် သဒ္ဓါတရားတွေ ဖြစ်တယ်၊ သဒ္ဓါတရားတွေ ဖြစ်ပြီး တရားနာကြတော့ ဉာဏ်ပညာမျက်စိနဲ့ ဘုရားဂုဏ်တွေကို အာရုံပြုပြီး မြင်ရတယ်၊ မြင်ရတော့ ဘာတွေဖြစ်သလဲ။ "ကင်္ခါ သောတံ တရန္တိတေ" ) တဲ့။ တေ=ထို လူနတ်ဗြဟ္မာ သတ္တဝါ တို့သည်။ ကင်္ခါသောတံ=ယုံမှားခြင်း ကင်္ခါဆိုတဲ့ ရေအလျဉ်ကို။ တရန္တိ=ကူးမြောက်ကြပါကုန်သည် ဘုရား ... ။

တုဝံ သတ္ထာ စ ကေတု စ၊
ဓဇော ယူပေါ စ ပါဏိနံ။
ပရာယဏော ပတိဋ္ဌာ စ၊
ဒီပေါ စ ဒွိပဒုတ္တမော။

သဗ္ဗညု=ခပ်သိမ်းသော အလုံးစုံသော တရားကို ပိုင်းခြား သိမြင် ရှင်ပင်မြတ်ဘုရား ...။ တုဝံ=အရှင်ဘုရားသည်။ ပါဏိနံ= သတ္တဝါတို့၏။ သတ္ထာ စ=ဆရာလည်း ဖြစ်တော်မူပါပေ၏။ (သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော့်ရှင်ဖြစ်လို့။) ကေတု ဓဇော စ= သတ္တဝါအားလုံးတို့ရဲ့ တံခွန်မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူပါ ပေ၏။ ယူပေါ စ=သတ္တဝါအားလုံးတို့ သိမြင်နိုင်အောင် စိုက် ထောင်ထားတဲ့ တုရိုဏ်တိုင်ကြီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

(တုရိုဏ် = ပန်းတုံးတိုင်ကြီး၊ မင်္ဂလာပန်းတုံးတိုင်ကြီး၊ ရှေးက ရွှေနန်းတော် အဝင်ဝမှာ မြင့်မြင့် မားမား မတ်မတ် ဖြောင့်ဖြောင့်ကြီး

http:\\www.dhammadownload.com



စိုက်ထူထားတဲ့ တုရိုဏ်ပန်းတုံးတိုင်ကြီးလိုပါပဲတဲ့။)

ပရာယဏော စ=သတ္တဝါအားလုံးတို့ရဲ့ လဲလျောင်းရာလည်း ဖြစ်တော်မူပါပေ၏။ ပတိဋ္ဌာ စ=သတ္တဝါအားလုံးတို့ရဲ့ တည်ရာလည်း ဖြစ်တော်မူပါပေ၏။ ဒီပေါ စ=သတ္တဝါအားလုံးတို့ရဲ့ ခိုကိုးရာ ကိုင်းကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ဒွိပဒုတ္တမော =အခြေနှစ်ချောင်းရှိသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့ထက် သာလွန်မြင့်မြတ်တော်မူပါပေ၏။

ဘုရားဂုဏ်တော်တွေကို ချီးကျူးပြီး လျှောက်ထားနေတယ်။

သက္ကာ သမုဒ္ဒေ ဥဒကံ၊
ပမေတုံ အာဠှကေန ဝါ။

န တွေဝ တဝ သဗ္ဗညု၊
ဉာဏံ သက္ကာ ပမေတဝေ။

သဗ္ဗညု=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား အရှင်မြတ်ဘုရား။ သမုဒ္ဒေ=မဟာသမုဒ္ဒရာလေးစင်း မြစ်အတွင်း၌။ ဥဒကံ=ရေကြည်ရေပေါက်ကို။ အာဠှကေန ဝါ=ပြည်တောင်းဖြင့်သော် လည်းကောင်း။ (အဍ္ဎေန ဝါ)=တပါးသော စိတ်တောင်း ခွဲတောင်း၊ တင်းတောင်း စသည်ဖြင့် လည်းကောင်း။ ပမေတုံ=ဤရွေ့တုံတိ ဤမျှရှိဟု သိအောင် နှိုင်းယှဉ်ခြင်းငှာ။ သက္ကာ= တတ်ကောင်းသော်မူ တတ်ကောင်းလေရာပါ၏။

မြတ်စွာဘုရား ...၊ မဟာသမုဒ္ဒရာ အတွင်းမှာရှိတဲ့ ရေပေါက်တွေကို ပြည်တောင်းနဲ့ဖြစ်စေ၊ စိတ်တောင်းနဲ့ဖြစ်စေ၊ ခွဲတောင်းနဲ့ဖြစ်စေ၊ တင်းတောင်းနဲ့ဖြစ်စေ၊ ပြည်ပေါင်း ဤမျှ၊ စိတ်ပေါင်း ရာပေါင်း ထောင်ပေါင်း ဤမျှ၊ ခွဲပေါင်း ဤမျှ၊ တင်းပေါင်း ဤမျှလို့ ရေတွက်ယင် တတ်နိုင်မူ တတ်နိုင်လေရာပါ၏-တဲ့။

http:\\www.dhammadownload.com



တဝ=ရှင်ပင်ဘုရား၏။ ဉာဏံ=သဗ္ဗညုတ ရွှေဉာဏ်တော်ကို။ ပမေတဝေ=ဤရွေ့တုံတိ ဤမျှရှိဟု သိအောင် နှိုင်းယှဉ် ချင့်တွယ်ခြင်းငှာ။ န တွေဝ သက္ကာ=မတတ်နိုင်ရိုး ကေန်မှန်လှပါသည်ဘုရား ...။

အရှင်ဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော်ကိုတော့ ဤရွေ့ရှိတယ်၊ ဤမျှရှိတယ်လို့ ဘယ်လိုနည်းနဲ့မှ မနှိုင်းယှဉ်နိုင်ပါဘူး ဘုရား ... လို့ လျှောက်ထားခြင်း ဖြစ်တယ်။

မာရေတုံ ပထဝိံ သက္ကာ၊
ဠပေတွာ တုလမဏ္ဍလေ။
န တွေဝ တဝ သဗ္ဗညု၊
ဉာဏံ သက္ကာ ပမေတဝေ။

သဗ္ဗညု=သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရား။ ပထဝိံ=မဟာပထဝီ ဤမြေကြီးကို။ တုလမဏ္ဍလေ=ချိန်ခွင် အဝန်းကြီးတစ်ခု ပြုလုပ်ပြီးတော့ ယင်းချိန်ခွင် အဝန်းကြီးထဲ၌။ ဠပေတွာ မာရေတုံ=ထည့်၍ ချိန်စက်ခြင်းငှာ။ သက္ကာ=တတ်ကောင်းသော်မူ တတ်ကောင်းလေရာပါ၏။

မြတ်စွာဘုရား ... မဟာပထဝီမြေကြီးကို အလွန်ကြီးတဲ့ ချိန်ခွင်ကြီး ပြုလုပ်ပြီးတော့ အဲဒီ ချိန်ခွင်အဝန်းကြီးထဲ ထည့်၍ချိန်ယင် ဖြစ်နိုင်ချင်လျှင် ဖြစ်နိုင်ပါလိမ့်မယ်၊ အဘူတ ဥပမာလို့ ခေါ်တယ်။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာတွေနဲ့ ဥပမာ ပေးနေတယ်။

သဗ္ဗညု=ခပ်သိမ်းဥဿုံ အလုံးစုံတရား ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား ...။ တဝ=အရှင်ဘုရား၏။ ဉာဏံ=သဗ္ဗညုတ ရွှေဉာဏ်တော်ကိုတော့။ ပမေတဝေ=ဘယ်လို ချိန်ခွင်ထဲမှာမှ ထည့်ပြီးတော့ ချိန်တွယ်ခြင်းငှာ။ န တွေဝ သက္ကာ=

http:\\www.dhammadownload.com



မတတ်နိုင်ရိုးဧကန် မှန်လှပါသည်ဘုရား။

အာကာသော မိနိတုံ သက္ကာ၊
ရဇ္ဇုယာ အင်္ဂုလေန ဝါ။
န တွေဝ တဝ သဗ္ဗညု၊
ဉာဏံ သက္ကာ မိနေတဝေ။

သဗ္ဗညု = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရား ...။ အာကာသော=အဇဋာကာသ မိုးကောင်းကင်ကို။ ရဇ္ဇုယော ဝါ=ကြိုးဖြင့်ဖြစ်စေ။ အင်္ဂုလေန ဝါ=လက်သစ်ဖြင့် ဖြစ်စေ။ ပမေတဝေ= ဤရွေ့တံ့တိ ဤမျှရှိဟု သိအောင် နှိုင်းယှဉ်ခြင်းငှာ။ သက္ကာ=တတ်ကောင်းသော်မူ တတ်ကောင်းလေရာပါ၏။

ကောင်းကင်ကြီးကို လက်သစ်တောင်တာနဲ့ ချော့ာက်ပြီးတော့ အလံပေါင်း ဤမျှ၊ လက်သစ်ပေါင်း ဤမျှ အဲဒီလို တွက်မယ်ဆိုယင် တွက်လို့ ရချင်ယင် ရပါလိမ့်ဦးမယ် မြတ်စွာဘုရား ... ။

တဝ=ရှင်ပင်ဘုရား၏။ ဉာဏံ=သဗ္ဗညုတ ရွှေဉာဏ်တော်ကို။ မိနေတဝေ=ဤရွေ့တံ့တိ ဤမျှရှိဟု သိအောင်နှိုင်းစာ တိုင်းတာခြင်းငှာ။ န တွေဝ သက္ကာ=မတတ်နိုင်ရိုးဧကန် မှန်လှပါသည်ဘုရား။

အရှင်ဘုရားရဲ့ သဗ္ဗညုတဉာဏ်ကို ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်လူမှ မနှိုင်းယှဉ်နိုင်၊ မတိုင်းတာနိုင်ပါဘူး ဘုရား–လို့ ဥပမာ အမျိုးမျိုး လှည့်ပြီးတော့ ဘုရားရဲ့ သဗ္ဗညုတဉာဏ်ကို ချီးမွမ်းတယ်။

မဟာသမုဒ္ဒေ ဥဒကံ၊
ပထဝိံ အခိလံ ဇဟေ။

ဗုဒ္ဓဉာဏံ ဥပါဒါယ၊
ဥပမာတော န ယုဇ္ဇရေ။

http:\\www.dhammadownload.com



မဟာသမုဒ္ဒေ=မဟာသမုဒ္ဒရာ အတွင်း၌။ ဥဒကံ အခိလံ= အလုံးစုံ ရေပေါက်ကို ဖြစ်စေ။ အခိလံ ပထဝိံ=အလုံးစုံသော ဤ မြေမှုန်ကိုပင် ဖြစ်စေ။ ဇဟေ-ဇဟေယျ=စွန့်ပစ်သော်မူ စွန့်ပစ်နိုင် လေရာပါ၏။

မဟာသမုဒ္ဒရာထဲက ရေပေါက်တွေ၊ မဟာပထဝီမြေကြီးမှာရှိတဲ့ မြေမှုန်တွေ၊ အဲဒါတွေကို စွန့်ပစ်မယ်ဆိုယင် တစ်မှုန်စီ၊ တစ်ပေါက်စီ ယူပြီး စွန့်ပစ်ယင် ဖြစ်ချင် ဖြစ်လိမ့်မယ်။

ဗုဒ္ဓဉာဏံ ဥပါဒါယ=ဘုရားဉာဏ်ကို အစွဲပြု၍တော့။ ဥပမာတော=ဥပမာအားဖြင့်။ န ယုဇ္ဇရေ=မဖြစ်နိုင်ကုန်။

မဟာသမုဒ္ဒရာက ရေပေါက်၊ မဟာပထဝီမြေကြီးက မြေမှုန်တွေနဲ့ တောင် သဗ္ဗညုတဉာဏ်ကို နှိုင်းယှဉ်လို့ မရဘူး၊ "သဗ္ဗညုတ ဉာဏ် တော်ဟာ မဟာသမုဒ္ဒရာက ရေပေါက်တွေလောက် ရှိတယ်၊ မဟာ ပထဝီမြေကြီးက မြေမှုန်တွေလောက် ရှိတယ်"လို့တောင် ပြောလို့ မသင့်ဘူး၊ အဲဒီရေပေါက်၊ မြေမှုန်တို့ထက် သဗ္ဗညုတဉာဏ်တော်က ကြီးတယ်၊ များတယ်လို့ ဆိုလိုတယ်။

သဒေဝကဿ လောကဿ၊
စိတ္တံ ယေသံ ဘဝိဿတိ။
အဏ္ဍော ဇာလိကတ္တာ ဧတေ၊
တဝ ဉာဏမှိ စက္ခုမ။

စက္ခုမ=စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သဒေဝကဿ လောကဿ=နတ်ဗြဟ္မာနှင့် တကွသော သတ္တ လောကတွင်။ ယေသံ=အကြင် လူနတ်ဗြဟ္မာ သတ္တဝါတို့အား။ စိတ္တံ=စိတ်သည်။ ဘဝိဿတိ=ဖြစ်ရှိ၏။

(နတ်ရော ဗြဟ္မာရော လူရော အကုန်လုံး စိတ်ဖြစ်ကြတဲ့ သတ္တဝါ တွေလို့ ဆိုလိုပါတယ်။)

http:\\www.dhammadownload.com



ဓေတေ=ထိုစိတ်ရှိသူ မှန်သမျှ လူ နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှ တို့သည်။ တဝ=အရှင်ဘုရား၏။ ဉာဏမှိ=ဉာဏ်တော်၌။ အန္တော-ဇာလိကတာ=ဉာဏ်ပညာ ကွန်ယက်အတွင်း သွင်းအပ်ပြီး သူတို့သည်။ ဟောန္တိ=ဖြစ်ကုန်၏။

ဘာပြောလို့တုန်း၊ နတ်ဗြဟ္မာနှင့်တကွသော သတ္တလောက ရှိသမျှ လူ နတ် ဗြဟ္မာ သတ္တဝါတွေဟာ ကိုယ်တော်မြတ်ရဲ့ သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော ကွန်ယက် အတွင်းမှာ အကုန်လုံး ဝင်နေတယ်၊ ဒီလို ချီးမွမ်းတာ ဖြစ်ပါတယ်။

ယေန ဉာဏေန ပတ္တောသိ၊
ကေဝလံ ဗောဓိမုတ္တမံ။
တေန ဉာဏေန သဗ္ဗညူ၊
တိတ္ထိယေ ပရိမဒ္ဒသိ။

သဗ္ဗညူ=ခပ်သိမ်းသော အလုံးစုံတရား ပိုင်းခြားသိမြင် အို ... ရှင်ပင်မြတ်ဘုရား။ တွံ=အရှင်ဘုရားသည်။ ယေန ဉာဏေန=အကြင်ဉာဏ်ဖြင့်။ ကေဝလံ=အလုံးစုံသော။ ဥတ္တမံ ဗောဓိံ=အတုမရှိ လွန်မြတ်သည့် သမ္မာသမ္ဗောဓိ ခေါ်တဲ့ မဂ်ဉာဏ်လေးပါးကို။ ပတ္တော=ရောက်တော်မူ ရတော်မူသည်။ အသိ=ဖြစ်ပါ၏။

သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ လို့ ဗောဓိဉာဏ် သုံးမျိုး ရှိတဲ့အနက်က အထွတ်အထိပ်ဖြစ်တဲ့ သမ္မာသမ္ဗောဓိသို့ ရောက်တော်မူတယ်။ သဗ္ဗညုတဉာဏ် အထွတ်တပ်ပြီးတော့ မဂ်ဉာဏ်လေးပါးသို့ ရောက်တော်မူတယ်။

တေန ဉာဏေန=ထိုသဗ္ဗညုတ ဉာဏ်တော်ဖြင့်။ တွံ=အရှင်ဘုရားသည်။ တိတ္ထိယေ=အယူဝါဒ မတူမျှကြတဲ့ ပုဂ္ဂိုလ်တို့ကို။ ပရိမဒ္ဒသိ=နှိမ်နင်းတော် မူနိုင်ပါပေ၏။

http:\\www.dhammadownload.com



သရဒရသေ့သူမြတ်ဟာ မြတ်စွာဘုရားရဲ့ ဉာဏ်တော်နဲ့ ပတ်သက်ပြီး ဂါထာခုနစ်ပုဒ်နဲ့ ချီးကျူးပြီးတော့ မမှိတ်မသုန် ဘုရားကို အာရုံပြုပြီး ကြည်ညိုနေတယ်။ မြတ်စွာဘုရားကလည်း ဖလသမာပတ်မှ ထကာစ ဘာမှမပြောသေးဘဲ ဒီအတိုင်း သီတင်းသုံးနေတော်မူတယ်။ တရားဟောချိန် မကျသေးဘူး။

အဲ–ဘုရားကလည်း ငြိမ်သက်စွာ နေတော်မူတယ်။ သရဒ ဆရာကြီးကလည်း မြတ်စွာဘုရားကို ရိုသေမြတ်နိုး အပြစ်လွတ်တဲ့ နေရာက ထိုင်ပြီးတော့ ဘုရားအာရုံ တိတ်ဆိတ်စွာ ယူပြီးနေတယ်။ တပည့်ပေါင်း ခုနစ်သောင်းလေးထောင်တို့ သစ်သီးရှာရာ **တောထဲက** ပြန်လာတယ်။ ဘုရားနဲ့ **သူတို့ဆရာကြီး** နေပုံကို မြင်တယ်**ဆိုယင်ပဲ ဘုရားကို** အတော်ကြည်ညိုကြတယ်၊ ကြည်ညိုကြပြီး **အသာကလေး ခြေသံမကြား**စေဘဲ ဆရာကြီးရဲ့အနား အကုန်လုံး ဝိုင်းဝန်းစုဝေး**ပြီး ဘာပြော**သလဲဆိုတော့–

**အာစရိယ** မယံ ပုဗ္ဗေ တုမှေဟိ **မဟန္တတရော** ကောစိ နတ္ထီတိ **ဝိစရာမ**။

**အာစရိယ**=ဆရာကြီး။ မယံ=အကျွန်ုပ်တို့သည်။ ပုဗ္ဗေ=ရှေးတုန်း**ကဆိုယင်**။ **တုမှေဟိ**=ဆရာကြီးတို့ထက်။ မဟန္တတရော=အထူးသဖြင့် သာလွန်မြင့်မြတ်သော။ ကောစိ=တစ်စုံတစ်ယောက်သော သူမျှ။ နတ္ထိ= မရှိဘူး။ ဣတိ=ဤသို့. (အောက်မေ့၍)။ ဝိစရာမ=လှည့်လည်ကျက်စား သွားလာနေထိုင်ခဲ့ကြပါတယ် ဆရာကြီး။

**ဆရာကြီး** ... ကျွန်တော်တို့ လွန်ခဲ့တဲ့ ရက်တွေ လတွေ နှစ်တွေ တုန်းက **ဆရာကြီး**ထက် သာလွန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ် လောကမှာ **တစ်ယောက်မှ မရှိဘူး**ဆိုပြီး အဲဒီအနေနဲ့ လှည့်လည်ကျက်စား သွားလာ **နေထိုင်ခဲ့ကြပါတယ်**။

http:\\www.dhammadownload.com



အယံ ပန ပုရိသော=ဤပုဂ္ဂိုလ်သူမြတ်က။ တုမှေဟိ=ဆရာကြီးတို့ထက်။ မဟန္တတရော=အထူးသဖြင့် သာလွန်မြင့်မြတ်သောသူသည်။ ဘဝတိ မညေ=ဖြစ်လေယောင်တကား ... ။

ယခု ဆရာကြီးနဲ့ ဒီပုဂ္ဂိုလ်မြတ်ကြီး နေထိုင်ပုံကို ထောက်ရတာဟာဖြင့် ဟောဒီ ပုဂ္ဂိုလ်မြတ်ကြီးက ဆရာကြီးထက် အစစ သာလွန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီး ထင်ပါ့ ဆရာကြီး။ တပည့်တွေက တစ်သံတည်း ပြောကြတယ်။

ဒီတော့ ဆရာကြီးက ဘာပြန်ပြောသလဲဆိုတော့ -

"တာတာ မာ ဧဝံ ဘဏထ။ တာတာ=အမောင်တို့။ မာ ဧဝံ ဘဏထ=ဤသို့ မပြောကြပါနဲ့။

တပည့်တို့ ... ဒီလို မပြောကြပါနဲ့။

သာသပေနသဒ္ဒိ=မုန်ညင်းစေ့နဲ့။ အဋ္ဌ သဋ္ဌိသတသဟဿယောဇနံ=ယူဇနာပေါင်း တစ်သိန်းခြောက်သောင်း ရှစ်ထောင်အမြင့်ရှိသော။

မြင်းမိုရ်တောင်ကို ပြောနေတယ်။ မြင်းမိုရ်တောင်ဟာ ရေပေါ်မှာအထက်ပေါ် တက်နေတာက ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ ရေထဲမှာ ပင်လယ်ထဲမှာ မြှုပ်ပြီးနစ်နေတာက ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ နှစ်ရပ်ပေါင်းယင် ယူဇနာပေါင်း တစ်သိန်းခြောက်သောင်းနဲ့ ရှစ်ထောင် အမြင့်အစောက် ရှိတယ်။

အဋ္ဌ သဋ္ဌိ သတ ယောဇနသဟဿုဗ္ဗေဓံ = ယူဇနာပေါင်း တစ်သိန်းခြောက်သောင်းရှစ်ထောင် အမြင့်အစောက်ရှိသော။ သိနေရုံ=မြင်းမိုရ်တောင်ကို။ ပမေတုံ သမံ ကာတုံ=တူအောင်ပြုခြင်းငှာ။ ဣစ္ဆထ=အလိုရှိကြသလား။

http:\\www.dhammadownload.com



တပည့်တို့ ...၊ မှန်ညင်းစေ့ကလေးနဲ့ ယှဉ်နေသော တစ်သိန်းခြောက်သောင်း ရှစ်ထောင် အမြင့်ရှိတဲ့ မြင်းမိုရ်တောင်ကြီးကို မောင်တို့က တူအောင် ပြုချင်ကြသလားတဲ့။

“သဗ္ဗညုဗုဒ္ဓေန မံ တုလျံ မာ ကရိတ္ထ။ မံ=ငါ့ကို။ သဗ္ဗညုဗုဒ္ဓေန=သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရားနှင့်။ မံ=ငါ့ကို။ တုလျံ=အတူနိုင်းယှဉ်မှုကို။ မာ ကရိတ္ထ=မပြုကြပါနဲ့”

ငါက မှန်ညင်းစေ့လောက်ပါ ကွယ်တို့ ...။ ဘုရားသဗ္ဗညုဆိုတာ မြင်းမိုရ်တောင်ကြီးလောက် ဂုဏ်ကျေးဇူးကြီးလှပါတယ်။

အဲဒီတော့မှ တပည့်တွေကလည်းပဲ “မဟာဝတာယံ ပုရိသုတ္တမော။ အယံ ပုရိသုတ္တမော=ဤ ပုဂ္ဂိုလ်မြတ်ကြီးသည်။ အဟော မဟာ ဝတ=ဩော်...အလွန့် အလွန် ဂုဏ်ကျေးဇူးကြီးပါပေစွ”လို့ ဒီကျမှ တပည့်တွေလည်း ရှိသေမြတ်နိုး ပေါက်ဆိန်ပေါက် ရှိခိုးကြတယ်။ ဆိုကြပါစို့။ သူတို့ ဆရာကြီးက လေးလေးနက်နက် ပြောတော့မှ အင်မတန် အားရပါးရ ရှိခိုးကြတယ်။

တပည့်တွေ ရှိခိုးပြီးမှ ဆရာကြီးက ပြောတယ်။

“တာတာ သတ္ထု အနုစ္ဆဝိကော နော ဒေယျဓမ္မော နတ္ထိ။

တာတာ= အမောင်တို့ ... သားတို့ ...၊ နော=ငါတို့အား။ သတ္ထု အနုစ္ဆဝိကော=ဘုရားနှင့် သင့်လျော်လျောက်ပတ်တဲ့။ ဒေယျဓမ္မော= လှူဖွယ်ဝတ္ထုသည်။ နတ္ထိ=မရှိ”

ဘုရားရှင်နဲ့ သင့်လျော်လျောက်ပတ်တဲ့ စားကောင်းသောက်ဖွယ်၊ ဒါတွေ ဒို့မှာ မရှိဘူး။

“သတ္ထာ စ ဘိက္ခာစာရဝေလာယက္ကတာ+ဂတော။

http:\\www.dhammadownload.com



သတ္ထာ စ=ဘုရားကိုယ်တော်မြတ်ကြီးလည်းပဲ။ ဘိက္ခာစာရဝေလာယ=ဆွမ်းခံချိန်၌။ ဣဓ=ဤ ငါတို့ သခ်မ်းကျောင်း အာရာမ်သို့။ အာဂတော=ကြွရောက်တော်မူလာပြီ"

ဒို့မှာလည်းပဲ ဘုရားနဲ့လျော်တဲ့ လှူဖွယ်မရှိဘူး။ ဘုရားကိုယ်တော်မြတ်ကြီးက ဆွမ်းခံချိန်မှာ ငါတို့ရဲ့ အင်မတန် ခေါင်းပါးတဲ့ သခ်မ်းကျောင်းကို ကြွရောက်တော်မူလာတယ်။

"ဟန္ဒ မယံ ဒေယျဓမ္မံ ယထာဗလံ ဒဿာမ။

ဟန္ဒ=ကိုင်း ...။ မယံ=ငါတို့သည်။ ယထာဗလံ=စွမ်းအားရှိသမျှ။ ဒေယျဓမ္မံ=လှူဖွယ်ဝတ္ထုကို။ ဒဿာမ=လှူကြကုန်စို့။

ကိုင်း ... ဒို့ ဆရာတပည့်တစ်စု မြတ်စွာဘုရားအား စွမ်းနိုင်သလောက် လှူဖွယ်ဝတ္ထု လှူကြစို့။

ဆရာကြီးကပင် ဆက်၍ -

"တုမှေဟိ=သင်ချစ်သားတို့သည်။ ပဏီတံ=မွန်မြတ်သော။ ဝါ=ကောင်းနိုးရာရာ ဖြစ်သော။ ယံ ယံ ဖလာဖလံ=အကြင်အကြင် သစ်သီးကြီးငယ် အသွယ်သွယ်ကို။ အာဟဋံ=တောထဲက ဆွတ်ခူးဆောင်အပ်ခဲ့လေပြီ။ တံ တံ=ထို ကောင်းနိုးရာရာ သစ်သီးကြီးငယ် အသွယ်သွယ်ကို။ အာဟရထ=ကိုယ်စီကိုယ်င ဆောင်ယူခဲ့ကြလော့။

တပည့်တို့၊ ကိုယ်တိုင်ကိုယ်ကျ တောထဲက ခူးလာခဲ့တဲ့ သစ်သီးကြီးငယ်တွေ ရှိတယ်၊ အဲဒီအထဲက ကောင်းနိုးရာရာ သစ်သီးများ ရွေးပြီး ကိုယ်စီကိုယ်င ယူခဲ့ကြဟေ့၊ အင်မတန် ကပ်လှူရခဲတယ်" ဆိုပြီး မြတ်စွာဘုရားအား သစ်သီးဆွမ်းကပ်ဖို့ရန် တပည့်တွေကို ပြောလိုက်တော့ -

တပည့်တွေကလည်းပဲ အသီးအသီး တကတည်း သူ့ခြင်းထဲက တစ်လုံး၊ ငါ့ခြင်းထဲက တစ်လုံး၊ တစ်ယောက်လျှင် တစ်လုံးစီဆိုဦးတော့

http:\\www.dhammadownload.com



သစ်သီးအလုံးပေါင်း ခုနစ်သောင်းနဲ့ လေးထောင်ရှိတယ်၊ စားလို့တောင် ကုန်နိုင်ဖွယ်ရာ မရှိဘူး။ သစ်သီးတွေ လှူကြတော့ မြတ်စွာဘုရားက လည်းပဲ သူတို့ရဲ့ သဒ္ဓါတရားကို ငဲ့ပြီး အလှူခံတော်မူတယ်။ တပည့် တွေက ဆရာကြီးရဲ့ လက်ထဲ ကပ်တော့ ဆရာကြီးက သူ့ကိုယ်တိုင် ဟတ္ထံ ဓောဝိတွာ=လက်ကိုဆေးပြီးမှ ဘုရားအား ကပ်လှူတယ်။ အရှင် သာရိပုတ္တရာတို့ရဲ့ မူပဲ။ လှူခါနီး လက်ဆေးပြီးမှ လှူတယ်ဆိုတာ ရှေး သူတော်စင်တို့ရဲ့ မူပဲ။ အရှင်သာရိပုတ္တရာအလောင်း သရဒရှင်ရသေ့က လက်ကို သန့်ပြန့်အောင် ဆေးကြောပြီးမှ မြတ်စွာဘုရားအား ကိုယ်တိုင် ကိုယ်ကျ သာဟတ္ထိကမြောက် ကပ်လှူတယ်။

ကပ်လှူလိုက်လို့ သစ်သီးများ မြတ်စွာဘုရားလက်ထဲသို့ ရောက် လျှင်ပင် နတ်များက ဒိဗ္ဗဩဇာကို ထည့်ပေးကြတယ်။ မြတ်စွာဘုရား သစ်သီးဆွမ်း ဘုဉ်းပေးပြီးတဲ့အခါ အားလုံး တပည့်ရသေ့ ပရိသတ် အပေါင်း ခုနစ်သောင်းလေးထောင်နှင့်တကွ သရဒဆရာကြီးက မြတ်စွာ ဘုရားကို ရိုသေမြတ်နိုး ရှိခိုးပြီးတော့ အသက်ထက်ဆုံး အောက်မေ့ရ မည့်စကား ပြောနေတုန်း ဘုရားကိုယ်တော်မြတ်က မိဋ္ဌာန်တော်မူ လိုက်တယ်။

> "ဒွေ အဂ္ဂသာဝကာ ဘိက္ခုသံဃေန သဒ္ဓိံ အာဂစ္ဆန္တု။ ဒွေ အဂ္ဂ သာဝကာ=နိသဘမထေရ်နှင့် အနောမမထေရ် အဂ္ဂသာဝက မထေရ် နှစ်ပါးတို့သည်။ ဘိက္ခုသံဃေန=ရဟန်းအပေါင်းနှင့်။ သဒ္ဓိံ=တကွ။ အာဂစ္ဆန္တု=ငါဘုရားထံမှောက်သို့ လာရောက်ကြစေ ကုန်သတည်း"

လို့ စိတ်ထဲက မိဋ္ဌာန်တော်မူလိုက်တယ်။ စိတ်ထဲက ဆောက်တည် တော်မူလိုက်တယ်။ အဂ္ဂသာဝကနှစ်ပါးကလည်း နေရင်းကျောင်းတိုက် ကနေ၍ ဘုရားရဲ့ စိတ်အကြံတော်ကို သိပြီးတော့ (နိသဘမထေရ်၊ အနောမမထေရ်တဲ့၊ လက်ယာရံက နိသဘမထေရ်၊ လက်ဝဲရံက

http:\\www.dhammadownload.com



အနော္မမထေရ်) မထေရ်နှစ်ပါး ခေါင်းဆောင်ပြီးတော့ ရဟန္တာ တစ်သိန်းဟာ တစ်ခါတည်း ဒီတောကြီးထဲက "လမ္ဗက"တောင်မှာရှိတဲ့ သခ်မ်းကျောင်းမယ် ရဟန္တာတစ်သိန်း ကြွရောက်လာတယ်။

ရောက်လာတယ်ဆိုယင်ပဲ ဆရာကြီး သရဒရသေ့က -

"တာတာ=အမောင်တို့ ...။ သတ္ထု စ=မြတ်စွာဘုရားအားလည်း ကောင်း။ ဘိက္ခုသံဃဿ စ=ရဟန်းသံဃာအားလည်းကောင်း။ ပုပ္ဖါသနေဟိ=ပန်းနေရာတို့ဖြင့်။ ပူဇာ=ပူဇော်မှုကို။ ကာတဗ္ဗာ= ပြုသင့်၏"

ချစ်သားတို့ ...၊ ဘုရားနှင့်တကွ တပည့်များအား ပန်းနေရာများဖြင့် ပူဇော်ကြရအောင်။

တသ္မာ=ထို့ကြောင့်။ တုမှေ=သင်တို့သည်။ ပုပ္ဖါနိ=ပန်းတို့ကို။ အာဟရထ=တောသို့သွားရောက် ဆောင်ယူခဲ့ကြကုန်။

တပည့်ရသေ့တို့က တောထဲသွားပြီး ပန်းရှာကြတယ်။ ဟိုက ရဟန္တာတစ်သိန်း၊ ဒီက ခုနစ်သောင်းလေးထောင်သော အဘိညာဏ်ရျာန် ရ ရသေ့တွေက အဘိညာဏ်ဈာန်တန်ခိုးနဲ့ တခဏအတွင်းမှာ အဆင်း အနံ့နှင့် ပြည့်စုံတဲ့ ပန်းပေါင်းမြောက်မြားစွာ တစ်ခါတည်း အဘိညာဏ် တန်ခိုးနဲ့ ပန်းတွေ လျှောက်ခူးတာ ခဏအတွင်းမှာ ပြန်ရောက်ကြတယ်။ ရောက်တယ်ဆိုယင်ပဲ မြတ်စွာဘုရားအတွက် ခင်းလိုက်တဲ့ ပန်းမွေ့ရာ ကြီးက တစ်ယူဇနာ ပမာဏရှိတယ်။ ယုံချင်ယင် ယုံပဲ၊ မယုံချင်ယင် နေတော့။ တစ်ယူဇနာ ဆိုတာဟာ နည်းတာ မဟုတ်ဘူး။ ၁၂ မိုင် လောက်ရှိတယ်။ အမြင့်ပမာဏကိုပဲ ပြောသလား မသိဘူး။ အဂ္ဂ သာဝကနှစ်ပါးအတွက်က သုံးဂါဝုတ်။ သုံးဂါဝုတ်ဆိုတာ ၉ မိုင် လောက် ရှိတယ်။ ပန်းမွေ့ရာကြီး အမြင့်ပဲ ထားကြပါစို့။ အမြင့် ၃ ဂါဝုတ်=၉ မိုင်လောက်ရှိတယ်။ အဲဒီနောက်မှာ အသီးအသီး မဟာ

http:\\www.dhammadownload.com



သာဝကကြီးတွေအတွက်က ၂ ဂါဝုတ်လောက် အမြင့်ရှိတဲ့ ပန်းမွေ့ရာကြီးတွေ၊ ( ၂ ဂါဝုတ် ဆိုတာလည်း ၆ မိုင်လောက်မြင့်တဲ့ ပန်းမွေ့ရာကြီးတွေနော်။) နောက် ပကတိ သာဝက ကိုယ်တော်တွေအတွက် အဆင့်ဆင့် လာလိုက်တာ နောက်ဆုံး အငယ်ဆုံးဆိုတဲ့ သံဃနဝက (သင်္ဃနောလို့ ခေါ်တယ်။) အဲဒီ အငယ်ဆုံး သင်္ဃနော ကိုယ်တော်နေတဲ့ ပန်းမွေ့ရာဟာ တစ်ဥသဘ မြင့်တယ်။ (တစ်ဥသဘဆိုတာ နွားလားတစ်တွန်လောက် မြင့်တယ်။) အားလုံး ပန်းမွေ့ရာတွေကို တန်ခိုး=ဣဒ္ဓိပါဒ်နဲ့ ခင်းပြီးတော့မှ ဆရာကြီးက လျှောက်တယ်။

"ဘန္တေ မယှံ အနုဂ္ဂဟတ္ထာယ ပုပ္ဖာသနံ အဘိရုဟထ"

ဘန္တေ=အရှင်မြတ်ဘုရား ...။ မယှံ=တပည့်တော်အား။ အနုဂ္ဂဟတ္ထာယ=ချီးမြှောက်တော်မူရန်အလို့ငှာ။ ပုပ္ဖာသနံ=ပန်းနေရာထက်သို့။ အဘိရုဟထ=ကြွရောက် တက်ရောက် သီတင်းသုံး နေတော်မူကြပါဘုရား-လို့ လျှောက်တယ်။

မြတ်စွာဘုရားက -

"တေသံ သင်္ဂဟံ ကရိဿာမိ"

"သရဒရသေ့နှင့်တကွ တပည့်ခုနစ်သောင်းလေးထောင်တို့အားငါဘုရား ချီးမြှောက်မည် ..." ဒီအကြံနဲ့ ပန်းမွေ့ရာကြီးပေါ် ဘုရားရှင် ကြွရောက်၍ သီတင်းသုံးတော်မူတယ်။ ကျန်တဲ့ သံဃာတော်တွေကလည်း ဘုရားရဲ့ အလိုတော်ကို သိပြီး မိမိတို့အတွက် ရောက်တဲ့ ပန်းနေရာတော်တွေမှာ တက်ရောက်၍ ထက်ဝယ် (တင်ပလ္လင်) ဖွဲ့ခွေ ထိုင်နေတော်မူကြတယ်။ မြတ်စွာဘုရားက-

"တေသံ မဟပ္ဖလံ ဟောတု"

"ဒီရသေ့တွေအတွက် အကျိုးကြီးကြပါစေ" ဤအနေနဲ့ ကိုယ်တော်မြတ် သီးတင်းသုံးတဲ့ ပန်းမွေ့ရာပေါ်မှာ ထိုင်ယင်း နိရောဓသမာပတ်ကို

http:\\www.dhammadownload.com



ဝင်စားတော်မူတယ်။ ဘုရားရဲ့ အလိုတော်ကို သိပြီးတော့ သာဝက နှစ်ပါးနှင့်တကွ ရဟန္တာပေါင်း တစ်သိန်းတို့ကလည်း နိရောဓသမာပတ် ဝင်စားတော်မူကြတယ်။

နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာမှာ စိတ် လုံးဝ မဖြစ်ဘူး။ စေတသိက် လုံးဝ မဖြစ်ဘူး။ ရုပ်လေးမျိုးမှာလည်းပဲ စိတ္တဇရုပ် လုံးဝ မဖြစ်ဘူး။ အဲဒီ ပုဂ္ဂိုလ်မှာ ကမ္မဇရုပ်ရယ်၊ ဥတုဇရုပ်ရယ်၊ အာဟာရဇရုပ်ရယ် ဒီရုပ်သုံးမျိုးပဲ ဖြစ်နေတယ်။ ထိုင်လျက် ဝင်စားယင် အဲဒီထိုင်လျက် ဒီရုပ်သုံးမျိုးပဲ ဖြစ်နေတယ်။ လျောင်းလျက် ဝင်စားယင် လျောင်းလျက် ဒီရုပ်သုံးမျိုးပဲ ဖြစ်နေတယ်။ ရပ်လျက် ဝင်စားယင် ရပ်လျက် ဒီရုပ်သုံးမျိုးပဲ ဖြစ်နေတယ်။ ဒါ ဘာလုပ်တာလဲဆိုယင် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့ အနေနဲ့ကြည့်ယင် ခန္ဓာငါးပါး ရှိနေခြင်းဟာ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားရတာနဲ့ တူတယ်။ သူတို့အနေနဲ့ ခန္ဓာငါးပါးကို ပိဿာငါးဆယ်ရှိတဲ့ ဝန်ထုပ်ကြီးအနေနဲ့ ထားပါ။ လူတစ်ယောက်ဟာ "ပိဿာငါးဆယ်ရှိတဲ့ ဝန်ထုပ်ကြီးကို မင်းမထမ်းဘဲ မနေရ၊ အဲဒီ ဝန်ထုပ်ကြီးကို နောက် တစ်မိုင်လောက်ရောက်မှ ချရမယ်" လို့ အာဏာရှိတဲ့လူက အမိန့်ပေးလို့ ထမ်းသွားရတယ်ဆိုယင် ထိုသူ ဟာ လမ်းခရီးအကြားမှာ ချလို့ရယင် တတ်နိုင်သလောက် သူချချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဝန်လေးလို့။ အဲဒါလိုပဲ ဘုရားရဟန္တာတို့။ အနာဂါမ် အရိယာတို့အဖို့ ခန္ဓာငါးပါးဟာ ဝန်ထုပ်ဝန်ပိုးကြီးပဲ၊ သူတို့အဖို့ ခန္ဓာငါးပါးရှိနေသလောက် ပိဿာငါးဆယ်ရှိတဲ့ ဝန်ထုပ်ကြီးကို ထမ်းနေရသလို ငြီးငွေ့တော်မူကြတယ်။ ဒီတော့ ခန္ဓာဝန်ကြီးကို ချ၍ရသလောက် ချတော်မူလိုကြတယ်။ အပြီးအပိုင် ပစ်ချဖို့က ခန္ဓပရိနိဗ္ဗာန် စံတော်မူကြရတဲ့အခါကျမှ အပြီးအစီး ချပစ်ရခြင်းဖြစ်လို့ ပရိနိဗ္ဗာန် မစံသေးမီ ကြားကာလမှာ ခန္ဓာဝန်ကို ချ၍ရနိုင်သလောက် ပစ်ချသောအနေနဲ့ နိရောဓသမာပတ်ကို ဝင်စားတော်မူကြခြင်း ဖြစ်တယ်။

http:\\www.dhammadownload.com



ဥပမာ ပေါ်လွင်အောင် ဆိုကြပါစို့။

ခန္ဓာငါးပါး ရှိကြရာမှာ တစ်ပါး တစ်ပါးသည် ပိဿာ တစ်ဆယ်စီ တစ်ဆယ်စီ၊ ငါးပါးပေါင်းလိုက်တော့ ပိဿာငါးဆယ်ရှိသော ဝန်ထုပ်ကြီးကို ထမ်းထားရာက နိရောဓသမာပတ် ဝင်စားလိုက်လို့ နာမ်ခန္ဓာလေးပါးနဲ့ စိတ္တဇရုပ်တို့ အဖြစ်ရပ်သွားတယ်ဆိုယင် ဘုရားရဟန္တာတို့အဖို့ ပိဿာပေါင်း လေးဆယ့်နှစ်ပိဿာခွဲ ဝန်ထုပ်ကြီးကို ခေတ္တပစ်ချလိုက်ရတာနဲ့ တူပါတယ်။ ဒါကြောင့် ဘုရား၊ ရဟန္တာ၊ အနာဂါမ် အရိယာတို့သည် အချိန်ရသမျှ နိရောဓသမာပတ်ကို ဝင်စားတော်မူကြတယ်။

အဲဒီ နိရောဓသမာပတ် ဝင်စားမယ်ဆိုတော့ ရှေးဦးစွာ လောကီပထမဈာန်ကို ဝင်စားလိုက်၊ (ဒါက သမထ)။ အဲ-တစ်ခါ ဈာန်က ထပြီးတော့ အဲဒီ ပထမဈာန်ကို ဝင်စားနေစဉ် အတွင်းမှာ ဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာရှုလိုက်၊ (ဒါက ဝိပဿနာ)။ အဲဒီလို ပထမဈာန်မှာ သမထနဲ့ ဝိပဿနာ အစုံတက်ပြီးတော့ ဒုတိယဈာန်ကို ဝင်စားလိုက် (သမထ)။ ထိုဈာန်က ထပြီးတော့ ဈာန်ဝင်စားစဉ် ကာလအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ ရုပ်နာမ်တွေကို ဝိပဿနာ ရှုလိုက်၊ (ဝိပဿနာ)။ ထို့အတူ တတိယဈာန်မှာလည်းပဲ သမထဝိပဿနာ အစုံတက်ရမယ်။ စတုတ္ထဈာန်မှာလည်းပဲ သမထဝိပဿနာ အစုံတက်ရတယ်။ ပြီးတော့မှ အရူပဈာန်လေးပါးအနက် ပထမအရူပဈာန်ဖြစ်တဲ့ အာကာသာနဉ္စာယတနဈာန်ကို သမထဝိပဿနာ အစုံတက်ရတယ်။ ပြီးတော့ ဝိညာဏဉ္စာယတနဈာန်ကို သမထဝိပဿနာ အစုံတက်ရတယ်။ အဲ-ပြီးတော့ အာကိဉ္စညာယတနဈာန်ကို ဝင်စား၊ သမထအလုပ် ပြီးတော့မှ ဘာလုပ်ရသလဲဆိုယင် သာဝကများမှာ ပုဗ္ဗကိစ္စလေးပါး လုပ်ဆောင်ရတယ်။ ပုဗ္ဗကိစ္စလေးပါး လုပ်ဆောင်ရတယ်။ ပုဗ္ဗကိစ္စလေးပါး ဆိုတာက

http:\\www.dhammadownload.com



(၁) နာနာဘဏ္ဍာအဝိကောပန–မိမိကိုယ်နဲ့ ကင်းကွာနေတဲ့ သပိတ်၊ ရေစစ် အစရှိတဲ့ ပရိက္ခရာတို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ရတယ်။ နာနာဘဏ္ဍာအဝိကောပန အဓိဋ္ဌာန်လို့ ခေါ်တယ်။

(၂) သတ္ထုပက္ကောသန– "အကယ်၍များ ငါ နိရောဓသမာပတ်ဝင်စားနေခိုက်မှာ မြတ်စွာဘုရားက အလိုရှိ၍ တမန်ရဟန်းကို စေလွှတ်၍ အခေါ်ခိုင်းတော်မူလျှင် တမန်ရဟန်း ငါ့အား မခေါ်ခင် သမာပတ်မှ ထရပါစေ"လို့ အဓိဋ္ဌာန်တယ်။ (ဘုရားကို ရိုသေတာ ဖြစ်တယ်။)

(၃) သံဃပဋိမာနန– "အကယ်၍များ ငါ နိရောဓသမာပတ်ဝင်စားနေခိုက်မှာ သံဃာက သံဃာ့ကိစ္စ တစ်ခုခုရှိလို့ ငါ့ကို အလိုရှိသဖြင့် သံဃာ့တမန်ရဟန်းလွှတ်၍ အခေါ်ခိုင်းယင် သံဃာ့တမန်ရဟန်း ငါ့အနားလာပြီး 'ကိုယ်တော့်ကို သံဃာက အလိုရှိနေပါတယ်'လို့ မပြောခင် ကြိုတင်၍ သမာပတ်မှ ထရပါလို၏"လို့ အဓိဋ္ဌာန်တယ်။ (သံဃာကို ရိုသေခြင်း ဖြစ်တယ်။)

(၄) ပြီးတော့မှ အာယုသင်္ခါရ ဩလောကန–တဲ့။ "ငါသည် သမာပတ်ကို ခုနစ်ရက် ဝင်စားမယ်၊ သို့သော် ဒီခုနစ်ရက်ကာလတိုင်အောင် ငါရဲ့ ဇီဝိတသန္တတိဆိုတဲ့ အာယုသင်္ခါရ ရှိရဲ့လား၊ မရှိဘူးလား ဆိုတာ ဆင်ခြင်ပြီး ကြည့်ရတယ်။ ပမာပုံ မိမိရဲ့ ရုပ်ဇီဝိတ+နာမ်ဇီဝိတ သန္တာန်က သုံးရက်ပဲ ကျန်တော့တယ်ဆိုယင် ခုနစ်ရက် မဝင်စားဘူး၊ သုံးရက်အောက် လျှော့၍ ဝင်စားတယ်။ အကယ်၍ ဇီဝိတသန္တာန်က သုံးရက်သာ ကျန်ရှိနေပါလျက် ခုနစ်ရက် ဝင်စားယင် သုံးရက်ကျတော့ ဇီဝိတသန္တာန် အဆက်ပြတ်ပြီး ပရိနိဗ္ဗာန် စံသွားနိုင်တယ်။ တစ်နည်း ရိုင်းရိုင်းပြောယင်တော့ သေသွားတယ်။ အဲဒီလို သေသွားတယ် ဆိုလို့ ရှိယင် သာသနာပြင်ပ ဗာဟိရအယူ ရှိသူတွေက "အို–ရဟန်းတော်တွေ၊ ဘုရားရဲ့ တပည့်တွေဟာ နိရောဓသမာပတ် ဝင်စားတယ် ဝင်စားတယ်

http:\\www.dhammadownload.com



ဆိုပြီးတော့ သေတာပါလား"လို့ မဟုတ်တရုတ် ကဲ့ရဲ့ရှုတ်ချ စကားတွေ ပြောကုန်ကြမယ်။ ဒီတော့ ဒီအာယုသင်္ခါရကို ကြည့်ရှုဆင်ခြင်ရပါတယ်။ မိမိက ခုနစ်ရက် ဝင်စားလိုက်ယင် အာယုသင်္ခါရသည် ခုနစ်ရက် ဟိုဘက် ပိုလွန်၍ တည်နေနိုင်မှ ခုနစ်ရက် ဝင်စားကြပါတယ်။

လေးကိစ္စကို ပြုပြီးနောက်မှ အရူပဈာန်လေးပါးတို့ အနက်မှ စတုတ္ထဖြစ်တဲ့ နေဝသညာနာသညာယတနဈာန်ကို ဝင်စားကြပါတယ်။ အဲဒီလို ဝင်စားလိုက်လို့ နေဝသညာနာသညာယတနဈာန်ဇော နှစ်ကြိမ် ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်လည်းပြီးရော စိတ်အဖြစ် တစ်ခါတည်း ရပ်စဲသွားတယ်။ စိတ်အဖြစ် ရပ်သွားတယ်ဆိုယင် စေတသိက်လည်း မဖြစ်တော့ဘူး။ စိတ်စေတသိက်တို့ မဖြစ်ယင် ၎င်းတို့ကြောင့် ဖြစ်ရမယ့် စိတ္တဇရုပ်လည်းပဲ မဖြစ်တော့ဘူး။ အဲဒီလို စိတ်+စေတသိက်+ စိတ္တဇရုပ်တို့ မဖြစ်ဘဲ ချုပ်ငြိမ်းနေတာကိုပင် "နိရောဓ"လို့ ခေါ်ဆိုတယ်။ ထိုအဖြစ်သို့ ရောက်သွားခြင်းကို နိရောဓသမာပတ် ဝင်စားတယ်လို့ ခေါ်ဆိုရပါတယ်။

အဲဒီ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကို သွားပြီးကြည့်ယင် ရိုင်းရိုင်းပြောက ထိုင်လျက်သား သေနေသလိုပဲ၊ မလှုပ်မယှက် ကြည့်ညိုဖွယ် တွေ့မြင်ရမယ်။ လျောင်းလျက် ရပ်လျက် ဝင်စားနေယင် လျောင်းလျက်သား ရပ်လျက်သား သေနေသလိုပဲ မလှုပ်မယှက် ကြည့်ညိုဖွယ်ကို တွေ့မြင်ရမယ်။ ထိုသို့ ဖြစ်နေယင် ဘယ်နှယ့်လုပ်ပြီး သေနေသူနှင့် ထူးခြားသလဲဆိုယင် တကယ်သေနေတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ်ငွေ့ မရှိဘူး၊ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ်ငွေ့က ချောင်းချောင်းပူလျက် နွေးလျက် ရှိတယ်။ တကယ်သေနေတဲ့ ပုဂ္ဂိုလ်ကျတော့ မျက်စိကွန်ရက်တွေ၊ နားကွန်ရက်တွေ ပျက်သွားတယ်၊ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကျတော့ မျက်စိကလည်းပဲ ပကတိ အိပ်နေသလိုပေါ့၊ အိပ်နေတာကမှ ထိနမိဒ္ဓကြောင့် ညိုချင်

http:\\www.dhammadownload.com



ညိုဦးမယ်၊ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကျတော့ အမြဲတမ်း ကြည်လင်နေတယ်။ နားကလည်းပဲ သန့်ရှင်းလျက် ကြည်လင်လျက် ရှိတယ်။ နှာခေါင်းကလည်းပဲ ညို့ညို့မှိုင်းမှိုင်း ညှိုးနွမ်းခြင်း ဘာမှ မရှိဘူး၊ ကြည်လင်လျက်။ တကယ် သေတဲ့လူကျတော့ နှာခေါင်းကလည်း ညိုပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်။ သမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကို သွားကြည့်ယင် အသက်မရှူဘဲ အိပ်နေသလိုပ၊ အဲဒီလိုပဲ ပုံပန်းပေါ်တယ်။

အဲဒီလို ခုနစ်ရက်ကြာ စိတ်+စေတသိက်+စိတ္တဇရုပ်တို့ မဖြစ်ကြတော့ ဝိညာဏက္ခန္ဓာ ပိဿာတစ်ဆယ် ဝန်ပေါ့သွားတယ်။ စေတသိက်ဘက်က ဝေဒနာက္ခန္ဓာ ပိဿာတစ်ဆယ်၊ သညာက္ခန္ဓာ ပိဿာတစ်ဆယ်၊ သင်္ခါရက္ခန္ဓာ ပိဿာတစ်ဆယ်=ပိဿာလေးဆယ် ခန္ဓာဝန် ပေါ့သွားတယ်။ ရုပ်ခန္ဓာက ဆယ်ပိဿာ ထားပါ။ ဉာဏ်နဲ့သိရမယ့် ဝန်ထုပ် ဖြစ်တယ်။ ဒီတော့ ရူပက္ခန္ဓာ ဆယ်ပိဿာမှာ ကမ္မဇရုပ်က နှစ်ပိဿာခွဲ၊ စိတ္တဇရုပ်က နှစ်ပိဿာခွဲ၊ ဥတုဇရုပ်က နှစ်ပိဿာခွဲ၊ အာဟာရဇရုပ်က နှစ်ပိဿာခွဲ=အားလုံး ဆယ်ပိဿာထား။ စိတ္တဇရုပ် မဖြစ်တဲ့အတွက် နှစ်ပိဿာခွဲ လျော့သွားတယ်။ အားလုံးပေါင်း လေးဆယ့်နှစ်ပိဿာခွဲ ခန္ဓာဝန်ထုပ်ကြီး ချထားရတယ်။ ခုနစ်ပိဿာခွဲပဲ ကျန်ရှိတယ်။ အများကြီးပေါ့ သွားတယ်။ အဲဒီလို အဲဒီလို ခန္ဓာဝန်ထုပ်ကို ဖြစ်နိုင်သမျှ အချိန်ရနိုင်သမျှ ချချပြီးတော့ ချမ်းသာသုခကို ယူတော်မူကြတယ်။ (ဘယ်လိုချမ်းသာသုခလဲ ဆိုတော့) အနုပ္ပါဒသုခ=ဒုက္ခသစ္စာ ရုပ်နာမ်တရားတို့ မဖြစ်ခြင်းဆိုတဲ့ သုခကို သုံးဆောင်တော်မူကြခြင်း ဖြစ်ပါတယ်။ ဤကား နိရောဓသမာပတ်နဲ့ စပ်လို့ မှတ်ဖွယ်ဖြစ်ပါတယ်။

မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့ အခုပြောခဲ့တဲ့အတိုင်း ခုနစ်ရက်ကြာ နိရောဓသမာပတ်ကို ဝင်စားနေတော့ ရှင်သာရိပုတ္တရာ

http:\\www.dhammadownload.com



အလောင်းဆရာကြီး သရဒရသေ့ဟာ မလှုပ်မယှက် ခုနစ်ရက်ပတ်လုံး (နိရုဒ္ဓနံ-တဲ့) အကြားမလပ် ဘယ်မှ မသွားဘူး၊ ဘုရားရဲ့ အပေါ်မှာ ပန်းစည်းကြီး မိုးပြီးတော့ တစ်ခါတည်း လက်အုပ်ချီမိုး ရှိခိုးပြီးနေတယ်။ ဘာစားတုန်း။ ဘာမှမစားဘူး။ အေး-သစ်သီးဆွမ်းလည်း မစားဘူး၊ ပီတိကိုပဲ စားနေတယ်။

တပည့်တွေကတော့ သစ်သီးစားချင်ယင် သစ်သီးကို သွားရှာစားကြ၊ ပြီးတော့မှ အားလပ်တဲ့ အချိန်မှာ လာပြီး ရှိခိုးကြတယ်။ ဘုရားနှင့် တကွ သံဃာတော်တွေ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားကြတယ်။ အနောမဒဿီ မြတ်စွာဘုရား ခုနစ်ရက်စေ့လို့ နိရောဓသမာပတ်က ထတဲ့အခါ မြတ်စွာဘုရားက အဂ္ဂသာဝက လက်ယာရံ နိသဘ မထေရ်ကို -

"တာပသာနံ ပုပ္ဖာသနာနုမောဒနံ ကရောဟိ=ရသေ့တို့အား ပန်းနေရာအလှူ အနုမောဒနာတရား ဟောလိုက်ပါ"လို့ အမိန့်ရှိတယ်။

လက်ယာရံ အဂ္ဂသာဝက အရှင်နိသဘ မထေရ်ကလည်း အဂ္ဂသာဝကဉာဏ်၌ တည်ပြီးတော့ အနုမောဒနာတရား ဟောကြားတော်မူတယ်။

အရှင်နိသဘ မထေရ် ဟောပြီးတဲ့အခါ ဒီဘုရား သာသနာမှာ ရှင်မောဂ္ဂလ္လာန်လိုပဲ ထိုဘုရားသာသနာမှာ သမာဓိအရာ တေဒဂ်= တန်ခိုးကြီးတဲ့အရာ တေဒဂ်ဘွဲ့ထူးရတဲ့ ဒုတိယ အဂ္ဂသာဝက လက်ဝဲရံ ဖြစ်တဲ့ အရှင်အနောမ မထေရ်ကို အနောမဒဿီ မြတ်စွာဘုရားက -

"တွမ္ပိ ဣမေသံ ဓမ္မံ ဒေသေဟိ"

အနောမ=ချစ်သား အနောမ ...။ တွမ္ပိ=ချစ်သားလည်းပဲ။ ဣမေသံ =ဤရသေ့ ခုနစ်သောင်းလေးထောင်တို့အား။ ဓမ္မံ=တရားကို။

http:\\www.dhammadownload.com



ဒေသေဟိ=ဟောလော့။

အဲဒီလို အမိန့်ရှိတယ် ဆိုယင်ပဲ အနော်မ မထေရ်လည်း မိမိရဲ့ သာဝကပါရမီဉာဏ်မှာ တည်၍ ရသေ့တို့အား အနုမောဒနာတရား ဟောတယ်။ မထေရ်နှစ်ပါး တရားဟောလို့ ဆုံးသာ ဆုံးတယ်၊ အဲဒီ ရသေ့တွေ မဂ်ဖိုလ်မရကြသေးဘူး။ စိတ်တော့ဖြင့် အင်မတန် နူးညံ့ သွားကြပြီ။

အဲဒီအခါကျမှ အနော်မဒဿီ မြတ်စွာဘုရားက ဗုဒ္ဓဝိသယ=ဘုရား အရာ၌တည်၍ ရသေ့တို့ရဲ့ စရိုက်+အာသယနှင့် ကိုက်ညီသော တရား ကို ဟောတော်မူတယ်။ မြတ်စွာဘုရား တရားဟောလို့ ဆုံးရော ခုနစ် သောင်းလေးထောင်သော တပည့်ရသေ့တွေ အကုန်လုံး အာသဝေါ ကုန်ခန်းပြီး ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။ မြတ်စွာဘုရားက –

"ဧထ ဘိက္ခဝေါ=လာကြ ချစ်သားတို့ ...၊ ရဟန်းအဖြစ်ကို ခံယူကြ"

လို့ ဆိုပြီးတော့ ရွှေလက်တော်ကိုလည်း ဆန့်တန်းလိုက်ကရော အား လုံးသော ရသေ့ခုနစ်သောင်းလေးထောင်တို့ဟာ လျှော်တေ အဝတ်တွေ အလိုလိုပျောက်ကွယ်၊ ရသေ့ဒေါက်ချာတွေလည်း အလိုလိုပျောက်၊ ဣဒ္ဓိမယ ပရိက္ခရာရှစ်ပါး ကိုယ်စီကိုယ်င ကိုယ်မှာ ရောက်ပြီးတော့ အဝါခြောက်ဆယ်=သက်တော်ရှစ်ဆယ်ရှိတဲ့ မထေရ်ကြီးများကဲ့သို့ ထိုင်နေယင်း ရသေ့အသွင်ပျောက်၊ ရဟန်းအဖြစ်သို့ ရောက်ပြီး မြတ်စွာ ဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီးတော့ ရပ်တည်နေကြတယ်။

ကြည့်စမ်းနော်၊ နေရင်း ထိုင်ရင်း အသွင်ပြောင်း သွားကြတယ်။ အဲဒါကို ဧဟိဘိက္ခု ရဟန်းလို့ ခေါ်တယ်။

ဧဟိဘိက္ခု ပရိက္ခရာ=ဣဒ္ဓိမယပရိက္ခရာ ဆိုတာ ကံက ပေးလိုက်တဲ့ ပရိက္ခရာ။

http:\\www.dhammadownload.com



နေရင်း ထိုင်ရင်း လက်ထဲကို အလိုလို ရောက်ရုံတင် မကသေးဘူး။ သူ့နေရာနဲ့သူ သင်းပိုင်က သင်းပိုင်နေရာမှာ ဝတ်ပြီး၊ ဧကသီက သူ့နေရာမှာ လက်ကတော့တင်ပြီး၊ သင်္ကန်းကြီးကလည်း သူ့နေရာမှာ သူ ပခုံးထက် တင်ပြီး၊ သပိတ်ကလည်း အနွယ်နှင့်တကွ လက်ဝဲ ပခုံးစွန်း၌ ချိတ်ပြီး၊ ခါးပန်းကလည်း သူ့နေရာနှင့်သူပတ်ပြီး ကံက ဝတ်ဆင်ပေးလိုက်တယ်။ အဲဒါမျိုးကို ဣဒ္ဓိမယပရိက္ခရာလို့ ခေါ်တယ်။ သာသနာတွင်းမှာ ပရိက္ခရာလှူတဲ့ ပုဂ္ဂိုလ်များမှ အဲဒီ ဣဒ္ဓိမယ ပရိက္ခရာက ရ ဖြစ်တယ်။

ကိုင်း ... ဒါဖြင့် ဆရာကြီး သရဒ ရသေ့ကတော့ ဘာဖြစ်သလဲတဲ့။ ဆရာကြီး သရဒ ရသေ့ကတော့ ဘုရားက တရားဟောပေမယ့် သူက သဘောကျနေတာက လက်ယာရံ အရှင်နိသဘမထေရ်ကို သဘောကျ နေတယ်။

> အဟော ဝတ အဟမ္ပိ အယံ နိသဘတ္ထေရောဝိယ အနာဂတေ **ဧကဿ ဗုဒ္ဓဿ** အဂ္ဂသာဝကော ဘဝေယျံ။
>
> **အဟမ္ပိ**=ငါလည်းပဲ။ အယံ နိသဘတ္ထေရောဝိယ=ဤအရှင် နိသဘ မထေရ်ကဲ့သို့။ အနာဂတေ=အနာဂတ နောက်ကာလ၌။ ဧကဿ ဗုဒ္ဓဿ=တစ်ဆူဆူသော မြတ်စွာဘုရား၏။ အဂ္ဂ သာဝကော=လက်ယာတော်ရံ အဂ္ဂသာဝကကြီးသည်။ ဘဝေယျံ= ဖြစ်ရပါမူ။ အဟောဝတ=ဩော် ... ကောင်းလေစွ"

လို့ သူက အရှင်နိသဘ မထေရ်ကို အားကျနေတယ်။

"ဩော်-ငါလည်းပဲ ဤအရှင် နိသဘ မထေရ်လို နောက်အခါ တစ်ခုခုသော ဘဝမှာ တစ်ဆူဆူသော မြတ်စွာဘုရားရဲ့ လက်ယာရံ အဂ္ဂသာဝက ဖြစ်ရယင် ကောင်းလေစွ"လို့ တရားထက် လက်ယာရံ အဂ္ဂသာဝကဖြစ်ဖို့ အာရုံတစ်ပါး စိတ်စောနေတယ်။ ဒါကြောင့် မဂ်ဖိုလ်

http:\\www.dhammadownload.com



ကို မရဘူး။ တပည့်ရသေ့ပေါင်း ခုနစ်သောင်းလေးထောင်ကတော့ မဂ်ဖိုလ်ကိုရ၊ ရဟန္တာ ဖြစ်ကြပြီး "ဧဟိဘိက္ခု" ရဟန်းအဖြစ် ပြောင်းသွားကြပြီး ဆရာကြီး သရဒရသေ့သာလျှင် တစ်ဦးတည်း ရသေ့အဖြစ်နဲ့ ကျန်ရစ်တယ်။

ထိုသို့ တပည့်ရသေ့များ ရဟန္တာဖြစ်ပြီး ဧဟိဘိက္ခု ရဟန်းတော်များ ဖြစ်ကြပြီးသောအခါ သရဒ ရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၊ လက်ယာရံ အဂ္ဂသာဝကဆုကို တောင့်တ ပန်ကြား လျှောက်ထားလေသည်။ အနောမဒဿီ မြတ်စွာဘုရားလည်း သရဒရှင်ရသေ့၏ အဂ္ဂသာဝကဆု အန္တရာယ်မရှိ ပြည့်စုံမည်ကို သိမြင်တော်မူပြီး –

"ဣတော တွံ ကပ္ပသတသဟဿာဓိကံ ဧကံ အသင်္ချေယျံ အတိက္ကမိတွာ ဂေါတမဿ နာမ သမ္မာသမ္ဗုဒ္ဓဿ အဂ္ဂသာဝကော သာရိပုတ္တော နာမ ဘဝိဿတိ"

သရဒ ရသေ့ ...၊ သင်သည် ဤကမ္ဘာမှ နောက်တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကို လွန်၍ နွယ်တော်ဝံသ ဂေါတမ အမည်ရှိသော မြတ်စွာဘုရား၏ လက်ယာရံ အဂ္ဂသာဝက သာရိပုတ္တရာ မည်သော မထေရ် ဖြစ်ပေလိမ့်မည်–ဟု ဗျာဒိတ်ကြား၍ တရားဟောပြီးလျှင် ပါရှိရင်းစွဲ ရဟန္တာ တစ်သိန်း၊ ယခုအသစ်ဖြစ်သော ရဟန္တာ ပေါင်း ခုနစ်သောင်းလေးထောင် ခြံရံ၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားပြီ။

အဲဒီအခါမှာ သရဒ ရသေ့က သူငယ်ချင်း သိရိဝမှ သေဋ္ဌေးအိမ် သွားတယ်။ သွားပြီး ဘာပြောသလဲဆိုတော့ –

"သမ္မ=အဆွေတော် သိရိဝမှ ...။ မယာ=ငါသည်။ အနောမဒဿိဿ ဘဂဝတော=အနောမဒဿီ အမည်တွင်သည့် ဘုန်းတော်

http:\\www.dhammadownload.com



အရှင်၏။ ပါဒမူလေ=ခြေတော်ရင်း၌။ အနာဂတေ=အနာဂတ် နောက်ကာလ၌။ ဥပ္ပဇ္ဇနကဿ=ပွင့်တော်မူလတ္တံ့သော။ ဂေါတမ ဿ နာမ သမ္မာသမ္ဗုဒ္ဓဿ=ဂေါတမ မည်တွင် ဘုရားရှင်၏။ အဂ္ဂ သာဝကဋ္ဌာနံ=လက်ယာရံ အဂ္ဂသာဝကအရာကို။ ပတ္ထိတံ= ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုအပ်ပြီးလေပြီ။ တွမ္ပိ=အဆွေတော် လည်းပဲ။ တဿ=ထို ဂေါတမမြတ်စွာ အစိန္တေယျာ၏။ ဒုတိယ သာဝကဋ္ဌာနံ=လက်ဝဲတော်ရံ အဂ္ဂသာဝက ရာထူးကို။ ပတ္ထေဟိ= တောင့်တပန်ထွာ ပတ္ထနာမှု ပြုပါလော့"

လို့ တိုက်တွန်းစကား ပြောကြားတယ်။

ဒီတော့ သိရိဝမုသေဋ္ဌေးက "ဘယ်လိုလုပ်ရမှာလဲ"လို့ မေးတော့ သရဒ ရသေ့က "ဘုရားအမှူးရှိတဲ့ သံဃာတွေကို ပင့်ပြီး အလှူအတန်း ကြီး ပေး၊ ပေးပြီးတော့မှ ဒီဆုကိုတောင်း"လို့ ဆိုတော့ သေဋ္ဌေးက "ကောင်းပါပြီ၊ ပင့်ပေးဖို့ကိုသာ ဆရာ သရဒ ရသေ့က တာဝန်ယူပါ။ ကျန်တာ ကျွန်ုပ်ရဲ့ တာဝန် ရှိပါစေ"လို့ ဆိုပြီး သိရိဝမုသေဋ္ဌေးသည် ရှစ်မင်းပယ်စား ကျယ်ဝန်းတဲ့ မြေအပြင်ကို စည်မျက်နှာပြင်ကဲ့သို့ တညီ တညွတ်တည်း ဖြစ်အောင် ပြုလုပ်ပြီး အဲဒီမြေပြင်အပြည့် ပန်းမဏ္ဍပ်ကြီး ဆောက်၊ အဲဒီ ပန်းမဏ္ဍပ်ကြီး အေးအောင် အပေါ်က ကြာညိုပန်းတွေကို မိုးတယ်၊ ကြာညိုပန်းမိုးတဲ့ ပန်းမဏ္ဍပ်ကြီး ဆောက်ပြီးမှ အနောမဒဿီ မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန္တာပေါင်း တစ်သိန်းရှစ်သောင်းလေး ထောင်တို့ကို ဒီ ရှစ်မင်းပယ်ကျယ်တဲ့ ကြာညိုပန်းမဏ္ဍပ်ကြီးထဲမှာ ပင့်ဆောင်တယ်၊ ပင့်ဆောင်ပေးသူက သရဒရသေ့၊ ခုနစ်ရက်ကြာ မဟာဒါနကြီး ပြုတယ်။ ခုနစ်ရက် လွန်မြောက် ရောက်တဲ့အခါ သရဒ ရသေ့ ညွှန်ကြားချက်အတိုင်း သိရိဝမုသေဋ္ဌေးက ဒုတိယ အဂ္ဂသာဝက ဆုကို တောင်းတယ်။ အနောမဒဿီ မြတ်စွာဘုရားကလည်းပဲ ရှေး နည်းအတူ မောဂ္ဂလ္လာန ဟူသောအမည်ဖြင့် ဒုတိယ အဂ္ဂသာဝက ဖြစ်

http:\\www.dhammadownload.com



မည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး အနုမောဒနာတရား ဟော၍ ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်။

အဲဒီအချိန်ကနောက် သိရိဝမုသေဋ္ဌေးသည် ကုသိုလ်ကောင်းမှု မမေ့မလျော့ပြု၍ ထိုဘဝက စုတေ၊ နတ်ပြည်သို့ ရောက်ခဲ့တယ်။ သရဒ ရှင်ရသေ့လည်း ရျာန်မလျှောဘဲ ထိုဘဝက စုတေလို့ ဗြဟ္မာ့ပြည် ရောက်တယ်။

**ဒုတိယဘဝ** ။ ။ အဋ္ဌကထာမှာ ဘာအထူးပြောသလဲဆိုတော့ အဂ္ဂသာဝကနှစ်ပါးတို့ရဲ့ အတိတ်အကြောင်းဟာ ဤမျှလောက်ပဲ ပါ တယ်။ ကြားကာလ ဘဝတို့ရဲ့ အကြောင်းကို မဖော်ပြတော့ဘူး။ ပစ္ဆိမ (နောက်ဆုံးဘဝ) ဝတ္ထုကိုပဲ ရေးအဋ္ဌကထာမှာ ဖော်ပြတော့ မြတ်စွာ ဘုရား ဟောတုန်းကလည်းပဲ ပကိဏ္ဏကဒေသနာ အနေနဲ့ အတိတ်ဝတ္ထု ကို ဤမျှလောက် ဟောပြီးတော့ ပစ္ဆိမ (နောက်ဆုံးဘဝ)ကို ကျော်ခဲ့ တယ်လို့ပဲ မှတ်ရပါတော့မယ်။

ဘုရားအလောင်းများမှာ ဗျာဒိတ်ရပြီးတဲ့နောက် အနည်းဆုံး လေး အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရတယ်။ ပစ္စေကဗုဒ္ဓါအလောင်း များမှာ ဗျာဒိတ်ရပြီးတဲ့နောက် နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ အဂ္ဂ သာဝကများ ဗျာဒိတ်ရပြီးတဲ့နောက် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရတယ်။ မဟာသာဝကများကျတော့ ကမ္ဘာတစ်သိန်း၊ ပကတိ သာဝကများကျတော့ ကမ္ဘာအမြဲ မရှိဘူးတဲ့၊ တချို့ ပကတိ သာဝကတွေ တစ်သင်္ချေ ကြာချင်ယင်လည်း ကြာနေတယ်။ မကြာတဲ့ ပကတိ သာဝကတွေလည်း ရှိနေတယ်။ အနိယမ=မမြဲဘူးတဲ့။

အခု ကိုယ်တော်နှစ်ပါးက အဂ္ဂသာဝက ဆိုတော့ ဗျာဒိတ်ရပြီးတဲ့ နောက် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာ ပါရမီ ကောင်းမှုကုသိုလ်တွေ ကို ပြုပြီးလို့ ဤဘုရားသာသနာခေတ်အတွင်း ရောက်တော့ ဘုရား မပွင့်သေးမီမှာပင် သရဒ ရသေ့က ရာဇဂြိုဟ် ပြည်နယ်အတွင်း

http:\\www.dhammadownload.com



"ဥပတိဿ"ရွာမှာ ရွာရဲ့ အကြီးအကဲဖြစ်တဲ့ "ဝင်္ဂန္တ" ခမည်းတော်ရဲ့ "ရူပသာရီ" ပုဏ္ဏေးမကြီးရဲ့ဝမ်း ဘုန်းရိပ်လွှမ်း၍ ငြိမ်းချမ်းသန္ဓေ တည်နေတော်မူတယ်။ သိရိဝမှုသေဌ္ဌေး ဖြစ်ခဲ့ဖူးတဲ့ ရှင်မောဂ္ဂလ္လာန်အလောင်းကတော့ ရာဇဂြိုဟ်ပြည်ရဲ့ အနီးမှာပဲ "ကောလိတရွာ"လို့ ရှိတယ်။ အဲဒီရွာမှာ ရွာအုပ်ကတော်ဖြစ်တဲ့ မောဂ္ဂလိပုဏ္ဏေးမကြီးရဲ့ ဝမ်းမှာ ဘုန်းရိပ်လွှမ်း၍ ငြိမ်းချမ်းသန္ဓေ တည်နေတော်မူတယ်။ တစ်နေ့တည်းမှာပဲ နှစ်ဦးသား ဖွားမြင်ကြတယ်။ အဲဒီ ရူပသာရီ ပုဏ္ဏေးမကြီးနဲ့ မောဂ္ဂလိ ပုဏ္ဏေးမကြီးတို့ရဲ့ အိမ်ချင်းကလည်း ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ရင်းနှီးလာခဲ့တဲ့ မိတ်ဆွေရင်းချာ ဖြစ်ကြတယ်။ အဲဒီ သားထူး နှစ်ဦးတို့အနက် အရှင်သာရိပုတ္တရာ ဖြစ်မည့် သားက ဥပတိဿရွာမှာ ရွာ၏အကြီးအကဲရဲ့ သားဖြစ်လို့ သူ့ကို "ဥပတိဿ"။ အရှင်မောဂ္ဂလ္လာန်ဖြစ်မည့် အမျိုးသားကျတော့ ကောလိတရွာမှာ အကြီးအကဲရဲ့ သားဖြစ်လို့ "ကောလိတ"လို့ မိဖတို့က အမည့်မှည့်ခေါ်ကြတယ်။ ရွာရဲ့နာမည်များကို သားတွေအား မှည့်ခေါ်ကြခြင်း ဖြစ်တယ်။

ကလေးအရွယ် လူမမယ်ဘဝမှာ နှစ်ယောက်သား မြေမှုန့် အတူကစားပြီး ကြီးပြင်းခဲ့ကြတယ်။

(သဟ ပံသုကီဠန=မြေမှုန့် အတူကစားဖက် သူငယ်ချင်းလို့ ခေါ်တယ်။)

သူငယ်ချင်းနှစ်ယောက် အရွယ်ရောက်တော့ အခမ်းအနားအဆောင်အယောင် ရလိုက်ကြပုံက ဥပတိဿလုလင်ကို မိဖနှစ်ပါးတို့က ရွှေထမ်းစင်ငါးရာ အခြံအရံ သူငယ်လုလင်ငါးရာ အဆောင်အယောင် ပေးကြတယ်။ ဥပတိဿလုလင် ခရီးထွက်ပြီဆိုယင် နောက်က အဆောင်အယောင် အခမ်းအနားအနေနဲ့ ရွှေထမ်းစင်ငါးရာ ထမ်းစင် တစ်ခုတစ်ခုမှာ လုလင်တစ်ယောက်စီ စီးနင်းလိုက်ပါ၍ ခရီးထွက်ရတယ်၊ ရှင်မောဂ္ဂလ္လာန် ဖြစ်မည့် ကောလိတ လုလင်ကတော့

http:\\www.dhammadownload.com



ဘယ်လောက် မြန်ဆန်တယ်ဆိုတာ မပြောနဲ့တော့၊ ခရီးထွက်ပြီဆိုယင် အာဇာနည် သိန္ဓောမြင်း ငါးရာ၊ အဖော်လုလင်ငါးရာက သိန္ဓောမြင်း ကိုယ်စီ စီးလျက် ငါးရာ လိုက်ပါကြရတယ်။ စဉ်းစားသာ ကြည့်ကြ ပေတော့။ ဘယ်လောက်များ မြန်လိုက် ဆန်လိုက်မလဲ။

တစ်ယောက်နဲ့ တစ်ယောက်ကလည်း ခင်လိုက် မင်လိုက်ကြတာ၊ အတူသွား အတူလာ၊ ရာဇဂြိုဟ်မှာ ပွဲကြီးရှိပြီဆိုယင် သူတို့နှစ်ယောက် အတွက် တစ်ခါတည်း ပွဲကြည့်စင် တစ်ခုထဲမှာ ယှဉ်ပြီးတော့ ပွဲကြည့် ကြတယ်၊ လူရွှင်တော်က ပြက်လုံးထုတ်လိုက်ယင် သူငယ်ချင်း နှစ်ယောက် လက်ခုပ်လက်ဝါးတီးပြီး ရယ်မောကြတယ်၊ ဆုချသင့်တဲ့ ကိစ္စဆိုယင် ဆုချကြတယ်၊ စဉ်းစားကြည့်မယ်ဆိုယင် သူတို့နှစ်ယောက် ကြည့်တဲ့ ပွဲဆိုယင် သူတို့ရဲ့ လုလင်တွေကိုက တစ်ထောင်ပါတယ် ဆိုတော့ လွန်စွာ စည်ကားပါတယ်။

ဤနည်းနဲ့ ချမ်းချမ်းသာသာ ကြီးပြင်းလာရာက တစ်နေ့တော့ သူတို့ရဲ့ ဉာဏ်ပညာက ရင့်ကျက်တဲ့အချိန်လည်း ရောက်လာရော နှစ် ယောက်သား ပွဲကြည့်ယင်း ဘယ်လိုအောက်မေ့လာသလဲ ဆိုတော့-

"သဗ္ဗေပိ+မေ ဩရံ ဝဿသတာနံ မစ္စုမုခေ ပတိဿန္တိ။

သဗ္ဗေပိ=အလုံးစုံလည်း ဖြစ်ကုန်သော။ ဣမေ=ဤ ပွဲခင်း အတွင်းမှာ ရှိနေကြတဲ့ လူများသည်။ ဝဿသတာနံ=အနှစ်တစ်ရာ တို့၏။ ဩရံ =အတွင်း၌ (ဝါ) ဩရံ ဝဿသတာနံ=အနှစ်တစ်ရာ အတွင်းမှာပင်။ မစ္စုမုခေ=သေမင်း၏ ခံတွင်းဝ၌။ ပတိဿန္တိ= ကျရောက်ကြရလိမ့်မယ်။

အဲဒီလို သံဝေဂ နှစ်ယောက်သား ရကုန်ကြတယ်။ စည်လိုက်တဲ့ တောင်ထိပ်သဘင်ပွဲကြီးကလည်း အလွန်ပဲ။ "အဲဒီ ပွဲခင်းထဲမှာ ရှိကြတဲ့ ပရိသတ်အကုန်လုံးဟာ အနှစ်တစ်ရာ အတွင်းမှာပဲ သေမင်းရဲ့ ခံတွင်း

http:\\www.dhammadownload.com



ကို စင်းစင်း ဝင်ရောက်ကြရမှာပါလား”လို့ သံဝေဂ ဖြစ်နေတော့ ခါတိုင်းလို ရယ်စရာပြောလို့လည်း မရယ်ကြတော့ဘူး၊ ခါတိုင်း ဆုချရမယ့် အကမျိုးကို မြင်လို့လည်း ဆုမချကြတော့ဘူး။ တကတည်း ကိုယ်တော်ကြီးတွေ မျက်စိအောက်ရောက်လို့ မရှောင်သာတဲ့အတွက် ထမသွားနိုင်ဘဲ ဣန္ဒြေမပျက် ပွဲကြည့်နေကြရသလို သူတို့နှစ်ယောက်လည်း သံဝေဂနဲ့ပဲ ပွဲကို မကြည့်ချင်ဘဲ ကြည့်နေကြရတယ်။ ပွဲပြီးတော့ တစ်ယောက်နဲ့တစ်ယောက် –

“သူငယ်ချင်း ...၊ ဘယ်လိုဖြစ်လို့ မရယ်မမော ဆုမချရတာလဲ”လို့ အချင်းချင်း မေးတဲ့အခါ –

“သူငယ်ချင်း ...၊ ငါ ဒီလို အောက်မေ့တယ်၊ အားလုံး ဒီလူတွေဟာ အနှစ်တစ်ရာအတွင်း သေကုန်မှာပဲ၊ သေမင်းရဲ့ခံတွင်း အကုန်ဆင်းကြရမယ်၊ ဒီတော့ ဘယ့်နှယ်လုပ်ပြီး ပျော်စရာ ရှိသေးလို့လဲကွာ”လို့ ပြောတော့ –

ကျန်တစ်ယောက်ကလည်း ငါလဲ ဒီလို အောက်မေ့တာပဲ၊ ဒါဖြင့်ယင် –

“အမှေဟိ မောက္ခမဂ္ဂေါ ပရိယေသိတဗ္ဗော။

အမှေဟိ=ငါတို့ သူငယ်ချင်းနှစ်ယောက်တို့သည်။ မောက္ခမဂ္ဂေါ=သေခြင်းတရားမှ လွတ်မြောက်ရာ မသေခြင်းတရား ရစေနိုင်တဲ့ အကျင့်ပဋိပတ်လမ်းစဉ်ကို။ ဂဝေသိတဗ္ဗော=ရှာမှီးမှ သင့်တော့မည်။

သူငယ်ချင်း ...၊ အပူရှိယင် အအေးရှိသလို သေခြင်းတရားရှိယင် မသေတဲ့တရားလည်း ရှိရမယ်၊ အဲဒီ မသေတဲ့တရားသို့ ရောက်နိုင်တဲ့ အကျင့်ကောင်း ဒို့ ရှာကြစို့။ သဘောတူတယ် သူငယ်ချင်း ...

တဥ္စ ပရိယေသန္တေဟိ ဧကံ ပဗ္ဗဇ္ဇံ လဒ္ဓုံ ဝဋ္ဋတိ။

http:\\www.dhammadownload.com



တဥ္စ=ထိုအမြိုက်လမ်းစဉ်ကိုလည်း။ ပရိယေသန္တေဟိ=ရှာမှီးသော ငါတို့သည်။ ဧကံ=တစ်ခုသော။ ပဗ္ဗဇ္ဇံ=ရဟန်းအဖြစ်ကို။ လဒ္ဓုံ=ရခြင်းငှာ။ (ဝါ) ရမှ။ ဝဋ္ဋတိ=သင့်၏။

အေး ...၊ မသေတရားလမ်းစဉ်ကို ရှာမယ်ဆိုယင် ရဟန်းဘဝ တစ်ခုခုတော့ ရမှ တော်မယ်" လို့ တိုင်ပင်ကြတယ်။

အဲဒီအချိန်မှာ ဘုရားသာသနာက မရှိသေးဘူး။ ဒီတော့ သူငယ်ချင်း နှစ်ယောက်ဟာ ပြောခဲ့တဲ့အတိုင်း တိုင်ပင်ဆုံးဖြတ်ပြီး နောက်ပါလုလင် ငါးရာတို့နှင့် အတူတကွ သိဥ္စည်းပရိဗိုဇ် ဆရာကြီးထံ ရာဇဂြိုဟ်ပြည်မှာ ပရိဗိုဇ်ရဟန်း ပြုကြတယ်။ သူတို့ ရဟန်းပြုတဲ့အချိန်က စပြီး သိဥ္စည်းပရိဗိုဇ် ဆရာကြီးဟာ လာဘ်အလွန်ပေါများ၊ အလွန်တရာ ထင်ရှားကျော်စောခဲ့တယ်။ သူငယ်ချင်း နှစ်ယောက်တို့ဟာ နှစ်ရက် +သုံးရက်အတွင်းမှာပဲ သိဥ္စည်းဆရာကြီးရဲ့ အယူဝါဒ **အားလုံးကို** သင်ကြားသိရှိပြီး ထိုသိဥ္စည်းဆရာကြီးရဲ့ **အယူဝါဒမှာ အနှစ်**သာရ မရှိကြောင်း ကောင်းစွာသိကြပြီး **သိဥ္စည်းဆရာကြီးရဲ့ ပရိဗိုဇ်အာ**ရာမ် အတွင်း နေရင်းကပင် "ဘယ်**အရပ်မှာ** ပညာရှိ ပေါ်သတဲ့"ဆိုယင် ထို အရပ်ကို သွားရောက်ပြီး စုံစမ်းမေးမြန်းကြတယ်။ အဲ သူတို့ မေးတာကို ပညာရှိဆိုတဲ့ ပုဂ္ဂိုလ်တွေက မဖြေနိုင်ကြဘူး၊ ပညာရှိဆိုတဲ့ ပုဂ္ဂိုလ်တွေက မေးမြန်းကြတာကိုပဲ သူတို့က ဖြေပြီး ပြန်လာကြတယ်။ ဒါဟာ "ဆရာရှာ တပည့်တွေ့" ပဲ။

ဤသို့လျှင် သူတို့နှစ်ဦးသား လွတ်မြောက်ရေးတရားကို ရှာကြံကြစဉ်ပင် -

"အမှေသု ယော ပဌမံ အမတံ အဓိဂစ္ဆတိ၊ သော ဣတရဿ အာရောစေတု။

အမှေသု=ငါတို့နှစ်ယောက်တွင်။ ယော=အကြင်သူသည်။ ပဌမံ=ရှေးဦးစွာ။ အမတံ=အမြိုက်တရားကို။ အဓိဂစ္ဆတိ=ရ၏။

http:\\www.dhammadownload.com



သော= ထိုအလျင်လက်ဦး အမြိုက်တရားကို ရတဲ့သူက။ ဣတရဿ=ကျန်တစ်ယောက်အား။ အာရောစေတု=ပြောကြစတမ်း။

မင်းနဲ့ ငါနဲ့ မင်းက အမြိုက်တရား အလျင်ရယင် ငါ့ပြောဟော့၊ ငါက အမြိုက်တရား အလျင်ရယင် မင်းပြောမယ်" အဲဒီလို ကတိကဝတ် ထားရှိကြတယ်။

ဒီနည်းနဲ့ လာခဲ့ကြတာဟာ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာတဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ရောက်လေရော၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရား ဘုရားဖြစ်တယ်။ ထိုနှစ်မှာ မိဂဒါဝုန်မှာ ဝါကျွတ်လို့ တန်ဆောင်မုန်း လပြည့်နေ့မှာ ဥရုဝေလ တောအုပ် ရောက်ခဲ့တယ်။ ဥရုဝေလတောအုပ်မှာ နှစ်လတိုင်တိုင် ဥရုဝေလ ကဿပညီနောင် သုံးဦးတို့ ခေါင်းဆောင်တဲ့ တစ်ထောင်သော ရသေ့တို့ကို ၃၅၁၆ မျိုး တန်ခိုးပြာဋိဟာဖြင့် ဆုံးမ၍ အားလုံး သာသနာ့ဝန်ထမ်း ဧဟိဘိက္ခုရဟန်းတွေ၊ ဖြစ်ကြတဲ့အခါ ဂယာသီသ ကျောက်ဖျာ၌ "အာဒိတ္တပရိယာယ" တရားဒေသနာ နာယူကြရလို့ အရဟတ္တဖိုလ်ပေါက် ရောက်ရှိကြတယ်။ **အဲဒီ ရဟန်းတစ်ထောင် ခြံရံ၍ ရာဇဂြိုဟ်ပြည်ကို ကြွတော်မူတယ်။ ပြာသိုလပြည့်နေ့မှာ ရာဇဂြိုဟ်ပြည်** သို့ ရောက်ရှိတယ်။ ရောက်ပြီးလို့ ၁၅ ရက်လွန်မြောက် ၁၆ ရက်မြောက် ရောက်တဲ့နေ့လို့ ဆိုရမယ့် တပို့တွဲလဆန်း ၁ ရက်လည်း ရောက်ကရော၊ အဲဒီ တပို့တွဲလဆန်း ၁ ရက်နေ့ကို "**အဂ္ဂသာဝကနေ့**" လို့ သတ်မှတ်သင့်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ မြတ်စွာဘုရားဟာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တယ်။ ထိုနှစ် ပြာသိုလပြည့်နေ့မှာ ရာဇဂြိုဟ်ပြည်သို့ ရောက်တယ်။ ရာဇဂြိုဟ်ပြည်ရောက်လို့ ၁၅ ရက်လွန်မြောက် တပို့တွဲလဆန်း ၁ ရက်နေ့မှာ ဥပတိဿ၊ ကောလိတလို့ဆိုတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်တို့

http:\\www.dhammadownload.com



သောတာပန်ဖြစ်ပြီး တပည့်ငါးရာနှင့်တကွ ဧဟိဘိက္ခုရဟန်းတွေ ဖြစ်ကြတယ်။ ဒါကြောင့် တပို့တွဲလဆန်း ၁ ရက်နေ့ကို **"အဂ္ဂသာဝက နေ့"** လို့ သတ်မှတ်သင့်ပါတယ်။

တပို့တွဲလဆန်း (၁)ရက်နေ့ နံနက်ခင်းမှာ ဥပတိဿပရိဗိုဇ်က အမြိုက်တရားရှာဖို့ရန် ရာဇဂြိုဟ်ပြည်ထဲမှာ လှည့်လည်တယ်။ အဲဒီ အချိန်မှာ ပဉ္စဝဂ္ဂီမထေရ်ငါးပါး အဝင်အပါဖြစ်တဲ့ အရှင်အဿဇိမထေရ်က ရာဇဂြိုဟ်ပြည်အတွင်းမှာ -

"ပါသာဒိကေန=ကြည်ညိုဖွယ်ကို ဆောင်သော။ အဘိက္ကန္တေန =ရှေ့သို့ကြွခြင်း။ ပဋိက္ကန္တေန=နောက်သို့ဆုတ်ခြင်း။ အာလောကိ တေန=တူရူ တည့်တည့်ကြည့်ခြင်း။ ဝိလောကိတေန=ဤမှ ထိုမှ ကြည့်ခြင်း။ သမိဉ္ဇိ တေန=လက်ခြေကို ကွေးခြင်း။ ပသာရိတေန= လက်ခြေကို ဆန့်ခြင်း" တဲ့။ ကြည်ညိုဖွယ်ကောင်းတဲ့ ဣရိယာ ပုတ်နဲ့ ဆွမ်းခံကြွနေတာကို မြင်တယ်။

ဥပတိဿပရိဗိုဇ်ဟာ အရှင်အဿဇိကို မြင်တယ်ဆိုယင်ပဲ စဉ်းစား ဆင်ခြင်တယ်။ ဘယ်လိုဆင်ခြင်သလဲဆိုတော့ -

"ယေ ဝတ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ၊ အယံ တေသံ အညတရော"

လောကေ=လောက၌။ ယေ အရဟန္တော ဝါ=အကြင်ရဟန္တာပုဂ္ဂိုလ် တို့သည် လည်းကောင်း။ ယေ အရဟတ္တမဂ္ဂံ သမာပန္နာ ဝါ= အကြင် အရဟတ္တမဂ် (ရဟန္တာဖြစ်မယ့် အကျင့်အကြောင်း ပဋိပတ်) သို့ ရောက်တော်မူကြသော ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ သန္တိ= ရှိကုန်၏။ အယံ=ဤ ယခု ငါဖူးတွေ့ရသော ရဟန်းသည်။ တေသံ =ထိုရဟန္တာပုဂ္ဂိုလ်+အရဟတ္တမဂ်သို့ ရောက်ကြတဲ့ ပုဂ္ဂိုလ်တို့ အနက်။ အညတရော ဝတ=တစ်ပါးအပါအဝင် အမှန်ပင်။

http:\\www.dhammadownload.com



သူ့ကြည့်ရတာ အင်မတန်ကောင်းတဲ့ ဣန္ဒြေ၊ လောကမှာ ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်+ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဤပုဂ္ဂိုလ် ဤရဟန်းဟာဖြင့် တစ်ပါး အပါအဝင်ပဲ။

**ယန္နူနာဟံ ဣမံ ဘိက္ခုံ** ဥပသင်္ကမိတွာ ပုစ္ဆေယျံ၊ **'ကံ+သိ တွံ အာဝုသော ဥဒ္ဒိဿ ပဗ္ဗဇိတော၊** ကော ဝါ တေ သတ္ထာ၊ ကဿ ဝါ **တွံ ဓမ္မံ ရောစေသီ' တိ။**

ငါ့ရှင် ...၊ သင် ဘယ်သူ့ကို ရည်စူး၍ ရဟန်းပြုသလဲ၊ သင့်ဆရာ ဘယ်သူလဲ၊ သင် ဘယ်သူ့တရားကို နှစ်သက်လက်ခံ ကျင့်သုံးသလဲလို့ မေးရလျှင် ကောင်းလေစွ။

အဲဒီလို ဥပ**တိဿပရိဗိုဇ်က** စိတ်ထဲမှာ ကြံမိတယ်၊ စဉ်းစားမိတယ်။

အဲဒီလို **စဉ်းစားပြီးတော့လည်း** ဥပတိဿပရိဗိုဇ်စိတ်ထဲမှာ ဆက်ပြီး တစ်ဖန်ကြံမိပြန်တယ်။ ကြံမိပုံက –

"အကာလော ခေါ ဣမံ ဘိက္ခုံ ပုစ္ဆိတုံ"

ဣမံ ဘိက္ခုံ=ဤရဟန်းကို။ ပုစ္ဆိတုံ=မေးဖို့ရန်။ အကာလော ခေါ=အခါမတန်သေး။

ဩော် ... ဒီကိုယ်တော်ကို မေးဖို့ရန် အချိန် မတန်သေးပါတကား။ ဘာကြောင့်လဲဆိုတော့ –

"အန္တရဃရံ ပဝိဋ္ဌော ပိဏ္ဍာယ စရတိ"

"အန္တရဃရံ=မြို့ထဲသို့။ ပဝိဋ္ဌော=ဝင်သည်ဖြစ်၍။ ပိဏ္ဍာယ= ဆွမ်းအလို့ငှာ။ စရတိ=လှည့်လည်ကျက်စား သွားနေဆဲ ဖြစ်တယ်"

မြို့ထဲမှာ ကြွပြီးတော့ ဆွမ်းခံနေတုန်း ငါမေးချင်တာကို မေးယင် ငါ **အလိုက်မသိတဲ့ ပုဂ္ဂိုလ်ပဲ** ဖြစ်တော့မယ်။

**ယန္နူနာဟံ ဣမံ ဘိက္ခုံ** ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓေယျံ အတ္ထိကေဟိ ဥပညာတံ မဂ္ဂံ။

http:\\www.dhammadownload.com



"အဟံ=ငါသည်။ အတ္ထိကေဟိ=မသေတဲ့တရားကို အလိုရှိကြတဲ့ ငါတို့ သူငယ်ချင်း နှစ်ယောက်တို့သည်။ ဥပညာတံ=အနုမာန အားဖြင့် သေခြင်းတရားရှိယင် မသေတဲ့တရားလည်း ရှိရမယ်လို့ မှန်းဆ၍ သိအပ်တဲ့ မသေတရားကို။ မဂ္ဂံ-မဂ္ဂန္တော=မရအရ ရှာသည်ဖြစ်၍။ တ္တမံ ဘိက္ခုံ=ဤရဟန်းကို။ ပိဋ္ဌိတော ပိဋ္ဌိတော= နောက်မှ နောက်မှ။ အနုဗန္ဓေယျံ=အစဉ်တစိုက် လိုက်ရပါမူ။ ယန္နူန=သြော် ကောင်းလေစွာ့"

အဲဒီလို စဉ်းစားပြီး အရှင်အဿဇိ နောက်က မျက်ခြည်မပြတ် လိုက်ပါခဲ့တယ်။

မျက်ခြည်မပြတ် နောက်က လိုက်လာလို့ အရှင်အဿဇိမထေရ်က သဒ္ဓါတရားရှိသူ ဒကာတစ်ဦး မြို့ထဲမှာ ဆောက်လုပ်လှူဒါန်းထားတဲ့ ဆွမ်းစားကျောင်းကလေးပေါ်မှာ ဆွမ်းဘုဉ်းပေးမယ်ဆိုပြီး ထိုင်တဲ့အခါ ဥပတိဿပရိဗိုဇ်က သွားပြီးတော့ "အရှင်ဘုရား ...၊ တပည့်တော်ရဲ့ သားရေနွယ်ကလေးပေါ်မှာ ထိုင်တော်မူပါ"လို့ ဆိုပြီး နေရာကလေး ခင်းပေးတယ်။ "တပည့်တော် ရေစစ်ပြီး ကပ်ပါရစေ" ဆိုပြီး လက်ဆေး ရေ သုံးဆောင်ရေ ကပ်တယ်။ မထေရ် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ "သောက်ရေပါ"လို့ ဆိုပြီး သောက်ရေကပ်တယ်။ အရှင်အဿဇိ ဆွမ်း ဘုဉ်းပေးပြီးလို့ ငြိမ်နေပြီဆိုတဲ့ ဒီအခါကျမှ "ဒါဟာ အချိန်ကောင်းပဲ"လို့ စဉ်းစားပြီး ဒီအခါကျမှ ဥပတိဿပရိဗိုဇ်က စကား စတယ်။

"ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ"

အာဝုသော=ငါ့ရှင် ...။ တေ=သင်၏။ ဣန္ဒြိယာနိ=ဣန္ဒြေတို့ သည်။ ဝိပ္ပသန္နာနိ=အလွန်ပင် ကြည်လင်လှကုန်၏။"

"ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော"

http:\\www.dhammadownload.com



"တေ = သင် ငါ့ရှင်၏။ ဆဝိဝဏ္ဏော = အရေအဆင်းသည်။ ပရိသုဒ္ဓေါ=အညစ်အကြေးကင်းရှင်းလှပေ၏။ ပရိယောဒါတော= အရောင်တလက်လက် ထွက်မတတ် သန့်စင်လှပေ၏"

ကံ+သိ တွံ အာဝုသော ဥဒ္ဒိဿ ပဗ္ဗဇိတော=ငါ့ရှင် ... သင် ဘယ်သူ့ကို ရည်ညွှန်း၍ ရဟန်းပြုသလဲ။

"ကော ဝါ တေ သတ္ထာ=သင့်ဆရာ ဘယ်သူလဲ"

"ကဿ ဝါ တွံ ဓမ္မံ ရောစေသိ"

"သင် ဘယ်သူ့တရားကို နှစ်သက်လက်ခံ ကျင့်သုံးသလဲ" အဲဒီလို ဥပတိဿပရိဗိုဇ်က မေးတယ်။

အရှင်အဿဇိက ပြန်ဖြေတယ်။ ဖြေပုံက –

"အတ္ထာ+ဝုသော မဟာသမဏော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော"

အာဝုသော=ငါ့ရှင် ပရိဗိုဇ် ...။ သကျပုတ္တော=သာကီဝင်မင်းသားဖြစ်သော။ သကျကုလာ=အသမ္ဘိန္န သကျနွယ်စင် သာကီဝင်မင်းမျိုးမှ။ ပဗ္ဗဇိတော=ရဟန်းအဖြစ်သို့ ကပ်ရောက်သော။ မဟာသမဏော=လူသုံးပါးတို့၏ဆရာ ဘုရားမြတ်စွာသည်။ အတ္ထိ=ရှိတော်မူ၏။

"တာ+ဟံ ဘဂဝန္တံ ဥဒ္ဒိဿ ပဗ္ဗဇိတော"

"အဟံ=ငါသည်။ တံ ဘဂဝန္တံ=ထိုဘုန်းတော်သခင် ဘုရားရှင်ကို။ ဥဒ္ဒိဿ=ရည်ညွှန်း၍။ ပဗ္ဗဇိတော=ရဟန်းပြုခဲ့ပါ၏"

"သော စ မေ ဘဂဝါ သတ္ထာ"

ဘုန်းတော်သခင် ထို ဘုရားရှင်သည်ပင်လျှင် ငါ၏ဆရာ ဖြစ်ပါ၏။

http:\\www.dhammadownload.com



"တဿ စာ+ဟံ ဘဂဝတော ဓမ္မံ ရောစေမိ"

"ငါသည် ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုဘုရားရဲ့ တရားကို နှစ်သက်လက်ခံ ယုံကြည်ကျင့်သုံးပါ၏"လို့ ပြန်ဖြေတယ်။

ဒီတော့ ဥပတိဿပရိဗိုဇ်က ဒုတိယအကျော့ ဘယ်လိုမေးသလဲ ဆိုတော့ –

"ကိံ ဝါဒီ ပနာ+ယသ္မတော သတ္ထာ ကိ+မက္ခာယိ" တဲ့။

အရှင်အဿဇိက ဘဂဝတောလို့ ဣန္ဒြေကလည်း ကြီးကြီး သန့်သန့်ရှင်းရှင်း ပြတ်ပြတ်သားသား ဒီလို ဖြေတာမျိုး တစ်ခါမှ မကြားဖူးဘူး။ ပထမအကြိမ်တုန်းက ဥပတိဿပရိဗိုဇ် မေးပုံဟာ –

"အာဝုသော အာဝုသော=ငါ့ရှင် ငါ့ရှင်" နဲ့ ကိုယ်ရိပ်သဏ္ဌာန်တူ ထပ်ထပ်ပြီး မရိုမသေ မေးတယ်။ ယခု ဒုတိယအကျော့ မေးတာကျ တော့ အဲဒီလို မဟုတ်တော့ဘူး၊ ပထမအကျော့ မေးလို့ ဖြေလိုက် တာနဲ့ တစ်ခါတည်း ကြည်ညိုသွားတယ်။

ဥပတိဿပရိဗိုဇ် "ကိံ ဝါဒီ ပနာ+ယသ္မတော သတ္ထာ ကိ+ မက္ခာယိ"

(စာသဘောနဲ့ ပြောရယင် မေးပုံကို ပြောင်းသွားတယ်၊ ရိုသေ လာတယ်။)

"အာယသ္မတော=အရှင်ဘုရား၏။ သတ္ထာ=ဆရာဘုရားသည်။ ကိံ ဝါဒီ ပန=အဘယ်ဝါဒ ရှိပါသလဲဘုရား။ ကိံ=အဘယ်တရား ကို။ အက္ခာယိ=ဟောကြားလေ့ ရှိပါသလဲဘုရား ... ။"

အရှင်ဘုရားရဲ့ ဆရာ မြတ်စွာဘုရားဟာ ဘယ်ဝါဒ ရှိပြီး ဘယ် တရားမျိုးကို ဟောကြားပါသလဲ ဘုရားလို့ ရိုရိုသေသေ မေးတယ်။

http:\\www.dhammadownload.com



ဒီတော့ အရှင်အဿဇိက "သူဟာ သိဥ္စည်းဆရာကြီးရဲ့ တပည့် ဥပတိဿပရိဗိုဇ်၊ အင်မတန် ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက်"လို့ သိတယ်။ အဲဒီလို သိပြီး အရှင်အဿဇိက မြတ်စွာဘုရားကို ဆရာစားချန်သောအားဖြင့် လည်းကောင်း၊ ဥပတိဿပရိဗိုဇ်ကို တရားတော်၌ ဂါရဝ ဖြစ်စေရန်အတွက်လည်းကောင်း ဒီရည်ရွယ်ချက်နှစ်ရပ်နဲ့ မိမိကိုယ်ကို နှိမ်ချပြီး –

"အဟံ ခေါ အာဝုသော နဝေါ အစိရပဗ္ဗဇိတော၊ အဓုနာဂတော ဣမံ ဓမ္မဝိနယံ"

အာဝုသော=ငါ့ရှင် ဥပတိဿပရိဗိုဇ် ...။ ခေါ=စင်စစ်။ အဟံ= ငါကား။ နဝေါ=သိတင်းငယ်ကလေးပါ။

(**ဒီသာသနာမှ** ယခုမှ ရဟန်းတစ်ဝါသာ ရသေးတယ်။)

**အစိရပဗ္ဗဇိတော**=ရဟန်းဖြစ်ရတာ **မကြာသေးပါ** (တဲ့)။ ဣမံ **ဓမ္မ ဝိနယံ** = ဤ တရားသဖြင့် **ဆုံးမရာ ဘုရားသာသနာသို့**။ အဓုနာဂတော = ယခုမှ ရောက်သစ်စ ရှိပါသေးတယ် (တဲ့)"

"န တာ+ဟံ သက္ကောမိ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ"

"အဟံ=ငါသည်။ တေ=သင့်အား။ ဝိတ္ထာရေန=အကျယ်အားဖြင့်။ ဓမ္မံ=တရားကို။ ဒေသေတုံ=ဟောပြခြင်းငှာ။ န သက္ကောမိ =မစွမ်းနိုင်ပါ"

ကိုယ့်ကိုယ်ကိုနှိမ်၊ မြတ်စွာဘုရားကို ဦးစားပေးထား၊ ပရိဗိုဇ်အားလည်း တရားတော်၌ ဂါရဝဖြစ်စေဆိုတဲ့ **ရည်ရွယ်ချက်**နဲ့ "ငါဟာ **သိတင်း**ငယ်ကလေးပါ၊ ရဟန်းဖြစ်**တာ မကြာ**သေးပါဘူး၊ ဤဓမ္မဝိနယ သာသနာကို ယခုမှ ရောက်လာတာပါ၊ **ဒီ**တော့ ငါ့ရှင်အား အကျယ်အားဖြင့်တော့ ငါ တရား မဟောနိုင်ပါဘူး"

"အပိ စ တေ သံခိတ္တေန အတ္ထံ ဝက္ခာမိ"

http:\\www.dhammadownload.com



"အပိ စ=စင်စစ်သော်ကား။ တေ=သင့်အား။ သံခိတ္တေန=အကျဉ်းအားဖြင့်။ အတ္ထံ=လိုရင်းအနက်အဓိပ္ပာယ်ကို။ ဝက္ခာမိ=ငါ ဟောပြမယ်"

မဟောတတ်ဘူးလို့ မပြောဘူးနော်။ "အေး ... အကျယ်ကြီးတော့ သင့်အား ငါမဟောနိုင်ဘူး၊ သို့သော် လိုရင်း အနက်အဓိပ္ပာယ် တရားကိုတော့ သင့်အား ငါဟောပြမယ်"လို့ အမိန့်ရှိတယ်။

အဲဒီတော့ ဥပတိဿ ပရိဗိုဇ်က ဘာပြန်ပြောသလဲ။

"ဟောတု အာဝုသော=ရှိပါစေ ငါ့ရှင် ... "

အပ္ပံ ဝါ ဗဟုံ ဝါ ဘာသဿု၊
အတ္ထံ ယေဝ မေ ဗြူဟိ။
အတ္ထေနေဝ မေ အတ္ထော၊
ကိံ ကာဟသိ ဗျဉ္ဇနံ ဗဟုံ။

ဘန္တေ=အရှင်ဘုရား ...။ အပ္ပံ ဝါ=နည်းနည်းပဲဖြစ်ဖြစ်။ ဗဟုံ ဝါ=များများပဲဖြစ်ဖြစ်။ ဘာသဿု=မိန့်ဆိုတော်မူပါဘုရား။

နည်းနည်းများများ အရှင်ဘုရား ဟောသာ ဟောကြားပါ၊ အရှင်ဘုရားဟောတဲ့ တရားကို အကျယ်ဖြန့်ချိ သိဖို့က တပည့်တော်ရဲ့ တာဝန်ပါလို့ ဆိုလိုတယ်။

မေ=တပည့်တော်အား။ အတ္ထံ ယေဝ=လိုရင်းဖြစ်တဲ့ အနက်အဓိပ္ပာယ်ကိုသာလျှင်။ ဗြူဟိ=ဟောတော်မူပါဘုရား။

တပည့်တော်အား တရားဟောလျှင် သဘာဝတ္ထကိုသာ ဟောတော်မူပါတဲ့။

မေ=တပည့်တော်၏ အဖို့ရာ။ အတ္ထေနေဝ=သဘာဝ အနက်အဓိပ္ပာယ်ကိုသာလျှင်။ အတ္ထော=အလိုရှိပါ၏။

http:\\www.dhammadownload.com



တပည့်တော် လိုချင်တာက သဘာဝ အနက်အဓိပ္ပာယ်ကိုသာ လိုချင်တာပါတဲ့။

ဗဟုံ=များစွာသော။ ဗျဉ္ဇနံ=သဒ္ဒါတွေသည်။ ကိံ ကာဟသိ= အဘယ်ပြုရအံ့နည်း။

သဒ္ဒါတွေ သိပ်များနေလို့ ဘာလုပ်မလဲ အရှင်ဘုရား ...။ ဒီတော့ လိုရင်း သဘာဝတ္ထ တရားကိုသာ ဟောပါလို့ ဆိုတော့

အရှင်အဿဇိက သူလည်း ပြောပြီးရော သစ္စာလေးပါး တရားပြတဲ့-

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ။

တေသဉ္စ ယော နိရောဓော၊

ဧဝံ ဝါဒီ မဟာသမဏော။

ဤဂါထာကို ဟောတော်မူလိုက်တယ်။

အာဝုသော=ငါ့ရှင် ဥပတိဿပရိဗိုဇ် ...။ ယေ ဓမ္မာ=အကြင် ဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ=အကြောင်းသမုဒယ သစ္စာလျှင် အမွန်ပဘဝ အကြောင်းရင်း ရှိကြကုန်၏။ တေ စ=ထို ဒုက္ခသစ္စာတရားတို့ကို လည်းကောင်း။ တေသံ=ထို ဒုက္ခသစ္စာ တရားတို့၏။ ဟေတုံ စ=အကြောင်းဖြစ်တဲ့ သမုဒယသစ္စာ တဏှာ လောဘ တရားကို လည်းကောင်း။ တထာဂတော=ရှေးဘုရားတို့ အတူ လာခြင်းကောင်းတော်မူသော ငါတို့ဆရာ မြတ်စွာဘုရား သည်။ အာဟ=စိတ်ဖြာခွဲခြမ်း ဟောကြားတော်မူ၏။ တေသံ=ထို ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏။ ယော နိရောဓော=အကြင် ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်တရားသည်။ အတ္ထိ=ရှိ၏။ တဉ္စ=ထို နိရောဓသစ္စာ နိဗ္ဗာန်တရားကို လည်းကောင်း၊ (နိရောဓဂါမိနိဉ္စ ပဋိပဒံ=နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာ

http:\\www.dhammadownload.com



ကိုလည်းကောင်း။) အာဟ=စိတ်ဖြာခွဲခြား ဟောကြားတော်မူ၏။ မဟာသမဏော=ငါတို့ဆရာ မြတ်စွာဘုရားသည်။ ဇဝ ဝါဒီ=ဤသို့ ဒုက္ခ+သမုဒယ+နိရောဂ+မဂ္ဂ အားဖြင့် သစ္စာလေးပါး အမှန်တရားကို ဟောကြားတော်မူလေ့ ရှိပါ၏။

ငါတို့ဆရာ မြတ်စွာဘုရားဟာ သစ္စာဝါဒ ရှိတယ်။ ဝိဘဇ္ဇဝါဒ=သစ္စာလေးပါးကို ခွဲခွဲခြမ်းခြမ်း ဟောပြတဲ့ ဝါဒအလေ့ရှိတယ်လို့ ပြောလိုက်လျှင်ပဲ ဂါထာရဲ့ ရှေ့ထက်ဝက် ဒုက္ခသစ္စာ သမုဒယသစ္စာဆိုတဲ့ အလုပ်ကမ္မဋ္ဌာန်း၊ သစ္စာကမ္မဋ္ဌာန်းကို အရှင်အဿဇိက အဓိပ္ပာယ်ခွဲခြမ်း ဟောပြလိုက်တယ်ဆိုယင်ပဲ ဥပတိဿပရိဗိုဇ်ဟာ နည်းပေါင်း တစ်ထောင်ဖြင့် အသိဉာဏ်တန်ဆာဆင်၍ သောတာပတ္တိမဂ်ဉာဏ် အမြင်ပေါက် သောတာပန် အရိယာအဖြစ်သို့ တစ်ခါတည်း ရောက်သွားတယ်။ ဥပတိဿပရိဗိုဇ်ဟာ ဘယ်လောက် ပါရမီကြီးရင့်တဲ့ ပုဂ္ဂိုလ်လည်းဆိုတာ စဉ်းစားပြီး ကြည်ညိုကြပေတော့။ သောတာပန် အရိယာဖြစ်ပြီး ဂါထာ နောက်ထက်ဝက်၏ အဓိပ္ပာယ်ကို နာယူပြီးတော့ ဥပတိဿပရိဗိုဇ်က ဒီဂါထာကို ရွတ်ဆိုပြီး ချီးမွမ်းစကား လျှောက်ထားတယ် .... ။

> ဧသေဝ ဓမ္မော ယဒိ တာဝဒေဝ၊
> 
> ပစ္စဗျတ္ထ ပဒ+မသောကံ။
> 
> အဒိဋ္ဌံ အဗ္ဘတီတံ၊
> 
> ဗဟုကေဟိ ကပ္ပနဟုတေဟိ။

ဘန္တေ=အရှင်ဘုရား ...။ တာဝဒေဝ=တပည့်တော်အဖို့ရာ ထိုသောတာပတ္တိမဂ်ဉာဏ်+ဖိုလ်ဉာဏ်လောက်သာလျှင်။ ယဒိ ဟောတိ=အကယ်၍ကား ဖြစ်စေဦးတော့။

(တပည့်တော် သောတာပတ္တိမဂ်ဉာဏ်+ဖိုလ်ဉာဏ်ဆိုတဲ့ ပထမအရိယာဘုံ အဆင့်သို့ ရောက်ရှိလျှင်ပင်)

http:\\www.dhammadownload.com



ဓမ္မော=တပည့်တော်တို့ ရှာနေတဲ့ မသေတရား အမြိုက်တရားသည်။ ဧသေ၀-ဧသော ဧ၀=ဤယခု အရှင်ဘုရား ဟောပြတဲ့တရားပေပဲ။ (ဣတိ=ဤသို့။ ဉာတော=သိအပ်ပါပြီဘုရား။) တုမှေဟိ=အရှင်ဘုရားတို့သည်။ အသောကံ=စိုးရိမ်ရခြင်း အလျှင်းမရှိသော။ ပဒံ=မသေတဲ့ နိဗ္ဗာန်တရားကို။ ပစ္စဗျတ္ထ=အစောကြီးကသိတော်မူအပ် ပြီးပါပြီဘုရား။

(အရှင်ဘုရားတို့မှာတော့ အဲဒီ မသေတရားကို တပည့်တော်တို့ရဲ့အလျင် သိတော်မူပြီးကြပါပြီ ဘုရား။)

အဒိဋ္ဌံ=တပည့်တော်တို့မှာတော့ အဲဒီ မသေတရားကို မသိမမြင်ကြတဲ့အတွက်။ ဗဟုကေဟိ ကပ္ပနဟုတေဟိ=နဟုတသင်္ချာကမ္ဘာပေါင်း မြောက်မြားစွာ။ အဗ္ဗတီတံ=သံသရာခရီးဝယ် လွန်ခဲ့ကြရပါပြီ ဘုရား။

"တပည့်တော်တို့ ဟောဒီ မသေတရား အမြိုက်တရားကို မမြင်ကြမသိကြတဲ့အတွက် နဟုတခေါ်တဲ့ သင်္ချာကမ္ဘာပေါင်း မြောက်မြားစွာသံသရာခရီးကြီးမှာ လွန်ခဲ့ကြရပါပြီဘုရား"လို့ လျှောက်ထားတယ်။

နဟုတဆိုတာ ဘာလဲ။ မိမိ၏ စိတ်ထဲမှာ "ကာသိ=တစ်ထောင်၊ နဟုတံ=တစ်သောင်း၊ လက္ခံ=တစ်သိန်း"ဆိုတဲ့အတိုင်း "ကမ္ဘာပေါင်းသောင်းပေါင်းများစွာ"လို့ ဆိုလိုသလား အောက်မေ့တယ်၊ မဟုတ်ဘူး။ သာရတ္ထဒီပနီဋီကာ ဆရာတော်က "မဟာဘုံသင်္ချာ နှစ်ဆယ်မှာ ပါရှိတဲ့စတုတ္ထမဟာသင်္ချာဘုံလာ နဟုတသင်္ချာကို ဆိုလိုကြောင်း" (သာရတ္ထဋီ၊ ၃၊ ၂၂၆ မှာ) ဖွင့်ပြထားတယ်။

[ ဤအရာ၌ သင်္ချာဘုံနှင့်စပ်၍ မှတ်ဖွယ်ကို ပြဆိုလိုပါတယ်။ သင်္ချာနယ်ပယ်မှာ မဟာဘုံသင်္ချာကြီးနှစ်ဆယ်လို့ ရှိတယ်။ ယနေ့ လူ့လောကမှာ ပြောဆိုသုံးစွဲနေတာက ပထမ မဟာဘုံသင်္ချာစကားကိုသာ

http:\\www.dhammadownload.com



ပြောဆိုသုံးစွဲနေကြခြင်း ဖြစ်တယ်။ ကောဋိ=ကုဋေဆိုတဲ့ သင်္ချာစကားကိုပဲ သုံးစွဲ ပြောဆိုနေကြတယ်။ သင်္ချာအရာမှာ အန္တရဘုံသင်္ချာ၊ မဟာဘုံသင်္ချာကြီးတို့၏ အကြားအကြားမှာ ခေါ်ဝေါ်သုံးစွဲတဲ့ သင်္ချာ၊ မဟာဘုံသင်္ချာ၊ အန္တရဘုံသင်္ချာ ခုနစ်ဆင့်ဖြင့် တက်၍ တက်၍ရသော သင်္ချာကြီးများ၊ မဟာဘုံသင်္ချာကြီးများလို့ ခေါ်တယ်။

အန္တရဘုံသင်္ချာက ခု+ဆယ်+ရာ+ထောင်+သောင်း+သိန်း+သန်းလို့ ခုနစ်ဆင့် ရှိတယ်။ မဟာဘုံသင်္ချာကြီးများက နှစ်ဆယ်ရှိတယ်။ ထိုသို့ ရှိကြတဲ့အနက် ပထမ မဟာဘုံဖြစ်တဲ့ ကောဋိ=ကုဋေသင်္ချာကို တွက်ပုံမှာ –

(၁) တစ်သင်္ချာကို ၁–တစ်လုံးတည်းဆိုလျှင် ခုသင်္ချာ၊ တစ်ခုဟူ၍ မှတ်ရတယ်။ ထိုတစ်ခုသင်္ချာနောက် သုညတစ်လုံး ဆိုလျှင် (၁၀) တစ်ဆယ်၊ ဆယ်သင်္ချာဟု မှတ်ရတယ်။ ထို (၁၀) တစ်ဆယ်ပေါ်မှာ သုညတစ်လုံး တိုးလိုက်လျှင် (၁၀၀) တစ်ရာ၊ ရာသင်္ချာ ခေါ်တယ်။ ထို (၁၀၀) တစ်ရာပေါ်မှာ သုညတစ်လုံး တိုးလိုက်လျှင် (၁၀၀၀) တစ်ထောင်၊ ထောင်သင်္ချာ ခေါ်တယ်။ ထို(၁၀၀၀)တစ်ထောင်ပေါ်မှာ သုညတစ်လုံး တိုးလိုက်လျှင် (၁၀၀၀၀) တစ်သောင်း၊ သောင်းသင်္ချာ ခေါ်တယ်။ ထို (၁၀၀၀၀) တစ်သောင်းပေါ်မှာ သုညတစ်လုံး တိုးလိုက်လျှင် (၁၀၀၀၀၀) တစ်သိန်း၊ သိန်းသင်္ချာ ခေါ်တယ်။ ထို (၁၀၀၀၀၀) တစ်သိန်းပေါ်မှာ သုညတစ်လုံး တိုးလိုက်လျှင် (၁၀၀၀၀၀၀) တစ်သန်း၊ သန်းသင်္ချာ ခေါ်တယ်။ ယခု ပြောခဲ့တဲ့ ခု+ ဆယ်+ရာ+ထောင်+သောင်း +သိန်း+သန်း ဤခုနစ်ဘုံ၊ ခုနစ်ဆင့်ကို အန္တရဘုံသင်္ချာ ခုနစ်ပါးဟူ၍ ခေါ်တယ်။

(၁) ထို (၁၀၀၀၀၀၀) တစ်သန်းပေါ်မှာ သုညတစ်လုံး တိုးလိုက်လျှင် (၁၀၀၀၀၀၀၀) တစ်ကုဋေ ကောဋိမဟာဘုံ ပထမ သင်္ချာခေါ်၏။ ဤ ပထမ မဟာဘုံဖြစ်သော ကုဋေ=ကောဋိသင်္ချာတစ်ခု ဖြစ်အောင်

http:\\www.dhammadownload.com



သုညခုနစ်လုံး ရေးသားရလေသည်။ အန္တရဘုံသင်္ချာ ခုနစ်ပါးဖြင့် သုည တစ်လုံး တစ်လုံး တိုး၍ တိုး၍ တက်သွားသည်ကို သတိပြု ဆင်ခြင်ရပါမည်။

(၂) ထို့အတူပင် ပထမ မဟာဘုံ ဖြစ်သော ကောဋိ=ကုဋေသင်္ချာမှ အန္တရဘုံသင်္ချာ ခုနစ်ပါးတို့ဖြင့် တက်သော် တစ် တစ်လုံး သုည ခုနစ်လုံးကို ခုကုဋေ=ကုဋေတစ်ခု။ တစ် တစ်လုံး သုညတစ်လုံးကို ဆယ်ကုဋေ၊ တစ် တစ်လုံး သုညကိုးလုံးကို ကုဋေတစ်ရာ၊ တစ် တစ်လုံး သုညဆယ်လုံးကို ကုဋေတစ်ထောင်၊ တစ် တစ်လုံး သုညဆယ့်တစ်လုံးကို ကုဋေတစ်သောင်း၊ တစ် တစ်လုံး သုညဆယ့်နှစ်လုံးကို ကုဋေတစ်သိန်း၊ တစ် တစ်လုံး သုညဆယ့်သုံးလုံးကို ကုဋေတစ်သန်းဟုခေါ်၍ တစ် တစ်လုံး သုညဆယ့်လေးလုံးကို "ပကောဋိ=ပကုဋေ" မဟာဘုံသင်္ချာတစ်ခုဟု ခေါ်ဆိုရတယ်။ ဒုတိယ မဟာဘုံ သင်္ချာဖြစ်တယ်။

အထက်အထက်ဖြစ်သော မဟာဘုံ သင်္ချာကြီးတို့ကိုလည်း ဤနည်းအတူ အန္တရဘုံ သင်္ချာခုနစ်ပါးတို့ဖြင့် သုညတစ်လုံးစီ ခုနစ်လုံး ခုနစ်လုံး တိုး၍ တက်သွားလျှင် -

(၃) ကောဋိပကောဋိသင်္ချာ=တစ်+သုည နှစ်ဆယ့်တစ်လုံး။
(၄) နဟုတသင်္ချာ=တစ်+သုည နှစ်ဆယ့်ရှစ်လုံး။
(၅) နိန္နဟုတသင်္ချာ=တစ်+သုည သုံးဆယ့်ငါးလုံး။
(၆) အက္ခောဘိဏီသင်္ချာ=တစ်+သုည လေးဆယ့်နှစ်လုံး။
(၇) ဗိန္ဒုသင်္ချာ=တစ်+သုည လေးဆယ့်ကိုးလုံး။
(၈) အဗ္ဗုဒသင်္ချာ=တစ်+သုည ငါးဆယ့်ခြောက်လုံး။
(၉) နိရဗ္ဗုဒသင်္ချာ=တစ်+သုည ခြောက်ဆယ့်သုံးလုံး။
(၁၀) အဟဟသင်္ချာ=တစ်+သုည လုံးရေ ခုနစ်ဆယ်။
(၁၁) အဗဗသင်္ချာ=တစ်+သုည ခုနစ်ဆယ့် ခုနစ်လုံး။

http:\\www.dhammadownload.com



(၁၂) အဋ္ဌသချ်ာ=တစ်+သုည ရှစ်ဆယ့်လေးလုံး။
(၁၃) သောဃဏ္ဍိကသချ်ာ=တစ်+သုည ကိုးဆယ့်တစ်လုံး။
(၁၄) ဥပ္ပလသချ်ာ=တစ်+သုည ကိုးဆယ့်ရှစ်လုံး။
(၁၅) ကုမုဒသချ်ာ=တစ်+သုည တစ်ရာ့ငါးလုံး။
(၁၆) ပဒုမသချ်ာ=တစ်+သုည တစ်ရာ့ဆယ့်နှစ်လုံး။
(၁၇) ပုဏ္ဍရိကသချ်ာ=တစ်+သုည တစ်ရာ့ဆယ့်ကိုးလုံး။
(၁၈) ကထာနသချ်ာ=တစ်+သုည တစ်ရာ့နှစ်ဆယ့်ခြောက်လုံး။
(၁၉) မဟာကထာနသချ်ာ=တစ်+သုည တစ်ရာ့သုံးဆယ့်သုံးလုံး။
(၂၀) အသင်္ချေယျ သချ်ာ=တစ်+သုည တစ်ရာ့လေးဆယ်။ |

ဥပတိဿ ပရိဗိုဇ်သည် ဆိုခဲ့သည့်အတိုင်း အရှင်အဿဇိကို လျှောက်ပြီး သူ့စိတ်ထဲမှာ ဖြစ်တဲ့ အကြံကို သာရိပုတ္တထေရ အပဒါန်မှာ ဤကဲ့သို့ ထုတ်ဖော် ဟောကြားခဲ့ပါတယ်။

ယွာ+ဟံ ဓမ္မံ ဂဝေသန္တော၊
ကုတိတ္ထေ သဉ္စရိံ အဟံ။
သော မေ အတ္ထော အနုပ္ပတ္တော၊
ကာလော မေ နပ္ပမဇ္ဇိတုံ။

ယွာဟံ-ယောအဟံ=အကြင်ငါသည်။ ဓမ္မံ=မသေတရားကို။ ဂဝေသန္တော=ရှာမှီးလျက်။
(ဟို...မိဖနှစ်ပါးကို စွန့်ခွာ အကြင်မသေတဲ့ တရားကို ရှာလျက်။)

ကုတိတ္ထေ=ဆိပ်ကမ်းပါးပြတ်နှင့် တူတဲ့ သိဥ္စည်းဆရာကြီးတို့၏ အယူဝါဒမှာ၌။ သဉ္စရိံ=လှည့်လည်ကျက်စား သွားခဲ့ရပြီ။
(ဆိပ်ကမ်းအမှားကို ငါသွားမိခဲ့တယ်။)

မေ=ငါသည်။ သော-အတ္ထော=ထို တောင့်တအပ်တဲ့ အမြိုက်တရားဆိုတဲ့ အကျိုးကို။ အနုပ္ပတ္တော=ပထမအဆင့်သို့ တင့်တင့်

http:\\www.dhammadownload.com



တယ်တယ် ရောက်ဆိုက်ခဲ့ရလေပြီ။

(ဘယ်နည်းနဲ့မှ ငါ မျက်ခြည်အပြတ် မခံဘူး ဟဲ့။)

မေ=ငါ့အဖို့ရာ။ နပ္ပမဒ္ဒိတုံ=မမေ့မလျော့ခြင်းငှာ။ ကာလော =အခါတိုင်ခဲ့ပြီ။

အဲဒီလို ကြံပြီးတော့ ဥပတိဿပရိဗိုဇ်က အရှင်အဿဇိကို "အရှင်ဘုရား ...၊ ယခု မြတ်စွာဘုရား ဘယ်မှာလဲ"လို့ မေးတော့ အရှင်အဿဇိက "ဝေဠုဝန်မှာ ငါ့ရှင် ..."လို့ မိန့်တော်မူတယ်။ တစ်ဖန် ဥပတိဿပရိဗိုဇ်က "ဒါဖြင့်ယင် အရှင်ဘုရားတို့ ကြွတော်မူနှင့်ကြပါ၊ တပည့်တော် သူငယ်ချင်းနဲ့ ကတိကဝတ် ထားခဲ့တာဖြစ်လို့ သူငယ်ချင်းကို ကတိကဝတ် ကျေအောင် ပြောပြပြီး သူ့ကိုပါ ခေါ်ပြီးတော့ တပည့်တော် လာခဲ့ပါ့မယ်"လို့ လျှောက်တယ်။ ပြီးတော့ အရှင်အဿဇိကို လက်ယာရစ် သုံးပတ်လှည့်ပြီး လက်အုပ်ချီမိုး ရှိခိုး အရိုအသေပြုပြီးတော့ အရှင်အဿဇိလည်း ဝေဠုဝန်ကျောင်းတိုက်ကို ကြွ။

ဥပတိဿ ပရိဗိုဇ်လည်းပဲ သိဥ္စည်းဆရာကြီးရဲ့ ပရိဗိုဇ်အာရာမ်ကို သွား၊ ရောက်တယ်ဆိုလျှင်ပဲ သူငယ်ချင်း ကောလိတပရိဗိုဇ်က အာရာမ် ဝင်လာလျှင်ပဲ သိတယ်။ တကတည်း ဣန္ဒြေတွေက သရက်သီးမှည့်ကြီး အရည်ရွှမ်းရွှမ်းဝေ ဖြစ်နေသလို ဣန္ဒြေကြည်လင်တာကို မြင်ရတော့ -

"ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ။ ငါ့ရှင် ... ငါ့ရှင်ရဲ့ ဣန္ဒြေတွေ သိပ်ကြည်လင်တာပဲ။

ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော=အရေရဲ့ အဆင်းဟာ သိပ်သန့်ရှင်း စင်ကြယ်တယ်၊ အရောင်တလက်လက် ထွက်မတတ် ဖြစ်နေတယ်။

ကစ္စိ နော တွံ အာဝုသော အမတံ အဓိဂတော။

http:\\www.dhammadownload.com



အာဝုသော=ငါ့ရှင် ...။ တွံ=သင်သည်။ ကစ္စိ=အသို့နည်း။ အမတံ=မသေတဲ့ အမြိုက်တရားကို။ အဓိဂတော နော–အဓိ ဂတော နု=ရခဲ့ပြီလော။

"ဟေ့ သူငယ်ချင်း၊ မင်း မသေတဲ့တရား ရလာပါသလား"လို့ မေးတယ်။ ဥပတိဿကလည်း –

"အာမာ+ဝုသော အမတံ အဓိဂတော"

အာဝုသော=ငါ့ရှင် ...။ အမတံ=မသေတရားကို။ အာမ အဓိဂတော=အိမ်း ... ရခဲ့ပြီ။

အမြိုက်တရား မသေတဲ့တရားကို ငါရခဲ့ပြီလို့ ဖြေတယ်။ ဒီတော့ ကောလိတ ပရိဗိုဇ်က –

"ယထာကထံ ပန တွံ အာဝုသော အမတံ အဓိဂတော။"

"ငါ့ရှင် ...၊ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းနဲ့ မသေတရား အမြိုက်တရားကို ရခဲ့ပါသလဲ"လို့ မေးတယ်။ အဲဒီလို မေးတော့ အရှင်သာရိပုတ္တရာ ဖြစ်မယ့် ဥပတိဿ ပရိဗိုဇ်က –

"ဣဓာ+ဟံ အာဝုသော အဒ္ဒသံ အဿဇိံ ဘိက္ခုံ ရာဇဂဟေ ပိဏ္ဍာယ စရန္တံ"

စသည်ဖြင့် "ငါ့ရှင် ...၊ ငါ ယနေ့နံနက် ရာဇဂြိုဟ်ပြည်ထဲ ဆွမ်းခံသွားတယ်၊ အရှင်အဿဇိဆိုတဲ့ အလွန်ကြည်ညိုဖွယ် ကောင်းတဲ့ ဣန္ဒြိယာပုတ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်ကို တွေ့မြင်ရတယ်၊ မြင်ရတယ်ဆိုလျှင်ပဲ ငါ့စိတ်ထဲမှာ ဒီလို အကြံ ဖြစ်တယ်" စသည်ဖြင့် ခုနက ဖြစ်ခဲ့တဲ့ အကြောင်းတွေကို စီကာပတ်ကုံး ပြန်ပြောပြီး –

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ"

အစရှိတဲ့ ဂါထာကို ဟောပြတယ်။

http:\\www.dhammadownload.com



ဟောလိုက်တယ်ဆိုယင်ပဲ ကောလိတ ပရိဗိုဇ်လည်း ဆုကြီးရှင်ပီပီ (ဂါထာ ထက်ဝက်တော့ မဟုတ်ဘူးနော်) ဂါထာလည်း ဆုံးရော ကောလိတလည်း သောတာပန် ဖြစ်တော့တာပါပဲ။ သောတာပန်လည်း ဖြစ်ပြီးရော ဥပတိဿလိုပဲ -

"ဧသေဝ ဓမ္မော ယဒိ တာဝဒေဝ"

အစရှိတဲ့ ဂါထာကို ရွတ်ဆိုပြောကြားပြီး -

"ဂစ္ဆာမ မယံ အာဝုသော ဘဂဝတော သန္တိကေ၊ သော နော ဘဂဝါ သတ္ထာ။

အာဝုသော=ငါ့ရှင် ...။ မယံ=ငါတို့သည်။ ဘဂဝတော သန္တိကေ=ဘုရားအထံသို့။ ဂစ္ဆာမ=ကိုင်း ... သွားကြစို့။ သော ဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင်သည်။ နော=ငါတို့၏။ သတ္ထာ=ကြောင်းကျိုးဖော်ပြ ဆိုဆုံးမတတ်တဲ့ ဆရာမြတ်ပါပေ"

ကိုင်း ... ဘုရားဆီ သွားကြစို့၊ ဘုရားဟာ ဒို့ဆရာကွတဲ့။ ရှင်မောဂ္ဂလ္လာန်က မြန်မြန်ဆန်ဆန် စီမံတတ် ပြောတတ်တယ်။

ရှင်သာရိပုတ္တရာကလည်း စိတ်ရှည်လိုက်တာ လွန်လို့။ အာစရိယပူဇကေ=ဆရာကို မမေ့မလျော့ ပူဇော်တတ်တဲ့ ပုဂ္ဂိုလ်ပီပီ သူတို့ရဲ့ ဆရာကြီး သိဉ္စည်းကို သွားပြီး ခေါ်ချင်သေးတယ်။ သူတို့ဘပည့်တွေကိုလည်း ခေါ်ချင်သပေါ့။ ဒီတော့ သူက ဘာပြောသလဲဆိုတော့ -

"ဣမာနိ ခေါ အာဝုသော အမှုတေယျာနိ ပရိဗ္ဗာဇကသတာနိ အမှေ နိဿာယ အမှေ သမ္ပဿန္တာ ဣဓ ဝိဟရန္တိ၊ တေပိ တာဝ အပလောကေမ၊ ယထာ တေ မညိဿန္တိ၊ တထာ တေ ကရိဿန္တိ။

အာဝုသော=ငါ့ရှင် ...။ ဣမာနိ ခေါ အမှုတေယျာနိ ပရိဗ္ဗာဇကသတာနိ=ဤပရိဗိုဇ် နှစ်ရာ့ငါးဆယ်တို့သည်။ အမှေ နိဿာယ=ငါတို့ကို မှီ၍။ အမှေ သမ္ပဿန္တာ=ငါတို့ကို ကြည့်ပြီးတော့။

http:\\www.dhammadownload.com



လ္လာမ=ဤပရိဗိုဇ် အာရာမ်၌။ ဝိဟာရန္တိ=နေကြရာကုန်၏။

ကွယ် ...တဲ့၊ ဒို့ နှစ်ကိုယ်ကောင်းကြသွားလို့ ဘယ်ဖြစ်မလဲ၊ ဒီ ပရိဗိုဇ် နှစ်ရာငါးဆယ်ဟာ ငါတို့ရဲ့ မျက်နှာကို ကြည့်ပြီး ငါတို့ကို မှီပြီးတော့ ဒီမှာ နေရှာကြတာ။ သူတို့ကိုလည်း ဒို့ ပြန်ကြားပြောဆိုဦး မှပေါ့။ သူတို့ ကြိုက်တဲ့အတိုင်း ပြုလုပ်နိုင်ကြအောင်လို့ ပြောတော့ ကိုင်း ဒါဖြင့် သွားကြမယ်ဆိုပြီး နှစ်ဦးသား တပည့် ပရိဗိုဇ် နှစ်ရာ ငါးဆယ်တို့ နေတဲ့ ပရိဗိုဇ် ကမ္မဋ္ဌာန်းကျောင်းကလေးတွေ (ကမ္မဋ္ဌာန်း ကျောင်းဆိုတာ ယနေ့ သာသနာဝေါဟာရနဲ့ ပြောခြင်း ဖြစ်ပါတယ်) ပရိဗိုဇ်ကျောင်းကလေးတွေ ရှိရာကို သွားကြပြီး -

"ဂစ္ဆာမ မယံ အာဝုသော ဘဂဝတော သန္တိကေ။ သော နော ဘဂဝါ သတ္ထာ"

ငါ့ရှင်တို့ ...၊ ငါတို့ဟာ မြတ်စွာဘုရားထံ သွားကြတော့မယ်၊ အဲဒီ ဘုရားဟာ ငါတို့ရဲ့ ဆရာဖြစ်တယ်လို့ ပြောကြတယ်။

ဒီတော့ ဟို တပည့် ပရိဗိုဇ်တွေက ဘာပြောသလဲဆိုယင် -

"မယံ အာယသ္မန္တေ နိဿာယ အာယသ္မန္တေ သမ္ပဿန္တာယ လ္လာမ ဝိဟာရာမ"

ဆရာတို့ ...၊ အရှင်တို့ကို မှီပြီး အရှင်တို့ကို ကြည့်ပြီး အကျွန်ုပ်တို့ ဒီပရိဗိုဇ်အာရာမ်မှာ နေကြတာပါ။

သစေ အာယသ္မန္တာ မဟာသမဏေ ဗြဟ္မစရိယံ စရိဿန္တိ၊ သဗ္ဗေဝ မယံ မဟာသမဏေ ဗြဟ္မစရိယံ စရိဿာမ။

အာယသ္မန္တာ=အရှင်တို့သည်။ မဟာသမဏေ=လူသုံးပါးတို့ ဆရာ မဟာသမဏ ဂေါတမနွယ်ဖွား ရှင်တော်ဘုရားအထံ၌။ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို။ သစေ စရိဿန္တိ=အကယ်၍ ကျင့်ကြကုန်ငြားအံ့။ သဗ္ဗေဝ မယံ=ကျွန်ုပ်တို့ အားလုံးသည်ပင်

http:\\www.dhammadownload.com



လျှင်။ မဟာသမဏော=မဟာသမဏ မည်ရထင်ရှား ဘုရားအထံ၌။ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို။ စရိဿာမ=ကျင့်ကြံကြီးကုတ်အားထုတ်ကြပါမယ်။

ဆရာတို့ ...၊ ကျွန်ုပ်တို့ကို ပစ်မသွားကြပါနဲ့လို့ ဆိုပြီး တပည့်တွေက တစ်ခါတည်း သူတို့နောက်က လိုက်ပါဖို့ ပြင်ကြရော။

ဥပတိဿနှင့် ကောလိတတို့က "ကိုင်း ... ဒါဖြင့် အသင့်ပြင်ထား" လို့ ဆိုပြီး သိဉ္စည်းဆရာကြီးထံ သွားကြပြီး ထိုနည်းပဲ ပြောတယ်။ "ငါ့ရှင် သိဉ္စည်းဆရာကြီး၊ ကျွန်ုပ်တို့ ဘုရားထံ သွားကြမယ်၊ ဆရာကြီးရော လိုက်ပါ" လို့ ဆိုတော့ သိဉ္စည်းဆရာကြီးက "ဘာဖြစ်လို့တုန်း"လို့ မေးတော့ -

"ဧသော နော ဘဂဝါ သတ္ထာ"

"အဲဒီဘုရားဟာ ကျွန်ုပ်တို့ရဲ့ ဆရာဖြစ်တယ်" လို့ ပြောကြတယ်။

ဒီတော့ သိဉ္စည်းဆရာကြီးက -

"အလံ အာဝုသော မာ အဂမိတ္ထ"

အား ... တပည့်တို့၊ မတော်ဘူး၊ မသွားကြနဲ့။

"သဗ္ဗေဝ တယော ဣမံ ဂဏံ ပရိဟရိဿာမ"

"ဒို့ သုံးယောက်လုံး ဒီပရိဗိုဇ်ဂိုဏ်းကြီးကို စောင့်ထိန်းအုပ်ကွပ်ကြတာပ" လို့ ပြောတယ်။

ဒုတိယအကြိမ် ခေါ်သော်လည်း မရ။ တတိယအကြိမ် ခေါ်သော်လည်း မရ၊ ဂိုဏ်းစောင့်ဖို့နဲ့ မိမိပရိသတ်နဲ့ လာဘသက္ကာရနဲ့ချည်းပဲ ပြောနေတော့ ကောလိတနဲ့ ဥပတိဿ ပရိဗိုဇ်ဆရာ နှစ်ယောက်တို့က-

"ဂစ္ဆာမ မယံ အာဝုသော ဘဂဝတော သန္တိကေ၊ သော နော ဘဂဝါ သတ္ထာ" (လို့ ဆိုပြီး)

http:\\www.dhammadownload.com



"ကိုင်း ... သွားပြီ ဆရာကြီး၊ ကျုပ်တို့ ဘုရားထံ မသွားဘဲ မနေနိုင်ဘူး"လို့ ဆိုပြီးတော့ တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်ကို ခေါ်ပြီးတော့ ဝေဠုဝန်ကျောင်းတော်ကို သွားကြတယ်။ စောစောက မလိုက်ချင်ပါဘူး ဆိုတဲ့ သိဉ္စည်းဆရာကြီး ကောလိတနဲ့ ဥပတိဿတို့လည်း တပည့် ပရိဗိုဇ် နှစ်ရာ့ငါးဆယ်နဲ့ သွားရော၊ တကတည်း နှလုံးပူပြီးတော့ သွေးအန်ပြီး ကျန်ရစ်တယ်။

ဥပတိဿ ပရိဗိုဇ်နဲ့ ကောလိတ ပရိဗိုဇ်တို့ တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်နှင့်အတူ ရာဇဂြိုဟ်ပြည်က ထွက်တယ် ဆိုယင်ပဲ မြတ်စွာဘုရားက သူတို့နှစ်ဦး ဝေဠုဝန် ကျောင်းတော်သို့ မရောက်သေးခင် ရဟန်းတော်များ မြင်လောက်တဲ့ အရပ်သို့ ရောက်လျှင်ပင် ကြိုတင်၍ ဗျာဒိတ်စကား ဂါထာတစ်ပုဒ် ဟောတော်မူတယ်။ ဒီလို မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူတာကို သံဂီတိကာရက ဖြစ်တဲ့ အရှင် ဥပါလိမထေရ်၊ အရှင်ကဿပ မထေရ်တို့က ကြည်ညိုလွန်းလို့ -

> ဂမ္ဘီရေ ဉာဏဝိသယေ၊
> အနုတ္တရေ ဥပဓိသင်္ခယေ။
> ဝိမုတ္တေ အပ္ပတ္တေ ဝေဠုဝနံ၊
> အထ နေ သတ္ထာ ဗျာကာသိ။

လို့ ဂီတိဂါထာ ကျူးရင့်ဟောကြားတော်မူခဲ့ကြတယ်။ အနက်ကတော့-

ဂမ္ဘီရေ=နက်နဲစွာသော။ ဉာဏဝိသယေ=အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အရာဖြစ်သော။ အနုတ္တရေ=အတုမရှိ လွန်မြတ်သော။ ဥပဓိသင်္ခယေ=ဥပဓိကုန်ရာ နိဗ္ဗာန်တရား၌။ ဝိမုတ္တေ= စိတ်ကညွတ်ကာ အမြဲနှလုံးသွင်းကြတဲ့ အဂ္ဂသာဝကအလျာ ဥပတိဿနှင့် ကောလိတ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို။ ဝေဠုဝနံ= ဝေဠုဝန်ကျောင်းတော်သို့။ အပ္ပတ္တေ=မရောက်ကြကုန်သေးမီ။ နေ =ထိုသူနှစ်ယောက်တို့ကို။ သတ္ထာ=လူနတ်တို့ဆရာ မြတ်စွာ

http:\\www.dhammadownload.com



ဘုရားသည်။ ဗျာကာသိ=ဗျာဒိတ်စကား မိန့်ကြားတော်မူပြီ။

ဒီဂါထာက သံဂီတိကာရကမထေရ်တို့ ကျူးရင့်တဲ့ စကားဆက် အနုသန္ဓိဂါထာ ဖြစ်တယ်။

မြတ်စွာဘုရားက ဥပတိဿနဲ့ ကောလိတတို့ ရာဇဂြိုဟ်ပြည်က ထွက်လို့ ကျောင်းတော်မှ ရဟန်းတွေ မြင်လောက်တဲ့ အရပ်သို့ ရောက် လျှင်ပင် –

"ဧတေ ဘိက္ခဝေ ဒွေ သဟာယကာ အာဂစ္ဆန္တိ ကောလိတော ဥပတိဿောစ၊ ဧတံ မေ သာဝကယုဂံ ဘဝိဿတိ အဂ္ဂံ ဘဒ္ဒယုဂံ"

ရဟန်းတို့ ... (ကြည့်ကြစမ်း) ကောလိတနဲ့ ဥပတိဿ သူငယ်ချင်း နှစ်ယောက်တို့ လာနေကြတယ်၊ သူတို့နှစ်ယောက်လုံး ငါဘုရားရဲ့ အဂ္ဂသာဝကအစုံ သိက္ခာသုံးရပ် လွန်ကောင်းမြတ်တဲ့ သူမြတ်အစုံ ဖြစ်လိမ့်မယ်"လို့ မရောက်ခင် ကြိုတင်ပြီးတော့ ဗျာဒိတ်ကြားတော်မူ တယ်။ ဒီ မြတ်စွာဘုရား ဗျာဒိတ်ကြားတဲ့ စကားရပ်ကိုလည်း သံဂီတိ ကာရက အရှင်မြတ်များက ဒုတိယ ဂီတိဂါထာအနေနဲ့ –

ဧတေ ဒွေ သဟာယကာ အာဂစ္ဆန္တိ ကောလိတော ဥပတိဿော စ၊ ဧတံ မေ သာဝကယုဂံ ဘဝိဿတိ အဂ္ဂံ ဘဒ္ဒယုဂံ။

ရွတ်ဆိုပြီး သင်္ဂါယနာ တင်တော်မူခဲ့ကြတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ကောလိတော စ=ကောလိတ လည်းကောင်း။ ဥပတိဿ စ=ဥပတိဿ လည်း ကောင်း။ ဧတေ ဒွေ သဟာယကာ=ဤသည့်ရောင်းရင်း သူငယ် ချင်း နှစ်ယောက်တို့သည်။ အာဂစ္ဆန္တိ=ငါဘုရားထံမှောက် လာ ရောက်နေကြကုန်၏။ ဧတံ=ဤကောလိတနှင့် ဥပတိဿ နှစ်ယောက်အစုံသည်။ မေ=ငါ ဘုရား၏။ ဘဒ္ဒယုဂံ=မြတ်သော အစုံဖြစ်သော။ အဂ္ဂသာဝကယုဂံ = အဂ္ဂသာဝက အစုံသည်။

http:\\www.dhammadownload.com



ဘဝိဿတိ=ဖြစ်ပေလိမ့်မည်။ ဣတိ=ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီ။

ဥပတိဿ၊ ကောလိတတို့နှစ်ဦး ခေါင်းဆောင်လို့ ပရိဗိုဇ်တပည့်နှစ်ရာ့ငါးဆယ်တို့ ဝေဠုဝန်ကျောင်းတော် ဘုရားထံမှောက် ရောက်ရှိကြကာ အပြစ်လွတ်သောနေရာ၌ ထိုင်၍ ရိုသေမြတ်နိုး ရှိခိုးပြီးကြတဲ့အခါ "အနုပုဗ္ဗိကထာ"လို့ ခေါ်တယ်၊ အစဉ်အတိုင်းသော တရားစကား ဟောကြားတော်မူတယ်။

အနုပုဗ္ဗိကထာ=အစဉ်အတိုင်းသော တရားစကား တရားဟောစဉ်ဆိုသည်မှာ မြတ်စွာဘုရားက ဝေနေယျတို့အား –

(၁) ပထမရှေးဦးစွာ ဒါနကထာ–အလှူဒါနနှင့်စပ်တဲ့ တရားစကားကို ဟောတော်မူတယ်။ ဘာကြောင့်လဲဆိုတော့ ဝေနေယျရဲ့စိတ်ဓာတ်နူးညံ့လာအောင် ဒါနကို အလျင်လက်ဦး ဟောတော်မူခြင်း ဖြစ်တယ်။ မြတ်စွာဘုရား တရားဟောရာမှာ တရားတစ်ပွဲလျှင် အစကအဆုံး တစ်နာရီပဲ အချိန်ကြာတယ် ဆိုပါစို့။ ဒါနနဲ့ ပတ်သက်တဲ့ တရားကို ဆယ်မိနစ်လောက်ကြာ ဟောတော်မူတယ်၊ အဲဒီ ဆယ်မိနစ်လောက် အချိန်ကြာ မြတ်စွာဘုရား ဟောကြားတဲ့စကားတော် အစဉ်ကို ယနေ့ ကိုယ်တော်များ လိုက်ဟောယင် မိနစ်ပေါင်း (၁၂၀၀) ထောင့်နှစ်ရာကျော်အချိန်ကြာ ဟောရပါမယ်။

လောကီလူများ၊ တစ်ခွန်းအားမှ၊ ဘုရားလူ့ဘ၊ မုနိန္ဒလျှင်၊
တစ်ရာ့နှစ်ဆယ်၊ ရှစ်ခွန်းကယ်၏–တဲ့။

ပကတိ လောကီသားတစ်ယောက် "ဒုက္ခ"လို့ တစ်ခွန်းရွတ်ဆိုတဲ့အချိန်ကလေးမှာ မြတ်စွာဘုရားက "ဒုက္ခ"စကားခွန်းပေါင်း တစ်ရာ့နှစ်ဆယ့်ရှစ်ခွန်း ရွတ်ဆိုနိုင်တယ်၊ သို့ကလောက် မယုံနိုင်လောက်အောင် မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်သံဟာ လျင်မြန်သွက်လက်

http:\\www.dhammadownload.com



သိသာသန့်ရှင်း နာပျော်ဖွယ် ဖြစ်ရှိပါတယ်။

(၂) သီလကထာ။ ။ ဒါနကထာ=ဒါနနှင့်စပ်တဲ့ တရား ဆယ်မိနစ်လောက် ဟောလိုက်တယ် ဆိုယင်ပဲ တရားနာတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ဟာ အလွန်နူးညံ့သွားတယ်။ ဒီအခါမှာ သီလကထာ=သီလတရားကို ဟောကြားတော်မူတယ်။ သီလတရား ဟောကြားတဲ့ ဆယ်မိနစ်လောက် အချိန်မှာ တရားနာ ဝေနေယျရဲ့စိတ်က နူးညံ့နေတော့ သီလပျက်ခြင်းရဲ့ အပြစ်+ သီလနှင့်ပြည့်စုံခြင်းရဲ့ အကျိုးတို့ကို ဟောလိုက်တယ် ဆိုယင်ပဲ တရားနာတဲ့ ဝေနေယျက တရားနာရင်းနာရင်းပဲ သီလကို ဆောက်တည်၍ လိုက်လာကြတယ်၊ သာသနာတော်မှာ ပထမအဆင့်ဖြစ်တဲ့ သီလသိက္ခာကို ဖြည့်ကျင့်ပြီကြပြီ။

(၃) သဂ္ဂကထာ။ ။ တရားနာရင်းက သီလကို ဆောက်တည်ကျင့်သုံး လိုက်လာတော့ သီလဝန္တ ဥပါသကာ၊ သီလဝန္တ ဥပါသိကာတွေဖြစ်ပြီး ကာယကံမှု၊ ဝစီကံမှုတို့ကို စောင့်စည်းထိန်းချုပ်မှု ခိုင်မာလောက်ပြီဆိုတော့ သမာဓိနှင့်ပညာ အထက်ဖြစ်တဲ့ သိက္ခာနှစ်ပါးကို ဆက်လက်ပြီး ဟောကြားဖို့ပါပဲ။ သို့သော် သမာဓိသိက္ခာ ပညာသိက္ခာတို့ကို မဂ်ပေါက်+ဖိုလ်ပေါက် ပွားမယ်ဆိုတော့ မိမိပိုင်တဲ့ ဝတ္ထုကာမတွေပေါ်မှာ တွယ်တာတပ်မက်တဲ့ လောဘတို့ကို ဖြတ်နိုင်မှ အောင်မြင်မယ် ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတို့အနက် သီလက မိမိပိုင်တဲ့ ဝတ္ထုကာမတွေပေါ်မှာ တွယ်တာတဲ့ တဏှာလောဘကို မဖြတ်ဘဲလည်း သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်းစတဲ့ ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်လျှင် သီလက ပြည့်စုံနိုင်တယ်၊ သမာဓိနဲ့ ပညာကျတော့ မိမိပိုင် ကာမဝတ္ထုပေါ်မှာ တွယ်တာတဲ့ တဏှာလောဘကို ဖြတ်ပြီး ပွားများ နှလုံးသွင်းမှ မဂ်ပေါက်+ဖိုလ်ပေါက် အလွယ်တကူ အောင်မြင်နိုင်တယ်။

http:\\www.dhammadownload.com



ဒီတော့ သမာဓိနဲ့ ပညာကို မဟောသေးမီ ဝတ္ထုကာမပေါ်မှာ တွယ်တာတဲ့ တဏှာလောဘကို ဖြတ်တောက်နိုင်ရန်အတွက် သီလကထာ= သီလတရားကို ဟောပြီးနောက် သဂ္ဂကထာ=နတ်ရွာချမ်းသာနှင့်စပ်သော တရားစကား ဟောကြားတော်မူတယ်။ အဲဒီ သဂ္ဂကထာကို ဟောတော်မူခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ လူ့ပြည်လူသား တရားနာသူတို့အဖို့ ငယ်စဉ်ကစပြီး ရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာ သိမ်းဆည်းတွယ်တာလာတဲ့ လူ့ဘုံမှာ မိမိပိုင်သော ဝတ္ထုကာမတွေ ရှိတယ်။ ဒီ လူ့ဝတ္ထုကာမကို အာဝါသိကဝတ္ထုကာမလို့ ဆိုကြပါစို့။ အဲဒီ အာဝါသိကဝတ္ထုကာမပေါ်မှာ တွယ်တာတဲ့ စိတ်က အမြစ်တွယ်နေတယ်။ အဲဒီ လူ့ကာမ အာဝါသိက တဏှာလောဘစိတ်ကို ပယ်နိုင်ရန်အတွက် တရားနာတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ကို ဝတ္ထုကာမတစ်ပါးသို့ ဆွဲခေါ်သွားခြင်း ဖြစ်တယ်။ ဘယ်လိုတုန်း ....။ သဂ္ဂကထာ=နတ်ရွာချမ်းသာနှင့်စပ်တဲ့ တရားစကား ဟောကြားခြင်း ဖြစ်တယ်။

"ချစ်သား+ချစ်သမီးတို့ ...၊ ဒါန သီလတို့ကို အားထုတ်ယင် နတ်ပြည်စည်းစိမ်ကို ဤသို့ ဤပုံ ရရှိလိမ့်မယ်" စသည်ဖြင့် နတ်စည်းစိမ်နှင့်စပ်တဲ့ တရားစကား ဆယ်မိနစ်လောက် ဟောကြားလိုက်တယ် ဆိုယင်ပဲ နတ်ဘုံဗိမာန် တံခါးဝက ထိုင်ပြီး ကြည့်နေရသလိုပဲ တရားနာတဲ့ လူရဲ့ စိတ်ထဲမှာ နတ်ပြည်စည်းစိမ်တွေကို မြင်နေတယ်။ လူရဲ့ စိတ်ထဲမှာ နတ်ပြည်စည်းစိမ်တွေကို မြင်နေတယ်။ ဒီအခါမှာ တရားနာတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ အာဂန္တုက ဝတ္ထုကာမလို့ ခေါ်သင့်တဲ့ နတ်ပြည်ဆိုင်ရာ ဝတ္ထုကာမတွေပေါ်မှာ စိတ်ယိုင်သွားတယ်။ ထိုအချိန်မှာ လူ့ပြည်က မိမိပိုင်ရင်း အာဝါသိက ဝတ္ထုကာမအပေါ်မှာ တွယ်တာတပ်မက်တဲ့ လောဘတရား ပါးသွားတယ်။

ကာမာနံ အာဒီနဝကထာ။

http:\\www.dhammadownload.com



အဲဒီလို လူ့ဝတ္ထုကာမပေါ်မှာ တွယ်တာတဲ့ လောဘ အားနည်းပြီး နတ်ဝတ္ထုကာမပေါ်မှာ တွယ်တာတပ်မက်တဲ့ စိတ် ဖြစ်မယ်လည်း ကြံရော ဇက်ကို ဖမ်းဆွဲလိုက်သလို မြတ်စွာဘုရားက ကာမာနံ အာဒီနဝ ကထာဆိုတဲ့ နတ်ကာမ+လူ့ကာမတို့ရဲ့ အပြစ်စကားကို ဟောကြားတယ်။

အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အာဒီနဝေါ ဧတ္ထ ဘိယျော။

နတ်ကာမ လူ့ကာမ နှစ်မျိုးလုံးတို့ပင် သာယာဖွယ်က နည်းပါးပြီး ဆင်းရဲပူပန်မှုက များကြောင်း၊ ဤကာမနှစ်မျိုးလုံးမှာပင် အပြစ် အာဒီနဝ များလှကြောင်း သဘောပေါက်အောင် ဟောပြတယ်။ မှတ်နိုင်ရုံ ဥပလက္ခဏာနည်းအားဖြင့် –

"အဋ္ဌိကင်္ကလူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် နှစ်ရှည်လများ နေပူ မိုးရွာထဲမှာ ပစ်ထားလို့ ခြောက်သွေ့နေတဲ့ အရိုးခြောက်ကြီးနဲ့ တူတဲ့အကြောင်း"

"မံသပေသူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် အသားတစ် **သဖွယ် အန္တရာယ်**များလှကြောင်း"

**"တိဏုက္ကူပမာ** ကာမာ=ကာမနှစ်မျိုးစလုံးပင် မြက်မီးရှူးပမာ လျင်မြန်စွာ ပူလောင်စေတတ်ကြောင်း"

"အင်္ဂါရကာသူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် ရှားမီးကျီး တွင်းကြီးပမာ ပြင်းထန်စွာ ပူလောင်စေတတ်ကြောင်း"

"သုပိနကူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် အိပ်မက်မှာ တွေ့ရတဲ့ အာရုံကြ အာရုံနှင့် တူကြောင်း"

"ယာစိတကူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် တာဝကာလိက ခေတ္တခဏ ငှားရမ်းသုံးဆောင်အပ်တဲ့ အသုံးအဆောင်များနှင့် တူကြောင်း"

http:\\www.dhammadownload.com



"ရုက္ခဖလူပမာ ကာမာ=ကာမ နှစ်မျိုးလုံးပင် အသီးသီးတဲ့ သစ်ပင်သဖွယ် ခူးဆွတ်လုယက်လိုတဲ့ အန္တရာယ်တွေ များပြားလှ ကြောင်း"

"အသိသုနူပမာ ကာမာ=ကာမ နှစ်မျိုးလုံးပင် စဉ်းတီတုံးနှင့် ဥပမာ တူကြောင်း"

"သတ္တိသူလူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် လှံတံကျင်နှင့် တူကြောင်း"

"သပ္ပသိရူပမာ ကာမာ=ကာမနှစ်မျိုးလုံးပင် မြွေဦးခေါင်းနှင့် အတူ ဆင်းရဲပူပန်မှုက များ၍ အပြစ်များလှကြောင်း" အကျယ် တဝင့် ဟောပြတော်မူတယ်။

ဟောလိုက်တိုင်း ဟောလိုက်တိုင်း တရားနာပရိသတ်၏ စိတ်မှာ လူ့ကာမ+နတ်ကာမ နှစ်မျိုးလုံး၌ အပြစ် ဒေါသ အာဒီနဝတွေကို မြင်ပြီး ဒီကာမဝတ္ထုတွေကို အဆိပ်ထန်တဲ့ မြွေပမာ ကြောက်ရွံ့၍ သွားတယ်။

နေက္ခမ္မေ အာနိသံသကထာ။

အဲဒီလို ကြောက်ရွံ့သွားတဲ့အခါ လူ့ပြည်က ကိုယ်ပိုင် အာဝါသိက ဝတ္ထုကာမ၊ နတ်ပြည်က ယခုမှ စိတ်နဲ့တွေ့ရတဲ့ အာဂန္တုက ဝတ္ထုကာမ ဘယ်ကာမကိုမှ မစွဲလမ်းဝံ့တဲ့ အချိန်ကျတော့ နေက္ခမ္မကထာ ... တဲ့။ သမာဓိနဲ့ ပတ်သက်တဲ့ တရား၊ ပညာနဲ့ ပတ်သက်တဲ့ တရားတို့ကို အစဉ်အတိုင်း ဟောကြားတယ်။ အဲဒီ သမာဓိဘာဝနာ၊ ပညာဘာဝနာ တို့ကြောင့် ရရှိအပ်တဲ့ အရိယမဂ်+ဖိုလ်ဆိုတဲ့ နေက္ခမ္မေအာနိသံသ ကထာတရားတို့ကိုလည်း အစဉ်အတိုင်း ဟောကြားတော်မူတယ်။

မြတ်စွာဘုရားရှင် သမာဓိဘာဝနာ၊ ပညာဘာဝနာဆိုတဲ့ နေက္ခမ္မ ကထာတရား ဟောကြားတဲ့အခါ တရားနာတဲ့ ဝေနေယျတို့ရဲ့ စရိုက် အလို+အာသယကို သိပြီး ထို စရိုက်+အလို အာသယ+အနုသယနဲ့

http:\\www.dhammadownload.com



ကိုက်ညီသော တရားစကားကို ဟောကြားလိုက်တယ်ဆိုယင်ပဲ တရားနာ ဝေနေယျတို့ရဲ့ စိတ်မှာ လွန်စွာ နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကာ တရားနာရင်းကပင် သမာဓိခေါ်တဲ့ သမထကမ္မဋ္ဌာန်း၊ ပညာခေါ်တဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းတို့ကို အစဉ်အတိုင်း စီးဖြန်းနှလုံးသွင်းပြီး လိုက်လာတယ်။ ဒီလို တရားနာရင်း သမထ+ဝိပဿနာ ဘာဝနာနှစ်ပါး ပွားများအားထုတ် လိုက်ပါလာတဲ့အတွက် တရားအလုပ် အားထုတ်တဲ့နေရာမှာ ဖြစ်ပေါ်မြဲဖြစ်တဲ့ ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ ဆိုတဲ့ လောကီသမာဓိ နှစ်ပါးတို့ကို ရ၍ တရားနာ ပရိသတ်၏ စိတ်သန္တာန်မှာ နီဝရဏတရား ငါးပါးတို့ကို ဥပစာရ သမာဓိ၏ ဝိက္ခမ္ဘနပဟာန် အစွမ်းဖြင့် ခွာလိုက်တဲ့အခါ တရားနာ ပရိသတ်ရဲ့ စိတ်ထဲမှာ ဂုဏ်ငါးပါးဖြင့် ဖြစ်ပွား ရောက်ရှိလာတယ်။ ဂုဏ်ငါးပါးဆိုတာက –

(၁) ကလ္လစိတ္တ=ကာမစ္ဆန္ဒနီဝရဏကို ပယ်ထားလို့ တရားနာ ပရိသတ်ရဲ့ စိတ်အစဉ်မှာ သစ္စာလေးပါးကို ခံယူသိမြင်နိုင်လောက်တဲ့ ခံ့ကျန်းသော စိတ်အစဉ်။

(၂) မုဒုစိတ္တ=ဗျာပါဒနီဝရဏကို ပယ်ထားလို့ အလွန်နူးညံ့သော စိတ်အစဉ်။

(၃) ဝိနီဝရဏစိတ္တ=ထိန+မိဒ္ဓ နီဝရဏကို ပယ်ထားလို့ မင်္ဂဖိုလ်၏ အဟန့်အတား အန္တရာယ်မှ ကင်းဝေးသော စိတ်အစဉ်။

(၄) ဥဒဂ္ဂစိတ္တ=ဥဒ္ဓစ္စ+ကုက္ကုစ္စ နီဝရဏကို ပယ်ထားလို့ ပီတိအဟုန်ဖြင့် အလွန်တက်ကြွသော စိတ်အစဉ်။

(၅) ပသန္နစိတ္တ=ဝိစိကိစ္ဆာနီဝရဏကို ပယ်ရှားထားလို့ သဒ္ဓါ အဟုန်ဖြင့် အလွန်ကြည်လင်သော စိတ်အစဉ်။

ဤ ဆိုခဲ့ပြီးသော ဂုဏ်အင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ စိတ်အစဉ် ဖြစ်ရှိ

http:\\www.dhammadownload.com



နေတာကို သိတော်မူလျှင်ပင် မြတ်စွာဘုရားက "သာမုက္ကံသိက ဓမ္မဒေသနာ"ဖြစ်တဲ့ သစ္စာလေးပါးတရားကို ဆက်၍ ဟောတော်မူတယ်။ သစ္စာလေးပါး တရားတော်ကို ဓမ္မစကြာဒေသနာနည်း၊ မဟာသတိပဋ္ဌာန် ဒေသနာနည်း၊ နှစ်ပါးရှိရာ ဝေနေယျတို့အလိုက် တိက္ခပညာ ပုဂ္ဂိုလ်အတွက် ဓမ္မစကြာဒေသနာ သွားအတိုင်း အကျဉ်းနည်း၊ မန္ဒပညာ ပုဂ္ဂိုလ်အတွက် မဟာသတိပဋ္ဌာန ဒေသနာအတိုင်း အကျယ်နည်း သင့်လျော်သော်နည်းဖြင့် သစ္စာလေးပါး တရားဒေသနာကို ဟောလိုက်တော့ အဲဒီ တစ်ထိုင်တည်းမှာပင် ဥပတိဿလို့ခေါ်တဲ့ အရှင် သာရိပုတ္တရာ၊ ကောလိတလို့ခေါ်တဲ့ ရှင်မဟာမောဂ္ဂလ္လာန် အဲဒီ ဆရာကြီး နှစ်ယောက်ကိုထား၊ ကျန်တဲ့ တပည့်တွေ အကုန်လုံး ရဟန္တာ ဖြစ်ကြတယ်။

ဥပတိဿနဲ့ ကောလိတ ခေါင်းဆောင် ဆရာကြီးနှစ်ယောက်ကတော့ ကျန်နေတယ်။ (ထိုတရားပွဲမှာ မဂ်ဖိုလ် အသစ်မရကြဘူး။) သူတို့ ဆရာတပည့်တွေ အကုန်လုံးပဲ။

"လဘေယျာမ မယံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျာမ ဥပသမ္ပဒံ။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...၊ တပည့်တော်တို့သည် ရှင်တော်ဘုရား အထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရကြပါရစေ ဘုရား ..."

လို့ လျှောက်ထားကြတယ်။ ထိုအခါ မြတ်စွာဘုရားက သက်န်းရုံထားတဲ့ အထဲက လက်တော်ကို ဆန့်တန်း၍ -

"ဧထ ဘိက္ခဝေါ=လာကြလော့ ရဟန်းတို့ ...။

ချစ်သားတို့ အလိုရှိတဲ့ ရဟန်းအဖြစ်ကို ခံယူကြ။ သွာက္ခာတော ဓမ္မော=နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ငါဘုရား အစ+အလယ်+အဆုံး=သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ

http:\\www.dhammadownload.com



ထင်ရှား ဟောကြားအပ်လေပြီ။ စရထ ဗြဟ္မစရိယ သမ္မာ ဒုက္ခသ အန္တကိရိယာယ=မဖောက်မပြန် အမှန်အတိုင်း ဆင်းရဲဒုက္ခရဲ့ အဆုံးရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင် ကြရန် သုံးပါးသိက္ခာ သာသနာဆိုတဲ့ မြတ်သောအကျင့်ကို အရဟတ္တ ဖိုလ်ပေါက် (ဒီ–အရဟတ္တဖိုလ်ပေါက်ဆိုတဲ့ စကားကတော့ ပရိဗိုဇ် နှစ်ရာ့ငါးဆယ်တို့ကို မရည်စူး၊ ရှင်သာရိပုတ္တရာ +ရှင်မောဂ္ဂလ္လာန် ဖြစ်မယ့် ဥပတိဿနှင့် ကောလိတို့အတွက် ဖြစ်တယ်။) အရဟတ္တ ဖိုလ်ပေါက် ကျင့်ဆောင် ကျိုးကုတ် အားထုတ်ကြကုန် ... "

လို့ စကားသုံးဝါကျ မိန့်တော်မူပါတယ်။ ပထမဝါကျစာပိုဒ်လည်း ဆုံးရော ဆရာတပည့်တွေ အကုန်လုံး ပရိဗိုဇ်အသွင်တွေ ပျောက်ပြီး သက်တော်ရှစ်ဆယ်=ဝါတော်ခြောက်ဆယ်ရှိတဲ့ ရဟန်းတော်ကြီးတွေ လို ဆံမုတ်ဆိတ်တွေ ပယ်ပြီး ရိတ်ပြီး (နဂိုကဆိုယင် ဆံမုတ်ဆိတ်တွေ ရှုတ်ရှုတ်ထွေးထွေးနဲ့) အဲ နဂိုက ဝတ်ဖြူတွေဝတ်လို့ လူ သူတော်လို ဟာတွေ အဲဒီ အဝတ်တွေ အကုန်ပျောက်၊ ပရိဗိုဇ်ရဲ့ အသုံးအဆောင် ဖြစ်တဲ့ သစ်သားသုံးခွတို့၊ ရေ့တောင်း နောက်တောင်းတို့၊ အဲဒီတိုလီ မိုလီတွေ အကုန်ပျောက်ပြီး ပရိက္ခရာရှစ်ပါး ရဟန်းတို့ အသုံးအဆောင် တွေ ကိုယ်မှာ ဝတ်ပြီး ရုံပြီး ဣဒ္ဓိမယ ပရိက္ခရာတို့ကို ဆင်မြန်းပြီး ရဟန်းအသွင်ကို ထိုင်နေရင်း ပြောင်းကုန်ကြတယ်။ ဒါကို "ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရတယ်" လို့ ခေါ်တယ်။

ဒီနေရာမှာ မေးစရာ ဖြေစရာ ရှိနေပါတယ်။ ဘယ်လိုလဲ။

အဲဒီ တရားပွဲမှာ တပည့်တွေကတော့ ရဟန္တာ ဖြစ်ကြပြီး ဆရာကြီး များ ဖြစ်ကြတဲ့ ဥပတိဿနဲ့ ကောလိတတို့ကတော့ ရဟန္တာ မဖြစ်ဘူး လား။

မဖြစ်ကြဘူး။

http:\\www.dhammadownload.com



ဘာကြောင့်လဲ။

ဘာကြောင့်လဲလို့ ဘာပြုလို့ မေးရသလဲ။

သူတို့က ဉာဏ်ကြီးတဲ့ ဆရာကြီးတွေပဲ၊ အလျင်လက်ဦး ရဟန္တာ ဖြစ်သင့်ပါလျက် ဘာ့ကြောင့် ရဟန္တာ မဖြစ်ကြသလဲ။

ဉာဏ်ကြီးလို့ပဲ ထိုတရားပွဲမှာ ရဟန္တာ မဖြစ်ကြတာ ဖြစ်ပါတယ်။ မှန်ပါတယ်။ သာဝက ဗောဓိဉာဏ်သည် ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝကဟူ၍ သုံးမျိုးရှိရာ ထိုသာဝက ဗောဓိဉာဏ် သုံးမျိုးအတွက် အခြေပြုရမည့် ဝိပဿနာဉာဏ်သည်လည်း ပကတိသာဝက ဗောဓိဉာဏ်၏ အခြေခံ ဝိပဿနာဉာဏ်ထက် မဟာသာဝက ဗောဓိဉာဏ်၏ အခြေခံဝိပဿနာဉာဏ်က ကျယ်ဝန်းပါတယ်။ ထိုမဟာသာဝက ဗောဓိဉာဏ်၏ အခြေခံဝိပဿနာဉာဏ်ထက် အဂ္ဂသာဝက ဗောဓိဉာဏ်၏ အခြေခံဝိပဿနာဉာဏ်က ပို၍ ကျယ်ဝန်းလာပါတယ်။ အဂ္ဂသာဝက ဗောဓိဉာဏ်တွင်လည်း အရှင်မောဂ္ဂလ္လာန်၏ အဂ္ဂသာဝက ဗောဓိဉာဏ် ဝိပဿနာထက် အရှင်သာရိပုတ္တရာ၏ အဂ္ဂသာဝက ဗောဓိဉာဏ် ဝိပဿနာက ပို၍ကျယ်ဝန်းပါတယ်။ ထို့ကြောင့်ပင် ထို အရှင်မြတ်နှစ်ပါးတို့မှာ မဟာသက္ကရာဇ် တစ်ရာ့သုံးခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့တွင် တပည့်ပရိဗိုဇ်တို့နှင့်အတူ ရဟန်း ဖြစ်ကြပြီး နောက် အရှင်မဟာမောဂ္ဂလ္လာန်မှာ ခုနစ်ရက်တိုင်တိုင် နေ့ညဥ့်မအား တရားအားထုတ်၍ ရဟန္တာ ဖြစ်တော်မူသည်။ အရှင်သာရိပုတ္တရာကား ရဟန်းဖြစ်ပြီးနောက် ၁၅ ရက်တိုင်တိုင် နေ့ညဥ့် တရားအားထုတ်ပြီးမှ တပို့တွဲလပြည့်နေ့တွင် ရဟန္တာ ဖြစ်တော်မူပါသည်။

ပထမအကြိမ် (ချိန်ခွင်ကြီးလေးလက်) ဥပုသ်တရား ပြီး၏။

http:\\www.dhammadownload.com



## နှစ်ကြိမ်မြောက် (ဝါတွင်း) သာသနာ့ချိန်ခွင် တရားတော်

ဝါတွင်း တရားဟောရတဲ့ ကိစ္စမှာ တစ်ခါတရံ တောအရပ်ဒေသ၌ တရားဟောရာမှာ တရားရွေးဖို့ မခက်ဘူး၊ ဉာဏ်ပညာမျက်စိ၊ ဉာဏ်ပညာနား ကြီးမားနေတဲ့ မန္တလေး ရွှေမြို့တော်လို လေးပြင်လေးရပ်မှာ ဗုဒ္ဓဘာသာသူတော်စင် အမျိုးသား အမျိုးသမီးတွေနဲ့ လိုက်လျောမယ့် တရားကို ရွေးချယ်ရတာဟာ မလွယ်ကူတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ် ဝါတွင်းမှာ ရွှေမြို့တော်က ဗုဒ္ဓဘာသာ အမျိုးသား+အမျိုးသမီး သူတော်စင်တွေရဲ့ ဉာဏ်ပညာနား+ဉာဏ်ပညာမျက်စိနဲ့ သင့်တော်မည့်တရားကို စဉ်းစားတော့ သာသနာ့ချိန်ခွင်ကြီးလေးလက်။

က။ ရဟန်းယောကျ်ားဘက်မှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်၊

ခ။ ရဟန်းမိန်းမတို့ဘက်မှာ ခေမာထေရီနဲ့ ဥပ္ပလဝဏ်ထေရီ၊

ဂ။ ဥပါသကာ ဒါယကာကြီးတွေဘက်က သာသနာ့ချိန်ခွင်ဆိုတာ စိတ္တသူဌေး=စိတ္တသူကြွယ်နဲ့ ဟတ္ထကာဠဝကသိတင်းသည်။

ဃ။ ဥပါသိကာ ဒါယိကာမကြီးတွေဘက်က သာသနာ့ချိန်ခွင်ဆိုတာ ရှင်မခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာ အနာဂါမ် သေးဌေးကတော်တို့ ဖြစ်ကြပါတယ်။

ဒီနှစ်ဝါတွင်းတော့ ဒီ သာသနာ့ချိန်ခွင်ကြီး လေးလက်ကို အစဉ်အတိုင်း အသိပေးမှပဲ ... လို့ အဲဒီလို စဉ်းစား ရွေးချယ်မိတဲ့အတွက် လွန်ခဲ့တဲ့ ဝါဆိုလပြည့်နေ့ကစပြီး သာသနာ့ချိန်ခွင်ကြီးလေးလက် တရားကို ဟောခဲ့ပါတယ်။

အဲဒီ သာသနာ့ချိန်ခွင်ကြီး လေးလက်မှာ ရဟန်းယောကျ်ားများဘက်က ချိန်ခွင်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာ(နဲ့) ရှင်မဟာမောဂ္ဂလ္လာန်၊

http:\\www.dhammadownload.com



ပညာဘက်က ချိန်ခွင်က ရှင်သာရိပုတ္တရာ၊ သမာဓိဘက်က ချိန်ခွင်က ရှင်မဟာမောဂ္ဂလ္လာန်၊ မထေရ်မြတ်ကြီး နှစ်ပါးတို့ ရဟန်းပြုတဲ့အချိန် ရောက်အောင် လွန်ခဲ့တဲ့ ပထမအကြိမ်တရားပွဲတုန်းက ဟောပြီးခဲ့ပါပြီ။

## အရှင်မောဂ္ဂလ္လာန် ရဟန္တာဖြစ်ခြင်း

အချိန်အားဖြင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလဆန်းပက္ခမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရား ဘုရားဖြစ်တဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့ ရှင်သာရိပုတ္တရာ(နဲ့) ရှင်မဟာမောဂ္ဂလ္လာန် တို့ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်တော်မူကြတဲ့ အဲဒီအချိန်မှာ သာသနာတော်ရဲ့ အခြေအနေကို မှန်းပြီးတော့ ကြည့်လိုက်လျှင် သာသနာတော်မှာ ကျောင်းထိုင်ရယ်လို့ မရှိသေးဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျောင်းပစ္စည်းကိုပဲ အဲဒီအချိန်တုန်းက ခွင့်မပြုရသေးပါဘူး။ ဒီတော့ သာသနာတော်မှာနေတဲ့ ရဟန်းတော် အရှင်မြတ်တို့ဟာ အချို့လဲ တောထဲမှာ နေတယ်၊ အချို့လဲ သစ်ပင်ရိပ်မှာ နေတယ်၊ အချို့ သုသာန်မှာ သွားနေတယ်၊ လျောက်ပတ်တဲ့ နေရာတွေမှာ သင့်လျော် သလိုပဲ နေကြပါတယ်။ မြို့ထဲ ရွာထဲမှာ မနေကြပါဘူး။

အဲဒီလို သင့်လျော်တဲ့နေရာမှာ နေပြီးတော့ ရဟန်းတရား ပွားများ ကြိုးကုတ်အားထုတ်နေကြတဲ့ အထဲမှာ အရှင်မဟာမောဂ္ဂလ္လာန်လည်း တစ်ပါး အပါအဝင် ဖြစ်တော်မူပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်သည် တပို့တွဲလဆန်း ၁ ရက်နေ့က စပြီးတော့ လဆန်း ၁ ရက်+၂ ရက်+ ၃ ရက်+၄ ရက်+၅ ရက်+၆ ရက်+၇ ရက် = ၇ ရက်ပတ်လုံး မအိပ်မနေ စကြံသွားပြီး ရာဇဂြိုဟ်ပြည်နယ်ထဲက "ကလ္လဝါဠပုတ္တ" ခေါ်တဲ့ ရွာရဲ့ အနီး တောအုပ်ကြီးထဲမှာ မအိပ်ဘဲ တရားအလုပ် အားထုတ်တော်မူ တော့ အင်မတန် အလုပ်ပင်ပန်း နွမ်းနယ်တော်မူတဲ့အတွက် စင်္ကြံဦးမှာ တစ်ချိန်တော့ ထိုင်လျက်သား ငိုက်မျဉ်းသွားတယ်။

http:\\www.dhammadownload.com



ခုနစ်ရက်တောင် မအိပ်တော့လည်းပဲ ဒိုက်မျဉ်းမှာပဲ၊ ကရဇကာယခေါ် ဤကိုယ်ခန္ဓာ နွမ်းနယ်တော်မူလို့ စကြံကြွပြီး တရားအားထုတ်ရင်းက ဒိုက်မျဉ်းသွားတယ်။ အဲဒီအကြောင်းကို အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ သင်္ဂါယနာတင် မထေရ်မြတ်တို့က မှတ်ချက် ဘယ်လိုပေးသလဲ ဆိုတော့ –

"ဧကံ သမယံ ဘဂဝါ ဘဂ္ဂေသု ဝိဟရတိ သုသုမာရဂိရေ ဘေသကဠာဝနေ မိဂဒါယေ – တဲ့။

ဧကံ သမယံ=အခါတစ်ပါး၌။ (အဲဒီအခါ တစ်ပါးဆိုတာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့ကို ဆိုလိုပါတယ်) ဘဂဝါ=ဘုန်းတော်သခင် ဘုရားရှင်သည်။ ဘဂ္ဂေသု=ဘဂ္ဂတိုင်းတို့၌။ သုသုမာရဂိရေ=မြို့ရွာရွေးစဉ်အခါ မိကျောင်းအသံပြုသည်ကို အစွဲပြု၍ သုသုမာရဂိရ အမည်ရသောမြို့၌၊ ဝါ– သုသုမာရဂိရမြို့အနီးဖြစ်သော။ ဘေသကဠာဝနေ=ဘေသကဠာမည်သော ဘီလူးမ စိုးအုပ်ရသောကြောင့် ဘေသကဠာတောအုပ်အမည်ရသော။ မိဂဒါယေ=သားကောင်တို့အား ဘေးမဲ့ပေးရာတောအုပ်၌။ ဝိဟရတိ=ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးနေထိုင်ဆဲ ဖြစ်တော်မူပါပေ၏။

တစ်ချိန်ကလို့ ဆိုရတဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလဆန်း (၈)ရက်နေ့မှာ မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်မှာ ရောက်တော်မူနေတာ အမှန်ပဲ။ သို့သော် ရာဇဂြိုဟ်နဲ့ ယခုပြောတဲ့ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဆိုတာ တစ်ဆက်တည်း တည်နေတာ ရှိပါတယ်။ အဲဒီ သုသုမာရဂိရမြို့၏ အနီးဖြစ်တဲ့ သားကောင်တို့အား ဘေးမဲ့ပေးရာ ဘေသကဠာ မည်သော တောအုပ်ထဲမှာ ဘုရားရှင် သီတင်းသုံးနေဆဲ ဖြစ်ပါတယ်။ ရာဇဂြိုဟ်ပြည်ရဲ့ အနောက်ဆီလောက်

http:\\www.dhammadownload.com



က နေပါလိမ့်မယ်။ အဲဒီအခါ ရှင်မဟာမောဂ္ဂလ္လာန်က ဘယ်မှာလဲလို့ ဆိုတော့ –

တေန ခေါ ပန သမယေန အာယသ္မာ မဟာ မောဂ္ဂလ္လာနော မဂဓေသု ကလ္လဝါဠ ပုတ္တဂါမေ ပစလာယမာနော နိသိန္နော ဟောတိ။

တေန ခေါ ပန သမယေန=ထိုသို့ မြတ်စွာဘုရား ဘဂ္ဂတိုင်း သုသုမာရဂိရ မြို့ရဲ့အနီး ဘေသကဠာမည်သော ဘေးမဲ့တောကြီး၌ သီတင်းသုံး နေထိုင်တော်မူတဲ့ အခါကာလ၌။ အာယသ္မာ မဟာ မောဂ္ဂလ္လာနော=အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည်။ မဂဓေသု= မဂဓတိုင်းတို့၌။ ကလ္လဝါဠ ပုတ္တဂါမေ=ကလ္လဝါဠပုတ္တ အမည်ရ သော ရွာ၏အနီး တောအုပ်ကြီး၌။ ပစလာယမာနော=ခုနစ်ရက် ပတ်လုံး မနားမနေ စင်္ကြံလျှောက်ကာ တရားအလုပ် အားထုတ် သဖြင့် ကိုယ်တော်ပင်ပန်း နွမ်းနယ်ရကား စင်္ကြံဦးဝယ် ငိုက်မျဉ်း လျက်။ နိသိန္နော=ထိုင်နေသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

ခုနစ်ရက်ပတ်လုံး မအိပ်မနေ စင်္ကြံသွား တရားအားထုတ်တော်မူတဲ့ အတွက် ရူပကာယ ကိုယ်တော် အင်မတန် ပင်ပန်းနွမ်းနယ်ပြီး စင်္ကြံဦး မှာ ငိုက်မျဉ်းပြီး ထိုင်နေတော်မူတယ်။ (လဲလျောင်းပြီး ကျိန်းတော်မမူ ဘူး။) အဲဒီ ရှင်မဟာမောဂ္ဂလ္လာန် ငိုက်မျဉ်းနေတာကို မြတ်စွာဘုရားက မြင်တော်မူတဲ့အကြောင်းကို –

အဒ္ဒသ ခေါ ဘဂဝါ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တ မာနုသကေန အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ မဂဓေသု ကလ္လဝါဠ– ပုတ္တဂါမေ ပစလာယမာနံ နိသိန္နံ –

လို့ သင်္ဂါယနာတင် မထေရ်မြတ်တို့က စကားဆက်စပ် ပေးခဲ့တယ်။

အဓိပ္ပာယ်က အဲဒီလို အရှင်မဟာမောဂ္ဂလ္လာန် မဂဓတိုင်း ကလ္လဝါဠ ပုတ္တ အမည်ရတဲ့ ရွာရဲ့အနီး တောအုပ်ကြီးထဲမှာ စင်္ကြံဦး၌ ငိုက်မျဉ်း

http:\\www.dhammadownload.com



နေတော်မူသည်ကို ဘုရားကိုယ်တော်မြတ် ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့၏အနီး ဘေသကဠာ မည်တဲ့ ဘေးမဲ့တော အုပ်ကြီးထဲမှာ သီတင်းသုံးနေတော်မူယင်းက လင်းလင်းထင်ထင် မြင်တော်မူတယ်တဲ့။

ဒိသွာန သေယျာထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ၊ ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ။ ဧဝမာဝ ဘဂ္ဂေသု သုသုမာရဂိရေ ဘေသကဠာဝနေ မိဂဒါယေ အန္တရဟိတော မဂဓေသု ကလ္လဝါဠ ပုတ္တဂါမေ အာယသ္မတော မဟာ မောဂ္ဂလ္လာနဿ သမ္မုခေ ပါတုရဟောသိ။

ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် မြင်တော်မူပြီးလျှင်ပဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာဆိုတဲ့ ဘေးမဲ့တောအုပ်ကြီးမှာ ကိုယ်တော်ကွယ်ခဲ့ပြီးတော့ စိတ္တက္ခဏ တစ်ချက်တည်းလောက်လို့ ဆိုရတဲ့ အလွန်တိုတောင်းသော အချိန်ပိုင်း အတွင်းမှာ စိတ္တဂတိဆိုတဲ့ အသွားဖြင့် ဘုရားကိုယ်တော်မြတ် မဂဓတိုင်း ကလ္လဝါဠပုတ္တ ရွာအနီး တောအုပ်ကြီးထဲမှာ ငိုက်မျဉ်းနေတဲ့ ရှင်မဟာမောဂ္ဂလ္လာန် ထိုင်နေတဲ့ နေရာကို ဘွားခနဲ ရောက်သွားတော်မူတယ်။

* ဣဒ္ဓိဝိဓ အဘိညာဏ်နဲ့ ဘုရားရှင် ကြွတော်မူတဲ့နေရာမှာ –

(၁) ကာယဂတိ=ရုပ်ကိုယ်ဖြင့် သွားခြင်းကဲ့သို့ နှေးနှေးသွားခြင်း၊

(၂) စိတ္တဂတိ=စိတ်၏သွားခြင်းဖြင့်သွားခြင်းကဲ့သို့ လျင်မြန်စွာသွားခြင်းဟူ၍ နှစ်မျိုး ရှိပါတယ်။

ဒီနှစ်မျိုးတွင် ကာယဂတိ ဆိုတာက အားလုံးကြားဖူးတဲ့အတိုင်း မြတ်စွာဘုရားက ရှင်နန္ဒ(ညီတော်)ကို ရဟန်းပြုပေးပြီး တာဝတိံသာ နတ်ပြည်သို့ ခေါ်သွားတဲ့အချိန် လမ်းမှာရှိတဲ့ တောအုပ်ထဲက အာရုံတွေကို မြင်အောင်ဆိုတာ စိတ်အသွားကဲ့သို့သော လျင်မြန်လွန်းသော

http:\\www.dhammadownload.com



အသွားဖြင့် သွားလို့ မမြင်နိုင်ပါ။ အဲဒီ လမ်းမှာရှိတဲ့ အာရုံတွေ (မျောက် အိုမကြီး စသည်) ကို အကုန်လုံး ပကတိခြေလှမ်းဖြင့် သွားရင်း မြင်သကဲ့သို့ ဖြစ်အောင် သွားခြင်းမျိုးကို ကာယဂတိလို့ ခေါ်ပါတယ်။ ပကတိရုပ်ကိုယ်ဖြင့် သွားသကဲ့သို့ သွားခြင်းဟု ဆိုလိုပါသည်။

စိတ္တဂတိ=စိတ်၏အသွားမျိုးဖြင့် သွားခြင်းဆိုတာက စိတ္တက္ခဏ အနည်းငယ်အတွင်း နေရင်းအရပ်က နေပြီး ကိုယ်တော်အလိုရှိတဲ့ နေရာကို တခဏချင်းဖြင့် အရောက်သွားခြင်းကို ခေါ်ဆိုသည်။

ကာယဂတိရော၊ စိတ္တဂတိရော နှစ်မျိုးလုံးပင် ဣဒ္ဓိဝိဓ အဘိညာဏ်နဲ့ပဲ သွားခြင်း ဖြစ်တယ်။ သို့သော် စိတ္တဂတိနဲ့ သွားလိုယင် အဘိညာဏ်၏ရှေ့ပိုင်း အဓိဋ္ဌာန်ကတဲကိုက "ဤ ငါ၏ ရူပကာယကိုယ်သည် စိတ်အလားကဲ့သို့ လျင်သောအလား ရှိပါစေ"ဟု အဓိဋ္ဌာန်ရတယ်။ ပြီးတော့မှ အဘိညာဏ်ရဲ့ အခြေပါဒ ဖြစ်တဲ့ ရူပါဝစရ ပဥ္စမဈာန် (စတုက္ကနည်း စတုတ္ထဈာန်)ကို ဝင်စားရတယ်။ အဲဒီလို ဝင်စားလို့ ရူပါဝစရ ပဥ္စမဈာန်မှလဲ ထရော ဆက်ပြီးတော့ အဘိညာဏ်ဝီထိလဲ ကျရော၊ အဘိညာဏ်ဇော တစ်ကြိမ်စောပြီးလို့ မကြာခင် ကိုယ်တော်ရဲ့ ရူပကာယ ဘဝင်နှင့် လူ့ပြည်ပင် ဝေးပစေတော့၊ စိတ္တက္ခဏ အနည်းငယ်မျှနှင့်ပင် နေရင်းဌာနမှ ရောက်လိုရာဌာနသို့ ရောက်သွားတယ်။

အဲဒီလို ရောက်သွားတဲ့နေရာမှာ အဘိဓမ္မာသဘော စောဒကဆရာတို့ စောဒနာစရာ ရှိပါတယ် ... ။

ဘယ်လိုလဲဆိုတော့ စိတ်၏သွားခြင်း ဖြစ်ခြင်းဖြင့် သွားတယ်ဖြစ်တယ်ဆိုတော့ အဘိညာဏ်ဇောစိတ် တစ်ကြိမ်ဖြစ်တဲ့ခဏမှာဖြစ်ကြတဲ့ ကမ္မဇရုပ်တွေ+စိတ္တဇရုပ်တွေ+ဥတုဇရုပ်တွေ+အာဟာရဇရုပ်တွေ=ဤစတုဇရုပ် လေးမျိုးဟာ-

ပရမတ္ထသဘောအတိုင်းဆိုယင် စိတ္တက္ခဏ ၁၇ ချက် အသက်ရှိရမယ်။ ဒီလို စိတ္တက္ခဏ ၁၇ ချက် အသက်ရှိရမယ်ဆိုတော့ မြတ်စွာ

http:\\www.dhammadownload.com



ဘုရားရဲ့ ရူပကာယကြီးဟာ အဘိညာဏ်ဇောတစ်ကြိမ် ဇောပြီးသည့်နောက်မှ နောက်စိတ္တက္ခဏာ၌ (ဇြဟ္မာ့ပြည် ကြွတယ်ဆိုပါစို့။) ဗြဟ္မာ့ပြည်မှာ သွားပြီးတော့ ရူပကာယကြီး ဘွားကနဲ ပေါ်တယ်ဆိုယင် စိတ္တက္ခဏာ ၁၇ ချက်မှ မပြည့်သေးပဲ ဒီ(အဘိညာဏ်ဇောခဏ၌ ဖြစ်ကြတဲ့) စတုဇရုပ်တွေ ဘယ်သွားကုန်သလဲ ...၊ ဒီလို ပြဿနာ၊ ဒီလို စောဒနာ၊ ဒီလို မေးစရာ ရှိပါတယ်။

အဖြေကား ... အဘိဓမ္မာသဘောကို ဣဒ္ဓိဝိဓ အဘိညာဏ်က မဟန့်တားပါ။ စိတ္တက္ခဏာ ၁၇ ချက်ဆိုတာ တစ်+နှစ်+သုံး+လေး ရေနေယင်သာ ကြာတာ၊ အမှန်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်ကလေးအတွင်းမှာ စိတ္တက္ခဏာပေါင်း (ဝါ-စိတ်အကြိမ်ပေါင်း) ကုဋေတစ်သိန်းကျော်ကျော် ဖြစ်နိုင်တော့ စိတ္တက္ခဏာ ၁၇ ချက်ဆိုတာ ဘာမှ ကြာလိုက်တာ မဟုတ်ဘူး။ အေး ... အမှန်အတိုင်း ပြောရလို့ရှိယင် အဘိညာဏ်ဇောတစ်ကြိမ် ဇောပြီးတဲ့နောက် ဒုတိယ စိတ္တက္ခဏာ၌ ဗြဟ္မာ့ပြည်မှာ ရူပကာယ ကိုယ်တော် ဘွားကနဲ ပေါ်သကဲ့သို့ ထင်ယူလောက်အောင် မြန်မြန်ကြီး ဟိုမှာ ရောက်သွားတယ်။ အဲဒီ အသွားမျိုးကို စိတ္တဂတိဖြင့် ဣဒ္ဓိဝိဓ အဘိညာဏ်နှင့် သွားခြင်းလို့ ခေါ်ပါတယ်။

ယခု မြတ်စွာဘုရား ဘဂ္ဂတိုင်း ဘေသကဠာ တောအုပ်က နေပြီးတော့ ရှင်မဟာမောဂ္ဂလ္လာန်နေတဲ့ မဂဓတိုင်း ကလ္လဝါဠပုတ္တရွာအနီး တောအုပ်ကြီးထဲကို ဘုရားကြွလာတယ်ဆိုတာ စိတ္တဂတိဖြင့် ကြွလာတော်မူခြင်း ဖြစ်ပေသည်။ အဲဒီ နေရာမျိုးမှာ စာထဲက ဘာထည့်ပြီး ဟောသတုန်းဆိုတော့ –

သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ၊ ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ။

လောက ဥပမာအားဖြင့် အားကောင်းမောင်းသန် ယောကျာ်းတစ်ယောက်ဟာ ကွေးထားတဲ့လက်ကို ဆန့်လိုက်သလို ဆန့်တန်းထားတဲ့

http:\\www.dhammadownload.com



လက်ကို ကွေးလိုက်သလို အဲဒီလို တိုတောင်းလှတဲ့ အချိန်ကလေး အတွင်းမှာပဲ ဘဂ္ဂတိုင်းက ကွယ်ခဲ့ပြီး မဂဓတိုင်း ကလ္လဝါဠပုတ္တရွာအနီး တောအုပ်ကြီးထဲမှာ "ရှင်မောဂ္ဂလ္လာန်ရဲ့ ရှေ့မှောက် ဘုရားကိုယ်တော် မြတ်ကြီး ဘွားကနဲ ရောက်တော်မူလာတယ်။

ရောက်လာတဲ့အချိန်မှာ အရှင်မောဂ္ဂလ္လာန်က ငိုက်မျဉ်းနေတယ်။ ဘယ့်နှယ်နေသလဲဆိုတော့ -

"နိသီဒိ ဘဂဝါ ပညတ္တေ အာသနေ"

ဘဂဝါ=မြတ်စွာဘုရားသည်။ ပညတ္တေ=နဂိုက ခင်းထားပြီး အသင့်ရှိနေသော။ အာသနေ=နေရာ၌။ နိသီဒိ=ထိုင်နေတော်မူပြီ။

ဘုရားလက်ထက်တုန်းက ယောဂါဝစရ အရှင်မြတ်များ တရားအား ထုတ်တဲ့နေရာ၌ မိမိတို့မှာ နေရာထိုင်အခင်းများ အသင့်ရှိယင် "ဘုရား ရှင် ကြွလာတော်မူက အဆင်သင့် သိတင်းသုံးနေထိုင်ရန်"ဆိုပြီးတော့ "နေရာထိုင်ကလေးများ" အသင့် ခင်းကျင်းထားကြတယ်။ အဲဒီလို နေရာထိုင်ကလေးကိုမှ မခင်းနိုင်ပဲ ဆင်းရဲတဲ့ ကိုယ်တော်၊ မတတ်နိုင်တဲ့ ကိုယ်တော်ဆိုယင် တံမြက်ကလေးလှဲ တလင်းကလေး သာသာယာယာ ပြုလုပ်ပြီး အနားမှာရှိတဲ့ သစ်ရွက်ကလေးများ ခင်းပြီးတော့ ထားတတ် ကြတယ်။

ယခုလည်း မြတ်စွာဘုရားဟာ နဂိုက အရှင်မဟာမောဂ္ဂလ္လာန် ဘုရားကြွလာယင် ထိုင်ဖို့လို့ အရန်သင့် ခင်းထားတဲ့ နေရာမှာ ထိုင် တော်မူပြီး မြတ်စွာဘုရားက အရှင်မောဂ္ဂလ္လာန်ကို စပြီး မေးလိုက်တယ်။

ပစလာယသိ နော တွံ မောဂ္ဂလ္လာန၊ ပစလာယသိ နော တွံ မောဂ္ဂလ္လာန။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်။ တွံ=သင် ချစ်သားသည်။ ပစလာယသိနော ပစလာယသိ နု=ငိုက်မျဉ်းနေသလား။

http:\\www.dhammadownload.com



ချစ်သားမောဂ္ဂလ္လာန်၊ ချစ်သား ငိုက်နေသလား ... တဲ့။ နှစ်ကြိမ်တိုင်တိုင် မေးတော်မူပါတယ်။ ထိုအခါ ရှင်မဟာမောဂ္ဂလ္လာန်က ဖြတ်ခနဲဆို နိုးလာပြီးတော့ -

"ဧဝံ ဘန္တေ။ ဘန္တေ=ရှင်ပင်မြတ်ဘုရား ...။ ဧဝံ=မှန်ပါတယ်။ တပည့်တော် ခဏငိုက်သွားပါတယ် ဘုရား ..." လို့ လျှောက်ထားတယ်။

ငိုက်မျဉ်းတယ်ဆိုတာ အရပ်သုံး ဝေါဟာရ၊ ပါဠိလို ဒီအချိန်မှာ ထိန, မိဒ္ဓ ဝင်နေတယ်လို့ ဆိုလိုတယ်။ ဒီအခါမှာ မြတ်စွာဘုရားက ထိန, မိဒ္ဓဆိုတဲ့ ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်ကြောင်းတရား ခုနစ်ပါးတို့ကို အစဉ်အတိုင်း ဟောကြားတော်မူတယ်။ ဟောတော်မူပုံက-

(၁) တသ္မာတိဟ မောဂ္ဂလ္လာန ယထာသညိဿ တေ ဝိဟရတော တံ မိဒ္ဓံ ဩက္ကမတိ၊ တံ သညံ မာ မနသာ+ကာသိ တံ သညံ မာ ဗဟုလမကာသိ။ ဌာနံ ခေါ ပနေ+တံ မောဂ္ဂလ္လာန ဝိဇ္ဇတိ၊ ယံ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်။ တသ္မာ=ထိုသို့ သင်ချစ်သား ငိုက်မျဉ်း၍ နေရကား။ ယထာသညိဿ=အကြင်သို့သော (အနိစ္စသညာ စသည်) တစ်ခုခုသော သညာရှိသည်ဖြစ်၍။ ဝိဟရတော=နေသော။ တေ=သင်ချစ်သားအား၊ ဝါ-သင် ချစ်သား၏ သန္တာန်၌။ တံ မိဒ္ဓံ=ထို ငိုက်မျဉ်းခြင်းသည်။ ဝါ-ငိုက်မျဉ်းခြင်းသို့။ ဩက္ကမတိ=သက်ရောက်၏။ တံ သညံ=ထိုသို့သော သဘောရှိသော သညာကို။ မာ မနသာ+ကာသိ=သင်ချစ်သား နှလုံးမသွင်းလင့်။ တံ သညံ မာ ဗဟုလ +မကာသိ=ထို သညာကို ကြိမ်ဖန်များစွာ မပြုသင့်။

အရိယာတို့၏ ဦးသျှောင်ဖြစ်တဲ့ မြတ်စွာဘုရားက အရိယာဖြစ်တဲ့

http:\\www.dhammadownload.com



သောတာပန် အရှင်မောဂ္ဂလ္လာန်ကို အရိယာနဲ့ အရိယာချင်း ပြောတဲ့ စကားဆိုတော့ ပုထုဇဉ်နားနဲ့ ကြားရတာ ဘာတွေများ ပြောနေကြပါလိမ့် ...လို့ ဒီလိုပဲ အောက်မေ့စရာ ဖြစ်တယ်။ ပုထုဇဉ် အရပ်စကားနဲ့ နားလည်အောင် ပြောရယင် "ချစ်သား၊ ဒီလို ချစ်သား ငိုက်နေတယ် ဆိုယင် အဲဒီအငိုက် ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတော့ မငိုက်ခင်က ချစ်သားသည် အနိစ္စသညာကို နှလုံးသွင်းနေတယ် ဆိုပါစို့၊ သို့မဟုတ် ဒုက္ခသညာကို၊ သို့မဟုတ် အနတ္တသညာကို၊ သို့မဟုတ် အသုဘသညာကို၊ သို့မဟုတ် အာနာပါနသညာကို ရှုနေတယ် ဆိုပါစို့။ အကြင်သညာကို ရှုပွား၍ နေတဲ့အခိုက် ငိုက်မျဉ်းခြင်း=မိဒ္ဓတရား မိမိကိုယ်ထဲမှာ ဖြစ်ပွား သက်ဝင်လာယင် နှလုံးသွင်းရင်း ဖြစ်တဲ့ အနိစ္စသညာကို နှလုံးမသွင်းနဲ့၊ ကြိမ်ဖန်များစွာ မလေ့လာနဲ့။ ဒုက္ခသညာစသည်မှာလည်း ထို့အတူပင်။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်။ ယံ ယေန=အကြင် အကြောင်းဖြင့်။ ဓဝံ ဝိဟရတော=ဤသို့ မူလသညာကို နှလုံးမသွင်းဘဲ နေထိုင်သော။ တေ=သင်ချစ်သား၏ သန္တာန်၌။ တံ မိဒ္ဓံ=ထို ငိုက်မျဉ်းခြင်းကို။ ပဟီယေထ=ပယ်အပ်လေရာ၏။ ဓတံ ခေါ ဌာနံ=ဤအကြောင်းသည်။ ဝိဇ္ဇတိ ဟိ–ဝိဇ္ဇတိ ဧဝ=ရှိသည် သာလျှင်တည်း။

အရိယဝေါဟာရ သဘာဝနိရုတ္တိနဲ့ ဟောတော်မူသွားတယ်။ ဆိုလိုရင်းက "ချစ်သား ... ၊ မူလသညာကို နှလုံးမသွင်းဘဲနေယင် သင်ချစ်သားရဲ့ သန္တာန်မှ အဲဒီ ငိုက်မျဉ်းခြင်းကို မိဒ္ဓတရားကို ပယ်ဖျောက်ပြီးသား ဖြစ်လိမ့်မယ်" (ဒါက တစ်အချက်)

(၂) နော စေ တေ ဓဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ၊ တတော တွံ မောဂ္ဂလ္လာန ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ စေတသာ အနုဝိတက္ကေယျာသိ အနုဝိစာရေယျာသိ၊ မနသာ

http:\\www.dhammadownload.com



အနုပေက္ခေယျာသိ၊ ဌာနံ ခေါ ပနေတံ မောဂ္ဂလ္လာန ဝိဇ္ဇတိ၊ ယံ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ဧဝံ=ဤသို့ မူလသညာကို နှလုံးမသွင်းဘဲ။ ဝိဟရတော=နေသော။ တေ=သင်ချစ်သား၏ သန္တာန်၌။ တံ မိဒ္ဓံ=ထို ငိုက်မျဉ်းခြင်း မိဒ္ဓတရားကို။ နော စေ ပဟီယေထ=အကယ်၍ မပယ်ရှားအပ်ငြားအံ့။ (မပယ်နိုင်သေးဘူး ဆိုယင်) မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်။ တတော-တသ္မိံ ကာလေ=ထိုအခါ၌။ တွံ=သင်ချစ်သားသည်။ **ယထာသုတံ**= အကြင်အကြင် ကြားအပ်ဖူးသော။ **ယထာပရိယတ္တံ**=အကြင် အကြင် သင်အပ်ဖူးသော။ ဓမ္မံ= ပရိယတ် **စာပေတရားများကို**။ စေတသာ=စိတ်ဖြင့်။ အနုဝိတက္ကေယျာသိ=အဖန်ဖန် ကြံစည်၍ နေလော့။ အနုဝိစာရေယျာသိ=အဖန်ဖန် သုံးသပ်ဆင်ခြင်၍ နေလော့။ မနသာ=စိတ်ဖြင့်။ အနုပေက္ခေယျာသိ=အဖန်ဖန် ရှုကြည့်၍ နေလော့။ မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ယံ ယေန= အကြင်အကြောင်းဖြင့်။ ဧဝံ=ဤသို့ မိမိ သင်ဖူး ကြားဖူးသော ပရိယတ်စာပေကို စိတ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ် ဆင်ခြင်လျက်။ ဝိဟရတော=နေသော။ တေ=သင်ချစ်သား၏အဖို့။ တံ မိဒ္ဓံ=ထိုငိုက်မျဉ်းခြင်းကို။ ပဟီယေထ=ပယ်အပ်လေရာ၏။ ဧတံ ဌာနံ=ထိုအကြောင်းသည်။ ဝိဇ္ဇတိ ခေါ-ဝိဇ္ဇတိ ဧဝ=ရှိသည်သာ လျှင်တည်း။

အနိစ္စသညာ အစရှိတဲ့ မူလ နှလုံးသွင်းရင်း သညာကို နှလုံးမသွင်းလို့မှ ငိုက်မျဉ်းခြင်း မပျောက်သေးယင် ချစ်သား ... မိမိသင်ခဲ့ ကြားခဲ့ဖူးတဲ့ ပရိယတ်စာပေများကို စိတ်ဖြင့် အကြိမ်ကြိမ် ကြံစည် သုံးသပ် ဆင်ခြင် နှလုံးသွင်းပါ။ ချစ်သား ... ယခု ပြောသလို မိမိသင်ကြားထားဖူးတဲ့ ပရိယတ် စာပေကို စိတ်နဲ့ အဖန်ဖန် ကြံစည် သုံးသပ်

http:\\www.dhammadownload.com



ဆင်ခြင် နှလုံးသွင်းနေယင် ချစ်သားရဲ့ သန္တာန်မှာ ဖြစ်ပွားတဲ့ ငိုက်မျဉ်း ခြင်း=မိဒ္ဓတရားဟာ ပယ်ရှားပြီး ဖြစ်လိမ့်မယ်။ (ဒါက ၂ အချက်)

(၃) နော စေ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

ချစ်သား မောဂ္ဂလ္လာန်၊ ယခု ပြောတဲ့ ၂ နံပါတ်နည်းအတိုင်း မိမိ သင်ကြားထားတဲ့ ပရိယတ်စာပေများကို စိတ်ဖြင့် ကြံစည် သုံးသပ် ဆင်ခြင် နှလုံးသွင်းလို့မှ ဒီ ငိုက်မျဉ်းခြင်းဆိုတဲ့ မိဒ္ဓတရား မပယ်နှား အပ်သေးယင် (ဝါ) ငိုက်မျဉ်းခြင်း မပျောက်သေးလျှင် ဘာလုပ်ရမလဲ ဆိုတော့ -

တတော တွံ မောဂ္ဂလ္လာန ယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန သဇ္ဈာယံ ကရေယျာသိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်။ တတော တသ္မိံ ကာလေ= ထိုသို့ ပရိယတ်စာပေကို နှလုံးသွင်းလို့မှ ငိုက်မျဉ်းခြင်း မပျောက် သေးသောအခါကာလ၌။ တွံ=သင် ချစ်သားသည်။ ယထာသုတံ =အကြင်အကြင် ကြားအပ်ဖူးသော။ ယထာပရိယတ္တံ=အကြင် အကြင် သင်အပ်ဖူးသော။ ဓမ္မံ=ပရိယတ် စာပေတရားကို။ ဝိတ္ထာရေန=အကျယ်အားဖြင့်။ သဇ္ဈာယံ =ရွတ်အံသရဇ္ဈာယ်မှုကို။ ကရေယျာသိ=သင် ချစ်သားပြုလော့။

ဟောဒါ သုံး(၃) နံပါတ် ငိုက်မျဉ်းခြင်း ပျောက်အောင် ပြုလုပ်တဲ့ နည်းပါ။ (စိတ်နဲ့ မိမိရတဲ့စာ) အေး .. ယနေ့ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများ အနေနဲ့ဆိုယင် ဓမ္မစကြာ ရတယ်၊ အနတ္တလက္ခဏာ သုတ် ရတယ်၊ မဟာသတိပဋ္ဌာနသုတ် ရတယ်။ အဲဒီ မိမိရပြီးတဲ့ သင် ကြားထားတဲ့ ဓမ္မစကြာတရား စာပေ၊ အနတ္တလက္ခဏာသုတ် တရား စာပေ၊ **မဟာသတိပဋ္ဌာနသုတ်** တရားစာပေများကို (ဒုတိယနည်း အလိုက) **နှလုံးသွင်းပါ**၊ **ကြံစည်** + သုံးသပ် + ဆင်ခြင်ပါ။ ကြံစည်

http:\\www.dhammadownload.com



သုံးသပ် ဆင်ခြင် နှလုံးသွင်းပါလျက်နဲ့မှ ငိုက်မျဉ်းချင်သေးတယ်ဆို ယင် အဲဒီ မိမိသင်ကြားထားတဲ့ တရားစာပေတွေကို (ယခု တတိယ နည်း အလိုက) အကျယ်တဝင့် နှုတ်က ရွတ်အံ သရဇ္ဈာယ်ရမယ်။ အဲဒီလို ရွတ်အံလျှင် ဘယ်လိုဖြစ်မလဲ ဆိုတော့ -

ဌာနံ ခေါ ပနေ+တံ ဝိဇ္ဇတိ၊ ယံ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ယံ ယေန=အကြင် အကြောင်းဖြင့်။

(အကြင်အကြောင်းဆိုတာ ဘာလဲ၊ မိမိသင်ကြားတဲ့ စာပေ ပရိယတ်များကို အကျယ် နှုတ်မြွက်ရွတ်အံခြင်းဆိုတဲ့ အကြောင်းဖြင့်)

ဧဝံ=ဤသို့။ ဝိဟရတော=နေသော။ တေ=သင်ချစ်သား၏ အဖို့ရာ။ တံ မိဒ္ဓံ=ထိုငိုက်မျဉ်းခြင်းကို။ ပဟီယေထ=ပယ်အပ်လေ ရာ၏။ ဧတံ ဌာနံ=ဤအကြောင်းသည်။ ဝိဇ္ဇတိ ခေါ-ဝိဇ္ဇတိ ဧဝ=ရှိသည်သာလျှင်တည်း။

ငိုက်မျဉ်းခြင်း ပယ်ဖျောက်ကြောင်း တတိယ ဒီတရားဟာ အမှန်ပဲ ရှိတယ် ချစ်သား ... ၊ စမ်းသပ်၍သာ ကြည့်ပေတော့။ (ဒါက တတိယ အချက်)။

(၄) မိမိရတဲ့ ပရိယတ် စာပေတွေကို နှုတ်က တတွတ်တွတ် ရွတ်အံ လို့မှ ငိုက်ချင်တာ မပြေသေးဘူး၊ ငိုက်ချင်မြဲ ငိုက်ချင်နေသေးတယ်ဆို ယင် စတုတ္ထ ဘာလုပ်ရမလဲဆိုတော့ -

နော စေ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

ချစ်သားမောဂ္ဂလ္လာန် ...၊ ဤသို့ မိမိသင်ကြားခဲ့သော ပရိယတ် စာပေများကို နှုတ်လွတ်ရွတ်အံ၍ နေပါလျက် ထိုငိုက်မျဉ်းခြင်းတရားကို အကယ်၍ မပယ်ရှားအပ်သေးဘူးပ ဆိုလျှင် ... စတုတ္ထနည်း ဘာလုပ် ရမလဲ။

http:\\www.dhammadownload.com



တတော တွံ မောဂ္ဂလ္လာန ဥဘော ကဏ္ဏသောတာနိ အာဝိဉ္ဆေယျာသိ၊ ပါဏိနာ ဂတ္တာနိ အနုမဇ္ဇေယျာသိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ တတော=ထိုအခါ၌။ တွံ=သင်ချစ်သားသည်။ ဥဘော ကဏ္ဏသောတာနိ=နားပျဉ်း နားရွက် နှစ်ဘက်တို့ကို။ အာဝိဉ္ဆေယျာသိ=လက်နဲ့ဆွဲလော့။

(အငိုက်ပျောက်အောင် လုပ်တဲ့နည်း။) နားပျဉ်းကို လက်နဲ့ ဘယ်ပြန် ညာပြန်ဆွဲ။ (ဒါတင်ပဲလားဆိုတော့)

ပါဏိနာ ဂတ္တာနိ အနုမဇ္ဇေယျာသိ=ဘယ်လက်ဖြင့် ညာဘက်ကိုယ်ကို ပွတ်သပ်ပေး၊ ညာလက်ဖြင့် ဘယ်ဘက်ကိုယ်ကို ပွတ်သပ်ပေး။ ဆိုလိုရင်းမှာ -

စတုတ္ထ အငိုက်ပျောက်အောင် လုပ်တဲ့နည်းက ကိုယ့်နားရွက်နှစ်ဘက်ကို ကိုယ့်လက်နဲ့ ဆွဲပေး ...တဲ့။ ဒါနဲ့မှ မရသေးဘူးဆိုလို့ရှိယင် ဘယ်ဘက်လက်နဲ့ ညာဘက်ကိုယ်ပိုင်းကို ပွတ်သပ်ပေး၊ ညာဘက်လက်နဲ့ ဘယ်ဘက်ကိုယ်ပိုင်းကို ပွတ်သပ်ပေး (မျက်နှာကို လက်ဝါးနဲ့ ပွတ်သပ်ပေး၊ အိမ်ကျတော့ စိတ်ကူးနဲ့ ပွတ်ကြည့်ကြပလေ) အဲဒီလို ပွတ်တိုက်ပေးယင် ဘာဖြစ်မလဲဆိုတော့ -

ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ။ ယံ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

မောဂ္ဂလ္လာန=ချစ်သားမောဂ္ဂလ္လာန်။ ယံ-ယေန=အကြင် နားရွက် နှစ်ဖက်ကို ဆွဲ၍ပေးခြင်း၊ မိမိကိုယ်ကို ဘယ်ပြန် ညာပြန် ပွတ်သပ်ပေးခြင်းတည်းဟူသော အကြောင်းဖြင့်။ ဝိဟရတော=နေသော။ တေ=သင်ချစ်သား၏(သန္တာန်၌)။ တံ မိဒ္ဓံ=ထိုငိုက်မျဉ်းခြင်းကို။ ပဟီယေထ=ပယ်အပ်လေရာ၏။ ဧတံ ဌာနံ=ဤအကြောင်းသည်။ ဝိဇ္ဇတိ ခေါ-ဝိဇ္ဇတိ ဧဝ=ရှိသည် ဧကန် မှန်လှပေ၏။

http:\\www.dhammadownload.com



(၄ ခုမြောက် ငိုက်မျဉ်းပျောက်ကြောင်း တရား။)

(၅) အဲ ... နားရွက်ဆွဲလို့မှ၊ မိမိကိုယ်ကို လက်နဲ့ ဘယ်ပြန် ညာပြန် ပွတ်သပ်ပေးလို့မှ အိပ်ချင်မပြေသေးဘူး၊ အငိုက်အမျဉ်း မပျောက်သေးဘူးပဆိုယင် ပဥ္စမမြောက် ဘာလုပ်ရမလဲဆိုတော့ -

နောေ စေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

ဤသို့ နားရွက်နှင့် ကိုယ်ကို ပွတ်သပ်ပေးနေပါလျက်နဲ့မှ သင်ချစ်သား၏ သန္တာန်၌ ငိုက်မျဉ်းခြင်းတရား မပျောက်သေးဘူးပဆိုလျှင်-

တတော တွံ မောဂ္ဂလ္လာန ဥဋ္ဌာယာ+သနာ ဥဒကေန အက္ခီနိ အနုမဇ္ဇိတွာ ဒိသာ အနုဝိလောကေယျာသိ၊ နက္ခတ္တာနိ တာရကရူပါနိ ဥလ္လောကေယျာသိ။ ။

မောဂ္ဂလ္လာန = ချစ်သား မောဂ္ဂလ္လာန် ... ။ တတော-တသ္မိံ ကာလေ=ထို စတုတ္ထနည်းနဲ့ ရွက်ဆောင်လို့မှ ငိုက်မျဉ်းခြင်း မပျောက်သော အခါကာလ၌။ တွံ=သင်ချစ်သားသည်။ အာသနာ= ထိုင်နေရာမှ။ ဥဋ္ဌာယ=ထ၍။ ဥဒကေန=ရေဖြင့်။ အက္ခီနိ=မျက်စိတို့ကို။ အနုမဇ္ဇိတွာ=ဆေးကြောပွတ်တိုက်၍။ ဒိသာ=တူရူအရပ်+ အထက်အရပ်+အောက်အရပ်ဆိုတဲ့ အရပ်တို့ကို။ အနုဝိလောကေယျာသိ=အဖန်ဖန်လှည့်၍ ကြည့်လေလော့။ နက္ခတ္တာနိ တာရကရူပါနိ=ကောင်းကင်မှာရှိတဲ့ နက္ခတ် ကြယ်တာရာ အပေါင်းတို့ကို။ ဥလ္လောကေယျာသိ=မော့်၍ကြည့်လေလော့။

စတုတ္ထနည်းနဲ့မှမရယင် နေရာကထသွား၊ မျက်နှာသစ်၊ (မျက်စိကို ဆေးကြောပွတ်တိုက်ပေးတယ်ဆိုတာ မျက်နှာသစ်ခြင်းပါပဲ၊) မျက်နှာသစ်ပြီးတော့ အရှေ့+အနောက်+တောင်+မြောက် ဆိုတဲ့ တူရူအရပ်၊ ထောင့်လေးထောင့်ဆိုတဲ့ ဖိလာအရပ် လေးပါး၊ အထက်+အောက်ဆိုတဲ့ အရပ်နှစ်ပါး အားလုံး အရပ်ဆယ်မျက်နှာတို့ကို အထက်ကြည့်လိုက်၊

http:\\www.dhammadownload.com



အောက်ကြည့်လိုက်၊ တူရူကြည့်လိုက်၊ ဖီလာကြည့်လိုက်ဖြင့် ကြည့်ပေး၊ ကောင်းကင်မှာရှိတဲ့ နက္ခတ်ကြယ်တာရာတို့ကို မော့်ကြည့်ပေး။

ဌာနံ ခေါ ပနေ + တံ ဝိဇ္ဇတိ၊ ယံ ဖဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

ချစ်သား မောဂ္ဂလ္လာန်၊ ဤကဲ့သို့ အရပ်ဆယ်မျက်နှာတို့ကို ရှုမျှော်၊ မိုးပေါ်က နက္ခတ်ကြယ်တာရာများကို မော်ပြီး သင်ချစ်သား ကြည့်ခဲ့လို့ရှိယင် အဲဒီ ငိုက်မျဉ်းခြင်းတရားကို သင်ချစ်သား ပယ်ရှားအပ်ပြီး ဖြစ်ပေလိမ့်မည်။ အဲဒီလို အရပ်ဆယ်မျက်နှာကို ကြည့်ပေးခြင်း၊ နက္ခတ်တာရာတို့ကို မော်၍ ကြည့်ပေးခြင်းဟာ လည်းပဲ ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်ကြောင်း တရားတစ်ပါး ဖြစ်ပေတယ်။　။ (ဒါက ပဉ္စမ အချက်။)

(၆) နော စေ တေ ဖဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

ဤနည်း အရပ်မျက်နှာကို ရှုမျှော်၊ မိုးပေါ်က နက္ခတ်ကြယ်တာရာတို့ကို မော်ကြည့်ပါလျက် သင်ချစ်သား၏ သန္တာန်မှာ ငိုက်မျဉ်းခြင်း= မိဒ္ဓတရား မပယ်ရှားအပ်သေးဘူးဆိုပါလျှင် –

တတော တွံ မောဂ္ဂလ္လာန အာလောကသညံ မနသိကရေယျာ- သိ၊ ဒိဝါသညံ အဓိဋ္ဌဟေယျာသိ၊ ယထာ ဒိဝါ တထာ ရတ္တိံ၊ ယထာ ရတ္တိံ တထာ ဒိဝါ၊ ဣတိ ဝိဝဋေန စေတသာ အပရိယောနဒ္ဓေန သပ္ပဘာသံ စိတ္တံ ဘာဝေယျာသိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ တွံ=သင်ချစ်သား သည်။ တတော=ထိုအခါ၌။ အာလောကသညံ=အလင်းရောင် ဟူသော အမှတ်သညာကို။ မနသိကရေယျာသိ=နှလုံးသွင်းလော့။ ဒိဝါသညံ=နေ့ဟူသော အမှတ်သညာကို။ အဓိဋ္ဌဟေယျာသိ= ဆောက်တည်လေလော့။ ဒိဝါ=နေ့၌။ အာလောကသညံ=

http:\\www.dhammadownload.com



အာလောကသညာကို။ အဓိဋ္ဌာတိယထာ=ဆောက်တည်သကဲ့သို့။ တထာ=ထို့အတူ။ ရတ္တိံ=ညဉ့်၌။ အာလောကသညံ=အာလောကသညာကို။ အဓိဋ္ဌဟေယျာသိ=ဆောက်တည်လေလော့။ ရတ္တိံ ယထာ = ညဉ့်၌ အာလောကသညာကို ဆောက်တည်သကဲ့သို့။ တထာ=ထို့အတူ။ ဒိဝါ=နေ့၌။ အဓိဋ္ဌဟေယျာသိ=အာလောကသညာကို ဆောက်တည်လော့။ ဣတိ=ဤသို့လျှင်။ ဝိဝဋေန=ထိန+မိဒ္ဓ ဆိုတဲ့ အပိတ်တံခါးကြီးတွေ ဟင်းလင်းပွင့်ပြီးသော။ အပရိယောနဒ္ဓေန=မိဒ္ဓဆိုတဲ့ အမြှေးအယှက် မရှိသော။ စေတသာ=စိတ်ဖြင့်။ သပ္ပဘာသံ=ဉာဏ်ပညာကြောင့် ဖြစ်တဲ့ အလင်းရောင် ရှိအောင်။ စိတ္တံ=စိတ်ကို။ ဘာဝေယျာသိ=ပွားများကြိုးကုတ် သင်ချစ်သား အားထုတ်ပါလေ။

ခြောက်ခုမြောက် "အာလောကသညာပွား"ဆိုတဲ့ ကိစ္စကျတော့ ဝိပဿနာကမ္မဋ္ဌာန်းများ စီးဖြန်းပွားများတဲ့အခါ ဥပက္ကိလေသဆယ်ပါးထဲမှာ ပထမ ဩဘာသဆိုတဲ့ အလင်းရောင် ဥပက္ကိလေသ ပေါ်လာတယ်။ အဲဒီ ပေါ်လာတဲ့ အလင်းရောင်ကို ဉာဏ်ပညာကြောင့် ဖြစ်လာတဲ့ အလင်းရောင်။ အခုလည်းပဲ ဒိဗ္ဗစက္ခု အဘိညာဏ်ရဲ့ အခြေပါဒဖြစ်လော်ကတဲ့ ဉာဏ်ပညာကြောင့် ဖြစ်သော အလင်းရောင်ကြီး ပေါ်လာအောင်ပဲ မိမိရဲ့စိတ်ကို· အာလောကသညာနဲ့ကိုင်ပြီး ပွားပေးလေချစ်သား ... ။

ဌာနံ ခေါ ပနေ+တံ ဝိဇ္ဇတိ၊ ယံ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ယံယေန=အကြင် အာလောကသညာကို ပွားများခြင်းတည်းဟူသော အကြောင်းဖြင့်။ ဧဝံ ဝိဟရတော=ဤသို့ အာလောကသညာကို ပွားများ၍ နေသော။ တေ=သင် ချစ်သား၏ (သန္တာန်၌)။ တံ မိဒ္ဓံ=ထိုငိုက်မျဉ်းခြင်းကို။

http:\\www.dhammadownload.com



ပဟီယေထ=ပယ်ရှားအပ်လေရာ၏။ တေ၊ ဌာနံ=ဤအကြောင်းသည်။ ဝိဇ္ဇတိ ခေါ-ဝိဇ္ဇတိ ဧဝ=ဧကန်ရှိသည်သာတည်း။

အငိုက်ပျောက်အောင် ပွားရတဲ့ ခြောက်ခုမြောက် အကြောင်းတရားရှိသားပဲ။ အာလောကသညာကို ပွားပေး သင်ချစ်သား ...။ (ဆဋ္ဌမအချက်)

(၇) အာလောကသညာကို ပွားပါလျက်ကနဲ့မှ အငိုက်မပျောက်သေးဘူး၊ မိဒ္ဓတရား နှိပ်စက်မြဲ နှိပ်စက်နေသေးတယ်ဆိုယင် လက်လျှော့ရတော့မလားလို့ ဆိုတော့ -

နော စေ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

အာလောကသညာကို ပွားများနေပါလျက် မိဒ္ဓတရားကို မပယ်ရှားအပ်သေးဘူးဆိုယင် ဝါ-ငိုက်မြဲ ငိုက်နေသေးသပဆိုယင် ခုနစ်ခုမြောက် နည်းလမ်းအနေနဲ့ ဘာလုပ်ပေးရမလဲဆိုတော့ -

တတော တံ မောဂ္ဂလ္လာန ပစ္ဆာ ပုရေသညီ စင်္ကမံ အဓိဋ္ဌဟေယျာသိ အန္တောဂတေဟိ ဣန္ဒြိယေဟိ အဗဟိဂတေန မာနသေန စင်္ကမံ အဓိဋ္ဌဟေယျာသိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ တတော=ထိုအခါ၌။ တွံ=သင်ချစ်သားသည်။ ပစ္ဆာ ပုရေသညီ=နောက်နှင့်ရှေ့ သညာချင်းစပ် အမှတ်ပျောက်၍ မသွားအောင် (သညာတရား ပျောက်မသွားစေနဲ့၊ ရှေ့ရော+နောက်ရော အမှတ်သညာ မပျောက်ဘဲနဲ့။) အန္တောဂတေဟိ ဣန္ဒြိယေဟိ=မိမိကိုယ်တွင်းမှာ တည်ကုန်သော ဣန္ဒြေတို့ဖြင့်။

(ဘာ ဆိုလိုတာလဲ။ မျက်စိက ဟိုကြည့် ဒီကြည့် မကြည့်နဲ့၊ မိမိရဲ့ရူပကာယထဲတွင်ပဲ စက္ခုန္ဒြေကို ချပြီးတော့ထား၊ နားကလည်းပဲ အပြင်အပက အသံတွေကို နားမထောင်နဲ့၊ အဲ နှာခေါင်းဣန္ဒြေ၊ လျှာဣန္ဒြေ၊

http:\\www.dhammadownload.com



ကိုယ်က္ကန္ဒြေဆိုတဲ့ ဒိက္ကန္ဒြေတွေဟာ အပြင်အပကို အာရုံသွားပြီး မယူစေနဲ့။

အဗဟိဂတေန မာနသေန=အပြင်အပသို့ မသွားသောစိတ်ဖြင့်။

(မိမိရဲ့ စိတ်တည်းဟူသော ဣန္ဒြေလည်းပဲ ခန္ဓာကိုယ်ပြင်ဘက်သို့ ထွက်မသွားစေနဲ့။ ဘယ်မှာထားရမလဲဆိုယင် အဇ္ဈတ္တခေါ် မိမိခန္ဓာ ကိုယ်တွင်းမှာရှိတဲ့ ရုပ်နာမ်တရားထဲမှာပဲ မနိန္ဒြေဆိုတဲ့ စိတ်ကိုထား၊ ထားပြီး ဘာလုပ်ရမလဲဆိုယင်)။

စင်္ကမံ=လူးလာတုံ့ခေါက် စင်္ကြံလျှောက်ခြင်းကို။ အဓိဋ္ဌ ဟေယျာသိ=သင်ချစ်သား ဆောက်တည်ပါလေ။

(အေး ...မိမိရဲ့ ခန္ဓာကိုယ်အတွင်းမှာ ရှိနေတဲ့ ရုပ်နာမ်တရားတွေ ပေါ်မှာ စိတ်ထားပြီးတော့ စင်္ကြံလျှောက်ပေး ... တဲ့။)

ဌာနံ ခေါ ပနေ+တံ ဝိဇ္ဇတိ၊ ယံ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ယံ ယေန=အကြင်သို့ သော လူးလာတုံ့ခေါက် ဣန္ဒြေကို ချုပ်တည်း၍ စင်္ကြံ လျှောက်ခြင်း တည်းဟူသော အကြောင်းဖြင့်။ ဧဝံ ဝိဟရတော=ဤသို့ စင်္ကြံ လျှောက်၍နေသော။ တေ=သင်ချစ်သား၏ (သန္တာန်၌)။ တံ မိဒ္ဓံ= ထိုငိုက်မျဉ်းခြင်း မိဒ္ဓတရားကို။ ပဟီယေထ=ပယ်အပ်လေရာ၏။ တေံ ဌာနံ=ဤ အကြောင်းသည်။ ဝိဇ္ဇတိ ခေါ-ဝိဇ္ဇတိ ဧဝ=စင်စစ် ဧကန် အမှန်ရှိသည်သာတည်း။

(ချစ်သား စင်္ကြံလျှောက်ပေး။ အဲဒီ စင်္ကြံလျှောက်ပေးခြင်းဟာ ခုနစ် ခုမြောက် ငိုက်မျဉ်းပျောက်ကြောင်း တရားဖြစ်တယ် ...တဲ့။)

ဒီတရားခုနစ်ပါးဟာ တကယ် နလုံးကျင့်သုံးတဲ့ ယောဂီသူတော်စင် များအဖို့ အမြဲမှတ်မိနေသော တရားခုနစ်ပါး ဖြစ်သည့်အတိုင်း ဒီနေရာ မှာ **"ငိုက်မျဉ်းခြင်း ပျောက်ကြောင်းတရား ခုနစ်ပါးလင်္ကာ"**ကို အဓိပ္ပာယ်

http:\\www.dhammadownload.com



အချုပ်နှင့်တကွ ဖော်ပြပါဦးအံ့။

(၁) ပယ်ဖျောက်သညာ၊ (၂) စာ နှုတ်လုံးသွင်း၊

(၃) စာအံလျှင်းတည်၊ (၄) နားပျဉ်း+ကိုယ်+သပ်၊

(၅) အရပ် ရှုမျှော်၊ (၆) အာလောက ပွား၊

(၇) စင်္ကြံသွား၊ ခုနစ်ပါး ငိုက်မျဉ်းပျောက်ကြောင်းတည်း။ ။

(နှုတ်ရဆောင်ရန် လင်္ကာ)

(အဓိပ္ပာယ်ကား) -

၁။ ပယ်ဖျောက်သညာ။ (တရားနှလုံးသွင်းရင်း ငိုက်မျဉ်းလာလျှင် မူလ နှလုံးသွင်းရင်း သညာကို နှလုံးမသွင်းရ၊ ဥပမာ အနိစ္စသညာကို နှလုံးသွင်းရင်း ငိုက်မျဉ်းလာလျှင် ထိုအနိစ္စသညာ နှလုံးသွင်းမှုကို ခေတ္တရပ်ဆိုင်းထားရမည်။)

၂။ စာနှုတ်လုံးသွင်း။ (ဤနည်းဖြင့်မှ မရလျှင် မိမိသင်ကြား လေ့လာထားသော ပရိယတ်စာပေများကို စိတ်ဖြင့် အဖန်ဖန် ကြံစည် နှလုံးသွင်းရမည်၊ မိမိ နှုတ်တက်ရရှိထားသော ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ် စသည်ကို စိတ်ဖြင့် ကြံစည်ရမည်။)

၃။ စာအံလျှင်းတည်။ (ဤနည်းဖြင့် မရလျှင် မိမိသင်ကြား လေ့လာထားသော ပရိယတ်စာပေများကို အကျယ် နှုတ်မြွက်၍ ရွတ်အံရမည်။)

၄။ နားပျဉ်း+ကိုယ်+သပ်။ (ဤနည်းဖြင့်မှ မရလျှင် မိမိ၏နားပျဉ်း= နားရွက်ကို လက်ဖြင့် ဆွဲရမည်။ ကိုယ်ကို လက်ဖြင့် အဖန်ဖန် ပွတ်သပ်ပေးရမည်။)

၅။ အရပ်ရှုမျှော်။ (ဤနည်းဖြင့်မှ မရလျှင် နေရာမှထ၍ မျက်နှာ သစ်ပြီးလျှင် အရပ်ဆယ်မျက်နှာ နက္ခတ်ကြယ်တာရာတို့ကို ကြည့်ရှုရမည်။)

http:\\www.dhammadownload.com



၆။ အာလော်ကပွား၊ (ဤနည်းဖြင့်မှ မရလျှင် အာလောကသညာ ကို ပွားများရမည်။ နေ့အခါဖြစ်လျှင် နေရောင်ကို ရှု၍+ညဥ့်အခါ ဖြစ်လျှင် လရောင်ကို ရှု၍ (လ မရှိလျှင် ဆီမီးရောင်စသည်ကို ရှု၍) အာလောကော+အာလောကော=အလင်းရောင်+အလင်းရောင်ဟူ၍ အဖန်ဖန်ရွတ်ပွား နှလုံးသွင်းထားရမည်။

၇။ စင်္ကြံသွား။ (ဤနည်းဖြင့်မှ မရလျှင် ဣန္ဒြေတို့ကို ချုပ်တည်း၊ စိတ်ကိုလည်း ကိုယ်တွင်း၌သာထားကာ လူးလာခေါက်တုံ့ စင်္ကြံ လျှောက်ရမည်။

ခုနစ်ပါး ငိုက်မျဉ်းပျောက်ကြောင်းတည်း။ ။

(ဤခုနစ်ပါးသော နည်းအဆင့်ဆင့်ဖြင့် ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်၍ မရလျှင် ကရဇခေါ်ဆို ဤရုပ်ကိုယ်မှာ ပင်ပန်းလှပြီဖြစ်၍ အနားပေးရန် အချိန်တန်ရကား လက်ယာ နံတောင်းဖြင့် လျောင်းကာ လက်ဝဲခြေကို လက်ယာခြေ၏ ရှေ့သို့ အနည်းငယ် လွန်စေ၍ သတိသမ္ပဇဉ် လက်မလွတ်ဘဲ "ဤမည်သော အချိန်ကျလျှင် ငါ ထမည်" ဟူသော အမှတ်ကို နှလုံးသွင်း၍ ခြင်္သေ့မင်းပမာ တည်ကြည်စွာ အိပ်စက်ရမည်။ အိပ်ရာမှ နိုးလျှင်းနိုးချင်း "စင်း၍နေသော ချမ်းသာ၊ စောင်း၍နေသော ချမ်းသာ၊ ငိုက်မျဉ်း၍နေသော ချမ်းသာတို့ကို ငါမခံစားဘူး ဟဲ့"ဟု စိတ်ကိုတင်းလျက် လျင်မြန်စွာ ထရမည်။

ဤကား အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် ပစလာယမာနသုတ်လာ ငိုက်မျဉ်းခြင်း ပယ်ဖျောက်ကြောင်းတရား ခုနစ်ပါတည်း။ ရှိသေစွာ လိုက်နာ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

အကယ်၍ ဒီ ခုနစ်နည်းနဲ့ ကျင့်သုံးကြည့်ပါတယ်၊ ဘယ်နည်းနှင့်မှ မရပါဘူး၊ ငိုက်မျဉ်းခြင်း=မိဒ္ဓတရားသည် ဝင်မြဲ ဝင်နေပါတယ်၊

http:\\www.dhammadownload.com



ဘယ့်နှယ်လုပ်ရမလဲလို့ဆိုတော့ မြတ်စွာဘုရားက မရတဲ့ အဆုံးမှာ အပိုင်းအခြားနဲ့ စိမ်ပေးတယ်။ ဓာဂရိယာနုယောဂနည်း ခေါ်တယ်။ ဘယ်လိုပေးသလဲ ဆိုတော့ -

နောစေ တေ ဧဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ။

ချစ်သားမောဂ္ဂလ္လာန် ...၊ ဤသို့ ထူးလားတဲ့ခေါက် စကြံသျှောက် လျက်နေသော သင်ချစ်သားအဖို့ရာ ထိုငိုက်မျဉ်းခြင်း=မိဒ္ဓတရားကို မပယ်ရှားအပ်သေးဘူးပဆိုယင် -

တတော တွံ မောဂ္ဂလ္လာန ဒက္ခိဏေန ပဿေန သီဟသေယျံ ကပ္ပေယျာသိ ပါဒေ ပါဒံ အစ္စာဓာယ သတော သမ္ပဇာနော ဥဋ္ဌာန သညံ မနသိကရိတွာ။

မောဂ္ဂလ္လာန=ချစ်သားမောဂ္ဂလ္လာန် ...။ တတော=ထိုသို့ နည်းခုနစ်ပါး အသုံးပြုပါလျက် ငိုက်မျဉ်းခြင်း တရားကို မပယ်ရှားနိုင်ပါဘူးဆိုတဲ့အခါ၌။ တွံ=သင်ချစ်သားသည်။

(ဘယ်လိုနေရမလဲ ဆိုယင်)

ဒက္ခိဏေန ပဿေန=လက်ယာ နံတောင်းဖြင့်။

(ဗယ်ဘက်စောင်းပြီးတော့ မလျောင်းနဲ့၊ ပုဂ္ဂိုလ်မြတ်တို့ရဲ့ လျောင်းခြင်းကား ညာဘက်စောင်း၍ လျောင်းရတယ်။)

ပါဒေ=ညာဘက်ခြေ၌။ ပါဒံ=ဗယ်ဘက်ခြေကို။ အစ္စာဓာယ= အနည်းငယ် ရှေ့နားတိုးထား၍။

(ခြေပေါ် ခြေတင်ပြီး အိပ်လျှင် ဆင်းရဲတယ်၊ ဒါ့ကြောင့် လက်ယာနံတောင်း လျောင်းပြီးသကာလ ညာဘက်ခြေကို ဆန့်ဆန့်တန်းတန်းထား၊ ဗယ်ဘက်ဒူးကို ညာဘက်ခြေရဲ့ ရှေ့နားရောက်အောင် တိုးထားလိုက်ပါ...တဲ့။ ယနေ့ ခေတ်အလျောက် စက်နာရီနဲ့ အမှတ်ပြုရတာမို့။)

http:\\www.dhammadownload.com



ဥဋ္ဌာနသညံ=ဤနာရီ ဤမိနစ်ကျယင် ငါ ထမည်ဟူသော အမှတ်သညာကို။ မနသိကရိတွာ=နှလုံးသွင်း၍။ သီဟသေယျံ= ခြင်္သေ့မင်းကဲ့သို့ လျောင်းခြင်းကို။ ကပ္ပေယျာသိ=သင်ချစ်သား ပြုပါလေ။

ခြင်္သေ့မင်းရဲ့ လျောင်းခြင်း အိပ်ခြင်းဆိုတာ ဘယ်လိုလဲ ...။ ခြင်္သေ့ မင်းဟာ မူလပထမ အိပ်ပေါ့၊ လျောင်းပေါ့ဆိုကတည်းက ရှေ့လက် နှစ်ချောင်း၊ နောက်ခြေနှစ်ချောင်း၊ အမြီးတို့ကို နေရာတကျ ထားပြီးပြီ ဆိုယင် –

"ငါ့ခြေ+လက်+အမြီး ငါမအိပ်ခင်က ဒီအနေအထားမှာ ထားတယ်၊ အိပ်ပေမယ်လို့ အဲဒီလက်ရာ+ခြေရာ+အမြီးရာ မပျက်ရဘူး၊ တစ်ခါတည်း ငြိမ်သက်စွာ အိပ်ပြီး အိပ်ရာက နိုးယင် သူ့ရဲ့ နဂိုထားတဲ့ လက်+ခြေ+အမြီးတို့ရဲ့ လက်ရာ ခြေရာ အမြီးရာ ပျက် သလား မပျက်ဘူးလား၊ ပထမ ကြည့်တယ်။"

အဲဒီလို ကြည့်လို့ အကယ်၍များ သူ လက်ထားတဲ့ အခြေအနေ ပျက်တာတွေ့မယ်၊ ခြေထားတဲ့ အခြေအနေ ပျက်တာ တွေ့မယ်၊ အမြီး ထားတဲ့ အခြေအနေ ပျက်တာ တွေ့မယ်ဆိုယင် "သင်ကဲ့သို့ သူရဲဘော ဂုဏ်ပြည့်စုံတဲ့ ခြင်္သေ့အဖို့ သားထဲမှာ အမြတ်ဆုံးဆိုတဲ့ သားတို့ သေဌ်နင်း ခြင်္သေ့မင်းဆိုတဲ့ ဒီလို အထက်တန်းပုဂ္ဂိုလ်အဖို့ ဒီလို လက်ရာ+ခြေရာ+အမြီးရာ ပျက်ပြီးတော့ မငြိမ်မသက် အိပ်ခြင်းဟာ ဘာတော်သေးသလဲ" အဲဒီလို သူ့ကိုယ်သူ ဒဏ်ပေးသောအားဖြင့် အဲဒီနေ့ အစာရှာ မထွက်ဘူး၊ အငတ်ခံလိုက်တယ်။ အဲဒီလို အိပ်ပြီး တော့ လက်ရာ ခြေရာ အမြီးရာကို မှတ်ပြီး အိပ်လို့ အိပ်ရာက နိုးတဲ့ အခါ လက်ရာ ခြေရာ အမြီးရာ ပျက်သလား+မပျက်ဘူးလား ကြည့်လို့ မပျက်တာတွေ့တော့ –

http:\\www.dhammadownload.com



"သင်ကဲ့သို့ သူရဲဘောဂုဏ်နှင့် ပြည့်စုံသော ခြင်္သေ့မင်းအဖို့ရာ ဤကဲ့သို့ မလှုပ်မယှက် မကြောက်မရွံ့ တည်ငြိမ်စွာ အိပ်ခြင်းသည် သူရဲဘောဂုဏ်နှင့် သင့်လျော်လျောက်ပတ်ပေစွ"။

အဲဒီလို နှစ်လိုအားရ ဝမ်းမြောက်ဝမ်းသာ ထပြီး လည်ဆံကြီးတွေ များ ခါပြီး ခြင်္သေ့ရဲ့ သီဟနာဒခေါ်တဲ့ ရဲတင်းသံ ဟိန်းဟောက်သံကို သုံးကြိမ် ဟိန်းဟောက်ပြီးတော့ အစာရှာထွက်တယ်။ ဒါကို ခြင်္သေ့ရဲ့ အိပ်ခြင်း=သီဟသေယျလို့ ခေါ်တယ်။

မြတ်စွာဘုရားကလည်းပဲ အခု ရှင်မောဂ္ဂလ္လာန်ကို သင်ပေးတယ်။ သီဟသေယျ=ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့သော အိပ်ခြင်းဖြင့် လျာရိယာ ပုတ် လက်ထား ခြေထား မပျက်စေနဲ့၊ အင်မတန် ငြိမ်ငြိမ်သက်သက် အိပ်စေချင်တဲ့သဘော၊ ခြေထား လက်ထား စိတ်ထား အကုန်လုံး သင် ပေးတယ်။ အိပ်တော့မယ်ဆိုယင် ယာ(ညာ)ဘက် စောင်းအိပ်၊ အောက် ခြေဖြစ်တဲ့ ညာဘက်ခြေကို တန်းတန်းထား၊ ဗယ်ဘက်ခြေကို ရှေ့နား နည်းနည်း တိုးပြီးတော့ထား၊ ညာခြေပေါ်ကို ဗယ်ခြေကို တင်ပြီး မအိပ်နဲ့၊ ညာခြေပေါ် ဗယ်ခြေကို တင်၍ အိပ်လျှင် တော်တော်ကြာ တော့ ဒုက္ခဝေဒနာတွေ ဖြစ်လာတတ်တယ်။ အိပ်တာတောင် ချမ်းချမ်း သာသာ အိပ်ရအောင် အဲဒီလို ခြေထားပုံကို မြတ်စွာဘုရား နည်းပေး တော်မူတယ်။ ကာယသုခဖြစ်အောင် သင်ပေးခြင်း ဖြစ်တယ်။ စိတ္တသုခ ဖြစ်အောင် သတိသမ္ပဇဉ် လက်မလွှတ်စေဘဲ "ငါသည် ဤနာရီ ဤ မိနစ်ကျလျှင် ထမယ်"ဆိုတဲ့ အမှတ်သညာကို စိတ်ထဲက မှတ်သားပြီး အိပ်ပါတဲ့။

ကဲ–ကောင်းပြီ၊ အဲဒီလို ဥဋ္ဌာနသညာကို နှလုံးသွင်းပြီး အိပ်ယင် ကိုယ်ရည်ရွယ်တဲ့ နာရီ၊ မိနစ်အချိန်မှာ နိုးတာပဲ၊ ကဲ နိုးယင် ဘယ့်နှယ် လုပ်ရမလဲ –

http:\\www.dhammadownload.com



ပဋိဗုဒ္ဓေန စ တေ မောဂ္ဂလ္လာန ခိပ္ပသ္မေ၀ ပစ္စုဒ္ဒါတဗ္ဗံ န သေယျသုခံ န ပဿသုခံ န မိဒ္ဓသုခံ အနုယုတ္တော ဝိဟရိဿာမီတိ ဧဝံ ဟိ တေ မောဂ္ဂလ္လာန သိက္ခိတဗ္ဗံ။

မောဂ္ဂလ္လာန=ချစ်သားမောဂ္ဂလ္လာန်။ ပဋိဗုဒ္ဓေန=နိုးလာသော။ တေ=သင်ချစ်သားသည်။

(ချစ်သား ... နိုးလာပြီ ဆိုကြပါစို့၊ မိမိမျှော်မှန်းတဲ့ နာရီ+မိနစ်+နက္ခတ်ကြယ်တာရာ အချိန်ရောက်လို့ နိုးလာယင် ဘယ့်နှယ်လုပ်ရမတုံး။)

အဟံ=ငါသည်။ သေယျသုခံ=လျောင်း၍ရတဲ့ ချမ်းသာကို။ အနုယုတ္တော=အဖန်ဖန် ကြိုးကုတ် အားထုတ်သည်ဖြစ်၍။ န ဝိဟရိဿာမိ = ငါ မနေအံ့။ ပဿသုခံ = ဗယ်စောင်း ညာစောင်း တပြောင်းပြန်ပြန်ပြု၍ ရတဲ့ချမ်းသာကို။ အနုယုတ္တော=အဖန်ဖန် ကြိုးကုတ် အားထုတ်သည်ဖြစ်၍။ န ဝိဟရိဿာမိ=ငါမနေအံ့။ မိဒ္ဓသုခံ=တစ်ဖန်ထပ်၍ အိပ်ခြင်းကြောင့် ဖြစ်တဲ့ ရတဲ့ ချမ်းသာကို။ အနုယုတ္တော=အဖန်ဖန်ကြိုးကုတ် အားထုတ်သည်ဖြစ်၍။ န ဝိဟရိဿာမိ=ငါမနေအံ့။ ဣတိ=ဤသို့ နှလုံးပိုက်၍။ ခိပ္ပသ္မေ၀= လျင်စွာသာလျှင်။ ပစ္စုဒ္ဒါတဗ္ဗံ=ထရာ၏။ ဧဝံ ဟိ=ဤသို့လျှင်။ တေ=သင်ချစ်သားသည်။ သိက္ခိတဗ္ဗံ=ကျင့်အပ်၏(ဝါ)ကျင့်ရမည်။

လူ့သဘောက အိပ်ရာက နိုးပြီဆိုယင် တစ်ခါတည်း နိုးလျှင်နိုးချင်း မထသေးဘဲ ဘာလုပ်တတ်သလဲ၊ ပက်လက်လှန်ပြီးတော့ ခြေပစ်+လက်ပစ် တကတည်း တအိအိနဲ့ အိပ်တဲ့ချမ်းသာကို ယူနေတတ်ကြတယ်။ ဒါမျိုးကို သေယျသုခလို့ ခေါ်တယ်။ တချို့ကျတော့ ဗယ်စောင်းလိုက် ညာစောင်းလိုက် ခြေလက်လှုပ်ပြီး အင်း–အူးနဲ့ ညည်းပြီး ချမ်းသာသုခကို ယူတတ်ကြတယ်။ ဒါမျိုးကို ပဿသုခလို့ ခေါ်တယ်။ တချို့ကျတော့ နိုးလာပြီး ပြန်အိပ်လိုက်ရယင် ပိုကောင်းတယ်လို့ ထင်တယ်၊ အသေအချာ စဉ်းစားကြည့်ပေါ့။ ဟော နံနက် လေးနာရီ

http:\\www.dhammadownload.com



ယောက် တုံးခေါက်လို့နိုး၊ နိုးလာတဲ့အခါ ပြန်ပြီးတော့ အိပ်လိုက်ရယင် မြန်မြန်အိပ်ပျော်တယ်၊ ပိုပြီးတော့လည်း ချမ်းသာတယ် ထင်တယ်၊ အဲဒီလို ပြန်ပြီးတော့ အိပ်တဲ့ ချမ်းသာမျိုးကို မိဒ္ဓသုခ ခေါ်တယ်။

ချစ်သား မောဂ္ဂလ္လာန် ...၊ ကိုယ်ရည်မှန်းတဲ့ နာရီ၊ မိနစ်၊ ကိုယ်ရည်မှန်းတဲ့ နက္ခတ်တာရာ အချိန်ကျလို့ ချစ်သား နိုးလာယင် –

သေယျသုခ=ပက်လက်လှန်ပြီးတော့ ခြေပစ် လက်ပစ် နေရလို့ ဖြစ်တဲ့ ချမ်းသာသုခမျိုး၊

ပဿသုခ=ဗယ်စောင်း ညာပြန် တပြောင်းပြန်ပြန် လှည့်ပြီး တအိအိနဲ့ နေလို့ဖြစ်တဲ့ ချမ်းသာသုခမျိုး။

မိဒ္ဓသုခ=နိုးပြီးတဲ့နောက် ပြန်ပြီးအိပ်လိုက်ရလို့ ငိုက်လိုက်ရလို့ ဖြစ်တဲ့ ချမ်းသာသုခမျိုး။

ဒီသုခသုံးပါးကို အားထုတ်ပြီးတော့ ငါမနေဘူးဟဲ့လို့ အဲဒီလို အောက်မေ့ပြီးတော့ သင်ချစ်သား မြန်မြန် ထရမယ်။

(က) ခုနစ်ပါးသောနည်းဖြင့် ငိုက်မျဉ်းပျောက်အောင် အားထုတ်ပါ၊

(ခ) အဲဒီခုနစ်နည်းနဲ့မှ မပျောက်တော့ဘူးဆိုတဲ့ နောက်ဆုံးမှာ ဒီစည်းကမ်းနဲ့အိပ်ပါ၊

(ဂ) အိပ်ရာကနိုးသည်နှင့် တပြိုင်နက် လျင်စွာ ထရမည်။

ဤတိုင်အောင်သော စကားရပ်ဖြင့် မြတ်စွာဘုရားသည် အရှင်မောဂ္ဂလ္လာန်အား ထိန+မိဒ္ဓကို ပယ်ကြောင်း အကျင့်ပဋိပတ်ကို ဟောတော်မူပါတယ်။

| | |
|---|---|
| (၁) ပယ်ဖျောက်သညာ၊ | (၂) စာ နှလုံးသွင်း၊ |
| (၃) စာအံလျှင်းတည့်၊ | (၄) နားပျဉ်း+ကိုယ်+သပ်၊ |
| (၅) အရပ် ရှုမျှော်၊ | (၆) အာလောကေ ပွား၊ |

(၇) စင်္ကြံသွား၊ ခုနစ်ပါး ငိုက်မျဉ်းပျောက်ကြောင်းတည်း။ ။

http:\\www.dhammadownload.com



ထိန+မိဒ္ဓကို ပယ်ကြောင်း အကျင့်ခုနစ်ပါး ဟောပြီးတော့ ဘာ ဟောပြန်သလဲဆိုတော့ -

တသ္မာတိဟ မောဂ္ဂလ္လာန ဧဝံ သိက္ခိတဗ္ဗံ။

မောဂ္ဂလ္လာန=ချစ်သားမောဂ္ဂလ္လာန် ...။ တသ္မာ=သို့ရကား။ တေ=သင်ချစ်သားသည်။ ဧဝံ=ဤသို့။ သိက္ခိတဗ္ဗံ=ကျင့်အပ်၏၊ ကျင့်ရမည်။ (ဘယ်လိုလဲ)။

န ဥစ္စာသောဏ္ဍံ ပဂ္ဂဟေတွာ ကုလာနိ ဥပသင်္ကမိဿာမိတိ ဧဝံ ဟိ တေ မောဂ္ဂလ္လာန သိက္ခိတဗ္ဗံ။

အဟံ=ငါသည်။ ဥစ္စာသောဏ္ဍံ=မြင့်မောက်တဲ့ မာန်မာနတည်းဟူသော နှာမောင်းကို။ ပဂ္ဂဟေတွာ=ချီမြှောက်၍။ ကုလာနိ=အမျိုးလေးပါး ဒကာများသို့။ န ဥပသင်္ကမိဿာမိ=ငါမသွားအံ့။ ဣတိ ဧဝံ ဟိ=ဤသို့ နှလုံးပိုက်၍လျှင်။ မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်...။ တေ=သင် ချစ်သားသည်။ သိက္ခိတဗ္ဗံ=ကျင့်အပ်၏၊ ကျင့်ရမည်။

ဒါ ဘာကိုဆိုတာလဲ။ နေ့တိုင်း နေ့တိုင်း မင်း၊ ပုဏ္ဏား၊ သေဌ်း၊ ဆင်းရဲသား အမျိုးလေးပါး ဒကာများအိမ်သို့ ဆွမ်းခံသွားရ ဆွမ်းပစ္စည်း အရှာသွားရတယ်။ အဲဒီလို ဆွမ်းခံသွားတဲ့အခါမှာ စိတ်က ဘယ်လို ထားပြီး သွားရမလဲဆိုယင် "ငါသည် မြင့်မောက် မော်ကြွားတဲ့ မာန်မာန တည်းဟူသော နှာမောင်းကြီးကို မြှောက်ပြီးတော့ ဒကာ ဒကာမများရဲ့ အိမ်ကို ငါမသွားဘူးဟဲ့" အဲဒီလို ကျင့်ပါ။ သွားကတဲကိုက မာန်မာန တည်းဟူသော နှာမောင်းကြီး မြှောက်ပြီးသွားယင် ဘာဖြစ်တတ်သလဲ ဆိုတော့ -

သစေ မောဂ္ဂလ္လာန ဘိက္ခု ဥစ္စာသောဏ္ဍံ ပဂ္ဂဟေတွာ ကုလာနိ ဥပသင်္ကမတိ။

http:\\www.dhammadownload.com



မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ဘိက္ခု=အမှတ်မထင် ရဟန်းတစ်ပါးပါးသည်။ ဥစ္စာသောဏ္ဍံ=မြင့်မောက်တဲ့ မာန်မာန တည်းဟူသော နှာမောင်းကို။ ပဂ္ဂဟေတွာ=ချီမြှောက်၍။ ကုလာနိ= အမျိုးလေးပါး ဒကာဒကာမများ ထံသို့။ သစေ ဥပသင်္ကမတိ= အကယ်၍ သွားငြားအံ့။

ဟောဒီဒကာတွေ ငါ့ဒကာတွေ၊ ငါနဲ့ အလွန်ရင်းနှီးတဲ့ ဒကာတွေ၊ ငါပြောယင် ပြီးမှာပဲ၊ ငါ့ကိုမြင်ယင် ဆွမ်းလောင်းကြမှာပဲလို့ အဲဒီလို ထင်မြင်မှု မာန်မာန နှာမောင်းကြီးကို မြှောက်ပြီးတော့ ရဟန်းတစ်ပါး မြို့ထဲရွာထဲ ဒကာဒကာမအိမ်ကို ဆွမ်းခံသွားလို့ရှိယင် ဘာဖြစ်တတ် သလဲ။

သန္တိ ဟိ မောဂ္ဂလ္လာန ကုလေသု ကိစ္စကရဏီယာနိ၊ ယေဟိ မနုဿာ အာဂတံ ဘိက္ခုံ န မနသိကရောန္တိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ကုလေသု=အမျိုး လေးပါး ဒကာဒကာမများတို့၌။ ကိစ္စကရဏီယာနိ=မလုပ်ဘဲ ဆိုင်းငံ့ထား၍ ရသည့် အလုပ်များ၊ မချွတ်ကေန် ပြုလုပ်ရမည့် အလုပ်များသည်။ သန္တိ ဟိ-သန္တိ ဝေ=အထင်အရှား အများကြီး ရှိကြကုန်သည်သာတည်း။

ယေဟိ မနုဿာ အာဂတံ ဘိက္ခုံ န မနသိကရောန္တိ။

ယေဟိ=အကြင်ကိစ္စ ကရဏီယ ကိစ္စကြီးငယ် ပြုလုပ်ဖွယ်တို့ ဖြင့်။ ဝါ=ပြုလုပ်ဖွယ်တို့ကြောင့်။ အာဂတံ=မိမိတို့အိမ်မှောက် ရောက်လာသော။ ဘိက္ခုံ=ရဟန်းကို။ မနုဿာ=အိမ်သူအိမ်သား လူအများတို့သည်။ န သမနုပဿန္တိ=မမြင်ဘဲ ရှိတတ်ကုန်၏။

ချစ်သား ...၊ ဒကာ ဒကာမတွေမှာ အလုပ်ကိစ္စတွေ ပြုဖွယ်တွေ အင်မတန် များတယ်။ ကိစ္စဆိုတာက ဒီအလုပ်ကို မလုပ်ဘဲ ဆိုင်းထား

http:\\www.dhammadownload.com



လျှင်လဲ ရနိုင်တဲ့ အလုပ်မျိုးကို ကိစ္စလို့ ခေါ်တယ်။ ကရဏီယ ဆိုတာက ဒီအလုပ်ကို မလုပ်လျှင် မဖြစ်၊ မချွတ်ဧကန် အမှန်လုပ်ရမည့် အလုပ်ကို ကရဏီယလို့ ခေါ်တယ်။ ချစ်သား မောဂ္ဂလ္လာန် ...၊ ဒကာ ဒကာမတွေမှာ ကိစ္စဆိုတဲ့ မလုပ်ဘဲ ဆိုင်းထားလို့ရတဲ့ အလုပ်မျိုး၊ ကရဏီယလို့ ဆိုတဲ့ မချွတ်ဧကန် အမှန်ပြုလုပ်ရမည့် ပြုဖွယ်မျိုး အင်မတန် များရှာကြတယ်။ အဲဒီ ကိစ္စပြုဖွယ် အသွယ်သွယ်ထဲမှာ လုံ့လကြိုးကုတ် အားထုတ်နေကြရတဲ့အတွက် ဒကာ ဒကာမတွေဟာ မိမိတို့အိမ်ဝအပေါက် ရောက်လာတဲ့ ရဟန်းကို တစ်ရံတစ်ခါ မမြင်ဘဲလည်း ရှိတတ်တယ်၊ မမြင်ဘဲရှိယင် ဘာဖြစ်တတ်သလဲဆိုတော့ -

တတြ ဘိက္ခုဿ ဧဝံ ဟောတိ ကောသု နာမ ဣဒါနိ မံ
ဣမသ္မိံ ကုလေ ပရိဘိန္ဒိ၊ ဝိရတ္တရူပါ ဒါနိ+မေ မနုဿာ။

တတြ=ထိုသို့ အိမ်ပေါက်ရောက်သောအခါ ဒကာ ဒကာမတို့ ကိစ္စများနေလို့ မမြင်သောအခါ၌၊

(ဒကာ ဒကာမတွေမှာ ရောင်းမှု ဝယ်မှု ကိစ္စတွေ အင်မတန် ရှုပ်ထွေးနေလို့ ကိုယ်တော်ကို မမြင်ကြဘူးဆိုယင်) -

ဘိက္ခုဿ=ရဟန်း၏ (သန္တာန်၌)။ ကောသု နာမ=အဘယ်မည်သောသူက။ ဣဒါနိ=ယခုအခါ၌။ မံ=ငါ့ကို။ ဣမသ္မိံ ကုလေ=ဤအိမ်၌။ ပရိဘိန္ဒိ=စိတ်ဝမ်းကွဲအောင်များ ပြုလုပ်ထားပါလိမ့်။ ဣမေ မနုဿာ=ဤအိမ်က လူတို့သည်။ ဒါနိ=ယခုအခါ၌။ ဝိရတ္တရူပါ=တပ်ခြင်းကင်းသော သဘောရှိကုန်၏။ ဣတိ=ဤသို့။ ဧဝံ=ဤသို့ အထင်မှား အမြင်မှား အကြံမှားခြင်းသည်။ ဟောတိ=ဖြစ်တတ်၏။

ဒကာ ဒကာမတွေကတော့ အလုပ်ကိစ္စများလို့ "ကြွပါဘုရား"လို့ မပင့်နိုင်ကြ၊ ဆွမ်းမလောင်းနိုင်ကြတာ၊ ဒါကို ဒီကိုယ်တော်က "ဘယ်သူကများ ငါ့ကို ယခု ဒီ ဒကာ ဒကာမတွေနဲ့ စိတ်ဝမ်းကွဲအောင် လုပ်ထားပါလိမ့်၊ ယခု ဒီအိမ်က လူတွေဟာ ငါ့အပေါ်မှာ ရှေးကနဲ့မတူ

http:\\www.dhammadownload.com



တမူထူးခြား တပ်ခြင်း ကင်းတဲ့ သဘောရှိကြကုန်ပြီ"လို့ အထင်မှား အမြင်မှား အကြံမှားတွေ ဖြစ်ကုန်ရော။ အထင်မှား အမြင်မှား အကြံမှားတွေ ဖြစ်တော့ ရှေ့ ဘာဆက်ဖြစ်သလဲဆိုတော့ –

ဣတိ+ဿ အလာဘေန မင်္ကုဘာဝေါ၊ မင်္ကုဘူတဿ ဥဒ္ဓစ္စံ၊ ဥဒ္ဓတဿ အသံဝရော၊ အသံဝုတဿ အာရာ စိတ္တံ သမာဓိမှာ။

ဣတိ=ဤသို့လျှင်။ အဿ=ထိုရဟန်းအား။ အလာဘေန= ဒကာ ဒကာမများ ကိစ္စများနေလို့ ဆွမ်းမလောင်းနိုင်တဲ့အတွက် ဆွမ်းမရခြင်းဟူသော အကြောင်းကြောင့်။ မင်္ကုဘာဝေါ=နှလုံး မသာယာခြင်းသည်။ ဟောတိ=ဖြစ်၏။

(စိတ်က အထင်လွဲယင် တစ်ခါတည်း နှလုံးထဲ မချမ်းသာတော့ဘူး။)

မင်္ကုဘူတဿ=နှလုံးမသာမယာ ဖြစ်သော ရဟန်း၏ သန္တာန်၌။ ဥဒ္ဓစ္စံ=အာရုံထွေပြား ရွေ့လျားခြင်းဆိုတဲ့ ဥဒ္ဓစ္စတရားသည်။ ဟောတိ= ဖြစ်လေတော့၏။

(နှလုံး မချမ်းသာပြီဆိုယင် တစ်ခါတည်း ထိုထိုအာရုံ၌ စိတ်ရဲ့ လွင့်ပါး နှလုံးတုန်လှုပ်မှုဆိုတဲ့ ဥဒ္ဓစ္စတွေ ပေါ်လာရောတဲ့)။

ဥဒ္ဓတဿ=ဥဒ္ဓစ္စကိန်းဝပ်တဲ့ ပုဂ္ဂိုလ်အား။ အသံဝရော=ရဟန်း သိက္ခာကို မစောင့်စည်းခြင်းသည်။ ဟောတိ=ဖြစ်၏။

(ဥဒ္ဓစ္စ နှိပ်စက်လာပြီဆိုယင် ရဟန်းတို့ စောင့်စည်းအပ်တဲ့ ကာယကံ အမူအရာ၊ ဝစီကံအမူအရာတွေကို မစောင့်စည်းတော့ဘူး၊ မစောင့် စည်းဘဲ ကာယကံကလည်း အပြုမှား၊ ဝစီကံကလည်း အပြောမှား အဲဒါတွေ ဖြစ်ကုန်တတ်တယ်၊ ဖြစ်ယင် ဘာဖြစ်သလဲ)။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ အသံဝုတဿ=ကိုယ်+ နှုတ်ကို မစောင့်စည်းသော ရဟန်း၏။ စိတ္တံ=စိတ်သည်။ သမာဓိမှာ=ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိမှ။ အာရာ=ဝေးတော့၏။

http:\\www.dhammadownload.com



(ကိုယ်နှုတ်မှ မစောင့်စည်းဘူးဆိုယင် အဲဒီ ကိုယ်တော်ရဲ့ စိတ်ဟာ ဘယ်လိုနည်းနဲ့မှ ဥပစာရသမာဓိ လောကီဈာန်သမာဓိ လောကုတ္တရာ မဂ်ဖိုလ် သမာဓိဆိုတဲ့ အပ္ပနာသမာဓိတွေနဲ့ အဝေးကြီး ဝေးခြားကွာ လှမ်း သွားတယ်၊ လောကီ လောကုတ္တရာဈာန်ရ မဂ်ရ ဖိုလ်ရတဲ့ ပုဂ္ဂိုလ် မျိုး၊ စိတ်မျိုး မဖြစ်တော့ဘူး။)

ဤစကားရပ်ဖြင့် မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလ္လာန်ကို ဒကာ ဒကာမတို့ထံ ဆွမ်းခံသွားတဲ့အခါမှာ ငါဟူသော မာန်မာန နှာမောင်း မြှောက်မသွားရန် ဟောပြီးတဲ့နောက် ဆက်ပြီး ဘာ ဟောပြန် သလဲဆိုယင် ယောဂါဝစရ ပုဂ္ဂိုလ်များရဲ့ ပေါင်းသင်းဆက်ဆံရေးကို မြတ်စွာဘုရား ဟောတော်မူပြန်တယ်။

တသ္မာတိဟ မောဂ္ဂလ္လာန ဧဝံ သိက္ခိတဗ္ဗံ၊ "န ဝိဂ္ဂါဟိကကထံ ကထေဿာမိ"တိ ဧဝံ ဟိ တေ မောဂ္ဂလ္လာန သိက္ခိတဗ္ဗံ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ တသ္မာ=သို့ရကား။ ဣဟ=အံ့ဖွယ်ရှစ်ဖြာ ဤ ငါဘုရား၏ သာသနာ၌။ တေ=သင် ချစ်သားသည်။ ဧဝံ=ဤသို့။ သိက္ခိတဗ္ဗံ=ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည်။

(ဘယ်လိုလဲ။)

အဟံ=ငါသည်။ ဝိဂ္ဂါဟိက ကထံ=ဆန့်ကျင်ဘက် ယူတဲ့ စကားကို။ န ကထေဿာမိ တိ=မပြောဆိုဘူးဟဲ့လို့။ မောဂ္ဂလ္လာန =ချစ်သား မောဂ္ဂလ္လာန်။ တေ=သင်ချစ်သားသည်။ ဧဝံ ဟိ=ဤသို့ လျှင်။ သိက္ခိတဗ္ဗံ =ကျင့်ကြံကြိုးကုတ် အားထုတ်အပ်၏၊ အားထုတ် ရမည်။

ချစ်သား၊ တွေ့တွေ့သမျှ ပုဂ္ဂိုလ်တွေရဲ့ အပေါ်မှာ ဆန့်ကျင်ဘက်ကို ယူတဲ့ စကားကို ငါမပြောကြဘူးဟဲ့လို့ အဲဒီလို နှလုံးသွင်းလေ။

http:\\www.dhammadownload.com



ဝိဂ္ဂါဟိကကထာ = ဆန့်ကျင်ဘက်ကို ယူတဲ့ စကားဆိုတာ ဘယ်လို စကားမျိုးလဲဆိုယင် -

န တွံ ဣမံ ဓမ္မဝိနယံ အာဇာနာသိ=သင်ဟာ ဤဓမ္မဝိနယကို မသိပါဘူး။

အဟံ ဣမံ ဓမ္မဝိနယံ အာဇာနာမိ=ငါမှ ဤဓမ္မဝိနယကို ပိုင်းပိုင်းခြားခြား သိတာ။

ကိံ တွံ ဓမ္မဝိနယံ အာဇာနိဿတိ=သင်သည် ဤဓမ္မဝိနယ ခေါ်တဲ့ ဘုရားသာသနာတော်ကို ဘယ်တော့မှ သိမှာလဲ။

ပုရေဝစနီယံ ပစ္ဆာ အဝစ၊ ပစ္ဆာ ဝစနီယံ။

ပုရေ အဝစ=ရှေ့ပြောရမယ့်စကားကို နောက်မှပြော၊ နောက်မှ ပြောရမယ့်စကားကို ရှေ့ဦးပြော။

သဟိတံ မေ=ငါ့စကားသည် ရှေ့နှင့်နောက် ဆက်စပ်၏။

အသဟိတံ တေ=သင့်စကားသည် ရှေ့နှင့်နောက် မဆက်စပ်။

အဓိစိဏ္ဏံ တေ ဝိပရာဝတ္တံ=မင်း နေ့ရှည်ရက်ဆက် လေ့ကျက်ထားတာတွေ ငါ တစ်ခွန်းပြောလိုက်တာနဲ့ တစ်ခါတည်း အကုန်လုံး နောက်ပြန်လှည့်သွားပြီ။

အာရောပိတာ တေ ဝါဒေါ=မင်းရဲ့ အယူဝါဒပေါ်မှာ ငါ ပိုင်ပိုင်ကြီး အပြစ်ကို တင်လိုက်ရပြီ။

စရ ဝါဒမောက္ခာယ=ငါ အခု တင်ပြလိုက်တဲ့အပြစ်မှ လွတ်အောင် မင်း လှည့်လည်ကျက်စား သွားသင်ချေဦး။

နိဗ္ဗေဌေဟိ ဝါ သစေ ပဟောသိ=အကယ်၍ မင်းတတ်နိုင်သပ ဆိုယင် ဒီနေရာမှာပဲ ပြန်ပြီး ရှင်းပါ။

ဆန့်ကျင်ဘက်စကား=ဝိဂ္ဂါဟိကကထာ ပြောပုံကို စာထဲက ဒီအတိုင်း ဖော်ပြထားပါတယ်။

http:\\www.dhammadownload.com



ချစ်သား မောဂ္ဂလ္လာန် ...၊ တွေ့သမျှ ပုဂ္ဂိုလ်တွေရဲ့ အပေါ်မှာ "ဆန့်ကျင်ဘက်စကား ငါ မပြောဘူးဟဲ့" လို့ သင်ချစ်သား ကျင့်ရမည်။ ဆန့်ကျင်ဘက်စကား ပြောယင် ဘာဖြစ်တတ်သလဲဆိုတော့ -

ဝိဂ္ဂါဟိကာယ မောဂ္ဂလ္လာန ကထာယ သတိ ကထာဗာဟုလ္လံ ပါဋိကင်္ခံ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...၊ ဝိဂ္ဂါဟိကာယ ကထာယ=ဆန့်ကျင်ဘက်စကား ပြောကြားခြင်းသည်။ သတိ=ဖြစ်လတ်သော်။ ကထာဗာဟုလ္လံ=စကားကျယ်ပွား အလွန်များခြင်းကို။ ပါဋိကင်္ခံ=အလိုရှိအပ်၏။

စာစောက ပြောခဲ့တဲ့အတိုင်း "မင်း ဓမ္မဝိနယကို မသိပါဘူး၊ ငါသာ သိတာ" ဤသို့ စသည်ဖြင့် ဆန့်ကျင်ဘက်စကား ပြောကြားလို့ရှိယင် ကိုယ်က တစ်ဘက်သတ် ပြောနေပေမယ့် ဟို တစ်ဘက်ကလည်း ပါးစပ်မပါတာ မဟုတ်ဘူး၊ တစ်ဘက်က ပြန်ပြီး ချေပယင် သူက ချေပ+ ငါက ချေပ၊ တော်တော်ကြာတော့ စကားတွေ များကုန်ရော၊ အဲဒီလို ကထာဗာဟုလ္လ=စကားများယင် ဘာဖြစ်တတ်သလဲဆိုတော့ -

ကထာဗာဟုလ္လေ သတိ ဥဒ္ဓစ္စံ။

ကထာဗာဟုလ္လေ=သူပြော ကိုယ်ပြော နှစ်ဘက်ပြောနှင့် စကားတွေ ပြောများလတ်သည် ရှိသော်။ ဥဒ္ဓစ္စံ=ဥဒ္ဓစ္စသည်။ ဟောတိ=ဖြစ်လာ၏။

ဥဒ္ဓတဿ အသံဝရော=ဥဒ္ဓစ္စ ဖြစ်လာပြီဆိုလို့ရှိယင် ကာယသံဝရ၊ ဝစီသံဝရ ကာယကံ ဝစီကံတွေကို မစောင့်ထိန်းတော့ဘူး။

အသံဝုတဿ အာရာစိတ္တံ သမာဓိမှာ=ကာယကံ ဝစီကံကို မစောင့်စည်းတော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ ဥပစာရသမာဓိ၊

http:\\www.dhammadownload.com



အပ္ပနာသမာဓိ နှစ်ပါးတို့မှ ဝေးလေတော့၏။

ဒီစကားရပ်ကို ပုဂ္ဂိုလ်တို့နှင့် စကားနိုးနှော ပြောဆိုရာ၌ အပိုင်းအခြား စည်းကမ်းကလနား ထားဖို့ရန် မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

အေး ... သူတစ်ပါးကို တွေ့လို့ရှိယင် ထိုက်သလောက် တန်သလောက်တော့ စကားပြောရမယ်။ အဲဒီ စကားပြောဆိုမှု၌ စည်းကမ်းကလနား ထားပါ။ အခု ပြောခဲ့တဲ့ ဝိဂ္ဂါဟိကကထာဆိုတဲ့ ဆန့်ကျင်ဘက် စကားတွေကို မပြောပါနဲ့လို့ မြတ်စွာဘုရားက စကားပြောပုံနည်းလမ်းပေးတာ၊ ဒါက တစ်ရပ်။ ပြီး ရှေ့ဆက်ပြီး ဘာအမိန့် ရှိသလဲ ဆိုတော့ –

> နာ+ဟံ မောဂ္ဂလ္လာန သဗ္ဗေဟေဝ သံသဂ္ဂံ ဝဏ္ဏယာမိ။ န ပနာ+ဟံ မောဂ္ဂလ္လာန သဗ္ဗေဟေဝ သံသဂ္ဂံ န ဝဏ္ဏယာမိ။

> မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ အဟံ=လူသုံးပါးတို့ ဆရာ ဘုရားငါသည်။ သဗ္ဗေဟေဝ=အလုံးစုံတို့နှင့်သာလျှင်။ သံသဂ္ဂံ=နိုးနှောရောထွေးခြင်းကို။ န ဝဏ္ဏယာမိ=မချီးမွမ်း။ မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ အဟံ=လူသုံးပါးတို့၏ ဆရာ ဘုရားငါသည်။ သဗ္ဗေဟေဝ=အလုံးစုံတို့နှင့်သာလျှင်။ သံသဂ္ဂံ=နိုးနှောရောထွေးခြင်းကို။ န ပန န ဝဏ္ဏယာမိ=မချီးမွမ်းသည်လည်း မဟုတ်ပါ။

ချစ်သား ...၊ ငါဘုရားဟာ အားလုံးနဲ့ ရောနှောနေတာကိုလည်း မချီးမွမ်းဘူး၊ အားလုံးနဲ့ ရောနေတာကို မချီးမွမ်းဘူးလည်း မဟုတ်ဘူး၊ အေး ... ရောနှောခြင်း မှန်မှန်သမျှကို အကုန်လုံး ငါဘုရား ချီးမွမ်းတာ မဟုတ်ဘူး၊ ရောနှောခြင်း မှန်မှန်သမျှကို အကုန်လုံးလည်း ငါဘုရား မချီးမွမ်းတာလည်း မဟုတ်ဘူး။ မတော်သော ရောနှောခြင်းကိုတော့

http:\\www.dhammadownload.com



ငါဘုရား မချီးမွမ်းဘူး၊ သင့်လျော်သော ရောနှောခြင်းကိုတော့ ငါဘုရား ချီးမွမ်းတယ်၊ ဒီလို ဆိုလိုပါတယ်။ ဘယ်လို ရောနှောခြင်းမျိုးကို မြတ်စွာဘုရား မချီးမွမ်းသလဲ၊ ဆက်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

သဂဟဋ္ဌပဗ္ဗဇိတေဟိ ခေါ မောဂ္ဂလ္လာန သံသဂ္ဂံ န ဝဏ္ဏယာမိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ သဂဟဋ္ဌပဗ္ဗဇိတေဟိ= လူနှင့်တကွသော ရဟန်းတို့နှင့်။ ခေါ=စင်စစ်။ သံသဂ္ဂံ=စကားတွေ ဖောင်လောက်အောင်ပြော တသောသောနှင့် ရောနှော၍ နေခြင်းကို။ န ဝဏ္ဏယာမိ=ငါဘုရား မချီးမွမ်း။

ယောဂါဝစရ ပုဂ္ဂိုလ်ဆိုတာ လူတွေ ရဟန်းတွေ စကားတွေ ဖောင်ဖွဲ့ပြော တသောသောနဲ့ ရယ်မောနေခြင်းကို ငါဘုရား မချီးမွမ်းဘူး။ လိုရင်းကတော့ ပါပမိတ္တ သံသဂ္ဂကို ရှောင်ရမယ်လို့ ဆိုလိုရင်း ဖြစ်တယ်။ ဒါဖြင့်ယင် ကောင်းပြီ၊ အဲဒီလို ရောနှောမှုကို မြတ်စွာဘုရား မချီးမွမ်းယင် ဘယ်လို ရောနှောမှုကိုတော့ မြတ်စွာဘုရား ချီးမွမ်းသလဲ ဆိုတော့ –

ယာနိ စ ခေါ တာနိ သေနာသနာနိ အပ္ပသဒ္ဒါနိ အပ္ပနိဂ္ဃောသာနိ၊ ဝိဇနဝါတာနိ မနုဿရာဟသေယျကာနိ ပဋိသလ္လာနသာရုပ္ပါနိ၊ တထာရူပေဟိ သေနာသနေဟိ သံသဂ္ဂံ ဝဏ္ဏယာမိ။

ယာနိ စ ခေါ တာနိ သေနာသနာနိ=အကြင်ကျောင်းတို့သည်။

(ဘယ်လိုသဘော ရှိကြသလဲ။)

အပ္ပသဒ္ဒါနိ=လူသံကင်းဆိတ်ကုန်၏။ အပ္ပနိဂ္ဃောသာနိ=မြို့သံ +ရွာသံတို့မှ ကင်းကုန်၏။ ဝိဇနဝါတာနိ=သွားလာသူ လူတို့၏ လေမှ ကင်းဆိတ်ကုန်၏။ မနုဿရာဟသေယျကာနိ=လူတို့သည် (မင်းများ မသိအောင်) လျှို့ဝှက်သော ကိစ္စကို ပြုနိုင်ကုန်၏။

http:\\www.dhammadownload.com



ပဋိသလ္လာနသာရုပ္ပါနိ=သူတော်ကောင်းတို့အဖို့ရာ တစ်ကိုယ်တည်း ကိန်းအောင်းမွေ့ လျော်ဖို့ရန် လျော်ကန်၏။ တထာရူပေဟိ သေနာသနေဟိ=ထိုသို့သဘောရှိသော ကျောင်းတို့နှင့်။ သံသဂ္ဂ= ရောနှောမှုကို။ ဝဏ္ဏယာမိ= ငါဘုရား ချီးမွမ်း၏။

အင်္ဂါငါးချက် စုံပြည့်နက်သော ကျောင်း၌နေခြင်း၊ ကျောင်းနှင့် ရောနှောခြင်းကို ငါဘုရား ချီးမွမ်း၏။

အင်္ဂါငါးချက်ကား ...

(၁) အပ္ပသဒ္ဒ=လူသံကင်းဆိတ်ခြင်း၊

(၂) အပ္ပနိဂ္ဃောသ=မြို့သံ+ရွာသံတို့နှင့် မရောခြင်း၊

(၃) ဝိဇနဝါတ=အသွားအလာ လူတို့လေမှ ကင်းခြင်း၊

(၄) မနုဿရာဟသေယျက=လူများ မင်း အစရှိသော သူတို့ မသိအောင် လျှို့ဝှက်သော ကိစ္စကို ပြုချင်ယင် ပြုလုပ်နိုင်သည့် နေရာ ဖြစ်ခြင်း၊ (လျှို့ဝှက်အပ်တဲ့ ကိစ္စဆိုတာ မင်း စသော သူတို့ မသိအောင် ပုန်းလျှိုးကွယ်လျှိုး ပြုလုပ်အပ်တဲ့ အရက် ချက်ခြင်း စသော ကိစ္စမျိုးကို ဆိုသည်။)

(၅) ပဋိသလ္လာနသာရုပ္ပ=ရဟန်းတို့အဖို့ တစ်ကိုယ်တည်း ကိန်း အောင်းနေထိုင်ဖို့ သင့်လျော် လျောက်ပတ်ခြင်း။

ဤအင်္ဂါ ငါးချက်ကား သပ္ပာယဖြစ်၍ နေထိုက်သော တောရ ကျောင်း၏ အင်္ဂါ ငါးချက်တို့တည်း။

ဤမျှဖြင့် မြတ်စွာဘုရားသည် အရှင်မောဂ္ဂလ္လာန်အား ငိုက်မျဉ်းခြင်း ကင်းပျောက်ကြောင်းတရား ခုနစ်ပါးတို့ကိုလည်း ဟောပြီးပြီ၊ ဆွမ်းခံ သွားတဲ့အခါ ဒကာ ဒကာမတို့အပေါ် စိတ်ထားပုံကိုလည်း ဟောပြီးပြီ၊ သိတင်းသုံးဖော် သံဃာတော်တို့နှင့်တကွ ဒကာ ဒကာမတို့နဲ့တွေ့ယင် စကားပြောဖို့ စည်းကမ်းကလနားကိုလည်း ပြပြီးပြီ၊ ပြီးတော့ ရောနှော

http:\\www.dhammadownload.com



မှုနှင့် ပတ်သက်၍လည်း၊ မချိုးမွှမ်းအပ်သော ရောနှောမှု၊ ချိုးမွှမ်းအပ်သော ရောနှောမှု ဤနှစ်မျိုးကိုလည်း ဟောပြီးပြီဆိုယင် ဘုရားဘက်က တရားအဟော ရပ်သွားပြီ၊ ဘုရားဘက်က တရားအဟောရပ်မှ အရှင်မောဂ္ဂလ္လာန်က ဆက်ပြီး ဘာလျှောက်သလဲဆိုယင် –

ဧဝံ ဝုတ္တေ အာယသ္မာ မဟာမောဂ္ဂလ္လာနော ဘဂဝန္တံ ဧတဒဝေါစ။

ဤကဲ့သို့ မြတ်စွာဘုရား တရားဒေသနာအလျဉ် အစဉ်အတိုင်း ဟောပြီးတဲ့ အခါကျတော့ အရှင်မဟာမောဂ္ဂလ္လာန်က မြတ်စွာဘုရားကို ဤသို့ မေးမြန်းလျှောက်ထားတယ်။ (ဘယ်လိုလဲဆိုယင် ...)

ကိတ္တာဝတာ နု ခေါ ဘန္တေ သံခိတ္တေန တဏှာသင်္ခယဝိမုတ္တော ဟောတိ အစ္စန္တနိဋ္ဌော အစ္စန္တယောဂက္ခေမီ အစ္စန္တဗြဟ္မစာရီ အစ္စန္တပရိယောသာနော သေဋ္ဌော ဒေဝမနုဿာနံ။

(တစ်ပိုဒ်တည်း။ ဒီ ပြဿနာမျိုး ဟို နောက်ပိုင်း သိကြားမင်း သောတာပန် ဖြစ်ပြီးတဲ့အခါမှာ တစ်ချိန် မြတ်စွာဘုရားကို ဒီအတိုင်း မေးလျှောက်ဖူးတယ်။ အဲဒါက မဇ္ဈိမနိကာယ် မူလပဏ္ဏာသမှာ စူဠ–တဏှာသင်္ခယသုတ် ဆိုပြီး တစ်သုတ်ရှိတယ်။ အခုဟာက အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ် ရှင်မဟာမောဂ္ဂလ္လာန် ငိုက်မျဉ်းခြင်းကို အကြောင်းပြု၍ ဟောတဲ့ "ပစလာယမာနသုတ်"။)

**အနက်ကား ...။**

ဘန္တေ=ရှင်ပင်ဘုရား ...။ ကိတ္တာဝတာ=အဘယ်မျှသော အကျင့်ပဋိပတ်အစဉ်ဖြင့်။ ဘိက္ခု=ရဟန်းသည်။ သံခိတ္တေန= အကျဉ်းအားဖြင့်။ တဏှာသင်္ခယဝိမုတ္တော=တဏှာ၏အကြွင်းမဲ့ ကုန်ရာ နိဗ္ဗာန်၌ ညွတ်ကိုင်းသော စိတ်ရှိသည် (ဝါ) နိဗ္ဗာန်တည်းဟူသော အာရုံကို အာရုံပြု၍ ကိလေသာမှ လွတ်သော စိတ်ရှိ

http:\\www.dhammadownload.com



သည်။ အစ္စန္တနိဋ္ဌော=စင်စစ် ကေန် အမှန်ရဟန်းကိစ္စ ပြီးစီးခြင်း ရှိသူသည်။ အစ္စန္တယောဂက္ခေမီ= စင်စစ်ယောဂလေးတန် ကုန်ရာ မှန်သည့် နိဗ္ဗာန်တရား ရှိသည်။ အစ္စန္တဗြဟ္မစာရီ=စင်စစ် သာသနာ တည်းဟူသော မြတ်သောအကျင့် အမြဲမပြတ် ရှိသူသည်။ အစ္စန္တ ပရိယောသာနော=စင်စစ် သံသရာဝဋ်ဒုက္ခ အဆုံးရှိသူ (အဆုံးသို့ ရောက်သူ)သည်။ ဒေဝမနုဿာနံ=နတ်လူတို့တွင်၊ (ဝါ) နတ်လူ တို့၏ အတွင်း၌။ သေဋ္ဌော=အထူးတလည် ချီးမွမ်းအပ်သူသည်။ ဟောတိ=ဖြစ်ပါသနည်းဘုရား။

ရဟန္တာပုဂ္ဂိုလ်ကို တဏှာသင်္ခယဝိမုတ္တ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ ရဟန္တာပုဂ္ဂိုလ်သည် ဘာ့ကြောင့် တဏှာသင်္ခယဝိမုတ္တ ပုဂ္ဂိုလ် မည် သလဲ။ တဏှာ၏ ကုန်ရာ နိဗ္ဗာန်တည်းဟူသော အာရုံ၌ အမြဲညွတ် ကိုင်းသော စိတ်ရှိလို့။ (တစ်နည်း) နိဗ္ဗာန်ကို အာရုံပြုပြီး ကိလေသာတို့ အပြီးအပြတ် ကျွတ်လွတ်သော စိတ်ရှိလို့ ရဟန္တာပုဂ္ဂိုလ်သည်၊ "တဏှာ သင်္ခယဝိမုတ္တပုဂ္ဂိုလ်" မည်တယ်။

အဲဒီ ရဟန္တာပုဂ္ဂိုလ်မှ စင်စစ်ကေန် အမှန် ရဟန်းကိစ္စ ပြီးစီးခြင်း ရှိတဲ့ ပုဂ္ဂိုလ် (၁)။

အဲဒီ ရဟန္တာပုဂ္ဂိုလ်မှ အမြဲ ယောဂက္ခေမ ခေါ်တဲ့ နိဗ္ဗာန်ရှိနေတဲ့ ပုဂ္ဂိုလ် (၂)။

အမြဲ သာသနာတည်းဟူသော မြတ်သောအကျင့် ရှိနေတဲ့ ပုဂ္ဂိုလ်(၃)။

အမြဲတမ်း သံသရာဝဋ်ဒုက္ခ အဆုံးသို့ ရောက်နေတဲ့ ပုဂ္ဂိုလ်(၄) ဖြစ်တယ်။ ဒီတော့ -

၁။ တဏှာသင်္ခယဝိမုတ္တ

၂။ အစ္စန္တနိဋ္ဌ

၃။ အစ္စန္တယောဂက္ခေမ

http:\\www.dhammadownload.com



၄။ အစ္စန္တပြဟ္မစာရီ

၅။ အစ္စန္တပရိယောသာန -

ဆိုတာ ရဟန္တာပုဂ္ဂိုလ်ရဲ့ ဂုဏ်ငါးပါး ဖြစ်တယ်။

အဲဒီ ဂုဏ်ငါးပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာ ပုဂ္ဂိုလ်သည် နတ်လူတို့တွင် အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့် အရှင်မဟာမောဂ္ဂလ္လာန်က သံခိတ္တရုစိ ပုဂ္ဂိုလ်ပီပီ "မြတ်စွာဘုရား ...၊ အကျဉ်းချုပ်အားဖြင့် ရဟန္တာ ပုဂ္ဂိုလ်ရဲ့ ရှေ့ပိုင်း ပဋိပဒါ = ကျင့်ရမည့် အကျင့်ပဋိပတ်ကို တပည့်တော်အား ဟောပေးပါ"လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားကလည်း မဆိုင်းဘူး၊ ဟောလိုက်တယ်။

ဣဓ မောဂ္ဂလ္လာန ဘိက္ခုနော သုတံ ဟောတိ "သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာ"တိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ဣဓ=အံ့ဖွယ်ရှစ်ဖြာ ဤ ငါဘုရားသာသနာ၌။ ဘိက္ခုနော=ရဟန်းသည်။ (ယောဂါဝစရ ကိုယ်တော်သည်)။ "သဗ္ဗေ ဓမ္မာ=ခပ်သိမ်းဥဿုံ အလုံးစုံသော သက္ကာယတရားတို့သည်၊ (ဝါ) သက္ကာယတရားတို့ကို။ အဘိနိ-ဝေသာယ=တဏှာ+ဒိဋ္ဌိတို့ဖြင့် ငါ့ဥစ္စာ+ငါ့လိပ်ပြာ ဟူ၍ အလွဲလွဲ အမှားမှား နှလုံးသွင်းခြင်းငှာ။ နာ+လံ=မသင့်"။ ဣတိ=ဤသို့။ သုတံ=သုတမယဉာဏ်ဖြင့် ကြားနာအပ်ဖူးသည်။ ဟောတိ= ဖြစ်၏။

အကျဉ်းဟောတာနော်၊ မြတ်စွာဘုရားက -

"ချစ်သား မောဂ္ဂလ္လာန် ...၊ ဤသာသနာမှာ ယောဂါဝစရ ခေါ်ဆို ပုဂ္ဂိုလ်သူမြတ် တစ်ပါးသာ သဗ္ဗေ ဓမ္မာ နာ+လံ အဘိနိ-ဝေသာယ=ခပ်သိမ်းဥဿုံ အလုံးစုံသော သက္ကာယတရားတို့ဟာ အလွဲလွဲ အမှားမှား နှလုံးသွင်းဖို့ရန် မသင့်လျော်ဘူး ဆိုတဲ့ တရားအချက်ကို နာကြားဖူးတယ် ဆိုပါစို့"။

http:\\www.dhammadownload.com



(ရှင်မောဂ္ဂလ္လာန်က အကျဉ်းချုပ် ဟောပါဆိုလို့ မြတ်စွာဘုရားက အကျဉ်းဆုံး ဟောတာ ဖြစ်တယ်။)

ဧဝဋ္ဌေ+တံ မောဂ္ဂလ္လာန ဘိက္ခုနော သုတံ ဟောတိ "သဗ္ဗေ ဓမ္မာ နာ+လံ အဘိနိဝေသာယာ" တိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ဘိက္ခုနော=ရဟန်းသည်၊ (ဝါ) ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ဧဝံ=ဤသို့လျှင်။ "သဗ္ဗေ ဓမ္မာ နာ+ လံ အဘိနိဝေသာယာတိ=အလုံးစုံသော သင်္ခါရ တရားတို့ကို အလွဲလွဲ အမှားမှား နှလုံးသွင်းရန်မသင့်" ဟူသော။ ဧတံ=ဤစကားကို။ သုတံ= သုတမယဉာဏ်ဖြင့် အဖန်ဖန် ကြားနာအပ်ဖူးသည်။ ဧ ဟောတိ= အကယ်၍ ဖြစ်ငြားအံ့။

သဗ္ဗေ ဓမ္မာ–ဆိုတဲ့ နေရာမှာ ဒီသဗ္ဗကို သင်္ခါရသဗ္ဗလို့ ခေါ်တယ်။ သဗ္ဗေ ဓမ္မာ အနတ္တာမှာ ပါတဲ့ သဗ္ဗမျိုး မဟုတ်ဘူး။ ယခု သဗ္ဗက ရဟန္တာပုဂ္ဂိုလ်ရဲ့ ပုဗ္ဗဘာဂပဋိပဒါ ဝိပဿနာကို ဟောချင်တော့ ဝိပဿနာ၏ အာရုံဖြစ်တဲ့ တရားကို ဟောမှာမို့ ဤနေရာ၌ သဗ္ဗေ ဓမ္မာ အရကို –

"သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာ ဒွါဒသာယတနာနိ အဋ္ဌာရသ–ဓာတုယော"

ဟု အဋ္ဌကထာမှာ ဖွင့်ပြတယ်။ သင်္ခါရသဗ္ဗလို့ ခေါ်တယ်။ ပဉ္စက္ခန္ဓာ ဆိုသော်လည်းပဲ လောကုတ္တရာ အရော ခန္ဓာကို မဆိုလိုဘူး။ ဘာလဲ ဆိုတော့ လောကီ ဥပါဒါနက္ခန္ဓာငါးပါး အာယတန အရကလည်းပဲ လောကီအာယတန၊ ဓာတ်အရကလည်းပဲ လောကီဓာတ် တစ်ဆယ့်ရှစ်ပါးတို့ကို ဆိုလိုတယ်။

အဲဒီ သဗ္ဗေ ဓမ္မာ ဆိုတဲ့ စကားဖြင့် ဉာဏ်ပညာ ထက်မြက်တဲ့ ပုဂ္ဂိုလ်များအဖို့ ဥပါဒါနက္ခန္ဓာငါးပါး၊ ဉာဏ်ပညာ အလယ်အလတ် ရှိတဲ့ ပုဂ္ဂိုလ်များအဖို့ လောကီအာယတန တစ်ဆယ့်နှစ်ပါး၊ ဉာဏ်ပညာ

http:\\www.dhammadownload.com



နဲ့သော ပုဂ္ဂိုလ်များအဖို့ လောကီစိတ် တစ်ဆယ့်ရှစ်ပါး၊ အဲဒီတရားများကို နိစ္စ သုခ အတ္တဟု အလွဲလွဲ ရှုမျှော်လို့ မသင့်လျော်ဘူး။ ဘာ့ကြောင့် မသင့်လျော်တုန်းဆိုယင် ကိုယ်က နှလုံးသွင်းပေမယ်လို့ နှလုံးသွင်းတဲ့ အခြင်းအရာနဲ့ သူက မတည်ဘူး။ ဆိုကြပါစို့၊ ခန္ဓာငါးပါး ရှိရာတွင် ရုပ်ကို (သို့မဟုတ်) ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဏ်ကို ဒီငါးမျိုး တစ်မျိုးမျိုးကို စိတ်ထဲက ပရမတ္ထမျက်စိနဲ့ မြင်အောင်ကြည့်၊ အဲဒီ မိမိဉာဏ်ထဲမှာ နာမရူပပရိဂ္ဂဟဉာဏ်နဲ့ သိမ်းဆည်း၍ သိလာတဲ့ ရုပ်နာမ်တရားကို ခန္ဓာဖွဲ့၍ပဲ ဖြစ်ဖြစ်၊ အာယတနဖွဲ့၍ပဲ ဖြစ်ဖြစ်၊ ဓာတ်ဖွဲ့၍ပဲ ဖြစ်ဖြစ် ဟို ဝိပဿနာသွားတဲ့အခါ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆင်ခြင်ပြီးတော့ ဝိပဿနာ ပွားရတယ်။

အဲဒီလို ပွားရတော့ မိမိက ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မို့ ခန္ဓာအနေနဲ့ နှလုံးသွင်းတဲ့အခါ ရူပက္ခန္ဓာကို နိစ္စ သုခ အတ္တလို့ ကိုယ်က နှလုံးသွင်း စွဲမှတ်ပေမယ့် နှလုံးသွင်းနေတုန်း မှတ်နေတုန်းမှာပဲ ဟိုရုပ်က အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပြီ ဆိုကြပါစို့၊ ပုဂ္ဂိုလ်တစ်ယောက်က စက္ခုပသာဒ ဆိုတဲ့ မျက်စိအကြည်ရုပ်ကလေးတွေကို လက်ညှိုးထိုးပြီး "ဟောဒါ ငါကွ၊ ငါကွ"လို့ ပြောတတ်တယ်။ တချို့က ရင်ဘတ်ကို ဝါ-နှစ်လုံး အိမ်=ဟဒယဝတ္ထုဆီကို လက်ညှိုးထိုးပြီးတော့ "ဟောဒါ ငါကွ၊ ငါကွ" လို့ ပြောတတ်တယ်။ တချို့ကတော့လည်း နားကို ထိုးပြပြီးတော့ "ဒါ ငါကွ၊ ငါကွ"လို့ ပြောတတ်တယ်။ အဲဒီအခါမှာ "ဩော်...သူကား မျက်စိကို ငါစွဲနေတယ်၊ နားကို ငါစွဲနေတယ်၊ ယဒယဝတ္ထု သို့မဟုတ် စိတ်ကို ငါစွဲနေတယ်၊ အဲဒီလို သိရမယ်။ ကိုယ်ကသာ ငါကွ၊ ငါကွလို့ ဆိုနေတုန်းရှိသေး၊ ဟိုက သူလက်ညှိုးထိုးပြတဲ့ တရားက ခဏနိရောဓ အနေနဲ့ ချုပ်သွားပြီ၊ သူကသာ ပြောနေတယ်၊ ဟိုတရားက မရှိတော့ဘူး။ အဲဒါကြောင့် နိစ္စကြီး ထင်ပြီးတော့ စွဲနေပေမယ့် သူကထင်တဲ့ အခြင်းအရာနဲ့ မတည်၊ အနိစ္စသဘော ရွေ့လျောသွားတယ်။ မိမိက

http:\\www.dhammadownload.com



သုခထင်ပြီး စွဲနေပေမယ့် သူက သုခအဖြစ်နဲ့ မတည်၊ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံနေရတဲ့ ဒုက္ခသမား အနေနဲ့ ဆင်းရဲနေတယ်။ မိမိက ငါပိုင်တယ်၊ ငါနိုင်တယ်၊ ကာလမြင့်ရှည် တည်လိမ့်မယ်လို့ ဒီလိုထင်နေပေမယ့် ထင်တာနဲ့ ဟို ပရမတ္ထတရားတွေ ဖြစ်နေတာနဲ့ တခြားစီ၊ မစိုးပိုင်ဘူး။ ကိုယ့်ရုပ် ကိုယ့်နာမ်ကို ကိုယ်မပိုင်ဘူး။ တကတဲ လောကပညတ်မှာက "ငါ့ကိုယ် ငါပိုင်သကွ"လို့ ပြောတာ၊ တကယ် ပရမတ္ထ နယ်ပယ်ကျတော့ ရုပ်နာမ်ကို ပိုင်လို့ မရဘူး၊ သူ့ဘာသာသူ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန် တန်ပျက်။ ငါပိုင်လို့ရှိယင် "ပျက်ချိန် မပျက်နဲ့"လို့ အပိုင်စကား ပြောကြည့်စမ်းပါလား၊ တစ်ခုမှ မရဘူး၊ ဘယ်သူမှ မျက်စိ မမှုန်ချင်ဘူး၊ မမှုန်နဲ့ဟလို့ ပြောပါလား၊ ဘယ်ရမလဲ၊ အသက်ကြီးလာယင် မှုန်ချင် မှုန်တာပဲ။ ဘယ်သူကမှ နား မလေးချင်ဘူး၊ မလေးနဲ့ဟလို့ ပြော၊ ရမလား၊ မရဘူး။

အဲဒီတော့ ရှင်မောဂ္ဂလ္လာန်က ကျဉ်းကျဉ်း ဟောပါလို့ဆိုတော့ မြတ်စွာဘုရားက "ချစ်သား ...၊ ဉာဏ်ထက်သော ပုဂ္ဂိုလ်အတွက် ဥပါဒါနက္ခန္ဓာငါးပါး၊ ဉာဏ်အလယ်အလတ်သမားအတွက် လောကီ အာယတန တစ်ဆယ့်နှစ်ပါး၊ ဉာဏ်အနုံ့သမားအတွက် လောကီဓာတ် တစ်ဆယ့်ရှစ်ပါး၊ အဲဒီတရားတွေကို နိစ္စ သုခ အတ္တလို့ နှလုံးမသွင်းနဲ့ မသင့်လျော်ဘူး"လို့ သုတမယဉာဏ်နဲ့ အဖန်ဖန် ကြားနာပြီးပြီဆိုယင်-

သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ။ (စိန္တာမယဉာဏ်)

သော=ထို ယောဂါဝစရပုဂ္ဂိုလ်သည်။ သဗ္ဗံ ဓမ္မံ=အလုံးစုံသော သက္ကာယခေါ်တဲ့ လောကီ ရုပ်နာမ်တရားကို။ အဘိဇာနာတိ=ဉာတပရိညာဖြင့် ထူးထူးချွန်ချွန် သိ၏။ (ဘာကိုဆိုသလဲ)။

(၁) သီလဝိသုဒ္ဓိ=ရုပ်နာမ်အသိ မရောက်သေးဘူး။ ပထမ ကိုယ်ကျင့်သီလ စင်ကြယ်ရမယ်။

http:\\www.dhammadownload.com



(၂) စိတ္တဝိသုဒ္ဓိ=မိမိစိတ်ကို နီဝရဏတို့မှ စင်ကြယ်အောင် သမာဓိ အလုပ်ကို လုပ်ရတယ်။ သမာဓိအလုပ် လုပ်လို့ ဥပစာရ သမာဓိ (သို့မဟုတ်) အပ္ပနာသမာဓိသို့ ရောက်လာတဲ့အခါကျ တော့ မိမိသန္တာန်၌ နီဝရဏတရားတို့ ကင်းကွာသွားကြတယ်။ အဲဒီ နီဝရဏ ကင်းကွာတဲ့အခါကို စိတ္တဝိသုဒ္ဓိလို့ ခေါ်တယ်။

(၃) ဒိဋ္ဌိဝိသုဒ္ဓိ=ရုပ်နာမ်တရားကို သိမ်းဆည်းတဲ့ နာမရူပပရိစ္ဆေဒ ဉာဏ်။

(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ=နာမ်ရုပ်တရားကို အကြောင်းနှင့် ကိုင် ပြီးတော့ သိမ်းဆည်းတဲ့ ဉာဏ်ပေါ်လာယင် ကင်္ခါယုံမှား ဆယ့်ခြောက်ပါးကို ပယ်ရှားလွန်မြောက်တယ်။ ဒါ့ကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိလို့ ခေါ်တယ်။ အဲဒီ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှစ်ပါးကို ဉာတပရိညာ လို့ ခေါ်တယ်။ ဝိသုဒ္ဓိ စကားပြောယင် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ၊ ဉာဏ်ပညာ စကားပြောယင် နာမရူပပရိစ္ဆေဒ ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်ပြီဆိုယင်ဖြင့် အဲဒါ ဉာတ ပရိညာတဲ့၊ ရုပ်နာမ်နှစ်ပါးကို စိန္တာမယဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တလို့ သိတဲ့ အသိဉာဏ်ကို "အဘိဇာနာတိ" လို့ မြတ်စွာ ဘုရား ဟောတော်မူတယ်။

သဗ္ဗံ ဓမ္မံ အဘိညာယ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ။

သော=ထို ယောဂါဝစရပုဂ္ဂိုလ်သည်။ သဗ္ဗံ ဓမ္မံ=ခပ်သိမ်းသော အလုံးစုံသော တေဘူမက ဝိပဿနာစာရဖြစ်တဲ့ ရုပ်နာမ်တရားကို။ အဘိညာယ = ဉာတပရိညာ စခန်းဖြင့် ခွဲခြမ်းစုံလင် သိမြင်ပြီး လတ်သော်။ သဗ္ဗံ ဓမ္မံ = ခပ်သိမ်းဥဿုံ အလုံးစုံသော တေဘူမက ဝိပဿနာစာရဖြစ်တဲ့ ရုပ်နာမ်တရားကို။ ပရိဇာနာတိ=တီရဏ

http:\\www.dhammadownload.com



ပရိညာ ဝိပဿနာဉာဏ်ဖြင့် ထက်ဝန်းကျင် အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ ခွဲခြမ်းသိမြင်၏။

အဲဒီ ဒုတိယစာပိုဒ်ဖြင့် တီရဏပရိညာလို့ ခေါ်တဲ့ ဝိပဿနာဉာဏ် ဆယ်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ချစ်သား မောဂ္ဂလ္လာန် ...၊ ပထမ သုတမယဉာဏ်ဖြင့် ရုပ်နာမ်နှစ်ပါး တေဘူမက သင်္ခါရတရားတို့ကို နိစ္စ သုခ အတ္တဟု နှလုံးမသွင်းသင့်သည်ကို သိပြီးတဲ့နောက် ဒီ ရုပ်နာမ်နှစ်ပါးကို နာမရူပပရိဂ္ဂဟဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတည်းဟူသော စိန္တာမယဉာဏ်အဆင့်ရောက်အောင် တက်၍ ထို ဉာဏ်အခိုက်မှာ ရုပ်နာမ်နှစ်ပါးတို့၏ အနိစ္စ ဒုက္ခ အနတ္တ အသိဉာဏ်မျိုးစ၍ ပျိုးပြီ။ (ဘာဝနာမယဉာဏ်တော့ မဟုတ်သေး။) အဲဒီလို သိတာမျိုးကို တီရဏပရိညာလို့ ခေါ်တယ်။ အဲဒီ နာမရူပပရိဂ္ဂဟဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့မှ အထက်တက်ပြီးတော့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမဉာဏ်တိုင်အောင်သော အထက်ဝိပဿနာဉာဏ် ဆယ်ပါးတို့ကိုတော့ တီရဏပရိညာလို့ ခေါ်တယ်။ အနိစ္စအမှန်၊ ဒုက္ခအမှန်၊ အနတ္တအမှန်ဟု ဆုံးဖြတ်တဲ့ အသိဉာဏ်ဖြစ်လို့ အဲဒီ အထက် ဝိပဿနာဉာဏ် ဆယ်ပါးကို တီရဏပရိညာလို့ ခေါ်တယ်။ တီရဏပရိညာဖြင့် ဝိပဿနာဉာဏ် ဆယ်ချက်တက်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပွားများကြိုးကုတ် အားထုတ် နေခိုက်မှာ ဘာဖြစ်တတ်သလဲဆိုတော့-

သဗ္ဗံ ဓမ္မံ ပရိညာယ ယံ ကိဉ္စိ ဝေဒနံ ဝေဒိယတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။

(ဘာဆိုလိုသလဲ။)

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ သော=ထို ယောဂါဝစရ ပုဂ္ဂိုလ်သည်။ သဗ္ဗံ ဓမ္မံ=ခပ်သိမ်းဥဿုံ အလုံးစုံသော တေဘူမက

http:\\www.dhammadownload.com



သင်္ခါရတရားကို။ ပရိညာယ=တီရဏပရိညာဖြင့် ကောင်းစွာသိမြင်၍၊ (ဝါ) သိမြင်နေတုန်း။

(ဝိပဿနာအလုပ် အားထုတ်နေဆဲကို ဆိုလိုတယ်။ အဲဒီ အားထုတ်နေဆဲမှာ–)

သုခံ ဝါ ဝေဒနံ=သုခဝေဒနာကိုပဲ ဖြစ်ဖြစ်။ ဒုက္ခံ ဝါ ဝေဒနံ=ဒုက္ခဝေဒနာကိုပဲ ဖြစ်ဖြစ်။ အဒုက္ခ မသုခံ ဝါ ဝေဒနံ=ဥပေက္ခာဝေဒနာကိုပဲ ဖြစ်ဖြစ်။ ယံ ကိဉ္စိ=အမှတ်မထား တစ်ပါးပါးသော ဝေဒနာကို။ ဝေဒိယတိ=ခံစားတယ် ဆိုပါစို့။

တီရဏပရိညာ ဝိပဿနာဉာဏ်ဆယ်ပါး ပွားများနေတုန်း အဲဒီ ယောဂါဝစရ ပုဂ္ဂိုလ်သည် သုခဝေဒနာကို၊ သို့မဟုတ် ဒုက္ခဝေဒနာကို၊ သို့မဟုတ် ဥပေက္ခာဝေဒနာကို ခံစားတယ် ဆိုပါစို့။ (တရားနာ သူတော်ကောင်းတို့ ...) စကားဟာ သဗ္ဗံ ခမ္ဘလို့ ရုပ်နာမ်ကို ပြောရာက ယံ ကိဉ္စိ ဝေဒနံ–လို့ ဝေဒနာကို လှည့်သွားတယ်။ ဘာကြောင့် ဝေဒနာကို ပြန်လှည့်ဟောရတာလဲလို့ မြတ်စွာဘုရား အပေါ်မှာ စောဒက တက်စရာ ရှိတယ်။ အဖြေကတော့ –

ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလ္လာန်တို့က ဉာဏ်ကြီးရှင်တွေဖြစ်လို့ ရုပ်ကမ္မဋ္ဌာန်းထက် နာမ်ကမ္မဋ္ဌာန်းကို နှစ်သက်ကြတယ်။ နာမ်ကမ္မဋ္ဌာန်းမှာလည်းပဲ ရှင်သာရိပုတ္တရာ ကျွတ်တမ်းဝင်တော့လည်း ဝေဒနာကမ္မဋ္ဌာန်းပဲ။ ယခုလည်းပဲ မြတ်စွာဘုရားက ရှင်မောဂ္ဂလ္လာန်ကို ဝေဒနာဘက် လှည့်ပြီးတော့ ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းကို ညွှန်ပြတော်မူတယ်။

ချစ်သား မောဂ္ဂလ္လာန်၊ ယောဂါဝစရ ပုဂ္ဂိုလ်ဟာ တေဘူမက သင်္ခါရ ဆိုတဲ့ ဝိပဿနာရဲ့ ကျက်စားရာတရားကို တီရဏပရိညာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆုံးဆုံးဖြတ်ဖြတ် သိမြင်နေတုန်း သုခဝေဒနာကို သို့မဟုတ် ဒုက္ခဝေဒနာကို၊ သို့မဟုတ် ဥပေက္ခာဝေဒနာကို ခံစားတယ်

http:\\www.dhammadownload.com



ဆိုပါစို့။ ခံစားနေတယ် ဆိုတာက အရပ်က သဘောကျအောင် ပြောတာ၊ အမှန်ကတော့ အဲဒီတရား အားထုတ်နေတုန်း ယောဂါဝစရ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကြောင်းအားလျော်စွာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ တစ်ပါးပါး ဖြစ်ပေါ်လာပြီ ဆိုပါစို့။ ဖြစ်ပေါ်လာယင် ဘာလုပ်ရမလဲ။

သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ၊ ဝိရာဂါ-နုပဿီ ဝိဟရတိ၊ နိရောဓာနုပဿီ ဝိဟရတိ၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။

သော=ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ တာသုဝေဒနာသု=ထိုဖြစ်ပေါ်လာသော ဝေဒနာတို့၌။ အနိစ္စာနုပဿီ=အနိစ္စဟု အဖန်ဖန် ရှုသည် ဖြစ်၍။ ဝိဟရတိ=နေ၏။ ဝိရာဂါနုပဿီ="ဟော ယခုပဲ ကုန်ကင်းသွားပြီ"ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ=နေ၏။ နိရောဓာနုပဿီ="ငါ ကြည့်နေတုန်း ဒီဝေဒနာတရား ချုပ်သွားပြီ"ဟု အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတိ=နေ၏။ ပဋိနိဿ-ဂ္ဂါနုပဿီ="ငါ ကြည့်နေတုန်း ဒီဝေဒနာရဲ့ ဝေဒယိတ သဘော= ခံစားမှု သဘောကလေး စွန့်သွားပြီ"ဟု အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ=နေ၏။ (၄ ချက်)

မိမိသန္တာန်၌ ဝေဒနာဖြစ်လာယင် အဲဒီ ဝေဒနာကို "ဝေဒနာသည် ဖြစ်ပြီးလျှင် ပျက်သောကြောင့် အနိစ္စပါတကား"။ အဲဒီလို ရှုတာက အနိစ္စာနုပဿနာလို့ ခေါ်တယ်။

ဝေဒနာသည် ဘင် ခဏသို့ ရောက်တဲ့အခါ ခံစားမှုသဘောသည် ဒီခန္ဓာကိုယ်မှ ကင်းကွာ သွားတယ်။ ဒါကို "ဒီ ဝေဒနာရဲ့ ခံစားမှု သဘောသည် ယခုပင် ကင်းကွာသွားပြီ"။ အဲဒီလို ရှုတာကို ဝိရာဂါနုပဿနာလို့ ခေါ်တယ်။

http:\\www.dhammadownload.com



အဲဒီ ကင်းတယ်ဆိုတာနဲ့ ချုပ်သွားပြီဆိုတာ အတူတူပဲ။ "ခံစားမှု သဘော ချုပ်သွားပြီ"လို့ ရှုတာကို နိရောဓာနုပဿနာလို့ ခေါ်တယ်။

"ဝေဒနာသည် မိမိရဲ့ ခံစားမှုသဘောကို စွန့်သွားပြီ"လို့ ရှုတာကို ပဋိနိဿဂ္ဂါနုပဿနာလို့ ခေါ်တယ်။

လောကီ ဝိပဿနာအခိုက်မှာ ယခုလိုပဲ အနိစ္စာနုပဿီ၊ ဝိရာဂါ-နုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီတို့အရ ကောက်ယူရပါမယ်။ အဲဒီလို ရှုဖန်များတော့ အရိယမဂ်ဉာဏ် ရောက်လာလိမ့်မယ်။ အရိယမဂ်ဉာဏ် ရောက်လာတဲ့အခါကျတော့ -

သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟာရန္တော၊ ဝိရာဂါ-နုပဿီ ဝိဟာရန္တော၊ နိရောဓာနုပဿီ ဝိဟာရန္တော၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟာရန္တော၊ န ကိဉ္စိ လောကေ ဥပါဒိယတိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ သော=ထို ယောဂါဝစရ ပုဂ္ဂိုလ်သည်။ တာသု ဝေဒနာသု=ထိုဝေဒနာတို့၌။

(သုခ ဝေဒနာဖြစ်ယင် သုခဝေဒနာကို၊ ဒုက္ခဝေဒနာဖြစ်ယင် ဒုက္ခ ဝေဒနာကို၊ ဥပေက္ခာ ဝေဒနာဖြစ်ယင် ဥပေက္ခာ ဝေဒနာကို)

အနိစ္စာနုပဿီ=အနိစ္စဟု အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟာရန္တော= နေသည်ရှိသော်။ ဝိရာဂါနုပဿီ=ဝိပဿနာ ခဏ၌ ဝေဒနာ၏ ကင်းခြင်း၊ မဂ်ခဏ၌ အစ္စန္တဝိရာဂခေါ်တဲ့ နိဗ္ဗာန်ကို အဖန်ဖန် ရှုသည်ဖြစ်၍။ (မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုတယ်။)

ဝိဟာရန္တော=နေလတ်သော်။ နိရောဓာနုပဿီ=ဝိပဿနာ အခိုက်အတန့်၌ ခဏနိရောဓ၊ မဂ်ဉာဏ်အခိုက်အတန့်၌ အစ္စန္တ နိရောဓ ခေါ်တဲ့ နိဗ္ဗာန်ကို အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟာရန္တော=နေ လတ်သော်။ ပဋိနိဿဂ္ဂါနုပဿီ=ဝိပဿနာအခိုက်၌ ဝေဒနာ၏ မိမိရဲ့ ဝေဒယိတ သဘောကို စွန့်သွားမှု မဂ်ခဏ၌ နိဗ္ဗာန်ကို

http:\\www.dhammadownload.com



သက်ဝင်သောအား အာရုံပြု၍၊ သက်ဝင်သောအား အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရန္တော=နေလတ်သည် ရှိသော်။ လောကေ= သင်္ခါရလောက ရုပ်နာမ်ဓမ္မ၌။ ကိဉ္စိ=တစုံတခုသော သင်္ခါရ တရားကိုမျှ။ န ဥပါဒိယတိ=တဏှာဖြင့် မစွဲလမ်းတော့ချေ။

အနိစ္စ၊ ဝိရာဂ၊ နိရောဓ၊ ပဋိနိဿဂ္ဂလို့ဆိုတဲ့ မမြဲတဲ့ သဘောပါ တကား။ ကင်းကွာသွားပါပကော၊ ချုပ်သွားပါပကော၊ မိမိသဘောကို စွန့်သွားပါပကောလို့ အဲဒီလို ရှုလို့ရှိယင် ရုပ် နာမ် ဓမ္မ သင်္ခါရ လောက ထဲမှာ ဘယ်သင်္ခါရကိုမှ ငါ့ဥစ္စာလို့ တဏှာနဲ့ မစွဲယူတော့ဘူး။ မဂ်ခဏ ကျတော့ သမုစ္ဆေဒပဟာန်ဖြင့် တဏှာကို ပယ်တယ်။ ဝိပဿနာခဏကျ တော့ တဒင်္ဂပဟာန်နဲ့ တဏှာကို ပယ်လို့ တဏှာစွဲ မစွဲတော့ဘူး။ တဏှာနဲ့ မစွဲယင် ဒိဋ္ဌိစွဲကော၊ တဏှာနဲ့မှ မစွဲယင် ဒိဋ္ဌိက စွဲစရာကို မရှိတော့ဘူး။ ဒါကြောင့် တဏှာစွဲကိုသာ ဦးတည်ပြီးတော့ မြတ်စွာ ဘုရား ဟောတော်မူတယ်။

အနုပါဒိယံ န ပရိတဿတိ။

အနုပါဒိယံ=တဏှာဖြင့် မစွဲယူလတ်သည်ရှိသော်။ န ပရိ- တဿတိ=ထက်ဝန်းကျင် မတောင့်တတော့။

ဒီ တေဘူမက သင်္ခါရ အာရုံတွေကို တဏှာနဲ့ မတောင့်တလို့ရှိယင် (ဝါ) တောင့်တတဲ့ တဏှာ မိမိသန္တာန်မှာ မဖြစ်ယင် တေဘူမက ဝဋ္ဋဂါမိ ကံကို မိမိမပြုတော့ဘူး။ ဝဋ္ဋဂါမိကံကို ပြုတာက တဏှာနဲ့ တေဘူမက တရားတွေကို ဒုက္ခမှန်းမသိဘဲ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အလွဲလွဲ မှတ်ထင် ပြီးတော့ ငါဟဲ့၊ ငါ့ဥစ္စာဟဲ့ စသည် တဏှာစွဲရှိလို့ ဒီတဏှာစွဲကြောင့် တေဘူမက တရားတွေကို တောင့်တတာ၊ တဏှာစွဲမှ မရှိဘူးဆိုယင် တေဘူမက တရားတွေကို ဘာကိုမှ မတောင့်တတော့ဘူး။

http:\\www.dhammadownload.com



အပရိတသံ ပစ္စတ္တညေ၀ ပရိနိဗ္ဗာယတိ။

အပရိတသံ=တဏှာဖြင့် တစုံတခုသော သင်္ခါရကိုမှ မတောင့်တသည်ရှိသော်။ ပစ္စတ္တညေ၀=အသီးအခြားသာလျှင်(ဝါ) ကိုယ်ပိုင်ကိုယ်တိုင်သာလျှင်။ ပရိနိဗ္ဗာယတိ=ကိလေသ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း အပ္ပဇာတတ် သိမ်းလေတော့၏။

တဏှာတောင့်တမှုသာ ပြတ်ယင် ကိလေသပရိနိဗ္ဗာန် တစ်ခါထဲ ဝင်စံသွားရောတဲ့။ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်တာကို ပြောတာနော်။ ကိလေသ ပရိနိဗ္ဗာန် စံပြီဆိုယင် ရဟန္တာဖြစ်ပြီ။

ရဟန္တာဖြစ်ယင် အဲဒီ ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ -

ခီဏာ ဇာတိ=“သြော် ... ငါ့အဖို့ရာ ဘ၀ ပဋိသန္ဓေ ကုန်ပြီ”

အဲဒီလိုသိတဲ့ ပစ္စဝေက္ခဏာဉာဏ် တစ်မျိုး။

ဝုသိတံ ဗြဟ္မစရိယံ=“ငါသည် မဂ်တည်းဟူသော မြတ်သော အကျင့်ကို အပြီးအဆုံး ကျင့်သုံးအပ်လေပြီ”

လို့ သိတဲ့ ပစ္စဝေက္ခဏာဉာဏ် တစ်မျိုး။

ကတံ ကရဏီယံ=မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါးကို “ငါကား ပြုအပ်ပြီးပြီ”

လို့ သိတဲ့ ပစ္စဝေက္ခဏာဉာဏ် တစ်မျိုး။

နာ+ပရံ ဣတ္ထတ္တာယ=နောက်ထပ်တစ်ဖန် မဂ်ကိစ္စအတွက် “ငါ့မှာ အလုပ်လုပ်ဖွယ် မရှိတော့ဘူး”

လို့ သိတဲ့ ပစ္စဝေက္ခဏာဉာဏ်တစ်မျိုး။ ပစ္စဝေက္ခဏာဉာဏ်လေးမျိုးကို ဟောတော်မူတယ်။

မဂ်ကို ဆင်ခြင်တယ်၊ ဖိုလ်ကို ဆင်ခြင်တယ်၊ နိဗ္ဗာန်ကို ဆင်ခြင်တယ်၊ ပယ်ပြီး ကိလေသာကို ဆင်ခြင်တယ်ဆိုတာက **“မူလ ပစ္စဝေက္ခဏာဉာဏ် လေးပါး”** ဖြစ်တယ်။ အဲဒါက အရဟတ္တမဂ် အရဟတ္တ

http:\\www.dhammadownload.com



ဖိုလ်ပေါက် ရောက်ပြီးပြီးချင်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ပယ်ပြီး ကိလေသာတို့ ကို ဆင်ခြင်တဲ့ မူလ ပစ္စဝေက္ခဏာဉာဏ် လေးပါး၊ ယခု ပြောနေတာက အဲဒီ ပစ္စဝေက္ခဏာတွေ အောင်မြင်ပြီးတဲ့နောက်၊ ရဟန္တာဖြစ်ပြီးတဲ့ နောက် -

၁။ ဩော် ... ငါ့မှာ ဘဝပဋိသန္ဓေ ကုန်ပြီ။

၂။ ငါကား မဂ်တည်းဟူသော မြတ်သောအကျင့် အပြီးအဆုံး ကျင့်သုံးအပ် ပြီးလေပြီ။

၃။ ငါကား မဂ်ကိစ္စ ၁၆ ပါးကို အလုံးစုံ ပြုအပ်ပြီးလေပြီ။

၄။ နောက်တစ်ဖန် မဂ်ကိစ္စအတွက် အလုပ်လုပ်ရန် မရှိတော့ပြီ။

အဲဒီလို သိတဲ့ ပရမ္မရပစ္စဝေက္ခဏာဉာဏ် လေးပါးတို့ကို မြတ်စွာ ဘုရား ဟောတော်မူခြင်း ဖြစ်တယ်။

ပြီးတော့မှ မြတ်စွာဘုရားက ဒေသနာနိဂုံး အနေနဲ့ -

ဧတ္တာဝတာ ခေါ မောဂ္ဂလ္လာန ဘိက္ခု သံခိတ္တေန တဏှာသင်္ခယ ဝိမုတ္တော ဟောတိ အစ္စန္တနိဋ္ဌော အစ္စန္တယောဂက္ခေမီ အစ္စန္တဗြဟ္မစာရီ အစ္စန္တပရိယောသာနော သေဋ္ဌော ဒေဝမနုဿာနန္တိ-လို့ ဟောတော် မူတယ်။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ ဧတ္တာဝတာ=ဤမျှ သော ဆိုခဲ့ပြီးသော သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယ ဉာဏ် တည်းဟူသော ပဋိပတ်လမ်းစဉ်ဖြင့်။ ခေါ=စင်စစ်။ ဘိက္ခု= ယောဂါ ဝစရ ရဟန်းသည်။ သံခိတ္တေန=အကျဉ်းအားဖြင့်။ တဏှာ သင်္ခယဝိမုတ္တော=တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ ညွတ်ကိုင်းသော စိတ် ရှိတဲ့ ရဟန္တာ ပုဂ္ဂိုလ်သည်။ အစ္စန္တနိဋ္ဌော=စင်စစ် မဂ်ကိစ္စပြီးပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ အစ္စန္တဗြဟ္မစာရီ=အမြဲ သာသနာ တည်းဟူ သော မြတ်သောအကျင့်ကို ကျင့်သော ရဟန္တာ ပုဂ္ဂိုလ်သည်။ အစ္စန္တယောဂက္ခေမီ= စင်စစ် ယောဂလေးတန် ကုန်ရာမှန်သည့်

http:\\www.dhammadownload.com



နိဗ္ဗာန်တရားရှိသော ရဟန္တာ ပုဂ္ဂိုလ်သည်။ အစ္စန္တပရိယောသာနော= စင်စစ် သံသရာဝဋ်ဒုက္ခ အဆုံး ရှိသော ရဟန္တာပုဂ္ဂိုလ်သည်။ ဒေဝမနုဿာနံ=နတ်လူတို့တွင်။ သေဋ္ဌော =အထူးသဖြင့် ချီးမွမ်း အပ် မြတ်သော ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ= ဖြစ်လေတော့၏။

အဲဒီလို ရှင်မောဂ္ဂလ္လာန်မေးတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ ဂုဏ်တွေ မေးတဲ့ ပြဿနာနဲ့အညီ အကုန်ပြန်ပြီးတော့ မြတ်စွာဘုရား တရားနိဂုံး အုပ် ပေးတယ်။

ချစ်သား မောဂ္ဂလ္လာန် ...၊ ခုပြောခဲ့တဲ့အတိုင်း ယောဂါဝစရ ရဟန်း သည် ခပ်သိမ်းသော တေဘူမက သင်္ခါရတရားတို့သည် နိစ္စ သုခ အတ္တလို့ အလွဲလွဲ အမှားမှား နှလုံးသွင်းရန် မသင့်ကုန်ပါတကားလို့ ပထမ သုတမယဉာဏ်ဖြင့် ကြားနာ သိရှိရမယ်။

အဲဒီလို သုတမယဉာဏ်ဖြင့် သိပြီးတဲ့နောက် ဒိဋ္ဌိဝိသုဒ္ဓိခေါ်တဲ့ နာမရူပ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိခေါ်တဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်- သည်ဉာဏ် နှစ်ပါးတို့ရဲ့ နာမ်ရုပ်တရားတို့၏ အနိစ္စဖြစ်ပုံ အခြင်းအရာ၊ ဒုက္ခဖြစ်ပုံ အခြင်းအရာ၊ အနတ္တဖြစ်ပုံ အခြင်းအရာတို့ကို စိန္တာမယဉာဏ် ဉာတပရိညာဖြင့် သိရမယ်။

ဒီအထက်မှာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိလို့ ဆိုတဲ့ ဝိသုဒ္ဓိနှစ်ပါးရဲ့ နယ် သမ္မသနစတဲ့ ဝိပဿနာဉာဏ် ဆယ်ပါးအစဉ်ဖြင့် ခပ်သိမ်းဥဿုံ အလုံးစုံသော တေဘူမက သင်္ခါရ တရားတို့ရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမပိုင်တဲ့သဘော တို့ကို နှစ်နှစ်နှောနှော ဆုံးဆုံးဖြတ်ဖြတ် ပိုင်းပိုင်းခြားခြား သိတဲ့ တီရဏ ပရိညာ ဖြစ်နေတဲ့အခါမှာ အဲဒီ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သုခ ဝေဒနာ၊ သို့မဟုတ် ဒုက္ခဝေဒနာ၊ သို့မဟုတ် ဥပေက္ခာဝေဒနာ ဖြစ်လိမ့် မယ်။ ဖြစ်တိုင်းဖြစ်တိုင်းသော သုခ ဒုက္ခ ဥပေက္ခာဝေဒနာကို အနိစ္စဟု အဖန်ဖန် ရှုရမယ်၊ ပဋိနိဿဂ္ဂ=ဩော် ... ဝေဒနာရဲ့ ဝေဒိယနသဘောကို

http:\\www.dhammadownload.com



စွန့်သွားပါပကောလို့ ရှုရမယ်။

အဲဒီလို ဝိပဿနာအခိုက်မှာ ရုပ်နာမ်တို့၏ အနိစ္စ ဝိရာဂ နိရောဓ ပဋိနိဿဂ္ဂ သဘောကိုရှု၍ အရိယမဂ်သို့ ရောက်သောအခါ မဂ်ဉာဏ် ဟာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိတယ်။ ကိစ္စသိဒ္ဓိအားဖြင့် ရုပ် နာမ်တရားတို့၏ အနိစ္စသဘောကို သိပြီးသား ဖြစ်တယ်။ မဂ်ဉာဏ် သည် သင်္ခါရတို့၏ မူလ သဘောကင်းခြင်း ဝိရာဂကို ကိစ္စသိဒ္ဓိအားဖြင့် သိ၍ နိဗ္ဗာန်တည်းဟူသော အစ္စန္တဝိရာဂကို အာရုံပြုသောအားဖြင့် သိ တယ်။ မဂ်ဉာဏ်သည် သင်္ခါရတို့၏ ချုပ်ခြင်း=ခဏနိရောဓကို ကိစ္စ သိဒ္ဓိအားဖြင့် သိ၍ အစ္စန္တနိရောဓ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိ တယ်။ မဂ်ဉာဏ်သည် သင်္ခါရတို့၏ မိမိသဘောကို စွန့်ခြင်းကို ကိစ္စ သိဒ္ဓိအားဖြင့် သိ၍ ပက္ခန္ဒနပဋိနိဿဂ္ဂ ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် သိတယ်။

အဲ အနိစ္စာနုပဿနာ၊ ဝိ ရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာနဲ့နေသော ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရ လောကတွင် ဘယ်သင်္ခါရကိုမှ မစွဲလမ်းတော့၊ မတောင့်တတော့ဘူး။ တဏှာနဲ့ မတောင့်တတော့ယင် ဘဝဂါမိကံကို မပြုတော့ဘူး။ သမုစ္ဆေဒ ပဟာန်ဖြင့် တဏှာကို အမြစ်ပြတ် ပယ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ အရဟတ္တဖိုလ် ပေါက် ရောက်၍ ကိလေသပရိနိဗ္ဗာန် ဝင်စံလေတော့၏။

ရဟန္တာပုဂ္ဂိုလ်ရဲ့ ပုဗ္ဗဘာဂအကျင့်ကို ရှင်မောဂ္ဂလ္လာန်က အကျဉ်း မေးလို့ မြတ်စွာဘုရားက အကျဉ်းချုပ်ဖြေတာ ပြီးသွားပြီ။ ဒါဖြင့် တရား အလုပ် အားထုတ်လိုသူသည် သမ္မသနစာရ=ဝိပဿနာဘူမိလို့ ခေါ်တဲ့ သမ္မသနဝိပဿနာဉာဏ်ရဲ့ ကျင်လည်ကျက်စားရာ ရုပ်နာမ်နှစ်ပါး၊ သို့မဟုတ် ခန္ဓာငါးပါး၊ သို့မဟုတ် အာယတန ဆယ့်နှစ်ပါး၊ သို့မဟုတ် ဓာတ်တစ်ဆယ့်ရှစ်ပါး တရားသားကိုရအောင် မိမိကိုယ်၌ ရှာရမယ်။ ရှာလို့တွေ့တဲ့ ရုပ်နာမ်နှစ်ပါး၊ သို့မဟုတ် ခန္ဓာငါးပါး၊ သို့မဟုတ်

http:\\www.dhammadownload.com



အာယတန ဆယ့်နှစ်ပါး၊ သို့မဟုတ် ဓာတ်တစ်ဆယ့်ရှစ်ပါး ဒီတရားတွေဟာ ငါတို့ မြဲတယ်၊ ချမ်းသာတယ်၊ စိုးပိုင်တယ် နှလုံးသွင်းဖို့ မတော်မလျော်ပါတကား ... လို့ တရားနာရင်း **သုတမယဉာဏ်** နဲ့ ကြားနာ ဆင်ခြင်ရမယ်။

သုတမယဉာဏ်ဖြင့် ကြားနာပြီးတဲ့နောက် (ဆိုပါစို့) **စိန္တာမယဉာဏ်** ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိလို့ခေါ်တဲ့ ဒီခန္ဓာကိုယ်ထဲမှာ နာမ်ရုပ်နှစ်ပါးကို တွေ့အောင် သိအောင်ရှာတဲ့ နာမရူပပရိဂ္ဂဟဉာဏ်၊ တွေ့တဲ့ နာမ်ရုပ်နှစ်ပါးဟာ မမြဲတဲ့အကြောင်း၊ ဆင်းရဲတဲ့အကြောင်း၊ မစိုးပိုင်တဲ့ အကြောင်းကြောင့် ဖြစ်တာလို့ သိတဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်= ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ဤ ဝိသုဒ္ဓိ နှစ်ပါးရောက်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့တော့ သိပြီ၊ သို့သော် နှုတ်ကမြွက်ပြီး လက္ခဏာယာဉ် သုံးချက်တင်ပြီး ဝိပဿနာဉာဏ်ဖြင့်တော့ မသုံးသပ်ရသေးဘူး။ ဒီလိုသိယင် ဉာတပရိညာဖြစ်ပြီ။ အဲဒီ ဉာတပရိညာ ဖြစ်ပြီးယင် ဝိပဿနာ သမ္မသနဉာဏ် စသည်သို့ တက်ရောက်၍ တီရဏပရိညာဖြစ်အောင် အားထုတ်ရပါမည်။ အကျဉ်းချုပ်အားဖြင့် နာမ်ရုပ်နှစ်ပါး အနေဖြင့် နှလုံးသွင်းဖို့ရန် –

> **နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည် ... ဒုက္ခ၊ အနတ္တ ပါတကား။**

နာမ်ရုပ်တရား နှစ်ပါးတို့သည် ကာလရှည်လျား မတည်ကြဘူး၊ ခဏအတွင်းဖြစ်၍ ခဏအတွင်း ပျက်ကြတာပါလား၊ အနိစ္စပါတကား လို့ နားလည်ရမယ်။ **ခဏဖြစ်လျက် ခဏပျက်၍ နှိပ်စက်ခြင်းရာ လိုမပါဘူးတဲ့**။ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အချိန်တိုင်း နှိပ်စက်ခံနေရတဲ့ တရားတွေ၊ ပွဲထဲ ဇာတ်ထဲမှာ အပူတိုက်အခန်းကျတော့ မင်းသား

http:\\www.dhammadownload.com



မင်းသမီး အနှိပ်စက်ခံနေရတာကို မြင်ယင် ပွဲကြည့်တဲ့ လူထုက ဒုက္ခ ဒုက္ခလို့ ပြောကြတယ်၊ ထို့အတူပဲ ကိုယ်ကြည့်နေတဲ့ ပရမတ္ထသဘော ဇာတ်ပွဲထဲက ရုပ်နာမ်နှစ်ပါးဆိုတဲ့ မင်းသား မင်းသမီးကို ဥပါဒ်ခဏမှာ ဇာတိဆိုတဲ့ ရန်သူက နှိပ်စက်လို့၊ ဋ္ဌီခဏမှာ ဇရာဆိုတဲ့ ရန်သူက နှိပ်စက်လို့ ယွင်းယိုအိုသွားတဲ့ပုံ၊ ဘင်ခဏမှာ မရဏတည်းဟူသော ရန်သူ နှိပ်စက်လို့ အသက်ပျောက်သွားပုံကို ကြည့်ပြီးတော့ –

"ဩော် ... အနှိပ်စက်ခံနေရပါတကား၊ ဥပါဒ်ခဏမှာ ဇာတိရန်သူ၊ ဋ္ဌီခဏမှာ ဇရာရန်သူ၊ ဘင်ခဏမှာ မရဏရန်သူ အချိန်ကလေး တိုတို တောင်းတောင်းလေးဖြစ်တဲ့ သုံးချိန်မှာ ရန်သူသုံးမျိုး အနှိပ်စက်ခံနေရ ပါတကား၊ ဒုက္ခ ဒုက္ခ" ဒီလိုကြည့်။

**နှိပ်စက်ခြင်းရာ** လို့မပါဘူး ။ ငါတို့ အလိုသို့ လုံးဝ တစိုးတစိမျှ မလိုက်ပါဘူး၊ ဒီတော့ ရုပ်နာမ်တို့ရဲ့ သဘောဟာ ခဏဖြစ်ပြီး ခဏ ပျက်တဲ့သဘော=အနိစ္စ၊ အနှိပ်စက်ခံနေရတဲ့သဘော=ဒုက္ခ၊ အလိုသို့ မလိုက်ပါတဲ့သဘော=အနတ္တ။ ဒီသဘောတွေကြောင့် "**ခဏဖြစ်လျက်။ ခဏပျက်၏၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါး ကြောင့်၊ ဖြစ်ပွားသမျှ အနိစ္စတွေပါတကား၊ ဒုက္ခတွေပါတကား၊ အနတ္တတွေပါတကား**" ... လို့ အဲဒါကို မ–တည်၍ ပွားများယင် "သမ္မသနညာဏ် မဖြစ်ဘူး"လို့ ဘယ်ဆရာတော်ကမှ မဆိုဘူး၊ အဲဒီ အချက်ကိုသာ ပွားပြီး လျှောက်ထားကြည့်။ မြို့တော်လေးပြင် ဆရာ တော်တွေက "အေး ... ဟုတ်တယ်"လို့ ဆိုယင် တစ်မျိုး အားရှိတယ်ပ။

သမ္မသနညာဏ် ရင့်သန်လာလို့ရှိယင် ဥဒယဗ္ဗယညာဏ်သို့ တက်ပြီး တော့ ဆရာသမားကို လျှောက်၊ သို့မဟုတ် တရားကျင့်ဖော်သူတော်စင် ချင်း ဆွေးနွေး၊ အဲ ဥဒယဗ္ဗယညာဏ်ကို ဆွေးနွေးလို့ သဘောကျယင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဒီသမ္မသနညာဏ်ပဲ ပြန်ပြီးတော့ နလုံးသွင်းရ တယ်။ တော်တော်ကြာလို့ ဥဒယဗ္ဗယညာဏ် ရင့်သန်ပြီးတဲ့အခါ ဘင်္ဂ

http:\\www.dhammadownload.com



ဉာဏ် ဆက်ပြီးတော့ သိလာလိမ့်မယ်။ ဘင်္ဂဉာဏ် လေ့ကျင့်ကားပြီးတော့ ဘယဉာဏ်၊ ဘယဉာဏ် လေ့ကျင့်ကားပြီးတော့ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် ဆိုတဲ့ လောကီ ဝိပဿနာဉာဏ် လေ့ကားထစ် ကိုးထစ် အဆင့်ဆင့် တက်ရမည် ဖြစ်ပါတယ်။

အဲဒီ ကိုးထစ်ရဲ့ အထက်မှာတော့ လောကုတ္တရာ မဂ္ဂဝီထိ ကျလာတဲ့အခါ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ (ကာမာဝစရဇောလေးကြိမ်) ကျတယ်။ အဲဒီ လေးဇောအနက် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဒီဉာဏ်သုံးခုကို အနုလောမဉာဏ်လို့ ခေါ်တယ်။ ဂေါတြဘူဇော စိတ်ကိုတော့ ဂေါတြဘူဉာဏ်လို့ ခေါ်တယ်။ အဲဒီ မဂ္ဂဝီထိမနောဒွါရာဝဇ္ဇန်း ရောက်ယင်တော့ နောက်ပြန်မဆုတ်တော့ဘူး၊ လောကုတ္တရာမဂ်ဇော ဖိုလ်ဇောဆက်ပြီးတော့ ကျတော့တာပဲ။ ဒါကြောင့်မို့ ဒီမဂ္ဂဝီထိရဲ့ ရှေ့နားကရှိတဲ့ သင်္ခါရုပေက္ခာဉာဏ်နှင့် မဂ္ဂဝီထိထဲမှာပါတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဆိုတဲ့ အနုလောမဉာဏ်၊ ဒီဉာဏ်နှစ်ပါးကို စာထဲမှာ (သဂြိုဟ်ကျမ်းက) –

"ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

သောတုဇနတို့ ...၊ မဂ္ဂဝီထိရဲ့ ရှေ့နားကရှိတဲ့ သင်္ခါရုပေက္ခာဉာဏ်ရယ်၊ ဒီမဂ္ဂဝီထိထဲမှာပါတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဆိုတဲ့ အနုလောမဉာဏ်ရယ်၊ ဒီဉာဏ်နှစ်ပါးကို **ဝုဋ္ဌာနဂါမိနီ ဝိပဿနာ** လို့ အရိယာတို့ရဲ့ နယ်ပယ်မှာ ခေါ်ဝေါ်သုံးစွဲတယ်။

ဝုဋ္ဌာနဆိုတာက မဂ်၊ ဂါမိနီဆိုတာက ရောက်အောင်ပို့ဆောင်တဲ့ ဉာဏ်ကွေသို့ ဆိုလိုတယ်။ ဒါကြောင့် ဘုရားအလောင်းများ ပါရမီဖြည့်စဉ် ဘုရားသာသနာနဲ့ ကြုံကြိုက်လို့ သာသနာဝင်ပြီး ဝိပဿနာ

http:\\www.dhammadownload.com



တရားအားထုတ်တယ်ဆိုယင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ရောက်အောင် မသွားကြဘူး။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာ ဉာဏ်ရဲ့ ရှေ့ပိုင်း (ဝါ) အောက်ပိုင်း၊ အဲဒီကပဲ ပြန်လာတယ်။ ရှေ့ဆက် အားထုတ်လိုက်လို့ ဝုဋ္ဌာနဂါမိနီဝိပဿနာလို့ ခေါ်တဲ့ သင်္ခါရုပေက္ခာဉာဏ် အထက်ပိုင်းကို ရောက်သွားယင် (နောက်က မဂ္ဂဝီထိ ဆက်ကျသွားလို့) ဘုရားအလောင်းဟာ ဘုရားမဖြစ်ဘဲ အဲဒီသာသနာ ဘုရားရဲ့ တပည့်သာဝက ဖြစ်သွားမယ်။ ဒါကြောင့် "ဘုရားလောင်းများသည် ဝုဋ္ဌာန–ဂါမိနီ ဝိပဿနာရောက်အောင် အားမထုတ်ဘူး"လို့ ကျမ်းဂန်များမှာ ဆိုတာဖြစ်တယ်။

မြတ်စွာဘုရား ဟောတုန်းကတော့ ကျဉ်းကျဉ်းပဲ။ အခု ဘုန်းကြီးနားလည်စေချင်လွန်းလို့ ပြောနေတာနဲ့ စကားတွေက ကျယ်နေတယ်၊ သိမ်းကြရအောင်။ အဋ္ဌကထာက ဒီသုတ္တန်ကို –

ဣတိ ဘဂဝါ သံခိတ္တေန ခီဏာသဝဿ ပုဗ္ဗဘာဂပဋိပဒံ ပုစ္ဆိတော သံခိတ္တေနေဝ ကထေသိ။

ဤသို့လျှင် မြတ်စွာဘုရားသည် ရှင်မောဂ္ဂလ္လာန်က ရဟန္တာပုဂ္ဂိုလ်၏ ရှေ့ပိုင်းအကျင့်ကို မေးမြန်းအပ်ရကား အကျဉ်းအားဖြင့်ပင် ဖြေကြားတော်မူပြီ ... လို့ နိဂုံးအုပ်ပေးတယ်။

ရှင်မဟာမောဂ္ဂလ္လာန်က အကျဉ်းချုပ်မေးတာတဲ့။ ဘာ့ကြောင့် အကျဉ်းချုပ် မေးသလဲ။ သူ့ကိုယ်တိုင်က **သံခိတ္တရုစိပုဂ္ဂိုလ်မို့လို့**။ ဘာဖြစ်လို့ သံခိတ္တရုစိပုဂ္ဂိုလ်လို့ ဆိုရသလဲ။ ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်လို့။ တကတည်း အဂ္ဂသာဝကကြီးမှ ဒုတိယအဂ္ဂသာဝကကြီး၊ သူ့အထက်မှာ ရှင်သာရိပုတ္တရာပဲ ရှိတော့တယ်။ သံခိတ္တရုစိပုဂ္ဂိုလ်ဖြစ်လို့ ကျဉ်းကျဉ်းပဲ မေးတယ်။ သူက ကျဉ်းကျဉ်းမေးတဲ့အတိုင်း ဘုရားက

http:\\www.dhammadownload.com



လည်း အကျဉ်းနည်းဖြင့် ဖြေတော်မူတယ်။ "သဗ္ဗေ ဓမ္မာ နာ+လံ အဘိနိဝေသာယ" တဲ့။ သည့်ထက်တော့ဖြင့် ချုံး၍ မဖြစ်တော့တဲ့နည်းကို ဘုရားဟောတယ်။ အဲဒီနောက်မှာ မထေရ်နဲ့ သပ္ပါယဖြစ်လို့ သုခဒုက္ခ ဥပေက္ခာဝေဒနာ သုံးပါးကို အနိစ္စာ နုပဿနာ၊ ဝိရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ တို့ဖြင့် ရှုဖို့ ဟောတော်မူတယ်။ ထိုသို့ ရှုယင် ရဟန္တာ ဖြစ်တာပဲ။

ဣဒံ ပန သုတ္တံ ထေရဿ ဩဝါဒေါ စ အဟောသိ ဝိပဿနာ စ–တဲ့။

ပန=မှတ်ဖွယ်အထူး ပြဆိုဦးအံ့။ ဣဒံ သုတ္တံ=ဤ ပစလာယမာနသုတ်သည်။ ထေရဿ=အရှင်မဟာမောဂ္ဂလ္လာန် မထေရ်၏ (အဖို့ရာ)။ ဩဝါဒေါ စ=မြတ်စွာဘုရား ပေးသနားသည့် အဆုံးအမ ဩဝါဒသည် လည်းကောင်း။ ဝိပဿနာ စ=ဝိပဿနာသည် လည်းကောင်း။ အဟောသိ=ဖြစ်ပြီ။

ဒါဟာ အရှင်မဟာမောဂ္ဂလ္လာန်အဖို့ ဘုရားပေးတဲ့ ဩဝါဒကြီးလည်း ဟုတ်၊ ဝိပဿနာသုတ်ကြီးလည်း ဟုတ်တယ်တဲ့။

သော ဣမသ္မိံ ယေဝ သုတ္တေ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပတ္တော –တဲ့။ (အဋ္ဌကထာက) မှတ်ချက် ပေးတယ်။

သော=ထို အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည်။ ဣမသ္မိံ ယေဝ သုတ္တေ=ဤ ပစလာယမာန သုတ်၌ပင်လျှင်။ ဝိပဿနံ ဝဍ္ဎေတွာ=ဝိပဿနာတရား ပွားများအားထုတ်၍။ အရဟတ္တံ = အရဟတ္တဖိုလ်သို့။ ပတ္တော=ရောက်တော်မူပြီလို့ မှတ်ချက်ပေးထားတယ်။

အရှင်မဟာမောဂ္ဂလ္လာန်သည် ဤသုတ်မှာပင် ဝိပဿနာတရား ပွားများ အားထုတ်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ရောက်သွားတော်

http:\\www.dhammadownload.com



မူတယ်-တဲ့။ နှုိကလည်း တရားအလုပ် အားထုတ်ရင်းစွဲ ရှိတယ်၊ ယမုလို မြတ်စွာဘုရားက မထေရ်ရဲ့ ရစ်အကြောက်ကို သိပြီးတော့ ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူတယ်။ ဘုရားက ရှေ့က ဟောနေ တုန်း ရှင်မဟာမောဂ္ဂလ္လာန်က နောက်ကလိုက်ပြီးတော့ အနိစ္စ၊ ဝိရာဂ၊ နိရောဓ၊ ပဋိနိဿဂ္ဂ အနေနဲ့ ရှုတယ်။

ဒါဖြင့်ယင် ဝေဒနာ တစ်ခုတည်းကို ဝိပဿနာရှုလို့ မဂ်+ဖိုလ် ရနိုင်ပါ့မလားလို့ မေးစရာ ရှိတယ်။ အဖြေက ... နာမ်ကမ္မဋ္ဌာန်းကို ဟောတဲ့နေရာမှာ (၁) ဝေဒနာနဲ့လည်းပဲ ဦးတည်၍ ဟောရတယ်၊ (၂) စိတ်နဲ့လည်းပဲ ဦးတည်၍ ဟောရတယ်၊ (၃) ဖဿနဲ့လည်းပဲ ဦးတည်၍ ဟောရတယ်။ နာမ်ကမ္မဋ္ဌာန်းကိုပြယင် ခေါင်းတည်တာဟာ ဖဿနဲ့ ဖြစ်စေ၊ ဝေဒနာနဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ ဒီသုံးခု တစ်ခုခုနဲ့ ဦးတည်ရ တယ်၊ အဲဒီ တစ်ခုခုနဲ့ တရားကို ဦးတည်လိုက်လို့ရှိယင် ဘုရားလက် ထက်တော်က သာဝကတွေ ဖြန့်ပြီး သိကြတယ်။

ဝေဒနာကို ဦးတည်ပြီး ဟောလိုက်လို့ရှိယင် "ဝေဒနာသည် ဝေဒနာ ချည်းသက်သက်ဖြစ်သည်မဟုတ်၊ သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ဖဿ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဒီတရားတို့နှင့် အတူဖြစ်တယ်လို့ သိ တယ်။ အဲဒီလို ဖဿပဉ္စမက တရားတွေကို သိပြီးတဲ့နောက် ဒီတရား များသည် လူ့ဘုံဟာဆိုယင် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကြတယ်၊ ဟဒယ ဝတ္ထုက ဥပါဒါန်ရုပ်ဖြစ်လို့ သူ့ရဲ့ မှီရာက မဟာဘုတ် ရုပ်ကြီးလေးပါး၊ ဟဒယဝတ္ထုနဲ့ အလားတူ ဥပါဒါရုပ်ပေါင်း ၂၄ ပါး ရှိတယ်။ ဒီမဟာ ဘုတ် ဥပါဒါရုပ်များသည် ရူပက္ခန္ဓ=ရုပ်တရား၊ ဖဿပဉ္စမက တရား တွေက နာမ်တရား၊ အဲဒီလို ရုပ်နာမ်နှစ်ပါးထိအောင် ဉာဏ်နဲ့သွားပြီးမှ အနိစ္စ၊ ဝိရာဂ၊ နိရောဓ၊ ပဋိနိဿဂ္ဂတရားတွေပါတကား"လို့ ထိုသူတို့ရဲ့ သဘာဝကို ဉာဏ်စိုက်ပြီးတော့ ကြည့်တယ်။ ဝေဒနာ ဟောသကောလို့

http:\\www.dhammadownload.com



ဝေဒနာတွင် ရှုနေသည်မဟုတ်၊ ထိုဝေဒနာမှ ဉာဏ်အစဉ်လျှောက်၍ ဆိုခဲ့ပြီးသောအတိုင်း ရုပ် နာမ် နှစ်ပါးတိုင် အသိဉာဏ်ရောက်ပြီး မမြဲတဲ့ အနိစ္စမျိုးတွေပါတကား ...၊ ကင်းကွာတဲ့ ဝိရာဂမျိုးတွေပါတကား ...၊ ချုပ်ပျောက်ကြတဲ့ နိရောဓမျိုးတွေပါတကား ...၊ မိမိသဘောကို စွန့်ပယ်တတ်တဲ့ ပဋိနိဿဂ္ဂမျိုးတွေပါတကား ...။ အဲဒီလို တရားနာရင်းက ဝိပဿနာ ရှုလိုက်လို့ အရှင်မဟာမောဂ္ဂလ္လာန် အရဟတ္တဖိုလ်ပေါက်ရောက်တော်မူသည်ကို အဋ္ဌကထာက ဖော်ပြရမယ့် တာဝန်ရှိလို့ ပြဆိုတာဖြစ်တယ်။

ရဟန်းယောကျ်ား သာသနာ့ချိန်ခွင်ကြီးမှာ ပညာဘက်က ချိန်ခွင်က အရှင်သာရိပုတ္တရာ၊ သမာဓိဘက်က ချိန်ခွင်က အရှင်မဟာမောဂ္ဂလ္လာန်၊ ဒီ ချိန်ခွင်ကြီး နှစ်ဖက်မှာ ပညာချိန်ခွင်ဖြစ်တဲ့ ရှင်သာရိပုတ္တရာကို အလျင်ပထမ ဟောဖို့ပါပဲ။ ဒါပေမယ့် ရဟန္တာဖြစ်တဲ့ နေရာမှာ အရှင်မဟာမောဂ္ဂလ္လာန်က ခုနစ်ရက် စောပြီး ရဟန္တာဖြစ်လို့ အခု ရှင်မဟာမောဂ္ဂလ္လာန်ဆိုတဲ့ သမာဓိချိန်ခွင်ကြီး ရဟန္တာဖြစ်တဲ့ အကြောင်း ဟောပြီးပါပြီ။ ဤ ယခုသုတ်ကို **ပစလာယမာနသုတ်** လို့ ခေါ်ပါတယ်။ နောက်နောက် ဥပုသ်နေ့ကျမှ အရှင်သာရိပုတ္တရာ တည်းဟူသော ပညာချိန်ခွင်ကြီး ရဟန္တာဖြစ်တဲ့ အကြောင်းကို ဟောကြပါစို့။

http:\\www.dhammadownload.com



# ရှင်သာရိပုတ္တရာ (ပညာချိန်ခွင်ကြီး) တရားတော်

အခု ဘုန်းကြီး စတင်ပြီး ဟောနေတဲ့ တရားသဘောက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက –

"ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ ရဟန်းတစ်ပါးသည် မိမိကိုယ်ရေးအတွက် ပန်ထွာတောင့်တချင်ယင် 'ငါကားရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ ပညာကြီးရင့်သော ပုဂ္ဂိုလ်၊ အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ သမာဓိကြီးရင့်သော ပုဂ္ဂိုလ် ဖြစ်ရပါလို၏။ ဤသို့ ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုမှ သဘာဝကျ၍ မှန်ကန်သော ပတ္ထနာမှု ဖြစ်နိုင်တယ်။ ဘာ့ကြောင့်လဲဆိုယင် ငါဘုရားရဲ့ တပည့်သာဝက ရဟန်းတော်တို့အနက် သာရိပုတ္တရာ မထေရ်နှင့် မောဂ္ဂလ္လာန်မထေရ်နှစ်ပါးတို့ဟာ သာရိပုတ္တရာမထေရ်က ပညာဘက်က၊ မောဂ္ဂလ္လာန်မထေရ်က သမာဓိဘက်က ချိန်ခွင်ကြီး နှစ်ဘက် ဖြစ်ကြတယ်။ သမာဓိ တင်းတောင်းကြီးနှစ်လုံး ဖြစ်ကြတယ်"

အဲဒီလို ဟောထားတဲ့ သာသနာတော်ဝယ် ရဟန်းယောကျ်ားချိန်ခွင်နှစ်ဘက်မှ သမာဓိချိန်ခွင်ကြီး၊ သမာဓိတင်းတောင်းကြီးဖြစ်တဲ့ အရှင်မြတ်ကြီး ရဟန္တာဖြစ်တဲ့ အကြောင်း ဟောပြီးခဲ့ပါပြီ။ သာသနာတော်မှာ ရဟန်းယောကျ်ားဘက်က ချိန်ခွင်ကြီး၊ ရဟန်းမိန်းမဘက်က ချိန်ခွင်ကြီး၊ ဥပါသကာဘက်က ချိန်ခွင်ကြီး၊ ဥပါသိကာဘက်က ချိန်ခွင်ကြီး၊ ဒီချိန်ခွင်ကြီး လေးလက် တရားကို ဒီနှစ် အစဉ်အတိုင်း ဟောဖို့ စဉ်းစားထားပါတယ်။ မြတ်စွာဘုရားကလည်းပဲ ကိုယ်တော့် သားတော် သမီးတော် ဖြစ်ကြတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမတို့ကို မိမိတို့ဆိုင်ရာ ရဟန်းယောကျ်ား ဖြစ်ယင်လည်းပဲ ရဟန်းတော်ဘက် ဆိုင်ရာ ချိန်ခွင်ကို စံတင်ပြီးတော့

http:\\www.dhammadownload.com



နာယူ၊ "ရှင်သာရိပုတ္တရာလို ပညာကြီးရင့်သော ရဟန်း၊ ရှင်မဟာမောဂ္ဂလ္လာန်လို သမာဓိကြီးရင့်သော ရဟန်း ဖြစ်ရပါလို၏"လို့ ဒီလိုဆုတောင်းမှ ကိုယ်ရေးကိုယ်တာ မှန်ကန်သော ဆုတောင်းဖြစ်တယ်။ ဘာပြုလို့တုန်း၊ ဘုရားရဲ့ သာသနာထဲမှာ ရဟန်းယောကျ်ားဘက်က ရှင်သာရိပုတ္တရာသည် ပညာဘက်က ချိန်ခွင်ကြီး၊ အရှင်မဟာမောဂ္ဂလ္လာန်သည် သမာဓိဘက်က ချိန်ခွင်ကြီး ဖြစ်တယ်။ ဒါ ပထမချိန်ခွင်အနေနဲ့ ဟောထားတာ။

အဲဒီ ပထမ ချိန်ခွင်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်နှစ်ပါးတို့ရဲ့ အပဒါန်ကျင့်စဉ်ကို ဝါဆိုလကွယ်နေ့က နှစ်ပါးလုံး ရဟန်းဖြစ်တဲ့ အချိန်ရောက် ဟောခဲ့တယ်။ ရဟန်းဖြစ်ပြီးတဲ့နောက် သမာဓိချိန်ခွင်ကြီးဖြစ်တဲ့ အရှင်မဟာမောဂ္ဂလ္လာန် ဘယ်တရားနဲ့ ရဟန္တာဖြစ်တယ်ဆိုတာ လွန်ခဲ့တဲ့ ဝါခေါင်လဆန်း ၈ ရက်နေ့က စိန်ပန်းသာသနာ့ရိပ်သာမှာ ဟောခဲ့တယ်။ ယနေ့တော့ မြတ်စွာဘုရားရဲ့ သာသနာမှာ ရဟန်းတော်များဆိုင်ရာ ပညာဘက်ကသာသနာ့ချိန်ခွင်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ကာဟာ ဟောဒီသုတ္တန်၊ ဟောဒီတရားနဲ့ ရဟန္တာဖြစ်တယ်ဆိုတာ လေးလေးနက်နက် ကိုယ်သိသလောက် ပစ္စည်းလေးဖြာ ဒကာ၊ ဒကာမတို့ကို အသိပေးရမယ့် ဝတ္တရားရှိတဲ့အတိုင်း အသိပေးဖို့ စဉ်းစားထားပါတယ်။ အဲဒီ သုတ္တန်ကို "ဒီဃနခ" သုတ္တန်လို့ ခေါ်တယ်။

တရားဦးကို အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ မထေရ်မြတ်တို့က ဘယ်လို စ-ပေးလိုက်သလဲဆိုတော့ -

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ သူကရခတာယံ - တဲ့၊ တရား စ-ပေးလိုက်တယ်။

တစ်ချိန်က မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ရဲ့အနီး ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အချိန်၊ အဲဒီ ဂိဇ္ဈကုဋ်တောင်ရဲ့

http:\\www.dhammadownload.com



မနီးမဝေးမှာ ပါဠိလို သူကရခတ=ဖြန်မာလို "ဝက်တူးလိုဏ်"လို့ ခေါ်တဲ့ လိုဏ်တစ်ခုရှိတယ်။ အဲဒီလိုဏ်မှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူတယ်။

တချိန်ကဆိုတဲ့ အဲဒီရက်ဟာ မြတ်စွာဘုရား ဘုရားဖြစ်တဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ဖြစ်ပါတယ်။ အဲဒီ တပို့တွဲလပြည့်နေ့မှာ မြတ်စွာဘုရားက "ဒီကနေ့ သာရိပုတ္တရာမထေရ်သည် သာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်လိမ့်မယ်၊ ဘယ်နေရာမှာ ရောက်လိမ့်မလဲ"လို့ ဆင်ခြင်ကြည့်တော့ အဲဒီ သူကရခတခေါ်တဲ့ "ဝက်တူးလိုဏ်"မှာ ရောက်လိမ့်မယ်လို့ ဘုရားသိတော်မူတယ်။ ဒါကြောင့် နေ့ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ရှင်သာရိပုတ္တရာနဲ့ မြတ်စွာဘုရား ဝက်တူးလိုဏ်သို့ ကြွဟော်မူကြတယ်။

အဲဒီ လိုဏ်ရဲ့ ပုံပန်းကို အာရုံပြုနိုင်ဖို့ အဋ္ဌကထာ ဖွင့်ပြထားတဲ့ အကြောင်း အကျဉ်းချုပ် စဉ်းစားကြည့်ကြရအောင်။ ဂိဇ္ဈကုဋ်တောင်ရဲ့ အနီးမှာ ဒီလိုဏ်ရှိတယ်။ ဘယ်တုန်းက လာခဲ့တဲ့ လိုဏ်လည်းဆိုတော့ ကဿပမြတ်စွာ သာသနာခေတ်ကတည်းက ရှိခဲ့တဲ့လိုဏ်။ အဲဒီလိုဏ်က ဘုရားနှစ်ဆူရဲ့ အကြားမှာ မဟာပထဝီမြေကြီး ပို့တာနဲ့ တော်တော်လေး ကွယ်ပျောက်နေတယ်။ အဲဒီလို ကွယ်ပျောက်တဲ့အထဲမှာ အကျွန်ုပ်တို့၏ မြတ်စွာ သာသနာခေတ် ရောက်တော့ တောဝက် တစ်ကောင်က အဲဒီလိုဏ်ရဲ့ အထက်ကနေပြီး သူနေဖို့ တွင်းကြီး တူးတယ်။ အနက်ကြီး။ အဲ–တွင်းကြီး အနက်ကြီး တူးပြီး သူနေတော့ ပုံပန်းမှာ တွင်းဝက အရှေ့ဘက် လှည့်ပြီးတော့ အနောက်ဘက်ဆီကို ခပ်စိုက်စိုက် တူးသွားတယ်။ ဆိုပါစို့။

တစ်နေ့သဉ္ဈကျတော့ မုဆိုးတစ်ယောက် အဲဒီအနားရောက်တဲ့အခါ ဝက်တူးတွင်းကို အပေါ်ကောင်းကင်က နေရောင်ကျတော့ တွင်းကြီးထဲမှာ လက်နှုပ်ခါတ်မီးနဲ့ ထိုးကြည့်လိုက်သလို ဟို ... အလွန်နက်တဲ့

http:\\www.dhammadownload.com



အောက်လိုဏ်ထဲမှာ နဂိုရှိတဲ့ လိုဏ်ရဲ့ အမိုးအဂံတေ အဖြူရောင်ကို သွားတွေ့တယ်။ မုဆိုးက စဉ်းစားကြည့်တယ်။

ပုဗ္ဗေ သီလဝန္တေဟိ ပရိဘုတ္တလေဏေန ဘဝိတဗ္ဗံ။

ပုဗ္ဗေ=ရှေးအခါတုန်းက။ သီလဝန္တေဟိ=သီလရှိသော ပုဂ္ဂိုလ်တို့သည်။ ပရိဘုတ္တလေဏေန=သုံးဆောင်အပ်ဖူးသော လိုဏ်သည်။ ဘဝိတဗ္ဗံ=ဖြစ်လိမ့်မည်။

ဪ ... ငါ နေရောင်ထဲမှာ တွေ့ရတဲ့ ဒီဖြူဖြူ အရာဝတ္ထုဟာဖြင့် ရှေးအခါ သီလဝန် သူတော်စင်များ သုံးဆောင်သွားတဲ့ လိုဏ်ဂူကြီး ဖြစ်လိမ့်မယ်။

ပဋိဇဂ္ဂိဿာမိ နံ။

နံ=ထိုလိုဏ်ဂူကို။ ပဋိဇဂ္ဂိဿာမိ=ငါ သုတ်သင်ပေလတ်အံ့။

အဲဒီလို စဉ်းစားပြီးတော့ ငွေကုန်ကြေးကျခံကာ အပေါ်က ပို့နေတဲ့ မြေတွေကို ဖယ်ဖယ်ပြီးတော့ ပစ်တယ်။ ပစ်တော့ ဥပမာ ဒယ်အိုးကြီးလို ဆိုပါစို့၊ ဝိုင်းပြီး မြေတွေကို သယ်သယ်ပစ်လို့ တော်တော်ကြာတော့ လိုဏ်ဂူထိပ်ကြီး ပေါ်လာတယ်။ ယခုခေတ် ရှေးဟောင်းသုတေသနဌာနက တူးသလိုပေါ့။ "ဟာ လိုဏ်ဂူ ထိပ်ကြီးတော့ ပေါ်လာပြီ" ဆိုပြီး အားရဝမ်းသာ လိုဏ်ဂူလုံးကြီး ပေါ်လာအောင် လှည့်တူးပြီး ဘေးပတ်ပတ်လည်က ကျောက်တုတ်တွေ အထပ်ထပ်တည်တယ်။ လေးမျက်နှာက ကျောက်လှေကား စောင်းတန်း ခင်းပေးတယ်။ အဲဒီလိုဏ် ပေါ်လာတော့မှ ဒီလိုဏ်ကို အဂံတေများ အသစ်ထပ်ပြီးကပ်လို့၊ တံုးများရိုက်လို့၊ ပျက်စီးနေသော တံခါးများကို အသစ်ပြန်တပ်ပြီးတဲ့အခါ အို ... တဆောင်တယောင် တခမ်းတနား ကြည့်စရာ သာသနာ့အဆောက်အအုံကြီးတစ်ခု ဖြစ်နေတယ် ဆိုပါစို့။

အဲဒီ အထဲက ကြည့်ချင်ယင် ပထမ တွင်းထဲ ဆင်းသွားလိုက်၊ အောက်မြေအပြင် ရောက်တဲ့အခါကျတော့မှ လိုဏ်ဂူပေါ်ကို လှေကား

http:\\www.dhammadownload.com



နှစ်ထစ် သုံးထစ်လောက် တက်ပြီးတော့ သွားရတယ်။ အဲဒီနေရာမှာ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာနဲ့ မွန်းလွဲအခါမှာ ကြွပြီးတော့ ဒီဝက်တူးလိုဏ်ထဲမှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ သီတင်းသုံး နေတော်မူတယ်။

အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာရဲ့တူ နာမည်ကတော့ တစ်မျိုးနေမလားတော့ မသိဘူး။ သူ့ကို စာထဲမှာတော့ ပါဠိလို ဒီဃနခပရိဗိုဇ်၊ မြန်မာလိုဆိုယင်ဖြင့် လက်သည်းခြေသည်း တော်တော်ရှည်ရှည်ထားတဲ့ ပရိဗိုဇ်လို့ ခေါ်တဲ့ ပရိဗိုဇ် ရှိတယ်။ အဲဒီ ဒီဃနခ ပရိဗိုဇ်က ရှင်သာရိပုတ္တရာရဲ့ နှမက မွေးဖွားတဲ့ တူနဲ့ တူပါတယ်။ ဘာကြောင့်လဲ ဆိုယင် သူက ရှင်သာရိပုတ္တရာအကြောင်း စဉ်းစားတဲ့အခါမှာ "မာတုလ =အမိမောင်" ဆိုပြီးတော့ စဉ်းစားတယ်။ ရှင်သာရိပုတ္တရာရဲ့ နှမက မွေးတဲ့တူ၊ သူလည်း ပရိဗိုဇ် ဝတ်နေတယ်။

ဒီတော့ သူ့ဦးရီးတော်ကို ရိုလဲ ရိုသေတယ်၊ ကြည်လဲ ကြည်ညိုတယ်၊ ဦးရီးတော်နဲ့လည်း အာရာမ် တခြားစီ နေပုံပေါ်ပါတယ်။ ဒီတော့ သူ စဉ်းစားတယ်။

မယှံ မာတုလော အညံ ပါသဏ္ဍံ ဂန္တွာ န စိရံ တိဋ္ဌတိ။

မယှံ=ငါ၏။ မာတုလော=အမေ့မောင် ဖြစ်တဲ့ ဦးရီးတော် ဥပတိဿ ပရိဗိုဇ်သည်။ အညံ ပါသဏ္ဍံ=တစ်ပါးသောအယူသို့။ ဂန္တွာ=သွားသည်ရှိသော်။ စိရံ=ကြာမြင့်စွာ။ န တိဋ္ဌတိ=မတည်ဘူး။

ငါ့ဦးလေးကြီးဟာ ရှေးရှေးရက်တွေ လတွေ နှစ်တွေတုန်းက အယူဝါဒ တစ်ပါးရှိရာ ဌာနသို့ သွားယင် နှစ်ရက် သုံးရက်နဲ့ သိဥ္စည်းပရိဗိုဇ်ရဲ့ အာရာမ်ကို ပြန်ပြန်လာတယ်။

ဆိုကြပါစို့၊ သူတို့နှစ်ယောက် ရှင်မောဂ္ဂလ္လာန်ဖြစ်မယ့် ကောလိတ ပရိဗိုဇ်၊ ရှင်သာရိပုတ္တရာ ဖြစ်မယ့် ဥပတိဿ ပရိဗိုဇ် – သူငယ်ချင်း

http:\\www.dhammadownload.com



နှစ်ယောက်ဟာ အမြိုက်တရား မသေတဲ့တရား ရှာသောအနေနဲ့ ထိုစဉ်က ဇမ္ဗူဒိပ်ကျွန်းတပြင်မှာ ငါဘုရား သူဘုရားဆိုပဲ့ ဘုရားအမည်ခံ ပုဂ္ဂိုလ်တွေထံမှာ သူတို့ သွားသွားပြီး တရားနံ့စမ်းကြတယ်။ နံ့စမ်းတဲ့ အခါ သူတို့ နှစ်သက်လောက်အောင် အဲဒီ ဝါဒရှင်တွေ မပြောပြနိုင်ကြဘူး၊ သူတို့ ဝါဒရှင်တွေ မေးတဲ့ ပြဿနာကိုသာလျှင် ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန် ဖြစ်ကြမယ့် ဥပတိဿနဲ့ ကောလိတတို့က ပြန်ပြန်ဖြေရှင်းပေးခဲ့ရတယ်။ အေး ... ဆရာရှာသွား တပည့်တွေနဲ့ တွေ့တွေ့နေတယ်။ အဲဒီတော့ နှစ်ရက် သုံးရက်ရှိယင် ပြန်ပြန်လာတယ်။ အဲဒါကို ရှင်သာရိပုတ္တရာရဲ့တူ ဒီဃနခပရိဗိုဇ်က "ဩော် ...ငါ့ဦးလေးကြီး၊ အမေ့မောင်ကြီးဟာ အခြားတစ်ပါးသော အယူဝါဒရှိရာသို့ ကြွလို့ရှိယင် ကြာကြာကြီး မနေဘူး၊ နှစ်ရက် သုံးရက်အတွင်း ပြန်ပြန်လာတယ်။"

ဣဒါနိ ပန+သော သမဏဿ ဂေါတမဿ သန္တိကံ ဂတဿ အမ္ဘမာသော ဇာတော။

ဣဒါနိ ပန=ယခုအခါ၌ကား။ သမဏဿ ဂေါတမဿ= ရဟန်းဂေါတမ၏။ သန္တိကံ=အထံသို့။ ဂတဿ=သွားသော။ အဿ=ထို ငါ့ဦးရီးတော်ကြီး၏ အဖို့ရာ။ အမ္ဘမာသော=လဝက် တစ်ဆယ့်ငါးရက်သည်။ ဇာတော=ဖြစ်ခဲ့လေပြီ။

သူ့ ဦးရီးတော်ဟာ တပို့တွဲလဆန်း ၁ ရက်နေ့က ဘုရားထံ သွားတယ်လို့ သူ သဘောင်းကြားတယ်။ ယခု ရဟန်းဂေါတမ အထံသို့ ငါ့ဦးရီးတော် သွားခဲ့သည်မှာ ၁၅ ရက် လဝက် ရှိသွားပြီ။

ပဝတ္တိမ္ပိ+သော န သုဏာမိ=ငါ့ဦးရီးတော်ရဲ့ သတင်းကို ငါဘာမှ မကြားသိရဘူး။ ဩဇဝန္တံ နု ခေါ သာသနံ=အရှင်ဂေါတမ ရဲ့ အဆုံးအမ ဩဇါဒသည် သာသနာသည် ဩဇာရှိတဲ့ မွန်မြတ်တဲ့ အဆုံးအမ သာသနာများ ဖြစ်လေရော့သလား။ ဇာနိဿာမိ

http:\\www.dhammadownload.com



နံ့=အရှင်ဂေါတမရဲ့ အဆုံးအမသြဝါဒ သာသနာကို ယနေ့ပင် ငါ သိအောင် စုံစမ်းတော့မည်။

အဲဒီလို ကြံပြီးတော့ ရာဇဂြိုဟ်ပြည် ပရိဗိုဇ်အာရာမ်က ထွက်ပြီးတော့ ဝေဠုဝန်ကျောင်းတော်သို့ သွားတယ်။ မြတ်စွာဘုရား ဘယ်ကြွသလဲ၊ အရှင်သာရိပုတ္တရာ ဘယ်ကြွသလဲ မေးတော့ ဝေဠုဝန်ကျောင်းတိုက်မှာ ရှိတဲ့ ရဟန်းတော်တွေက–

"ဟော ... ဂိဇ္ဈကုဋ်တောင်ပေါ်မှာ သူကရခတလိုဏ်=ဝက်တူးလိုဏ်သို့ မြတ်စွာဘုရားနဲ့ ရှင်သာရိပုတ္တရာ ကြွသွားသတဲ့"

လို့ ဆိုတော့မှ ဒီဃနခပရိဗိုဇ်သည် ဝက်တူးလိုဏ်ရှိရာသို့ လိုက်၊ လိုဏ်ထဲဝင်၊ မြတ်စွာဘုရားနဲ့ ပဋိသန္ထာရ စကားပြော၊ အဲဒီအချိန်မှာ မြတ်စွာဘုရားရဲ့ နောက်နားက မတ်တပ်ရပ်ပြီး ရှင်သာရိပုတ္တရာ မထေရ်က ယပ်လေ ခတ်ပေးနေတယ်။ အဲဒီလို ယပ်လေ ခတ်ပေးနေတဲ့အချိန် ဖြစ်တော့ မြတ်စွာဘုရားက ထိုင်လျက် ဖြစ်တယ်။ ဒီတော့ သူ့ ဦးလေးကြီး (ရှင်သာရိပုတ္တရာ)ကို မတ်တပ်ရပ်လျက် တွေ့တော့ သူတို့ ပရိဗိုဇ်များရဲ့ အရိုအသေ ပေးနည်းနဲ့ တူပါတယ်။ ဦးရီးတော်ကို ရိုသေသောအားဖြင့် ဦးရီးတော် မတ်တပ်ရပ်နေတဲ့အတိုင်း သူလည်း မတ်တပ်ရပ်ပြီးတော့ နေတယ်။ အဲ ဘုရားသာသနာမှာ အရိုအသေ ပေးတာကတော့ မိမိထက်မြတ်တဲ့ပုဂ္ဂိုလ်က ရပ်နေယင် ငယ်တဲ့ပုဂ္ဂိုလ်က ထိုင်ပြီးတော့ ရှိခိုးရတယ်၊ လက်အုပ်ချီရတယ်။ သူတို့ ပရိဗိုဇ်အယူမှာတော့ ဒီလို ရှိပုံ မရဘူး။ ဒီတော့ အရိုအသေ အပြုခံရမယ့် ပုဂ္ဂိုလ်က ရပ်နေယင် အရိုအသေပြုတဲ့ ပုဂ္ဂိုလ်ကလည်း ရပ်နေပဲ၊ ဒီလို ထုံးစံ ရှိပုံရတယ်။ ဒါ့ကြောင့် သူသည် ဦးလေးကို ရိုသေသောအားဖြင့် မတ်တပ်ရပ်လျက် မြတ်စွာဘုရားကို သူက စကား စတယ်။

အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ "သဗ္ဗံ မေ နက္ခမတိ" တိ။

http:\\www.dhammadownload.com



ဘော ဂေါတမ=အို အရှင်ဂေါတမ ...။ အဟံ ဟိ=အကျွန်ုပ် သည်ကား။ "မေ=ငါသည်။ သဗ္ဗံ=အလုံးစုံကို။ နက္ခမတိ=မနှစ်သက်အပ်"။ ဣတိ ဧဝံဝါဒီ=ဤသို့ ပြောဆိုလေ့ ဝါဒရှိပါ၏။ ဧဝံဒိဋ္ဌိ=ဤသို့ အယူ ရှိပါ၏။

အရှင်ဂေါတမ ...၊ အကျွန်ုပ်သည် "သဗ္ဗံ မေ နက္ခမတိ"ဆိုတဲ့ ဝါဒအယူရှိသူ ဖြစ်ပါတယ်။ သူဆိုလိုတာ ဘာလဲ။

အလုံးစုံတဲ့ သဗ္ဗသည် နှစ်မျိုး ရှိပါတယ်။ (၁) သဗ္ဗ သဗ္ဗ=ရှိရှိသမျှ အရာအားလုံးကို ယူရတဲ့ သဗ္ဗ။ (၂) ပဒေသသဗ္ဗ=ပြောလိုတဲ့ ပုဂ္ဂိုလ် ရည်ညွှန်းအပ်တဲ့အရာ တစ်စိတ်ကိုသာ ကောက်ယူရတဲ့ သဗ္ဗ။ အဲဒီ နှစ်မျိုးတွင် ဒီဃနခပရိဗိုဇ် ပြောလိုတဲ့ သဗ္ဗက "အရှင်ဂေါတမ ...၊ အကျွန်ုပ်သည် အလုံးစုံသော ပဋိသန္ဓေတွေကို မနှစ်သက်ဘူး၊ အဲဒီ ဝါဒ=အဲဒီ အယူရှိတဲ့ ပုဂ္ဂိုလ်" ဒီလို ဆိုလိုပါတယ်။ သူ ဆိုလိုတာက ပဋိသန္ဓေအားလုံးကို ဆိုလိုတယ်၊ ပဒေသသဗ္ဗ ဆိုလိုပါတယ်။ အလုံးစုံသော ပဋိသန္ဓေဆိုတာ ဒီဘဝကသေပြီးနောက် တချို့ လူ့ဘဝ ပဋိသန္ဓေ၊ တချို့ နတ်ဘဝ ပဋိသန္ဓေ၊ ငရဲပဋိသန္ဓေ၊ တိရစ္ဆာန်ပဋိသန္ဓေ၊ ပြိတ္တာ ပဋိသန္ဓေ၊ အသူရကာယ်ပဋိသန္ဓေ၊ တမလွန်ဘဝမှာ ပဋိသန္ဓေ အမျိုးမျိုး နေတယ်ဆိုတဲ့ စကားတွေကို အကုန်လုံးကို ကျွန်ုပ် လက်မခံဘူး။

ဒါဖြင့် သူကြိုက်တာ ဘာလဲ။ "သတ္တဝါသည် သေယင် ပြတ်တယ်" ရေပွက်၊ ရေပွက်ဟာ အကြောင်း အားလျော်စွာ ဖြစ်ပြီး ပျက်လဲ ပျက်ရော၊ ဘယ်မှ မသွားဘူး၊ ဒီနေရာမှာပဲ ဖြစ်၊ ဒီနေရာမှာပဲ ပျက်၊ ဒီနေရာ မှာပဲ ဆုံးတယ်။ အဲဒီလိုပဲ သူဆိုလိုတာက အားလုံးသော သတ္တဝါတွေ ဟာ အကြောင်းအားလျော်စွာ ဒီဘဝမှာပဲ ဖြစ်၊ ဒီဘဝက သေယင် ရေပွက်ပျက်သလို ဘယ်မှ မသွားဘူး၊ အကုန်လုံး ဘဝသံသရာ ပြတ်တယ်။ ပါဠိလိုပြောယင် ဥစ္ဆေဒဒိဋ္ဌိအယူ ရှိသူ ဖြစ်တယ်။ သူက (ဒီဃနခပရိဗိုဇ်) သူ့ဝါဒကို ခပ်ဖုံးဖုံး ခပ်ဝှက်ပုက် ပြောတယ်။ ဘယ်လို

http:\\www.dhammadownload.com



ပြောယင် ကောင်းမလဲဆိုတော့ –

အဟံ ဟိ ဘော ဂေါတမ ဥစ္ဆေဒဝါဒီ ဥစ္ဆေဒဒိဋ္ဌိ=အရှင် ဂေါတမ၊ အကျွန်ုပ်သည် ဥစ္ဆေဒဝါဒ ဥစ္ဆေဒအယူရှိတဲ့ ပုဂ္ဂိုလ်ပါလို့ ရိုးရိုးကလေး ပြောလိုက်ယင် အင်မတန် ကောင်းတယ်၊ အဲဒီလို ရိုးရိုးပြောလိုက်ယင်လဲ ဖြစ်နိုင်လောက်ကနဲ့ သူက သူ့ဝါဒကို ဖုံးဖုံးဖိဖိ ပြောတယ်။

ဒီအနားမှာ တရားနာနေတဲ့ ပရိသတ်နားလည်ထားဖို့က ယနေ့ ကမ္ဘာမှာ ဝါဒသုံးခု ရှိတယ်။

(၁) သဿတဝါဒ၊ (၂) ဥစ္ဆေဒဝါဒ၊ (၃) ဧကစ္စသဿတဝါဒလို့ ဝါဒသုံးမျိုးရှိတယ်။ အားလုံးမြဲတယ်လို့ယူတဲ့ သဿတဝါဒ၊ အားလုံး ပြတ်တယ်လို့ ယူတဲ့ ဥစ္ဆေဒဝါဒ၊ အချို့မြဲပြီး အချို့ပြတ်တယ်လို့ ယူတဲ့ ဧကစ္စသဿတဝါဒလို့ ဝါဒသုံးမျိုး ရှိတယ်။

ဒီဃနခပရိဗိုဇ်ဟာ မိမိရဲ့ဝါဒကို ရိုးရိုးပြောယင် "အဟံ ဟိ ဘော ဂေါတမ ဥစ္ဆေဒဝါဒီ ဥစ္ဆေဒဒိဋ္ဌိ=အရှင်ဂေါတမ ...၊ အကျွန်ုပ်သည် ဥစ္ဆေဒဝါဒရှိသူ၊ ဥစ္ဆေဒအယူရှိသူ ဖြစ်ပါသည်"လို့ ပြောရမှာ။ ထိုကဲ့သို့ မပြောပဲ –

> အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ "သဗ္ဗံ မေ နက္ခမတီ" တိ=အရှင်ဂေါတမ ...၊ အကျွန်ုပ်ကား "ငါသည် အလုံးစုံကို မနှစ်သက်အပ်ဟူ၍ ဤသို့သော ဝါဒရှိသူ၊ ဤသို့သော အယူရှိသူ ဖြစ်ပါသည်"ဟု ဘုရားရှင်ကိုတောင် သူက သူ့ဝါဒကို ခပ်ဝှက်ဝှက် ပြောတယ်။

မြတ်စွာဘုရားကတော့ သူဟာ ဥစ္ဆေဒဝါဒကို ပြောချင်တယ်ဆိုတာကို သိတော်မူတယ်။ ဝါဒီဝရ=ဝါဒရှိကြတဲ့ ပုဂ္ဂိုလ်ထဲမှာ အမြတ်ဆုံး အသာဆုံး ပုဂ္ဂိုလ်၊ ဝါဒတိုက်ပွဲမှာ အတုမရှိ၊ စကားအရာမှာ လိမ္မာတော်မူတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ သူ့ရဲ့ နှလုံးသွင်းဖြစ်တဲ့ "ဒီဘဝက သေယင် လူ့ဘဝပဋိသန္ဓေ၊ နတ်ဘဝပဋိသန္ဓေ၊ ငရဲပဋိသန္ဓေ၊ တိရစ္ဆာန်ဘဝ

http:\\www.dhammadownload.com



ပဋိသန္ဓေ၊ ပြိတ္တာဘ၀ပဋိသန္ဓေ၊ အသူရကာယ်ဘ၀ ပဋိသန္ဓေ ဘယ်ပဋိသန္ဓေကိုမှ တပည့်တော် လက်မခံဘူး၊ အားလုံးပြတ်တာပဲ"ဆိုတဲ့ သူ့နှလုံးသွင်းကို ဗုဒ္ဓက ပြန်မပြောတော့ပဲ "အလုံးစုံကို ငါမနှစ်သက် အပ်=သဗ္ဗံ မေ နက္ခမတိ" ဆိုတဲ့ သူ့နှုတ်ထွက်စကားနဲ့ ကိုင်ပြီး သူ့ကို ဝါဒအပြစ်တင်မှုပဲ၊ အဲဒီလို မြတ်စွာဘုရား စဉ်းစားတော်မူပြီး –

ယာပိ ခေါ တေ ဧသာ အဂ္ဂိဝေဿန ဒိဋ္ဌိ "သဗ္ဗံ မေ နက္ခမတိ"တိ၊ ဧသာပိ တေ ဒိဋ္ဌိ နက္ခမတိ။

မြတ်စွာဘုရားက သူ့ကို ဒီဃနခလို့ မခေါ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ သူ့လက်သည်း ခြေသည်းကြီးတွေ အရှည်ထားတာကိုပဲ အရပ်ထဲက ကာလသားတွေက လှောင်ပြောင်တဲ့ အနေနဲ့ ခေါ်တဲ့ နာမည်။ တစ်နည်းအားဖြင့် ဆဲရေးပြီး ခေါ်တာနဲ့ တူနေတယ်။ သူကလည်း ကျွတ်တမ်းဝင်မယ့် သတ္တဝါဖြစ်တော့ မြတ်စွာဘုရားက သူ့ကို ချီးချီး မြှောက်မြှောက် –

အဂ္ဂိဝေဿန=အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ဒကာပရိဗိုဇ်။ သဗ္ဗံ မေ နက္ခမတိတိ=အကျွန်ုပ်သည် အလုံးစုံကို လက်မခံဘူး ဆိုတဲ့။ တေ=သင်၏။ ယာပိ ဧသာ ဒိဋ္ဌိ=အကြင်အယူသည်လည်း။ အတ္ထိ=ရှိ၏။ တေ=သင်၏။ ဧသာပိ ဒိဋ္ဌိ=ထိုအယူကိုလည်းပဲ။ နက္ခမတိ=မနှစ်သက်အပ်ဘူးလော။ အေး ... အဂ္ဂိဝေဿန ...၊ သင်ကပြောတဲ့ သဗ္ဗံ မေ နက္ခမတိ=အလုံးစုံကို ကျွန်ုပ် မနှစ်သက်ဘူးဆိုတဲ့ ဝါဒရှိတာတော့ ဟုတ်ပြီ။ သဗ္ဗံ မေ နက္ခမတိ=အလုံးစုံကို ငါ လက်မခံနိုင်ဘူးဆိုတဲ့ သင်ရဲ့ အယူဝါဒကိုကော သင် မနှစ်သက်ဘူးလား။ ဘာပြုလို့တုန်း။

သူ့စကားကိုက "အကျွန်ုပ်သည် အကုန်လုံးကို မနှစ်သက်ဘူး၊ လက်မခံဘူး ပြောလို့။ ဒီတော့ သင်ရဲ့ အယူကိုလည်းပဲ သင် လက်မခံဘူးပေါ့၊ လက်မခံဘူးလား၊ စကားကို အမိဖမ်းယူသော အနေနဲ့ မြတ်စွာ

http:\\www.dhammadownload.com



ဘုရားက မေးလိုက်တယ်။

ဒီနေရာမှာ နည်းနည်း စဉ်းစားကြရအောင်။ ဘယ်လိုလဲဆိုတော့– အစည်းအဝေးတစ်ခုမှာ မိမိနှင့်တကွ ရှေ့ကလူတွေ အားလုံးပြောပြီးတော့ ထပြောလိုက်တယ်။ ဘယ်လိုပြောသလဲဆိုတော့ – "အားလုံးပြောသမျှ စကားတွေက အမှားတွေချည်းပဲ"လို့ လူတစ်ယောက်က ထပြောလိုက်ယင် သူပြောတဲ့ စကားလည်းပဲ အမှားချည်းထဲပဲလို့ အမှားစာရင်းထဲ ပါသွားတယ်။ ယခုလည်း အဲဒီလိုပဲ၊ "သဗ္ဗံ မေ နက္ခမတိ= အလုံးစုံကို အကျွန်ုပ်သည် မနှစ်သက်ဘူး"လို့ ဆိုလိုက်ကတည်းက အားလုံးထဲမှာ သူ့ရဲ့ မနှစ်သက်ဘူးဆိုတဲ့ ဝါဒလည်းပဲ ပါသွားလို့ "အဲဒီမင်း၏ အယူကိုလည်းပဲ မင်း မနှစ်သက်ဘူးလား"လို့ မြတ်စွာဘုရားက မေးတယ်။

ဒီတော့ သဒ္ဒါဆိုတဲ့ နူတ်က ထွက်ပြီးပြောတဲ့စကားဟာ ပြောတဲ့ပုဂ္ဂိုလ်ရဲ့ အလိုအတိုင်း ဖြစ်ရမယ်၊ ပြောတဲ့ပုဂ္ဂိုလ်ရဲ့ အလိုအတိုင်း အဓိပ္ပာယ်ထွက်ရမယ်။ ဘယ့်နှယ် ရှေ့က လူတွေ ပြောသွားတယ်၊ နောက်တစ်ယောက်က ထပြီးတော့ "အေး ... ပြောသမျှ စကားတွေဟာ "အကုန်လုံး အမှားချည်းပဲ"လို့ အဲဒီလို ပြောလိုက်တဲ့ ထိုသူရဲ့ အလိုကား မောင်ဖြူ ပြောတယ်၊ မောင်ညို ပြောတယ်၊ မောင်နီ ပြောတယ်၊ မောင်ရွှေ ပြောတယ်။ အကုန်လုံး မင်းကိုပြောတဲ့စကားတွေဟာ အမှားချည်းပဲထဲပဲ၊ ငါပြောတဲ့ စကားတစ်ခုသာ မှန်တယ်"လို့ အဓိပ္ပာယ် ဒီလို ရှိတယ်။ အဲ ... စကားဆိုတာ ပြောတဲ့ ပုဂ္ဂိုလ်ရဲ့ အလိုအတိုင်း လိုက်ပြီးတော့ အဓိပ္ပာယ် ယူရတယ်။ ယခု ဒီနေရာမှာလည်းပဲ ဒီဃနခပရိဗိုဇ်က ဒီအသွားမျိုးနဲ့ ပြောယင် ဘယ်နှယ်ပြောမလဲ။ "အရှင်ဂေါတမ၊ ဒီအားလုံးပြောတဲ့ စကားတွေဟာ အမှားချည်းပဲ"လို့ ပြောတဲ့ ပုဂ္ဂိုလ်ရဲ့ စကားဟာ မိမိပြောတဲ့စကားကို ချန်ထား၊ ကျန်တာတွေ အကုန်လုံး အမှားလို့ ဆိုလိုတာပါ။ အဲဒါလိုပဲ ယခုလည်း "ကျွန်ုပ်ရဲ့ အယူကို

http:\\www.dhammadownload.com



ချန်၊ ကျန်တာတွေ အကုန်လုံးကို မနှစ်သက်ဘူး”လို့ ကျွန်ုပ် ဆိုလိုပါတယ်လို့ ဒီလိုပြောယင် ပြောစရာအကြောင်း ရှိတယ်။

အဲဒီလိုလည်း သူက မပြော။ ဘာကြောင့်လည်းဆိုတော့–“ငါဒီလိုပြောယင်လည်းပဲ မြတ်စွာဘုရားက တစ်နည်းနည်းနဲ့ ငါ့စကားကို အပြစ်တင်တော်မူတော့မှာ အမှန်ပဲ၊ ဒီတော့ မိမိရဲ့ (သဗ္ဗံ မေ နက္ခမတိ–ဆိုတဲ့) ဒီအယူဝါဒကို နှစ်သက်သယောင်ယောင်၊ မနှစ်သက်သယောင်ယောင်၊ နှစ်သက်မှန်းလည်း မသိရအောင်၊ မနှစ်သက်မှန်းလည်း မသိရအောင် ယောင်တောင်တောင်နဲ့ ငါလုပ်ပြီးတော့ စကားထွက်မှပဲ”ဆိုပြီး သူ ဘာပြောလိုက်သလဲဆိုလျှင် –

သော စေ မေ ဘော ဂေါတမ ဒိဋ္ဌိ ခမေယျ၊ တံ ပ+သာ တာဒိသမေဝ၊ တံ ပ+သာ တာဒိသမေဝ။

ဘော ဂေါတမ=အို အရှင်ဂေါတမ။ (သဗ္ဗံ မေ နက္ခမတီတိ–ငါသည် အလုံးစုံကို လက်မခံနိုင်=မနှစ်သက်အပ်ဆိုသော) မေ=အကျွန်ုပ်၏။ သော ဒိဋ္ဌိ=ဤအယူကို။ စေ ခမေယျ=အကယ်၍ နှစ်သက်ငြားအံ့။ တံပိ=ထို (သဗ္ဗံ မေ နက္ခမတိလို့ မြွက်ဆိုလိုက်တဲ့) ကျွန်ုပ်၏ စကားကိုလည်းပဲ။ တာဒိသမေဝ=ထိုသို့ နှစ်သက်အပ်သည်သာလျှင်။ အဿ= ဖြစ်လေရာ၏။ တံ ပိ=ထိုမှတစ်ပါး ကျွန်ုပ်ပြောပြောသမျှ အရာအားလုံး ကိုလည်းပဲ။ တာဒိသမေဝ=ထိုသို့သဘောရှိသည်သာလျှင်။ အဿ=ဖြစ်လေရာ၏ ... လို့ ပြန်ပြီး သူပြောလိုက်တယ်။

အရှင်ဂေါတမ ...၊ အကျွန်ုပ်၏ “သဗ္ဗံ မေ နက္ခမတိ” ဆိုသော ဒီအယူကို ကျွန်ုပ်နှစ်သက်လျှင် ကျွန်ုပ်ပြောတဲ့ “သဗ္ဗံ မေ နက္ခမတိ” ဆိုတဲ့ စကားကိုလည်း ကျွန်ုပ်နှစ်သက်တယ်လို့ အဓိပ္ပာယ် ရောက်သွားမှာပေါ့။ အဲဒီ “သဗ္ဗံ မေ နက္ခမတိ” အပြင် အကျွန်ုပ် ပြောသွားသမျှသော စကားတွေ အကုန်လုံးကို ကျွန်ုပ်နှစ်သက်တယ်လို့ အဓိပ္ပာယ် ရောက်

http:\\www.dhammadownload.com



သွားမှာပေါ့လို့ မတင်မကျ သူ့ရဲ့ ဝါဒကို ဖုံးပြီးတော့ ပြောတယ်။

အဲဒီလို သူက မတင်မကျ ဝါဒကို ဖုံးပြီး ပြောပေမယ်လို့ အဝိပ္ပာယ်က ဘယ်လိုရောက်နေသလဲဆိုယင် "ကျွန်ုပ်သည် ကျွန်ုပ်၏သဗ္ဗံ မေ နက္ခမတိ ဆိုတဲ့ ဝါဒကို နှစ်သက်ယင် ကျွန်ုပ်ပြောတဲ့စကားကိုလည်း နှစ်သက်ရာ ကျမှာပေါ့"ဆိုတဲ့ စကားကို ပြန်လိုက်လျှင် "ကျွန်ုပ်သည် ကျွန်ုပ်ပြောတဲ့ ဝါဒကိုလည်း မနှစ်သက်ဘူး။ ကျွန်ုပ်ပြောတဲ့ စကားကိုလည်း မနှစ်သက်ဘူး"လို့ အဝိပ္ပာယ် သက်ရောက်တယ်။ သူ ဘာဆိုလိုသတုန်း။ "ကျွန်ုပ်ပြောတဲ့ ဝါဒလည်းပဲ ဟိုဘဝ မပါဘူး၊ ဒီဘဝမှာပဲ ပြတ်တယ်။ ကျွန်ုပ်ပြောတဲ့ စကားတွေလည်းပဲ ဒီဘဝမှာပဲ အပြတ်=ဥစ္ဆေဒလို့ ဒီလိုယူတာ။ ဒီတော့ မြတ်စွာဘုရားက ဘာပြောလိုက်သလဲ ဆိုတော့ –

အတော ခေါ တေ အဂ္ဂိဝေဿန ဗဟူ ဟိ ဗဟုတရာ လောကသ္မိံ၊ ယေ ဧဝ+မာဟံသု တံ ပ+ဿ တာဒိသမေဝ "တံ ပ+ဿ တာဒိသမေဝါ" တိ။ တေ တံ စေဝ ဒိဋ္ဌိံ န ပဇဟန္တိ၊ အညဉ္စ ဒိဋ္ဌိံ ဥပါဒိယန္တိ။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော ဒီဃနခပရိဗိုဇ်။ ယေ= အကြင်သူတို့သည်။ တံ ပ+ဿ တာဒိသမေဝ၊ တံ ပ+ဿ တာဒိသမေ ဝါတိ=(သင်လိုပဲ) "ထို ကျွန်ုပ်တို့ရဲ့ စကားလည်းပဲ ထိုသို့ ဖြစ်သွား မှာပေါ့၊ ထို ကျွန်ုပ်ပြောသမျှ စကားတွေလည်းပဲ ထိုသို့ ဖြစ်သွားမှာပေါ့" လို့ (မလိမ့်တပတ်နဲ့)။ ဧဝံ=ဤသို့။ အာဟံသု=ပြောဆိုကြကုန်၏။

(မိမိ၏ ဝါဒအပေါ်မှာ အပြစ်ရောက်မှာ ကြောက်လို့ ဟိုလို၊ ဒီလို "တံ ပဿ တာဒိသမေဝ၊ တံ ပဿ တာဒိသမေဝ"လို့ မလိမ့်တပတ် ပြောကြတဲ့လူတွေ။)

http:\\www.dhammadownload.com



တေ=ထို မလိမ္မာတပတ် ပြောကြတဲ့ မောင်တို့လို လူများသည်။ တံ စေဝ ဒိဋ္ဌိံ=ထို မူလအယူကိုလည်း၊ န ပဇဟန္တိ=မစွန့်ကြကုန်။ အညဉ္စ ဒိဋ္ဌိံ=တစ်ပါးသော အယူကိုလည်း၊ ဥပါဒိယန္တိ=ထပ်၍ စွဲယူကြကုန်၏။ အဂ္ဂိဝေဿန=အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော ပရိဗိုဇ်။ လောကသ္မိံ=လောက၌။ ဗဟော=ထိုအယူကို စွန့်တဲ့ လူ အပေါင်းထက်။ တေ=ထိုအယူဝါဒ မစွန့်ကြတဲ့ သူတို့သည်။ ဗဟူ =များလှကုန်၏။ ဗဟုတရာ=အထူးသဖြင့် များလှကုန်၏။

အရိယ ဦးသျှောင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရား။ ဝါဒကို တိုက်ပွဲ ဆင်နွှဲနေတဲ့ စကားဆိုတော့ အို ... သား သမီးနဲ့ တူတဲ့ ဘုန်းကြီးတို့ တရားနာပရိသတ်တို့ အနေနဲ့ ဒါ ဘာပြောနေတာပါလိမ့်လို့ မိဘစကား အလွန်နက်နဲယင် သားသမီးက ဖြုန်းခနဲ နားမလည်သလိုပဲ၊ အဲဒီလို ဖြစ်တတ်တယ်။ မြတ်စွာဘုရားက ဘာပြောသလဲဆိုတော့ "အဂ္ဂိ-ဝေဿန ... သင်လိုပဲ 'တံ ပဿ တာဒိသမေဝ၊ ဘံ ပဿ တာဒိသမေဝ' လို့ မလိမ္မာတပတ် ပြောပြီး မိမိရဲ့ မူလ အယူများကိုလဲ မစွန့်တဲ့အပြင် နောက် မိစ္ဆာအယူ တစ်ပါးကို ထပ်ပြီး ယူကြတဲ့ ပုဂ္ဂိုလ်များကသာ လောကမှာ အယူများကို စွန့်တဲ့ ပုဂ္ဂိုလ်တွေထက် များတယ်။ များသမှ နည်းနည်းများတာ မဟုတ်ဘူး၊ အလွန်အလွန့်ကို များတယ်" လို့ မိန့်တော်မူပြီး -

အတော ခေါ တေ အဂ္ဂိဝေဿန တန္နူ ဟိ တနုတရာ လောကသ္မိံ၊ ယေ ဧဝ မာဟံသု တံ ပဿ တာဒိသမေဝ "တံပဿ တာဒိသမေဝါ" တိ။ တေ တဉ္စေဝ ဒိဋ္ဌိံ ပဇဟန္တိ၊ အညဉ္စ ဒိဋ္ဌိံ န ဥပါဒိယန္တိ။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော ဒကာပရိဗိုဇ်။ ယေ=အမှတ်မထင် အကြင်သို့သော ဝါဒရှင်တို့သည်။ တံ ပဿ တာဒိသမေဝ၊ တံ ပဿ တာဒိသမေဝါ တိ=(သင်လိုပဲ) "ထို ကျွန်ုပ်

http:\\www.dhammadownload.com



ရဲ့ စကားလည်းပဲ ထိုသို့ဖြစ်သွားမှာပေါ့၊ ထို ကျွန်ုပ်ပြောသမျှ စကားတွေလည်းပဲ ထိုသို့ ဖြစ်သွားမှာပေါ့" လို့ (မလိမ့်တပတ်နဲ့)။ ဖေ=ဤသို့။ အာဟံသု=ပြောဆိုကုန်၏။

ပရိသတ် ဗိုလ်ပုံမှာ ဝါဒစစ်ပွဲ ဆင်နွဲတဲ့အခါကျတော့ မလိမ့်တပတ် မထွက်သာ မရှောင်သာတော့ "တံ ပဿ တာဒိသမေဝ=ကျွန်ုပ် ဒီလိုယူယင် ဒီစကားတွေ ဒီလို ဖြစ်ကုန်မှာပေါ့" အဲဒီလို မလိမ့်တပတ် ပြောကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီး၊ အဲဒီ အများကြီးထဲက နေပြီးတော့—

တေ=ထို မလိမ့်တပတ် ပြောဆိုကြတဲ့ ပုဂ္ဂိုလ်တို့သည်။ တဋ္ဌေဝ ဒိဋ္ဌိံ ပဇဟန္တိ=ထိုမူလ အယူမှားကိုလည်း စွန့်ကြ၏။ အညဥ္စ ဒိဋ္ဌိံ န ဥပါဒိယန္တိ=အခြားမိစ္ဆာ အယူတစ်ခုကိုလည်း မစွဲ ယူကြကုန်။ အတော=ထိုမိစ္ဆာအယူကို မစွန့်ကြသူတို့အောက်။ လောကသ္မိံ=လောက၌။ တေ=ထို မူလယူရင်း မိစ္ဆာအယူကိုလည်း စွန့်၊ တစ်ပါးသော မိစ္ဆာအယူကိုလည်း မယူတဲ့ ပုဂ္ဂိုလ်တို့သည်။ တနု=နည်းပါးလှကုန်၏။ (အုတ်ကြားမြက်ပေါက် မပြောလောက်ဘူး)။ တနုတရာ=နည်းဆိုမှ သိပ်ကိုနည်းတယ် အဂ္ဂိဝေဿန ...။

အေး ... မင်းလိုပဲ မလိမ့်တပတ်နဲ့ ပြောပြောပြီးတော့ မိမိရဲ့ မိစ္ဆာ အမြင်ကို အပြစ်မြင်ပြီး စွန့်ပြီး အခြား မိစ္ဆာအယူ တစ်ပါးကိုလည်း ထပ်မယူတဲ့ ပုဂ္ဂိုလ်က မိစ္ဆာအယူတွေကို ထပ်တလဲ ယူတဲ့ ပုဂ္ဂိုလ် အောက် အရေအတွက် သင်္ချာ အုတ်ကြားမြက်ပေါက် မပြောလောက် အောင် နည်းလှတာ၊ သိပ်ကို နည်းတယ်။ တနုတရာ ဆိုတာ ထပ်ပြီး တော့ နည်းသည့်အောက် နည်းတာကို ပြောတာ။ ထိုသို့ မိန့်တော်မူပြီးမှ မြတ်စွာဘုရားက "အဂ္ဂိဝေဿန=ခေါ်တဲ့ ဒီပရိဗိုဇ်ဟာ သူရဲ့ ဥစ္ဆေဒဝါဒ ကို ယခု ကောင်းကောင်းကြီး မပြောဘူး၊ ဖုံးဖုံးဖိဖိ လုပ်နေတယ်။ ဒီတော့ သူ့ဝါဒကို ငါဘုရားက ချီးမွမ်းသယောင် ပြုပေးလိုက်ယင် သူ စိတ္တ သဘောကျပြီး သူ့ဝါဒကို ထင်စွာပြလိမ့်မယ်"ဟု ဆင်ခြင်

http:\\www.dhammadownload.com



တော်မူပြီး မြတ်စွာဘုရားက သူ့စကားကို ဆွဲနုတ်ပြလိမ့်မယ်၊ အဲဒီနေရာကို အသာထားလိုက်ပါဦး။

## အာသယဓာတ်အကြောင်း

တရားတော် နယ်ပယ်ထဲမှာ မြတ်စွာဘုရား၌ အာသယာနုသယ=သတ္တဝါတို့ရဲ့ အာသယဓာတ်နှင့် အနုသယဓာတ်ကို သိတဲ့ သာဝကတို့နှင့် မဆက်ဆံသော ဉာဏ်တော်တစ်မျိုး ရှိတယ်။ အဲဒီ အာသယာနုသယဉာဏ်ဆိုတဲ့ နေရာမှာ အာသယကို သိဖို့ အရေးကြီးတယ်။ အာသယကို ဘုရားမှ သိတယ်။ အာသယဆိုတဲ့ ပါဠိစကားကို နားလည်အောင် ပြောကြစို့။

သံသရာဝဋ်မှာ ကျင်လည်နေကြတဲ့ သတ္တဝါတွ အများကြီး ရှိကြတယ်။ ဥပမာအားဖြင့် ဟိုတောထဲက သားသမင်ကလေးသည် တစ်နေ့လုံး အရှေ့၊ အနောက်၊ တောင်၊ မြောက် အစာအာဟာရ ရမည်ထင်တဲ့ နေရာမှာ လှည့်လည်ကျက်စားတယ်။ နေဝင်လို့ တစ်နေ့တာ အစာရှာမှု ရပ်နားတော့မယ်ဆိုယင် အရှေ့သွားယင် အရှေ့ကနေပြီး သူ့ချုံပုတ်ကလေးအရောက် ပြန်လာတယ်။ အနောက်သွားလဲ အနောက်က၊ တောင်သွားလဲ တောင်က၊ မြောက်သွားလဲ မြောက်က သူ့ချုံပုတ်ကလေးကိုတော့ ပြန်ရောက်အောင် အမြဲလာတယ်။ အဲဒီ သူ့ချုံပုတ်ကလေးကို မိဂအာသယ=သားသမင်ရဲ့ ကိန်းပျော်ရာ အာသယလို့ ခေါ်တယ်။

ထို့အတူ သံသရာဝဋ်ထဲမှာ ကျင်လည်နေကြတဲ့ သတ္တဝါတို့ရဲ့ စိတ်တည်းဟူသော သားသမင်ကလေးလည်းပဲ တစ်နေ့ တစ်နေ့ အဖို့ရာမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာနှင့် အလားတူသည့် ပရိယေသန စီးပွားဖြစ်မည့် အလုပ်အကိုင်ဆိုတဲ့ နေရာတွေမှာ စိတ်တည်းဟူသော သားသမင်ကလေး တစ်နေ့လုံး ကျင်လည်လှည့်

http:\\www.dhammadownload.com



ပတ် လှုပ်ရှားပြီးတော့ တစ်နေ့အဖို့ "ငါအလုပ်နားပြီ" ဆိုတော့ သံသရာဝဋ်မှာ ကျင်လည်နေကြတဲ့ သတ္တဝါတို့ရဲ့ စိတ်တည်းဟူသော သားသမင်ကောင်ကလေးဟာ အာသယဆိုတဲ့ သူကိန်းပျော်ရာ ချုံပုတ်နှင့်တူသော ဓာတ်သဘောသို့ လာပြီးတော့ ပျော်တယ်။

အဲဒီ အာသယဆိုတဲ့ ကိန်းပျော်ရာ ဓာတ်သဘောက (၁)ပညာအာသယ၊ (၂) ဒိဋ္ဌိအာသယလို့ နှစ်မျိုးရှိတယ်။

(၁) စိတ်တည်းဟူသော သားသမင်၏ ကိန်းပျော်ရာ ပညာတည်းဟူသော အာသယ။

(၂) စိတ်တည်းဟူသော သားသမင်၏ ကိန်းပျော်ရာ ဒိဋ္ဌိတည်းဟူသော ချုံပုတ် အာသယလို့ ဆိုလိုတယ်။

လူတစ်ရာမှာဆိုယင် တစ်ကျိပ် (၁၀ ယောက်)လောက်က ပညာအာသယရှိတယ်။ ဒါဟာ အားနာပါးနာ အကောင်းဘက်ကို ဂဏန်းတိုးပြီး ပြောရတာ။ လူတစ်ရာမှာဆိုယင် ကိုးကျိပ် (၉၀)လောက်က ဒိဋ္ဌိအာသယ ရှိကြတယ်။ တစ်နည်းအားဖြင့် ပြောရယင် လူတစ်ရာလျှင် တစ်ကျိပ်လောက်သော ပညာအာသယ ရှိကြတဲ့ ပုဂ္ဂိုလ်များသည် တစ်နေ့လုံး မိမိတို့ ပရိယေသနအတွက် မိမိတို့၏စိတ်ကို မိမိတို့၏အလုပ်ထဲမှာ ခိုင်းစေပြီး ဒီကနေ့ အလုပ်နားပေါ့လို့ ဆိုတော့ အဲဒီအချိန်မှာ ပညာအာသယ=ပညာတည်းဟူသော ကိန်းပျော်ရာ ချုံပုတ် အာသယရှိတဲ့လူ တစ်ကျိပ်တို့အနက် ငါးယောက်လောက်က သဘောတူရာပုဂ္ဂိုလ်ချင်း စုပေါင်းပြီးတော့ "မိမိတို့ရဲ့ လက်ရှိ ခန္ဓာငါးပါးဟာဘာကြောင့် ဖြစ်သလဲ"လို့ ပဋိစ္စသမုပ္ပါဒ် သဘောကို ဆွေးနွေးကြတယ်၊ မေးမြန်းကြ၊ ဟောပြောကြ၊ တရားနာကြတယ်။

အဲဒီအခါမှာ သိတဲ့ ပုဂ္ဂိုလ်များက "အဝိဇ္ဇာ၊ သင်္ခါရတည်းဟူသော အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန် ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုးတရား ငါးပါးတို့ ပေါ်ကြတယ်။

http:\\www.dhammadownload.com



အေး ... ခင်ဗျားတို့၊ ကျုပ်တို့ တစ်နေ့လုံး အလုပ်လုပ်တဲ့ အထဲမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ ဒိပစ္စုပ္ပန် အကြောင်းတွေကလည်း နေ့စဉ် ကျွန်ုပ်တို့ လုပ်နေတာဖြစ်တော့ အနာဂတ်မှာလည်းပဲ ဇာတိ၊ ဇရာ၊ မရဏလို့ ခေါ်တဲ့ (တရားကိုယ် ချကြည့်ယင်) နောက် နောက် ဘဝမှာ ဖြစ်တဲ့ ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ အနာဂတ် အကျိုးငါးပါး ပေါ်လိမ့်မယ်" အဲဒီလို ပဋိစ္စသမုပ္ပါဒ် တရားသဘောကို တွေးတော၊ ကြံစည်၊ ဆွေးနွေး၊ မေးမြန်း၊ ဟောပြော၊ နာကြားခြင်းတို့ဖြင့် အချိန်ကုန်စေကြတယ်။ အဲဒီပုဂ္ဂိုလ် ရာခိုင်နှုန်း ငါးယောက်ခန့်ကို "အနုလောမိက ခန္တိ" ဆိုတဲ့ ဉာဏ်ပညာ အာသယ ဓာတ် ကိန်းပျော်ရာ ချုံပုတ်ရှိတဲ့ သတ္တဝါလို့ ခေါ်ဆိုရတယ်။

အခြား ဉာဏ်ပညာ အာသယဓာတ်ခံ ချုံပုတ် ရှိကြတဲ့ လူ ငါးယောက်ခန့်က ဘာပြောသလဲဆိုယင် "အေး ... ခင်ဗျားတို့၊ ကျွန်ုပ် တို့ ငယ်ငယ်ကဖြစ်ခဲ့တဲ့ အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ၊ အရသာ တွေ၊ အတွေ့အထိတွေ ယခု မရှိကြတော့ဘူး၊ ကျွန်ုပ်တို့မှာ အဆင်းတွေ၊ အသံတွေ၊ အားတွေ လျော့ပါးကုန်ပြီ၊ ကုန်ကုန်ပြောရယင် မနေ့ကဖြစ်ခဲ့ တဲ့ ကျွန်ုပ်တို့ရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ သဘော တွေဟာ ဒီကနေ့ ပါမလာတော့ဘူး၊ သူဖြစ်တဲ့ နေရာမှာပဲ ချုပ်ပျောက် ကြတယ်။ အမှန်တော့ ဒါတွေဟာ မမြဲတဲ့=အနိစ္စတွေ၊ ဆင်းရဲတဲ့=ဒုက္ခ တွေ၊ အစိုးမပိုင်တဲ့=အနတ္တတွေ"လို့ ယထာဘူတ ဉာဏ်ပညာဆိုတဲ့ စိတ်၏ ကိန်းပျော်ရာ အာသယချုံပုတ် ဓာတ်ခံရှိကြတဲ့ လူငါးယောက် ခန့်က ယထာဘူတဉာဏ်နဲ့ ပတ်သက်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အကြောင်းကိုပဲ အချိန်အားယင် ဆွေးနွေး၊ မေးမြန်း၊ ဟောကြား၊ နာယူ၊ စဉ်းစားကြတယ်။ အားသလောက်အချိန်မှာ ယထာဘူတဉာဏ်ပညာ အာသယချုံပုတ်ထဲမှာ သူတို့ရဲ့ စိတ်တည်းဟူသော သားသမင်ကလေး ဟာ ကိန်းပျော်တယ်။ ရှေ့ငါးယောက်ရဲ့ စိတ်တည်းဟူသော သား

http:\\www.dhammadownload.com



သမင်ကလေးက အနုလောမိက ခန္တိ=ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် အသိဉာဏ် ချုံပုတ်မှာ မွေ့လျော်ကိန်းပျော်တယ်။

ဒါကြောင့် အနုလောမိကခန္တိဉာဏ်နှင့် ယထာဘူတဉာဏ်တို့ကို သတ္တဝါတစ်ရာလျှင် တစ်ကျိပ်လောက်သော သတ္တဝါတို့ရဲ့ စိတ်ဓာတ်တည်းဟူသော သားသမင်ကလေးတို့ ကိန်းပျော်ရာ ချုံပုတ် အာသယဓာတ်လို့ ဗုဒ္ဓက သတ္တဝါတွေကို မြင်တော်မူတယ်။ "ဒီလူတွေက အနုလောမိကခန္တိဉာဏ် အာသယဓာတ်ခံ ရှိတယ်၊ ဒီလူတွေက ယထာဘူတဉာဏ် အာသယဓာတ်ခံ ရှိတယ်" ဆိုတာကို အာသယာနုသယဉာဏ်ရှင် ဘုရားသခင်မှ သိမြင်တော်မူနိုင်တယ်။

ကျန်တဲ့ လူကိုးဆယ်ထဲမှာ ၄၅ (လေးဆယ့်ငါး)ယောက်လောက်က သဿတဒိဋ္ဌိ ဆိုတဲ့ စိတ်၏ ကိန်းပျော်ရာ အာသယဓာတ်ခံ ရှိတယ်။ အခြားလေးဆယ့်ငါးယောက်လောက်က ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ စိတ်၏ ကိန်းပျော်ရာ အာသယဓာတ်ခံ ရှိတယ်။ ဓမ္မစကြာဉာဏ် မျက်စိနဲ့ ပြောယင်–

(က) သဿတဒိဋ္ဌိ အာသယရှိကြတဲ့ ၄၅ ယောက်မျှသော သတ္တဝါတို့က ကာမသုခလ္လိကာနုယောဂ အစွန်းဘက် နီးကပ်သွားတယ်။

(ခ) ဥစ္ဆေဒဒိဋ္ဌိ အာသယရှိကြတဲ့ ၄၅ ယောက်မျှသော သတ္တဝါတို့က အတ္တကိလမထာနုယောဂ အစွန်း ·· က် နီးကပ်သွားတယ်။

နိုင်ငံရေးသဘော စဉ်းစားလျှင် ...

(က) သဿတဒိဋ္ဌိ အာသယရှိကြတဲ့ ၄၅ ယောက်မျှသော သတ္တဝါတို့သည် ကာမသုခလ္လိကာနုယောဂ အစွန်းဘက်သို့ နီးကပ်သွားပြီး လက်ယာနိုင်ငံရေးကို အကြွင်းမဲ့ ယုံကြည်၊ ပြောဆို၊ ဆွေးနွေး၊ စဉ်းစား၊ နှစ်သက်တယ်။

(ခ) ဥစ္ဆေဒဒိဋ္ဌိ အာသယရှိကြတဲ့ ၄၅ ယောက်မျှသော သတ္တဝါတို့က အတ္တကိလမထာနုယောဂ အစွန်းဘက် နီးကပ်သွားပြီး လက်ဝဲနိုင်ငံ

http:\\www.dhammadownload.com



ရေးကို အကြွင်းမဲ့ ယုံကြည်၊ ပြောဆို၊ ဆွေးနွေး၊ စဉ်းစား၊ နှစ်သက်တယ်။

အိမ်း ... ဒီနေရာမှာ ပုဂ္ဂလာဓိဋ္ဌာန်နဲ့ မကြည့်နဲ့၊ ယနေ့ လူ့လောကမှာ "လက်ယာနိုင်ငံရေး အယူသည်းသူ၊ လက်ဝဲနိုင်ငံရေးကို အယူသည်းသူ"လို့ ပုဂ္ဂလာဓိဋ္ဌာန်နဲ့ ကြည့်ယင် "သူ့တော့ မုန်းလိုက်တာ၊ ဘယ်သူတော့ ဘာပြုလိုက်တာ" စသည်ဖြင့် အကုသိုလ်ဖြစ်တတ်တယ်။ "အဲဒီလက်ယာ လက်ဝဲ ဆိုတာ အမှန်တော့ သူတို့ရဲ့ အာသယဓာတ်က စိမ်ပေးတဲ့အတိုင်း၊ ခိုင်းတဲ့အတိုင်း စိတ်က သဘောကျပြီးတော့ လက်ဝဲလက်ယာဘက်ကို လိုက်နေကြတာပဲ"လို့ အာသယဓာတ်ကို ဓမ္မာဓိဋ္ဌာန်ကျကျ မြင်အောင်ကြည့်ပါ။ ထိုသို့ အာသယဓာတ်ကို မြင်အောင်ကြည့်လျှင် ဓမ္မသံဝေဂ ရတယ်။ အကုသိုလ်အဖြစ် နည်းတယ်။

## ဒိဋ္ဌိနှစ်ပါး၏ အထူး

ကိုင်း ...တော်ပြီ သဿတဒိဋ္ဌိ အယူရှိတဲ့ ပုဂ္ဂိုလ်၊ ဥစ္ဆေဒဒိဋ္ဌိ အယူရှိတဲ့ ပုဂ္ဂိုလ်၊ အဲဒီ သဿတအယူ၊ ဥစ္ဆေဒအယူတို့ ဘယ်လိုထူးခြားသလဲဆိုတော့ အဋ္ဌကထာမှာ –

တတ္ထ စ သဿတဒဿနံ အပ္ပသာဝဇ္ဇံ ဒန္ဓဝိရာဂံ ဥစ္ဆေဒဒဿနံ မဟာသာဝဇ္ဇံ ခိပ္ပဝိရာဂံ။

တတ္ထ=ဤသဿတဝါဒ ဥစ္ဆေဒဝါဒ နှစ်ပါးတို့တွင်။ သဿတဒဿနံ=သဿတ အယူဝါဒသည်။ အပ္ပသာဝဇ္ဇံ=နည်းသောအပြစ်ရှိ၏။ အပြစ်နည်းတယ်။ ဒန္ဓဝိရာဂံ=တရားဟောပြီး ချွေချွတ်ယင် ဖြည်းဖြည်းမှ အဲဒီအယူဝါဒမှ ကင်းနိုင်မည်၊ ကျွတ်နိုင်မည်။

(သဿတဒိဋ္ဌိ အာသယဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေ အကုသိုလ်အပြစ်တော့ သူက နည်းတယ်၊ သို့သော် သူ့ရဲ့မိစ္ဆာအယူကို စွန့်ပစ်ဖို့ကျတော့ နှေးကွေးတယ်။ ထက်ဝဲဘက်သမားကျတော့–)

http:\\www.dhammadownload.com



ဥစ္ဆေဒဒဿနံ=ဥစ္ဆေဒ အယူဝါဒသည်။ မဟာသာဝဇ္ဇံ=ကြီးသော အပြစ်ရှိ၏။ (အပြစ်ကြီးတယ်။)

ခိပ္ပဝိရာဂံ=သဘောကျလို့ရှိယင် လျင်လျင်မြန်မြန် ကင်းကွာခြင်း သဘောရှိ၏။

(ဥစ္ဆေဒအယူဟာ အပြစ်တော့ အင်မတန်ကြီးတယ်။ သို့သော် မရှိမပဋိပဒါကို ဟောပြလို့ သူ့သဘောကျလျှင် မြန်မြန်စွန့်လွှတ်တယ်။ မရှိမပဋိပဒါလမ်းကို မြန်မြန်ပြောင်းလွှယ်တယ်။)

ဘယ့်နှယ်ကြောင့်လဲ။ သဿတဝါဒရှိတဲ့လူက ပစ္စုပ္ပန်ဘဝ ရှိတယ်၊ လက်ခံတယ်။ ဒီဘဝမှ သေယင် တမလွန်ဘဝရှိတယ်၊ လက်ခံတယ်။ ကုသိုလ် အကုသိုလ်ကံ ရှိတယ်၊ လက်ခံတယ်။ ကုသိုလ် အကုသိုလ်ကံတို့ရဲ့ ကောင်းကျိုး မကောင်းကျိုး ရှိတယ်၊ လက်ခံတယ်။ သဿတဝါဒသမားက ကုသိုလ်ကိုပြု။ ဘာပြုလို့လဲ။ ကုသိုလ်ပြုမှ၊ ကောင်းမှုပြုမှ ကောင်းကျိုးရမယ်။ ဒါ ကောင်းကျိုးကို လိုချင်တာ။ သဿတဒိဋ္ဌိကိုက လောဘဘက် ယိုင်တော့ ကောင်းကောင်းကို အလိုရှိတော့ ကုသိုလ်ဆိုတာ ကောင်းသောအမှု၊ ကောင်းမှုပြုယင် ကောင်းကျိုးကို ရမယ်။ ကောင်းကျိုးကို သူက လိုချင်တော့ အကုသိုလ်ပြုရမှာ ကြောက်တယ်။ ဒါကြောင့် သူ့ သဿတဒိဋ္ဌိမှာ အပြစ်နည်းတယ်။ သို့သော် သူက သံသရာဝဋ်ကို သာယာနေတော့ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ တရားဟောသော်လည်း သူ့ရဲ့သဿတအယူကို မြန်မြန် မစွန့်နိုင်ဘူး။ ကင်းဖို့ရန် နှေးကွေးတယ်။

ဥစ္ဆေဒဒိဋ္ဌိသမားကျတော့ ပစ္စုပ္ပန်လောက တမလွန်လောက ရှိတယ်ဆိုတာကိုတော့ သူသိတယ်။ သူလည်း ဒီပစ္စုပ္ပန်လောကထဲမှာ သူနေတယ်။ တမလွန်ဆိုတာ လူ့ဘဝမှတပါး အခြားဘဝ၊ တိရစ္ဆာန်တွေရဲ့ ဘဝကို မျက်စိနဲ့ အမြင်ပဲ။ ဥစ္ဆေဒဒိဋ္ဌိသမားအနေနဲ့ တမလွန်လောက ရှိတယ်ဆိုတာကို တိရစ္ဆာန်တွေနဲ့ တစ်ဘုံထဲမှာ နေကြရလို့

http:\\www.dhammadownload.com



သူတို့သိတယ်။ ဒါပေမယ့် ပစ္စုပ္ပန်လောက တမလွန်လောက ရှိတယ် ဆိုတာကို သူ လက်မခံချင်ဘူး။ အမြင်ဖြစ်လျက် သိလျက်နဲ့ လက်မခံတာ။ အဲ ... ကုသိုလ် အကုသိုလ်ကံ=ကောင်းမှု မကောင်းမှု ပြုနေတာကို သူအမြင်ပဲ။ ဒါပေမယ်လို့ ကောင်းမှုကံ မကောင်းမှုကံ ရယ်လို့ ခွဲခြားတာကို သူလက်မခံနိုင်ဘူး။ လက်မခံနိုင်တော့ သူဟာ မကောင်းမှု အကုသိုလ်တွေကို လွယ်လွယ်နဲ့ လုပ်ချင်သွားတယ်။ ကောင်းမှုကုသိုလ်တွေကို လွယ်လွယ်နဲ့ မလုပ်ချင်ဘူး။ ဒီတော့ ဥစ္ဆေဒဝါဒသမားဟာ ကုသိုလ်မှုကို မပြုဖြစ်ဘဲ အကုသိုလ်မှုကို လွယ်လွယ်နဲ့ ပြုဖြစ်တယ်။ ဉာဏ်ပညာဖြန့်ပြီး ကြည့်ပါလေ။

ယနေ့ ကမ္ဘာကြီးမှာ သဿတနဲ့ ဥစ္ဆေဒ ပြိုင်ပြီး သဿတ က လက်ယာ၊ ဥစ္ဆေဒက လက်ဝဲ အပြိုင်ကြဲ အပြိုင်စခန်း သွားနေကြတယ်။ အဲဒီတော့ အဋ္ဌကထာ ဆရာတော်က ပြောပြတယ်။ ဥစ္ဆေဒသမားဟာ သံသရာဝဋ်မှာ မသာယာတော့ ကုသိုလ်မှုကို မပြုဖြစ်ဘဲ အကုသိုလ်မှုကို လွယ်လွယ်နဲ့ သူပြုတယ်။ ဒါကြောင့် သူ့ရဲ့အယူသည် အပြစ်ကြီးတယ်။ သို့သော် သံသရာဝဋ်မှာ တွယ်တာတဲ့ လောဘ နည်းပါးတော့ သူ့ကို မဂ္ဂမပဋိပဒါတရားဟောယင် မြန်မြန်ကြီး သူရဲ့ ဥစ္ဆေဒအယူမှားကို စွန့်လွှယ်တယ်။ ဒီအချက်က ဥစ္ဆေဒဝါဒသမားတွေ အပေါ်မှာ အင်မတန် ချစ်စရာကောင်းတဲ့ အချက် ဖြစ်ပါတယ်။

**လောကဥပမာအားဖြင့် –**

(၁) ငါးထပ် ခြောက်ထပ် ရှိတဲ့ တိုက်ကြီးပေါ်မှာ မြေကြီး ခြေမကျအောင် လူ့ဘဝစည်းစိမ်ကို အချမ်းသာဆုံး ခံစားနေတဲ့ လူတစ်ယောက်၊

(၂) အောက်မြေကြီးမှာ ရောက်ပြီး တဲကုပ်ကလေးထဲမှာ ဆင်းဆင်းရဲရဲ စား၊ ဝတ်၊ နေရတဲ့ လူတစ်ယောက်၊

(၃) အလယ်အလတ် နှစ်ထပ်အိမ်ကလေးနဲ့ လူ့ဘဝ ချမ်းသာကို

http:\\www.dhammadownload.com



အလယ်အလတ် မျှတရုံ ခံစားနေတဲ့ လူတစ်ယောက်လို့ လူသုံးယောက် ရှိကြတယ် ဆိုပါစို့။

အဲဒီ လူသုံးယောက်တွင် ငါးထပ် ခြောက်ထပ် တိုက်ကြီးပေါ်မှာ မြေကြီး ခြေမကျအောင် လူ့ဘဝစည်းစိမ်ကို အချမ်းသာဆုံး ခံစားနေတဲ့ လူကို အလယ်အလတ် နှစ်ထပ်အိမ်ကလေးနဲ့ လူ့ဘဝ ချမ်းသာကို အလယ်အလတ် မျှတရုံ ခံစားနေတဲ့ လူက "ကျွန်တော့် သုခမျိုးကို လာခံစားစမ်းပါ"လို့ ဆိုယင် တိုက်ကြီးပေါ်က လူက မလာပေဘူး။ အောက်မြေကြီးမှာ ရောက်ပြီး တဲကုပ်ကလေးထဲမှာ ဆင်းဆင်းရဲရဲ စား, ဝတ်, နေရတဲ့ လူကို မဇ္ဈိမပဋိပဒါ အလယ်အလတ် ချမ်းသာတဲ့လူက "သူ့ရဲ့သုခကို ခံစားစမ်းပါ"ဆိုယင် လွယ်လွယ်နဲ့ ခံစားမယ်။

ထို့အတူပဲ သဿတဒိဋ္ဌိ အာသယရှိတဲ့ သတ္တဝါကို "ဗုဒ္ဓဘာသာ တည်းဟူသော မဇ္ဈိမပဋိပဒါ=အလယ်အလတ် မဂ္ဂင်အကျင့်ဟာ ကောင်းပါတယ်" လို့ ဘယ်လိုပြောပြော၊ တိုက်ကြီးပေါ်က လူကို "ခင်ဗျား တိုက်ကြီးနဲ့ နေရတာ ချမ်းသာသုခ ဆိုပေမယ့် ချမ်းသာတာက တစ်ရွေး၊ ပြုပြင်ရတဲ့ ဒုက္ခက အများကြီး၊ လူက ဆင်းရဲမှ ခင်ဗျားရဲ့ ချမ်းသာသုခကို ရတာပါ" လို့ ဘယ်လိုပြောပေမယ့် နားမဝင်သလို သဿတဝါဒသမားကလည်းပဲ မဇ္ဈိမပဋိပဒါ မဂ္ဂင်လမ်းကို အလွယ်နှင့် မလိုက်ပါဘူး၊ နားမဝင်ဘူး။ ဥစ္ဆေဒဒိဋ္ဌိ အာသယရှိသူကတော့ အလွန်ဆင်းရဲတဲ့လူနဲ့ တူတယ်။ အဲဒီလူကို "လာပါ၊ အလယ်အလတ် ချမ်းသာ သုခကို ခံစားစမ်းပါ"လို့ ဆိုယင် လွယ်လွယ်နဲ့ခေါ် ရတယ်။ အေး ... ဥပမေယျပိုင်းမှာလည်းပဲ ဥစ္ဆေဒဝါဒ အာသယရှိတဲ့ ဒုက္ခရောက်နေသူကို မဇ္ဈိမပဋိပဒါ အလယ်အလတ် သုခရှိသူက ခေါ်လို့ လွယ်တယ်။ ဒါ ကြောင့် ဥစ္ဆေဒဝါဒ အာသယရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ ချစ်စရာ ကောင်းတဲ့ အကွက်ကလေး ရှိတယ်"လို့ မှတ်ပြီးတော့ သူတို့ကို အောက်မေ့ လိုက်ယင် ဒေါသမဖြစ်တာ အမှန်ပဲ။ ဤ အာသယနှင့် စပ်၍ -

http:\\www.dhammadownload.com



သသာဿတုစ္ဆေဒဒိဋ္ဌိ စ၊
ခန္တိ စေဝ နုလောမိကာ။
ယထာဘူတဉ္စ ယံ ဉာဏံ၊
ဧတံ အာသယသညိတံ။ ။

ဟူသော အကျဉ်းချုပ် ဂါထာကိုလည်း မှတ်ယူရာ၏။

ယခု မြတ်စွာဘုရားက "သြော် ... ဒီပရိဗိုဇ်ဟာ မိမိရဲ့ဝါဒကို တယ်ဖုံးတယ်၊ ဒီတော့ ဖော်အောင် ဖွင့်အောင် ဆွဲထုတ်ဦးမှပဲ" ဟု စဉ်းစားဆင်ခြင်တော်မူပြီးတော့ -

သန္တဂ္ဂိဝေဿန ဧကေ သမဏဗြာဟ္မဏာ ဧဝံ ဝါဒိနော ဧဝံဒိဋ္ဌိနော "သဗ္ဗံ မေ ခမတီ" တိ။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ဒါယကာ ပရိဗိုဇ်။ "မေ=ငါသည်။ သဗ္ဗံ=အလုံးစုံကို။ ခမတိ=နှစ်သက်၏။ " ဣတိ ဧဝံ ဝါဒိနော=ဤသို့ ပြောဆိုတဲ့ ဝါဒ ရှိကုန်သော။ ဧဝံ ဒိဋ္ဌိနော=ဤသို့ယူတဲ့ အယူရှိကြသော။ ဧကေ သမဏဗြာဟ္မဏာ= အချို့သော ရဟန်း ပုဏ္ဏားတို့သည်။ သန္တိ=ဤလောကဝယ် အထင်အရှား အများကြီး ရှိကြကုန်၏။

အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ပရိဗိုဇ် ...၊ သဗ္ဗံ မေ ခမတိ= "အကုန်လုံးကို ကျွန်ုပ်တို့တော့ လက်ခံတယ်။ နတ်ဘဝ ပဋိသန္ဓေ ရှိတယ်၊ လက်ခံတယ်။ လူ့ဘဝ ပဋိသန္ဓေ ရှိတယ်၊ လက်ခံတယ်။ ငရဲဘဝ ပဋိသန္ဓေ ရှိတယ်၊ လက်ခံတယ်။ လူ့ဘုံ ရှိတယ်။ နတ်ဘုံ ရှိတယ်၊ ဗြဟ္မာ့ဘုံ ရှိတယ်၊ အပါယ်ဘုံ ရှိတယ်၊ လက်ခံတယ်၊ လူရှိတယ်၊ နတ်ရှိတယ်၊ ဗြဟ္မာရှိတယ်၊ အပါယ်ဘုံသား ရှိတယ်ဆိုတာ အားလုံးကို ကျွန်ုပ်တို့ လက်ခံတယ်"လို့ ဆိုတဲ့ သဿတဝါဒရှိတဲ့ သမဏဗြာဟ္မဏတွေလည်း လောကမှာ အများကြီးပဲ။

http:\\www.dhammadownload.com



သန္တဂ္ဂိဝေဿန ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "သဗ္ဗံ မေ နက္ခမတိ" တိ။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ဒါယကာ ပရိဗိုဇ်။ "မေ=ငါသည်။ သဗ္ဗံ=အလုံးစုံကို။ နက္ခမတိ=မနှစ်သက်အပ်"။ ဣတိ ဧဝံ ဝါဒိနော=ဤသို့ ပြောဆိုတဲ့ ဝါဒရှိကုန်သော။ ဧဝံဒိဋ္ဌိနော = ဤသို့ ယူတဲ့ အယူရှိကြသော။ ဧကေသမဏ ဗြာဟ္မဏာ=အချို့သော ရဟန်းပုဏ္ဏားတို့သည်။ သန္တိ=ဤလောက ဝယ် အထင်အရှား အများကြီး ရှိကြကုန်၏။

သန္တဂ္ဂိဝေဿန... မောင်တို့လိုပဲ "သဗ္ဗံ မေ နက္ခမတိ=အကုန်လုံးကို ကျွန်ုပ်လက်မခံဘူး"ဆိုတဲ့ ဥစ္ဆေဒဝါဒ အယူရှိကြတဲ့ သမဏဗြာဟ္မဏာ အမည်ခံ ဝါဒရှင်တွေလည်းပဲ လောကမှာ အများကြီးပဲ။

အန္တဂ္ဂိဝေဿန=အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော ဒါယကာ ပရိဗိုဇ်။ မေ=ငါသည်။ ကေစ္စံ=တချို့ကိုတော့။ ခမတိ=နှစ်သက်၏။ ကေစ္စံ=တချို့ကိုတော့။ မေ=ငါသည်။ နက္ခမတိ=မနှစ်သက်အပ်"။ ဣတိ ဧဝံ ဝါဒိနော=ဤသို့ ပြောဆိုတဲ့ဝါဒ ရှိကုန်သော။ ဧဝံ ဒိဋ္ဌိနော=ဤသို့ယူတဲ့ အယူရှိကြသော။ ဧကေသမဏ ဗြာဟ္မ–ဏာ=တချို့သော ရဟန်းပုဏ္ဏားတို့သည်။ သန္တိ=ဤလောကဝယ် အထင်အရှား အများကြီး ရှိကြကုန်၏။

အဓိပ္ပာယ် ... ဓမ္မနယ်ပယ်မှာ ပြောကြစို့။ ကေစ္စံ ခမတိ=ရူပက္ခန္ဓာ ရှိတယ်ဆိုတာကို ကျွန်ုပ် လက်ခံတယ်။ သို့သော် ဝေဒနာက္ခန္ဓာ ရှိတယ် ဆိုတာကိုတော့ ကျွန်ုပ် လက်မခံဘူး။ သညာက္ခန္ဓာ ရှိတယ်ဆိုတာကို ကျွန်ုပ် လက်ခံတယ်၊ သင်္ခါရက္ခန္ဓာ ရှိတယ်ဆိုတာကိုတော့ ကျွန်ုပ် လက်မခံဘူး။ အဲဒီလို ခန္ဓာနှင့် စပ်ယှင်လည်းပဲ တချို့ကို လက်ခံတယ်၊ တချို့ကို လက်မခံဘူး၊ အဲဒီလို ပြောတဲ့ ဧကစ္စသဿတ အယူရှိကြတဲ့ သမဏဗြာဟ္မဏာ=ရဟန်း ပုဏ္ဏား ဝါဒရှင်တွေ လောကမှာ အများကြီးပဲ

http:\\www.dhammadownload.com



ရှိကြတယ် အင်္ဂုဝေဿန ... ။

### ဝါဒသုံးမျိုး

မိစ္ဆာဝါဒတွေ ဘယ်လောက်များများ ဒီသုံးခုထဲမှာ အကုန်လုံး ဝင်သွားတယ်။ သဿတအယူရှိတဲ့ လက်ယာ၊ ဥစ္ဆေဒအယူရှိတဲ့ လက်ဝဲ၊ ဧကစ္စသဿတ အယူရှိတဲ့ ကြားနေဝါဒ=လက်ဝဲဘက်လည်း ပါလိုက်။ လက်ယာဘက်လည်း ပါလိုက်။ အဲဒီလို လောကမှာ ဝါဒ သုံးမျိုးထဲမှာ အားလုံး မိစ္ဆာဝါဒတွေ အကုန်ဝင်တယ်။ မြတ်စွာဘုရားက ဝါဒသုံးမျိုး ခင်းလိုက်တယ်၊ ဒီဃနခပရိဗိုဇ် ဘယ်စာရင်းထဲ ဝင်သွား သလဲ၊ ဒုတိယစာရင်းထဲ "သဗ္ဗံ မေ နက္ခမတိ"လို့ အယူရှိတဲ့ သမဏ ဗြာဟ္မဏ စာရင်းထဲ သူဝင်သွားတယ်။ မြတ်စွာဘုရားက ဒီဃနခ ကိုယ်တိုင် ဝန်ခံပြီး ထွက်လာအောင် ဘာအမိန့်ရှိသလဲလို့ ဆိုတော့-

တတြ အဂ္ဂိဝေဿန ယေ တေ သမဏဗြာဟ္မဏာ ဧဝံ ဝါဒိနော ဧဝံဒိဋ္ဌိနော "သဗ္ဗံ မေ ခမတိ" တိ။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော ဒါယကာ ပရိဗိုဇ်။ တတြ=ထိုဝါဒ သုံးမျိုးတို့တွင်။ ယေ တေ သမဏ+ ဗြာဟ္မဏာ=အကြင် ရဟန်းပုဏ္ဏားတို့သည်။ "သဗ္ဗံ မေ ခမတိ" တိ=အလုံးစုံကို အကျွန်ုပ် နှစ်သက်ပါတယ်" လို့။ ဧဝံ ဝါဒိနော= ဤသို့ ပြောဆိုလေ့ ဝါဒ ရှိကြကုန်၏။ ဧဝံ ဒိဋ္ဌိနော=ဤသို့ သဿတဒိဋ္ဌိ အယူရှိကြကုန်၏။

တေသ မယံ ဒိဋ္ဌိ သာရာဂါယ သန္တိကေ၊ သညောဂါယ သန္တိကေ၊ အဘိနန္ဒနာယ သန္တိကေ၊ အဇ္ဈောသာနာယ သန္တိကေ၊ ဥပါဒါနာယ သန္တိကေ။

တေသံ=ထို ပထမ ဝါဒရှင်တို့၏။ အယံ ဒိဋ္ဌိ=ဤသဿတ ဒိဋ္ဌိသည်။ သာရာဂါယ=သံသရာဝဋ်၌ တပ်မက်ခြင်းငှာ။ သန္တိကေ

http:\\www.dhammadownload.com



=နိုးစပ်လှ၏။ သညောဂါယ=သံသရာဝဋ်၌ ဖွဲ့နှောင်မိခြင်းငှာ။ သန္တိကေ=နိုးစပ်လှ၏။ အဘိနန္ဒနာယ=တဏှာဒိဋ္ဌိတို့ဖြင့် သံသရာဝဋ်ကို နှစ်သက်ခြင်းငှာ။ သန္တိကေ=နိုးစပ်လှ၏။ အဇ္ဈောသာနာယ=တဏှာဖြင့် သံသရာဝဋ်ကို မျိုသိပ်၍ တည်ခြင်းငှာ။ သန္တိကေ=နိုးစပ်လှ၏။ ဥပါဒါနာယ=တဏှာဒိဋ္ဌိတို့ဖြင့် သံသရာဝဋ်ကို ဆွဲယူခြင်းငှာ။ သန္တိကေ=နိုးစပ်လှ၏။

အဂ္ဂိဝေဿန ... ခုတင်က ပြောခဲ့တဲ့ အယူဝါဒရှင် သုံးဦးအနက် (၁)နံပါတ် "သဗ္ဗံ မေ ခမတိ" လို့ ပြောတဲ့ သဿတဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်တို့ရဲ့ အဲဒီ သဿတဒိဋ္ဌိဟာ ဒီအတိုင်း ကြည့်နေယင် သံသရာဝဋ်၌ သာယာတတ်တယ်။ သာယာမှုနဲ့ နိုးစပ်တယ်။ သံသရာ၌ ဖွဲ့မိနှောင်မိ သံယောဇဉ် ငြိတတ်တယ်။ သံယောဇဉ်ငြိဖို့ နိုးစပ်တယ်။ သံသရာဝဋ်ကို တဏှာဒိဋ္ဌိတို့ဖြင့် ဖွဲ့ဖို့နိုးစပ်တယ်။ သံသရာဝဋ်ကို တဏှာဖြင့် မျိုသိပ်လုမတတ် ချစ်ခင်ဖို့ရန် နိုးစပ်တယ်။ အေး ... သံသရာဝဋ်ကို တဏှာ ဒိဋ္ဌိတို့ဖြင့် ဥပါဒါန်အစွဲ စွဲယူဖို့ရန် နိုးစပ်တယ်။

ဒီဃနခ-က စူးစူးစိုက်စိုက် နားထောင်နေတယ်။ သူက ဥစ္ဆေဒသမားကိုး။ ဒါကြောင့် ဘုရားရှင်က ယခု သဿတဒိဋ္ဌိ အပြစ်ကို ဟောလိုက်တော့ သဿတဒိဋ္ဌိသည် သာရာဂ၊ သညောဂ၊ အဘိနန္ဒန၊ အဇ္ဈောသာန၊ ဥပါဒါနဆိုတဲ့ သံသရာဝဋ်၌ တပ်မက်ရန် သံသရာဝဋ်၌ ဖွဲ့နှောင်မိရန်၊ သံသရာဝဋ်ကို တဏှာ+ဒိဋ္ဌိတို့ဖြင့် နှစ်သက်ရန်၊ သံသရာဝဋ်ကို လောဘဖြင့် မျိုသိပ်၍ တည်ဖို့ရန်၊ သံသရာဝဋ်ကို တဏှာ+ဒိဋ္ဌိတို့ဖြင့် စွဲစွဲလမ်းလမ်း ဖြစ်ဖို့ရန် အလွန်နိုးစပ်တယ်။ အလွန်နိုးစပ်တဲ့ သဿတဒိဋ္ဌိ။ သဿတဒိဋ္ဌိသမားဟာ ဘဝကို ဥစ္ဆေဒဒိဋ္ဌိ သမားထက် တပ်မက်တယ်၊ နှစ်သက်တယ်။ သေရမှာ ကေန်သိတာတောင်မှ ကောင်းကောင်းစားပြီးမှ သေချင်တယ်လို့ စကားပုံတောင် ပြောကြတယ်။ ဥစ္ဆေဒဒိဋ္ဌိသမားကျတော့ ဒီလို မဟုတ်ဘူး။

http:\\www.dhammadownload.com



တတြ အဂ္ဂိဝေဿန ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "သဗ္ဗံ မေ နက္ခမတိ" တိ။

အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော ဒါယကာ ပရိဗိုဇ်၊ ဘယ်သူရယ် မဟုတ်ဘူး၊ အကြင်သို့ သမဏ ဗြာဟ္မဏ အမည်ခံ ဝါဒရှင် ပုဂ္ဂိုလ်တို့သည် "သဗ္ဗံ မေ နက္ခမတိ" တိ မောင်တို့လိုပဲ "အကုန်လုံး ကျွန်ုပ် လက်မခံနိုင်ဘူး"

အေး ... တမလွန်ဘဝမှာ လူ့ဘဝ ပဋိသန္ဓေ ရှိတယ်၊ ဒါကိုလည်း လက်မခံဘူး။ နတ်ဘဝ ပဋိသန္ဓေ ရှိတယ်၊ ဒါကိုလည်း လက်မခံဘူး။ ဗြဟ္မာဘဝ ပဋိသန္ဓေ ရှိတယ်၊ ဒါကိုလည်း လက်မခံဘူး။ အဲ ဒုဂ္ဂတိက ငရဲ ပဋိသန္ဓေ၊ တိရစ္ဆာန် ပဋိသန္ဓေ၊ ပြိတ္တာ အသူရကာယ် ပဋိသန္ဓေ ရှိတယ်၊ ဒါကိုလည်း လက်မခံဘူး။ အကုန်လက်မခံယင် ဘာဖြစ်သလဲ၊ အို ဒီဘဝ ဖြစ် ဒီဘဝ ပျက် ရေပွက်ကလေးလိုပဲဗျာတဲ့၊ သတ္တဝါဆိုတာ ရေပွက်လိုပဲ၊ သူ့အကြောင်းအားလျော်စွာ ဖြစ်ပြီးပျက်၊ ပျက်ပြီးနောက် ဒီရေပွက်ဟာ အရှေ့သွား၊ အနောက်သွား၊ တောင်သွား၊ မြောက်သွား၊ ဘာမှ မရှိဘူး။ ရေပွက် ဥပမာနဲ့ ဥစ္ဆေဒဒိဋ္ဌိသမားက ဒီလို ယူတယ်။ "ခင်ဗျားတို့ ပြောတဲ့ လူ့ဘဝ၊ နတ်ဘဝ၊ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝ ပဋိသန္ဓေ ဘာပဋိသန္ဓေကိုမှ ကျွန်ုပ် မကြိုက်ဘူး၊ လက်မခံဘူးဗျ" နို့ ဒါဖြင့်ယင် ဘယ်လိုလဲဆိုယင် "သေလျှင် ရေပွက်ကလေး ပျက်သလို ပြီးတော့တာပဲ" အဲဒီလို မောင်တို့လို ပြောဆိုကြတဲ့ ပုဂ္ဂိုလ်တွေ လောကမှာ အများကြီး ရှိကြတယ်။

တေသ+မယံ ဒိဋ္ဌိ အသာရာဂါယ သန္တိကေ။

တေသံ=ထိုဥစ္ဆေဒဝါဒရှိကြတဲ့ ပုဂ္ဂိုလ်တို့၏။ အယံ ဒိဋ္ဌိ=ဤ အယူသည်။ အသာရာဂါယ=သံသရာဝဋ်၌ မတပ်မက်ခြင်းငှာ။ သန္တိကေ=နီးစပ်လှ၏။ အသညောဂါယ=သံသရာဝဋ်၌ မနှောင်ဖွဲ့မိ

http:\\www.dhammadownload.com



ခြင်းငှာ။ သန္တိကေ=နီးစပ်လှ၏။ အဘိနန္ဒနာယ=တဏှာဒိဋ္ဌိတို့ဖြင့် သံသရာဝဋ်ကို မနှစ်သက်ခြင်းငှာ။ သန္တိကေ=နီးစပ်လှ၏။ အနု–ဗ္ဗောသာနာယ=တဏှာဖြင့် မျိုသိပ်၍ မတည်ခြင်းငှာ။ သန္တိကေ=နီးစပ်လှ၏။ အနုပါဒါနာယ=တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းခြင်းငှာ။ သန္တိကေ=နီးစပ်လှ၏။

ဥစ္ဆေဒဝါဒရှိကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ဥစ္ဆေဒဝါဒဟာ သံသရာဝဋ်၌ မတပ်မက်ဖို့ရန်၊ သံသရာဝဋ်၌ မနှောင်မဖွဲ့မိရန်၊ တဏှာဒိဋ္ဌိတို့ဖြင့် သံသရာဝဋ်ကို မနှစ်သက်ဖို့ရန်၊ တဏှာဖြင့် မျိုသိပ်၍ မတည်ဖို့ရန် အင်မတန်မှ နီးစပ်တယ်။

အေး ... သံသရာဝဋ်ကို တဏှာဒိဋ္ဌိတို့နဲ့ မြွေက ဖားကို အသက်စွန့်ပြီး စွဲလမ်းတဲ့ အစွဲမျိုး အခဲမျိုး မရှိကြဘူးလို့ အဲဒီလို ဟောလိုက်တယ် ဆိုယင်ပဲ ဒီဃနခ ပရိဗိုဇ်ဟာ ငြိမ်ငြိမ်မနေနိုင်တော့ဘူး။ မြတ်စွာဘုရား က သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးကို ဝေဖန်ပြနေတုန်း ရှိသေးတယ်။ ကေစ္စသဿတဒိဋ္ဌိကို မဝေဖန်ရသေးမီ ဥစ္ဆေဒဒိဋ္ဌိရဲ့ သဘောကို ထိုကဲ့သို့ ဟောလိုက်တယ်ဆိုယင်ပဲ ဒီဃနခပရိဗိုဇ် ဘာပြောလိုက်သလဲဆိုယင်–

ဥက္ကံသေတိ မေ ဘဝံ ဂေါတမော ဒိဋ္ဌိဂတံ၊ သမုက္ကံသေတိ မေ ဘဝံ ဂေါတမော ဒိဋ္ဌိဂတံ။

ဘဝံ ဂေါတမော=အရှင်ဂေါတမသည်။ မေ=အကျွန်ုပ်၏။ ဒိဋ္ဌိဂတံ=အယူကို။ ဥက္ကံသေတိ=ချီးမြှောက်တော်မူပေ၏။ ဘဝံ ဂေါတမော=အရှင်ဂေါတမသည်။ မေ=အကျွန်ုပ်၏။ ဒိဋ္ဌိဂတံ=အယူကို။ သမုက္ကံသေတိ=ထက်ဝန်းကျင် ချီးမြှောက်တော်မူပေ၏။

ဒီမှာ သူ့ရဲ့ ဝမ်းသာခြင်းဟာ အင်မတန် ဝမ်းသာပြီးတော့ တခါတည်း ပေါ်လာတယ်။ သူသည် ဥစ္ဆေဒဝါဒသမားပါ ... လို့ ရိုးရိုးကြီး ဝန်ခံထားအောင် မြတ်စွာဘုရားက ဥစ္ဆေဒဝါဒရဲ့သဘောကို အဲဒီလို ချီးမွမ်းသလို ပြောလိုက်တာပေါ့။ အမှန်တော့ ချီးမွမ်းတာ မဟုတ်ဘူး၊

http:\\www.dhammadownload.com



သူ့သဘောက ဒီလိုရှိတယ်။ ခိပ္ပဝိရာဂ=လျင်စွာ ကင်းပြတ်လွယ်တယ် ဆိုတာကို အခြေခံပြီး ဟောလိုက်ခြင်း ဖြစ်တယ်။ မဟာသာဝဇ္ဇ ဖြစ်ကြောင်းကိုတော့ မြတ်စွာဘုရားက မဟောသေးဘူး။ ခိပ္ပဝိရာဂဖြစ်ဖို့ရန် မြတ်စွာဘုရားက ဒီအကြောင်းကို ဟောလိုက်တော့ "အရှင် ဂေါတမ သည် ကျွန်ုပ်ရဲ့ ဥစ္ဆေဒဝါဒကို ချီးမွမ်းတော်မူပေ၏။ အရှင်ဂေါတမ သည် ကျွန်ုပ်ရဲ့ ဥစ္ဆေဒဝါဒကို ထက်ဝန်းကျင် ချီးမွမ်းတော်မူပါပေ၏"လို့ ကြားထဲက သူက ဖြတ်ပြောတယ်။ သူ့ဝါဒကို သူအင်မတန် သဘောကျလွန်းလို့ "ဘုရားက ငါ့ဝါဒကို ချီးမွမ်းပြီး ပြောတာပဲ"ဟု ထင်ပြီးတော့ တခါတည်း သူက ပြောလိုက်တယ်။

မြတ်စွာဘုရားကတော့ သူ့ကိုလေ "သင့်ဝါဒကို ငါချီးမွမ်းတယ်၊ မချီးမွမ်းဘူး"ဆိုတာ ဘာမှ မပြောဘူး။ ကိုယ်တော်ရဲ့ ဟောနေကျ တရားစဉ်အတိုင်းသာ သဿတဝါဒနှင့် ဥစ္ဆေဒဝါဒ နှစ်ခုပဲ ဟောလို့ ပြီးသေးတယ်။ ဧကစ္စသဿတဝါဒ အတွက် -

တတြ အဂ္ဂိဝေဿန ယေ တေ သမဏ ဗြာဟ္မဏာ ဧဝံ ဝါဒိနော ဧဝံ ဒိဋ္ဌိနော "ဧကစ္စံ မေ ခမတိ၊ ဧကစ္စံ မေ နက္ခမတိ" တိ။

အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော ဒါယကာပရိဗိုဇ် ...၊ အကြင် သမဏ ဗြာဟ္မဏ အမည်ခံတဲ့ ဝါဒရှင် ပုဂ္ဂိုလ်တို့သည် "ငါသည် အချို့ ကို လက်ခံ၏၊ နှစ်သက်၏၊ ငါသည် အချို့ကို လက်မခံ၊ မနှစ်သက်" လို့ အဲဒီလို ပြောဆိုကြ၏။ (ထိုအယူမျိုးကို ဧကစ္စသဿတအယူ ဟု ခေါ်၏။)

ယာ ဟိ တေသံ ခမတိ၊ သာ+ယံ ဒိဋ္ဌိ သာရာဂါယ သန္တိကေ၊ သညောဂါယ သန္တိကေ၊ အဘိနန္ဒနာယ သန္တိကေ၊ အဇ္ဈောသာနာယ သန္တိကေ၊ ဥပါဒါနာယ သန္တိကေ၊ ယာ ဟိ တေသံ နက္ခမတိ၊ သာ+ယံ ဒိဋ္ဌိ အသာရာဂါယ သန္တိကေ၊ အသညောဂါယ သန္တိကေ၊ အနဘိနန္ဒနာယ သန္တိကေ၊ အနဇ္ဈောသာနာယ သန္တိကေ၊

http:\\www.dhammadownload.com



အနုပါဒါနာယ သံဝတ္တတိ။

အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော ဒါယကာ ပရိဗိုဇ် ...၊ လောကမှာ တစ်ချို့ကိုသာ ငါလက်ခံတယ်။ တစ်ချို့ကို ငါလက်မခံဘူး၊ တရားနဲ့ ပယ်ကဆိုယင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်လို့ ခန္ဓာငါးပါး ရှိတဲ့အနက်က တမလွန်ဘဝ၌ ရူပက္ခန္ဓာ ဖြစ်တယ်ဆိုတာကို ကျွန်ုပ် လက်ခံတယ်။ ဝေဒနာက္ခန္ဓာ ဖြစ်တယ်ဆိုတာကို ကျွန်ုပ် လက်မခံဘူး၊ တမလွန်ဘဝ၌ သညာက္ခန္ဓာ ဖြစ်တယ်ဆိုတာကို ကျွန်ုပ် လက်ခံတယ်၊ သင်္ခါရက္ခန္ဓာ ဖြစ်တယ်ဆိုတာကို ကျွန်ုပ်လက်မခံဘူး။ အဲဒီလို တစ်ချို့ ကို လက်ခံတယ်၊ တစ်ချို့ကို လက်မခံဘူး။ အဲဒီလို ယူတဲ့ အယူကို ဧကစ္စသဿတဒိဋ္ဌိလို့ ခေါ်တယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ အယူမှာတဲ့–

တေသံ=ထိုဧကစ္စသဿတ အယူသမားတို့၏။ ယာခမတိ= အကြင် နှစ်သက်အပ်၏ဆိုတဲ့ အယူသည်။ အတ္ထိ=ရှိ၏။ သာယံ ဒိဋ္ဌိ=ထို နှစ်သက်တယ်၊ လက်ခံတယ်ဆိုတဲ့ (တစ်စိတ် လက်ခံတယ်ဆိုတဲ့) ဧကစ္စသဿတအယူသည်။ သာရာဂါယ သံဝတ္တတိ= သံသရာဝဋ်၌ တပ်မက်ဖို့ရန် နီးကပ်လှ၏။ သညောဂါယ သံဝတ္တတိ =သံသရာဝဋ်၌ ဖွဲ့နှောင်မိရန် နီးကပ်လှ၏။ အဘိနန္ဒနာယ သံဝတ္တတိ=တဏှာဒိဋ္ဌိတို့ဖြင့် နှစ်သက်ဖို့ရန် နီးကပ်လှ၏။ အဇ္ဈော-သာနာယ သံဝတ္တတိ=လောဘဖြင့် မျိုသိပ်၍ တည်ဖို့ရန် နီးကပ်လှ၏။ ဥပါဒါနာယ သံဝတ္တတိ=တဏှာ+ ဒိဋ္ဌိတို့ဖြင့် အပြင်းအထန် စွဲလမ်းဖို့ရန် နီးကပ်လှ၏။

အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော ချစ်သား ပရိဗိုဇ် ...၊ ဧကစ္စသဿတ သမားမှာ သဿတတစ်ဝက်ယူတဲ့ အဲဒီအယူက သာရာဂ၊ သညောဂ၊ အဘိနန္ဒန၊ အဇ္ဈောသာန၊ ဥပါဒါနဆိုတဲ့ အကုသိုလ်တွေဖြစ်ဖို့ သိပ် နီးကပ်တယ်။ အဲဒီ ဧကစ္စသဿတသမားရဲ့ "ကျွန်ုပ် လက်မခံဘူး" ဆိုတဲ့ အဲဒီ အယူတစ်ခြမ်း အတွက်ကတော့ အသာရာဂ၊ အသညောဂ၊

http:\\www.dhammadownload.com



အနဘိနန္ဒန၊ အနဇ္ဈောသာန၊ အနုပါဒါနဆိုတဲ့ သံသရာဝဋ်၌ မတပ်မက်ဖို့ရန်၊ သံသရာဝဋ်၌ လောဘဖြင့် မျိုသိပ်၍ မတည်ဖို့ရန်၊ တဏှာဒိဋ္ဌိတို့ဖြင့် အပြင်းအထန် မစွဲလမ်းဖို့ရန် အင်မတန် နိုးကပ်နေတယ်။ ဥပါဒါန် မဖြစ်ဖို့ နိုးကပ်နေတယ်။ အဲဒီလို မြတ်စွာဘုရားက အမိန့်တော်ရှိတယ်။

မိစ္ဆာအယူတို့ရဲ့ သဘောသွားကို မြတ်စွာဘုရား ဟောကြားနေတယ်။ လောကဥပမာအားဖြင့် ဘူးထဲမှာ ပုန်းရည်တွေ အပြည့်ထည့်ထား၊ ထည့်ထားယင် အဲဒီ ပုန်းရည်တွေကို သွန်မပစ်ဘဲနဲ့ အဲဒီ ဘူးထဲမှာ စတုမဓုတွေကို ထည့်လို့ မရပါဘူး၊ ဒီဘူးထဲမှာ အလွန်ကောင်းတဲ့ စတုမဓုတွေကို ထည့်ချင်ယင် ဘူးထဲမှာရှိတဲ့ ချဉ်တူးနေတဲ့ ပုန်းရည်တွေကို အကုန်သွန်ပစ် ဆေးပစ်ပြီးမှ ဒီဘူးထဲမှာ အလွန်ချိုတဲ့ မြိန်တဲ့ စတုမဓုဆေးကို ထည့်လို့ရတယ်။

ထို့အတူပဲ ဒီဃနခဆိုတဲ့ အဂ္ဂိဝေဿနအနွယ်၌ ပေါက်ဖွားတဲ့ ပရိဗိုဇ်ရဲ့ ခန္ဓာကိုယ် ခန္ဓာအစဉ် တည်းဟူသော ဘူးထဲမှာ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ချဉ်တူးနေတဲ့ မိစ္ဆာအယူ ပုန်းရည်တွေ ပြည့်နေတယ်။ ဒီပုန်းရည်တွေကို မသွန်ဘဲဟာဖြင့် အမြိုက်နိဗ္ဗာန် တရားတည်းဟူသော စတုမဓုချိုမြိန်တဲ့ ဆေးကောင်း အမြိုက်ဆေးကောင်းကို ခန္ဓာထဲ လောင်းလို့ရကို မရဘူး၊ လောင်းယင်လည်း လျှံထွက်သွားမယ်၊ မဝင်ပေဘူး။ အဲဒီတော့ ပထမဦးစွာ ချဉ်တူးနေတဲ့ ပုန်းရည်ပုပ်နဲ့တူတဲ့ ဥစ္ဆေဒအယူကို စွန့်ပစ်လိုက်ပြီးမှ အမြိုက်ဆေး လောင်းပေးမှပဲ။ ဒီအနေနဲ့ မြတ်စွာဘုရားက သူ့ရဲ့ မိစ္ဆာအယူ စွန့်ပစ်ဖို့ရန် တတိယအဆင့်အနေနဲ့ ဒီလို ဟောပြန်တယ်။

တတြ အဂ္ဂိဝေဿန ယေ တေ သမဏဗြာဟ္မဏာ ဧဝံ ဝါဒိနော ဧဝံ ဒိဋ္ဌိနော "သဗ္ဗံ မေ ခမတိ" တိ။

http:\\www.dhammadownload.com



အဂ္ဂိဝေဿန အနွယ်မှာ ဖြစ်သော ဒါယကာပရိဗိုဇ် ...၊ လောကမှာ အကြင်သို့သော သမဏ ဗြာဟ္မဏ အမည်ခံ ဝါဒရှင် ပုဂ္ဂိုလ်တို့သည် "သဗ္ဗံ မေ ခမတိ"=အလုံးစုံကို အကျွန်ုပ် နှစ်သက်လက်ခံပါ၏" ဟု သဿတ အယူဝါဒ ဒိဋ္ဌိရှိကြ၏။

တတြ ဝိညူ ပုရိသော ဣတိ ပဋိသဉ္စိက္ခတိ။

တတြ=ထိုသဿတ အယူရှိကြတဲ့ ပုဂ္ဂိုလ်များစွာတို့အနက်။ ဝိညူ ပုရိသော=သိကြားလိမ္မာတဲ့ ပုဂ္ဂိုလ်ကတော့။ ဣတိ ပဋိသဉ္စိက္ခတိ=ဤသို့ ဆင်ခြင်၏။

အဂ္ဂိဝေဿန ...၊ လောကမှာ သဿတ အယူရှိကြတဲ့ သမဏ ဗြာဟ္မဏ မြောက်မြားစွာထဲက ဉာဏ်ပညာရှိကြတဲ့ အချို့အချို့သော ပုဂ္ဂိုလ်များကျတော့ ဟောဒီလို စဉ်းစားကြတယ်။ ဘယ်လိုလဲ။

ယာ ခေါ မေ အယံ ဒိဋ္ဌိ "သဗ္ဗံ မေ ခမတီ"တိ။

မေ=ငါ၏။ "သဗ္ဗံ မေ ခမတီတိ=အလုံးစုံကို ငါ လက်ခံ၏" ဟူသော ယာ ခေါ အယံ ဒိဋ္ဌိ = အကြင် သဿတ အယူသည်။ အတ္ထိ=ရှိ၏။

ဣမဉ္စာဟံ ဒိဋ္ဌိံ ထာမသာ ပရာမသာ အဘိနိဝိဿ ဝေါဟရေယျံ "ဣဒမေဝ သစ္စံ၊ မောဃမည" န္တိ။

အဟံ=ငါသည်။ ဣမံ ဒိဋ္ဌိံ=ဤ ငါယူနေကျဖြစ်တဲ့ သဿတ အယူကို။ "ဣဒမေဝ သစ္စံ=ဤ ငါရဲ့ သဿတအယူသာ မှန်၏။ အညံ=ငါ့အယူမှ တစ်ပါးသော ဥစ္ဆေဒဒိဋ္ဌိ ဧကစ္စသဿတဒိဋ္ဌိ ရှိရှိသမျှသည်။ မောဃံ=အချည်းနှီး အလကားပဲ"။ ဣတိ=ဤသို့။ ဣမံ ဒိဋ္ဌိံ=ဤငါ၏ သဿတအယူကို။ ထာမသာ=အားရှိပါးရှိ။ ပရာမသာ=မှားသောအားဖြင့် သုံးသပ်လျက်။ အဘိနိဝိဿ=မလွှတ်နိုင်အောင် နှလုံးသွင်း၍။ ဝေါဟရေယျံ=ငါပြော၍ နေငြားအံ့။

http:\\www.dhammadownload.com



ဘယ်လိုနည်းနဲ့မှ ငါ့အယူကို မလွှတ်ဘူးဆိုတဲ့ အနေနဲ့ "ငါ့အယူသာ အမှန်၊ ကျန်တဲ့ ဥစ္ဆေဒအယူ၊ ဧကစ္စသဿတအယူတွေ အကုန်အမှားချည်းပဲ" အဲဒီလို ငါက အားရှိပါးရှိ မလျှော့တမ်း ပြောဆိုနေယင်–

ဒွိဟိ မေ အဿ ဝိဂ္ဂဟော။

လူနှစ်ယောက်တို့နဲ့ ငါ ငြင်းခုံခြင်း ဖြစ်ရပေလိမ့်မယ်။ (ဘယ်လို လူနှစ်ယောက်နဲ့လဲ။)

ယော စာ ယံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံ ဝါဒီ ဧဝံဒိဋ္ဌိ "သဗ္ဗံ မေ နက္ခမတိ" တိ=အကုန်လုံးကို ငါလက်မခံဘူး" ဆိုတဲ့ ဥစ္ဆေဒအယူရှိတဲ့ သမဏ ဗြာဟ္မဏ ပုဂ္ဂိုလ်တစ်စု။

ယော စာ ယံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံ ဝါဒီ ဧဝံဒိဋ္ဌိ "ဧကစ္စံ မေ ခမတိ ဧကစ္စံ မေ နက္ခမတိ" တိ။ ဣမေဟိ အဿ ဒွိဟိ ဝိဂ္ဂဟော။

"တစ်ချို့ကို ငါ လက်ခံတယ်၊ တစ်ချို့ကို ငါ လက်မခံဘူး" ဆိုတဲ့ ဧကစ္စသဿတ အယူရှိကြတဲ့ ရဟန်းပုဏ္ဏားတစ်စု အဲဒီ လူနှစ်စုတို့နဲ့ ဆန့်ကျင်ဘက်ယူမှု ဖြစ်လေရာ၏။

ငါက သဗ္ဗံ မေ ခမတိ=အကုန်လုံးကို လက်ခံတယ်။ အကုန်လုံးကို လက်မခံဘူးဆိုတဲ့ ဟိုလူတစ်ယောက်၊ တစ်ချို့ကို လက်ခံတယ်၊ တစ်ချို့ကို လက်မခံဘူးဆိုတဲ့ ဟို လူတစ်ယောက်၊ အဲဒီ လူ နှစ်ယောက်နဲ့ ငါနဲ့ ဧကန္တ ဆန့်ကျင်ဘက်ကို ယူမှုဖြစ်တော့မယ်။

ဝိဂ္ဂဟေ သတိ ဝိဝါဒေါ=ဆန့်ကျင်ဘက်ကို ယူနေယင် တစ်နေ့မှာ သူနဲ့ ငါနဲ့ ငြင်းခုံခြင်း (ဆန့်ကျင်ဘက်စကားပြောခြင်းဆိုတဲ့) ဝိဝါဒဘေးကြီး ရောက်တော့မယ်။

ဝိဝါဒေသတိ ဝိဃာတော။

ဝိဝါဒေ=သူနဲ့ငါ ငြင်းခုံရသည်။ သတိ=ရှိသော်။ ဝိဃာတော=ငါရဲ့ စိတ်ပင်ပန်းခြင်းသည်။ ဘဝိဿတိ=ဖြစ်တော့မယ်။

http:\\www.dhammadownload.com



(အေး ... သူနဲ့ ငါနဲ့ ဝိဝါဒ=ဆန့်ကျင်ဘက်စကား ပြောကြားငြင်းခုံခြင်း ဘေးရောက်ယင် တစ်နေ့မှာ ငါ စိတ်ပင်ပန်းရတော့မယ်။)

ဝိဃာတေ သတိ ဝိဟေသာ။

ဝိဃာတေ=ငါ စိတ်ပင်ပန်းမှုသည်။ သတိ=ရှိသော်။ ဝိဟေသာ =ကိုယ်စိတ်နှစ်ခန်း နွမ်းနယ်ခြင်းသည်။ ဘဝိဿတိ=ဖြစ်တော့မှာပဲ။

(သူနဲ့ငါ ငြင်းခုံရယင် ငါ စိတ်ဆင်းရဲရမယ်၊ တော်တော်ကြာတော့ ငါကိုယ်ရောစိတ်ရော အကုန်လုံး မလှုပ်ချင်အောင် နွမ်းနယ်သွားတော့မယ်။)

ဣတိ သော ဝိဂ္ဂဟဉ္စ ဝိဝါဒဉ္စ ဝိဃာတဉ္စ ဝိဟေသဉ္စ အတ္တနိ သမ္ပဿမာနော တဉ္စေဝ ဒိဋ္ဌိံ ပဇဟတိ၊ အညဉ္စ ဒိဋ္ဌိံ န ဥပါဒိယတိ။

အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော ဒါယကာပရိဗိုဇ်၊ ဤသို့လျှင် သဿတအယူကို အစွဲအမြဲ လိပ်ခဲတည်းလည်း မစွန့်ဘဲ ယူနေယင် ဥစ္ဆေဒဒိဋ္ဌိသမား၊ ဧကစ္စသဿတ အယူသမား၊ ဒီလူနှစ်ဦးနဲ့ ဆန့်ကျင်ရမှာ၊ ငြင်းခုံရမှာ၊ ငြင်းခုံလို့ ပန်းရမှာ၊ ငြင်းခုံလို့ ကိုယ်ရော စိတ်ရော နွမ်းရမှာ ဒီအပြစ်တွေကို မိမိကိုယ်၌ မြင်ပြီးပြီဆိုယင် မိမိယူရင်းစွဲရှိသည့် သဿတဒိဋ္ဌိ၊ ဧကစ္စသဿတဒိဋ္ဌိ ဆိုတဲ့ အယူတစ်ပါးကိုလည်းပဲ သူ မယူတော့ဘူး။ မစွဲလမ်းတော့ဘူး။

ဘယ်လိုလဲ။ သဿတယူယင် ဥစ္ဆေဒ၊ ဧကစ္စသဿတတို့နဲ့ ဆန့်ကျင်ဘက်၊ ဥစ္ဆေဒယူယင် သဿတ၊ ဧကစ္စသဿတတို့နဲ့ ဆန့်ကျင်ဘက်၊ ဧကစ္စသဿတ ယူတဲ့ လူကလည်း သဿတယူသူ၊ ဥစ္ဆေဒယူသူ ဒီလူနှစ်ယောက်တို့နဲ့ ဆန့်ကျင်ဘက် ဖြစ်ရမယ်။ **အဲဒီအချက်ကို** မြတ်စွာဘုရားက စိတ်ရှည်လက်ရှည် –

တတြ အဂ္ဂိဝေဿန ယေ တေ သမဏဗြာဟ္မဏာ **ဧဝံ ဝါဒိနော** ဧဝံ ဒိဋ္ဌိနော "သဗ္ဗံ မေ နက္ခမတိ" တိ။

http:\\www.dhammadownload.com



အင်္ဂဝေဿန အနွယ်၌ဖြစ်သော ဒါယကာပရိဗိုဇ် ...၊ ဒါယကာတို့လို အကြင် သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် "အလုံးစုံကို ကျွန်ုပ် လက်မခံဘူး" လို့ ဥစ္ဆေဒ အယူရှိကြတယ်။

တတြ ဝိညူ ပုရိသော ဣတိ ပဋိသဉ္စိက္ခတိ။

ဥစ္ဆေဒအယူရှိကြတဲ့ သမဏဗြာဟ္မဏ မြောက်မြားစွာတို့အနက် ဉာဏ်ပညာရှိကြတဲ့ အနည်းငယ်မျှသော ပုဂ္ဂိုလ်များကတော့ ဟောဒီလို စဉ်းစားကြတယ်။ (ဘယ်လိုတုန်း။)

ယာ ခေါ မေ အယံ ဒိဋ္ဌိ "သဗ္ဗံ မေ နက္ခမတီ" တိ။

ဩော် "အကုန်လုံး ကျွန်ုပ် လက်မခံဘူး" ဆိုတဲ့ ငါ့ရဲ့ အကြင် ဥစ္ဆေဒအယူသည် ရှိ၏။

ဣမံ စေ အဟံ ဒိဋ္ဌိံ ထာမသာ ပရာမသာ အဘိနိဝိဿ
ဝေါဟရေယျံ "ဣဒ မေဝ သစ္စံ၊ မောဃမည" န္တိ။

ငါ့ရဲ့ ဒီ ဥစ္ဆေဒအယူကို "ငါ့အယူသာ မှန်တယ်၊ သဿတအယူလည်း အချည်းနှီး အလကားပဲ၊ ကေစ္စသဿတ အယူလည်း အချည်းအနှီး အလကားပဲ"။ အဲဒီလို မိမိအယူကိုသာ လိပ်ခဲတည်းလည်း စွမ်းအား ပြင်းပြင်းနဲ့ နလုံးသွင်းပြီး ငါနေလို့ရှိယင် –

ဒွီဟိ မေ အဿ ဝိဂ္ဂဟော။

ငါ့အဖို့ရာ ပုဂ္ဂိုလ်နှစ်ယောက်တို့နဲ့ ဆန့်ကျင်သော ယူခြင်း ဖြစ်တော့မယ်။ (နှစ်ယောက်က ဘယ်သူလဲဆိုယင် –)

ယော စာယံ သမဏော ဝါ **ဗြာဟ္မဏော** ဝါ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ
"သဗ္ဗံ မေ ခမတီ" တိ။

အကုန်လုံး လက်ခံတယ်ဆိုတဲ့ သဿတ အယူရှိတဲ့ သမဏ ဗြာဟ္မဏ တစ်ခု။

http:\\www.dhammadownload.com



ယော စာယံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ "ဧကစ္စံ မေ ခမတိ၊ ဧကစ္စံ မေ နက္ခမတိ" တိ။

အေး ... ခန္ဓငါးပါး ရှိတဲ့အနက်က တမလွန်ဘဝ၌ ရူပက္ခန္ဓာ ဖြစ်တယ်ဆိုတာကို လက်ခံတယ်၊ ဝေဒနာက္ခန္ဓာဖြစ်တယ်ဆိုတာကို လက်မခံဘူး၊ တမလွန်ဘဝ၌ သညာက္ခန္ဓာ ဖြစ်တယ်ဆိုတာကို လက်ခံတယ်၊ သင်္ခါရက္ခန္ဓာ ဖြစ်တယ်ဆိုတာကို လက်မခံဘူး စသည်ဖြင့် သဿတ တစ်ဝက်၊ ဥစ္ဆေဒ တစ်ဝက်၊ အဲဒီလို ယူတဲ့ ပုဂ္ဂိုလ်တွေ။

တ္တမေဟိ အဿ ဒွိဟိ ဝိဂ္ဂဟော။

ဒီသူနှစ်ဦးတို့နဲ့ ဆန့်ကျင်သော အယူကို ယူခြင်း ဖြစ်ပေလိမ့်မည်။

တ္တတိ ဝိဂ္ဂဟေ သတိ ဝိဝါဒေါ၊ ဝိဝါဒေ သတိ ဝိဃာတော၊ ဝိဃာတေ သတိ ဝိဟေသာ။

ဤသို့လျှင် ဆန့်ကျင်ဘက်ကို ယူလျှင် ငြင်းခုံရချေမည်၊ ငြင်းခုံရယင် စိတ်ဆင်းရဲရတော့မည်၊ စိတ်ဆင်းရဲရယင် နောက်ပိုင်းမှာ ကိုယ်ရော စိတ်ရော နွမ်းနယ်ရတော့မှာပဲ။

တ္တတိ သော ဝိဂ္ဂဟဉ္စ ဝိဝါဒဉ္စ ဝိဃာတဉ္စ ဝိဟေသဉ္စ အတ္တနိ သမ္ပဿမာနော တဉ္စေဝ ဒိဋ္ဌိံ ပဇဟတိ၊ အညဉ္စ ဒိဋ္ဌိံ န ဥပါဒိယတိ။

ဤသို့လျှင် ထိုဥစ္ဆေဒအယူသမားသည် မိမိအပေါ်၌ ကျရောက်မည့် ဆန့်ကျင်ဘက် အယူကို ယူခြင်း၊ ငြင်းခုံခိုက်ရန်စကား ပြောခြင်း၊ ဆန့်ကျင်ရ၍ စိတ်ပန်းခြင်း၊ ကိုယ်ရောစိတ်ပါ မလုပ်ချင် မကိုင်ချင် နွမ်းနယ်ခြင်း၊ ဤ အပြစ်များကို မိမိအပေါ်၌ ကျရောက်မည်ကို မြင်လာပြီးလျှင် ထိုယူရင်းစွဲ ဥစ္ဆေဒအယူကိုလည်း စွန့်ပယ်၏။ အခြား မိစ္ဆာအယူများကိုလည်းပဲ မစွဲယူတော့ချေ။

ဒီဃနခ ပရိဗိုဇ်ဟာ ပါရမီရှိတယ်နော်၊ မြတ်စွာဘုရားက သူ့ကို အဂ္ဂိဝေဿနလို့သာ အနွယ်ဖြင့် ခေါ်ဝေါ် ဟောကြားတော်မူတယ်။

http:\\www.dhammadownload.com



ဒီဃနခ=ရှည်သော လက်သည်းရှိတဲ့ ပရိဗိုဇ်လို့ ဆိုလို့ရှိယင် ဒါဟာ ဆဲတာနှင့် အတူတူပဲ။ "ဇာတိ နာမ ဂေါတ္တ ကမ္မ၊ သိပ္ပံ အာဗာဓ လိင်္ဂကံ" အရ အသွင်အပြင်=လူပုံနဲ့ ကြည့်ပြီးတော့ ဆံရှည်ကောင် ကြီးလို့ ဆိုသလို လက်သည်းရှည်ကောင် ကြီး ဆိုတာ လိင်္ဂ=အသွင်အပြင် အားဖြင့် ဆဲရေးခြင်း ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ကိုယ်တော်မြတ် အနေနဲ့ ချီးမြှောက်သောအားဖြင့် "အဂ္ဂိဝေဿန"လို့ပဲ ခေါ်တော်မူတယ်။

"အဂ္ဂိဝေဿန ...၊ သင် စဉ်းစားကြည့်၊ သင်တို့လို ဥစ္ဆေဒဒိဋ္ဌိ အယူ ရှိကြတဲ့ မြောက်မြားလှစွာသော သမဏ ဗြာဟ္မဏတို့အထဲမှာ စောစော က ငါဘုရား ပြောကြားတဲ့အတိုင်း မိမိရဲ့ မိစ္ဆာအယူကို စွန့်တဲ့ပုဂ္ဂိုလ်က သိပ်နည်းတယ်၊ အဲဒီ သိပ်နည်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ပညာရှိပုဂ္ဂိုလ် တွေ၊ အဲဒီပုဂ္ဂိုလ် ပညာရှင်များကတော့ ဟောဒီလို စဉ်းစားတယ်။ ဘယ်လိုလဲ။

"သြော် ... ငါရဲ့ ဥစ္ဆေဒအယူသာ မှန်တယ်၊ ထိုသူရဲ့ သဿတ အယူက အမှား၊ ဟိုလူရဲ့ ဧကစ္စသဿတ အယူက အလကား"။ အဲဒီလို သူများအယူကိုတော့ အမှား အလကား၊ ငါ့အယူသာ မှန်တယ်လို့ ဒိဋ္ဌိနဲ့ နလုံးသွင်းပြီး လိပ်ခဲတည်းလည်း မစွန့်ဘဲနဲ့ မိမိအယူကိုသာ ပြောဆို နေယင် ထိုသူနှစ်ယောက်နဲ့ ငါ အညမညဝိရုဒ္ဓ=အချင်းချင်း ဆန့်ကျင် တဲ့ အယူကို ယူတဲ့ ပုဂ္ဂိုလ် ဖြစ်ရတော့မယ်။ ဝိရုဒ္ဓဂါပ ခေါ်တဲ့ ဝိဂ္ဂဟ ဖြစ်ခဲ့ယင် ဝိဝါဒ=ဆန့်ကျင်စကား ခိုက်ရန်စကား ပြောရတော့မယ်၊ ဆန့်ကျင်စကား ခိုက်ရန်ငြင်းခုံစကား ပြောရလို့ရှိယင် ဝိဃာတ=စိတ် ပင်ပန်းရတော့မယ်၊ စိတ်ပင်ပန်းရလို့ရှိယင် ဝိဟေသ=ကိုယ်နှင့်စိတ် မလှုပ်နိုင်တဲ့ အခြေအနေရောက် ပင်ပန်းတော့မယ်"။

အေး ... အဲဒီလို ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်ကတော့ မိမိရဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူမှားကြီးအတွက် မိမိအပေါ်မှာ ကျရောက်လာမယ့် ဝိဂ္ဂဟတေး၊

http:\\www.dhammadownload.com



ဝိဝါဒဘေး၊ ဝိဃာတဘေး၊ ဝိဟေသာဘေး=အဲဒီ ဘေးကြီးများကို မြင်ပြီးတော့ မိမိရဲ့ လက်ရှိ ဥစ္ဆေဒအယူကိုလည်း စွန့်လိုက်တယ်။ ဥစ္ဆေဒအယူကို ပေကပ်နေယင် ကျန်တဲ့ အယူရှင် နှစ်ဦးနဲ့ ဝိဂ္ဂဟ၊ ဝိဝါဒ၊ ဝိဃာတ၊ ဝိဟေသာ=ဒီ ဆင်းရဲဒုက္ခလေးမျိုး ရောက်မှာ အမှန်ပဲ။ အဲဒါကြောင့် ဥစ္ဆေဒအယူကိုလည်း စွန့်လိုက်တယ်၊ ဒါကို စွန့်ပြီး သဿတအယူကို သွားယူပြန်လျှင်လည်း ဥစ္ဆေဒသမား၊ ဧကစ္စ သဿတသမားတို့နဲ့ ဆန့်ကျင်ရဦးမယ်၊ အဲဒါကြောင့် ကျန်တဲ့ အယူ နှစ်ပါးကိုလည်း မယူ၊ မိမိယူထားရင်း ဥစ္ဆေဒအယူကိုလည်း စွန့်ပစ်လိုက်တယ် **အဂ္ဂိဝေဿန ...** ။

**အဲ့ဒီလို** မြတ်စွာဘုရားက (ရန်စကားပြောတာ မဟုတ်) အမှန် **စကားကို တကယ့်** မဟာကရုဏာ ပြဋ္ဌာန်းပြီးတော့ အေးအေးချမ်းချမ်း ပြောတာ။ **အဂ္ဂိဝေဿန**ခေါ်တဲ့ ဒီဃနခပရိဗိုဇ်ကို နှိမ်ပြီးတော့ မျှစ်ချိုး မှိုမျိုး တစ်လုံးမှ မပြောဘူး၊ ဗုဒ္ဓက မဟာကရုဏာ ပြဋ္ဌာန်းပြီး တကယ့် အကျိုး လိုလားသောစိတ်နဲ့ ဟောတာပြောတာ ဖြစ်တော့ "အဂ္ဂိဝေဿန" လို့ မြတ်စွာဘုရားက ချိုးချိုးမြှောက်မြှောက် ခေါ်၍ တရားဟောလိုက် တယ်ဆိုယင်ပဲ ဒီဃနခပရိဗိုဇ်ဟာ ဘယ်လိုဖြစ်သလဲ၊ အဋ္ဌကထာက မှတ်ချက်ပေးတယ်။

သော ဟိ ပရိဗ္ဗာဇကော "ကိံ မေ ဣမိနာ ဝိဂ္ဂဟာဒိနာ" တိ တံ ဥစ္ဆေဒဒဿနံ ပဇဟတိ။

ဟိ=အကျိုးကား။ သော ပရိဗ္ဗာဇကော=ထို ဒီဃနခပရိဗိုဇ် သည်။ (ဣမံ ဓမ္မံ သုတွာ=ဤဒိဋ္ဌိဝိနိဝေဌနကထာ တရားကို ကြားရသည်ရှိသော်။) "မေ=ငါ့အဖို့ရာ။ ဣမိနာ ဝိဂ္ဂဟာဒိနာ=ဤ ဆန့်ကျင်သော အယူကိုယူခြင်း၊ ဆန့်ကျင်စကား ပြောကြားခြင်း၊ စိတ်ပင်ပန်းခြင်း၊ ကိုယ်စိတ်နွမ်းခြင်းတည်းဟူသော အပြစ်လေးပါး ဖြင့်။ ကိံ=ဘာအကျိုးရှိအံ့နည်း။ ဣတိ=ဤသို့ နှလုံးပိုက်၍။ တံ

http:\\www.dhammadownload.com



ဥစ္ဆေဒဒဿနံ=ထို မိမိ ယူရင်းစွဲဖြစ်တဲ့ ဥစ္ဆေဒ အယူမှားကို။
ပဇဟေတိ= ပယ်စွန့်လိုက်လေ၏။

မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ဒီ ဥစ္ဆေဒအယူကြီးကိုသာ ငါ စွဲမြဲယူနေယင် ငါရမယ့် ရလဒ်က ဝိဂ္ဂဟ=ဟို ပုဂ္ဂိုလ်နှစ်ယောက်တို့နဲ့ အယူဆန့်ကျင်ခြင်း၊ ဝိဝါဒ=အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်နဲ့ နေ့ငြင်းခုံ ညငြင်းခုံ (ဝိဝါဒဟာ သာသနာက ဘေးပဲ) အဲ-တစ်ခါ ဝိဂ္ဂဟ၊ ဝိဝါဒ ရှိယင် ဝိဃာတ=ပင်ပန်းခြင်း၊ ဝိဟေသာ=စိတ်ရော ကိုယ်ရော နှစ်ပါး စလုံး နွမ်းပြီး ဘာများ ကောင်းတာ ရှိသေးသလဲ၊ တစ်ခုမှ ကောင်းတာ မရှိဘူး။ ငါရဲ့ ဥစ္ဆေဒဒိဋ္ဌိကြောင့် ရမယ့် ပစ္စုပ္ပန်လာဘ်ဟာ ဒီအပြစ်လေးပါးကိုပဲ ရမယ်။ ကိုင်း ဘာအသုံးကျသေးသလဲ။ ဘာမှ အသုံးမကျတဲ့ အပြင် ဒီအယူကို မစွန့်ဘဲနဲ့သာ လိပ်ခဲတည်းလည်း ငါနေယင်(၁/၂) အမေ အဖေကိုလည်း ကျွန်တော် သတ်ဝံ့တယ်၊ သတ်တယ်ဆိုတဲ့ မာတုဃာတက+ပိတုဃာတက ဘဝသို့ ရောက်မယ်။ (၃) ရဟန္တာကိုလည်း ကျွန်တော်သတ်ဝံ့တယ်၊ သတ်တယ်ဆိုတဲ့=အရဟန္တဃာတက ဘဝသို့ လည်း ရောက်မယ်။ (၄) ဘုရားကိုလည်း သွေးစိမ်းတည်အောင် ဒေဝဒတ်လို ကျောက်မောင်းတင်ပြီးတော့ ချဝံ့တယ်၊ ချတယ်ဆိုတဲ့= လောဟိတုပ္ပါဒက ဘဝသို့လည်း ရောက်မယ်။ (၅) သံဃာတော်တွေ ကိုလည်း စိတ်ဝမ်းကွဲအောင် သွေးခွဲဝံ့တယ်=သံဃ ဘေဒကဘဝသို့ လည်း ရောက်မယ်။ (၆) အေး ...၊ ဆိုကြပါစို့၊ ဘုရားမှ တစ်ပါးသော မိစ္ဆာဝါဒီတွေကို ဆရာအဖြစ် ညွှန်ပြခြင်းဆိုတဲ့=အညသတ္ထာရုဒ္ဒိဋ္ဌ အဘိဋ္ဌာန ၆ ပါး တမလွန်ဘဝမှာ ဘယ်နည်းနဲ့မှ ရှောင်လွှဲလို့ မရ အောင် မကောင်းကျိုးခံစားရမယ့် အဘိဋ္ဌာန အကုသိုလ်ကြီးတွေကို ပြုမိတော့မှာ အမှန်ပဲ။

ပစ္စုပ္ပန် ရလဒ်ကလည်း ဝိဂ္ဂဟ၊ ဝိဝါဒ၊ ဝိဃာတ၊ ဝိဟေသာ၊ တမလွန် ရလဒ်ကလည်းပဲ အပါယ်ဘေး၊ ဘာများ ကောင်းသေးသလဲ။

http:\\www.dhammadownload.com



ဒီတော့ ဒီဟာတွေ ငါ့အဖို့ အသုံးမကျဘူးဆိုပြီး တရားနာရင်းပဲ ဒီဃနခ ပရိဗိုဇ်ဟာ မိမိရဲ့ ဥစ္ဆေဒအယူကို တစ်ခါတည်း စွန့်ပစ်လိုက်တယ်။

သူတော်ကောင်းတို့ ...၊ တရားအနုသန္ဓေ မပြီးသေးဘူးနော်။ အမှန်က ဒိဋ္ဌိဝိနိဝေဌနကထာ တစ်ခု ကျန်သေးတယ်။ ဘယ်လိုလဲဆိုတော့- ဧကစ္စသဿတ အယူရှိတဲ့ ပုဂ္ဂိုလ်တွေထဲက တချို့ဉာဏ်ပညာရှိကြတဲ့ ပုဂ္ဂိုလ်များကလည်းပဲ ဟောဒီလို ဆင်ခြင်ကြတယ်။

"ဩော် ... ငါ့ဟာ ဧကစ္စသဿတ အယူရှိတယ်၊ ငါ့ဟာ ငါရဲ့ ဧကစ္စသဿတ အယူကိုသာ အမှန်၊ သူများရဲ့ သဿတအယူ အမှား၊ ဥစ္ဆေဒအယူ အလကား၊ အဲဒီလို သူတစ်ပါးရဲ့ အယူကိုတော့ အလကား၊ အလကားနဲ့ အားရှိ အားမဲ့ အလွဲလွဲ အချော်ချော် လိပ်ခဲတည်းလည်း ငါ့အယူကိုသာ စွဲနေမယ်ဆိုယင် အဲဒီ ဝါဒီရှိတဲ့ လူနှစ်ယောက်နဲ့ ငါ ဆန့်ကျင်လိမ့်မယ်၊ ဆန့်ကျင်တဲ့ ဝိဂ္ဂဟ ဖြစ်ယင် ငြင်းခုံမှုဆိုတဲ့ ဝိဝါဒ ရောက်လာမယ်၊ ငြင်းခုံတဲ့ ဝိဝါဒ ဖြစ်ယင် စိတ်ပင်ပန်းရလိမ့်မယ်။ ငြင်းရာက ဟိုဘက် တစ်ဆင့်တိုးလိုက်တော့ တစ်ယောက်နဲ့တစ်ယောက် လက်သီးနဲ့ ထထိုးကြ၊ ရန်ဖြစ်ကြလိမ့်မယ်၊ တုတ်နဲ့ ရိုက်မယ်၊ အဲဒါ ခုခေတ်ကျယင်တော့ တစ်ဖက်နဲ့တစ်ဖက် အမြောက်နဲ့ ပစ်ကြတော့မယ်၊ အဲဒီလို ဟိုဘက်မှာ ကိုယ်ပင်ပန်းမှု၊ စိတ်ပင်ပန်းမှု၊ ကိုယ်နွမ်းနယ်မှု၊ စိတ်နွမ်းနယ်မှု၊ ဒါပဲ အကျိုးရမယ်၊ ဒီကိစ္စ ဒီလူတွေရဲ့ ရလဒ်ဟာ ဒါပဲလို့ အဲဒီလို ကောင်းကောင်းကြီး အမြင်မှန်ရတဲ့အတွက် ထို မိမိယူရင်းစွဲဖြစ်သော ဧကစ္စသဿတ အယူကိုလည်း စွန့်လွှတ်လိုက်တယ်၊ အခြားသော သဿတအယူ၊ ဥစ္ဆေဒအယူများတို့ကိုလည်းပဲ မယူတော့ဘူး။

ဆိုတဲ့ တတိယ အနုသန္ဓေစကား မပြီးသေးပါဘူး။ သို့သော် အဲဒီ ဒုတိယ အနုသန္ဓေစကား အဆုံးမှာပဲ ဒီဃနခပရိဗိုဇ်ဟာ မိမိရဲ့အယူကို

http:\\www.dhammadownload.com



စွန့်ပြီး ပယ်ပြီးသား ဖြစ်သွားတယ်။ မြတ်စွာဘုရားကတော့ ဟောစဉ်အတိုင်း ကေစွသဿတ အယူရှိကြသူထဲက အချို့သော ပညာရှင်တို့ အတွက်လည်းပဲ ရှေးနည်းအတိုင်း ဟောလို့ ဆုံးသွားပြီ၊ ပြီးတော့မှ ဒီအချိန်က ဘာနဲ့တူသလဲ။ ဒီဃနခရဲ့ ခန္ဓာအစဉ် သန္တာန်မှာ ဉစ္ဆေဒဒိဋ္ဌိ တည်းဟူသော ချဉ်တူးနေတဲ့ ပုန်းရည်ပုပ် ဖြူသွားပြီ၊ စင်သွားပြီ၊ ပြောင်သွားပြီ။ ဒီဃနခရဲ့ ခန္ဓာအစဉ်တည်းဟူသော ဘူးဟာ အင်မတန် သန့်ရှင်းသွားပြီ။ အဲဒီ သန့်ရှင်းတဲ့ ခန္ဓာအစဉ် တည်းဟူသော ဘူးထဲမှာ သမထဝိပဿနာဆိုတဲ့ ဉာဏ်ပညာ အမြိုက်ဆေးတွေ လောင်းထည့်ပေးချင်လို့ မြတ်စွာဘုရားက **ပထမ** ရုပ်ကမ္မဋ္ဌာန်းအနေနဲ့ ဘာဟောသလဲ။

အယံ ခေါ ပန အဂ္ဂိဝေဿန ကာယော ရူပီ စတုမဟာဘူတိ-

ကော မာတာပေတ္တိကသမ္ဘဝေါ ဩဒန+ကုမ္မာသူပစယော အနိစ္စုစ္ဆာဒန+ပရိမဒ္ဒန+ဘေဒန+ဝိဒ္ဒံသနဓမ္မော-(တဲ့)

(ဒီ ရူပကာယ ကိုယ်ကောင်ကြီးရဲ့ အကြောင်းကို မြတ်စွာဘုရားက ဟောနေတယ်။)

အဂ္ဂိဝေဿန=ချစ်သား အဂ္ဂိဝေဿန ...။ ခေါပန=စင်စစ်အမှန်တကယ်ဆိုတော့။ အယံ ကာယော=ဤသင်တို့၊ ငါတို့ရနေတဲ့ ကိုယ်ကာယကြီးသည်။ (ရုပ်ကိုယ်ကြီးကို ဆိုလိုတယ်၊ ဘယ်သဘော ရှိသလဲ)။ ရူပီ=အချမ်းနဲ့တွေ့ယင် တစ်မျိုး၊ အပူနဲ့တွေ့ယင် တစ်မျိုး အမျိုးမျိုး ဖောက်လွှဲဖောက်ပြန် ဖြစ်တတ်တဲ့ သဘောရှိ၏။

မှန်တယ်။ ချမ်းယင်တစ်မျိုး၊ ပူယင်တစ်မျိုး အမျိုးမျိုး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်လို့ သူ့ကို ရုပ်ခေါ်တယ်။ ဖောက်ပြန် ထွေပြား ဖြစ်ပွားတတ်တဲ့ သဘောဟာ ရုပ်ရဲ့ ပင်ကိုကိုယ်ပိုင် လက္ခဏာ သဘောဖြစ်တယ်။

http:\\www.dhammadownload.com



စတုမဟာဘူတိကော=တစ်ကိုယ်လုံး ခြုံကြည့်လိုက်လို့ရှိယင် ပထဝီကောဋ္ဌာသက နှစ်ဆယ်၊ ကေသာ+လောမာက စပြီးတော့ မတ္ထလုင်္ဂထိအောင် အာပေါကောဋ္ဌာသက ၁၂ ပါး။ (ပိတ္တံ+သေမှံ အစရှိတဲ့ မေဒသက္က(နဲ့) မုတ္တသက္က=ဒီနှစ်ပါး)။ တေဇောကောဋ္ဌာသက ၄ ပါး။ (သန္တာပ+ဒါဟ+ပါစက+ဇိရဏဆိုတဲ့ တေဇော ကောဋ္ဌာသ ၄ ပါး)။ ဝါယောကောဋ္ဌာသ ၆ ပါး။ တစ်ကိုယ်လုံး ခြုံကြည့်လိုက်ယင် ပထဝီဓာတ် နှစ်ဆယ်၊ အာပေါဓာတ် ဆယ့်နှစ် ပါး၊ တေဇောဓာတ် လေးပါး၊ ဝါယောဓာတ် ခြောက်ပါး၊ ဒါပဲ ရှိတယ်။ စတုမဟာဘူတိကော=မဟာဘုတ်ကြီး လေးပါးတို့ဖြင့် ပြီး၍နေစွ ...။

(ချစ်သား ... မြင်အောင်ကြည့်စမ်း။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။) မာတာပေတ္တိကသမ္ဘဝေါ=မိဘနှစ်ပါးတို့၏ သုက္က+သောဏိတကြောင့် စတင်ဖြစ်ပွားရတဲ့ ကိုယ်ကြီးပါတကား။ (ဟို...ပဒုမ္မာကြာ ကိုက်ထဲက၊ နံ့သာတိုက်ထဲက ဖြစ်လာတဲ့ ကိုယ် မဟုတ်ဘူးနော်၊ အင်မတန် ဆင်းတောင့်ဆင်းရဲ၊ အင်မတန် စက်ဆုပ်ရွံရှာဖွယ် ကောင်းတဲ့နေရာထဲက စတင်ဖြစ်ပွားလာတဲ့ ကိုယ်ကြီး မဟုတ်လား၊ အဂ္ဂိဝေဿန ... မြင်အောင်ကြည့်။)

(ဒါတင်ပဲလား၊ မဟုတ်သေးဘူး။)

ဩဒနကုမ္မာသူပစယော=ဆန်ထမင်း၊ ဂျုံထမင်းတို့ဖြင့် နေ့စဉ် ကျွေးမွေး၍ ကြီးပွားရတဲ့ ကိုယ်ကြီးပါတကား ...။

(အာရှတိုက်သားများရဲ့ ကိုယ်ဟာ ဩဒနဉပစယ=ဆန်ထမင်းဖြင့် ကြီးပွားရတဲ့ကိုယ် ဖြစ်တယ်။ ဥရောပတိုက်သားများရဲ့ ကိုယ်ဟာ ကုမ္မာသဉပစယ=ဂျုံထမင်း ဂျုံအစာဖြင့် ကြီးပွားရတဲ့ကိုယ် ဖြစ်တယ်၊ အဂ္ဂိဝေဿန ... မြင်အောင်ကြည့်။)

(ဒါတင်ပဲလား၊ မဟုတ်သေးပါဘူး။)

http:\\www.dhammadownload.com



အနိစ္စုဋ္ဌာဒန+ပရိမဒ္ဒန+ဘေဒန+ဝိဒ္ဓံသနဓမ္မော=အနိစ္စဓမ္မ ဘယ်လိုပဲ ပြုပြင် ပြုပြင် မြဲတယ်ရယ်လို့ မရှိဘူး၊ မမြဲတဲ့ ကိုယ်ကြီး ပါတကား။ ဥစ္ဆာဒနဓမ္မ=သုတ်သင်ပေးရတဲ့ ကိုယ်ကြီးပါတကား။

(သုတ်သင်ပေးလိုက်ရတာ နံနက်သုတ်သင်လို့ ငြိမ်းပြီလား၊ မငြိမ်း သေးဘူး။ ညဥ့်ကျ ချိုးဦးဟ ရေ၊ တိုက်ဦးဟ ဆပ်ပြာ၊ ည သုတ်သင် တာ ပြီးရောလား၊ မပြီးသေးဘူး။ နောက်တစ်နေ့လည်းပဲ ခြယ်လှယ်ဦး၊ မှုန်းဦး၊ ဥစ္ဆာဒနဓမ္မဆိုတာ အချိန်ရှိသမျှ ပြင်ဆင်ခြယ်လှယ်နေရတဲ့ သဘောရှိတဲ့ ကိုယ်ကြီးလို့ ဆိုလိုတယ်။) (ဒီတင် ဘယ်ဟုတ်မလဲ)။

ပရိမဒ္ဒနဓမ္မတဲ့။ အမိဝမ်းမှ ဖွားသန့်တဲ့ အချိန်ကစပြီး အမေက ပြင်ပေးလိုက်ရတာ၊ ခေါင်းကလေးက တစ်ဖက်စောင်း ဖြစ်နေလို့ ဟိုဘက်စောင်းပြီး အမေက အသာအယာ နိုပ်ပေးရ၊ အဲ-တစ်ခါ မျက်နှာကလေးက စောင်းနေလို့ ဟိုဘက်က ပြင်ပေး၊ ဒီဘက်က ပြင် ပေး၊ အဖေအမေက ပြင်ပေးလိုက်ရတာ။ ပရိမဒ္ဒနဓမ္မဆိုတာ အဲဒီလို နေ့ရှိသမျှ ပြုပြင်ပေး၊ ခြယ်မှုန်းပေးရခြင်းသဘော ရှိတာကို ဆိုလိုတယ်။ (တကတည်း ရေချိုး၊ နိုပ်နယ်ပေး၊ အမျိုးမျိုး သုတ်သင်ပေးလို့ကော သူက မြဲသလားဆိုတော့ –)

အနိစ္စဓမ္မ=မမြဲတဲ့တရား။ ဘေဒနဓမ္မ=သုတ်သင်ရင်း သုတ် သင်ရင်း ပျက်စီးသွားတဲ့သဘော မဟုတ်ဘူးလား။ ဝိဒ္ဓံသနဓမ္မ= ဖရိုဖရဲ စနောင့်စနင်း အစမှ ရှာမတွေ့ရအောင် ပျက်စီးတဲ့ သဘောပဲ မဟုတ်ဘူးလား။

(မင်းရဲ့ ငယ်ငယ်ကရုပ်တွေ ယခု ရှိသေးရဲ့လားလို့ ကိုယ့်ကိုယ်ကို မေးကြည့်၊ မရှိတော့ဘူး။ အေး ... ဖရိုဖရဲ ပြိုကွဲပျက်စီး ပြုန်းတီးခြင်း သဘောရှိတဲ့ ရူပကာယ–တဲ့။ ပြုန်းတီးခြင်း သဘောရှိတဲ့ –)

အယံ ကာယော=ဤရုပ်ကိုယ်ကြီးကို။

(ဘယ်လို လုပ်ရမလဲ။)

http:\\www.dhammadownload.com



အနိစ္စတော = အနိစ္စဟူ၍လည်းကောင်း။ အနိစ္စပါတကား ...။
ဒုက္ခတော = ဆင်းရဲဒုက္ခဟူ၍လည်းကောင်း။ ဒုက္ခပါတကား ...။
ရောဂတော = အနာရောဂါမျိုးပါတကား ...။
ဂဏ္ဍတော = အိုင်းအမာမျိုးပါတကား ...။
သလ္လတော = ငြောင့်တံကျင်မျိုးပါတကား ...။
အဃတော = ဆင်းရဲဒုက္ခမျိုးပါတကား ...။
အာဗာဓတော = ကပ်၍နှိပ်စက်တတ်သည့်အနာမျိုးပါတကား ...။
ပရတော = ငါက ဘယ်လို ယုယုယယပြုပေမယ့် သူက သူဖြစ်ချင်သလိုဖြစ်တဲ့ တစိမ်းပြင်ပကြီးပါတကား ...။
ပလောကတော= ငါပြုပြင်နေတုန်းပင် ပျက်ပြုန်းသွားတတ်တဲ့သဘောပါတကား ...။
သုညတော = ပုဂ္ဂိုလ်+သတ္တဝါ၊ ငါ+သူတပါး၊ ယောကျ်ား+မိန်းမသဘောမှ လုံး၀ ဆိတ်သုဉ်းတဲ့ သဘောပါတကား။
အနတ္တတော = ငါ ထင်တဲ့ အတ္တ မဟုတ်ပါတကား ..... ဟူ၍။ သမနုပဿိတဗ္ဗော=အဖန်ဖန် ရှုဆင်ခြင်ရမည်။

မြတ်စွာဘုရားက ရုပ်တရားပေါ်မှာ ရုပ်ရဲ့ အပြစ်တွေကို ပြောပြီးတဲ့နောက် အနိစ္စ၊ ဒုက္ခ၊ ရောဂ၊ ဂဏ္ဍ၊ သလ္လ၊ အဃ၊ အာဗာဓ၊ ပရ၊ ပလောက၊ သုည၊ အနတ္တလို့ ၁၁ ချက် ရှုရန် ဟောတယ်။ အဲဒီ ၁၁ ချက်ကို ခြုံကြည့်လိုက်ယင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒီသုံးပါးထဲ အကုန်ဝင်တယ်။ ဝင်ပုံမှာ -

ရောဂ၊ ဂဏ္ဍ၊ သလ္လ၊ အဃ၊ အာဗာဓ၊ အဲဒီ ငါးပုဒ်က ဒုက္ခလက္ခဏာထဲ ဝင်တယ်။ ပလောက က အနိစ္စ လက္ခဏာထဲ ဝင်တယ်။ ပရ၊ သုည၊ ဤနှစ်ချက်က အနတ္တထဲ ဝင်တယ်။ ဒါကြောင့် ဒီ ၁၁ ချက်ရဲ့ အတိုချုပ်ကို ကြည့်ချင်လျှင် "အေး ... မဟာဘုတ် လေးပါးတို့ဖြင့်ပြီးသော ဤရုပ်ကိုယ်ကာယကြီးသည် မမြဲတဲ့ အနိစ္စပါတကား၊ ဆင်းရဲ

http:\\www.dhammadownload.com



တဲ့ ဒုက္ခပါတကား၊ အစိုးမပိုင်တဲ့ အနတ္တပါတကား" လို့ အဖန်ဖန် ချစ်သားရှု၊ ရှုယင် ဘာဖြစ်မလဲဆိုတော့ ...

အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတော။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော ဒါယကာပရိဗိုဇ်။ ဣမံ ကာယံ=ဤဆိုအပ်ပြီးတဲ့ အပြစ်တွေ ပေါ်လှတဲ့ ဤရူပကာယ ရုပ်ကိုယ်ကြီးကို။ အနိစ္စတော=အနိစ္စဟူ၍။ ဒုက္ခတော=ဒုက္ခဟူ၍။ ရောဂတော=ရောဂါဟူ၍။ ဂဏ္ဍတော=အိုင်းအမာကြီးပါတကား ဟူ၍။ သလ္လတော=ငြောင့်တံကျင်ကြီးပါတကား ဟူ၍။ အဃတော =ဆင်းရဲပါတကားဟူ၍။ အာဗာဓတော=နှိပ်စက်တတ်တဲ့ အနာဆိုး ကြီးပါတကား ဟူ၍။ ပရတော=တစိမ်းပြင်ပပါတကားဟူ၍။ ပလောကတော=ပြိုတ်ပြိုတ်ပြုန်း ကုန်ဆုံးတတ်တဲ့ သဘောပါ တကား ဟူ၍။ သုညတော အနတ္တတော=ပုဂ္ဂိုလ်+သတ္တဝါ+ငါ+ သူတစ်ပါး+ယောကျာ်း+မိန်းမအဖြစ်မှ ဆိတ်သုဉ်းတဲ့ သဘော၊ အတ္တမဟုတ်တဲ့ သဘောပါတကား ဟူ၍။ သမနုပဿတော= အဖန်ဖန် ရှုကြည့်သော သင်ချစ်သားရဲ့ အဖို့ရာ။

(ရုပ်ကို ချစ်သား အဲဒီလို ရှု၊ ရှုယင် ဘယ်လိုဖြစ်လာမလဲဆိုတော့)

ယော ကာယသ္မိံ ကာယဆန္ဒော ကာယသ္နေဟော ကာယ- န္ဝယတာ၊ သာ ပဟီယတိ။

ကာယသ္မိံ=ရုပ်ကိုယ်ကာယ၌။ ယော ကာယဆန္ဒော=အကြင် အလိုရှိတတ်တဲ့ တဏှာဆန္ဒသည်။ ယော ကာယသ္နေဟော= အကြင်ကိုယ်ပေါ်၌ ချစ်ခင်တွယ်တာတတ်တဲ့ တဏှာလောဘ သည်။ ယာ ကာယန္ဝယတာ=အကြင် ရုပ်ကိုယ်သို့ အစဉ်တစိုက် လိုက်ပါဖြစ်ပွားတတ်တဲ့ ကိလေသာအပေါင်းသည်။ အတ္ထိ=ရှိ၏။

http:\\www.dhammadownload.com



သာ=ထိုကိလေသာ အပေါင်းကို။ ပဟိယတိ=ပယ်အပ်ပေလိမ့်မည်။

အဲဒါဟာ ဘုရားရဲ့ အဆုံးအမပါပဲ။ ရူပကာယကို ဤဆိုခဲ့တဲ့ အခြင်းအရာနဲ့သာ ရှု၊ ရှုယင် ရူပကာယအပေါ်၌ တွယ်တာတပ်မက်တဲ့ တဏှာလောဘ၊ ရူပကာယနောက် တကောက်ကောက် လိုက်တတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိတဲ့ ကိလေသာအားလုံးကို ချစ်သား ပယ်ပြီးသား ဖြစ်လိမ့်မယ်ဆိုတာ ငါဘုရား အာမခံတယ်။ ဒါ ရုပ်ကမ္မဋ္ဌာန်း။

အဲဒီလို ရုပ်ကမ္မဋ္ဌာန်းကို ဟောပြီး နာမ်ကမ္မဋ္ဌာန်းကျတော့ မြတ်စွာဘုရားက သတ္တဝါတို့ရဲ့ အာသယ+အနုသယကို သိတော်မူတဲ့ ပုဂ္ဂိုလ် ဖြစ်တော့ "သူ့အား ဝေဒနာကို ဦးတည်ဟောမှ၊ သူ့အား စိတ်ကို ဦးတည်ဟောမှ၊ သူ့အား ဖဿကို ဦးတည်ဟောမှ သူ့အာသယနဲ့ ကိုက်ညီမယ်" ဆိုတာ ဘုရားမှ သိတယ်၊ ဘုရားကလွဲယင် ရှင်သာရိပုတ္တရာတောင် မသိဘူး။

## ရွှေပန်းထိမ်သည်ရဟန်းအကြောင်း

သုဝဏ္ဏကာရ=ရွှေပန်းထိမ်သည် ရဟန်းဝတ္ထုကို ကြည့်ပါလား။ ရှင်သာရိပုတ္တရာတောင် အာသယာနုသယဉာဏ်=အာသယ+အနုသယကို သိတဲ့ ဉာဏ်မရှိတော့ "ဪ ... သူ ဘယ်ကမ္မဋ္ဌာန်းနဲ့ သင့်တော်တယ်"လို့ မစဉ်းစားမိဘူး။ ဟော မြတ်စွာဘုရားကျတော့ ဒီရွှေပန်းထိမ်သည် ရဟန်းကလေးရဲ့ အာသယဓာတ်ခံကို သိတော့ ပဒုမ္မာကြာပန်းကြီး လှည်းဘီးကြီးလောက်ရှိတဲ့ သုဘကမ္မဋ္ဌာန်းကြီးကို ဖန်ဆင်းပေးတော်မူတယ်။

အဲဒီ ကိုယ်တော်ကလေးက ဘဝပေါင်းရာဆက်ပြီး ရွှေပန်းထိမ်သည် ဖြစ်ခဲ့တာ လောကမှာ အမြတ်ဥစ္စာရတနာနဲ့ ဘဝပေါင်းရာ အဆက်မပြတ် တွေ့ပြီးလာခဲ့ရလို့ သူ့အား တင့်တယ်တဲ့ လောဟိတကမ္မဋ္ဌာန်း ပေးတာ

http:\\www.dhammadownload.com



တောင်မှ တကယ့် ပဒုမ္မာကြာပန်းကြီးကို ဖန်ဆင်းပေးတော်မူတယ်။ ပဒုမ္မာကြာပန်းကြီးဆိုတော့ လောကမှာ မင်္ဂလာဟု သမုတ်ကြတယ်။ အဲဒီ ပဒုမ္မာကြာပန်းကြီးကို ဖန်ဆင်းပေးလိုက်တော့ လက်ထဲရောက်ပြီ ဆိုကတည်းက ဒီကိုယ်တော်လေးအဖို့ရာ လွန်စွာနှစ်သက်တယ်။

ရှင်သာရိပုတ္တရာက ဝါဆိုဦးကစပြီး "အသုဘကမ္မဋ္ဌာန်း ငါ့ရှင် စီးဖြန်း" ဆိုပြီး ပေးတယ်။ ဆရာကို ကြောက်လို့သာ နားထောင်ရတယ်၊ ပြောကတည်းက စိတ်ထဲမှာ မချမ်းသာဘူး။ တစ်ဝါတွင်းလုံး ဝါကျွတ် တဲ့ အချိန်ကို ရောက်သော်လည်း ဥပစာရသမာဓိမရောက်၊ ပရိကမ္မ သမာဓိတောင် ကောင်းကောင်းမပေါက်ဘူး။ ကြိုးစားအားထုတ်ပါ ... ဆိုတော့ သီတင်းကျွတ်လကုန်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ ရောက်ပြန်၊ ကမ္မဋ္ဌာန်း ထင်ရဲ့လားလို့ မေး၊ မထင်ဘူးပါဘုရားလို့ လျှောက်၊ ဟေ... မထင်သကောလို့ မလျှော့နိုင်ဘူး။ အကြောင်းအကျိုးနဲ့ အကျယ်ချဲ့၍ အသုဘကမ္မဋ္ဌာန်းကို ဟောပေးပြန်တယ်။ အဲဒီလို အကျယ်ဟောပေးလိုက်တော့ ကိုယ်တော်ကလေး ကျောင်းပြန်ပြီး နှလုံး သွင်း၊ ၁၅ ရက် တန်ဆောင်မုန်းလပြည့် ရောက်လို့သာ ရောက်တယ်။ ကိုယ်တော်ကလေးမှာ ဘာမှကမ္မဋ္ဌာန်း အာရုံ မထင်ဘူး။ ဘာဖြစ်လို့လဲ။ အသုဘကမ္မဋ္ဌာန်း ဖြစ်လို့။ သူလာခဲ့တာက ရွှေပန်းထိမ်သည်ဘဝနဲ့ တစ်ဆက်တည်း ဘဝငါးရာ ဖြစ်ခဲ့လို့။

မြတ်စွာဘုရားက ကိုယ်တော်လေးရဲ့ အသုဘကမ္မဋ္ဌာန်းမှာ နှလုံး မွေ့လျော် ပျော်မည့် အာသယကို သိတော့ ဘာပြောသလဲဆိုတော့ "ချစ်သား သာရိပုတ္တရာ ...၊ ပြန်တော့၊ သင်ချစ်သား ဝါတွင်းသုံးလ၊ ဝါကျွတ်ပြီးနောက် တန်ဆောင်မုန်းလပြည့် ယနေ့ထိအောင် တစ်လ= ပေါင်း လေးလပတ်လုံး အသုဘကမ္မဋ္ဌာန်းပေးပြီး ညှဉ်းပန်းထားတဲ့ ကိုယ်တော်လေး ဟောဒီ ယနေ့ မွန်းလွဲ တစ်မွန်းလွဲတည်းနဲ့ အရဟတ္တ ဖိုလ်ရောက်တာ ချစ်သား တွေ့လိမ့်မယ်၊ ချစ်သား ပြန်တော့"လို့ ဆိုပြီး

http:\\www.dhammadownload.com



လွှတ်လိုက်တယ်။

အဲ ... အခုလည်းပဲ မြတ်စွာဘုရားဟာ ဒီဃနခနဲ့ ကိုယ်တော်ရဲ့ နောက်နားက ရှင်သာရိပုတ္တရာ ရှိတယ်။ သူတို့ တူဝရီး နှစ်ယောက်တို့ ရဲ့ အာသယဓာတ်နှင့် သင့်တော်မည့် ကမ္မဋ္ဌာန်းကို ဆင်ခြင်ကြည့်တော် မူလိုက်တော့ ဝေဒနာကမ္မဋ္ဌာန်း။ ဘာဖြစ်လို့တုန်း။ သူတို့က ဥပတိဿ ရွာမှာ တကယ့် သေဋ္ဌေးသားတွေ၊ နေ့စဉ် ချမ်းသာသုခနဲ့ ကြီးပွားလာ ခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ ဒီတော့ သူတို့က ဝေဒနာကမ္မဋ္ဌာန်းနဲ့ သင့်လျော် တယ်။ အဲဒါကို မြင်တော်မူလို့ မြတ်စွာဘုရားက နာမ်ကမ္မဋ္ဌာန်းကို ပေးမယ့်ကြံပြီး –

တိဿော ခေါ ဣမာ အဂ္ဂိဝေဿန ဝေဒနာ– သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ။

အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော ဒါယကာပရိဗိုဇ် ...၊ လောကမှာ ခံစားမှုတို့သည် (အေး ... မောင်တို့ အကြိမ်များစွာ ခံစားလာခဲ့တဲ့) သက်သက်သာသာ ခံစားမှုဆိုတဲ့ သုခဝေဒနာ၊ မသက်မသာ ခံစားမှု ဆိုတဲ့ ဒုက္ခဝေဒနာ၊ သက်သာသည်လည်း မဟုတ်၊ မသက်သာသည် လည်း မဟုတ်၊ အလယ်အလတ် ခံစားမှုဆိုတဲ့ ဥပေက္ခာ ဝေဒနာရယ်လို့ လောကမှာ ဝေဒနာ သုံးပါး ရှိတယ်။ (အေး ... သဘောပေါက်ရဲ့လား၊ ပေါက်တယ်နော်၊)

အေး ... ဝေဒနာက ဉာဏ်ထဲမှာ ထင်လွယ်မြင်လွယ်လို့သာ ပြော တာနော်၊ အဲဒီ ဝေဒနာဖြစ်လာပြီဆိုယင် ဝေဒနာနှင့် ယှဉ်တွဲပြီးတော့ အာရုံကို တွေ့မှုသဘော=ဖဿလည်း ဖြစ်တယ်၊ အာရုံကို မှတ်သားမှု သဘော=သညာလည်း ဖြစ်တယ်။ အဲဒီ အာရုံနဲ့ သမ္ပယုတ်တရားတို့ကို တွဲအောင် စေ့အောင် တိုက်တွန်းပေးတဲ့ စေတနာလည်း ဖြစ်တယ်။ အာရုံကို ခေါင်းဆောင်ပြီးတော့ မှန်မှန်မှားမှား ဗိုလ်လုပ်ပြီး သိတဲ့အသိ ကို စိတ်အသိလို့ ခေါ်တယ်။ အဲဒီလို စိတ်လည်း ဖြစ်တယ်။

http:\\www.dhammadownload.com



ချစ်သား ...၊ ဝေဒနာတင် မဟုတ်ဘူး၊ ဝေဒနာရယ်၊ ဖဿရယ်၊ သညာရယ်၊ စေတနာရယ်၊ စိတ်ရယ်၊ အားလုံး ဖဿပဉ္စမက ငါးမျိုး ထိအောင်တော့ ပြောရမယ်။ သို့သော် တရားကို အရင်းတည်တာက ဝေဒနာကို တည်ထားတယ်၊ အဲဒီ တည်ထားတဲ့ ဝေဒနာကို တစ်ပိုဒ် ဟောပြီးတဲ့နောက် အကြား=အန္တရကထာ ပကိဏ္ဏက ဒေသနာအနေနဲ့ "ဝေဒနာကို ဟောလို့ ဝေဒနာတင်သာ ဖြစ်တယ်လို့ မမှတ်နဲ့ ချစ်သား။ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ စိတ်ရယ်၊ ဖဿ ပဉ္စမက တရားတွေ ဖြစ်တယ်" ဒါဟာ အနည်းဆုံး မှတ်လွယ်တဲ့ တရားကို ပြောတာ။

ဒီထက် ကျယ်ကျယ် မှတ်ချင်ယင်တော့ ရှင်သာရိပုတ္တရာတို့လို "ဒီ စိတ်ဖြစ်ယင် ဒီ စေတသိက်တွေ ပါတယ်၊ ဒီ စိတ်ဖြစ်ယင် ဒီ စေတသိက်တွေ ပါတယ်" စသည်ဖြင့် မှတ်ပေါ့၊ ဟုတ်လား။ ယနေ့ သူတော်ကောင်းတွေဟာ နောက်၌ ဆိုလတ္တံ့သော "အနုပဒဓမ္မ ဝိပဿနာ"ကို သုံးသပ်ဖို့ အင်မတန်ကောင်းတဲ့ ဗုဒ္ဓဘာသာဝင်တွေပါ။

ကဲ-ကောင်းပြီ၊ ယခု ပြောခဲ့တာက ဝေဒနာကမ္မဋ္ဌာန်းကို ခင်းပြတယ်၊ ခင်းပြီးတဲ့နောက် ဒီဝေဒနာ သုံးပါးတို့ကို အသမ္မိဿဝတ္ထနာ= သူ့အာရုံနဲ့ သူ့အခြေအနေ မရောမယှက် သီးသန့်ထားပြီး ပြချင်လို့။

ယသ္မိံ အဂ္ဂိဝေဿန သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံ သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ သုခံ ယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော ချစ်သား ...၊ ဣဋ္ဌရူပါရုံ၊ ဣဋ္ဌသဒ္ဒါရုံ စသည်တို့နှင့် မျက်စိ၊ နား အစရှိတဲ့ အာရုံနဲ့ ဒွါရ ဆုံကြပြီ ဆိုပါစို့။ အဲဒီလို အာရုံနဲ့ဒွါရ တော်ဆုံကြတဲ့အခါမှာ သက်သက်သာသာ ခံစားမှုဆိုတဲ့=သုခဝေဒနာလေး (မပေါ်ဘူး

http:\\www.dhammadownload.com



လား) ပေါ်တယ်။ သုခဝေဒနာကို ခံစားတဲ့ အဲဒီအချိန်မှာ ဒုက္ခဝေဒနာကို မခံစားဘူး၊ ဥပေက္ခာ ဝေဒနာကိုလည်း မခံစားဘူး။ (ဒါက ပုဂ္ဂလာဓိဋ္ဌာနနည်း ပြောတာ။)

ဓမ္မာဓိဋ္ဌာနနည်းနဲ့ ပြောလို့ရှိယင် ချစ်သား စဉ်းစားကြည့်။ ဣဋ္ဌ=မိမိအလိုရှိအပ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ဓမ္မသဘောဆိုတဲ့ ဒိဋ္ဌအာရုံနဲ့ ဆိုင်ရာဒွါရတို့ တွေ့ဆုံကြယင် သုခဝေဒနာ=သက်သက်သာသာ ခံစားမှုသဘော (မဖြစ်ဘူးလား) ဖြစ်တယ်။ အဲဒီ သက်သက်သာသာ ခံစားမှု သုခဝေဒနာဖြစ်တဲ့အချိန်မှာ ဒုက္ခဝေဒနာ မဖြစ်ဘူး၊ ဥပေက္ခာ ဝေဒနာ မဖြစ်ဘူး၊ သုခဝေဒနာလေးပဲ ရှိတယ်။ (အဲ - ထို့အတူ )-

> ယသ္မိံ အဂ္ဂိဝေဿန သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံ သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ ဒုက္ခံ ယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

ချစ်သား အဂ္ဂိဝေဿန ...၊ အကြင်အခါ (ဓမ္မာဓိဋ္ဌာန် ပြောလို့ရှိယင်) ဒုက္ခဝေဒနာ ဖြစ်နေတဲ့ အချိန်မှာ သုခဝေဒနာလည်း မဖြစ်ဘူး၊ ဥပေက္ခာဝေဒနာလည်း မဖြစ်ဘူး၊ ဒုက္ခဝေဒနာဆိုမှ ဒုက္ခဝေဒနာသန့်သန့်ပဲ ဖြစ်နေတယ်။ (သဘောကျရဲ့ မဟုတ်လား၊ ကျပါတယ် မြတ်စွာဘုရား..)

> ယသ္မိံ အဂ္ဂိဝေဿန သမယေ အဒုက္ခ မသုခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံ သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ န ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ အဒုက္ခမသုခံ ယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

အဂ္ဂိဝေဿန ချစ်သား ...၊ အကြင်အခါ (ဘယ်လိုအခါလဲ) အလိုရှိအပ်သည်လည်း မဟုတ်၊ အလိုမရှိအပ်သည်လည်း မဟုတ်၊ အလယ်အလတ်=မဇ္ဈတ္တဖြစ်သော အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ဓမ္မသဘောဆိုတဲ့ မဇ္ဈတ္တအာရုံနဲ့ ဒိ စက္ခု၊ သောတ အစရှိတဲ့ ဒွါရတို့

http:\\www.dhammadownload.com



တွေ့ဆုံ (တော်ဆုံ) ကြပြီဆိုယင် သက်သက်သာသာ ခံစားတာလည်း မဟုတ်၊ မသက်မသာ ခံစားတာလည်း မဟုတ်တဲ့ အလယ်အလတ် ခံစားမှုဆိုတဲ့ ဥပေက္ခာဝေဒနာကို (မခံစားဘူးလား) ခံစားတယ်။ အဲဒီ အချိန်မှာ သုခဝေဒနာကို မခံစားဘူး၊ ဒုက္ခဝေဒနာကို မခံစားဘူး၊ ဥပေက္ခာဝေဒနာကိုပဲ အဲဒီ ပုဂ္ဂိုလ် ခံစားနေတာ။ အဲဒါ ပုဂ္ဂလာဓိဋ္ဌာန နည်းနဲ့ ကြည့်တာ။

ဓမ္မာဓိဋ္ဌာနည်းနဲ့ တရားလုံးပေါ်အောင် ကြည့်ယင် ဒွါရ(နှင့်) မဇ္ဈတ္တ အာရုံ တော်ဆုံတဲ့အခါမှာ ဥပေက္ခာဝေဒနာဆိုတဲ့ အလယ်အလတ် ခံစားမှု သဘာဝဓမ္မ ပေါ်တယ်။ အဲဒီ ဥပေက္ခာ ဝေဒနာ ဖြစ်နေတဲ့ အချိန်မှာ သုခဝေဒနာလည်း မဖြစ်ဘူး၊ ဒုက္ခဝေဒနာလည်း မဖြစ်ဘူး၊ အဲဒီအချိန်မှာ ဥပေက္ခာ ဝေဒနာပဲ ဖြစ်တယ်။ (ဝေဒနာသုံးပါးကို မရောမယှက်အောင် ပြောပြနေတယ်။)

အေး ... ရှင်သာရိပုတ္တရာကြီးက ဒီလို အချက်ကျတော့ "နိဒ္ဒေသေ ပါဠိတော်"မှာ ဟောဒီလို တရားစကားလုံးတွေ ပစ်ပြီးတော့ ဖွင့်ပြတော် မူတယ်။

အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
ဥပ္ပန္နာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

(တစ်နေ့ သုခ ဝေဒနာကို ခံစားတယ် ဆိုကြပါစို့။ ဟိုး ...လွန်ခဲ့တဲ့ ရက်တွေ၊ လတွေတုန်းက ဒုက္ခဝေဒနာတွေ၊ ဥပေက္ခာ ဝေဒနာတွေကို မခံစားခဲ့ဘူးလား၊ ခံစားခဲ့ဖူးတယ်။)

ဘဂ္ဂါ=အဲဒီ ခံစားခဲ့ဖူးတဲ့ ဝေဒနာတွေ ချုပ်ပျောက်လေပြီးတဲ့ ရုပ် နာမ် ဓမ္မ သင်္ခါရတို့သည်။ အနိဓာနဂတာ=(နောက်တစ်ခါ အခွင့်ရယင် ငါထပြီး ဖြစ်လိုက်မယ်လို့ အဲဒီလို ရည်ရွယ်ချက်နဲ့) တစ်နေရာရာ၌ သိုမှီးသိမ်းဆည်းထားခြင်းသို့ မရောက်ကြကုန်။

http:\\www.dhammadownload.com



(အေး ... မနေ့က ချုပ်တဲ့ ဝေဒနာတွေ၊ မနေ့က ချုပ်တဲ့ ရုပ် နာမ် ဓမ္မတွေ၊ နောက်တစ်ခါ အခွင့်ရလျှင် ဖြစ်လိုက်မယ်ဟဲ့ လို့ ဘယ်နေရာမှာ သွားပြီး ဘယ်သူ သိမ်းထားသလဲ၊ ဘယ်သူမှ သိမ်းထားပါတယ်လို့ မပြောနိုင်ကြဘူးနော်။)

အနာဂတေ=အနာဂတ နောက်ကာလ၌။ ပုဗ္ဗော=အချိန်တန်ယင် ဖြစ်ရအောင် ဟဲ့လို့ စောင့်နေတဲ့ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၏ အစုအပုံသည်။ နတ္ထိ=တစွန်းတစိ မရှိပါတကား။

(ခုတင်က ပြောခဲ့တဲ့ သုခဝေဒနာ ဖြစ်နေတဲ့ အချိန်မှာ ဟိုအလျင်ရက်က ဖြစ်ခဲ့ ချုပ်ခဲ့ပြီးတဲ့ ဒုက္ခနှင့် ဥပေက္ခာကလည်း ဘယ်နားမှာ သိမ်းထားတယ်လို့ မပြောနိုင်ဘူး၊ နောက် တစ်ချိန်မှာ အကြောင်းညီညွတ်ယင် ဖြစ်မည့် ဒုက္ခ ဥပေက္ခာ ကလည်းပဲ ဘယ်အနားမှာ အ‌‌‌ေ လိုက် အပုံလိုက် စောင့်နေတယ်လို့ ဘယ်သူ ပြောနိုင်တုန်း၊ ဘယ်သူမှ မပြောနိုင်ဘူး။)

(သုခဝေဒနာကလေးချည်း ဖြစ်နေတဲ့ ပစ္စုပ္ပန်ဆဲဆဲကို ကြည့်စမ်း

ဥပ္ပန္နာ=ဥပါဒ်၊ ဌီ၊ ဘင် တည်းဟူသော ခဏငယ် သုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်သော။ ယေပိ ဓမ္မာ=အကြင် သုခ ဝေဒနာ တရားတို့သည်လည်း။ အာရဂ္ဂေ=စူးဖျား ဆောက်ဖျား၌။ သာသပမာ=မုန့်ညင်းစေ့လျှင် နှိုင်းယှဉ်ဖွယ်ရာ ဥပမာရှိကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ=စိတ္တက္ခဏလေး တစ်ချက်မျှ တည်တံ့၍ နေကြကုန်၏။

(ပစ္စုပ္ပန်တည်နေ ဖြစ်နေပါတယ်ဆိုတဲ့ သုခဝေဒနာကလည်း ဘယ် လောက်ကြာကြာ တည်လို့လဲ၊ စူးရဲ့ထိပ်ပေါ်၊ ဆောက်ရဲ့ထိပ်ပေါ်မှ မုန်ညင်းစေ့ကလေးကို ငါ တင်မယ်ကွယ့်၊ ဟော ကြည့်လို့ ဆိုပြီး တင်ပြီးတော့ လက်ကလည်း လွှတ်လိုက်ကရော ဟိုကလည်း ကျရော တင်ပြီး ကျတယ်။ ဒီအတိုင်းပဲ ပစ္စုပ္ပန် ယခုဖြစ်နေတဲ့ တရားတွေလည်း

http:\\www.dhammadownload.com



ဖြစ်ပြီးပြီဆိုယင် တစ်ခါတည်း ခေါင်းလည်ပြီး လိမ့်ကျတော့တာပဲ။)

ခဲကို မြှောက်ကြည့်လိုက်၊ ဟုတ်လား။ တက်သွားတာနဲ့ ဥပါဒ်ပိုင်း၊ ကျတာနဲ့ ဘင်ပိုင်း တူတယ်။ အေး-အဲဒီလို မြင်အောင်ကြည့်၊ အဲဒီလို မြင်ယင် ပစ္စုပ္ပန် တည့်တည့်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ တရားသားတွေကို ချစ်သား မြင်အောင်ကြည့်ပါ။ မြင်ပါပြီဆိုယင် အဲဒီ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတို့ကို ဘယ့်နှယ်လုပ်ရမည်တုန်း။

သုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

အဂ္ဂိဝေဿန=အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော ချစ်သား ...။ ခေါ=စင်စစ်ကေန် အမှန်အားဖြင့်။ သုခါပိ ဝေဒနာ=သုခဝေဒနာလည်းပဲ။ အနိစ္စာ=ခဏဖြစ်လျက် ခဏပျက်တတ်သောကြောင့် အနိစ္စပါတကား။ သင်္ခတာ=အကြောင်းပေါင်းများစွာ ပြုလုပ်မှ အနိုင်နိုင်ဖြစ်ပေါ်တဲ့ သင်္ခတ တရားမျိုးပါတကား။ ပဋိစ္စသမုပ္ပန္နာ=အကြောင်းကိုစွဲရမှ အနိုင်နိုင် ဖြစ်ပေါ်တတ်တဲ့ ပဋိစ္စသမုပ္ပါဒ် တရားမျိုးပါတကား။ ခယဓမ္မာ=ခဏအတွင်း ကုန်ခန်းတတ်တဲ့ သဘောပါတကား။ ဝယဓမ္မာ=ခဏအတွင်း ချုပ်ပျောက်တတ်တဲ့ တရားသဘောပါတကား။ ဝိရာဂ ဓမ္မာ= ခဏအတွင်း မိမိသဘောမှ ကင်းကွာတတ်တဲ့ တရားသဘောပါတကား။ နိရောဓဓမ္မာ=ခဏအတွင်း ချုပ်ပျောက်ခြင်းသဘော ရှိစွာ့တကား။ (ခုနစ်ချက်)

လယ်တီဆရာတော်ကြီးကတော့ ကိုယ်တော်ရဲ့ တတ်ကမ္မဋ္ဌာန်းကျမ်းမှာ ခုနစ်ချက်နဲ့ အားမရသေးဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးချက်တို့ဖြင့် နိဂုံးအုပ်ပေးတယ်။ ဆရာတော်ကြီးအကြိုက် နိဂုံးအုပ်ချင်သေးယင်-

ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

http:\\www.dhammadownload.com



(အဲဒီလို နိဂုံးအုပ်ရပါမယ်။)

ခယဋ္ဌေန=ခဏခဏ ကုန်ဆုံးခြင်းဟူသော အနက်သဘော ကြောင့်။ အနိစ္စာ=အနိစ္စမျိုးပါတကား။ ဘယဋ္ဌေန=ကြောက်ဖွယ် မဟေး ဘေးဟူသော အနက်သဘောကြောင့်။ ဒုက္ခာ=ဒုက္ခမျိုးပါ တကား။ အသာရကဋ္ဌေန=အခိုင်အမာ အနှစ်သာရ ရှာမရသော အနက်သဘောကြောင့်။ အနတ္တာ=အနတ္တမျိုးပါတကား။ (အဲဒီ ထိအောင် ပြတယ်။)

လယ်တီဆရာတော် ဘုရားကြီးတို့ကျတော့ (အင်မတန်ကို သိုင်း ကစားနည်း လည်နေတဲ့ ပုဂ္ဂိုလ်များ အမျိုးမျိုး သိုင်းကစားပြသလို) ဒီထက် ပါဠိနယ်ပယ်မှာ အင်မတန် ကျွမ်းကျင်နေတဲ့ လယ်တီဆရာ တော်ကြီးက "ဟောဒီထဲက ဟောဒါကို ပြောလိုက်ယင် သိပ်ကောင်း တယ်" ဆိုတဲ့ အသိဉာဏ် ဖြစ်နေတယ်။ ဟို ... ဘုန်းကြီး ခုပြောနေတာ ဟာ ဒီ ပါဠိပြည့်ရှင်တွေ အနေဟာ ဟုတ်ပြီဟလို့ အောက်မေ့ပြီး ဥပမာ–

သုခါပိ ခေါ အင်္ဂဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စ-
သမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

မြတ်စွာဘုရားက ဒါကို ဟောတယ်။ အဲဒီမှာ တရားနာပရိသတ်တို့၊ ဘုန်းကြီးတို့က အင်္ဂဝေဿနပုဒ်ကို ဖြုတ်ပြီး –

သုခါပိ ခေါ ဝေဒနာ အနိစ္စာသင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ
ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

ဒီလို ခုနစ်ချက် ပေါ်တယ်။ ဒီမျှဖြင့် တင်းမတိမ်သေးပါဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ထင်ထင်ရှားရှားကြီး နှလုံးသွင်းလိုက်ရမှ တပည့်တော် တပည့်တော်မတို့က ကျေနပ်တယ်ဆိုယင် လယ်တီဆရာတော်ဘုရား ကြီးက ရဲရဲသာ –

http:\\www.dhammadownload.com



"ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ" အဲဒီလို ရှုရမယ်။

မြတ်စွာဘုရားက ထို့အတူ -

ဒုက္ခာပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ (တစ်ခုမှ ပေယျာလမကျန်ဘူး) အဒုက္ခမသုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ (စသည်ဖြင့်..)

အဂ္ဂိဝေဿန=ချစ်သား အဂ္ဂိဝေဿန။ ဒုက္ခာ ပိ ခေါ ဝေဒနာ= ဒုက္ခဝေဒနာလည်းပဲ။ အဒုက္ခမသုခါပိ ခေါ ဝေဒနာ=ဥပေက္ခာ ဝေဒနာလည်းပဲ။ အနိစ္စာ=မမြဲတဲ့ အနိစ္စပါတကား။ သင်္ခတာ= အကြောင်းပေါင်းများစွာ စုပေါင်းပြုပြင်မှ မဖြစ်ချင့် ဖြစ်ချင် ဖြစ်ပေါ် လာတဲ့ သင်္ခတ တရားပါတကား။ ပဋိစ္စသမုပ္ပန္နာ=အကြောင်းကို စွဲရမှ အနိုင်နိုင် ဖြစ်ပေါ်လာရတဲ့ ပဋိစ္စသမုပ္ပန္န တရားပါတကား။ ခယဓမ္မာ=ခဏအတွင်း ကုန်ခန်းတတ်တဲ့ သဘောရှိပါတကား။ ဝယဓမ္မာ=ခဏအတွင်း ပျက်စီးတတ်တဲ့ သဘောပါတကား။ ဝိရာဂဓမ္မာ=ခဏအတွင်း မိမိ၏သဘောမှ ကင်းတတ်တဲ့ သဘော တရားပါတကား။ နိရောဓဓမ္မာ=ခဏအတွင်း ချုပ်ပျောက်တတ်တဲ့ သဘောပါတကား ...။

အေး ...တပည့်တော်တို့က အနိစ္စ၊ ဒုက္ခ၊ အနတ္တရောက်မှ ကျေနပ် ကြတယ်ဆိုယင် -

ခယဋ္ဌေန=ခဏခဏ ကုန်ဆုံးခြင်းဟူသော အနက်သဘော ကြောင့်။ အနိစ္စာ=အနိစ္စမျိုးပါတကား။ ဘယဋ္ဌေန=ကြောက်လန့် ဖွယ်မှု ဘေးအစုဟူသော အနက်သဘောကြောင့်။ ဒုက္ခာ=ဒုက္ခမျိုး ပါတကား။ အသာရကဋ္ဌေန=အနှစ်အစိုင် အခိုင်အမာ သဘာဝ ရှာမရသော အနက်သဘောကြောင့်။ အနတ္တာ=အနတ္တမျိုးပါ တကား။ (အဲဒီလို ရှု-တဲ့။)

http:\\www.dhammadownload.com



မြတ်စွာဘုရားက ဒီဟာ ဝိပဿနာပဲ ရှိသေးတယ်။ ဝိပဿနာကို ဒီလိုရှုလျှင် အဆင့်ဆင့် ရောက်ကြမယ့် အနုပါဒါ ပရိနိဗ္ဗာန်တိုင်အောင်သော အကျိုးများကို –

"ဧဝံ ပဿံ အဂ္ဂိဝေဿန သုတဝါ အရိယသာဝကော"

စသည်ဖြင့် –

အဂ္ဂိဝေဿန=ချစ်သား အဂ္ဂိဝေဿန။

အစောကြီးကတည်းက "ချစ်သား"လို့ ခေါ်ချင်ပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားက ချစ်သားလို့ အမည်ပေးပေမယ့် အဂ္ဂိဝေဿန အခေါ်ခံ ဒီဃနခပရိဗိုဇ်က သူ့ရဲ့ဝါဒကို လျှို့လျှို့ဝှက်ဝှက်နဲ့ သူက စိတ်ကောက်ကောက်နဲ့ ဖြစ်နေလို့ မခေါ်ခဲ့ရဘူး။ ယခုတော့ ဥစ္ဆေဒဒိဋ္ဌိကိုလည်း စွန့်ပစ်လိုက်ပြီ၊ မြတ်စွာဘုရားထံမှ ရုပ်ကမ္မဋ္ဌာန်းကို တရားနာရလို့လည်းပဲ စိတ်အေးချမ်းပြီ၊ နာမ်ကမ္မဋ္ဌာန်းကိုလည်းပဲ ဝေဒနာသုံးပါးကို အဦးမူပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တိုင်အောင် ... အနိစ္စာ သင်္ခါတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ အဲဒီထိအောင် ဝိပဿနာကို ပွားမိတယ်။ ဆက်ပြီးတော့ မြတ်စွာဘုရားက အနုပါဒါ ပရိနိဗ္ဗာန် တိုင်အောင်သော အကျိုးဆက်ကို –

အဂ္ဂိဝေဿန=ချစ်သား အဂ္ဂိဝေဿန။ ဧဝံ=ဤသို့။ ပဿံ=ပဿန္တော=ဝိပဿနာ ဉာဏ်ပညာဖြင့် အခါခါ ရှုကြည့်သော။

(အဲဒီလို ဝိပဿနာဉာဏ်ပညာနဲ့ ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ ပုဂ္ဂိုလ်မှ သုတဝါ...တဲ့၊ တကယ့်ကို ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်)

သုတဝါ=အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော။ အရိယသာဝကော=ငါဘုရားရဲ့ တပည့်သာဝကသည်။

အဲဒီလိုရှုမှ ကိုယ်တော်ရဲ့ သာဝကလို့ ပြောလိုတယ်။ တရားကို မရှုလို့ကသာဖြင့် ဘယ်လောက်ကြီး စာတတ်နေတဲ့ ကိုယ်တော်ဖြစ်စေ

http:\\www.dhammadownload.com



ကာမှ အရိယာသာဝကလို့ မြတ်စွာဘုရား မပြောလိုဘူး။ အဲဒီလိုရှုမှပဲ ကိုယ်တော်က အရိယာသာဝကလို့ ဆိုတဲ့ အသုံးကို သုံးတယ်။ ရှုယင် ဘာဖြစ်သလဲ။

သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ=သုခဝေဒနာပေါ်မှာလည်း နိဗ္ဗိဒါဉာဏ် ရင့်သန်လေ၏။

စောစောက သုခဝေဒနာကို နိစ္စ-သုခ-အတ္တလို့၊ ဒုက္ခဝေဒနာကို နိစ္စ-သုခ-အတ္တလို့၊ ဥပေက္ခာဝေဒနာကို နိစ္စ-သုခ-အတ္တလို့ အဲဒီလို ယူ၍ ရတယ်လို့ ထင်ရပေမယ့် ဒီလိုသာ ဝိပဿနာဉာဏ်နဲ့ ရှုဖန်များယင် သုခဝေဒနာကိုလည်း နိစ္စ-သုခ-အတ္တ ဟူ၍ ယူကြည့်ယင် ဘယ်လိုနည်းနဲ့မှ ယူ၍ မရတော့ဘူး၊ အဲဒီလို ယူလို့ မရအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သိတဲ့ အသိဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ခေါ်တယ်။

ဒုက္ခာယပိ ဝေဒနာယ=ဒုက္ခဝေဒနာပေါ်၌လည်း။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်၍ လာတော့၏။ အဒုက္ခမသုခါယပိ ဝေဒနာယ=ဥပေက္ခာဝေဒနာပေါ်၌လည်း။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်၍ လာတော့၏။

နိဗ္ဗိဒါဉာဏ်ပြီးတော့ ဘယ်ဉာဏ်လာသနည်း ဆိုတော့ -

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ=နိဗ္ဗိန္ဒံ=နိဗ္ဗိဒါဉာဏ် ရင့်သန်လတ်သည်ရှိသော်။ ဝိရဇ္ဇတိ=မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် အစရှိသော အထက်အထက် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ရုပ်နာမ်နှစ်ပါးရဲ့ အပေါ်မှာ တပ်ခြင်းကင်းလေတော့၏။

(မဂ်ဉာဏ်တိုင်အောင် သွားရတယ်။)

ဝိရာဂ ဝိမုစ္စတိ=တပ်ခြင်း ကင်းလို့ရှိယင် ကိလေသာတို့မှ လွတ်ကရော။ ဝိမုတ္တသ္မိံ=ကိလေသာတို့မှ လွတ်ပြီးသော ဖိုလ်၌။

http:\\www.dhammadownload.com



ဝိမုတ္တမိတိ ဉာဏံ=ကိလေသာတို့မှ လွတ်ပြီးတဲ့ ဖိုလ်ပဲလို့ သိတဲ့ ဖလပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ=ဖြစ်တော့၏။

ဒီနေရာ၌ ပစ္စဝေက္ခဏာဉာဏ် နှစ်ခု ရနိုင်တယ်။ ရပုံမှာ ဝိမုတ္တ+ မိတိ ဆိုတဲ့ ပုဒ်အရ ကိလေသာတို့မှ လွတ်တဲ့နိဗ္ဗာန် ...လို့ သိတဲ့= နိဗ္ဗာနပစ္စဝေက္ခဏာ တစ်ခုလည်း ရတယ်။ ဒါကြောင့် "ဝိမုတ္တသ္မိံ ဝိမုတ္တ +မိတိ ဉာဏံ ဟောတိ" ဟူသော ပါဠ်ဖြင့် ဖလပစ္စဝေက္ခဏာ၊ နိဗ္ဗာနပစ္စ– ဝေက္ခဏာ နှစ်ပါးကို ဥပလက္ခဏနည်းအားဖြင့် ပြတယ်။ အေး ...၊ အရိယမဂ်နောက် ဖိုလ်ရောက်ပြီးပြီဆိုယင် (မဂ္ဂဝီထိ ကျပြီးတဲ့နောက်) မဂ်ကို ဆင်ခြင်တယ်၊ ဖိုလ်ကို ဆင်ခြင်တယ်၊ နိဗ္ဗာန်ကို ဆင်ခြင်တယ်၊ ပယ်ပြီး ကိလေသာကို ဆင်ခြင်တယ်၊ ကျန်သေးတဲ့ ကိလေသာကို ဆင်ခြင်တယ်။

အဲဒီလို ဆင်ခြင်ပြီးမှ "ငါ့မှာ ဒီ ကိလေသာတွေ ကျန်သေးတယ်၊ ဒီကျန်တဲ့ ကိလေသာတွေကို သကဒါဂါမိဂ်ကမှ ပယ်နိုင်မှာ ..." ဆိုပြီး သကဒါဂါမိမဂ် ရဖို့ရန်လည်း ငါ ဝေဒနာကမ္မဋ္ဌာန်းကိုပဲ စီးဖြန်းရမယ် လို့ ဆင်ခြင်ပြီး ဝေဒနာကမ္မဋ္ဌာန်းကိုပဲ စီးဖြန်းတဲ့အခါ သကဒါဂါမိ မဂ္ဂဝီထိ ကျပြီးတဲ့နောက် မဂ်ကို ဆင်ခြင်တယ်၊ ဖိုလ်ကို ဆင်ခြင်တယ်၊ နိဗ္ဗာန်ကို ဆင်ခြင်တယ်၊ ပယ်ပြီးတဲ့ (ရုန့်ရင်းသော ကာမရာဂ၊ ရုန့်ရင်း သော ဗျာပါဒ) ကိလေသာ စသည်တို့ကို ဆင်ခြင်ပြီးမှ "ငါ့မှာ ဒီ ကိလေသာတွေ ကျန်သေးတယ်၊ ဒီကျန်တဲ့ ကိလေသာတွေကို အနာဂါ မိမဂ်ကမှ ပယ်နိုင်မှာ၊ အနာဂါမိမဂ် ရဖို့ရန်လည်း ငါ ဝေဒနာ ကမ္မဋ္ဌာန်း ကိုပဲ စီးဖြန်းရမယ် ..."လို့ ဆင်ခြင်ပြီး ဝေဒနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလို့ အနာဂါမိမဂ်သို့ ရောက်သွားတဲ့အခါ သိမ်မွေ့သော ကာမရာဂ၊ သိမ်မွေ့ သော ဒေါသ အကုန်လုံး ပြုတ်သွားတယ်။

အင်း ... ဘယ်ကိလေသာတွေ ကျန်သေးသလဲဆိုယင် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ၊ ဒီ ကိလေသာငါးပါး ကျန်တယ်။ ဒီ

http:\\www.dhammadownload.com



ကိလေသာငါးပါးကို အရဟတ္တမဂ်ကမှ ပယ်နိုင်မှာဆိုပြီး အရဟတ္တမဂ် ရောက်အောင် တစ်ဖန် ဝေဒနာကမ္မဋ္ဌာန်း စီးဖြန်းလို့ အရဟတ္တမဂ်+ အရဟတ္တဖိုလ် ပေါက်ရောက်သွားတဲ့ အခါကျတော့ မဂ္ဂပစ္စဝေက္ခဏာ= မဂ်ကို ဆင်ခြင်ခြင်း၊ ဖလပစ္စဝေက္ခဏာ=ဖိုလ်ကိုဆင်ခြင်ခြင်း၊ နိဗ္ဗာန ပစ္စဝေက္ခဏာ=နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ ပဟီနကိလေသပစ္စဝေက္ခဏာ= ပယ်ပြီးတဲ့ ကိလေသာတို့ကို ဆင်ခြင်ခြင်း ဆိုတဲ့ ပစ္စဝေက္ခဏာဉာဏ် လေးမျိုးတို့ ဖြစ်ကြတယ်။

သောတာပန်တုန်းကတော့ ကျန်တဲ့ ကိလေသာကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ရယ် ငါးပါး၊ သကဒါဂါမ်မှာ ငါးပါး၊ အနာဂါမ်မှာ ငါးပါး၊ ရဟန္တာကျတော့ ပစ္စဝေက္ခဏာဉာဏ် လေးပါးပဲ ရှိတယ်။ ကျန်တဲ့ ကိလေသာရယ်လို့ မရှိတော့ အဲဒီ ကျန်တဲ့ ကိလေသာကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ် မရှိတော့ဘူး။ အဲဒီလေးရပ် ပေါင်းလိုက် ယင် ရဟန္တာဖြစ်တဲ့ အခါကျတော့ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုး ပါးကို ပိုင်သွားပြီ။ အဲဒီ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန်ကိုပင် လျှင် သာသနာတော်ရဲ့ ကျေးဇူးငါးပါးတို့အနက် "ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူး"လို့ ခေါ်တယ်။ သီလကျေးဇူး၊ သမာဓိကျေးဇူး၊ ပညာ ကျေးဇူး၊ ဝိမုတ္တိကျေးဇူး၊ ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးဆိုတဲ့ ဒီ ကျေးဇူးငါးပါးထဲမှာ နောက်ဆုံး ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးဆိုတာ အဲဒီ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန်ကို ခေါ်တယ်။

အဲဒီ မူလ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးပါးဆုံးတော့ ရဟန္တာ သန္တာန်မှာ ဘာရောက်လာသလဲဆိုတော့ -

(၁) ခီဏာ ဇာတိ=ငါ့မှာ ဘဝပဋိသန္ဓေ ကုန်ပြီ။ (ဘာဖြစ်လို့လဲ။ ဘဝဂါမိကံရဲ့ အဖော်သဟဲ ဖြစ်တဲ့ တဏှာ၊ အဝိဇ္ဇာတို့ကို ပယ်ပြီး ဖြစ်တဲ့အတွက် အတိတ်ဘဝတွေက ငါပြုခဲ့တဲ့ ဘဝ ဂါမိကံလည်းပဲ ဒုတိယဘဝက စပြီးတော့ ပဋိသန္ဓေအကျိုးကို

http:\\www.dhammadownload.com



အပဟောသိကံ ဖြစ်သွားလို့ အကျိုးမပေးနိုင်တော့ဘူး=ခီဏာ ဇာတိ။)

(၂) ဝုသိတံ ဗြဟ္မစရိယံ=(အရိယမဂ်လေးပါးကို မဂ္ဂဗြဟ္မစရိယလို့ ခေါ်တယ်။ မဂ်တည်းဟူသော မြတ်သောအကျင့်လို့ ခေါ်တယ်။) ငါသည် အရိယမဂ်လေးပါး တည်းဟူသော မဂ္ဂဗြဟ္မစရိယကိုလည်းပဲ အပြီးအဆုံး ငါကျင့်သုံးရပြီ။ (အဲဒါက ပစ္စဝေက္ခဏာဉာဏ်တစ်မျိုး။)

(၃) ကတံ ကရဏီယံ=မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက် ပြုသင့်သမျှ အကုန် ငါပြုပြီးပြီ။ (သောတာပတ္တိမဂ် ခဏမှာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း၊ ဖြစ်စေခြင်းဆိုတဲ့ မဂ်ကိစ္စလေးပါး၊ ထို့အတူ သကဒါဂါမိမဂ်မှာ ကိစ္စလေးပါး၊ အနာဂါမိမဂ်မှာ ကိစ္စလေးပါး၊ အရဟတ္တမဂ်မှာ ကိစ္စလေးပါးဆိုတဲ့) ကရဏီယံ=ငါပြုလုပ်ရမည့် မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါးကို။ ကတံ=အပြီးအဆုံး ငါပြုအပ်ပြီးပြီ။ (အဲဒီလို သိပြီးတဲ့နောက်) -

(၄)နာပရံ ဣတ္ထတ္တာယ=ဤမဂ်ကိစ္စ အလို့ငှာ အခြားဝိပဿနာ အလုပ် ငါ့မှာ လုပ်ဖွယ်မရှိတော့ဘူး။ ဣတိ=ဤသို့။ ပဇာနာတိ=အဆက်ဆက်သော ပရမ္မရ ပစ္စဝေက္ခဏာဉာဏ် လေးမျိုးဖြင့် ပိုင်းခြားထင်ထင် သိမြင်လေတော့၏...လို့ ဆိုတော့-

ဝိမုတ္တိဉာဏဒဿနခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန် နောက်မှာ လာသော ရဟန္တာသန္တာန်မှာဖြစ်တဲ့ ပရမ္မရ ပစ္စဝေက္ခဏာဉာဏ်လေးမျိုး နိဂုံးအုပ် ဖုံးပြီးတော့ ဟောလိုက်တယ်။

(အဲဒီလိုဆိုယင် ဒီပုဂ္ဂိုလ်ရဲ့ စိတ်သည် ကိလေသာမှ လွတ်သွားပြီ)

http:\\www.dhammadownload.com



ဖဝံ ဝိမုတ္တစိတ္တော ခေါ အဂ္ဂိဝေဿန ဘိက္ခု န ကေနစိ သံဝဒတိ၊ န ကေနစိ ဝိဝဒတိ။

အဂ္ဂိဝေဿန=ချစ်သား အဂ္ဂိဝေဿန ...။ ဖဝံ=ဤသို့။ ဝိမုတ္တစိတ္တော=ကိလေသာတို့မှ အပြီးအပြတ် လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်စိတ် ရှိသော။ ဘိက္ခု=ရဟန္တာဖြစ်သော ရဟန်းသည်။ (ဘာဖြစ်တုန်း) လောကေ=လောကဣ။ ကေနစိ=တစုံတယောက်သော သူနှင့်မှ။ န သံဝဒတိ=တဏှာ၊ ဒိဋ္ဌိ အစွဲငြိပြီးတော့ သံကိလေသ အပြောမျိုးနှင့်လည်း တစ်ယောက်နှင့်မှ မပြောတော့ဘူး။ န ကေနစိ ဝိဝဒတိ=ဒေါသရှေ့ထားပြီး သူတစ်ဘက်သားနှင့် ဆန့်ကျင်ဘက် စကားကိုလည်း မပြောတော့ဘူး။

ဘာဖြစ်လို့တုန်း ... ဆိုတော့ ညစ်ညမ်းတဲ့ သံကိလေသ စကားပြောဆိုကြောင်းဖြစ်တဲ့ တဏှာဒိဋ္ဌိကိလေသာ၊ ဆန့်ကျင်ဘက်စကားပြောကြားကြောင်းဖြစ်တဲ့ ဒေါသကိလေသာတို့ လုံးဝ မရှိတော့ ဘယ်သူနဲ့မှ ညစ်ညမ်းသောစကား၊ ဆန့်ကျင်ဘက်စကားတို့ကို မပြောတော့ဘူး။ ဟ ...ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်ဟာ လုံးဝ စကားမပြော တုဏှိဘောကြီးလားဆိုတော့ မဟုတ်ပါဘူး။

ယဥ္စ လောကေ ဝုတ္တံ၊ တေန စ ဝေါဟရတိ အပရာမသန္တိ။

လောကေ=လောကဣ။ ဝုတ္တံ=သမ္မုတိ သစ္စာအားဖြင့် လူအများပြောကြားအပ်သော စကားအစဥ်သည်။ အတ္ထိ=ရှိ၏။ (အမေကို အမေ လို့ ပြောတယ်၊ အဖေကို အဖေလို့ ပြောတယ်၊ အစ်ကိုကို အစ်ကိုလို့၊ အစ်မကို အစ်မလို့၊ ညီကို ညီလို့၊ နှမကို နှမလို့၊ ကျောင်းကို ကျောင်းလို့၊ အိမ်ကို အိမ်လို့၊ မြို့ကို မြို့လို့၊ ရွာကို ရွာလို့ဆိုတဲ့ သမ္မုတိသစ္စာ ဝေါဟာရစကားတွေ ရှိတယ်။) တေန=ထို သမ္မုတိသစ္စာ ဝေါဟာရ စကားဖြင့်။ အပရာမသံ-အပရာမ-

http:\\www.dhammadownload.com



သဒ္ဒေါ=တဏှာဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အမှားမှား မသုံးသပ်ပဲ။ ဝေါဟာရတိ=ပြောဆို၏။

ရဟန္တာပုဂ္ဂိုလ်ဟာ အမေကို အမေလို့ ပြောတယ်၊ အဖေကို အဖေလို့ ပြောတယ်၊ အစ်မပဲ၊ နှမပဲ၊ ညီမပဲ၊ အစ်ကိုပဲ၊ ညီပဲ စသည်ဖြင့် ပြောတယ်။ ပြောပေမယ်လို့ တဏှာဒိဋ္ဌိတည်းဟူသော ပရာမာသနဲ့ အလွဲလွဲ အမှားမှား တကယ့်ကို အမေ၊ တကယ့်ကို အဖေဆိုတဲ့ တဏှာပေမ မပါတော့ဘူး။ မပါပေမယ့် သမ္မုတိသစ္စာ ဝေါဟာရအတိုင်းပဲ ပြောနေတော့တယ်။ ဒိဋ္ဌိအမှား သုံးသပ်ချက် မပါဘူး။

ဆိုကြပါစို့၊ ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်အဖို့ ဟို ... လူ့ဘဝတုန်းက (ဘဝဟောင်းက) ကြင်ယာဟောင်း ရှိတယ်ဆိုကြပါစို့။ အဲဒီ ကြင်ယာဟောင်းကို သူက "ငါ့ရဲ့ ကြင်ယာဟောင်း"လို့ ပြောတယ်၊ ပြောသော်လည်းပဲ အဲ သူ့စိတ်ထဲမှာတော့ တဏှာ၊ ဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အမှားမှား နှလုံးသွင်းခြင်း လုံးဝ မရှိတော့ဘူး။ လောကသမ္မုတိသစ္စာ အတိုင်းသာ ပြောတော့တယ်။ တချို့က "ရဟန္တာဖြစ်ယင် ဘာမှ စကားမပြောတော့ဘူး၊ ပြောစရာမရှိတော့ဘူး" ဒီလို ပြောကြတယ်။ မဟုတ်ပါဘူး။ အမှန်က လောကလူတွေ ပြောတဲ့ စကားကို ပြောကြပါ၏။ သို့သော် လောကီလူသားတွေလို တဏှာနဲ့၊ ဒိဋ္ဌိနဲ့ မပြောကြဘူး၊ တဏှာ ဒိဋ္ဌိ မပါဘဲ ပြောပါတယ်။

## အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခြင်း

တေန ခေါ ပန သမယေန အာယသ္မာ သာရိပုတ္တော ဘဂဝတော ပိဋ္ဌိတော ဌိတော ဟောတိ ဘဂဝန္တံ ဗီဇယမာနော။

(အရှင်အာနန္ဒာတို့၊ အရှင်မဟာကဿပတို့က စကားဆက်ပေးတယ်)။

တေန ခေါ ပန သမယေန = ထိုအခါ၌။ အာယသ္မာ သာရိပုတ္တော=အရှင်သာရိပုတ္တရာသည်။ ဘဂဝန္တံ ဗီဇယမာနော=

http:\\www.dhammadownload.com



မြတ်စွာဘုရားကို ယပ်လေ ခတ်ပေးလျက်။ ဘဂဝတော ပိဋ္ဌိတော= ဘုန်းတော်ကြီးသော မြတ်စွာဘုရားရဲ့ ကျောတော်ဘက်က။ ဋ္ဌိတော=ရပ်လျက်ရှိသည်။ ဟောတိ=ဖြစ်၏။

အဲဒီအချိန်မှာ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ ကျော တော်ဘက်က ဘုရားရှင်ကို ယပ်လေးခတ်ပေးပြီး ရပ်နေတယ်။ (လေ အေးကလေး ခတ်ပြီးတော့ ရပ်နေတယ်)။

အထခေါ အာယသ္မတော သာရိပုတ္တဿ ဧတ+ဒဟောသိ။ (ဝေဒနာနိဂုံး ဆုံးသွားပြီ၊ အရဟတ္တဖိုလ်ပေါက် တရားဟောပြီးယင် တရားဆုံးပြီ၊ အရှင်သာရိပုတ္တရာက သိတော်မူတယ်။)

အထ ခေါ=ဒေဿနာနိဂုံး ဆုံးတဲ့အခါမှာ။ အာယသ္မတော သာရိပုတ္တဿ=အရှင်သာရိပုတ္တရာ၏စိတ်၌။ ဧတံ=ဤသို့သော အကြံ သည်။ အဟောသိ=ဖြစ်ပြီ။ (ဉာဏ်ပညာနှင့် ယှဉ်တဲ့အကြံ ဘယ်လို ဖြစ်သလဲဆိုတော့)–

တေသံ တေသံ ကိရ နော ဓမ္မာနံ ဘဂဝါ အဘိညာ ပဟာန+ မာဟ။ တေသံ တေသံ ကိရ နော ဓမ္မာနံ သုဂတော အဘိညာ ပဋိနိဿဂ္ဂ+မာဟ။

နော=ငါတို့၏။ ဘဂဝါ=ဘုန်းတော်ကြီးသော ဆရာဘုရား သည်။ သုဂတော=ကောင်းသောစကား မိန့်ကြားတော်မူသော မြတ်စွာဘုရားသည်။ တေသံ တေသံ ဓမ္မာနံ=ထိုသို့ ကောင်းဆိုး တရား အမျိုးမျိုးတို့အတွက်။ အဘိညာ–အဘိညာယ=ဉာတ ပရိညာဖြင့် ခွဲခွဲခြမ်းခြမ်း သိပြီးမှ။ ပဟာနံ=ပဟာနပရိညာဖြင့် ပယ်ဖို့ရန်။ အာဟ=ဟောတော်မူပြီ။ ပဋိနိဿဂ္ဂံ=စွန့်ဖို့ရန်။ အာဟ= ဟောတော်မူပြီ။

ရှင်သာရိပုတ္တရာ စဉ်းစားတဲ့အချက် အကျဉ်းချုပ် ဒါပဲ။ ဒါက အရိယဝေါဟာရနဲ့ ပြောတာ၊ ဘာပြောလိုက်တာလဲ။ "ဒို့ရဲ့ မြတ်စွာ

http:\\www.dhammadownload.com



ဘုရားဟာ သဿတဒိဋ္ဌိရဲ့ သမုဒယ၊ အတ္ထင်္ဂမ၊ အဿာဒ၊ အာဒီနဝ၊ နိဿရဏ၊ အချက် ငါးချက်နဲ့ သဿတဒိဋ္ဌိရဲ့ အကြောင်းကို ကောင်းကောင်းကြီး သဿတဒိဋ္ဌိကို ပယ်ဖို့ဟောတာ။ ဥစ္ဆေဒဒိဋ္ဌိကို ပယ်ဖို့ ဟောတဲ့အခါလည်း ၎င်းနည်း။ ကေစ္စသဿတဒိဋ္ဌိကို ပယ်ဖို့ဟောတော်မူတဲ့အခါမှာလည်းပဲ ယင်းကေစ္စသဿတဒိဋ္ဌိရဲ့ သမုဒယ၊ ဒီကေစ္စ–သဿတဒိဋ္ဌိရဲ့ ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းက ပါပမိတ်ကို ပေါင်းခြင်း၊ နှလုံးသွင်း ချွတ်ချော်ခြင်း၊ အတ္ထင်္ဂမ=မိတ်ဆွေကောင်းကို ပေါင်းခြင်း၊ နှလုံးသွင်းကောင်းခြင်း၊ အဿာဒ=မပြောပလောက်တဲ့ သာယာဖွယ်အချက်ကလေး၊ အာဒီနဝ=အလွန်များတဲ့ အပြစ်တွေ၊ နိဿရဏ=ဒီကေစ္စသဿတဒိဋ္ဌိက လွတ်မြောက်ကြောင်းဖြစ်တဲ့ အကျင့်ပဋိပတ်၊ ဤအချက် ငါးချက်နဲ့ ကေစ္စသဿတဒိဋ္ဌိရဲ့ အကြောင်းကို ကောင်းကောင်းကြီး သိပြီးမှ ကေစ္စသဿတဒိဋ္ဌိကို ပယ်ဖို့ ဟောတော်မူတာ။

ကဲ ... မကောင်းတယ်၊ ကောင်းတယ်လို့ မဆိုရတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ခန္ဓာငါးပါးတို့အနက် ရုပ်ရဲ့ ဖြစ်ကြောင်းက ဤတရား ဤတရား၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ရဲ့ ဖြစ်ကြောင်းက ဤတရား ဤတရားလို့ အကြောင်းဖြစ်ကြောင်း တရားကို သိပြီးတော့မှ၊ ခန္ဓာငါးပါးတို့ရဲ့ ချုပ်တာကို သိပြီးမှ၊ ခန္ဓာငါးပါးတို့ရဲ့ သာယာဖွယ်ဆိုတာလေးဟာ ရွှေးလောက်ဆိုတာလည်းပဲ သိပြီးမှ၊ အဲသူတို့အတွက် သာယာဖွယ်က ရွှေးလောက်၊ မြင်းမိုရ်တောင်လောက် အပြစ်ကြီးတွေကိုလည်း ကိုယ်တိုင်သိပြီးမှ၊ အဲဒီ ခန္ဓာငါးပါးမှ လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း ပဋိပတ်ကိုလည်း ကိုယ်တိုင် သိပြီးမှ အဲဒီခန္ဓာငါးပါးကို ပယ်ဖို့ရန် ဟောတော်မူတာ။

ခန္ဓာငါးပါးကို ပယ်ဖို့ရန် ဟောသကောလို့ လက်ရှိ ခန္ဓာငါးပါးကြီးကို တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ် ဒီလိုလုပ်ရမှာ မဟုတ်ဘူး။ ခန္ဓာငါးပါးတို့၌ တွယ်တာတဲ့ တဏှာ လောဘကို ပယ်လိုက်ယင် ခန္ဓာငါးပါးကို ပယ်ပြီး

http:\\www.dhammadownload.com



သား ဖြစ်တယ်။ လက်ရှိ ခန္ဓာကိုယ်ကြီးကို မနှိပ်စက်ရဘူး၊ နှိပ်စက်ယင် အတ္တကိလမထာနုယောဂ အယုတ်တရား ဖြစ်မယ်။ အဲဒီ လက်ရှိခန္ဓာ ကိုယ်ကြီးကို တွယ်တာတဲ့ တဏှာလောဘကို ပယ်လိုက်ခြင်းသည်ပင် လျှင် ဒီခန္ဓာကို ပယ်တယ်၊ ဒီခန္ဓာကို စွန့်တယ်၊ အဲဒီလို စကားဖြစ်တယ်။

ရှင်သာရိပုတ္တရာက တရားနာယင်း ဝိပဿနာနုလုံး ကျင့်သုံးတယ်။ ဝေဒနာ ပရိဂ္ဂဟကမ္မဋ္ဌာန်းကို ဘုရားဟောတော့ ဝေဒနာ တစ်ခုစီ တစ်ခု စီကို အနုပဒဝိပဿနာနည်းဖြင့် ဝိပဿနာနှလုံး ကျင့်သုံးတော်မူတယ်။ အေး ... သူ့အခန်းနဲ့သူ ဝိပဿနာနှလုံးကျင့်သုံးတော့ –

ဣတိဟိဒံ အာယသ္မတော သာရိပုတ္တဿ ပဋိသဉ္စိက္ခတော အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

ဣတိ=ဤသို့လျှင်၊ (ဝါ) ဤသို့ စသည်ဖြင့် ပဋိသဉ္စိက္ခတော= အဖန်ဖန်ရှု ဆင်ခြင်သော။ အာယသ္မတော သာရိပုတ္တဿ=အရှင် သာရိပုတ္တရာ၏။ စိတ္တံ=စိတ်တော်သည်။ အနုပါဒါယ=မစွဲယူမူ၍။ အာသဝေဟိ=(မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ကြတဲ့) ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့မှ။ ဝိမုစ္စိ=ကျွတ်လွတ်တော်မူပြီ။

ဤကဲ့သို့ ဆင်ခြင်စဉ်းစား အနုပဒဝိပဿနာ ဘာဝနာတရား ပွား တော်မူတဲ့အတွက် အရှင်သာရိပုတ္တရာရဲ့ စိတ်တော်အစဉ်သည် ကာမ– သဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝဆိုတဲ့ အာသဝတရားတွေမှ ကျွတ်တော်မူ လွတ်တော်မူ ကျွတ်လွတ်တော်မူသွားတယ်။ (ဒိဋ္ဌာသဝမှကား သောတာပန် ဖြစ်တုန်းကပင် ကျွတ်လွတ်ခဲ့ပြီး ဖြစ်တယ်။) အာသဝေါ ကုန်ခန်း ရဟန္တာ ဖြစ်သွားတယ်။ ဒါကို ပြောလိုရင်း။

အရှင်ဘုရား ...။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ကြည့် ယင် ပညာတေဒဂ်ရ ဘုရားကလွဲယင် လက်ယာရံ အဂ္ဂသာဝက ဉာဏ် ပညာ အကြီးဆုံးပါ ... ဆိုလျက်နှင့် ဘာဖြစ်လို့ အရှင်မဟာမောဂ္ဂလ္လာန် ရဲ့နောက် ရဟန္တာအဖြစ် ရောက်တာ ၇ ရက် နောက်ကျရသလဲ။ ဉာဏ်

http:\\www.dhammadownload.com



ကြီးလို့ပဲ နောက်ကျရတယ်။ (ဒီလိုပဲ ပြောရပါမယ်။) ဘာဖြစ်လို့ ဉာဏ်ကြီးပါလျက် နောက်ကျရသလဲလို့ မေးလျှင် -

အဲ-ဉာဏ်ကြီးပြီဆိုယင် ပညာကြီးသလောက်ပဲ ပေါ့ပေါ့နဲ့ မပြီးဘူး။ ဆိုကြပါစို့၊ အရှင်မဟာမောဂ္ဂလ္လာန်က တောင်ဝှေးစွန်းနဲ့ မြေကြီးကို ဒေါက်-ဒေါက်-ဒေါက်နဲ့ ထောက်သွားတယ်၊ မြေကြီးအကုန်လုံး တစ်ပြင်လုံးကို မထောက်ဘဲ တစ်ချက်ထောက် တစ်ချက်ထောက်ပြီး သွားတဲ့လူလို အရှင်မဟာမောဂ္ဂလ္လာန်ကလည်း ရုပ် ၂၈ ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ လက္ခဏာယာဉ် သုံးချက်တင်သောအခါ "ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ ...လို့ ၂၈ ပါး ရုပ်တရားတို့ကို တစ်ခွန်းတည်းနဲ့ စုပြုံပြီး တစ်ခါတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုတယ်။

အရှင်သာရိပုတ္တရာက ဒီလို မဟုတ်ဘူး။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် အစရှိတဲ့ သမ္ဘာသနရုပ် ၁၈ ပါး ရှိသည်ကို တစ်ပါးစီ တစ်ပါးစီ စိတ်ရှည်လက်ရှည် ခက်မာမှု သဘောကလေးကို ဉာဏ်စိုက်ကြည့်ပြီး -

"ပထဝီဓာတု အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ....။

ဖွဲ့စည်းမှုသဘောကလေးကို ဉာဏ်စိုက်ကြည့်ပြီး -

"အာပေါဓာတု အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"။

ပူမှု အေးမှု သဘောကလေးကို ဉာဏ်စိုက်ကြည့်ပြီး -

"တေဇောဓာတု အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ...။

ထောက်ကန်မှု သဘောကလေးကို ဉာဏ်စိုက်ကြည့်ပြီး -

http:\\www.dhammadownload.com



"ဝါယောဓာတု အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"။

အဲဒီလို မဟာဘုတ်ကြီးလေးပါးကို တစ်ပါးတစ်ခါစီ၊ ထိုနည်းအတူ ပသာဒရုပ်ငါးပါးကိုလည်း တစ်ပါးတစ်ခါစီ၊ ပြီးတော့ အာရုံငါးပါးကိုလည်း တစ်ပါးတစ်ခါစီပဲ။ အေး ... ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ဘယ်ရုပ်ကိုမှ ပေါင်းပြီး ရှုတယ် မရှိဘူး။ တစ်ရုပ်စီ၊ တစ်ရုပ်စီ၊ တစ်ခါတည်း တရားသားကို မြင်အောင် ဆင်ခြင်ပြီးမှ ဝိပဿနာရှုတာ ဖြစ်တော့ သူရဲ့ ဝိပဿနာကို "အနုပဒဝိပဿနာ"လို့ ခေါ်တယ်။ ဒီတော့ ရှင်မောဂ္ဂလ္လာန်က တစ်ခေါက်တည်းနဲ့ ရုပ်ကို ဝိပဿနာ ရှုတော်မူတာ၊ ရှင်သာရိပုတ္တရာကျတော့ ၁၈ ခေါက် ရှုရတယ်။ ဘယ်လောက်များသတုန်း။

ရှင်မောဂ္ဂလ္လာန်က ဝေဒနာကို ဝိပဿနာရှုတော့ ခံစားမှုသဘောသုံးပါးကို တစ်ပေါင်းတည်း အောက်မေ့ကာ –

"ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ...

လို့ တစ်ခေါက်ရှုလိုက်ယင် ပြီးပြီ။

ရှင်သာရိပုတ္တရာကျတော့ ဉာဏ်က ကျယ်ဝန်းလို့၊ အေး ... ဝေဒနာကို ဝိပဿနာရှုမယ်ဆိုယင် မျက်စိအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ နားအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ လျှာအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ ကိုယ်အတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ စိတ်အတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ ... အဲဒီလို ၆ ပါးထားပြီး –

"စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။ သောတသမ္ဖဿဇာ ဝေဒနာ (ပ)၊ ဃာနသမ္ဖဿဇာဝေဒနာ (ပ)၊ ဇိဝှါသမ္ဖဿဇာဝေဒနာ

http:\\www.dhammadownload.com



(ပ)၊ ကာယ သမ္ဘဿဇာဝေဒနာ (ပ)၊ မနောသမ္ဘဿဇာ ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ ..."

အဲဒီလို စိတ်ရှည်လက်ရှည် အေးအေးဆေးဆေး ရှုတာဖြစ်တော့ ၇ ရက် နောက်ကျတာဟာ နည်းသေးတာပေါ့။ ဆိုလိုရင်းကတော့ "အနုပဒ ဝိပဿနာနည်းနဲ့ ဝိပဿနာရှုနေလို့ ရှင်သာရိပုတ္တရာက ၇ ရက်နောက်ကျတာပါ" လို့ ဆိုလိုရင်း ဖြစ်တယ်။

နောက်ကျသကောလို့လည်းပဲ အညံ့ကို ရတယ်မထင်ပါနဲ့။ ဘယ်လိုလဲ။ သူငယ်ချင်းနှစ်ယောက် တောထဲသွားပြီး ဝါးတောင်ဝှေး ခုတ်ကြတော့ စိတ်မြန်ကိုယ်မြန် သူငယ်ချင်းတစ်ယောက်က ဝါးရုံကြီးကို သွားတွေ့တဲ့အခါ "တောင်ဝှေးထောက်ဖြစ် ပြီးတာပဲကွာ"ဆိုပြီး အပြင်ဘက်က ထောက်ဖြစ်လောက်ရုံ ဝါးကို ဒုံးဒင်း ဒုံးဒင်းနဲ့ ခုတ်ယူပြီး ပြန် တယ်။ ဒါ ပထမလူ။ သူကလည်းပဲ တောင်ဝှေးတော့ ရပါတယ်၊ တောင်ဝှေးဖြစ်ရုံ ထောက်လို့တော့ ရပါတယ်။

ဒုတိယလူကျတော့ "ဟာ ... ငါပင်ပန်းကြီးစွာ တောင်ပေါ်ကို ဆင်းဆင်းရဲရဲ လာရမှတော့ တောင်ဝှေးကောင်းကောင်းရမှ တော်မယ်၊ အကောင်းဆုံးရမှ ငါဖြစ်မယ်"(အဲ သူက ရှင်သာရိပုတ္တရာနဲ့ တူတယ်) ရှင်သာရိပုတ္တရာလည်း "အင်း ...ငါတို့မှာ တစ်အသချေ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရတယ်၊ ငါတို့ လိုချင်တာက အဂ္ဂသာဝကမှ တကယ့်အထွတ်အထိပ်။ ငါက တစ်နံ့ပါတ်အဂ္ဂသာဝကပဲ။ တောင်ဝှေးကောင်းရချင်ယင် ပင်ပင်ပန်းပန်း တောင်ထိပ်တက်ရသလို တစ်သချေ်နှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီတွေ ဖြည့်ရတယ်။ ဖြစ်ကတတ်ဆန်း တောင်ဝှေးကိုယူလို့ ဘယ်ဖြစ်မလဲ ... ဆိုပြီး ဝါးရုံကို သေသေချာချာ ဆင်ခြင်ကြည့်တယ်။ ဟောဟို အလယ်ခေါင်က ဝါးကြီးဟာဖြင့် ကျစ်လည်း

http:\\www.dhammadownload.com



ကျစ်တယ်။ ဖြောင့်လည်း ဖြောင့်တယ်၊ ပိုးလည်းမစားဘူး၊ အဲဒီ ဝါးကြီးကို ရယင် တောင်ဝှေး အကောင်းဆုံးပဲ။ အေး ...ရအောင် ငါ အားထုတ်ပါသော်ကော”ဆိုပြီး ဘေးက ဝါးဒလက်တွေကို အကုန်လုံး ခါးတောင်းကျိုက် ရှင်းပြီး အလယ်က ဝါး အဖြောင့်အမာ အကျစ်ကြီးကို ခုတ်ယူတယ်။ အဲဒီလူသည် ယခင် ပထမလူရဲ့ နောက်မှတော့ တောင်ဝှေးကို ရတယ်၊ သူရတဲ့ တောင်ဝှေးကြီးက ဖြောင့်လည်း ဖြောင့်တယ်၊ ကောင်းလည်း ကောင်းတယ်၊ ရင့်လည်း ရင့်တယ်၊ အပြစ်အနာအဆာလည်း ကင်းလွတ်တယ်။

ရှင်သာရိပုတ္တရာက အဲဒီ ဝါးရုံ အလယ်ခေါင်က အပြစ်ကင်းတဲ့ အလွန်ဖြောင့်တဲ့ ဝါးတောင်ဝှေးကြီးကို စိတ်ရှည်လက်ရှည် ချုံကိုထွင်ပြီး ယူတဲ့ အမျိုးကောင်းသားလိုပဲ ဒါကြောင့် ကြာတာ၊ ရတော့ ဝါးတောင်ဝှေး အဖြောင့်ကို ရသလို၊ ကိုယ်တော်ရတဲ့အခါကျတော့ သာဝက ပါရမီဉာဏ်မှာ အထွတ်အထိပ်ကို ရတယ်။ ကိုယ်တော်ထက်သာတာ မရှိဘူး။

ကိုင်း ...ဒါကို အဋ္ဌကထာ ဆရာတော်က ဘာပြောသလဲဆိုတော့-

တ္တော၀တာ ေတသ ပရဿ ၀မိုတ် ဘတ္တံ ဘုဥ္စိတွာ ခုဒံ ပဋိဝိနောဒေန္တော ဝိယ ပရဿ အာရဒ္ဓါယ ဓမ္မဒေသနာယ ဉာဏံ ပေသေတွာ ဝိပဿနံ ၀မေတွာ အရဟတ္တဥ္စ ပတ္တော၊ သာဝကပါရမိဉာဏဿ စ မတ္ထကံ။ သောဠသ စ ပညာ ပဋိဝိဇ္ဈိတွာ ဌိတော။ (မ၊ ဋ္ဌ၊ ၃၊ ၁၄၅-၆)။

စ=မှတ်ဖွယ်အထူး ပြဆိုဦးအံ့။ တ္တော၀တာ=ဤမျှသော တရားအစဉ်ဖြင့်။ ေသ-ေသော=ဤအရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ (ဘာလုပ်တုန်း၊) ပရဿ ၀မိုတ် ဘတ္တံ=သူတစ်ပါးအတွက်ခူးထားတဲ့ ထမင်းပွဲကြီးကို။ ဘုဥ္စိတွာ=ပရိဘုတ် လွေးလွေး ဘုဉ်း

http:\\www.dhammadownload.com



ပေး၍။ ခုဒ်=ဆာလောင်ခြင်းကို။ ပဋိဝိနောဒေန္တော ဝိယ=ပယ် ဖျောက်သောသူကဲ့သို့။

သူများဖို့ ခူးထားတဲ့ ထမင်းပွဲကြီးကို ဝင်စားပြီးတော့ ဆာလောင် မွတ်သိပ်ခြင်းကို ပယ်ဖျောက်တဲ့ ပုဂ္ဂိုလ်လိုပဲ၊ ယခု တရားထမင်းပွဲကြီး ကို မြတ်စွာဘုရားက တကတည်းဒီဃနခပရိဗိုဇ်ကို မျက်နှာမူပြီး ဟော နေတယ်၊ ဒီဃနခအတွက် ခူးထားတဲ့ တရားထမင်းပွဲကြီး။

ပရဿ=သူတပါးဆိုတဲ့ ဒီဃနခပရိဗိုဇ်အတွက်။ အာရဒ္ဓါယ= စတင် အားသစ်အပ်သော။ ဓမ္မဒေသနာယ=တရားဒေသနာ တည်း ဟူသော ထမင်းပွဲကြီး၌ (ဝင်ပြီးတော့၊ ထိုင်ပြီးတော့) ဉာဏ် ပေသေတွာ=ဝိပဿနာဉာဏ်ပညာကို လွှတ်၍။ (ဝိပဿနာဉာဏ် ပညာလက်ဖြင့် အကြိမ်ကြိမ်ပွား၊ အကြိမ်ကြိမ် စားတာ) ဝိပဿနံ ဝမေတွာ=ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်တော်မူပြီး။ အရဟတ္တဗ္ဗေဝ=အရဟတ္တဖိုလ်သို့ လည်းကောင်း။ သာဝက ပါရမိ ဉာဏဿ=သာဝကပါရမီဉာဏ်၏။ မတ္ထကဥ္စ=အထွတ်အထိပ်သို့ လည်းကောင်း။ ပတ္တော=ရောက်တော်မူပြီ။ သောဠသပညာ စ= တစ်ဆယ့်ခြောက်ပါးသော ပညာတို့ကိုလည်း။ ပဋိဝိဇ္ဈိတွာ=ထိုးထိုး ထွင်းထွင်း သိ၍။ ဌိတော=တည်တော်မူလေပြီ။

(ရှင်သာရိပုတ္တရာအတွက် အဋ္ဌကထာမှာ အဲဒီလို ထူးပြီးတော့ ဖွင့် ပြတယ်။)

ဒါဖြင့်ယင် တရားနာခံဖြစ်တဲ့ ဒီဃခနပရိဗိုဇ်တော့ ဘာအကျိုး ရသလဲ၊ ပါဠိတော်မှာ တိုက်ရိုက်လာပါတယ်။

ဒီဃနခဿ ပန ပရိဗ္ဗာဇကဿ တသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မ" န္တိ။

http:\\www.dhammadownload.com



ဒီဃနခဿ ပန ပရိဗ္ဗာဇကဿ=ဒီဃနခပရိဗိုဇ်၏ သန္တာန်မှာ တော့။ တသ္မိံ ယေဝ အာသနေ=ထိုတရားနာတဲ့ နေရာမှာပင်။ "ယံ ကိဉ္စိ သမုဒယဓမ္မံ=ဖြစ်သမျှဉဿုံ အလုံးစုံသော တရားအစုသည်။ အတ္ထိ=ရှိ၏။ တံ သဗ္ဗံ=ထိုအလုံးစုံသည်။ နိရောဓဓမ္မံ=ချုပ်ပျောက် ခြင်း သဘောရှိစွာတကား"။ (မဖြစ်နဲ့၊ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်တိုင်းသော တရားသာဆိုယင် မြေလက်ခတ်မလွဲ ချုပ်ရမှာ အမှန်ပဲ။) ဣတိ= ဤသို့။ ဝိရဇံ=ကိလေသာမြူ ကင်းစင်သော။ ဝီတမလံ=ကိလေသာ အညစ်အကြေး ကင်းဝေးသော။ ဓမ္မစက္ခုံ= အရိယသစ္စာလေးပါး တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တတ် သည့် (ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်လူ၊ ဘယ်သတ္တဝါတွေကမှ ဖျက်လို့ မရတဲ့) သောတာပတ္တိမဂ်ဉာဏ်သည်။ ဥဒပါဒိ=ထင်ရှား ဖြစ်ပြီ ... ဆိုတော့ -

ဒီဃနခဟာ အဲဒီတရားပွဲမှာ သောတာပန် ဖြစ်တယ်။ သောတာပန် ဖြစ်ပြီး သူ ဘယ်လောက်ထိအောင် အကျယ်လျှောက်သလဲဆိုတော့-

အထ ခေါ=ထိုအခါ၌။ ဒီဃနခေါ ပရိဗ္ဗာဇကော=ဒီဃနခ ပရိဗိုဇ်သည်။ ဒိဋ္ဌဓမ္မော=သစ္စာလေးပါးတရားကို မြင်သည်ဖြစ်၍။ ပတ္တဓမ္မော=(မျက်စိနဲ့ မြင်တာ မဟုတ်၊ ဉာဏ်နဲ့လျှောက်ကြည့်ပြီး မြင်တာ။) ရောက်အပ်ပြီးသော သစ္စာလေးပါး တရားရှိသည်ဖြစ်၍။ ဝိဒိတဓမ္မော=သစ္စာလေးပါး တရားကို လင်းလင်းထင်ထင်ကြီး မြင်သည်ဖြစ်၍။ ပရိယောဂါဠ္ဟဓမ္မော=ဉာဏ်၌ သက်ဝင်အပ်သော သစ္စာလေးပါးတရား ရှိသည် ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော=ဝိစိကိစ္ဆာ ခြောင့်တံသင်းကို ကူးမြောက်ပြီး ဖြစ်၍။ ဝိဂတ ကထံ ကထော= သို့လော သို့လော တွေးတော ယုံမှားခြင်း (သစ္စာပေါ်မှာ) အလျှင်း ကင်းသည်ဖြစ်၍။ ဝေသာရဇ္ဇပ္ပတ္တော=(သစ္စာနှင့် ပတ်သက်၍ ရဲရင့် တဲ့ အသိဉာဏ်) ကြောက်ရွံ့ခြင်းကင်း ရဲတင်းသော သစ္စာဉာဏ်

http:\\www.dhammadownload.com



ရှိသည်ဖြစ်၍။ အပရပ္ပစ္စယော သတ္ထုသာသနေ=ဘုရားမြတ်စွာ သာသနာ၌ (သူတပါးကို ယုံကြည်လို့ ဒုက္ခပဲ၊ သမုဒယပဲ၊ နိရောဓ ပဲ၊ မဂ္ဂပဲ ဒီလို မှတ်တာ မဟုတ်ဘူး။) ကိုယ်တိုင်ကိုယ်ကျ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဆိုတဲ့ တရားတော်ဂုဏ်အရ ဒုက္ခသစ္စာကို သိတာ၊ သမုဒယကို သိတာ၊ နိရောဓ၊ မဂ္ဂကို သိတာ။ (အဲဒီလို သိတာမျိုးကို အပရပ္ပစ္စယ လို့ ခေါ်တယ်။) သူတစ်ပါးကို ယုံကြည် ၍ သိသည်မဟုတ်၊ ကိုယ်တိုင်ကိုယ်ကျ တရားကို မြင်၍ သိသော ပုဂ္ဂိုလ်ဖြစ်ပြီးတော့။ ဘဂဝန္တံ ဧတဒဝေါစ=မြတ်စွာဘုရားကို ဤ စကား လျှောက်ထားပြီး လောကုတ္တရာ သရဏဂုံ တည်ပါတယ်။ လျှောက်ထားပုံက –

အဘိက္ကန္တံ ဘော ဂေါတမ=အရှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပေစွ ...။ အဘိက္ကန္တံ ဘော ဂေါတမ=အရှင်ဘုရား ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပေစွ ...။ သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ=အရှင်ဘုရား ဂေါတမ လောကဥပမာ အား လျှောက်ထားရလျှင် မှောက်၍ ထားအပ်တဲ့ ပစ္စည်းကို လှန်ပြီး တော့ "ဟော ...ကြည့်စမ်း"လို့ ပြလိုက်သလို။ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ =တစုံတခု ဖြင့် ဖုံးအုပ်ထားတဲ့ ပစ္စည်းကို အဖုံးလှပ်ပြီး ပြလိုက် သလို။ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ=မျက်စိလည် လမ်းမှားတဲ့ ယောကျာ်းကို လက်ကိုကိုင်ဆွဲ "အမောင်သွားရမှာ ဟောဒီလမ်းပဲ" လို့ လမ်းမှန်ကို ညွှန်ပြ ပြောဆိုသလို။ အန္ဓကာရေ ဝါ တေလပဇ္ဇော တံ ဓာရေယျ "စက္ခုမန္တော ရူပါနိ ဒက္ခန္တီ"တိ=မျက်စိအမြင် ရှိကြတဲ့ ပုဂ္ဂိုလ်တွေ အဆင်းအမျိုးမျိုးကို မြင်ကြပေတော့ဟဲ့" လို့ အမိုက် တိုက်မှောင်ကြီးထဲမှာ ဆီမီးတန်ဆောင် စိုက်ထောင်ညှိထားသလို။ ဧဝမေဝ=ဤအတူ။ ဘောတာ ဂေါတမေန= အရှင်ဂေါတမသည်။ အနေကပရိယာယေန=အကြောင်းပေါင်းများစွာဖြင့်။ ဓမ္မော=သစ္စာ

http:\\www.dhammadownload.com



လေးပါးတရားကို။ ပကာသိတော=ပြတော်မူအပ်ပါပြီ။

(ဒီ ဥပမာ အတူပဲ မြောက်မြားစွာသော အကြောင်းဖြင့် တပည့်တော်အား နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းကို အရှင်ဘုရား ညွှန်ပြတော်မူပါပေ၏။)

ဧသာ+ဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။

ဧသာ+ဟံ=ဧသော အဟံ=ထို ဒီဃနခခေါ်တဲ့ တပည့်တော်သည်။ ဘဝန္တံ ဂေါတမံ=အရှင်ဂေါတမကို လည်းကောင်း။ ဓမ္မဉ္စ=ဆယ်ပါးသော တရားတော်ကို လည်းကောင်း။ ဘိက္ခုသံဃဉ္စ=အရိယာရှစ်ဖော် သံဃာတော်ကို လည်းကောင်း။ သရဏံ=ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာ ဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်သိမှတ်ပါ၏ ဘုရား ...။

လောကုတ္တရာ သရဏဂုံ ခေါ်တယ်။ ဒီလို ဆောက်တည်ပြီးယင် ဘယ်တော့မှ မပျက်ဘူး။

ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။

ဘဝံ ဂေါတမော=အရှင်ဂေါတမသည်။ အဇ္ဇတဂ္ဂေ=ယနေ့ကအစပြု၍။ မံ=တပည့်တော်ကို။ ပါဏုပေတံ=အသက်နှင့်ပြည့်စုံသမျှကာလပတ်လုံး၊ (ဝါ) အသက်ထက်ဆုံး။ သရဏံ ဂတန္တိ=သရဏဂုံတည်သူ ဥပါသကာတစ်ယောက်ဟူ၍။ ဓာရေတု=ကရုဏာရှေးရှုမှတ်တော်မူပါ ဘုရား ...

လို့ သူဟာ ဘယ်တော့မှ မပျက်စီးတဲ့ လောကုတ္တရာ သရဏဂုံတည်သူ ဥပါသကာအဖြစ်ကို အဲဒီလို လျှောက်ထားခဲ့ပါတယ်။

ဤတွင် "ဒီဃနခသုတ်" လို့လည်းခေါ်တဲ့
"ဝေဒနာ ပရိဂ္ဂဟသုတ်" ဟို့ လည်း ခေါ်တဲ့ သုတ္တန် ပြီး၏။

http:\\www.dhammadownload.com



# သာရိပုတ္တာ ထေရဂါထာ တရားတော်

မန္တလေးမြို့၊ မဟာဗောဓိ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၌ ဟောကြားအပ်သော အရှင်သာရိပုတ္တရာ မထေရ်၏ တရားသွေးဆေးကြီးလို့ပဲ ဆိုကြပါစို့။ ဒိုပြင် ဒိုပြင် မထေရ်တွေရဲ့ တရားဂါထာတွေကျတော့ အကြောင်းအရာ တစ်ခုတည်း ပါတယ်၊ အရှင်သာရိပုတ္တရာ မထေရ်ရဲ့ တရားဂါထာကျတော့ အကြောင်းအရာတွေပဲ ကုန်မှ ကုန်ပါ့မည်လား၊ တရားတစ်ပွဲတည်းနဲ့ ကုန်မှ ကုန်ပါ့မည်လား ... လို့ အောက်မေ့ယူရအောင် တရားဂါထာ စာပိုဒ်ကတော့ ၃၆ ဂါထာ ရှိပါတယ်။ ဒါပေမယ်လို့ အကြောင်းအရာတွေနှင့်လာတဲ့ တရားဂါထာတွေ ဖြစ်တော့ ဟင်းလေးအိုးထဲမှာ အချဉ်လည်း ပါတယ်၊ အငန်လည်း ပါတယ်၊ အချိုလည်း ပါတယ် ဆိုတာလိုပေါ့။ မထေရ်ရဲ့ တရားဂါထာတွေထဲမှာ အကြောင်းအရာ ဝတ္ထုကြ အမျိုးမျိုး ပါရှိပါတယ်။ အခေါ်ကတော့ "သာရိပုတ္တထေရဂါထာ"လို့ ခေါ်ပါတယ်။ ဂါထာသုံးဆယ်ကျော် ပါရှိလို့ နိပါတ်ဖွဲ့တဲ့အခါ တိံသနိပါတ်ထဲ ထည့်ဖွဲ့ထားပါတယ်။

## သာဝကသန္နိပါတ (နှင့်) ဩဝါဒပါတိမောက်

ယခင်တစ်ပတ်က ဟောခဲ့တဲ့အတိုင်း မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တယ်။ ပြန်ပြီးအောက်မေ့ယင် ပေါ်နိုင်ပါသေးတယ်။ အဲဒီနေ့မှာ မြတ်စွာဘုရားဟာ နေမဝင်သေးခင် ရှင်သာရိပုတ္တရာကို အရဟတ္တဖိုလ်ပေါက် ချီးမြှောက်တော်မူပြီးပြီ ဆိုယင်ပဲ ကောင်းကင်ခရီးဖြင့် သူကရခတ–ဝက်တူးလိုဏ်မှ ဝေဠုဝန်ကျောင်းတော်သို့ ကြွတယ်။ အဲဒီနေ့မှာ အင်္ဂါလေးပါးနှင့်ပြည့်စုံတဲ့ သာဝကသန္နိပါတ=သာဝက အစည်းအဝေးကြီး ဖြစ်ပါတယ်။ အင်္ဂါလေးပါးဆိုတာ –

http:\\www.dhammadownload.com



(၁) ဝေဠုဝန်ကျောင်းတိုက်မှာ မည်သူမှ မပင့်ဖိတ်ရဘဲ သံဃာများစွာ စည်းဝေးမိခြင်း၊ ဒါက အင်္ဂါတစ်ပါး။

(၂) တပို့တွဲလပြည့်နေ့ ကြုံကြိုက်ခြင်း၊ ဒါက အင်္ဂါတစ်ပါး။

(၃) စည်းဝေးမိတဲ့ သံဃာတော်အားလုံး ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ခြင်း၊ ဒါက အင်္ဂါတစ်ပါး။

(၄) ဧဟိဘိက္ခုရဟန်း ဖြစ်ကြပြန်တော့လည်း ရဟန္တာ သာမန်မျှ မဟုတ်ဘဲ တေဝိဇ္ဇ+ဆဠဘိည=ဝိဇ္ဇာသုံးပါး၊ အဘိညာဉ် ခြောက်ပါးတို့နဲ့ ပြည့်စုံတဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာတွေချည်းပဲ စုဝေးမိခြင်း၊ ဒါက အင်္ဂါတစ်ပါး။

ဒီ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံတဲ့ သာဝက အစည်းအဝေးကြီး ဖြစ်ပါတယ်။ အဲဒီ အစည်းအဝေးမှာ ယခင် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြတဲ့ တေဝိဇ္ဇ၊ ဆဠဘိည၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ပေါင်း (၁၂၅၀) တစ်ထောင့်နှစ်ရာငါးဆယ် စုဝေးမိတဲ့နေ့ ဖြစ်ပါတယ်။ အဲဒီနေ့သည် သာသနာတော်၌ မြတ်စွာဘုရား အစဆုံး ဩဝါဒပါတိမောက်ကို ပြတော်မူတဲ့နေ့ ဖြစ်ပါတယ်။ အဲ ... ပထမရှေ့ပိုင်းမှာ ဘုရားကိုယ်တော်တိုင် ခြောက်နှစ်လျှင် တစ်ကြိမ် တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပါတယ်။ နောက်ပိုင်းကျမှ သာဝကများ မြတ်စွာဘုရား ပညတ်တဲ့ ဝိနည်း သိက္ခာပုဒ်တည်းဟူသော အာဏာပါတိမောက် ပြကြရပါတယ်။

နောက်ပိုင်း၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်ကြီး၌ အရိယာသံဃာတော်တို့ အလယ်မှာ ထိုင်နေတော်မူလျက် ကိုယ်တော်၏ တပည့်သာဝကတို့ကို ထိုထို ဂုဏ်ထူးဝိသေသဖြင့် ဧတဒဂ်ထားမိန့်ကြားတော် မူလတ်သောအခါ –

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော–လို့

http:\\www.dhammadownload.com



ရဟန်းတို့ ...၊ ငါဘုရားရဲ့ သာဝက ပညာကြီးကြတဲ့ ရဟန်းတို့ အနက် သာရိပုတ္တရာထေရ်ဖြင့် အသာဆုံး အမြတ်ဆုံးပဲ ...လို့ မဟာ ပညာအရာမှာ ဧတဒဂ်ဘွဲ့ထူး ချီးကျူးအပ်နှင်းတော်မူသည်ကို ခံယူ ရရှိတော်မူပါတယ်။

အဲဒီလို မဟာပညာ ဧတဒဂ္ဂဘွဲ့ထူး ရတော်မူပြီးသည့်နောက် အရှင် သာရိပုတ္တရာသည် မိမိ တတ်စွမ်းသည့်အတိုင်း ဝေနေယျတို့ကို တရား ဓမ္မ ဟောပြတော်မူရာဝယ် တစ်နေ့သ၌ ရဟန်းတော်များအား မိမိ၏ အရဟတ္တဖိုလ်ပေါက် ရောက်ရှိတဲ့ အကျင့်ပဋိပတ်ကို ဖော်ပြသောအနေ ဖြင့် ဟောဒီ တရားဂါထာ ၃၆ ဂါထာတို့ကို ရွတ်ဆိုပြီးတော့ ဟော တယ်။ ဒါဟာ သူ့ရဲ့ စရိယကို ထင်စွာဖော်ပြသောအနေနဲ့ တရားဂါထာ ၃၆ ဂါထာတို့ကို ဟောခြင်း ဖြစ်ပါတယ်။ ရဟန်းပရိသတ်အလယ်မှာ အရှင်သာရိပုတ္တရာ အစဆုံး ဘာကို ဟောပြသလဲဆိုတော့ -

(၁) ယထာစာရီ ယထာ သတော သတိမာ၊
ယတ သင်္ကပ္ပဈာယိ အပ္ပမတ္တော။
အဇ္ဈတ္တရတော သမာဟိတတ္တော၊
ဧကော သန္တုသိတော တ+မာဟု ဘိက္ခုံ။

အာဝုသော=သိတင်းသုံးဖော် သံဃာတော်များ ငါ့ရှင်ဘုရား တို့ ... ။ ယော ဘိက္ခု=အမှတ်မထင် အကြင်ရဟန်းသည်။ သန္တော ယထာ=နှလုံးပျော့ပျောင်း အရိယာသူတော်ကောင်းကဲ့သို့။ ယထာ စာရီ=အကြင်သို့ သဘောရှိတဲ့ စောင့်စည်းအပ်သော ကာယသမာ စာရ၊ ဝစီသမာစရ ရှိသည်။ ဟောတိ=ဖြစ်၏။

သိတင်းသုံးဖော် သံဃာတော်အရှင်တို့ ...၊ မည်သူရယ် မဟုတ်ဘူး၊ အမှတ်မထင် အကြင် ရဟန်းတော် တစ်ပါးဟာဖြင့် ကာယသမာစာရ ခေါ်တဲ့ ကာယကံအမှုကိုလည်း အကုသိုလ်မဖြစ်အောင် စောင့်စည်း ထားတယ်၊ ဝစီသမာစာရခေါ်တဲ့ ဝစီကံအမှုကိုလည်းပဲ အကုသိုလ်

http:\\www.dhammadownload.com



မဖြစ်အောင် စောင့်စည်းထားတယ်၊ ဒါကို ယထာစာရီသီလလို့ ခေါ်ပါတယ်။ သီလသာသနာသည် ကာယကံ ဝစီကံတို့ကို စောင့်ထိန်းတဲ့ သာသနာ ဖြစ်ပါတယ်။ မနောကံကို သီလသာသနာနဲ့ စောင့်ထိန်းလို့ မရပါဘူး။ တစ်နည်းအားဖြင့် ပြောရယင် သီလသာသနာသည် ကာယကံမှု၊ ဝစီကံမှုတို့ကို စောင့်ထိန်းတဲ့ သာသနာ ဖြစ်ပါတယ်။ ဘာဝနာအလုပ်ကျမှ မနောကံကို စောင့်ထိန်းခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယထာစာရီ ဟူသော ပုဒ်ဖြင့် သီလသာသနာကို လုံခြုံအောင် စောင့်ထိန်းထားတယ်လို့ ဖော်ပြတယ်။

သတိမာ=အမြဲတစေ သတိရှိ၍နေ၏။ သီလရှိရုံနဲ့ ပြီးရောလား လို့ ဆိုတော့ သတိလည်း အမြဲရှိရမယ်။

ယတသက်ပ္ပဇ္ဈာယိ=စောင့်စည်းအပ်သော မိစ္ဆာဝိတက်မှု ရှိသည်ဖြစ်၍ အာရမ္မဏူပနိဇ္ဈာန ဈာန်၊ လက္ခဏူပနိဇ္ဈာန ဈာန်ကို အဖန်ဖန် ဝင်စားလေ့ရှိပေ၏။

ပါဠိအနေကလည်း နည်းနည်း ကပ်ကပ်သပ်သပ် ရှိပါတယ်။ "စောင့်စည်းအပ်သော မိစ္ဆာဝိတက်မှု ရှိတယ်"ဆိုတာက မိမိရဲ့သန္တာန်မှာ ကာမနှင့် ပတ်သက်တဲ့ အကြံအစည်မျိုး မဖြစ်အောင်၊ ဒေါသနှင့် ပတ်သက်တဲ့ အကြံအစည်မျိုး မဖြစ်အောင်၊ ဝိဟိံသာဆိုတဲ့ သူတစ်ပါးကို ညှဉ်းဆဲတဲ့ အကြံအစည်မျိုး မဖြစ်အောင် အဲဒီလို စောင့်စည်းပြီး ဝတ္ထုကာမမှ လွတ်မြောက်ရန် ကြံစည်မှုဆိုတဲ့ နေက္ခမ္မဝိတက်၊ မေတ္တာနှင့် ယှဉ်သော အကြံအစည်ဆိုတဲ့=အဗျာပါဒဝိတက်၊ ကရုဏာနှင့် ယှဉ်သော အကြံအစည်ဆိုတဲ့ အဝိဟိံသာဝိတက်၊ ဒီဝိတက်သုံးပါးကို မွေးမြူပြီးတော့ အာရမ္မဏူပနိဇ္ဈာနဈာန်=ကသိဏ်းစသော အာရုံကို စိုက်စိုက်စူးစူးကြည့်တဲ့ လောကီပထမဈာန်၊ လက္ခဏူပနိဇ္ဈာနဈာန် ဆိုတာက ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မမြဲတဲ့၊ ဆင်းရဲတဲ့၊ အစိုးမပိုင်တဲ့ လက္ခဏာကို စိုက်စိုက်စူးစူး ရှုကြည့်တဲ့ ဝိပဿနာဉာဏ်ပညာ မဂ်ပညာ

http:\\www.dhammadownload.com



တို့ကို လက္ခဏူပနိဇ္ဈာနဈာန်လို့ ခေါ်ပါတယ်။ အဲဒီ အာရမ္မဏူပနိဇ္ဈာန ဈာန်၊ လက္ခဏူပနိဇ္ဈာနဈာန် နှစ်ပါးကို အဖန်ဖန် ဝင်စားပြီး ရှုရမယ်။

အဇ္ဈတ္တရတော=ဂေါစရဇ္ဈတ္တခေါ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရ၌ ကမ္မဋ္ဌာန ဘာဝနာဖြင့် အခါခပ်သိမ်း မွေ့လျော်ပျော်ပိုက်သည်။

ဂေါစရဇ္ဈတ္တဆိုတာ ကမ္မဋ္ဌာန်းအလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ကမ္မဋ္ဌာန်းအာရုံဖြစ်သော ရုပ်နာမ်နှစ်ပါးကို ဂေါစရဇ္ဈတ္တ ခေါ်ပါတယ်။ ခန္ဓာငါးပါး၊ ဓာတ် တစ်ဆယ့်ရှစ်ပါး၊ ရုပ်နာမ်နှစ်ပါးကို ဂေါစရဇ္ဈတ္တ ခေါ်တယ်။ ယင်းဂေါစရဇ္ဈတ္တ၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တယ်ဆိုတာ ဒီခန္ဓာငါးပါးထဲမှာ လောဘ၊ ဒေါသ၊ မောဟနဲ့ ပျော်ပိုက်နေတာကို မဆိုလိုပါဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုတဲ့ ဝိပဿနာဖြင့် မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်နေတာကို ဆိုလိုပါတယ်။

သမာဟိတတ္တော=အမြဲတစေ တည်ကြည်သော စိတ်နှလုံး ရှိပေ၏။

အမြဲတမ်း ဒီ ဂေါစရဇ္ဈတ္တခေါ်တဲ့ ရုပ်နာမ်နှစ်ပါးပေါ်မှာ ဝိပဿနာ နှလုံး ကျင့်သုံး၍ သမာဓိ ရှိနေရမယ်လို့ ဆိုလိုပါတယ်။

ဧကော=ဂဏသံသဂ္ဂ၊ ကိလေသသံသဂ္ဂ နှစ်ပါးကို ပယ်ရှား၍ ကာယဝိဝေက၊ စိတ္တဝိဝေက နှစ်ပါးကို ပွားများကာ တစ်ကိုယ်ရေ တစ်ကာယဖြစ်လျက် -

ဂဏသံသဂ္ဂဆိုတာ အပေါင်းအဖော်တွေနဲ့ ထွေးရောယှက်တင် နေခြင်းကို ခေါ်တယ်။ ကိလေသသံသဂ္ဂ ဆိုတာ တစ်ကိုယ်ရေပင် နေစေကာမူ မိမိသန္တာန်မှာ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေနဲ့ ရောထွေးနေခြင်းကို ခေါ်ပါတယ်။ အဲဒီ ဂဏသံသဂ္ဂ၊ ကိလေသသံသဂ္ဂတို့ကို ပယ်ရှားပြီးသကာလ ကာယဝိဝေကဆိုတာ အဖော်မရှိ တစ်ကိုယ်တည်း နေခြင်းကို ကာယဝိဝေက ခေါ်တယ်။ မိမိစိတ်မှာ အကုသိုလ်တရားတွေ မဝင်အောင် စောင့်ထိန်းခြင်းကို စိတ္တ

http:\\www.dhammadownload.com



ဝိဝေက ခေါ်တယ်။ ကာယသံသဂ္ဂ မရှိအောင်နေယင် ကာယဝိဝေကကို ရတယ်၊ ကိလေသသံသဂ္ဂ မရှိအောင်နေယင် စိတ္တဝိဝေကကို ရတယ်။ အဲဒီ ကာယဝိဝေက၊ စိတ္တဝိဝေကနှစ်ပါးနဲ့ တစ်ကိုယ်ရေတစ်ကာယ ဖြစ်၍-

သန္တုသိတော=စတုပစ္စယသန္တောသ၊ ဘာဝနာရာမသန္တောသ ဆိုတဲ့ သန္တောသနှစ်ပါးဖြင့် နှစ်သက်အားရမ်း ဝမ်းမြောက်သော စိတ်နှလုံးရှိသည်။ ဟောတိ=ဖြစ်၏။

ရဟန်းတော်ဆိုယင် စတုပစ္စယသန္တောသဆိုတာ ရှိရမယ်။ ဘာဝနာရာမသန္တောသဆိုတာ ရှိရမယ်။ အဲဒီလို စတုပစ္စယသန္တောသ၊ ဘာဝနာရာမသန္တောသ မိမိမှာ ရှိနေယင် နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ အဆင့်ဆင့် ပီတိပါမောဇ္ဇတွေ မိမိမှာ တိုးပွားလာရော။

တံ-တာဒိသံ=ထိုသို့သဘောရှိတဲ့ ရဟန်းကို။ ဘိက္ခုံ=ကိလေသာတို့ကို ဖြိုခွဲတတ်တဲ့ ရဟန္တာရဟန်းဟူ၍။ အာဟု=ဘုရားအစ များလှဘိတောင်း အရိယာ သူတော်ကောင်းတို့ ငြိမ့်ငြောင်း သံချို မိန့်ဆိုတော်မူကြလေပြီ။

ယခုပြောခဲ့တဲ့ ဂုဏ်အင်္ဂါနှင့် ပြည့်စုံတဲ့ ရဟန်းမျိုးကိုမှ ဘုရားအစ ရှိတဲ့ အရိယာသူတော်ကောင်းတွေက ဘိက္ခုလို့ ခေါ်တာတဲ့။ ဆွမ်းပစ္စည်း၊ သင်္ကန်းပစ္စည်း၊ ကျောင်းပစ္စည်း၊ ဆေးပစ္စည်းဆိုတဲ့ ပစ္စည်းလေးပါးတို့ကို တောင်းရမ်း ရှာဖွေတတ်ကာမျှဖြင့် ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့က ဘိက္ခုလို့ အမည်မတပ်လိုဘူးတဲ့။ ယခင်ပြောခဲ့တဲ့ ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကိုမှ "ကိလေသေ ဘိန္ဒတီတိ ဘိက္ခု။ ကိလေသေ=တစ်ထောင့်ငါးရာ ကိလေသာတို့ကို။ ဘိန္ဒတီတိ=ဖြိုခွဲတတ်သောကြောင့်။ ဘိက္ခု=ဘိက္ခုမည်၏"အဲဒီလို ခေါ်လိုက်ရမှ ဘုရားရဲ့ နှုတ်တော်ထဲ၊ အရိယာသူတော်ကောင်းတွေရဲ့ မြိန်မြိန်ရက်ရက် ဘိက္ခုလို့ ခေါ်ရပေမယ့် ကိလေသာကို ဖြိုခွဲတတ်လို့ ခေါ်လိုက်ရတဲ့

http:\\www.dhammadownload.com



ဘိက္ခုကိုမှ နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ ရှိတော်မူကြတယ်။

ဆိုကြပါစို့။ ယခင် အင်္ဂါငါးပါးနှင့် ပြည့်စုံယင် ကိလေသာကို ဖြိုခွဲတတ်တဲ့ ရဟန္တာရဟန်းလို့ ဘုရားအစရှိသော သူတော်ကောင်းများ မိန့်ဆိုပါတယ်။ ဒါဖြင့်ယင် ဒီအထဲမှာ အခြေခံကျင့်စရာ ဘာပါသလဲ ဆိုတော့ စတုပစ္စယသန္တောသ=ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ခြင်း၊ ဘာဝနာရာမသန္တောသ=ဘာဝနာ၌ မွေ့လျော်မှုတည်းဟူသော နှစ်သက် ရောင့်ရဲခြင်း၊ ဒီနှစ်ပါးပါပဲတဲ့။

ဒါဖြင့် စတုပစ္စယ သန္တောသဖြစ်အောင် ဘယ်လိုကျင့်သုံးရမည်လဲ လို့ မေးစရာ ရှိတယ်။ ရှင်သာရိပုတ္တရာက ဆက်ပြီးတော့ အဖြေအနေနဲ့ စတုပစ္စယသန္တောသဂါထာများကို ဟောတော်မူပြန်တယ်။ ဘာဟော သလဲဆိုတော့ -

(၂) အလ္လံ သုက္ခံ ဝါ ဘုဉ္ဇန္တော၊
န ဗာဠှံ သုဟိတော သိယာ။
ဦနုဒရော မိတာဟာရော၊
သတော ဘိက္ခု ပရိဗ္ဗဇေ။　　။

အာဝုသော=သီတင်းသုံးဖော် အို … သံဃာတော်တို့ …။ အလ္လံ ဝါ=ထောပတ်ဆီဦး စသည် ဆွတ်ဖျန်းသဖြင့် စိုရွှမ်းသည်လည်း ဖြစ်သော။ သုက္ခံဝါ=ခြောက်သွေ့သည်လည်းဖြစ်သော။ ဘောဇနံ= ဆွမ်းကို။ ဘုဉ္ဇန္တော=စားသုံးရသော ရဟန်းသည်။ ဗာဠှံ=အလွန် အမင်း အပြင်းအထန်။ သုဟိတော=ဝပြောသည်။ န သိယာ= မဖြစ်ရာ။

ငါ့ရှင်တို့ …။ ဒကာ ဒကာမများက ဆွမ်းလှူသောအခါ သူတို့ရဲ့ သဒ္ဒါတရားနဲ့ "ထည့်ပါဦးဘုရား …၊ ထည့်ပါဦးဘုရား …"လို့ ဆိုတိုင်း ဝသည် ဟိုဘက်ကို လွန်သွားအောင် စားတာတွေလည်း ရှိတတ်တယ်။ ပိဏ္ဍပါတ သန္တောသဖြစ်အောင် အလွန်အမင်း ဝအောင် မစားရာဘူး။

http:\\www.dhammadownload.com



ထောပတ်ဆီဦးဆမ်းလို့ စိုရွှမ်းတဲ့ ဆွမ်းပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့ ပုဂ္ဂိုလ်က လှူလို့ ခေါင်းပါးတဲ့ ခြောက်သွေ့တဲ့ ဆွမ်းပဲဖြစ်ဖြစ် ဘယ်လို ဆွမ်းကိုပဲ စားစား၊ အလွန်အမင်း ဝအောင် မစားနဲ့၊ ဒါဖြင့် အလံဖာသုဝိဟာရ ဖြစ်အောင် ဘယ်လို စားရမလဲ။

ဦနုဒရော မိတာဟာရော၊ သတော ဘိက္ခု ပရိဗ္ဗဇေ-တဲ့။

ဦနုဒရော=လျော့သောဝမ်းရှိသည်ဖြစ်၍။ (ဝမ်းဟာ အမြဲတမ်း လျော့နေရမယ်။) မိတာဟာရော=နှိုင်းယှဉ်အပ်သော အစာ အာဟာရ ရှိသည်ဖြစ်၍။ (အမြဲတစေ နှိုင်းနှိုင်းယှဉ်ယှဉ် စားရမယ်၊) ဘိက္ခု=ရဟန်းသည်။ သတော=သတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ= နေထိုင်ရာ၏။

ဝမ်းလျော့အောင် နှိုင်းနှိုင်းယှဉ်ယှဉ် စားသောက်ရမယ်ဆိုတာ ဘယ်လောက် စားရမှာလဲ၊ ဆွမ်းပစ္စည်းအတွက် သန္တောသကို ပြောနေ တယ်။ အဲဒီတော့ ရှင်သာရိပုတ္တရာ မထေရ်မြတ်က ဆက်ပြီးတော့ နည်းကို ဖော်ပြတယ်။

(၃) စတ္တာရော ပဉ္စ အာလောပေ၊
အဘုတွာ ဉဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊
ပဟိတတ္တဿ ဘိက္ခုနော။ ။

အာဝုသော=ရဟန်းများဖြင် အို ငါ့ရှင်တို့ ...။ ဘိက္ခု=ရဟန်း သည်။ စတ္တာရော ပဉ္စ အာလောပေ=လေးလုတ်ငါးလုတ်တို့ကို။ အဘုတွာ=မစားမူ၍၊ (ဝါ) လျှော့စား၍။ တတ္ထ=ထိုလေးလုတ်စာ ငါးလုတ်စာ နေရာ၌။ ဉဒကံ=ရေကို။ ပိဝေ=သောက်ရာ၏။

ငါ့ရှင်တို့ ...၊ ပိဏ္ဍပါတသန္တောသ ဆွမ်းပစ္စည်း၌ သန္တုဋ္ဌိတရား ရှိအောင် စားသောက်နည်းကို ပြောရယင် မိမိစားနိုင်တာက ၁၅ လုတ် စားနိုင်တယ် ဆိုပါစို့။ ၁၅ လုတ်ပြည့်အောင် မစားနဲ့၊ ၁၀ လုတ်နဲ့

http:\\www.dhammadownload.com



တော်ပါ၊ ၁၁ လုတ်နဲ့ တော်ပါ၊ ငါးလုတ် လေးလုတ် မစားဘဲ ထားပါ။ အဲဒီ ငါးလုတ်၊ လေးလုတ်စာကို ရေသောက်လိုက်ပါ၊ အစာအိမ်ထဲမှာ အောင့်အင်း တောင့်တင်းသောရယ်လို့ မရှိတော့ဘူး။

အလံ ဖာသုဝိဟာရာယ၊
ပဟိတတ္တဿ ဘိက္ခုနော။

ဧဝံ=ဤသို့ လေးလုတ် ငါးလုတ် လျှော့၍ စားသည်ရှိသော်။ ပဟိတတ္တဿ=နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော။ ဘိက္ခုနော=ယောဂါဝစရ ရဟန်းသူမြတ်အား။ ဖာသုဝိဟာရာယ= ချမ်းသာစွာ နေခြင်းငှာ (နိဗ္ဗာန် မဂ်ဖိုလ် တရားကို လျင်မြန်စွာ ရခြင်းငှာ)။ အလံ=စွမ်းနိုင်ပြီ။

လေးလုတ် ငါးလုတ် လျှော့စားလိုက်ယင် ယောဂီပုဂ္ဂိုလ်တို့အဖို့ရာ ချာန်မဂ်ဖိုလ်တရားကို လျင်လျင်မြန်မြန် ရနိုင်ပါတယ်။ ဘောဇနေ သပ္ပါယ ဆိုတာဟာ ဒီအစာအာဟာရရဲ့ ပမာဏမှာ တည်တယ်တဲ့။ ဒါကြောင့် လေး ငါးလုတ် လျှော့စားပါ၊ အဲဒီလို လေး ငါးလုတ် လျှော့စားယင် သပ္ပါယသဉ္ဇာသဆိုတဲ့ အရိယဝံသကို ဖြည့်ကျင့်ပြီးသား ဖြစ်ပါတယ်။

အဲဒီ ပါဠိတော်မှာပဲ မူက နှစ်မျိုး ကွဲနေတယ်။ တစ်မျိုးက ဘာလဲ ဆိုတော့ အခုပြောခဲ့တဲ့အတိုင်း -

စတ္တာရော ပဉ္စ အာလောပေ၊
အဘုတွာ ဥဒကံ ပိဝေ။

စတ္တာရော ပဉ္စ အာလောပေ=လေးလုတ်ငါးလုတ်တို့ကို။ အဘုတွာ=မစားမူ၍ (ဝါ) လျှော့စား၍။ ဥဒကံ=ရေကို။ ပိဝေ= စားသောက်ရာ၏ ဆိုတော့ -

၁၅ လုတ် စားနိုင်တဲ့ ပုဂ္ဂိုလ်၊ ၁၀ လုတ်၊ ၁၁ လုတ်သာ စား၊ ကျန်တဲ့ လေးလုတ် ငါးလုတ်စာကို ရေသောက်လိုက်ပါလို့ အဓိပ္ပါယ် ရှိတယ်။ ။မူတစ်ခုကျတော့ ဘယ့်နှယ်နေသလဲ ဆိုတော့ -

http:\\www.dhammadownload.com



စတ္တာရော ပဥ္စ အာလောပေ၊
ဘုတွာန ဥဒကံ ပိဝေ။

စတ္တာရော ပဥ္စ အာလောပေ=လေးလုတ်ငါးလုတ်တို့ကို။ ဘုတွာန=စားပြီးလျှင်။ ဥဒကံ=ရေကို။ ပိဝေ=သောက်ရာ၏။

လေး-ငါးလုတ်သာ စားပြီး ရေသောက်နေလိုက်ပါ။ အဲဒီလို ရေသောက်နေလို့ရှိယင် ယောဂါဝစရ ရဟန်းသူမြတ်အဖို့ရာ ဈာန် မဂ်ဖိုလ်တရား လျင်လျင်မြန်မြန် ရရှိရန် စွမ်းနိုင်ပါတယ်။ ဒါဖြင့်ယင် အဲဒီလို မှုကွဲစံနမူနာ ရှိနေတော့ အဋ္ဌကထာဆရာတော်များ ဘယ်မှုကို ပိုပြီး နှစ်သက်သလဲဆိုတော့ နောက်မှု (လေး-ငါး လုတ်သာ စားရမယ် ဆိုတဲ့မှု)ကို ပိုပြီးတော့ နှစ်သက်တော်မူကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ နောက်လာမည့် သင်္ကန်းပစ္စည်း၊ နောက်လာမည့် ကျောင်းပစ္စည်း၊ အဲဒီသေနာသနသန္တောသ၊ စီဝရသန္တောသကို ဟောပုံထောက်ယင် "လေး ငါးလုတ် စားပြီးတော့ ရေသောက်နေရမယ်" ဆိုတာက ပိုပြီးတော့ ယုတ္တိရှိတယ်။ အဲဒီလို အဋ္ဌကထာ ဆရာတော်များကတော့ ဆုံးဖြတ်တယ်။ ဒီတော့ ယောဂါဝစရ ပုဂ္ဂိုလ်ဆိုယင် လေး ငါးလုတ် စားပြီး ရေသောက်၊ အဲဒီလို နေလို့ရှိယင် ဈာန် မဂ်ဖိုလ်တရားကို လျင်မြန်စွာ ရဖို့ရန် စွမ်းနိုင်တယ်။

ဒါဖြင့်ယင် အဝတ်သင်္ကန်းကိုကော ဆိုတော့ -

(၄) ကပ္ပိယံ တစ္ဆေ ဆာဒေတိ၊ စီဝရံ ဣဒမတ္ထိကံ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။ ။

အာဝုသော=သီတင်းသုံးဖော် အို သံဃာတော်တို့ ...။ ယံ စီဝရံ =အကြင်သင်္ကန်းသည်။ ကပ္ပိယံ=အပ်စပ်၏။ (အပ်စပ်တဲ့ ကပ္ပိယ သင်္ကန်းဆိုယင် တော်လောက်ပြီ။) တံ စီဝရံ=ထိုသင်္ကန်းသည်။ ဣဒမတ္ထိတံ=ဤအချမ်းကို ပယ်ဖျောက်ခြင်း၊ အပူကို ပယ်ဖျောက်

http:\\www.dhammadownload.com



ခြင်း အကျိုးရှိသည်ဖြစ်၍၊ (ဝါ)အကျိုးရှိရုံသာ။ စေ ဆာဒေတိ= အကယ်၍ မိမိကိုယ်ကို ဖုံးလွှမ်းနိုင်ရုံ ရှိပြောအံ့။ (သက်န်း အချော အနုအကောင်း မမျှော်လင့်ပါနဲ့။)

သက်န်းရယင် ဒီသက်န်းသည် ကပ္ပိယ ဖြစ်လောက်တယ်၊ မဖြစ် လောက်ဘူး၊ အသွေးအရောင်က ကပ္ပိယဖြစ်လောက်ယင်၊ ပြီးတော့ကို အဲဒီသက်န်းသည် အချမ်းကို ပယ်ဖျောက်နိုင်တယ်၊ အပူကို ပယ်ဖျောက် နိုင်တယ်ဆိုယင် -

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝ ဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ စသည်ဖြင့် မိမိပစ္စဝေက္ခဏာ ဆင်ခြင်တဲ့အတိုင်း အချမ်းအပူကို ပယ်ဖျောက်နိုင်တယ်။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့ရဲ့ အတွေ့အထိကို ဟန့်တား နိုင်မယ်၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်တဲ့ ကိုယ်အင်္ဂါကြီးငယ်ကို ဖုံးလွှမ်း နိုင်မယ်ဆိုယင် အဲဒီလောက်ဆိုယင် အရှင်သာရိပုတ္တရာက ကျေနပ် တော့-တဲ့။

ပဟိတတ္တဿ = နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်နှလုံး ရှိသော။ ဘိက္ခုနော = ယောဂါဝစရ ရဟန်းသူမြတ် အဖို့ရာ။ ဖတ္တာဝတာ=ဤမျှသော သက်န်းဖြင့်။ ဖာသုဝိဟာရာယ=ချမ်းသာ စွာ နေခြင်းငှာ၊ (ဝါ) မဂ်ဖိုလ်တရား ထင်ရှားစွာရခြင်း၊ လျင်လျား စွာ ရခြင်းငှာ။ အလံ=စွမ်းနိုင်ပြီ။

သက်န်းပစ္စည်းမှာဆိုယင် အပ်စပ်တဲ့ သက်န်းဖြစ်ယင် တော်ပြီ၊ အဲဒီ သက်န်းသည် မိမိကိုယ်ကို အချမ်းအပူ ပယ်ဖျောက်ရုံ၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့ရဲ့ အတွေ့အထိ ဟန့်တား နိုင်ရုံ၊ ကိုယ်အင်္ဂါကြီးငယ်တို့ကို ဖုံးလွှမ်းနိုင်ရုံရှိယင် တော်လောက်ပြီ။ ဤမျှလောက်ဆိုယင် ယောဂါဝစရ ပုဂ္ဂိုလ်ရဲ့အဖို့ ဈာန်မဂ်ဖိုလ်တရားကို လျင်လျားစွာ ရနိုင်လောက်ပြီ။ အဲဒါ စီဝရသန္တောသ။

http:\\www.dhammadownload.com



သေနာသနသန္တောသ=ကျောင်းပစ္စည်းနဲ့ ပတ်သက်တဲ့ သန္တောသ တရားကျတော့ ဘာဟောလိုက်သလဲဆိုယင် –

(၅) ပလ္လင်္ကေန နိသိန္နဿ၊
ဇဏ္ဏုကေနာဘိဝဿတိ။
အလံ ဖာသုဝိဟာရာယ၊
ပဟိတတ္တဿ ဘိက္ခုနော။ ။

အာဂုသော=သိတင်းသုံးဖော် အို သံဃာတော်တို့ ...။ (ကျောင်းပစ္စည်း=သေနာသန သန္တောသအတွက်) ပလ္လင်္ကေန=ထက်ဝယ်ဖွဲ့ ခွေ (ဝါ) တင်ပျဉ်ခွေသဖြင့်။ နိသိန္နဿ=ထိုင်နေတဲ့ ယောဂါဝစရ ရဟန်း၏အဖို့ရာ။ ဇဏ္ဏုကေ=ဒူးနှစ်ဖက်တို့ကို။ စေနာဘိဝဿတိ= အကယ်၍ မိုးရွာသောအခါ မိုးမစွတ်သည် ဖြစ်ငြားအံ့။

ကျောင်းပစ္စည်းအတွက်လည်း ကျောင်းကောင်း ကန်ကောင်း မလိုဘူး၊ ဘယ်နှယ်လဲဆိုယင် ယောဂါဝစရ ပြုလုပ်တဲ့ ပုဂ္ဂိုလ်သည် အိပ်နေဖို့ မဟုတ်ဘူး။ ဘာလုပ်ရမည်လဲ။ ထက်ဝယ်ဖွဲ့ခွေ (တင်ပျဉ်ခွေ)ပြီး ရဟန်းတရား ပွားများအားထုတ်တဲ့အခါ မိုးကြီးရွာလာလို့ ဒူးနှစ်ဖက်ကို မိုးမပက်ယင်ဖြင့် ကျောင်းပစ္စည်းအတွက် အဲဒီလောက်ဆိုယင် တော်လောက်ပြီတဲ့။

ဇတ္တာဝတာ=ဤမျှ တင်ပျဉ်ခွေ၍ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေတဲ့အခါ မိုးရွာလာယင် ဒူးနှစ်ဖက်ကို မိုးမပက်သော ကျောင်းဖြင့်။ ပဟိတတ္တဿ=နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော။ဘိက္ခုနော=ယောဂါဝစရ ရဟန်း၏ အဖို့ရာ။ ဖာသု–ဝိဟာရာယ=ချမ်းသာစွာ နေခြင်းငှာ၊ (ဝါ) မဂ်ဖိုလ်တရား လျင်လျားစွာရခြင်းငှာ။ အလံ=စွမ်းနိုင်ပြီ။

တော်လောက်ပြီတဲ့။ ကျောင်းပစ္စည်းဆိုယင် တင်ပျဉ်ခွေ၍ ရဟန်းတရားအားထုတ်ပြီး ထိုင်နေတဲ့အခါ မိုးကြီးရွာလာလို့ရှိယင် ဒူးနှစ်ဖက်

http:\\www.dhammadownload.com



မိုးမစွတ်ယင် အဲဒီကျောင်းလောက်ဖြင့် တော်ပြီ၊ ဤမျှကျောင်းဖြင့် ယခု ပြောခဲ့တဲ့ သင်္ကန်းမျှဖြင့်၊ ယခုပြောခဲ့တဲ့ ဆွမ်းမျှဖြင့် မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်နေခြင်းကို စတုပစ္စယသန္တောသ ခေါ်တယ်။

ဒီနေရာမှာ ဆေးပစ္စည်းကိုတော့ ထည့်လို့ မပြောဘူး၊ ဘာဖြစ်လို့ တုန်း။ ဟို ...သိမ်ထဲမှာကပဲ နွားကျင်တည်းဟူသော ဆေး၊ နွားကျင်ဖြင့် ထုံအပ်သော တြိဖလဆေးကို လက်ခံပြီးသား ဖြစ်နေတယ်။ ထို့ကြောင့် ဆေးပစ္စည်းအတွက် ပစ္စယသန္တောသကို ထူးပြီးတော့ မဟောတော့ဘူး။

ဒါဖြင့်ယင် ပစ္စယသန္တောသကို ဒီလို နားလည်တယ်။

ဆွမ်းဆိုယင် လေးငါးလုတ်ပဲ စားရမယ်၊ လေးငါးလုတ် စားပြီး တော့ တင်းတိမ်အားရ ကျေနပ်ရမယ်။ သင်္ကန်းဆိုယင် အပ်စပ်ရုံပဲ၊ အရှက်အကြောက်ကို ဖုံးလွှမ်းရုံပဲ ဝတ်ရယင် ကျေနပ်ရမယ်။ အဲဒီ လောက်ဆိုယင် စီဝရသန္တောသ ဖြစ်ပြီ။ ကျောင်းပစ္စည်းဆိုယင် အိပ်တာ နဲ့ ထည့်မတွက်နဲ့၊ သာသနာသို့ ဝင်လာတာဟာ အိပ်ချင်လို့ ဝင်လာ တာ မဟုတ်ဘူး၊ ရဟန်းတရား ပွားများအားထုတ်ချင်လို့ ဝင်တာဖြစ် တယ်။ အိပ်တာ နဲ့ မညှန်ပြဘူး၊ တရားအလုပ် အားထုတ်ဖို့ တင်ပျဉ်ခွေ ထိုင်နေတဲ့အခါမှာ မိုးရွာလို့ရှိယင် ဒူးနှစ်ဖက်ကို မိုးမပက်တဲ့ ကျောင်း ဆိုယင်တော် လောက်ပြီ၊ လေးတိုင်စင်ကျောင်းကလေးပဲ ဆိုကြပါစို့၊ မိုးမပက်ယင်ကို တော်ပြီတဲ့။ အဲဒါကို စတုပစ္စယသန္တောသလို့ ခေါ်တယ်။

ဘာဝနာရာမ သန္တောသက ဘယ်လိုတုန်းဆိုတော့ –

(၆) ယော သုခံ ဒုက္ခတော အဒ္ဒ၊
ဒုက္ခ+မဒ္ဒက္ခိ သလ္လတော။
ဥဘယန္တရေန နာဟောသိ၊
ကေန လောကသ္မိံ ကိံ သိယာ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ယော=အမှတ် မထင် အကြင်ရဟန်းသည်။ သုခံ=သုခ ဝေဒနာကို။ ဒုက္ခတော=

http:\\www.dhammadownload.com



ဒုက္ခ အနေအားဖြင့်။ အဒ္ဒ=ရှုပြီ။

(သုခဝေဒနာကို သုခအနေနဲ့ ရှုယင် လောဘ ဖြစ်လိမ့်မယ်၊ ဒါကြောင့် သုခဝေဒနာကို ဒုက္ခအနေနဲ့ ရှုပါ။)

ဒုက္ခံ=ဒုက္ခဝေဒနာကို။ သလ္လတော=ငြောင့်တံကျင် အနေအားဖြင့်။ အဒက္ခိ=ရှုပြီ။ သုခဝေဒနာကို ဒုက္ခအနေနဲ့ ရှု၊ ဒုက္ခဝေဒနာကိုတော့ ငြောင့် တံကျင် သဖွယ်ပါတကားလို့ ရှု ...တဲ့။ ဘာဖြစ်လို့တုန်း။ ငြောင့်ဟာ စူးလိုက်ယင် စူးစမှာလည်း နာတာပဲ၊ ဒီကိုယ်ထဲမှာ သူရှိနေသလောက်လည်း နာတာပဲ၊ သူ့ကို ထုတ်ထွင်တဲ့အခါမှာလည်း နာတာပဲ။ ဒုက္ခဝေဒနာလည်း ဖြစ်ဆဲခဏမှာလည်း နာတာပဲ၊ တည်ဆဲ ဌီခဏမှာလည်း နာတာပဲ၊ ပျက်ဆဲ ဘင်ခဏမှာလည်း နာနေတာပဲ။ ဒါကြောင့်မို့ "ဒုက္ခဝေဒနာသည် ငြောင့်တံကျင်သဖွယ်ပါတကား"လို့ ဒုက္ခဝေဒနာကို ငြောင့်တံကျင်သဖွယ် ရှု ... တဲ့။

"သုခဝေဒနာကို ဒုက္ခအနေနဲ့ ရှုရမယ်"ဆိုတာ ဘယ့်နှယ်လုပ်ပြီး ရှုရမည်လဲ။ မှန်ပါတယ်။ သုခဝေဒနာ၌ သာယာဖွယ်ဆိုတဲ့ သာယာမှုသဘောကလေးက အနည်းငယ်သာ၊ ဆင်းရဲတဲ့ သင်္ခါရဒုက္ခ ခေါ်ဆိုရတဲ့ ဇာတိဒုက္ခက ကပ်လျက်ပါတယ်၊ ဇရာဒုက္ခက ကပ်လျက်ပါတယ်၊ မရဏဒုက္ခက ကပ်လျက်ပါတယ်။ သုခဝေဒနာကလေး ဖြစ်ပွားတဲ့ ခဏမှာ ဇာတိဒုက္ခ၊ သုခဝေဒနာကလေး တည်နေဆဲ ဌီခဏမှာ ဇရာဒုက္ခ၊ သုခဝေဒနာကလေးချုပ်ဆဲ ဘင်ခဏမှာ မရဏဒုက္ခ။ အဲဒီလို ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတို့ဖြင့် အချိန်ရှိသမျှ အလဲအလှယ် အချိန်ရှိသမျှ အနိပ်စက်ခံနေရလို့ သုခဝေဒနာကို ဒုက္ခအနေနဲ့ ငါ့ရှင်တို့ ရှုပါ။ ဒုက္ခဝေဒနာကို ငြောင့်တံကျင်အနေနဲ့ ရှုပါ။ သုခ+ဒုက္ခ နှစ်ပါးတို့ရဲ့ အလယ် ဉပေက္ခာဝေဒနာမှာတော့ကော ... ဆိုတော့ -

ဉဘယန္တရေန=သုခ+ဒုက္ခ နှစ်ပါးတို့၏အကြား အလယ်၌ဖြစ်သော မဇ္ဈတ္တတာသဘော ဉပေက္ခာဝေဒနာ၌။ နာ ဟောသိ=အတ္တ-

http:\\www.dhammadownload.com



အတ္တနိယ ဟူ၍ အလွဲလွဲ အမှားမှား နှလုံးသွင်းမှု မဖြစ်ငြားအံ့၊
(ဝါ) အတ္တ–အတ္တနိယ အနေနဲ့ အလွဲလွဲ အမှားမှား နှလုံးမသွင်းပါနဲ့။
(အေး ... ဥပေက္ခာ ဝေဒနာကိုတော့ အနတ္တလို့ ရှု၊ ဒီလို ဆိုလို တယ်။ အဲဒီလို ရှုယင် ဘာဖြစ်တုန်း ဆိုတော့ –

သော–တာဒိသော=ထိုသို့သဘောရှိသော သုခဝေဒနာကို ဒုက္ခ အနေနဲ့ ရှု၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင်အနေနဲ့ ရှု၊ ဥပေက္ခာ ဝေဒနာကို အနတ္တ – အနတ္တနိယအနေနဲ့ ရှုသော ရဟန်းသည်။ လောကသ္မိံ=လောက၌။ ကေန=အဘယ်သို့သော လောဘ၊ ဒေါသ၊ မောဟ ကိလေသာ အပေါင်းနှင့်။ ဗဒ္ဓေါ=နှောင်ဖွဲ့အပ်မိသည်။ ကိံ သိယာ=အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်း၊ မဖြစ်နိုင်တော့ သည်သာတည်း။

အဲဒီလို သုခဝေဒနာကို ဒုက္ခအနေနဲ့၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင် အနေနဲ့၊ ဥပေက္ခာဝေဒနာကို အနတ္တအနေနဲ့ ရှုတဲ့ ပုဂ္ဂိုလ်ဟာ လောက၌ လောဘနဲ့လည်း မဖွဲ့မိ၊ ဒေါသနဲ့လည်း မဖွဲ့မိ၊ မောဟ၊ မာန ဘယ် ကိလေသာနဲ့မှ အနှောင်အဖွဲ့ မခံရတော့ဘူး ...တဲ့။ ဒါ ဘာဝနာရာမ သန္တောသကို ဟောပါတယ်။

အဲဒီလို ရဟန္တာ ဖြစ်ဖို့ရန်အတွက် စတုပစ္စယသန္တောသ၊ ဘာဝနာ ရာမသန္တောသ နှစ်ပါးကို ဟောပြီးတဲ့နောက် မိမိအဖို့ရာ ကုသိတပုဂ္ဂိုလ်၊ ဟီနဝိရိယပုဂ္ဂိုလ်လို့ ပုဂ္ဂိုလ်နှစ်မျိုးရှိရာ ကုသိတ=ပျင်းရိတဲ့ပုဂ္ဂိုလ်၊ ပါပိစ္ဆ=ယုတ်မာသော အလိုဆိုးရှိတဲ့ ပုဂ္ဂိုလ်တို့ကို အင်မတန် စက်ဆုပ် တယ်၊ ရွံ့ရှာတဲ့အကြောင်း ဘာဟောလိုက်သလဲဆိုတော့ –

(၇) မာ မေ ကဒါစိ ပါပိစ္ဆော၊
ကုသီတော ဟီနဝီရိယော။
အပ္ပဿုတော အနာဒရော၊
ကေန လောကသ္မိံ ကိံ သိယာ။

http:\\www.dhammadownload.com



အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ မေ=ငါ့အဖို့ရာ၊ (ဝါ) ငါ၏အနီးအပါး၌။ ပါပိစ္ဆော=ယုတ်မာသော အလိုရှိသော ရဟန်းသည်။ (မိမိက သီလမရှိဘဲနဲ့ သီလရှိတယ်လို့ အထင်ခံရအောင်၊ မိမိက သမာဓိမရှိဘဲနဲ့ သမာဓိရှိတယ်လို့ လူ ဒကာဒကာမတွေ ထင်အောင်လုပ်တဲ့ ပုဂ္ဂိုလ်မျိုးကို ပါပိစ္ဆ ပုဂ္ဂိုလ်လို့ ခေါ်တယ်။) ကုသီတော=ပျင်းရိသော (ဝါ) ပျင်းရိသောကြောင့်။ ဟီနဝီရိယော=ယုတ်လျော့သော ဝီရိယရှိသော။ အပ္ပဿုတော= ပရိယတ္တိ ဗဟုသုတ၊ ပဋိပတ္တိ ဗဟုသုတ လုံးဝမရှိသော။ အနာဒရော=ရဟန်းတရား၌ မရိုသေသော ပုဂ္ဂိုလ်သည်။ ကဒါစိ=တစ်ရံတစ်ခါမှ။ မေ=ငါ၏အနီး၌။ မာ ဟောတု=မရှိပါစေသား။

ငါ့ရှင်တို့ ...၊ ငါ့ရဲ့ အနီးအပါးမှာ ပါပိစ္ဆ=အလိုဆိုးရှိတဲ့ ရဟန်း၊ ကုသီတ=ရဟန်းတရား အားထုတ်ဖို့ရန် ပျင်းရိတဲ့ ရဟန်း၊ အပ္ပဿုတ ရဟန်းများ တစ်ခါတလေမှ ငါ့အနားမှာ မရှိစေချင်ဘူး၊ ဘာဖြစ်လို့လဲ ဘုရား ... ဆိုတော့ -

ပါပိစ္ဆဿ=စင်စစ်ယုတ်မာသော အလိုဆိုးရှိတဲ့ ရဟန်းအား။ လောကသ္မိံ=လောက၌။ ကေန=အဘယ်သို့သော အဆုံးအမ ဩဝါဒဖြင့်။ ကိံ=အဘယ်သို့သော အကျိုးတရားသည်။ သိယာ= ဖြစ်နိုင်အံ့နည်း။ န သိယာ=မဖြစ်ကေန် မှန်လှသည်သာတည်း။

ပုဂ္ဂိုလ်ကို ရှုလို့ မဟုတ်ဘူးတဲ့။ အဲဒီလို ပါပိစ္ဆ=ယုတ်မာသည့်အလိုရှိနေပြီဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လို အဆုံးအမ ဩဝါဒနဲ့မှ အကျိုးရ မဖြစ်နိုင်ဘူး။ သူ့ကို ဘယ်လိုပဲ ကျေးဇူးပြုပေမယ်လို့ ဘယ်လိုနည်းနဲ့မှ အကျိုးမရှိနိုင်ပါဘူး။ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်ဟာ ငါ့အနားမှာ မနေစေချင်ဘူး ... တဲ့။

(၈) ဗဟုဿုတော စ မေဓာဝီ၊

သီလေသု သုသမာဟိတော။

http:\\www.dhammadownload.com



စေတော သမထ+မနုယုတ္တော၊
အပိ မုဒ္ဓနိ တိဋ္ဌတု။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။

(ရှင်သာရိပုတ္တရာသည် ရဟန်းတော်များကို မိမိရဲ့ စရိယခေါ်တဲ့ ဒိကျင့်စဉ်ကို ဖော်ပြပြီး တရားဟောနေပါတယ်။)

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ဗဟုဿုတော= ပရိယတ္တိ ဗဟုသုတ၊ ပဋိပတ္တိ ဗဟုသုတ၊ အဓိဂမ ဗဟုသုတနှင့် ပြည့်ဝစုံလင်သော။ မေဓာဝီ စ=ဓမ္မောဇ ဉာဏ်ပညာနှင့်လည်း ပြည့်စုံပေထသော။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ထိုးထိုးထွင်းထွင်း သိမြင်တဲ့ ဉာဏ်ကို ဓမ္မောဇဉာဏ်ပညာလို့ ခေါ်တယ်၊ အဲဒီဓမ္မောဇ ဉာဏ်ပညာနှင့်လည်းပဲ ပြည့်စုံပေထသော။

သီလေသု=စတုပါရိသုဒ္ဓိသီလတို့၌။ သုသမာဟိတော= ကောင်းစွာ ကြံ့ခိုင်တည်တံ့တော်မူနိုင်သော။

(စတုပါရိသုဒ္ဓိသီလ၌ မားမားမတ်မတ် ရပ်တည်တဲ့ ပုဂ္ဂိုလ်။)

စေတော သမထ+မနုယုတ္တော=စိတ်၏ကိလေသာ ငြိမ်းချမ်းကြောင်း ကောင်းမြတ်သော သမထ၊ ဝိပဿနာ၊ ဘာဝနာအလုပ် အားထုတ်သော ပုဂ္ဂိုလ်သည်ကား။ မုဒ္ဓနိ အပိ=ငါရဲ့ဦးခေါင်းပေါ်၌ သော်လည်း။ တိဋ္ဌတု=ရပ်တည်လိုမူ ရပ်တည်လာပါစေ။

သီလနှင့်လည်း ပြည့်စုံရမယ်၊ သမာဓိ၊ ပညာ၊ စေတောသမထ မနုယုတ္တဆိုတာ စိတ်ရဲ့ ကိလေသာ ငြိမ်းချမ်းတဲ့ သမထ၊ ဘာဝနာ အလုပ်ကိုလည်း အားထုတ်ရမယ်။ ပြီးတော့ ဗဟုသုတ=အကြားအမြင် များရမယ်၊ မေဓာဝီ=တရားသဘောကို ထိုးထိုးထွင်းထွင်း သိတဲ့ ဉာဏ် ပညာလည်း ရှိရမယ်။ ဟောဒီလို ပုဂ္ဂိုလ်ဟာဖြင့်ယင် ငါရဲ့ ဦးခေါင်း ထိပ်၌ ရပ်တည်လိုမူ ရပ်တည်လာပါစေ၊ နှစ်သက်တယ်။ ဆိုလိုတာက

http:\\www.dhammadownload.com



တော့ ရဟန်းတရား အားမထုတ်ချင်တဲ့ ပုဂ္ဂိုလ်နှင့်သာဖြင့် သူ တစ်ခါ တစ်လေမှ အဲဒီပုဂ္ဂိုလ် သူ့အနားမှာ မရှိစေချင်ဘူးတဲ့၊ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုယင် သူ့ခေါင်းပေါ်မှာ ရပ်နေ ပါစေ၊ သူ ကျေနပ်သတဲ့။

ဒါဖြင့် အဲဒီ ကုသီတပုဂ္ဂိုလ်၊ အပ္ပသုတပုဂ္ဂိုလ်=နှစ်ပါးကို ဘာပြုလို့ အလိုမရှိ၊ ဘာပြုလို့ အာရဒ္ဓ ဝီရိယ ပုဂ္ဂိုလ်၊ ဗဟုသုတ ပုဂ္ဂိုလ်ကိုတော့ အလိုရှိရသတုန်းဆိုတော့ -

(၉) ယော ပပဉ္စ + မနုယုတ္တော၊
ပပဉ္စာဘိရတော မဂေါ။
ဝိရာဓယိ သော နိဗ္ဗာနံ၊
ယောဂက္ခေမံ အနုတ္တရံ။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။

(အပ္ပသုတပုဂ္ဂိုလ်=ကျမ်းဂန် ဗဟုသုတ၊ ပဋိပတ္တိ ဗဟုသုတ လုံးဝ မရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘာတွေ လုပ်တတ်သတုန်း။)

ယော=အကြင် အပ္ပသုတပုဂ္ဂိုလ်သည်။ ပပဉ္စံ=သံသရာနယ် တွေ ရှဲ့ထွင်တတ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရား သုံးပါးကိုသာပင်။ အနုယုတ္တော=အဖန်ဖန် ကြိုးကုတ် အားထုတ် တတ်၏။

ရဟန်းတရားကို အားမထုတ်ချင်ပြီဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ ပပဉ္စ ခေါ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒီတရားသုံးပါးကိုပဲ သူနေ့နေ့ညည အား ထုတ်နေတယ်။

ပပဉ္စာဘိရတော=ပပဉ္စတရား သုံးပါး၌သာ နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်၍နေ၏။ (ကြည့်ပေါ့)

ဒီပုဂ္ဂိုလ်သည် ပပဉ္စ၌ မွေ့လျော်သလား၊ နိပ္ပပဉ္စ၌ မွေ့လျော်သလား၊ လူကဲခတ်ပေါ့။ အေး-၊ ဗဟုသုတ မရှိတဲ့ အပ္ပသုတပုဂ္ဂိုလ်၊ ရဟန်း

http:\\www.dhammadownload.com



တရား အားထုတ်ဖို့ ပျင်းရိတဲ့ ကုသီတ ပုဂ္ဂိုလ်ဆိုယင် ပပဉ္စတရားကို သာ နေ့နေ့ညည လုံ့လကြိုးကုတ် အားထုတ်၍ နေတတ်တယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား သုံးပါး၌သာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်၍ နေတတ်တယ်။ အဲဒီလို ပပဉ္စတရားမှာသာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက် ၍ နေပြီဆိုယင် သူ့သန္တာန်မှာ တဏှာ တစ်လှည့်၊ မာန တစ်လှည့်၊ ဒိဋ္ဌိ တစ်လှည့် ဒီတရားသုံးမျိုးပဲ အလဲအလှယ် ဖြစ်၍နေတော့ ဒီပုဂ္ဂိုလ် ဘာနဲ့ တူနေသလဲဆိုယင် -

မဂေါ=တောထဲက သားကောင် သမင်ကောင်နှင့် တူလှပေ၏။

(တောထဲက သားသမင်လည်းပဲ သူ့သန္တာန်မှာ တဏှာဖြစ်လိုက်၊ မာနဖြစ်လိုက်၊ ဒိဋ္ဌိဖြစ်လိုက်၊ ဒီပပဉ္စတရားသုံးမျိုးပဲ အလဲအလှယ် ဖြစ် နေတယ်။ အပ္ပသုတ၊ ကုသီတ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာလည်းပဲ ပပဉ္စတရား သုံးပါးတို့သာ အလဲအလှယ်ဖြစ်နေတော့ ဒီပုဂ္ဂိုလ်ဟာ တောထဲက သမင်နဲ့ တူတယ်။

သော-တာဒိသော=ထိုသို့ ပပဉ္စတရား သုံးပါး၌သာ ပျော်ပါး မွေ့လျော်နေတဲ့သူသည်။ ယောဂက္ခေမံ=ယောဂလေးတန် ကုန်ရာ မှန်သော။ အနုတ္တရံ=အတုမရှိ လွန်မြတ်သော။ နိဗ္ဗာနံ-နိဗ္ဗာန် တရားကို။ ဝိရာဓယိ =ချေဖျက်လေတော့၏၊ (ဝါ) လွဲချော်လေ တော့၏။

အပ္ပသုတ ကုသီတပုဂ္ဂိုလ်ဆိုယင် ပပဉ္စတရားကိုသာ အားထုတ်ပြီး ပပဉ္စတရား၌သာ မွေ့လျော်နေပြီး အဲဒီပုဂ္ဂိုလ်သည် နိဗ္ဗာန်နှင့်လွဲရော ... တဲ့။

(၁၀) ယော စ ပပဉ္စံ ဟိတွာန၊
နိပ္ပပဉ္စပထေရတော။
အာရာဓယိ သော နိဗ္ဗာနံ၊
ယောဂက္ခေမံ အနုတ္တရံ။ ။

http:\\www.dhammadownload.com



ယော စ=အမှတ်မထင် အကြင်ဗဟုသုတနဲ့ ပြည့်ဝတဲ့ ပုဂ္ဂိုလ်သည်ကား ...။

(ဒါက သူ့ခေါင်းပေါ်မှာ တင်ထားချင်တဲ့ ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်ကို ဘာဖြစ်လို့ သူ့ခေါင်းပေါ်မှာ တင်ထားချင်ရတာလဲ။)

ယော စ=အကြင် ဗဟုသုတနဲ့ ပြည့်ဝတဲ့ ပုဂ္ဂိုလ်၊ ပပဉ္စံ=တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားသုံးပါးကို။ ပဟာယ=စွန့်ပယ်၍။ နိပ္ပပဉ္စထေ=ပပဉ္စတရားသုံးပါးမှ လွတ်မြောက်ရာ နိဗ္ဗာန်လမ်းကြောင်းဖြစ်သော အရိယာမဂ်၌။ ရတော=မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်၍ နေ၏။

ဗဟုသုတနဲ့ ပြည့်ဝတဲ့ ပုဂ္ဂိုလ်က ပပဉ္စတရားကို ပယ်ရှား၍ (နိပ္ပပဉ္စဆိုတာ နိဗ္ဗာန်ကို ခေါ်တယ်၊) ပပဉ္စတရားသုံးပါးမှ လွတ်မြောက်ရာနိဗ္ဗာန်၊ (နိဗ္ဗာန်ရဲ့ လမ်းကြောင်း=နိပ္ပပဉ္စ၊ ပထ ဆိုတာ သမ္မာဒိဋ္ဌိ အစရှိတဲ့ အရိယာမဂ္ဂင်ရှစ်ပါးကို ခေါ်တယ်။) နိပ္ပပဉ္စလမ်းကြောင်း၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်၍ နေ၏။

သော တာဒိသော=ထိုသို့သဘောရှိတဲ့ ပုဂ္ဂိုလ်သည်။ ယောဂက္ခေမံ=ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ=အတုမရှိလွန်မြတ်ဘိသော။ နိဗ္ဗာနံ=နိဗ္ဗာန်ကို။ အာရာဓယတိ=တစ်ဘဝတည်းနဲ့ ပြီးမြောက် ရောက်စေနိုင်၏။ အဲဒါကြောင့် ဒီလို ပုဂ္ဂိုလ်ကိုငါ့ ဦးခေါင်းပေါ်မှာ တင်ထားချင်တာ။

(၁၁) ဂါမေ ဝါ ယဒိ ဝါ+ရညေ၊
နိန္နေ ဝါ ယဒိ ဝါထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ။ ။

ဤဂါထာကို မြတ်စွာဘုရား ဟောတော်မူတဲ့အချိန်က ရှင်သာရိပုတ္တရာရဲ့ ညီအထွေး ခဒိရဝနိယ ရှင်ရေဝတ တဲ့။ ဟို ... သာဝတ္ထိပြည်မှ

http:\\www.dhammadownload.com



ယူဇနာ ၁၂၀ ဝေးကွာတဲ့ ရှားတောထဲမှာ သွားနေတဲ့ ရှင်ရေဝတ၊ သာရိပုတ္တရာရဲ့ ညီအငယ်ဆုံး။ တစ်ချိန်က ဘုရားအမှူးရှိတဲ့ သံဃာတော်များ ခဒိရဝနိယ ရှင်ရေဝတထံ ကြွသွားတော်မူကြတဲ့အခါ ရှင်ရေဝတက ဘုရားကြွလာမည်ကို ကြိုတင်သိမြင်တာနဲ့ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သူ့ရဲ့ ရှားတောကြီးကို ဇေတဝန်ကျောင်းတိုက်ကြီးကဲ့သို့ အလွန်သာတောင့် သာယာဖြစ်အောင် ဖန်ဆင်းထားတယ်။

ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ အဲဒီအထဲမှာ နေတော်မူကြတဲ့အခါ မြတ်စွာဘုရားတို့၊ ရှင်သာရိပုတ္တရာတို့ကတော့ "ဩော် ...ရေဝတဟာ သူ့ရဲ့ ပကတိအနေအားဖြင့် ခြေချစရာမှ မရှိအောင် ဆူးတွေပေါတဲ့ ရှားတောကြီးထဲမှာ နေတာပဲ။ သို့သော် ငါတို့ လာလို့ သူဟာ ဣဒ္ဓိဝိဒအဘိညာဉ်နဲ့ ရှားတောကြီးကို ဇေတဝန်ကျောင်းတိုက်ကြီးကဲ့သို့ သာတောင့်သာယာဖြစ်အောင် ဖန်ဆင်းထားတာပဲ ...လို့ မြတ်စွာဘုရားတို့၊ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလ္လာန်တို့က သိတယ်။

ဒီအထဲမှာ မသိတဲ့ ကိုယ်တော်ကြီးနှစ်ပါးက ပါသေးတယ်။ အဲဒီကိုယ်တော်ကြီးနှစ်ပါး ဘာပြောသလဲဆိုတော့ "ကွာ ... အလကားခဒိရဝနိယရေဝတ=ရှားတောကျောင်းမှာနေတဲ့ ရှင်ရေဝတ၊ သူဟာ တောကျောင်းတိုက်သာဆိုတယ် ဇေတဝန်ကျောင်းတိုက်က သူ့ထက်မသာပါဘူး၊ ဒီလို တောကျောင်းတိုက်မှာ ငါတို့လဲ နေနိုင်သားပဲ"။ အဲဒီလို အသက်ကြီးမှ ရဟန်းပြုတဲ့ ကိုယ်တော်ကြီးနှစ်ပါးက ပြောကြတယ်။

မြတ်စွာဘုရားက ဒီကိုယ်တော်ကြီးနှစ်ပါး ပြောတာကို သိတော့ ကိုင်း ...ဆိုကြပါစို့၊ ရှင်ရေဝတရဲ့ ရှားတောကျောင်းတိုက်မှာ လေးငါးရက် နေပြီးလို့ ပြန်တဲ့အခါကျတော့ ဒီကိုယ်တော်ကြီးနှစ်ပါး ပါလာတဲ့ မိမိတို့ ပရိက္ခရာတွေကို မေ့ပြီးကျန်ရစ်အောင် တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဖန်ဆင်းလိုက်တယ်။ သူတို့ပါလာတဲ့ သပိတ်တို့၊ သားရေနွယ်တို့၊ ထီးတို့၊

http:\\www.dhammadownload.com



ဖိနပ်တို့၊ တစ်ခါတည်း မေ့နေလို့ ဘုရားနှင့်တကွ သံဃာတော်တွေ ပြန်ကြွသွားလို့၊ ဆိုကြပါစို့၊ သုံးလေးမိုင်လောက်ရောက်တော့မှ မြတ်စွာဘုရားက ဒီကိုယ်တော်ကြီးတွေ သတိရအောင် ကိုယ်တော်ရဲ့ ဣဒ္ဓိဝိဓ အဘိညာဏ်ကို ရုပ်သိမ်းလိုက်တဲ့အခါကျတော့မှ ကိုယ်တော်ကြီးနှစ်ပါးက "ဟာ...ငါတို့ရဲ့ သပိတ်တွေ၊ သားရေနွယ်တွေ၊ ပရိက္ခရာတွေ ရှင်ရေဝတကျောင်းတိုက်မှာ ကျန်နေရစ်ခဲ့ပြီ"လို့ အမှတ်ရကြတယ်။

အမှတ်ရတော့မှ ဘာမှမပြောနဲ့၊ သူတို့နဲ့ သဘောတူရာ အသက်ကြီးမှ ရဟန်းပြုတဲ့ ကိုယ်တော်ကြီး သုံးလေးပါးကို ခေါ်ပြီးတော့ ရှင်ရေဝတရဲ့ ကျောင်းတိုက်ကို ပြန်သွားကြတယ်။ ဘုရားနှင့်တကွ သံဃာတော်များ ပြန်ကြွသွားပြီ ဆိုကတည်းက ရှင်ရေဝတက သူ့ရဲ့ ရှားတောကြီးကို နဂိုရှားတောကြီးအတိုင်း ပြန်ဖြစ်စေရန် ဣဒ္ဓိဝိဓအဘိညာဏ်ကို ရုပ်သိမ်းလိုက်တော့ ခြေထောက်မှ ချစရာမရှိအောင် ရှားဆူးရှားခက်တွေ ပေါတဲ့တောကြီးပဲ ဖြစ်နေတယ်။ ကိုယ်တော်ကြီးနှစ်ပါး ပြန်သွားလို့ ရောက်တဲ့အခါကျတော့ သူတို့ရဲ့ သပိတ်တို့၊ သားရေနွယ်တို့ဆိုတဲ့ ပရိက္ခရာတွေ ဆူးချုံတွေ အလွန်ရှုပ်ထွေးနေတဲ့ ရှားပင်ကြီးမှာ ချိတ်လျက်သား ဖြစ်နေတယ်။ ဆူးချုံတွေကို နင်းပြီးတော့ ပြန်လာကြရတယ်။

သူတို့ သပိတ် သားရေနွယ် ပရိက္ခရာယူပြီး ပြန်လာကြလို့ သာဝတ္ထိသို့ ရောက်ပြီး နောက်တစ်နေ့ကျတော့ ဝိသာခါကျောင်းအစ်မကြီးက ဘုရားအမှူးပြုတဲ့ သံဃာတော်ကို ဆွမ်းစားပင့်ဖိတ်ကျွေးတဲ့အခါ ကိုယ်တော်တွေကို မေးတယ်။ "အရှင်ဘုရားတို့ ...၊ ရှင်ရေဝတရဲ့ ကျောင်းရောက်ခဲ့ကြတာ ဘယ့်နှယ်တုန်း"လို့ မေးလျှောက်တဲ့အခါ အချို့သောရဟန်းတော်များက "ဒါယိကာမကြီး ...၊ အင်မတန် မွေ့လျော်ဖွယ်ကောင်းပါတယ်၊ ကန်ကြီးလည်း ရှိတယ်၊ စင်္ကြံကျောင်းတွေကလည်း အစုံအလင်" ဤသို့ စသည်ဖြင့် အခြားအခြား ရဟန်းတော်များက ပြောကြားကြတယ်။

http:\\www.dhammadownload.com



ခုနကပြောတဲ့ အသက်အရွယ်ကြီးမှ ပင်ပန်းကြီးစွာ ပရိက္ခရာကို ပြန်ပြီး ယူခဲ့ကြရတဲ့ ကိုယ်တော်ကြီးများ အနားကပ်ပြီး "ဒီကိုယ်တော်ကြီးတွေကရော ဘယ်လိုဖြေကြမည်လဲ"လို့ ဝိသာခါကျောင်းအစ်မကြီးက မေးတဲ့အခါကျတော့ "ဒါယိကာမကြီးရာ၊ မပြောပါနဲ့၊ ကျောင်းတိုက်တစ်ခုလုံး ချုံချည်းပဲ၊ ငါတို့ ပြန်သွားတာ တကတည်း ချုံချည်းပဲ၊ ငါတို့ ပြန်သွားတာ တကတည်း ဆူးတွေကိုပဲ နင်းပြီးတော့ ပြန်လာခဲ့ရတယ်"လို့ ပြောကြတော့ ဝိသာခါကျောင်းအစ်မကြီးက မြတ်စွာဘုရားကို လျှောက်တယ်။ ဘယ်လိုလဲဆိုတော့ -

ဘန္တေ=ရှင်တော်မြတ်ဘုရား ...။ တုမှေဟိ=အရှင်ဘုရားတို့နှင့်။ သဒ္ဓိံ=အတူတကွ။ ဂတဘိက္ခူသု=လိုက်ပါကြတဲ့ ရဟန်းတို့အနက်။

(အရှင်ဘုရားတို့နှင့် အတူတကွ လိုက်သွားကြတဲ့ ရဟန်းတွေထဲမှာ)

ဧကစ္စေ=အချို့သော ရဟန်းတော်များကတော့။ အာယသ္မတော ရေဝတဿ ဌာနံ=အရှင်ရေဝတရဲ့ နေရာဌာနသည်။ ခဒိရဂဟနန္တိ=ရှားပင်တွေ ရှားဆူးတွေ ထူထပ်တဲ့ တောအုပ်ကြီးပဲလို့။ ဝဒန္တိ=ပြောဆိုကြပါတယ် ဘုရား။ ဧကစ္စေ=အချို့သော ရဟန်းတော်တို့ကတော့။ ရမဏီယန္တိ=မွေ့လျော်ဖွယ်ရှိ၏ ဟူ၍။ ဝဒန္တိ=ပြောဆိုကြပါတယ် ဘုရား။ ကွ်ဒံ=ဤသို့ အဖြေစကား နှစ်ထွေပြားရခြင်းသည်။ ကိန္နုခေါ= အကြောင်း ဘယ်သို့ပါနည်း ဘုရား ...

လို့ မြတ်စွာဘုရားကို ဝိသာခါ ကျောင်းအစ်မကြီးက လျှောက်ထားတယ်။ တစ်ချို့ကိုယ်တော်တွေက "ရှားဆူးတွေပေါတဲ့ တောကြီးပါဗျာ၊ တစ်ချို့ကိုယ်တော်တွေကတော့လည်းပဲ သိပ်မွေ့လျော် ပျော်စရာကောင်းတဲ့ ကျောင်းတိုက်ကြီးပဲ"လို့ ပြောကြတယ်။ အဖြေစကား ဒီလို နှစ်ထွေပြားရတာ အကြောင်း ဘယ်လိုပါလဲလို့ အဲဒီလို မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားက ဝိသာခါ ဒါယိကာမကြီးကို -

http:\\www.dhammadownload.com



ဥပါသိကေ = ရတနာသုံးရပ် ဆည်းကပ်တတ်စွာ ဝိသာခါ ဒါယိကာမကြီး ...။ ဂါမေ ဝါ ဟောတု+အရညေ ဝါ ဟောတု=ရွာပဲ ဖြစ်ဖြစ်၊ တောပဲဖြစ်ဖြစ်။ ယသ္မိံ ပဒေသေ = အကြင် အရပ်၌။ အရဟန္တော=ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ဝိဟရန္တိ=နေထိုင်ကြကုန်၏။ တံ=ထိုအရပ်သည်။ ရမဏီယံ=မွေ့လျော်ဖွယ် ရှိပေ၏။

"ဒါယိကာမကြီး ...၊ မြို့ပဲဖြစ်ဖြစ်၊ တောပဲဖြစ်ဖြစ်၊ ရဟန္တာပုဂ္ဂိုလ် သူမြတ်တို့ နေထိုင်ရာအရပ်ဟာ မွေ့လျော်ဖွယ် အရပ်ပဲ ..." အဲဒီလို မြတ်စွာဘုရားက စကားပြေ ဟောပြီးတဲ့နောက် ဂါထာဗန္ဓဂီတိအနေနဲ့-

ဂါမေ ဝါ ယဒိ ဝါ+ရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ။ ။

လို့ ဟောတော်မူပြန်တယ်။

ဥပါသိကေ=ဝိသာခါ ဒါယိကာမကြီး ...။ ဂါမေ ဝါ=မြို့ရွာ၌ပဲ ဖြစ်ဖြစ်။ ယဒိ=ထိုမြို့။ အရညေ ဝါ=တောကြီးခေါင်ခေါင်၌ပဲ ဖြစ်ဖြစ်။ နိန္နေ ဝါ=နိမ့်ဝှမ်းရာ အရပ်မှာပဲ ဖြစ်ဖြစ်။ ယဒိ=ထိုမြို့။ ထလေ ဝါ= မြင့်ကောသော အရပ်မှာပဲဖြစ်ဖြစ်။ ယတ္ထ=အမှတ်မထင် အကြင်အရပ်၌။ အရဟန္တော=ရဟန္တာသခင် အရှင်သူမြတ်တို့သည်။ ဝိဟရန္တိ=ဣရိယာပထ မျှတရွှင်ပြုံး သိတင်းသုံး နေထိုင်ကြကုန်၏။ တံ ဌာနံ=ထို ရဟန္တာသူမြတ်တို့ နေထိုင်ရာ အရပ်သည်။ ဘူမိရာမဏေယျကံ=မြေအပြင်ဝယ် မွေ့လျော်ဖွယ် ကောင်းသောအရပ် ဖြစ်ပါပေ၏။

မြို့ရွာပဲဖြစ်ဖြစ်၊ တောအရပ်ပဲဖြစ်ဖြစ်၊ နိမ့်ဝှမ်းတဲ့နေရာပဲ ဖြစ်ဖြစ်၊ မြင့်တဲ့ ကောတဲ့ နေရာပဲဖြစ်ဖြစ်၊ ရဟန္တာအရှင်သူမြတ်တို့ နေထိုင်တဲ့

http:\\www.dhammadownload.com



အရပ်ဟာဖြင့် မွေ့လျော်ဖွယ် အကောင်းဆုံး အရပ်ပဲ - လို့ အဲဒီလို ဝိသာခါကို မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

အဲဒီ မြတ်စွာဘုရားက ဝိသာခါအား ဟောကြားတဲ့ တရားဂါထာကိုပင် ရှင်သာရိပုတ္တရာက ရဟန်းတော်များအား တရားဟောတဲ့ အခါမှာလည်းပဲ သူ့ရဲ့ညီထွေး ရှင်ရေဝတ တောကျောင်းမှာ မွေ့လျော်တာကို ကြည့်ပြီး အင်မတန် နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ ရှိပြီးတော့ "အေး ... ၊ ငါ့ညီဖြစ်ချင်ကြတဲ့ ပုဂ္ဂိုလ်များဟာ ရှင်ရေဝတလိုပဲ တောကျောင်းမှာ နေပြီးတော့ ဘူမိရာမဏေယျကဖြစ်အောင် ရဟန္တာဖြစ်အောင် ကြိုးကုတ် အားထုတ်ကြစေချင်တယ်။ ဒီအဓိပ္ပာယ်နဲ့ ရှင်သာရိပုတ္တရာက ယခုတရားပွဲမှာလည်း ကိုယ်တော်တွေအား ဒီဂါထာကို ထည့်ဟောတယ်။

(၁၁) ဂါမေ ဝါ ယဒိ ဝါ+ရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ဂါမေ ဝါ=ရွာ၌ပဲဖြစ်စေ၊ ယဒိ=ထိုမြို့။ အရညေ ဝါ=တော၌ပဲဖြစ်စေ။ နိန္နေ ဝါ=နိမ့်ဝှမ်းသော အရပ်၌ပဲ ဖြစ်စေ။ ယဒိ=ထိုမြို့။ ထလေ ဝါ=မြင့်ကောသော အရပ်၌ပဲဖြစ်စေ။ ယတ္ထ=အမှတ်မထင် အကြင်အရပ်၌။ အရဟန္တော=ရဟန္တာသူမြတ်တို့သည်။ ဝိဟရန္တိ=နေထိုင်ကြကုန်၏။ တံ=ထို ရဟန္တာသူမြတ်တို့ နေထိုင်ရာ အရပ်သည်။ ဘူမိရာမဏေယျကံ=မြေအပြင်ဝယ် မွေ့လျော်ဖွယ် အကောင်းဆုံး အရပ်ပါပေတည်း။

ရှင်ရေဝတဝတ္ထု၌ မြတ်စွာဘုရားဟောတဲ့ ဂါထာကို ရှင်သာရိပုတ္တရာက ဒီတရားပွဲမှာ ယူပြီးတော့ ဟောတော်မူတယ်။

http:\\www.dhammadownload.com



ထို့အပြင် ဓမ္မပဒ အညတရဏ္ဏတ္ထိဝတ္ထုမှာ မြတ်စွာဘုရားက ဥယျာဉ် ပျက်ကြီး တစ်ခုထဲမှာ ရဟန်းတစ်ပါး ရဟန်းတရားအားထုတ်နေစဉ် ထိုရဟန်းမှာ အန္တရာယ်တစ်ခု တွေ့တယ်ဆိုပါစို့၊ ဝိသဘာဂ အန္တရာယ် တစ်ခုတွေ့တဲ့အခါ ထိုရဟန်း သံဝေဂပြင်းစွာဖြစ်တော့ မြတ်စွာဘုရား က ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူရင်း ဩဘာသဂါထာ အနေနဲ့ ထိုရဟန်းကို လှမ်းပြီးတော့ ဩဝါဒ ပေးတော်မူတယ်။

ချစ်သား ...၊ ကာမ ဂဝေသက ပုဂ္ဂိုလ်များက မမွေ့လျော်နိုင်ရာ ဒီလိုအရပ်ဟာ အမတ ဂဝေသက၊ ဓမ္မဂဝေသက=အမြိုက်တရား ရှာမှီး ကြတဲ့ ချစ်သားတို့လို ပုဂ္ဂိုလ်များရဲ့ မွေ့လျော်ရာဌာန ဖြစ်တယ် ...လို့ ဆိုပြီး မြတ်စွာဘုရား ကျောင်းတော်ကနေပြီး ဩဒါတ ရောင်ခြယ်တော် လွှတ်ပြီးတော့ -

ရမဏီယာနိ အရညာနိ၊
ယတ္ထ န ရမတီ ဇနော။
ဝီတရာဂါ ရမိဿန္တိ၊
န တေ ကာမဂဝေသိနော။

ဒီဂါထာကို ဩဘာသဂါထာလို့ ခေါ်တယ်။ မြတ်စွာဘုရားက ပိဏ္ဍ ပါတိက ယောဂါဝစရ ရဟန်းတော်သူမြတ်တစ်ပါးအား ကျောင်းတော် ကနေပြီး ဩဒါတ ရောင်ခြည်တော်လွှတ်ပြီး ဟောတဲ့ဂါထာ ဖြစ်တယ်။ အဲဒီ ဂါထာလည်းဆုံးရော၊ အဲဒီ ပိဏ္ဍပါတိက ယောဂါဝစရ ကိုယ်တော် ဟာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားတယ်။

ဒီ ဂါထာက တောကျောင်းရဲ့ ဂုဏ်ကျေးဇူးကို ဖွင့်ပြချီးမွမ်းတဲ့ ဂါထာဖြစ်တော့ ရှင်သာရိပုတ္တရာကလည်း တောကျောင်းမှာပဲ သူနေ လေ့ရှိတယ်။ ဆိုကြပါစို့၊ ဟို ...သာဝတ္ထိမှာပဲ နေအုန်းတော့ ဇေတဝန် ကျောင်းတိုက်ကြီးထဲမှာ သိပ်ကြာကြာကြီးနေတာ မဟုတ်ဘူးနော်၊ ကျောင်းတိုက်အနီးမှာရှိတဲ့ အန္ဓဝန်တောအုပ်ထဲမှာ သွားနေတယ်။ အဲ

http:\\www.dhammadownload.com



ရာဇဂြိုဟ်မှာ နေလျှင်လည်းပဲ ဝေဠုဝန်ကျောင်းတိုက်ကြီးမှာ သိပ်နေတာ မဟုတ်ဘူး။ ဟို ...ကပေါဒါ ချောက်တို့၊ ဝက်တူးလိုဏ်တို့လို လူ အရောက်အပေါက် နည်းပါးတဲ့ တောကျောင်းများကို ရှာဖွေပြီး နေလေ့ ရှိတယ်။ ရှင်သာရိပုတ္တရာက သူ့ပင်ကိုယ်သဘောကိုက တောကျောင်း ကို အင်မတန် နှစ်သက်တယ်။ နှစ်သက်လို့မို့ ယခုလည်း တောကျောင်း ရဲ့ ဂုဏ်ကျေးဇူးကို ဟောထားတဲ့ ဒီဂါထာကို ဒီတရားပွဲမှာ ဒီရဟန်း တော်တွေအား တရားစပြီးတော့ -

(၁၂) ရမဏီယာနိ အရညာနိ၊
ယတ္ထ န ရမတီဇနော။
ဝီတရာဂါ ရမိဿန္တိ၊
န တေ ကာမဂဝေသိနော။

လို့ ဟောတော်မူတယ်။ အနက်ကား -

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အရညာနိ=တော အရပ်တို့သည်။ ရမဏီယာနိ=သဘာဝအားဖြင့် မွေ့လျော်ဖွယ် ကောင်းလှပါကုန်၏။ (တောအရပ်ဆိုတာ သူ့သဘာဝအားဖြင့် စိတ်နှလုံး မွေ့လျော်ဖွယ် အမှန်ပဲ။) ယတ္ထ=သူ့သဘာဝအား မွေ့လျော်ဖွယ် ပေါ်များတဲ့ တောအရပ်၌။ ဇနော=ဝတ္ထုအာရုံ ကာမ ဂုဏ် ရှာမှီးတဲ့ သူအပေါင်း သည်။ န ရမတိ=မမွေ့လျော် မနှစ်ခြိုက် မပျော်ပိုက်နိုင်ပေ။

တောထဲရောက်လာပြီဆိုယင် ကာမဂဝေသက, ကာမစ္ဆာသယ ရှိကြတဲ့ ပုဂ္ဂိုလ်များကျတော့ ဒီတောကိုပဲ အပြစ်မြင်ကြတယ်။ "ဩော် ... ပျင်းစရာကြီး၊ ခြောက်သွေ့သွေ့ကြီး" ဒီလိုပဲ မြင်ကြတယ်။ နေက္ခမ္မစ္ဆာသယ ရှိကြတဲ့ ပုဂ္ဂိုလ်များကျတော့ မိမိတို့ကိုယ်တိုင်ကပင် တောမထွက်နိုင်သေးသော်လည်း "ဩော်...ဒီလိုနေရာမှာ တစ်ကိုယ်ရေ တစ်ကာယ သူတော်တရား အားထုတ်ဖို့ ကောင်းလိုက်ပါဘိ" အဲဒီလို

http:\\www.dhammadownload.com



စိတ်ထဲမှာ ခဏပေမယ့် မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တဲ့စိတ် ဖြစ်တယ်။ အဲဒါ သဘာဝပဲ။

ငါ့ရှင်တို့ ...၊ တောတွေဟာ သဘာဝအားဖြင့် မွေ့လျော်ဖွယ်တွေပဲ။ ဒါပေမယ်လို့ ယင်း မွေ့လျော်ဖွယ်ကောင်းတဲ့ တောတွေမှာ ကာမဂဝေသက, ကာမဇ္ဈာသယ ရှိကြတဲ့ ပုဂ္ဂိုလ်များကတော့ ဘယ်နည်းနှင့်မှ မမွေ့လျော်နိုင်ဘူး။

ဝီတရာဂါ ရမိဿန္တိ၊
န တေ ကာမဂဝေသိနော။

ဝီတရာဂါ=ရာဂကင်းသော သူတော်ကောင်းတို့သည်သာ။ ရမိဿန္တိ=မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူကြကုန်လတ္တံ့။ (ကသ္မာ=အဘယ့်ကြောင့်နည်း ဟူမူကား။) တေ=ထို ရာဂကင်းသူ ပုဂ္ဂိုလ်တို့သည်။ ကာမဂဝေသိနော=ကာမဂုဏ်ကို ရှာမှီးကုန်သည်။ န ဟောန္တိ=မဖြစ်ကြကုန်။ (တသ္မာ=ထို့ကြောင့်)။ ရမိဿန္တိ= မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူကြပေလိမ့်မည် ... လို့ -

ကာမဂဝေသီ မဟုတ်တဲ့အတွက် ဝီတရာဂ ပုဂ္ဂိုလ်များကတော့ အဲဒီ တောကျောင်းမှာ ပျော်ပိုက်ကြတယ်။ ဒီတော့ ငါ့ရှင်တို့လည်း သာသနာတော်မှာ ဓမ္မဂဝေသီပုဂ္ဂိုလ်တို့ရဲ့ ပျော်ပိုက်ရာဖြစ်တဲ့ ဒီတောရကျောင်းကို မမေ့လျော့ကြနဲ့။ ဒီအဓိပ္ပာယ်နဲ့ ရှင်သာရိပုတ္တရာက အခုတရားပွဲမှာ တရားနာ ရဟန်းတော်တွေအား ဩဝါဒဓမ္မအနေနဲ့ ထည့်ပြီးတော့ ဟောနေတယ်။

အင်း ... တစ်ခါ ဒါတင်ပဲလား ဆိုတော့ -

နိဓီနံဝ ပဝတ္တာရံ
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။

http:\\www.dhammadownload.com



တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။

အဲဒီ ဂါထာကလည်း မူလ ဟောရင်းက မြတ်စွာဘုရား ဟောတာ။ ဆိုကြပါစို့၊ မြတ်စွာဘုရား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် (ဘုရားဖြစ်တဲ့နှစ်) ပြာသိုလပြည့်နေ့မှာ ရာဇဂြိုဟ်သို့ ရောက်တယ်။ တပို့တွဲလဆန်း ၁ ရက်နေ့မှာ အဂ္ဂသာဝကနှစ်ပါး ရဟန်းပြုတယ်။ တပို့တွဲလပြည့်နေ့ကျတော့ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ပြီ။ အဲဒီ တပို့တွဲလပြည့် (နှင့်) တပေါင်းလပြည့်အကြား တစ်နေ့မှာ ရာဇဂြိုဟ်ပြည်က ရာဓဆိုတဲ့ ပုဏ္ဏားကြီးတစ်ယောက် အသက်အရွယ်ကလည်း နည်းနည်းကြီးတယ်၊ သာသနာတော်ကို သူဝင်ချင်တော့ ရဟန်းတော်တွေအနား ဆည်းကပ်ပြီးတော့ ဟိုကိုယ်တော့်ကျောင်းနားသွား၊ ဒီကိုယ်တော့်ကျောင်းနားသွား၊ အလကား မနေဘူး၊ ကျောင်းနားမှာ မြက်ကလေးထိုး၊ အမှိုက်ကိုလည်း လှည်း လုပ်လို့ သံဃာတော်အား ကျေးဇူးများတဲ့အတွက် သံဃာတော်က သူ့အား ထမင်းလေးကျွေး၊ ဟင်းလေးဘာလေး ပေးလို့ ရတယ်။

ဒါပေမယ့် သူလိုချင်တာက ရှင်သာမဏေအဖြစ်၊ ရဟန်းအဖြစ်ကို လိုချင်တယ်။ လိုချင်သော်လည်း ကိုယ်တော်တွေက သူ့ကို ရှင်ရဟန်းပြုပေးနိုင်လောက်အောင် သပိတ် သင်္ကန်း အပိုအလျှံ မရှိတော့ ရှင်ရဟန်းပြု မပေးနိုင်ကြဘူး။ ရာဓပုဏ္ဏားကြီးကလည်းပဲ ရဟန်းပြုချင်တယ်။ အလိုဆန္ဒ မပြည့်ဝတော့ ပုဏ္ဏားကြီးနည်းနည်း အသားအရေကြုံလှီသွားတယ်။ မြတ်စွာဘုရားက "ပုဏ္ဏား ...၊ ဒီကျောင်းထဲမှာ နေရတာ မပျော်ဘူးလား" (လို့မေးတော့) "ပျော်ပါတယ်ဘုရား"(လို့ လျှောက်တော့) "ဘာဖြစ်လို့ ကြုံလှီရသတုန်း" (မေးတော့) "တပည့်တော် ရဟန်းပြုချင်ပါတယ် ဘုရား၊ ရဟန်းပြုချင်သော်လည်း ကိုယ်တော်များက ရဟန်းပြုမပေးလို့ပါ ဘုရား"လို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက သံဃာတော်ကို စည်းဝေးစေပြီး- ကော ဘိက္ခု ႃကမသ ကတာဓိကာရံ

http:\\www.dhammadownload.com



သရုတိ=အဘယ်ရဟန်းသည် ဤရာဓပုဏ္ဏားကြီး ပြုဖူးတဲ့ ကျေးဇူးကို အမှတ်သတိ ရသနည်း”ဟု မေးတော်မူသောအခါ ရှင်သာရိပုတ္တရာက မိမိသည် ရာဓပုဏ္ဏားကြီး ပြုဖူးတဲ့ ကျေးဇူးကို အမှတ်သတိ ရပါကြောင်း ပြန်ပြောင်း လျှောက်ထားသဖြင့် ဘယ်လို ကျေးဇူးပြုဖူးသည်ကို မေးတော်မူ၍ “တပည့်တော် တစ်ချိန်က သူ့အိမ်ရှေ့မှာ ဆွမ်းရပ်တော့ ဆွမ်းတစ်ဇွန်း လောင်းလှူဖူးပါတယ်။ အဲဒီကျေးဇူးကို တပည့်တော် မမေ့ပါဘူး” လို့ လျှောက်ထားတယ်။

ထိုအခါ မြတ်စွာဘုရားက “အေး ...၊ ချစ်သားလို ကျေးဇူးသိတတ်တဲ့ ပုဂ္ဂိုလ်ရှိပါလျက် ဒီပုဏ္ဏားကြီး ဘာဖြစ်လို့ ရဟန်းအဖြစ်ကို မရ ရသလဲ” လို့ မိန့်တော်မူလျှင် ရှင်သာရိပုတ္တရာက “ဒါဖြင့် တပည့်တော် ဒီပုဏ္ဏားကို ရဟန်းပြုပေးပါရစေ၊ ဘယ်လိုပြုရမည်တုန်း”လို့ မြတ်စွာဘုရားအား လျှောက်ထားတော့ မြတ်စွာဘုရားက ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုဖို့ အဲဒီအချိန်ကစပြီး ခွင့်ပြုတော်မူတယ်။

**မှတ်ချက်။** ။ အဲဒီ အချိန်မရောက်ခင် ရှေ့ပိုင်းတုန်းက သာသနာတော်မှာ ရဟန်းပြုလိုတဲ့ ပုဂ္ဂိုလ်များကို သရဏဂုံ သုံးပါးဖြင့် ရဟန်းခံပေးရတယ်။ သရဏဂမဏူပသမ္ပဒါ ဟူ၍ ခေါ်၏။ ရာဓပုဏ္ဏားကြီး ရဟန်းပြုတဲ့ အချိန်က စပြီး သရဏဂုံဖြင့် ရဟန်းခံခြင်းကို ရုပ်သိမ်းပြီး ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် သိမ်ထဲဝင်ပြီး ရဟန်းခံခြင်းကို ခွင့်ပြုတော်မူခဲ့တယ်။

အဲဒီအခါမှာ ရှင်သာရိပုတ္တရာသည်ပင် ဥပဇ္ဈာယ်ဆရာ၊ ရှင်သာရိပုတ္တရာသည်ပင် ရဟန်းဒါယကာပြု၍ ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးတဲ့အခါ (ရဟန်းဒါယကာဆိုလို့ ယနေ့ ရဟန်းဒါယကာတွေလို သိပ်တာဝန်များတာ မဟုတ်ဘူးနော်၊ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်၊ ဒါပဲ။ အဲဒီသုံးမျိုး ပြည့်စုံလျှင် ရဟန်းဒါယကာ ဖြစ်တယ်။) သိမ်ထဲ

http:\\www.dhammadownload.com



တစ်ခါတည်း ဝင်လိုက်တယ်။ ရဟန်းပြုပြီးတော့ ရှင်သာရိပုတ္တရာက သူ့ကို အင်မတန် ချီးမြှောက်လို၍ သွားလေရာရာ နောက်ပါ ပစ္ဆာ-သမဏ ရဟန်းအဖြစ်နဲ့ ခေါ် ခေါ်သွားတယ်။ သွားရင်းလည်း အဆုံးအမ ဩဝါဒပေး၊ နေရင်းလည်း အဆုံးအမ ဩဝါဒပေးတော့ ဒီရာဓ ရဟန်းကြီးသည် အသက်ကြီးမှ ရဟန်းပြုပေမယ်လို့ မမေ့မလျော့ တရားအလုပ် ပွားများအားထုတ်သဖြင့် မကြာမီကပင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်တယ်။

မြတ်စွာဘုရားထံ ရောက်တဲ့အခါကျတော့ မြတ်စွာဘုရားက "ဘယ့်နှယ်တုန်း သဒ္ဓိဝိဟာရိက တပည့်ကြီး ရာဓရဟန်းကြီးဟာ သောဝစ္စသတာ မင်္ဂလာဂုဏ်နဲ့ ပြည့်စုံရဲ့လား"လို့ မေးတော့ ရှင်သာရိပုတ္တရာက "အင်မတန် ပြည့်စုံပါတယ် ဘုရား" အဲဒီလို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက ရဟန်းပရိသတ်အလယ်မှာ –

ဘိက္ခဝေ ဘိက္ခုနာ နာမ ရာဓေန ဝိယ သုဗ္ဗစေန ဘဝိတဗ္ဗံ။
ဩဝါဒဒါယကော ပန နိဓိအာစိက္ခနကော ဝိယ ဒဋ္ဌဗ္ဗော။ ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ဘိက္ခုနာ နာမ=ရဟန်းတော် မည်သည်ကား။ ရာဓေန ဝိယ=ရာဓရဟန်းကဲ့သို့။ သုဗ္ဗစေန = ဆိုဆုံးမ၍ လွယ်ကူသော ရဟန်းသည်။ ဘဝိတဗ္ဗံ=ဖြစ်ရာ၏။ ဩဝါဒ ဒါယကော ပန=အဆုံးအမ ဩဝါဒ ပေးတဲ့ ဆရာကိုကား။ နိဓိအာစိက္ခနကော ဝိယ=ရွှေအိုး ငွေအိုးကို လက်ညှိုးညွှန်ပြတဲ့ မိတ်ဆွေကောင်းကဲ့သို့။ ဒဋ္ဌဗ္ဗော=မှတ်ယူရမည်။

မြတ်စွာဘုရားက မိမိအပေါ် အဆုံးအမ ဩဝါဒပေးတဲ့ ပုဂ္ဂိုလ်ကို ရွှေအိုး ငွေအိုး လက်ညှိုးထိုး ညွှန်ပြတဲ့ ရောမ မိတ်ဆွေလို့ မှတ်ယူရမည်။ အဲဒီလို အမိန့်ရှိပြီး ဒိပရိသတ် ဒီ အစည်းအဝေးမှာပင် –

(၁၃) နိဓီနံဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။

http:\\www.dhammadownload.com



နိဂ္ဂယှဝါဒီ မေဓာဝီ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။ ။

ဟောဒီ တရားဂါထာကို ဟောတယ်။ မြတ်စွာဘုရား ဟောတုန်းကတော့ ရဟန်းတွေအားလုံးကို တရားနာခံထားပြီးတော့ -

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ယံ=အမှတ်မထင် အကြင်ဩဝါဒ သင်ပြတဲ့ ဆရာကို။ ဝဇ္ဇဒဿိနံ=အပြစ်ပြ၍ဆုံးမသော။ ယံ=အကြင်ဆရာကို။ ပဿေ ပဿေယျ=မြင်မိငြားအံ့။ တံ=ထိုအဆုံးအမ ဩဝါဒ ပေးတဲ့ဆရာကို။ နိဓိနံ=ရတနာမျိုးရတနာအိုးတို့ကို။ ပဝတ္တာရံ ဣဝ=လက်ညှိုးညွှန်ပြပြောဆိုတဲ့ကလျာဏမိတ်ဆွေကဲ့သို့။ ပဿေ-ပဿေယျ=ရှုမြင်ရာ၏။

မိမိအပေါ်မှာ အပြစ်ကို ဖော်ပြပြီး အဆုံးအမ ဩဝါဒပေးတဲ့ဆရာကို လက်ညှိုးညွှန်ပြ၍ ရတနာအိုးများကို ပြောကြားတဲ့ ကလျာဏမိတ်ဆွေလို မြင်ရမယ်၊ အောက်မေ့ရမယ်။

နိဂ္ဂယှဝါဒီ=မိမိကို နှိပ်၍ နှိပ်၍ ဆိုဆုံးမလေ့ရှိသော။ မေဓာဝီ=ဓမ္မောဇပညာနှင့်လည်း ပြည့်စုံပေထသော။ တာဒိသံ=ထိုသို့သဘောရှိသော။ ပဏ္ဍိတံ = ပညာရှိကို။ ဘဇေ - ဘဇေယျ = ဆည်းကပ်ရာ၏။ တာဒိသံ=ထိုသို့ သဘောရှိတဲ့ ဓမ္မောဇပညာနှင့် ပြည့်ဝတဲ့ ဆရာကို။ ဘဇမာနဿ=ဆည်းကပ်သောသူ၏ အဖို့ရာ။ သေယျော=ချီးမွမ်းအပ် မြတ်လှသည်။ (ဝါ) ပွားစည်းခြင်းသည်။ ဟောတိ=ဖြစ်၏။ ပါပိယော=ယုတ်မာသည် (ဝါ) ယုတ်လျော့သည်။ န ဟောတိ=မဖြစ်။

ချစ်သားတို့ ...၊ မိမိအပေါ်မှာ အပြစ်ပြပြီး နှိပ်နှိပ်ပြီးတော့ ဆုံးမပေးတဲ့ ဓမ္မောဇပညာရှင် ပုဂ္ဂိုလ်ကို ဆည်းကပ်ကြ၊ အဲဒီလို ပညာရှင်ကို

http:\\www.dhammadownload.com



ဆည်းကပ်ယင် မိမိမှာ ဘယ်တော့မှ ယုတ်ညံ့မသွားဘူး၊ ယုတ်လျော့မသွားဘူး။ ကောင်းကျိုးကို ရသွားမယ်၊ အရိယမဂ်ဖိုလ်တို့ဖြင့် တိုးတက်ကြီးထွားသွားမယ်။ ဒီတရားပွဲတုန်းကလည်းပဲ ရဟန်းတော်တွေ မြောက်မြားစွာ ကျွတ်တမ်းဝင်ကြတယ်။

အဲဒီ ဂါထာကို မြတ်စွာဘုရားက ဟောတော့ ရှင်သာရိပုတ္တရာက ဘယ်လောက် ဝမ်းသာစရာ ကောင်းသလဲ။ သူ့တပည့်၊ သူရဟန်းခံပေးထားတဲ့ သူ့ရဲ့ သိဒ္ဓိဝိဟာရိက တပည့်ကြီး၊ ပြီးတော့ နိဂ္ဂယှဝါဒီ မေဓာဝီဆိုတဲ့အရ ပြယင်လည်း ပြရမယ်။ သူတို့ ဆရာတပည့်ကို ထင်စွာပြပြီး ဟောတဲ့တရားဖြစ်တော့ တစ်သက်မှာ မမေ့ဘူး၊ မမေ့လိုက်သမှ ရှင်ရာဇနှင့် အတူတကွ သွားယင်လည်းပဲ ရှင်ရာသေည် ဆုံးမလို့ လွယ်တဲ့ပုဂ္ဂိုလ်ဖြစ်တော့ အင်မတန် ဝမ်းမြောက်ပြီး ရှင်သာရိပုတ္တရာက ဒီဂါထာကို မပြတ်မပြတ် အမြတ်တနိုး ရွတ်တယ်။ အဲဒီ ရွတ်တဲ့ဂါထာကို ယခု တရားပွဲမှာလည်းပဲ အမြတ်တနိုး ထည့်ပြီးတော့ ရဟန်းတော်များအား ဟောပြန်တယ်။

> နိဓိနံဝ ပဝတ္တာရံ၊
> ယံ ပဿေ ဝဇ္ဇဒဿိနံ။
> နိဂ္ဂယှဝါဒိံ မေဓာဝိံ၊
> တာဒိသံ ပဏ္ဍိတံ ဘဇေ။
> တာဒိသံ ဘဇမာနဿ၊
> သေယျော ဟောတိ န ပါပိယော။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ဝဇ္ဇဒဿိနံ=မိမိအပေါ်ဝယ် သံသရာဝဋ်မှ ကျွတ်လွတ်ရေး ရေးရှု၍ အပြစ်ကို မြင်လေ့ရှိတဲ့။ ယံ=အကြင်ဆရာကို။ ပဿေ=တွေ့မြင်ရငြားအံ့။

မိမိအပေါ်မှာ အပြစ်ရှုတဲ့သူသည် နှစ်မျိုးရှိတယ်။ ဘာလဲဆိုတော့ (၁) ပရိသတ်ဗိုလ်ပုံထဲမှာ အရှက်ခွဲလိုက်မဟဲ့ဆိုတဲ့ အပြစ်ရှုတဲ့ ပုဂ္ဂိုလ်

http:\\www.dhammadownload.com



က တစ်မျိုး၊ ဒီပုဂ္ဂိုလ်မျိုးကို မဆိုလိုဘူး။ (၂) အခု ဒီသာသနာထဲမှာ အပြစ်ကို ဖော်ပြပြီးတော့ အာယတိံ သံဝရ=နောင်အခါမှာ ဒီအမှုမျိုး မဖြစ်အောင် စောင့်စည်းဖို့ သံသရာဝဋ္ဋမှ ထုတ်ဆယ်ကယ်တင်လိုတဲ့ စေတနာဖြင့် အပြစ်ပြပြီး အဆုံးအမပေးတဲ့ ပုဂ္ဂိုလ်က တစ်မျိုး၊ အဲဒီ ပုဂ္ဂိုလ်ကို ယခု ဒီနေရာမှာ ဆိုလိုပါတယ်။

ယံ=အကြင်တရားကို။ ဝဇ္ဇဒဿိနံ=အပြစ်ကိုပြ၍။ (နိယျာနိက အကျိုးကို လိုလားတဲ့ ပုဂ္ဂိုလ်ဟူ၍။) ပဿေ=ပဿေယျ=မြင်ငြား အံ့။ တံ=ထိုသို့သဘောရှိတဲ့ ဆရာကို။ နိဓိနံ=ရတနာမျိုး ရတနာ အိုးတို့ကို။ ပဝတ္တာရံ ဣဝ=လက်ညှိုးညွှန်ပြ မိန့်ဟပြောဆိုသော သူကဲ့သို့။ ပဿေ -ပဿေယျ=ရှုရာ၏။ နိဂ္ဂယှဝါဒိံ=မိမိအပေါ်မှာ အကျိုးလိုလား၍ နှိပ်ကွပ်ကြတဲ့ ဩဝါဒစကား ပြောကြားလေ့ ရှိသော။ မေဓာဝိံ=ဓမ္မောဇ ဉာဏ်ပညာနှင့်လည်း ပြည့်စုံပေထသော။ တာဒိသံ=ထိုသို့သဘောရှိသော။ ပဏ္ဍိတံ=ပညာရှိကို။ ဘဇေ- ဘဇေယျ=ဆည်းကပ်ရာ၏။ တာဒိသံ=ထိုသို့ သဘောရှိတဲ့ ပညာရှိ ကို။ ဘဇမာနဿ= ဆည်းကပ်တဲ့ ပုဂ္ဂိုလ်၏ အဖို့ရာ။ သေယျော =အထူးသဖြင့် ချီးမွမ်းအပ်သည်၊ (ဝါ) တစ်နေ့တခြား သိက္ခာ သုံးပါးတို့ တိုးပွားသည်။ ဟောတိ=ဖြစ်၏။ ပါပိယော=ယုတ်မာ မိုက်ကန်းသည်၊ (ဝါ) တစ်နေ့တခြား သိက္ခာသုံးပါးတို့ လျော့ပါး သည်။ န ဟောတိ=မဖြစ်ပါ ... လို့ -

ရဟန်းတော်တို့အား တရားတစ်ထုံး ဟောလိုက်တယ်။

ဒါ ပြီးပြန်တော့ -

(၁၄) ဩဝဒေယျာ+နုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။ ။

http:\\www.dhammadownload.com



ဒီဂါထာကတော့ မြတ်စွာဘုရားဟောတဲ့ ဂါထာရင်း ဖြစ်ပါတယ်။ ဘယ့်နှယ်လဲဆိုတော့ တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ နေတော်မူတယ်။ ထိုအခါ ကီဋာဂိရိဇနပုဒ် ဆိုတဲ့ တိုက်နယ်ကြီးတစ်ခုမှ အဿဇိရဟန်း (နှင့်) ပုနဗ္ဗသုကရဟန်းတို့ ခေါင်းဆောင်တဲ့ အလဇ္ဇီကိုယ်တော်တွေဟာ သာသနာတော်နဲ့ မသင့်လျော်တဲ့ အလုပ်တွေ ပြုလုပ်ကြတယ် ...လို့ ကြားတော့ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်တို့ကို ခေါ်တော်မူပြီး "ဂစ္ဆထ သာရိပုတ္တမောဂ္ဂလ္လနာ" တဲ့။ ဟို ... ဓမ္မပဒအဋ္ဌကထာမှာ ခပ်ကျဉ်းကျဉ်း ဖွင့်ပြတယ်။ အကြောင်းဝတ္ထုကို နည်းနည်းလေး စဉ်းစားကြည့်ရအောင်။

ဒို့သာသနာမှာ ယနေ့ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများ အနေ "ဆဗ္ဗဂ္ဂီ ရဟန်းတွေ ဘုရားရှင်လက်ထက်က ရှိတယ်" ဆိုတာကို ကြားဖူးကြတယ်။ အဲဒီ ဆဗ္ဗဂ္ဂီ ရဟန်းတွေဆိုတာ လူ့ဘဝတုန်းက သူငယ်ချင်းခြောက်ယောက် ရှိတယ်။ ပဏ္ဍုကရယ်၊ လောဟိတကရယ်၊ ဒါက တစ်တွဲ။ မေတ္တိယရယ်၊ ဘူမဇကရယ်၊ ဒါက တစ်တွဲ။ အဿဇိရယ်၊ ပုနဗ္ဗသုကရယ် ဒါက တစ်တွဲ။ ဒီသူငယ်ချင်း ခြောက်ယောက်တို့ကို "ဆဗ္ဗဂ္ဂီသူငယ်ချင်းတွေ"လို့ ခေါ်တယ်။ နာမည်ကတော့ မောင်ပဏ္ဍုက၊ မောင်လောဟိတက၊ မောင်မေတ္တိယ၊ မောင်ဘူမဇက၊ မောင်အဿဇိ၊ မောင်ပုနဗ္ဗသုက။ အဲဒါ သူတို့ အိမ်နီယက နာမည်တွေပေါ့။

အဲဒီ သူငယ်ချင်း ခြောက်ယောက်တို့ဟာ သာသနာဝင်မည့်ကြံတော့ သူတို့ တိုင်ပင်ကြတယ်။ "အေး ...၊ သာသနာမှာပဲ ဖြစ်ဖြစ်၊ လောကမှာပဲ ဖြစ်ဖြစ်၊ ကိုယ်ရဲ့မိရာက မျက်နှာကြီးမှ ကောင်းတာ၊ ကိုယ်ရဲ့ မိရာက မျက်နှာငယ်နေယင် ကိုယ်လည်း မျက်နှာငယ်တတ်တယ်။ အဲဒီတော့ ဒို့ဟာ သာသနာကိုဝင်ယင် သာသနာမှာ မျက်နှာ

http:\\www.dhammadownload.com



အကြီးဆုံးဖြစ်တဲ့ အဂ္ဂသာဝကနှစ်ပါးရဲ့ တပည့်တွေ ဒို့ သွားလုပ်မယ်" အဲဒီအကြံနဲ့ သာသနာသို့ ဝင်လာကြတယ်။ သူတို့က တကယ့် သဒ္ဓါ ပဗ္ဗဇိတဟန်နဲ့ သာသနာကို ဝင်လာကြတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်တို့က သူတို့ခေါက်ဦးကို ဂရုတစိုက် ရဟန်းခံပေးကြတယ်။ အဲဒီလို ရဟန်းပြုပေးလဲပြီးရော သူတို့က မူလကတည်းကိုက သာသနာမှာ အရိပ်ကြီးအောင် အဂ္ဂသာဝက နှစ်ပါးတို့ကို ကပ်ကြတယ်။ အဲ-ရဟန်းလည်း ဖြစ်လာရော သူတို့ချင်း တိုင်ပင်ကြတယ်။ ဘယ်လိုလဲ။

"သာဝတ္ထိ ဆိုတာ အလွန်စည်ကားတဲ့ မြို့၊ အဲဒီသာဝတ္ထိမြို့မှာ ဒို့ ကိုယ်ပိုင်ကျောင်းတိုက်တစ်ခုရအောင် လုပ်ရမယ်"လို့ တိုင်ပင်၊ တိုင်ပင်ကြတဲ့အတိုင်း ဟော-သူတို့ ကျောင်းတိုက်တစ်ခုရအောင် လုပ်ကြတယ်။ အဲဒီကျောင်းတိုက်မှာ ပဏ္ဍုကရဟန်းနဲ့ လောဟိတရဟန်းတို့က အုပ်ချုပ်ရတယ်။ "ရာဇဂြိုဟ်ကလည်းပဲ ဘုရားရှင် သီတင်းအသုံးများတဲ့ မြို့ပါ။ အဲဒီမှာလည်းပဲ ဒို့ ကျောင်းပိုင်ရအောင် လုပ်ရမယ်လို့ တိုင်ပင် ပြုလုပ်၊ ကျောင်းရကြတယ်။ အဲဒီ ရတဲ့ကျောင်းမှာ မေတ္တိယရဟန်းနဲ့ ဘူမဇက ရဟန်းတို့ကို အကြီးအချုပ် ထားကြတယ်။ ဟို ... တိုက်နယ်ထဲက ကိဋာဂိရိ ဇနပုဒ်ဟာ အလွန်စည်ကားတဲ့ ဇနပုဒ်။ အဲဒီ တောရပ်မှာလည်းပဲ သူတို့ ကျောင်းတိုက်တစ်တိုက်ရအောင် လုပ်တယ်၊ ရတယ်။ ရတဲ့ အဲဒီကျောင်းတိုက်မှာတော့ အဿဇိရဟန်းနဲ့ ပုနဗ္ဗသုက ရဟန်းတို့ကို အကြီးအချုပ် ပြုလုပ်ထားကြတယ်။

အဲဒီလို ကိုယ်ပိုင်ကျောင်းတိုက်တွေလည်း ရပြီးရော သာသနာမှာ ဖြင့် ခပ်ဆိုးဆိုး အလုပ်တွေ မှန်သမျှ သူတို့ချည်းပဲ ပြုလုပ်ကြတယ်။ အဲ-ယခုလည်းပဲ ပန်းပင်စိုက်တယ်၊ သစ်သီးပင်စိုက်တယ်၊ ပန်းပေးတယ်၊ သစ်သီးပေးတယ်။ ကုလဒူသန အနေသနဆိုတဲ့ အလုပ်တွေ လုပ်ပြီးတော့ ဒကာ ဒကာမတွေရဲ့ သဒ္ဓါတရားတွေကို ဖျက်ဆီးနေတယ်။ ဒီသတင်းကို မြတ်စွာဘုရား ကြားတော့ ဘုရားကိုယ်တော်မြတ်က-

http:\\www.dhammadownload.com



ဂစ္ဆထ သာရိပုတ္တ မောဂ္ဂလ္လာနာ=ချစ်သား သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ...။ ချစ်သားတို့ သွားကြ။ တေသု ယေ တုမှာကံ ဝစနံ န ကရောထ၊ တေသံ ပဗ္ဗာဇနီယကမ္မံ ကရောထ=သူတို့က အဖွဲ့လိုက် ဆိုးနေတာဖြစ်တော့ အဿဇိ+ပုနဗ္ဗသုက ဂိုဏ်းဝင် ဆဗ္ဗဂ္ဂီရဟန်းတွေထဲမှာ ချစ်သားတို့ ပြောတဲ့အဆုံးအမ ဩဝါဒ စကားကို နားမထောင်တဲ့ ကိုယ်တော်တွေကို ပဗ္ဗာဇနီယကံ ပြုပေးကြ၊ နှင်ထုတ်ကြ။ ယေ ပန တုမှာကံ ကရောန္တိ=အကြင် ပုဂ္ဂိုလ်တို့ကတော့ ချစ်သားတို့ ပြောတဲ့စကားကို လိုက်နာကြ၏။ တေ ဩဝါဒထ+အနုသာသထ=အေး ... သင်တို့စကား လိုက်နာတဲ့ ကိုယ်တော်များကျတော့ ပထမ ဆုံးမတာက ဩဝါဒ၊ ထပ်၍ ဆုံးမ တာက အနုသာသနီ။ ။အကြောင်းမပေါ်ခင် ဆုံးမတာက ဩဝါဒ၊ အပြစ်ပြုပြီး ဆုံးမတာက အနုသာသနီ။ ။ မျက်မှောက်ဆုံးမတာက ဩဝါဒ၊ မျက်ကွယ်မှာ တမန်လွှတ်၍ဖြစ်စေ၊ စာရေး၍ဖြစ်စေ ဆုံးမတာက အနုသာသနီ။ ဩဝါဒနဲ့ အနုသာသနီက အဲဒီလို ထူးပါတယ်။ အဲဒီလို ချစ်သားတို့ ဆုံးမကြ၊ ကန့်မြစ်ကြ။

ဩဝဒန္တော ဟိ အနုသာသန္တော အပဏ္ဍိတာနံ အပ္ပိယော ဟောတိ အမနာပေါ၊ ပဏ္ဍိတာနံ ပန ပိယော ဟောတိ မနာပေါ။

သာရိပုတ္တ မောဂ္ဂလ္လာနာ=ချစ်သား သာရိပုတ္တရာ၊ ချစ်သား မောဂ္ဂလ္လာန်တို့ ...။ ဟိ=မှန်၏။ ဩဝဒန္တော=ဆုံးမသော။ အနုသာ-သန္တော=ကန့်မြစ်စကား ပြောကြားတဲ့ ရဟန်းကို။ အပဏ္ဍိတာနံ= ပညာရှိ မဟုတ်တဲ့ ပုဂ္ဂိုလ်တို့က။ အပ္ပိယော=မချစ်အပ်သည်။ အမနာပေါ=မနှစ်သက်အပ်သည်။ ပဏ္ဍိတာနံ ပန=ပညာရှိတို့ သည်ကား။ ပိယော=ချစ်အပ်သည်။ မနာပေါ=နှစ်သက်အပ်သည်။ ဟောတိ=ဖြစ်၏။

အဲဒီလို မြတ်စွာဘုရား မိန့်ကြားပြီးတော့ ရှင်သာရိပုတ္တရာ၊ ရှင်

http:\\www.dhammadownload.com



မောဂ္ဂလ္လာန်တို့ မသွားခင် ဇေတဝန်ကျောင်းမှာ နေတုန်း မြတ်စွာဘုရား ဟောဒီဂါထာကို ဟောတော်မူတယ်။

ဩဝဒေယျာ + နုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။ ။

(ဘုရားဟောတုန်းက ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့ကိုပဲ အာလုတ်ထားသပေါ့။)

သာရိပုတ္တ မောဂ္ဂလ္လနာ=ချစ်သား သာရိပုတ္တရာ၊ ချစ်သား မောဂ္ဂလ္လာန်တို့ ...။ ဩဝဒေယျ=အဆုံးအမစကား ပြောကြားရာ၏။ အနုသာသေယျ=ကန်မြစ်စကား အဖန်ဖန် ပြောကြားရာ၏။ အသဗ္ဘာ စ=မကောင်းမှု အကုသိုလ် အလုပ်မှလည်း။ နိဝါရယေ= တားမြစ်ရာ၏။ ဟိ=မှန်၏။ သော=ထိုအဆုံးအမ ကန်မြစ်စကား ပြောကြားတဲ့သူကို။ သတံ=ပညာရှိ သူတော်ကောင်းတို့သည်။ ပိယော=ချစ်နှစ်သက်အပ်သည်။ ဟောတိ=ဖြစ်၏။ အသတံ=နှလုံး ကြမ်းကြုတ် လူသူယုတ်တို့ကတော့။ အပ္ပိယော=မချစ်မနှစ်သက် အပ်သည်။ ဟောတိ=ဖြစ်၏။

သာဝတ္ထိမှာ ဒီဂါထာကို တစ်ခါဟောလိုက်တယ်။ အဲ–ရှင်သာရိ–ပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်တို့ ကီဋာဂိရိကို သွားကြ၊ သူတို့ရဲ့တပည့် တွေကို ဆုံးမလို့ မရဘူး။ မရတဲ့အခါမှာလည်း ရှင်သာရိပုတ္တရာက ဒီဂါထာကိုပဲ ရွတ်ပြီးတော့ တစ်ခါ ဆုံးမပြန်တယ်။ ဆုံးမလို့ မရပေမယ့် လို့ တရားက အင်မတန် ကောင်းတယ်။ ဒါကြောင့် ဒီဂါထာကို ရွတ်ပြီး ဆုံးမပါတယ်။

ယခုတရားပွဲမှာလည်း တရားနာ ကိုယ်တော်တွေကို ဒီအတိုင်းပဲ ဟောပြန်ပါတယ်။

http:\\www.dhammadownload.com



(၁၄) ဩဝဒေယျာ + နုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။ ။

(ယခု သူ့တရားပွဲ။)

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အတ္တကာမော= အကျိုးစီးပွား လိုလားတဲ့ ပုဂ္ဂိုလ်သည်။ ဩဝဒေယျ=လက်ဦးအစ ဆုံးမစကား ပြောကြားရာ၏။ အနုသာသေယျ=ကန်မြစ်စကား အထပ်ထပ် ပြောကြားရာ၏။ အသဗ္ဘာ စ=သူတော်မဟုတ် လူသူယုတ်တို့၏ ဥစ္စာဖြစ်တဲ့ ပါပညစ်ကျူ မကောင်းမှုမှလည်း။ နိဝါရယေ=တားမြစ်ရာ၏။ သော= ထိုဩဝါဒ အနုသာသနီစကား မိန့်ကြားတဲ့ ပုဂ္ဂိုလ်ကို။ သတံ=ပညာရှိ သူတော်ကောင်းတို့သည်။ ပိယော=ချစ်နှစ်သက်အပ်သည်။ ဟောတိ=ဖြစ်၏။ အသတံ= သူတော်မဟုတ် လူသူယုတ်တို့ကတော့။ အပ္ပိယော= မချစ်မနှစ် သက်အပ်သည်။ ဟောတိ=ဖြစ်ပေ၏။

ယခု သူ့ရဲ့ တရားပွဲကြီးမှာ ဒီဂါထာကို ထည့်ဟောတော်မူတယ်။ အဲဒီခေတ် အဲဒီအချိန်နဲ့ မနီးမဝေး တစ်ချိန်မှာ ရဟန်းတော်တွေထဲ မှာ စကားတစ်ခု ဖြစ်ပွားတယ်။ ဘယ်လိုလဲဆိုတော့– "အေး ... အကြင် ပုဂ္ဂိုလ်ကို အဦးမူ၍ မြတ်စွာဘုရားသည် တရားဟော၏၊ ထိုတရားပွဲမှာ ထိုပုဂ္ဂိုလ်သာလျှင် ဥပနိဿရည်းနဲ့ ပြည့်စုံတယ်။ မဂ်ဖိုလ်ရကြောင်း ရေးကောင်းမှုနဲ့ ပြည့်စုံတယ်။ ဥပမာ အရှင်နန္ဒကို အကြောင်းပြု၍ တရားဟောတယ် ဆိုပါစို့။ အဲ ... အရှင်နန္ဒသာလျှင် ဥပနိဿရည်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ထိုတရားပွဲမှာ ဒီပြင်ပုဂ္ဂိုလ်တွေသည် မဂ်ဖိုလ်ရကြောင်း ရေးကောင်းမှု=ဥပနိဿယနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး"လို့ ရဟန်းတော်တွေမှာ အလွဲလွဲအမှားမှား အငြင်းစကား

http:\\www.dhammadownload.com



ဖြစ်ကြတယ်။

အဲဒီတော့ ရှင်သာရိပုတ္တရာက ဒီစကားကို "ဒီလို မဟုတ်ဘူး၊ အကြွင်း ပရိသတ်၌ မြတ်စွာဘုရားသည် အကြွင်းပုဂ္ဂိုလ်ကို ဦးတည်၍ တရားဟော၏၊ ထိုပုဂ္ဂိုလ်သည်သာလျှင် မဂ်ဖိုလ်ရဲ့ ဥပနိဿရည်းကောင်းမှု အထူးရှိတယ်၊ ဒီပြင်ပုဂ္ဂိုလ်မှာ မရှိဘူးဆိုတာ မဟုတ်ဘူး။ ငါကိုယ်တိုင် ကိုယ်တွေ့"။

အညဿ ဘဂဝါ ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ စက္ခုမာ - စသည်။

အဲဒီတုန်းက ကိုယ်တော်ပြောခဲ့တဲ့ စကားကို ယခု ဒီတရားပွဲမှာ ထည့်ဟောတယ်။

(၁၅) အညဿ ဘဂဝါ ဗုဒ္ဓေါ၊
ဓမ္မံ ဒေသေတိ စက္ခုမာ။
ဓမ္မေ ဒေသိယမာနမှိ၊
သောတ+မောဓေသိ+မတ္ထိကော။
တံ မေ အမောဃံ သဝနံ၊
ဝိမုတ္တောမှိ အနာသဝေါ။ ။

အာဝုသော = ငါ့ရှင်ဘုရား ရဟန်းများတို့ ... ။ ဘဂဝါ = ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံသော။ စက္ခုမာ=စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ=သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရားသည်။ အညဿ=ငါမှတပါး ငါ့ရဲ့တူ ဒီဃနခပရိဗိုဇ်အား။ ဓမ္မံ=တရားကို။ ဒေသေတိ=ဟောကြားတော်မူပြီ။

(ငါ့ကို တရားနာခံထားပြီး တရားဟောတာ မဟုတ်ဘူး၊ ငါ့တူဖြစ်တဲ့ ဒီဃနခပရိဗိုဇ်ကို တရားနာခံထားပြီး တရားဟောတာ။)

ဓမ္မေ=တရားကို။ ဒေသိယမာနမှိ=ဟောကြားတော်မူအပ်သည်ရှိသော်။ အဟံ=ငါသည်။ အတ္ထိကော=တရားတော်ကို အလို

http:\\www.dhammadownload.com



ရှိသော စိတ်ရှိသည်ဖြစ်၍၊ (ဝါ) တရားတော်ကို လိုလားတဲ့စိတ် ရှိပြီးသကာလ။ သောတံ ဩဓေသိ=နားစိုက်၍ ထောင်ခဲ့ပြီ။

(တစ်ခါတည်း မတုန်မလှုပ် သက်သက်ဝင်ဝင် တရားတော်ကို နားစိုက်ပြီးတော့ ထောင်ခဲ့တယ်။)

တံ သဝနံ=ထိုသို့ တရားတော်ကို နာရခြင်းသည်။ မေ=ငါ့ အဖို့။ အမောဃံ=အချည်းနှီး အလကား မဟုတ်ပေ။ ဝိမုတ္တော= ခပ်သိမ်းသော ကိလေသာတို့မှ ကျွတ်လွတ်သည်၊ (ဝါ) အရဟတ္တ ဖိုလ်ပေါက်ရောက်သည်။ အနာသဝေါ=လေးဖြာသော အာသဝေါ ကွာလျှော ကုန်ခန်းသည်။ အမှိ=ဖြစ်ရ၏။

မြတ်စွာဘုရား ဟောတာက ဒီဃနခအား ဟောတယ်။ ဒီဃနခမှာ သောတာပန်ပဲ ဖြစ်တယ်။ ငါ့မှာ အရဟတ္တဖိုလ်ပေါက် ရောက်တယ်။ အဲဒါကြောင့် ငါ့ရှင်တို့ ပြောနေကြတဲ့ "အကြင်ပုဂ္ဂိုလ်ကို ရည်စူး၍ တရားဟောယင် ထိုပုဂ္ဂိုလ်သည်သာလျှင် မဂ်ဖိုလ်ရဲ့ ဥပနိဿယနဲ့ ပြည့်စုံတယ်" ဆိုတာ မဟုတ်ပါဘူး။ အဲ-အကြောင်းအားလျော်စွာ ဒီ ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောသော်လည်းပဲ ထိုပုဂ္ဂိုလ်မှတစ်ပါး ကျွတ်တဲ့ ပုဂ္ဂိုလ်တွေ တရားပွဲတိုင်း တရားပွဲတိုင်းမှာ တွေ့ရပါတယ်။ ဓမ္မပဒတို့၊ ဇာတ်တော်တို့ကို ကြည့်ယင် ဒီတရားအကြောင်းပြုတဲ့ ပုဂ္ဂိုလ် က တစ်ဦးတည်းပေမယ်လို့ မြောက်မြားစွာသော ပုဂ္ဂိုလ်တွေ မဂ်ဖိုလ် ရသွားတာတွေကို ကိုယ်တော်တွေက မစဉ်းစားမိတော့ ပြောမိပြောရာ ပြောကြခြင်း ဖြစ်ပါတယ်။

ကိုင်း ...ဒါဖြင့်ယင် ရှင်သာရိပုတ္တရာသည် မိမိရဲ့ ကောင်းမှုက အနာသဝေါ=အာသဝေါ ကုန်ခန်းရုံ၊ ကိလေသာတို့မှ လွတ်ရုံ သာမည မှတ်ရမည်လားလို့ ဆိုတော့ မဟုတ်ဘူး။

(၁၆) နေဝ ပုဗ္ဗေနိဝါသာယ၊
နပိ ဒိဗ္ဗဿ စက္ခုနော။

http:\\www.dhammadownload.com



စေတော ပရိယာယ ဉာဏ္ဍိယာ၊
စုတိယာ ဥပပတ္တိယာ။
သောတ ဓာတု ဝိသုဒ္ဓိယာ၊
ပဏိဓိ မေ န ဝိဇ္ဇတိ။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ မေ=သာရိပုတ္တရာ ငါ၏(အဖို့ရာ)။ ပုဗ္ဗေနိဝါသာယ=ပုဗ္ဗေနိဝါသ အဘိညာဏ် အလို့ငှာ။ ပဏိဓိ=စိတ်ကို ထားခြင်း၊ ပရိကံ ပြုခြင်းသည်။ နေဝ ဝိဇ္ဇတိ=တစိုးတစိ မရှိပါ။ ဒိဗ္ဗဿ စက္ခုနော=ဒိဗ္ဗစက္ခု အဘိညာဏ်အလို့ငှာ။ ပဏိဓိ=စိတ်ကို ထားခြင်း ပရိကံပြုခြင်းသည်။ နပိ ဝိဇ္ဇတိ=တစိုးတစိ မရှိပါ။ စေတော ပရိယာယ=စေတော ပရိယ အဘိညာဏ် အလို့ငှာလည်းပဲ။ ပဏိဓိ=စိတ်ကိုထားခြင်း၊ ပရိကံပြုခြင်းသည်။ နပိ ဝိဇ္ဇတိ=တစိုးတစိ မရှိပါ။ ဣဒ္ဓိယာ=ဣဒ္ဓိဝိဓ အဘိညာဏ် အလို့ငှာ။ ပဏိဓိ=စိတ်ကိုထားခြင်း၊ ပရိကံပြုခြင်းသည်။ နပိ ဝိဇ္ဇတိ =တစိုးတစိ မရှိပါ။ စုတိယာ ဥပပတ္တိယာ=စုတူပပါတဉာဏ် အလို့ငှာ၊ (ဝါ) သတ္တဝါတို့ရဲ့ စုတိ၊ သတ္တဝါတို့ရဲ့ ပဋိသန္ဓေကို သိတဲ့ စုတူပပါတ ဉာဏ်အလို့ငှာ။ ပဏိဓိ= စိတ်ကိုထားခြင်း၊ ပရိကံပြုခြင်းသည်။ န ဝိဇ္ဇတိ=တစိုးတစိ မရှိပါ။ သောတဓာတု–ဝိသုဒ္ဓိယာ =ဒိဗ္ဗသောတ အဘိညာဏ်အလို့ငှာ (လည်းပဲ)။ မေ=ငါ့ အဖို့ရာ။ ပဏိဓိ=စိတ်ကိုထားခြင်း၊ ပရိကံပြုခြင်းသည်။ န ဝိဇ္ဇတိ =တစိုးတစိ မရှိပါ။

ဘာပြောလိုတာလဲဆိုတော့ – ငါ့ရှင်တို့ ...၊ ငါဟာ ပုဗ္ဗေနိဝါသ ဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ စေတောပရိယဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ စုတူပပါတ ဉာဏ်၊ ဒိဗ္ဗသောတဉာဏ်လို့ဆိုတဲ့ ဒီ လောကီအဘိညာဏ်တွေကို ရဖို့ ရန်အတွက် ပရိကံပြုခြင်း၊ အားထုတ်ခြင်း လုံးဝ မရှိဘူး။ ရှင်သာရိ ပုတ္တရာတို့လို မဟုတ်တဲ့ ပုဂ္ဂိုလ်များကျတော့ အဘိညာဏ်တစ်ခု တစ်ခု

http:\\www.dhammadownload.com



ပါရမည့်အကြောင်း နည်းပေါင်း တစ်ဆယ့်လေးမျိုး တစ်ဆယ့်လေးမျိုးတို့နဲ့ လေ့လာယူကြရတယ်၊ အဘိညာဏ်ရဖို့ရန် လွယ်ကူတဲ့ ကိစ္စမဟုတ်ပါ။ လောကီစျာန်သမာပတ် ရှစ်ပါးတို့ကို ရပြီးတဲ့နောက် အဲဒီစျာန်သမာပတ် ရှစ်ပါးတို့ကို ရပြီးတဲ့နောက် အဲဒီ စျာန်သမာပတ်ထဲမှာပါတဲ့ ရူပါဝစရ စတုတ္ထစျာန်က အဘိညာဏ်ကိစ္စ သိဒ္ဓိမြောက်အောင်နည်းပေါင်း တစ်ဆယ့်လေးမျိုး လေ့လာအားထုတ် ပရိကံပြုကြ ရပါတယ်။ အင်မတန် ပင်ပင်ပန်းပန်း အလုပ်လုပ်မှ အဘိညာဏ် ဆိုတာဖြစ်တယ်။

အရှင်သာရိပုတ္တရာက အဲဒီ အဘိညာဏ်နဲ့စပ်လို့ သူမှာ ပဏိဓိခေါ်တဲ့ စိတ်ကိုထားခြင်း၊ ပရိကံပြုခြင်း အလျှင်းမရှိဘူး ...တဲ့။ မရှိယင်ဘယ်လိုနည်းနဲ့ ရတာလဲ။ ဒါဖြင့်ယင် ရှင်သာရိပုတ္တရာသည် အဘိညာဏ် မရဘူးလို့ မှတ်ရမည်လား။ မရ မဟုတ်ဘူး၊ ရတယ်။ ရယင် သူ ဘယ်လိုနည်းနဲ့ ရသလဲ၊ မဂ္ဂသိဒ္ဓအဘိညာဏ်လို့ ခေါ်တယ်။ မဂ္ဂသိဒ္ဓအဘိညာဏ် မဂ္ဂသိဒ္ဓစျာန် ဆိုတာက မဂ်မရခင် စျာန် အဘိညာဏ် အလို့ငှာ အထူးပရိကံ အားမထုတ်ရဘဲ အရိယမဂ်ကို ရလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအဘိညာဏ်တွေ၊ လောကီစျာန်တွေ ရပြီးသားဖြစ်ပြီး ဝင်စားရုံ သုံးစွဲရုံသာ ဖြစ်တယ်။ ဒါပြောချင်လို့ ရှင်သာရိပုတ္တရာက ဒီဂါထာကို ရွတ်ဆို ဟောကြားတော်မူတာ။

ဟို ကိုယ်တော်တွေ ပြောတာက "ဒီဃနခပရိဗ္ဗိဇ်သာ မဂ်ဖိုလ်ရဲ့ဥပနိဿယနဲ့ ပြည့်စုံတယ်။ ကျန်တဲ့ ပုဂ္ဂိုလ်တွေက မပြည့်စုံဘူး"လို့ အဓိပ္ပာယ် သက်ရောက်နေတယ်။ ဒီတော့ ကိုယ်တော်တွေရဲ့ စကားအတိုင်း မဟုတ်တဲ့အကြောင်း ရှင်သာရိပုတ္တရာက "မိမိကိုယ်တိုင်က တရားနာခံ မဟုတ်ဘူး၊ တရားနာခံက သူ့ရဲ့တူ ဒီဃနခ၊ မိမိက ဘေးကနေပြီး သူတပါးဖို့ ခူးထားတဲ့ ထမင်းပွဲကို ဝင်ပြီးစားတာနဲ့ အင်မတန်တူတယ်" လို့ မိန့်ဆိုတော်မူလိုရင်း ဖြစ်တယ်။

တရားနာခံဖြစ်တဲ့ ဒီဃနခ သောတာပန် ဖြစ်တယ်လို့ သာမညပဲ

http:\\www.dhammadownload.com



လာတယ်၊ နောက် ဘာဖြစ်တယ်၊ မပါဘူး။ ရှင်သာရိပုတ္တရာကတော့ ၁၆ ပါးသော ပညာတွေကို အဲဒီပွဲမှာ ရလိုက်တယ်။ အခု သူ ထုတ်ဖော်ပြောနေတယ်။ မဂ္ဂသိဒ္ဓ အဘိညာဏ်တွေကို ရရှိတယ်။ တရားနာခံပုဂ္ဂိုလ်သာသျှင် ဥပနိဿယသမ္ပတ္တိ ရှိတယ်ဆိုတာ မဟုတ်တဲ့အကြောင်း ကောင်းကောင်းကြီး ဖော်ပြတယ်။ ဒါက တရားတစ်ထုံး။

တရားဟင်းလေးအိုးကြီးပါပဲ။ ဒီတစ်ပွဲထဲမှာ သူပဲ ဟောနိုင်တယ်၊ ဟောပြန့်ပြီ။

(၁၇) ရက္ခမူလံ နိဿာယ၊
မုဏ္ဍော သံဃာဋိ ပါရုတော။
ပညာယ ဥတ္တမော ထေရော၊
ဥပတိဿောဝ ဈာယတိ။ ။

(၁၈) အဝိတက္ကံ သမာပန္နော၊
သမ္မာသမ္ဗုဒ္ဓ သာဝကော။
အရိယနေ တုဏှီ ဘာဝေန၊
ဥပေတော ဟောတိ တာဝဒေ။

(၁၉) ယထာပိ ပဗ္ဗတော သေလော၊
အစလော သုပ္ပတိဋ္ဌိတော။
ဧဝံ မောဟက္ခယာ ဘိက္ခု၊
ပဗ္ဗတောဝ န ဝေဓတိ။ ။

ဒီ တရားဂါထာတွေကို ရှင်သာရိပုတ္တရာ ဘာဖြစ်လို့ သူ ဟောသလဲ၊ တစ်ချိန်က မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတယ်။ ထိုအခါ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလ္လာန်တို့ နှစ်ပါး အဲဒီ ရာဇဂြိုဟ်ပြည်ရဲ့အနီး ကပေါတကန္ဒရာ (တပေါဒါ မဟုတ်ဘူး) ကပေါတကန္ဒရာ=ဒီတောင်ကြားထဲမှာ ရှေးအခါက ခိုငှက်တွေနေလို့ ဒီတောင်ကြားကို "ကပေါတချောင်၊ ကပေါတ

http:\\www.dhammadownload.com



တောင်ကြား" လို့ ခေါ်တယ်။ အဲဒီ နိုတွေ ပေါ်တဲ့ နိုတောင်ကြား ကပေါတ တောင်ကြားမှာ သွားပြီးတော့ နေတော်မူကြတယ်။ အဲဒီလို နေတဲ့အခါ တစ်နေ့သ၌ ရှင်သာရိပုတ္တရာက ဆံတော်ချပြီးစ ဟင်းလင်း ပြင် လွင်တီးခေါင်ထွက်ပြီး ညချမ်း လဆန်းပက္ခမှာ သကနးကြေး ရုံပြီး တော့ ထိုင်၍ ဖလသမာပတ်ကို ဝင်စားနေတော်မူတယ်။ လရောင်နဲ့ ဆိုတော့ ဦးခေါင်းတော်ကလည်း ပြောင်နေတယ်။

အဲဒီအချိန်မှာ သူငယ်ချင်း ဘီလူးနှစ်ကောင် မြောက်အရပ်က တောင်အရပ်သို့ သူတို့ရဲ့ ဝေဿဝဏ်နတ်မင်းကြီးထံမှ ဘီလူးအစည်း အဝေးပြီးလို့ ပြန်လာကြတဲ့အခါ အရှင်သာရိပုတ္တရာကို မြင်ကြတယ်။ ဘီလူးတစ်ကောင်က ရှင်သာရိပုတ္တရာအပေါ်မှာ ဟိုအတိတ်ဘဝက ရန်ငြိုးပါခဲ့တဲ့အတွက် သူ့အဖော် ဘီလူးကို ဘာပြောသလဲဆိုတော့-

ပဋိဘာတိ မံ သမ္မ ဣမဿ သမဏဿ သီသေ ပဟာရံ ဒါတုံ။

သမ္မ=အချင်း ...။ မံ ပဋိ=ငါ၏စိတ်၌။ ဣမဿ သမဏဿ= ဤရဟန်း၏။ သီသေ=ဦးခေါင်း၌။ ပဟာရံ=ပုတ်ခတ်ခြင်းကို။ ဒါတုံ=ပေးခြင်းငှာ။ ဘာတိ=ထင်၍ ထင်၍ နေ၏။

ဟေ ... သူငယ်ချင်း၊ ငါ ဒီကိုယ်တော်ကို အင်မတန် ရိုက်ချင် တယ်ကွာ ... လို့ ဒီစကားကို ပြောတယ်။ ဒီတော့ အဖော်ဘီလူးက ဘာပြန်ပြောသလဲဆိုတော့ -

အလံ သမ္မ မာ သမဏံ အာသာဒေသိ။

သူငယ်ချင်း ...၊ မတော်ဘူး၊ ရဟန်းတော်သူမြတ်ကို မပြစ်မှားနဲ့၊ မထိပါးနဲ့၊ မနှိပ်စက်နဲ့။

ဥဠာရော သော သမ္မ သမဏော မဟိဒ္ဓိကော မဟာနုဘာဝေါ။

သမ္မ=သူငယ်ချင်း ...။ သော သမဏော=ထိုရဟန်းသည်။ ဥဠာရော=ပြန့်ပြော မြင့်မြတ်လှ၏။ မဟိဒ္ဓိကော=ကြီးသော တန်ခိုး

http:\\www.dhammadownload.com



ရှိ၏။ မဟာနုဘာဝေါ=ကြီးသော အာနုဘော် ရှိ၏။

အဖော်ဘီးလူးက "ဟာ ... သူငယ်ချင်း၊ မင်းသွားပြီးတော့ ရဟန်းတော်ကို မပြစ်မှားနဲ့၊ ဒီရဟန်းတော်ဟာ အလွန်မြင့်မြတ်တဲ့ ကိုယ်တော်၊ တန်ခိုးအာနုဘော် အင်မတန်ကြီးတဲ့ ကိုယ်တော်" အဲဒီလို တားမြစ်တယ်။

ဤနည်း သုံးကြိမ်တိုင်တိုင် ပြောတော့ သူငယ်ချင်း ဘီလူးကလည်း သုံးကြိမ်တိုင်တိုင် တားမြစ်တယ်။ တားပေမယ်လို့ မရဘူး။ အဲဒီရန်ငြိုး ပါတဲ့ ဘီလူးက ရှင်သာရိပုတ္တရာကို သူ့ပါတဲ့ တင်းပုတ်ကြီးနဲ့ တအားကုန် ရိုက်တယ်။ ရိုက်လိုက်တဲ့ လုံ့လပယောဂဟာ ဘယ်လောက် ပြင်းထန်သလဲဆိုတော့ -

တာဝ မဟာ ပဟာရော အဟောသိ၊ အပိတေန ပဟာရေန သတ္တရတနံ ဝါ အဍ္ဎမရတနံ ဝါ နာဂံ ဩသာဒေယျ မဟန္တံ ဝါ ပဗ္ဗတကူဋံ ပဒါလေယျ။

တေန ပဟာရေန=ထိုပုတ်ခတ်လိုက်တဲ့ ဒဏ်ဖြင့်။ သတ္တရတနံ နာဂံ ဝါ=အတောင်ခုနစ်တောင်မြင့်တဲ့ ဆင်ကိုပဲဖြစ်ဖြစ်။ အဍ္ဎမ-ရတနံ နာဂံ ဝါ=အတောင်ခုနစ်တောင်ခွဲ မြင့်တဲ့ ဆင်ပြောင်ကြီးကိုပဲဖြစ်ဖြစ်။ ဩသာဒေယျ=မြေကြီးထဲသို့ နစ်မြုပ်၍ သွားစေလေရာ၏။ မဟန္တံ ဝါ ပဗ္ဗတကူဋံ ပဒါလေယျ=အလွန်ကြီးတဲ့ တောင်ထွတ်ကိုသော်လည်း ဖြိုခွဲနိုင်လေရာ၏။ ပဟာရော=ရိုက်ခတ်လိုက်တဲ့ ဒဏ်သည်။ တာဝ=ထိုမျှလောက်။ မဟာ=ကြီးကျယ်လှဘိ၏။

ရိုက်လိုက်တဲ့ ဒဏ်ချက်ဟာ ဘယ်လောက်ကြီးသလဲဆိုယင် ခုနစ်တောင်ဆိုတာ ဒို့ အရပ်ထဲက သာမန်အတောင်မျိုး မဟုတ်ဘူးနော်။ "လက်မနစ်ဆယ်လေး၊ ခေါ်ရေးသံတောင်" တဲ့။ ၂၄ လက်မကို သံတောင် တစ်တောင်လို့ ခေါ်တယ်။ "ထိုနှောင်လက်မ၊ နှစ်ဆယ်က

http:\\www.dhammadownload.com



တော်၊ ရှစ်ခုကျော်မှု၊ ခေါ်ကြမှန်အောင်၊ ဆင်တိုင်းတောင်တည်း”တဲ့။ ဆင်ကို တိုင်းတဲ့ တစ်တောင်ဆိုတာ ၂၈ လက်မကို ဆင်တိုင်းတောင် တစ်တောင်လို့ ခေါ်တယ်။ အေး ... ပကတိ ကိုက်တောင်ဆိုတာ ၁၈ လက်မကို တစ်တောင်ခေါ်တယ်။ ဆင်တိုင်းတောင်အနေနဲ့ ခုနစ်တောင် ရှိတဲ့ ဆင်ပြောင်ကြီး၊ ခုနစ်တောင့်ထွာရှိတဲ့ ဆင်ပြောင်ကြီး ဖြစ်လင့် ကစား မြေကြီးထဲ မြုပ်ဝင်သွားလောက်တယ်။ အဲဒီလောက် ပြင်းထန်တဲ့ ဒဏ်ရာဒဏ်ချက်။ ဒါမှ မဟုတ်ဘူးပဆိုယင် တောင်ထွတ်ကြီး တစ်ခု လုံးကို ပြိုဆင်းသွားစေနိုင်တဲ့ ဒဏ်ရာဒဏ်ချက်ပါ။

အဲဒီလိုလည်း ရိုက်လိုက်ကရော ရှင်မဟာမောဂ္ဂလ္လာန်က သူ့နေရာ က နေရင်း သူ့သူငယ်ချင်းကို ကြည့်လိုက်တော့ “ဟာ...ငါ့သူငယ်ချင်း ကို ဘီလူးရိုက်နေပြီ” ဆိုတာကို တစ်ခါတည်း သိတယ်။ တစ်ခါတည်း ခပ်မြန်မြန် ကြွလာတယ်။ ဒီဘီလူးလည်းပဲ ရှင်သာရိပုတ္တရာကို ရိုက်ပြီး သည်နှင့် တစ်ပြိုင်နက် “ဍယှာမိ ဍယှာမိ=ပူလှချည့်၊ လောင်လှချည့်၊ ပူလှချည့်၊ လောင်လှချည့်” ပြောရင်း မြေကြီးထဲ တစ်ခါတည်း ဝင်ပြီး တော့ မဟာအဝီစိငရဲသို့ ဒုတ်ဒုတ်ထိ ရောက်သွားတယ်။ ဟာ...ဒါဖြင့် ယင် သူဟာ ဘီလူးဘဝနဲ့ အဝီစိရောက်တာလား၊ မဟုတ်ပါဘူး။ ဘီလူးဘဝက စုတေပြီးတော့ အဝီစိပဋိသန္ဓေနဲ့ သူ့ဘာသာသူ သွားရ ခြင်း ဖြစ်ပါတယ်။

ရှင်မဟာမောဂ္ဂလ္လာန် ရောက်လာတယ်။ ရှင်မဟာမောဂ္ဂလ္လာန် ရောက်တော့မှ ရှင်သာရိပုတ္တရာကလည်းပဲ ဖလသမာပတ်မှ ထတယ်။ ရှင်မဟာမောဂ္ဂလ္လာန်က “ငါ့သူငယ်ချင်းတော့ ဘီလူးရိုက်တဲ့ဒဏ် အင်မတန် ပြင်းထန်တယ်” ဆိုတာ သိတော့ –

ကစ္စိ တေ အာဝုသော ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ န ကိဉ္စိ ဒုက္ခံ။

http:\\www.dhammadownload.com



အာဝုသော=ငါ့ရှင် ...။ ကစ္စိ=အသို့နည်း။ တေ=သင်သည်။ ခမနီယံ=ဥတုဒဏ် ခံနိုင်စွမ်းရှိပါစ။ ကစ္စိ=အသို့နည်း။ ယာပနီယံ=ဣရိယာပထ မျှတပါစ။ ကစ္စိ=အသို့နည်း။ ကိစ္စိ=တစုံတခုသော။ ဒုက္ခံ=ဆင်းရဲမှု ဒုက္ခဝေဒနာ မဖြစ်ဘဲ ရှိပါစ။

ငါ့ရှင် ... ဘယ့်နယ်လဲ၊ ခံနိုင်ရည် ရှိရဲ့လား၊ မျှတရဲ့လား၊ ငါ့ရှင်ရဲ့ အဖို့ရာ တစုံတခု ဆင်းရဲဒုက္ခများ မဖြစ်ဘဲ ရှိပါရဲ့လား။

ရှင်မောဂ္ဂလ္လာန်က သိလို့ ရှင်သာရိပုတ္တရာကို အဲဒီလို မေးတော့ ရှင်သာရိပုတ္တရာက ဘယ်လို ပြန်ပြောသလဲ။

ခမနီယံ မေ အာဝုသော မောဂ္ဂလ္လာန၊ ယာပနီယံ မေ အာဝုသော မောဂ္ဂလ္လာန၊ အပိစ မေ သီသံ ထောကံ ဒုက္ခံ။

အာဝုသော မောဂ္ဂလ္လာန=ငါ့ရှင်မောဂ္ဂလ္လာန် ...။ မေ=ငါ့အဖို့ရာ။ ခမနီယံ=ခံနိုင်ပါ၏။ အာဝုသော မောဂ္ဂလ္လာန=ငါ့ရှင် မောဂ္ဂလ္လာန်။ မေ=ငါ့အဖို့ရာ။ ယာပနီယံ=မျှတပါ၏။ အပိစ=စင်စစ်သော်ကား။ မေ=ငါ၏။ သီသံ=ဦးခေါင်းသည်။ ထောကံ=အနည်းငယ်။ ဒုက္ခံ=ဆင်းရဲပါ၏။

ဒီတော့မှ ဦးခေါင်းကို စမ်းကြည့်တယ်။ စမ်းကြည့်ပြီးတော့ "ငါ့ရှင် မောဂ္ဂလ္လာန် ...၊ ငါ့ဦးခေါင်းတော့ နည်းနည်း ဆင်းရဲဘယ်" ဒါလောက်ပဲ ပြောတယ်။ ကာယိကဒုက္ခပေါ့။ ကာယဝိညာဏ်နဲ့ ယှဉ်တဲ့ ဒုက္ခဝေဒနာပဲ ဖြစ်တယ်။ ဒီတော့မှ အရှင်မောဂ္ဂလ္လာန်က အံ့သြစကား ပြောကြားတယ်။ ပြောပုံက –

အစ္ဆရိယံ အာဝုသော သာရိပုတ္တ၊

အဗ္ဘုတံ အာဝုသော သာရိပုတ္တ။

ငါ့ရှင် သာရိပုတ္တရာ ...၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ ငါ့ရှင် သာရိပုတ္တရာ ...၊ မဖြစ်စဖူး အထူးဖြစ်ပါပေစွ။

http:\\www.dhammadownload.com



ယာဝ မဟိဒ္ဓိကော အာယသ္မာ သာရိပုတ္တော မဟာနုဘာဝေါ။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် တန်ခိုးအာနုဘော် ကြီးမြတ်တော်မူလှပါပေ၏။ (ဘာဖြစ်လို့လဲဆိုတော့) ဣဓ တေ အာဝုသော သာရိပုတ္တ အညတရော ယက္ခော သီသေ ပဟာရံ အဒါသိ၊ ငါ့ရှင်သာရိပုတ္တရာ ... ၊ ငါ့ရှင် မသိလို့သာ၊ ဘီလူးတစ်ကောင်က သင့်ဦးခေါင်းကို ရိုက်သွားတယ်။

တာဝ မဟာ ပဟာရော အဟောသိ။

အဲဒီဘီလူး ရိုက်လိုက်တဲ့ ဒဏ်ချက်ဟာ ဘယ်လောက်ပြင်းထန်သလဲဆိုယင် -

အပိ တေန ပဟာရေန သတ္တရတနံ ဝါ အဍ္ဎမရတနံ ဝါ နာဂံ ဩသာဒေယျ၊ မဟန္တံ ဝါ ပဗ္ဗတကူဋံ ပဒါလေယျ။

အပိ=စင်စစ်။ တေန ပဟာရေန=ထိုရိုက်နက်လိုက်တဲ့ဒဏ်ကြောင့်။ သတ္တရတနံ ဝါ=ခုနစ်တောင် ရှိသည်လည်း ဖြစ်သော။ အဍ္ဎမရတနံ ဝါ=ခုနစ်တောင်ခွဲ ရှိသည်လည်း ဖြစ်သော။ နာဂံ ဝါ=ဆင်ပြောင်ကြီးကိုသော်မှလည်း။ ဩသာဒေယျ=မြေကြီးထဲဝင်သွားစေနိုင်ရာ၏။ မဟန္တံ=ကြီးစွာသော။ ပဗ္ဗတကူဋံ ဝါ=ကေလာသတောင်ထွတ်ကဲ့သို့သော တောင်ထွတ်ကိုသော်မှလည်း။ ပဒါလေယျ=ဖြိုခွဲနိုင်လေရာ၏။ တာဝ မဟာပဟာရော=ထိုမျှလောက် ယခု ပုတ်ခတ်လိုက်တဲ့ ဒဏ်သည် ပြင်းထန်လှပါ၏။

အထ စ ပနာယသ္မာ သာရိပုတ္တော ဧဝ မာဟ။

သို့ပင် ပြင်းထန်ပါလျက် အရှင်သာရိပုတ္တရာက ဤသို့ အဖြေစကား မိန့်ကြား၏။ (ဘယ်လိုလဲ။)

ခမနီယံ မေ အာဝုသော မောဂ္ဂလ္လာန=ငါ့ရှင်မောဂ္ဂလ္လာန် ...။ ငါ့အဖို့ရာ ကျန်းခံ့ပါ၏။ ယာပနီယံ မေ အာဝုသော မောဂ္ဂလ္လာန=

http:\\www.dhammadownload.com



ငါ့ရှင် မောဂ္ဂလ္လာန်၊ ငါအဖို့ရာ မှူတပါ၏။ အပိ စ မေ သိသံ ထောက် ဒုက္ခံ= ငါ့ရှင် မောဂ္ဂလ္လာန် ...။ ငါ့ ဦးခေါင်းတော့ အနည်း ငယ် ဆင်းရဲတယ်။ (အဲဒီလို အမိန့်ရှိတော်မူပါပေ၏။) လက်ဖျစ် တီး၍ အံ့ချီးထိုက်ပါပေစွ။

ဒီတော့ တစ်ခါ ရှင်သာရိပုတ္တရာကလည်း ပြန်ပြီးတော့ ချီးမွမ်း တယ်။ ဘယ်လိုလဲဆိုတော့ -

အစ္ဆရိယံ အာဝုသော မောဂ္ဂလ္လာန=ငါ့ရှင် မောဂ္ဂလ္လာန် ...။ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေ့။ အဗ္ဘုတံ အာဝုသော မောဂ္ဂလ္လာန=ငါ့ရှင် မောဂ္ဂလ္လာန် ...။ မဖြစ်စဖူး အထူးဖြစ်ပါပေ့။ (ဘာဖြစ်လို့လဲ ဆိုတော့) ယာဝ မဟိဒ္ဓိကော အာယသ္မာ မဟာ မောဂ္ဂလ္လာနော မဟာနုဘာဝေါ=အရှင်မဟာမောဂ္ဂလ္လာန်သည် အလွန့်အလွန် တန်ခိုးကြီးပါပေ၏။ အာနုဘော်လည်း ကြီးပါပေ ၏။ (ဘာကြောင့်လဲဆိုယင်)-ယတြ ဟိ နာမ ယက္ခမ္ပိ ပဿိဿတိ = ယတြ-ယသ္မာ = အကြင့်ကြောင့်။ ယက္ခမ္ပိ = ဘီလူးကိုပင်။ ပဿိဿတိ နာမ=မြင်တော်မူဘိ၏။ (ဒါကြောင့် အရှင်ဘုရား တန်ခိုးအာနုဘော် ကြီးတယ်လို့ တပည့်တော် ပြောတာ။)

မယံ ပနေတရဟိ ပံသုပိသာစကမ္ပိ န ပဿာမ။

မယံ ပန=တပည့်တော်တို့သည်ကား။ ဧတရဟိ=ယခုအခါ၌။ ပံသုပိသာစကမ္ပိ=မြေဘုတ်ဘီလူးကိုသော်မှ။ န ပဿာမ=မမြင်ကြ ရပါကုန်။

အရှင်မဟာမောဂ္ဂလ္လာန်သည် ဘီလူးကိုတောင် မြင်တယ်၊ တပည့် တော်တို့မှာဖြင့် ယခု မြေဘုတ်ဘီးလူးကလေးကိုတောင် မမြင်ကြရဘူး။ အရှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုးအာနုဘော် ကြီးပါဘိ၊ လက်ဖျစ် တီး၍ အံ့ချီးထိုက်ပါဘိ။

http:\\www.dhammadownload.com



အဲဒီလို တကယ့် မဟာနာဂ=ရဟန္တာ အရှင်မြတ်ကြီးနှစ်ပါး တစ်ပါးနှင့်တစ်ပါး ချီးမွမ်းစကား ပြောကြားတဲ့အသံကို ဘုရားကိုယ်တော်မြတ် ဝေဠုဝန်ကျောင်းတိုက်မှာ သိတင်းသုံးနေထိုင်ရင်း ဒိဗ္ဗသောတ အဘိညာဏ်နဲ့ ကြားတော့ ဘယ်သူမှ တရားနာခံ မရှိဘဲ –

ယဿ သေလူပမံ စိတ္တံ၊
ဌိတံ နာနုပကမ္ပတိ။
ဝိရတ္တံ ရဇနီယေသု၊
ကောပ နေယျေ န ကုပ္ပတိ။
ယဿေဝံ ဘာဝိတံ စိတ္တံ။
ကုတော တံ ဒုက္ခမေဿတိ။ ။

(ဟိုဘေးက ကိုယ်တော်တွေလည်း ရှိနေရင်း ဘာများပါလိမ့်လို့ မသိဘူး၊ ဘုရား ဘာသာ ဘုရား ဝေဠုဝန်ကျောင်းတိုက် ဂန္ဓကုဋီတိုက်ထဲက ဥဒါန်းကျူးရင့်နေတာ။)

ယဿ=အကြင် ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ=စိတ်သည်။ သေလူပမံ=ကျောက်တောင်ကြီးလျှင် ဥပမာ ရှိသည်ဖြစ်၍။ ဌိတံ=ကြံ့ကြံ့ခိုင်ကျည် တည်နေ၏။ နာနုပကမ္ပတိ=အနည်းငယ်မျှ မတုန်လှုပ်ပါချေ။ တံ စိတ္တံ=ထိုစိတ်သည်။ ရဇနီယေသု=တပ်မက်ဖွယ်သော အာရုံတို့၌။ ဝိရတ္တံ= တပ်ခြင်းကင်းပေ၏။ ကောပနေယျေ=အမျက်ထွက်ဖွယ် အာရုံ၌။ န ကုပ္ပတိ=အမျက်မထွက်။

ရဟန္တာပုဂ္ဂိုလ်ရဲ့ စိတ်သည် တပ်မက်ဖွယ်ကောင်းတဲ့ အာရုံတွေမှာလည်း မတပ်မက်ဘူး။ အမျက်ထွက်စရာကောင်းတဲ့ အာရုံတွေမှာလည်း အမျက်မထွက်ဘူး။ လူလူချင်း လူ့ဘဝ လူ့ဝတ်ကြောင် ဘဝမှာသာဆိုယင် ရှင်မဟာမောဂ္ဂလ္လာန်လို တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ "ငါ့ သူငယ်ချင်းကို မင်း စော်ကားရသလား" ဆိုပြီး ဘာလုပ်လိုက်မည်လဲ၊ စဉ်းစားသာ ကြည့်ပေတော့။ ယခုမှာမူ ရဟန္တာဖြစ်နေကြတော့ ဘီလူးရဲ့

http:\\www.dhammadownload.com



အပေါ်မှာ ရှင်သာရိပုတ္တရာကလည်း စိတ်မဆိုးဘူး၊ ရှင်မဟာမောဂ္ဂလ္လာန်ကလည်း စိတ်မဆိုးဘူး၊ အဲဒီ သူတို့ရဲ့ စိတ်တွေကို မြတ်စွာဘုရားက ဝေဠုဝန်ကျောင်းတော်ကနေပြီး ဥဒါန်းကျူးနေတယ်။

ယဿ=အကြင်သူသည်။ စိတ္တံ=မိမိ၏စိတ်ကို။ ဝေ=ဤသို့ အရဟတ္တဖိုလ်ပေါက်။ ဘာဝိတံ=ပွားများ၍ ထားအပ်ပေ၏။ တံ= ထို အရဟတ္တဖိုလ်ပေါက် စိတ္တဘာဝနာ သိဒ္ဓိရောက်တဲ့ ပုဂ္ဂိုလ်ကို။ ဒုက္ခံ=ဆင်းရဲဒုက္ခသည်။ ကုတော ဧဿတိ=အဘယ်မှာလျှင် လာရောက်ချိမ့်မည်နည်း။ န ဧဿတိ ဝေ=မလာရောက်သည်သာ။ မြတ်စွာဘုရားက "မိမိရဲ့ စိတ်ကို အရဟတ္တဖိုလ်ပေါက် ရောက်အောင်သာ ပွားထားပါ၊ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘယ်တော့မှ ဒုက္ခ မရောက်ဘူး"တဲ့။

အဲဒီသုတ်ကို ယက္ခပဟာရသုတ်လို့ ခေါ်တယ်။ အဲဒီ ယက္ခပဟာရ သုတ်တုန်းက ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ကို ရှင်သာရိပုတ္တရာက ယခုတရားပွဲမှာ တရားဂါထာအနေနဲ့ ဟောတယ်။

(၁၇) ရုက္ခမူလံဝ နိဿာယ၊
မုဏ္ဍော သံဃာဋိပါရုတော။
ပညာယ ဥတ္တမော ထေရော၊
ဥပတိဿောဝ ဈာယတိ။ ။

ရုက္ခမူလံဝ=သစ်ပင်ရင်းကဲ့သို့။ (အဗ္ဘောကာသံ=ဟင်းလင်း အပြင် လွင်တီးခေါင်ကို။) နိဿာယ=အမှီပြု၍။ (သစ်ပင်ရင်းမှာ ဟင်းလင်းအပြင် လွင်တီးခေါင်ကို အမှီပြုပြီးတော့) မုဏ္ဍော= ဆံများကိုရိတ်သစ်ပြီးစ ဖြစ်လျက်။ သံဃာဋိပါရုတော=သင်္ကန်းကို ခြုံရုံလျက်။ ပညာယ ဥတ္တမော=ပညာဧတဒဂ်ရဖြစ်သော။ ထေရော = မထေရ်မြတ်သည်။ ဥပတိဿောဝ = ဥပတိဿ အမည်တော်ရှိ သည် ဖြစ်၍သာလျှင်။ ဈာယတိ = လက္ခဏူပနိဇ္ဈာန ဈာန်ကို

http:\\www.dhammadownload.com



အဖန်ဖန် ဝင်စား၍ နေလေ၏။

(၁၈) အဝိတက္ကံ သမာပန္နော၊
သမ္မာသမ္ဗုဒ္ဓသာဝကော။
အရိယေန တုဏှီဘာဝေန၊
ဥပေတော ဟောတိ တာဝဒေ။ ။

သမ္မာသမ္ဗုဒ္ဓသာဝကော = မြတ်စွာဘုရား၏ လက်ယာရံ သာဝက ဖြစ်တော်မူသော မထေရ်မြတ်သည်။ အဝိတက္ကံ=စတုတ္ထ ဈာန် အဝိတက္က သမာပတ်ကို။ သမာပန္နော=ဝင်စားတော်မူသည်ဖြစ်၍။ အရိယေန တုဏှီဘာဝေန=အမြတ်ဆုံးဖြစ်သော မတုန်မလှုပ် ဆိတ်ငြိမ်ခြင်း တုဏှီဘောနှင့်။ တာဝဒေ=ထိုခဏ၌။ ဥပေတော= ပြည့်စုံ၍ နေသည်။ ဟောတိ=ဖြစ်၏။

ဘီလူးရိုက်တဲ့အချိန်မှာ အရဟတ္တဖိုလ် သမာပတ် ဝင်စားပြီးတော့ အင်မတန် အရိယတုဏှီဘာဝဂုဏ်နဲ့ ပြည့်စုံနေတယ်။

(၁၉) ယထာပိ ပဗ္ဗတော သေလော၊
အစလော သုပ္ပတိဋ္ဌိတော။
ဧဝံ မောဟက္ခယာ ဘိက္ခု၊
ပဗ္ဗတောဝ န ဝေဓတိ။ ။

(ယက္ခေန=ရန်သူဘီလူးသည်။ ပဟရိယမာနောပိ=ပုတ်ခတ် အပ်သော်လည်း။) သေလော=ကျောက်အတိပြီးသော။ ပဗ္ဗတော= တောင်သည်။ အစလော=မတုန်လှုပ်သည်။ သုပ္ပတိဋ္ဌိတော=ကြံ့ကြံ့ ခိုင်ကျည် ကောင်းစွာတည်သည်။ ဟောတိ ယထာပိ=ဖြစ်သကဲ့သို့။ ဧဝံ=ဤအတူ။ မောဟက္ခယာ=မောဟခပ်သိမ်း ကင်းငြိမ်းခြင်း ကြောင့်။ ဘိက္ခု=ရဟန်းသည်။

(ဘယ်သူလည်းဆိုယင် ကိုယ်တော့်ကိုယ် ကိုယ်တော် လက်ညှိုး ထိုးပြရလိမ့်မယ်။)

http:\\www.dhammadownload.com



ပဗ္ဗတောဝ=ကျောက်တောင်ကြီးကဲ့သို့။ န ဝေဓတိ=မတုန်လှုပ်ခဲ့ချေ။

အေး ... ၊ အရိယတုဏှီဘာဝဂုဏ်ရအောင် အရဟတ္တဖိုလ်သို့ ရောက်အောင် ငါ့ရှင်တို့ သွားကြ၊ အရဟတ္တဖိုလ်သို့ ရောက်အောင် သွားလို့ရှိယင်ဖြင့် ကျောက်သားတောင်ကြီးကဲ့သို့ ဘယ်လို လောကဓံနဲ့ တွေ့တွေ့ မတုန်လှုပ်တော့ဘူး။ သိတင်းသုံးဖော် ရဟန်းတော်တွေကို ယက္ခပဟာရသုတ်တုန်းက ကိုယ်တော်ခံခဲ့ရတဲ့ ဖြစ်ရပ်ကို အရိပ်အမြွက် ဖော်ပြပြီး ဒီတရားဂါထာ သုံးဂါထာတို့ကို ဟောတော်မူတယ်။ ဒါက ဘုရားဟော ဂါထာ မဟုတ်ဘူး။ ရှင်သာရိပုတ္တရာဟောတဲ့ ဂါထာများ ဖြစ်တယ်။ ဘုရားဥဒါန်းကျူးရင့်တဲ့ ဂါထာကိုတော့ ခုတင်က ပြောခဲ့ပြီ။

ပြီးပြီလား၊ မပြီးသေးဘူး၊ တစ်ချိန်က ရှင်သာရိပုတ္တရာသည် အမှတ်တမဲ့ သင်္ကန်းကို ကိုင်လိုက်တော့ သင်္ကန်းအစွန်းကလေးက နည်းနည်းတွဲလျားကျနေတယ်။ ထိုအခါ အနီးအနားမှာရှိတဲ့ ကိုရင်ကလေး တစ်ပါးက –

"ဘန္တေ ပရိမဏ္ဍလံ နိဝါသေတဗ္ဗံ၊ ပရိမဏ္ဍလံ ပါရုပိတဗ္ဗံ= အရှင်ဘုရား ...၊ အဝန်းညီစွာ သင်းပိုင်ကို ဝတ်ရပါမယ်ဘုရား၊ အဝန်းညီစွာ ဧကစီကို ရုံရပါမယ် ဘုရား" လို့ ပြောတဲ့အခါ–

"ဘဒ္ဒံ တယာ သုဋ္ဌု ဝုတ္တံ။ တယာ=သင်သည်။ ဘဒ္ဒံ=ကောင်းသောစကားကို။ သုဋ္ဌု= ကောင်းစွာ။ ဝုတ္တံ=ပြောအပ်ပါပေ၏။"

အို ... ကိုရင်၊ ကိုရင်ပြောတာ သိပ်ကောင်းတဲ့စကားလို့ ဆိုပြီး ဟို...တစ်နေရာ သွားပြီးတော့ သင်္ကန်းကို ပြင်ပြီး ဝတ်ရုံတယ်။ သံယုတ္တ အဋ္ဌကထာမှာတော့ ရှင်မဟာဗုဒ္ဓဃောသက "သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံပြီးတဲ့အခါ ကိုင်း ... တော်လောက်ပြီလား ဆရာလေးရယ်"လို့ ဒီလိုများ မေးသေးတယ်လို့ ဖွင့်ပြပါတယ်။ အဲဒီနေရာမှာပဲ သံယုတ္တ အဋ္ဌကထာမှာတော့ အရှင်သာရိပုတ္တရာရဲ့ ရဲရဲတောက်=သီဟနာဒ

http:\\www.dhammadownload.com



ဂါထာကို ဤသို့ ဖော်ပြပါတယ်။

တဒဟု ပဗ္ဗဇိတော သန္တော၊
ဇာတိယာ သတ္တဝဿိကော။
သောပိ မံ အနုသာသေယျ၊
သမ္ပဋိစ္ဆာမိ မတ္ထကေ။

ဇာတိယာ=မွေးဖွားသည်မှ။ သတ္တဝဿိကော=ခုနစ်နှစ်အရွယ်သာ ရှိသေးသော။ တဒဟု ပဗ္ဗဇိတော=ထိုနေ့မှပင် ရှင်ပြုပြီးစသာမဏေငယ်ကလေးကပင်။ သန္တော=ဖြစ်ပါစေ။ သောပိ=ထိုသည့်နေ့မှ ရှင်ပြုပြီးစ ခုနစ်နှစ်အရွယ် သာမဏေငယ်ကလေးကပင် သော်လည်း။ မံ=ငါ့ကို။ အနုသာသေယျ=ဆုံးမစကား ပြောဆိုငြားအံ့။ မတ္ထကေ–မတ္ထကေန=ဦးခေါင်းဖြင့်။ သမ္ပဋိစ္ဆာမိ=နှစ်သက်ကြည်ဖြူ ငါ ခံယူပါအံ့။

ရှင်သာရိပုတ္တရာက ယခုထေရဂါထာကျတော့ "ကိုရင်က အဲဒီလိုပြောတယ်ဆိုယင်ပဲ၊ ဘဒ္ဒံ တယာ သုဋ္ဌု ဝုတ္တံ=ကိုရင် ...၊ ကိုရင်က ကောင်းတာကို ကောင်းကောင်းကြီး ပြောလိုက်တာပဲ ဆိုပြီး ဦးခေါင်းဖြင့် တရိုတသေ ခံယူသလို ထိုခဏမှာပင် အနည်းငယ် လမ်းဘေးဆင်း၍ အဝန်းညီစွာ ဝတ်ရုံပြီးလျှင် "မာဒိသာနံ အယမ္ပိ ဒေါသော ယေဝ=ငါတို့လို ပုဂ္ဂိုလ်များအတွက် ဤကဲ့သို့ မညီမညွတ် ဝတ်ရုံခြင်းသည်လည်း အပြစ်ဒေါသပင်" ဟု ပြတော်မူလို၍ –

(၂၀) အနင်္ဂဏဿ ပေါသဿ၊
နိစ္စံ သုစိ ဂဝေသိနော။
ဝါလဂ္ဂမတ္တံ ပါပဿ၊
အဗ္ဘမတ္တံဝ ခါယတိ။

ဤဂါထာကို ဟောတော်မူတယ်။

http:\\www.dhammadownload.com



အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အနင်္ဂဏဿ= ကိလေသာဟူ မြူအညစ်အကြေး ကင်းဝေးတော်မူထသော။ နိစ္စံ= အမြဲတစေ။ သုစိဂဝေသိနော=စင်ကြယ်တဲ့ ကောင်းမှုကို ရှာမှီးလေ့ ရှိပေသော။ ပေါသဿ=ပုဂ္ဂိုလ်သူမြတ်၏ (အဖို့ရာ)။ ပါပဿ= မကောင်းမှု၏။ ဝါလဂ္ဂမတ္တံ=သားမြီးဖျားမျှပင် ဖြစ်စေကာ။ အဗ္ဘမတ္တံဝ=တိမ်တိုက်ကြီးလောက်။ ခါယတိ=ထင်၍နေပါ၏ ...။

သူတော်ကောင်းဆိုယင် အကုသိုလ်အမှုဟာ သားမြီးဖျားလောက် ကလေးပင် ဖြစ်လင့်ကစား တိမ်တိုက်ကြီးလို အောက်မေ့ရမယ် ငါ့ရှင်တို့ ...။ အောက်မေ့ပြီး အကုသိုလ်မှုမှ ကြောက်ကြရမယ်။

အဲဒီလို ဟောပြီးတဲ့နောက် ကိုယ်တော်ရဲ့ အဖို့ရာ သေခြင်း ရှင်ခြင်း ဤနှစ်ခင်း၌ ဖောက်ပြန်ခြင်း အလျှင်းမရှိ၊ တူမျှသောစိတ် ရှိသည်ကို ပြတော်မူလို၍ –

(၂၁) နာဘိနန္ဒာမိ မရဏံ၊
နာဘိ နန္ဒာမိ ဇီဝိတံ။
နိက္ခိပိဿံ ဣမံ ကာယံ၊
သမ္ပဇာနော ပဋိဿတော။

(၂၂) နာဘိနန္ဒာမိ မရဏံ၊
နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊
နိဗ္ဗိသံ ဘတကော ယထာ။

ဤနှစ်ဂါထာကို ဟောတော်မူတယ်။

(၂၁) အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အဟံ= သာရိပုတ္တရာမထေရ် ငါသည်။ မရဏံ=စုတိပြတ်ကြွေ သေလွန်ရ ခြင်းကို။ နာဘိနန္ဒာမိ=မနှစ်သက်ပါ။ ဇီဝိတံ=အသက်ရှည်ထွေ တည်နေရခြင်းကို။ နာဘိနန္ဒာမိ=မနှစ်သက်ပါ။(ဘာဖြစ်လို့တုန်း။)

http:\\www.dhammadownload.com



မရဏာဆိုတဲ့ သေခြင်းသဘောဟာ ဘဝတစ်ခုမှာ နောက်ဆုံးဖြစ်တဲ့ စိတ်ရဲ့ ဘင်ခဏလေးကို ပါဠိလို မရဏ၊ မြန်မာလို သေခြင်းလို့ ခေါ်တယ်။ ဓိဝိတဆိုတာက မရဏ မတိုင်ခင် ဒီဘက်ပိုင်းက စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ နာမ်တရားတွေ မရပ်မနား ဖြစ်ပွားနေတာကို ခေါ်တယ်။ ရှင်သာရိပုတ္တရာက ယခု ဟောနေတယ်။

"ငါဟာ...တဲ့၊ သေခြင်းကို မနှစ်သက်ဘူး၊ အသက်ရှည်တွေ တည်နေရခြင်းကိုလည်းပဲ မနှစ်သက်ဘူး၊ ဘာဖြစ်လို့လဲ။ သေတယ်ဆိုတာလည်းပဲ အဲဒီအချိန်ကလေးမှာ ခန္ဓာငါးပါး မကင်းသေးဘူး၊ ခန္ဓာငါးပါး မကင်းတော့ ဒီခန္ဓာငါးပါးကို ငါ မနှစ်သက်ဘူး၊ သေတယ်ဆိုတာ ဘင်ခဏသို့ ရောက်တဲ့ ခန္ဓာငါးပါးပဲ၊ ပရမတ္ထ စကားပြောယင် သေခြင်းကို နှစ်သက်တယ်ဆိုတာ ဘင်ခဏသို့ရောက်တဲ့ ခန္ဓာငါးပါးကို နှစ်သက်တယ်လို့ ဖြစ်နေတယ်။ အဲဒါကြောင့် ဘင်ခဏသို့ ရောက်နေတဲ့ ခန္ဓာငါးပါးကို ငါ မနှစ်သက်ဘူး။ ပြီးတော့ ဘင်ခဏသို့ မရောက်သေးတဲ့ ရှေ့ပိုင်းက ဖြစ်ဖြစ်သမျှသော ခန္ဓာငါးပါးကိုလည်း ငါမနှစ်သက်ဘူး"၊ "နာဘိနန္ဒာမိ ဓိဝိတံ" ဆိုတာ ဒါကို ပြောနေတာ။

အဟံ=ငါသည်။ ဣမံ ကာယံ=ဤ ယခုရနေတဲ့ ကိုယ်ခန္ဓာကို။ သမ္ပဇာနော=ကောင်းစွာ မြော်မြင်ပညာရှိသည် ဖြစ်၍။ ပဋိဿတော=အမြဲတစေ ထင်သော သတိရှိသည်ဖြစ်၍။ နိက္ခိပိဿံ=ငါ စွန့်ချရပေလတ်အံ့ ...။

ယခုတော့ မစွန့်ချရသေးဘူး။ ၄၅ ဝါပြည့်လို့ ဟို ... မယ်တော်တိုက်ခန်း မယ်တော်ရဲ့ နေအိမ်မှာ ပရိနိဗ္ဗာန် ဝင်စံတဲ့အခါမှာ စွန့်ချရပေလိမ့်မည်။

(၂၂) အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အဟံ=သာရိပုတ္တရာ မထေရ် ငါသည်။ မရဏံ=စုတိပြတ်ကြွေ သေလွန်ရ

http:\\www.dhammadownload.com



ခြင်းကို။ နာဘိနန္ဒာမိ=မနှစ်သက်ပါ။ ဗိဝိတံ=အသက်ရှည်ထွေ တည်နေရခြင်းကို။ နာဘိနန္ဒာမိ=မနှစ်သက်ပါ။

(ဘာကို ကိုယ်တော် နှစ်သက်၊ ဘာကို ကိုယ်တော် အလိုရှိသတုံး ဆိုတော့) -

စ=မနှစ်သက်အပ်သည်မှတပါး ငါ နှစ်သက်အပ်သည့်အရာကား။ ဘတကော=နေ့စား လစား အလုပ်သမားသည်။ နိဗ္ဗိသံ=နေ့လစေ၍ ထုတ်ပေးတဲ့ နေ့ခ, လခကို။ အာကခ်တိ ယထာ=အလိုရှိသကဲ့သို့။ အဟံပိ=သာရိပုတ္တရာ မထေရ် ငါလည်းပဲ။ ကာလဉ္စ ကာလံ ဝေ=ပရိနိဗ္ဗာန စုတိ၏ အခြားမဲ့ကာလကိုသာလျှင်။ ပဋိကခ်ါမိ=တောင့်တလင့်ဆို ငါ အလိုရှိပါ၏။

ပရိနိဗ္ဗာနစုတိစိတ် ချုပ်ပြီးတဲ့ အခြားမဲ့ ကာလကလေးကိုပဲ ငါ လိုချင်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ အနုပါဒိ ပရိနိဗ္ဗာန်စံတယ်ဆိုတာ အဲဒီအခါကလေးကို ပြောတာ။ အဲဒီအခါကလေးက အနုပါဒိ ပရိနိဗ္ဗာန် စံပြီး သံသရာဇာတ်သိမ်းပြီး အပြီးအပိုင် ငြိမ်းသွားတဲ့ အခါကလေး ဖြစ်တယ်။ နေ့စား လစား အလုပ်သမားဟာ နေ့ခ လခကို အလိုရှိသလို ငါ အဲဒီအခါကိုပဲ အလိုရှိတယ်။

ဥပမာပုံ အလုပ်ခွင်ကို သွားကြည့်လိုက်၊ အလုပ်သမားတွေ ဝမ်းပန်းတသာ နေ့စားက နေ့စားမို့လို့၊ လစားက လစားမို့လို့ ကိုယ့်အလုပ်ကိုယ် လုပ်နေကြတယ်။ အဲဒီ အလုပ်ကို နှစ်သက်လို့လား၊ မြတ်နိုးလို့လား၊ မဟုတ်ဘူး။ သူလိုချင်တာက အချိန်စေ့လို့ရမယ့် နေ့ခ၊ လစေ့လို့ရမယ့် လခကိုသာ အလိုရှိတယ်။ အေး၊ ငါလည်းပဲ အဲဒီ နေ့စား လစား အလုပ်သမားဟာ နေ့ခ လခကို အလိုရှိသလို၊ ပရိနိဗ္ဗာနစုတိစိတ်၏ အခြားမဲ့ နောက်ကာလဆိုတဲ့ အနုပါဒိ ပရိနိဗ္ဗာန် စံရတဲ့ အချိန်ကလေးကိုပဲ ငါအလိုရှိပါတယ်။

ဒီတော့ ငါ့ရှင်တို့အား ငါ တရားဟောမယ်။

http:\\www.dhammadownload.com



(၂၃) ဥဘယေန+မိဒံ မရဏမေဝ၊
နာ+မရဏံ ပစ္ဆာ ဝါ ပုရေ ဝါ။
ပဋိပဇ္ဇထ မာ ဝိနဿထ၊
ခဏော ဝေါ မာ ဥပစ္စဂါ။ ။

(၂၄) နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊
ခဏော ဝေါ မာ ဥပစ္စဂါ။
ခဏာတီတာဟိ သောစန္တိ၊
နိရယမှိ သမပ္ပိတာ။ ။

(၂၃) အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ဣဒံ=ကိုယ်ကာယ ခန္ဓာ ပဉ္စကသည်။ ဥဘယေန=နှစ်ပါးသောအခါ၌။ မရဏမေဝ=စုတိပြတ်ကြွေ သေလွန်ရခြင်းသည်သာ။ ဟောတိ=ဖြစ်၏။ အမရဏံ=မသေရခြင်းသည်။ န ဟောတိ=မဖြစ်။

ငါ့ရှင်တို့ ...၊ သတိမမေ့ကြနဲ့၊ ငါ့ရှင်တို့ ရနေတဲ့ ဤခန္ဓာပဉ္စက ဆိုတဲ့ ရုပ်နာမ်တရား နှစ်ပါးသည် ရှေ့ပိုင်း နောက်ပိုင်း နှစ်ပိုင်းသော အချိန်အတွင်းမှာပင် ငါ့ရှင်တို့ သေခြင်းနဲ့ ဇာတ်သိမ်းကြရမှာပဲ၊ အဲဒီ နှစ်ပါးသောအချိန်၌ သေရမယ်ဆိုတာ ဘာလဲဆိုတော့ -

ပစ္ဆာဝါ=အနှစ်ငါးဆယ်ရဲ့ နောက်မှာပဲဖြစ်စေ။ ပုရေ ဝါ=အနှစ်ငါးဆယ်ရဲ့ ရှေ့မှာပဲဖြစ်စေ။ မရဏမေဝ=စုတိပြတ်ကြွေ သေရခြင်းသည်သာ။ ဟောတိ=ဖြစ်၏။

ငါ့ရှင်တို့ ...၊ အနှစ်တစ်ရာတမ်းမှာ အနှစ်ငါးဆယ်မြောက်သည် ဘဝရဲ့အလယ်ဖြစ်တယ်၊ အဲဒီအနှစ်ငါးဆယ်ရဲ့ နောက်ပိုင်းအချိန်မှာ သော်လည်းကောင်း၊ သို့မဟုတ် အနှစ်ငါးဆယ်ရဲ့ ရှေ့ပိုင်းအချိန်မှာ သော်လည်းကောင်း၊ ဤအချိန် နှစ်ချိန်တွင် တစ်ချိန်ချိန်မှာ သေရမှာ အမှန်ပဲ။

http:\\www.dhammadownload.com



ပဋိပဇ္ဇထ=ပဋိပတ္တိ အလုပ်ကို ကြိုးကုတ် အားထုတ်ကြကုန်လော့။ မာ ဝိနဿထ=ကိုယ့်ကိုယ်ကို အဆုံးအရှုံး မခံကြကုန်လင့်။ ဝေါ=သင်တို့အား။ ခဏော=ဘုရားသာသနာ ပွင့်လင်းရာ အခါကာလ၊ သာသနာပွင့်လင်းတဲ့ ဒေသမှာ ဖြစ်ပွားရတဲ့ အခွင့်ကောင်း၊ သမ္မာဒိဋ္ဌိ အယူရှိတဲ့ လူ့အဖြစ်ဆိုတဲ့ အခွင့်ကောင်း၊ မျက်စိ၊ နား၊ နှာ၊ ကိုယ်အင်္ဂါမချို့တဲ့ခြင်းဆိုတဲ့ အခွင့်ကောင်း အခါကောင်းသည်။ ဝေါ=ငါ့ရှင်ဘုရား ရဟန်းများတို့ကို။ မာ ဥပစ္စဂါ=လွန်၍ မသွားပါစေလင့်။

ခဏဆိုတာ ပါဠိစကား။ မြန်မာပြန်လျှင် အခွင့်ကောင်းလို့ ပြန်ရတယ်။ အခွင့်ကောင်း လေးမျိုးကို အဋ္ဌကထာ၌ ဖော်ပြထားတယ်။

(၁) ဘုရားသာသနာဆိုတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးယခု ထင်ရှား ရှိနေတယ်။ ဒါကိုလည်းပဲ ဗုဒ္ဓုပ္ပါဒ နဝမခဏလို့ ခေါ်တယ်။

(၂) သာသနာပွင့်လင်းရာ ဒေသ၌ ဖြစ်ရခြင်းလည်းပဲ အလွန်ကောင်းတဲ့ အခွင့်ပါ။ ဒါက ဒုတိယခဏ။

(၃) သာသနာ ပွင့်လင်းတဲ့ နေရာမှာပင် လူဖြစ်လင့်ကစား မိစ္ဆာအယူဝါဒ ရှိနေယင် သာသနာ၏ အကျိုးကို မခံစားရဘူး။ မိမိကိုယ်တိုင်က သာသနာပွင့်လင်းတဲ့ နေရာမှာ သမ္မာဒိဋ္ဌိ အယူ ရှိခြင်းလည်းပဲ အခွင့်ကောင်း အခါကောင်း၊ မဂ်ဖိုလ်ရရန် အလွန်ကောင်းတဲ့ အခွင့်အခါ=ခဏ ဖြစ်ပါတယ်။

(၄) အဲ ... မိမိကိုယ်တိုင်က သာသနာခေတ်မှာ သာသနာပွင့်လင်းတဲ့ နေရာမှာ သမ္မာဒိဋ္ဌိအယူရှိတဲ့ လူ ပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား မျက်စိက ကွယ်နေမယ်၊ နားကပဲ ပင်းနေမယ်ဆိုယင် ဘယ့်နယ်လုပ်ပြီး ဘုရားကို ဖူးမလဲ၊ ဘယ့်နယ်လုပ်ပြီး တရားကို နာမလဲ။ အဲဒီလို မျက်စိ၊ နား ချို့တဲ့နေယင် မဂ်ဖိုလ်ရဲ့

http:\\www.dhammadownload.com



အန္တရာယ် သင့်နေတာ ဖြစ်တယ်။ ယခု မိမိတို့မှာ မျက်စိ၊ နား၊ နှာ၊ ကိုယ်အင်္ဂါ မချို့တဲ့ခြင်း အခွင့်ကောင်းကို ရနေပါတယ်။ ငါ့ရှင်တို့ကို ဒီအခွင့်ကောင်းလေးခုက လွှန်မသွားပါစေနဲ့။ ဒီအခွင့်ကောင်း အခါကောင်း လေးမျိုးကို ဒီဘဝက သေပြီးယင် နောက်ဘဝမှာ ရနိုင်မယ်လို့ ဘယ်သူကနေ ပြောနိုင်သလဲ။ အဲဒီတော့ မမေ့မလျော့ကြနဲ့ ငါ့ရှင်တို့ ...။

(၂၄) နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရဗာဟိရံ။

အစရှိတဲ့ ဤဂါထာကို မြတ်စွာဘုရား ဟောတော်မူရင်း ဖြစ်တယ်။ တစ်ချိန်က ရဟန်းတော်များ သာဝတ္ထိပြည်ရဲ့ တိုင်းစွန်ပြည်နားမှာရှိတဲ့ ရွာတစ်ရွာသို့သွား၍ တရားအားထုတ်ကြတယ်။ တောကျောင်းသွားနေကြတယ်။ အဲဒီလို နေတဲ့အခါ ပစ္စန္တရစ် ရွာသားတွေ ဝါတွင်းမှာ ပထမလ၌ ရဟန်းတော်တွေကို ကောင်းစွာ ပြုစုလုပ်ကျွေးနိုင်ကြတယ်။ ဝါလယ် မိုးလယ်ရောက်တော့ အဲဒီပစ္စန္တရစ်ကို ဓားပြ၊ သူခိုး၊ လူဆိုးတို့ လုယက်နှိပ်စက်ကြတော့ ရွာကလူတွေ ရွာရဲ့ လုံခြုံရေးကို ဂရုစိုက်နေကြရတာနဲ့ အဲဒီ ကိုယ်တော်တွေကို ကောင်းကောင်း မပြုစုနိုင်ကြတော့ဘူး။ မပြုစုနိုင်ကြတော့ ဝါလယ်နဲ့ ဝါရဲ့နောက်ပိုင်းမှာ ကိုယ်တော်တွေ ဆွမ်း အစရှိတဲ့ ပစ္စည်းလေးပါး ဆင်းဆင်းရဲရဲ ခေါင်းခေါင်းပါးပါးနဲ့ ဝါကျွတ်ခဲ့ကြရတယ်။

ဝါကျွတ်တဲ့အခါ ဘုရားဖူးရန် သာဝတ္ထိပြည်သို့ သွားရောက်၊ မြတ်စွာဘုရားကို ဖူးမြော်၍ အပြစ်လွတ်သော နေရာ၌ နေထိုင်ကြတဲ့ ရဟန်းတို့ကို –

ကစ္စိ ဘိက္ခဝေ သုခံ ဝသိတ္ထ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့ ...။ ကစ္စိ=အဘယ်သို့နည်း။ သုခံ=ချမ်းသာစွာ။ ဝသိတ္ထ=ဝါလပတ်လုံး သီတင်းသုံး

http:\\www.dhammadownload.com



နေထိုင်ခဲ့ကြရရဲ့လား။

(ရဟန်းတို့ ... ၊ ချမ်းချမ်းသာသာ ဝါလပတ်လုံး သီတင်းသုံး နေထိုင်ခဲ့ကြရရဲ့လား ... ) လို့ မေးတော်မူတယ်။

ရဟန်းတော်များက -

ဘန္တေ မယံ ပဌမမာသမေဝ သုခံ ဝသိမှာ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...၊ တပည့်တော်တို့သည် ဝါတွင်းသုံးလရှိရာ ပထမ လမှာသာလျှင် ချမ်းချမ်းသာသာ နေခဲ့ရပါတယ် ဘုရား။

မဇ္ဈိမမာသေ စောရာ ဂါမံ ပဟရိံသု=ဝါလယ်လကျတော့ လူဆိုးသူခိုးတွေက တပည့်တော်တို့ရဲ့ ဂေါစရဂါမ်ရွာကို နှိပ်စက် လုယက် ဖျက်ဆီးကြပါတယ် ဘုရား။

တတော ပဋ္ဌာယ မနဿာ နဂရံ အဘိသခ်ရောန္တော သက္ကစ္စံ ဥပဋ္ဌာတုံ ဩကာသံ န လဘိံ သု။

တတော ပဋ္ဌာယ=ထိုအချိန် (ဝါလယ်)က စ၍။ မနဿာ=လူ တို့သည်။ နဂရံ=မိမိတို့နေရာ မြို့ကို။ အဘိသခ်ရောန္တော=အချိန် ရှိသမျှ လုံခြုံအောင် ပြုပြင်ရကုန်သည် ဖြစ်၍။ သက္ကစ္စံ=ရိုသေစွာ။ ဥပဋ္ဌာတုံ=ပြုစုခြင်းငှာ။ ဩကာသံ=အခါအခွင့်ကို။ န လဘိံသု= မရကြပါကုန်။

တသ္မာ အဖာသုကံ ဝဿံ ဝသိမှာ။

တသ္မာ=ထို့ကြောင့်။ အဖာသုကံ=မချမ်းမသာ။ ဝဿံ ဝသိမှာ =ဝါလပတ်လုံး သီတင်းသုံး နေခဲ့ကြရပါတယ် ဘုရား ...

လို့ ရဟန်းတော်တွေက လျှောက်ထားတဲ့အခါ- မြတ်စွာဘုရားက ဘာ ဟောသလဲဆိုတော့ -

အလံ ဘိက္ခဝေ မာ စိန္တယိတ္ထ (တဲ့)။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့ ...။ အလံ မာစိန္တ ယိတ္ထ=ထွေရာလေးပါး အကြံများ မနေကြနဲ့။

http:\\www.dhammadownload.com



(တကတည်း ပစ္စည်းလေးပါး ဆင်းရဲတာကို ပင်ပန်းတယ်၊ နွမ်းနယ်တယ်လို့ ချစ်သားတို့ ထွေရာလေးပါး ညဏ်များမနေကြနဲ့။)

ဖာသုဝိဟာရော နာမ နိစ္စကာလံ ဒုလ္လဘော။

ဖာသုဝိဟာရော နာမ=ပစ္စည်းလေးဖြာ ချမ်းသာစွာ နေရခြင်းမည်သည်။ နိစ္စကာလံ=အခါအမြဲ။ ဒုလ္လဘော=ရခဲ၏။

အေး ... ပစ္စည်းလေးဖြာ ချမ်းချမ်းသာသာဆိုတာ အခါအမြဲ မရနိုင်ဘူး။ ရတဲ့အခါ ရတယ်၊ မရတဲ့အခါ မရဘူး။ ပစ္စည်းလေးဖြာ ဆင်းရဲတာကို ချစ်သားတို့ မရေမတွက်ကြနဲ့။

ဘိက္ခုနော နာမ ယထာ တေ မနုဿာ နဂရံ ဂေါပယိံသု၊ ဧဝံ အတ္တဘာဝမေဝ ဂေါပယိတုံ ဝဋ္ဋတိ။

ဘိက္ခုနော နာမ=ရဟန်းသူမြတ်မည်သည်။ တေ မနုဿာ=ထိုပစ္စန္တရစ်မြို့သားတို့သည်။ နဂရံ=တိုင်းစွန်ပြည်နားမြို့ကို။ ဂေါပယိံသု ယထာ=စောင့်ရှောက်ကြကုန်သကဲ့သို့။ ဧဝံ=ဤအတူ။ အတ္တဘာဝမေဝ=မိမိရဲ့ကိုယ် အတ္တဘောကိုသာလျှင်။ ဂေါပယိတုံ=အကုသိုလ်တရားတို့ မနှောက်ယှက် မဖျက်ဆီးအောင် စောင့်ရှောက်ခြင်းငှာ။ ဝဋ္ဋတိ=သင့်လှပေ၏ ...လို့ အဲဒီလို မိန့်တော်မူပြီး-

(၂၄) နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊
ခဏော ဝေါ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊
နိရယမှိ သမပ္ပိတာ။

လို့ ဒီ မြို့စောင့်ဂါထာ၊ ခန္ဓာကိုယ်စောင့် တရားဂါထာကို ဟောတော်မူတယ်။ အဲဒီဂါထာကို ရှင်သာရိပုတ္တရာက နှစ်သက်လွန်းလို့ ယခုတရားပွဲ တရားနာတဲ့ ရဟန်းပရိသတ်ကို ပြန်ပြီး ဟောတော်မူတယ်။

http:\\www.dhammadownload.com



အာဂုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ပစ္စန္တံ=တိုင်းစွန်ပြည်ဖျားဖြစ်သော။ နဂရံ=မြို့ကို။ သန္တရဗာဟိရံ=အတွင်းရော၊ အပရော။ ဂုတ္တံ=လုံခြုံအောင် စောင့်ရှောက်အပ်သည်။ ယထာ=ဖြစ်သကဲ့သို့။

ဟို ...တိုင်းလယ် ပြည်လယ် မြို့ကြီးများမှာ သူပုန် သူကန့် လူဆိုးသူခိုးဆိုတာ သိပ်မရှိဘူး။ ဥပမာ မန္တလေး ရွှေမြို့တော်ကြီး ဆိုပါစို့။ ဒါဟာ တိုင်းလယ် ပြည်လယ်က ရွှေမြို့တော်ကြီးဖြစ်လို့ ဘာမှ အန္တရာယ်မရှိဘူး၊ ရှိခဲတယ်။ အဲ-အန္တရာယ် ရောက်ပြီဆိုယင် ပစ္စန္တရစ် အစွန်အဖျား ကျေးတောဇနပုဒ်တွေကျတော့ ဒုက္ခများတယ်။ အဲဒါကြောင့် ဒီ ကျေးတောဇနပုဒ်၊ ဒီပစ္စန္တရစ် အရပ်တို့ကို ဒီတရားထဲမှာ ထည့်ပြီးတော့ ပြောတယ်။ တိုင်းရဲ့ ပြည်ရဲ့ အလယ်ဗဟိုမှာရှိတဲ့ ရွှေမြို့တော်ဆိုတာ အတွင်းရော အပရော လုံခြုံအောင် အစောင့်အနေ ချထားဖို့ မလိုဘူး။ တိုင်းစွန်ပြည်ဖျား မြို့များကျတော့ မြို့တွင်းကလည်း လုံခြုံအောင်၊ မြို့ပြင်ကလည်း လုံခြုံအောင် အစောင့်အနေ ချထားရတယ်။

ဧဝံ=ဤအတူ။ အတ္တာနံ=မိမိရဲ့ကိုယ်ကို။ ဂေါပေထ=အတွင်း အပ နှစ်ဌာနမှ အကုသိုလ် မဖြစ်အောင် စောင့်ရှောက်ကြကုန်လော့။

အတွင်းက အစောင့်အနေ ချရမယ်၊ အပြင်ကလည်း အစောင့်အနေ ချရမယ်။ ဟို ... တိုင်းစွန်ပြည်ဖျား မြို့ကလေးများဟာ အန္တရာယ်များတယ်။ ငါ့ရှင်တို့ ...၊ ငါတို့ ယခုနေရတဲ့ ခန္ဓာပုရမြို့ကလေးဟာ တိုင်းစွန်ပြည်နားက မြို့ကလေးနဲ့ တူတယ်၊ အန္တရာယ် အလွန်များတယ်။ ကိုယ်ရနေတဲ့ ခန္ဓာက ပရမတ္ထပြောယင် ငါးပါးပဲ။ သို့သော် သူ့ကို ရောက်မည်လို့ ချိန်ရွယ်နေတဲ့ ရောဂါတွေက အမျိုးအစား ၉၆ ပါး၊ အရေအတွက်အားဖြင့် ပြောကို မပြောနိုင်ဘူး၊ အင်မတန့် အင်မတန် အများကြီး၊ ရန်သူတွေ အမြဲတစေ ချောင်းနေတယ်။

အဲဒီလို ချောင်းနေတော့ ခန္ဓာပုရခေါ်တဲ့ တိုင်းစွန်ပြည်ဖျားက မြို့ကို

http:\\www.dhammadownload.com



အတွင်းကရော၊ အပြင်ကရော လုံခြုံအောင် အစောင့်အနေ ချထား၊ အတွင်းက လုံခြုံအောင် စောင့်ရှောက်ရမယ်ဆိုတာ ဘာလဲ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အတွင်းအာယတန ဓာတ်ခြောက်ပါးကို အကြောင်းပြု၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ မဖြစ်အောင် အတွင်းအာယတန ခြောက်ပါးကိုလည်းပဲ ဝိပဿနာနှလုံး ကျင့်သုံးကြ။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ ဆိုတဲ့ အပြင်အာယတန ခြောက်ပါးကို အာရုံပြု၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ရန်သူတွေ အနှောင့်အယှက် အဖျက်အဆီး မခံရအောင် အပြင်အာယတန ခြောက်ပါးကိုလည်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဝိပဿနာဉာဏ် ဗိုလ်မှူး ခန့်ပြီးတော့ သတိတည်းဟူသော တံခါးမိုလ် ဟံခါးမှူးနဲ့ ဒိဋ္ဌိစန္ဒာပုရမြို့ကို စောင့်ကြ။ အဲဒီလို ပြောတာ။

(က) မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏ ...။
ဖြစ်ပျက်နှစ်တန်၊ နိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။
နိုင်မြဲကျောမာ၊ နှစ် မပါဘူး ...။
ပညာစက္ခု၊ မြော်ထော်ရှုလျှင်၊ သု့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏ ...။
ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည် ...၊ ဓမ္မသက်သက်ပါတကား ...။

အဲဒီလို စိတ်ထဲမှာ စူးစူးစိုက်စိုက် တစ်ခေါက်လောက် ရှုကြည့်လိုက်ယင် မျက်စိတည်းဟူသော အတွင်းမြို့ရိုးကို လောဘ၊ ဒေါသ၊ မောဟ စတဲ့ ရန်သူတွေ ဘယ်တော့မှ မဖျက်ဆီးနိုင်ဘူး။ ထို့နောက်-

(ခ) နားဟုတွင်မည်၊ ရုပ်အကြည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။
ဖြစ်ပျက်နှစ်တန်၊ နိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။

http:\\www.dhammadownload.com



နိုင်မြဲကျောမှာ၊ နစ် မပါဘူး ...။

ပညာစက္ခု၊ မြော်ထော်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏ ...။

ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည် ...၊ ဓမ္မသက်သက်ပါတကား ...။

အဲဒီလို နှလုံးသွင်းလိုက်ယင် နားတည်းဟူသော အတွင်းမြို့ရိုးကို လောဘ၊ ဒေါသ၊ မောဟစတဲ့ ရန်သူတွေ ဘယ်လိုနည်းနဲ့မှ မဖျက်ဆီး နိုင်ဘူး။

အေး ... အဲဒီ ဝိပဿနာလက်နက်၊ ဝိပဿနာ နှလုံးကျင့်သုံးဖို့ဆို တဲ့ လင်္ကာ သင်္ကြားလုံးလေးတွေဟာ တရားနာပရိသတ်တို့မှာ တစ်ရာ ဆိုလျှင် ကိုးဆယ်ယောက်လောက် ရပြီးသား ရှိကြပါတယ်။ အဲ ထုတ် ပြီး မျိုပြီး ကြည့်ဖို့ပဲ လိုပါတယ်။ သင်္ကြားလုံးလေးကို "ဒါလေးဟာ ချိုတာပဲ"လို့ အများပဲ သိကြတယ်။ ဒါပေမယ့်လို့ အဲဒီ သင်္ကြားလုံးလေး ကို စုပ်မကြည့်ယင် ဘယ်လိုနည်းနဲ့မှ ဘယ်လောက်ချိုတယ်ဆိုတဲ့ အချို ရသကို ပစ္စတ္တံဝေဒိတဗ္ဗ=ကိုယ်တိုင်ကိုယ်ကျ သိမဖြစ်ဘူး။ အဲဒါလိုပဲ အာယတန ၁၂ ပါးနဲ့ ပတ်သက်တဲ့ ဝိပဿနာ တရားလင်္ကာဆိုတဲ့ သင်္ကြားလုံးကလေးတွေဟာ ယခု တရားနာပရိသတ်ထဲမှာ ရာခိုင်နှုန်း ရှစ်ဆယ်ယောက်၊ ကိုးဆယ်ယောက်တို့ရဲ့ ရင်ထဲမှာ ရှိနေပါတယ်။ အဲဒါ စုပ်မကြည့်ယင် ချိုမှန်း မသိနိုင်ဘူးပေါ့။ ယခုတော့ ရှင်သာရိပုတ္တ ရာက "စုပ်ကြည့်ကြပါ၊ အတွင်းအာယတန ခြောက်ပါး အပြင် အာယတန ခြောက်ပါး ဆိုတဲ့ ခန္ဓာပူရမြို့ကြီးရဲ့ အတွင်းအပြင်ကို သတိ တည်းဟူသော တံခါးမိုလ် တံခါးမှူးခန့်ပြီး ဝိပဿနာဉာဏ်ပညာတည်း ဟူသော မိုလ်မှူးနဲ့ ကိလေသာအန္တရာယ် မရှိအောင် စောင့်ကြပါ"လို့ ပြောနေ ဟောနေတယ်။

ဝေါ=ငါ့ရှင်ဘုရား ရဟန်းများတို့ကို။ ခဏော=(၁)ဗုဒ္ဓုပ္ပါဒ

http:\\www.dhammadownload.com



နဝမခဏဆိုတဲ့ အခွင့်ကောင်း၊ (၂) သာသနာပွင့်လင်းရာအရပ်၌ လူဖြစ်ရခြင်းဆိုတဲ့ အခွင့်ကောင်း၊ (၃) သမ္မာဒိဋ္ဌိ အယူရှိခြင်းဆိုတဲ့ အခွင့်ကောင်း၊ (၄) မျက်စိ၊နား၊နှာ၊လျှာကိုယ်အင်္ဂါမချို့တဲ့မှုဆိုတဲ့ အခွင့်ကောင်းသည်။ မာ ဥပစ္စဂါ=လွန်၍ မသွားပါစေလင့်။ (ဘာကြောင့်လဲ။ ရှေ့ရောက်မယ့် အပြစ်ကို ပြောရယင်) ဟိ=အပြစ်ကား။ ခဏာတိတာ=အခွင့်ကောင်းလေးပါးတို့က လွန်သွားတာကို ခံရတဲပုဂ္ဂိုလ်တို့သည်။ (ဒီ အခွင့်ကောင်းလေးပါးက လွန်သွားပြီ ဆိုယင် ဘယ်ရောက်သွားမလဲ ဆိုတော့) နိရယမှိ=ငရဲဘုံ၌။ သမပ္ပိတာ=ဘဝပဋိသန္ဓေ ကပ်ရောက် နှေကြရကုန်သည် ဖြစ်၍။ သောစန္တိ=စိုးရိမ်ပူဆွေး ငိုကြွေးကြရကုန်၏။

ဒါကြောင့် အခွင့်ကောင်း လေးပါးက မိမိတို့ကို လွန်မသွားပါစေနဲ့။ အခွင့်ကောင်း လေးပါးက မိမိကို လွန်သွားယင်ဖြင့် မိမိတို့ဟာ အပါယ် ငရဲ ကျကုန်လိမ့်မယ်။ သောက၊ ပရိဒေဝ မီးတွေ တညီးညီး လောင်နေရလိမ့်မယ်။

အရှင်သာရိပုတ္တရာသည် သူ့တရားဟောတဲ့ အချိန်ရဲ့အနီး ရက်ပိုင်းလောက်မှာ အရှင်ကောဏ္ဍိက မထေရ်မြတ် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တာကို သိတော်မူတယ်။ အဲဒီ အရှင်ကောဏ္ဍိက မထေရ်မြတ် ရဟန္တာ ဖြစ်တာကို သူ့တရားပွဲထဲမှာ ထည့်ပြီးတော့ ပုဂ္ဂိုလ်ရဲ့ အမည်ကို မဖော်ပြဘဲ၊ မတပ်ဘဲ -

(၂၅) ဥပသန္တော ဥပရတော၊
မန္တဘာဏီ အနုဒ္ဓတော။
ဓုနာတိ ပါပကေ ဓမ္မေ၊
ဒုမပတ္တံဝ မာလုတော။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ (အထောက်အထား ကင်းပြီးတော့ ပြောနေတာ မဟုတ်ဘူးနော်။) ဥပသန္တော=

http:\\www.dhammadownload.com



ငြိမ်သက်တဲ့ဣန္ဒြေ ရှိတော်မူထသော။ ဥပရတော=အကုသိုလ်ခပင်းကင်းတော်မူထသော။ မန္တဘာဏီ=ဉာဏ်ပညာနဲ့ ဆင်ခြင်ပြီးမှ ပြောကြားလေ့ရှိပါထသော။ အနုဒ္ဓတော=တုန်လှုပ်ခြင်း ရှိတော်မမူသော မထေရ်မြတ်ကြီးသည်။ မာလုတော=လေပြင်းမုန်တိုင်းသည်။ ဒုမပတ္တံ=သစ်ရွက်ဟောင်းကို။ ဓုနာတိ ဣဝ=မှုတ်လွင့်ဖယ်ရှားသကဲ့သို့။ ပါပကေ ဓမ္မေ=အကုသိုလ် တရားတို့ကို။ ဓုနာထိ=အရဟတ္တဖိုလ်ပေါက် မှုတ်လွင့် ပယ်ရှားတော်မူခဲ့လေပြီ။

အဲ ... ပုဂ္ဂိုလ်သူတော်မြတ်ကြီးတစ်ပါး၊ ဣန္ဒြေကလည်း ငြိမ်သက်တော်မူပါဘိသနဲ့၊ စကားပြောယင်လည်း ဆင်ခြင်ပြီးမှ ပြောတယ်၊ ဘယ်တော့မှလည်း ဥဒ္ဒစ္စ မရှိဘူး။ အဲဒီ ပုဂ္ဂိုလ်ကြီးဟာ လေပြင်းမုန်တိုင်းက သစ်ရွက်တွေကို တိုက်ခတ်ပစ်လိုက်သလို အကုသိုလ်တရားတွေ အကုန်ပယ်ရှား တိုက်ခတ်ပစ်လိုက်ပြီ ...တဲ့။

(၂၆) ဥပသန္တော ဥပရတော၊
မန္တဘာဏီ အနုဒ္ဓတော။
အသပ္ပါသိ ပါပကေ ဓမ္မေ၊
ဒုမပတ္တံဝ မာလုတော။

(အေး ... ခုနကတော့ ခပ်ဝေးဝေး ပြောတယ်၊ အခုတော့ လက်ညှိုးထိုးပြသလောက် နီးနီးပဲ ပြောရမယ်ဆိုယင်) -

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ဥပသန္တော=ငြိမ်သက်တဲ့ ဣန္ဒြေရှိတော်မူထသော။ ဥပရတော=အကုသိုလ်ခပင်းကင်းတော်မူထသော။ မန္တဘာဏီ=ဉာဏ်ပညာနဲ့ ဆင်ခြင်ပြီးမှ ပြောကြားလေ့ ရှိပါထသော။ အနုဒ္ဓတော=တုန်လှုပ်ခြင်းရှိတော်မမူသော မထေရ်မြတ်ကြီးတစ်ပါးသည်။

(ပြောလိုတာက မဟာကောဋ္ဌိက မထေရ်ကို ပြောလိုတာ၊ ဒါလောက်ပြောယင် ထိုခေတ် ဂိုတရားနာပရိသတ်တွေ သိယောက်ပြီနဲ့

http:\\www.dhammadownload.com



တူတယ်။)

မာလုတော = လေပြင်းမုန်တိုင်းသည်။ ဒုမပတ္တံ = သစ်ရွက်ဟောင်းကို။ အပ္ပါသိ ဣဝ=တိုက်လွှင့်လိုက်သကဲ့သို့။ ပါပကေဓမ္မေ=အကုသိုလ်တရားတို့ကို။ အပါသိ=ယခုပင်လျှင် ပယ်ရှားတော်မူခဲ့လေပြီ။ (များမကြာမီကပဲ ရဟန္တာ ဖြစ်သွားတယ်လို့ ဆိုလိုတယ်။)

(၂၇)　ဥပသန္တော အနာယာသော၊
ဝိပ္ပသန္နော အနာဝိလော။
ကလျာဏသီလော မေဓာဝီ၊
ဒုက္ခဿန္တကရော သိယာ။　။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ဥပသန္တော=ငြိမ်သက်သောကဗ္ဗေ ရှိတော်မူထသော။ အနာယာသော=ကိလေသာဟူသော ပင်ပန်းခြင်း အလျှင်းရှိတော်မမူထသော။ ဝိပ္ပသန္နော=အမြဲတစေ ကြည်လင်တော် မူပေထသော။ အနာဝိလော=အကုသိုလ်ဖြင့် နောက်ကျုခြင်း အလျှင်းရှိတော်မမူပေထသော။ ကလျာဏသီလော=ကောင်းမြတ်သော အကျင့်ရှိသော မထေရ်မြတ်ကြီးသည်။ မေဓာဝီ=ဓမ္မောဇပညာနဲ့ ပြည့်စုံတော်မူသည်ဖြစ်၍။ ဒုက္ခဿ=သံသရာဝဋ်ဒုက္ခ၏။ အန္တကရော=အဆုံးကို ပြုသည်။ သိယာ=ဖြစ်လေရာ၏။

အဲဒါ ရှင်မဟာကောဋ္ဌိကကို ယှဉ်ပြီးတော့ ဟောတာ။ "ရှင်မဟာကောဋ္ဌိက ဒီလိုဖြစ်တယ်"လို့ တိုက်ရိုက်ပြောလိုက်လျှင် ရှင်မဟာကောဋ္ဌိက တင်ပဲ စကားဆုံးနေမည်ဖြစ်၍ တရားနာကိုယ်တော်တွေကို "ကိုယ်တော်တို့ ...ကဗ္ဗေကို ငြိမ်ငြိမ်သက်သက် ထားကြပါ၊ ကိလေသာ ပင်ပန်းခြင်း ကင်းအောင် နေကြပါ၊ စကားပြောတဲ့အခါ ဆင်ဆင်ခြင်ခြင် ပြောကြပါ၊ ဥဒ္ဓစ္စတရား မတိုးပွားအောင် နေကြပါ၊ အဲဒီလိုနေလျှင်

http:\\www.dhammadownload.com



အရှင်ဘုရားတို့လည်းပဲ လေမုန်တိုင်းက သစ်ရွက်ရော်တွေကို တိုက်ခတ်ပစ်သလို အရှင်ဘုရားတို့လည်းပဲ အကုသိုလ်တရားတွေကို အကုန်လုံး အရဟတ္တမဂ်ဖြင့် တိုက်ခတ် ပယ်ရှားနိုင်ကြပါလိမ့်မယ်"။ ဒီအဓိပ္ပာယ်ကို ရှင်မဟာကောဋ္ဌိကနှင့် ယှဉ်ပြီးတော့ ဂါထာသုံးပုဒ် ဟောကြားတော်မူတယ်။

ပြီးတော့မှ ဒီပရိသတ်ထဲမှာ ဘယ်သူတွေ ပါနေသလဲဆိုတော့ တစ်ချိန်က ရှင်ဒေဝဒတ်နောက် ပါသွားကြတဲ့ ဝဇ္ဇီတိုင်းရင်းသား ရဟန်းငယ် တရားနာပရိသတ်တစ်ချို့ ပါနေတယ်။ အဲဒီပုဂ္ဂိုလ်တွေကို သံဝေဂရစေချင်လို့ ရှင်သာရိပုတ္တရာက သူတို့အား တရားဟောသောအားဖြင့် သူတို့ကို ရည်စူးပြီး ဟောလိုက်တယ်။

(၂၈) န ဝိဿသေ ဧကတိယေသု ဧဝံ၊
အဂါရိသု ပဗ္ဗဇိတေသု စာပိ။
သာဓူပိ ဟုတွာန အသာဓု ဟောန္တိ၊
အသာဓု ဟုတွာ ပုန သာဓု ဟောန္တိ။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ လောကေ=လောက၌။ ဧကတိယေသု=အချို့ကုန်သော။ အဂါရိသု=လူတို့၌လည်းကောင်း။ ဧကတိယေသု=အချို့ကုန်သော။ ပဗ္ဗဇိတေသု စာပိ=ရဟန်းတို့၌လည်းကောင်း။ ဧဝံ=ဤ သင်တို့ရဲ့ နည်းတူ။ န ဝိဿသေ=စိတ်ချလက်ချ အကျွမ်းတဝင် ခင်မင်ရင်းနှီးမှုကို မပြုရာ။ (ဘယ်လို ပုဂ္ဂိုလ်တွေလဲ ဆိုတော့ -)

သာဓူပိ ဟုတွာန=သူတော်ကောင်းဖြစ်ပြီးမှ။ (ယေ=အကြင်သူတို့သည်။) အသာဓု ဟောန္တိ=သူတော်မဟုတ် လူသူယုတ်တို့ ဖြစ်ကြကုန်၏။ (ယေ=အကြင်သူတို့သည်။) အသာဓု ဟုတွာန=သူတော်မဟုတ် လူသူယုတ်ဖြစ်ပြီးမှ။ ပုန=တစ်ဖန်။ သာဓူ=သူတော်ကောင်းတို့သည်။ ဟောန္တိ=ဖြစ်ကြကုန်၏။

http:\\www.dhammadownload.com



ဘယ်လိုပုဂ္ဂိုလ်တွေလဲ။ ပုထုဇဉ်ဆိုတာ ခုကောင်းပြီး တော်တော်ကြာ သူ မကောင်းဖြစ်တတ်တယ်။ အခုမကောင်းပေမယ့် တော်တော်ကြာ သူတော်ကောင်း ဖြစ်တတ်တယ်။ ကပြောင်းကပြန် တပြောင်းလွဲလွဲ အင်မတန်နိုင်တဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တွေရဲ့ အပေါ်မှာ –

"ဧဝံ=ဤသို့ ငါ့ရှင်တို့ရဲ့နည်းတူ။ နဝိဿသေ=အကျွမ်းတဝင် ခင်မင်မှု မပြုရာ ..."

ဘာဖြစ်လို့တုန်း။ အဲဒီ ကိုယ်တော်ကလေးတွေက ရှင်ဒေဝဒတ်ကို ဘုရားလောက် အောက်မေ့တာ၊ ဘုရားလောက် အားကိုးကြတာ၊ ဘုရားလောက် အကျွမ်းတဝင် ခင်မင်အားကိုးမှု ပြုကြတော့ ကံကောင်းလို့၊ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်ကြီးနှစ်ပါး ကြွသွားလို့ ကိုယ်တော်ကလေးတွေ ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်ပါလာတာ။ သို့မဟုတ်ယင် ရှင်ဒေဝဒတ်ရဲ့ ဂိုဏ်းထဲမှာနေပြီး အလွဲလွဲ လုပ်မိကြမှာ။ အဲဒီ ကိုယ်တော်ကလေးတွေ အကုန်လုံး ယခု တရားပွဲထဲမှာ ပါကြတယ်။ ဒါကြောင့် ရှင်သာရိပုတ္တရာက "ငါ့ရှင်ဘုရား ရဟန်းများတို့၊ အဲ–သူတော်ကောင်းဖြစ်ပြီးမှ သူယုတ်ဖြစ်လိုက်၊ သူယုတ်ဖြစ်ပြီးမှ သူတော်ကောင်း ဖြစ်လိုက်၊ အဲဒီလို ကပြောင်းကပြန်များတဲ့ လူကိုပဲ ဖြစ်စေ၊ ရဟန်းကိုပဲ ဖြစ်စေ၊ အဲဒီ ပုဂ္ဂိုလ်တွေအပေါ်မှာ အကျွမ်းတဝင် ခင်မင်အားကိုးမှု မပြုရဘူး ငါ့ရှင်တို့ .."လို့ ဆုံးမတရား ဟောကြားတယ်။

ဒါဖြင့်ယင် "ဒီ ပုဂ္ဂိုလ်ဟာ သူတော်ကောင်း၊ ဒီပုဂ္ဂိုလ်ဟာ လူသူယုတ်"လို့ ဘာကို ထောက်ပြီး သိရမည်လဲ။ စိတ္တ ကိလေသတရား=စိတ်ကို ညစ်ညူးစေတတ်တဲ့ တရားငါးပါး ရှိ–မရှိနဲ့ ကိုင်ကြည့်။

(၂၉) ကာမစ္ဆန္ဒော စ ဗျာပါဒေါ၊
ထိနမိဒ္ဓဉ္စ ဘိက္ခုနော။
ဥဒ္ဓစ္စံ ဝိစိကိစ္ဆာစ၊
ပဉ္စေ+တေ စိတ္တကေလိသာ။

http:\\www.dhammadownload.com



အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ကာမစ္ဆန္ဒော စ= ကာမစ္ဆန္ဒ နီဝရဏခေါ်တဲ့ လောဘတရား လည်းကောင်း။ ဗျာပါဒေါ စ=ဗျာပါဒ နီဝရဏခေါ်တဲ့ ဒေါသတရား လည်းကောင်း။ ထိန မိဒ္ဓဥ္စ=ထိနမိဒ္ဓခေါ်တဲ့ နီဝရဏတရား လည်းကောင်း။ ဥဒ္ဓစ္စဥ္စ=ဥဒ္ဓစ္စ နီဝရဏတရား လည်းကောင်း။ ဝိစိကိစ္ဆာ စ=ဝိစိကိစ္ဆာ နီဝရဏ တရား လည်းကောင်း။ ဧတေပဉ္စ=ဤတရား ငါးပါးတို့သည်။ စိတ္တ ကိလေသာ=စိတ်ညစ်ညူးကြောင်း တရားတို့ပေတည်း။

လောဘရယ်၊ ဒေါသရယ်၊ ထိန မိဒ္ဓရယ်၊ ဥဒ္ဓစ္စရယ်၊ ဝိစိကိစ္ဆာ ရယ်။ အဲဒီ နီဝရဏတရား ပွားများနေယင် သူက "ကျွန်ုပ် သူတော် ကောင်းပါ"လို့ ပြောစေကာမူ မယုံနဲ့၊ အဲဒီ ပုဂ္ဂိုလ်ဟာ သူတော် ကောင်း မဟုတ်ဘူး၊ သူယုတ်။ အဲဒီ နီဝရဏငါးပါး မကိန်းမှ သူတော်ကောင်း ဖြစ်တယ်။

ကဲ–ဒါဖြင့် အသာဓာရဏဥက္ကံသဂတိ အားဖြင့် သူတော်ကောင်းကို ပြောရယင် အသာဓရဏ ဆိုတာ ပုထုဇ္ဇဉ် သူ ငါ သာမန်ပုဂ္ဂိုလ်တွေနဲ့ မဆက်ဆံဘဲ ဥက္ကံသဂတိ=အထက်တန်းရောက်တဲ့ သူတော်ကောင်းကို ပြောရယင် –

(၃၀) ယဿ သက္ကရိယမာနဿ၊
အသက္ကာရေန စူ+ဘယံ။
သမာဓိ န ဝိကမ္ပတိ၊
အပ္ပမာဒဝိဟာရိနော။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အပ္ပမာဒဝိဟာရိ– နော=မမေ့မလျော့ သူတော်တရားဖြင့် နေလေ့ရှိသော။ သက္ကရိယ– မာနဿ=အရိုအသေမှု ပြုအပ်သော။ ယဿ=အကြင်ပုဂ္ဂိုလ်၏။ သမာဓိ=စိတ်၏တည်ကြည်မှုသည်။ (သက္ကာရေန စ=ရိုသေမှု ပြု

http:\\www.dhammadownload.com



အပ်သောကြောင့် လည်းကောင်း။) အသက္ကာရေန စ=ရှိသေမှု မပြု အပ်သောကြောင့် လည်းကောင်း။ ဥဘယံ-ဥဘယေန=နှစ်ပါးစုံ ကြောင့်။ န ဝိကမ္ပတိ=မတုန်လှုပ်။

ဒီပုဂ္ဂိုလ်ဟာ တကယ့်သူတော်ကောင်း ဟုတ်တယ်၊ မဟုတ်ဘူး ဆိုတာ သိချင်ယင် မမေ့မလျော့ ရဟန်းတရား=သမထ၊ ဝိပဿနာ၊ ဘာဝနာတရားနဲ့ နေတဲ့ ပုဂ္ဂိုလ်ဆိုယင် အရိုအသေပြုပြီး ပူဇော်အပ်သည် ဖြစ်စေ၊ အရိုအသေပြု၍ မပူဇော်အပ်သည်ဖြစ်စေ သမာဓိဟာ တုန်လှုပ် ခြင်း မရှိဘူးဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ သူတော်ကောင်းပဲ။ တချို့ကျတော့ ရိုရိုသေသေ ပူဇော်အပ်လျှင် မျက်နှာဟာ တစ်ခါတည်း ပြုံးလို့ ရွှင်လို့၊ ရိုရိုသေသေ ပူဇော်အပ်မှု မရှိပြီဆိုယင် မျက်နှာဟာ တစ်ခါတည်း သုံး ခေါက်ချိုး ညှိုးနေတယ်။ အဲဒီလိုဆိုယင် သာဓု = သူတော်ကောင်း မဟုတ်ဘူး။

(၁၁) တံ ဈာယိနံ သာတတိကံ၊
သုခုမ ဒိဋ္ဌိ ပဿကံ။
ဥပါဒါနက္ခယာရာမံ၊
အာဟု သပ္ပုရိသော ဣတိ။

အာဟုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ တံ . တာဒိသံ= ထိုသို့ အရိုအသေပြု၍ ပူဇော်အပ်သည်ဖြစ်စေ၊ မပူဇော်အပ်သည် ဖြစ်စေ၊ တုန်လှုပ်ခြင်း အလျှင်းမရှိ သမာဓိ ကြံ့ကြံ့တည်၍ နေ သော။ ဈာယိနံ=အာရမ္မဏူ လက္ခဏူပ နှစ်ဆူအပြား ဈာန်တရား ကို ဝင်စားလေ့ရှိပေထသော။ သာတတိကံ=အမြဲမပြတ် လုံ့လပြု အပ်သည် သမ္မပ္ပဓာန ဝီရိယနှင့် ပြည့်ဝစုံလင်ပေထသော။ သုခုမ ဒိဋ္ဌိ ပဿကံ=သိမ်မွေ့သော ရုပ် နာမ်တရားကို သိလည်း သိ မြင်လည်း မြင်ပေထသော။ (အဲဒီလို မြင်ပြီဆိုယင်) ဥပါဒါနက္ခ- ယာရာမံ=ဥပါဒါန် လေးပါးတို့ကုန်ရာ နိဗ္ဗာန်သာလျှင် မွေ့လျော်ရာ

http:\\www.dhammadownload.com



ရှိတဲ့ အရိယာပုဂ္ဂိုလ်ကို။ သပ္ပုရိသော ဉာတိ=အလွန်ပျော့ပျောင်း တကယ့်သူတော်ကောင်းဟူ၍။ အာဟု=ဘုရားအစ များလှဘိ တောင်း သူမြတ်လောင်းတို့ ငြိမ့်ပြောင်းသံချို မိန့်ဆိုတော်မူကြပြီ။

အေး ... ရိုရိုသေသေ ပူဇော်ကြည့်၊ ရိုရိုသေသေ မပူဇော်ဘဲ ထားကြည့်။ မျက်နှာပျက်ယင် ထိုသူ သပ္ပုရိသ မဟုတ်သေးဘူး၊ အဲ ... မျက်နှာမပျက်တဲ့ ပုဂ္ဂိုလ်ဟာ သူ့ကိုယ်ခံတရား ရှိတယ်၊ အာရမ္မဏူပနိ- ဇ္ဈာန၊ လက္ခဏူပနိဇ္ဈာန ခေါ်တဲ့ သမထ၊ ဝိပဿနာ၊ ဘာဝနာတရား အားထုတ်တဲ့ ပုဂ္ဂိုလ်၊ သူဟာ အလွန် သိမ်မွေ့နက်နဲတဲ့ ရုပ်တရား နာမ်တရားတွေကို အသိအမြင်ပေါက်ထားတဲ့ ပုဂ္ဂိုလ်၊ ဥက္ကဋ္ဌအားဖြင့် ပြောရယင် သူသည် ဥပါဒါနက္ခယခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု ထားတဲ့ ပုဂ္ဂိုလ်တဲ့။ အဲဒီလို ပုဂ္ဂိုလ်တွေကိုမှ သပ္ပုရိသ သာဓုလို့ ခေါ်တာ။ အဲဒီ ပုဂ္ဂိုလ်ကိုကျတော့ စိတ်ချလက်ချ အကျွမ်းဝင်တော့၊ ယုံကြည်တော့၊ အားကိုးတော့။ ရှင်သာရိပုတ္တရာက ဝဇ္ဇီတိုင်းသား ကိုယ်တော်လေးများကို ဒါ ဆိုလိုတာ ဖြစ်တယ်။

အေး ... ဒါဖြင့် "ဒီ့အပြင်ကော တစ်နည်းပြောမရဘူးလား၊ ပုဂ္ဂိုလ် အနေနဲ့ လက်ညှိုးထိုးပြောစရာ မရှိတော့ဘူးလား" ဆိုတော့ ရှိပါတယ်။ ပုဂ္ဂိုလ်အနေနဲ့ အသာတရဏ ဥက္ကံသဂတိ ရောက်ပြီးတဲ့ သပ္ပုရိသကို ပြောကြစို့ဆိုယင် -

(၃၂) မဟာသမုဒ္ဒေါ ပထဝီ၊
ပဗ္ဗတော အနိလောပိ စ။

ဥပမာယ န ယုဇ္ဇန္တိ၊
သတ္ထု ဝရဝိမုတ္တိယာ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ မဟာသမုဒ္ဒေါ= မဟာသမုဒ္ဒရာကြီး လည်းကောင်း။ ပထဝီ=မဟာပထဝီမြေကြီး

http:\\www.dhammadownload.com



လည်းကောင်း။ ပဗ္ဗတော=ဟိမဝန္တာတောင်မင်း လည်းကောင်း။ အနိလောပိစ=လေထုသည်လည်းကောင်း။ သတ္ထု=မြတ်စွာဘုရား၏။ ဝရဝိမုတ္တိယာ=အလွန်မြတ်တဲ့ အရဟတ္တဖိုလ်နှင့်။ ဥပမာယ=ဥပမာပြုခြင်းငှာ။ န ယုဇ္ဇန္တိ=မသင့်လျော်ကြကုန်။

အရိယာတို့ရဲ့ စကား၊ အရပ်ထဲက စကား မဟုတ်ဘူးနော်။ အေးငါ့ရှင်ဘုရား ရဟန်းများတို့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ အလွန်မြင့်မြတ်တဲ့ အရဟတ္တဖိုလ် တရားတော်ကြီးဟာ မဟာသမုဒ္ဒရာလောက် ကျယ်ဝန်းပါတယ်။ မဟာပထဝီမြေကြီးလောက် အပြန့် ကျယ်ပါတယ်။ မြင်းမိုရ်တောင်ကြီးလောက် မြင့်မောက်ပါတယ်။ လေထုလောက် ထုထည်ကြီးမားပါတယ်။ အဲဒီလို မဟာသမုဒ္ဒရာတို့၊ မဟာပထဝီမြေကြီးတို့၊ မြင်းမိုရ်တောင်တို့၊ လေထုတို့နဲ့တောင် နှိုင်းယှဉ်ဖို့ရန် မသင့်လျော်သေးဘူး ...တဲ့။ အခြား ကြီးတဲ့ ဝတ္ထုမရှိလို့သာ နှိုင်းယှဉ်ယင် နှိုင်းယှဉ်ရမယ်။

မဟာသမုဒ္ဒရာနဲ့တူသော နက်ဝှမ်းသော ပညာရှိတယ်ဆိုတာ ဟီနူပမာလို့ ခေါ်တယ်။ ဥပမာက ညံ့ပြီး ဥပမေယျက အထက်တန်းကျနေတယ်။ ဒီ့ပြင် နှိုင်းယှဉ်စရာမရှိလို့ မြတ်စွာဘုရား၏ ဉာဏ်ပညာတော်သည် မဟာသမုဒ္ဒရာလောက် နက်ဝှမ်းပါတယ်။ မဟာပထဝီမြေကြီးလောက် ထုထည်ကြီးမားပါတယ်လို့ ဒီ့ပြင် ကြီးမားတာကို ရှာမတွေ့၍သာ ဥပမာနှိုင်းခိုင်း ကြရတယ်။ ဟီန ဥပမာ=ယုတ်ညံ့သော ပစ္စည်းနှင့်သာ ဥပမာနှိုင်းခိုင်းခြင်း ဖြစ်တယ်။ အေး အဲဒီလောက် ကြီးကျယ်တဲ့ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်ရှင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာဖြင့် လောကမှာ အမြတ်ဆုံးသော သပ္ပုရိသကြီးပါပဲလို့ ရဟန်းတော်များ သိသွားကြပြီ။

ကုန်ပြီလား၊ မကုန်သေးဘူးနော်။

http:\\www.dhammadownload.com



(၃၃) စက္ကာနုဝတ္တကော ထေရော၊
မဟာဉာဏီ သမာဟိတော။
ပထဝါ+ပ+ဂ္ဂိ သမာနော၊
န ရဇ္ဇတိ န ဒုဿတိ။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ (အခြားသူတော်ကောင်းကြီးများကို ညွှန်ပြရယင်–)

ယော ထေရော=အကြင် မထေရ်မြတ်သည်။ စက္ကာနုဝတ္တကော =ဘုရားမြတ်စွာ လည်ပေးတဲ့ တရားစကြာကို သားကြီး ဩရသ ပမာ တစ်ဖန် နောက်လည်၍ ပေးနိုင်၏။
(ဘယ်သူရယ်လို့ မပြောဘူး။)

မဟာဉာဏီ=ကြီး မြတ်သော ဉာဏ်ပညာ ရှိတော်မူပါပေ၏။ သမာဟိတော=တည်ကြည်သော သမာဓိ ရှိတော်မူပါပေ၏။ ပထဝါ+ပ+ဂ္ဂိ သမာနော=မြေကြီး၊ ရေ၊ မီးတို့နှင့် တူသည်ဖြစ်၍ (ဝါ) မြေလို၊ ရေလို၊ မီးလိုပင်။ န ရဇ္ဇတိ=တစုံတခုသော အာရုံကိုမျှ မတပ်မက်။ န ဒုဿတိ=တစုံတခုသော အာရုံကိုမျှ မပြစ်မှားချေ။

(၃၄) ပညာပါရမိတံ ပတ္တော၊
မဟာဗုဒ္ဓိ မဟာမတိ။
အဇဠော ဇဠသမာနော၊
သဒါ စရတိ နိဗ္ဗုတော။ ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ပညာပါရမိတံ= ဉာဏ်ပညာပါရမီ အထွတ်အထိပ်သို့။ ပတ္တော=ရောက်တော်မူ၏။ (ဘယ်သူလဲဆိုတော့ ငါ့ရှင်တို့ စဉ်းစားကြည့်ကြတော့။)

မဟာဗုဒ္ဓိ=ကြီးကျယ်များမြတ် တစ်ဆယ့်ခြောက်ရပ်သော ပညာနှင့် ပြည့်စုံတော်မူပါပေ၏။ မဟာမတိ=အလွန်မွန်မြတ်တဲ့

http:\\www.dhammadownload.com



နယဂ္ဂါဟ ဉာဏ်ပညာနှင့်လည်း ပြည့်စုံတော်မူပေ၏။ အဝဍ္ဍော= ထိုင်းမှိုင်းတဲ့ လူအ,ကြီး လူန,ကြီး မဟုတ်ပါပဲလျက်။ ဇဠသမာနော =လူအ,ကြီး လူထိုင်းကြီးနှင့် တူသည်ဖြစ်၍။ နိဗ္ဗုတော=ကိလေသာ ဟူ အပူခပ်သိမ်း အေးငြိမ်းသည် ဖြစ်၍။ သဒါ=အခါခပ်သိမ်း။ စရတိ=လှည့်လည်ကျက်စား သွားလာ၍နေ၏။ (သော=ထိုပုဂ္ဂိုလ် သူမြတ် နှစ်ရပ်သည်။ သပ္ပုရိသော=သူတော်ကောင်းစင်စစ် ဧကန် မုန်လှပေ၏။)

ယခု သုံးဂါထာဖြင့် ဖော်ပြထားတဲ့ ပုဂ္ဂိုလ်မြတ် နှစ်ဦးဟာဖြင့် သပ္ပုရိသ ဧကန် အသာဓရဏ ဥက္ကံသဂတ သူတော်ကောင်းကြီးတွေပဲ။ ကိုယ်တော့်ကျတော့ သာရိပုတ္တာလို့ မပြောဘဲ ကိုယ်တော်ရဲ့ဂုဏ်တွေ ကိုပဲ ပြောတယ်၊ မြတ်စွာဘုရားက စကြဝတေးမင်းကြီးနှင့်တူတယ်။

စက္ကာနုဝတ္တကော=သားကြီး ဩရသလို ဓမ္မစကြာရတနာကို လည် စေနိုင်တဲ့ သားကြီး ဩရသနဲ့ တူတဲ့ ရဟန်းဆိုတော့ သူ့ပဲ ပြန်ကျ တယ်။ ပညာပါရမီ အထွတ်အထိပ်မြောက် ရောက်တဲ့ ရဟန်းဆိုတော့ လည်း သူ့ပဲ ပြန်ကျတယ်။ တရားနာတဲ့ ကိုယ်တော်တွေကလည်း ဒီ ဂုဏ်ပုဒ်တွေကို ကြားလိုက်ရတာနဲ့ "ဟာ ... ရှင်သာရိပုတ္တရာသည် မိမိကိုယ်ကို ပြောကြားတာပဲ"လို့ သိကြတယ်။

ပြီးတော့မှ နောက်ဆုံးဂါထာအနေနဲ့ မိမိမှာ ရဟန်းကိစ္စ ပြုပြီးဖြစ် ကြောင်း ဘာဟောလိုက်သလဲဆိုတော့ -

(၃၅) ပရိစိဏ္ဏော မယာ သတ္ထာ၊
ကတံ ဗုဒ္ဓဿ သာသနံ။
ဩဟိတော ဂရုကော ဘာရော၊
ဘဝနေတ္တိသမူဟတာ။ ။

http:\\www.dhammadownload.com



အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ မယာ=ငါသည်။ သတ္ထာ=လူသုံးပါးတို့ဆရာ ဘုရားမြတ်စွာကို။ ပရိစိဏ္ဏော=အပြီးအဆုံး နိဂုံးသတ်အောင် ဆည်းကပ်အပ်ခဲ့လေပြီ။

ငါသည် ဘုရားကို နိဂုံးကမ္ပတ် အပြီးသတ် ဆည်းကပ်အပ် လေပြီ။ ဆည်းကပ်မှု မပြီးသေးဘူးဆိုတာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် သို့ မရောက်သေးတာ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပေါက် ရောက်ယင် ဒါ ဆည်းကပ်မှုကိစ္စ ပြီးတာပဲ။ အဲဒီလို အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက် ဆည်းကပ်မှု ပြီးဆုံးလို့ နောက်မလာဘူးလားဆိုတော့ ဘယ်ဟုတ်မတုန်း။ ကျေးဇူးတွေ အနန္တနဲ့ အချိန်ရှိသမျှ ဘုရားထံ အမြဲမပြတ် ကိုယ်ဖြင့် ဆည်းကပ်မှုဟာ ရောက်လျက် ရောက်လျက်။

ဗုဒ္ဓဿ သာသနံ=မြတ်စွာဘုရားရဲ့ သုံးပါးသိက္ခာ သာသနာကို။ ကတံ=အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက် ကြိုးကုတ် အားထုတ်အပ်လေပြီ။ ဂရုကောဘာရော=ကြီးလှ လေးလှတဲ့ ဘဝခန္ဓာဝန်ကို။ ဩဟိတော=အပြီးအပိုင် ငါ ချအပ်လေပြီ။ ဘဝနေတ္တိ=ဘဝလွန်ကြိုး တဏှာဆိုးကို။ သမူဟတာ=အပိုင်းပိုင်း အပြတ်ပြတ် သောတာပတ္တိမဂ်နှင့် တစ်ကြိမ်၊ သကဒါဂါမိမဂ်နှင့် တစ်ကြိမ်၊ အနာဂါမိမဂ်နှင့် တစ်ကြိမ်၊ အရဟတ္တမဂ်နှင့်တစ်ကြိမ် အကြိမ်ကြိမ် ငါဖြတ်အပ်လေပြီ။

အပိုင်းပိုင်းအပြတ်ပြတ် တဏှာလွန်ကြိုးကို နောက်ထပ်ပြီး ဘယ်လိုနည်းနဲ့မှ ဆက်၍မရအောင် ဖြတ်ပြီးပြီ။ မိမိရဲ့ ရဟန်းကိစ္စ ပြီးတဲ့ အကြောင်းကို ဖော်ပြတာ။ ရဟန်းကိစ္စ ပြီးပြီဆိုယင် ဓမ္မနယ်ပယ်က အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်သွားပြီ။ အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်သွားယင် တရားဆိုတာ ဘယ်တော့မှ ရှေ့မပြန်ရဘူး၊ မပြန်ရတော့ ရှင်သာရိပုတ္တရာက တရားကို မသိမ်းချင်သေးဘူး၊ နောက်

http:\\www.dhammadownload.com



ဆုံး တရား တစ်ဂါထာ မထေရ်က ဟောချင်သေးတယ်။ ဟောချင်တော့ ဘယ်လို ဟောလိုက်သလဲဆိုယင် -

(၃၆) သမ္ပာဒေထ+ပ္ပမာဒေန။
ဧသော မေ အနုသာသနီ။
ဟန္ဒာ+ဟံ ပရိနိဗ္ဗိဿံ၊
ဝိပ္ပမုတ္တော+မှိ သဗ္ဗဓိ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ အပ္ပမာဒေန= အပ္ပမာဒ တရားနှင့်။ သမ္ပာဒေထ=ပြည့်စုံကြစေကုန်လော့။

အပ္ပမာဒေန သမ္ပာဒေထဆိုတာ မြတ်စွာဘုရားရဲ့ နောက်ဆုံး ဩဝါဒ။ ယခု ရှင်သာရိပုတ္တရာရဲ့ နောက်ဆုံး ဩဝါဒ စကားလည်း ဟုတ်တယ်။

ဧသော=ဤသည်ကား။ မေ=ငါ၏။ အနုသာသနီ=အကြိမ်ကြိမ် အထပ်ထပ် မှာတမ်းအပ်တဲ့ အဆုံးအမပါပေ။ အဟံငါသည်။ သဗ္ဗဓိ=ခပ်သိမ်းသော ကံ၊ ကိလေသ၊ ဝိပါကဝဋ်တို့မှ။ ဝိပ္ပမုတ္တော= ကျွတ်လွတ်သည်။ အမှိ=ဖြစ်၏။ တသ္မာ=ထို့ကြောင့်။ ဟန္ဒ=ယခု (မကြာမီ)။ အဟံ=ငါသည်။ ပရိနိဗ္ဗိဿံ=မယ်တော်ရဲ့နေအိမ် ငါရဲ့ မွေးရာတိုက်ခန်းမှာ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော့ မည် ...။

"အနုပါဒါပရိနိဗ္ဗာန် မကြာမီ ငါစံတော့မည်"လို့ အဲဒီတရားပွဲတုန်းက ရဟန်းတော်တို့အား ဟောကြားခဲ့တယ်။ ပရိနိဗ္ဗာန် စံတော်မူတဲ့ နေ့မှာလည်းပဲ ပရိနိဗ္ဗာန် ဝင်စံခါနီး နောက်ဆုံး ဒီဂါထာကိုပဲ ရွတ် ပြီးတော့ လောကီရျာန် သမာပတ်တွေကို အနုလုံ ပဋိလုံ ဝင်စားပြီး တော့ ဈာနသမနန္တရ ပရိနိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် စံတော်မူတယ်။ ၄၄ ဝါ ဆိုတော့ သက်တော်ဟာ ၈၀ လောက်ပဲ။ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာ

http:\\www.dhammadownload.com



မောဂ္ဂလ္လာန်တို့ဟာ ပရိနိဗ္ဗာန် စံတဲ့အချိန်မှာ သက်တော်နှစ်ဟာ ၈၀ စီ လောက်ပဲ။ ဘာ့ကြောင့်လဲဆိုတော့ မထေရ်နှစ်ပါး ပရိနိဗ္ဗာန်စံတဲ့နှစ်ဟာ ဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့ နှစ်ရဲ့ ရှေ့နားက နှစ်ပဲ။ ဘုရားရှင်က ဘိုးတော် အဉ္စနမင်း ဖြိုကြွင်းထိုနှစ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်မှာ ဘုရားဖြစ်တယ်။ (ထိုအချိန်မှာ မြတ်စွာဘုရားရဲ့ သက်တော်ဟာ ၃၅ နှစ် ရှိပြီ) ၄၅ ဝါဆိုတော့ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်။ အဲဒီတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလ္လာန်တို့ ဟာ မဟာသက္ကရာဇ် ၁၄၇ ခုနှစ်လောက်မှာ ပရိနိဗ္ဗာန် စံကြတယ်။

ရှင်သာရိပုတ္တရာက တန်ဆောင်မုန်း လပြည့်နေ့မှာ ပရိနိဗ္ဗာန်စံပြီး တော့ ရှင်မဟာမောဂ္ဂလ္လာန်က တန်ဆောင်မုန်း လကွယ်နေ့မှာ ပရိနိဗ္ဗာန် စံတယ်။ အဲဒီကနေပြီး ဘုရားကိုယ်တော်မြတ်ကြီး ဝေဠုဝန်ရွာက လာခဲ့ တဲ့ နဂိုခရီးအတိုင်း ပြန်ပြီးတော့ ဝေသာလီသို့ ကြွသွားတယ်။ တပို့တွဲ လပြည့်နေ့ အာယုသင်္ခါရ လွှတ်ပြီး ဆက်သွားလို့ ကဆုန်လပြည့်နေ့ ကျတော့ မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန် စံတော်မူတယ်။ မဟာ သက္ကရာဇ် ၁၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့မှာ ရှင်သာရိပုတ္တရာ၊ ထိုနှစ် တန်ဆောင်မုန်း လကွယ်နေ့မှာ ရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန် စံပြီး မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပါတယ်။

နောက်နောက် တရားပွဲများကျမှ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း၊ ရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံခန်းတို့ကို တစ်ပွဲစီ၊ တစ်ပွဲစီ ဟောကြ ရအောင်၊ ယခုတော့ ရှင်သာရိပုတ္တရာရဲ့ တရားဟောင်းလေးအိုးကြီး ဖြစ်တဲ့ "သာရိပုတ္တ ထေရဂါထာတရား" ကို ဒီမှာပဲ ရပ်နားကြပါစို့ ... ။

သာဓု၊ သာဓု၊ သာဓု။

http:\\www.dhammadownload.com



## အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း
## နာလကသုတ္တန်တရား

ယခု သိတင်းပတ် ဘုန်းကြီးဟောမယ့် သုတ္တန်ကို နာလကသုတ္တန် လို့ ခေါ်တယ်။ သံယုတ်ငါးကျမ်းမှာ နောက်ဆုံး သံယုတ်ဖြစ်တဲ့ မဟာဝဂ္ဂသံယုတ် သတိပဋ္ဌာနသံယုတ်ထဲမှာ ပါပါတယ်။ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ အကြောင်းအရာတွေကို နှစ်ဥပုသ် လောက် ဟောပြီးပြီ။ ပြီးခဲ့တဲ့ ဥပုသ်က အရှင်သာရိပုတ္တရာရဲ့ တရား ဟင်းလေးအိုးကြီးကို ဟောပြီးပြီ။ အရှင်သာရိပုတ္တရာသည် ဒီမျှသာ တရားဟောသလား၊ မဟုတ်ပါဘူး။ အရှင်မြတ်ကြီး ဟောတဲ့တရား တွေကို ကုန်အောင် လိုက်ဟောနေလို့ရှိယင် ဒီတစ်ဝါတွင်း ဟောလို့ လည်း မကုန်ပါဘူး။ အဲဒီတော့ ဟင်းမြည်းသလိုပေါ့။ "ဩော်...အရှင် သာရိပုတ္တရာ ဟောတဲ့တရားဟာ ဒီလို နက်နဲပါလား ..."လို့ တရား ဟင်းလေးအိုးကို နာရသဖြင့် သိပြီးတဲ့နောက် ဒီအရှင်မြတ်ကြီးရဲ့ ဘဝ ဇာတ်နိဂုံး၊ သံသရာနိဂုံး သိမ်းပုံကို လှမ်းပြီးတော့ အာရုံပြု ကြည့်ရ အောင်။ နာလကသုတ္တန်မှာ မြတ်စွာဘုရား တစ်ချိန်က သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူတဲ့အကြောင်း–

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း ကိန်း အောင်းမွေ့လျော် နေတော်မူတဲ့အခိုက် ဖြစ်ပါတယ်။

အဲဒီ "တစ်ချိန်က"ဆိုတဲ့ အချိန်သည် ဘယ်အချိန်လောက်လဲဆို ယင် မြတ်စွာဘုရား ၄၅ ဝါမြောက် ဝေဠုဝရွာမှာ ဝါကပ်ပြီးလို့ အဲဒီ ဝေဠုဝရွာမှာ ဝါကျွတ်ပြီးတဲ့အခါ မုလကြွတော်မူခဲ့တဲ့ ခရီးစဉ်အတိုင်း ဝေဠုဝရွာက သာဝတ္ထိပြည်သို့ တဖြည်းဖြည်း ပြန်ကြွလာလို့ သာဝတ္ထိ

http:\\www.dhammadownload.com



ပြည်သို့ တဖြည်းဖြည်း ပြန်ကြွလာလို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့လောက် ရောက်ပါတယ်။ အဲဒါ မြတ်စွာဘုရား သာဝတ္ထိပြည်ကို နောက်ဆုံး ကြွတော်မူခြင်းပဲ။ အဲဒီကနောက် ပြန်ကြွသွားတဲ့အခါ သာဝတ္ထိပြည်ကို ပြန်မရောက်တော့ဘူး၊ ဟို ... ကုသိနာရုံရောက်ပြီးတော့ ဘုရားရှင်ဟာ ပရိနိဗ္ဗာန် ဝင်စံတော်မူမည့်အခေါက် ဖြစ်ပါတယ်။

အဲဒီလို မြတ်စွာဘုရား သာဝတ္ထိပြည်မှာ နောက်ဆုံး သီတင်းသုံးခြင်းအနေနဲ့ မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့လောက် ဆိုရမယ့် တစ်ချိန်မှာ ဘုရားရှင် သီတင်းသုံးနေတယ် ဆိုတာလည်းပဲ အဲဒီဝါကို ဇေတဝန်မှာ ဝါဆိုလို့ မဟုတ်ဘူးနော်၊ ဝေသာလီပြည်ရဲ့အနီး ဝေဠုဝရွာငယ်မှာ ဝါဆိုလို့ ဝါကျွတ်ပြီး ၄၅ ဝါလည်း ပြည့်မြောက်လို့ အဲဒီဝါလည်း ကျွတ်ပြီးရော သာဝတ္ထိကို တစ်ခေါက် ပြန်ကြွတယ်။ အဲဒီအချိန်မှာ အဂ္ဂသာဝကနှစ်ပါး စုံစုံလင်လင် ရှိသေးတယ်။

ထိုအခါ အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားကို ရှိသေဝပ်လျှိုးရှိခိုးဝတ်ပြုပြီးတော့ မိမိနေ့သန့်ရာ နေရာကလေးသို့ ကြွတယ်။ အဲဒီ မိမိနေ့သန့်တဲ့ နေရာကလေး ရောက်တဲ့အခါကျတော့ သူ့ရဲ့တပည့်တွေက လာရောက်ရှိခိုးဝတ်ပြုကြပြီး တပည့်တွေ ပြန်သွားကြတဲ့အခါ နေ့သန့်တဲ့ နေရာကလေးကို တံမြက်တလင်း လှည်းလို့ သာသာယာယာလေး ရှိတဲ့အခါ နေရာထိုင်ကလေးခင်းပြီး အရှင်သာရိပုတ္တရာသည် အချိန်နဲ့ပိုင်း၍ ဖလသမာပတ်ကို ဝင်စားတယ်။ အဲဒီ ဖလသမာပတ်ဝင်စားလို့ အချိန်ပိုင်းက နေ့တစ်နာရီ ကျော်ကျော်လောက် ဖလသမာပတ်က ထတဲ့အချိန်ကျတော့ ဓမ္မတာ လှုံ့ဆော်ချက်အရ အရှင်သာရိပုတ္တရာ စဉ်းစားတယ်။

ဗုဒ္ဓါ နု ခေါ ပဌမံ ပရိနိဗ္ဗာယန္တိ၊ ဥဒါဟု အဂ္ဂသာဝကာ။

http:\\www.dhammadownload.com



ဗုဒ္ဓါ=ဘုရားရှင်တို့သည်ပင်။ ပဌမံ=ရှေးဦးစွာ။ ပရိနိဗ္ဗာယန္တိ နုခေါ=ပရိနိဗ္ဗာန် ဝင်စံကြကုန်သလော။ ဉဒါဟု=ထိုသို့မဟုတ်။ အဂ္ဂသာဝကာ=အဂ္ဂသာဝက အစုံတို့ကပင်။ ပဌမံ=ရှေးဦးစွာ။ ပရိနိဗ္ဗာယန္တိ နုခေါ=ပရိနိဗ္ဗာန် ဝင်စံကြကုန်သလော။

ရှေးရှေးဘုရားရှင်တို့ရဲ့ အတိတ်ဖြစ်ရပ်ကို မှန်းပြီးတော့ ပုဗ္ဗေနိဝါသ အဘိညာဏ်နဲ့ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါကို မျှော်ကြည့်လိုက်၊ အင်း ...၊ ကောဏာဂုံ မြတ်စွာဘုရားရဲ့ လက်ထက်တော်ကို မျှော်ကြည့်၊ ကကုသန်မြတ်စွာဘုရားရဲ့ လက်ထက်ကို မျှော်ကြည့်တော့ အဆူဆူသော ဘုရားရှင်တို့ရဲ့ လက်ထက်တိုင်း လက်ထက်တိုင်းမှာ။ အဂ္ဂသာဝကာ ပဌမံ ပရိနိဗ္ဗာယန္တိ=အဂ္ဂသာဝက အစုံတို့က ရှေးဦးစွာ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရိုး ဓမ္မတာ ဖြစ်သည်ကို သိတော်မူပြီးတဲ့နောက် ကိုယ်တော်ရဲ့ အာယုသင်္ခါရကို ကြည့်ရှုဆင်ခြင်တော်မူလေသည်။

**မှတ်ချက်** ။ ။ အာယုသင်္ခါရ ဆိုသော စကားသည် ဗုဒ္ဓဘာသာဝင်တွေရဲ့ နယ်ပယ်မှာ လွန်စွာအသုံးတွင်ကျယ်သော စကားဖြစ်သည်။ အာယုသင်္ခါရ ဆိုသော စကားအသုံးကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာလည်း "အာယုသင်္ခါရ လွှတ်တယ်" လို့ စကားအသုံးရှိတယ်။ ယခု အရှင်သာရိပုတ္တရာက "ငါ၏ အာယုသင်္ခါရ ဘယ်လောက်ကြွင်းကျန် ရှိသေးသလဲ"လို့ ကြည့်တယ်ဆိုတဲ့ ဒီနေရာမှာလည်းပဲ အာယုသင်္ခါရ ဆိုတဲ့ စကားအသုံး ရှိတယ်။

ယခု ဤနေရာမျိုး၌ ဇီဝိတိန္ဒြေသန္တာန်အစဉ်ကို အာယုသင်္ခါရလို့ ခေါ်တယ်။ သင်္ခါရ=ကံအကြောင်းတရားတို့ ပြုပြင်အပ်တဲ့။ ဇီဝိတ=ဇီဝိတိန္ဒြေသန္တာန်ဟာ နောက်ကို ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ်လောက်ထိအောင် သန္တာန်ဆက်စည် တည်နေအုန်းမလဲလို့ အဲဒီလို ဆင်ခြင်ကြည့်တာကို "အာယုသင်္ခါရကို မျှော်ကြည့်တယ်"လို့ခေါ်တယ်။

http:\\www.dhammadownload.com



## စုန္ဒသုတ္တန်တရား

မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ "မြတ်စွာဘုရား အာယုသင်္ခါရကို လွှတ်တော်မူသည်" ဆိုရာ၌ ဘုရားရှင်၏ အာယုပါလက ဖလသမာပတ်ကို အာယုသင်္ခါရဟူ၍ ခေါ်၏။ (အဓိပ္ပာယ်အကျယ်ကို မဟာဗုဒ္ဓဝင်၌ ရှုကုန်ရာ၏။)

အဲဒီလို အာယုသင်္ခါရကို ကြည့်ရှုဆင်ခြင်တဲ့အခါ အရှင်သာရိပုတ္တရာ၏ ဉာဏ်၌ ဘယ်လို မြင်လာသလဲဆိုတော့ -

သတ္တာဟမေဝ မေ အာယုသင်္ခါရာ ပဝတ္တိဿန္တိ။

မေ=ငါ၏ (သန္တာန်၌)။ သတ္တာဟမေဝ=ခုနစ်ရက်သာလျှင်။ အာယုသင်္ခါရာ=အာယုသင်္ခါရတို့သည်၊ (ဝါ) ကံအကြောင်းတရားတို့ ပြုပြင်အပ်တဲ့ ဇီဝိတိန္ဒြေအစဉ်တို့သည်။ ပဝတ္တိဿန္တိ=ဖြစ်ကြလိမ့်မည် ...။

အဲ-ငါရဲ့ အာယုသင်္ခါရ=ဇီဝိတိန္ဒြေအစဉ်ဟာ ယနေ့ကနောက် ခုနစ်ရက်ပဲ ဖြစ်တော့မယ်။ ခုနစ်ရက်ရောက်ယင် ဇီဝိတ်အစဉ် အဖြစ်ရပ်ပြီး ပရိနိဗ္ဗာန် စံရလိမ့်မယ်။ ဒီအနေ မြင်ပြီးတော့ "ကတ္ထ ပရိနိဗ္ဗာယိဿာမိ=ဘယ်အရပ်မှာ ငါ ပရိနိဗ္ဗာန် စံရမှာပါလဲ" လို့ ဆက်ပြီး စဉ်းစားတော်မူပြန်တယ်။ ထိုအခါ -

ရာဟုလော တာဝတိံသေသု ပရိနိဗ္ဗုတော၊ အညာသိကောဏ္ဍညတ္ထေရော ဆဒ္ဒန္တဒဟေ၊ အဟံ ကတ္ထ ပရိနိဗ္ဗာယိဿာမိ။

ရာဟုလော = ငါရဲ့ ညီထွေး ရာဟုလာ မထေရ်သည်။ တာဝတိံသေသု=တာဝတိံသာ နတ်တို့ရွာ၌။ ပရိနိဗ္ဗုတော= ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့လေပြီ။

အဲဒီအချိန်မှာ ရှင်ရာဟုလာလေး မရှိတော့ဘူး၊ တာဝတိံသာ နတ်ပြည်မှာ တက်ပြီးတော့ ပရိနိဗ္ဗာန် စံပြီးခဲ့ပြီ။

http:\\www.dhammadownload.com



အညာသိကောဏ္ဍညတ္ထေရော=အရှင် အညာသိကောဏ္ဍည မထေရ်ကြီးသည်။ ဆဒ္ဒန္တဒဟော=ဆဒ္ဒန်အိုင်၌။ ပရိနိဗ္ဗုတော=ပရိ နိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဘေဝသိမ်းခဲ့လေပြီ။ အဟံ=ငါသည်။ ကတ္ထ=အဘယ်အရပ်၌။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံရ ပါလိမ့်မည်နည်း ... လို့ အဖန်ဖန် ကြံစည်တော်မူလတ်သော် မယ်တော်ကို အကြောင်းပြု၍ သတိသံဝေဂကို ဖြစ်စေလေသည်။ ဖြစ်စေပုံမှာ-

မယှံ မာတာ သတ္တန္နံ အရဟန္တာနံ မာတာ ဟုတွာပိ ဗုဒ္ဓဓမ္မ သံဃေသု အပ္ပသန္နာ၊ အတ္ထိ နု ခေါ တဿာ ဥပနိဿယော၊ နတ္ထိ နု ခေါ။

မယှံ=ငါ၏။ မာတာ=မယ်တော်သည်။ သတ္တန္နံ=ခုနစ်ဆူကုန် သော။ အရဟန္တာနံ=ရဟန္တာတို့၏။ မာတာ=မယ်တော်သည်။ ဟုတွာပိ=ဖြစ်ပါလျက်လည်း။ ဗုဒ္ဓဓမ္မသံဃေသု=ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌။ အပ္ပသန္နာ=သဒ္ဓါတရား ခေါင်းပါး သောသူ ဖြစ်ခဲ့၏။

ဟို ...ငါ့မယ်တော်ကြီးဟာ သားလေးယောက်က ရဟန္တာ၊ သမီး သုံးယောက်က ရဟန္တာ၊ သားလေးယောက်ဆိုတာက အရှင်သာရိပုတ္တ- ရာရပဉ်၊ အရှင်ဥပသေနရယ်၊ အရှင်စုန္ဒရယ်၊ ဟို-ရှားတောမှာနေတဲ့ အရှင်ရေဝတရယ်၊ အားလုံး သားလေးယောက်စလုံးက ရဟန္တာချည်း။ သမီးများကလည်းပဲ စာလာတဲ့၊ ဥပစာလာတဲ့၊ သီသူပစာလာ တဲ့၊ သမီး သုံးယောက်စလုံးကလည်းပဲ ရဟန္တာထေရီမတွေ။ အဲဒီလို ရဟန္တာ (၇) ခုနစ်ဆူရဲ့ မယ်တော်ကြီးပင် ဖြစ်လင့်ကစား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၌ ယုံကြည်တဲ့ သဒ္ဓါတရား ခေါင်းပါးသူ၊ အလျှင်း ကင်းမဲ့သူ ဖြစ်နေတယ်။

တဿာ=ထိုငါ့မယ်တော်အား။ ဥပနိဿယော=မဂ်ဖိုလ်ရဲ့

http:\\www.dhammadownload.com



ဥပနိဿရည်း အားကြီးသော ရှေးကုသိုလ်ကောင်းမှုသည်။ အတ္ထိ န ခေါ=ရှိလေသလော။ နတ္ထိ န ခေါ=မရှိလေသလော။

"ဩော် ... ငါ့မယ်တော်ကြီးမှာ မဂ်ဖိုလ်ရဲ့ ဥပနိဿရည်း ရှေးကောင်းမှု ကုသိုလ်ဆိုတဲ့ ပစ္စည်းများ ရှိလေသလား၊ မရှိဘူးလား"လို့ စဉ်းစားတော်မူလိုက်တဲ့အခါ သူ့မယ်တော်ကြီးမှာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ ဥပနိဿယပစ္စည်း အားကြီးသော ရှေးကောင်းမှု ရှိတာကို မြင်လေတော့ ဆက်ပြီး စဉ်းစားပြန်တယ်။

ကဿ ဒေသနာယ အဘိသမယော ဘဝိဿတိ။

ကဿ=အဘယ်ပုဂ္ဂိုလ်၏။ ဒေသနာယ=တရားဒေသနာဖြင့်။ အဘိသမယော=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ ဘဝိဿတိ=ဖြစ်ပါလိမ့်မည်နည်း။

ဘယ်အရှင်မြတ်ရဲ့ တရားဒေသနာဖြင့် ငါ့မယ်တော်ကြီး ဓမ္မာဘိသမယ=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်မှာပါလိမ့်။ အဲဒီလို မယ်တော်အား တရားဟောမည့်ပုဂ္ဂိုလ်ကို လိုက်ပြီး ဉာဏ်နဲ့ စဉ်းစားပြန်တော့ –

မမေဝ ဓမ္မဒေသနာယ ဘဝိဿတိ၊ န အညဿ။

(ကိုယ့်တော် ဉာဏ်ထဲမှာ ဝင်လာတယ်။)

မမေဝ=ငါ၏သာလျှင်။ ဓမ္မဒေသနာယ=တရားဒေသနာဖြင့်။ အဘိသမယော=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မည်။ အညဿ=ငါမှတစ်ပါး အခြားသော ပုဂ္ဂိုလ်၏။ ဓမ္မဒေသနာယ=တရားဒေသနာဖြင့်။ အဘိသမယော=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ န ဘဝိဿတိ=ဖြစ်လိမ့်မည်မဟုတ် ....။

ငါရဲ့ တရားဒေသနာနဲ့ပဲ မယ်တော်ကြီးဟာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါက် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်

http:\\www.dhammadownload.com



ခြင်းသို့ ရောက်ဖို့အကြောင်း ရှိတယ်။ အခြားတစ်ပါးသော ပုဂ္ဂိုလ်၏ တရားဒေသနာဖြင့် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်လိမ့်မည် မဟုတ်ဘူး ...တဲ့။

သစေ ခေါ ပနာ+ဟံ အပ္ပေါသုက္ကော ဘဝေယျံ၊ ဘဝိဿန္တိ မေ ဝတ္တာရော။

အဟံ=ငါသည်။ သစေ ခေါ ပန=အကယ်၍မူကား။ အပ္ပေါသုက္ကော=ကြောင့်ကြမဲ့။ ဘဝေယျံ=ဖြစ်လတ်ငြားအံ့။ မေ=ငါ့အား၊ (ဝါ) ငါ၏အပေါ်၌။ ဝတ္တာရော=အပြစ်တင်စကား ပြောကြားမည့် ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ=အထင်အရှား ဖြစ်ပွားပေါ်ပေါက်၍ လာကြလိမ့်မည်။

ဒီကိစ္စမှာ ငါ မယ်တော်ကြီးအား တရားမဟော၊ အပ္ပေါသုက္က ကြောင့်ကြမဲ့နေလိုက်မယ်ဆိုယင် ငါ့အပေါ် အပြစ်တင်စကား ပြောကြားတဲ့ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်လာကြလိမ့်မယ်။ ဘယ်လို ပေါ်ပေါက်လာမလဲ၊ ဘယ်လို အပြစ်တင်ကြမလဲဆိုယင် –

သာရိပုတ္တတ္ထေရော အဝသေသဇနာနမ္ပိ အဝဿယော ဟောတိ။

သာရိပုတ္တတ္ထေရော=အရှင်သာရိပုတ္တရာ မထေရ်သည်။ အဝသေသဇနာနမ္ပိ=သူ့မယ်တော်မှ ကြွင်းကျန်တဲ့ ပုဂ္ဂိုလ်တို့၏။ အဝဿယော=မှီခိုကိုးစား အားထားရာလည်း။ ဟောတိ=ဖြစ်ပေ၏။ အရှင်သာရိပုတ္တရာဟာ မယ်တော်မှတစ်ပါး အခြားပုဂ္ဂိုလ်များရဲ့ မှီရာတော့ ဖြစ်ပါရဲ့၊

တထာ ဟိ+ဿ သမစိတ္တသုတ္တန္တဒေသနာဒိဝသေ ကောဋိ-သတသဟဿဒေဝတာ အရဟတ္တံ ပတ္တာ၊ တယော မဂ္ဂေ ပဋိဝိဒ္ဓ ဒေဝတာနံ ဂဏနာ နတ္ထိ။

တထာ ဟိ=ထိုစကားကို ထင်ရှားစေရလျှင်။ အဿ=ထို အရှင် သာရိပုတ္တရာ မထေရ်၏။ သမစိတ္တသုတ္တန္တဒေသနာဒိဝသေ =

http:\\www.dhammadownload.com



(အံ၊၁၊၆၄) သမစိတ္တသုတ္တန်တရား ဟောကြားတော်မူသောနေ့၌။ ကောဋိသတသဟဿဒေဝတာ=ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့သည်။ အရဟတ္တံ=အရဟတ္တဖိုလ်သို့။ ပတ္တာ=ရောက်ဆိုက်ကြလေပြီ။ တယောမဂ္ဂေ=သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တည်းဟူသော အောက်မဂ်သုံးပါးတို့ကို။ ပဋိဝိဒ္ဓဒေဝတာနံ=ထိုးထွင်း၍ သိမြင်ကြတဲ့ နတ်ဗြဟ္မာတို့၏။ ဂဏနာ=အရေအတွက်သည်။ နတ္ထိ=မရှိ။

ရှင်သာရိပုတ္တရာ သမစိတ္တသုတ္တန်တရား ဟောကြားတဲ့ နေ့တုန်းကဆိုယင် စကြဝဠာတိုက်ကြီးအပြည့် နတ်တွေ၊ ဗြဟ္မာတွေ တရားနာလာကြတယ်။ တရားနာပရိသတ်က စကြဝဠာတိုက် အဖျားအစွန်းရောက်အောင် ပြည့်နေတယ်။ ပကတိအသံဖြင့် ပရိသတ်အစွန် ရောက်အောင် တရားမဟောနိုင်ဘူး။ အဲဒါကြောင့် ဣဒ္ဓိဝိဓ အဘိညာဏ်နဲ့ "ငါဟောလိုက်တဲ့ တရားအသံကို စကြဝဠာမှာ တည်ရှိတဲ့ ပရိသတ်အစွန်အဖျားတိုင်အောင် နတ်ဗြဟ္မာများ ကြားကြပါစေ"လို့ အဓိဋ္ဌာန်တော် မူရပါတယ်။ ဣဒ္ဓိဝိဓ အဘိညာဏ်တည်းဟူသော အသံချဲ့စက်တပ်ပေးရပါတယ်။

အဲဒီတရားပွဲမှာ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာများ အရဟတ္တဖိုလ်ပေါက် ရောက်ကြတယ်။ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ အောက်မဂ် အောက်ဖိုလ် သုံးပါးသို့ရောက်ကြတဲ့ နတ်ဗြဟ္မာတို့ရဲ့ အရေအတွက်ကား ဤမျှ ဤမျှ ဂဏန်းချ၍ မပြနိုင်ဘူး၊ အင်မတန့် အင်မတန် များလှပါတယ်။

အညေသု စ ဌာနေသု အနေကာ အဘိသမယာ ဒိဿန္တိ။

အညေသု စ=ဤမှတပါးလည်း ဖြစ်ကုန်သော။ ဌာနေသု=အရပ်ဌာနတို့၌။ အနေကာ=တစ်ပါးမက များလှကုန်သော။ အဘိ-သမယာ=သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ခြင်းတို့သည်။

http:\\www.dhammadownload.com



ဒိဿန္တိ=ထင်ကုန်၏။

ထေရေ စ စိတ္တံ ပသာဒေတွာ သဂ္ဂေ နိဗ္ဗတ္တာ နေဝ အသီတိ-ကုလသဟဿာနိ။

စ=ဆက်ဦးအံ့။ ထေရေ=မထေရ်မြတ်၌။ စိတ္တံ=မိမိတို့၏စိတ်ကို။ ပသာဒေတွာ=သဒ္ဓါရွှမ်းစို ကြည်ညိုကြကုန်၍။ သဂ္ဂေ=နတ်ပြည်၌။ နိဗ္ဗတ္တာ နေဝ=ဖြစ်ကြသည့် အိမ်ထောင်စုတို့သည်ပင်လျှင်။ အသီတိကုလသဟဿာနိ=အိမ်ထောင်စုပေါင်း ရှစ်သောင်း (၈၀၀၀၀)တို့သည်။ ဟောန္တိ=ဖြစ်ကုန်၏။

အရှင်သာရိပုတ္တရာကို ကြည်ညိုကြတဲ့အတွက် အိမ်ထောင်စုပေါင်း ရှစ်သောင်း (၈၀၀၀၀)တို့ နတ်ပြည်သို့ ရောက်ကြရတယ်။

သော ဒါနိ သကမာတုမိစ္ဆာဒဿနမတ္တမ္ပိ ဟရိတုံ နာသက္ခိတိ။

သော=ထို အရှင်သာရိပုတ္တရာ မထေရ်သည်။

(အခြားတစ်ပါးသော ပုဂ္ဂိုလ်တွေအတွက် ဘယ်လောက်ပင် မင်္ဂလာဖိုလ်ကျေးဇူး ပြုပျိုးစေကာမူ)

ဒါနိ=ယခုအခါ၌။ သကမာတုမိစ္ဆာဒဿနမတ္တမ္ပိ=မိမိရဲ့ မွေးမယ်တော်၏ မိစ္ဆာအယူမျှကိုလည်း။ ဟရိတုံ=ပယ်ရှားခြင်းငှာ။ နာသက္ခိ=မစွမ်းနိုင်ဘူး။ ဣတိ=ဤသို့။ (ဝတ္တာရော=အပြစ်တင်စကား ပြောကြားမည့် ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ=အထင်အရှားအများကြီး ပေါ်ပေါက်ကြလိမ့်မည်။ အရင်းပြန်သတ်။)

အကယ်၍သာ မယ်တော်ကြီးကို ငါတရား မဟောဘဲ ကြောင့်ကြမဲ့နေသွားယင် ယခုကဲ့သို့ အပြစ်တင်စကား ပြောကြားကြမယ့် ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်ကြလိမ့်မယ်။

တသ္မာ မာတရံ မိစ္ဆာဒဿနာ မောစေတွာ ဇာတောဝရကေယေဝ ပရိနိဗ္ဗာယိဿာမိ။

http:\\www.dhammadownload.com



တသ္မာ = သို့ရကား။ မာတရံ = မွေးမိသခင် ကျေးဇူးရှင်ကို။ မိစ္ဆာဒဿနာ = မိစ္ဆာအယူမှ။ မောစေတွာ = လွတ်မြောက်စေ၍။ ဇာတောဝရကေ ယေဝ=ငါ့ရဲ့မွေးဖွားရာ တိုက်ခန်း၌ပင်လျှင်။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော့မည် ... လို့-

ဒီယနေ့က နောက် ခုနစ်ရက်မြောက်မှာ ပရိနိဗ္ဗာန် ဝင်စံရမှာက လည်း နီးကပ်နေပြီ။ ဒီတော့ ယနေ့ပင် သွားမှပဲ။ သာဝတ္ထိကနေပြီး ရာဇဂြိုဟ်ဆိုတာ ယူဇနာကိုက ၄၅ ယူဇနာ၊ အင်မတန်ဝေးတဲ့ခရီး။ တစ်ယူဇနာ တစ်ယူဇနာဆိုလျှင် ၁၂ မိုင် ဝေးတယ်။ အဲဒီတော့ မိုင်ပေါင်းငါးရာ (၅၀၀)လောက် ဝေးတဲ့ခရီးဆိုတော့ ခုနစ်ရက်လောက် ကြိုတင်သွားမှ တော်ရာကျမယ်။ အဲဒီလို စဉ်းစားပြီး ရှင်သာရိပုတ္တရာ ဆက်ပြီး ဘာစဉ်းစားသလဲဆိုတော့ -

အဇ္ဇေဝ ဘဂဝန္တံ အနုဇာနာပေတွာ နိက္ခမိဿာမိ။

အဇ္ဇေဝ=ယနေ့ပင်။ အဟံ=ငါသည်။ ဘဂဝန္တံ=မြတ်စွာဘုရားကို။ အနုဇာနာပေတွာ=ခွင့်ပြုစေ၍။ နိက္ခမိဿာမိ=ထွက်မှပဲ။

(သာဝတ္ထိက ယနေ့ထွက်မှ ခုနစ်ရက်ဆိုယင် မနည်းခရီးပြင်း သွားရလိမ့်မည်။)

အဲဒီလို ဆင်ခြင်စဉ်းစားတော်မူပြီးတဲ့နောက် သူ့ညီဖြစ်တဲ့ အရှင်စုန္ဒရဟန္တာမထေရ်ကို ခေါ်ပြီး -

အာဝုသော စုန္ဒ အမှာကံ ပဉ္စသတာယ ဘိက္ခုပရိသာယ သညံ ဒေဟိ။

အာဝုသော စုန္ဒ=ငါ့ရှင် စုန္ဒ ...။ အမှာကံ=ငါတို့၏။ ပဉ္စသတာယ ဘိက္ခုပရိသာယ=ငါးရာ အတိုင်းအရှည်ရှိသော ရဟန်းပရိသတ်အား။ သညံ=အမှတ်အချက်ကို။ ဒေဟိ=ပေးလော့။

ငါ့ရှင် စုန္ဒ ...၊ ငါတို့ရဲ့ ပရိသတ်ဖြစ်တဲ့ ရဟန်း ငါးရာအား အမှတ်

http:\\www.dhammadownload.com



အချက်ပေးပါ။ ဘယ်လိုပေးရမည်လဲဆိုတော့ -

ဂဏှထာ+ဝုသော ပတ္တစီဝရာနိ၊ ဓမ္မသေနာပတိ နာလကဂါမံ ဂန္တုကာမော။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ ပတ္တစီဝရာနိ= မိမိတို့ရဲ့ သပိတ်သင်္ကန်းတို့ကို။ ဂဏှထ=ယူဆောင်ကြကုန်။ ဓမ္မသေနာပတိ=တရားစစ်မှူးဖြစ်သော အရှင်သာရိပုတ္တရာသည်။ နာလကဂါမံ=ဖွားတော်မူရာ နာလကရွာသို့။ ဂန္တုကာမော=ကြွခြင်းငှာ အလိုရှိ၏။ ဣတိ=ဤသို့။ သညံ=အမှတ်အချက်ကို။ ဒေဟိ= ပေးပါလော့ ...။

ငါ့ရှင် စုန္ဒ ...၊ ငါတို့ရဲ့ ပရိသတ်ဖြစ်တဲ့ ရဟန်း ငါးရာအား "ငါ့ရှင်တို့ ...၊ သပိတ် သင်္ကန်းများကို ယူကြ၊ ဓမ္မသေနာပတိ=တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ် နာလကခေါ်တဲ့ ဖွားတော်မူရာ နေရပ်သို့ ကြွတော်မူလိုတယ်"။ အဲဒီလို အမှတ်အချက် ပေးလိုက်ပါဆိုတော့ အရှင်စုန္ဒကလည်းပဲ ရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်း ငါးရာတို့နေတဲ့ ကမ္မဋ္ဌာန်းကျောင်းကလေးတွေကို ကြွရောက်ပြီး "ငါ့ရှင်တို့ ...၊ သပိတ် သင်္ကန်းများကို မြန်မြန်ပြင်ပြီး ယူခဲ့ကြ၊ စုဝေးကြ။ ဓမ္မသေနာပတိဖြစ်တဲ့ ငါ့ရဲ့ နောင်တော် အရှင်သာရိပုတ္တရာမထေရ်သည် ဖွားတော်မူရာ နာလကရွာသို့ ကြွမလို့" ဆိုတော့ ခဏအတွင်းမှာပဲ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်း ငါးရာတို့ဟာ မိမိတို့ရဲ့ ကျောင်း၊ အိပ်ရာ နေရာများကို သိမ်းဆည်းကြပြီး သပိတ်သင်္ကန်းကိုယူ၊ အရှင်သာရိပုတ္တရာထံမှာ အားလုံး စုပေးမိကြတယ်။

ရဟန်းငါးရာ အားလုံးစုံတော့မှ ရှင်သာရိပုတ္တရာသည် မိမိနေ့သန့်တဲ့ နေရာကလေးကို ထပ်ပြီး တံမြက်စည်း လှည်းတယ်။ တံမြက်လှည်းပြီးတော့မှ အဲဒီနေ့သန့်တဲ့နေရာ ကမ္မဋ္ဌာန်းကျောင်းကလေးရဲ့ တံခါးဝက ရပ်ပြီး -

http:\\www.dhammadownload.com



ဣဒံ ဒါနိ ပစ္ဆိမဒဿနံ၊ ပုန အာဂမနံ နတ္ထိ။

ဒါနိ ဣဒါနိ=ယခုအခါ၌။ ဣဒံ ဒဿနံ=ဤယခုနေ့သန့်ရာ ကမ္ဘဋ္ဌာန်းကျောင်းကလေးကို ကြည့်ခြင်းသည်။ ပစ္ဆိမဒဿနံ= နောက်ဆုံးကြည့်ခြင်းပါပေ။ ပုန=တစ်ဖန်။ အာဂမနံ=လာရောက် ခြင်းသည်။ နတ္ထိ=မရှိတော့ဘူး ...လို့ အဲဒီလို နေ့သန့်နေရာကလေး ကို နှုတ်ခွန်းဆက်သကဲ့သို့ ပြောဆိုပြီး တပည့်ရဟန်းငါးရာ ခြံရံ လျက် မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်း တိုက်တော်ရဲ့ အလယ်မှာရှိတဲ့ ဓမ္မသာလာ=တရားခန်းမဆောင် ရဟန်းပရိသတ် အစည်းအဝေးသို့ ဝင်ရောက်ပြီး မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး၍ အပြစ်လွှတ်တဲ့ နေရာက ထိုင်ပြီးလျှင် –

အနုဇာနာတု မေ ဘန္တေ ဘဂဝါ၊
အနုဇာနာတု သုဂတော။
ပရိနိဗ္ဗာနကာလော မေ၊
ဩဿဋ္ဌော မေ အာယုသင်္ခါရော။

ဘန္တေ=မြတ်စွာဘုရား ...။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ မေ=တပည့်တော်အား။ အနုဇာနာတု=ခွင့် ပြုတော်မူစေချင်ပါသည်ဘုရား။ သုဂတော=ကောင်းသောစကား မိန့်ကြား၍၊ ကောင်းသောနိဗ္ဗာန်သို့ ကြွချီတော်မူသော မြတ်စွာ ဘုရားသည်။ မေ=တပည့်တော်အား။ အနုဇာနာတု=ခွင့်ပြုတော် မူစေချင်ပါသည် ဘုရား။ မေ=တပည့်တော်၏(အဖို့)။ ပရိနိဗ္ဗာန ကာလော=ပရိနိဗ္ဗာန် ဝင်စံဖို့ရန် အချိန်တန်ခဲ့ပါပြီ ဘုရား။ မေ= တပည့်တော်သည်။ အာယုသင်္ခါရော=အာယုသင်္ခါရကို။ ဩဿ– ဋ္ဌော=စွန့်လွှတ်အပ်ပါပြီ ဘုရား ...။

ဟောဒီနေရာကျတော့ "အာယုသင်္ခါရကို လွှတ်တယ်၊ အာယု သင်္ခါရကို လွှတ်တယ်"ဆိုတာ ဘာကို ဆိုလိုတာလဲ။ စာစာက ရှင်

http:\\www.dhammadownload.com



သာရိပုတ္တရာပြောတဲ့ "ငါ့ရဲ့အာယုသင်္ခါရ=ဇီဝိတိန္ဒြေ အစဉ်ဟာ ယနေ့က နောက် ခုနစ်ရက်သာ ဖြစ်တော့မယ်"ဆိုတဲ့ အဲဒီစကားထဲမှာ ပါရှိသော အာယုသင်္ခါရဆိုတာ ကံကြောင့်ဖြစ်တဲ့ ဇီဝိတိန္ဒြေသန္တာန်အစဉ်ကို အာယုသင်္ခါရလို့ ခေါ်တယ်။ အဲဒီ ဇီဝိတိန္ဒြေသန္တာန် အစဉ်မပြတ်မှ သေမသွားမှာ။ အဲဒီလို မပြတ်အောင်လည်းပဲ "အာယုပါလက ဖလသမာပတ်"ဆိုတာကို ဝင်စားတော်မူရတယ်။

## ဖလသမာပတ် သုံးမျိုး

အထူးသဖြင့် မြတ်စွာဘုရားကို ကြည့်ကြရအောင် ...။ မြတ်စွာဘုရားဟာ ၄၅ ဝါမြောက် ဝေသာလီပြည်အနီး ဝေဠုဝရွာငယ်မှာ ဝါကပ်တော်မူတယ်။ အဲဒီမှာ ဝါသည်းကပ်ပြီးရော ဘုရားရဲ့ ကိုယ်တော်မှာ စွဲရောက်လာတဲ့ ရောဂါဝေဒနာဟာ အသက်တော်ကို ခြွေနိုင်လောက်အောင် ပြင်းထန်ပါတယ်။ ဒီအတိုင်းသာ လျစ်လျူရှုထားလိုက်ယင် ကိုယ်တော်ရဲ့ ဇီဝိတိန္ဒြေ အစဉ်ချုပ်ပြီးတော့ အဲဒီဝေဠုဝရွာငယ်မှာပဲ ပရိနိဗ္ဗာန် ဝင်စံသွားတော်မူနိုင်ပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက– "အို ... ငါ့သန္တာန်မှာ အသက်ကို ခြွေလောက်တဲ့ ရောဂါဝေဒနာတော့ ကပ်ရောက်ပြီ၊ ငါ့ရဲ့ ဗုဒ္ဓကိစ္စ ပြီးပြီလား"လို့ စဉ်းစားတယ်။ မပြီးသေးဘူး။ "ဗုဒ္ဓဝေနေယျကော ကုန်ပြီလား"လို့ စဉ်းစားတယ်။ မကုန်သေးဘူး။ ဗုဒ္ဓဝေနေယျ ဘယ်နေ့မှ ကုန်မည်လဲဆိုတော့ အဲဒီ ဝါဆိုလပြည့်နေ့ကနေပြီး ရေတွက်ယင် ဝါခေါင်လပြည့်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လပြည့်တိုင်အောင် ၁၀ လပြည့်မှ ကိုယ်တော်ရဲ့ မျက်မှောက်မှာ ကျွတ်တမ်းဝင်မယ့် သာဝက ကုန်ကြမယ်။

"ဟာ ... ဒါဖြင့်ယင် အရေးကြီးလှပေါ့ပဲ။ သူတို့ရှိရာသို့ ဘုရားကိုယ်တော်ကြွပြီး မြန်မြန် ခြွေချွတ်ပါလား"လို့ ဆိုဖွယ်ရှိတယ်။ ဒီလို

http:\\www.dhammadownload.com



မြန်မြန်ခြေချုတ်ဖို့ ဆိုတာကလည်းပဲ ခြေချုတ်ရမယ့် သာဝကတို့ရဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဣန္ဒြေတွေ မရင့်သန်သေးပဲ သွားတရားဟောလို့လည်း မကျွတ်နိုင်ဘူး။ အဲဒီတော့ သူ့အချိန်နဲ့သူ ဆယ်လ ထိအောင် ဘုရားရှင်က ဆိုင်းတော်မူရလိမ့်မယ်။ ဒီအတိုင်းသာ လျစ်လျူရှုထားယင် ဆယ်လထိအောင် ဘုရားရှင်ရဲ့ ဇီဝိတိန္ဒြေ အစဉ်သန္တာန်ဟာ မပါနိုင် မတည်နိုင်ဘူး။ ဒီဝါတွင်းမှာပဲ ပရိနိဗ္ဗာန် စံဝင်သွားနိုင်တယ်။ အဲဒီတော့ ဘယ်လို လုပ်ဆောင်ရသလဲ ဆိုယင် ကိုယ်တော်ရဲ့ ဇီဝိတိန္ဒြေ သန္တာန်အစဉ် ပြတ်မသွားအောင် ဖလသမာပတ်နဲ့ ထိန်းပေးရတယ်။

ဒီနေရာမှာ ဘုန်းကြီးတို့ ကျမ်းဂန်အခေါ် ဖလသမာပတ် သုံးမျိုးရှိတယ်။

(၁) မဂ္ဂါနန္တရဖလသမာပတ်=အရိယာ ပုဂ္ဂိုလ်များမှာ မဂ္ဂဝီထိကျတဲ့ အခါ မဂ်ဇော၏ အခြားမဲ့မှာဖြစ်တဲ့ ဖိုလ်ဇော နှစ်ကြိမ်၊ သုံးကြိမ်ကို မဂ္ဂါနန္တရဖလသမာပတ်လို့ ခေါ်ရတယ်။

(၂) ဝဠဉ္ဇနဖလသမာပတ် = ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်သို့ ရောက်ပြီးတဲ့နောက် ပရိနိဗ္ဗာန် မစံမီ ကြားကာလမှာ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစားသုံးဆောင်တဲ့ အနေဖြင့် အချိန်ရသလောက်၊ အခွင့်ရသလောက် အရဟတ္တဖိုလ်ကို ဝင်စားတော်မူတယ်။ အဲဒီဝင်စားတဲ့ ဖလသမာပတ်မျိုးကို ပါဠိလို ဝဠဉ္ဇနဖလသမာပတ်လို့ ခေါ်ပြီး မြန်မာလိုတော့ "နိဗ္ဗာန်ရဲ့ သန္တိအရသာကို အသုံးအစွဲပြုတဲ့ ဖလသမာပတ်" လို့ ခေါ်ပါတယ်။

မြတ်စွာဘုရားဟာ အဲဒီ ဝဠဉ္ဇနဖလသမာပတ်=နိဗ္ဗာန်ရဲ့ သန္တိအရသာကို သုံးစွဲတဲ့ ဖလသမာပတ်ကို ဘယ်လောက်များ သုံးစွဲသလဲ ဆိုယင် –

http:\\www.dhammadownload.com



စိတ္တိဿရာ ဟိ ဗုဒ္ဓါ ဘဂဝန္တော ဓမ္မံ ဒေသေန္တာပိ ယံ မုဟုတ္တံ တုဏှီ ဘဝိတဗ္ဗံ ဟောတိ၊ တံ မုဟုတ္တမ္ပိ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ၊ ပဂေဝ အညသ္မိံ ကာလေ။

ဟိ=မှန်၏။ စိတ္တိဿရာ=စိတ္တိဿရိယ ဘုန်းတော်ရှင် ဖြစ်တော်မူကြကုန်သော။ ဘဂဝန္တော=ဘုန်းတော်ခြောက်ပါး ရှိတော်မူကြကုန်သော။ ဗုဒ္ဓါ=ဘုရားရှင်တို့သည်။ ဓမ္မံ ဒေသေန္တာပိ=တရားဟောနိုက် ဖြစ်ကုန်သော်လည်း။ ယံ မုဟုတ္တံ=အကြင်မုဟုတ်ပတ်လုံး။ တုဏှီ ဘဝိတဗ္ဗံ=ဆိတ်ဆိတ်နေသင့်သည်။ ဟောတိ=ဖြစ်၏။ တံ မုဟုတ္တမ္ပိ=တရားဟောနိုက်မှာ တရားနာပရိသတ်က သာဓုအနုမောဒနာ ခေါ်နေခိုက်ဖြစ်၍ ဆိတ်ဆိတ်နေရမယ့် အဲဒီ ခဏမှာပင်သော်လည်းပဲ။ ဖလသမာပတ္တိံ=အရဟတ္တဖိုလ် သမာပတ်ကို။ သမာပဇ္ဇန္တိ=ဝင်စားတော်မူကြကုန်၏။ အညသ္မိံ ကာလေ=တစ်ပါးသောအခါ၌။ ပဂေဝ=အဘယ်ဆိုဖွယ် ရှိပါအံ့နည်း။

စိတ္တိဿရိယ ဘုန်းတော်ရှင်ဖြစ်တော့ ကိုယ်တော့်စိတ်ကို ကိုယ်တော် အစိုးရတယ်။ တရားဟောနေတုန်း တရားနာပရိသတ်က သာဓုအနုမောဒနာ သုံးကြိမ်ခေါ်နေတဲ့အချိန် ကိုယ်တော်အဖို့ အနားယူ အားလပ်တဲ့ အချိန်ကလေး ဖြစ်နေတယ်။ အဲဒီအချိန်ကလေးမှာသော်မှ စိတ္တဿရိယ ဘုန်းတော်ရှင်ဆိုတော့ အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားမိအောင် ဝင်စားလိုက်တယ်။ အဲဒီလို ဝင်စားပြီးတော့ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစားသုံးဆောင်တော်မူတဲ့ ဖလသမာပတ်ကို ဝဠဉ္ဇနဖလသမာပတ်လို့ ခေါ်တယ်။

(၃) အာယုပါလကဖလသမာပတ်=အာယုသင်္ခါရ ဖလသမာပတ် ဓိဝိတိန္ဒြေသန္တာန်ကိုစောင့်တဲ့ အာယုသင်္ခါရလို့ ခေါ်ရတဲ့ ဖလသမာပတ်၊ ဓိဝိတိန္ဒြေသန္တာန်ကို စွန့်မသွားအောင် ထိန်းထားတဲ့ ပြုပြင်ပေးတဲ့ ဖလသမာပတ်လို့ ဆိုလိုပါတယ်။

http:\\www.dhammadownload.com



အဲ ... မြတ်စွာဘုရားဟာ မဟာသက္ကရာဇ် ၁၄၇ တစ်ရာလေးဆယ့် ခုနစ်ခုနှစ် ဝေဠုဝရွာငယ်မှာ ဝါကပ်ကတည်းက ဇီဝိတိန္ဒြေသန္တာန် အစဉ်ကြွေနိုင်တယ်။ ကြွေသွားမယ့် ဇီဝိတိန္ဒြေသန္တာန် အစဉ်ကို ဆယ်လကြာအောင် ဆက်ပြီးတော့ သန္တာန်ဆက်စည် ရှည်နိုင်အောင် အာယုပါလက ဖလသမာပတ်နဲ့ ထိန်းထားရပါတယ်။ အဲဒီ အာယုပါ–လက ဖလသမာပတ်ကျတော့ ရှေးဖြစ်တဲ့ ၁။ မဂ္ဂါနန္တရဖလသမာပတ်၊ ၂။ ဝဠုဋ္ဌနဖလသမာပတ်တို့လို မဟုတ်တော့ဘူး။ ရှေ့သမာပတ် နှစ်ပါးတုန်းကတော့ သာမညအားဖြင့် တေဘူမကသင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာ ရှုလိုက်ယင် ဖလသမာပတ္တိ ဝီထိ စိတ်အစဉ်ဖြစ်ပြီးတော့ ဖိုလ်ဇောများ ဖြစ်ကြ၊ ဇောကြတယ်။ (၁။ မဂ္ဂါနန္တရ ဖလသမာပတ်လို့လည်း ခေါ်တယ်။) (ထို့အတူ ၂။ ဝဠုဋ္ဌနဖလသမာပတ်ကို လည်း ခဏိကဖလသမာပတ်လို့ ခေါ်ရတယ်။

အဲဒီ မဂ္ဂါနန္တရဖလသမာပတ်၊ ဝဠုဋ္ဌနဖလသမာပတ်ခေါ်တဲ့ ခဏိက ဖလသမာပတ်ကို ဝင်စားနေစဉ်အတွင်း ဇီဝိတိန္ဒြေအစဉ် ပြတ်မသွားအောင် ထိန်းထားနိုင်တယ်။ ရောဂါဝေဒနာ မဖြစ်အောင် ထိန်းထားနိုင်တယ်။ သမာပတ် ဝင်စားပြီးလို့ သမာပတ်ကလည်း ထရော၊ ရောဂါဝေဒနာကို မဖြစ်အောင် မတားနိုင်ဘူး။ (လောက ဥပမာအားဖြင့်) မှော်တွေ ပိန်း(ဘိန်း) ထူထပ်တဲ့ ရေကန်ထဲသို့ ခဲ(ဂဲ)ချလိုက်ယင် ခဲ(ဂဲ) ကျတုန်းပဲ မှော်ဟာ ရှဲတယ်၊ ခဲ(ဂဲ)လည်း ကျပြီးရော မှော်ဟာ ပြန်ပြီးတော့ ဖုံးမြဲ ဖုံးတယ်။ အဲဒီလိုပဲ နေတိုင်မကောင်းတဲ့အခါ ခဏိက ဖလသမာပတ် ဝင်စားလိုက်ယင် ဖလသမာပတ် ဝင်စားနေတုန်းအခိုက်မှာ အဲဒီရောဂါ ဝေဒနာ မှော်တွေဟာ ရှင်းနေကယ်။ ဖလသမာပတ်လည်းပဲ သန္တာန်ပြတ်သွားရော ရောဂါဝေဒနာလည်းပဲ ပြန်ပြီးတော့ ဒီကိုယ်ခန္ဓာကို နှိပ်စက်ပြန်တယ်။

အဲဒီ ခဏိကဖလသမာပတ်နဲ့ မရနိုင်တဲ့ အာယုပါလက ဖလသမာ

http:\\www.dhammadownload.com



ပတ်၊ အာယုသင်္ခါရ ဖလသမာပတ်၊ ဖလသမာပတ်ကိုပင် အာယုသင်္ခါရ လို့ ခေါ်ရတဲ့ နေရာကို ပြောချင်လို့ ဒီစကားတွေကို ဆိုနေရခြင်း ဖြစ်ပါ တယ်။ အဲဒီ အာယုသင်္ခါရလို့ ခေါ်တဲ့ အာယုပါလက ဖလသမာပတ် ဝင်စားမယ်ဆိုတော့ ဟို ... မဟာဗောဓိ ပင်ရင်းတုန်းက ကုဋေပေါင်း သုံးသန်းခြောက်သိန်းသော မဟာဝဇိရ ဝိပဿနာဉာဏ် အခြေခံပြီး တော့ မဂ္ဂဝီထိ ဘုရားရှင်မှာ ကျခဲ့တယ်။ ယခု ပြောနေတဲ့ အာယုပါလ က ဖလသမာပတ် ဝင်စားချင်ယင် အဲဒီမဟာဗောဓိပင်ရင်းတုန်းက သုံးသပ်ခဲ့တဲ့ မဟာဝဇိရ ဝိပဿနာဉာဏ်မျိုး အခြေခံပြီးတော့ ဝင်စား ရပါတယ်။

## ကုဋေသုံးသန်းခြောက်သိန်းသော မဟာဝဇိရ ဝိပဿနာ

အေး ... အာဏာခေတ် စကြဝဠာ ကုဋေတစ်သိန်း ရှိတယ်။ စကြဝဠာ တစ်တိုက် တစ်တိုက်မှာ ရှိကြတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာ တွေကို သတ္တဝါဆိုတဲ့ ပညတ်ကိုခွာပြီး ပရမတ္ထတရားသား ဘုရား အလောင်းတို့ရဲ့ ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တော့ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏလို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး တရားအစုပဲ ရှိတယ်။ ဒီတော့ စကြဝဠာ တစ်တိုက် တစ်တိုက်မှာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး တရားအစုဆိုတော့ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းမှာ အဝိဇ္ဇာပေါင်းက ကုဋေတစ်သိန်း၊ သင်္ခါရပေါင်းက ကုဋေတစ်သိန်း၊ ဝိညာဏ်ပေါင်းက ကုဋေတစ်သိန်း၊ နာမ်ရုပ်ပေါင်း၊ သဠာယတနပေါင်း၊ ဖဿပေါင်း၊ ဝေဒနာပေါင်း၊ တဏှာပေါင်း၊ ဥပါဒါန်ပေါင်း၊ ဘဝပေါင်း၊ ဇာတိပေါင်း၊ ဇရာ+မရဏပေါင်းတို့ကလည်း ကုဋေတစ်သိန်းစီရယ်လို့ ဝိပဿနာဘူမိ=ဘုရားရှင်ရဲ့ ဝိပဿနာဉာဏ် ပညာတော်ရဲ့ ကျက်စား ရာ တရားပေါင်းဟာ ကုဋေပေါင်း တစ်သန်း နှစ်သိန်း ရှိတယ်။

http:\\www.dhammadownload.com



အဲဒီ ကုဋေတစ်သန်းနှစ်သိန်းသော ဝိပဿနာဘူမိသမ္မသနစာရ တရားတို့အထဲမှာမှ တရားတစ်ပါး တစ်ပါးလျှင် အနိစ္စဟူ၍ ရှုတဲ့ဉာဏ်၊ ဒုက္ခဟူ၍ ရှုတဲ့ဉာဏ်၊ အနတ္တဟူ၍ ရှုတဲ့ဉာဏ်၊ ဤသို့အားဖြင့် တရား တစ်ခုတစ်ခုလျှင် ဘာမှ ပေယျာလ မကန်ဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ တရားအလုံးအစေ့ ဝိပဿနာနှလုံး ကျင့်သုံး တော်မူပါတယ်။ ထိုသို့ ကျင့်သုံးသဖြင့် ကုဋေပေါင်း တစ်သန်းနှစ်သိန်း သော ဝိပဿနာ အရှုခံတရားတို့အတွက် အနိစ္စ ဝိပဿနာ ဉာဏ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊ ဒုက္ခဝိပဿနာ ဉာဏ်ပေါင်း ကုဋေတစ်သန်း နှစ်သိန်း၊ အနတ္တဝိပဿနာ ဉာဏ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊ သုံးရပ်ပေါင်း ကုဋေ သုံးသန်းခြောက်သိန်းသော မဟာဝဇိရ ဝိပဿနာ ဉာဏ်တို့နဲ့ အခြေခံပြီး သမ္မာသမ္ဗောဓိခေါ်တဲ့ သဗ္ဗညုတဉာဏ် အထွတ် တပ်သော မဂ်ဉာဏ်လေးရပ်သို့ ရောက်တော်မူခဲ့ပါတယ်။

အဲဒီ မဟာဗောဓိပင်တုန်းက ဝိပဿနာ အကျယ်နှလုံးသွင်းသလို ယခုလည်းပဲ ကိုယ်တော့်ရဲ့ ဇီဝိတိန္ဒြေသင်္ခါရ အစဉ်ပြတ်မသွားအောင် အရဟတ္တဖလ သမာပတ်ကို ဝင်စားမယ်ကြံတော့ မဟာဗောဓိပင်ရင်း တုန်းက ကျင့်သုံးခဲ့တဲ့ မဟာဝဇိရ ဝိပဿနာဉာဏ်ကို အခြေခံ၍ ဝင်စား တော်မူတယ်။ အဲဒီ ဇီဝိတသင်္ခါရ ဖလသမာပတ်ကျတော့ ခဏိက ဖလသမာပတ်တို့လို မဟုတ်ဘူး။ ဝိပဿနာအခြေခံ ဝီရိယက အား ကောင်းတယ်။ အဲဒီ အခြေခံ ဝိပဿနာဝီရိယ အားကောင်းလို့ ဖလသမာပတ် ဝီရိယကလည်း အားကောင်းတယ်။ အခြေခံ ဝိပဿနာ နဲ့ ယှဉ်တဲ့ ဝီရိယ၊ ဖလသမာပတ်နဲ့ ယှဉ်တဲ့ ဝီရိယ၊ အဲဒီ ဝီရိယနှစ်ပါး အခြေခံထားပြီး ဝင်စားတဲ့ ဖလသမာပတ်ကို အာယုပါလက ဖလသမာ ပတ်လို့ ခေါ်တယ်။ အဲဒီ အာယုပါလက အသက်တော်ကို စောင့်ထိန်း ထားတဲ့ ဖလသမာပတ်ကိုပင်လျှင် အာယုသင်္ခါရလို့ ခေါ်တယ်။

"မြတ်စွာဘုရား အာယုသင်္ခါရကို လွှတ်တယ်" ဆိုတာ အခြား

http:\\www.dhammadownload.com



မဟုတ်ဘူး။ "ငါသည် မဟာသက္ကရာဇ် (၁၄၈)ခုနှစ် ကဆုန်လပြည့်နေ့ ရောက်ရုံပဲ အာယုပါလက အရဟတ္တဖလသမာပတ်ကို ဝင်စားတော့မယ်၊ ကဆုန်လပြည့်နေ့ နောက်ဆုံး ဝေနေယျဖြစ်သူ 'သုဘဒ္ဒ'ကို ချွတ်ပြီးလျှင် အာယုပါလက ဖလသမာပတ်ကို ငါမဝင်စားတော့ဘူး"လို့ အဲဒီလို စိတ်တော်ကို တုံးတုံးချ ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းကို အာယုသင်္ခါရ လွှတ်တော်မူတယ်လို့ ခေါ်ဝေါ်ခြင်း ဖြစ်တယ်။

ယခု ရှင်သာရိပုတ္တရာက လျှောက်ထားတဲ့ "မြတ်စွာဘုရား ...၊ တပည့်တော် ပရိနိဗ္ဗာန်စံဖို့ အချိန်တန်ပါပြီ၊ အာယုသင်္ခါရကို တပည့်တော် လွှတ်ပြီးပါပြီ"ဆိုတဲ့ စကားဌ် လွှတ်ဆိုတာ ဘာလဲ။ "ငါသည် လိုအပ်လျှင် ယနေ့က နောက် ခုနစ်ရက်မြောက် ငါရဲ့ ဖွားရာ နာလကရွာသို့ ရောက်ပြီး မယ်တော်ကို ချွတ်ပြီးတဲ့အချိန် ရောက်ရုံပဲ အာယုသင်္ခါရ ဖလသမာပတ်ကို ဝင်စားတော့မည်။ အဲဒီနောက် မဝင်စားတော့ဘူး"လို့ အဲဒီလို စိတ်ကို တုံးတုံးချ ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပါသည်။

မြတ်စွာဘုရားအား ရှင်သာရိပုတ္တရာ လျှောက်ထားတဲ့ စကားလေးခွန်း ဖြစ်ပါတယ်။

(၁) ဘဂဝါဂုဏ်ရှင် မြတ်စွာဘုရား ...၊ တပည့်တော်အား ခွင့်ပြုတော်မူပါ။

(၂) သုဂတဂုဏ်ရှင် မြတ်စွာဘုရား ...၊ တပည့်တော်အား ခွင့်ပြုတော်မူပါ။

(၃) တပည့်တော်၏အဖို့ရာ ပရိနိဗ္ဗာန်စံဖို့ အချိန်ကျနေပါပြီ။

(၄) တပည့်တော်သည် အာယုသင်္ခါရကို လွှတ်ပြီးပါပြီဘုရား ...လို့ လျှောက်တော့ မြတ်စွာဘုရားက –

(က) ပရိနိဗ္ဗာဟိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းလော့လို့ အဲဒီလို ကြည်ကြည်ဖြူဖြူ ခွင့်ပြုတော်မူလိုက်ယင်လည်းပဲ ဘုရားရှင်ကို

အပြစ်ရှာရန် ဆိုလို အပေါက်ရှာနေတဲ့ သာသနာပြင်ပမှ ဝါဒတစ်ပါး ရှိသူ ပုဂ္ဂိုလ်တွေက "ကြည့်စမ်း၊ အရှင်ဂေါတမဟာ သူ့တပည့်တွေကို အသေနိုင်းတယ်"ဆိုပြီး တတိယ ပါရာဇိက သိက္ခာပုဒ် ပညတ်ချက်နဲ့ ကိုင်ပြီးတော့ အပြစ်တင်စကား ပြောကြားကြလိမ့်မယ်။

(ခ) မှာ ပရိနိဗ္ဗာဟိ=ပရိနိဗ္ဗာန် မစံနဲ့အုန်း ချစ်သား သာရိပုတ္တရာ..၊ အဲဒီလို ပြောလိုက်ပြန်လျှင်လည်းပဲ "သံသရာဝဋ်ရဲ့ ဂုဏ်ကျေးဇူးကို ချီးမွမ်းတယ်"ဆိုပြီးတော့ အပြစ်တင်စကား ပြောကြားကြလိမ့်မယ်။

ပရိနိဗ္ဗာန်စံတော့လို့ ဆိုယင်လည်းပဲ သေဖို့ရန် တိုက်တွန်းတယ်လို့ အပြစ်တင်ကြလိမ့်မယ်။ ပရိနိဗ္ဗာန် မစံနဲ့အုန်းလို့ ဆိုယင်လည်းပဲ သံသရာဝဋ်ဒုက္ခထဲမှာ ချစ်သား နေအုန်းလို့ ဆိုတာနဲ့ အတူတူပဲလို့ အပြစ်တင်ကြလိမ့်မယ်။ နှစ်ဖက်အစွန်း မလွတ်လို့ မြတ်စွာဘုရားက ဘာအမိန့်ရှိလိုက်သလဲဆိုယင် –

ကတ္တ ပရိနိဗ္ဗာယိဿသိ သာရိပုတ္တ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ ...။ တွံ=သင်ချစ်သား သည်။ ကတ္တ=အဘယ်အရပ်၌။ ပရိနိဗ္ဗာယိဿသိ=ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း ဘုံဇာတ်သိမ်းမည်လဲ။

"ချစ်သား ...၊ ဘယ်မှာ ပရိနိဗ္ဗာန် စံမည်လဲ"လို့ ဆိုတော့ ဘယ်လိုမှ ခုတင်က အစွန်းနှစ်ပါးနဲ့ လုံးဝ အပြစ်တင်လို့ မရတော့ဘူး။

အဲဒီတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ်လျှောက်သလဲဆိုယင်–

အတ္ထိ ဘန္တေ မဂဓေသု နာလကဂါမေ ဇာတောဝရကော၊ တတ္ထာ+ဟံ ပရိနိဗ္ဗာယိဿာမိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား ...။ မဂဓေသု=မဂဓတိုင်းတို့၌။ နာလကဂါမေ=နာလကရွာ၌။ ဇာတောဝရကော=တပည့်တော်၏ မွေးဖွားရာ တိုက်ခန်းသည်။ အတ္ထိ=ရှိပါသည်ဘုရား။ တတ္ထ=ထို မဂဓတိုင်း အဝင်အပါ နာလကရွာမှာရှိတဲ့ တပည့်တော်ရဲ့ မွေးဖွား

http:\\www.dhammadownload.com



ရာ တိုက်ခန်း၌။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံ ဇာတ်သိမ်းပါမည် မြတ်စွာဘုရား ...။

မဂဓတိုင်း နာလကရွာမှာ တပည့်တော်မွေးဖွားရာ တိုက်ခန်းရှိပါတယ်ဘုရား၊ အဲဒီတိုက်ခန်းမှာ တပည့်တော် ပရိနိဗ္ဗာန်စံပါမယ်လို့ လျှောက်တော့ မြတ်စွာဘုရားက –

ယဿ ဒါနိ တွံ သာရိပုတ္တ ကာလံ မညသိ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ ...။ တွံ=သင်ချစ်သားသည်။ ယဿ ဂမနဿ=အကြင် သွားခြင်း၏။ ကာလံ=အချိန်ကာလကို။ မညသိ=သိပေ၏။

ချစ်သားရဲ့ သွားဖို့ရန်အချိန်ကို ချစ်သား သိပါတယ်၊ သွားဖို့ရန် ဆိုတာ ချစ်သားရဲ့ အလိုအတိုင်းပဲ။

ဣဒါနိ ပန တေ ဇေဋ္ဌကနိဋ္ဌဘာတိကာနံ တာဒိသဿ ဘိက္ခုနော ဒဿနံ ဒုလ္လဘံ ဘဝိဿတိ၊ ဒေသေဟိ နေသံ ဓမ္မံ။

ငါဘုရား တိုက်တွန်းစကား ပြောကြားလိုတာကတော့ –

ဣဒါနိ=ယခုအခါ၌။ တေ=သင်ချစ်သား၏။ ဇေဋ္ဌကနိဋ္ဌဘာတိကာနံ=နောင်ကြီး ညီငယ်ဖြစ်ကြသော ရဟန်းရှင်လူတို့၏ (အဖို့ရာ)။ တာဒိသဿ ဘိက္ခုနော=သင်ချစ်သားကဲ့သို့သော ရဟန်းကို။ ဒဿနံ=နောက်ထပ်တစ်ဖန် ဖူးမြင်ရခြင်းကို။ ဒုလ္လဘံ=ရခဲသည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မည်။ နေသံ=ထိုသင်ရဲ့ နောင်တော် ညီတော် အစ်မတော် နှမတော် ဖြစ်ကြတဲ့ ပရိသတ်လေးပါး ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာတို့အား။ ဓမ္မံ=နောက်ဆုံးတရားကို။ ဒေသေဟိ=ဟောကြားခဲ့ပါလော့ ...။

ချစ်သား ပရိနိဗ္ဗာန်စံသွားလို့ရှိယင် ချစ်သားရဲ့ နောင်တော်တွေ ညီတော်တွေ အစ်မတော်တွေ နှမတော်တွေ ဖြစ်ကြတဲ့ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာဆိုတဲ့ အမျိုးသား အမျိုးသမီးတွေဟာ ချစ်သား

http:\\www.dhammadownload.com



ကဲ့သို့သော ရဟန်းတော်တစ်ပါးကို နောက်ထပ် ဖူးမြော်ခွင့်ရဖို့ အင်မတန် ခဲယဉ်းသွားပြီ။ အဲဒီတော့ ချစ်သား ... နောက်ဆုံးအနေနဲ့ ထိုပရိသတ်လေးပါးအား တရားဟောပါအုန်း။ အဲဒီလို မြတ်စွာဘုရား က အမိန့်ရှိလိုက်တယ်ဆိုယင်ပဲ မြတ်စွာဘုရားရဲ့ အလိုတော်ကို အရှင် သာရိပုတ္တရာ ဘယ်လို သိလိုက်သလဲဆိုယင် –

သတ္ထာ မယှံ ဣဒ္ဓိဝိကုဗ္ဗနပုဗ္ဗင်္ဂမံ ဓမ္မဒေသနံ ပစ္စာသီသတိ။

သတ္ထာ=မြတ်စွာဘုရားသည်။ မယှံ=ငါ၏။ ဣဒ္ဓိဝိကုဗ္ဗနပုဗ္ဗ–င်္ဂမံ=တန်ခိုးဖန်ဆင်းခြင်းလျှင် ရှေ့သွားရှိသော။ ဓမ္မဒေသနံ= တရားဟောခြင်းကို။ ပစ္စာသီသတိ=တောင့်တတော်မူ၏။

"ဩော် ... ဘုရားကိုယ်တော်မြတ်ကြီးဟာ ရိုးရိုးတရားဟောတာ တောင့်တတာ မဟုတ်ဘူး။ နောက်ဆုံး တရားပွဲအနေနဲ့ တန်ခိုးပြာဋိဟာ ပြပြီး တရားဟောတာကို လိုလားတောင့်တတော်မူတယ်။"

အဲဒီလို ဘုရားရှင်ရဲ့ အလိုတော်ကို သိပြီးတော့ ဣဒ္ဓိဝိဓ အဘိ ညာဏ်ကို ဝင်စားပြီး မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး၊ ကောင်းကင် ယံသို့ ထန်းတစ်ပြန်တက်ပြီး ကောင်းကင်ကနေ ရှိခိုးပြီး ပြန်ဆင်း၊ နောက်တစ်ဖန် လက်အုပ်ချီလျက် ထန်းနှစ်ဆင့် ကောင်းကင်တက် ပြန်ဆင်း၊ ဤနည်း ထန်းသုံးဆင့်၊ လေးဆင့်၊ ငါးဆင့်၊ ခြောက်ဆင့်၊ ခုနစ်ဆင့်ထိအောင် တက်လိုက် ဆင်းလိုက်၊ တက်လိုက် ဆင်းလိုက်။ အို ... ဒီပွဲမှာ တရားကိုလည်း နာရတယ်၊ တန်ခိုးဣဒ္ဓိပါဒ်ကိုလည်းပဲ ပရိသတ်တွေ ဖူးတွေ့ကြရတယ်။

အဲဒီလို ထန်းခုနစ်ဆင့် မြင့်အောင် ခုနစ်ကြိမ်မြောက် ကောင်းကင် သို့ တက်ပြီးတဲ့ နောက်ကျတော့ ကောင်းကင်ကနေပြီး မိမိရဲ့ ပကတိ ကိုယ်ကို ထင်စွာပြ၍လည်း တရားဟောတယ်၊ မိမိကိုယ်ကို မထင်စေ ဘဲ တရားသံချည်းလည်းပဲ ကြားနေရတယ်။ အေး ... တော်တော်ကြာ လို့ ပရိသတ်က မော်ကြည့်လိုက်တဲ့အခါကျတော့ အထက်ပိုင်း ကိုယ်

http:\\www.dhammadownload.com



သာလျှင် ပေါ်ပြီးတော့ တရားဟောနေသည်ကို ဖူးတွေ့ရတယ်။ အဲဒါကို ကြည့်ပြီး တရားနာနေတုန်းပဲ အထက်ပိုင်း ကိုယ်ပျောက်သွားပြီး တရားသံချည်းပဲ ကြားနေရတယ်။ ပရိသတ်က ပျောက်လို့ လိုက်ရှာတဲ့ မျက်စိနဲ့ ကြည့်နေတုန်း ဟော–အောက်ပိုင်းကိုယ်တစ်ခြမ်းတင် ပေါ်ပြီး တရားသံကိုတော့ အစဉ်မပြတ် ကြားနေကြရတယ်။ "အေး ... အောက်ပိုင်း ကိုယ်ချည်းပဲ ပေါ်သဟဲ့+ပေါ်သဟဲ့" နဲ့ တအံ့တသြ ကြည့်နေတုန်း အောက်ပိုင်းကိုယ်ကလည်းပဲ ပျောက်သွားပြန်ရော၊ တရားသံချည်းပဲ ကြားနေရပြန်တယ်။

တော်တော်ကြာတော့ "ဟင် ... ဒီနေရာတွင် ပျောက်တာပဲ"လို့ ကြည့်နေတုန်း ဖြုန်းခနဲဆို လဝန်းကြီး ပေါ်လာတယ်။ တရားက ဟောလျက် "ဟယ် ... လဝန်းကြီး ပေါ်သဟဲ့" လို့ ကြည့်နေတုန်း တော်တော်ကြာတော့ နေဝန်းကြီး ပေါ်လာတယ်။ အဲဒီ နေစကြာ= နေဗိမာန်ကြီးက တရားသံတွေ ထွက်လာတယ်။ ဟင်း ...တော်တော် ကြာ ဒီလို ကြည့်နေရင်းက မြင်းမိုရ်တောင်ကြီးလို တောင်ကြီး ပေါ်လာ ပြန်တယ်။ အဲဒီတောင်ကြီးထဲက တရားသံတွေ ထွက်လာတယ်။ တအံ့တသြ ကြည့်နေတုန်း မြင်းမိုရ်တောင်ကြီး ကွယ်ပြီးတော့ သမုဒ္ဒရာကြီး ပေါ်လာပြန်တယ်။ သမုဒ္ဒရာကြီးကိုပဲ မျက်စိက မြင်နေရပြီး ရှင်သာရိ–ပုတ္တရာရဲ့ အသံနဲ့ တရားသံတွေက ထွက်လာတယ်။

ဟင် ... တအံ့တသြ ဒါကို ကြည့်နေတုန်း စကြဝတေးမင်းကြီး ပေါ်လာပြန်တယ်။ စကြဝတေးမင်းကြီး ဆိုပြီး ကြည့်နေတုန်း ရှိသေးတယ်၊ တော်တော်ကြာတော့ စကြဝတေးမင်းကြီးရုပ် ပျောက်ပြီးတော့ တစ်ခါ ဝေဿဝဏ်နတ်မင်းကြီးရဲ့ပုံ ပေါ်လာပြီး တရားဟောပြန်တယ်။ "ဟာ ... ဝေဿဝဏ်နတ်မင်းကြီးရဲ့ ပုံဟဲ့"ဆိုပြီး ကြည့်ညိုနေတုန်း ဖြုန်းဆို အဲဒီဣန္ဒြိရုပ် ပျောက်ပြီး သိကြားမင်းရဲ့ ပုံနဲ့ တရားဟောနေပြန်ပြီး ဒါကိုပဲ တအံ့တသြ ကြည့်နေတုန်း ဖြုန်းခနဲ သိကြားမင်းရဲ့ပုံ

http:\\www.dhammadownload.com



ပျောက်ပြီး ဗြဟ္မာမင်းရဲ့ ဣန္ဒြိရပ်နဲ့ တရားဟောပြန်တယ်။

အေး ... ဤသို့ စသည်ဖြင့် ချီးပ၍ မကုန်နိုင်အောင် ဣန္ဒြိရပ် အမျိုးမျိုးပြပြီး တရားဟောပြီးတော့မှ ကောင်းကင်က သက်ဆင်းပြီး မြတ်စွာဘုရား ခြေတော်ရင်း၌ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပြီး ထိုင်နေတဲ့အခါ မြတ်စွာဘုရားက –

ကော နာမော အယံ သာရိပုတ္တ ဓမ္မပရိယာယော။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ ...။ အယံ ဓမ္မပရိယာယော =ဤ ယခု သင်ချစ်သား တရားဟောခြင်းသည်။ ကောနာမော= အဘယ်အမည်ရှိတဲ့ တရားဟောခြင်းပါလဲ။

ချစ်သား ... ယခု ချစ်သားရဲ့ တရားဟောနည်းကား ဘယ်လို တရားဟောနည်းလဲလို့ မေးတော့ ရှင်သာရိပုတ္တရာက ပြန်လျှောက်တယ်။

သီဟဝိကီဠိတော နာမ ဘန္တေ။

ဘန္တေ=အရှင်မြတ်ဘုရား ...။ သီဟဝိကီဠိတော နာမ=ခြင်္သေ့ရဲ့ မြူးထူးစံပယ်ခြင်းနဲ့တူတဲ့ တရားဟောခြင်းပါဘုရား။

ခြင်္သေ့မင်း မြူးခုန်တာနဲ့တူတဲ့ တရားဟောခြင်းပါ ဘုရားယို့ လျှောက်တဲ့အခါ မြတ်စွာဘုရားက –

တဂ္ဃ သာရိပုတ္တ သီဟဝိကီဠိတော + တဂ္ဃ သာရိပုတ္တ သီဟဝိကီဠိတော။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ ...။ တဂ္ဃ=ဧကန်စင်စစ်။ သီဟဝိကီဠိတော=သီဟဝိကီဠိတတရား ဒေသနာပါပေ ...လို့ အဒီလို နှစ်ကြိမ်တိုင်တိုင် ချီးမွမ်းတော်မူတယ်။

အဲဒီလို မြတ်စွာဘုရားက ချီးမွမ်းတော်မူလည်းပြီးရော ရှင်သာရိ- ပုတ္တရာဟာ ချိပ်ရည်အသွေး နီတွေးတဲ့ လက်ဖဝါးကလေးများကို ဖြန့်ပြီး ဘုရားကိုယ်တော်မြတ်ရဲ့ ရွှေလိပ်ခုံး သဏ္ဌာန်ရှိတဲ့ ခြေဖမိုးတော်

http:\\www.dhammadownload.com



အစုံကို တအားဆုပ်ကိုင်ပြီး -

ဘန္တေ ဣမာသံ ပါဒါနံ ဝန္ဒနတ္ထာယ ကပ္ပသတသဟဿာဓိကံ အသင်္ချေယျံ ပါရမိယော ပူရိတာ။

ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... ။ ဣမာသံ ပါဒါနံ=ဤရှင်တော်ဘုရားရဲ့ ခြေတော်တို့ကို။ ဝန္ဒနတ္ထာယ=ရှိသေမြတ်နိုး ယခုလို ရှိခိုးရခြင်းအကျိုးငှာ။ ကပ္ပသတသဟဿာဓိကံ= ကမ္ဘာတစ်သိန်း အလွန်ရှိသော။ အသင်္ချေယျံ=တစ်သင်္ချေကာလ ပတ်လုံး။ ပါရမိယော=ပါရမီတို့ကို။ ပူရိတာ=ဖြည့်ကျင့်အပ်ခဲ့ပါကုန်ပြီ ဘုရား။

မြတ်စွာဘုရား ...၊ တပည့်တော် သာရိပုတ္တရာ အရှင်ဘုရားရဲ့ ဟောဒီ ခြေတော်အစုံ ကြာပဒုံတို့ကို တစ်အားကုန်ဆုပ်ပြီး ယခုလို ရှိခိုးနိုင်ရန်အတွက် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ အဂ္ဂသာဝက ပါရမီများကို ဖြည့်ကျင့်ခဲ့ရပါသည် ဘုရား ...။

သော မေ မနောရထော မတ္ထကံ ပတ္တော။

မေ=တပည့်တော်၏။ သော မနောရထော=ထိုစိတ်နှလုံးအလိုသည်။ မတ္ထကံ=အထွတ်အထိပ်သို့။ ပတ္တော=ရောက်ပါပြီဘုရား။ တပည့်တော်ရဲ့ စိတ်နှလုံး အလိုဟာ ယနေ့အထွတ်အထိပ် ရောက်တာပဲ ဘုရား။

ဣတော ဒါနိ ပဋ္ဌာယ ပဋိသန္ဓိဝသေန န ပုန ဧကဋ္ဌာနေ သန္နိပါတော သမာဂမော အတ္ထိ။

ဣတော=ဤအချိန်မှ။ ပဋ္ဌာယ=အစပြု၍။ ပဋိသန္ဓိဝသေန= ဘဝပဋိသန္ဓေ အနေအားဖြင့်။ ပုန=တစ်ဖန်။ ဧကဋ္ဌာနေ=တစ်ခုသော နေရာ၌။ သန္နိပါတော=ပေါင်းဆုံမိခြင်းသည်။ သမာဂမော= စုဝေးမိခြင်းသည်။ န အတ္ထိ=မရှိတော့ပါဘုရား။

http:\\www.dhammadownload.com



ဒီယနေ့ ဒီဘဝက စပြီး နောက်အနာဂတ် သံသရာမှာဆိုယင် ဘဝ ပဋိသန္ဓေအနေနဲ့ ရှင်တော်ဘုရားတို့နဲ့ တစ်နေရာ တစ်ဌာနမှာ ပေါင်းစုံ တွေ့ကြုံမိကြဖို့ အခွင့်မရှိတော့ဘူး ဘုရား။

ဆိန္နော သေ ဝိသာသော။

သေ-သော ဝိသာသော=ဤ သံသရာဆိုတဲ့ ခင်မင်ရင်းနှီးမှုကို။ ဆိန္နော=သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပါမကျန် ပယ်လှန်ဖြတ်ဆောက်အပ်ပြီးပါပြီဘုရား။

ဘဝသံသရာမှာ အကျွမ်းတဝင် ခင်မင်ရင်းနှီးမှုဆိုတဲ့ ဝိဿာသဓာတ်ကို သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် ပယ်ဖြတ်ပြီးပါပြီဘုရား။

အနေကေဟိ ဗုဒ္ဓသတသဟဿေဟိ ပဝိဋ္ဌံ အဇရံ အမရံ ခေမံ သုခံ သီတလံ အဘယံ နိဗ္ဗာနပုရံ ပဝိသိဿာမိ။

အနေကေဟိ=တစ်ဆူမက များလှကုန်သော။ ဗုဒ္ဓသတသဟဿေဟိ=သိန်းပေါင်းများဖြင့် ဘုရားရှင်တို့သည်။ ပဝိဋ္ဌံ=ဝင်စံအပ်သော။ အဇရံ=အိုခြင်းကင်းရာဖြစ်သော။ အမရံ=သေခြင်းကင်းရာဖြစ်သော။ ခေမံ=ငြိမ်းအေးသော။ သုခံ=ချမ်းသာသော။ သီတလံ=အေးမြသော။ အဘယံ=ဘေးကင်းသော။ နိဗ္ဗာနပုရံ=နိဗ္ဗာန်ပြည်မြတ်သို့။ ပဝိသိဿာမိ=တပည့်တော် ဝင်ပါတော့မည်ဘုရား။

သစေ မေ ကိဉ္စိ ကာယိကံ ဝါ ဝါစသိကံ ဝါ န ရောစေထ၊ ခမထ တံ ဘဂဝါ။

ဘန္တေ=ရှင်တော်ဘုရား ...။ မေ=တပည့်တော်နှင့်စပ်၍။ ကိဉ္စိ=တစုံတခုသော။ ကာယိကံ ဝါ=ကိုယ်ဖြင့် ပြုအပ်သော အမှုဖြစ်စေ။ ဝါစသိကံ ဝါ=နှုတ်ဖြင့် ပြောဆိုအပ်သော အမှုကိုဖြစ်စေ။ သစေ န ရောစေထ=အကယ်၍ ရှင်တော်ဘုရားတို့ မနှစ်သက်ကုန်ငြားအံ့။ တံ=ထို အရှင်ဘုရား မနှစ်သက်အပ်တဲ့ ကာယကံမှု၊ ဝစီကံမှု အစုစုကို။ ခမထ=ကရုဏာရှေ့ထား သည်းခံတော်မူကြပါဘုရား။

http:\\www.dhammadownload.com



ရှင်တော်ဘုရားအပေါ် တပည့်တော် မတော်တဆ ပြုမှား ပြောမှား ခဲ့တဲ့ အပြစ်ဘေးများ ရှိခဲ့ယင် ခွင့်ပြုတော်မူကြပါဘုရား၊ သည်းခံတော်မူကြပါ ဘုရား။

ဂမန ကာလော မယှံ။

မယှံ = တပည့်တော်ရဲ့အဖို့ရာ။ ဂမန ကာလော = သွားဖို့ရန် အချိန်တန်ပါပြီ ဘုရား ...လို့ -

အဲဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ဘယ်လိုပြန်ပြီး အမိန့်ရှိသလဲဆိုတော့ -

ခမာမိ တေ သာရိပုတ္တ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ ...။ တေ=သင်ချစ်သား အား။ ခမာမိ=ငါဘုရား သည်းခံပါ၏။

န ခေါ ပန တေ ကိဉ္စိ ကာယိကံ ဝါ ဝါစသိကံ ဝါ မယှံ အရုစ္စနကံ အတ္ထိ။

ခေါ ပန=စင်စစ်သော်ကား။ တေ=သင်ချစ်သား၏။ ကိဉ္စိ= တစုံတခုသော။ မယှံ=ငါဘုရားသည်။ အရုစ္စနကံ=မနှစ်သက် လောက်သော။ ကာယိကံ ဝါ=ကာယကံအမှုသည်လည်းကောင်း။ ဝါစသိကံ ဝါ=ဝစီကံအမှုသည် လည်းကောင်း။ န အတ္ထိ=မရှိပေ။

ယဿ ဒါနိ တွံ သာရိပုတ္တ ကာလံ မညသိ။

သာရိပုတ္တ=ချစ်သား သာရိပုတ္တရာ ...။ တွံ=သင်ချစ်သား သည်။ ယဿ ဂမနဿ=အကြင်သွားခြင်း၏။ ကာလံ=အခါ ကာလကို။ မညသိ=ချစ်သားပင် သိပေ၏။

အေး ... ငါဘုရား မနှစ်သက်အပ်တဲ့ ကာယကံမှု ဝစီကံမှု ချစ်သား မှာ မရှိပါဘူး၊ သွားဖို့ရန် အချိန်ကို ချစ်သား သိပါတယ်၊ သွားဖို့ရန် အတွက် **ချစ်သားရဲ့** အလိုအတိုင်းပဲလို့ အဲဒီလို အမိန့်ရှိပြီးတဲ့နောက် မြတ်စွာဘုရားက–

http:\\www.dhammadownload.com



ခွင့်ပြုတော်မူပြီးလျှင်ပြီးချင်း ရှင်သာရိပုတ္တရာ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ ထသည်ဆိုလျှင်ပင် "မြင်းမိုရ်စကြဝဠာ ဟိမဝန္တာ တောင်ရံတို့ကို ကျွန်ုပ် ထမ်းဆောင်နိုင်သော်လည်းပဲ ယနေ့ ဤ (အရှင် သာရိပုတ္တရာနဲ့ မြတ်စွာဘုရားတို့ရဲ့) ကျေးဇူးဂုဏ်အစုကို ထမ်းဆောင် ဖို့ရန် မစွမ်းနိုင်ပါ"ဟု ပြောဆိုသကဲ့သို့ တစ်ပြိုင်နက် ပဲ့ထင်ထပ်စေ လျက် မဟာပထဝီ ဤမြေကြီးသည် ရေအဆုံးတိုင်အောင် တုန်လှုပ်လေ သည်။ ကောင်းကင်၌ နတ်စည်တို့သည် တဟိန်းဟိန်း မြည်ကြလေ ကုန်သည်။ မိုးတိမ်တိုက် ရတ်ချည်းထ၍ ပေါက္ခရဝဿမိုး ရွာဖြိုးလေ သည်။

မြတ်စွာဘုရားသည် –

"ဓမ္မသေနာပတိံ ပဋိပါဒေဿာမိ"

"အဟံ=ငါဘုရားသည်။ ဓမ္မသေနာပတိံ=တရားစစ်မှူးဖြစ်သူ သာရိပုတ္တရာကို။ ပဋိပါဒေဿာမိ=နောက်ဆုံး ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်မည်။ ကန့်တော့ခန်း ပြီးဆုံးစေမယ်"

ဟု နှလုံးသွင်းပြီး တရားဟော ပလ္လင်မှ ထ၍ ဂန္ဓကုဋိကျောင်းတော် သို့ ရှေးရှုကြွတော်မူပြီး ကျောင်းတော်ဝမှာရှိတဲ့ ရတနာကျောက်ဖျာပေါ် မှာ ရပ်တည်တော်မူသောအခါ အရှင်သာရိပုတ္တရာသည် ဘုရားနောက်မှ လိုက်ပါ၍ လက်အုပ်ချီပြီး မြတ်စွာဘုရားကို လက်ယာရစ် သုံးပတ် လှည့်ပြီးနောက် ရှေ့ နောက် ဝဲ ယာ လေးမျက်နှာမှာ ရှိခိုးပြီး –

ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...။ ဣတော= ဤဘဒ္ဒကမ္ဘာမှ။ ကပ္ပသတသဟဿာဓိကဿ=ကမ္ဘာတစ်သိန်း အလွန်ရှိသော။ အသင်္ချေယျဿ = အသင်္ချေယျကပ်၏။ ဥပရိ = အထက်က။ အနောမဒဿီသမ္မာသမ္ဗုဒ္ဓဿ = အနောမဒဿီ မြတ်စွာဘုရား၏။ ပါဒမူလေ=ခြေတော်ရင်း၌။ နိပဇ္ဇိတွာ=လျောင်း ၍။ တုမှာကံ=အရှင်ဘုရားတို့အား။ ဒဿနံ=ဖူးမြော်ခွင့်ကို။ အဟံ=

http:\\www.dhammadownload.com



**တပည့်**တော်သည်။ ပတ္တေသိ=တောင့်တခဲ့ပါသည် ဘုရား။

**ဘုန်း**တော်ကြီးသော မြတ်စွာဘုရား ...၊ ယနေ့ ဘဒ္ဒကမ္ဘာက **ပဋိလောမ**အဆန် ပြန်၍ရေတွက်လျှင် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း **ထက်** အနောမဒဿီ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဝပ်စင်း၍ အရှင်ဘုရားတို့ကို ဖူးမြော်ဖို့ရန် ဆုပန်ခဲ့ပါတယ်။

သာ မေ ပတ္ထနာ သမိဒ္ဓါ။

မေ=တပည့်တော်၏။ သာ ပတ္ထနာ=ထိုတောင့်တချက်သည်။ သမိဒ္ဓါ=ယခုဖြင့် ပြည့်စုံပါပြီဘုရား။

ဒိဋ္ဌာတုမှေ=အရှင်ဘုရားတို့ကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလဆန်း ၁ ရက်နေ့က စတင်ဖူးမြင် အပ်ခဲ့ပါကုန်ပြီ။

တံ ပဌမဒဿနံ။

တံ=ထိုသို့ ဖူးမြော်ရခြင်းသည်။ ပဌမဒဿနံ=ပထမလက်ဦး ဖူးတွေ့ရခြင်းပါ ဘုရား ...။

ဣဒံ ပစ္ဆိမဒဿနံ။

ဣဒံ=ဤယခု ဖူးမြော်ရခြင်းသည်။ ပစ္ဆိမဒဿနံ=နောက်ဆုံး ဖူးမြော်ရခြင်းပါ ဘုရား ...။

ပုန တုမှာကံ ဒဿနံ နတ္ထိ=အရှင်ဘုရားတို့ကို နောက်ထပ် ဖူးမြော်ရန် အခွင့်မရှိတော့ပါဘူး ...။

အဲဒီလိုဆိုပြီး မချသော လက်အုပ်ဖြင့် မြတ်စွာဘုရားကို မြင်နေရသလောက် နောက်ဆုတ်နောက်ဆုတ် လက်အုပ်ချီလျက် ဇေတဝန်ကျောင်းတိုက်ကြီးမှ ထွက်လာခဲ့တယ်။ မြတ်စွာဘုရားကို မမြင်သောက်တဲ့ နေရာ ဒဿနူပစာကိုလွန်မှ ဟိုဖက်လှည့်ပြီး ကြွသွားတယ်။ အဲဒီတော့ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတိုက်ထဲမှာ ရှိကြတဲ့ ပရိသတ်ကို ဘာအမိန့်ရှိသလဲဆိုတော့ –

အနုဂစ္ဆထ ဘိက္ခဝေ တုမှာကံ ဇေဋ္ဌဘာတိကံ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့ ...။ တုမှာကံ=သင်ချစ်သား ချစ်သမီးတို့၏။ ဇေဋ္ဌဘာတိကံ=မိမိတို့ရဲ့ နောင်ကြီး မိမိတို့ရဲ့မောင်ကြီးကို။ အနုဂစ္ဆထ=လိုက်၍ပို့ကြ။

ချစ်သား၊ ချစ်သမီးတို့ ...၊ သင်တို့ရဲ့ နောင်ကြီး၊ သင်တို့ရဲ့ မောင်ကြီးကို လိုက်ပို့ကြလို့ ဆိုတော့ -

အဲဒီအချိန်မှာ ဇေတဝန်ကျောင်းတိုက်ထဲမှာ စုဝေးရောက်ရှိနေတဲ့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာအားလုံး လိုက်ပို့ကြတယ်။ ဘုရားရှင် တစ်ဆူတည်းသာ ကျောင်းတိုက်မှာ ကျန်ရစ်တယ်။ သာဝတ္ထိမြို့တွင်း နေကြတဲ့ လူအများကလည်း -

သာရိပုတ္တတ္ထေရော ကိရ သမ္မာသမ္ဗုဒ္ဓံ အာပုစ္ဆိတွာ ပရိနိဗ္ဗာယိတုကာမော နိက္ခန္တော၊ ပဿိဿာမ နံ။

သာရိပုတ္တတ္ထေရော=အရှင်သာရိပုတ္တရာ မထေရ်သည်။ သမ္မာသမ္ဗုဒ္ဓံ=မြတ်စွာဘုရားကို။ အာပုစ္ဆိတွာ=ပန်ကြား၍။ ပရိနိဗ္ဗာယိတုကာမော=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းလို၍။ နိက္ခန္တော ကိရ=ထွက်ကြွတော်မူလာသတဲ့။ နံ=ထို ရှင်သာရိပုတ္တရာကို။ ပဿိဿာမ=ငါတို့ ဖူးမြော်ကြကုန်အံ့။

အဲဒီလိုဆိုပြီး မြို့တံခါးများ မဆံ့နိုင်လောက်အောင် သူ့ထက်ငါ တိုးဝှေ့ပြီး မြို့ထဲမှ ထွက်၊ နံ့သာ ပန်းစသည်တို့ကို လက်က ကိုင်၊ ဆံပင်တွေကို ဖရိုဖရဲ ကျဲကြ၍ -

ဣဒါနိ မယံ ကဟံ မဟာပညော နိသိန္နော၊ ကဟံ ဓမ္မသေနာပတိ နိသိန္နော။

ဣဒါနိ=ယခုအခါ။ မယံ=တပည့်တော်တို့သည်။ မဟာပညော=ကြီးမြတ်သော ပညာရှိတဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ ကဟံ=အဘယ်အရပ်၌။ နိသိန္နော=ထိုင်နေသလဲ။ ဓမ္မသေနာပတိ

http:\\www.dhammadownload.com



=တရားစစ်မှူးကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ ကဟံ=အဘယ်အရပ်၌။ နိသိန္နော=ထိုင်နေသလဲ။

က္လတိ ပုစ္ဆန္တာ ကဿ သန္တိကံ ဂမိဿာမ၊ ကဿ ဟတ္ထေ သတ္ထာရံ ဌပေတွာ ထေရော ပက္ကန္တော။

က္လတိ=ဤသို့။ ပုစ္ဆန္တာ=မေးကုန်လျက်။ ကဿ သန္တိကံ=ဘယ်သူ့အထံသို့။ ဂမိဿာမ=သွားကြရမည်နည်းဘုရား။ ကဿ=အဘယ်သူ၏။ ဟတ္ထေ=လက်၌။ သတ္ထာရံ=မြတ်စွာဘုရားကို။ ဌပေတွာ=ထားခဲ့၍။ ထေရော=မထေရ်မြတ်သည်။ ပက္ကန္တော=စိတ်ချလက်ချ ဖဲကြွတော်မူတာလဲ ဘုရား။

အရှင်ဘုရား ...၊ တပည့်တော်တို့ ရှေးရှေးရက်တွေတုန်းကဆိုယင် ကျောင်းတိုက်ထဲသွား မဟာပညာပုဂ္ဂိုလ်ကြီး ဘယ်နေရာမှာ နေပါလိမ့်၊ တရားစစ်မှူးပုဂ္ဂိုလ်ကြီး ဘယ်နေရာမှာနေပါလိမ့်လို့ မေးပြီးတော့ အရှင်ဘုရားရှိရာ သွားပြီး တပည့်တော်တို့ ဘယ်လိုမေးပြီး ဘယ်သူ့ထံ သွားကြရမှာပါလဲ၊ ဘယ်သူ့လက်မှာ မြတ်စွာဘုရားကို ထားခဲ့ပြီး အရှင်ဘုရား စိတ်ချလက်ချ လှမ်းကြွတာလဲ ဘုရား ...၊ ဤသို့ စသည်ဖြင့် ငိုကြွေးမြည်တမ်းကြလျက် မထေရ့်နောက်သို့ ကောက်ကောက်လိုက်ပါကြတယ်။

မထေရ်သည် ကြီးမြတ်သော ပညာ၌ တည်သူဖြစ်သောကြောင့်-

သဗ္ဗေသံ အနတိက္ကမနီယော ဧသ မဂ္ဂေါ။

အာဂုသော=ပရိသတ်လွှေးပါး ဒါယကာ ဒါယိကာမများတို့။ ဧသ ဧသော မဂ္ဂေါ=ဤသေခြင်းဆိုတဲ့ လမ်းခရီးသည်၊ (ဝါ)လမ်းခရီးကို။ သဗ္ဗေသံ=ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါ မှန်သမျှတို့သည်။ အနတိက္ကမနီယော=မလွန်မြောက်နိုင်တဲ့ လမ်းခရီးကြီးပါပေ။

http:\\www.dhammadownload.com



အေး ...သေခြင်းတရားဆိုတဲ့ ဒီ သေလမ်းမကြီးဟာဖြင့် အားလုံးသော လူတွေ, နတ်တွေ, ဗြဟ္မာတွေ, ကြီးသူ, ငယ်သူ, ရွယ်တူ, ဘယ်သူမှ မလွန်ကျော်နိုင်တဲ့ လမ်းခရီးကြီးပါလို့ လူများအပေါင်းကို ဆုံးမပြီးနောက် ရဟန်းတော်များကိုလည်းပဲ –

တုမှေဟိ အာဝုသော တိဋ္ဌထ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ တုမှေ=သင်တို့လည်းပဲ။ တိဋ္ဌထ=နေရစ်ကြလော့။

မာ ဒသဗလေ ပမာဒံ အာပဇ္ဇိတ္ထ။

ဒသဗလေ=အားတော်ဆယ်တန် ဉာဏ်တော် ဆယ်ပါး စွမ်းပကားနှင့် ထူးခြားလောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား၌။ ပမာဒံ=မေ့လျော့ခြင်းသို့။ မာ အာပဇ္ဇိတ္ထ=မရောက်ကြကုန်လင့်။

ငါ့ရှင်တို့ ...၊ ငါ့ရှင်တို့လည်း ပြန်ကြ၊ ဘုရားရှင်ကို မမေ့မလျော့ကြနဲ့။ အဲဒီလို အမိန့်ရှိပြီး ရဟန်းတော်တွေကို အပြန်ခိုင်းတယ်။ ကိုယ်တော့်အနားမှ ရဟန်းတော်တွေက ပြန်ပေမယ့် လူတွေကပါရှိနေသေးတယ်။

ပုဗ္ဗေ အယျော ပစ္စာဂမနစာရိကံ စရတိ၊ ဣဒံ ဣဒါနိ ဂမနံ န ပုန ပစ္စာဂမနာယ။

အယျော=အရှင်သူမြတ်ကြီးသည်။ ပုဗ္ဗေ=ရှေးအခါတုန်းကဆိုယင်။ ပစ္စာဂမနစာရိကံ=နောက်ထပ်တစ်ဖန် ပြန်လာဦးမည့် ဒေသစာရီကို။ စရတိ=လှည့်လည်ကြွသွားတော်မူ၏။

ရှေးတုန်းက ကြွတာက နောက်တစ်ဖန် ပြန်လာမည့် ဒေသစာရီဖြစ်တယ်။

ဣဒါနိ=ယခုအခါ၌။ ဣဒံ ဂမနံ=ဤယခု ကြွချီခြင်းကတော့။ န ပုန ပစ္စာဂမနာယ=နောက်ထပ်တစ်ဖန် ပြန်လာဖို့ရန် ကြွခြင်းမဟုတ်ဘူး ...။

http:\\www.dhammadownload.com



နောက်ဆုံး ဒေသစာရီ ကြွချီခြင်းပဲ၊ ငါတို့ အတတ်နိုင်ဆုံး လိုက်ကြမယ်ဆိုပြီး လူတွေ လိုက်လာကြတော့ ရှင်သာရိပုတ္တရာက "လူတွေလည်း ပင်ပန်းကုန်ကြလိမ့်မယ်"လို့ ဆင်ခြင်တော်မူပြီး -

အပ္ပမတ္တာ အာဝုသော ဟောထ၊ ဧဝံဘာဝိနော နာမ သင်္ခါရာ။

အာဝုသော=ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ ဟောထ=ဖြစ်ကြကုန်လော့။ သင်္ခါရာ နာမ=ရုပ်နာမ်ဓမ္မ သင်္ခါရတို့မည်သည်။ ဧဝံဘာဝိနော=ဤသို့ ဖြစ်ပြီးလျှင် ပျက်လေ့ရှိကြကုန်၏။ ဤသို့ တရားဟောပြီး ပြန်စေတော်မူတယ်။

ထို့နောက် အရှင်သာရိပုတ္တရာသည် တပည့်ရဟန်းငါးရာတို့နှင့်အတူတကွ လမ်းခရီး အကြားဝယ် အရပ်တိုင်း အရပ်တိုင်း၌ တစ်ညဉ့်စီသာ နေတော်မူကာ ခုနစ်ရက်ပတ်လုံး လူများအပေါင်းကို ချီးမြှောက်တော်မူလျက် ကြွချီတော်မူခဲ့ရာ ညနေချမ်းအချိန် နာလကရွာသို့ ရောက်၍ ရွာတံခါးဝ ပညောင်ပင်ကြီးအနီး၌ အပန်းဖြေ နားနေတော်မူတယ်။

ထိုအခါ အရှင်သာရိပုတ္တရာရဲ့ တူ၊ ဥပရေဝတလို့ ခေါ်တဲ့ ကလေးအသက် ၁၈ နှစ်၊ ၁၉ နှစ်လောက် ရှိတော့မည်ပေါ့၊ (တစ်နည်းပြောရယင်) ရှင်သာရိပုတ္တရာရဲ့ နှမစာလာတို့ လူ့ဘဝတုန်းက ရခဲ့တဲ့ သားကလေးပါ၊ ဥပရေဝတလို့ ခေါ်တယ်။ အဲဒီ ဥပရေဝတကလေး ရွာအပြင် ထွက်လာတော့ ရှင်သာရိပုတ္တရာကို မြင်ပြီး အနီးသို့ကပ်ရှိခိုးပြီး ရပ်နေတဲ့အခါ အရှင်သာရိပုတ္တရာက -

အတ္ထိ ဂေဟေ တေ အယျိကာ။

ဥပရေဝတ=ဥပရေဝတ။ ဂေဟေ=အိမ်၌။ တေ=သင်၏။ အယျိကာ=အဘွားသည်။ အတ္ထိ=ရှိ၏လော။

ဥပရေဝတ ...၊ အိမ်မှာ မင်းအဘွားကြီး ရှိရဲ့လားလို့ မေးတော့ ဥပရေဝတက-

http:\\www.dhammadownload.com



အတ္ထိ ဘန္တေ=ရှိပါတယ် အရှင်ဘုရားလို့ လျှောက်ထားတယ်။

## မယ်တော်ရူပသာရီ၏ အသက်ခန့်မှန်းချက်

အဘွားအသက် ဘယ်လောက်ရှိပြီလဲလို့ မှန်းကြည့်ရအောင်။ ထို အချိန်မှာ အရှင်သာရိပုတ္တရာသည်ပင် အသက် နှစ် ၈၀ လောက်ရှိပြီ၊ ဟို မယ်တော်ဖြစ်တဲ့ ရူပသာရီပုဏ္ဏေးမကြီးက အနည်းဆုံး အသက်နှစ် ၁၀၀ လောက် ရှိလောက်ပြီ။ မှန်းကြည့်ပေါ့။ ရှင်သာရိပုတ္တရာဟာ သားကြီး ဩရသ၊ ရှင်သာရိပုတ္တရာသည်ပင် အဲဒီအချိန် အသက် နှစ် ၈၀ လောက်ရှိနေတော့ မယ်တော်ကြီးဟာ အသက် နှစ် ၁၀၀ လောက် ရှိမှာ သေချာတယ်။ မြေးကလေး ဥပရေဝတနဲ့ အတူတကွနေတာဖြစ်လို့ ရှင်သာရိပုတ္တရာက ဥပရေဝတကို –

"ဥပရေဝတ ... ၊ အိမ်မှာ မင်းအဘွား ရှိရဲ့လား" မေးတော့ ဥပရေဝတက –

"ရှိပါတယ် အရှင်ဘုရား"လို့ ပြန်လည်လျှောက်ထားတယ်။

ရှင်သာရိပုတ္တရာက –

ဂစ္ဆ အမှာကံ ဣဓာ+ဂတဘာဝံ အာရောစေဟိ။

ဂစ္ဆ=သွားတည်းချေ။ အမှာကံ=ငါတို့၏။ ဣဓ=ဤရွာတံခါးဝ သို့။ အာဂတဘာဝံ=ရောက်ဆိုက်နေသည်၏အဖြစ်ကို။ အာရော စေဟိ=ပြောကြားလော့။

အေး ... ဒါဖြင့် မင်းသွားပြီးတော့ ငါတို့ ဒီမှာ ရောက်နေတဲ့ အကြောင်း ပြောလိုက်ပါ။

ကသ္မာ အာဂတော=သားကြီး ဘာကြောင့် လာတာလဲလို့ မေးလျှင်–

အဇ္ဇ ကိရ ဧကဒိဝသံ အန္တောဂါမေ ဝသိဿတိ။

http:\\www.dhammadownload.com



အဇ္ဇ=ယနေ့။ ကေဒိဝသံ=တစ်နေ့။ အန္တောဂါမေ=ရွာအတွင်း၌။ ဝသိဿတိကိရ=နေမလို့တဲ့။

အဘွား၊ အဘွား ယနေ့တစ်နေ့တော့ ရွာထဲမှာ နေမလို့တဲ့။

ဇာတောဝရကံ ပဋိဇဂ္ဂထ။

ငါ့ရဲ့ ဖွားရာတိုက်ခန်းကို သုတ်သင်ပြင်ဆင်၍ ထားလိုက်ကြပါ။

ပဉ္စန္နဉ္စ ကိရ ဘိက္ခုသတာနံ ဝသနဋ္ဌာနံ ဇာနာထ။

ပဉ္စန္နံ ဘိက္ခုသတာနံ=ရဟန်းငါးရာတို့အတွက်။ ဝသနဋ္ဌာနံ=နေရာကို။ ဇာနာထကိရ=သိကြပါကုန်လော့တဲ့(လို့ ပြောလိုက်ပါ။)

ဥပရေဝတ ...၊ မင်းအဘွားက ဘာဖြစ်လို့ လာတာလဲမေးယင် အဘွားရေ ယနေ့တစ်ရက်ထဲ ရွာထဲမှာ နေမယ်လို့တဲ့၊ ဖွားရာတိုက်ခန်းကို သုတ်သင်ပြင်ဆင်ထားလိုက်ပါတဲ့။ ရဟန်းငါးရာအတွက်လည်း နေရာများ သိထားလိုက်ပါတဲ့။ (သိထားလိုက်ပါဆိုတာ ဝေါဟာရ၊ နေရာများ ခင်းကျင်းထားလိုက်ပါလို့ ဆိုလိုပါတယ်။)

အဲဒီတော့ ဥပရေဝတက နာလကရွာကြီးထဲ ဝင်ပြီး သူ့အဖွားထံ မှောက် ရောက်တဲ့အခါ -

အယျိကေ မယှံ မာတုလော အာဂတော။

အယျိကေ=အဘွား ...။ မယှံ=အကျွန်ုပ်၏။ မာတုလော=အမေ့မောင်ကြီး ဦးကြီးသည်။ အာဂတော=လာတယ်ခင်ဗျ ...။

(အဘွား ... ၊ ကျွန်တော်တို့ရဲ့ ဦးကြီး ရောက်နေတယ် ခင်ဗျ ဆိုတော့-)

အဘွားကြီးက - ကွဒါနိ ကုဟိံ=ခုဘယ်မှာလဲ။ (မေးတော့)-

ဥပရေဝတက - ဂါမဒွါရေ=ရွာတံခါးဝမှာ အဘွား(လို့ဖြေတဲ့အခါ)

အဘွားကြီးက - ကေကောဝ အညောပိ ကောစိ အတ္ထိ=တစ်ပါးလား၊ အခြားတစ်ဦးတစ်ယောက်များ ပါသေးလား (လို့ မေးတဲ့အခါ)-

http:\\www.dhammadownload.com



ဥပရေဝက - အတ္ထိ ပဥ္စသတာ ဘိက္ခုပါတယ် အဘွား ...၊ ရဟန်းတွေမှ ကိုယ်တော်ငါးရာတောင် ပါရှိတယ် ဆိုတော့ -

အဘွားကြီးက - ကိံ ကာရဏာ အာဂတော = အဘယ် အကြောင်းကြောင့် လာသလဲလို့ (မေးသောအခါ) -

ဥပရေဝတက အကြောင်းစုံကို ပြန်ကြားပြောဆိုလေသည်။

အဘွားကြီးက -

ကိံ နုခေါ တွေကာနံ ဝသနဋ္ဌာနံ ပဋိဇဂ္ဂါပေတိ၊ ဒဟရကာလေ ပဗ္ဗဇိတွာ မဟလ္လကကာလေ ဂိဟီ ဟောတုကာမော။

မမ ပုတ္တော=ငါ့ရဲ့သားကြီးသည်။ ကိံ နုခေါ=အဘယ့်ကြောင့်။ တွေကာနံ=ဤမျှလောက် ရဟန်းငါးရာအတွက်။ ဝသနဋ္ဌာနံ= နေရာကို။ ပဋိဇဂ္ဂါပေတိ=သုတ်သင် ခင်းကျင်းစေပါလိမ့်။ (သြော် ... စဉ်းစားမိပြီ။)

မမ ပုတ္တော=ငါ့သားကြီးသည်။ ဒဟရကာလေ=အသက် အရွယ် ငယ်စဉ်အခါ၌။ ပဗ္ဗဇိတွာ=ရှင်ရဟန်းပြုပြီးတော့။ မဟလ္လ-ကကာလေ=ဤယခု အသက်အရွယ် ကြီးသောအခါ၌။ ဂိဟီ ဟောတုကာမော=လူဖြစ်ချင်လို့ ထင်ပါ့။

"ငါ့သားကြီးက အသက်အရွယ်ငယ်စဉ် ရဟန်းပြုပြီး အသက်ကြီး တဲ့အခါကျတော့မှ လူ့ဘဝပြောင်းချင်လို့ ထင်ပါ့" လို့ -

သူ့မျှော်လင့်ချက်နဲ့သူ တပည့်တပန်းတွေနဲ့ ဖွားရာတိုက်ခန်းကို သုတ်သင်ရှင်းလင်း မွေ့ယာများခင်းပြီး ရဟန်းတော် ငါးရာတို့အတွက် နေရာများခင်းပြီး ဆီမီးတိုင်များ ထွန်းညှိပြီး မထေရ်မြတ်ထံ သတင်းပို့ စေသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် တပည့်ရဟန်းငါးရာတို့နှင့် အတူ တကွ ပြာသာဒ်ထက်သို့တက်၍ ဖွားရာတိုက်ခန်းသို့ ဝင်၍ ထိုင်နေ

http:\\www.dhammadownload.com



တော်မူပြီးလျှင် -

တုမှာကံ ဝသနဋ္ဌာနံ ဂစ္ဆထ။

တုမှာကံ=သင်တို့၏။ ဝသနဋ္ဌာနံ=နေရာဌာန အသီးသီးသို့။ ဂစ္ဆထ=သွားကြကုန်။

ငါ့ရှင်တို့ ...၊ ငါ့ရှင်တို့ဟာ ခရီးပန်းလာကြပြီ၊ မိမိတို့ နေရာဌာနသို့ အသီးသီး ကိုယ်စီကိုယ်င သွားကြလို့ ဆိုပြီး တပည့်ရဟန်း ငါးရာတို့ကို လွှတ်လိုက်တယ်။

ကိုယ်တော့်အနားမှာ အပြုအစုအနေနဲ့ ဘယ်သူရှိတုန်းဆိုတော့ သူ့ညီအရှင်စုန္ဒ ရှိတယ်။ အဲဒီ အရှင်စုန္ဒကို စာထဲမှာတော့ ကိုရင်ကလေးထဲ ကိုယ်က သာသနာ ဝင်လာခဲ့တာဖြစ်လို့ "စုန္ဒသမဏုဒ္ဒေသ=စုန္ဒသာမဏေ"လို့ပဲ ခေါ်တယ်။ ကိုယ်တော် ရဟန်းဖြစ်တော့လည်းပဲ သာသနာတော်က "စုန္ဒသမဏုဒ္ဒေသ=စုန္ဒသာမဏေ" လို့ပဲ ခေါ်တယ်။ ရဟန္တာဖြစ်တော့လည်းပဲ "စုန္ဒသာမဏေ" လို့ပဲ ခေါ်ဆို သုံးစွဲတယ်။ ဒါ တစ်ခုလည်းပဲ အထူးမှတ်သားကြပေါ့။

အဲဒီလို ရှင်သာရိပုတ္တရာက မိမိရဲ့ တပည့်ရဟန်းငါးရာတို့ကို မိမိတို့နေရာဌာ သွားနေကြဖို့ လွှတ်လည်းလွှတ်ပြီးရော ဖွားရာတိုက်ခန်း အိပ်ရာထဲမှာ လဲလျောင်းလိုက်တာနဲ့ အာယုသင်္ခါရကို လျှော့ချလိုက်တယ်။ လျှော့ချတယ်ဆိုတာ ရှေးကပြောတဲ့ အာယုပါလက ဖလသမာပတ် မဝင်စားတော့တာ။ အဲဒီမှာ တစ်ခါတည်း အသက်ကို ခြွေမည့် မြင်းသရိုက်ခေါ်တဲ့ သွေးသွန်တဲ့ရောဂါ ထကြွဝင်ရောက်လာတယ်။ ထွေးခံ တစ်လုံးဝင် တစ်လုံးထွက်၊ တစ်လုံးဝင် တစ်လုံးထွက် ဖြစ်နေတော့ အဘွားကြီး ရူပသာရီက -

မမ ပုတ္တဿ ပဝတ္တိံ မယှံ န ရုစ္စတိ။

အဲ ... ငါထင်တာက ငါ့သားကြီး အသက်အရွယ်ကြီးလို့ လူ့ဘောင်

http:\\www.dhammadownload.com



သို့ ပျော်ပျော်ပါးပါး လျှောကျဖို့ရန် လာတယ်လို့ ငါထင်တယ်၊ ငါ့သား ရဲ့ ဖြစ်ပုံကို ကြည့်ရတာဖြင့် ငါ့စိတ်ထဲမှာ သဘောမကျလိုက်လေ။ အဲဒီလို အောက်မေ့ပြီး ဟို...သူ့ရဲ့အိပ်ခန်း တံခါးဝကနေပြီး ရှင်သာရိ ပုတ္တရာရဲ့ ဖွားရာ တိုက်ခန်းမှာ ရှင်စုန္ဒတို့ အပြုအစု ကိုယ်တော်တွေ ဝင်လိုက် ထွက်လိုက် အလုပ်များနေတာကို လှမ်းကြည့်ပြီး အဘွားကြီး စိတ်နှလုံး မသာမယာ ဖြစ်နေရှာတယ်။

ညဥ့်ဦးယံ ပထမယံအချိန် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက–

ဓမ္မသေနာပတိ ကုဟိံ ဝိဟရတိ။

ဓမ္မသေနာပတိ=တရားစစ်မှူး ဖြစ်တော်မူတဲ့ ရှင်သာရိပုတ္တရာ သည်။ ကုဟိံ=အဘယ်အရပ်၌။ ဝိဟရတိ=နေတော်မူပါလိမ့်။

ဩော် ... တရားစစ်မှူး ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ယခု ဘယ်မှာနေပါလိမ့်လို့ ကြည့်ရှုတဲ့အခါ –

နာလကဂါမေ ဇာတောဝရကေ ပရိနိဗ္ဗာနမဉ္စေ နိပန္နော။

နာလကဂါမေ = မဂဓတိုင်း အဝင်အပါ နာလကရွာ၌။ ဇာတောဝရကေ=ကိုယ်တော်မြတ်ရဲ့ ဖွားရာတိုက်ခန်း၌။ ပရိနိဗ္ဗာ–နမဉ္စေ=ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်း၌။ နိပန္နော=လျောင်း၍ နေတော်မူပြီ။ ပစ္ဆိမဒဿနံ ဂမိဿာမ=နောက်ဆုံး အဖူးအမြော် ငါတို့သွားကြစို့ ... လို့ ဆိုပြီး –

စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ညဥ့်ဦးယံမှာ လာကြတယ် ဆိုယင်ပဲ –

ရှင်သာရိပုတ္တရာက–ကေ တုမှေ=သင်တို့ ဘယ်သူတွေလဲ(မေးတော့)–

နတ်မင်းကြီးလေးပါးက–မဟာရာဇာနော ဘန္တေ=တပည့်တော်တို့ မဟာရာဇ်နတ်မင်းကြီးများပါဘုရား (လို့ လျှောက်ထားကြတယ်။)

http:\\www.dhammadownload.com



ကသ္မာ အာဂတတ္ထ=အဘယ့်ကြောင့် လာရောက်ကြသလဲ (လို့ မထေရ်က မေးတော့)-

ဂိလာနုပဋ္ဌာကော ဘဝိဿာမ။

မယံ=တပည့်တော်တို့သည်။ ဂိလာနုပဋ္ဌာကာ=သူနာပြုတို့သည်။ ဘဝိဿာမ=ဖြစ်ကုန်အံ့။ ဣတိ=ဤသို့ နှလုံးပိုက်၍။ အာဂစ္ဆာမ=လာကြပါတယ်ဘုရား။ တပည့်တော်များ သူနာပြုရန် လာကြပါတယ် ဘုရားလို့ လျှောက်ထားကြတယ်။

ထိုအခါ ရှင်သာရိပုတ္တရာက -

ဟောတု အတ္ထိ ဂိလာနုပဋ္ဌာကော၊ ဂစ္ဆထ တုမှေ။

ဟောတု=ရှိပါစေ။ ဂိလာနုပဋ္ဌာကော=သူနာပြုသည်။ အတ္ထိ=ရှိ၏။ (သူ့ညီရှင်စုန္ဒ တစ်ပါးလုံး ရှိတယ်။) တုမှေ=သင်တို့သည်။ ဂစ္ဆထ=သွားကြကုန်လော့။ (အဲဒီလိုဆိုပြီး လွှတ်လိုက်တယ်။ စတုမဟာရာဇ်နတ်ကြီးတွေ ပြန်သွားကြရော။)

စတုမဟာရာဇ်နတ်မင်းကြီးတွေ ပြန်သွားတော့ သိကြားမင်း လာပြန်တယ်။ ထိုနည်းတူပင် မေးဖြေ ပြောကြပြီးတော့ မဟာဗြဟ္မာကြီး လာတယ်။ သူတို့ကိုလည်း မထေရ်ကြီး ရှေးနည်းအတူပင် မေးမြန်းပြောဆို၍ လွှတ်လိုက်တယ်။

ရူပသာရီ ပုဏ္ဏေးမကြီးသည် နတ် ဗြဟ္မာတို့ လာကြ သွားကြသည်ကို မြင်ပြီး -

ကေ နု ခေါ ဧတေ မမ ပုတ္တံ ဝန္ဒိတွာ ဂစ္ဆန္တိ။

အိမ်က တစ်အိမ်တည်းဆိုတော့ မြင်နေရတယ်။ ရှင်သာရိပုတ္တရာထံ ပထမ လေးဦးရောက်လာကြ၊ အဲဒီ လေးဦး ပြန်သွားတော့ နောက်တစ်ဦး ဝင်လာ၊ ဒီတစ်ဦး ပြန်သွားတော့ နောက်တစ်ဦးက ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ဝင်ပြီး ပြန်သွားတာကို မြင်ရတော့-

http:\\www.dhammadownload.com



မမ ပုတ္တံ=ငါ့သားကို။ ဝန္ဒိတွာ=ရှိခိုး ရှိခိုးပြီး။ ဂစ္ဆန္တိ=ပြန်သွားကြတဲ့ သူတို့တစ်တွေဟာ။ ကေ နု ခေါ=ဘယ်သူတွေပါလိမ့်။

ငါသွားပြီး မေးအုန်းမှပဲ ဆိုပြီးတော့ သူ့နေရာ တိုက်ခန်းတံခါးဝမှ ရှင်သာရိပုတ္တရာရဲ့ မွေးရာတိုက်ခန်း တံခါးဝသို့ လာပြီးတော့ -

တာတ စုန္ဒ ကာ ပဝတ္တိ။

တာတ စုန္ဒ=ချစ်သားစုန္ဒ ...။ ပဝတ္တိ=ဖြစ်ပုံက။ ကာ=အဘယ်သို့နည်း။

ချစ်သားစုန္ဒ ...၊ ဘယ်လိုဖြစ်တာလဲ၊ ထွေးခံတွေ တစ်လုံးဝင် တစ်လုံးထွက်၊ ဘာဖြစ်ကြတာလဲ ဆိုတော့မှ အရှင်စုန္ဒက မယ်တော်ကြီး မယ်တော်ကြီးရဲ့ သားကြီး နေမကောင်းလို့ စသည် အကြောင်းစုံ ပြော ပြီးတဲ့အခါကျမှ -

ရှင်သာရိပုတ္တရာကို -

မဟာဥပါသိကာ ဘန္တေ အာဂတာ။

ဘန္တေ=အရှင်ဘုရား ...။ မဟာဥပါသိကာ=ဒါယိကာမကြီးသည်။ အာဂတာ=လာနေပါတယ်ဘုရား။ (လို့ လျှောက်တော့)-

ရှင်သာရိပုတ္တရာက -

ကသ္မာ အဝေလာယ အာဂတာ။

ဥပါသိကေ=ဒါယိကာမကြီး ...။ ကသ္မာ=အဘယ့်ကြောင့်။ အဝေလာယ=အချိန်မဟုတ်သည်၌။ အာဂတာ=လာရသနည်း။

ဒါယိကာမကြီး ...၊ အချိန် နည်းလှပါပကော၊ ဘာကြောင့် လာရ သလဲလို့ မေးတော့ -

မယ်တော်ကြီးက -

http:\\www.dhammadownload.com



တုယှံ တာတ ဒဿနတ္ထာယ။

တာတ=ချစ်သား ...။ တုယှံ=သင်ချစ်သားကို။ ဒဿနတ္ထာယ =ကြည့်ရှုခြင်းငှာ။ အာဂတာ=လာခဲ့ပါ၏။

ချစ်သား ... ချစ်သား ဘယ်လိုနေသလဲဆိုတာ ကြည့်ချင်လို့ လာတာပေါ့။ ဤကဲ့သို့ ပြောပြီး -

တာတ ပဌမံ ကေ အာဂတာ။

တာတ=ချစ်သား ...။ ပဌမံ=ရှေးဦးစွာ။ (ညဥ့်ဦးယံတုန်းက) အာဂတာ=လာကြ ပြန်ကြတဲ့ ပုဂ္ဂိုလ်ကြီး လေးဦးတို့က။ ကေ= အဘယ်သူတို့ပါနည်း။

ချစ်သား ... ညဥ့်ဦးယံတုန်းက ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းစွာနဲ့ ငါ့သားထံ လာပြီး ရိုသေမြတ်နိုး ရှိခိုး၍ ပြန်သွားကြတဲ့ ပုဂ္ဂိုလ်ကြီး လေးဦးတို့က ဘယ်သူတွေလဲလို့ မေးတယ်။

စတ္တာရော မဟာရာဇာနော ဥပါသိကေ=စတုမဟာရာဇ် နတ်မင်းကြီးတွေပေါ့ ဒါယိကာမကြီး ... (လို့ ဖြေတော့)-

မယ်တော်ကြီးက ထပ်ပြီး -

တာတ တွံ စတူဟိ မဟာရာဇေဟိ မဟန္တတရော။

တာတ=ချစ်သား ...။ တွံ=သင်ချစ်သားက။ စတူဟိ မဟာရာဇေဟိ=စတုမဟာရာဇ် နတ်မင်းကြီးတို့ထက်။ မဟန္တတရော= သာလွန်မြင့်မြတ်သလား။

(ချစ်သား ...၊ ချစ်သားက မဟာရာဇ်နတ်မင်းကြီး လေးဦးတို့ထက် မြတ်သလားလို့ မေးတော့)-

ရှင်သာရိပုတ္တရာက -

အာရာမိကသဒိသာ ဧတေ ဥပါသိကေ။

http:\\www.dhammadownload.com



ဥပါသိကေ=ဒါယိကာမကြီး ...။ ဧတေ=ဤစတုမဟာရာဇ် နတ်မင်းကြီးတို့သည်။ အာရာမိကသဒိသာ=ငါတို့ရဲ့ အာရာမ် စောင့်တို့နှင့် တူကြကုန်၏။

ဒါယိကာမကြီး ...၊ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးဆိုတာ ငါတို့အဖို့ဆိုယင် အာရာမ်စောင့်ကြီးလေးဦးနဲ့ တူကြပါတယ်။

အမှာကံ သတ္ထု ပဋိသန္ထိဂ္ဂဟဏဝေလာ ပဉ္စာယ ခဂ္ဂဟတ္ထာ ဟုတွာ အာရက္ခံ အကံသု။

အမှာကံ သတ္ထု=ငါတို့ဆရာ မြတ်စွာဘုရား၏။ ပဋိသန္ထိဂ္ဂဟ-ဏဝေလာ ပဉ္စာယ=ပဋိသန္ဓေ တည်တဲ့ အချိန်ကစ၍။ ခဂ္ဂဟတ္ထာ ဟုတွာ=သန်လျက်ကို လက်စွဲကြကုန်လျက်။ အာရက္ခံ=စောင့် ရှောက်မှုကို။ အကံသု=ပြုကြကုန်ပြီ။

တစ်ဖန် မယ်တော်ကြီးက -

တေသံ တာတ ဂတာဝသာနေ ကော အာဂတော။

တာတ=ချစ်သား ...။ တေသံ=ထိုစတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့၏။ ဂတာဝသာနေ=သွားပြီးသည့် အဆုံး၌။ အာဂတော =ဒုတိယမြောက် လာရောက်တဲ့သူက။ ကော=ဘယ်သူလဲ။

စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့ သွားပြီးတဲ့နောက် ချစ်သား ထံ လာရောက်တဲ့ ပုဂ္ဂိုလ်က ဘယ်သူတုန်းလို့ မေးတဲ့အခါ -

အရှင်သာရိပုတ္တရာက -

သက္ကော ဒေဝါန မိန္ဒော။

ဒါယိကာမကြီး ...၊ အဲဒါက နတ်တို့ သေဋ္ဌနင်း သိကြားမင်းဆိုတာ သူပဲလို့ (ရှင်သာရိပုတ္တရာက ဖြေကြားတဲ့အခါ)-

မယ်တော်ကြီးက -

http:\\www.dhammadownload.com



ဒေဝရာဇတောပိ တွံ တာတ မဟန္တတရော။

တာတ=ချစ်သား ...။ တွံ=သင်ချစ်သားက။ ဒေဝရာဇတောပိ= နတ်တို့သေဠှနင်း သိကြားမင်ထက်လည်းပဲ။ မဟန္တတရော=အထူး သဖြင့် မြင့်မြတ်သလား။

ချစ်သား ...၊ ချစ်သားက သိကြားမင်းထက် မြင့်မြတ်သလားလို့ မေးတဲ့အခါ -

ရှင်သာရိပုတ္တရာက -

ဘဏ္ဍာဂ္ဂါဟကသာမဏေရသဒိသော ဧသ ဥပါသိကေ။

ဥပါသိကေ=ဒါယိကာမကြီး ..။ ဧသ-ဧသော=ဤသိကြားမင်း သည်။ အမှာကံ=ငါတို့၏။ ဘဏ္ဍာဂ္ဂါဟကသာမဏေရသဒိသော= သပိတ်ပရိက္ခရာ ဘဏ္ဍာကို ကိုင်၍ လိုက်တဲ့ သမဏေယ်လေးနှင့် တူ၏။

သိကြားမင်းဆိုတာ ငါတို့ဘက်ကကြည့်ယင် သပိတ်ပရိက္ခရာ အသုံးအဆောင်ကို ငါတို့ရဲ့ နောက်က ကိုင်လိုက်တဲ့ ကိုရင်ယ်ကလေး လိုပါ။

အမှာကံ သတ္ထု တာဝတိံသတော ဩတရဏကာလေ ပတ္တ- စီဝရံ ဂဟေတွာ ဩတိဏ္ဏော။

အမှာကံ သတ္ထု=ငါတို့ရဲ့ ဆရာ မြတ်စွာဘုရား၏။ တာဝတိံ သတော=တာဝတိံသာ နတ်ပြည်မှ။ ဩတရဏကာလေ=သက် ဆင်းစဉ် ကာလတုန်းက။ ပတ္တစီဝရံ=ဘုရားရဲ့ သပိတ်သင်္ကန်းကို။ ဂဟေတွာ=ယူဆောင်၍။ ဩတိဏ္ဏော=တာဝတိံသာနတ်ပြည်က ဘုရားနောက်မှ တက်ကြပ်မကွာ သက်ဆင်း၍ လိုက်ပါခဲ့ပြီ။

အဲဒီတုန်းက ကြည့်ပါလား၊ သိကြားမင်းဟာ ဘုရားရဲ့ သပိတ် သင်္ကန်းကို ကိုင်ပြီး ဘုရားနောက်က လိုက်ခဲ့တာ ဖြစ်တော့ ငါတို့ရဲ့

http:\\www.dhammadownload.com



ဘဏ္ဍာကိုင်တဲ့ သာမဏေငယ်ကလေးလောက်ပဲ ရှိတယ်လို့ ရှင်သာရိပုတ္တရာက ပြောတော့ -

မယ်တော်ကြီးက -

တဿ တာတ ဂတာဝသာနေ ဓောတယမာနော ဝိယ ကော အာဂတော။

တာတ=ချစ်သား ...။ တဿ=ထိုသိကြားမင်း၏။ ဂတာဝသာနေ=သွားပြီးသည်၏အဆုံး၌။ ဓောတယမာနော ဝိယ=တစ်တိုက်လုံး တစ်ရွာလုံး အလျှံတပြောင်ပြောင် တောက်လောင်စေသကဲ့သို့။ အာဂတော=လာရောက်တဲ့ ပုဂ္ဂိုလ်ကတော့။ ကော=ဘယ်သူလဲ။ သိကြားမင်း သွားပြီးတဲ့နောက် ဒီရဲ့ နာလကရွာကြီး တစ်ရွာလုံး အရောင်တွေ တောက်ပပြီး နောက်ဆုံး လာတဲ့ ပုဂ္ဂိုလ်က ဘယ်သူတုန်း - လို့ မေးတယ်။

ရှင်သာရိပုတ္တရာက ဘယ်လိုပြန်ဖြေသလဲ ဆိုတော့ -

ဥပါသိကေ တုယှံ ဘဂဝါ စ သတ္ထာ စ မဟာဗြဟ္မာ ဧသော။

ဥပါသိကေ=ဒါယကာမကြီး ...။ ဧသော=ဤနောက်ဆုံးလာတဲ့သူသည်။ တုယှံ=သင်ဒါယိကာမကြီး၏။ ဘဂဝါ စ=ဘုန်းကြီးတဲ့ ဘုရားလည်းဟုတ်၊ သတ္ထာ စ=ဆရာဆိုတဲ့ ဆရာလည်းဟုတ်တဲ့။ မဟာဗြဟ္မာ နာမ=မဟာဗြဟ္မာကြီးပေါ့။

ဒါယိကာမကြီး ... အဲဒီ နောက်ဆုံးလာတဲ့ ပုဂ္ဂိုလ်က ဒါယိကာမကြီးတို့ရဲ့ ဘုရား၊ ဒါယိကာမကြီးတို့ရဲ့ ဆရာ မဟာဗြဟ္မာကြီးဆိုတာ သူပေါ့-လို့ အမိန့်ရှိတဲ့အခါ -

မယ်တော်ကြီးက ဘာပြောသလဲဆိုယင် -

မယှံ ဘဂဝတော မဟာဗြဟ္မတောပိ တွံ တာတ မဟန္တတရော။

http:\\www.dhammadownload.com



တာတ=သင်ချစ်သား ...။ တွံ=သင်ချစ်သားသည်။ မယှံ=ငါ မိခင်၏။ ဘဂဝတော=ဆရာဘုရားဖြစ်သော။ မဟာဗြဟ္မတောပိ= မဟာဗြဟ္မာကြီးထက်လည်း။ မဟန္တတရော=အထူးသဖြင့် ကြီး မြတ်သလား။

ချစ်သား ...၊ သင်ချစ်သားက မိခင်တို့ရဲ့ ဘုရား၊ မိခင်တို့ရဲ့ ဆရာ မဟာဗြဟ္မာကြီးထက်များ မြတ်သလား ... (လို့ ဆိုတော့)-

ရှင်သာရိပုတ္တရာက ဘာပြန်ပြောသလဲဆိုယင် -

အာမ ဥပါသိကေ၊ စတေ နာမ ကိရ အမှာကံ သတ္ထု ဇာတ- ဒိဝသေ စတ္တာရော မဟာဗြဟ္မာနော မဟာပုရိသံ သုဝဏ္ဏဇာလေန ပဋိဂ္ဂဏှိံသု။

ဥပါသိကေ=ဒါယိကာမကြီး ...။ အာမ=အေး ... မြတ်တယ်။ စတေ နာမ=ဤဗြဟ္မာကြီးတို့မည်သည်။ အမှာကံ သတ္ထု=ငါတို့ ဆရာ မြတ်စွာဘုရား၏။ ဇာတဒိဝသေ=လုမ္ဗိနီအင်ကြင်းတောဝယ် ဖွားမြောက်သောနေ့တုန်းက။ စတ္တာရော မဟာဗြဟ္မာနော=သုဒ္ဓါ- ဝါသဘုံစံ မဟာဗြဟ္မာကြီး လေးယောက်တို့သည်။ မဟာပုရိသံ= အလောင်းတော်သူမြတ်ကို။ သုဝဏ္ဏဇာလေန=ရွှေဇာကွန်ယက်ဖြင့်။ ပဋိဂ္ဂဏှိံသု=ခံယူခဲ့ကြလေကုန်ပြီ။

အေး ... မြတ်တာပေါ့ ဒါယိကာမကြီး ...၊ ငါတို့ဆရာ မြတ်စွာ ဘုရား လုမ္ဗိနီအင်ကြင်းတောမှာ မိးရှုးသန့်စင် ဖွားမြင်တော်မူတဲ့အခါ အဲဒီ သုဒ္ဓါဝါသဘုံသား မဟာဗြဟ္မာကြီးလေးယောက်တို့ဟာ ရွှေဇာ ကွန်ယက်နဲ့ အလောင်းတော်သူမြတ်ကို ခံယူကြသတဲ့-လို့ မိန့်ကြား တော်မူတယ်။

ဒီတော့မှ မယ်တော်ဖြစ်တဲ့ ရူပသာရီ ပုဏ္ဏေးမကြီးရဲ့ စိတ်ထဲမှာ-

ပုတ္တဿ တာဝ မေ အယံ အာနုဘာဝေါ။

http:\\www.dhammadownload.com



တာဝ=ရှေးဦးစွာ။ မေ=ငါ၏။ ပုတ္တဿ=သားဖြစ်သော (သူ့အနေနဲ့တော့ ဥပတိဿပေါ့)။ မေ=ငါ၏။ ပုတ္တဿ=သားဖြစ်သော ဥပတိဿ၏။ အာနုဘာဝေါ=အစွမ်းတေဇော် အာနုဘော်တော်သော်မှ။ အယံ=ဤသို့ သဘောရှိသေး၏။

သြော် ... ငါ့သား ဥပတိဿ၏ တန်ခိုးတေဇော်အာနုဘော်တော်မှ ဤသို့ ကြီးမြတ်သော သဘောရှိတုံသေး၏။

ကီဒိသော ဝတ မယှံ ပုတ္တဿ ဘဂဝတော သတ္ထု အာနုဘာဝေါ ဘဝိဿတိ။

မယှံ=ငါ၏။ ပုတ္တဿ=သားဖြစ်သော ဥပတိဿ၏။ ဘဂဝတော=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော။ သတ္ထု=ဆရာဘုရား၏။ အာနုဘာဝေါ=တန်ခိုးတေဇော် အာနုဘော်သည်။ ကီဒိသော=အဘယ်သို့သဘောရှိသည်။ ဘဝိဿတိ ဝတ=ဖြစ်လိမ့်မည်နည်း။

ငါ့သားရဲ့တန်ခိုးတေဇော် အာနုဘော်တောင် ဒါလောက်ကြီးနေယင် ငါ့သားရဲ့ ဆရာမြတ်စွာဘုရား၏ တန်ခိုးတေဇော်အာနုဘော်ကား ဘယ်လိုနေမည်လဲ၊ သိပ်ကြီးမှာပဲ–လို့ –

အဲဒီလို ကြံစည်စဉ်းစားမိတဲ့ မယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးရဲ့ ကိုယ်ထဲမှာ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိ–ဆိုတဲ့ ပီတိငါးမျိုး ဖြစ်ပေါ်ပြီး တစ်ကိုယ်လုံးအနှံ့ ပြန့်၍ နေလေတယ်။ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၅၀)။

## ပါဋိဟာရိယ သုံးမျိုး

ရှင်သာရိပုတ္တရာက စေတောပရိယ အဘိညာဏ်ဖြင့် မယ်တော်ရဲ့ စိတ်ဖြစ်ပုံကို လှမ်းပြီးတော့ ကြည့်တယ်။ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလ္လာန်တို့ တရားဟောတဲ့ နေရာမှာ တစ်မျိုးစီ ကျင့်သုံးကြတယ်။ ဘယ့်နယ်လဲဆိုတော့ တရားဟောတဲ့နေရာမှာ ကျင့်သုံးတဲ့ ပါဋိဟာရိယ

http:\\www.dhammadownload.com



သုံးမျိုးလို့ရှိတယ်။ တရားနာပရိသတ်ရဲ့ ခန္ဓာအစဉ်မှာ ကိန်းတည်တဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတို့ကို ပယ်ဖျောက်ခြင်းကို ပါဋိဠိလို ပါဋိဟာရိယလို့ ခေါ်တယ်။

ထို ပါဋိဟာရိယ ကား -

(၁) ဣဒ္ဓိပါဋိဟာရိယ=တန်ခိုးဖြင့် ရှေ့ပိုင်းမှာ တရားနာသူရဲ့ သန္တာန်မှာရှိတဲ့ ကိလေသာတို့ကို နည်းပါးသွားအောင် ပယ်ရှားပေးခြင်း။

(၂) အာဒေသနာပါဋိဟာရိယ=ရှေ့ပိုင်းမှာ တရားနာသူရဲ့ သန္တာန်မှာရှိတဲ့ ကိလေသာတို့ကို စေတောပရိယ အဘိညာဏ်ဖြင့် ကြည့်ပြီး သူ၏စိတ်ဖြစ်ပုံကို ညွှန်ပြ၍ သူ၏ကိလေသာ နည်းပါးသွားအောင် ပယ်ရှားပေးခြင်း။

(၃) အနုသာသနီပါဋိဟာရိယ=ရှေ့နှစ်နည်းတွင် တစ်နည်းနည်းဖြင့် တရားနာသူရဲ့ သန္တာန်မှာရှိတဲ့ ကိလေသာတို့ကို နည်းပါးသွားအောင် ပယ်ရှားပြီးမှ "ဤတရားကို ပယ်ရှားရမည်၊ ဤတရားကို ပွားများရမည်" ဟု အဆုံးအမ ဩဝါဒဖြင့် ပယ်ရှားပေးခြင်း ဟူ၍ သုံးမျိုး ရှိတယ်။

အဲဒီမှာ အရှင်မဟာမောဂ္ဂလ္လာန်ကျတော့ သတ္တဝါတစ်ယောက်ကို ချွေချွတ်တော့မည်ဆိုလျှင် ရှေးဦးစွာ ဣဒ္ဓိပါဋိဟာရိယ=တန်ခိုးပြာဋိဟာနဲ့ ပထမရှေးဦး ထိုသူရဲ့ ကိလေသာ ခေါင်းပါးသွားအောင် ပြုပြီးမှ အနုသာသနီပါဋိဟာရိယဖြင့် "ဤတရားကို ပယ်ရှားရမည်၊ ဤတရားကို ပွားများရမည်"ဟု အဆုံးအမ ဩဝါဒဖြင့် ချွေချွတ်တော်မူသည်။

အရှင်မဟာမောဂ္ဂလ္လာန်သည် အများအားဖြင့် ဣဒ္ဓိပါဋိဟာရိယကို ရှေ့သွားပြုပြီးမှ အနုသာသနီပါဋိဟာရိယဖြင့် သတ္တဝါကို ချွေချွတ်တော်မူသည်။

http:\\www.dhammadownload.com



အရှင်သာရိပုတ္တရာကျတော့ သတ္တဝါတစ်ယောက်ကို ခြွေချွတ်တော့မည်ဆိုလျှင် ရှေးဦးစွာ အာဒေသနာ ပါဋိဟာရိယ=စေတောပရိယ အဘိညာဏ်နဲ့ ကြည့်ရှုပြီး ထိုသူ၏ စိတ်ဖြစ်ပုံကို ညွှန်ပြ၍ ကိလေသာ ခေါင်းပါးအောင် ပြုပြီးမှ အနုသာသနီ ပါဋိဟာရိယဖြင့် "ဤတရားကို ပယ်ရှားရမည်၊ ဤတရားကို ပွားများရမည်"ဟု ဆုံးမ၍ ခြွေချွတ်တော်မူသည်။

အရှင်သာရိပုတ္တရာသည် အများအားဖြင့် အာဒေသနာပါဋိဟာရိယကို ရှေ့သွားပြုပြီးမှ အနုသာသနီပါဋိဟာရိယဖြင့် သတ္တဝါကို ခြွေချွတ်တော်မူသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်ကား အချို့သတ္တဝါကို ဣဒ္ဓိပါဋိဟာရိယ ရှေ့သွားရှိသော အနုသာသနီပြာဋိဟာဖြင့် လည်းကောင်း၊ အချို့သတ္တဝါကို အာဒေသနာ ပါဋိဟာရိယ ရှေ့သွားရှိသော အနုသာသနီပြာဋိဟာဖြင့် လည်းကောင်း ခြွေချွတ်တော်မူသည်။ မဟာဗုဒ္ဓဝင်ကျမ်း၌ အကျယ်ကြည့်ရှုကြပါကုန်။

ဒီတော့ ရှင်သာရိပုတ္တရာ တရားဟောတော့မည်ဆိုယင် သူ့တရားနာတဲ့ ပရိသတ်ရဲ့ စိတ်ကို စေတာပရိယအဘိညာဏ်ဖြင့် ကြည့်ပြီးမှ အာဒေသနာပြာဋိဟာဖြင့် မယ်တော်ရဲ့ စိတ်နှလုံးဖြစ်ပုံကို မြင်တော်မူပြီး–

ဥပ္ပန္နံ မေ မာတု ပီတိ သောမနဿံ။

မေ=ငါ၏။ မာတု=မွေးမိသခင် ကျေးဇူးရှင်၏ (သန္တာန်၌)။ ပီတိသောမနဿံ=နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိငါးပါး သောမနဿ ဝေဒနာတရားသည်။ ဥပ္ပန္နံ=တရိပ်ရိပ် တဖွားဖွား ဖြစ်ပွား၍ နေလေပြီ။

ဩော် ... ငါ၏မယ်တော်ရဲ့ သန္တာန်မှာ ပီတိသောမနဿတရားတွေ မရပ်မနား ဖြစ်ပွား၍ နေပြီ။

http:\\www.dhammadownload.com



အယံ ဒါနိ ကာလော ဓမ္မဒေသနာယ။

ဣဒါနိ=ယခုအခါ။ အယံ=ဤအချိန်ကား။ ဓမ္မဒေသနာယ= တရားဟောဖို့ရန်။ ကာလော=အခါတန်ပြီ။

အဲဒီတော့ ငါတရားဟောရန် အချိန်တန်ပြီလို့ ဆင်ခြင်တော်မူပြီး-

ကိံ စိန္တေသိ မဟာဥပါသိကေ။

မဟာဥပါသိကေ=ဒါယိကာမကြီး ...။ ကိံ=အဘယ်ကို။ စိန္တေသိ=ကြံစည်၍ နေသနည်း။

မယ်တော်ကြီးက ဘာပြန်ပြောသလဲဆိုယင် -

ပုတ္တဿ တာဝ မေ အယံ ဂုဏော။

တာဝ=ရှေးဦးစွာ။ မေ=ငါ၏။ ပုတ္တဿ=သား၏။ အယံ ဂုဏော=ဤဂုဏ်ကျေးဇူးသည်။ ဟောတိ=ဖြစ်တုံသေး၏။ "သတ္ထု ပနဿ ကီဒိသော ဘဝိဿတိ"။ အဿ=ထို ငါ့သားကြီး၏။ သတ္ထု =ဆရာဘုရား၏။ ဂုဏော ပန=ဂုဏ်ကျေးဇူးကတော့။ ကီ ဒိသော= ဘယ်လိုသဘောရှိသည်။ ဘဝိဿတိ=ဖြစ်လိမ့်မည်နည်း။ "ဣဒံ တာတ စိန္တေမိ"။ တာတ=ချစ်သား ...။ ဣဒံ=ဤအချက်ကို။ စိန္တေမိ =အမေ စဉ်းစားနေပါတယ်။

ချစ်သား ...၊ မယ်တော်ဟာလေ "ဟို ... ငါ့သားရဲ့ ဂုဏ်ကျေးဇူး တောင် ဒါလောက် ဖြစ်နေယင် ငါ့သားရဲ့ဆရာ မြတ်စွာဘုရားရဲ့ ဂုဏ် ကျေးဇူးဟာဖြင့် ဘယ်လိုများနေမည်လဲ"လို့ ဘုရားရဲ့ ဂုဏ်ကျေးဇူးများ ကို အမေ စဉ်းစားနေတယ်။

## မယ်တော်ကြီး သောတာပန်ဖြစ်ခြင်း

အဲဒီလိုဆိုတော့မှ အရှင်သာရိပုတ္တရာက -

မဟာဥပါသိကေ=ဒါယိကာမကြီး ...။ မယှံ=ငါ၏။ သတ္ထု= ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဇာတက္ခဏေ=လုမ္ဗိနီ

http:\\www.dhammadownload.com



အင်ကြင်းတောဝယ် မိးရှူးသန့်စင် ဖွားမြင်တော်မူသော အခါ၌
လည်းကောင်း။ မဟာဘိနိက္ခမနေ စ=မြတ်သောတောထွက်ခြင်း
ဖြင့် တောထွက်တော်မူတဲ့အခါ၌လည်းကောင်း၊ သမ္ဗောဓိယံ စ=
အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက်၍ ဘုရားဖြစ်
တော်မူသောအခါ၌ လည်းကောင်း။ ဓမ္မစက္ကပဝတ္တနေ စ=
ဓမ္မစကြာ ဒေသနာမြတ်ထူး တရားဦးကို ရင့်ကျူးဟောဖော် မိန့်
မြွက်တော်မူသော အခါ၌လည်းကောင်း။

မယ်တော်ကြီးရဲ့ ဉာဏ်နဲ့ ငုံမိရုံသာ လေးဌာနကို ကိုင်၍ မိန့်တော်
မူတယ်။ ဒါယိကာမကြီး ...၊ ငါတို့ဆရာ မြတ်စွာဘုရား သုံးဆယ့်နှစ်
ပါးသော အတိတ်ကြီး နိမိတ်ကြီးတို့ကို ထင်ရှားဖြစ်ပေါ်စေလျက်
ဖွားမြောက်သန့်စင် မိးရှူးမြင်တော်မူတဲ့အခါ ...၊ မြတ်သော တောထွက်
ခြင်းဖြင့် တောထွက်တော်မူတဲ့အခါ...၊ စကြဝဠာတိုက် တစ်သောင်းကို
ရိုက်ခြောင်း တုန်လှုပ်စေလျက် သမ္ဗာသမ္ဗောဓိခေါ်တဲ့ အရဟတ္တမဂ်
ဉာဏ် သဗ္ဗညုတဉာဏ်ပေါက် ဘုရားအဖြစ်မြောက် ရောက်တော်မူတဲ့
အခါ အဲဒီ အခါများမှာ -

ဒသသဟဿိ လောကဓာတု ကမ္ပိတ္ထ=လောကဓာတ် စကြ
ဝဠာပေါင်း တိုက်တစ်သောင်းတို့ တုန်လှုပ်ခဲ့တယ် ဒါယိကာမကြီး။
သီလေန စ=သီလဂုဏ်အားဖြင့် လည်းကောင်း။ သမာဓိနာ စ=
သမာဓိဂုဏ်အားဖြင့် လည်းကောင်း။ ပညာယ စ=လောကီ+
လောကုတ္တရာ ပညာဂုဏ်အားဖြင့် လည်းကောင်း။ ဝိမုတ္တိယာ စ=
ဝိမုတ္တိငါးပါး ဂုဏ်ကျေးဇူးအားဖြင့် လည်းကောင်း။ ဝိမုတ္တိဉာဏ
ဒဿနေန စ=ဝိမုတ္တိဉာဏ ဒဿနခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ်
တစ်ဆယ့်ကိုးတန် ဂုဏ်ကျေးဇူးအားဖြင့် လည်းကောင်း။ သမော-
နာမ=တူသောသူ မည်သည်။ နတ္ထိ= မရှိဘူး။
ဒါယိကာမကြီး ... ဒို့ဆရာ မြတ်စွာဘုရား သီလဂုဏ်အားဖြင့်

http:\\www.dhammadownload.com



လည်းပဲ နှိုင်းပြိုင်အပ်သူ တစ်လူမှ မရှိဘူး။ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်အားဖြင့်လည်း နှိုင်းပြိုင်အပ်သူ တစ်လူမျှ ရှိတော်မမူဘူး။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ဒါယိကာမကြီး ...။ ငါတို့ဆရာ မြတ်စွာဘုရားဟာဖြင့် ဤသို့ ဤသို့သော အကြောင်းကြောင့် အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်၊ သုဂတဂုဏ်၊ လောကဝိဒူဂုဏ်၊ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်၊ သတ္ထာ ဒေဝမနုဿာနံဂုဏ်၊ ဗုဒ္ဓဂုဏ်၊ ဘဂဝါဂုဏ်တော်ဆိုတဲ့ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတယ် ဒါယိကာမကြီး (လို့ ဆိုပြီး) –

သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ။

အဲဒီ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ ငါတို့ဆရာ မြတ်စွာဘုရားဟာ အစမှာ–သီလတည်းဟူသော ကောင်းခြင်း၊ အလယ်မှာ–သမာဓိတည်းဟူသော ကောင်းခြင်း၊ အဆုံးမှာ–ပညာတည်းဟူသော ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာဆိုတဲ့ တရားစကားတွေကို ဟောကြားတော်မူတယ်။ (လို့ မိန့်တော်မူပြီး)–

အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးနဲ့ လိုက်လျောညီညွတ်အောင်လို့ဆိုပြီး စိတ်နှလုံး နူးညံ့အောင် ပထမ ဒါနကထာတရား ဟောပြတယ်။ (စိတ်နှလုံး နူးညံ့မှ သီလကို အလွယ်တကူ ဆောက်တည် ကျင့်သုံးနိုင်တယ်။) ဒါနတရားဖြင့် စိတ်နှလုံး နူးညံ့တော့မှ သီလ

http:\\www.dhammadownload.com



ကထာ–သီလတရား ဟောကြားတော်မူတယ်။ သီလတရား ဟောကြားတော်မူလိုက်လျှင်ပင် သဒ္ဓါသံယောဇဉ်၊ တရားသံယောဇဉ် ပိုမိုခိုင်မင်ပြီးတော့ တရားနာရင်း သီလစောင့်ထိန်းတယ်။ အဲ–ပြီးတော့မှ ရှင်သာရိပုတ္တရာက သီလကြောင့် ရရှိမည့် နတ်ရွာစည်းစိမ် အကြောင်းအရာ တရား=သဂ္ဂကထာကို ဟောတော်မူတယ်။ လက်ရှိ အာဝါသိက လူ့စည်းစိမ်မှ တရားနာသူရဲ့ စိတ်ကို အာဂန္တုကဖြစ်တဲ့ နတ်စည်းစိမ်ဘက်သို့ စိတ်ကို ဆွဲဆောင်သွားခြင်း ဖြစ်တယ်။ အဲဒီ သဂ္ဂကထာဖြင့် နတ်စည်းစိမ်ကို ဖော်ပြလို့ အာဝါသိကဖြစ်သော လူ့စည်းစိမ်မှ တရားနာသူရဲ့ စိတ်က ခွာပြီး အာဂန္တုကဖြစ်တဲ့ နတ်စည်းစိမ်ကို စိတ်က ညွတ်တော့မည်ဆိုတဲ့ အချိန်မှာမှ ကာမာနံ အာဒီနဝကထာ=ဝတ္ထုကာမ အားလုံးတို့ရဲ့ အပြစ်ဒေါသကို ဖော်ပြတဲ့ တရားစကားကို ဟောကြားတော်မူတယ်။ အဲဒီကျတော့ တရားနာသူဟာ ကိုယ်ပိုင်လက်ရှိ အာဝါ–သိက လူ့ဝတ္ထုကာမကိုရော အာဂန္တုကဖြစ်တဲ့ နတ်စည်းစိမ်ဝတ္ထု ကာမကိုရော ဘယ်ကာမကိုမှ တဏှာလောဘက မစွဲဝံ့တော့ဘူး။

ကာမရဲ့ အပြစ်ကို မြင်တော့မှ နေက္ခမ္မေ အာနိသံသကထာ=ယင်းကာမမှ ထွက်မြောက်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်တဲ့ သမာဓိဘာဝနာပွားများပုံ၊ ပညာဘာဝနာ ပွားများပုံ၊ ယင်းသမာဓိဘာဝနာကြောင့် ရရှိတဲ့အကျိုး၊ ပညာဘာဝနာကြောင့် ရရှိတဲ့အကျိုးတို့ကို ဟောတော်မူတယ်။ အဲဒီ တရားဒေသနာအစဉ်ကို အနုပုဗ္ဗိကထာလို့ ခေါ်တယ်။ အစဉ်အတိုင်းသော တရားစကားကို ဟောလို့ ဒေသနာနိဂုံးလည်း ဆုံးရော မယ်တော်ကြီးလည်းပဲ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပေါက်၊ အရဏ်လည်းတက်၊ သောတာပန်အရိယာအဖြစ်သို့လည်း တစ်ခါတည်း ရောက်သွားတယ်။ ထိုအခါ မယ်တော်ကြီးက ဘာ လျှောက်သလဲဆိုယင် –

တာတ ဥပတိဿ ကသ္မာ ဧဝ+မကာသိ။

http:\\www.dhammadownload.com



တာတ ဥပတိဿ=ချစ်သား ဥပတိဿ ...။ ကသ္မာ=အဘယ့်ကြောင့်။ ဇဝံ=ဤသို့။ အကာသိ=ပြုဘိသနည်း။

ချစ်သား ဥပတိဿ ...၊ ဘယ့်နှယ်ကြောင့် ဒီလို လုပ်တာလဲ။

ဧဝရူပံ နာမ အမတံ မယှံ တွေကံ ကာလံ န အဒါသိ။

ဧဝရူပံ နာမ=ဤသို့ သဘောရှိသည်မည်သော။ အမတံ=မသေရာ အမြိုက်နိဗ္ဗာန်ဆိုတဲ့ တရားကို။ တွေကံ ကာလံ=ဤမျှကာလကြာအောင်။ မယှံ=ငါ မယ်တော်အား။ ကသ္မာ=အဘယ်ကြောင့်။ န အဒါသိ=မပေးဘဲ ရှိရသနည်း။

ချစ်သား ... ဘယ့်နှယ်ကြောင့် ဒီလောက်ကြာအောင် ငါ မယ်တော်အား သောတာပတ္တိ မဂ်ဉာဏ် အမြိုက်တရားကို သင်ချစ်သား မပေးသလဲလို့ ပြောသောအခါ –

ရှင်သာရိပုတ္တရာက စေတောပရိယ အဘိညာဏ်နဲ့ မယ်တော်ကြီးရဲ့ ဟဒယဝတ္ထုကို လှမ်းမျှော်ပြီး ကြည့်လိုက်တယ်။ "ဟာ ...ငါရဲ့မိခင် သောတာပတ္တိ မဂ်ဉာဏ်+ဖိုလ်ဉာဏ် ရောက်လို့ ပစ္စဝေက္ခဏာဉာဏ်ပါ ပြီးပြီ။ ဒါကြောင့် သူ ဒီစကား ပြောလာတာပဲ"လို့ စဉ်းစားမိပြီး –

ဒိန္နံ ဒါနိ မေ မာတု ရူပသာရိယာ ဗြာဟ္မဏိယာ ပေါသာဝနိကမူလံ။

ဒါနိ-ဣဒါနိ=ယခုအခါ၌။ မေ=သာရိပုတ္တရာ မထေရ် ငါသည်။ မာတု=မွေးမိသခင် ကျေးဇူးရှင်ဖြစ်သော။ ရူပသာရိယာ ဗြာဟ္မဏိယာ=မယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးအား။ ပေါသာဝနိကမူလံ=မွေးကျေးဇူးကို။ ဒိန္နံ=အပြေအလည် ဆပ်အပ်လေပြီ။

မယ်တော်ကြီးရဲ့ မွေးကျေးဇူးကို ငါ အပြေအလည် ဆပ်ပြီးပြီ။

တွေကေန ဝဋ္ဋိဿတိ=ငါ့မယ်တော်ကြီးဟာ သောတာပတ္တိမဂ်ဉာဏ်+ဖိုလ်ဉာဏ်လောက်နဲ့ တော်လောက်ပြီ၊ ရှေ့ကိုဆက်၍ မရ

http:\\www.dhammadownload.com



တော့ဘူး။ အဲဒီလို သိပြီးတော့မှ –

ဂစ္ဆ မဟာဥပါသိကေ။

မဟာဥပါသိကေ=ဒါယိကာမကြီး ...။ ဂစ္ဆ=ဒါယိကာမကြီး ပင်ပန်းပြီ၊ ညောင်းပြီ၊ ဒါယိကာမကြီးသွားတော့ (လို့ဆိုပြီး) တရားဟော ရပ်လိုက်တယ်။ သွားသလားဆိုတော့ ဒါယိကာမကြီးက မသွားဘူး။

ဒါပေမယ့် ရှင်သာရိပုတ္တရာသည် မိမိ၏ဝတ္တရားအရ မယ်တော်ကြီးကို လွှတ်ပြီးတဲ့နောက် ညီအရင်းဖြစ်သူ ရှင်စုန္ဒကို –

စုန္ဒ ကာ ဝေလာ။

စုန္ဒ=ချစ်ညီစုန္ဒ ...။ ဝေလာ=အချိန်သည်။ ကာ=ဘယ်အချိန် ရောက်နေပြီလဲ။

စုန္ဒ၊ ဘယ်အချိန်ရောက်ပြီလဲလို့ မေးတော့ အရှင်စုန္ဒက ဘယ်လို ပြန်ဖြေသလဲဆိုယင် –

ဗလဝပစ္စူသကာလော ဘန္တေ။

ဘန္တေ=အရှင်ဘုရား ...။ ဗလဝပစ္စူသကာလော=မိုးသောက်အားကြီး လင်းခါနီးပါပြီ ဘုရား။ မကြာမီ အရုဏ်တက်တော့မယ်လို့ဆိုတော့ ရှင်သာရိပုတ္တရာက –

ဘိက္ခုသံဃံ သန္နိပါတေဟိ။

ရဟန်းသံဃာအားလုံး ငါးရာကို စုဝေးလိုက်စမ်းလို့ဆိုတော့ ရှင်စုန္ဒက ညွှန်ခန်းမကြီးထဲမှာ ရှိကြတဲ့ ကိုယ်တော်ငါးရာတို့ကို လိုက်လံနှိုးဆော်တယ်။ မီးတွေကလည်း ထွန်းထားတယ်၊ ရဟန်းငါးရာအားလုံး စုဝေးပြီး ရှင်စုန္ဒက –

သန္နိပတိတော ဘန္တေ ဘိက္ခုသံဃော။

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား ...။ ဘိက္ခုသံဃော=ရဟန်းသံဃာသည်။ သန္နိပတိတော=စုဝေးပြီးပါပြီဘုရား ...လို့ လျှောက်တော့ ရှင်သာရိပုတ္တရာက -

မံ ဥက္ခိပိတွာ နိသီဒါပေဟိ စုန္ဒ။

စုန္ဒ=ချစ်ညီစုန္ဒ ...။ မံ=ငါ့ကို။ ဥက္ခိပိတွာ=ပွေ့ချီ၍။ နိသီဒါ-ပေဟိ=ထိုင်စေလော့။

ငါ့ကို ပွေ့ချီပြီးတော့ မတ်တတ်ကလေး ထိုင်ပေးစမ်းလို့ ပင်ပန်း ပြော ပြောတယ်။

အဲဒီတော့ ရှင်စုန္ဒက သူ့နောင်တော်ကို ပွေ့ပြီးတော့ ထိုင်ပေးတယ်။ ထိုင်မိတော့မှ ရှင်သာရိပုတ္တရာက သူ့တပည့်တွေကို နောက်ဆုံး ဘာ ပြောသလဲဆိုယင် -

အာဝုသော စတုစတ္တာလီသ ဝေါ ဝဿာနိ မယာ သဒ္ဓိံ ဝိစရန္တာနံ ယံ မေ ကာယိကံ ဝါ ဝါစသိကံ ဝါ န ရောစေထ၊ တံ မေ ခမထ အာဝုသော။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ စတုစတ္တာလီသ ဝဿာနိ=လေးဆယ့်လေးဝါတို့ပတ်လုံး၊ (ရှင်သာရိပုတ္တရာက မြတ်စွာဘုရား ပထမ ဝါကျွတ်ပြီးမှ ရဟန်းဖြစ်တော့ ရှင်သာရိ ပုတ္တရာဟာ သာသနာမှာ လေးဆယ့်လေးဝါပဲ ရတယ်။) စတု-စတ္တာလီသံဝဿာနိ=လေးဆယ့်လေးဝါ ကာလတို့ပတ်လုံး။ မယာ သဒ္ဓိံ=ငါနှင့်အတူတကွ။ ဝိစရန္တာနံ=လှည့်လည်ကျက်စား သွားလာ၍ နေကြကုန်သော။ ဝေါ=သင်တို့၏ (အဖို့ရာ)။ မေ=ငါ၏။ ယံ ကာယိကံ ဝါ=အကြင် ကိုယ်အမှုကို ဖြစ်စေ။ ယံ ဝါစသိကံ ဝါ= အကြင် နှုတ်အမှုကို ဖြစ်စေ။ န ရောစေထ=မနှစ်သက်ကုန်ငြားအံ့။ မေ=ငါ၏။ တံ=ထိုငါ့ရှင်တို့ မနှစ်သက်တဲ့ ကာယကံမှု၊ ဝစီကံမှု အစုစုကို။ အာဝုသော=ငါ့ရှင်တို့ ...။ ခမထ=မေတ္တာ၊ ကရုဏာ၊

http:\\www.dhammadownload.com



နှစ်ဖြာရှေ့ထား သည်းခံကြပါကုန်ဘုရား ...။

(ငါရှင့်တို့ ... လေးဆယ့်လေးဝါ ငါနှင့်အတူတကွ နေခဲ့ကြရတဲ့ ငါ့ရှင်တို့အဖို့ရာ ငါရဲ့ ကာယကံမှု၊ ဝစီကံမှု ငါ့ရှင်တို့ မနှစ်သက်တာများ ပြုမှားပြောမှား ရှိခဲ့လျှင် ထိုကာယကံမှု၊ ဝစီကံမှုများကို သည်းခံကြပါ။ ဤသို့ မိန့်ဆို၍ ထိုင်ပြီး ကန်တော့တယ်၊ အိပ်ရာထဲက မဟုတ်ဘူး)။

ဒီတော့ ရဟန်းတပည့် ငါးရာတို့က ဘယ်လို ပြန်လည်လျှောက်သလဲဆိုယင်–

တွေက် ဘန္တေ အမှာကံ ဆာယာဝိယ တုမှေ အမုဋ္ဌိတွာ ဝိစရန္တာနံ အရုစ္စနကံ နာမ နတ္ထိ၊ တုမှေ ပန အမှာကံ ခမထ။

ဘန္တေ=အရှင်ဘုရား ...။ တွေက်=ဤမျှ လေးဆယ့်လေးဝါ ကာလကြာအောင်။ တုမှေ=အရှင်ဘုရားတို့ကို။ ဆာယာ ဝိယ= အရိပ်ကဲ့သို့။ အမုဋ္ဌိတွာ=မစွန့်လွှတ်ကြဘဲ။ ဝိစရန္တာနံ=လှည့်လည် ကျက်စားသွားလာ၍ နေကြကုန်သော။ အမှာကံ=တပည့်တော်တို့ ရဲ့။ အရုစ္စနကံ နာမ=မကျေနပ် မနှစ်သက်တဲ့ ကာယကံမှု ဝစီကံမှု မည်သည်။ နတ္ထိ=တစိုးတစိမျှ မရှိပါဘုရား။

(လေးဆယ့်လေးဝါ အချိန်ကြာအောင် အရှင်ဘုရားတို့နဲ့ အတူတကွ တပည့်တော်တို့ အရိပ်ပမာ အရှင်ဘုရားတို့ရဲ့နောက် တကောက်ကောက်ထိုက်ပါ လှည့်လည်ခဲ့တဲ့ တပည့်တော်အဖို့ရာ မကျေနပ်တဲ့ ကာယကံ၊ မကျေနပ်တဲ့ ဝစီကံ တစိုးတစိမျှ မရှိပါဘုရား)

ပန=စင်စစ်သော်ကား။ တုမှေ=အရှင်ဘုရားတို့ကသာ။ အမှာကံ=တပည့်တော်တို့၏။ အရုစ္စနကံ=မတော်တဆ ပြုမှားမိတဲ့ ကာယကံ၊ ပြောမှားမိတဲ့ ဝစီကံ အပြစ်ဘေးကို။ ခမထ=ကရုဏာ ရှေးရှု သည်းခံတော်မူကြပါကုန် ဘုရား ...။ အဲဒီလို ဆရာနှင့် တပည့် အပြန်အလှန် သည်းခံအောင် ကန်တော့ကြတယ်။

http:\\www.dhammadownload.com



## ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ကန်တော့ကြလို့လည်းပြီးရော၊ ရှင်သာရိပုတ္တရာက "ကိုင်း ... ငါကို ပြန်ပြီး လှဲပေးကြ၊ ကန်တော့ပြီးပြီ" ဟု အမိန့်ရှိ၍ လှဲလည်းပြီးရော၊ နှစ်ထပ်သကန်းကြီးကို ဦးခေါင်းလုံအောင် (ခေါင်းမြီး) မြုံပြီးတော့-

(၁) ရူပါဝစရ ပထမဈာန်ကို ဝင်စားတယ်၊ (၂) ထိုဈာန်မှထ၊ ဒုတိယဈာန်ကို ဝင်စား၊ (၃) ထိုဈာန်မှထ၊ တတိယဈာန်ကို ဝင်စား၊ (၄)ထိုဈာန်မှထ၊ စတုတ္ထဈာန်ကို ဝင်စား၊ အဲ ... ရူပါဝစရ ဈာန်လေးပါးမှ ထပြီးတဲ့နောက် အရူပါဝစရဈာန်လေးပါးကို အစဉ်အတိုင်း (၅) အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၊ (၆)ထိုဈာန်မှထ၊ ဝိညာဏဉ္စာ-ယတနဈာန်ကို ဝင်စား၊ (၇)ထိုဈာန်မှထ၊ အာကိဉ္စညာယတနဈာန်ကို ဝင်စား၊ (၈) ထိုဈာန်မှထ၊ နေဝသညာနာသညာယတနာဈာန်ကို ဝင်စား၊ (၉) အဲဒီဈာန်ဇော နှစ်ကြိမ်လည်း စောပြီးရော နိရောဓသမာပတ်ကို တစ်ခါတည်း ရောက်သွားတယ်။

(စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ မဖြစ်ခြင်းကိုပင် ခေါ်တဲ့ အနုပ္ပါဒ နိရောဓသို့ ဆိုက်ရောက်သည်ကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်ဆိုရသည်။ ဆိုခဲ့ပြီးသည့် ရူပဈာန်လေးပါးနှင့် အရူပဈာန်လေးပါးတို့ကို သမာပတ်ရှစ်ပါး ခေါ်၏။ သမာပတ်ရှစ်ပါးပေါ်မှာ နိရောဓသမာပတ်ကို ထည့်လိုက်လျှင် "နဝ အနုပုဗ္ဗ ဝိဟာရသမာပတ် = အစဉ်အတိုင်း ဝင်စား၍နေရာ သမာပတ်ကိုးပါး" ဟူ၍ ခေါ်၏။)

အဲဒီမှာ အရှင်သာရိပုတ္တရာ နိရောဓသမာပတ် ဝင်စားနေတာ တော်တော်အချိန်ကြာပြီး နိရောဓသမာပတ်မှ ထပြီးတဲ့နောက် -

(က) နေဝသညာနာသညာယတနဈာန်ကို ဝင်စား၊ (ခ) ထိုဈာန်မှထ၊ အာကိဉ္စညာယတနဈာန်ကို ဝင်စား၊ (ဂ) ထိုဈာန်မှထ၊ ဝိညာဏဉ္စာ

http:\\www.dhammadownload.com



ယတနဈာန်ကို ဝင်စား၊ (ဃ) ထိုဈာန်မှထ၊ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၊ (င) ထိုဈာန်မှထ၊ ရူပါဝစရ စတုတ္ထဈာန်ကို ဝင်စား၊ (စ) ထိုဈာန်မှထ၊ ရူပါဝစရ တတိယဈာန်ကို ဝင်စား၊ (ဆ) ထိုဈာန်မှထ၊ ရူပါဝစရ ဒုတိယဈာန်ကို ဝင်စား၊ (ဇ) ထိုဈာန်မှထ၊ ရူပါဝစရ ပထမဈာန်ကို ဝင်စား –

အေး ... အနုပုဗ္ဗဝိဟာရသမာပတ်ကိုးပါးကို အနုလုံ ပဋိလုံ အစုန် အဆန် ဝင်စားတော်မူတယ်။ လောကဥပမာအားဖြင့် အရပ်တစ်ပါးသို့ အပြီးအပိုင် ဖဲခွာသွားခါနီးကျတော့ မိတ်ဆွေတွေကို အနုလုံ+ပဋိလုံ အစုန်+အဆန်လိုက်ပြီး လက်ဆွဲနှုတ်ဆက်သလို၊ အရှင်သာရိပုတ္တရာ လည်း ကိုယ်တော် ရဟန္တာဖြစ်တဲ့ အချိန်ကစပြီး လေးဆယ့်လေးဝါ ကာလကြာအောင် ဒီသမာပတ်တွေနဲ့ နေခဲ့တယ်။ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတရားများ ဖြစ်တယ်။ အဲ ... ယခု အနုပါဒါ ပရိနိဗ္ဗာန်သို့ ကြွတော့မည်ဆိုတော့ အဲဒီသမာပတ်ကိုးပါး မိတ်ဆွေတရားတို့ကို လက်ဆွဲနှုတ်ဆက်သကဲ့သို့ နောက်ဆုံး ဝင်စားခြင်း ဖြစ်တယ်။

ဝင်စားပြီးတော့မှ ရူပါဝစရ ပထမဈာန်ကို ဝင်စားတယ်။ အဲဒီဈာန်မှထ၊ ဒုတိယဈာန်ကို ဝင်စား၊ အဲဒီဈာန်မှထ၊ တတိယဈာန်ကို ဝင်စား၊ အဲဒီဈာန်မှထ၊ စတုတ္ထဈာန်ကို ဝင်စား၊ (နောက်ဆုံး နှုတ်ဆက်သကဲ့သို့ စတုတ္ထဈာန်ကို ဝင်စားပြီးလို့) စတုတ္ထဈာန်မှလည်း ထရော (ဈာနသမနန္တရ ပရိနိဗ္ဗာန်လို့ ခေါ်တယ်။) ဈာန်ဇောလည်းဆုံးရော ဘဝင်စိတ်ကျရမယ့်နေရာမှာ ပရိနိဗ္ဗာနစုတိစိတ်ကျပြီး မဟာပထဝီ မြေကြီးကို ပဲ့တင်ထပ်စေ၍ ဒီနေရာမှာပဲ အရဏ်လည်း တက်ကရော ပရိနိဗ္ဗာန်လည်း စံရော။

မယ်တော် ဥပါသိကာ ရူပသာရီ ပုဏ္ဏေးမကြီးက အနီးနားမှာနေ ရင်းက သားတော်နှင့် သံဃာတော်တွေရဲ့ အပြုအမူများကို လက်အုပ်ချီ ပြီး ကြည့်ရင်းက သားတော်ကြီး ခေါင်းမြီးခြုံကာ မလှုပ်မယှက်

http:\\www.dhammadownload.com



ပရိနိဗ္ဗာန်စံတဲ့ **အခြေအရောက်** မြင်ရတော့ -

**ကိံ နု ခေါ** မေ ပုတ္တော န ကိဉ္စိ ကထေတိ။

**မေ=ငါ၏**။ ပုတ္တော=သားသည်။ ကိံ နု ခေါ=အဘယ့်ကြောင့်။ **ကိဉ္စိ=တစုံတခုကိုမျှ**။ န ကထေတိ=မပြောတာပါလိမ့်။

ဟိုကဖြင့် ပရိနိဗ္ဗာန် စံနေပြီ၊ သမာပတ် ကိုးပါးကို အနုလုံ+ပဋိလုံ= အစုန်+အဆန် ဝင်စားတယ်ဆိုတော့ စကားမပြောဘဲနေတာက အတော် ကြာသွားတယ်။ ဒါကြောင့် မယ်တော်ကြီးက "ဘယ့်နှယ်ကြောင့်များ ငါ့သား စကားမပြောတာပါလိမ့်"လို့ အသာကလေး ညောင်စောင်းရဲ့ ခြေရင်းကနေပြီးတော့ ရှင်သာရိပုတ္တရာရဲ့ ခြေဖဝါးကို စမ်းကြည့်လိုက် တယ်။ သွေးမရှိတော့ဘူး၊ သွေးမရှိတာကို တွေ့မှ မယ်တော်ကြီးက ပရိနိဗ္ဗာန် စံမှန်းလည်း သိရော -

ကျယ်လောင်သော အသံကို ပြုလျက် မထေရ်၏ ခြေတော်ရင်း၌ ဝပ်စင်းပြီးလျှင် -

တာတ=ချစ်သား ...။ မယံ=မယ်တော်တို့သည်။ ဣတော ပုဗ္ဗေ =ဤအချိန်မှ ရှေးကာလ၌။ တဝ=သင်ချစ်သား၏။ ဂုဏံ=ဂုဏ် ကျေးဇူးကို။ န ဇာနိမှာ=တစိုးတစိ မသိခဲ့ကြပါကုန်။

ချစ်သား ... မယ်တော်တို့ဟာ ဒီအချိန်မှ ရှေ့ကာလတုန်းက ချစ်သားတို့ရဲ့ ဂုဏ်ကျေးဇူးကို တစ်ရွေးသားမျှ မသိခဲ့ကြဘူး၊ ယခုသိပြီ။

ဣဒါနိ ပန=ယခုသိတဲ့ အချိန်မှာတော့လည်းပဲ။ တံ=သင် ချစ်သားကို။ အာဒိံ ကတွာ=အစအဦး အမှူးပြု၍။ အနေကသတေ ဘိက္ခူ=ရာပေါင်းများစွာ ရဟန်းသံဃာတို့ကို လည်းကောင်း။ အနေကသဟဿေ ဘိက္ခူ=ထောင်ပေါင်းများစွာ ရဟန်းသံဃာတို့ ကို လည်းကောင်း။ အနေကသတသဟဿေ ဘိက္ခူ=သိန်းပေါင်း များစွာ ရဟန်းသံဃာတို့ကို လည်းကောင်း။ ဣမသ္မိံ နိဝေသနေ= ဤမယ်တော့်အိမ်၌။ နိသီဒါပေတွာ=ထိုင်နေစေ၍။ ဘောဇေတုံ=

http:\\www.dhammadownload.com



ဆွမ်းကျွေးခြင်းငှာ၊ (ဝါ) ဆွမ်းကျွေးခွင့်ကို။ န လဘိမှာ=မရကြ တော့ဘူး။

ငါ့သားတို့ ... ရှေးတုန်းကတော့လည်းပဲ ငါ့သားရဲ့ ဂုဏ်ကျေးဇူး အမေ မသိလို့၊ ယခု သိပြန်တော့လည်းပဲ ငါ့သားကို အမှူးထားပြီး ရဟန်းရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ သိန်းပေါင်းများစွာ ဒီ အိမ်မှာ ဆွမ်းမကျွေးလိုက်ရတော့ဘူး၊ ကျွေးယင်လည်းပဲ ငါ့သား မပါ တော့ဘူး။

စိဝရေဟိ=များစွာသော သင်္ကန်းတို့ဖြင့်၊ (ဝါ) များစွာသော သင်္ကန်းတို့ကို။ အစ္ဆာဒေတုံ=ဖုံးလွှမ်းစေခြင်းငှာ၊ (ဝါ) လှူဒါန်းခွင့် ကို။ န လဘိမှာ=မရနိုင်တော့ကုန်။ သင်္ကန်းများလည်း မလှူဒါန်း ရတော့ဘူး။

ဝိဟာရသတံ ဝိဟာရသဟဿံ ကာရေတုံ န လဘိမှာ။

ငါ့သားကြီးကို အမှူးပြုပြီး သံဃာအား လှူမည်ဟဲ့လို့ ကျောင်းပေါင်း တစ်ရာလည်း ဆောက်နိုင်တယ်၊ ကျောင်းပေါင်း တစ်ထောင်လည်း ဆောက်နိုင်တယ်၊ အခုတော့ ငါ့သားကို အမှူးပြုပြီးတော့ လှူရမယ့် ကျောင်းတစ်ရာ၊ ကျောင်းတစ်ထောင်တို့ကိုလည်း အမေ မဆောက်ရ တော့ဘူး။

ဤသို့ စသည်ဖြင့် ဖြစ်ရပ်ကို အမှန်အတိုင်း ပြောပြီး ဟစ်အော် ငိုကြွေးလိုက်သည်မှာ အရဏ်ကျင်းလို့ အလင်းလည်း ရောက်ရော အရိယာဥပါသိကာမကြီးဟာ အငိုတိတ်ပြီး ရွှေပန်းထိမ်သည်တွေကို အခေါ်ခိုင်းပြီး ရွှေတိုက်ကို ဖွင့်စေပြီး ရွှေတုံး ရွှေစိုင်တို့ကို ချိန်ခွင်ကြီး ဖြင့် ချိန်စေပြီး -

ပဉ္စ ကူဋ္ဌာဂါရသတာနိ ပဉ္စ အဂ္ဂိကသတာနိ ကာရောထ။

ပဉ္စ ကူဋ္ဌာဂါရသတာနိ=အထွတ်တပ်တဲ့ ရွှေပြာသာဒ်ကြီး

http:\\www.dhammadownload.com



ငါးရာတို့ကို လည်းကောင်း။ ပဉ္စ အဋ္ဌိက သတာနိ=အထွတ်တပ်တဲ့ ညည့်ခံမုခ်ကြီး ငါးရာတို့ကို လည်းကောင်း။ ကရောထ=မောင်တို့ ပြုကြရမယ်။

ချစ်သားရဲ့ ဈာပနကို လှလှပပကြီး သင်္ဂြိုဟ်မယ်၊ မောင်တို့ ဟောဒီ ရွှေတုံးတွေနဲ့ အထွတ်တပ်တဲ့ ရွှေပြာသာဒ်ကြီး ငါးရာ၊ အထွတ်တပ်တဲ့ ရွှေညည့်ခံခန်းမဆောင် မုခ်ဦးတပ်တဲ့ ရွှေမဏ္ဍပ်ပေါင်း ငါးရာ မောင်တို့ ပြုလုပ်ရမယ်လို့ နေ့ချင်းညချင်း အလုပ်ခိုင်းတယ်၊ ရွှေပန်းထိမ်သည် တွေဟာ နေ့နေ့ညည နေ့မိးညမိး ဆက်ပြီးတော့ အလုပ်လုပ်ကြတယ်။

အဲဒီအချိန်မှာပဲ သိကြားနတ်ကလည်း ဝိသကြုံနတ်သားကို ခေါ်ပြီး–

တာတ=ချစ်သားဝိသကြုံ ...။ ဓမ္မသေနာပတိ=တရားစစ်မှူး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာသည်။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူခဲ့လေပြီ။ (ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားပြီကွယ်)၊ ပဉ္စ ကူဋာဂါရသတာနိ စ=အထွတ်တပ် တဲ့ ပြာသာဒ်ငါးရာတို့ကို လည်းကောင်း။ ပဉ္စ အဋ္ဌိကသတာနိ စ =မုခ်ဦးပြာသာဒ်ပါတဲ့ ညည့်ခံမဏ္ဍပ် ငါးရာတို့ကို လည်းကောင်း။ မာပေသိ=သင်ချစ်သား ဖန်ဆင်းလော့ ... လို့ (သိကြားမင်းက ဝိသကြုံနတ်သားကို မိန့်ဆိုတယ်။)

မယ်တော်ကြီးက ရွှေပြာသဒ် ငါးရာ၊ ရွှေညည့်ခံမဏ္ဍပ် ငါးရာ၊ သိကြားမင်းက ဝိသကြုံကို စေခိုင်းချက်အရ ဖန်ဆင်းအပ်တဲ့ ရွှေ ပြာသာဒ် ငါးရာ၊ ရွှေညည့်ခံမဏ္ဍပ် ငါးရာ၊ မဏ္ဍပ်တစ်ထောင်၊ ပြာသာဒ် တစ်ထောင် ရှိပါတယ်။ ရွှေရည်သုတ်ထားတဲ့ ဘော်ရွှေ မဟုတ်ပါဘူး။ တကယ့်ရွှေသားပြာသာဒ်ချည်းပဲ တစ်ထောင်၊ တကယ့်ရွှေသားတွေကို အပြောက်ချယ်ထားတဲ့ ညည့်ခံမဏ္ဍပ်ပေါင်းက တစ်ထောင်၊ နာလက မြို့လယ်ခေါင်မှာရှိတဲ့ ကွက်လပ်ကြီး ကွင်းကြီးထဲမှာ ရွှေပြာသာဒ်တွေ ဝန်းလျက် ရံလျက်၊ ရွှေမဏ္ဍပ်တွေ ဝန်းလျက် ရံလျက်၊ မြို့လယ်ခေါင်

http:\\www.dhammadownload.com



မှာ သစ်သားအနှစ်ဖြင့် ပြီးသော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေပြီး မဏ္ဍပ်၏အလယ်၌ အထွတ်တပ်သည့် ရွှေပြာသာဒ်ကြီးပေါ်၌ ရှင်သာရိပုတ္တရာ၏ ဥတုဇရုပ်ကလာပ်ကို တင်ထားပြီး သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပကြတယ်။ အဲဒီလို ကျင်းပကြတဲ့အခါ လူတွေအကြား၊ နတ်တွေသွား၊ နတ်တွေအကြား လူတွေသွားနဲ့ လူတွေ နတ်တွေဟာ ရောယှက်နေပါတယ်။ အရှင်သာရိပုတ္တရာရဲ့ သာဓုကီဠန သဘင်ပွဲကြီး ဟာ ၇ ရက် ကြာပါသတဲ့။

## ရေဝတီ ဝိမာန ဝတ္ထု

အဲဒီလို ခုနစ်ရက် (၇)ရက်ကြာ သာဓုကီဠနသဘင် ဆင်ယင် ကျင်းပနေတဲ့ တစ်ရက်မှာ အဲဒီ နာလကရွာကပဲ ရှင်သာရိပုတ္တရာကို ကြည်ညိုတဲ့ "ရေဝတီ"ဆိုတဲ့ အမျိုးသမီးတစ်ယောက်–

အဟံ ထေရဿ ပူဇံ ကရိဿာမိ။

ငါလည်းပဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ပူဇော်မှုကို ပြုအုန်း မှပဲလို့ ရွှေပန်းအိုးသုံးလုံး အလုပ်လုပ်ခိုင်းတယ်၊ သူလည်း သေဌေး သမီးတစ်ယောက်ပဲ။ အဲဒီလို အလုပ်ခိုင်းပြီး ရွှေပန်းပွင့်အိုး သုံးလုံးကို ယူလာပြီးတော့ ရှင်သာရိပုတ္တရာ ဈာပနသဘင် ဆင်ယင်ကျင်းပတဲ့ နေရာသို့ အပူဇော်သွားတယ်။

အဲဒီနေ့က သိကြားမင်းကလည်းပဲ –

ထေရဿ ပူဇံ ကရိဿာမိ။

ငါ ယနေ့ ရှင်သာရိပုတ္တရာအား ပူဇော်မှုကို ပြုမယ်ဆိုပြီး နတ်သမီး ကချေသည်ပေါင်း နှစ်ကုဋေငါးသန်း ခြံရံလျက် သက်ဆင်းလာတယ်။

သက္ကော ဩတရတိ။

သိကြားမင်း နတ်သမီးတွေနဲ့ ဆင်းလာတယ်ဆိုတော့ ဘုန်းရှိတဲ့ လူတွေလာယင် ဘုန်းနည်းတဲ့ လူတွေက နောက်ဆုတ်ဖယ်ပေးကြ

http:\\www.dhammadownload.com



တယ်။ ရေဝတီလည်းပဲ အဲဒီ ပရိသတ်ထဲမှာ နောက်ဆုတ် နောက်ဆုတ် လာတဲ့ လူတွေ တက်နင်းတာနဲ့ ဒီနေရာမှာပဲ စုတိပြုတ်ကြွေ သေလွန်ပြီး တာဝတိံသာနတ်ပြည်မှာ ရွှေဗိမာန်၌ ဖြစ်တယ်။ ဖြစ်တယ်ဆိုလျှင်ပင် ရေဝတီ၏အဖို့ရာ ရတနာ အစိုင်အခဲကြီးကဲ့သို့ သုံးဂါဝုတ်မျှ ပမာဏ ကိုယ်ခန္ဓာအတ္တဘောရှိလျက် လည်းအစီးခြောက်ဆယ်ပြည့်မျှ ပမာဏ ရှိသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်ပြီးသား၊ နတ်သမီးတစ်ထောင် ခြံရံပြီးသား ဖြစ်ရှိလေသည်။ ထိုအခါ ရေဝတီနတ်သမီး၏ ရှေ့၌ ကိုယ်လုံးပေါ် မှန်ကြီးကို ချထားကြလေသည်။

ရေဝတီ နတ်သမီးသည် မိမိ၏ နတ်စည်းစိမ်ကို မြင်လေသော်-

ဉဠာရော အယံ သမ္ပတ္တိ=ငါရဲ့စည်းစိမ်ဟာ သိပ်ကြီးတာပဲ။ ကိံ နု ခေါ မေ ကမ္မံ ကတံ=ငါ ဘယ်လို ကုသိုလ်ကံကိုများ ပြုလုပ်ခဲ့ ပါလိမ့်။

(အဲဒီလို ပြန်စဉ်းစားတဲ့ အခါကျတော့)-

မယာ သာရိပုတ္တတ္ထေရဿ ပရိနိဗ္ဗုတဋ္ဌာနေ တီဟိ သုဝဏ္ဏ- ပုပ္ဖကုမ္ဘေဟိ ပူဇာ ကတာ။

မယာ=ငါသည်။ သာရိပုတ္တတ္ထေရဿ=ရှင်သာရိပုတ္တရာ မထေရ်၏။ ပရိနိဗ္ဗုတဋ္ဌာနေ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရာ ဈာပန သဘင် ဆင်ယင်ကျင်းပရာ အရပ်၌။ တီဟိ သုဝဏ္ဏပုပ္ဖကုမ္ဘေဟိ= ရွှေပန်းအိုး သုံးလုံးတို့ဖြင့်။ ပူဇာ=ပူဇော်မှုကို။ ကတာ=ပြုအပ်ခဲ့ လေပြီ ...။

(ရွှေပန်းအိုး သုံးလုံးတို့ဖြင့် ငါ ပူဇော်ခဲ့တယ်။)

မဟာဇနော မံ မဒ္ဒိတွာ ဂတော=သိကြားမင်းလာတဲ့အတွက် များစွာသော လူတွေက ငါ့ကို နင်းပြီး သွားကြတယ်။

သာ+ဟံ တတ္ထ ကာလံ ကတွာ ဣဓူပပန္နာ=ငါဟာ ထိုနေရာမှာ စုတေပြီး ဤနတ်ပြည်မှာ အိပ်သည့်ယောကျ်ား နိုးသောလားသို့

http:\\www.dhammadownload.com



ယခုလို လာပြီးတော့ နတ်ဖြစ်တာပါတကား ...။

ထေရံ နိသ္သာယ လဒ္ဓံ ဣဒါနိ ပုညဝိပါကံ မနုဿာနံ ကထေဿာမိ။

ထေရံ=မထေရ်မြတ်ကို။ နိဿာယ=အမှီပြု၍။ လဒ္ဓံ=ရအပ်သော။ ပုညဝိပါကံ=ကောင်းမှုရဲ့ အကျိုးကို။ ဣဒါနိ=ယခုအခါ၌။ မနုဿာနံ=လူတို့အား။ ကထေဿာမိ=ငါ ပြောဆိုပေအံ့ ...။

အဲဒီလိုကြံပြီး သူကလည်း သူ့ရဲ့ နတ်ပရိသတ်နဲ့ သူ့ရဲ့ရွှေဗိမာန်ကြီးနဲ့ ကောင်းကင်မှ ဆင်းသက်လာတယ်။ ခပ်လှမ်းလှမ်းမှ ဆင်းလာစတော့ ဈာပနသဘင်သို့ ရောက်နေတဲ့ လူတွေက -

ကိံ နု ခေါ ဒွေ သူရိယာ ဥဋ္ဌိတာ။

အေး ...၊ ယနေ့ ဘယ့်နှယ်ပါလိမ့်၊ နေကြီးနှစ်စင်း ထွက်လာကြလေသလား။

အဲဒီလို ပြောကြတယ်။ ဟုတ်တာပေါ့၊ အလင်းရောင်ရှိတဲ့ ဘာပစ္စည်းပဲဖြစ်ဖြစ် ဝေးသွားယင် ဝိုင်းဝိုင်းပဲ မြင်ရတယ်။ ယခုမြင်ရနေရတဲ့ ရွှေဗိမာန်ကလည်း အနားနားကပ်ကြည့်ယင်တော့ ပြာသာဒ်ကြီး ဗိမာန်ကြီး တစ်ခုပဲ၊ အဝေးက ကြည့်တော့ နေကြီးလို အဝန်းအဝိုင်းကြီးပဲ ထင်ရတယ်။ ဒါကြောင့် -

ကိံ နု ခေါ ဒွေ သူရိယာ ဥဋ္ဌိတာ=ဘယ့်နှယ်ပါလိမ့်၊ နေကြီးနှစ်စင်း ထွက်လာကြလေသလား။

အဲဒီလို ပြောကြတာ။ ပြောတုန်း ပြောတုန်းပဲ ရွှေဗိမာန်ကြီးက ရိပ်ရိပ်နဲ့လာလို့ နီးလည်းလာရော လူတွေ ဘယ့်နှယ်ပြောကြသလဲဆိုတော့ -

ကူဋာဂါရသဏ္ဌာနံ ပညာယတိ။

အထွတ်တပ်တဲ့ ပြာသာဒ်သဏ္ဌာန် ထင်လာတယ် မောင်တို့။

နာ+ယံ သူရိယော၊ ဝိမာန+မေတံ ဇာတံ။

http:\\www.dhammadownload.com



ဟော ... ဒါကြီးက နေ မဟုတ်ဘူး၊ ဒါကြီးက ဗိမာန်ကြီး တစ်ခုပဲ။ အဲဒီလို လူတွေက ပြောကြတယ်။

ပြောတုန်း ပြောတုန်း နှုတ်မဆိတ်သေးဘူး၊ ဗိမာန်ကြီးလည်း ရောက်လာပြီး မထေရ်ရဲ့ ဈာပနကိစ္စအတောင် ၉၉ တောင် အမြင့်ရှိတဲ့ နံ့သာထင်းပုံရဲ့အထက် ကောင်းကင်၌ ရပ်တည်နေတယ်။ ရေဝတီ နတ်သမီးလည်း ရွှေဗိမာန်ကို ကောင်းကင်၌ ထားခဲ့ပြီး မြေပြင်သို့ သက်ဆင်းလာလေသည်။ လူများအပေါင်းက –

ကာ တွံ အယျေ။

အယျေ=ရှင်မ ...။ တွံ=သင်သည်။ ကာ=ဘယ်သူလဲ။

ရှင်မ ... သင် ဘယ်သူလဲလို့ လူတွေက မေးကြတဲ့အခါ –

န မံ တုမှေ ဇာနာထ။

တုမှေ=သင်တို့သည်။ မံ=ကျွန်တော်မကို။ န ဇာနာထ=မသိကြဘူးလား။

ရှင်တို့ ကျွန်မကို မသိကြဘူးလား။

ရေဝတီ နာမာ+ဟံ။

အဟံ = အကျွန်ုပ်သည်။ ရေဝတီ နာမ = ရေဝတီ အမည်ရှိသူ သတို့သမီးပါ။

ဟောဒီ နာလကရွာက ရေဝတီဆိုတဲ့ အမျိုးသမီးပါ။

တီဟိ သုဝဏ္ဏပုပ္ဖကုမ္ဘေဟိ ထေရံ ပူဇံ ကတွာ မနုဿေဟိ မဒ္ဒိတာ ကာလံ ကတွာ တာဝတိံသဘဝနေ နိဗ္ဗတ္တာ။

တီဟိ သုဝဏ္ဏပုပ္ဖကုမ္ဘေဟိ=ရွှေပန်းအိုး သုံးလုံးတို့ဖြင့်။ ထေရံ ပူဇံ ကတွာ=မထေရ်မြတ်ကို ပူဇော်မှု ပြုပြီးသကာလ။ မနုဿေဟိ မဒ္ဒိတာ=လူအများက သိကြား လာလို့ မတော်တဆ နင်းအပ်သည် ဖြစ်ရကား။ ကာလံ ကတွာ=စုတိပြတ်ကြွေ သေလွန်၍ တာဝတိံသ

http:\\www.dhammadownload.com



ဘဝနေ=တာဝတိံသာနတ်ပြည်၌။ နိဗ္ဗတ္တာ=ဖြစ်ခဲ့ရပါပြီ။ ပဿထ မေ သိရိသမ္ပတ္တိံ=ကျွန်တော်မ၏ နတ်စည်းစိမ်ကို ကြည့်ကြပါကုန်လော့။

တုမှေပိ ဒါနိ ဒါနာနိ ဒေထ၊ ပုညာနိ ကရောထ။

ဒါနိ-ဣဒါနိ=ယခုအခါ၌။ တုမှေပိ=သင်တို့သည်လည်း။ (ဒိဋ္ဌမျက်မြင် ကျွန်ုပ်ကို သက်သေတင်ပြီး သကာလ)။ ဒါနာနိ= အလှူဒါနတို့ကို။ ဒေထ=ပေးလှူကြကုန်။ ပုညာနိ=သီလ စသော ကောင်းမှုတို့ကို။ ကရောထ=ပြုကြကုန်လော့။

လို့ ဤကဲ့သို့ လူများကို အလှူဒါန ပေးကြရန်၊ ကုသိုလ်ကောင်းမှု ပြုကြဖို့ရန် လက်တွေ့မျက်မြင် သက်သေညွှန်ပြီး မထေရ်၏အလောင်းတော် တင်ထားသည့် နံ့သာထင်းပုံကို လက်ယာရစ် လှည့်လည်ရှိခိုးပြီး မိမိ၏နတ်ရွာဌာနသို့ ရေဝတီ နတ်သမီး ပြန်သွားလေသည်။

လူအများလည်းပဲ ခုနစ်ရက်ကြာ သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပကြ၍ နံ့သာထင်းပုံကြီး ၉၉ တောင် အမြင့်ထိအောင် ပြုကြပြီး မထေရ်ရဲ့ ဥတုဇရုပ်ကလာပ်ကို နံ့သာထင်းပုံပေါ်သို့ တင်ကြပြီး ပန်းစည်း ပန်းမိးများဖြင့် မီးသင်္ဂြိုဟ်မှု ပြုကြတယ်။ တစ်ညဉ့်လုံး တရားပွဲ ကျင်းပပြုလုပ်ကြတယ်။ နံနက်မိုးသောက်ရောက်သောအခါ အရှင်အနုရုဒ္ဓါက အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်များကို နံ့သာမျိုးစုံရေဖြင့် အရှင်သာရိပုတ္တရာမထေရ်ရဲ့ နံ့သာထင်းမီးကို ငြိမ်းသက်တော်မူတယ်။ စုန္ဒမထေရ်ကလည်း ဓာတ်တော်များကို ရေစစ်၌ထည့်ပြီး -

န ဒါနိ မယာ ဣဓေဝ သက္ကာ ဌာတုံ။

ဒါနိ-ဣဒါနိ=ယခုအခါ၌။ မယာ=ငါသည်။ ဣဓေဝ=ဤနာလကရွာ၌သာလျှင်။ ဌာတုံ=ရပ်နားခြင်းငှာ။ န သက္ကာ=မတတ်ကောင်း။

ငါ ဤနာလကရွာမှာသာ နေလို့ မတော်တော့ဘူး။

http:\\www.dhammadownload.com



မယုံ့ ဒွေဘာတိကသာ ဓမ္မသေနာပတိ သာရိပုတ္တတ္ထေရဿ ပရိနိဗ္ဗုတဘာဝံ သမ္မာသမ္ဗုဒ္ဓဿ အာရောစေဿာမိ။

"ငါ့ရဲ့နောင်တော်ကြီးဖြစ်သော တရားစစ်မှူး ရှင်သာရိပုတ္တရာ မထေရ်မြတ် ပရိနိဗ္ဗာန်စံတဲ့အကြောင်းကို မြတ်စွာဘုရားအား ငါသွားပြီး လျှောက်ထားမှပဲ"လို့ ကြံစည်ဆင်ခြင်ပြီး ဓာတ်တော်ထည့်သော ရေစစ်နှင့် အရှင်သာရိပုတ္တရာ၏ သပိတ်၊ သင်္ကန်းကို ယူဆောင်၍ သာဝတ္ထိပြည်သို့ အရှင်စုန္ဒ ရဟန္တာမထေရ်မြတ်သည် မဂဓတိုင်း နာလကရွာမှ ရောက်လေရာရာမှာ တစ်ညတစ်ညသာ အိပ်ပြီး ခရီးပြင်း နှင်ခဲ့၍ သာဝတ္ထိသို့ ရောက်တော်မူခဲ့လေသည်။

ရောက်ပြီးတော့ မြတ်စွာဘုရားထံ တိုက်ရိုက်မသွားဘဲ သူ့ရဲ့ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာမထေရ်ထံ သွားပြီး ရိုသေမြတ်နိုး ရှိခိုးပြီး အပြစ်လွတ်ရာနေရာက ထိုင်နေတယ်။ ထိုင်နေပြီး –

အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော၊ ဣဒ+မဿ ပတ္တစီဝရံ။

ဘန္တေ=အရှင်ဘုရား ...။ အာယသ္မာ သာရိပုတ္တော=အရှင် သာရိပုတ္တရာ မထေရ်သည်။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေပြီ။ ဣဒံ=ဤသည်ကား။ အဿ=ထို အရှင်သာရိပုတ္တရာ၏။ ပတ္တ စီဝရံ=သပိတ်သင်္ကန်းပါဘုရား ...။

ဥပဇ္ဈာယ်ဆရာတော်ဘုရား ...၊ အရှင်ဘုရားရဲ့ သူငယ်ချင်း အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားပြီ။ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့ဟာ တစ်ပါးနှင့်တစ်ပါး သိပ်ခင်မင်တယ်၊ အရှင်အာနန္ဒာမှာ ရဟန်းလောင်း ပေါ်ပေါက်လာယင် ရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြုပြီးတော့ ရဟန်းခံတယ်။ ရှင်သာရိပုတ္တရာကလည်းပဲ မိမိမှာ ရဟန်းလောင်း ပေါ်ပေါက်လာယင် ရှင်အာနန္ဒာကို ဥပဇ္ဈာယ်ပြုပြီးတော့ ရဟန်းခံတယ်။ ရှင်အာနန္ဒာက သင်္ကန်းကောင်းကောင်းရယင် မိမိ မဝတ်ရက်

http:\\www.dhammadownload.com



ဘူး၊ ရှင်သာရိပုတ္တရာအား လှူတယ်၊ ရှင်သာရိပုတ္တရာကလည်းပဲ သက်နိုးကောင်းကောင်းရယင် မိမိမဝတ်ရက်ဘဲ အရှင်အာနန္ဒာအား လှူတယ်။ အဲဒီလို တစ်ပါးနှင့်တစ်ပါး အင်မတန် ခင်မင်ရင်းနှီးမြတ်နိုး ကြတယ်။ ဒါ့ကြောင့် ရှင်သာရိပုတ္တရာက သူ့ညီစုန္ဒ ရဟန်းခံတဲ့အခါ ရှင်အာနန္ဒာကို ဥပဇ္ဈာယ်ဆရာ အပြုခိုင်းပြီး ရဟန်းခံပေးထားတယ်။ ဒါ့ကြောင့် အရှင်အာနန္ဒာနှင့် အရှင်စုန္ဒတို့ဟာ သာသနာမှာ သားအဖလို ရင်းနှီးကြတယ်။ ဒါ့ကြောင့် အရှင်စုန္ဒက "အရှင်ဘုရား ...၊ အရှင်ဘုရား ရဲ့ သူငယ်ချင်း အရှင်သာရိပုတ္တရာက ပရိနိဗ္ဗာန်စံပြီ၊ ဟောဒါဟာ အရှင် သာရိပုတ္တရာရဲ့ သပိတ်၊ သင်္ကန်းပါပဲ"လို့ ပါဠိတော်မှာ သပိတ် သင်္ကန်း ဆိုတော့ -

ဣဒ+မဿ ပတ္တစီဝရံ။

ဣဒံ=ဤသည်ကား။ အဿ=ထိုအရှင်သာရိပုတ္တရာ၏။ ပတ္တ-စီဝရံ=သပိတ်၊ သင်္ကန်းလို့ သပိတ် သင်္ကန်းကိုပင် ပြောတဲ့အနေ ဖော်ပြတယ်။ အမှန်တော့ အရှင်စုန္ဒက "ဣဒံ ဓာတုပရိဿာဝနံ= ဟောဒါက အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်ထည့်တဲ့ ရေစစ်ပါ ဘုရား"လို့ လျှောက်ထားပြီး ဓာတ်တော်ထည့်တဲ့ ရေစစ်ကိုပါ အရှင်အာနန္ဒာ၏ လက်သို့ ဆက်ကပ်လိုက်တယ်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်က -

အတ္ထိ ခေါ ဣဒံ အာဝုသော စုန္ဒ ကထာပါဘတံ၊ ဘဂဝန္တံ ဒဿနာယ။

ငါ့ရှင် စုန္ဒ ...၊ မြတ်စွာဘုရားကို ဖူးမြော်ဖို့ရန်အတွက် စကား လက်ဆောင်တစ်ခုတော့ ရပြီ။

အာယာမာဝုသော စုန္ဒ ယေန ဘဂဝါ၊ တေနုပ သင်္ကမိဿာမ။ ငါ့ရှင်စုန္ဒ ...၊ လာ သွားကြစို့၊ ဘုရားရှိရာ အရပ်သို့ သွားကြစို့။

ဥပသင်္ကမိတွာ ဘဂဝတော ဧတမတ္ထံ အာရောစေဿာမ။

http:\\www.dhammadownload.com



ဘုရားရှိရာ သွားရောက်ပြီး မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြစို့ ဟူ၍ တိုင်ပင်တော်မူလေသည်။

ဤ၌ အရှင်အာနန္ဒာသည် အခြားတစ်ပါးသောအခါ၌ ဘုရားရှင်ထံ မသွားလို့ ဒီလို ပြောတာလားဟု မေးဖွယ်ရှိ၏။ မသွား မဟုတ်၊ သွားပါသည်။ ဘုရားရှင်ကို ပြုစုရန် နေ့မှာ ကိုးခေါက်၊ ညဉ့်မှာ ကိုးခေါက် တစ်နေ့လျှင် တစ်ဆယ့်ရှစ်ခေါက် သွားရောက်ပါသည်။ တစ်နေ့ တစ်နေ့၌ အခေါက် တစ်ရာ၊ တစ်ထောင် သွားလိုပါသော်ထည်း အကြောင်းမဲ့ သွားတော်မမူ။ ပြဿနာ တစ်ခုခုကို ယူပြီးမှသာ သွားမြဲ ဖြစ်ပါသည်။ ဘုရားထံမှောက် သွားရောက်လိုသောကြောင့် ဤကဲ့သို့ မိန့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

ထိုသို့ တိုင်ပင်သောအခါ အရှင်စုန္ဒက ဧဝံ ဘန္တေ=ကောင်းပါပြီ အရှင်ဘုရား ... လို့ ဝန်ခံပြီး ရှင်အာနန္ဒာနှင့် ရှင်စုန္ဒတို့ ဘုရားထံမှောက် သွားရောက်ဝပ်လျှိုး ရှိခိုးဦးညွတ် အပြစ်လွတ်တဲ့နေရာက ထိုင်ပြီးမှ ရှင်အာနန္ဒာက ဘယ်လိုလျှောက်သလဲဆိုယင် -

အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော ဧဝ+မာဟ 'အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော၊ ဣဒ+မဿ ပတ္တစီဝရံ' တိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား ...။ အယံ စုန္ဒော သမဏုဒ္ဒေသော= ဤစုန္ဒမည်သော သာမဏေသည်။ (သမဏုဒ္ဒေသောလို့ ပါဠိရှိလို့ သာ သာမဏေလို့ အနက်ပြန်ရတယ်။ အမှန်က အဲဒီအချိန်မှာ အရှင်စုန္ဒဟာ ရဟန္တာရဟန်း၊ သို့သော် သာသနာတော်က သူ့ကို ချစ်မြတ်နိုးတဲ့အနေဖြင့် စုန္ဒသာမဏေလို့သာ ပရိနိဗ္ဗာန် စံသည် ထိအောင် ခေါ်နေကြတယ်။) ဤစုန္ဒမည်သော သာမဏေသည်။ ဧဝံ =ဤသို့။ အာဟ=ပြောဆိုပါတယ် ဘုရား။ (ဘယ်လိုပြောသလဲ)-

အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော=အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီတဲ့။ ဣဒ+မဿ ပတ္တစီဝရံ=ဟောဒါအရှင်

http:\\www.dhammadownload.com



သာရိပုတ္တရာရဲ့ သပိတ်၊ သင်္ကန်းပဲ၊ ဟောဒါက ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်တွေထည့်ထားတဲ့ ရေစစ်ပါဘုရား ... လို့ လျှောက်ထားပြီး အရှင်အာနန္ဒာက အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်များ ထည့်ထားတဲ့ ရေစစ်ကို ကိုင်ပြီးတော့ မြတ်စွာဘုရားရဲ့ လက်တော်ထဲထည့်ပေးလိုက်တယ်။

မြတ်စွာဘုရားကလည်း အဲဒီဓာတ်တော်ထည့်တဲ့ ရေစစ်ကို ရွှေလက်ဝါးပေါ်မှာတင်ပြီး တရားခန်းမဆောင်=ဓမ္မသာလာ ဓမ္မာရုံအတွင်း စည်းဝေးမိကြတဲ့ ရဟန်းတော်များကို တရားနာခံထားပြီး ဘာအမိန့်ရှိလိုက်သလဲဆိုတော့ -

ယော သော ဘိက္ခဝေ ဘိက္ခု ပုရိမဒိဝသေ အနေကာနိ ပါဋိဟာရိယ သတာနိ ကတွာ ပရိနိဗ္ဗာနံ အနုဇာနာပေသိ၊ တဿ ဣဒါနိ ဣမာ သင်္ခဝဏ္ဏ သန္နိဘာ ဓာတုယော ဝ ပဿထ ဘိက္ခဝေ။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့ ...။ ယော သော ဘိက္ခု=အကြင်ရဟန်းသည်။

ဘယ်သူလဲဆိုတာ ချစ်သား-ချစ်သမီးတို့ စဉ်းစားကြည့်ကြတော့။

ပုရိမဒိဝသေ=ရှေးလွန်ခဲ့တဲ့ တစ်နေ့တုန်းက။ အနေကာနိ ပါဋိဟာရိယသတာနိ=တန်ခိုးပြာဋိဟာ ရာပေါင်းများစွာတို့ကို။ ကတွာ=ပြု၍။ ပရိနိဗ္ဗာနံ=ပရိနိဗ္ဗာန် ဝင်စံဖို့ရန်။ အနုဇာနာပေသိ= ငါဘုရား ခွင့်ပြုစေ၏။ တဿ=ထိုရဟန်း၏။ ဣဒါနိ=ယခုအခါ၌။ သင်္ခဝဏ္ဏသန္နိဘာ=ခရုသင်းပွတ်သစ်အတူ ဖြူစင်သောအဆင်းရှိကုန်သော။ ဣမာ ဓာတုယော=ဤဓာတ်တော်တို့သည်သာလျှင်။ ပဿထ=ထင်ကုန်တော့၏။

ပုဂ္ဂိုလ်ဒြပ်ကြီး ပျောက်သွားပြီ ချစ်သားတို့၊ အဲဒီ ဣန္ဒြိရှင် ကိုယ်တော်ရဲ့ ခရုသင်း ပွတ်သစ်အသွင် ဖြူစင်တဲ့ ဓာတ်တော်များသာ ယခု

http:\\www.dhammadownload.com



ကျန်တော့တယ်၊ တွေ့ရတော့တယ်၊ မြင်ရတော့တယ်။ ဘယ်သူရယ်လို့ မပြောဘူးနော်။ သာရိပုတ္တရာလို့ မပြောဘူး။

ကပ္ပသတသဟဿာဓိကံ အသင်္ချေယျံ ပူရိတပါရမီ သော ဘိက္ခဝေ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ သော-ဧသော ဘိက္ခု=ထိုရဟန်းသည်။ ကပ္ပသတသဟဿာဓိကံ=ကမ္ဘာ တစ်သိန်း အလွန်ရှိသော။ အသင်္ချေယျံ=တစ်သင်္ချေကာလပတ်လုံး။ ပူရိတ ပါရမီ=ဖြည့်ကျင့်အပ်ပြီးသော ပါရမီရှိတဲ့ ရဟန်းပါပေ။

ချစ်သားတို့ ... တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီကို ဖြည့်ခဲ့တဲ့ ရဟန်းတော်သူမြတ် ပုဂ္ဂိုလ်ပါပေ။

မယာ ပဝတ္တိတံ ဓမ္မစက္ကံ အနုပဝတ္တကော သော ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ (လက်ဝါး တော်ပေါ်မှာ ခတ်တော်တွေကို တင်ထားပြီး)-

သော-ဧသော ဘိက္ခု=ဤရဟန်းသည်။ မယာ=ငါဘုရား သည်။ ပဝတ္တိတံ=လည်စေအပ်သော။ ဓမ္မစက္ကံ=ဓမ္မစက်ကို။ အနု- ပဝတ္တကော=သားကြီးဥပမာ နောက်မှလည်စေတတ်တဲ့ ပုဂ္ဂိုလ် မြတ်ပါပေ။

ပဋိလဒ္ဓဒုတိယ အာသနော သော ဘိက္ခု။

သော-ဧသော ဘိက္ခု=ထိုရဟန်းသည်။ ပဋိလဒ္ဓ ဒုတိယ အာသနော=ငါဘုရားမှထောက် နှစ်ခုမြောက် နေရာကိုရတဲ့ ပုဂ္ဂိုလ် မြတ်ပါပေ။

(သိကြရဲ့လား ... တဲ့။)

ပူရိတသာဝကသန္နိပါတော သော ဘိက္ခု။

ချစ်သားတို့ ...၊ အဲဒီကိုယ်တော်ကို နယ်နယ်မမှတ်နဲ့။ သာဝက သန္နိပါတ ဖြစ်ဖို့ရန် ပါရမီကောင်းမှုတွေကို ဆည်းပူးခဲ့တဲ့ ပုဂ္ဂိုလ်။

http:\\www.dhammadownload.com



ဠပေတွာ မံ ဒသသု စက္ကဝါဠသဟဿေသု ပညာယ အသဒိသော ဧသ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ဧသ-ဧသော ဘိက္ခု=ထိုရဟန်းသည်။ မံ=ငါဘုရားကို။ ဠပေတွာ=ထား၍။ ဒသသု စက္ကဝါဠသဟဿေသု=စကြဝဠာတိုက်ပေါင်း တစ်သောင်း တို့၌။ ပညာယ=ပညာဂုဏ်အားဖြင့်။ အသဒိသော=အတုမရှိတဲ့ ပုဂ္ဂိုလ်ပါပေ။

ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့ ...။ ဟောဒီ ဓာတ်တော် ရဲ့ အရှင်ပုဂ္ဂိုလ်မြတ်သည်ကား မဟာပည=အလွန်ကြီးကျယ်တဲ့ ပညာ ဂုဏ်ရှင် ရဟန်းတော်မြတ် ပါပေ။

ပုထုပညော ဟာသပညော ဇဝနပညော တိက္ခပညော နိဗ္ဗေဓိကပညော ဧသ ဘိက္ခု။

ပရိသတ်လေးပါး ချစ်သား-ချစ်သမီးတို့ ...။ ဤဓာတ်တော်ရဲ့ အရှင်ဖြစ်တဲ့ ရဟန်းမြတ်သည်ကား ပုထုပညာ=မြေကြီးအထုကဲ့သို့ ပြန့်ကျယ်တဲ့ပညာ၊ ဟာသပညာ=ရွှင်တဲ့ပညာ၊ ဇဝနပညာ=လျင်မြန်တဲ့ ပညာ၊ တိက္ခပညာ=ထက်မြက်တဲ့ပညာ၊ နိဗ္ဗေဓိကပညာ=ကိလေသာ တို့ကို ဖောက်ထွင်းနိုင်သော ပညာရှိတဲ့ ရဟန်းတော်သူမြတ်ပါပေ။

အပ္ပိစ္ဆော ဧသ ဘိက္ခု။

ချစ်သားတို့ ...၊ ဒီဓာတ်တော်ရှင် ကိုယ်တော်မြတ်သည်ကား အလို နည်းတဲ့ အပ္ပိစ္ဆဂုဏ်ရှင်ဖြစ်တဲ့ ရဟန်းပါပေ။

သန္တုဋ္ဌော ပဝိဝိတ္တော အသံသဋ္ဌော အာရဒ္ဓဝီရိယော စောဒကော ပါပဂရဟီ ဧသ ဘိက္ခု။

ချစ်သားတို့ ...၊ အဲဒီဓာတ်တော်ရှင်ဖြစ်တဲ့ ရဟန်းတော်ဟာ -

သန္တုဋ္ဌ=သန္တောသတရား ၁၂ ပါးတို့နှင့် ပြည့်စုံတဲ့ ရဟန်းတော်

http:\\www.dhammadownload.com



မြတ်ပါပေ။ ပဝိဝိတ္တာ=ဝိဝေကသုံးပါးနှင့် အမြဲတစေ ပျော်ပိုက်တဲ့ ပုဂ္ဂိုလ်ပါပေ။ အသံသဋ္ဌာ=ဂဏသံသဂ္ဂ ကိလေသသံသဂ္ဂ လုံးဝ ကင်းရှင်းပြီးသကာလ ဂိုဏ်းသံဃာနှင့် ကိလေသာနှင့်မရော တစ်ပါးတည်း ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကဆိုတဲ့ ဝိဝေက သုံးပါး အမြတ်တရားကို ပွားများတတ်တဲ့ ပုဂ္ဂိုလ်ပါပဲ။ အာရဒ္ဓ-ဝီရိယ=အားသစ်အပ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယရှိတဲ့ ရဟန်း မြတ်ပါပေ။ စောဒက=သိတင်းသုံးဖော်တို့မှာ အပြစ်ပေါ်လာယင် အပြစ်ကိုပြ၍ ဆိုဆုံးမတတ်တဲ့ ပုဂ္ဂိုလ်ပါပေ။ ပါပဂရဟီ=မကောင်းမှု အကုသိုလ်တို့ကို အမြဲ ကဲ့ရဲ့ ရှုတ်ချတတ်တဲ့ ပုဂ္ဂိုလ်ပါပေ။ (ကုန်ပြီလား ဆိုတော့)-

ပဉ္စဓာတိသတာနိ ပဋိလဒ္ဓ မဟာသမ္ပတ္တိယော ပဟာယ ပဗ္ဗဇိတော ဧသ ဘိက္ခု။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့ ...။ ဧသ-ဧသော ဘိက္ခု=ထိုရဟန်းသည်။ ပဉ္စဓာတိသတာနိ=ဘ၀ ငါးရာတို့ ကာလပတ်လုံး။ ပဋိလဒ္ဓ မဟာသမ္ပတ္တိယော=မိမိရပြီးတဲ့ ကြီးစွာသော စည်းစိမ်တို့ကို။ ပဟာယ=ပယ်စွန့်၍။ ပဗ္ဗဇိတော= ရဟန်းပြုခဲ့တဲ့ ပုဂ္ဂိုလ်သူမြတ်ပါပေ။

မမ သာသနေ ပထဝီသမခန္တိကော ဧသ ဘိက္ခု။

မမ သာသနေ=ငါဘုရား သာသနာ၌။ ဧသ-ဧသော ဘိက္ခု= ဤဓာတ်တော်ရှင် ရဟန်းသည်။ ပထဝီသမခန္တိကော=မြေကြီးနဲ့ အလားတူတဲ့ ခန္တီအားနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါပေ။

(မြေကြီးပမာအတူ သည်းခံခြင်းဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံတဲ့ ရဟန်း တော်တစ်ပါး ... တဲ့။ ကုန်ပြီးလားဆိုတော့) -

ဆိန္နဝိသာဏဉသဘသဒိတော ဧသ ဘိက္ခု။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သား ချစ်သမီးတို့ ...။ ဧသ-ဧသော ဘိက္ခု=ထိုရဟန်းသည်။ ဆိန္နဝိသာဏဥသဘာသဒိ-သော=ဦးချိုကျိုးတဲ့ နွားလားနဲ့တူတဲ့ မာန်မာန လုံး၀ ကင်းစင်တဲ့ ရဟန်းသူမြတ်ပါပေ။

စဏ္ဍာလပုတ္တသဒိသနိစစိတ္တော ဧသ ဘိက္ခု။

ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သား ချစ်သမီးတို့ ...။ ဧသ-ဧသော ဘိက္ခု=ဟောဒီ ဓာတ်တော်ရှင် ရဟန်းတော်မြတ်သည်။ စဏ္ဍာလပုတ္တသဒိသနိစစိတ္တော=ဒွန်းစဏ္ဍားရဲ့ သားပမာ အခါခပ်သိမ်း နှိမ့်ချအပ်သော စိတ်ရှိတဲ့ သူတော်သူမြတ်ပါပေ။

ပဿထ ဘိက္ခဝေ မဟာပညဿ ဓာတုယော။

ရေစစ်ထဲက ဓာတ်တော်တွေကို လက်ဝါးတော်ပေါ်မှာ သွန်ပြီးတော့ -

ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သား ချစ်သမီးတို့ ...။ မဟာပညဿ =မဟာပညာဂုဏ်ရှင် ပုဂ္ဂိုလ်၏။ ဓာတုယော=ဓာတ်တော်တို့ကို။ ပဿထ=ရှုကြကုန်လော့။

ဓာတ်တော်တွေ ဖူးလိုက်ကြ။

ပဿထ ဘိက္ခဝေ ပုထုပညဿ ဟာသပညဿ ဇဝနပညဿ တိက္ခပညဿ နိဗ္ဗေဓိကပညဿ အပ္ပိစ္ဆဿ သန္တုဋ္ဌဿ ပဝိဝိတ္တဿ အသံသဋ္ဌဿ အာရဒ္ဓဝိရိယဿ စောဒကဿ၊ ပဿထ ဘိက္ခဝေ ပါပဂရဟိဿ ဓာတုယော။

ချစ်သားတို့ ...၊ ပုထုပညာရှင်၊ ဟာသပညာရှင်၊ ဇဝနပညာရှင်၊ တိက္ခပညာရှင်၊ နိဗ္ဗေဓိက ပညာရှင် ပုဂ္ဂိုလ်ကြီးရဲ့ ဓာတ်တော်များကို ကြည့်လိုက်ကြ။ အပိစ္ဆဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ ဓာတ်တော်များကို ကြည့်လိုက်ကြ။ သန္တောသ ၁၂ ပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ ဓာတ်

http:\\www.dhammadownload.com



တော်များ၊ ဝိဝေကသုံးပါး ပွားများနေတဲ့ ပုဂ္ဂိုလ်ရဲ့ ဓာတ်တော်များ၊ အသံသဠ္ဌပုဂ္ဂိုလ်ရဲ့ ဓာတ်တော်များ၊ အပြစ်ရှိယင် အပြစ်ကို ပြပြီးတော့ ဆုံးမတတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ဓာတ်တော်များ၊ မကောင်းမှု အကုသိုလ်မှန်ယင် အမြဲတစေ ကဲ့ရဲ့လေ့ရှိတဲ့ ပါပဂရဟီပုဂ္ဂိုလ်ရဲ့ ဓာတ်တော်များကို ချစ်သား–ချစ်သမီးတို့ ရှုကြည့်လော့။

အဲဒီလို တစ်ပိုဒ် တစ်ပိုဒ် ပြောလိုက် ပြောလိုက်၊ ပြောတိုင်း ပြောတိုင်း ဘေးနားက ထိုင်နေတဲ့ အရှင်အာနန္ဒာမှာတော့ဖြင့် ကြောင်ရှေ့မှာ ရောက်နေတဲ့ ကြွက်ကလေးလို (တစ်နည်းအားဖြင့်) ကြောင်လက်က မလွတ်ရမယ့် ကြွက်လို ထောက်ရာတည်ရာ လုံးဝမရဘူး။ သူ့ရတာ မရတာထက် မြတ်စွာဘုရားကတော့ သံဝေဂအချိန် သံဝေဂတရားကိုပဲ ဟောတော်မူတယ်။

ယော ပဗ္ဗဇိ ဇာတိသတာနိ ပဉ္စ၊
ပဟာယ ကာမာနိ မနောရမာနိ။
တံ ဝီတရာဂံ သုသမာဟိတိန္ဒြိယံ၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့ ...။ ယော သာရိပုတ္တော=အကြင်သာရိပုတ္တရာ မထေရ်သည်။ (ဒီကျမှ မထေရ်ရဲ့ နာမည်ကို ဖွင့်ဟတော်မူတယ်။)

ပဉ္စ ဇာတိသတာနိ=ဘဝငါးရာ အခါတို့ ဆက်လျက် (ဘဝငါးရာ ဆက်ပြီးတော့)။ မနောရမာနိ=စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ဖွယ် ရှိကုန်သော။ ကာမာနိ=ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို။ ပဟာယ =ပယ်စွန့်၍။ ပဗ္ဗဇိ=ရသေ့ရဟန်း ပြုခဲ့လေပြီ ...။ ဝီတရာဂံ=ယခု အခါဝယ် ရာဂကင်းပြီးသော။ သုသမာဟိတိန္ဒြိယံ=ကောင်းစွာ တည်ကြည်သော ဣန္ဒြေရှိတော်မူသော။ ပရိနိဗ္ဗုတံ=ယခုအခါဝယ်

http:\\www.dhammadownload.com



အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီး ဖြစ်သော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာ မထေရ်ကို၊ (ဝါ) ထိုသာရိပုတ္တရာရဲ့ ဓာတ်တော်များကို။ ဝန္ဒထ=ရှိသေမြတ်နိုး သင် ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။ လက်ဝါးတော်ပေါ်က ဓာတ်တော်တွေကို ပြပြီးတော့ -

ခန္တိဗလော ပထဝိသမော န ကုပ္ပတိ၊
န စာပိ စိတ္တဿ ဝသေန ဝတ္တတိ။
အနုကမ္ပကော ကာရုဏိကော စ နိဗ္ဗုတော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ=ရဟန်းတော်များ အို … ချစ်သား ချစ်သမီးတို့ …။ သာရိပုတ္တော=သင်ချစ်သား ချစ်သမီးရဲ့ နောင်ကြီး မောင်ကြီး ဖြစ်တဲ့ သာရိပုတ္တရာသည်။ ခန္တိဗလော=သည်းခံခြင်းအား ရှိသည် ဖြစ်၍။ ပထဝိသမော=မဟာပထဝီ ဤမြေကြီးနှင့် တူသည်ဖြစ်၍။ န ကုပ္ပတိ=ဘယ်သောအခါမှ အမျက်မထွက်။ စိတ္တဿ=စိတ်၏။ ဝသေန=အလိုအကြိုက်ဖြင့်။ န စာပိ ဝတ္တတိ=ဘယ်သောအခါမှ လိုက်၍မကျင့်။

တရားသဘောကိုပဲ ကျင့်တယ်၊ စိတ်အလို ဘယ်တော့မှ မလိုက်ဘူး။

အနုကမ္ပကော စ=သူတစ်ပါးကို သနားစောင့်ရှောက်တတ်သည် လည်းကောင်း။ ကာရုဏိကော စ=သူတစ်ဖက်သားကို သနားတတ်သည် လည်းကောင်း။ နိဗ္ဗုတော စ=ကိလေသပရိ နိဗ္ဗာန် ဝင်စံပြီးသည် လည်းကောင်း။ ဟောတိ=ဖြစ်ပါ၏။ ပရိနိဗ္ဗုတံ=ယခုအခါ ဝယ် အနုပါဒါပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီးသော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာမထေရ်မြတ်ကို၊ (ဝါ) သာရိပုတ္တရာ မထေရ်မြတ်ရဲ့ သာရီရိက ဓာတ်တော်များကို။ ဝန္ဒထ=ရှိသေ မြတ်နိုး သင် ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

http:\\www.dhammadownload.com



ကိုယ်တော်ရဲ့ လက်တော်ပေါ်က ဓာတ်တော်များကို ပြပြီး ရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူးဂါထာတွေကို ဖွဲ့ဖွဲ့ပြီးတော့နော်။

(လာပြန်ပြီ)-

စဏ္ဍာလပုတ္တော ယထာ နဂရံ ပဝိဋ္ဌော၊
နီစမနော စရတိ ကဠောပိဟတ္ထော။
တထာ အယံ ဝိစရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ=ရဟန်းတော်များ အို ... ချစ်သား ချစ်သမီးတို့ ...။ စဏ္ဍာလပုတ္တော=ဒွန်းစဏ္ဍား၏ သားသည်။ နဂရံ=မြို့တွင်းသို့။ ပဝိဋ္ဌော=ဝင်လတ်သည်ရှိသော်။ နီစစိတ္တော=နိမ့်ချအပ်သော စိတ်ရှိသည်ဖြစ်၍။ ကဠောပိဟတ္ထော=ခွက်ကလေးကို လက်ဆွဲလျက်။ စရတိ ယထာ=လှည့်လည်ရှာသကဲ့သို့။

သူဟာ-ရှင်သာရိပုတ္တရာဟာ ဗြာဟ္မဏ မဟာသာလ သေဋ္ဌေးကြီးရဲ့ သားပဲ။ ဒါပေမယ့် ငါဘုရားရဲ့ သာသနာ ဝင်ပြီးတော့ "ဒွန်းစဏ္ဍားရဲ့ သားကလေးဟာ ခွက်ကလေး လက်ဆွဲပြီး မြို့ထဲမှာ စိတ်ကလေး နိမ့်ချပြီးတော့ လှည့်လည်ကျက်စား သွားလာသလို" -

တထာ=ထို့အတူ။ အယံ သာရိပုတ္တော=ဤအရှင်သာရိပုတ္တရာသည်။ နီစမနော=အားလုံးသော ပုဂ္ဂိုလ်တို့ အပေါ်မှာ နိမ့်ချအပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိစရတိ=လှည့်လည်ကျက်စား သွားလာတော်မူပေ၏။ ပရိနိဗ္ဗုတံ=ယခုအခါဝယ် အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဓာတ်သိမ်းပြီး ဖြစ်သော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာမထေရ်ကို၊ (ဝါ)ထိုသာရိပုတ္တရာရဲ့ ဓာတ်တော်များကို။ ဝန္ဒထ=ရှိသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန် ...။

(ဓာတ်တော်တွေကို ပြပြီးတော့)-

http:\\www.dhammadownload.com



ဥသဘော ယထာ ဆိန္နဝိသာဏကော၊
အဟေဌယန္တော စရတိ ပုရန္တရေ ဝနေ။
ကထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား၊ ချစ်သမီးတို့ ...။ ဆိန္နဝိသာဏကော=ဦးချိုကျိုးပြီးသော။ ဥသဘော=နွားလားဥသဘာသည်။ အဟေဌယန္တော=မည်သူတစ်ဦးတစ်ယောက်ကိုမျှ မညှဉ်းပန်းမနှိပ်စက်မူ၍။ ပုရန္တရေ=မြို့အတွင်း ရွာအတွင်း၌ လည်းကောင်း။ ဝနေ=တော၌လည်းကောင်း။ စရတိ ယထာ=လှည့်လည် ကျက်စားသကဲ့သို့။ (ဦးချိုကျိုးတဲ့ နွား မာန်မာန မထားဘဲ ဘယ်သူ့ကိုမှ မနှိပ်စက် မညှဉ်းပန်းဘဲ မြို့ရွာတောအရပ်မှာ ဣန္ဒြေရရ လှည့်လည် ကျက်စားသွားသလို) တထာ=ထို့အတူ။ အယံ သာရိ ပုတ္တော=ဤအရှင်သာရိပုတ္တရာသည်။ (ဦးချိုကျိုးတဲ့ နွားပမာ) အဟေဌယန္တော =မည်သူတစ်ဦးတစ်ယောက်ကိုမျှ မညှဉ်းဆဲဘဲ။ ဝိဟရတိ=ဣရိယာ ပထ မျှတရှင်ပြုံး သီတင်းသုံး နေထိုင်လေ့ရှိပါပေ၏။ ပရိနိဗ္ဗုတံ =ယခုအခါဝယ် အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ် ငြိမ်း ဘုံဇာတ်သိမ်း ပြီးဖြစ်သော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာ မထေရ်ကို၊ (ဝါ) ထိုသာရိပုတ္တရာရဲ့ ဓာတ်တော်များကို။ ဝန္ဒထ= ရိုသေမြတ်နိုး သင် ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန် ...(လို့)-

မြတ်စွာဘုရား အဲဒီတရားပွဲမှာ ဂါထာကြီးတွေ ငါးရာ ရွတ်ဆို ဟောကြားတော်မူခဲ့သတဲ့။ အဲဒီ ဂါထာငါးရာထဲက အဋ္ဌကထာမှာ ဒီလေးဂါထာကိုပဲ ထုတ်ပြတယ်။ အဲဒီ ရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူးတွေကို မြတ်စွာဘုရားက ဂါထာရွတ်ဟောလိုက်၊ ရှင်အာနန္ဒာက နေစရာ မရှိလိုက်၊ ကြောင်ရဲ့ ခံတွင်း၀၌ ကျရောက်နေသော ကြွက်ကလေးကဲ့သို့ တုန်လှုပ်ချောက်ချား အားကြီးထွန်းတော့ အရှင်အာနန္ဒက-

http:\\www.dhammadownload.com



အပိစ မေ ဘန္တေ မဓုရကဇာတောဝိယ ကာယော၊ ဒိသာပိ မေ န ပက္ခာယန္တိ၊ ဓမ္မာပိ မံ နပ္ပဋိဘန္တိ "အာယသ္မာ သာရိပုတ္တော ပရိနိဗ္ဗုတော" တိ သုတွာ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...၊ "အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီ"ဆိုတဲ့ ဒီသတင်းစကား ကြားရကတည်းက တပည့်တော်ရဲ့ ကိုယ်ဟာ တစ်ခါတည်း တောင့်တောင့်ခိုင်ခိုင်ကြီး ဖြစ်သွားပါတယ်။ အရှေ့ အနောက် တောင် မြောက် အရပ်မျက်နှာတွေကိုလည်း မမှတ်မိတော့ဘူး။ တပည့်တော် သင်ကြားရွတ်အံ့နေကျ ဓမ္မက္ခန္ဓာ စာတွေလည်းပဲ မေ့ကုန်ပါတယ်။ အဲဒီလောက် စိတ်ထိခိုက်ပါတယ် ဘုရားလို့ လျှောက်ထားတော့ -

မြတ်စွာဘုရားက အရှင်အာနန္ဒာကို ကြည့်ပြီး "ဩော် ... အာနန္ဒာမှာ သောက အင်မတန် အားကြီးနေတယ်၊ အားကြီးနေတော့ သောက ငြိမ်းရာ ငြိမ်းကြောင်း တရားဟောဦးမှပဲ"လို့ ဆင်ခြင်တော်မူပြီး -

ကိံ နုခေါ တေ အာနန္ဒ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ (ဝါ) (ပ) ပညာက္ခန္ဓံ ဝါ+ဝိမုတ္တိက္ခန္ဓံ ဝါ+ဝိမုတ္တိဉာဏဒဿနက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော။

အာနန္ဒ=ချစ်သား အာနန္ဒာ ...။ ကိံ နု ခေါ=ဘယ့်နယ်လဲ။ သာရိပုတ္တော=သာရိပုတ္တရာသည်။ တေ=သင်ချစ်သား၏။ သီလက္ခန္ဓံ ဝါ=သီလကျေးဇူးကိုတည်း။ အာဒါယ=ယူ၍။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် စံသွားသလော ...။ သမာဓိက္ခန္ဓံ ဝါ=သမာဓိကျေးဇူးကိုတည်း။ (ပ) ပညာက္ခန္ဓံ ဝါ=ပညာဂုဏ်ကျေးဇူးကိုတည်း။ ဝိမုတ္တိက္ခန္ဓံ ဝါ=ဝိမုတ္တိဂုဏ်ကျေးဇူးကိုတည်း။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓံ ဝါ=ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးကိုတည်း။ အာဒါယ=ယူ၍။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် စံသွားသလော ... ။

http:\\www.dhammadownload.com



ချစ်သား အာနန္ဒာ ...၊ ငါဘုရား မေးစမ်းပါရစေ။ သာရိပုတ္တရာက ချစ်သားရဲ့ သီလဂုဏ်တွေ၊ ချစ်သားရဲ့ သမာဓိဂုဏ်တွေ၊ ချစ်သားရဲ့ ပညာဂုဏ်တွေ၊ ချစ်သားရဲ့ ဝိမုတ္တိဂုဏ်တွေ၊ ချစ်သားရဲ့ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တွေဆိုတဲ့ ဒီကျေးဇူးဂုဏ် ငါးပါးတို့ကို ယူပြီးတော့ ပရိနိဗ္ဗာန် စံသွားလို့လား ... တဲ့။

ဒီတော့ အရှင်အာနန္ဒာက ပြန်လျှောက်တယ်။

န စ ခေါ မေ ဘန္တေ အာယသ္မာ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ ဝါ (ပ) ပညာက္ခန္ဓံ ဝါ၊ ဝိမုတ္တိ-က္ခန္ဓံ ဝါ၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော။

မြတ်စွာဘုရား ...၊ ရှင်သာရိပုတ္တရာက တပည့်တော်ရဲ့ သီလဂုဏ် ကျေးဇူးတွေ၊ သမာဓိဂုဏ်ကျေးဇူးတွေ၊ ပညာဂုဏ်ကျေးဇူးတွေ၊ ဝိမုတ္တိ ဉာဏဒဿန ဂုဏ်ကျေးဇူးတွေ ယူသွားပြီး ပရိနိဗ္ဗာန် စံသွားတာတော့ မဟုတ်ပါဘူး ဘုရားလို့ လျှောက်ထားတယ်။

ထိုသို့ဖြစ်ယင် သင်ရဲ့ ဂုဏ်ကျေးဇူးတွေ ပါမသွားဘဲနဲ့ ဘာပြုလို့ ဒါလောက်တောင် သောက ဖြစ်ရတာလဲလို့ မေးစရာ ရှိတော့ -

အပိ စ မေ ဘန္တေ အာယသ္မာ သာရိပုတ္တော။

မြတ်စွာဘုရား ...၊ သူတစ်ပါးထက် ထူးခြားတာကို ပြောရလို့ရှိယင် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် (ဘာလုပ်တတ်သလဲဆိုတော့)-

ဩဝါဒကော အဟောသိ=ဆုံးမစရာရှိယင် ကျကျနန ဆုံးမ တတ်တယ်။

ဩတိဏ္ဏော=သက်ရောက်တဲ့ ဝတ္ထုတိုင်း ဝတ္ထုတိုင်း ဝတ္ထုနဲ့ **လိုက်လျောအ**အောင် တရားစကား ပြောပြတတ်တယ်။

ဝိညာပကော သန္ဒဿကော သမာဒပကော သမုတ္တေဇကော သမ္ပဟံသကော။

သူတစ်ဖက်သား နားလည်သိရှိအောင်လည်း တရားကို ဟောတတ်

http:\\www.dhammadownload.com



တယ်ဘုရား။ တရားကို နားလည်အောင်လည်း ပြတတ်တယ်ဘုရား။ သူတစ်ဖက်သား တရားကို မဆောက်တည် ဆောက်တည်အောင်လည်း ဟောတတ်တယ်ဘုရား။ သူတစ်ဖက်သားရဲ့ စိတ်နှလုံးကို ထက်သန်အောင်လည်း ဟောပြတတ်တယ် ဘုရား။ (သူ့တရားနာရယင် တစ်ဖက်သားရဲ့ စိတ်နှလုံး ရွှင်ပြုံးသွားတာပဲ။) စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေတတ်တယ် ဘုရား။

(အံ့ဩစရာကောင်းတာက) -

အကိလာသု ဓမ္မဒေသနာယ၊ အနုဂ္ဂါဟကော သဗြဟ္မစာရိနံ။

ဘန္တေ=မြတ်စွာဘုရား ...။ အာယသ္မာ သာရိပုတ္တော=အရှင်သာရိပုတ္တရာသည်။ ဓမ္မဒေသနာယ=တရားဟောဖို့ရန်(ဆိုယင်)။ အကိလာသု=နည်းနည်းမှ ဝန်မလေးဘူး ဘုရား။ သဗြဟ္မစာရိနံ=သီတင်းသုံးဖော် သံဃာတော်တို့အား။ အနုဂ္ဂါဟကော=အမြဲတစေချီးမြှောက်တော်မူတတ်ပါပေတယ် ဘုရား ...။

ကိုယ်တော် ... တရားဟောစမ်းပါဘုရားလို့ ဆိုယင် တပည့်တော်ခေါင်းခဲလို့၊ တပည့်တော် ဗိုက်နာလို့၊ လေနာလို့ တကတည်း ဘာတွေညာတွေ အင်မတန် ရှုပ်တယ်။ ရှင်သာရိပုတ္တရာကိုသာ တောင်းပန်လိုက်လို့ရှိယင် ခေါင်းခဲတယ်လည်း မပြောဘူး၊ လေနာတယ်လည်း မပြောဘူး၊ နာစေးနေလို့လည်း မပြောဘူး၊ ချောင်းဆိုးနေပါတယ်လို့လည်း မပြောဘူး။ တရားဟောဖို့ရန် နည်းနည်းမှ ဝန်မလေးဘူးဘုရား။ သီတင်းသုံးဖော်တို့အား အမြဲတမ်း ချီးမြှောက်တော်မူပါတယ် ဘုရား။

တံ မယံ အာယသ္မတော သာရိပုတ္တဿ ဓမ္မောဇံ ဓမ္မဘောဂံ ဓမ္မာနုဂ္ဂဟံ အနုဿရာမ။

မြတ်စွာဘုရား ...၊ တပည့်တော်များဟာ ထိုအရှင်သာရိပုတ္တရာရဲ့ တရားတည်းဟူသော အမြိုက်ဩဇာ၊ တရားတည်းဟူသော အသုံး

http:\\www.dhammadownload.com



အဆောင်၊ တရားဖြင့် ချီးမြှောက်ခြင်းကို အမြဲတစေ အမှတ်ရရ ရရနေပါတယ် ဘုရားလို့ လျှောက်ထားတော့မှ –

မြတ်စွာဘုရားက "အင်း ... အာနန္ဒာရဲ့ သန္တာန်မှာ သောက ပရိဒေဝ ဖြစ်တာက အင်မတန့် အင်မတန် လေးလေးနက်နက် ဖြစ်နေတယ်။ ဒီသောကပရိဒေဝမီး ငြိမ်းအောင်ဆိုပြီး –

နနု တံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ။

ချစ်သားအာနန္ဒာ ...၊ ငါဘုရား ယခု ဟောမည့် တရားကို အစောကြီးကတည်းက ချစ်သားအား ဟောပြီးသား မဟုတ်ဘူးလား။

သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ၊ တံ ကုတေ+တ္ထ အာနန္ဒ လဗ္ဘာ "ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊ တံ ဝတ မာ ပလုဇ္ဇီ"တိ နေ+တံ ဌာနံ ဝိဇ္ဇတိ။

မိမိချစ်နှစ်သက်အပ်တဲ့ မိဘဆွေမျိုး အစရှိတဲ့ ပုဂ္ဂိုလ်များနဲ့ ဇာတိအားဖြင့် အသီးအခြား ဖြစ်ရခြင်း၊ မရဏအားဖြင့် ကွေကွင်းရခြင်း၊ ဘဝအားဖြင့် တစ်မျိုးတစ်ဖုံ ဖြစ်ရခြင်း ဆိုတဲ့ နာနာဘာဝ၊ ဝိနာဘာဝ၊ အညထာဘာဝတရားတွေကို မလွန်မြောက်ဘူးဆိုတာ ငါဘုရား အစောကြီးထဲက ဟောထားအပ်ပြီ မဟုတ်လား ...။ ချစ်သား အာနန္ဒာ ... ဖြစ်တိုင်းဖြစ်တိုင်းသော သင်္ခတ တရားသည် ပျက်စီးတတ်သော သဘောရှိသည်ချည်းပင် ဖြစ်၏။ ထိုသင်္ခတ တရားများသည် မပျက်စီးပါနဲ့လို့ တားမြစ်နိုင်ရန် လုံးဝ အကြောင်းမရှိချေ။ (ပျက်စီးချိန်ကျယင် ပျက်စီးတာပဲ။)

တကယ့်ဖြစ်ရပ်ကို ငါဘုရား ဟောရလို့ ရှိယင် –

သေယျာထာပိ အာနန္ဒ မဟတော ရုက္ခဿ တိဋ္ဌတော သာရဝတော ယော မဟန္တတရော ခန္ဓော၊ သော ပလုဇ္ဇေယျ။

http:\\www.dhammadownload.com



ချစ်သား အာနန္ဒာ ...၊ ဥပမာပြောရယင် အလွန်ကြီးတဲ့ အနှစ်ရှိတဲ့ သစ်ပင်ကြီး မားမားမတ်မတ် ကြံ့ကြံ့ခိုင်ကျည် တည်နေရင်းက အကြီးဆုံးသော အကိုင်းအခက်ကြီး ကျိုးကျသကဲ့သို့ (အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ယူဇနာ ၁၀၀ ကျယ်ပြန့်တဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့ အကိုင်းထဲက အရှေ့ကို ထွက်တဲ့အကိုင်းက ယူဇနာ ၅၀၊ အနောက်ကို ထွက်တဲ့အကိုင်းက ယူဇနာ ၅၀၊ တောင်ကို မြောက်ကို ထွက်တဲ့ အကိုင်း က ယူဇနာ ၅၀ စီ၊ အဲဒီလိုရှိတဲ့ အင်မတန် ခိုင်ခံ့ပါတယ်ဆိုတဲ့ အနှစ်ရှိသော သစ်ပင်ကြီးမှ တောင်ဘက်က အကိုင်းကြီးတစ်ခု ကျိုးသွားပြီ ဆိုယင် အဲဒီကျိုးသွားတဲ့ အကိုင်းကြီးနေရာမှာ အနှစ်တစ်ရာ အတွင်းသာမဟုတ်၊ ဒီသစ်ပင်ကြီးရဲ့ တစ်သက်မှာတော့ ဒီအကိုင်းကြီး မျိုး အစားပြန်မရောက်တော့ဘူး။ အဲဒီလို အဲဒီလိုပဲ -

ဧဝ မေဝ ခေါ အာနန္ဒ မဟတော ဘိက္ခုသံဃဿ တိဋ္ဌတော သာရဝတော သာရိပုတ္တော ပရိနိဗ္ဗုတော။

အာနန္ဒ=ချစ်သား အာနန္ဒ ...။ ဧဝ မေဝ ခေါ=ဤအတူပင်။ မဟတော=ကြီးစွာသော(ဝါ) များစွာသော။ သာရဝတော=သီလအနှစ် သမာဓိအနှစ် ပညာအနှစ်တည်းဟူသော အနှစ်ပြည့်သော။ ဘိက္ခုသံဃဿ=ရဟန်းသံဃာသည်၊ (ဝါ) ရဟန်းသံဃာတည်းဟူသော သစ်ပင်ကြီးသည်။ တိဋ္ဌတော=မားမားမတ်မတ် ကြံ့ကြံ့ခိုင်ကျည် တည်နေစဉ် အတွင်းမှာပဲ။

သီလအနှစ်၊ သမာဓိအနှစ်၊ ပညာအနှစ်တို့နှင့် ပြည့်စုံတဲ့ ရဟန်းသံဃာတည်းဟူသော ကမ္ဘာ့သစ်ပင်ကြီး မားမားမတ်မတ် တည်နေစဉ်။

သာရိပုတ္တော=လက်ယာတောင်ကိုင်းနဲ့တူတဲ့ သာရိပုတ္တရာ ငါဘုရားရဲ့ လက်ယာရံ တပည့်ကြီးသည်။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့လေပြီ ...။

http:\\www.dhammadownload.com



သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတာကဖြင့် အဲဒီသစ်ပင်ကြီး တောင်ကိုင်းကြီး ကျိုးသလို နောက်ထပ် အစားထိုးလို့ ဒီသာသနာမှာ မရတော့ဘူး။

(ဧအေး ...) တံ ကုတ္ထေ+တ္ထ အာနန္ဒ လဗ္ဘာ "ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊ တံ ဝတ မာ ပလုဇ္ဇီ" တိ၊ နေ+တံ ဌာနံ ဝိဇ္ဇတိ။

ချစ်သား အာနန္ဒာ ...၊ ဖြစ်တတ်တဲ့ သင်္ခတတရား မှန်သမျှ မပျက်စီးပါနဲ့"လို့ အဲဒီလို တောင့်တလို့ ဘယ်လိုနည်းနဲ့မှ မရဘူး၊ ဒီလို တောင့်တလို့ ရနိုင်တဲ့အကြောင်းတရားလည်း လုံးဝ မရှိဘူး ချစ်သား အာနန္ဒာ ...။ (အဲဒီတော့ ဘယ့်နှယ်လုပ်ရမလဲဆိုတော့)-

တသ္မာ တိဟ အာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တ သရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

အာနန္ဒ=ချစ်သား အာနန္ဒာ ...။ တသ္မာ=သို့ရကား (သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားခြင်းသည် သာသနာသစ်ပင်ကြီး အစားထိုး မရတဲ့ တောင်ကိုင်းကြီး ကျိုးတာ၊ ဖြစ်ပေါ်လာတဲ့ သင်္ခါရတရားတွေ မပျက်ပါနဲ့လို့ ဘယ်လိုနည်းနဲ့မှ တားမရနိုင်တာ မှန်ရကား)။ တုမှေပိ=သင်ချစ်သားတို့လည်းပဲ။ အတ္တ ဒီပါ=မိမိကိုယ်လျှင် မှီခိုရာ ကိုင်းကျွန်း ရှိကုန်သည် ဖြစ်၍။ အတ္တသရဏာ=မိမိသာလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ အနညသရဏာ=သူတစ်ပါးကို အားမကိုးကြကုန်သည်ဖြစ်၍။ ဓမ္မဒီပါ=တရားလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ ဓမ္မသရဏာ=တရားလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ အနညသရဏာ=တရားမှတစ်ပါး ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍။ ဝိဟရထ=နေကြကုန်။ (ကိုယ့်ကိုယ်ကို အားကိုး၊ ကိုယ့်ကိုယ်ပဲ မှီခိုပြီးတော့ နေကြ၊ တရားကိုအားကိုး၊ မှီခိုပြီးတော့ နေကြ။ ဘယ်လိုနေရမည်လဲ ဆိုတော့)-

http:\\www.dhammadownload.com



ကထဉ္စာ+နန္ဒ ဘိက္ခု အတ္တဒီပေါဝိဟရတိ အတ္တသရဏော
အနညသရဏော ဓမ္မဒီပေါ ဓမ္မသရဏော အနညသရဏော။

ချစ်သား ...၊ အတ္တဒီပ အတ္တသရဏ အနညသရဏ=မိမိကိုယ်သာ လျှင် မှီခိုရာ ကိုင်းကျွန်းရှိ၊ မိမိကိုယ်သာလျှင် ကိုးကွယ်ရာရှိ၊ တရားမှ တစ်ပါး အခြားကိုးကွယ်ရာမရှိဘဲ နေတယ်ဆိုတာ ဘယ်လိုနေတာလဲ။ ("တရားကို အားကိုးပါ၏"လို့ ဒီလို ပြောနေတာလားဆိုတော့ မဟုတ်ဘူး။ ဒါဖြင့် ဘယ်လိုနေတာတုန်းလို့ ဆိုတော့) -

ဣဓါ+နန္ဒ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ
သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ချစ်သား အာနန္ဒာ ...၊ ကိုယ့်ကိုယ်ကို အားကိုး၊ တရားကို အားကိုး ဆိုတာ အခြားမဟုတ်ဘူး။ အာတာပီ=သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိရတယ်။ သမ္ပဇာနော=သမ္ပဇဉ်ငါးပါး အသိဉာဏ်တရား ရှိရတယ်။ သတိမာ-တဲ့။ အမြဲထင်လင်းတဲ့ သတိလည်း ရှိရတယ်။ လောကမှာ ဖြစ်ပေါ်တတ်တဲ့ အဘိဇ္ဈာဆိုတဲ့ လောဘတရား၊ ဒေါမနဿဆိုတဲ့ ဒေါသမူဝေဒနာ အဲဒီတရားတွေကို ဖယ်ရှားပြီးတော့ ဟောဒီ ရူပကာယ ကိုယ်ပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အနေနဲ့ မရှုဘဲ ရုပ်ကာယအနနဲ့ အဖန်ဖန်ရှု၍ နေရမယ်။ (ကာယာ နုပဿနာ)။ ဝေဒနာ တရားတို့၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနဲ့ မရှုဘဲ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာ သူ့ဝေဒနာတရား အမှန်ကိုသာ ရှုပြီး နေရမယ်။ တစ်ဆယ့် ခြောက်မျိုးသော စိတ်တရား၌ တစ်ဆယ့်ခြောက်ပါး အပြားရှိသော စိတ်အနေနဲ့သာ ရှုရမယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနဲ့ မရှုရ။ အေး ... ကျန်တဲ့ သညာ၊ သင်္ခါရ၊ အစရှိတဲ့ ဓမ္မများကိုလည်းပဲ ဓမ္မအနေနဲ့သာ ရှုရမယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနဲ့ မရှုရဘူး။

http:\\www.dhammadownload.com



အေး …၊ ကာယေ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာသု ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တေ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မေသု ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ ဒီသတိပဋ္ဌာန် လေးပါးတွင် မိမိ နှစ်သက်ရာ တစ်ပါးပါးဖြင့် နေ။ အေး … သမထကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်း တစ်ပါးပါး စီးဖြန်းနေလို့ရှိယင် သတိပဋ္ဌာန်လေးပါးတွင် တစ်ပါးပါးနဲ့နေတာ ဖြစ်ပါလိမ့်မယ်။ မိမိ နှလုံးသွင်းနေကျ ကမ္မဋ္ဌာန်း အာရုံတစ်ခုနဲ့ နေမယ်ဆိုယင် အဲဒီသတိပဋ္ဌာန် လေးပါးနဲ့ နေတာ ဖြစ်မှာပဲ။

အဲဒီလိုနေယင် ဘာဖြစ်သလဲ။

ဧဝံ ခေါ အာနန္ဒ ဘိက္ခု အတ္တဒီပေါ ဝိဟရတိ အတ္တသရဏော အနညသရဏော ဓမ္မဒီပေါ ဓမ္မသရဏော အနညသရဏော။

အဲဒီလိုနေလို့ရှိယင် အတ္တဒီပ အတ္တသရဏ အနည သရဏ ဓမ္မဒီပ ဓမ္မသရဏ အနညသရဏ နေတာဖြစ်တယ် ချစ်သား …။ ဒါဖြင့်ယင် အဲဒီတရားက ကိုယ်တော်ရဲ့ မျက်မှောက်လက်ထက်နှင့်သာ သက်ဆိုင်တဲ့ တရား ထင်ပါရဲ့လို့ သာဝကတို့ရဲ့ စိတ်၌ ဖြစ်မနေရအောင် –

ယေ ဟိ ကေစိ အာနန္ဒ ဧတရဟိ ဝါ မမစ္စယေ ဝါ အတ္တဒီပါ ဝိဟရိဿန္တိ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

အာနန္ဒ=ချစ်သားအာနန္ဒာ …။ ယေ ဟိ ကေစိ=အမှတ်မထင် အကြင်သူတို့သည်။ ဧတရဟိ ဝါ=ငါဘုရား ထင်ရှားရှိတဲ့ ယခု အခါ၌ ဖြစ်စေ။ မမစ္စယေ ဝါ=ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသော အခါ၌ ဖြစ်စေ။ အတ္တဒီပါ=မိမိလျှင် မှီခိုရာ ကိုင်းကျွန်းရှိကုန်သည် ဖြစ်၍။ အတ္တသရဏာ=မိမိလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ အနညသရဏာ =မိမိမှတစ်ပါး အခြားမည်သူ့ကိုမျှ အားမကိုးကြ

http:\\www.dhammadownload.com



ကုန်ဘဲ။ ဓမ္မဒီပါ=တရားလျှင် မှီခိုရာ ကိုင်းကျွန်း ရှိကုန်သည် ဖြစ်၍။ ဓမ္မသရဏာ=တရားလျှင် ကိုးကွယ်ရာ ရှိကုန်သည် ဖြစ်၍။ အနညသရဏာ=တရားမှတစ်ပါး အခြားမည်သည့်အရာကိုမျှ အားမကိုးကြကုန်ဘဲ။ ဝိဟရိဿန္တိ=သတိပဋ္ဌာန်လေးပါး တရားဖြင့် နေကြ ကုန်ငြားအံ့။

တေရဟိ ဝါ မမစ္စယေ ဝါ=ယခုမျက်မှောက်ပဲ ဖြစ်ဖြစ်၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသောအခါမှာပဲ ဖြစ်ဖြစ်၊ ဘယ်သူရယ် မဟုတ်ဘူး၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့ဟာ သတိပဋ္ဌာန်လေးပါး တရားနဲ့ နေထိုင်ကြပြီ ဆိုလို့ရှိယင် -

တမတဂ္ဂေ မေ တေ အာနန္ဒ ဘိက္ခူ ဘဝိဿန္တိ၊ ယေ ကေစိ သိက္ခာကာမာ။

အာနန္ဒ=ချစ်သားအာနန္ဒာ ...။ သိက္ခာကာမာ=သိက္ခာသုံးပါး လိုလားကြကုန်သော။ ယေ ကေစိ=အမှတ်မထင် အကြင်ရဟန်းတို့သည်။ သန္တိ=ရှိကုန်၏။ တေ ဘိက္ခူ=သိက္ခာသုံးပါး လိုလားကြတဲ့ သတိပဋ္ဌာန်လေးပါး ပွားများကြတဲ့ ထိုရဟန်းတို့သည်။ တမတဂ္ဂေ အဂ္ဂတမေ=အမြတ်ဆုံးဆိုတဲ့ အရဟတ္တဖိုလ်၌။ ဘဝိ-ဿန္တိ=ဖြစ်ကြ ရောက်ကြပေလိမ့်မည်။

ငါဘုရားရဲ့ မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးတဲ့ နောက်အခါမှာပဲ ဖြစ်ဖြစ်၊ သတိပဋ္ဌာန်လေးပါး ပွားများ၍ မိမိကိုယ်လျှင်မိမိ မှီရာကိုင်းကျွန်း ရှိ၍နေမယ်ဆိုယင် ထိုသိက္ခာကာမ ပုဂ္ဂိုလ်များဟာ အရဟတ္တဖိုလ်ပေါက် ရောက်ဆိုက်ကြမှာ အမှန်ပဲ ...လို့ ဟောဒီ နာလန္ဒသုတ်ကို အရဟတ္တဖိုလ်နိဂုံး အထွတ်တပ်ပြီး ဟောပါတယ်။ ဒီသုတ္တန်တစ်ခုလုံးမှာ အရှင်စုန္ဒပဲ သွားရ လာရ တာဝန်ဆောင်ရတဲ့အတွက် စုန္ဒသုတ္တန်လို့ ခေါ်တယ်။ ဒီစုန္ဒသုတ္တန်ကို ဆိုခဲ့ပြီးတဲ့ အတိုင်း အရဟတ္တဖိုလ် နိဂုံးအထွတ်တပ်၍ ဟောကြားတော်မူခဲ့ပါတယ်။

http:\\www.dhammadownload.com



ဤသို့လျှင် ... စန္ဒသုတ္တန် ဒေသနာတော်မြတ်နှင့်စပ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပရိနိဗ္ဗာန သံဝေဂတရား နာကြားရခြင်းတည်းဟူသော ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလ ဆောက်တည်ရခြင်း သီလကောင်းမှု ကုသိုလ်ကံစေတနာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား တရားအလှူတည်းဟူသော အမြိုက်အလှူ ပေးလှူရခြင်းတည်းဟူသော ဓမ္မဒါန =အမတဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ စသည်များမြတ်ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ရှင်သာရိပုတ္တရာ မထေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော သင်္ခတလက္ခဏာ အစွတိရသ အနိမိတ္တပစ္စုပဋ္ဌာန်ရှိသော နိရောဓသစ္စာ မဟာအသခ်တဓာတ် နိဗ္ဗာန်ပရမတ်ကို သုခပဋိပဒါ ခိပ္ပါဘိည တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ဒို့တစ်တွေ မျက်မှောက် ပြုရပါလိုသောဝ်–ဟု ဆုတောင်းကြပါ။ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြသည့် ကိုယ်ဖြစ်ပါစေကုန်သတည်း ...။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့် နောက်ဆုံး ပစ္ဆိမဘာဝဝယ် စရိမက စုတိစိတ်၏ အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တနိကာယ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း ...။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံ အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

(က) အရှင်သာရိပုတ္တရာ (ပညာချိန်ခွင်) တရားတော် ပြီးပြီ။

http:\\www.dhammadownload.com



ဤသို့လျှင် ... စန္ဒသုတ္တန် ဒေသနာတော်မြတ်နှင့်စပ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပရိနိဗ္ဗာန သံဝေဂတရား နာကြားရခြင်းတည်းဟူသော ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလ ဆောက်တည်ရခြင်း သီလကောင်းမှု ကုသိုလ်ကံစေတနာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား တရားအလှူတည်းဟူသော အမြိုက်အလှူ ပေးလှူရခြင်းတည်းဟူသော ဓမ္မဒါန =အမတဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ စသည်များမြတ်ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ရှင်သာရိပုတ္တရာ မထေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ အစ္စုတိရသ အနိမိတ္တပစ္စုပဋ္ဌာန်ရှိသော နိရောဓသစ္စာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို သုခပဋိပဒါ ခိပ္ပါဘိညာ တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ဒို့တစ်တွေ မျက်မှောက် ပြုရပါလိုသောဝ်–ဟု ဆုတောင်းကြပါ။ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြသည့် ကိုယ်ဖြစ်ပါစေကုန်သတည်း ...။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့် နောက်ဆုံး ပစ္ဆိမဘဝဝယ် စရိမက စုတိစိတ်၏ အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တနိကာယ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း ...။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံ အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

(က) အရှင်သာရိပုတ္တရာ (ပညာချိန်ခွင်) တရားတော် ပြီးပြီ။

http:\\www.dhammadownload.com



# သာသနာ့ချိန်ခွင်ကြီး လေးလက် တရားတော်

## (၁) ရဟန်းယောကျ်ား ချိန်ခွင်ကြီး

## (ခ) အရှင်မဟာမောဂ္ဂလ္လာန် (သမာဓိချိန်ခွင်) တရားတော်

### သရဘင်္ဂဇာတ်

ကောဇာသက္ကရာဇ် ၁၃၃၂ ခုနှစ်၊ သာသနာတော် ၂၅၁၄ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်နေ့၊ မန္တလေးမြို့ အနောက်ပြင် ဂေါဝိန်ရှင်ပင် ဖောင်တော်ဦး စေတီတော်မြတ် ရင်ပြင်တော်အတွင်း ဆိပ်ကမ်းလက်ရုံးရှင်များ၏ ကုသိုလ်ကောင်းမှုဖြစ်သော "နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံ"၌ ဟောကြားအပ်သော သရဘင်္ဂဇာတ် ....။

ဇာတ်နာမည်ပြောရယင် သရဘင်္ဂဇာတ်လို့ ပြောရမှာပဲ။ အလျင်ဥပုသ်တုန်းက ရဟန်းယောကျ်ားဘက်က ပညာအရာ ချိန်ခွင်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတဲ့အကြောင်း ဟောခဲ့ပါတယ်။ ယခု ဥပုသ်မှာ ရဟန်းယောကျ်ားများဘက်က သမာဓိအရာမှာ ချိန်ခွင်ကြီးသဖွယ်ဖြစ်တဲ့ အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ ပရိနိဗ္ဗာန်စံခန်းကို ဟောရမယ့် တာဝန် အစဉ်ကျရောက်လို့ သရဘင်္ဂဇာတ်ကို ဟောရပါမယ်။ အဲဒီ သရဘင်္ဂဇာတ်ဆိုတာ ဂါထာကြီးတွေက ၄၂ ဂါထာ+ဂါထာ အငယ်က ၃ ဂါထာ=အားလုံး ၄၅ ဂါထာ ရှိပါတယ်။ "စတ္တာလီသနိပါတ်"မှာ သင်္ဂါယနာ တင်ထားရပါတယ်။ ပထမဆုံး ပေါ်လာတဲ့ တရားဂါထာ ကတော့ –

အလင်္ကတာ ကုဏ္ဍလိနော သုဝတ္ထာ၊
ဝေဠုရိယ မုတ္တာ ထရုခဂ္ဂဗန္ဓာ။
ရထေသဘာ တိဋ္ဌထ ကေ နု တုမှေ၊
ကထံ ဝေါ ဇာနန္တိ မနုဿလောကေ။

http:\\www.dhammadownload.com



စသည်ဖြင့် ဂါထာကြီးတွေကိုပဲ အများဆုံး ဟောတဲ့ဇာတ် ဖြစ်ပါတယ်။ အဋ္ဌကထာ ဆရာတော်က ဒီဇာတ်တော်ကို တရားဦး စ ပေးလိုက်တာက –

အလင်္ကတာ ကုဏ္ဍလိနော သုဝတ္ထာတိ ဣဒံ သတ္ထာ ဝေဠုဝနေ ဝိဟရန္တော မဟာမောဂ္ဂလ္လာနတ္ထေရဿ ပရိနိဗ္ဗာနံ အာရဗ္ဘ ကထေသိ။

အလင်္ကတာ ကုဏ္ဍလိနော သုဝတ္ထာ အစရှိတဲ့ ဂါထာပိုဒ် လေးဆယ်ကျော်တို့ဖြင့် တန်ဆာဆင်အပ်သော ဤသရာဘင်္ဂဇာတ် တရားဒေသနာတော်မြတ်ကို လူနတ်တို့ဆရာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ် ပရိနိဗ္ဗာန် ဝင်စံခြင်းကို အကြောင်းပြု၍ ဟောတော်မူပါတယ်။

အချိန်ကား မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တန်ဆောင်မုန်းလ လကွယ်နေ့ ဖြစ်ပါတယ်။ အဲဒီဇာတ်ကို ဟောတဲ့အချိန်မှာ မြတ်စွာဘုရားရဲ့ အသက်တော်ဟာ များများ မကျန်ရှိတော့ဘူး။ သက်တော်ရှစ်ဆယ်ရောက်လို့ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန် ဆိုတော့ ၅ လခွဲ ၆ လ ရာသီလောက်ပဲ မြတ်စွာဘုရားရဲ့ အသက်တော် ကြွင်းရှိတော့တယ်။ နောက် ၅ လခွဲ လွန်မြောက် ၆ လ ထဲရောက်ယင် ပရိနိဗ္ဗာန် စံတော်မူတော့မယ်လို့ ဆိုရပါမယ်။

အရှင်သာရိပုတ္တရာမထေရ်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော မြတ်စွာဘုရားကို မိမိအဖို့ရာ ပရိနိဗ္ဗာန် ဝင်စံဖို့ရန် ခွင့်ပန်စကား လျှောက်ထားပြီးနောက် ရာဇဂြိုဟ်ပြည်နယ် နာဠကရွာ ဖွားတော်မူရာ တိုက်ခန်း၌ ပရိနိဗ္ဗာန် ဝင်စံခဲ့လေသည်။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံလွန်ကြောင်း သတင်းစကား ကြားသိတော်မူပြီးသော် မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွ၍ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံး

http:\\www.dhammadownload.com



စံနေတော်မူလေသည်။ ထိုအခါ မဟာမောဂ္ဂလ္လာန် မထေရ်သည် (ရာဇဂြိုဟ်ပြည်ကို ဝန်းရံထားသည့် တောင်ငါးလုံး အဝင်အပါ) ဣသိဂိလိတောင်နံရံ ကာဠကျောက်ဖျာ၌ သီတင်းသုံး နေတော်မူဆဲ ဖြစ်လေသည်။

မထေရ်၏ သာသနာပြုပုံမှာ ... မထေရ်သည် သမာဓိတန်ခိုး ဣဒ္ဓိပါဒ်အရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်ဖြစ်တော့ သိက္ခာသုံးပါး၊ ဘုရားသာသနာ စည်ပင်ပြန့်ပွားဖို့ သူ့နည်းနဲ့သူ ချီးမြှောက်တော် မူတယ်။ ချီးမြှောက်ပုံကား ... တစ်ခါတလေ နတ်ပြည်ကြွ၊ နတ်ပြည်မှာ ရောက်နေကြတဲ့ နတ်သူတော်ကောင်းတို့ရဲ့ ကျင့်စဉ်ကိုမေး၊ ပြန်လာ၊ မြတ်စွာဘုရားအား လျှောက်။ တစ်ခါတလေ ဥဿဒငရဲပြည် ဒေသစာရီကြွ၊ အဲဒီငရဲပြည်မှာ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အကုသိုလ်ကံ အကြောင်းကို မေးမြန်း၊ ဘုရားထံ ပြန်ပြီးလျှောက်ထား၊ မြတ်စွာဘုရားကမှ ရောက်လာတဲ့ ပရိသတ်ကို ကုသိုလ်မှု ပြုချင်အောင်၊ အကုသိုလ်မှု ရှောင်ကြဉ်အောင် တရားဟောရပါတယ်။

အဲဒီတော့ အရှင်မဟာမောဂ္ဂလ္လာန်က နတ်ပြည်က ပြန်လာပြီဆိုယင်–

အသုကော စ ဥပါသကော အသုကာ စ ဥပါသိကာ အသုကသ္မိံ နာမ ဒေဝလောကေ နိဗ္ဗတ္တိတွာ မဟာသမ္ပတ္တိံ အနုဘဝန္တိ။

ဘန္တေ=မြတ်စွာဘုရား ...။ အသုကော စ ဥပါသကော=ဤအမည်ရှိသော ဥပါသကာသည် လည်းကောင်း။ အသုကာ စ ဥပါသိကာ=ဤအမည်ရှိသော ဥပါသိကာမသည် လည်းကောင်း။ အသုကသ္မိံ နာမ ဒေဝလောကေ=ဤအမည်ရှိသော နတ်ပြည်လောက၌။ နိဗ္ဗတ္တိတွာ=ဖြစ်၍။ မဟာသမ္ပတ္တိံ=ကြီးစွာသော စည်းစိမ်ကို။ အနုဘဝန္တိ=ခံစား၍ နေကြရပါကုန်၏ ...လို့ –

http:\\www.dhammadownload.com



(အရှင်မဟာမောဂ္ဂလ္လာန် လျှောက်ထားတဲ့ စကားတွေကို အကျဉ်းချုပ် ပြောပြခြင်း ဖြစ်ပါတယ်။ ကုသိုလ်ကောင်းမှုပြုတဲ့ သူတော်ကောင်းတို့ရဲ့ ကုသိုလ်ကောင်းမှုတွေကို ဖော်ပြပြီး "ဤမည်သော ဥပါသကာ၊ ဤမည်သော ဥပါသိကာမသည် ဤမည်သော ကောင်းမှုပြုသည့်အတွက် နတ်ပြည်ခြောက်ထပ်တွင် ဤမည်သော နတ်ပြည်၌ဖြစ်၍ ကြီးစွာသော နတ်စည်းစိမ်ကို ခံစားရပါသည် ဘုရား ..."လို့ ကောင်းမှုကုသိုလ်အကျင့် ပဋိပတ်နှင့်တကွ အကျိုးစည်းစိမ်ကို လျှောက်ထားသလို)-

ဥဿဒနိရယ ဒေသစာရီ လှည့်လည်ပြန်လာတဲ့အခါ ကျပြန်တော့လည်းပဲ -

တိတ္ထိယသာဝကေသု အသုကော စ အသုကာ စ နိရယာဒိသု အသုကအပါယေ နာမ နိဗ္ဗတ္တာ။

တိတ္ထိယသာဝကေသု=တိတ္ထိတို့ရဲ့ တပည့်များစွာတို့တွင်။ အသုကော စ=ဤအမည်ရှိသော ယောကျ်ားသည် လည်းကောင်း။ အသုကာ စ=ဤအမည်ရှိသော မိန်းမသည် လည်းကောင်း။ နိရယာဒိသု=ငရဲစသည်တို့တွင်။ အသုကအပါယေ နာမ=ဤအမည်ရှိသော အပါယ်ဘုံ၌။ နိဗ္ဗတ္တာ=ဖြစ်၍နေကြကုန်သည် ဘုရား ... လို့ -

အရှင်မဟာမောဂ္ဂလ္လာန်က သူတွေ့ခဲ့တဲ့ ငရဲရောက်တဲ့ သတ္တဝါတွေရဲ့ အကုသိုလ်အကြောင်းကိုရော၊ ဆင်းရဲဒုက္ခ ခံနေကြပုံတွေကိုပါ မြတ်စွာဘုရားအား လျှောက်ထားတယ်။ ပရိသတ်လေးပါး တရားနာတဲ့လူတွေက ကြားတော့ များသောအားဖြင့် ဗုဒ္ဓဘာသာ သာသနာ၌ ကြည်ညိုကြပြီး တိတ္ထိဆရာကြီးတို့ကို ရှောင်ကြဉ်ကြသဖြင့် ဘုရားတပည့်တို့အား ပူဇော်သက္ကာရများပြီး တိတ္ထိတို့ အဖို့ရာ လာဘ်လာဘ ပူဇော်သက္ကာရ တစ်နေ့တခြား ယုတ်လျော့၍ လာတော့၏။

http:\\www.dhammadownload.com



တိတ္ထိဆရာကြီးတို့သည် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်၌ ရန်ငြိုး ဖွဲ့ကြပြီး –

ဣမသ္မိံ ဓိဝန္တေ အမှာကံ ဥပဋ္ဌာကာ ဘိဇ္ဇန္တိ၊ သက္ကာရော စ ပရိဟာယတိ၊ မာရာပေဿာမ နံ။

ဣမသ္မိံ=ဤရှင်မောဂ္ဂလ္လာန်သည်။ ဓိဝန္တေ=အသက်ရှည်နေလတ်သည်ရှိသော်။ အမှာကံ=ငါတို့၏။ ဥပဋ္ဌာကာ=ဒါယကာ+ဒါယိကာမတို့သည်။ ဘိဇ္ဇန္တိ=တစ်နေ့တခြား ကွဲပြား ကွဲပြား၍ နေကြကုန်၏။

(ဒီ ရှင်မောဂ္ဂလ္လာန်သာ အသက်ရှည်ရှည်နေလို့ရှိယင်ဖြင့် ဒို့ ဒါယကာ+ဒါယိကာမတွေဟာ တစ်နေ့တခြား လျော့ပါးကွဲပြားကုန်မယ်။) သက္ကာရော စ=ပူဇော်သက္ကာရလည်းပဲ။ ပရိဟာယတိ=တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်၍ လာ၏။

ငရဲပြည်မှာ တွေ့ခဲ့တဲ့ အကြောင်းတွေ ပြန်ပြော၊ နတ်ပြည်မှာ တွေ့ခဲ့တဲ့ အကြောင်းတွေကို ပြန်ပြောတော့ လူဆိုတာ ကောင်းကျိုးကိုပဲ ခံစားချင်တယ်၊ အဲဒီတော့ ကုသိုလ်ကောင်းမှု ပြုရာဖြစ်တဲ့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအယူဘက် ပြောင်းသလောက် ဒို့မှာလည်းပဲ ပူဇော်သက္ကာရတွေ တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်ကုန်တယ်။

နံ=ထို ရှင်မောဂ္ဂလ္လာန်ကို။ မာရာပေဿာမ=သတ်စေကုန်အံ့။

ရှင်မောဂ္ဂလ္လာန် အသက်ရှင်နေယင် ဒို့ ဒါယကာ+ဒါယိကာမတွေ တစ်နေ့တခြား ကွဲပြား၊ ပူဇော်သက္ကာရတွေ တစ်နေ့တခြား လျော့ပါး လာတော့မယ်။ ဒီ ... ရှင်မောဂ္ဂလ္လာန်ကို လူသတ်သမား ငှားပြီး အသတ်ခိုင်းမယ်။ ဒီအကြံနဲ့ လျှို့ဝှက်စွာ ငွေကောက်ခံ၊ ငွေကျပ်တစ်ထောင်ရတော့ အဲဒီခေတ်တုန်းက “သမဏကုတ္တက”လို့ ဆိုတဲ့ သူ့ပုံပန်းကြည့်ယင်တော့ ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ထားတယ်၊ သူတော်ကောင်း

http:\\www.dhammadownload.com



ယောင်ပေါ့။ သို့သော် သူက ကြေးတမ်းစား လူသတ်သမား၊ အဲဒီ သမဏကုတ္တက ခေါ်တဲ့ ကြေးတမ်းစား ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ထားတဲ့ ရှင်ယောင်လူသတ်သမားအား ငွေတစ်ထောင် တိုးတိုးတိတ်တိတ် ပေးပြီးတော့ "မင်း ရှင်မောဂ္ဂလ္လာန်ကို သတ်ရမယ်" အဲဒီလို ခိုင်းကြတယ်။ ငွေတစ်ထောင်ရတော့ သမဏကုတ္တက လူသတ်သမားက ငွေယူပြီး အာမခံလိုက်တယ်။ အဲဒီအချိန်မှာ အရှင်မဟာမောဂ္ဂလ္လာန်က ရာဇဂြိုဟ်ပြည်ရဲ့အနီးမှာ ရာဇဂြိုဟ်ပြည်ကို ပတ်ပြီးတော့ တောင်ငါးလုံး ရံနေတဲ့အထဲမှာ တစ်လုံးအပါအဝင် ဣသိဂိလိတောင်လို့ ရှိတယ်။ အဲဒီ ဣသိဂိလိ တောင်နံရံမှာ ကျောက်ဖျာအမည်းကြီးတစ်ခု ရှိတယ်။ အဲဒီ ကျောက်ဖျာအမည်းကြီးကို ပါဠိလို ကာဠသိလာလို့ ခေါ်တယ်။ အဲဒီ ကာဠသိလာ ကျောက်ဖျာမှာ အရှင်မဟာမောဂ္ဂလ္လာန် နေတာကို သိတော့ သမဏကုတ္တက လူသတ်သမားက များစွာသော လူဆိုးအခြံအရံဖြင့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို သတ်ဖို့ရန် သွားတယ်။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်က သမဏကုတ္တက လူသတ်သမား လာနေသည်ကို မြင်လျှင်ပင် အဘိညာဏ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်သွား၍ ပထမအကြိမ် ထွက်သွားတယ်။ ဒုတိယအကြိမ် ထို့အတူ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမအကြိမ် ဆိုပါစို့၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်က စပြီး ပျံတက်လိုက်တာ လပြည့်ကျော် ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက် နေ့စဉ်ပဲ၊ ၁၅ ရက်နေ့ကျတော့ အရှင်မဟာမောဂ္ဂလ္လာန်က စဉ်းစားကြည့်တဲ့အခါ "တိတ္ထိဆရာကြီးများရဲ့ စေခိုင်းချက်အရ သမဏကုတ္တက သူသတ်သမား ငါ့ကို သတ်ဖို့ရန်လာတာ၊ ကောင်းပြီ၊ ငါသည် 'ဉပစ္ဆေဒက' အသေမျိုးနဲ့ သေရမည့်ပုဂ္ဂိုလ် ဟုတ်သလား၊ မဟုတ်ဘူးလား"လို့ ဆင်ခြင်စဉ်းစားကြည့်လိုက်တော့ အမှန်ပဲ ဉပစ္ဆေဒက အသေမျိုးနဲ့ သေရမည့်ပုဂ္ဂိုလ် ဖြစ်နေတာကို မြင်ရတယ်။

http:\\www.dhammadownload.com



ဘယ်လိုကံလည်းဆိုတော့ လွန်ခဲ့တဲ့ တစ်ခုသောဘဝမှာ အိမ်ရှင်မရဲ့ စကားကို နားအထောင်မှားပြီး မျက်မမြင် မိဘနှစ်ပါးကို တောကြီးထဲ ခေါ်သွားပြီးတော့ တောထဲရောက်သော် "အမေတို့ ...၊ အဖေတို့...၊ ဒီတောထဲမှာ လူဆိုးတွေ သိပ်ပေါတယ်"ဆိုပြီးတော့ လူဆိုး သူဆိုး သူခိုး ဓားပြတွေ လာတဲ့ပုံလုပ်ပြီးတော့ သူက အသံမပေးဘဲနဲ့ မိဘနှစ်ပါးကို ရိုက်တယ်။ (လူဆိုး သူဆိုးများပုံပေါ့။) အဲဒီလို ရိုက်တဲ့အခါကျတော့ မိဘနှစ်ပါးက ဘာပြောသလဲ။

တာတ အသုကာ နာမ စောရာ နော ဃာတေန္တိ၊ တွံ ပဋိက္ကမာဟိ။

တာတ=ချစ်သား ...။ အသုကာ နာမ=ဤအမည်ရှိကုန်သော။ စောရာ=လူဆိုးသူခိုးတို့သည်။ နော=ငါတို့ကို။ ဃာတေန္တိ=ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်၍ နေကြကုန်၏။ တွံ=သင်ချစ်သားသည်။ ပဋိက္ကမာဟိ=လွတ်ရာသို့သာ ရှောင်ရှားဖယ်သွားပါလေလော့။

ဒို့ကိုတော့ဖြင့် လူဆိုးတွေ ရိုက်နေကြပြီ သားရေ၊ အဲဒီတော့ ငါတို့သား ဘေးကင်းရာ ရှောင်ရှားပြီး သွားပါလေ၊ ငိုရမည့်အစား သားကိုပဲ သတိပေးနေကြတယ်။ ဒီအခါ အိမ့်ရှင်မရဲ့စကား နားအထောင်မှားခဲ့တဲ့ အမျိုးကောင်းသား အသိဉာဏ် ရလာတယ်။

ဣမေ မယာ ပေါထိယမာနာပိ မယှံယေဝ+တ္ထာယ ပရိဒေဝန္တိ အယုတ္တံ ကမ္မံ ကရောမိ။

ဣမေ=ဤငါ၏ မိဘနှစ်ပါး ဒုက္ခိတများတို့သည်။ မယာ=ငါက။ ပေါထိယမာနာပိ=လူဆိုး သူဆိုးယောင်ဆောင်၍ ရိုက်နှက်ပုတ်ခတ်အပ်ပါကုန်သော်လည်း။ မယှံယေဝ+တ္ထာယ=ငါ့အကျိုးငှာသာလျှင်။ ပရိဒေဝန္တိ=ငိုကြွေးရာကုန်၏။ အဟံ=ငါသည်။ အယုတ္တံ=မသင့်လျော်သော။ ကမ္မံ=အကုသိုလ်ကံကြီးကို။ ကရောမိ=ပြုမှားမိပါပေါ့တကား ... လို့ -

http:\\www.dhammadownload.com



အမြင်မှန်ရပြီး မရိုက်တော့ဘဲ ခပ်ဝေးဝေးက ပြန်ပြီး ပြေးလာသကဲ့သို့ မိဘနှစ်ပါးတို့အပေါ်မှာ လူဆိုးသူဆိုးများ ပြေးသွားကြပြီ အယောင်ႏဖော်ပြ၊ မိဘတို့၏ လက်ခြေတို့ကို ဆုပ်နယ်ပြီး –

အမ္မတာတာ မာ ဘာယိတ္ထ၊ စောရာ ပလာတာ။

အမ္မတာတာ=မိခင်+ဖခင် ကျေးဇူးရှင်တို့ ...။ မာ ဘာယိတ္ထ= မကြောက်ကြကုန်လင့်။ စောရာ=လူဆိုးသူခိုးတို့သည်။ ပလာတာ= ထွက်ပြေးကြကုန်ပြီ။

အဲဒီလို မိဘနှစ်ပါး စိတ်သက်သာအောင် ပြောကြားပြီး အိမ်ကို ပြန်ခေါ်ခဲ့တယ်။ သေအောင် နှိပ်စက်ခဲ့တာ မဟုတ်ဘူး။ နောက်တော့ တစ်သက်လုံးပဲ မိဘနှစ်ပါးအပေါ်မှာ အထင်အမြင် မလွဲတော့ဘူး။ "အိမ့်ရှင်မ ဘယ်လိုပြောပြော၊ နောက်တစ်ခါ ငါမမှားတော့ဘူး"ဆိုတဲ့ ဆောက်တည်ချက်နဲ့ တစ်သက်လုံး မိဘနှစ်ပါးကို ပြုစုခဲ့တယ်။

သို့သော် အဲဒီလို မိဘနှစ်ပါးကို ပြုမှားခဲ့တဲ့ အကုသိုလ်ကံက ဤမျှကာလကြာ အကျိုးပေးခွင့် မရခဲ့၍ ပြာဖြင့် ဖုံးလွှမ်းအပ်သော မီးကျီးစကဲ့သို့ တည်ရှိခဲ့ပြီးလျှင် ဤနောက်ဆုံး ပစ္ဆိမဘဝ ခန္ဓာကိုယ်ကို အမီလိုက်၍ ဆွဲယူခဲ့လေပြီ။

လောကဉပမာအားဖြင့် ခွေးဖြင့်တိုက်တတ်သော သားမုဆိုးသည် သားသမင်ကို မြင်၍ ခွေးကို လွှတ်လိုက်ရာ ထိုခွေးသည် သားကောင်၏ နောက် အစဉ်တစိုက် လိုက်ခဲ့ပြီး မိသောနေရာ၌ သားကောင်ကို ကိုက်ခဲလေသကဲ့သို့ ထို့အတူပင် မိဘကို ညှဉ်းဆဲခဲ့တဲ့ အကုသိုလ်ကံ(ခွေး) ကလည်းပဲ အရှင်မောဂ္ဂလ္လာန်အလောင်းဖြစ်တဲ့ အမျိုးကောင်းသား (သားသမင်)နောက်သို့ ဘဝသံသရာတစ်လျှောက် လိုက်ခဲ့တယ်။ အကုသိုလ်ခွေး ကိုက်မလို့ လိုက်လာတာဟာ ယခုဘဝမှာ တစ်ခါတည်း မိတာပဲ။ သူ့ရဲ့အကျိုးပေးခွင့်ကို ရတယ်။

http:\\www.dhammadownload.com



မထေရ်သည် မိမိပြုခဲ့သော အကုသိုလ်ကံ ခွေးဆိုး ကိုက်ဆွဲလာသည်ကို သိပြီး ခုနစ်ကြိမ်မြောက်ကျတော့ အရှင်မောဂ္ဂလ္လာန်ဟာ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် တိမ်းရှောင်မှု မပြုတော့ချေ။ မထေရ်သည် ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ကောင်းကင်သို့ ပျံမတက်နိုင်တော့ချေ။ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမနိုင်စွမ်း၊ သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို သွက်သွက်ခါ တုန်လှုပ်စေနိုင်စွမ်းရှိတဲ့ မထေရ်၏ တန်ခိုးသည်လည်း အကုသိုလ်ကံအစွမ်းကြောင့် အားနည်းခဲ့လေပြီ။

သမဏကုတ္တကတို့ လူသတ်သမားအဖွဲ့နဲ့ ရဲရဲကြီး အတွေ့ခံလိုက်တော့ အဲဒီ လူသတ်သမားအဖွဲ့ကလည်း မထေရ်ကို ဖမ်းယူပြီး မထေရ်၏ အရိုးတို့ကို ဆန်ကွဲစေ့တို့မျှ ဖြစ်အောင်ပြု၍ မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ရိုက်နက်ပြီးလျှင် ၃၂ ပါးသော ကမ္မကရဏ (ကံကြမ္မာ) တို့အနက် "ပလာလပိဋ္ဌိက ကံကြမ္မာ" ဆိုတာ ရှိတယ်။ အပေါ်ယံက ရုပ်မပျက်စေဘဲ အတွင်းက အရိုးတွေ စိစိညက်ညက်ကြေအောင် ရိုက်နက် ပုတ်ခတ်တဲ့ ကံကြမ္မာတဲ့။ အပေါ်ကတော့ လူပုံမပျက်ဘူး၊ အတွင်းမှာရှိတဲ့ အရိုးတွေကတော့ အကုန်လုံး စိစိညက်ညက်ကြေပြီး လူတစ်ကိုယ်လုံးဟာ ကောက်ရိုးစည်ကြီးပမာ ဖြစ်သွားတယ်။ သမဏကုတ္တက လူသတ်သမားတို့ အဖွဲ့လည်းပဲ "ကိုင်း ... သေလောက်ပြီ" ဆိုတဲ့ အမှတ်ဖြင့် ဒီကမ္မကရဏကို ပြုပြီး အလောင်းကို ချုံတစ်ခုပေါ်မှာ ပစ်တင်ခဲ့ပြီး ဖဲသွားကြတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် မကြာမီ သတိရလာပြီး -

သတ္ထာရံ ပဿိတွာ ပရိနိဗ္ဗာယိဿာမိ။

အဟံ=ငါသည်။ သတ္ထာရံ=မြတ်စွာဘုရားကို။ ပဿိတွာ=ဖူးမြော်ပြီးမှ။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံမယ်။

(သာမန်ပုဂ္ဂိုလ်ဆိုယင်တော့ ဒါတွေ မလုပ်နိုင်ပါဘူး။) ငါဟာ

http:\\www.dhammadownload.com



ဘုရားကို မဖူးရဘဲသာဖြင့် ပရိနိဗ္ဗာန် မစံဘူး၊ ဘုရားဖူးပြီးမှ ပရိနိဗ္ဗာန် စံမယ် ...။ အဲဒီလို ဆင်ခြင်စဉ်းစားတော်မူပြီး ခုတော့ ပကတိခြေဖြင့် မသွားနိုင်တော့ဘူး။ ကိုယ်တော်ရဲ့ကိုယ်ကို ရှာန်တည်းဟူသော ရစ်ကြိုးဖြင့် ရစ်ပတ်ကာ ခိုင်အောင်ပြုပြီး ကောင်းကင်ခရီးနှင့် ဘုရားအထံ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက် ဝပ်လျှိုး ရှိခိုးပြီးလျှင် -

ဘန္တေ အာယုသင်္ခါရော မေ ခြိဿဋ္ဌော ပရိနိဗ္ဗာယိဿာမိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား ...။ မေ=တပည့်တော်သည်။ အာယုသင်္ခါရော=အာယုသင်္ခါရကို၊ (ဝါ) အာယုပါလက ဖလသမာပတ်ကို။ ခြိဿဋ္ဌော=စွန့်လွှတ်အပ် ပြီးပါပြီ ဘုရား။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပါရစေ ဘုရား။

တပည့်တော် အာယုသင်္ခါရများ လွှတ်ပြီးပါပြီ၊ ပရိနိဗ္ဗာန် စံပါရစေတော့ဟု လျှောက်ထားတယ်။

မြတ်စွာဘုရားက -

ကတ္ထ ဂန္တွာ ပရိနိဗ္ဗာယိဿသိ။

ချစ်သား မောဂ္ဂလ္လာန် ... အဘယ်အရပ်သို့ သွားပြီးတော့ ပရိနိဗ္ဗာန် စံမည်လဲလို့ မေးတော်မူတော့ -

ရှင်မောဂ္ဂလ္လာန်က -

ကာဠသိလာပဒေ္ဓ ဘန္တေ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား ...။ ကာဠသိလာပဒေ္ဓ=ဣသိဂိလိတောင်ယံဝယ် ကာဠသိလာ အမည်ရှိတဲ့ ကျောက်ဖျာအပြင်၌။ ပရိနိဗ္ဗာယိဿာမိ=ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပါမည် ... ဘုရား။

ဣသိဂိလိတောင်ယံ ကာဠသိလာ ကျောက်ဖျာအပြင်မှာ ပရိနိဗ္ဗာန် စံပါမည် ဘုရား ... လို့ လျှောက်တယ်။

http:\\www.dhammadownload.com



ဒီတော့ မြတ်စွာဘုရားက ဘယ်လိုပြန်ပြီး အမိန့်ရှိသလဲဆိုတော့-

တေန ဟိ မောဂ္ဂလ္လာန ဓမ္မံ မယှံ ကထေတွာ ယာဟိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန် ...။ တေန ဟိ=သို့ဖြစ်ရကား။ မယှံ=ငါဘုရားတို့အား။ ဓမ္မံ=တရားကို။ ကထေတွာ=ဟောကြားပြီးမှ။ ယာဟိ=သွားပါလော့။

ချစ်သားမောဂ္ဂလ္လာန် ...၊ ဒါဖြင့်ယင် ငါဘုရားအား တရားဟောပါဦး။ တရားဟောပြီးမှ ချစ်သား သွားပါ။

တာဒိသဿ သာဝကဿ ဣဒါနိ ဒဿနံ နတ္ထိ။

တာဒိသဿ=ချစ်သားကဲ့သို့သော။ သာဝကဿ=အဂ္ဂသာဝကကို။ ဣဒါနိ=ယခုအခါ၌။ ဒဿနံ=နောက်ထပ်တစ်ဖန် တွေ့မြင်ရန်အခွင့်သည်။ နတ္ထိ=မရှိတော့ဘူး။

ယခုအခါ သင်ချစ်သားလို အဂ္ဂသာဝက ရဟန်းတော်တစ်ပါးကို နောက်ထပ်တစ်ဖန် တွေ့မြင်ဖို့ရန် အခွင့်မရှိတော့ဘူး ချစ်သား။ ဒီတော့ နောက်ဆုံး တရားဟောခြင်းအနေနဲ့ ငါဘုရားတို့အား တရားဟောပြီးမှ သွားပါ ... လို့ မိန့်တော်မူတယ်။

ဒီတော့ ရှင်မဟာမောဂ္ဂလ္လာန်ကလည်းပဲ -

ဧဝံ ကရိဿာမိ ဘန္တေ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား ...။ ဧဝံ-သာဓု=ကောင်းပါပြီ။ ကရိဿာမိ=ရှင်ပင်ဘုရား မိန့်ကြားသည့်အတိုင်း တပည့်တော် လိုက်နာပြုကျင့်ပါမည်ဘုရား ...

လို့ လျှောက်ထားပြီး အရှင်မဟာမောဂ္ဂလ္လာန်လည်း အရှင်သာရိပုတ္တရာလိုပင် မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးပြီး ကောင်းကင်သို့ ထန်းတစ်ပြန်ခန့် တက်လိုက်၊ ဆင်းလိုက်၊ မြတ်စွာဘုရားအား ရှိခိုးလိုက်၊ နောက်တစ်ဖန် ထန်းနှစ်ဆင့်ခန့် တက်လိုက်၊ ဆင်းလိုက်၊ မြတ်စွာဘုရားအား ရှိခိုးလိုက်၊ ထို့အတူ သုံးဆင့်တက်၊ လေးဆင့်တက်၊ ငါးဆင့်တက်၊

http:\\www.dhammadownload.com



ခြောက်ဆင့်တက်၊ ခုနစ်ဆင့် အဲဒီလို တက်ပြီးတော့ ထန်းခုနစ်ဆင့် မြင့်တဲ့ ကောင်းကင်က နေပြီးတော့ မိမိကိုယ်ကို ထင်စွာပြ၍လည်း တရားဟောတယ်။ ကြည့်နေတုန်းပဲ တစ်ကိုယ်လုံးပျောက်ပြီး တရားသံ ချည်းကိုပဲ ကြားရပြန်တယ်။ ဟာ ... တရားသံချည်းပဲလို့ ကြားရတယ် လို့ ပြောနေတုန်း ခန္ဓာကိုယ်ထက်ဝက် ပေါ်လာတယ်၊ ပေါ်ပြီးတော့ တရားဟောလျက် တရားသံက မပြတ်ဘူး၊ ပေါ်တဲ့ခန္ဓာကိုယ်ထက်ဝက် က ပျောက်ပြီးနောက် ကြည့်လိုက်တော့ ကိုယ်ခန္ဓာအောက်ပိုင်းကိုသာ မြင်ရပြီး တရားသံကို ကြားနေရတယ်။ အေး ... အောက်ပိုင်းက ကွယ် ပြီး အထက်ပိုင်းက ပေါ်လိုက်၊ အထက်ပိုင်းက ကွယ်ပြီး စကြဝတေး မင်းကြီးပုံနဲ့ပေါ်လာ၊ သိကြားမင်းကြီးရဲ့ပုံနဲ့ ပေါ်လာ၊ ဗြဟ္မာမင်းကြီးရဲ့ ပုံနဲ့ ပေါ်လာပြီး အမျိုးမျိုး တရားဟောလို့ အားရတော့မှ ကောင်းကင်က သက်ဆင်း မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးပြီး တစ်ပါးတည်း ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် ဣသိဂိလိ တောင်ယံ ကာဠကျောက်ဖျာသို့ ကောင်းကင်ခရီးဖြင့် ကြွ၍ ပရိနိဗ္ဗာန် စံတော်မူတယ်။

အရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန် စံတော်မူတဲ့ ထိုခဏမှာပင် ကာမာဝစရ နတ်ပြည်ခြောက်ထပ်မှာရှိတဲ့ နတ်တွေ ဘာပြောကြသလဲ ဆိုယင် –

အမှာကံ ကိရ အာစရိယော ပရိနိဗ္ဗုတော။

အမှာကံ=ငါတို့၏။ အာစရိယော=ဆရာဖြစ်တဲ့ အရှင်မဟာ မောဂ္ဂလ္လာန်သည်။ ပရိနိဗ္ဗုတော ကိရ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီတဲ့။

ဒို့ဆရာ အရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံပြီတဲ့ ... လို့ အုတ်အုတ် ကျက်ကျက် တစ်ယောက်က တစ်ယောက် သတင်းစကား ပြောကြားကြ ပြီး နတ်၌ဖြစ်သော ပန်းတွေ၊ နံ့သာတွေ၊ အထုံအခိုးတွေ၊ နတ်ထင်း စန္ဒကူးတွေ ယူလာကြပြီး လူ့ပြည်မှာ ရာဇဂြိုဟ်ပြည်ရဲ့အနီး ဣသိဂိလိ

http:\\www.dhammadownload.com



တောင်ယံ ကာဠသိလာ ကျောက်ဖျာအနီးမှာ နတ်တွေလာပြီး စုဝေးကြတယ်။

မြတ်စွာဘုရားကလည်း ရဟန်းတော်ပေါင်းများစွာ ခြံရံ၍ ကာဠ–သိလာကျောက်ဖျာသို့ ကြွပြီး ရှာပနကိစ္စကို ဘုရားကိုယ်တိုင် အုပ်ချုပ်ပြီး ခုနစ်ရက်ကြာ စီမံတော်မူတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် မထေရ်ရဲ့ ဥတုဇရုပ်ကလာပ်အနီး ရပ်တည်တော်မူပြီးလျှင် (၉၉)ကိုးဆယ့်ကိုးတောင် မြင့်သော စန္ဒကူးထင်းပုံထက်၌ ရုပ်ကလာပ်ကို တင်ပြီး သင်္ဂြိုဟ်မှု ပြုစေတော်မူတယ်။ အဲဒီ သာဓုကီဠနသဘင် ဘယ်လောက် စည်ကားသလဲဆိုယင် လူတွေအကြားမှာ နတ်တွေ၊ နတ်တွေအကြားမှာ လူတွေ၊ တစ်ခါ တာဝတိံသာ၊ ယာမာ အစရှိတဲ့ အထက်အထက် နတ်တွေရဲ့ အကြားမှာမှ ဂန္ဓဗ္ဗနတ်တွေ၊ ယက္ခနတ်တွေ၊ နဂါးတွေ၊ ဂဠုန်တွေ၊ ကိန္နရာတွေ၊ အဲ–ကိန္နရာတွေရဲ့ အကြားမှာမှ နတ်ထီးဖြူတွေ၊ နတ်ထီးဖြူတွေရဲ့ အကြားမှာမှ စမရီသားမြီးယပ်တွေ၊ စမရီသားမြီးယပ်တွေရဲ့ ကြားမှာမှ နတ်အောင်လံတွေ၊ အောင်လံတွေကြားမှာမှ နတ်တံခွန် ကုက္ကားတွေ စိုက်ထူပြီး ခုနစ်ရက်ကြာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပြုလုပ်ပေးကြလေသည်။ သာဓုကီဠနသဘင် ခုနစ်ရက်ကြာ ဆင်ယင်ပြီး (၉၉)ကိုးဆယ့်ကိုးတောင် အမြင့်ဆောင်သော စန္ဒကူး နံ့သာထင်းပုံပေါ်တင်ပြီး ရှာပနာမှု သင်္ဂြိုဟ်ခြင်း ပြုကြတယ်။

ထွက်ပေါ်လာတဲ့ ဓာတ်တော်များကို မြတ်စွာဘုရားက ရဟန်းများကို ယူစေခဲ့ပြီး ဝေဠုဝန်ကျောင်းတော် တံခါးမုခ်အနီး စေတီတည်ထားစေတော်မူတယ်။ ပုံပန်းမှာတော့ ရှင်မဟာမောဂ္ဂလ္လာန်ရဲ့ ဓာတ်တော်၊ ရှင်သာရိပုတ္တာရာရဲ့ ဓာတ်တော် နှစ်ခုစလုံး စုပြီးတော့ ဝေဠုဝန်ကျောင်းတိုက်ထဲမှာ စေတီတည်ထားခဲ့ပုံရတယ်။ အဲဒီတော့မှ ဓမ္မသာလာ=ဓမ္မာရုံ ခန်းမဆောင်ရဲ့ အတွင်းမှာ ရဟန်းတော်များ အချင်းချင်း ပြောဆိုကြတယ်။

http:\\www.dhammadownload.com



အာဝုသော သာရိပုတ္တတ္ထေရော တထာဂတဿ သန္တိကေ
အပရိနိဗ္ဗုတတ္တာ ဗုဒ္ဓါနံ သန္တိကာ မဟန္တံ သမ္မာနံ န လဘိ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့ ...။ သာရိပုတ္တ- တ္ထေရော=အရှင်သာရိပုတ္တရာ မထေရ်သည်။ တထာဂတဿ သန္တိကေ=မြတ်စွာဘုရား၏အနီး၌။ အပရိနိဗ္ဗုတတ္တာ=ပရိနိဗ္ဗာန် မဝင်စံသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓါနံ သန္တိကာ=မြတ်စွာဘုရားရှင် တို့၏ အထံမှ။ မဟန္တံ=ကြီးစွာသော။ သမ္မာနံ=မြတ်နိုးတနာ ပူဇာ ယုယမှုကို။ န လဘိ=မရရှာချေ ...။

ငါ့ရှင်တို့ ... အရှင်သာရိပုတ္တရာကတော့ ဘုရားရှင်ရဲ့ မျက်ကွယ် မှာ ပရိနိဗ္ဗာန်စံတယ်။ ဒီတော့ မြတ်စွာဘုရားရဲ့ အချီးအမြှောက် အပြု အစု အယုအယကို မခံရရှာဘူး။

မဟာမောဂ္ဂလ္လာနတ္ထေရော ပန ဗုဒ္ဓါနံ သမီပေ ပရိနိဗ္ဗုတတ္တာ
မဟာသမ္မာနံ လဘိ။

မဟာမောဂ္ဂလ္လာနတ္ထေရော ပန=အရှင် မဟာမောဂ္ဂလ္လာန် မထေရ်သည်ကား။ ဗုဒ္ဓါနံ သမီပေ=ဘုရားရှင်တို့၏အနီး၌။ ပရိနိဗ္ဗု တတ္တာ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသည်၏ အဖြစ်ကြောင့်။ မဟာ သမ္မာနံ=ကြီးစွာသော မြတ်နိုးတနာ ပူဇော်သက္ကာရ ယုယမှုကို။ လဘိ=ရခဲ့လေပြီ ...။

အရှင်မောဂ္ဂလ္လာန်ကျတော့ ဘုရားရဲ့ အနီးမှာ ပရိနိဗ္ဗာန် စံတဲ့ အတွက် ဘုရားကိုယ်တော်မြတ်ရဲ့ အချီးအမြှောက်ကို အများဆုံး ရ တယ်။ ဒီအကြောင်းကို ရဟန်းတွေ ပြောနေတုန်း ဗုဒ္ဓါသန ဓမ္မပလ္လင် ပေါ်မှာ ဘုရားကိုယ်တော်မြတ်ကြီး ပေါ်လာပြီး -

ကာယ နုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ။

ချစ်သားတို့ ...၊ ယခုအခါ ဘယ်စကားနဲ့များ သင်ချစ်သားတို့ စည်းဝေးနေကြသတုံး ...လို့ မေးတော့ ရဟန်းတော်များက -

http:\\www.dhammadownload.com



ဣမာယ နာမ=ဤအမည်ရှိတဲ့ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ် နှစ်ပါးအနက် အရှင်သာရိပုတ္တရာက ဘုရားရဲ့ အနီးမှာ ပရိနိဗ္ဗာန် မစံလို့ ဘုရားရဲ့အထံမှ အချီးအမြှောက် မခံရတဲ့ အကြောင်း၊ အရှင်မဟာမောဂ္ဂလ္လာန်ကတော့ ရှင်တော်ဘုရားရဲ့အနီးမှာ ပရိနိဗ္ဗာန်စံတဲ့အတွက် ဘုရားရဲ့ အချီးအမြှောက်ကို ခံရတဲ့အကြောင်း ပြောနေပါတယ်ဘုရား .. လို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက–

န ဘိက္ခဝေ ဣဒါနေဝ မောဂ္ဂလ္လာနော မမ သန္တိကာ သမ္မာနံ လဘတိ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဣဒါနေဝ=ယခုနောက်ဆုံး ပစ္ဆိမ ဤဘဝ၌သာလျှင်။ မောဂ္ဂလ္လာနော= မောဂ္ဂလ္လာန်သည်။ မမ သန္တိကာ=ငါဘုရား၏ အထံမှ။ သမ္မာနံ= မြတ်နိုးတနာပူဇာယုယမှုကို။ လဘတိ=ရသည်ကား။ န=မဟုတ်ပေ။

ချစ်သားတို့ ...၊ မောဂ္ဂလ္လာန်သည် ယခုနောက်ဆုံး ဘဝမှာသာ ငါဘုရားရဲ့ အချီးအမြှောက်ကို ရတာ မဟုတ်ဘူး။

ပုဗ္ဗေပိ လဘိယေဝ=ရှေးရှေးဘဝတုန်းကလည်းပဲ ငါဘုရားရဲ့ အချီးအမြှောက်ကို မောဂ္ဂလ္လာန်ဟာ ရခဲ့ပြီ။

အဲဒီလို အရိပ်အမြွက် မိန့်ကြားလိုက်လျှင်ပဲ အရှင်အာနန္ဒာတို့က "အတိတ်အကြောင်း ပြန်ပြောင်းမိန့်ဆိုတော်မူပါ ဘုရား ...လို့ လျှောက်ထားတောင်းပန်တဲ့အတွက် မြတ်စွာဘုရား အတိတ်ဖြစ်ရပ် သရဘင်္ဂ ဇာတ်ကို ဟောတော်မူခဲ့ပါတယ်။ စတ္တာလီသနိပါတ် ခမ်းနားတဲ့ ဇာတ်ကြီးတစ်ခုပါပေ။

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော ပုရောဟိတဿ ဗြာဟ္မဏိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဏှိတွာ ဒသမာသစ္စယေန ပစ္စူသသမယေ မာတုကုစ္ဆိတော နိက္ခမိ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့ ...။ အတီတေ= အတိတ်ဝေးစွာ ရှေးအခါ၌။ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ=ဗာရာဏသီပြည် အရပ်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုစဉ်။ ဗောဓိသတ္တော=ဘုရားအလောင်းသည်။ ပုရောဟိတဿ=ပုရော ဟိတ်ပုဏ္ဏားရဲ၏။ ဗြာဟ္မဏိယာ=အိမ့်ရှင်မ ပုဏ္ဏေးမကြီး၏။ ကုစ္ဆိမှိ =ဝမ်းကြာတိုက်၌။ ပဋိသန္ဓိံ ဂဏှိတွာ=ပဋိသန္ဓေ ယူနေတော်မူ၍။ ဒသမာသစ္စယေန=ဆယ်လ လွန်သောအခါ၌။ ပစ္စူသသမယေ= နံနက်မိုးသောက်ထအခါ၌။ မာတုကုစ္ဆိတော=မယ်တော့်ဝမ်းမှ။ နိက္ခမိ=ဖွားမြောက်သန့်စင် မီးရှူးမြင်ခဲ့လေပြီ။

အတိတ်အခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရား အလောင်းဟာ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့ဇနီး ပုဏ္ဏေးမကြီးဝမ်း ဘုန်းရိပ် လွှမ်း၍ ငြိမ်းချမ်းသန္ဓေ ဆယ်လနေပြီးတဲ့နောက် မိုးသောက်ထအခါမှာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့တယ်။ "မိုးသောက်ထအချိန်မှာ ဘုန်းကံ ကြီးတဲ့ ပုဂ္ဂိုလ်များ မီးရှူးသန့်စင် ဖွားမြင်တတ်တယ်။"

အဲဒီအလောင်းတော် ဖွားမြင်လိုက်တယ်ဆိုယင်ပဲ ဗာရာဏသီ တစ် ပြည်လုံးမှာရှိတဲ့ ဓားတွေ၊ လှံတွေ၊ သန်လျက်တွေ၊ လက်နက်တွေ အကုန်လုံး မီးဟုန်းဟုန်းထပြီး တောက်တယ်။ တစ်မြို့လုံး ထိတ်လန့် နေကြတယ်။ ခမည်းတော် ပုရောဟိတ်ပုဏ္ဏားကြီးက သားတော် ဖွား မြင်ပြီးနောက် အိမ့်ပြင်ထွက်၍ ကောင်းကင်ကိုကြည့်ပြီး နက္ခတ်ယှဉ်ပုံ ကို မြင်တဲ့အတွက် –

ဣမိနာ နက္ခတ္တေန ဇာတတ္တာ ဧသော ကုမာရော သကလ– ဇမ္ဗုဒီပေ ဓနုဂ္ဂဟာနံ အဂ္ဂေါ ဘဝိဿတိ။

ငါ့သား ဖွားမြောက်တဲ့ နက္ခတ်ကိုကြည့်တော့ ဤသို့သော နက္ခတ် နှင့် ယှဉ်ပြီး မီးရှူးသန့်စင်တဲ့အတွက် ဤငါ့သားသည် ဇမ္ဗူဒိပ် တစ်

http:\\www.dhammadownload.com



ကျွန်းလုံးမှာ "လေးသမားတကာတို့တွင် အသာဆုံးအမြတ်ဆုံး ဖြစ်လိမ့်မည်" လို့ ခမည်းတော် ပုရောဟိတ် ပုဏ္ဏားကြီးက နိမိတ်ဖတ်တယ်။

နိမိတ်ဖတ်ပြီး စောစောစီးစီးပင် ဗာရာဏသီမင်းထံ သွားရောက်ခစားပြီး –

သုခံ သယိတ္ထ မဟာရာဇ။

မဟာရာဇာကြီးဘုရား ...၊ ညက ချမ်းချမ်းသာသာ ကျိန်းစက်တော်မူရပါရဲ့လား–လို့ (မေးတော့ ဗာရာဏသီမင်းက)–

ကုတော မေ အာစရိယ သုခံ။

ဆရာ ...၊ ကျွန်ုပ်အဖို့ရာ အဘယ်မှာ ချမ်းသာမည်လဲ။ (ဘာဖြစ်လို့လဲဆိုတော့)–

အဇ္ဇ သကလနိဝေသနေ အာဝုဓာနိ ပဇ္ဇလိတာနိ။

အဇ္ဇ=ယနေ့။ သကလနိဝေသနေ=နန်းတော် တစ်ခုလုံး၌။ အာဝုဓာနိ=ဓား လှံ အစရှိတဲ့ လက်နက်တို့သည်။ ပဇ္ဇလိတာနိ= အလျှံ တပြောင်ပြောင် တောက်လောင်၍ နေကြကုန်၏။

ရွှေနန်းတော်တစ်ခုလုံးမှာရှိတဲ့ ဓားတွေ၊ လှံတွေ အားလုံးဟာ မီးဟုန်းဟုန်း ထတောက်နေကြတယ် ဆရာကြီး ...၊ ဘယ်ချမ်းသာမည်လဲ– (ဆိုတော့)–

ပုရောဟိတ်ပုဏ္ဏားကြီးက

မာ ဘာယိ ဒေဝ။

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ် ...။ မာ ဘာယိ= ကြောက်တော်မမူပါနဲ့ ဘုရား ...။

အရှင်မင်းတရား မကြောက်ပါနဲ့။

န တုမှာကံ နိဝေသနေယေဝ။

အရှင်မင်းကြီးတို့ရဲ့ ရွှေနန်းတော်မှာသာ လက်နက်များ အလျှံတပြောင်ပြောင် တောက်လောင်တာ မဟုတ်ပါဘူး။

http:\\www.dhammadownload.com



သကလနဂရေပိ ပဇ္ဇလိံသုယေဝ။

တစ်မြို့လုံးမှာရှိတဲ့ လက်နက်တွေဟာ အလျှံတပြောင်ပြောင် တောက်လောင်ကြပါတယ် ဘုရား။

အဇ္ဇ အမှာကံ ဂေဟေ ကုမာရဿ ဇာတတ္တာ ဧဝံ အဟောသိ။

အဇ္ဇ=ယနေ့။ အမှာကံ ဂေဟေ=အကျွန်ုပ်တို့၏ အိမ်၌။ ကုမာရဿ ဇာတတ္တာ=သားသူငယ်ကို မွေးဖွားသောကြောင့်။ ဧဝံ= ဤသို့။ အဟောသိ=လက်နက်များ အလျှံတပြောင်ပြောင် တောက် လောင်ခြင်း ဖြစ်ပါတယ်ဘုရား ...လို့ ပြန်လည်လျှောက်ထား တယ်။

ဗြဟ္မဒတ်မင်းကြီးက -

အာစရိယ ဧဝံ ဇာတကုမာရဿ ပန ကိံ ဘဝိဿတိ။

ဆရာ၊ ဤကဲ့သို့ တစ်မြို့လုံးရှိတဲ့ လက်နက်တွေ မီးဟုန်းဟုန်း တောက်ပြီး ဖွားမြောက်တဲ့ သူငယ်အဖို့ ဘယ်လိုဖြစ်နိုင်သနည်း-လို့ မေးသောအခါ၊ ပုရောဟိတ်ပုဏ္ဏားကြီးက -

န ကိဉ္စိ မဟာရာဇ=တစုံတခု အန္တရာယ် ဖြစ်မည်မဟုတ်ပါ အရှင် မင်းကြီး ...။

ပန=အထူးကတော့။ သော=ထိုသတို့သားသည်။ (ဝယပ္ပတ္တ ကာလေ=အရွယ်ရောက်သောအခါ၌။) သကလဇမ္ဗုဒီပေ=ဇမ္ဗူဒိပ် တစ်ကျွန်းလုံး၌။ ဓနုဂ္ဂဟာနံ=လေးသမားတကာတို့တွင်။ အဂ္ဂေါ= အသာဆုံး အမြတ်ဆုံးသည်။ ဘဝိဿတိ=ဖြစ်ပါလိမ့်မည်ဘုရား ...လို့ လျှောက်ထားတယ်။

ဒီတော့ ဗြဟ္မဒတ်မင်းကြီးက -

သာဓု အာစရိယ=ကောင်းပါပြီ ဆရာကြီး ...။

တေန ဟိ နံ ပဋိဇဂ္ဂိတွာ ဝယပ္ပတ္တကာလေ အမှာကံ ဒဿေယျာသိ။

http:\\www.dhammadownload.com



တေန ဟိ=သို့တပြီးကား။ နံ=ထိုသတို့သားကို။ ပဋိဇဂ္ဂိတွာ=မွေးကျွေးသုတ်သင်၍။ ဝယပ္ပတ္တကာလေ=အရွယ်မြောက် ရောက်သောအခါ၌။ အမှာကံ=ငါတို့အား။ ဒဿေယျာသိ=ပြပေလော့ ...

ဟု -

ဆိုပြီး ရှေးဦးစွာ နို့ဖိုးတစ်ထောင် ပေးစေသည်။ ပုရောဟိတ်ပုဏ္ဏားကြီးသည် ထိုနို့ဖိုးငွေတစ်ထောင်ကို ယူ၍ အိမ်သို့သွားပြီး ပုဏ္ဏေးမကြီးအားပေးပြီး သားတော်အား အမည်မှည့်သောနေ့၌ တစ်မြို့လုံးမှာ လက်နက်တွေ အလျှံတပြောင်ပြောင် တောက်လောင်သည်ကို အစွဲပြုပြီး "ဇောတိပါလ သတို့သား" လို့ -

လက်နက်တွေ အလျှံတပြောင်ပြောင် တောက်လောင်မှုကို အစွဲပြုပြီးတော့ ဇောတိ၊ တိုင်းပြည်နှင့်တကွ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စောင့်ရှောက်မည့် သူတော်ကောင်း ဖြစ်မှာမို့လို့ ပါလ=နာမည် စပ်ပြီးတော့ "ဇောတိပါလ"လို့ အမည်မှည့်ခေါ်တယ်။

ဇောတိပါလ သတို့သား ချမ်းချမ်းသာသာ ကြီးပွား၍ ဆယ့်ခြောက်နှစ်သားအရွယ် တင့်တယ်သော အဆင်းရှိသည်ကို ခမည်းတော် ပုရောဟိတ်ပုဏ္ဏားကြီးက ကြည့်၍ အသပြာကျပ်တစ်ထောင်ပေးအပ်ပြီး ...

တာတ တက္ကသီလံ ဂန္တွာ ဒိသာပါမောက္ခဿ အာစရိယဿ သန္တိကေ သိပ္ပံ ဥဂ္ဂဏှာဟိ။

ချစ်သား ... တက္ကသိုလ်သွားပြီးတော့ ဒိသာပါမောက္ခဆရာကြီးထံမှာ အသပြာ(၁၀၀၀ိ) တစ်ထောင်ပေးပြီး အတတ်ပညာကို သင်ယူပါချေ ...ဟု ပြောဆို၍ လွှတ်လိုက်လေသည်။

ဤ၌ တက္ကသိုလ်ဆရာထံ တပည့်ခံကြသူများမှာ -

(၁) ဓမ္မန္တေဝါသိက တပည့်တစ်မျိုး၊

(၂) ဓမ္မန္တေဝါသိက တပည့်တစ်မျိုးဟူ၍ နှစ်မျိုးရှိကြသည်။ ထို နှစ်မျိုးတို့တွင် -

http:\\www.dhammadownload.com



(၁) ဓနန္တေဝါသိက တပည့်ဆိုသည်မှာ အသပြာတစ်ထောင် ပညာတန်ဖိုး ဆရာကြီးအားပေးပြီး ဆရာရဲ့ဝေယျာဝစ္စ မလုပ်ရဘဲ အချိန်ရှိသမျှ ပညာကိုသာ သင်ယူရသော တပည့်ဟု ဆိုလိုသည်။ (ဓန= အသပြာတစ်ထောင် ပညာတန်ဖိုးပေး၍။ အန္တေဝါသိက=တပည့် အဖြစ် ခံယူသော တပည့်ဟု ဆိုလိုသည်။

(၂) ဓမ္မန္တေဝါသိက တပည့်ဆိုသည်မှာ ငွေကြေးမတတ်နိုင်၍ ပညာတန်ဖိုး ဆရာကြီးအား မပေးနိုင်ဘဲ ဆရာရဲ့ ဝေယျာဝစ္စ ဝတ်ကြီး ဝတ်ငယ်များကို ပြုလုပ်ပြီး အားလပ်တဲ့ အချိန်မှာမှ ပညာသင်ယူရသော တပည့်ဟု ဆိုလိုသည်။ (ဓမ္မ=ဆရာ၏ ဝေယျာဝစ္စဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်ပြီး။ အန္တေဝါသိက=အားလပ်တဲ့အချိန်မှာ ပညာသင်ယူရသော တပည့်ဟု ဆိုလိုသည်။

အလောင်းတော် ဇောတိပါလ လုလင်သည် "ကောင်းပါပြီ"ဟု ခမည်းတော်အား ဝန်ခံ၍ ဆရာ့အဖို့ အသပြာတစ်ထောင်ကို ယူပြီး မိဘနှစ်ပါးကို ရှိခိုးပြီးလျှင် တက္ကသိုလ်ပြည်သို့ သွားပြီး အသပြာတစ်ထောင် ဆရာကြီးအားပေး၍ "ဓနန္တေဝါသိက"တပည့်အဖြစ်ခံ၍ အတတ်ပညာ သင်ကြားလတ်သော် ပညာဉာဏ် ထက်မြက်တဲ့ ပါရမီရှင် ဖြစ်၍ မကြာမီ ခုနစ်ရက်အတွင်းမှာပဲ လေးအတတ်ကို တစ်ဘက်ကမ်းခပ် တတ်မြောက်တော်မူလေသည်။

ဒီအခါမှာ ဆရာကြီးက "ငါ့တစ်သက်မှာ သင့်လိုသူ မတွေ့ဖူးပါကွာ။ ငါ၏ကိုယ်စား အပ်နှင်းထိုက်တဲ့ လူတစ်ယောက်ပါပဲ"လို့ဆိုပြီး သူ့ လေးပစ်တဲ့အခါမှာ လေးသမားတို့ရဲ့ အဆောင်အယောင်အနေနဲ့ ကိုင်ဆောင်ရတဲ့ (၁)ဆရာကြီးကိုင်တဲ့ သန်လျက်၊ (၂) ဆရာကြီးကိုင်တဲ့ ဆိတ်ချိုလေး (ဆိတ်ချိုလေးမှာ ရိုးရိုးလေးမျိုး မဟုတ်၊ အစပ်အခေါက်ကို ဖြုတ်ထားယင် လေးပါမှန်း မသိရဘူး။ သူ့အဆက်နှင့်သူ ပြန်စပ်ပြီး တပ်လိုက်မှ လေးမှန်း သိရတယ်။) (၃) ထို့အတူ စပ်၍ ယူရသော

http:\\www.dhammadownload.com



မြား (မြားပုံး)=(မြားထည့်ထားတဲ့ မြားပုံးကလည်း ရိုးရိုးမြားပုံး မဟုတ်ဘူး၊ အဆက်အစပ်များကို ဖြုတ်ထားယင် မြားပုံးမှန်း မသိဘူး၊ သူ့အစပ်နဲ့သူ ပြန်စပ်လိုက်မှ မြားပုံး=တောင့်မှန်း သိရတယ်။) (၄)ပြီးတော့ ဆရာကြီးလေးပစ်တဲ့အခါမှာ ဝတ်တဲ့ အဝတ် ချုပ်မိန်ညို၊ (၅) ထို့အတူ လေးပစ်တဲ့အခါ အပေါ်ကဆောင်းတဲ့ သင်းကျစ်၊ ဤ အဆောင်အယောင် ငါးမျိုးကို အလောင်းတော် ဇောတိပါလလုလင်အား အပ်နှင်းပေးပြီး ဆရာကြီးက ဘာပြောသလဲဆိုတော့ -

တာတ ဇောတိပါလ အဟံ မဟလ္လကော။

ချစ်သား ဇောတိပါလ ...၊ ငါ အသက်အရွယ် ကြီးပါပြီကွယ်။

ဣဒါနိ တွံ ဣမေ မာဏဝကေ သိက္ခာပေဟိ။

ဣဒါနိ=ယခုအခါ၌။ တွံ=သင်ချစ်သားသည်။ ဣမေ မာဏဝကေ=ဤငါ့ထံမှောက် ယခု ရောက်နေတဲ့ ငါးရာသော လုလင်တို့ကို။ သိက္ခာပေဟိ=အတတ်ပညာများ သင်ကြားပြသပေးပါ။

ဆိုပြီး လက်နက်ကိုလည်း အပ်တယ်၊ အဆောင်အယောင်ကိုလည်း အပ်တယ်၊ တပည့်တွေကိုလည်း လွှဲအပ်တယ်။

အလောင်းတော် ဇောတိပါလလုလင်သည် ဆရာကြီးအထံ၌ ဆောင်ရွက်ရန်ကိစ္စ ပြည့်ဝအောင် ဆောင်ရွက်ပြီး ဆရာကြီးကို ရှိခိုး၍ ဗာရာဏသီပြည်သို့သာလျှင် ပြန်လာပြီး မိဘတို့ကို ရှိခိုး၍ လက်အုပ်ချီရပ်တည်နေသောအခါ ခမည်းတော် ပုရောဟိတ်ပုဏ္ဏားကြီးက-

ဥဂ္ဂဟိတံ တေ တာတ သိပ္ပံ။

ချစ်သား ... အတတ်ပညာများ သင်ကြားတတ်မြောက်ခဲ့ပြီလား-ဟု မေးလေသည်။ သားတော်က -

အာမ တာတ=သင်ကြားတတ်မြောက်ခဲ့ပါပြီ ခမည်းတော် - ဟု ဖြေကြားလေသည်။

http:\\www.dhammadownload.com



ခမည်းတော် ပုရောဟိတ်ကြီးသည် သား၏စကားကို ကြားရပြီးလျှင် ရွှေနန်းတော်သို့ သွား၍ –

ပုတ္တော မေ ဒေဝ သိပ္ပံ သိက္ခိတွာ အာဂတော၊ ကိံ ကရောတု။

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ်ဘုရား ...။ မေ=အကျွန်ုပ်၏။ ပုတ္တော=သားသည်။ သိပ္ပံ သိက္ခိတွာ=အတတ်ပညာကို သင်ကြားပြီးတော့။ အာဂတော=ပြန်လာပါပြီဘုရား။ ကိံ ကရောတု=အဘယ်အမှုကို ပြုစေလိုပါသနည်း ဘုရား ...လို့

မေးတော့ ဗြဟ္မဒတ်မင်းကြီးက –

အာစရိယ အမှေ ဥပဋ္ဌဟတု။

အာစရိယ=ဆရာ...။ အမှေ=ငါတို့ကို။ ဥပဋ္ဌဟတု=ဆည်းကပ်ခစားပါစေ။

ဆရာ ... ဆရာ့သား ငါတို့အနားမှာ ခစားပါစေ ဆိုတော့ ပုရောဟိတ်ကြီးက –

ပရိဗ္ဗယ+မဿ ဇာနာထ ဒေဝ။

ဒေဝ=အရှင်မင်းမြတ်ဘုရား ...။ အဿ=ထိုအကျွန်ုပ်ရဲ့သား ဇောတိပါလအတွက်။ ပရိဗ္ဗယံ ဇာနာထ=နေ့စားလစား ရိက္ခာများ စဉ်းစားတော်မူပါဘုရား ... လို့လျှောက်ထားတော့ –

သော ဒေဝသိကံ သဟဿံ လဘတု။

သော=ထိုဇောတိပါလ လုလင်သည်။ ဒေဝသိကံ=နေ့တိုင်း နေ့တိုင်း။ သဟဿံ = အသပြာတစ်ထောင် တစ်ထောင်ကို။ လဘတု=ရစေ ... လို့ မင်းက အမိန့်ရှိတယ်။

တစ်နေ့လျှင် ရိက္ခာတစ်ထောင်ဆိုတော့ တစ်လလျှင် သုံးသောင်း၊ အဲဒီခေတ်က မျက်စိနဲ့ကြည့်ယင် အင်မတန် များနေတယ်။ ဒီတော့ ဘေးပတ်ဝန်းကျင်က မခံချင်ဘူး။ တစ်နည်းအားဖြင့် မရှုချင့်မရဲ ဖြစ်ကြပြီး မင်းမှုထမ်းတွေက –

http:\\www.dhammadownload.com



မယံ ဓောတိပါလေန ကတကမ္မံ န ပဿာမ။

မယံ=ငါတို့သည်။ ဓောတိပါလေန=ဓောတိပါလလုလင်သည်။ ကတကမ္မံ=ပြုအပ်တဲ့ အမှုကို။ န ပဿာမ=ဘာတစ်ခုမှ မမြင်ကြရဖူးဘူး။

ဓောတိပါလ ပြုလုပ်တာ ဘာတစ်ခုကိုမှ ဒို့ မမြင်ရဖူးဘူး။

ဒေဝသိကံ သဟဿံ ဂဏှာတိ။

နေ့တိုင်း နေ့တိုင်း ရိက္ခာကိုတော့ တစ်ထောင်တစ်ထောင် ယူနေတာပဲ။

မယ+မဿ သိပ္ပံ ပဿိတုကာမာ။

မယံ=အကျွန်ုပ်တို့သည်။ အဿ=ထို ဓောတိပါလ၏။ သိပ္ပံ=အတတ်ပညာကို။ (ဘယ်လိုအတတ်လဲဆိုတာ)။ ပဿိတုကာမာ=ကြည့်လိုကြကုန်၏ ... လို့ -

တိုင်ပင်ကြပြီး ကဲ့ရဲ့ရှုတ်ချစကား မင်းကြီး ကြားအောင် ပြောကြတယ်။ ဗြဟ္မဒတ်မင်းကြီးက မင်းမှုထမ်းတို့စကား ကြားလတ်သော် ပုရောဟိတ်ကြီးအား ပြောကြားသဖြင့် ပုရောဟိတ်ကြီးက -

သာဓု ဒေဝ=ကောင်းပါပြီ အရှင်မင်းကြီး ... ဟု ဆိုပြီး သားတော်အား ပြောကြားလေလျှင် သားတော်က -

သာဓု တာတ ဣတော သတ္တမေ ဒိဝသေ ဒဿေဿာမိ သိပ္ပံ၊ အပိ စ ရာဇာ အတ္တနော ဝိဇိတေ ဓနုဂ္ဂဟေ သန္နိပါတာပေတု။

တာတ=ခမည်းတော်ဘုရား ...။ သာဓု=ကောင်းပါပြီ။ ဣတော=ဤယနေ့မှ။ သတ္တမေ ဒိဝသေ=ခုနစ်ရက်မြောက်ရောက်သောနေ့၌။ သိပ္ပံ=အကျွန်ုပ်၏ လေးအတတ်ကို။ ဒဿေဿာမိ=ပြပါမယ်။ အပိ စ=အထူးစကား ပြောကြားလိုတာကတော့။ ရာဇာ=မင်းကြီးသည်။ အတ္တနော ဝိဇိတေ=မိမိနိုင်ငံ၌။ ဓနုဂ္ဂဟေ=ရှိသမျှ လေးသမားတို့ကို။ သန္နိပါတာပေတု=စုဝေးတော် မူစေလိုပါတယ်လို့

http:\\www.dhammadownload.com



အလောင်းတော်က ပြောတယ်။

ပုရောဟိတ်ကြီး နန်းတော်သွား၍ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားလေလျှင် ဗြဟ္မဒတ်မင်းကြီးသည် ဗာရာဏသီပြည်၌ စည်လည်စေ၍ လေးသမားတို့ကို စုဝေးစေသည်။ လေးဆရာပေါင်း ခြောက်သောင်း စုဝေးမိကြလေသည်။ မင်းကြီးသည် ထိုသို့ လေးသမားတို့ စုဝေးမိသည်ကို သိပြီး -

နဂရဝါသိနော ဇောတိပါလဿ သိပ္ပံ ပဿန္တု။

နဂရဝါသိနော=မြို့နေလူအပေါင်းတို့သည်။ ဇောတိပါလဿ= ဇောတိပါလ လုလင်၏။ သိပ္ပံ=လေးအတတ်ကို။ ပဿန္တု=လာ ရောက် ရှုလည့်ကြကုန် ...

လို့ ဗာရာဏသီပြည်အလုံး စည်လည်စေပြီး မင်းရင်ပြင်=နန်းတော် မြေကွက်လပ်ကို တန်ဆာဆင်စေ၍ လူအပေါင်း ခြံရံကာ ရာဇာပလ္လင် ထက်၌ ထိုင်နေပြီးသော် လေးသမားခြောက်သောင်းတို့ကို ခေါ်စေပြီးမှ-

ဇောတိပါလော အာဂစ္ဆတု။

ဇောတိပါလ ... လာခဲ့လို့ ဗြဟ္မဒတ်မင်းက အမိန့်ပေးတယ်။ ပရိသတ်တွေက ကြိတ်ကြိတ်တိုး အင်မတန် စည်ကားနေတဲ့အထဲမှာ အဆောင်အယောင်နှင့်တကွသော လေးကို (သူ့ဟာ ခေါက်လိပ်ဖြုတ်ယူ လို့ရတယ်။ အဲဒါတွေကို အဝတ်အကြားထဲက) ဝှက်ယူလာပြီး သူ ကတော့ ပကတိအသွင်အပြင်ဖြင့် မင်းထံ လာရောက်ရှိခိုး၊ အပြစ်လွတ် ကဲ့နေရာက ရပ်တည်နေတယ်။

သူရဲ့ လေး၊ မြား၊ မြားပုံး စသည်ကို မမြင်ရတော့ လေးသမားတွေ က အချင်းချင်း -

ဇောတိပါလော ကိရ ဓနုသိပ္ပံ ဒဿေတုံ အာဂတော၊ ဓနုံ အဂ္ဂဟေတွာ ပန အာဂတော၊ အမှာကံ ဟတ္ထတော ဓနုံ ဂဟေတု ကာမော ဘဝိဿတိ၊ န+ဿ ဒဿာမ။

http:\\www.dhammadownload.com



ဇောတိပါလော=ဇောတိပါလလုလင်သည်။ နေသိပ္ပံ=လေး အတတ်ကို။ ဒဿေတုံ=ပြခြင်းငှာ။ အာဂတော ကိရ=လာရောက် သတဲ့။ ပန=ထိုသို့ပင် လေးအတတ်ကို ပြဖို့ရန် လာရောက်သော် လည်းပဲ။ ဓနုံ အဂ္ဂဟေတွာ အာဂတော=သူ့လေးကို သူမယူခဲ့ဘဲ လာရောက်ရကား။ အမှာကံ ဟတ္ထတော=ငါတို့၏လက်မှ။ ဓနုံ= လေးကို။ ဂဟေတုကာမော=ခေတ္တခဏ ငှားယူလိုသည်။ ဘဝိဿ- တိ=ဖြစ်ပေလိမ့်မည်။

လေးအတတ်ကို ပြမည်လို့ လာပြီး လေးကိုတော့ မယူခဲ့ဘူးကွာ၊ ဒီတော့ ငါတို့ရဲ့လေးကို ခေတ္တ ငှားချင်လို့ ဖြစ်လိမ့်မယ်။

အဿ=ထိုဇောတိပါလအား။ န ဒဿာမ=ငါတို့ရဲ့ လေးများ ကို မပေးကြစတမ်း။

အဲဒီလို ကတိကဝတ် ထားကြတယ်။

ဇောတိပါလကလည်းပဲ ဣန္ဒြေမပျက် သာမန်အဝတ်အစားနဲ့ပဲ မင်းကြီးအား လက်အုပ်ချီပြီး မားမားမတ်မတ် ရပ်နေတယ်။ ဒီအချိန်မှာ မင်းကြီးက -

သိပ္ပံ ဒဿေဟိ။

တာတ=ချစ်သား ဇောတိပါလ ..... ။ သိပ္ပံ=ချစ်သားပြမယ့် အတတ်ကို။ ဒဿေဟိ=ပြလော့။

ဟု အမိန့်ပေးသောအခါ အလောင်းတော် ဇောတိပါလသည် ထိုခဏမှာ ပင် တင်းတိမ်ကန့်လန့်ကာကို ကာရံစေပြီး (လေးဘက်ကာထားတဲ့ အခန်းသဖွယ် ပြုစေပြီး) ထိုအခန်းသို့ ဝင်၍ အိမ်က ဝတ်လာတဲ့ အဝတ် များကိုဖယ်၊ တက္ကသိုလ်က ဆရာကြီးပေးလိုက်တဲ့ လေးတော်သားတို့ ဝတ်ရန် ချပ်မိန်ကို ခိုင်ခိုင်မာမာဝတ်၊ ဆရာကြီးပေးလိုက်တဲ့ သန်လျက် ကို လက်ဝဲပခုံးက လွယ်၊ ဆရာကြီးပေးလိုက်တဲ့ သင်းကျစ်ကို ဦးခေါင်း ပေါ်၌ဆောင်း၊ ဆရာကြီးပေးလိုက်တဲ့ ဆက်စပ်ယူရတဲ့ ဆိတ်ချိုလေးကို

http:\\www.dhammadownload.com



ကန့်လန့်ကာအိမ် အတွင်းမှာပင် ဆက်စပ်၍ ရောမလေးကြီးကိုလွှယ်၊ စဉ်းသွားက စိန်စဉ်းသွားတပ်တဲ့ မြားက တစ်ချောင်း၊ အဲဒီမြားက အစံမြား။ တကယ့်ပစ်ရမယ်ဆိုတဲ့ မြားတွေက မြားပုံးနဲ့အပြည့် (စာစောက ဟိုလေးသမားတွေကသာ မမြင်တယ်) ထည့်ပြီး မြေကိုခွဲ၍ ထွက်လာတဲ့ နဂါးလုလင်လို တကယ့် ပုရိသမာန် အာဇာနည်မာန်နဲ့ ကန့်လန့်ကာကို ဖွင့်ပြီး ထွက်၍ မင်းကြီးအား အရိုအသေပြု၍ ရပ်တည်လေ၏။

ထိုအခြင်းအရာကို မြင်၍ လူပေါင်းများစွာတို့သည် စုပေါင်းဟစ်အော်ကြ၊ ကြွေးကြော်ကြ၊ လက်ပန်းပေါက်(လက်ခမောင်း) ခတ်ကြ၊ လက်ခေါက်မှုတ်ကြ၊ သြဘာပေးကြတယ်။ ပြည့်ရှင်မင်းကြီးက -

ဒဿေဟိ ဇောတိပါလ သိပ္ပံ။

ဇောတိပါလ=ချစ်သားဇောတိပါလ ...။ သိပ္ပံ=လေးအတတ်ကို။ ဒဿေဟိ=ပြလော့။

ဟု အမိန့်ပေးတယ်။ ဒီဟော့ ဇောတိပါလက "လေးထောင့် မဏ္ဍပ်တစ်ခုစာ ပရိသတ် ရှင်းပေးပါ" လို့ ပြောပြီး ပရိသတ် ရှင်းပြီ ဆိုတော့ မင်းကြီးအား -

ဒေဝ တုမှာကံ ဓနုဂ္ဂဟေသု အက္ခဏဝေဓိ+ဝါလဝေဓိ+သရဝေဓိ+သဒ္ဒဝေဓိနော စတ္တာရော ဓနုဂ္ဂဟေ ပက္ကောသာပေဟိ။

ဒေဝ=မြတ်သောမင်းကြီး ...။ တုမှာကံ ဓနုဂ္ဂဟေသု=အရှင်မင်းကြီးတို့ရဲ့ လေးသမားပေါင်း ခြောက်သောင်းတို့အနက်က။ အက္ခဏဝေဓိ+ဝါလဝေဓိ+သရဝေဓိ +သဒ္ဒဝေဓိနော=လျှပ်စီးလက်သည့်အချိန်မှာ ရည်မှန်းရာကို မှန်အောင်ပစ်နိုင်တဲ့ အက္ခဏဝေဓိ လေးသမား၊ သားမြီးဖျားကို မှန်အောင်ပစ်နိုင်တဲ့ ဝါလဝေဓိ လေးသမား၊ ရှေ့က ပစ်လိုက်သော မြားကို နောက်ကမြားနဲ့ မှန်အောင်ပစ်နိုင်တဲ့ သရဝေဓိလေးသမား၊ မျက်စိကို အဝတ်ဖြင့် ပိတ်ထားပြီး အသံ

http:\\www.dhammadownload.com



ကြားရာကို မှန်အောင် ပစ်နိုင်တဲ့ သဒ္ဒဝေဓိ လေးသမားဟု ဆိုအပ်ကုန်သော။ စတ္တာရော ဓနုဂ္ဂဟော=လေးသမားကြီး လေးယောက်တို့ကို။ ပဋ္ဌောသာပေဟိ=ခေါ်စေတော်မူပါဘုရား ...။

အရှင်မင်းကြီး ... အရှင်မင်းကြီးရဲ့ လေးသမားများထဲက အက္ခဏဝေဓိ လေးသမားကြီးတစ်ယောက်၊ ဝါလဝေဓိ လေးသမားကြီး တစ်ယောက်၊ သရဝေဓိ လေးသမားကြီးတစ်ယောက်၊ သဒ္ဒဝေဓိ လေးသမားကြီးတစ်ယောက်၊ အားလုံးလေးယောက် ခေါ်စေတော်မူပါဟု လျှောက်ထား၍ မင်းကြီးကလည်း ခေါ်စေသဖြင့် ရောက်ကြသောအခါ အလောင်းတော် ဇောတိပါလက လေးထောင့်မဏ္ဍပ်၏ ထောင့်လေးထောင့်တို့၌ လေးဆရာကြီး လေးယောက်တို့ကို ရပ်တည်နေစေပြီး လေးဆရာကြီး တစ်ယောက် တစ်ယောက်အား မြားအစင်းပေါင်း သုံးသောင်း သုံးသောင်းစီ ရေပြီး အပ်တယ်။ လေးဆရာကြီးများ ကိုင်ထားရလျှင် ဝန်လေးမည်စိုး၍ လေးဆရာ တစ်ယောက် တစ်ယောက်လျှင် မြားကောက်ပေးမည့်လူ တစ်ယောက် တစ်ယောက်စီ ပေးပြီးမှ မိမိကိုယ်တိုင်ကမူ မဏ္ဍပ်၏အလယ်မှာ စိန်စဉ်းသွားတပ်တဲ့ မြားတစ်လက်တည်း ကိုင်ထားပြီး မင်းကြီးကို လျှောက်ထားတယ်။

မဟာရာဇ ဣမေ စတ္တာရော ဓနုဂ္ဂဟာ ဧကပ္ပဟာရေနေဝ သရေ ခိပိတွာ မံ ဝိဇ္ဈန္တု၊ အဟံ ဧတေဟိ ခိတ္တကဏ္ဍာနိ နိဝါရေဿာမိ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ ဣမေ စတ္တာရော ဓနုဂ္ဂဟာ =ဤလေးသမားကြီး လေးယောက်တို့သည်။ ဧကပ္ပဟာရေနေဝ= တစ်ပြိုင်နက်တည်းမှာပင်။ သရေ ခိပိတွာ=မြားတို့ကို လွှတ်၍။ မံ=အကျွန်ုပ်ကို။ ဝိဇ္ဈန္တု=ပစ်ကြပါစေ။ အဟံ=အကျွန်ုပ်သည်။ ဧတေဟိ ခိတ္တကဏ္ဍာနိ=ထိုလေးဆရာကြီးလေးယောက်တို့ ပစ်လွှတ်လိုက်တဲ့ မြားတို့ကို။ နိဝါရေဿာမိ=ဟောဒီ စိန်စဉ်းသွားတပ်ထားတဲ့ မြားတစ်စင်းနဲ့ပဲ ခုခံကာကွယ်ပါမည် ဘုရား ...

http:\\www.dhammadownload.com



လို့ (ဆိုတော့ မင်းကြီးက) ဓဝံကရောထ။ ဓဝံ=အေး ... ကောင်းပြီ။ ကရောထ=ပစ်ကြလော့-ဟု (အမိန့်ပေးတယ်။)

လေးဆရာကြီးလေးဦးက ဘာပြောသလဲဆိုတော့ -

မဟာရာဇ မယံ အက္ခဏဝေဓိ + ဝါလဝေဓိ + သရဝေဓိ၊ သဒ္ဒဝေဓိနော၊ ဇောတိပါလော တရုဏာဒါရကော၊ န မယံ ဝိဇ္ဈိဿာမ။

မဟာရာဇ=မြတ်သောမင်းကြီး။ မယံ=အကျွန်ုပ်တို့သည်။ အက္ခဏဝေဓိ+ဝါလဝေဓိ+သရဝေဓိ+သဒ္ဒဝေဓိနော=အက္ခဏဝေဓိ လေးဆရာကြီးများ၊ ဝါလဝေဓိ လေးဆရာကြီးများ၊ သရဝေဓိ လေးဆရာကြီးများ၊ သဒ္ဒဝေဓိ လေးဆရာကြီးများ ဖြစ်ကြပါတယ်။ ဇောတိပါလော=ဇောတိပါလ သူငယ်ကလေးသည်။ တရုဏာဒါရကော=ဇောတိပါလ သူငယ်ကလေးသည်။ တရုဏာဒါရကော=အလွန်နုနယ်ငယ်ရွယ်သေးသူ ဖြစ်ပါ၏။ မယံ=အကျွန်ုပ်တို့သည်။ (တံ=ထိုဇောတိပါလ သူငယ်ကို။) န ဝိဇ္ဈိဿာမ=မပစ်ရက်ကြပါဘူး ဘုရား ...။

အင်မတန် နုနယ်တဲ့ သူငယ်ကလေးပါ၊ ဒီတော့ သူ့ကို ကျွန်တော်မျိုးတို့ မပစ်ရက်ကြပါဘူး ဘုရားလို့ လျှောက်ကြတယ်။ အမြင်အားဖြင့်တော့ ဟုတ်တယ်၊ ဇောတိပါလက အသက်နှစ်ဆယ်လောက်၊ လေးဆရာကြီးတွေက အသက်ငါးဆယ်၊ ခြောက်ဆယ် အရွယ်လောက်ဆိုတော့ သူတို့ရဲ့ မြေးကလေးလောက်ပဲ ရှိသေးတယ်။

ဒီအခါ ဇောတိပါလက ရဲရဲကင်းတင်း ဘာပြန်ပြောသလဲ ဆိုတော့-

သစေ သက္ကောထ၊ ဝိဇ္ဈထ မံ။

(တုမှေ=အသင် ဆရာကြီးတို့သည်။) သစေ သက္ကောထ=အကယ်၍ စွမ်းနိုင်ကုန်ငြားအံ့။ မံ=ကျွန်တော့်ကို။ ဝိဇ္ဈထ=ပစ်သာ ပစ်ကြပါ။

http:\\www.dhammadownload.com



ဆရာကြီးတို့ စွမ်းနိုင်ယင် ပစ်သာပစ်ကြပါလို့ ဇောတိပါလက ရဲရဲတောက် ပြောတော့ -

အဲဒီ လေးဆရာကြီး လေးဦးသားက -

"သာဓု=ကောင်းပါပြီ" ဆိုပြီး တစ်ပြိုင်နက် လေးမျက်နှာက နေပြီး မြားတွေ တစ်စင်းပြီး တစ်စင်း တစ်ယောက် တစ်ယောက်လျှင် မြား သုံးသောင်း သုံးသောင်းစီ ကုန်အောင် ပစ်ကြတယ်။ အဲဒီ လေးမျက်နှာ က တစ်ပြိုင်တည်း ပစ်လိုက်တဲ့ မြားတွေကို အလောင်းတော် ဇောတိ-ပါလက တက္ကသိုလ်ဆရာကြီး ပေးလိုက်တဲ့ စိန်စဉ်းသွားတပ်သော မြားတစ်စင်းတည်းနဲ့ လာလာသမျှ မြားတွေကို ရိုက်ခတ် ရိုက်ခတ်ပြီး တစ်ခါတည်း မြေသို့ ကျစေတယ်။ ကျစေတာမှ ဖရိုဖရဲ ကျမိကျရာ ယံဝါ တံဝါ ဟုတ်ဟုတ်ငြားငြား မကျစေဘဲ ဗောဓိတိုက်အိမ်ကြီးကို ဝန်းရံထားသလို မြားသွားချင်း၊ မြားရိုးချင်း၊ မြားမြီးချင်း မလွန်ရအောင် ရိုက်ခတ်ပြီး မြားတိုက်ခန်းကြီးသဖွယ် ပြုလုပ်တော်မူလေသည်။ လေး ဆရာကြီးတစ်ယောက် တစ်ယောက်လျှင် မြားစင်းရေ သုံးသောင်း သုံး သောင်းစီ ကုန်ကြလေပြီ။

ထိုအခါ အလောင်းတော် ဇောတိပါလက အဲဒီမြားတွေကို မဖျက်ဘဲ လွှားကနဲ ခုန်ပြီး အပြင်ဘက် ထွက်လာတယ်။ အပြင်ဘက်လည်း ရောက်ကရော ပရိသတ်က လွှန်လွှန်ကျူးကျူး ချီးမွမ်းကြတယ်။ လူများ အပေါင်းက ပွဲတင်ခတ်မျှ ဟစ်အော်ကြ၊ လက်ပမ်းပေါက် (လက်ခ မောင်း) ခတ်ကြ၊ လက်ခေါက်မှုတ်ကြ၊ လက်ဖျောက်တီးကြနှင့် အုတ် အုတ် ကျက်ကျက် ပြုကြကာ မိမိတို့၌ ပါရှိသော အဝတ်တန်ဆာ ရတနာရွှေငွေ စသည်တို့ကို ပစ်မြှောက်ကြကာ ဆုပေးကြသည်မှာ တစ်စုတစ်ပုံတည်းပင် (၁၈-ကုဋေ) တစ်ဆယ့်ရှစ်ကုဋေမျှသောဥစ္စာ အစုအပုံကြီး ဖြစ်ရှိလေသည်။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက ဇောတိပါလလုလင်ကို -

http:\\www.dhammadownload.com



ကိံ သိပ္ပံ နာမေ+တံ ဓောတိပါလ။

ဓောတိပါလ = ချစ်သား ဓောတိပါလ ...။ တံ = ဤ သင် ချစ်သား ယူခဲ့ ပြသွားတဲ့ မြားရေးသည်။ ကိံ သိပ္ပံ နာမ=အဘယ် မြားရေးမည်သနည်း ...လို့ မေးတော့ -

အလောင်းတော် ဓောတိပါလက -

သရပဋိဗာဟနံ နာမ ဒေဝ။

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ်ဘုရား ...။ သရပဋိဗာဟနံ နာမ=မြားတစ်စင်းတည်းဖြင့် လာသမျှ မြားတို့ကို ဟန့်တားတဲ့ မြားရေးပါ ဘုရား ..လို့ လျှောက်ထားလိုက်တော့ -

မင်းကြီးက -

အညေ တံ ဇာနန္တာ အတ္ထိ။

တာတ=ချစ်သား ဓောတိပါလ ...။ တံ=ဤမြားရေးကို။ ဇာနန္တာ=တတ်မြောက်ကျွမ်းကျင် သိမြင်ကြကုန်သော။ အညေ= တစ်ပါးသော သူတို့သည်။ အတ္ထိ=ရှိကြသေးသလား။

ချစ်သား ဓောတိပါလ ...၊ မောင့်အပြင် ဤသရပဋိဗာဟန မြားရေး ကို တတ်မြောက်ကြတဲ့ လေးသမားများ ရှိကြသလား ...လို့ မေးတော့-

ဓောတိပါလက ရဲရဲတောက် ပြန်ပြောတယ်။

သကလဇမ္ဗုဒီပေ မံ ဌပေတွာ အညော နတ္ထိ ဒေဝ။

အရှင်မင်းကြီး ... ဇမ္ဗူဒိပ်ကျွန်းလုံးမှာ ကျွန်တော်မျိုးကို ထား၍ အခြား ဒီမြားရေးကို ပြနိုင်တဲ့သူ တစ်ဦးမျှ မရှိပါဘုရား ...လို့ လျှောက် ထားတော့ -

ဗြဟ္မဒတ်မင်းကြီးက -

အပရံ ဒဿေဟိ တာတ။

တာတ=ချစ်သား ...။ အပရံ=တစ်ပါးသော မြားရေးကို။ ဒဿေဟိ=ပြပါဦးလော့ ...လို့ မိန့်ဆိုတော့ -

http:\\www.dhammadownload.com



အလောင်းတော်က ဒုတိယမြားရေးကို မပြမီ ဘာပြောလိုက်သလဲ ဆိုတော့ -

ဒေဝ ဧတေ ဟာဝ စတူသု ကဏ္ဍေသု ဌတွာ စတ္တာရောပိ ဇနာ မံ ဝိဇ္ဈိတုံ န သက္ခိံသု၊ အဟံ ပနေ+တေ စတူသု ကဏ္ဍေသု ဌိတေ ဧကေနေဝ သရေန ဝိဇ္ဈိဿာမိ။

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ်ဘုရား ...။ တာဝ=ရှေးဦးစွာ။ ဧတေ=ဤအက္ခဏဝေဓိ+ဝါလဝေဓိ+သရဝေဓိ+သဒ္ဒဝေဓိ လေးဆရာကြီးတို့သည်။ စတူသု ကဏ္ဍေသု=ထောင့်လေးထောင့်ဟို့၌။ ဌတွာ=ရပ်တည်ကြ၍။ စတ္တာရောပိ ဇနာ=လေးယောက်စလုံးတို့က။ မံ=အကျွန်ုပ်ကို။ ဝိဇ္ဈိတုံ=မှန်အောင် ပစ်ခြင်းငှာ။ န သက္ခိံသု= မစွမ်းနိုင်ကြပါကုန်။

လေးဆရာကြီးလေးယောက် ထောင့်လေးထောင့်က ရပ်တည်ပြီး တစ်ချိန်တည်းမှာပင် အကျွန်ုပ်ကို သူတို့ မှန်အောင် မပစ်နိုင်ကြဘူး ဘုရား ...။

အေး ... ချစ်သား ဘယ်လိုများ ပြောချင်လို့တုံးဆိုတော့ -

အဟံ ပန=အကျွန်ုပ်သည်ကား။ စတူသု ကဏ္ဍေသု ဌိတေ= ထောင့်လေးထောင့်တို့၌ ရပ်တည်နေကုန်သော။ ဧတေ=ဤလေးဆရာကြီး လေးယောက်တို့ကို။ ဧကေနေဝ သရေန=မြားတစ်စင်းတည်းဖြင့်ပင်။ ဝိဇ္ဈိဿာမိ=မှန်အောင် ပစ်ပြပါမယ်ဘုရား ... လို့ အလောင်းတော်က ပြောတယ်။

ကျွန်တော်မျိုးကတော့ သူတို့လို မြားအစင်း သုံးသောင်း မဟုတ်ဘူး၊ ဟောဒီ မြားတစ်စင်းတည်းနဲ့ ထောင့်လေးထောင့်မှာ နေတဲ့ ဆရာကြီးလေးယောက်စလုံးကို မြားတစ်ချက်တည်းနဲ့ မှန်အောင် ပစ်ပြပါမယ်လို့ ပြောတယ်။ ဘယ်လောက် ကြောက်ကြမလဲနော်။ အဋ္ဌကထာက ဤနေရာမှာ မှတ်ချက်ပေးတယ်။ ဘယ်လိုလဲဆိုတော့ -

http:\\www.dhammadownload.com



ခနုဂ္ဂဟာ ဠာတုံန ဥဿဟာိသု။

**ခနုဂ္ဂဟာ=လေးဆရာကြီး လေးယောက်တို့သည်။ ဠာတုံ=ရပ်တည်ခြင်းငှာ။ န ဥဿဟိံသု=မစွမ်းနိုင်ကြကုန် ...။**

ကြောက်လိုက်ကြတာ တုန်နေတာပဲ၊ မားမားမတ်မတ် ရပ်တည်၍ မနေဝံ့ကြတော့ဘူးတဲ့။

အလောင်းတော်သည် မဏ္ဍပ်လေးထောင့်မှာ မင်းချင်းယောကျ်ားတို့ကို ငှက်ပျောပင်လေးပင်တို့ကို စိုက်စေပြီးတော့ ကိုယ်တော်ပစ်မည့် မြားအမြီးက ရှန်ပန်းထည်ကြိုးကြီး ချည်ပြီး ငှက်ပျောပင်ကို လှမ်းပစ်လိုက်တယ်။ ၎င်းမြားဟာ ပထမ ငှက်ပျောတစ်ပင်ကို မှန်ပြီး ထုတ်ချင်းဖောက်၍ ဒုတိယ ငှက်ပျောပင်ကို သွားမှန်၊ အဲဒီကဖောက်ပြီး တတိယ ငှက်ပျောပင်ကိုမှန်၊ အဲဒီကဖောက်ပြီး စတုတ္ထငှက်ပျောပင်ကို မှန်တယ်။ တစ်ဖန်ဆက်၍ မူလ ငှက်ပျောပင်ကို မှန်ပြီးတော့မှ အဲဒီမြားဟာ အလောင်းတော်ရဲ့ လက်ထဲမှာ လာတည်တယ်။ ငှက်ပျောပင် လေးပင်လုံး ရှန်ပန်းထည်ကြိုး ဝိုင်းပြီးသား ဖြစ်ကြတယ်။ လူများအပေါင်းလည်း ပွဲတင်သံဟိန်း အသိန်းမက ဖြစ်စေကြတယ်။

ဒီအခါ မင်းကြီးက -

ကိံ သိပ္ပံ နမေ+တံ တာတ=ချစ်သား ဓောတိပါလ ... ယခုမြားရေးကို ဘာမြားရေး ခေါ်သလဲလို့ မေးတဲ့အခါ -

အလောင်းတော်က -

စက္ကဝိဒ္ဓံ နာမ ဒေဝ=အရှင်မင်းကြီး ...၊ စက္ကဝိဒ္ဓ မြားရေးလို့ ခေါ်ပါတယ်။ ဝိုင်းအောင်ပစ်တဲ့ မြားရေးတဲ့။ ဒါက ဒုတိယမြားရေး။

အေး ... တစ်ခါ ဗြဟ္မဒတ်မင်းကြီးက -

အပရမ္ပိ ဒဿေဟိ တာတ=ချစ်သား ... ထို့ပြင်လည်း မြားရေးတစ်ခုကို ပြဦးဆိုတော့ -

http:\\www.dhammadownload.com



အလောင်းတော်က ခိုင်းတိုင်း ခိုင်းတိုင်း ပြလိုက်တဲ့ မြားရေးတွေဟာ–

"သရလဋ္ဌိ"ပါဠိလို သရလဋ္ဌိ မြားရေး၊ မြန်မာလိုဘော့ မြားတွေဟာ နွယ်ကြိုးလို ဖြစ်အောင် ပစ်ပြသတဲ့။ ဒါ မြားရေးတစ်ခု။

ထို့ပြင် ပြဦး ချစ်သား ... ဆိုတော့ –

"သရရဇ္ဇုံ နာမ" ပါဠိလို သရရဇ္ဇု မြားရေး၊ မြန်မာလိုတော့ ရှေ့မြားနောက် နောက်မြားလိုက်၊ တစ်ခါ နောက်မြားနောက် ရှေ့မြားလိုက်၊ မြားတွေဟာ သုံးလွန်းတင်ကြိုးကြီးလို ထင်ရတယ်၊ ဒါက မြားရေးတစ်ခု။

ချစ်သား ... ဒီပြင်လည်းပဲ ပြဦး ... ဆိုတော့ –

"သရဝေဏိံ နာမ" ပါဠိလို သရဝေဏိ မြားရေး မြန်မာလိုတော့ ရှေ့ပစ်လိုက်တဲ့ မြားကို နောက်မြားက မှန်အောင် ပစ်ပြတယ်။ ဒါက မြားရေးတစ်ခု။

ဒီပြင် မြားရေး ပြဦးဆိုတော့ –

အလောင်းတော်က "သရပါသာဒံ နာမ"ပါဠိလို သရပါသာဒမြားရေး၊ မြန်မာလိုတော့ ကောင်းကင်မှာ ပစ်လွှတ်လိုက်တဲ့ မြားတွေဟာ ပရိသတ်က ကြည့်ရတာ မြားပြာသာဒ်ကြီးလိုပဲ ဖြစ်နေသတဲ့။ ဒါက မြားရေးတစ်ခု။

အပရမ္ပိ ဒဿေဟိ တာတ။

တစ်ခြားမြားရေး တစ်မျိုးကိုလည်း ပြဦး ချစ်သားဆိုတော့ –

"သရသောပါနံ နာမ" ပါဠိလို သရသောပါနမြားရေး၊ မြန်မာလိုတော့ ယခင်မြားပြာသာဒ်ကြီးရဲ့ စောင်းတန်း (လှေကား)ကြီးသဖွယ် မြားတွေဖြစ်အောင် ပစ်ပြတယ်။ ဒီမြားရေးက ဘာတုန်းဆိုတော့ သရသောပါနမြားရေး ဘုရား ...လို့ လျှောက်တယ်။ ဒါက မြားရေးတစ်ခု။

http:\\www.dhammadownload.com



အင်း ... ဒီပြင်လည်း ပြဦးဆိုတော့ အလောင်းတော်က -

"သရမဏ္ဍပံ နာမ" ပါဠိလို သရမဏ္ဍပမြားရေး၊ မြန်မာလိုတော့ မြားတွေ ပစ်ပြလိုက်တာ မဏ္ဍပ်ကြီးလိုပဲ ဖြစ်နေတယ်။ ဒါဘာမြားရေး လဲ ဆိုတော့ သရမဏ္ဍပမြားရေးလို့ ပြန်လျှောက်တယ်။ ဒါက မြားရေး တစ်ခု။

အခြား မြားရေးတစ်မျိုး ပြဦးဆိုတော့ -

"သရပါကာရံ နာမ"ပါဠိလို သရပါကာရမြားရေး၊ မြန်မာလိုတော့ မြားတွေဟာ တံတိုင်းကြီး ခတ်ထားသလိုပဲတဲ့ ပစ်ပြတယ်။ ဒါက မြား ရေးတစ်ခု။

အင်း ... ဒီပြင်ကော ချစ်သား၊ ရှိသေးသလားဆိုတော့ -

"သရပေါက္ခရဏိံ နာမ အကာသိ" ပါဠိလို သရပေါက္ခရဏိ မြားရေး တဲ့။ မြန်မာလိုတော့ မြားတွေဟာ ရေကန်ကြီးလိုပဲ ဖြစ်နေအောင် ပစ်ပြ တယ်။ ဒါက မြားရေးတစ်ခု။

ဒီပြင့် မြားရေးကို ပြဦးဆိုတော့ -

"သရပဒုမံ နာမ ပုပ္ဖါပေသိ" ပါဠိလို သရပဒုမမြားရေးတဲ့။ မြန်မာ လိုတော့ ရေကန်ထဲမှာ ပဒုမ္မာကြာပန်းတွေ ပွင့်နေသလို ထင်ရအောင် မြားတွေကို ပစ်ပြတယ်။ ဒါက မြားရေးတစ်ခု။

ဒီပြင် မြားရေးတစ်မျိုးကို ပြဦးဆိုတော့ -

"သရဝဿံ နာမ ဝဿာပေသိ" ပါဠိလို သရဝဿ မြားရေးတဲ့။ မြန်မာလိုတော့ မြားတွေဟာ မိုးရွာချသလိုပဲတဲ့။ မြားရေးကြီး ၁၂ ပါးကို ပြတယ်။

## အထူး=အထည် (ခုံ+ဒယ်) ခုနစ်မျိုး ဖောက်ခွဲပစ်ပြခြင်း

ကိုင်း ... ချစ်သား ... ဒီပြင်ကော ချစ်သားရဲ့ လေးအတတ် အစွမ်း ပြဦးဆိုတော့ အလောင်းတော်က "ပြီးခဲ့တာက မြားရေး ၁၂ ပါး ခေါ်ပါ

http:\\www.dhammadownload.com



တယ်။ ထို့ပြင် သတ္တ မဟာကာယပဒါလန ခေါ်တဲ့ မြားရေးလည်း ရှိပါသေးတယ်"လို့ လျှောက်ထားပြီး အဲဒီပွဲမှာ အလောင်းတော်ဟာ ၈-လက်မထုတဲ့ ရေသဖန်းသား ပျဉ်ချပ်ကို ဟိုဘက်+ဒီဘက် တိုးလျှို(ဒိုးယို) ပေါက်ထွက်အောင် စိန်စဉ်းသွားမြားဖြင့် ပစ်၍ ပြတယ်။

အားလုံးကျေနပ်ကြပြီဆိုတော့မှ ဒုတိယ ၄ လက်မထုတဲ့ ပိတောက်သား ပျဉ်ချပ်ကို တိုးလျှို(ဒိုးယို) ပေါက်ထွက်အောင် မြားဖြင့် ပစ်၍ ပြတယ်။

ဒါပြီးပြန်တော့ ၂ လက်မထုတဲ့ ကြေးပြား ဟိုဘက် ဒီဘက် ပေါက်အောင် မြားဖြင့် ပစ်ပြတယ်။

ဒါပြီးပြန်တော့ ၁ လက်မထုတဲ့ သံပြားကို ဒိုးယိုပေါက် ထွက်အောင် မြားဖြင့် ပစ်ပြတယ်။

တစ်ဖန် ယခင်ပြောခဲ့တဲ့ ပျဉ်ချပ်တွေ လေး+ငါးမျိုးအချပ် ၁၀၀ လောက် တပ်ထားပြီး ဟိုဘက် ဒီဘက် ပေါက်ထွက်အောင် မြားဖြင့် ပစ်ပြတယ်။

ၡင်းနောက် အလောင်းတော်သည် ကောက်ရိုးလှည်း၊ သဲလှည်း၊ ပျဉ်လှည်းများကို ရှေ့မှနေ၍ နောက်ပေါက်အောင်၊ နောက်မှနေ၍ ရှေ့ပေါက်အောင် မြားဖြင့် ပစ်ပြတယ်။

(၂၄ လက်မကို သံတောင် တစ်တောင်၊ ၂၈ လက်မကို ဆင်တိုင်းတောင် တစ်တောင်၊ ၃၂ လက်မကို လက်ဖွဲ့တောင် တစ်တောင်၊ ထို လက်ဖွဲ့တောင် ခုနစ်တောင်ကို တစ်တာ ခေါ်၏။ တာ ၂၀ ကို တစ်ဥသဘ ခေါ်၏။)

အလောင်းတော်သည် ရေ၌ လေးဥသဘ၊ ကုန်း၌ ရှစ်ဥသဘ အရပ်တိုင်အောင် မြားကို ပစ်ပြတယ်။ ခရီးအရေအတွက်အားဖြင့် ရှစ်ဥသဘမျှဝေးသော အရပ်၌ တည်ရှိသော သားမြီးကို မြားဖြင့် မှန်အောင် ပစ်ပြ၏။

http:\\www.dhammadownload.com



အလောင်းတော်သည် မြားများကို ပစ်၍ ကောင်းကင်၌ မြား ပြာသာဒ် စသည်ဖြစ်အောင် ပြုလုပ်ပြီးလျှင် တစ်ဖန် မြားတစ်စင်းတည်း ဖြင့် ထိုမြားအားလုံးကို ပစ်ချ၍ ဖရိုဖရဲ ပြိုကွဲအောင် ပြုတော်မူသော ကြောင့် ထိုအချိန်ကစ၍ "သရဘင်္ဂ"အမည်တော် တွင်လေသည်။ သတ္တ မဟာကာယပဒါလန ဆိုတဲ့ မြားရေးကြီး နှစ်ပါးကို ပြပြီးတော့ ပရိသတ် ကလည်း တသြသြပေါ့လေ။ အဲဒီလို တစ်မျိုးပြီး တစ်မျိုး၊ တစ်မျိုးပြီး တစ်မျိုး မြားရေး ၁၂ မျိုး၊ ဒုဒယ်ကြီး ခုနစ်ရပ် ဖောက်ထွင်းတဲ့ မြားရေး ကြီး ခုနစ်မျိုးတို့ကို ပြနေတုန်းပင် နေဝင်သွားလေပြီ။

ထိုအခါ အလောင်းတော် "သရဘင်္ဂ" အတွက် ဗြဟ္မဒတ်မင်းကြီး သည် စစ်သေနာပတိ ရာထူးကို ပေးကမ်းချီးမြှောက်ဖို့ စဉ်းစားဆင်ခြင် ပြီး-

တာတ ဇောတိပါလ အဇ္ဇ ဝိကာလော။

ချစ်သား ဇောတိပါလ ... ယနေ့တော့ အချိန်ကုန်သွားပြီ၊ နေဝင် သွားပြီ။

သွေ တွံ သေနာပတိဋ္ဌာနံ သက္ကာရံ ဂဏှိဿသိ။

သွေ တွံ=ချစ်သားသည် နက်ဖြန်ခါ ရောက်ပြီဆိုယင်။ သေနာပတိဋ္ဌာနံ သက္ကာရံ=စစ်သူကြီးရာထူးတည်းဟူသော ပူဇော် သက္ကာရကို။ ဂဏှိဿသိ=ခံယူရလိမ့်မယ်။

ချစ်သား ... နက်ဖြန်ရောက်ယင် စစ်သေနာပတိ ရာထူးဆိုတဲ့ အပူဇော်ထူးကို ချစ်သား ခံရလိမ့်မယ်။

ကေသမဿုံ ဟာရေတွာ နှာတွာ ဧဟိ။

တွံ=သင်ချစ်သားသည်။ ကေသမဿုံ=ဆံ, မုတ်ဆိတ်ကို။ ဟာရေတွာ=ပြုပြင်ပြီးသကာလ။ နှာတွာ=ရေမိုးချိုးပြီး။ ဧဟိ= လာလော့ ...။

http:\\www.dhammadownload.com



လို့ မိန့်ဆိုပြီး ထိုနေ့၌ပင် ရိက္ခာအလို့ငှာ ကျပ်ငွေတစ်သိန်းကို ပေးတော်မူတယ်။

ဘုရားအလောင်းသည် လူထုက ဆုပေးသော တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာကို "ဤဥစ္စာကို ငါအလိုမရှိ"ဟု ဆင်ခြင်၍ ဥစ္စာရှင်တို့အားပင် ပြန်ပေးပြီး မိမိရဲ့ အခြံအရံများစွာဖြင့် ဂင်္ဂါမြစ်သို့သွား၍ ရေချိုးပြီး ဆံ+မုတ်ဆိတ်ကို ပြင်ဆင်စေပြီး အဆင်တန်ဆာစုံ ဆင်ယင်လျက် ကြီးလှစွာသော အသရေဖြင့် မိမိအိမ်သို့ ဝင်၊ မွန်မြတ်သော အစာကို စား၊ မွန်မြတ်တဲ့ အိပ်ရာပေါ်မှာ လျောင်းပြီး ပထမယံ၊ မဇ္ဈိမယံ=နှစ်ယံ ပတ်လုံး (တစ်နေ့လုံး ပင်ပန်းလာ၍) အိပ်စက်တော်မူတယ်။

အဲ သန်းခေါင်ကျော်လို့ ပစ္ဆိမယံဘက်လည်းကူးရော၊ အိပ်ရာက ထ၍ တင်ပျဉ်ခွေ ထိုင်နေတော်မူပြီး မိမိ၏အတတ်ပညာအတွက် အစ+အလယ်+အဆုံး သုံးပါးလုံးကို ဆင်ခြင်တော်မူလေလျှင် –

မမ သိပ္ပဿ အာဒိတော ပရမာရဏံ ပညာယတိ၊ မဇ္ဈေ ကိလေသ ပရိဘောဂေါ၊ ပရိယောသာနေ နိရယမှိ ပဋိသန္ဓိ ဒေတိ။

မမ=ငါ၏။ သိပ္ပဿ=လေးအတတ်၏အတွက်တာ။ အာဒိတော=အစပိုင်း၌။ ပရမာရဏံ=သူတစ်ပါးကို သတ်ဖြတ်ရခြင်းသည်။ ပညာယတိ=ထင်၏။ မဇ္ဈေ=အလယ်ပိုင်းမှာတော့။ ကိလေသပရိဘောဂေါ=ကိလေသာအားဖြင့် သုံးဆောင်ခြင်းသည်။ ပညာယတိ=ထင်၏။ ပရိယောသာနေ=အဆုံးကျပြီဆိုတော့။ နိရယမှိ=ငရဲ၌။ ပဋိသန္ဓိ=ဘဝပဋိသန္ဓေကို။ ဒေတိ=ပေးပေလိမ့်မည်။

ဩော် ... ငါတတ်ထားတဲ့ လေးအတတ်ပညာကို အသုံးချမယ်ဆိုလို့ရှိယင် လေးနဲ့ပစ်မှာက ဘာကို ပစ်မှာလဲ။ လူကိုသော် လည်းကောင်း ပစ်မယ်၊ သို့မဟုတ် တောထဲက သားကောင်ကိုသော် လည်းကောင်း ပစ်မယ်။ ဒီတော့ လေးအတတ်ရဲ့ ပထမပိုင်းက ဘာလဲ။ သူတစ်ပါးကို

http:\\www.dhammadownload.com



သတ်မှု = ပါဏာတိပါတ အကုသိုလ်ပဲ။ အဲဒီလို သတ်လို့ရလာတဲ့ စည်းစိမ်ကို ကိလေသာနဲ့ သုံးဆောင်ခြင်းဟာ အလယ်ပဲ။ အဲဒီလို နေသွားလို့ ဘဝဆုံးယင်တော့ ငရဲဘုံမှာ ပဋိသန္ဓေ နေရမှာပဲ။ ဒါအဆုံး။ အလောင်းတော်မြင်တာက သဗ္ဗညုတဉာဏ်နဲ့ မြင်သလို မြင်တာ။

ပရမ္ပရာ စ ပါဏာတိပါတော ကိလေသပရိဘောဂေသု စ အစိမတ္တာပ္ပမာဒေါ နိရယေ ပဋိသန္ဓိံ ဒေတိ။

ပရမ္ပရာ=အဆက်ဆက် (ဝါ) ဆက်ကာဆက်ကာ။ ပါဏာတိပါတော စ=သူ့အသက်ကိုသတ်ခြင်းသည် လည်းကောင်း။ ကိလေသပရိဘောဂေသု=ကိလေသာဖြင့် သုံးဆောင်ခြင်းတို့၌(ဝါ) ကိလေသာဖြင့် သုံးဆောင်အပ်သော အသုံးအဆောင်တို့၌။ အစိမတ္တာပ္ပမာဒေါ စ=လွန်လွန်ကဲကဲ မေ့လျော့နေခြင်းသည် လည်းကောင်း။ နိရယေ=ငရဲ၌။ ပဋိသန္ဓိံ=ဘဝပဋိသန္ဓေကို။ ဒေတိ=ပေးတတ်ပါတကား။

အင်း ... ဆက်ကာဆက်ကာ သူ့အသက်ကို သတ်ဖြတ်ခြင်း၊ ကိလေသာဖြင့် သုံးဆောင်အပ်သော အသုံးအဆောင်တို့၌ လွန်လွန်ကဲကဲ မေ့လျော့နေခြင်း ဤတရားနှစ်ပါးသည် ငရဲဘဝ ပဋိသန္ဓေကျိုးကို ပေးတတ်စွာ့တကား ...။

ရညာ မယှံ မဟန္တံ သေနာပတိဋ္ဌာနံ ဒိန္နံ။

ရညာ=ပြည့်ရှင်မင်းကြီးက။ မယှံ=ငါ့အား။ မဟန္တံ=ကြီးစွာသော။ သေနာပတိဋ္ဌာနံ=စစ်သူကြီးရာထူးကို။ ဒိန္နံ=ပေးအပ်လေပြီ။

မင်းကြီးကလည်း သူ့အမြော်အမြင်နဲ့ ကြည့်ပြီး ငါ့အား စစ်သူကြီး ရာထူးကို ပေးပြီး ဖြစ်နေပြီ။

မဟန္တံ မေ ဣဿရိယံ ဘဝိဿတိ။

ငါ့အဖို့ရာ အလွန်ကြီးကျယ်တဲ့ ရာထူးဂုဏ်သိန် စည်းစိမ်တွေ ဖြစ်ပေလိမ့်မယ်။ စစ်သေနာပတိ ဆိုတာ ဘုရင်ကတောင် ကြောက်ရတယ်၊

http:\\www.dhammadownload.com



တိုင်းပြည်ကြီးတစ်ခုလုံး သူ့လက်ထဲမှာ ရှိတယ်၊ ဒီတော့ အလွန် ကြီးကျယ်တဲ့ ရာထူးကြီးဖြစ်မယ်၊ ရာထူးကြီးသလောက် နောက်က ဘာတွေလိုက်လာမည်လဲ ဆိုတော့ -

ဘရိယာ စ ပုတ္တဓီတရော စ ဗဟူ ဘဝိဿန္တိ။

ငါကျွေးမွေးသုတ်သင်ရမယ့် အိမ့်ရှင်မ ဇနီးသည်တွေ၊ သားတွေ၊ သမီးတွေ မြောက်မြောက်မြားမြား ပေါ်လာကြလိမ့်မယ်။

ကိလေသဝတ္ထု ခေါ ပန ဝေပုလ္လဂတံ ဒုစ္စဇံ ဟောတိ။

ခေါ ပန=တကယ်ဆိုတော့။ ကိလေသဝတ္ထု=ကိလေသာတို့ဖြင့် သုံးဆောင်ရတဲ့ ကာမဝတ္ထု အစုစုဟာ။ ဒုစ္စဇံ=စွန့်လွှတ်နိုင်ခဲသည်။ ဟောတိ=ဖြစ်၏။

ကာမဝတ္ထုခေါ်တဲ့ ဒီကိလေသာဝတ္ထု အသုံးအဆောင်တွေဟာ တကယ်ဆိုတော့ ကြီးကျယ်လာယင် ကြီးကျယ်လာသလောက်ပဲ စွန့်လွှတ်ဖို့ သိပ်ခက်တယ်။ ဒီတော့ ဘာလုပ်ရမလဲ ဆိုယင် -

ဣဒါနေဝ နိက္ခမိတွာ ဧကကောဝ ရညံ ပဝိသိတွာ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတုံ ယုတ္တံ မယှံ။

ဣဒါနေဝ နိက္ခမိတွာ=ယခုပဲ တောထွက်၍။ ဧကကောဝ=တစ်ယောက်တည်းသာလျှင်။ အရညံ ပဝိသိတွာ=တောသို့ ဝင်ပြီးသကာလ။ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတုံ=ရသေ့ရဟန်း ပြုလုပ်ဖို့ရန်။ မယှံ=ငါ့အဖို့ရာ။ ယုတ္တံ=သင့်လျော် လျောက်ပတ်ပေ၏။

အဲဒီအချိန်ကျအောင် အလောင်းတော် ဇောတိပါလလုလင်အိမ်ထောင်မကျသေးဘူး။ "အေး ... ငါယခုပဲ တောထွက်ပြီး တစ်ယောက်တည်း တောဝင် ရှင်ရသေ့ ရဟန်းပြုမှ တော်မည် ..."

ကြံစည်လည်းပြီးရော ဘယ်သူ့အားမှ အသိမပေးဘဲ ပြာသာဒ်မှဆင်းပြီး သူမြတ်တို့၏ သဘာဝအတိုင်း ဗာရာဏသီပြည်ရဲ့အရှေ့မင်္ဂလာတံခါးက ထွက်၍ တစ်ယောက်တည်း တောဝင်ပြီး ဂေါဓာဝရီ

http:\\www.dhammadownload.com



မြစ်ကမ်းနားအနီး သုံးယူဇနာကျယ်ပြန့်သော သီးပင်တောကြီးကို မျှော်မှန်းပြီး တစ်ခါတည်း တောထွက်သွားတယ်။

အလောင်းတော် တောထွက်လာသည်ကိုသိ၍ သိကြားမင်းလည်း ဝိသကြုံနတ်သားကို ခေါ်စေပြီး -

တာတ ဇောတိပါလော အဘိနိက္ခမနံ နိက္ခန္တော။

တာတ=ချစ်သား ဝိသကြုံ ...။ ဇောတိပါလော=ဇောတိပါလ လုလင်သည်။ အဘိနိက္ခမနံ=တောထွက်ခြင်းကို။ နိက္ခန္တော=ထွက်ခဲ့လေပြီ။ မဟာသမာဂမော ဘဝိဿတိ=ကြီးစွာသော အစည်းအဝေး (သူတော်စင် အစုအဝေး)ကြီး ဖြစ်ပေလိမ့်မည်။

ဂေါဓာဝရီနဒီတီရေ ကပိဋ္ဌဝနေ အဿမံ မာပေတွာ ပဗ္ဗဇိတပရိက္ခာရေ ပဋိယာဒေဟိ။

ဂေါဓာဝရီနဒီတီရေ=ဂေါဓာဝရီ မြစ်ကမ်း၌။ ကပိဋ္ဌဝနေ=သီးပင်တော၌။ အဿမံ မာပေတွာ=သင်္ခမ်းကျောင်းကို ဖန်ဆင်းပြီးသကာလ။ ပဗ္ဗဇိတပရိက္ခာရေ=ရသေ့ရဟန်းတို့၏ အသုံးအဆောင်ပရိက္ခရာတို့ကို။ ပဋိယာဒေဟိ=ချစ်သား စီရင်ခဲ့လော။

ဝိသကြုံနတ်သားကို အဲဒီအတိုင်း အမိန့်ပေး ပြောကြားတယ်။ အမိန့်ပေးတဲ့အတိုင်းပင် ဝိသကြုံနတ်သားကလည်းပဲ အလောင်းတော် ဇောတိပါလ လုလင်မရောက်မီ ဂေါဓာဝရီမြစ်ကမ်းအနီး သီးပင်တောထဲမှာ သင်္ခမ်းကျောင်းတိုက် (သစ်ရွက်မိုး ကျောင်းတိုက်) ကြီးတစ်ခု ဖန်ဆင်းတယ်။ အဲဒီအထဲမှာ ရသေ့ရဟန်းများ ဆင်မြန်းသုံးဆောင်ဖို့ ရန် ရသေ့ပရိက္ခရာတွေ အစုံအလင် ဖန်တီးပြီး ထားခဲ့တယ်။

ဘုရားအလောင်း အဲဒီ သင်္ခမ်းကျောင်းတိုက်ကြီးနားရောက်တော့ (လူသွားလမ်းမဟုတ်) တစ်ကြောင်းတည်းသော ခြေလှမ်းကလေးကို တွေ့ယင်ပဲ အလောင်းတော် ဇောတိပါလလုလင်က -

http:\\www.dhammadownload.com



ပဗ္ဗဇိတာနံ ဝသနဋ္ဌာနေနေ ဘဝိတဗ္ဗံ။

ရှေ့ကမြင်ရတဲ့ ညိုညိုမှိုင်းမှိုင်းဟာဖြင့် ခြေတစ်လှမ်းနဲ့ သွားရတဲ့ လမ်း၊ ရသေ့ရဟန်းတို့ရဲ့နေရာ ဖြစ်လိမ့်မယ်ဟု ဆင်ခြင်ပြီး ထိုခြေလမ်း အတိုင်း သင်္ချမ်းကျောင်းအရောက် သွားတဲ့ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့မြင်ရသော် အလောင်းတော်သည် သင်္ချမ်းကျောင်းအတွင်းဝင်၍-

သက္ကော ဒေဝရာဇာ မမ နိက္ခန္တဘာဝံ အညာသိမညေ။

သက္ကော ဒေဝရာဇာ=နတ်တို့သေဌ်င်း သိကြားမင်းသည်။ မမ= ငါ၏။ နိက္ခန္တဘာဝံ=တောထွက်လာခြင်းကို။ အညာသိ မညေ= သိတယ်ထင်ပါရဲ့။

ဩော် ... သိကြားနတ်မင်း၊ ငါတောထွက်လာတာကို သိတယ်နဲ့ တူတယ်၊ သိလို့ သင်္ချမ်းကျောင်း ဖန်ဆင်းထားတာပဲလို့ ဆင်ခြင်ပြီး သင်္ချမ်းကျောင်းအတွင်းမှာ အသင့်ရှိနေတဲ့ ရသေ့ပရိက္ခရာ လျှော်တေ အဝတ်၊ ဆံကျစ်၊ သစ်သားသုံးခွ အစရှိသည်တို့နှင့် လှုပြည့်ကပါလာ တဲ့ အဝတ်များကို တစ်ခါတည်း လဲလှယ်ပြီး ရသေ့ရဟန်းပြုလျက် သင်္ချမ်းကျောင်းကထွက်၊ စင်္ကြံပေါ်တက်ပြီး နှစ်ခေါက်၊ သုံးခေါက် လျှောက်ပြီး ရဟန်းအသရေဖြင့် တောအလုံးကို တင့်တယ်စေပြီး အလောင်းတော်သည် ကသိဏ်းပရိကံကို ပွား၍ ရသေ့ရဟန်းဖြစ်သည် မှ ခုနစ်ရက်မြောက် ရောက်သောနေ့၌ သမာပတ်ရှစ်ပါး၊ လောကီ အဘိညာဏ်ငါးပါးတို့ကို ရရှိပြီး သစ်သီးဆွမ်း ရှာမှီး မျှတ၍ တစ်ကိုယ် ရေ တစ်ကာယ နေတော်မူလေသည်။

နံနက်မိုးသောက် ရောက်သကာလ သေနာပတိရဲ့ ခမည်းတော်ဖြစ် ရမယ့် ခမည်းတော် ပုရောဟိတ်ပုဏ္ဏားကြီး၊ မယ်တော် ပုဏ္ဏေးမကြီးတို့ နှင့်တကွ ဆွေမျိုးများကတော့ သားပျောက်လို့ ဒေါင်းတောက်အောင် ရှာ၊ ဘယ်မှာမှ မတွေ့ရလို့ သောကပရိဒေဝ မီးတောက်၍ နေကြရရဲ့ တယ်။ ဘုရားအလောင်းအဖို့ရာ ပထမပိုင်းမှာ တစ်ဦးတည်း ဂေါဓာဝရီ

http:\\www.dhammadownload.com



မြစ်ကမ်းအနီး သီးပင်တောအတွင်း သခ်မ်းကျောင်းမှာ နေတော်မူတယ်။ အဲဒီလို နေရင်းက ရက်ကလေး တော်တော်ညောင်းလို့ နှစ်လ သုံးလ လွန်တဲ့အချိန်သို့ ရောက်ကရော၊ ဗာရာဏသီပြည်က မုဆိုးတစ်ယောက် သခ်မ်းကျောင်းတိုက်ထဲ ရောက်လာတယ်။ သူ အလောင်းတော်ကို မြင်လျှင် သိ၍ အလောင်းတော်ထံသွားပြီး စကားနီးနှော ပြောဆိုပြီးနောက် ဗာရာဏသီပြည်သို့ ပြန်သွားပြီး အလောင်းတော်၏မယ်တော်၊ ခမည်းတော်တို့အား ပြောပြ၊ မယ်တော် ခမည်းတော်တို့က ဗာရာဏသီမင်းအား လျှောက်ထားကြတယ်။

## သရဘင် အမည်တွင်ခြင်း

အလောင်းတော်သည် ရှေး၌ဆိုအပ်ပြီးသောအတိုင်း မြားရေး ၁၂ ပါးဖြင့် ပြအပ်တဲ့ မြားပြာသာဒ်၊ မြားစောင်းတန်း စသည်တို့ကို မြားတစ်စင်းတည်းဖြင့် ဖျက်ဆီးပစ်ချပစ်လို့ "သရဘင်" အမည်တွင်လေသည်။ ဤမှစ၍ အလောင်းတော်ကို သရဘင်ရသေ့ ဟူ၍ ရေးသားဖော်ပြပါအံ့။

ဗြဟ္မဒတ်မင်းကြီးသည် "ထေ နံ ပဿိဿာမ=လာကြ၊ သရဘင်ရသေ့ကို ဖူးမြော်ကြစို့"ဟူ မိန့်၍ အလောင်းတော်၏ မယ်တော်၊ ခမည်းတော်တို့ကို ခေါ်ခဲ့ပြီးသကာလ မြောက်မြားစွာသော လူအပေါင်းတို့ ခြံရံလျက် မုဆိုးကို လမ်းညွှန်ပြုပြီး ဂေါဓာဝရီမြစ်ကမ်းအနီး သီးပင်တော သခ်မ်းကျောင်းရှိရာသို့ ထွက်လာတယ်။ မြစ်ကမ်းသို့ ရောက်ရှိကြသောအခါ အလောင်းတော် သရဘင်ရသေ့ရဲ့ ကျင့်ကြံပုံကို အဋ္ဌကထာက ဘယ်လိုဖော်ပြသလဲဆိုယင် -

ဗောဓိသတ္တော နဒီတီရံ အာဂန္တွာ အာကာသေ နိသိန္နော ဓမ္မံ ဒေသေတွာ တေ သဗ္ဗေ အဿမပဒံ ပဝေသေသိ ... (တဲ့)။

ဗောဓိသတ္တော-ဘုရားအလောင်းသည်။ နဒီတီရံ အာဂန္တွာ= ဂေါဓာဝရီမြစ်ကမ်းအနီးသို့ လာရောက်၍။ အာကာသေ နိသိန္နော၀

http:\\www.dhammadownload.com



=ကောင်းကင်၌ ထိုင်လျက်လျှင် ...။

မြေပြင်က ကြိုတာ မဟုတ်ဘူးနော်။ ကောင်းကင်မှာ ထိုင်ပြီးတော့–

ဓမ္မံ=တရားကို။ ဒေသေတွာ=ဟောကြားတော်မူ၍။ တေ သဗ္ဗေ=အလုံးစုံသော သူတို့ကို။ အဿမပဒံ=သင်္ခမ်းကျောင်းသို့။ ပဝေသေသိ=သွင်းတော်မူပြီ ...။

သူက ကောင်းကင်က လိုက်ပြီး သင်္ခမ်းကျောင်းတိုက်ထဲ အကုန်လုံး ခေါ်လာတယ်။

သင်္ခမ်းကျောင်းတိုက်ထဲ ရောက်ပြန်တော့လည်း –

တတြာပိ တေသံ အာကာသေ နိသိန္နောဝ ကာမေသု အာဒီနဝံ ပကာသေတွာ ဓမ္မံ ဒေသေတိ။

တတြာပိ=ထိုသင်္ခမ်းကျောင်းတိုက်အတွင်း၌လည်း။ တေသံ= ထိုမင်းနှင့်တကွ များလှသော သူတို့အား။ အာကာသေ=ကောင်း ကင်၌။ နိသိန္နောဝ=ထိုင်လျက်ပင်လျှင်။ ကာမေသု အာဒီနဝံ ပကာသေတွာ=ကာမတရားတို့၌ အပြစ်ကို ဖော်ပြ၍။ ဓမ္မံ=တရား ကို။ ဒေသေသိ=ဟောကြားလေပြီ။

ကာမအပြစ်ကို ဖော်ပြပြီး တရားဟောတဲ့အခါ ဘာဖြစ်ကုန်သလဲ ဆိုတော့ –

ရာဇာနံ အာဒိံ ကတွာ သဗ္ဗေဝ ပဗ္ဗဇိံသု။

ရာဇာနံ=ဗြဟ္မဒတ်မင်းကို။ အာဒိံ ကတွာ=အစပြု၍။ သဗ္ဗေဝ= အားလုံးတို့သည်ပင်။ ပဗ္ဗဇိံသု=ရသေ့ ရဟန်းပြုကြကုန်ပြီ။

အလောင်းတော်ထံမှာ အားလုံးပင် ရသေ့ရဟန်း ပြုကြတယ်။ အလောင်းတော်သည် ရသေ့အပေါင်း ခြံရံလျက် ထိုသီးပင်တော သင်္ခမ်း ကျောင်းတိုက်မှာ နေတော်မူတယ်။

http:\\www.dhammadownload.com



ထို့နောက် ဗာရာဏသီမင်းနှင့်တကွ များစွာ သော လူအပေါင်းတို့ အလောင်းတော် သရဘင်္ဂရသေ့အထံ၌ ရသေ့ရဟန်း ပြုကြ၍ မြစ်ကမ်း အနီး သီးပင်တော သစ်မ်းကျောင်း၌ နေကြသတဲ့ ဟူသော သတင်း ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ပျံ့နှံ့ထင်ရှား ကျော်ကြားရကား အခြားသော မင်းများလည်း တိုင်းသူပြည်သားတို့နှင့် အတူတကွ လာရောက်ကြ၍ ဘုရားအလောင်း သရဘင်္ဂရသေ့ အထံ၌ ရသေ့ရဟန်း ပြုကြတယ်။ အစည်းအဝေးကား ကြီး၍ ကြီး၍ လာလေသည်။ အစဉ်သဖြင့် သိန်း ပေါင်းများစွာသော ရသေ့ပရိသတ်တို့ ဖြစ်ရှိ၍ လာကြတယ်။ သုံး ယူဇနာ (မိုင်ပေါင်း ၃၆ မိုင်) ကျယ်သော ရသေ့ပရိသတ်တွေနဲ့ တစ် ခါတည်း ပြည့်သွားတယ်။ အဲဒီပြည့်တဲ့ ရသေ့ပရိသတ်ကို ဘုရား အလောင်း သရဘင်္ဂရသေ့ပညာရှိ ဘယ်လိုဆုံးမလဲဆိုယင် –

အဲဒီ ပရိသတ်ရဲ့ စိတ်ဖြစ်ပုံကို အလောင်းတော် သရဘင်္ဂရသေ့ စေတောပရိယ အဘိညာဏ်နဲ့ ကြည့်လို့ ပရိသတ်ထဲက တစ်ဦး တစ်ယောက် –

ယော ကာမဝိတက္ကံ ဝါ ဗျာပါဒဝိတက္ကံ ဝါ ဝိဟိံသာဝိတက္ကံ ဝါ ဝိတက္ကေတိ။

ယော=အကြင်သူသည်။ ကာမဝိတက္ကံ ဝါ=ဝတ္ထု+ကိလေသာ နှစ်ဖြာသော ကာမနှင့်စပ်သော လောဘအကြံကို ဖြစ်စေ။ ဗျာပါဒ ဝိတက္ကံ ဝါ=သူတစ်ဖက်သားကို ဖျက်ဆီးရန် ဒေါသနှင့်စပ်သော အကြံကို ဖြစ်စေ။ ဝိဟိံသာဝိတက္ကံ ဝါ=သူတစ်ဖက်သားကို နှိပ်စက် ရန် ဒေါသအကြံကို ဖြစ်စေ။ ဝိတက္ကေတိ=ကြံစည်ငြားအံ့။

သူ့ပရိသတ်ထဲက တစ်ဦးဦးမှာ ဖော်ပြရာပါ မိစ္ဆာဝိတက်သုံးပါး တွင် တစ်ပါးပါး ဖြစ်နေခဲ့ယင် –

မဟာသတ္တော ဂန္တွာ တဿ ပုရတော အာကာသေ နိသီဒိတွာ ဓမ္မံ ဒေသေတိ။

http:\\www.dhammadownload.com



မဟာသတ္တော=ဘုရားအလောင်းတော်သည်။ ဂန္တွာ=သွား ရောက်၍။ တဿ=ထိုမိစ္ဆာဝိတက်ကို ကြံစည်နေတဲ့ ရသေ့၏။ ပုရတော=ရှေ့တည့်တည့်က။ အာကာသေ နိသီဒိတွာ=ကောင်း ကင်၌ ထိုင်နေပြီးတော့။ ဓမ္မံ=တရားကို။ ဒေသေတိ=ဟောတော် မူ၏။ ကသိဏပရိကမ္မံ အာစိက္ခတိ=ကသိဏ်းတရား ပွားများပုံကို ပြောပြတယ်။

ကောင်းကင်က ထိုင်နေပြီး မိစ္ဆာဝိတက် ကြံတဲ့ ရသေ့ရဲ့ မိစ္ဆာ ဝိတက်မှ လွတ်ရာလွတ်ကြောင်း တရားကောင်းများကို ဟောပြီးတော့ ကသိဏ်းပရိကံကို ညွှန်ပြ၍ ဈာန်သမာပတ်ကို ရကြစေတယ်။

အလောင်းတော်ရဲ့ ပရိသတ်တွေဟာ သိန်းပေါင်းများစွာ ဖြစ်လာ ကြတယ်။ အဲဒီ သိန်းပေါင်းများစွာထဲမှ ဈာန်သမာပတ်အရာမှာ ဆရာ ကွန်းထား (လက်ထောက်ဆရာကြီးများ)လို့ ခေါ်ဆိုလောက်တဲ့ တပည့် ကြီး ၇ ယောက်တို့ ပေါ်ပေါက်ကြတယ်။

၎င်းတို့မှာ ... (၁) သာလိဿရ တပည့်ကြီး၊ (၂) မေဏ္ဍိဿရ တပည့်ကြီး၊ (၃) ပဗ္ဗတ တပည့်ကြီး၊ (၄) ကာဠဒေဝိလ တပည့်ကြီး၊ (၅) ကိသဝစ္ဆ တပည့်ကြီး၊ (၆) အနုသိဿ တပည့်ကြီး၊ (၇) နာရဒ တပည့်ကြီးလို့ လက်ထောက်တပည့်ကြီး ၇ ဦးတို့ ပေါ်ပေါက်ခဲ့တယ်။ ပရိသတ်က တစ်နေ့ထက်တစ်နေ့ သိပ်များလာတော့ သရဘင် ဆရာကြီးက -

(၁) အကြီးဆုံးဖြစ်တဲ့ သာလိဿရ တပည့်ကြီးကို ဘာပြောသလဲ ဆိုတော့ -

သာလိဿရ အယံ အဿမော ဣသိဂဏဿ နပ္ပဟောတိ။

သာလိဿရ=ချစ်သား သာလိဿရ ...။ အယံ အဿမော=ဤ သစ်မ်းကျောင်းတိုက်သည်။ ဣသိဂဏဿ=ရသေ့အပေါင်းအား။ နပ္ပဟောတိ=မနေလောက်တော့ဘူး။

http:\\www.dhammadownload.com



ဒီသစ်မ်းကျောင်းတိုက်ကြီး ကျယ်ပေမယ့် ပရိသတ်က များတော့ ရသေ့တွေ မနေလောက်ဘူးကွယ်။

တွံ ဣမံ ဣသိဂဏံ ဂဟေတွာ မဇ္ဈကရညော ဝိဇိတေ ကလပ္ပစုလ္လကနိဂမံ ဥပနိဿာယ ဝသာဟိ။

တွံ=သင်ချစ်သားသည်။ ဣမံ ဣသိဂဏံ ဂဟေတွာ=ဤရသေ့ အပေါင်းကို ခေါ်ဆောင်ပြီး သကာလ။ မဇ္ဈကရညော ဝိဇိတေ= မဇ္ဈကမင်း၏ တိုင်းနိုင်ငံ၌။ ကလပ္ပစုလ္လကနိဂမံ=ကလပ္ပစုလ္လက မည်သော နိဂုံးတိုက်နယ်ကို။ ဥပနိဿာယ=ဂေါစရဂါမ် အမှီပြု၍။ ဝသာဟိ=နေပါလော့။

ပရိသတ် အင်မတန် များနေပြီကွယ်၊ ဒီတော့ မင်း ဒီရသေ့တွေထဲ က လိုက်ချင်တဲ့ ရသေ့တွေကို ခေါ်ပြီး မဇ္ဈကမင်းရဲ့ တိုင်းနိုင်ငံမှာ ကလပ္ပစုလ္လက ဆိုတဲ့ နိဂုံး (တိုက်နယ်) ကြီးဟာ အင်မတန် ကြီးကျယ် စည်ကားတယ်။ အဲဒီ နိဂုံးကို အမှီပြုပြီး သွားနေပါကွယ်ဟု ပြောသော အခါ...သာလိဿရတပည့်ကြီးက ကောင်းပါပြီ ဆရာကြီးဟု ဆရာကြီး ၏ စကားကို လက်ခံပြီး ထောင်ပေါင်းများစွာသော ရသေ့တို့ကို ခေါ် ဆောင်၍ ထိုနိဂုံး၌ သွားရောက်နေထိုင်တယ်။

(၂) အဲဒီနောက် ပရိသတ်က ထပ်ကာ ထပ်ကာ တိုး၍ တိုး၍ လာပြန်တော့ သရဘင် ဆရာကြီးက ဒုတိယ တပည့်ကြီးဖြစ်တဲ့ မေဏ္ဍိဿရ ရသေ့ကြီးကို ခေါ်ပြီးတော့ –

မေဏ္ဍိဿရ တွံ ဣမံ ဣသိဂဏံ အာဒါယ သုရဋ္ဌဇနပဒဿ သီမန္တရေ သာတောဒကာ နာမ နဒီ အတ္ထိ၊ တဿာ တီရေ ဝသာဟိ။

မေဏ္ဍိဿရ=ချစ်သား မေဏ္ဍိဿရ ...။ တွံ=သင်သည်။ ဣမံ ဣသိဂဏံ=ဤရသေ့ အပေါင်းကို။ အာဒါယ=ခေါ်ဆောင်၍။ သုရဋ္ဌဇနပဒဿ=သုရဋ္ဌ ခေါ်တဲ့ ဇနပုဒ်တိုက်နယ်၏။ သီမန္တရေ=

http:\\www.dhammadownload.com



နယ်စပ်၌။ သာတောဒကာ နာမ=အေးမြချိုမြိန်သောရေ ရှိသောကြောင့်။ သာတောဒကာ မည်သော။ နဒီ=မြစ်ချောင်းသည်။ အတ္ထိ=ရှိ၏။ တဿာ=ထို သာတောဒကာမြစ်၏။ တီရေ=ကမ်းနား၌။ ဝသာဟိ=နေပါလော့ ....။

အဲဒီလိုပြောပြီး ပရိသတ်ကို ခွဲလွှတ်ရတယ်။ ဒါက ဒုတိယ။

(၃) တစ်ဖန် သီးပင်တော သခ်မ်းကျောင်းတိုက်ကြီး ရသေ့ပရိသတ် ပြည့်မြဲ ပြည့်လာပြန်တော့ တတိယအကြိမ်မှာ ပဗ္ဗတ တပည့်ကြီးကို ခေါ်ပြီး --

ပဗ္ဗတ တွံ မဟာအဋဝိယံ အဉ္ဇနပဗ္ဗတော နာမ အတ္ထိ၊ တံ ဥပနိဿာယ ဝသာဟိ။

ချစ်သားပဗ္ဗတ...၊ မဟာအဋဝိခေါ်တဲ့ တောအုပ်ထဲမှာ အဉ္ဇနပဗ္ဗတခေါ်တဲ့ တောင်ကြီး ရှိတယ်။ အေး ... အဲဒီတောင်ကြီး ကို အမှီပြုပြီး ချစ်သား ပရိသတ်နဲ့ သွားနေပါကွယ်လို့ ပြောဆို လွှတ်လိုက်လေသည်။ ဒါက တတိယ။

(၄) စတုတ္ထအကြိမ်၌ သရဘင် ဆရာကြီးက ကာဠဒေဝိလ တပည့်ကြီးကို ခေါ်ပြီး –

ကာဠဒေဝိလ တွံ ဒက္ခိဏာပထေ အဝန္တိရဋ္ဌေ ဃနသေလ- ပဗ္ဗတော နာမ အတ္ထိ၊ တံ ဥပနိဿာယ ဝသာဟိ။

ချစ်သား ကာဠဒေဝိလ ...၊ ဒက္ခိဏာပထ (အိန္ဒိယတောင်ပိုင်း) အဝန္တိ ခေါ်တဲ့ တိုင်းနိုင်ငံရဲ့အတွင်းမှာ ဃနသေလခေါ်တဲ့ ကျောက်သားအတိပြီးတဲ့ ကျောက်တောင်ကြီး ရှိတယ်။ အဲဒီ ကျောက်တောင်ကြီးကို အမှီပြုပြီး (သင့်တပည့် ရသေ့ဂိုဏ်းကြီးနဲ့သွားပြီး) သခ်မ်းကျောင်းတိုက်ကြီးကို တည်ဆောက်၍ နေပါကွယ်လို့ ဆိုပြီး လွှတ်လိုက်တယ်။

(၅) တစ်ဖန် သီးပင်တော သခ်မ်းကျောင်းတိုက်ကြီးဟာ ရသေ့ပရိသတ်နဲ့ ပြည့်မြဲ ပြည့်လာပြန်တယ်။ ဆရာကြီး၏နေရာ၊ တိုက်ခွဲ

http:\\www.dhammadownload.com



တပည့်ကြီး လေးဦးတို့၏နေရာ ဤ ငါး၅၁နတို့၌ ထောင်ပေါင်းများစွာ သော ရသေ့ဂိုဏ်ကြီး ဖြစ်၍နေတယ်။ ဒီအချိန်မှာ ပဥ္စမ တပည့်ကြီး ဖြစ်တဲ့ ကိသဝစ္ဆ ရှင်ရသေ့က အလောင်းတော် သရဘင် ဆရာကြီးကို ခွင့်ပန်ပြီး ဒဏ္ဍကီမင်း၏နိုင်ငံ ကုမ္ဘဝတီမြို့ကို အမှီဂေါစရဂါမ် ပြု၍ မင်းဥယျာဉ်၌ နေလေသည်။ သူကတော့ ဧကစာရီ သွားတဲ့ပုံပဲ။

(၆) အင်း ... တစ်ခါ ဒီအထဲက ခြောက်ယောက်မြောက် တပည့် ကြီးဖြစ်သူ နာရဒရသေ့ကတော့ ဆရာကြီးထံ ခွင့်ပန်ပြီး မဇ္ဈိမတိုက် အဥ္စနဂိရိတောင်ကြားမှာ သွားရောက်၍ ဧကစာရီ နေထိုင်တယ်။

(၇) ဒီနည်းနဲ့ တပည့်ကြီး ၇ ယောက်အနက် ၆ ယောက်က အဝေး ရောက်ပြီး ဆရာကြီးရဲ့ အနားမှာတော့ ရှင်အာနန္ဒာအလောင်း အနုသိဿခေါ်တဲ့ တပည့်ကြီးပဲ အနီးကပ် ကျန်ရှိတယ်။

## အရှင်မဟာမောဂ္ဂလ္လာန်အလောင်း ကိသဝစ္ဆ ရှင်ရသေ့၏ အကြောင်း

ဒီလို နေကြရာက ငါးယောက်မြောက် တပည့်ကြီးဖြစ်တဲ့ ကိသဝစ္ဆ ရှင်ရသေ့ (ကုမ္ဘဝတီပြည် ဒဏ္ဍကီမင်းရဲ့ ဥယျာဉ်မှာ သွားနေတဲ့) ကိုယ် တော်ကို မှန်းမျှော်ပြီး အာရုံပြုထားကြပါ။ ကိသဝစ္ဆရှင်ရသေ့ဟာ တစ်ကိုယ်ရေ ဧကစာရီ မင်းဥယျာဉ်မှာ နေတော်မူပါတယ်။ အဲဒီအချိန် မှာ ကံအကြောင်း မကောင်းချင်တော့ ဘယ်လို ဖြစ်လာသလဲဆိုယင် ဒဏ္ဍကီမင်းက ပြည့်တန်ဆာမ တစ်ယောက်ကို ရာထူးချလိုက်တယ်။ အဲဒီ ပြည့်တန်ဆာမလည်း ရောက်မိရာရာ သူ့သဘာဝ သူသွားချင်ရာ ဦးတည့်ရာကို သွားရာက မင်းဥယျာဉ်ထဲ ရောက်သွားတယ်။ ကိသဝစ္ဆ ရှင်ရသေ့ကလည်း သစ်ပင်ရင်းမှာ ထိုင်နေရာက သူမကို မြင်တော့ မာတုဂါမ်ဖြစ်လို့ သူမကို ဘာမှ စကားမပြောဘူး။ သို့သော် ရသေ့ သူမြတ်ဆိုတော့ အဝတ်အစားကလည်း အင်မတန် ခေါင်းပါးနေတော့ ပြည့်တန်ဆာမက မြင်မြင်ချင်းပဲ -

http:\\www.dhammadownload.com



အယံ ကာဠကဏ္ဏီ ဘဝိဿတိ၊ ဣမဿ သရီရေ ကလိံ ပဝါဟေတွာ နှာတွာ ဂမိဿာမိ။

အယံ = ဤသူသည်။ ကာဠကဏ္ဏီ = ဘုန်းကံမဲ့သူသည်။ ဘဝိဿတိ = ဖြစ်ပေလိမ့်မည်။ ဣမဿ = ဤဘုန်းကံမဲ့သူ၏။ သရီရေ= ကိုယ်ပေါ်၌။ ကလိံ=ငါ့အပြစ်ကို။ ပဝါဟေတွာ=မျှော၍။ နှာတွာ=ရေချိုးပြီးလျှင်။ ဂမိဿာမိ=ငါသွားမယ်။

တကယ့်သူတော်ကောင်းကိုမှ "ကာဠကဏ္ဏီ=ဘုန်းကံမဲ့သူ"လို့ သူသွားပြီး စဉ်းစားတယ်။ အဲဒီလူအပေါ်မှာ ငါရဲ့ အပြစ်တွေကို ဆေးကြောပြီး မျှောပြီး ရေချိုးပြီး ငါသွားမယ်လို့ ကြံတယ်။ ဒါဟာ သူတို့အိန္ဒိယက ယတြာတစ်ခု နေပါလိမ့်မယ်။ အဲဒီမှုအတိုင်း ပြည့်တန်ဆာမ စဉ်းစားပြီးတော့ ဒန်ပူကို ဝါး၍ ပထမ ထွက်လာတဲ့ တံတွေးပျစ်ပျစ်ကို ထိုင်နေတဲ့ ကိသဝစ္ဆရှင်ရသေ့ရဲ့ ဆံကျစ်ကြားမှာ ထွေးဟက်စွန့်ချ ဒန်ပူကိုလည်း ရှင်ရသေ့ရဲ့ ဦးခေါင်းပေါ်၌ ပစ်ချခဲ့ပြီး ကိုယ်တိုင်ကမူ ဦးခေါင်းဆေး လျှော်၍ သွားခဲ့လေတယ်။ ကုမ္ဘဝတီမြို့ထဲရောက်တော့ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဆိုသလို မင်းကြီးက အမှတ်ရတော့ ပြန်အခေါ်ခိုင်းပြီး နဂိုပြည့်တန်ဆာမ ရာထူး၌ ပြန်ထားတယ်။

ထိုအချိန်မှာ နောက်မကြာမီပင် ဒဏ္ဍကီမင်း၏ ပုရောဟိတ်ပုဏ္ဏားကို ရာထူးမှ ချထားပြန်လေသည်။ သူသည် ပြည့်တန်ဆာမထံသွားပြီး-

တွံ ကေန ကာရဏေန ပုန ဌာနံ လဘသိ။

"မင်း ဘယ်လိုလုပ်ပြီး ဘယ်အကြောင်းကြောင့် ရာထူးကို တစ်ဖန်ပြန်ရသလဲ" လို့ မေးတယ်။

ဒီတော့ ပြည့်တန်ဆာမကလည်း သူဘာမှ သိတာ မဟုတ်ဘဲ မလိမ္မာတဲ့ ပုဂ္ဂိုလ်ဆိုတော့ မလိမ္မာစကား ဘယ်လိုပြောသလဲဆိုယင်-

ရာဇုယျာနေ ကာဠကဏ္ဏီ သရီရေ ကလိဿ ပဝါဟိတတ္တာ။

http:\\www.dhammadownload.com



မင်းဥယျာဉ်ထဲမှာ ကာဠကဏ္ဏိ ဘုန်းကံမဲ့တဲ့ ရသေ့ရဲ့ ကိုယ်ပေါ်မှာ မိမိရဲ့အပြစ်တွေကို မျှောခဲ့တဲ့အတွက် ယခုလို ရာထူးကို ပြန်ရတယ် လို့ ပြောတယ်။

"ကာဠကဏ္ဏိကိုယ်ပေါ်မှာ မိမိရဲ့အပြစ်ကို မျှောတယ်"ဆိုတဲ့ အလုပ် က အဲဒီ ပုဏ္ဏားကြီးတို့ ထွင်တဲ့အလုပ်နဲ့ပဲ တူတယ်။

အေး ...သိပြီဆိုပြီး ပုရောဟိတ်ပုဏ္ဏားကြီးလည်း ပြည့်တန်ဆာမရဲ့ နည်းတူပင် ဥယျာဉ်ထဲသွား၊ ဒန်ပူကိုစား၊ ကိသဝစ္ဆ ရှင်ရသေ့အပေါ်မှာ တံတွေးကို ထွေးချ၊ ဒန်ပူကို ဆံကျစ်ထဲမှာ ပစ်ထည့်ပြီး (ဒါ သူတို့ အကုသိုလ် အပြစ်ကို မျှောတာတဲ့၊) အဲဒီလို ပြုလုပ်ပြီး ရေချိုးပြီး အိမ် ပြန်လာတယ်။ ရှင်ဘုရင်ကလည်း အမျက်တော် ပြေတော့ တစ်ဖန် ပုရောဟိတ်ကြီးကို ရာထူး ပြန်ခန့်ပြန်တယ်။ အဲ သူကလည်းပဲ ပြည့် တန်ဆာမလိုပဲ "ကာဠကဏ္ဏိကိုယ်ပေါ်မှာ အပြစ်ကို့မျှောခဲ့သောကြောင့် ငါ့ကို ပြည့်ရှင်မင်းကြီးက ရာထူး ပြန်ခန့်တာပဲ"လို့ ထင်မှတ်နေတယ်။

အဲဒီလိုနေရာက နောက်တစ်ချိန်မှာ တိုင်းစွန်ပြည်နား သူပုန်ထလို့ ပြည့်ရှင်မင်းကြီး စစ်တိုက်ဖို့ သွားမည်ဆိုတော့ မလိမ္မာတဲ့ ပုရောဟိတ် က မင်းကြီးကို ပြောတာကတော့ -

မဟာရာဇ ကိံ တုမှေ ဇယံ ဣစ္ဆထ ပရာဇယံ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ ကိံ=အသို့နည်း။ တုမှေ= အရှင်မင်းကြီးတို့သည်။ ဇယံ=အောင်ခြင်းကို။ ဣစ္ဆထ=အလိုရှိကြ သလား။ ပရာဇယံ=ရှုံးခြင်းကို။ ဣစ္ဆထ=အလိုရှိကြသလား။

လို့ မေးတော့၊ မင်းကြီးက -

ဇယံ=အောင်ခြင်းကို။ ဣစ္ဆာမ=အလိုရှိကြတာပ။

လို့ ဖြေတဲ့အခါ ပုရောဟိတ်က -

တေန ဟိ ရာဇုယျာနေ ကာဠကဏ္ဏိ ဝသတိ၊ တဿ သရီရေ ကလိံ ပဝါဟေတွာ ယာဟိ။

http:\\www.dhammadownload.com



တေန ဟိ=ထိုသို့ အောင်မြင်ချင်လို့ ရှိယင်။ ရာဇုယျာနေ= အရှင်မင်းကြီးရဲ့ ဥယျာဉ်၌။ ကာဠကဏ္ဏိ=ဘုန်းကံမဲ့တဲ့ ကာဠကဏ္ဏိ ပုဂ္ဂိုလ်တစ်ယောက်သည်။ ဝသတိ=နေဆဲရှိ၏။

(ကဲ ... ဘာလုပ်ရမည်လဲ ဆိုတော့) -

တဿ သရီရေ=ထို ကာဠကဏ္ဏိ ဘုန်းမဲ့တဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်၌။ ကလိံ=မိမိရဲ့ အပြစ်ကို။ ပဝါဟေတွာ=ဒန်ပူစား တံတွေးထွေး မျှောပြီးသကာလ။ ယာဟိ=သွားပါလော့ ...။

ဟူ၍ ပြောတယ်။ မင်းကလည်း အဟုတ်အမှတ် ထင်ပြီး ဥယျာဉ်သို့ သွားပြီး -

"ယေ မယာ သဒ္ဓိံ အာဂစ္ဆန္တိ=ငါနှင့်အတူတကွ လာကြတဲ့ လူတွေ ရှိကြတယ်။ တေ ဥယျာနေ ကာဠကဏ္ဏိသရီရေ ကလိံ ပဝါဟေန္တု=ထိုသူတို့ အားလုံး ကာဠကဏ္ဏိရဲ့ ကိုယ်ပေါ်မှာ အပြစ်ကို မျှောကြရမယ်" လို့ ဆိုပြီး -

ဥယျာဉ်သို့ဝင်ပြီး "ငါက စမျှောမယ်"ဆိုပြီး ဒန်ပူကိုစား၊ ကိသဝစ္ဆ ရှင်ရသေ့ရဲ့ ဆံကျစ်ကြားမှာ တံတွေးကို ထွေး၊ ဒန်ပူကိုလည်း ပစ်ခဲ့ပြီး ရေချိုးတယ်။ အတူလိုက်ပါလာသော စစ်သည်ဗိုလ်ပါ အပေါင်းလည်း ထို့အတူပင် ပြုမှားကြကုန်တော့တယ်။

ပြည့်ရှင်မင်းကြီး ဖဲခွာရှောင်ရှားတဲ့ အခါကျမှ စစ်သေနာပတိကြီး က ကိသဝစ္ဆ ရှင်ရသေ့ကို ကြည့်ပြီး ဒန်ပူ စသည်များကို ဖယ်ရှားပြီး ရိုရိုသေသေ ရေမိုးချိုးပေးပြီး -

ဘန္တေ ရညော ကိံ ဘဝိဿတိ။

အရှင်ဘုရား ... ပြည့်ရှင်မင်းကြီးမှာ ဘယ်လိုဖြစ်မှာပါလဲ ဘုရား လို့မေးတော့ ကိသဝစ္ဆ ရှင်ရသေ့က -

အာဝုသော မယှံ မနောပဒေါသော နတ္ထိ။

http:\\www.dhammadownload.com



အာဝုသော=ဒါယကာ...။ မယ္ဟံ=ငါ့အဖို့ရာ၊ ငါ့သန္တာန်မှာတော့။ မနောပဒေါသော=စိတ်၏ပြစ်မှားခြင်း စိတ်ထဲက အမျက်ထွက်ခြင်းသည်။- နတ္ထိ=မရှိပါ။

ငါ့အဖို့မှာတော့ကွယ် စိတ်ဆိုးခြင်းဆိုတဲ့ မနောပဒေါသ လုံးဝ မရှိပါဘူး။

ဒေဝတာ ပန ကုပ္ပိတာ၊ ဣတော သတ္တမေ ဒိဝသေ သကလရဋ္ဌံ အရဋ္ဌံ ဘဝိဿတိ။

ပန=အထူးကား။ ဒေဝတာ=နတ်တို့သည်။ ကုပ္ပိတာ=အမျက်ထွက်ကုန်ကြပြီ။ ဣတော သတ္တမေ ဒိဝသေ=ယနေ့မှနောက် ခုနစ်ရက်မြောက် ရောက်သောနေ့၌။ သကလရဋ္ဌံ=ဒဏ္ဍကီမင်းရဲ့ အာဏာစိုးအုပ်ရာ ယူဇနာခြောက်ဆယ် ကျယ်ဝန်းတဲ့ တစ်တိုင်းလုံးသည်။ အရဋ္ဌံ ဘဝိဿတိ=တိုင်းပျက် ပြည်ပျက် ဖြစ်လိမ့်မည်။

တွံ ပုတ္တဒါရံ ဂဟေတွာ သီဃံ ပလာယိတွာ အညတ္ထ ယာဟိ။

တွံ=သင် စစ်သေနာပတိသည်။ ပုတ္တဒါရံ ဂဟေတွာ=သားမယားကို ခေါ်ဆောင်၍။ သီဃံ ပလာယိတွာ=မြန်မြန်ထွက်ပြေးပြီး။ အညတ္ထ=တိုင်းတစ်ပါးသို့။ ယာဟိ=သွားလေ။

စစ်သေနာပတိ ...၊ သင် လွတ်ချင်ယင်တော့ သားမယားကို ခေါ်ပြီး တိုင်းတစ်ပါးသို့ မြန်မြန်ပြေးလို့ ပြောတယ်။

စစ်သေနာပတိကြီး ကြောက်ရွံ့ထိတ်လန့်ပြီး မင်းကြီးထံ သွားရောက်၍ လျှောက်ထားသော်လည်း မင်းကြီးသည် စစ်သေနာပတိရဲ့ စကားကို ကြားသော်လည်း မနာယူချေ။ စစ်သေနာပတိလည်း စစ်တိုက်ရာ မလိုက်ပါဘဲ အိမ်ပြန်လာပြီး သားမယားကို ခေါ်ဆောင်၍ တိုင်းတစ်ပါးသို့ သွားလေသည်။

အလောင်းတော် သရဘင်္ဂရှင်ရသေ့က ကုမ္ဘဝတီမြို့မှာ သူ၏တပည့်

http:\\www.dhammadownload.com



ကိသဝစ္ဆရှင်ရသေ့ ထိုကဲ့သို့ ဒုက္ခရောက်သည်ကို သိပြီး ရသေ့ပျို နှစ်ယောက်တို့ကို လွှတ်ပြီး -

ကိသဝစ္ဆံ မဥ္စသိဝိကာယ အာနေထ။

ကိသဝစ္ဆံ=ကိသဝစ္ဆ ရှင်ရသေ့ကို။ မဥ္စသိဝိကာယ=ညောင်စောင်း အိပ်စင်ဖြင့်။ အာနေထ=ဆောင်ယူခဲ့ကြ။

ခုတင်နဲ့ မင်းတို့ ကောင်းကင်ကသွားပြီး ကိသဝစ္ဆကို ထမ်းဆောင်ခဲ့ကြ–ဟု ပြော၍ လွှတ်လိုက်တယ်။

ရသေ့ပျို နှစ်ယောက် မြေပြင်က သွားတာ မဟုတ်ဘူးနော်၊ ကောင်းကင်က ဈာန်ယာဉ်စီးပြီး ခုတင်ကြီးကို ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်း၍လာ၊ ကုမ္ဘဝတီမြို့ မင်းဥယျာဉ်ထဲ ဆင်းကြပြီး ပင်ပန်းနွမ်းနယ်နေတဲ့ ကိသဝစ္ဆရှင်ရသေ့ကို ခုတင်ပေါ်တင်ပြီးတော့ ကောင်းကင်ကပဲ ဦး+ပဲ့ ထမ်းပြီး သွားကြတယ်။ ဂေါဓာဝရီမြစ်ကမ်းသီးပင်တော သခ်မ်းကျောင်းသို့ ရောက်တဲ့အခါ အားလုံး ဝိုင်းဝန်းပြုစုကြတယ်။

ဒဏ္ဍကီမင်းလည်း စစ်တိုက်လို့ စစ်နိုင်၊ လူဆိုးတို့ကို ဖမ်းပြီး ကုမ္ဘဝတီမြို့သို့ ပြန်လာ၊ ထိုသို့မင်းကြီးပြန်လာလျှင်ပင် အမျက်ထွက်နေသော နတ်တွေက ပထမရေးဦးစွာ မိုးကြီး ရွာစေတယ်။ ရွာလိုက်တဲ့ မိုး၊ ခွေးသေပုပ်၊ နွားသေပုပ် စတဲ့ အကောင်ပုပ်တွေ အားလုံးကို ရေနဲ့ တိုက်မျှောယူဆောင်သွားတဲ့ "သူကောင်မျှောမိုး"ကို ရွာချတယ်။ ဒါက ပထမမိုး။

ပြီးတော့မှ အဲဒီအပေါ်မှာ (ဒုတိယ) "သဲဖြူမိုး" ရွာပေးတယ်။ တစ်ခါတည်း သဲတွေဟာ ဖွေးဖွေးဖြူနေတာပဲ။

(တတိယ) အဲဒီ သဲဖြူမိုးရဲ့ အပေါ်မှာမှ "နတ်ပန်းမိုး" ရွာချပေးတယ်။ ဟာ ... ကုမ္ဘဝတီ တစ်ပြည်လုံးကို မွှေးကြိုင်နေတာပဲတဲ့။

http:\\www.dhammadownload.com



(စတုတ္ထမြောက်) နတ်ပန်းတွေအပေါ်မှာ ရွှေပဲစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့တွေ၊ ငွေပဲစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့တွေ မိုးကြီးရွာချပေးတယ်။

ပဉ္စမအကြိမ်မြောက်ကျတော့ ရွှေဒင်္ဂါး ငွေဒင်္ဂါးဆိုတဲ့ "ဒင်္ဂါးမိုး"ကြီး ရွာချပေးတယ်။ ဖြုန်းဖြုန်း ဖြုန်းဖြုန်းနဲ့ ရွာလိုက်တဲ့မိုး၊ မတိတ်သေး၍သာ လူတွေက ငြိမ်နေကြရတယ်။

လူတွေ ထွက်မကောက် ကောက်ချင်အောင် ခြောက်ကြိမ်မြောက်ကျတော့ "နတ်တန်ဆာမိုး" တွေ ရွာပေးတယ်။ နတ်ပြည်မှာဖြစ်တဲ့ လက်ကောက်တွေ၊ ပုတီးတွေ၊ နားထောင်းတွေ၊ လူတိုင်း လူတိုင်း တစ်ယောက်မှ မနေနိုင်တော့ဘူး။ အဲဒီမှာ ကဏ္ဍာကီမင်းနဲ့တကွ လူတွေ အားလုံးထွက်ပြီး ဝမ်းမြောက်ဝမ်းသာ ရွှေငွေရတနာတို့ကို ထွက်၍ ကောက်ယူကြတယ်။ အဲ ... လူစေ့တက်စေ့ ထွက်လည်း ကောက်ကြရော အားလုံး ထွက်ပြီးလို့ အိမ့်အပြင်ဘက်သို့လည်း ရောက်ကြရော ထိုလူတွေရဲ့ ကိုယ်ပေါ်မှာ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ တစ်ဖက်အသွား၊ နှစ်ဖက်အသွားရှိတဲ့ လှံ၊ ဓား၊ သန်လျက် စတဲ့ လက်နက်မိုးတွေ တဖြိုးဖြိုး ရွာချတယ်။

မင်းနဲ့တကွ လူတွေအားလုံး အပိုင်းအပိုင်း သွေးချင်းချင်းနီ၍ သေကုန်ကြတော့မှ အပေါ်က မီးကျီးမိုး ရွာချလိုက်တယ်။ ထိုလက်နက်မိုး၊ မီးကျီးမိုးတို့ရဲ့ အပေါ်က အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ တောင်ထွတ်ကြီးတွေ ကောင်းကင်က ကျလာတယ်။ တောင်ထွတ်ကြီးတွေနဲ့ တစ်တိုင်းပြည်လုံးကို ဖုံးလိုက်တာပါပဲ။ အဲဒီလို တောင်ထွတ်ကြီးတွေ ဖုံးအုပ်ပြီးတဲ့နောက်မှ အတောင်ခြောက်ဆယ် ထုထည်ပြည့်အောင် သဲဖြူမိုးကြီး ရွာချတယ်။ ဤနည်းဖြင့် ယူဇနာခြောက်ဆယ် ကျယ်ပြန့်သော ကုမ္ဘဝတီပြည်နယ် တစ်ခုလုံး ပျက်စီးသွားတယ်။

http:\\www.dhammadownload.com



## မင်းသုံးဦးတို့ သရဘင်္ဂပညာရှိထံ လာကြခြင်း

ကုမ္ဘဝတီပြည်နယ်တစ်ခုလုံး ပျက်ပြုန်းတဲ့အကြောင်း ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ထင်ရှားကျော်ကြားသွားတယ်။ ထိုအခါ ကုမ္ဘဝတီပြည်၏အခြားမဲ့မှာ တည်ရှိတဲ့ (၁) ကာလိင်္ဂမင်း၊ (၂) အဋ္ဌကမင်း၊ (၃) ဘီမရထမင်းဆိုတဲ့ တိုင်းရှင်ပြည့်ရှင် ဘုရင်မင်းသုံးပါး (မဟာရာဇာ စော်ဘွားသုံးဦး)တို့ မိမိတို့ပြည်မှာ နေကြရင်းက အတိုင်အပင် မရှိကြဘဲ အကြံအစည် ဖြစ်ခဲ့ကြပုံမှာ ...

၁။ ရှေးအခါ ဗာရာဏသီပြည် ကာသိကတိုင်းရှင် ဘုရင်ကလာဗုမင်းသည် ခန္တိဝါဒီ ရှင်ရသေ့၌ ပြစ်မှား၍ မြေအမျိုခံရသည်ကို ငါ ကြားအပ်ဖူးသည်။

၂။ တထာ နာဠိကေရရာဇာ တာပသေ သုနခေဟိ ခါဒါ-ပေတွာ=ထို့အတူပဲ ရာဇဝင် အစဉ်အဆက်မှာ မှတ်တမ်းတင်ခဲ့တာက နာဠိကေရ ခေါ်တဲ့ မင်းဟာ ရသေ့သူမြတ်တွေကို ခွေးတွေနဲ့ တိုက်ပြီး နှိပ်စက်ခဲ့ဖူးတယ်။

၃။ ( ထို့အတူ ) သဟဿဗာဟု အဇ္ဇုနော ဝ = လက်ရုံးတစ်ထောင် ဆောင်တယ်ဆိုတဲ့ အဇ္ဇုနမင်းလည်းပဲ။ အင်္ဂီရသေ အပရဇ္ဈိတွာ=အင်္ဂီရသခေါ်တဲ့ ရှင်ရသေ့ အပေါ်မှာ လေးနဲ့ပစ်၍ ပြစ်မှားခဲ့တယ်။

ဒါက တတိယ။ (အဲဒီ အကြောင်းအရာ သရဘင်္ဂ ယခုဇာတ် ဒုတိယ တရားပွဲကျမှ အရေလည်မှာ ဖြစ်ပါတယ်။)

၄။ ဣဒါနိ ဒဏ္ဍကီရာဇာ ကိသဝစ္ဆေ အပရဇ္ဈိတွာ=ယခု အခါ ဒဏ္ဍကီမင်းသည် ကိသဝစ္ဆ ရှင်ရသေ့ အပေါ်၌ ပြစ်မှားခဲ့၍၊ သဟရဋ္ဌေန ဝိနာသံ ပတ္တောတိ သုယျတိ=ယူဇနာခြောက်ဆယ် ကျယ်ပြန့်တဲ့ တစ်တိုင်းတစ်ပြည်လုံးနဲ့ အတူတကွ ပျက်စီးခြင်းသို့ ရောက်ပြီလို့ သတင်းကြားရတယ်။

http:\\www.dhammadownload.com



ကွမေသံ ပန် စတုန္နံ ရာဇူနံ နိဗ္ဗတ္တနဋ္ဌာနံ မယံ န ဇာနာမ။

ထိုမင်းလေးယောက်တို့ ယခု ဘယ်မှာ သွားဖြစ်ကြတယ်ဆိုတဲ့ သူတို့ဖြစ်ရာ ဌာနကို ငါတို့ မသိကြဘူး။

တံ ဌပေတွာ သရဘင်္ဂသတ္ထာရံ အညော ကထေတုံ သမတ္ထော နတ္ထိ။

အဲဒီ ဖြစ်ရာဌာနကို သရဘင်္ဂ ဆရာကြီးကို ထား၊ အခြား မည်သူ တစ်ဦးတစ်ယောက်မျှ ငါတို့အား ပြောကြားနိုင်မည့်သူ မရှိဘူး။

တံ ဥပသင်္ကမိတွာ ကွမေ ပဥှေ ပုစ္ဆိဿာမ။

တံ=ထို သရဘင်္ဂဆရာကြီးသို့။ ဥပသင်္ကမိတွာ=ချဉ်းကပ်၍။ ကွမေ ပဥှေ=ကလာဗုမင်း ဘယ်ဘုံမှာ ရောက်သလဲ၊ နာဠိကေရမင်း ဘယ်ဘုံမှာ ရောက်သလဲ၊ အဇ္ဇုနမင်း ဘယ်ဘုံမှာ ရောက်သလဲ၊ ဒဏ္ဍကီမင်း ဘယ်ဘုံမှာ ရောက်သလဲ ဆိုတဲ့ ပြဿနာလေးချက်တို့ကို။ ပုစ္ဆိဿာမ=မေးကြကုန်အံ့။

အဋ္ဌက မင်းကလည်း သူ့နန်းတော်မှာ သူနေရင်း ဒီအတိုင်း အကြံဖြစ်တယ်။ ဘီမရထမင်းကလည်း ဒီအတိုင်း၊ ကာလိင်္ဂမင်းကလည်း ဒီ အတိုင်းပဲ။ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ခြင်း မရှိကြဘဲ သရဘင်္ဂ ဆရာကြီးထံ သွားမေးဦးမှပဲ ... လို့ တစ်နေ့တည်း တစ်ချိန်တည်းမှာပဲ များစွာသော စစ်အင်္ဂါနဲ့ သရဘင်္ဂဆရာကြီးနေတဲ့ ဂေါဓာဝရီမြစ်ကမ်းဘက်ကို ဦးတည်ပြီးတော့ လာကြတယ်။

## သိကြားမင်းလည်း လာခြင်း

ထိုမင်း သုံးဦးတို့ "ဤမည်သော မင်းလည်း ထွက်လာပြီ"ဟု မသိကြဘဲ "ငါ တစ်ဦးတည်းသာ သွားသည်"ဟု မှတ်ထင်ကြကာ စစ်သည်ဗိုလ်ပါများစွာတို့နှင့် လာခဲ့ကြ၍ ဂေါဓာဝရီမြစ်အနီး ပေါင်းဆုံမိကြသောအခါ မိမိတို့၏ ရထားမှ ဆင်းကြ၍ ရထားတစ်စီးတည်း အဘူ

http:\\www.dhammadownload.com



တကွ စီးကြ၍ ဂေါဓာဝရီ မြစ်ကမ်းအနီးသို့ ခရီးရောက်ဆိုက်ကြလေလျှင် သိကြားမင်းကလည်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်မှာ ထိုင်နေရင်း အမေးပုစ္ဆာ ပြဿနာ ၇ ချက်တို့ကို ကြံစည်ပြီး –

ဣမေ ပဉ္စေ ဠပေတွာ သရဘင်္ဂသတ္ထာရံ အညော သဒေဝကေ လောကေ ကထေတုံ သမတ္ထော နာမ နတ္ထိ။

ယခု ငါ စဉ်းစားရတဲ့ ပြဿနာများကို ဘရသင်္ဂဆရာကြီးကို ထား၍ နတ်ပြဟ္မာနှင့်တကွသော သတ္တလောကမှာ အခြားသူ တစ်ဦး တစ်ယောက်မျှ ဖြေဆိုနိုင်မည့် ပုဂ္ဂိုလ် မရှိဘူး။

တံ ဣမေ ပဉ္စေပုစ္ဆိဿာမိ=သရဘင်္ဂဆရာကြီးထံ ငါသွားပြီး ဒီပြဿနာတွေကို မေးမယ်။

ဣမေပိ တယော ရာဇာနော သရဘင်္ဂသတ္ထာရံ ပဉ္စံ ပုစ္ဆိတုံ ဂေါဓာဝရီ နဒီတီရံ ပတ္တာ။

အဋ္ဌကမင်း၊ ဘီမရထမင်း၊ ကာလိင်္ဂမင်း ဒီမင်းသုံးဦးတို့လည်းပဲ သရဘင်္ဂဆရာကြီးကို ပြဿနာ မေးဖို့ရန် ဂေါဓာဝရီ မြစ်ကမ်းနားသို့ ရောက်ကုန်ကြပြီ။

တေသံ ပဉ္စေပိ အဟမေဝ ပုစ္ဆိဿာမိ။

အဲဒီ မင်းသုံးပါးတို့ မေးကြမယ့် ပြဿနာတို့ကိုလည်းပဲ ငါပဲ မေးမယ်လို့ ကြံစည်ပြီး စတုမဟာရာဇ်၊ တာဝတိံသာ နတ်နှစ်ပြည်က နတ်တွေ ခြံရံလျက် နတ်ပြည်မှ ဆင်းသက်ခဲ့လေသည်။

## ကိသဝစ္ဆရှင်ရသေ့ ကွယ်လွန်ခြင်း

သိကြားမင်းနှင့်တကွ မင်းသုံးပါးတို့ ဂေါဓာဝရီမြစ်ကမ်းသို့ ရောက်သောနေ့မှာပင် ကိသဝစ္ဆရှင်ရသေ့ ကွယ်လွန်ရှာတယ်။

သာလိဿရ၊ မေဏ္ဍိဿရ၊ ပဗ္ဗတ၊ ကာဠဒေဝိလ ရသေ့တို့ အရပ်လေးမျက်နှာမှ တပည့်ရသေ့ ထောင်ပေါင်းများစွာတို့နှင့် အတူ

http:\\www.dhammadownload.com



ဂေါ်တာဝရီ ဆိပ်ကမ်းအနီး သီးပင်တော သစ်မ်းကျောင်းတိုက်သို့ လာရောက်ကြရာ မဏ္ဍပ်ကြီးငါးလုံး ထိုးပြီး အလောင်းတော် သရဘင်္ဂ ရသေ့ဆရာကြီး ကိုယ်တိုင်ကြီးမှူး ကြပ်မတ်အုပ်ချုပ်ပြီး သကာလ ကိသဝစ္ဆရှင်ရသေ့ရဲ့ ဥတုဇရုပ်အလောင်းကို ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြတယ်။ သုသာန်တစ သချိုင်းဝ၏ ထက်ဝန်းကျင် ယူဇနာဝက် အရပ်၌ နတ်ပန်းမိုး ဖြိုးဖြိုး ရွာသွန်းချလေသည်။

အလောင်းတော် သရဘင်္ဂရသေ့ ဆရာကြီး ကိသဝစ္ဆရသေ့၏ ချာပနကိစ္စကို ပြုလုပ်ပြီး သစ်မ်းကျောင်းတိုက်အတွင်း ဝင်၍ တပည့်ရသေ့အပေါင်း ခြံရံလျက် ထိုင်နေတော်မူစဉ် ဂေါ်တာဝရီ မြစ်ကမ်းက မင်းသုံးဦးတို့ရဲ့ စစ်တပ်မှ စစ်တူရိယာတွေ၊ စစ်မောင်းတွေ၊ တီးမှုတ်တဲ့ အသံတွေကို ကြားရတော့ အလောင်းတော် သရဘင်္ဂရသေ့ဆရာကြီးက အရှင်အာနန္ဒာအလောင်း အနုသိဿ တပည့်ရသေ့ကို ခေါ်ပြီးတော့-

တွညေ၀ ဓာနာဟိ "ကိံ နာမေ+သော သဒ္ဒေါ"တိ။

တာတ=ချစ်သား အနုသိဿ ...။ "ဧသော သဒ္ဒေါ=ဤအသံသည်။ ကိံ နာမ သဒ္ဒေါတိ=ဘာသံလဲဆိုတာ"။ တွညေ၀=သင်ချစ်သားပင်လျှင်။ ဓာနာဟိ=သိအောင်စုံစမ်းပါ ... လို့ -

အလောင်းတော်က ပြောတဲ့အခါ အနုသိဿ ရှင်ရသေ့သည် သောက်ရေအိုးထမ်း၍ ကမ်းနားသို့ သွားပြီး မင်းသုံးပါးတို့ကို မြင်လေရာ မေးမြန်းလို၍ ရှေးဦးစွာ အမေးဂါထာကို မိန့်ဆိုတယ်။

၁။ အလင်္ကတာ ကုဏ္ဍလိနော သုဝတ္ထာ၊
ဝေဠုရိယ မုတ္တာ ထရုခဂ္ဂဗန္ဓာ။
ရထေသဘာ တိဋ္ဌထ ကေ နု တုမှေ၊
ကထံ ဝေါ ဓာနန္တိ မနုဿလောကေ။ ။

ရထေသဘာ=ရထားစီးခြင်း မင်းတို့ထက်မြက် ဥက္ကဋ္ဌဖြစ်ကြ

http:\\www.dhammadownload.com



ပါသော အို–မင်းတို့ ...။ တုမှေ=သင်မင်းတို့သည်။ အလင်္ကတော= တန်ဆာစုံလင် ဆင်ယင်အပ်ကုန်သည် ဖြစ်၍ လည်းကောင်း။ ကုဏ္ဍလိနော=ပုတီး၊ နားတောင်း၊ သွယ်ပျောင်းစုံလင် ဆင်ယင် ကြကုန်သည်ဖြစ်၍ လည်းကောင်း။ သုဝတ္ထာ=ကောင်းသောအဝတ် ရှိကြကုန်လျက် လည်းကောင်း။ ဝေဠုရိယ မုတ္တာ ထရုခဂ္ဂဗန္ဓာ= ကြောင်မျက်ရွဲတွေ၊ ပုလဲတွေ ခြယ်စီတဲ့ အရိုးတပ်သော သန်လျက် တို့ကို ကိုယ်စီဖွဲ့ချည်ကုန်လျက် လည်းကောင်း။ တိဋ္ဌထ=၌ ဂေါဓာဝရီ မြစ်ကမ်းနားသို့ လာရောက်တည်နေကြပါကုန်၏။ တုမှေ=အသင်တို့သည်။ ကေန=အဘယ်သူတို့ပါနည်း။ ဝေါ=သင် တို့ကို။ မနုဿလောကေ=လူ့ပြည်လောက၌။ ကထံ ဇာနန္တိ= အဘယ်သို့ အသိအမှတ် ပြုကြပါသလဲ ...။

လူ့ပြည်လောကမှာ သင်တို့ကို ဘယ်လိုခေါ်ကြသလဲလို့ မေးတဲ့ အခါ –

မင်းသုံးပါးက ရထားပေါ်က ဆင်း၊ အနုသိဿရှင်ရသေ့ကို မတ်တပ်ရပ် လက်အုပ်ချီမိုး ရှိခိုးကြပြီး မင်းသုံးပါးထဲမှ ခေါင်းဆောင် ဖြစ်သူ အဋ္ဌကမင်းက ဒုတိယဂါထာဖြင့် လျှောက်ကြား ဖြေဆိုတယ်။

၂။ အဟ+မဋ္ဌကော ဘီမရထော ပနာ+ယံ၊
ကာလိင်္ဂရာဇာ ပန ဥဂ္ဂတာ+ယံ။
သုသညတာနံ ဣသီနံ ဒဿနာယ၊
ဣဓာ+ဂတာ ပုစ္ဆိတာယေ+မှ ပဥှေ။ ။

ဘန္တေ=အရှင် ရသေ့သူမြတ်ဘုရား ...။ အဟံ=အကျွန်ုပ်ကား။ အဋ္ဌကော=အဋ္ဌကမင်းပါဘုရား။

အရှင်ဘုရား ...၊ တပည့်တော်က အဋ္ဌကတိုင်းအလုံး ဘုန်းမိးနေလ တောက်ပတဲ့ အဋ္ဌကမင်းပါ။

အယံ ပန=ဟောဒီ မင်းကတော့။ ဘီမရထော=ဘီမရထ မင်း

http:\\www.dhammadownload.com



ပါတုရား ...။ အယံ ပန=ဤမြင်းကတော့။ ဥဂ္ဂတော=ထင်ရှားသော။ ကာလိင်္ဂရာဇာ=ကာလိင်္ဂမင်းပါ ဘုရား ...။

သူ့ကိုယ်သူ လက်ညှိုးထိုးပြပြီး တပည့်တော်က အဋ္ဌကမင်းပါဘုရား၊ ဟောဒီမင်းကတော့ ဘီမရထ၊ ဟောဒီမင်းက ကာလိင်္ဂမင်းပါဘုရား-တဲ့။ ဟုတ်ပြီ၊ ဘာကိစ္စ အလို့ငှာ လာကြတာလဲ ဆိုတော့ -

သုသညတာနံ=ကောင်းစွာ စောင့်သုံး စိတ်နှလုံး ရှိကြကုန်သော။ ဣသိနံ=ရသေ့သူမြတ်တို့ကို။ ဒဿနာယ=ဖူးမြော်ခြင်းငှာလည်းကောင်း။ ပဉှေ=အမေးပုစ္ဆာ ပြဿနာတို့ကို။ ပုစ္ဆိတုံ=သိလိုရေး မေးလျှောက်ခြင်းငှာ လည်းကောင်း။

[ ယ-ကာရော ဗျဉ္ဇနသန္ဓိ-ကရောတိ ဝေဒိတဗ္ဗော၊ (အဋ္ဌကထာ) ဤအလို ပုစ္ဆိတာယေ + မှ - ကို ပုစ္ဆိတုံ ဓမှ - ဟု ပုဒ်ဖြတ်။]
ပုစ္ဆိတာယေ = သိလိုရေး မေးလျှောက်ခြင်းငှာ လည်းကောင်း။ (ပုစ္ဆိတာယေ၌ ပုစ္ဆဓာတ်+တာယေ ပစ္စည်း အဖြောင့်ကြံ။) မယံ=အကျွန်ုပ်တို့သည်။ ဣဓ=ဤအရပ်သို့။ အာဂတာ=လာရောက်ကြကုန်သည်။ အမှ=ဖြစ်ပါကုန်သည်ဘုရား။

ဟို ... အရှင်ရသေ့တို့ကို ဖူးမြော်ချင်လို့ အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်ချင်လို့ ယခု ဒီနေရာကို ရောက်လာကြပါတယ် ဘုရားလို့ ဆိုတဲ့အခါ အနုသိဿ ရှင်ရသေ့က -

သာဂု မဟာရာဇာ အာဂန္တဗ္ဗဋ္ဌာန မေဝ အာဂတာ+တ္ထ။

သာဂု မဟာရာဇာ=ကောင်းပါတယ် မဟာရာဇာ (ဇော်ဘွား)ကြီးတို့။ တုမှေ=သင်တို့သည်။ အာဂန္တဗ္ဗ ဋ္ဌာန မေဝ=လာသင့်တဲ့အရပ်သို့သာလျှင်။ အာဂတာ=လာရောက်ကြကုန်သည်။ အတ္ထ=ဖြစ်ကုန်၏။

မဟာရာဇကြီးများ ...၊ သင်တို့သည် လာသင့်တဲ့ အရပ်ကို လာကြတာပဲ။

http:\\www.dhammadownload.com



တေန ဟိ နှာတွာ ဝိဿမိတွာ အဿမပဒံ ပဝိသိတွာ · ဣသိဂဏံ ဝန္ဒိတွာ သရဘင်္ဂသတ္ထာရ မေဝ ပဉှံ ပုစ္ဆထ။

တေန ဟိ=ထိုသို့တပြီးကား၊ (ဝါ) ဒါဖြင့်လျှင်။ နှာတွာ-နှာယထ=ဂေါဓာဝရီ မြစ်ထဲဆင်းပြီး ရေချိုးကြဦး။ နှာတွာ=ရေချိုးပြီးသကာလ။ ဝိဿမိတွာ-ဝိဿမထ=အပန်းဖြေကြဦး။ ဝိဿမိတွာ=အပန်းဖြေပြီး သကာလ။ အဿမပဒံ ပဝိသိတွာ= သခ်မ်းကျောင်းတိုက်သို့ ဝင်ပြီး သကာလ။ ဣသိဂဏံ=ရသေ့သူမြတ်အပေါင်းကို။ ဝန္ဒိတွာ=ရှိခိုးကြပြီး သကာလ။ သရဘင်္ဂသတ္ထာရမေဝ=သရဘင်္ဂ ဆရာကြီးကိုပင်။ ပဉှံ ပုစ္ဆထ=ပြဿနာကို မေးကြကုန်။

အရှင်အာနန္ဒာအလောင်းဆိုတော့ အပြောအဆို အလွန်ပြေပြစ်ပါတယ်။ "အသင် မဟာရာဇာကြီးတို့ဟာ လာသင့်တဲ့နေရာကို လာရောက်ကြခြင်း ဖြစ်ပါတယ်။ သို့ရကား ရေချိုး အပန်းဖြေပြီးမှ သခ်မ်းကျောင်းတိုက်ထဲ ဝင်ပြီး ရသေ့များကို ရှိခိုးတော့၊ သရဘင်္ဂ ဆရာကြီးကို သင်တို့ သိလိုတဲ့ ပြဿနာများကို မေးကြ" လို့ မင်းသုံးဦးတို့နဲ့ အစေ့အစပ် အပြေအပြစ် စကားပြောပြီး ဂေါဓာဝရီမြစ်ထဲ ဆင်း၍ ရေခပ်၊ ရေအိုးမြှောက်ပြီး ရေပေါက်ကလေးတွေကို သုတ်ရင်းကောင်းကင်ကို မော့ကြည့်လိုက်တော့ သိကြားမင်းကို နတ်အပေါင်းခြံရံလျက် ဧရာဝဏ်ဆင် စီးပြီး လူ့ပြည်သို့ ဆင်းလာသည်ကို မြင်တော့ အနုသိဿ ရှင်ရသေ့က -

၃။ ဝေဟာယသံ တိဋ္ဌသိ အန္တလိက္ခေ၊
ပထဒ္ဓုနော ပန္နရသေဝ စန္ဒော။
ပုစ္ဆာမိ တံ ယက္ခ မဟာနုဘာဝ၊
ကထံ တံ ဇာနန္တိ မနုဿလောကေ။

၍ တတိယဂါထာဖြင့် မေးတယ်။

http:\\www.dhammadownload.com



မဟာနုဘာဝ=ကြီးသော အာနုဘော်ရှိသော။ ယက္ခ=အို... နတ်မင်း။ တွံ=အသင် နတ်မင်းသည်။ ပန္နရသေ စန္ဒော ဣဝ= လဆန်း တစ်ဆယ့်ငါးရက်နေ့ဝယ် တက်ထွန်းသော လပြည့်ဝန်း ကဲ့သို့။ အန္တလိက္ခေ=အကြားမှာ မြူတွေသာ ရှိသော။ ဝေဟာယသံ =ကောင်းကင်ခရီး၌။ ပထဒ္ဓုနော=အစွန့်ရှည်သော ခရီးကို သွား သည်ဖြစ်၍။ တိဋ္ဌသိ=မားမားမတ်မတ် ရပ်တည်လာပေ၏။

၁၅ ရက်နေ့ လပြည့်ဝန်းပမာ အလွန်သန့်ရှင်း စင်ကြယ်စွာသော ကောင်းကင်မှာ ခရီးနှင်လာပြီး ရပ်တော်မူလာပါပေတယ်။

မဟာနုဘာဝ=ကြီးသော အာနုဘော်ရှိသော။ ယက္ခ=နတ်မင်း။ တံ=သင်နတ်မင်းကို။ ပုစ္ဆာမိ=မေးပါရစေ။ တံ=သင့်ကို။ မနုဿ လောကေ=လူ့ပြည်လောက၌။ ကထံ=အဘယ်သို့လျှင်။ ဇာနန္တိ= အသိအမှတ် ပြုကြပါသလဲ။

မေးပါရစေ၊ သင့်ကို လူ့လောကမှာ ဘယ်လို အသိအမှတ် ပြုကြပါ သလဲလို့ မေးတော့ သိကြားမင်းက ပြန်ဖြေတယ်။

၄။ ယ+မာဟု ဒေဝေသု သုဇမ္ပတီတိ၊
မဃဝါတိ တံ အာဟု မနုဿလောကေ။

သ ဒေဝရာဇာ ဣဒ+မဇ္ဇ ပတ္တော၊
သုသညတာနံ ဣသိနံ ဒဿနာယ။ ။

ဣသေ=အို ...ရသေ့သူမြတ်ဘုရား ...။ ယံ=အကြင် သိကြား မင်းကို။ ဒေဝေသု=နတ်တို့၌။ သုဇမ္ပတီတိ=သုဇာနတ်မိဖုရား၏ အရှင်ဟူ၍။ အာဟု=နတ်အများက ပြောကြားကြပါကုန်၏ ဘုရား။

တပည့်တော်ကို နတ်ပြည်မှာ အားလုံးနတ်တွေက သုဇမ္ပတိ၊ လူ တွေကတော့ သူဇာလို့ မခေါ်ဘူး၊ သုဇိတာလို့ ခေါ်ကြတယ်။ သူဇာရဲ့ အရှင် သိကြားမင်းလို့ နတ်အများက ပြောကြပါတယ် ဘုရား။

http:\\www.dhammadownload.com



တံ=ထိုနတ်မင်းကို။ မနုဿလောကေ=လူ့ပြည်လောကမှာ တော့။ မဃဝါတိ=ကိုမာဃဟူ၍။ အာဟု=ပြောဆိုကြပါတယ်။

လူတွေက သိကြားမင်းကို "ကိုမာဃ"လို့ ခေါ်ကြတယ်၊ နတ်တွေကတော့ သိကြားမင်းကို "သူဇာရဲ့ အရှင်=သုဇမ္ပတိ"လို့ ခေါ်ကြတယ်။

သ-သော ဒေဝရာဇာ = ထို နတ်တို့သေဌ်နင်း အကျွန်ုပ် သိကြားမင်းသည်။ သုသညတာနံ ဣသိနံ ဒဿနာယ=ကိုယ်နှုတ် နှလုံး သုံးပါးလုံးကို ကောင်းစွာ စောင့်သုံးတော် မူကြတဲ့ ရသေ့ သူမြတ်တို့ကို ဖူးမြော်ဖို့ရန်။ ဣဓံ ဠာနံ=ဤအရပ်သို့။ အဇ္ဇ=ယနေ့။ ပတ္တော=ရောက်ဆိုက်လာပါတယ် ဘုရား ...။

သူတော်စင်ရသေ့တွေကို ဖူးမြော်ချင်လို့ သိကြားမင်းဆိုတဲ့ တပည့်တော် ဒီအရပ်ကို ရောက်လာပါတယ်ဘုရား ...လို့ လျှောက်ထားတယ်။

ဒီတော့ အနုသိဿ ရှင်ရသေ့က ဘာပြောသလဲဆိုတော့ -

သာဂု မဟာရာဇာ=သိကြားမင်း ... ကောင်းပါတယ်။ တုမှေ ပစ္ဆာ အာဂစ္ဆထ။ တုမှေ=သင် သိကြားမင်းတို့သည်။ ပစ္ဆာ=နောက်မှ။ အာဂစ္ဆထ=လာခဲ့ကြတော့ ... ဟု ဆိုပြီး -

အနုသိဿရှင်ရသေ့က သောက်ရေအိုးကိုထမ်း၊ သခ်မ်းကျောင်းကို ဝင်၊ ရေအိုးစင်မှာ ရေအိုးကို တည်ထားပြီး မင်းသုံးဦးနှင့် သိကြားမင်းတို့ ပြဿနာမေးရန် လာရောက်ကြကြောင်း အလောင်းတော်အား လျှောက်ထားတယ်။

အလောင်းတော် သရဘင်္ဂဆရာကြီးက "အေး ... ဒီလိုဆိုယင် ဒီ သစ်ရွက်မိုး သခ်မ်းကျောင်းထဲမှာ နေရာမဆံ့ပေဘူး၊ ရသေ့ကျောင်း တိုက်ရဲ့ အလယ်ခေါင်မှာ 'မဟာဝိသာလ=အလွန်ကျယ်ဝန်းတဲ့ တန်ဆောင်းကြီးထဲ' သွားနေကြစို့" ဆိုပြီး အလောင်းတော် သရဘင်္ဂဆရာကြီး တန်ဆောင်းဝန်းကြီးထဲမှာ ရသေ့အပေါင်း ခြံရံပြီး စောင့်နေနှင့်တယ်။

http:\\www.dhammadownload.com



ဒီတော့မှ မင်းသုံးပါး အလျင်လာရောက်ပြီး ရသေ့အပေါင်းကို ရှိခိုး၍ အပြစ်လွတ်ရာအရပ်မှာ မိမိတို့ ပရိသတ်နဲ့ ထိုင်နေကြတယ်။ သိကြားမင်းလည်း ကောင်းကင်က ဆင်း၊ ရသေ့တို့ထံ ကပ်၊ လက်အုပ်ချီ ရပ်တည်လျက် ရသေ့တို့ကို ချီးမွမ်းပြီး ရှိခိုးလိုရကား ပဌမဂါထာကို ရွတ်ဆိုတယ်။

၅။ ဒူရေ သုတာ နော ဣသယော သမာဂတာ၊
မဟိဒ္ဓိကာ ဣဒ္ဓိဂုဏူပပန္နာ။
ဝန္ဒာမိ တေ အယျိရေ ပသန္နစိတ္တော၊
ယေ ဇီဝလောကေ+တ္ထ မနုဿသေဋ္ဌာ။ ။

ယေ=အကြင်ပုဂ္ဂိုလ်သူမြတ်တို့သည်။ ဇတ္ထ ဇီဝလောကေ= အသက်ရှည်ထွေ တည်နေပါကြ လူ့လောက၌။ မနုဿသေဋ္ဌာ= လူတွင်ဥက္ကဋ္ဌ လူမြတ်တို့ စင်စစ်ဖြစ်ကြပါကုန်၏။ နော=အကျွန်ုပ်တို့သည်။ ယေ=အကြင်ရသေ့သူမြတ်တို့ကို။ မဟိဒ္ဓိကာ=ကြီးသော တန်ခိုးရှိသော သူတို့ဟူ၍။ ဣဒ္ဓိဂုဏူပပန္နာ=တန်ခိုးဂုဏ်နှင့်ပြည့်စုံကြသူတို့ဟူ၍။ သုတာ=သတင်းစကား ကြားသိအပ်ကုန်ရကား။ ဒူရေ သမာဂတာ=အဝေးမှပင် တကူညီညာ စည်းဝေးလာရောက်ကြပါကုန်၏။ တေ အယျိရေ=ထိုအရှင်မြတ်တို့ကို။ ပသန္နစိတ္တော= သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ အဟံ=နတ်တို့ သေဋ္ဌ်နင်း အကျွန်ုပ် သိကြားမင်းသည်။ ဝန္ဒာမိ=ရိုသေမြတ်နိုး ရှိခိုးဦးညွှတ်ပါတယ်ဘုရား ... လို့ -

ရှိခိုးတဲ့ ဂါထာကို ရွတ်ပြီးမှ သိကြားမင်းလည်း အပြစ်လွတ်တဲ့နေရာမှာ သူ့ရဲ့ နတ်ပရိသတ်နဲ့ အတူတကွ ထိုင်နေတယ်။ သို့သော် သိကြားမင်း ထိုင်တဲ့နေရာက ရသေ့ပရိသတ်ရဲ့ လေအောက်မှာ ကျနေတယ်။ ဒီတော့ အနံသိဿ ရသေ့သူမြတ်က အားနာပြီး ဘာပြောသလဲဆိုတော့ -

http:\\www.dhammadownload.com



၆။ ဂန္တွာ ဣသိနံ စိရဒိက္ခိတာနံ၊
ကာယာ စုတော ဂစ္ဆတိ မာလုတေန။
ဣတော ပဋိက္ကမ သဟဿနေတ္တ၊
ဂန္တွာ ဣသိနံ အသုစိ ဒေဝရာဇ။ ။

(ဤ ၆ ခုမြောက် ဂါထာကို ရွတ်ဆိုတယ်။)

သဟဿနေတ္တ=မျက်စိအမြင်တစ်ထောင် ဆောင်ပါပေသော ဒေဝရာဇ=နတ်တို့သေဠ်နင်း အရှင်သိကြားမင်း ...။

သိကြားမင်းမှာ မျက်စိကတော့ သူလိုငါလို နှစ်လုံးပဲ၊ ဒါပေမယ့် တစ်ထောင်သော နတ်များက ကြံစည်တဲ့ အကြံမျိုးကို သူတစ်ယောက်တည်းက ကြံစည်နိုင် သိမြင်နိုင်လို့ သူ့ကို သဟဿနေတ္တ=မျက်စိအမြင်တစ်ထောင် ဆောင်ပါပေသော သိကြားမင်းလို့ ခေါ်ပါတယ်။

စိရဒိက္ခိတာနံ=ရဟန်းပြု၍ ကြာမြင့်ကြကုန်သော။ ဣသိနံ=ရသေ့တို့၏။ ဂန္တွာ=ကိုယ်နံ့သည်။ မာလုတေန=လေကြောင့်။ ကာယာ=ကိုယ်မှ။ စုတော=ရွေ့လျောသည်ဖြစ်၍။ ဂစ္ဆတိ=သွားပါ၏။ သဟဿနေတ္တ=မျက်စိအမြင်တစ်ထောင် ဆောင်ပါပေသော အရှင်သိကြားနတ်မင်း ...။ ဣတော=ဤနေရာမှ။ ပဋိက္ကမ=အခြားတစ်နေရာ တစ်ပါးသို့ ဖဲသွားပါ။ ဒေဝရာဇ=နတ်တို့သေဠ်နင်း သိကြားမင်း ...။ ဣသိနံ=ရသေ့တို့၏။ ဂန္တွာ=ကိုယ်နံ့သည်။ အသုစိ=မစင်ကြယ်ပါဘူး ...။

ရသေ့တို့ရဲ့ ကိုယ်နံ့က မစင်ကြယ်ပါဘူးတဲ့။ ဟုတ်တယ်။ သူတို့က ခေါင်းပါးတဲ့ ပုဂ္ဂိုလ်တွေ။ ယနေ့မြို့ထဲ ရွာထဲမှာနေတဲ့ ပုဂ္ဂိုလ်တွေက တစ်နေ့လျှင် ရေနှစ်ခါ သုံးခါ ချိုးပြီး ခန္ဓာကိုယ်ကို စင်ကြယ်အောင် ပြုလုပ်ကြတယ်။ ရသေ့တွေကတော့ ခန္ဓာကိုယ်ကို မပြုမပြင်ကြလေ၊ တော့ ဆိုကြပါစို့ရဲ့၊ စစ်မဖြစ်ခင်တုန်းက ဈေးချိုနားမှာ တစ်ခါတလေ ဇော်ဂျီကြီးတွေ (အိန္ဒိယက ကုလားကြီးတွေ)ကို မြင်ရတယ် မဟုတ်

http:\\www.dhammadownload.com



လား။ သူတို့ အိန္ဒိယက ရသေ့တွေဆိုတာ အဲဒီပုံမျိုးပဲ။ ဒီတော့ သူတို့ရဲ့ ကိုယ်က အနံ့တွေ သိကြားမင်းတို့ကို သွားပြီး ရိုက်ခတ်မှာစိုးလို့ အနုသိဿ ရသေ့ကြီးက ပြောတော့ သိကြားမင်းက ဂါထာနဲ့ပဲ ပြန်လျှောက်တယ်။

၇။ ဂန္ဓော ဣသီနံ စိရဒိက္ခိတာနံ၊
ကာယာ စုတော ဂစ္ဆတု မာလုတေန။
ဝိစိတ္တပုပ္ဖံ သုရဘိံဝ မာလံ၊
ဂန္ဓဥ္စ ဧတံ ပဋိကင်္ခါမ ဘန္တေ။
န ဟေ+တ္ထ ဒေဝါ ပဋိကူလသညိနော။(တဲ့)

ဘန္တေ=အနုသိဿ အရှင်မြတ်ဘုရား ...။ စိရဒိက္ခိတာနံ= ရဟန်းပြု၍ ကြာမြင့်ကုန်သော။ ဣသီနံ=ရသေ့သူမြတ်တို့၏။ ဂန္ဓော=ကိုယ်နံ့သည်။ မာလုတေန=လေကြောင့်။ ကာယာ=ကိုယ်မှ။ စုတော=ရွေ့လျောသည်ဖြစ်၍။ ဂစ္ဆတု=သွားလိုတိုင်း သွားပါစေ။

အနုသိသာ အရှင်မြတ်ဘုရား ...၊ ရသေ့ရဟန်းပြုလို့ ကြာမြင့်ကြတဲ့ ဒီရသေ့သူမြတ်တို့ရဲ့ ကိုယ်နံ့ဟာ ကိုယ်က ရွေ့လျောပြီး လေယူရာ အရပ်တစ်ပါး သွားချင်တိုင်း သွားပါစေ။

ဘန္တေ=အရှင်အနုသိဿ ဘုရား ...။ မယံ=တပည့်တော်တို့သည်။ ဝိစိတ္တပုပ္ဖံ=အဆန်းတကြယ် ပွင့်၍နေသော။ သုရဘိံ မာလံဝ=ရနံ့ကြိုင်လျှမ်း ပန်းပွင့်ကိုကဲ့သို့။ ဧတံ ဂန္ဓံ=ထိုရှင်ရသေ့ သူတော်သူမြတ်တို့၏ ကိုယ်နံ့ကို။ ပဋိကင်္ခါမ=တောင့်တလင့်ဆို အလိုရှိကြပါတယ် ဘုရား ...။

သူတော်ကောင်းတွေရဲ့ ကိုယ်နံ့ကို တပည့်တော်တို့ အဆန်းတကြယ် ပွင့်ပြီး မွှေးကြိုင်တဲ့ ပန်းလို တောင့်တကြပါတယ်။

ဧတ္ထ=ဤသူတော်ကောင်းတို့ရဲ့ ကိုယ်နံ့၌။ ဒေဝါ=နတ်တို့

http:\\www.dhammadownload.com



သည်။ န ဟိ ပဋိကူလသညိနော=ရွံရှာဖွယ်ဟူ၍ အမှတ်မထားကြ ပါဘူး ဘုရား ...။

အဲဒီလိုပြောပြီး သိကြားမင်းက ဆက်၍ -

ဘန္တေ အနုသိဿ အဟံ မဟန္တေန ဥဿာဟေန ပဥှံ ပုစ္ဆိတုံ အာဂတော။

ဘန္တေ အနုသိဿ=အရှင်အနုသိဿ ကိုယ်တော်ဘုရား ...။ အဟံ=အကျွန်ုပ်သည်။ မဟန္တေန ဥဿာဟေန=ကြီးစွာသောလုံ့လ ဖြင့်။ ပဥှံ ပုစ္ဆိတုံ=ပြဿနာကို မေးလျှောက်ဖို့ရန်။ အာဂတော= လာခဲ့ပါတယ် ဘုရား ...။

ဩကာသံ မေ ကရောဟိ။

မေ=အကျွန်ုပ်အား။ ဩကာသံ=ပြဿနာမေးခွင့်ကို။ ကရောဟိ =ပြုပေးပါဘုရား ... လို့ လျှောက်ထားတယ်။

ဒီအခါကျတော့ အရှင်အာနန္ဒအလောင်း အနုသိဿ တပည့်ရသေ့ ကြီးက ပရိသတ်အလယ်မှ ထပြီး မားမားမတ်မတ် ရပ်၍ ရသေ့တို့ကို လက်အုပ်ချီမိုး ရှိခိုးပြီး လျှောက်ဆိုသည်မှာ -

၈။ ပုရိန္ဒဒေါ ဘူတပတိ ယသဿီ၊
ဒေဝါန+မိန္ဒော မဃဝါ သုဇမ္ပတိ။
သ ဒေဝရာဇာ အသုရဂဏပ္ပမဒ္ဒနော၊
ဩကာသ+မာကခ်တိ ပဥှံ ပုစ္ဆိတုံ။ ။

ဘောန္တော=အို ... ရသေ့အပေါင်း သူတော်ကောင်းတို့ ...။ ပုရိန္ဒဒေါ=အလှူလက်ဦး ပေးခဲ့ဖူးသော။ ဘူတပတိ=နတ်တို့၏ဦးစီး အမှူးအကြီး ဖြစ်ပေသော။ ယသဿီ=များသော အခြံအရံရှိသော။ ဒေဝါနမိန္ဒော=နတ်တို့ကို အစိုးရသော။ မဃဝါ=လူဖြစ်စဉ် ဟိုဘဝ ဝယ် မာဃလုလင်အမည်တွင်သော။ သုဇမ္ပတိ=အသုရာနတ်မင်း ကြီး၏ သမီးဖြစ်သူ သုဇာ၏ အရှင်ဖြစ်သော။ ယော သက္ကော=

http:\\www.dhammadownload.com



ခုနစ်ပါးဝတ် ပြုအပ်ပြီးလျှင်း အကြင်သိကြားမင်းသည်။ အတ္ထိ=ရှိ၏။ အသုရဂဏပ္ပမဒ္ဒနော=အသူရာနတ်ခပင်းကို နှိမ်နင်းအောင်မြင်ပြီးသော။ သ-သော ဒေဝရာဇာ=ထိုနတ်တို့သေဋ္ဌ်နင်း သိကြားမင်းသည်။ ပဥှံ ပုစ္ဆိတုံ=အမေးပုစ္ဆာ ပြဿနာကို သိပါလိုရေး မေးခြင်းငှာ။ ဩကာသံ အာကခ်တိ=အခွင့်တောင်းဆို အလိုရှိ၍ နေပါ၏။

အရှင်အာနန္ဒာဟာ ပဋိသန္ဓာရ စကားပြောယင် ချီးမြှောက်သင့်တဲ့ ပုဂ္ဂိုလ်ကို မခြွင်းမချန် ဉာဏ်မီသမျှ ချီးမြှောက်တယ်။ ယခုလည်း ချီးချီးမြှောက်မြှောက်ပဲ ပြောဆိုတယ်။ ဆက်၍ ပြောပုံက -

၉။ ကော နေ+ဝ တေသံ ဣဓ ပဏ္ဍိတာနံ၊
ပဥှေ ပုဋ္ဌော နိပုဏေ ဗျာကရိဿတိ။
တိဏ္ဏဉ္စ ရည့်ံ မနုဇာဓိပါနံ၊
ဒေဝါန+မိန္ဒဿ စ ဝါသဝဿ။ ။

ဣဓ=ဤအရပ်၌။ သန္နိပတိတာနံ=စည်းဝေးမိကြကုန်သော။ ပဏ္ဍိတာနံ=ပညာရှိ ရသေ့သူမြတ်တို့တွင်။ ကော နု=အဘယ်ရသေ့သူမြတ်သည်။ မနုဇာဓိပါနံ=လူတို့ကို အစိုးရကုန်သော။ တိဏ္ဏံ ရညဉ္စ=မင်းသုံးဦးတို့၏လည်းကောင်း။ ဒေဝါနမိန္ဒဿ ဝါသဝဿ စ=နတ်တို့သေဋ္ဌ်နင်း သိကြားမင်း၏ လည်းကောင်း။ ပုဋ္ဌော=သိလိုရေးဖြင့် မေးအပ်သည်ဖြစ်၍။ နိပုဏေ ပဥှေ=သိမ်မွေ့လှစွာ အမေးပုစ္ဆာ ပြဿနာတို့ကို။ ဗျာကရိဿတိ=ဖြေကြားလိမ့်မည်နည်း။

ယခု တပည့်တော်တို့ စည်းဝေးမိကြတဲ့ ပဏ္ဍိတ်ပုဂ္ဂိုလ်တွေထဲမှာ အဘယ်ပုဂ္ဂိုလ်က ဒီမင်းသုံးပါး+သိကြားတို့ မေးတဲ့ ပြဿနာကို ဖြေမည်လဲလို့ အားလုံးသော ရသေ့တွေကို ချီးချီးမြှောက်မြှောက် မေးမြန်းပြောဆိုတယ်။ ဒီတော့ ကျန်တဲ့ ရသေ့တွေက ဘယ့်နှယ်ပြောသလဲဆိုယင်-

http:\\www.dhammadownload.com



မာရိသ အနုသိဿ တွံ ပထဝိယံ ဌတွာ ပထဝိံ အပဿန္တောဝိယ ကထေသိ။

မာရိသ အနုသိဿ=ငါတို့နှင့် ထပ်မျှရည်တူ တတ်သိသူ ဖြစ်ပါသော အနုသိဿ ...။ တွံ=သင်သည်။ ပထဝိယံ ဌတွာ=မြေကြီး ပေါ်မှာ ရပ်တည်ပြီးတော့။ ပထဝိံ အပဿန္တော ဝိယ=မြေကြီးကို မမြင်သောသူကဲ့သို့။ ကထေသိ=ပြောကြားဘိ၏။

အနုသိဿကိုယ်တော် ... ကိုယ်တော့်နှယ် မြေကြီးပေါ်ရပ်ပြီး မြေကြီးကို မမြင်တဲ့သူ ပြောသလို ပြောနေတယ်။

ဌပေတွာ သရဘင်္ဂသတ္ထာရံ ကော အညော ဧတေသံ ပဉှံ ကထေသုံ သမတ္ထောနာမ ဟောတိ။

ဌပေတွာ သရဘင်္ဂသတ္ထာရံ=သရဘင်္ဂဆရာကြီးကို ချန်ထား၍။ ကော အညော=အခြားမည်သူ တစ်ဦးတစ်ယောက်သည်။ ဧတေသံ=ထိုမင်းလေးပါးတို့၏။ ပဉှံ=အမေးပုစ္ဆာ ပြဿနာကို။ ကထေတုံ=ဖြေဆိုခြင်းငှာ။ သမတ္ထောနာမ=စွမ်းနိုင်သောသူမည် သည်။ ဟောတိ=ဖြစ်နိုင်အံ့နည်း၊ မဖြစ်နိုင်သည်သာတည်း။

အဲဒီလိုပြောပြီး အားလုံးက –

၁၀။　အယံ ဣသိ သရဘင်္ဂေါ တပဿိ၊
　　ယတော ဇာတော ဝိရတော မေထုနသ္မာ။
　　အာစရိယပုတ္တော သုဝိနီတရူပေါ၊
　　သော နေသံ ပဉှာနိ ဝိယာကရိဿတိ။　။

ဤဂါထာကို တညီတညွတ် ရွတ်ဆိုပြောကြားကြတယ်။

တပဿိ=ခြိုးခြံတဲ့ အကျင့်ရှိသော။ အယံ သရဘင်္ဂေါ ဣသိ= ဤသရဘင်္ဂ ရသေ့သူမြတ်ကြီးသည်။ ယတော ဇာတော=အကြင် အခါ၌ မိးရှူးသန့်စင် ဖွားမြင်၏။ တတော=ထိုအချိန်မှ (စ၍) မေထုနသ္မာ=မေထုန်အကျင့်မှ။ ဝိရတော=ဝေးစွာရှောင်ကြဉ်သူ

http:\\www.dhammadownload.com



ဖြစ်ပေ၏။ အာစရိယ ပုတ္တော=ပုရောဟိတ်ဆရာကြီး၏ သားဖြစ်ပါ၏။ သုဝိနီတရူပေါ=အလွန်ယဉ်ကျေးသော သဘောရှိသူ ဖြစ်ပါ၏။ သော=ထို သရဘင် ဆရာကြီးသည်။ နေသံ=ထိုမင်းသုံးပါး သိကြားမင်းတို့၏။ ပဉှာနိ=အမေးပုစ္ဆာ ပြဿနာတို့ကို။ ဝိယာ-ကရိဿတိ=ဖြေကြားပါလိမ့်မည်။

ဂါထာဖြင့် ပြောပြီး တစ်ဆက်တည်းမှာပဲ -

မာရိသ တွမေဝ သတ္တာရံ ဝန္ဒိတွာ ဣသိဂဏာဿ ဝစေနေန သက္ကေန ပုစ္ဆိတပဉှံ ကထယမာနာယ ဩကာသံ ကာရေဟိ။

အဆွေတော် အနုသိဿ ... အဆွေတော်ပင် ဆရာကြီးကို ရှိခိုးပြီး ရသေ့အပေါင်းတို့ တောင်းပန်တဲ့ စကားနဲ့ သိကြားမင်း မေးအပ်တဲ့ ပြဿနာကို ဖြေဆိုဖို့ရန် အခွင့်ပြုစေပါလို့ တိုက်တွန်းစကား ပြောကြားကြတဲ့အခါ ကောင်းပါပြီ-ဟု ဝန်ခံ၍ သရဘင်ဆရာကြီးကို ရှိခိုးပြီး အခွင့်ပြုစေလို၍ ဤဂါထာကို ရွတ်ဆိုလျှောက်ထား တောင်းပန်စကား ပြောကြားတယ်။

၁၁။ ကောဏ္ဍည ပဉှာနိ ဝိယာကရောဟိ၊
ယာစန္တိ တံ ဣသယော သာဓုရူပါ။
ကောဏ္ဍည ဧသော မနုဇေသု ဓမ္မော၊
ယံ ဗုဒ္ဓ+မာဂစ္ဆတိ ဧသ ဘာရော။

ကောဏ္ဍည=ကောဏ္ဍညနွယ်ဖွား အို ... ဆရာကြီးဘုရား ...။ တွံ=အရှင် ဆရာကြီးသည်။ ပဉှာနိ=သိကြားမင်း မေးလျှောက်အပ်တဲ့ ပြဿနာတို့ကို။ ဝိယာကရောဟိ=ဖြေကြားတော်မူပါလော့။ တံ=အရှင်ဆရာကြီးကို။ သာဓုရူပါ=သူတော်ကောင်းသဘော ရှိကြကုန်သော။ ဣသယော=ရသေ့အပေါင်းတို့က။ ယာစန္တိ= တောင်းပန်စကား လျှောက်ထားကြပါကုန်သည် ဘုရား။ ကောဏ္ဍည=ကောဏ္ဍညနွယ်ဖွား အို...ဆရာကြီးဘုရား ...။ ဗုဒ္ဓံ=ဂိုဏ်းဂဏထဲမှာ

http:\\www.dhammadownload.com



အကြီးဆုံး ပုဂ္ဂိုလ်အထံသို့။ ဧသ ဘာရော=ဤတာဝန်သည်။ ယံ အာဂစ္ဆတိ=အကြင်ဆိုက်ရောက်လာ၏။ ဧသော=ဤသို့ အကြီးဆုံး ပုဂ္ဂိုလ်ထံ ပြဿနာဖြေဖို့ရန် တာဝန်ကျရောက်ခြင်းသည်။ မနုဿေသု =လူ့ပြည်လောကတို့၌။ ဓမ္မော=သဘောတံထွာ ဓမ္မတာကြီးပါ ဘုရား ...။

ပြဿနာဖြေဖို့ တာဝန်သည် အကြီးဆုံး ပုဂ္ဂိုလ်ထံ ရောက်တယ်ဆို တာ လူ့ပြည်လောက ဓမ္မတာပါ။ အဲဒီလောကဓမ္မတာလိုပဲ သာသနာ မှာလည်း ရဟန်းတော်တွေ စုဝေးမိလို့ ပါတိမောက် ပြဖို့ဆိုယင် အကြီး ဆုံး မထေရ်က ပါတိမောက် ပြရတယ်။ အလှူမဏ္ဍပ်ထဲမှာ ရဟန်း သံဃာတွေ စုဝေးမိလို့ အနုမောဒနာတရား ဟောရမယ်ဆိုယင် အကြီး ဆုံး ကိုယ်တော်မှာ တာဝန်ကျတယ်။ ဒီ ဓမ္မတာ သဘောတွေကို ယခု ပြောနေတယ်။

အနုသိဿ တပည့်ကြီးက– "ကောဏ္ဍညနွယ်ဖွား ဆရာကြီးဘုရား ...တဲ့၊ ပြဿနာဖြေဖို့ အကြီးဆုံး ပုဂ္ဂိုလ်မှာ တာဝန်ကျတယ်ဆိုတာ လောကဓမ္မတာပါ၊ အားလုံးရသေ့အပေါင်း သူတော်ကောင်းတွေက လည်း ဆရာကြီးကို ဖြေဆိုဖို့ရန် တောင်းပန်စကား လျှောက်ထားပါ တယ်။ ဒါကြောင့် သိကြားမင်း မေးမည့် ပြဿနာတွေကို ဖြေဆိုတော် မူပါဘုရား"လို့ အနုသိဿ တပည့်ကြီးက လျှောက်ထားတော့ –

အလောင်းတော် သရဘင်္ဂဆရာကြီးက ဘုရားတော့ မဟုတ်သေး ဘူး၊ ဒါပေမယ့် သဗ္ဗညု ဘုရားရှင်တို့ရဲ့ ဖိတ်ကြားခြင်း=သဗ္ဗညု ပဝါရဏာမျိုးနဲ့ ဖိတ်ကြားတယ်။

၁၂။ ကတာဝကာသာ ပုစ္ဆန္တု ဘောန္တော၊
ယံကိဉ္စိ ပဉှံ မနသာ+ဘိပတ္ထိတံ။
အဟဉှိ တံ တံ ဝေါ ဝိယာကရိဿံ၊
ဉတွာ သယံ လောက+မိမံ ပရဉ္စ။ ။

http:\\www.dhammadownload.com



ဘောန္တော = အို ... မင်းသုံးပါး သိကြားနတ်မင်းတို့ ... ။ ဘောန္တော = မင်းသုံးပါး သိကြားနတ်မင်းတို့သည်။ ကတာဝကာသာ=ကျေကျေနပ်နပ် ငါ ခွင့်ပြုအပ်ကုန်သည်ဖြစ်၍။ မနသာဘိပတ္ထိတံ=မိမိစိတ်၌ တောင့်တလင့်ဆို အလိုရှိအပ်သော။ ယံကိဉ္စိ ပဉှံ=ခပ်သိမ်းဥဿုံ အလုံးစုံသော ပြဿနာကို။ ပုစ္ဆန္တု=မေးလျှောက်ကြပါကုန်၏။ အဟံ ဟိ=အဟံ ဝေ=ငါသည်ပင်လျှင်။ သယံ=ကိုယ်တိုင်။ ဣမဉ္စ လောကံ=ဤပစ္စုပ္ပန်လောကကို လည်းကောင်း။ ပရဉ္စ လောကံ=တမလွန်လောကကို လည်းကောင်း။ ဉတွာ=ပိုင်းခြားထင်ထင် သိမြင်ပြီးသကာလ။ ဝေါ=သင်တို့၏။ တံ တံ ပဉှံ=ထိုထို သင်တို့ မေးသမျှ ပုစ္ဆာအဝဝကို။ ဝိယာကရိဿံ=ဖြေကြားပေအံ့ (လို့) –

သဗ္ဗညု မြတ်စွာဘုရားရဲ့ ဖိတ်ကြားခြင်းမျိုးနဲ့ ဖိတ်ကြားလိုက်တဲ့အခါ သိကြားမင်း ပထမမေးတဲ့ ပြဿနာကို မြတ်စွာဘုရား ဤကဲ့သို့ ဟောတော်မူတယ်။

၁၃။ တတော စ မဃဝါသက္ကော၊
အတ္ထဒဿီ ပုရိန္ဒဒေါ။
အပုစ္ဆိ ပဌမံ ပဉှံ၊
ယဉ္စာ+သိ အဘိပတ္ထိတံ။

၁၄။ ကိံ သု ဝဓိတွာန ကဒါစိ သောစတိ၊
ကိဿပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
ကဿီ+ဓ ဝုတ္တံ ဖရုသံ ခမေထ၊
အက္ခာဟိ မေ ကောဏ္ဍည ဧတ+မတ္ထံ။ ။

တရားနာတဲ့ ကိုယ်တော်တွေကို အာလုပ်ထားပြီး –

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ တတော– တသ္မိံ ကာလေ=ထိုအခါကာလ သမယ၌။ မဃဝါ=လူ့ပြည်

http:\\www.dhammadownload.com



လောကတုန်းက မာဃလုလင် အမည်တွင်ခဲ့သော။ အတ္ထဒဿီ= အကျိုးတရားကို ပိုင်းခြားထင်ထင် မြင်တတ်ပေသော။ ပုရိန္ဒဒေါ= အလှူလက်ဦး ပေးလှူဖူးသော။ သက္ကော=နတ်တို့သေဋ္ဌနင်း သိကြားမင်းသည်။ ယံ=အကြင်ပြဿနာကို။ အဘိပတ္ထိတံ=တောင့်တလင့်ဆို အလိုရှိအပ်သည်။ အသိ=ဖြစ်၏။ ပဥ္စမံ=ရှေးဦးစွာသော။ တံ ပဥှံ=ထိုပြဿနာကို။ အပုစ္ဆိ=မေးလျှောက်လေပြီ။

(ဒီဂါထာက မြတ်စွာဘုရား ဟောတဲ့ စကားစပ် ဂါထာ။)

ကိံသု ဝမိတွာ န ကဒါစိ သောစတိ။

အစရှိတဲ့ ဂါထာက သိကြားမင်း **မေးလျှောက်တဲ့ အမေးဂါထာ။** ဒီဂါထာတစ်ပုဒ်ထဲမှာ ပြဿ**နာသုံးခုပါတယ်။ ထိုဂါထာ၏ အနက်ကား ...**

ကောဏ္ဍည=ကောဏ္ဍညနွယ်ဖွား အို သရဘင် ရသေ့သမြတ်ဘုရား ...။ ကိံသု=အဘယ်တရားကို။ ဝမိတွာ=ညဏ်သတိချပ်သတ်ဖြတ်သည်ရှိသော်။ ကဒါစိ=တစ်ရံတစ်ခါမျှ။ န သောစတိ= မစိုးရိမ်ပါသနည်း ဘုရား။

အရှင်ဘုရား ... စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ ဒုက္ခဟာ လောကမှာ အဆင်းရဲဆုံးပါ၊ ဒီတော့ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း မရှိအောင် ဘယ်တရားကို ပယ်ဖျောက် ရမည်လဲ၊ ဘယ်တရားကို ပယ်ဖျောက်ယင် မစိုးရိမ် မပူဆွေးရဘဲ စိတ်အေးရသလဲ ဘုရား ...တဲ့။ (ပြဿနာတစ်ခု။)

ကိဿပ္ပဟာနံ=အဘယ်တရား ပယ်ရှားခြင်းကို။ ဣသယော= သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်ပြီးကြတဲ့ သူတော်စင်တို့သည်။ ဝဏ္ဏယန္တိ=ချီးမွမ်းကြပါသလဲ ဘုရား ...။

အဘယ် တရား ပယ်ရှားတာကို သူတော်**ကောင်းတို့ ချီးမွမ်းကြ**သလဲ ဘုရား ... တဲ့။ (ပြဿနာ **တစ်ခု။)**

http:\\www.dhammadownload.com



ဣဓ = ဤလောကဥ္စ။ ကဿ = အကြီး + အငယ် + အရွယ်+ အလတ် လူသုံးရပ်တွင် အဘယ်သူ၏ (ဝါ) အဘယ်သူက။ ဝုတ္တံ= ပြောဆိုအပ်သော။ ဖရုသံ=ပမာလွန်သွား ရုန့်ရင်းကြမ်းတမ်းတဲ့ စကားကို။ ခမေထ=သည်းခံရပါမည်လဲ ဘုရား ...။

ဒီယခု တတိယ ပြဿနာက ကိုယ့်ထက် ကြီးမြတ်သူ+ကိုယ့် အောက် ယုတ်ညံ့သူ + ကိုယ်နှင့် ဂုဏ်ရည်တူ ဒီလူ သုံးမျိုးအနက် ဘယ်သူပြောတဲ့ ဆဲရေးတိုင်းထွာ စကားကို သည်းခံရမည်လဲ ဘုရား ... တဲ့။

ကောဏ္ဍညာ=ကောဏ္ဍညနွယ်ဖွား အို ... ရသေ့အရှင်သူမြတ် ဘုရား ...။ မေ=အကျွန်ုပ်အား။ ဧတံ အတ္ထံ=ဤအကြောင်းကို။ အက္ခာဟိ=အဖြေစကား မိန့်ကြားတော်မူပါဘုရား ...။

လို့ မေးလျှောက်တယ်။

အဆူဆူသော ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်တို့ရဲ့ အသိမျိုးနဲ့ အလောင်းတော် သရဘင်္ဂရသေ့သူမြတ်က သဗ္ဗညု မဟုတ် ပေမယ့် သဗ္ဗညု ဒေသနာကဲ့သို့ -

၁၅။ ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊
မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊
ဧတံ ခန္တိံ ဥတ္တမ+မာဟု သန္တော။ ။

လို့ တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း လုံးချင်း ဖြေတယ်။

သက္က=နတ်တို့သေဋ္ဌနင်း သိကြားမင်း ...။ ကောဓံ=အမျက် ထွက်ခြင်းဆိုတဲ့ ကောဓတရားကို။ ဝဓိတွာ=ပယ်ရှားသတ်ဖြတ် သည် ရှိသော်။ ကဒါစိ=တစ်ရံတစ်ခါမျှ။ န သောစတိ=မစိုးရိမ် မပူဆွေး မငိုကြွေးရတော့ပါ။

http:\\www.dhammadownload.com



အေး ... အမျက်မထွက်နဲ့၊ အမျက်မထွက်ယင် စိုးရိမ်ပူဆွေး ငိုကြွေးရမှု၊ နှလုံးမအေးရမှု လုံးဝ မရှိဘူး။

ဣသယော=ဘုရားအစ များလှဘိတောင်း အရိယာသူတော်ကောင်းတို့သည်။ မက္ခပ္ပဟာနံ=သူ့ကျေးဇူးကန်းခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း ဆိုတဲ့ မက္ခတရားပယ်ရှားခြင်းကို။ ဝဏ္ဏယန္တိ=နှစ်လိုအားရမ်း ချီးမွမ်းတော်မူကြပါကုန်၏။

လောကမှာ သူ့ကျေးဇူးကန်းတာလောက် ယုတ်မာတာ မရှိဘူး။ အရိယာ သူတော်ကောင်းတွေသည် ကျေးဇူးကန်းမှု "မက္ခ" ဆိုတဲ့ အကုသိုလ်တရား ပယ်ရှားမှုကို အထူးသဖြင့် ချီးမွမ်းတော်မူကြတယ်။

သဗ္ဗေသံ=ကြီးသူ+ငယ်သူ+အရွယ်တူအား လူသုံးပါးတို့၏ (ဝါ)လူသုံးပါးတို့က။ ဝုတ္တံ=ပြောဆိုအပ်သော။ ဖရုသံ=ပမာလွန်သွား ကြမ်းတမ်းတဲ့ ဆဲရေးစကားကို။ ခမေထ=သည်းခံရာ၏။

ကိုယ့်အောက် အသက် သိက္ခာ ငယ်သူ+ကိုယ့်ထက် အသက် သိက္ခာကြီးသူ + ကိုယ်နှင့် အသက် သိက္ခာ တူမျှသူ လူသုံးမျိုးတို့က မိမိကို ဆဲရေး တိုင်းထွာတဲ့ ဖရုသဝါစာ စကားကို သည်းခံပါ။

ဧတံ ခန္တိ=ဤလူသုံးမျိုးပြောကြားတဲ့ ဖရုသဝါစာ စကား သည်းခံခြင်းကို။ ဥတ္တမံ=မြတ်၏ဟူ၍။ သန္တော=ဘုရား+ပစ္စေကဗုဒ္ဓါ+အရိယာအပေါင်း သူတော်ကောင်းတို့သည်။ အာဟု=နှစ်လိုအားရမ်း ချီးမွမ်းပြောဆိုကြပါသည် အရှင်သ်ကြွားမင်း ...။

(၁) ဘယ်တရား ပယ်ရှားလို့ရှိယင် မစိုးရိမ် မပူဆွေးရသလဲ။

အလောင်းတော်က ဖြေတယ်။ အမျက်ထွက်ခြင်းဆိုတဲ့ ကောဓတရားကို ဖယ်ရှားယင် မစိုးရိမ် မပူဆွေး မငိုကြွေးရဘူး၊ ဒါက အမေး+အဖြေ တစ်စုံ။

(၂) အဘယ်တရား ပယ်ရှားခြင်းကို သူတော်ကောင်းများ ချီးမွမ်းသလဲ။

http:\\www.dhammadownload.com



အလောင်းတော်က ဖြေတယ်။ ကျေးဇူးကန်းခြင်းဆိုတဲ့ မက္ခတရား ပယ်ရှားခြင်းကို သူတော်ကောင်းများ ချီးမွမ်းတယ်။ ဒါက အမေး+ အဖြေ တစ်စုံ။

(၃) သိကြားမင်းက "ဘယ်သူပြောတဲ့ လွှသွားပမာ ကြမ်းတမ်းတဲ့ ဆဲရေးတိုင်းထွာစကားကို သည်းခံရမည်လဲ"လို့ မေးတယ်။

အလောင်းတော်က "အသက် သိက္ခာ ဂုဏ်ဝါအားဖြင့် ကြီးသူ+ ငယ်သူ+တူမျှသူ လူသုံးမျိုးတို့ ပြောတဲ့လွှသွားပမာ ကြမ်းတမ်းတဲ့ ဆဲရေးတိုင်းထွာ စကားကို သည်းခံရမယ်"လို့ ဖြေတယ်၊ ဒါက အမေး အဖြေ တစ်စုံ။

ဒီမှာပင် ဂါထာကတော့ ၁ ဂါထာ၊ ပြဿနာက ၃ ပြဿနာ အဖြေ ပြီးပါပြီ။ (အချိန် ၅ နာရီ ထိုးသွားတော့ ဘုန်းကြီးတရား ဟောတာ ၃ နာရီ ကြာသွားပြီ။ ဟို–ကျန်တဲ့ ဂါထာကလည်း ၃၁ ဂါထာလောက် ကျန်သေးတယ်။ အဲဒီ ကျန်တဲ့ ၃၁ ဂါထာကို နောက်တစ်ပွဲ (တော်သလင်းလပြည့်နေ့) ကျမှ ဟောကြပါစို့ ...)

## သရဘင်္ဂဇာတ် အလယ်ပိုင်းတရား

လွန်ခဲ့တဲ့ တော်သလင်းလဆန်း ၈ ရက်နေ့တုန်းက သရဘင်္ဂဇာတ် ကို ဟောခဲ့တာ ဂါထာအနေနဲ့ ၁၅ ဂါထာ+ဇာတ်တော်အနေနဲ့ အလောင်းတော်ကို သိကြားမင်းက ပထမဆုံးအကြိမ် ပြဿနာ ၃ ရပ် မေးလို့ အလောင်းတော်က ပြဿနာ ၃ ရပ်ကို ပိုင်ချင်း ဖြေတာ ပြီးခဲ့ ပါပြီ၊ အဲဒီလို အလောင်းတော်က ပြဿနာ ၃ ရပ်ကို ပိုင်ချင်းဖြေပြီး တဲ့အခါ သိကြားမင်းက အထွန့်တက်ပြီးတော့ –

၁၆။ သက္ကာ ဥဘိန္နံ ဝစနံ တိတိက္ခိတုံ၊
သဒိသဿ ဝါ သေဋ္ဌတရဿ ဝါ။

http:\\www.dhammadownload.com



ကထံ နု ဟီနဿ ဝစော ခမေထ၊
အက္ခာဟိ မေ ကောဏ္ဍည ဧတ+မတ္ထံ။ ။

မေးပြန်တယ်။ ကောဏ္ဍည=ကောဏ္ဍညနွယ်ဖွား အို အရှင်သူမြတ်ဘုရား။ သဒိသဿ ဝါ=မိမိနှင့် ဂုဏ်ရည်တူသော ပုဂ္ဂိုလ်၏လည်းကောင်း။ သေဋ္ဌတရဿ ဝါ=ကိုယ့်ထက်မြတ်သောသူ၏လည်းကောင်း။ ဥဘိန္နံ=နှစ်ယောက်သောသူတို့၏။ ဝစနံ=စကားကို။ တိတိက္ခိတုံ=သည်းခံခြင်းငှာ။ သက္ကာ=စွမ်းနိုင်ရာပါ၏ဘုရား။

အရှင်သရဘင်္ဂ ရသေ့ဆရာကြီး ... လူ့လောကမှာ ကိုယ့်ထက်မြတ်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်နဲ့ ဂုဏ်ရည်တူ ပုဂ္ဂိုလ်=ဒီပုဂ္ဂိုလ်မျိုး ပြောဆိုတဲ့ လွှသွားပမာ ကြမ်းတမ်းစွာသော ဖရုသဝါစာ စကားများကို သည်းခံမယ်ဆိုယင် သည်းခံနိုင်ပါတယ်။

ကထံ နု=ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဟီနဿ=မိမိအောက် ယုတ်ညံ့သောသူ၏။ ဝစော=လွှသွားပမာ ကြမ်းတမ်းလှစွာသော ဆဲရေးစကားကို။ ခမေထ=သည်းခံရာပါမည်နည်းဘုရား ။ ကောဏ္ဍည=ကောဏ္ဍည နွယ်ဖွား အို–အရှင်မြတ်ဘုရား။ ဧတမတ္ထံ=ဤအကြောင်းကို။ မေ=အကျွန်ုပ်အား။ အက္ခာဟိ=အဖြေစကား မိန့်ကြားတော်မူပါဘုရား ...။

ကိုယ့်ထက်မြတ်တဲ့လူ၊ ကိုယ်နဲ့ဂုဏ်ရည်တူတဲ့လူ ဒီလူနှစ်မျိုးက ဆဲရေးတယ်ဆိုယင် သည်းခံမယ်ဆိုယင် သည်းခံနိုင်တယ် ကိုယ်တော်၊ ကိုယ့်အောက်လူက ကိုယ့်ကို ဆဲရေးတဲ့စကားကိုတော့ ဘယ်ပုံဘယ်ပန်း သည်းခံရမည်လဲ ကိုယ်တော်(တဲ့)၊ မေးမည်ဆိုယင် မေးစရာပဲနော်။ အဲဒီတော့ ဘုရားအလောင်း သရဘင်္ဂဆရာကြီးက –

၁၇။ ဘယာ ဟိ သေဋ္ဌဿ ဝစော ခမေထ၊
သာရမ္ဘဟေတု ပန သဒိသဿ။

http:\\www.dhammadownload.com



ယော စိ+စ ဟိနဿ ဝစော ခမေထ၊
ဧတံ ခန္တိံ ဥတ္တမ+မာဟု သန္တော။ ။

လို့ ဖြေတယ်။

သက္က=နတ်တို့သခင်္ဂနင်း အို သိကြားမင်း …။ သေဋ္ဌဿ= **ကိုယ့်ထက် ဂုဏ်ကြီး** မြင့်သောသူ၏။ ဝစော=ဆဲရေးတိုင်းထွာ **ကြမ်းတမ်းလှစွာသော** ဖရုသဝါစာ စကားကို။ ဘယာ တိ= ကြောက်ခြင်းကြောင့်သာလျှင်။ ခမေထ=သည်းခံလေရာ၏။

အေး … လူ့လောကမှာ ကိုယ့်ထက်မြတ်တဲ့ သူရဲ့စကားကို သည်းခံ တယ်ဆိုတာ ပရမတ္ထခန္တီ မဟုတ်ဘူး။ ဘာဖြစ်လို့တုန်းဆိုယင် ခန္တီ စ=ကြောက်လို့ သည်းခံရတယ်ဆိုတာ ကဲ့ရဲ့အပ်တဲ့ အနက်ပဲဟာ။ သူ ပြောတဲ့ စကားကို ကိုယ်က ပြန်ပြီး အတုံ့အလှည့်ပြောယင် ကိုယ့်ကို ထပ်၍ နှိပ်စက်မှာ ကြောက်၍ သည်းခံရတာ။ အဲဒါ ကြောက်တယ် ဆိုတာကိုက တရားကိုယ်ကောက်ယင် ဆုတ်နစ်သော ဒေါသကို ကောက်ရတယ်။ အဲဒီဆုတ်နစ်တဲ့ ဒေါသနဲ့ သည်းခံရတာဟာ အမြတ် မဟုတ်ဘူး။ ဆိုကြပါစို့ တစ်ခါတလေ ကိုယ့်အထက် ပုဂ္ဂိုလ်က ဆဲတာ ကို ရင်ထဲက ဘယ်လောက်နာနာ၊ အောင့်ခံရတယ်။ ဘာဖြစ်လို့လဲ၊ ပြန်ပြီး သူ့ကိုဆဲယင် ကိုယ့်ကို အလုပ်ဖြုတ်ပစ်မယ်၊ ကိုယ့်ကို ဒုက္ခ ရောက်အောင် လုပ်မယ်။ အဲဒီ သည်းခံခြင်းမျိုးဟာ အမြတ် မဟုတ်ဘူး သိကြား … ။ ဒါတစ်ခု။

သဒိသဿ=မိမိနှင့် ဂုဏ်ရည်တူတဲ့ ပုဂ္ဂိုလ်၏။ ဝစော ပန= စကားကိုတော့။ သာရမ္ဘဟေတု=ချုပ်ချယ် (ဟန့်တားပိတ်ပင်)ခြင်း ဟူသော အကြောင်းကြောင့်။

ချုပ်ချယ်ဆိုတာ တပည့်တော်တို့ နားမလည်ဘူး ဘုရားလို့ဆိုယင် ပြိုင်သင့်သည်ထက် ပိုလွန်၍ ပြုခြင်းဟူသော အကြောင်းကြောင့်။ ခမေထ =သည်းခံလေရာ၏။

http:\\www.dhammadownload.com



သိကြားမင်း ... ကိုယ်နဲ့ ဂုဏ်ရည်တူသူ လူက ပြောတဲ့ဆဲရေးတိုင်းထွာ ကြမ်းတမ်းစွာသော ဖရုသဝါစာ စကားကို သည်းခံတယ်ဆိုတာ ကုသိုလ်စိတ်နဲ့ သည်းခံတာ မဟုတ်ဘူး။ ဘယ်စိတ်နဲ့ သည်းခံတာလဲဆိုယင် ပါဠိလို သာရမ္ဘ=မြန်မာလို ကိုယ့်အပေါ်မှာ ပြုလုပ်သင့်သည်ထက် ပိုလွန်၍ ပြုမှာစိုးလို့ သည်းခံရတာ။ အဓိပ္ပာယ်ဆိုကြပါစို့၊ ကိုယ်နဲ့ စီးပွားရေး လူမှုရေး ဂုဏ်ရည်တူတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကိုယ့်ကို ဆဲရေးတဲ့အခါ သည်းခံတယ်ဆိုတာ ကုသိုလ်စိတ်နဲ့ သည်းခံတာ မဟုတ်ဘူး။ ဘယ်လိုစိတ်နဲ့ သည်းခံတာလဲဆိုယင် မိမိက သူ့ကို ပြန်ပြီး ဆဲရေးယင် ကိုယ့်အပေါ်မှာ သူက အတုံ့အလှည့် ကြံလာတဲ့အခါ ပြုလုပ်သင့်သည်ထက် ပို၍ ပြုလုပ်လာမယ်။ ဥပမာ–အရောင်းအဝယ်ပဲ ဆိုအုန်းတော့ သူက ကိုယ့်ကို ဆဲလို့ ကိုယ်က သူ့ကို ပြန်ဆဲထားယင် သူ့ထံက (ဝယ်ယူရမယ့်) အလှည့်ကြုံလာယင် မတန်တဆ ဈေးကြီးကြီး ပြောဆိုပြီး အနိုင်အထက် ယူသွားတတ်တယ်။ ဒါတွေကို ကြောက်လို့ သည်းခံတာ။ ဒါလည်းပဲ ကုသိုလ်စိတ် မဟုတ်ဘူး။ ဒီအဓိပ္ပာယ်ကို ဘုရားအလောင်း ရှင်းပြတယ်။

လ္လမ=ဤလောက၌။ ယော စ=အမှတ်မထင် အကြင်သူတော်စင်သည်ကား။ ဟီနဿ=မိမိအောက် ဂုဏ်သိက္ခာ ယုတ်ညံ့သောသူ၏။ ဝစော=ဆဲရေးတဲ့စကားကို။ ခမေထ=သည်းခံရာ၏။ ဧတံ ခန္တိံ=ဤသို့ ကိုယ့်အောက်ကလူ၏ ဖရုသဝါစာကို သည်းခံခြင်းကို။ သန္တော=ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဥတ္တမံ=မြတ်၏ဟူ၍။ အာဟု=နှစ်လိုအားရမ်း ချီးမွမ်းစကား ပြောကြားကြကုန်ပြီ ...။

အောက်လူက မိမိကို ဖရုသဝါစာ=ဆဲရေးစကား ပြောကြားလာသည်ကို သည်းခံတာက “သြော် ... သူ မသိမလိမ္မာရှာလို့ ငါ့ကို ဆဲရေးတိုင်းထွာစကား ပြောကြားရှာတာပဲ”လို့ ကရုဏာပြဋ္ဌာန်းပြီး

http:\\www.dhammadownload.com



သည်းခံတယ်။ ဒါကြောင့် ဒီလို သည်းခံခြင်းမျိုးကို ဘုရား+ပစ္စေက ဗုဒ္ဓါ+အရိယာ သူတော်ကောင်းတို့ ချီးမွမ်းကြတယ်။ သိကြားမင်း ...။

ဤကဲ့သို့ အလောင်းတော် သရဘင်္ဂ ဆရာကြီး ဖြေကြားတဲ့အခါ သိကြားမင်းက ဘယ်လို အပြစ်ကောက်ပြီး ပြောလိုက်သလဲ ဆိုတော့-

ဘန္တေ ပဌမံ တုမ္ဟေ "သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊ ဧတံ ခန္တိံ ဥတ္တမ+မာဟု သန္တော"တိ ဝတွာ ဣဒါနိ "ယောစီ+ဓ ဟီနဿ ဝစော ခမေထ၊ ဧတံ ခန္တိံ ဥတ္တမ+မာဟု သန္တော"တိ ဝဒေထ။ န ဝေါ ပုရိမေန ပစ္ဆိမံ သမေတိ။

ဘန္တေ=အရှင်သရဘင်္ဂ ရသေ့သူမြတ်ဘုရား ...။ တုမ္ဟေ=အရှင်ဘုရားတို့သည်။ ပဌမံ=လက်ဦးအစ ပထမတုန်းက။ "သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ=မိမိ ထက်မြက်သူ၊ မိမိနှင့် ဂုဏ်ရည်တူသူ။ မိမိအောက် ယုတ်ညံ့သူ ခပ်သိမ်းလူတို့၏ ဆဲရေးစကားကို သည်းခံရမည်"။ "ဧတံ ခန္တိံ ဥတ္တမ+မာဟု သန္တောတိ=ဤသို့ လူသုံးမျိုးတို့၏ ဆဲရေးစကား သည်းခံခြင်းကို မြတ်၏ဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းပြောဆိုကြပြီ"လို့။ ဝတွာ=ဆိုပြီးမှ။ ဣဒါနိ=ယခုအခါ၌။ ယောစီ+ဓ ဟီနဿ ဝစော ခမေထ၊ ဧတံ ခန္တိံ ဥတ္တမ-မာဟု သန္တော"တိ="အကြင်သူသည်ကား ဤလောက၌ မိမိအောက် ဂုဏ်ရည်ယုတ်ညံ့သော ပုဂ္ဂိုလ်၏ ဆဲရေးစကားကို သည်းခံလျှင် ထိုသည်းခံခြင်းကို ဘုရားအစရှိသော သူတော်ကောင်းတို့ အမြတ်ဆုံး-လို့ ချီးမွမ်းစကား ပြောကြားကြတယ်" ဟူ၍။ ဝဒေထ=မိန့်ဆိုကြကုန်၏။

အစတုန်းကတော့- လူသုံးပါး အားလုံးတို့ရဲ့ စကားကို သည်းခံရမယ်လို့ ပြောတယ်၊ ယခုတော့ "ကိုယ့်အောက်ယုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ဆဲရေးစကားကို သည်းခံခြင်းကို အမြတ်ဆုံး"လို့ ပြောတယ်။

http:\\www.dhammadownload.com



ဝေါ=အရှင်ဘုရားတို့၏။ ပုရိမေန=ရှေ့စကားနှင့်။ ပစ္ဆိမံ= နောက်စကားသည်။ န သမေတိ=မညီညွတ်ပါဘုရား။

သိကြားမင်းက ပြောတယ်။ "အရှင်ဘုရားရဲ့ အဖြေနှစ်ရပ်မှာ ရှေ့ အဖြေနဲ့ နောက်အဖြေ လုံးဝ မညီညွတ်ဘူး။ ရှေ့အဖြေက အယုတ်+ အလတ်+အမြတ် လူသုံးမျိုးလုံးရဲ့ ဆဲရေးစကားကို သည်းခံခြင်းကို သူတော်ကောင်းတို့ အမြတ်ဆုံး-လို့ ချီးမွမ်းကြသတဲ့။ ယခု နောက် အဖြေကျတော့ ကိုယ့်အောက် ယုတ်နိမ့်သူ၏ ဆဲရေးစကား သည်းခံ ခြင်းကို အမြတ်ဆုံး-လို့ သူတော်ကောင်းများ ချီးမွမ်းစကား ပြောကြား တယ်ဆိုတော့ အရှင်ဘုရားရဲ့ စကားဟာ ရှေ့+နောက် မညီညွတ်ဘူး"

ဒီတော့ အလောင်းတော်က သရဘင်္ဂရှင်ရသေ့က -

သက္က ပစ္ဆိမံ မယာ အယံ ဟီနောတိ ဉတွာ ဖရုသဝစနံ အဓိ ဝါသေန္တဿဝသေန ဝုတ္တံ။

သက္က=နတ်တို့အရှင် သိကြားမင်း ...။ မယာ=ငါသည်။ ပ... =နောက်စကားကို (ဝါ) ကိုယ့်အောက်ယုတ်သူရဲ့ ဆဲရေးစကား... သည်းခံခြင်းကို မြတ်၏လို့ သူတော်ကောင်းများ ချီးမွမ်းတယ်... တဲ့ နောက်စကားကို။ အယံ ဟီနောတိ ဉတွာ=ဤသူကား ကိုယ့် အောက်ယုတ်သူဟု သိပြီးလျှင်။ ဖရုသဝစနံ=သူ၏ဆဲရေးစကား ကို။ အဓိဝါသေန္တဿ=သည်းခံသောသူ၏။ ဝသေန=အစွမ်းအား ဖြင့်။ ဝုတ္တံ=ဆိုအပ်ပါ၏။

နောက်စကား ငါပြောကာက သည်းခံတဲ့ ပုဂ္ဂိုလ်ရဲ့ အဖို့ရာ "ဤ သူကား ငါ့အောက် ... လောက+ဓမ္မ ဂုဏ်နှစ်ဝဖြင့် ယုတ်နိမ့်ရှာသူပဲ မသိရှာလို့ သူ ငါ့ကို ဤကဲ့သို့ ဆဲရေးစကား ပြောတာပဲ"လို့ အဲဒီလို ကရုဏာဖြင့် သည်းခံတဲ့ ပုဂ္ဂိုလ်နဲ့ စပ်ပြီးတော့ ပြောတာတဲ့။

ထိုသို့ဖြစ်လျှင် "အယုတ်+အလတ်+အမြတ် လူသုံးမျိုးရဲ့ ဆဲရေး

http:\\www.dhammadownload.com



စကားကို သည်းခံခြင်းကို မြတ်၏ဟု သူတော်ကောင်းတို့ မိန့်ဆိုကြ၏"
ဟူသော ရှေ့စကားကို ဘာကြောင့် ပြောရသလဲ ဆိုတော့–

ယသ္မာ ပန န သက္ကာ ရူပဒဿနမတ္တေန သတ္တာနံ
သေဋ္ဌာဒိဘာဝေါ ဉာတုံ၊ တသ္မာ ပုရိမံ ဝုတ္တံ။

ပန=အကြောင်းထူးကား။ ရူပဒဿနမတ္တေန=အဆင်းကို မြင်ရုံ
မျှဖြင့်။ သတ္တာနံ=သတ္တဝါတို့၏။ သေဋ္ဌာဒိဘာဝေါ=သူမြတ်
စသည်၏ အဖြစ်ကို။ ဉာတုံ=သိခြင်းငှာ။ ယသ္မာ=အကြင့်ကြောင့်။
န သက္ကာ=မတတ်နိုင်။ တသ္မာ=ထို့ကြောင့်။ ပုရိမံ=ရှေ့စကားကို။
ဝုတ္တံ=ငါ ဆိုအပ်ပြီ။

သိကြားမင်း ...၊ လူတစ်ယောက်ကို အဆင်းကို မြင်ရုံမျှနဲ့ "ဤသူ
သည် ငါ့ထက်မြတ်သူ, ဤသူသည် ငါနှင့်တူသူ, ဤသူသည်
ငါ့အောက်ယုတ်သူ"လို့ မသိနိုင်ဘူး။ ဒါ့ကြောင့် အားလုံးရဲ့ ဆဲရေး
စကားကို သည်းခံရမယ်လို့ ရှေ့စကားကို ငါဆိုခဲ့တာလို့ အဲဒီလို
သရဘင်္ဂဆရာကြီးက စကားပြေစုဏ္ဏိယနဲ့ ပြောပြီး ဂါထာဖြင့် ဖြေတော်
မူတယ်။

၁၈။ ကထံ ဝိဇညာ စတုပထရူပံ၊
သေဋ္ဌံ သရိက္ခံ အထ ဝါပိ ဟီနံ။
ဝိရူပရူပေန ဝိစရန္တိ သန္တော၊
တသ္မာ ဟိ သဗ္ဗေသံ ဝစော ခမေထ။ ။

သက္က=နတ်တို့သေဋ္ဌနင်း အို သိကြားမင်း ...။ စတုပထရူပံ=
ဣရိယာပုတ်လေးပါးဖြင့် ဖုံးအုပ်ခြင်းသဘော ရှိတဲ့သူကို။ သေဋ္ဌံ
ဝါ=ငါ့ထက်မြတ်သောသူဟူ၍ လည်းကောင်း။ သရိက္ခံ ဝါ=ငါနှင့်
ဂုဏ်ရည်တူ ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း။ အထ=ထိုမှတပါး။ ဟီနံ
ဝါပိ=ငါ့အောက်ဂုဏ်နိမ့်သူ ဟူ၍လည်းကောင်း။ ကထံ ဝိဇညာ=
ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ခွဲခြမ်းစိပ်တွင် သိမြင်နိုင်အံ့

http:\\www.dhammadownload.com



နည်း။ (မသိနိုင်သည်သာ။)

သိကြားမင်း ...၊ ရုပ်အဆင်းကို မြင်ရုံမျှနဲ့ ဤသူကား ငါ့ထက်မြတ်သူ၊ ဤသူကား ငါနဲ့ ဂုဏ်ရည်တူသူ၊ ဤသူကား ငါ့အောက်ယုတ်သူ ဟူ၍ ဘယ်နည်းနှင့်မှ မသိနိုင်ဘူး။

သန္တော=ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်မြတ်အပေါင်းတို့သည်။

ဝိရူပရူပေန=ရုပ်ရည်အဆင်း အမျိုးမျိုးဖြင့်။ ဝိစရန္တိ=လှည့်လည်ကျက်စား သွားလာ၍ နေပါကုန်၏။

ဂုဏ်သိက္ခာ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တို့အနက် တချို့ကျတော့ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ အသွင်အပြင်နဲ့ လှည့်လည်ကျက်စား သွားလာနေတတ်ကြတယ်။ တစ်ချို့ကျတော့လည်း ကုပ်ကုပ်ရုပ်ရုပ်နဲ့ လျှို့ဝှက်စွာ သွားလာနေတာလည်း ရှိတယ်။ ဒီတော့ "ဒီလူဟာ ငါ့ထက် မြတ်သူ၊ ငါနှင့်တူသူ၊ ငါ့အောက်ယုတ်သူ"လို့ မသိနိုင်ဘူး။ ကိုယ့်အောက် ယုတ်ညံ့တဲ့လူကပေမယ့် ဆိုက်ကြီးဂိုက်ကြီး ဟန်ကြီးပန်ကြီး တစ်လုံးနဲ့ သူမြတ်လုပ်ပြီး ညာစားတတ်တယ်။ အဲဒီတော့ "ဤသူဟာ သူမြတ်၊ ဤသူဟာ သူလတ်၊ ဤသူဟာ သူယုတ်"လို့ သိဖို့မလွယ်ဘူး သိကြား။

တသ္မာဟိ-တသ္မာ ဧဝ=ထို့ကြောင့်သာလျှင်။ သဗ္ဗေသံ=ခပ်သိမ်းဥဿုံ အလုံးစုံသော သူတို့၏။ ဝစော=ဆဲရေးတဲ့ စကားကို။ ခမေထ=သည်းခံရာ၏။

ထိုစကား ကြားရသောအခါ သိကြားမင်းသည် ယုံမှားကင်းပျောက်ဝမ်းမြောက်စွာဖြစ်ပြီး ...

ဘန္တေ ဧတာယ နော ခန္တိယာ အာနိသံသံ ကထေဟိ။

ဘန္တေ=သရဘင် အရှင်သူမြတ်ဘုရား ...။ ဧတာယ ခန္တိယာ=ဤလူသုံးမျိုးလုံး၏ ဆဲရေးစကားကို သည်းခံခြင်း၏။ အာနိသံသံ=အကျိုးကို။ နော=အကျွန်ုပ်အား။ ကထေဟိ=ဟောကြားတော်မူပါလော့။

http:\\www.dhammadownload.com



"အရှင် သရဘင်္ဂဆရာကြီး ...၊ အကျွန်ုပ်၏ စိတ်ထဲမှာ ရှေ့စကား၊ နောက်စကား သံသယ ကင်းသွားပါပြီ၊ ယခုအခါ သည်းခံခြင်းဆိုတဲ့ ခန္တီတရားရဲ့ အကျိုးအာနိသင်ကို ဟောပြပါဘုရား"လို့ သိကြားမင်းက စကားပြေစုဏ္ဏိယနဲ့ တောင်းပန်စကား လျှောက်ထားတဲ့အခါ ဘုရားအလောင်း သရဘင်္ဂဆရာကြီးက ဘယ်လိုပြန်ဟောသလဲဆိုတော့-

၁၉။ န ဟေ+တ+မတ္ထံ မဟာတိပိ သေနာ၊
သရာဇိကာ ယုဇ္ဈမာနာ လဘေထ။
ယံ ခန္တိမာ သပ္ပုရိသော လဘေထ။
ခန္တီဗလဿူ+ပသမန္တိ ဝေရာ။

(ဒီဂါထာကို ဟောတယ်။)

သက္က=နတ်တို့သခင်နင်း အို သိကြားမင်း ...။ ခန္တိဗလာ သမဏဗြာဟ္မဏာ=သည်းခံခြင်းသည် ရဟန်း၊ ပုဏ္ဏား သူတော်ကောင်းတို့ရဲ့ အင်အားတဲ့။

ခန္တိဗလဿ=သည်းခံခြင်းဆိုတဲ့ ခွန်အားရှိသော သူတော်ကောင်း၏ အဖို့ရာ။ ဝေရာ=အတွင်းအပ ရန်နှစ်ဝတို့သည်။ ဥပသမန္တိ=အကြွင်းမဲ့ ငြိမ်းအေးကုန်၏။

သည်းခံယင် လောကမှာ ကိုယ့်ထက်မြတ်တဲ့လူ ရန်သူလည်း မရှိဘူး။ ကိုယ့်အောက်ယုတ်တဲ့လူ ရန်သူလည်း မရှိဘူး။ ကိုယ်နှင့်ဂုဏ်ရည်တူ ရန်သူလည်း မရှိဘူး။ အဲဒီ အပြင်အပ ရန်တွေတင် မကဘူး၊ ကောင်းမှု အကုသိုလ်ဆိုတဲ့ အတွင်းရန်တွေလည်း ငြိမ်းသွားတယ်။

ယံ အတ္ထံ=အကြင် အတွင်းရန် အပြင်ရန် ငြိမ်းအေးခြင်းဆိုတဲ့ အကျိုးတရားကို။ ခန္တိမာ=သည်းခံခြင်းရှိသော သပ္ပုရိသော=သူတော်ကောင်းသည်။ လဘေထ=ရအပ်၏။ သရာဇိကာ=မင်းနှင့်တကွသော။ ယုဇ္ဈမာနာ=စစ်တိုက်၍နေသော၊ မဟာတိ=များစွာသော။ သေနာပိ=စစ်တပ်ကြီးသော်လည်း။ ဧတံ အတ္ထံ=ဤ

http:\\www.dhammadownload.com



သည်းခံခြင်းနှင့် ပြည့်စုံတဲ့ သူတော်ကောင်းတစ်ယောက် ရရှိတဲ့ "အတွင်းရန်၊ အပြင်ရန် ဤနှစ်တန် ငြိမ်းအေးခြင်း"ဆိုတဲ့ အကျိုးကို။ န ဟိ လဗ္ဘေထ=ဘယ်လိုနည်းနှင့်မှ မရနိုင်ရာပါ။

သိကြားမင်း ...၊ သည်းခံတဲ့ သူတော်ကောင်း တစ်ယောက်ရဲ့ အဖို့ရာ အပြင်ဘက်က ကိုယ့်ထက်မြတ်သူ၊ ကိုယ်နှင့် ဂုဏ်ရည်တူသူ၊ ကိုယ့်အောက် ဂုဏ်နိမ့်သူ လူသုံးမျိုးတွင် ဘယ်သူကမှ ရန်မရှိဘူး။ မိမိရဲ့ အတွင်းသန္တာန်မှာလည်းပဲ ပါဏာတိပါတ, အဒိန္နာဒါန် အစရှိတဲ့ ဒုစရိုက် အကုသိုလ်ဆိုတဲ့ ရန်တွေလည်း ငြိမ်းကုန်တယ်။ သည်းခံခြင်းတရား လက်ကိုင်ထားယင် အတွင်းရန်၊ အပြင်ရန်၊ ရန်နှစ်မျိုးစလုံး အကုန်ငြိမ်းသွားတယ်။ အဲဒီ ရန်ငြိမ်းမှုဆိုတဲ့ အကျိုးတရားကို သည်းခံခြင်း လက်ကိုင်ထားတဲ့ သူတော်ကောင်းတစ်ယောက် ရရှိသလို ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်၊ (ယနေ့အလို ပြောမည်ဆိုယင် တင့်ကားတပ်ကြီး၊ အမြောက်တပ်ကြီး၊ ရေတပ်ကြီး၊ ကုန်းတပ်ကြီး၊ လေတပ်ကြီး၊) ဘယ်လို တပ်ကြီးအမျိုးမျိုးနဲ့ စစ်ထိုးတဲ့ မင်းများသော်မှ ဒီအကျိုးကို မရဘူး။ အင်း ...ကုန်းတပ် ရေတပ်၊ လေတပ်တွေ များများနဲ့ စစ်ထိုးလေ ရန်ဟာ တိုး၍ တိုး၍ ပွားလေပဲ။ ဟို–တစ်ဖက်က အားမတန်လို့ မာန်လျှော့ရပေမယ်လို့ ဝမ်းထဲက အကြိတ်အခဲ မပြေဘူး။ အေး ... မိမိကိုယ်နှုတ်က သည်းခံလိုက်လို့ ငြိမ်းသွားတယ်ဆိုတဲ့ ရန်က အဟုတ်ကို တကယ့်ကို ငြိမ်းတယ်။ အဲဒီ အတွင်းက အကုသိုလ်ရန်၊ အပြင်က ပုဂ္ဂိုလ်သုံးမျိုးရဲ့ရန် ဒီရန်ငြိမ်းမှုဆိုတဲ့ အကျိုးတရားကို သည်းခံတဲ့ ပုဂ္ဂိုလ်ကမှ ရဖြစ်တာ စစ်တပ်ကြီး အမျိုးမျိုးနဲ့ စစ်တိုက်တဲ့ မင်းတောင်မှ မရဘူးတဲ့၊

အဲဒီလို သိကြားမင်းနဲ့ ဘုရားအလောင်းသရဘင်္ဂ ရသေ့ကြီးတို့ မေးလိုက် ဖြေလိုက် ပြောနေတော့ ဟို ဘေးက ထိုင်နေတဲ့ အဋ္ဌကမင်း၊ ဘီမရထမင်း၊ ကာလိင်္ဂမင်းတို့ရဲ့ စိတ်ထဲမှာ –

http:\\www.dhammadownload.com



သက္ကော အတ္တနော၀ ပဥှေ ပုစ္ဆတိ။

သက္ကော=မျက်နှာကြီးဖြစ်တဲ့ နတ်တို့သေဠ်နင်း သိကြားမင်းသည်။ အတ္တနော ပဥှေ၀=မိမိရဲ့ ပြဿနာတို့ကိုသာလျှင်။ ပုစ္ဆတိ=တစ်မျိုးပြီး တစ်မျိုး မေး၍ မေး၍ နေ၏။

ခက်တော့တာပါပဲ၊ သိကြားမင်းကလည်းပဲ သူ့ရဲ့ပုစ္ဆာပြဿနာတွေကိုသာ ဆက်ကာဆက်ကာ မေးနေတော့တယ်။

အမှာကံ ပုစ္ဆနောကာသံ န ဒဿတိ။

အမှာကံ = ငါတို့အား။ ပုစ္ဆနောကာသံ = ပြဿနာ မေးခွင့်ကို။ န ဒဿတိ=ပေးတော့မှာ မဟုတ်ပါဘူး။

ဒို့တော့ကွာ … ဒီသိကြားမင်း လုပ်ပုံက ဒို့မေးချင်တဲ့ ပြဿနာကိုတော့ မေးခွင့်ပေးတော့မှာ မဟုတ်ပါဘူး -လို့ စိတ်ထဲမှာ အကြံဖြစ်ကြတယ်။ ထိုအခါ မင်းသုံးဦးတို့၏ အလိုဆန္ဒကို သိပြီး သိကြားမင်းသည် မိမိအတွက် စီစဉ်ထားသော ပြဿနာ လေးပါးတို့ကို မမေးသေးဘဲ ခေတ္တထားပြီးလျှင် ထိုမင်းသုံးဦးတို့၏ ယုံမှားရှိနေသော ပြဿနာကို မေးလိုသည်ဖြစ်၍-

၂၀။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ တံ ပုစ္ဆာမိ တဒိဃ် ဗြူဟိ။
ယထာ အဟူ ဒက္ခွာကိ နာဋ္ဌိကေရော၊
အထဗ္ဗနော ကလာဗု စာပိ ရာဇာ။
တေသံ ဂတိံ ဗြူဟိ သုပါပကမ္မိနံ၊
ကတ္ထုပပန္နာ ဣသိနံ ၀ိဟေဌကာ။

(ဤဂါထာကို လျှောက်ဆိုတယ်။)

ကောဏ္ဍည=ကောဏ္ဍညနွယ်ဖွား အို … ရသေ့သူမြတ်ဘုရား။ တေ=အရှင်ဘုရား၏။ သုဘာသိတံ=အကြောင်းအကျိုး နှစ်မျိုးကုံလုံ ပြည့်စုံနက်လေး အမေးသုံးပါး အဖြေစကားကို။ အနုမောဒိ-

http:\\www.dhammadownload.com



ယာန=နှစ်လိုအားရမ်း ဝမ်းမြောက်နမော် သာဓုခေါ်ပြီးတဲ့နောက်။ တံ=အရှင်ရသေ့သူမြတ်ကို။ အညံ=ထိုမှတစ်ပါး အခြားပြဿနာကို။ ပုစ္ဆာမိ=သိလိုရေး မေးလျှောက်ပါရစေ။ ဣဃံ=အကျွန်ုပ်သိကြား တိုက်တွန်းစကား ပြောကြားပါ၏။ တံ=ထိုပြဿနာကို။ ဗြူဟိ=ကရုဏာရှေ့ထား အဖြေစကား မိန့်ကြားတော်မူပါဘုရား။

ကောဏ္ဍည္ဍနွယ်ဖွား အရှင်သရဘင်္ဂ ရသေ့သူမြတ်ဘုရား၊ အရှင်ရဲ့ သုဘာသိက အင်္ဂါလုံလောက်စွာသော အဖြေစကားကို အကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပြီးတဲ့နောက် ပြဿနာတစ်ခု မေးလျှောက်ပါရစေ။ အဲဒီပြဿနာကို ကရုဏာရှေ့ထား ဖြေကြားဖို့ရန် တောင်းပန်စကား အကျွန်ုပ် ပြောကြားပါတယ်။

ကောဏ္ဍည=ကောဏ္ဍည္ဍနွယ်ဖွား အို ရသေ့သူမြတ်ဘုရား ...။ ယထာ=အကြင် အခြင်းအရာဖြင့်။ (၁) ဒဏ္ဍကီ စ=ကုမ္ဘဝတီနေပြည်ကို စိုးအုပ်၍ ကိသဝစ္ဆရသေ့ကို နှိပ်စက်တဲ့ ဒဏ္ဍကီမင်းသည်လည်းကောင်း။ (၂) နာဠိကေရော စ=ရာဇဝင်ထဲမှာလာတဲ့ နာဠိကေရ မင်းသည်လည်းကောင်း။ (၃) အထ=ထို့မှ။ အဇ္ဇုနော စ=လက်ရုံးတစ်ထောင် ဆောင်တယ်ဆိုတဲ့ အဇ္ဇုနမင်းသည် လည်းကောင်း။ (၄) ကလာဗုရာဇာ စာပိ=ကလာဗုမည်သော မင်းသည်လည်းကောင်း။ အဟု=တမလွန်ဘဝ၌ ဖြစ်ကြကုန်ပြီ။ သုပါပကမ္မိနံ=အလွန်ယုတ်မာသည့် အကုသိုလ်ကံ ရှိကြကုန်သော။ တေသံ=ထိုမင်းလေးပါးတို့၏။ ဂတိံ=တမလွန်ဘဝ လားရောက်ရာ ဘုံဌာန ဂတိကို။ ဗြူဟိ=ကရုဏာရှေ့ထား ဟောကြားတော်မူပါ ဘုရား။ ဣသိနံ=ရသေ့သူမြတ်တို့ကို။ ဝိဟေဌကာ=နှိပ်စက် ညှဉ်းဆဲကြတဲ့ ထို မင်းလေးပါးတို့သည်။ ကတ္ထ=အဘယ်ဘုံဂတိ၌။ ဥပပန္နာ=ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေကြရပါသနည်း ဘုရား ...။

အဲဒီ မင်းလေးပါး တမလွန်ဘဝမှာ ဘယ်ဘုံ ဘယ်ဂတိမှာ သွားပြီး

http:\\www.dhammadownload.com



ဖြစ်ကြတယ်ဆိုတာ ဘုရားအဆုံးအမတော်ကမှ သိတယ်၊ ဒါကြောင့် အဲဒီ မင်းလေးပါးတို့ရဲ့ တဖက်စွန်းဘဝ အလားကို အစဥ်အတိုင်း လေးဂါထာတို့နဲ့ ဖြေတယ်။

## (က) ဒဏ္ဍကီမင်း၏ဝတ္ထု

[illegible] ကိသံ ဟိ ဝစ္ဆ အဂကိရိယ ဒဏ္ဍကီ၊
ဥစ္ဆိန္နမူလော သဇနော သရဋ္ဌော။
ကုက္ကုဠနာမေ နိရယမှိ ပစ္စတိ၊
တဿ ဖုလိင်္ဂါနိ ပတန္တိ ကာယေ။ ။

သက္ကာ [illegible] သိကြားမင်း ...။ **ကိသံ ဟိ ဝစ္ဆံ**= [illegible] အမည်က **ဝစ္ဆ** ကြီးလိုလ [illegible] သောကြောင့် [illegible] **ကိ**[illegible] **ဝစ္ဆ** အမည်ရသော ရှင် ရသေ့ကို၊ [illegible] နှိပ်စက်၍၊ (ဝါ) နှိပ်စက်သောကြောင့်။ ဒဏ္ဍကီ=ဒဏ္ဍကီမင်းသည်။ **ဥစ္ဆိန္နမူလော**=ကုသိုလ်အမြစ်ပြတ်သကဲ့သို့ ဖြစ်လျက်။ **သဇနော**=ဗိုလ်ပါ [illegible] များနှင့်တကွ။ သရဋ္ဌော=တိုင်းသားပြည်သူတို့နှင့်တကွ။ ကုက္ကုဠနာမေ=[illegible] အမည်ရှိသော။ **နိရယမှိ**=ငရဲ၌။ [illegible] တဿ=ထိုဒဏ္ဍကီမင်း၏။ **ကာယေ**=[illegible] ခဲများတို့သည်၊ **ပတန္တိ**=တဖွားဖွား ကျ [illegible]

[illegible] ...ဒဏ္ဍကီမင်း [illegible] မီးပွားတွေဟာ မရပ်မနား တဖွားဖွား ကျနေတယ်။ အသင် သိကြားမင်း [illegible] တော [illegible] အားလုံးတို့ ကြည့်ရှုကြသလား - ဟု မေး၍ [illegible] တယ် ဘုရား - လို့ ပြန်ကြား လျှောက်ထားလေသတဲ့။

အဲဒီ ... သရဘင် ရှင်ရသေ့က ဣန္ဒြိယ အဘိညာဏ် [illegible] မြေကြီးကို ခွဲ၍ ဒဏ္ဍကီမင်းတို့ ကျရောက်နေတဲ့ ကုက္ကုဠ

http:\\www.dhammadownload.com



ငရဲ=ပြာပူငရဲကို ပြတယ်။ အဲဒီငရဲဟာ ယူဇနာ တစ်ရာကျယ်တယ်၊ အဲဒီ ပြာပူငရဲက တစ်ကမ္ဘာပတ်လုံး ပူတယ်။ အဲဒီပြာပူငရဲမှာ ဒဏ္ဍကီမင်းဟာ ပြည့်တန်ဆာမရော၊ သူ့ပုရောဟိတ်ရော၊ သူရဲ့ စစ်သည်ဗိုလ်ပါရော၊ သူ့စကား နားထောင်ကြတဲ့ တိုင်းသူပြည်သားတွေရော အကုန်လုံး အဲဒီငရဲမှာ ကျနေကြတာကို လူတွေ မြင်ကြရတယ်။

အဲ–ဒဏ္ဍကီမင်းက ပြာပူထဲ ငုပ်လိုက်၊ သူရဲ့ မျက်စိတို့၊ နားတို့၊ ခံတွင်းတို့၊ ဒွါရကိုးပေါက်ကနေပြီး ပြာပူတွေ ဝင်သွားတယ်။ အဲ ဦးခေါင်းပေါ်မှာ မီးကျီးခဲကြီးတွေ ကျ၍ကျ၍ လာကြတယ်။ ထိုသို့ ကျသောအခါ တစ်ကိုယ်လုံး၌ ဆီမီးတိုင်ကြီးလိုဖြစ်ပြီး ဆင်းရဲဒုက္ခဝေဒနာ အားကြီးစွာ ဖြစ်ပြီး သည်းမခံနိုင်ဘဲ သည်းထန်စွာ ဟစ်အော်မြည်တမ်းနေရတာကို အလောင်းတော် သရဘင်္ဂရှင်ရသေ့က ဣဒ္ဓိဝိဓအဘိညာဏ်နဲ့ မြေကိုခွဲ၍ ပြတယ်။ မင်းသုံးဦးနှင့်တကွ စစ်သည်ဗိုလ်ပါတွေရော၊ သိကြားမင်းနှင့်တကွ နတ်ပြည်နှစ်ပြည်က နတ်တွေရော ပက်ပင်းပါ မြင်ကြရတယ်၊ ထိုသူတို့ရဲ့ စိတ်ထဲမှာ အင်မတန့် အင်မတန် ကြောက်ထိတ်လန့်ကြတော့မှ ဘုရားအလောင်းက အဲဒီ ကုက္ကုဠငရဲကို တစ်ခါတည်း အဘိညာဏ်တန်ခိုးကို ရုပ်သိမ်းပြီးတော့ ကွယ်လိုက်တယ်။

ဒဏ္ဍကီမင်း ပရိသတ်နှင့်အတူ ကျရောက်တဲ့ ငရဲ=ကုက္ကုဠပြာငရဲကို သိကြပြီလား၊ သိပါပြီဘုရား။

## (ခ) နာဠိကေရမင်း ဝတ္ထု

အဲ ... ဒုတိယမင်းက ဘယ်သူလဲတဲ့၊ နာဠိကေရမင်းတဲ့။

၂၂။ ယော သညတေ ပဗ္ဗဇိတေ အဆေဒယိ၊
ဓမ္မံ ဘဏန္တေ သမဏေ အဒူသကေ။

http:\\www.dhammadownload.com



တံ နာဠိကေရံ သုနခါ ပရတ္ထ၊
သင်္ဂမ္မ ခါဒန္တိ ဝိပ္ဖန္ဒမာနံ။

သတ္တ=နတ်တို့သေဋ္ဌနင်း သိကြားမင်း ...။ ယော=အကြင် နာဠိကေရမင်းသည်။ သညတေ=ကိုယ်+နှုတ်+နှလုံး စောင့်သုံးကြကုန်သော။ ဓမ္မံ ဘဏန္တေ=တရားကိုသာ ဟောကြားကြကုန်သော။ **အဒူသကေ=သူတစ်ပါးကို** မပြစ်မှားတတ်ကုန်သော။ သမဏေ= **ကိလေသာစပ်သိမ်းကို** ငြိမ်းစေတော်မူကြကုန်သော။ ပဗ္ဗဇိတေ= ရသေ့ သူမြတ် တို့ကို။ အဆေဒယိ=ဖြတ်တောက်ခဲ့လေပြီ။ (အဓိပ္ပာယ်ပြန်ပြောတော့ ကောင်းကောင်းနာလည်ကြလိမ့်မယ်။)

တံ နာဠိကေရံ=ထို နာဠိကေရမင်းကို။ ပရတ္ထ=တမလွန်လောက ဟို–ငရဲဘဝ၌။ ဝိပ္ဖန္ဒမာနံ=တလှုပ်လှုပ် တုန်လှုပ်၍ နေသည်ကို။ သုနခါ=ငရဲခွေးကြီးတို့သည်။ သင်္ဂမ္မ=အုပ်လိုက်ဖွဲ့ကာ စုရုံးကြ၍။ **ခါဒန္တိ=တကြွပ်ကြွပ်ဝါး** ခဲစားကြကုန်၏။

**နာဠိကေရမင်း**–ဆိုတာ ဘယ်လိုလဲ ဆိုတော့– အလောင်းတော် သရဘင်္ဂရသေ့သူမြတ်တို့ မပေါ်ထွန်းမီ မဖြစ်မီ ရှေ့ပိုင်း အိန္ဒိယ=မဇ္ဈိမ တိုက်မှာ **ကလိင်္ဂတိုင်း ဒန္တပူရမြို့**ဆိုတာ ရှိတယ်။ အဲဒီမြို့မှာ နာဠိကေရ လို့ ခေါ်တဲ့ **အဓမ္မမင်းတစ်ပါး တိုင်း**ပြည်အုပ်ချုပ် မင်းလုပ်တယ်။ အေး ... သူဟာ တိုင်းသူပြည်**သား လူအများ**ရဲ့ အပေါ်မှာ မတရားတဲ့ အလုပ် တွေကိုပဲ ပြုလုပ်တယ်။

တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးရ မယ့် ရာဇဓမ္မ=ရာဇဓံ သယ်ပါး မင်းကျင့်တရားဆိုတာ ရှိတယ်။

(၁) ဒါန=စွန့်ကြဲပေးကမ်း လှူဒါန်းရတယ်၊ တမလွန်အတွက် ဒါန စေတနာ ပြဋ္ဌာန်းပြီး တိုင်းသူပြည်သား လူအများအား နည်း များမဟူ စွန့်ကြဲပေးကမ်း လှူဒါန်းရတယ်။

(၂) **သီလ=ငါးပါးသီလ၊ ရှစ်ပါး**သီလတို့ကို အခါအခွင့် သင့်သလို

http:\\www.dhammadownload.com



စောင့်ထိန်းရတယ်။

ဟို–"မင်းတုန်းမင်းတရားကြီး" လက်ထက်တုန်းက ဥပုသ်နေ့ကျလို့ ဥပုသ်ဆောင် ဝင်ပြီဆိုယင် တောင်ဥယျာဉ်တော်မှာ မြို့ထဲကလူတွေ ဥပုသ်သွားစောင့်ကြရတယ်။ ဟော ... အပြန်ကျပြီဆိုတော့ လူတစ်ယောက် တစ်ယောက်လျှင် ငွေတစ်မတ် တစ်မတ် ဆုချလိုက်သတဲ့။ အဲဒီတုန်းက ပိုက်ဆံတစ်မတ်က ဆန်တစ်ခွဲလောက် ရတယ်၊ အဲဒီလို ခေတ်။ ငွေတော်တစ်မတ် ဆုအနေနဲ့ ပေးတော့ ပစ္စည်းပင် နည်းသော်လည်း စေတနာက မနည်းဘူးနော်။ အဲ ... တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ လူဆိုတာ သီလသိတင်း စောင့်သုံးရတယ်။

(၃) ပရိစ္စာဂ=မိမိရဲ့ အမှုထမ်းများကို ဆုလာဘ်များ စွန့်ကြဲ ပေးကမ်းရတယ်။

(၄) အဇ္ဇဝ=ဖြောင့်မတ်ရတယ်၊ တိုင်းသူပြည်သား လူအများအပေါ်မှာ ဘာမှ မလိမ်ရဘူး။

(၅) မဒ္ဒဝ=တိုင်းသူပြည်သားတွေ အပေါ်မှာ နူးညံ့တဲ့စကား၊ သာယာနာပျော်ဖွယ်စကား ပြောရတယ်။

(၆) တပ=ခြိုးခြိုးခြံခြံ ကိုယ်ရေးအတွက် ကျင့်သုံးရတယ်။ "ငါဘုရင်ပဲ၊ ငါစားချင်တာ စားနိုင်တယ်၊ ငါသုံးချင်သလို သုံးနိုင်တယ်" ဆိုပြီး တိုင်းပြည်ရဲ့ ငွေတွေကို ဖြုန်းမပစ်ရဘူး။

(၇) အက္ကောဓ=စိတ်မဆိုးရဘူး၊ အမျက်မထွက်ရဘူး။

(၈) အဝိဟိံသာ=တိုင်းသူပြည်သားတို့ကို မညှဉ်းဆဲရဘူး။

(၉) ခန္တီ=သည်းခံရတယ်။ တိုင်းသူပြည်သား အပြောမှား၊ အပြုမှား ရှိခဲ့လို့ရှိယင် ဩော် ... မသိလို့ ပြုမှား ပြောမှား ဖြစ်ကြတာပဲ၊ သရဘင်္ဂရသေ့ဆရာကြီး ဟောခဲ့တဲ့အတိုင်း တိုင်းသူပြည်သားတွေဟာ ငါ့လောက် ကုသိုလ်ကံ ကောင်းတာမှ မဟုတ်ဘဲ။

http:\\www.dhammadownload.com



ငါနဲ့ ကုသိုလ်ကံချင်း၊ ဘုန်းကံချင်း စာကြည့်ယင် ငါက ဘုန်းကံမြင့်မြတ်သူ၊ သူ့ခများများ ငါလောက် ဘုန်းကံမရှိလို့ ဆင်းရဲနေကြရှာတယ်။ မသိရှာကြလို့ ပြောမှား၊ ပြုမှား ဖြစ်ကြတာပါလားလို့ အောက်မေ့ပြီး သည်းခံရတယ်။

(၁၀)အဝိရောဓနံ=တိုင်းသူပြည်သားတို့က တစ်စုံတစ်ခု တောင်းဆိုလာယင် ထိုတောင်းဆိုလာတဲ့ ကိစ္စဟာ အကယ်၍ အကျိုးမယုတ်သော ကိစ္စမျိုးဖြစ်သော် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ပုဂ္ဂိုလ်က လိုက်လျောရတယ်။

ယခုပြောတဲ့ နာဠိကေရ မင်းကတော့ အဲဒီ ရာဇဓမ္မဆယ်ပါးကို ဆန့်ကျင်ဘက်ချည်း ပြုလုပ်တယ်။ ဒါနပေးရမည့်အစား တိုင်းသူပြည်သားတို့ရဲ့ စီးပွားဥစ္စာကို မတရားသိမ်းယူတယ်။ ငါးပါးသီလ ရှစ်ပါးသီလကို စောင့်ထိန်းရမည့်အစား သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို မတရားယူခြင်း အစရှိတဲ့ ဒုစရိုက်မှုတွေ အကုန်ပြုလုပ်တယ်။ ရာဇဓမ္မဆယ်ပါး မင်းကျင့်တရားတွေကို အကုန်လုံး ပြောင်းပြန်ကျင့်တယ်။ တကတည်း တိုင်းသူပြည်သားတွေဟာ မီးအိုးကင်းထဲထည့်ပြီး အကြော်ခံကြရသလို အလွန့်အလွန် စိတ်ဆင်းရဲကြရတယ်။

ထိုအချိန်မှာ ဟိမဝန္တာက ရသေ့သူတော်ကောင်းကြီးတစ်ယောက် တပည့်ရသေ့ငါးရာနှင့် အတူတကွ ဒန္တပူရမြို့သို့ ရောက်လာပြီး နေစရာကျယ်ဝန်းတဲ့ မင်းဥယျာဉ်မှာနေပြီး တိုင်းသူပြည်သားတို့အား တရားဟောပြတယ်။ တိုင်းသူပြည်သားတို့က –

ဓမ္မိကတာပသော ဥယျာနေ ဝသတိ။

ဓမ္မိကတာပသော=တရားကျင့်တဲ့ ရသေ့သူမြတ်ကြီးသည်။ ဥယျာနေ=မင်းရဲ့ဥယျာဉ်၌။ ဝသတိ=နေထိုင်လျက်ရှိ၏။

"အေး ... မင်းဥယျာဉ်မှာနေတဲ့ ရသေ့ကြီးဟာ ရသေ့သူတော်ကောင်းကြီး ဟဲ့"လို့ ဂုဏ်ကျေးဇူးစကား ပြောကြတယ်။ နန်းတော်ထဲ

http:\\www.dhammadownload.com



ကလည်းပဲ မှူးမတ်များ သွားပြီး တရားနာ၊ ပြန်လာတော့ နာဠိကေရ မင်းကို အကြောင်းအကျိုး ပြောပြကြတော့ နာဠိကေရ အဓမ္မမင်းက-

အဟံမ္ပိ ဓမ္မံ သုဏိဿာမိ။

အမစ္စာ=အမတ်တို့ ...။ အဟမ္ပိ=ငါလည်းပဲ။ ဓမ္မံ=သင်တို့ရဲ့ ရသေ့ဟောတဲ့ တရားကို။ သုဏိဿာမိ=ကြားနာဦးမည် ...

လို့ အဲဒီလိုဆိုပြီး ဥယျာဉ်သို့သွား၍ ရသေ့သူမြတ်ကို ရှိခိုးပြီး ထိုင်နေတယ်။

ရသေ့သူမြတ်က နာဠိကေရမင်းနဲ့ ပဋိသန္ထာရ အစေ့အစပ်စကား ပြောကြားတဲ့အခါ -

ကိံ မဟာရာဇ ဓမ္မေန ရဇ္ဇံ ကာရေသိ၊ ဇနံ န ပီဠေသိ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ ကိံ=ဘယ့်နယ်လဲ။ ဓမ္မေန =ရာဇဓမ္မဆယ်ပါး မင်းကျင့်တရားဖြင့်။ ရဇ္ဇံ=မင်းအဖြစ်ကို။ ကာရေ သိ=ပြုပါရဲ့လား။ ဇနံ=တိုင်းသူပြည်သား လူအများကို။ န ပီဠေသိ =မညှဉ်းဆဲဘဲ ရှိပါရဲ့လား။

ဘယ့်နယ်လဲ ရေမြေ့ရှင် ...၊ ရာဇဓမ္မဆယ်ပါး မင်းကျင့်တရားနဲ့ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ရရဲ့လား၊ ပြည်သူလူထုကို မညှဉ်းပန်းဘဲ ရှိပါရဲ့လားလို့ မေးတယ်။

အင်မတန်ကောင်းတဲ့ ပဋိသန္ထာရစကားပါ။ သို့သော် စာထဲမှာ ရှိတယ်။

(၁) အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ-တဲ့။ သဒ္ဓါတရားမရှိတဲ့ လူစဉ်းလဲ အထဲမှာ သဒ္ဓါနဲ့ ပတ်သက်တဲ့ စကားကိုပြောယင် အဲဒါ နားဆင်းရဲတဲ့ စကား၊ အရပ်ပြော ပြောယင် နားကြားပြင်း ကပ်တဲ့ စကား။

(၂) ဒုဿီလပုဂ္ဂိုလ်ရဲ့ အထဲမှာ သီလစကားပြောယင် နားကြားပြင်း ကပ်တဲ့ စကား။

http:\\www.dhammadownload.com



(၃) ဗဟုသုတမရှိတဲ့ (နလဘိန်းတုံး) ပုဂ္ဂိုလ်ရဲ့ အထံမှာ ဗဟုသုတ စကားပြောယင် အဲဒါ နားကြားပြင်းကပ်တဲ့ စကား။

(၄) မပေးကမ်းချင်တဲ့ မစ္ဆရိယပုဂ္ဂိုလ်ရဲ့ အထံမှာ ဒါနစကား ပြောယင် အဲဒါ နားကြားပြင်းကပ်တဲ့ စကား။

(၅) ပညာမရှိသူရဲ့ အထံမှာ ပညာစကားပြောယင် အဲဒါ နားကြား ပြင်း ကပ်တဲ့ စကား ... လို့ နားကြားပြင်းကပ်တဲ့ စကား ငါးမျိုးတို့ ရှိကြတယ်။

**ယစုလည်း**ပဲ အစမ္ပိကမင်းကို "မဟာရာဇာကြီး ... ဘယ့်နှယ်လဲ၊ **ရာဇစံဆယ်**ပါး မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ် ရရဲ့လား၊ ပြည်သူပြည်သား လူအများကို မညှဉ်းပန်းဘဲ ရှိပါရဲ့လား" လို့ မေတ္တာရှေ့ထား အင်မတန် အေးမြတဲ့စကားနဲ့ မေးပါတယ်။ သို့သော် နာဠိကေရ အစမ္ပိကမင်း အဖို့ရာ အနာပေါ် တုတ်(ဒုတ်)ကျ ဆိုသလို နားကြားပြင်းကပ်တဲ့ စကား ဖြစ်နေတယ်။ ဒီတော့ သူ ဘယ်လိုစဉ်းစား လွဲမှားသလဲ ဆိုတော့ -

အယံ ကူဋဇဋိလော ဗွက်ကာလံ နဂရာနံ သန္တိကေ မမဿေဂ အဂုဏ်ာ ကထေသိ မဉေ၊ ဟောတု ဇာနိဿာမိ။

အယံ ကူဋဇဋိလော=ဤရသေ့စဉ်းလဲသည်။ ဗွက်ကာလံ= ဤမျှ ကာလပတ်လုံး။ နဂရာနံ=မြို့သူမြို့သားတို့၏။ **သန္တိကေ**= အထံ၌။ မမ=ငါ၏။ အဂုဏ်ယေဝ=ကျေးဇူးမဲ့ စကားကိုသာလျှင်။ ကထေသိ မညေ=ပြောဆိုနေတယ် ထင်ပါရဲ့။ ဟောတု ဇာနိဿာမိ =ရှိပစေ။ သိရချောပေါ့။

အဲဒီလို စိတ်ထဲက အမျက်အာဃာတ ရန်ငြိုးဖွဲ့ပြီး -

သွေ အမှာက် ဃရဒွါရံ အာဂစ္ဆေယျာထ။

သွေ=နက်ဖြန်ခါကျတော့။ အမှာက်=အကျွန်ုပ်တို့၏။ ဃရဒွါရံ

http:\\www.dhammadownload.com



=နန်းတော် တံခါးဝသို့။ အာဂစ္ဆေယျာထ=ဆွမ်းစားကြွတော်မူကြပါဘုရားလို့ ဖိတ်ပြီး ပြန်သွားတယ်။

နက်ဖြန်မိုးသောက် နောက်တစ်နေ့ ရောက်သောအခါ နာဠိကေရအမှုမင်းသည် တစ်နန်းတော်လုံးမှာ ရှိတဲ့ မစင်ဟောင်းတွေကို အိုးကြီးအိုးငယ်တွေ၌ ထည့်ထားပြီး ရသေ့သူမြတ်များ သူ့နန်းတော်သို့ ဆွမ်းစားကြွလာကြတဲ့အခါ ရသေ့တို့ရဲ့ ဆွမ်းထည့်ဖို့ယူလာတဲ့ ခွက်တွေထဲမှာ မစင်ဟောင်းတွေ အပြည့်ထည့်ပြီး နန်းတော်တံခါး ပိတ်စေပြီးမင်းမှုထမ်း လူကြမ်းတို့ကို ကျည်ပွေ့တွေ သံတင်းပုတ်တွေနဲ့ ရသေ့တို့ရဲ့ ဦးခေါင်းတို့ကို ရိုက်ခွဲစေတယ်၊ မိမိကိုယ်တိုင်လည်း ရိုက်ခွဲတယ်။ ရိုက်ပြီးမှ အင်မတန် ပင်ပန်းနွမ်းနယ်နေတဲ့ ရသေ့တို့ကို ဒူးခေါင်းစသည်၌ မြဲမြံကိုင်စေ၊ မြေ၌ တရွတ်တိုက် ဆွဲစေပြီး နန်းတွင်းမှာ မွေးထားတဲ့ စစ်ခွေးကြီးတွေကို အကိုက်ခိုင်းတယ်။ အဲဒီလို ဆင်းဆင်းရဲရဲ ဖြစ်အောင် နှိပ်စက်တယ်။

ဆင်းဆင်းရဲရဲ ဖြစ်အောင် စစ်ခွေးကြီးတွေနဲ့ ကိုက်လို့ စစ်ခွေးတွေက ရသေ့သူမြတ်တို့ကို ကိုက်ခဲလိုက်ကရော၊ မင်းနှင့်တကွ မင်းမှုထမ်းတွေဟာ ဒီနေရာမှာပင် တစ်ခါတည်း မဟာပထဝီမြေကြီးထဲ ဝင်သွားပြီး (မြေအမျိုး ခံရပြီး) သုနခခေါ်တဲ့ ငရဲ (ခွေးနက်ငရဲကြီး) ထဲ၌ သွားဖြစ်တယ်။ ထို ခွေးနက်ငရဲကြီးထဲမှာ နာဠိကေရ အမှုကငရဲသားမင်းရဲ့ ခန္ဓာကိုယ်မှာ သုံးဂါဝုတ် (ကိုးမိုင်) ခန့်ကြီးတယ်။ ထိုသို့ သုနခငရဲသို့ ကျသောအခါ ထိုနာဠိကေရ ငရဲသားကို ဆင်ဝမ်းတိုက်ခန့်မြင်တဲ့ အဆင်းငါးပါး ငရဲခွေးများက မလွတ်တမ်း နောက်ကလိုက်၍ ကိုက်ခဲကြပြီး ကိုးယူဇနာ ကျယ်ပြန့်တဲ့ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ သံပူမြေအပြင်မှာ ကိုက်လှဲပြီး မင်းနှင့်တကွ အာဏာသား ငရဲသားတွေရဲ့ အသားကို ခံတွင်းပြည့် နဝ်၍နတ်၍ စားကြတယ်။

ဘုရားအလောင်း သရဘင်္ဂရသေ့ ဆရာမြတ်က ဣန္ဒိဂိဂ အဘိ

http:\\www.dhammadownload.com



ညာဏ် ဝင်စား၍ မြေကိုခွဲပြီး သုနခရေကြီးကို ပြတယ်။ အား ... လူ တွေ စုတ်တသပ်သပ် အင်မတန် အင်မတန် ကြောက်ကုန်ကြတော့မှ အဘိညာဏ်တန်ခိုးကို ရုပ်သိမ်းပြီး ငရဲကို ကွယ်စေတယ်။

## (ဂ) အဇ္ဈနမင်းဝတ္ထု

အဇ္ဈနမင်းရဲ့ အကြောင်းကို အလောင်းတော် သရဘင်္ဂရသေ့သူမြတ်က ဘယ်လိုဖြေသလဲ ဆိုတော့ -

၂၃။ အထ+ဇ္ဈနော နိရယေ သတ္တိသူလေ၊
အဝံသိရော ပတိတော ဥဒ္ဓံပါဒေါ။
အင်္ဂီရသံ ဂေါတမံ ဟေဌယိတွာ၊
ခန္တိံ တပဿိံ စိရဗြဟ္မစာရိံ။

လို့ ဖြေတယ်။

သက္က=နတ်တို့သခင်နင်း သိကြားမင်း ...။ အထ=ထိုမှို့။ အဇ္ဈနော=အဇ္ဈနမင်းသည်။ ခန္တိံ=သည်းခံခြင်းရှိသော။ တပဿိံ= မြိုးခြံသော အကျင့်ရှိသော။ စိရဗြဟ္မစာရိံ=ကြာမြင့်စွာ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော။ ဂေါတမံ=ဂေါတမအနွယ်၌ဖြစ်သော။ အင်္ဂီရသံ=ကိုယ်မှ အရောင်တလက်လက် ထွက်သောကြောင့် အင်္ဂီရသ အမည်ရသော ရသေ့သူမြတ်ကို။ ဟေဌဟိတွာ=ဆိပ်လူး မြားဖြင့် ပစ်ခတ်ညှဉ်းပန်း သတ်ဖြတ်ခဲ့သောကြောင့်။ သတ္တိသူလေ နိရယေ=သတ္တိသူလ အမည်ရသော ငရဲ၌။ အဝံသိရော=ဦးခေါင်း အောက်ထိုး။ ဥဒ္ဓံပါဒေါ=ခြေမိုးမျှော်။ ပတိတော=ကျရောက်ခဲ့လေပြီ။

အဇ္ဈနမင်းဆိုတာ ဘယ်လိုလူလဲ။ အလောင်းတော် သရဘင်္ဂရသေ့ ဆရာကြီးတို့ မပေါ်ခင် အိန္ဒိယ၌ မဟိံသကတိုင်း ကေတကမည်သော မင်းနေပြည်မှာ မင်းအမည်က အဇ္ဈနမင်းတဲ့။ သူ့ ဂုဏ်က သဟာသ ဗာဟု ... တဲ့။ အေး ... အင်မတန် လေးအပစ် သန်လွန်းလို့ သူ့ကို

http:\\www.dhammadownload.com



သဟသဿဗာဟု အဖွဲ့နမင်းလို့ ခေါ်ကြတယ်။ လေးပစ်အင်အား ကြီးမား သလောက် လေးအပစ် ဝါသနာကြီးသလောက် အမြဲတမ်း သမင်တွေ ကို လိုက်လိုက်ပြီး ပစ်ခတ်သတ်ဖြတ် စားတယ်။ တစ်နေ့သဥ္စ်ဟော့ သူ သမင် ပစ်ခတ်သတ်ဖြတ်ဖို့ရန် တောထဲမှာ သစ်ခက်တဲအုံကလေး ထိုးပြီး သူက သမင်ကို ချောင်းနေတယ်။ သမင်လာမယ့်လမ်းမှာ ဆိုပါ တော့။

အဲဒီအခိုက်မှာ အင်္ဂီရသဆိုတဲ့ ရသေ့သူတော်ကောင်း တစ်ယောက် လည်းပဲ အဖွဲ့နမင်းရဲ့ မနီးမဝေးမှာရှိတဲ့ ကံပြင်းပင် တစ်ပင်ပေါ်သို့ တက်၍ ကံပြင်းသီးတို့ကို ဆွတ်ခူးရင်းက ကံပြင်းသီး ဆွတ်ခူးပြီးသော အကိုင်းကို မြေပြင်သို့ ပစ်ချလိုက်တဲ့အခါ ကံပြင်းကိုင်း မြေသို့ကျသော အသံကြောင့် ထိုအရပ်သို့ ရောက်လာကြတဲ့ သမင်တို့ ဟိုဟိုဒီဒီ ထွက် ပြေးကြတယ်။

လား လား၊ အဖွဲ့နမင်းကလည်း "ဒီရသေ့စဉ်းလဲကြောင့် သမင်တွေ ပြေးကုန်ကြတယ်" ဆိုပြီး အပြင်းအထန် အမျက်ထွက်ပြီး ကံပြင်းပင် ပေါ်မှာ ကံပြင်းသီး ခူးနေတဲ့ ရသေ့သူမြတ်ကို အဆိပ်လူးတဲ့ မြားနဲ့ ပစ်လိုက်တယ်။ ရသေ့သူမြတ်သည် သစ်ပင်ပေါ်က အဆိပ်မွှန်ပြီး ဦး စိုက်ကျွမ်းပြန် ကျလာတဲ့အခါ ရှားပင်ငုတ်တိုစူး၍ တံကျင်လျှိုထား သကဲ့သို့ ရှားပင်ငုတ်တိုထက်မှာပင် အသက်ဆုံးရှာကယ်။ အင်္ဂီရသာ ရသေ့အသက်လည်းဆုံးရော အဖွဲ့နမင်းလည်း ထက်ခြမ်းကွဲတဲ့မြေထဲ ဝင်ပြီး (မြေအမျိုခံရပြီး) သတ္တိသူလ (ယုံတံကျင်) ငရဲ၌ ဖြစ်ရကယ်။

အဖွဲ့နမင်းရဲ့ ရာဇဝင်က အဲဒီထိအောင်ပဲ ရှိတယ်။ ဘယ်ဂတိ ရောက်တယ်ဆိုတာ မသိလို့ မြေပါဆိုတဲ့အတွက် အလောင်းတော် သရဘင်္ဂရသေ့သူမြတ်က "အထ+ဇ္ဇုနော နိရယေ သတ္တိသူလေ" အစရှိ တဲ့ ဂါထာဖြင့် ဖြေတော်မူတယ်။ (ဂါထာ၏အနက် ရှေ့က ရေးခဲ့ပြီ) ထိုဂါထာကို ဟောပြီး အလောင်းတော်က ဣဒ္ဓိဝိဓ အဘိညာဏ်နဲ့

http:\\www.dhammadownload.com



မြေကိုခွဲပြီး ပြတဲ့အခါ လား လား၊ အဖွဲ့နမင်းရဲ့ ကိုယ်က သုံးဂါဝုတ် (ကိုးမိုင်) ရှိတယ်။

ဒီနေရာမှာ ဒို့လူတွေက နတ်တွေရဲ့ ပကတိကိုယ်ကို မမြင်ရ၊ မမြင်လို့ ပြောကြတယ်။ အဲ-မမြင်လို့ မယုံချင်ဘူးဆိုယင်လည်း ဆိုကြတော့။ တကယ်လို့ နတ်တွေရဲ့ ပကတိကိုယ်ကို မြင်ကြယင်လဲ ကြောက်ကြမှာ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုယင် နတ်၏ပကတိကိုယ်ဟာ သုံးဂါဝုတ် (ကိုးမိုင်)တောင် ရှိတာ။ ကိုးမိုင်ဆိုတာကို မပြောနဲ့တော့၊ ၆ ပေထက် နည်းနည်းမြင့်တဲ့ ၇ ပေ၊ ၈ ပေလောက်ရှိတဲ့ ဒေါ်ဆွဲမိကို မြင်ယင်တောင် လူတွေ ဖျားကုန်သတဲ့။ ဟိုတုန်းက ဒေါ်ဆွဲမိပေါ်တဲ့ ခေတ်တုန်းကနော်။ ယခု တကတည်း ကိုးမိုင်လောက် မြင့်တဲ့ နတ်ရဲ့ ကိုယ်ကို မြင်ရယင် အလွန့်အလွန် ကြောက်ရွံ့ကြမှာ အမှန်ပဲ၊ အဲဒီ နတ်ရဲ့ ပကတိကိုယ်ကို လူ့မျက်စိနဲ့ မမြင်ရတာက နတ်၏ပကတိ ကိုယ်မှာ အင်မတန် သိမ်မွေ့တဲ့ ရုပ်အဆင်းအာရုံဖြစ်၍ မမြင်ရတာပါ။ ဒါက အဘိဓမ္မာသဘော ဖြစ်ပါတယ်။

အဖွဲ့နမင်းရဲ့ ကိုယ်ဟာ သုံးဂါဝုတ် (ကိုးမိုင်) ရှိတယ်။ အဲဒီ သုံးဂါဝုတ်=ကိုးမိုင်လောက် ရှိတဲ့ ငရဲသားကြီးကို ငရဲထိန်းတို့က အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ ဓားတွေ၊ လှံတွေကို ကိုင်ပြီး ထိုးကြ၊ ခုတ်ကြ၍ အလျှံတပြောင်ပြောင် တောက်နေတဲ့ မီးတောက်ကြီး ပေါ် အတက်ခိုင်းကြတယ်။ မတက်မချင်း နောက်ကနေ၍ ထိုးကြ ခုတ် ကြတယ်။ မီးတောင်ကြီးပေါ် ရောက်ပြီးတော့လည်း လေတိုက်ခတ်လို့ တောင်ပေါ်မှ ဦးခေါင်းဖောက်ထိုး (ဦးစိုက်ကျွမ်းပြန်) ကျလာတဲ့အခါ မီးဟုန်းဟုန်းတောက်နေတဲ့ ကိုးယူဇနာကျယ်သော သံပူမြေပေါ်မှာ ထန်းလုံးခန့်ရှိသော သံတံကျင်ကြီးကလည်း သံပူမြေပေါ်မှ ထလာ တယ်။ ဦးခေါင်းဖောက်ထိုး တံကျင်လျှိုပြီးသား ဖြစ်နေတယ်။ ထိုခဏ မှာ မြေကလည်း ဟုန်းဟုန်းတောက်၊ တံကျင်တွေကလည်း ဟုန်းဟုန်း

http:\\www.dhammadownload.com



တောက်၊ သူ့တစ်ကိုယ်လုံးလည်း ဟုန်းဟုန်းတောက်ကာ အကျက် အလောင်ခံရသဖြင့် အဖွနုနရဲ့ရဲ့သား နာကျင်ဟစ်အော် တကြော်ကြော် ဖြစ်၍ နေတယ်။

**အလောင်းတော် သရဘင်္ဂရှင်ရသေ့က** သတ္တဝါလူလင်ရဲ့ကို ပြလို့ **အားလုံး ထိတ်လန့် သံဝေဂရကုန်တော့မှ** ဣဒ္ဓိဝိဓအဘိညာဏ်ကို ရုပ်သိမ်းပြီး ထိုင်ရဲခန်းကို **ကွယ်စေတော်မူတယ်။**

## (ယ) ကလာဗုမင်း ဝတ္ထု

မင်းသုံးပါးတို့ ကိုယ်စား သိကြားမင်း **စတုတ္ထမေး**တာက ကလာဗု မင်း။ အဲဒီ ကလာဗုမင်းဟာ ခန္တိဝါဒီ ရှင်ရသေ့အပေါ်မှာ အမျိုးမျိုး နှိပ်စက်ပြစ်မှားပြီးတော့ မြေအမျိုခံရတယ်သာ သိရပါတယ်။ ဘယ်ဂတိ ရောက်တယ်ဆိုတာ သိပါရစေဆိုတော့ အဲဒီ အမေးရဲ့အဖြေကို အလောင်းတော် သရဘင်္ဂရှင်ရသေ့က ဘယ်လိုဖြေသလဲ။

၂၄။ ယော ခဏ္ဍသော ပဗ္ဗဇိတံ အဆေဒယိ၊
**ခန္တိံ ဝဒန္တံ သမဏံ အဒူသကံ။**
**ကလာဗု+ဝီစိံ ဥပပဇ္ဇ ပစ္စတိ၊**
**မဟာပတာပံ ကဋုကံ ဘယာနကံ။** ။

**သက္က=နတ်တို့သခင်နှင်း** အရှင်သိကြားမင်း ...။ ယော **ကလာဗု=အကြင် ဗာရာဏသီပြည့်ရှင်** ကလာဗုဘုရင်သည်။ ခန္တိံ **ဝဒန္တံ=သည်းခံခြင်းကို** အထပ်ထပ်အခါခါ ဟောကြားပြောဆိုပါ သော။ သမဏံ=ကိလေသာခပ်သိမ်းကို ငြိမ်းအေးစေတတ်သော။ အဒူသကံ=သူတစ်ပါးကို မပြစ်မှားတတ်သော၊ (ဝါ) ဒေါသအမျက် လုံးဝမထွက်သော။ ခန္တိံ ဝဒန္တံ=သည်းခံစကား အကြိမ်ကြိမ် ပြော ကြားသော။ ပဗ္ဗဇိတံ=ခန္တိဝါဒီ ရသေ့သူမြတ်ကို။ ခဏ္ဍသော=လက်၊ ခြေ၊ နား၊ နှာ၊ အင်္ဂါရုပ်ဘိုင်း အပိုင်းပိုင်း အပြတ်ပြတ်။ အဆေဒယိ =ဖြတ်ကောက်ခဲ့လေပြီ။ သော ကလာဗု=ထိုကလာဗုမင်းသည်။

http:\\www.dhammadownload.com



မဟာပတာပံ=တစ်ယူဇနာလောက်က ကြည့်လျှင်ပင် အပူရှိန်ဟပ်သဖြင့် မျက်စိတောင် ထွက်လောက်အောင် လွန်စွာ ပူထသော။ ကဋုကံ=အလွန်ဆင်းရဲလှသော။ ဘယာနကံ=ကြောက်မက်ဖွယ်ရှိသော။ အဝီစိံ=အဝီစိငရဲသို့။ ဥပပဇ္ဇ=ဘဝပဋိသန္ဓေ ကပ်ရောက်နေ၍။ ပစ္စတိ=ကျက်ရ၏။

ဤကဲ့သို့ ဖြေဆိုပြီး ဣဒ္ဓိဝိဓအဘိညာဏ်နဲ့ မြေခွဲပြီး အဝီစိငရဲကိုပြတယ်။ အဲဒီမှာ ကလာဗုမင်း ဒုက္ခခံနေရတာကို မြင်ကြရတယ်။ ဒီစတုတ္ထအဖြေဖြစ်တဲ့ ကလာဗုမင်းရဲ့ အကြောင်းအရာကို အဋ္ဌကထာက စတုက္ကနိပါတ် ခန္တိဝါဒီဇာတ်ကို ဟောပြဖို့ ညွှန်ကြားပေးတဲ့အတွက် တရားနာပရိသတ်အား ခန္တိဝါဒီဇာတ်ကို ဟောပေးပါမယ်။

## ခန္တိဝါဒီဇာတ် ကလာဗုမင်းဝတ္ထု

အဲဒီ ခန္တိဝါဒီ ဇာတ်တော်ရင်းမှာ ဂါထာရင်းက -

> ယော တေ ဟတ္ထေ စ ပါဒေ စ၊
> ကဏ္ဏ+နာသဉ္စ ဆေဒယိ။
> တဿ ကုဇ္ဈ မဟာဝီရ၊
> မာ ရဋ္ဌံ ဝိနဿ ဣဒံ။ ။

အစရှိသည်ဖြင့် ၄ ဂါထာ ရှိပါတယ်။ အဲဒီ ခန္တိဝါဒီဇာတ်ကို သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ဒါကို အဋ္ဌကထာက ဘယ်လို တရားအစ ပျိုးပေးလိုက်သလဲဆိုတော့ -

> ယော တေ ဟတ္ထေ စ ပါဒေစာတိ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဧကံ ကောဓနဘိက္ခုံ အာရဗ္ဘ ကထေသိ။

ယော တေ ဟတ္ထေ စ ပါဒေ စ အစရှိတဲ့ ၄ ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဤခန္တိဝါဒီဇာတ်ကို ပူနတ်တို့ဆရာ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်

http:\\www.dhammadownload.com



နေတော်မူစဉ် လွန်စွာစိတ်ဆိုး အမျက်ထွက်ဝတ်တဲ့ ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူတယ်။

ဘုရားမြတ်စွာ လက်ထက်တော်အခါက လွန်စွာ အမျက်ထွက်တတ်တဲ့ ရဟန်းတစ်ပါး ရှိခဲ့တယ်။ ထိုရဟန်းရဲ့ အကြောင်းကို ရဟန်းတော်များက မြတ်စွာဘုရားထံ လျှောက်ထားကြသဖြင့် ဘုရားထံမှောက် ထိုရဟန်းကို ခေါ်ယူမေးမြန်းပြီး မြတ်စွာဘုရားရှင်က -

ကသ္မာ ပန တွံ ဘိက္ခု အက္ကောဓနေဿ ဗုဒ္ဓဿ သာသနေ ပဗ္ဗဇိတွာ ကောဓံ ကရောသိ။

ဘိက္ခု=ချစ်သား ရဟန်း ...။ တွံ=သင်ချစ်သားသည်။ အက္ကောဓနဿ=အမျက်ထွက်မှုဆိုတဲ့ ဒေါသတရား သုံးဝမရှိသော။ ဗုဒ္ဓဿ =ငါဘုရား၏။ သာသနေ=အံ့ဖွယ်ရှစ်ဖြာ သာသနာ၌။ ပဗ္ဗဇိတွာ= ရှင်ရဟန်းပြုရပါလျက်။ ကသ္မာ=အဘယ့်ကြောင့်။ ကောဓံ=အမျက် ထွက်ခြင်းကို။ ကရောသိ ပန=ပြုဘိသနည်း။

ချစ်သား ... သာသနာနဲ့ ချစ်သားရဲ့ လုပ်ငန်းဟာ တခြားစီ ဖြစ်နေတယ်။ ငါဘုရားကိုယ်တိုင်က အမျက်ကောဓဆိုတဲ့ ဒီဒေါသတရားကို လုံးဝ အမြစ်ပြတ် သမုစ္ဆေဒပဟာန်နဲ့ ပယ်ထားပြီး ဖြစ်တယ်။ အဲဒီ ဘုရားရဲ့ သာသနာမှာ ရဟန်းပြုပြီးကော့ ချစ်သား ဘယ့်နှယ်ကြောင့် စိတ်ဆိုးရတာလဲ။ ဝေါက်ငန်းတာ မဟုတ်ဘူးနော်။ မဟာကရုဏာ ပြုံးန်းပြီး အေးအေးမြမြလေး ဆုံးမနေတဲ့စကား။

ဒို့ သာသနာ နယ်ပယ်မှာ ဆိုကြပါစို့။ စိတ်ဆိုးခြင်းဆိုတဲ့ အမျက် ကောဓတရားဟာ အင်မတန် လှည့်စားတတ်တယ်။ စိတ်ဆိုးပြီးတော့ ဘာတွေ လုပ်တတ်သလဲဆိုယင် ဘုန်းကြီးနယ်ပယ်မှာ ဆိုပါစို့။ ကျောင်းသားတစ်ယောက် အပြစ်ရှိတာ သေချာယင် ဆရာဖြစ်သူ ဘုန်း ကြီးက စိတ်ဆိုးတတ်တယ်။ တချို့ကျတော့ စိတ်ဆိုးရုံတင် မဟုတ် သေးဘူး၊ တောင်ဝှေးနဲ့ ဘုတ်နဲ့ ရိုက်ဘတ်သေးတယ်။ အကျိုးကို

http:\\www.dhammadownload.com



လိုလားသူ တစ်ဦးက "ကိုယ်တော့်မှာ ဒေါသမီး တောက်နေပါပကော" လို့ ပြောယင် အဲဒီ စိတ်ဆိုးအမျက်ထွက်တဲ့ ဆရာလုပ်သူက "သူ့ကို လိမ္မာစေချင်လို့" တဲ့ ပြောတတ်တယ်။ အမျက်ကောဓရဲ့ လှည့်စားချက်ပင် ဖြစ်တယ်။

ယခု မြတ်စွာဘုရားက အမျက်ထွက်တဲ့ ကိုယ်တော်ကလေးကို အေးအေးကလေး ဆုံးမတယ်။ အင်မတန် အေးမြတဲ့ မဟာကရုဏာ စမ်းအိုင်က ထွက်လာတဲ့ အလွန်အေးမြတဲ့ အသံနဲ့ -

"ချစ်သား ... အမျက်ဒေါသလုံးဝ မရှိတဲ့ ဘုရားသာသနာမှာ ရဟန်းပြုပြီး ချစ်သား ဘယ့်နှယ်ကြောင့် စိတ်ဆိုးနေရတာတုန်း"။

ပေါရာဏပဏ္ဍိတာ သရီရေ ပဟာရသဟဿေန ပဟရန္တေသု ဟတ္ထ+ပါဒ+ကဏ္ဏ+နာသာသု ဆိဇ္ဇမာနေသု ပရဿ ကောဓံ န ကရိံသု။

ပေါရာဏပဏ္ဍိတာ=ရှေးပညာရှိ သူတော်ကောင်းတို့သည်။ သရီရေ=မိမိကိုယ်၌။ ပဟာရသဟဿေန=ပုတ်ခတ်ရိုက်နှက် ဒဏ်ချက်တစ်ထောင်ဖြင့်။ ပဟရန္တေသု=ပုတ်ခတ်ကြကုန်စေကာမူ။ ဟတ္ထ+ပါဒ+ကဏ္ဏ+နာသာသု=လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နား နှစ်ဖက်၊ နှာခေါင်းတို့ကို။ ဆိဇ္ဇမာနေသု=ဖြတ်အပ်ကုန်စေကာမူ။ ပရဿ=သူတစ်ပါး၏ အပေါ်၌။ ကောဓံ=အမျက်ထွက်ခြင်းကို။ န ကရိံသု=မပြုကြဘူး။

ချစ်သား ...၊ ရှေးပညာရှိ သူတော်ကောင်းများဟာ မိမိရဲ့ကိုယ်ပေါ်မှာ ဒဏ်ချက်အထောင် ရိုက်နှက်စေကာမူ အေး ... လက်၊ ခြေ၊ နား၊ နှာခေါင်းတို့ကို ဖြတ်ပစ်ကြစေကာမူ သူတစ်ပါး အပေါ်မှာ အမျက်ကောဓ လုံးဝမဖြစ်စေဘဲ သည်းခံနှလုံး ကျင့်သုံးတော်မူခဲ့ကြတယ်။

ထိုသို့ မိန့်တော်မူသောအခါ အရှင်အာနန္ဒာ အပရှိတဲ့ ဘုရားနာ

http:\\www.dhammadownload.com



ရဟန်းတော်တွေက အတိတ်အကြောင်း ပြန်ပြောင်းမိန့်ဆိုပါဘုရား ... လို့ လျှောက်ထား တောင်းပန်ကြသဖြင့် မြတ်စွာဘုရားက –

အတီတေ ဗာရာဏသိယံ ကလာဗုနာမ ရာဇာ ရဇ္ဇံ ကာရေသိ။

အစရှိသည်ဖြင့် အတိတ်အကြောင်းကို ပြန်ပြီး ဟောတော်မူတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ အတီတေ= အတိတ်ဝေးစွာ ရှေးအခါ၌။ ဗာရာဏသိယံ=ဗာရာဏသီမင်း နေပြည်၌။ ကလာဗုနာမ=ကလာဗု အမည်ရှိသော။ ရာဇာ=မင်း သည်။ ရဇ္ဇံ=မင်းအဖြစ်ကို။ ကာရေသိ=ပြုခဲ့လေပြီ ...။

ရဟန်းတို့ ...၊ အတိတ်တစ်ခုသော ဘဝဝယ် ဗာရာဏသီပြည်၌ ကလာဗုမင်း မင်းပြုခဲ့တယ်။

ထိုအခါ ငါတို့ ဘုရားအလောင်း သူတော်ကောင်းဟာ ပုဏ္ဏား သူကြွယ်၊ ပုဏ္ဏားလူချမ်းသာမျိုးမှာ သွားဖြစ်ပြီးတော့ အမည်အားဖြင့် ကုဏ္ဍလလုလင်ဟု အမည်တွင်ပြီး တစ်ဆယ့်ခြောက်နှစ်သား အရွယ် ရောက်သောအခါ တက္ကသိုလ်သို့ သွား၍ ပညာများ အပြည့်အစုံ သင် ကြားပြီး ပြန်လာတဲ့အခါ မိဘနှစ်ပါးနဲ့အတူ စီးပွားရေး လုပ်ကိုင်လို့ တစ်နေ့တခြား စီးပွားရေး တိုးတက်လာရင်းက တစ်နေ့သ၌ မိဘနှစ်ပါး ကွယ်လွန်သွားကြတယ်။ ထိုအခါ ဘိုးစဉ်ဘောင်ဆက် ဆင်းသက်ခဲ့တဲ့ ပစ္စည်းတွေ၊ မိဘနှစ်ပါး လက်ထက်မှာ ဖြစ်ပွားတဲ့ ပစ္စည်းတွေ၊ မိမိ အရွယ်ရောက်လို့ အသစ်ဖြစ်လာတဲ့ ပစ္စည်းတွေကို ကြည့်ပြီးတော့ ဘုရားအလောင်း သံဝေဂ ရတော်မူတယ်။

ဣမံ ဓနံ ဥပ္ပါဒေတွာ မမ ဉာတကာ အဂ္ဂဟေတွာဝ ဂတာ။

မမ ဉာတကာ=ငါ့မိ ငါ့ဖ၊ ငါ့ဘွား ငါ့ဘိုး၊ ငါ့ဆွေမျိုးတို့သည်။ ဣမံ ဓနံ=ဤဥစ္စာနကို။ ဥပ္ပါဒေတွာ=အသစ်အသစ်ဖြစ်စေ၍။ အဂ္ဂဟေတွာဝ=မယူနိုင်ကြကုန်ဘဲသာလျှင်။ ဂတာ=ဘဝတမလွန် စွန့်သွန်၍ သွားကြလေပြီ။

http:\\www.dhammadownload.com



သူတို့မှာက "ဤ ပစ္စည်း၊ ဤပစ္စည်းတွေဟာ မိဘလက်ထက်က ပစ္စည်း၊ ဤပစ္စည်း ဤပစ္စည်းတွေက အဘိုး အဘွား အဘေး အဘီ အဘင် လက်ထက်က ပစ္စည်း"လို့ စာရင်းအင်း ရှိတယ်။ အဲဒီ စာရင်းနဲ့ အင်းနဲ့ ပစ္စည်းတွေကို ကြည့်ပြီးတော့ အလောင်းတော်က–"ဟို ... ငါ့ အမိ ငါ့အဖ။ ငါ့အဘိုး ငါ့အဘွား ဆွေမျိုးများဟာ အစားရွှေတာ၊ အဝတ်ရွှေတာ၊ အသုံးရွှေတာ ဒီဥစ္စာတွေကို စုဆောင်းပြီး တစ်ပြား တစ်ချပ်မျှ မယူနိုင်ကြဘဲ တမလွန်ဘဝ သွားကုန်ကြပြီ။

မယာ ပနေ+တံ ဂဟေတွာ ဂန္တုံ ဝဋ္ဋတိ။

မယာ ပန=ငါတမူကား။ ဧတံ ဓနံ=ဤဥစ္စာစုကို။ ဂဟေတွာ= ငါ့နောက် ပါအောင်ယူ၍။ ဂန္တုံ=သွားခြင်းငှာ။ ဝဋ္ဋတိ=သင့်၏။ (ဝါ) ဂန္တုံ ဝဋ္ဋတိ=သွားမှ သင့်တော်တော့မည်။

အေး ... ငါတော့ ပညာရှိတဲ့ အမျိုးကောင်းသား မင်းယောကျ်ားပီပီ ဒီဥစ္စာတွေကို တမလွန်လောကသို့ ပါအောင် ယူဆောင်သွားမှ သင့် တော်မယ်။ ဒီစိန်တွေ၊ ရွှေတွေ၊ ငွေတွေကို ဒီအတိုင်း တမလွန်လောက ယူဆောင်သွားလို့ မရဘူး။ တမလွန်လောက ယူသွားလို့ ဘယ်ရမည် လဲ၊ သေသူရဲ့ ပါးစပ်ထဲ "ကူးတို့ခ"ဆိုပြီး ထည့်ပေးလိုက်တာလေးကို တောင်မှ ဟို သုသာန်ရောက်ယင် သက်ဆိုင်ရာတို့က ပါးစပ်ဖြဲပြီး ယူလိုက်ကြတဲ့ဟာ ဘယ်တော့ ပါမှာတုန်း။ ဒီတော့ ဒီ စိန်၊ ရွှေ၊ ငွေတို့ ကို တမလွန်လောကသို့ ယူဆောင်သွားချင်ယင် ဒါနကောင်းမှု ပြုရ မယ်။ အဲဒီလို စဉ်းစားပြီး အလောင်းတော်ဟာ ခုနစ်ရက်ကြာ မဟာဒါန ကြီး ပြုပြီး တစ်ခါတည်း တောထွက်၊ ဟိမဝန္တာသွား၊ ရသေ့ရဟန်းပြု၊ သစ်သီးကြီးငယ်ရာမှီး သုံးစားပြီး ဟိမဝန္တာမှာ အနေကြာတဲ့ အခါကျ တော့ ချဉ်ဆား မစားရလို့ ဒူးကလေးများလည်း ရောင်ရမ်းလာတတ် တယ်။ အဲဒါကြောင့် ချဉ်ဆား မှီဝဲရန်ဆိုပြီး လူ့ပြည်ကို ပြန်လာတဲ့အခါ ဗာရာဏသီမင်းရဲ့ ဥယျာဉ်ထဲမှာ ဘုရားအလောင်းသွားပြီးတော့ တိတ်

http:\\www.dhammadownload.com



ဆိတ်လို့ အေးအေးမြမြ နေတော်မူပြီး နောက်တစ်နေ့မှာ ဗာရာဏသီပြည်ထဲ ဆွမ်းခံဝင်ပြီး သေနာပတိ စစ်သူကြီးရဲ့ အိမ်ဝမှာ သွားပြီး ဆွမ်းရပ်တယ်။

စစ်သေနာပတိဆိုတာ ယနေ့အလိုပြောယင် "ဗိုလ်ချုပ်ကြီး" လို့ ပြောရပါမယ်။ ဗိုလ်ချုပ်ကြီးကလည်း ကြည်ညိုလွန်းလို့ "အရှင်ဘုရား၊ အိမ်ထဲကြွပါ"ဆိုပြီး အိမ်ထဲ ပင့်ပြီးတော့ သူစားမည့် ဆွမ်းပွဲကြီးကို ကုဏ္ဍလရသေ့သူမြတ်အား ဆက်ကပ်ပြီး "အရှင်ဘုရား ...နေ့စဉ် နေ့စဉ် တပည့်တော်အိမ် ကြွပါ၊ နေ့စဉ်နေ့စဉ် ဆွမ်းကပ်ပါရစေ၊ ဒီမိုးတွင်း ဟိမဝန္တာ ပြန်မကြွပါနဲ့၊ ဟိမဝန္တာမှာ အင်မတန် မိုးများနေပါတယ်။ မိုးကျွတ်မှ ပြန်ကြွတော်မူပါ"လို့ လျှောက်ထား၍ "ကောင်းပါပြီ" ဟု အလောင်းတော်ရဲ့ ဝန်ခံချက်ကို ရယူပြီး အလောင်းတော် ကုဏ္ဍလရသေ့ကို မင်းဥယျာဉ်၌ နေစေတယ်။

အလောင်းတော်သည် နေ့စဉ် နေ့စဉ် စစ်သူကြီးအိမ် ဆွမ်းခံကြွ၍ ဆွမ်းစားပြီး မင်းဥယျာဉ်မှာ နေတော်မူတယ်။ ဒါ အင်မတန် အေးမြတဲ့ ဘဝစရိုးပါပဲ။ ဟော-တစ်နေ့သ၌ကျတော့ ဗာရာဏသီပြည့်ရှင် ကလာဗုမင်းက အပျော်အပါး ဥယျာဉ်ကစား ထွက်လာတယ်။ ဥယျာဉ်ထဲရောက်လို့ မင်္ဂလာကျောက်ဖျာပေါ်ကျတော့ အိပ်ရာကို ခင်းစေပြီး မှူးယစ်သောက်စား ပျော်ပါးဖို့ ချစ်ခင်လှစွာသော မောင်းမတစ်ယောက်၏ ရင်ခွင်၌ လဲလျောင်း၍ နေတယ်။ သူ့ဘေးမှ သီးချင်းဆိုတဲ့ ကချေသည်က ဆို၊ တီးတဲ့ ကချေသည်က တီး၊ ကတဲ့ ကချေသည်က ကနဲ့ မောင်းမမိဿံတွေပဲ ဝိုင်းဝိုင်းလည် ပျော်ဖြေနေကြတယ်။ အဲဒါတွေကို ကြည့်ယင်း ရှုယင်း နားထောင်ပျော်ပါးစားသောက်ရင်းက ကလာဗုမင်း ပင်ပန်းလှ၍ မောင်းမိဿံကလေးရဲ့ ရင်ခွင်ထဲမှာပဲ အိပ်ပျော်သွားတယ်။

ထိုအခါ တီးကြ၊ မှုတ်ကြ၊ ကကြ၊ ခုန်ကြတဲ့ ကချေသည်မတွေက-

ယဿ အတ္ထာယ မယံ ဂီတာဒီနိ ပယောဇယာမ။

http:\\www.dhammadownload.com



ယဿာ အတ္တာယ=အကြင် မင်း၏ အကျိုးငှာ။ မယံ=ငါတို့သည်။ ဂီတာဒီနိ=သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်းတို့ကို။ ပယောဇယာမ=ယှဉ်စေကြ၊ ပြုလုပ်ကြကုန်၏။

သော နိဒ္ဒံ ဥပဂတော။

သော=ထိုမင်းသည်။ နိဒ္ဒံ=အိပ်ပျော်ခြင်းသို့။ ဥပဂတော=ကပ်ရောက်ခဲ့လေပြီ။

ကိံ နော ဂီတဝါဒိတာနိ။

နော=ငါတို့၏အဖို့ရာ။ ဂီတဝါဒိတာနိ=သီချင်းဆိုခြင်း တီးမှုတ်ခြင်းတို့သည်။ ကိံ=အဘယ်အကျိုး ရှိတော့အံ့နည်း။

ဒို့ဖျော်ဖြေရမယ့် ပုဂ္ဂိုလ်က အိပ်ပျော်နေမှတော့ ဒို့ တီးနေ၊ မှုတ်နေ၊ ကနေ၊ ဆိုနေလို့ အလကားပဲ၊ တော်ပြီဆိုပြီး အဲဒီ စည် စောင်းငြင်း တူရိယာတွေကို ဘုရင့်အနား ပစ်ထားခဲ့ပြီး "ဥယျာဉ်ထဲ ဒို့ လျှောက်ကြည့်ကြဦးစို့" ဆိုပြီးတော့ လှည့်လည်ကြည့်ရှုကြတယ်။ "ဒီအပွင့်ကလေးက လှလိုက်တာ၊ ဒီအသီးကလေးက လှလိုက်တာ၊ ဒီရွက်ညွန့်ကလေးက လှလိုက်တာ ဤသို့စသည် ချီးကျူးပျော်မြူး၍ နေကြတယ်။

ထိုအချိန်မှာ ဘုရားအလောင်း ကုဏ္ဍလ ရသေ့သူမြတ်သည် ထို ဥယျာဉ်ထဲပယ် ပင်လုံးကျွတ် ပွင့်နေသော အင်ကြင်းပင်ရင်းဝယ် ရသေ့ရဟန်း ချမ်းသာဖြင့် အချိန်ကို ကုန်စေလျက် အမုန်ယစ်သော ဆင်ပြောင်ကြီးကဲ့သို့ တစ်ပါးတည်း ထိုင်နေတော်မူတယ်။ အဲဒီ မောင်းမမိဿံ ကချေသည်တွေက ရသေ့သူမြတ်ကို မြင်တော့ ဘာပြောကြသလဲ ဆိုယင် -

သေ အယျာယော တေသိံ ရက္ခမူလေ ပဗ္ဗဇိတော နိသိန္နော။

အယျာယော=ရှင်မတို့ ...။ တေသိံ ရက္ခမူလေ=ဟောဟိုသစ်ပင်ရင်း၌။ သေ-ဧသော ပဗ္ဗဇိတော=ထိုရသေ့သူမြတ်တစ်ပါးတည်း။ နိသိန္နော=ထိုင်၍နေ၏။

http:\\www.dhammadownload.com



(ဟောဟို သစ်ပင်ရင်းမှာ ရသေ့သူတော်ကောင်းကြီး တစ်ပါး ထိုင်နေတယ်အေ့၊ ညည်း ... ဘာလုပ်မည်တုန်း။)

ယာဝ ရာဇာ န ပုစ္ဆတိ၊ တာဝ+ဿ သန္တိကေ ကိဉ္စိ ဓမ္မံ သုဏာမာနော နိသီဒိဿာမ။

ယာဝ ရာဇာ န ပုစ္ဆတိ=ပြည့်ရှင်မင်းကြီး မနိုးသေးမီ။ တာဝ= ထိုမျှလောက်။ အဿ သန္တိကေ=ထိုရသေ့သူမြတ်၏အထံ၌။ ကိဉ္စိ ဓမ္မံ=တစုံတခုသော တရားကို။ သုဏာမာနော=နာကြားကုန်လျက်။ နိသီဒိဿာမ=ထိုင်နေကြကုန်စို့ ...။

ကချေသည်တွေရဲ့ တကယ့်ကုသိုလ်စေတနာနဲ့ လုပ်ရပ်ဟာ ဘာမှ အမှားမရှိဘူး။ "အေး ... ပြည့်ရှင်မင်းကြီး မနိုးခင် ရသေ့သူမြတ်ထံ သွားပြီး တရားစကား နာကြစို့လား" လို့ တိုင်ပင်ကြ သဘောတူကြပြီး အလောင်းတော် ကုဏ္ဍလရသေ့သူမြတ် ထိုင်နေတဲ့ အင်ကြင်းပင်ရှိရာ သွားကြ၍ အလောင်းတော်ကို ဝန်းရံလျက် ထိုင်နေကြပြီးလျှင် -

အမှာကံ=တပည့်တော်မတို့အား။ ကထေတဗ္ဗယုတ္တကံ=ဟော ဆိုဖို့ရန် လျော်ကန်သင့်မြတ်သော။ ကိဉ္စိ=တစုံတခုသော တရား စကားကို။ ကထေထ=ဟောတော်မူပါကုန်ဘုရား။

လို့ လျှောက်တယ်။

ဒီတော့ အလောင်းတော် ကုဏ္ဍလရသေ့သူမြတ်က မိမိထံ ရောက် လာတဲ့ ကချေသည်မ ကလေးတွေကို ဒါနနဲ့စပ်တဲ့ တရား၊ ငါးပါးသီလ၊ ရှစ်ပါးသီလနဲ့စပ်တဲ့ တရားစကားကို ဒီကချေသည်မ မောင်းမမိဿံ ကလေးတွေရဲ့ နားနဲ့ ဉာဏ်နဲ့ ခံယူနိုင်လောက်တဲ့ တရားစကားကို အေးအေးမြမြ ဟောပြီးနေတယ်။

ထိုအခါ ရင်ခွင်ထဲမှာ ကလာဗုမင်းကို သိပ်ထားရတဲ့ ကချေသည် မောင်းမက မိမိရဲ့ အင်္ဂါကို လှုပ်ပြီးတော့ ကလာဗုမင်းကို နိုးအောင်

http:\\www.dhammadownload.com



ပြုလုပ်တယ်။ ကလာဗုမင်း နိုးလည်းနိုးရော မူးမူးရူးရူးနဲ့ -

ကဟံ ဂတာ ဝသလိယော။

ဝသလိယော=အယုတ်တမာတို့သည်။ ကဟံ ဂတာ=ဘယ်သွားကုန်သလဲ။

အယုတ်တမာမတွေ ဘယ်သွားကုန်သလဲလို့ မေးတယ်။ ဒီတော့ မိမိရင်ခွင်ထဲ ကလာဗုမင်းရဲ့ ဦးခေါင်းကို ခံယူထားရတဲ့ ကချေသည်မောင်းမက -

တော မဟာရာဇ ဂန္တွာ ကေတာပသံ ပရိဝါရေတွာ နိသီဒိံသု။

မဟာရာဇ=မြတ်သောမင်းကြီး ...။ တော=ထိုသူမတို့သည်။

ဒါ ဘုန်းကြီးတို့က နားခံသာအောင် "ထိုသူမတို့သည်"လို့ အနက်ပေးတာ။ အရပ်ထဲ ပြောတော့ ဘယ်လိုပြောမလဲဆိုတာကို စဉ်းစားကြည့်ကြ။

ဂန္တွာ=သွားကြ၍။ ကေတာပသံ=ဟောဟိုမှာ ရသေ့ကြီးတစ်ယောက်ကို။ ပရိဝါရေတွာ=ဝန်းရံ၍။ နိသီဒိံသု=ထိုင်နေကြကုန်သည်ဘုရား ...

လို့ ကလာဗုမင်း အမျက်ထွက်အောင် လျှောက်ထားတယ်။ ကလာဗုမင်း အမျက်ထွက်၍ သန်လျက်ကို စွဲကိုင်ပြီး ...

သိက္ခာပေဿာမိ နံ ကူဋဇဋိလံ။

စိတ်ဆိုးချင်ယင် သူ့ရဲ့ မောင်းမမိဿံတွေကို စိတ်ဆိုးပါလား။ ယခုတော့ ကလာဗုမင်း ကြိမ်းတာက -

နံ ကူဋဇဋိလံ=ထိုရသေ့စဉ်းလဲကို။ သိက္ခာပေဿာမိ=ဆုံးမလိုက်မယ်ကွ။

ဒီရသေ့စဉ်းလဲကို ယနေ့ဆုံးမလိုက်မယ်ကွ ... လို့ မာန်တဟူးဟူး သန်လျက်ကြီး တကားကားနဲ့ အပြေးအလွှား လာနေတာကို မြင်တော့ မင်းနဲ့အထူးသဖြင့် အကျွမ်းဝင်တဲ့ မောင်းမတစ်ယောက်က မင်းရဲ့

http:\\www.dhammadownload.com



လက်ထဲက သန်လျက်ကို ဆွဲယူပြီး မင်းကြီး အမျက်ငြိမ်းအောင် အမျိုးမျိုး ပြောဆိုသော်လည်း ကလာဗုမင်းသည် အလောင်းတော်၏ အနီး၌ ရပ်တည်ပြီး -

ကိံ ဝါဒီ တွံ သမဏ။

သမဏေ=ရဟန်း ...။ တွံ=သင်သည်။ ကိံ ဝါဒီ=အဘယ်ဝါဒ ရှိသတုန်း။

ရဟန်း ... သင် ဘယ်ဝါဒ ရှိသလဲလို့ မေးတယ်။

ဘုရားအလောင်းက -

ခန္တိ ဝါဒီ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ ခန္တိဝါဒီ=သည်းခံခြင်းဆိုတဲ့ ခန္တိဝါဒ ရှိပါတယ် ... လို့ အေးအေးလေး ပြောတယ်။ ဘုန်းကြီး ခုပြောတာက အသံပူသေးတယ်နော်။

ဒီတော့ မင်းက ပြန်ပြီး -

ကာ ဧသာ ခန္တိ နာမ။

ဧသာ ခန္တိ နာမ=ဤ ခန္တိဆိုတာ။ ကာ=ဘယ်လို တရားလဲ။ ခန္တိဆိုတာ ဘယ်လိုတရားလဲ ကိုယ်တော်လို့ ရိုင်းရိုင်းစိုင်းစိုင်း ထန်ထန်မာမာ မေးတယ်။ အဲဒီတော့ အလောင်းတော်က အေးအေးလေး ပြန်ဖြေတယ်။

ဘယ်လိုလဲဆိုတော့ -

အက္ကောသန္တေသု ပရိဘာသန္တေသု ပဟရန္တေသု အကုဇ္ဈနဘာဝေါ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ အက္ကောသန္တေသု=ဆဲရေးကြကုန်သည်ရှိသော်။ ပရိဘာသန္တေသု=ရေရွတ်ကြကုန်သည်ရှိသော်။ ပဟရန္တေသု=သူတစ်ပါးတို့က ရိုက်နှက်ကုန်သည်ရှိသော်။

http:\\www.dhammadownload.com



အကုဇ္ဈနဘာဝေါ=အမျက်မထွက်ခြင်းသည်။ ခန္တိနာမ=သည်းခံခြင်း မည်ပါ၏။

မြတ်သောမင်းကြီး ...၊ ဟို–သူတစ်ပါး တစ်ဖက်သားက ဆဲရေးယင်လည်း အမျက်မထွက်ဘဲ ခံနေတယ်။ သူတစ်ဖက်သားက ရေရွတ်စကား ပြောယင်လည်း (ရေရွတ်ဆိုတာ မင်းဘာကောင်လဲ စသည်ဖြင့် နှိုင်လိုမင်းထက် လွှမ်းမိုးစကား ပြောတာကို ခေါ်တယ်။ အဲဒီလို ရေရွတ်စကား ပြောယင်လည်း) အမျက်မထွက်ဘဲ သည်းခံနေတယ်။ အေး .. သူတစ်ဖက်သားက လာပြီးတော့ ရိုက်နှက်ပုတ်ခတ်သော်လည်း ကိုယ်က စိတ်မဆိုးဘဲ နေတာ၊ အဲဒါကို သည်းခံခြင်း ခန္တိလို့ ခေါ်တယ် မင်းကြီးလို့ ဖြေဆိုတဲ့အခါ ကလာဗုမင်းက –

ပဿိဿာမိ ဒါနိ တေ ခန္တိယာ အတ္ထိဘာဝံ။

ဘယ်လောက်ကြီး ကောင်းတဲ့အာရုံပဲ ဖြစ်စေ၊ နှလုံးမသွင်းကောင်းတဲ့ အယောနိသော မနသိကာရနဲ့ နှလုံးသွင်းပြီဆိုယင် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်တယ်။ ယခု အလောင်းတော် ပြောလိုက်တဲ့စကားဟာ ဘယ်လောက် တန်ဖိုးကြီးသလဲ၊ "တစ်ဖက်သားက ဆဲရေး ရေရွတ် ပုတ်ခတ်သော်လည်း အမျက်မထွက်ခြင်းကို သည်းခံခြင်း ခန္တိလို့ ခေါ်တယ်။ အဲဒီ သည်းခံဖို့ရန် ဟောကြားတဲ့ဝါဒ ငါ့မှာ ရှိတယ်" ဆိုတဲ့စကားဟာ အင်မတန် ကောင်းတဲ့ တရားစကားပါ။ ယခုတော့ ကလာဗုမင်းက အလောင်းတော်ရဲ့ အပေါ်မှာ အမျက်ကထွက်နေတော့)–

ဒါနိ=ယခုအခါ၌။ တေ=သင်၏သန္တာန်၌။ ခန္တိယာ=သည်းခံခြင်း၏။ အတ္ထိဘာဝံ=တကယ်ရှိ မရှိကို။ ပဿိဿာမိ=ကြည့်ရသေးတာပေါ့။

ကိုယ်တော်ပြောတဲ့ သည်းခံခြင်းတရား ကိုယ်တော့်မှာ ရှိမရှိ ယနေ့တော့ ကြည့်ရတာပေါ့ ကိုယ်တော်–တဲ့။

(က) ရောက်ကတည်းက မထိလေးစား စကားချည်း ပြောတယ်။

http:\\www.dhammadownload.com



အဲဒီလို ပြောပြီး ကလာဗုမင်းသည် လူသတ်သမား အာဏာပါးကွက် သမားကို အခေါ်ခိုင်းတယ်။ လူသတ်သမား အာဏာပါးကွက်သမား လည်းပဲ မိမိရဲ့ အကျင့်စာရိတ္တအတိုင်း ပဲကွပ်၊ ခွင်(နှင့်) ဆူးကြိမ်လုံး တို့ကို ကိုင်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ပန်းအနီကို ပန်ပြီးလာ၍ မင်းကို ရှိခိုးပြီး -

ကိံ ကရောမိ ဒေဝ။

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ် ...။ ကိံ ကရောမိ=ဘယ် အမှုကို ယခု ပြုရမည်လဲ။

သူ မေးရမယ့် ဝတ္တရားအတိုင်း လူသတ်သမား အာဏာပါးကွက် သားက မေးတဲ့အခါ ကလာဗုမင်း ဘယ့်နှယ်ပြောသလဲဆိုတော့ -

ဣမံ စောရံ ဒုဋ္ဌတာပသံ ဂဟေတွာ အာကမိတွာ ဘူမိယံ ပါတေတွာ ကဏ္ဍကကသံ ဂဟေတွာ ပုရတော စ+ပစ္ဆတော စ+ ဥဘောသု စ ပဿေသု စတူသုပိ ပဿေသု ဒွေ ပဟာရသဟ-ဿာနိ ဒေဟိ။

သမ္မ=အချင်. အာဏာပါးကွက်သား ...။ တွံ=သင်သည်။ စောရံ=ခိုးကျင့်ခိုးကြံရှိသော။ ဣမံ ဒုဋ္ဌတာပသံ=ဒီရသေ့ပျက်ကို။ ဂဟေတွာ=အတင်းအကြပ် ဆွဲကိုင်ပြီး သကာလ။ အာကမိတွာ= ဆွဲငင်ပြီးလျှင်။ ဘူမိယံ ပါတေတွာ=မြေ၌ တွန်းလှဲ၍။ ကဏ္ဍက ကသံ=ဆူးပါသော ကြိမ်လုံးကို။ ဂဟေတွာ=စွဲကိုင်၍။ ပုရတော စ=ရှေ့ကလည်းကောင်း။ ပစ္ဆတော စ=နောက်က လည်းကောင်း။ ဥဘောသု ပဿေသု စ=နံပါးနှစ်ဖက်တို့က လည်းကောင်း။ စတူသုပိ ပဿေသု=ရှေ့ရော၊ နောက်ရော၊ လက်ဝဲရော၊ လက်ယာ ရော လေးဘက်တို့၌။ ဒွေ ပဟာရသဟဿာနိ=တစ်ဘက် တစ်ဘက်တွင် အချက်ပေါင်း ငါးရာစီဖြစ်၍ လေးဘက်ဆိုတော့

http:\\www.dhammadownload.com



ကြိမ်ဖြင့် ရိုက်နှိက်ပုတ်ခတ်တဲ့ အချက်ပေါင်း နှစ်ထောင်တို့ကို။ ဒေဟိ=ပေးလော့။

ဆူးရှိတဲ့ ကြိမ်လုံးနဲ့ ကျောကို အချက်ပေါင်း ငါးရာ ရိုက် ကွာ၊ ပက်လက်လှန်ထားပြီး အချက်ပေါင်း ငါးရာ ရိုက်ကွာ၊ လက်ယာ ဘက် စောင်းထားပြီး လက်ဝဲဘက်ကို အချက်ပေါင်း ငါးရာ ရိုက်ကွာ၊ လက်ဝဲဘက် စောင်းထားပြီး လက်ယာဘက်ကို အချက်ပေါင်း ငါးရာ ရိုက်ကွာ ဆိုတော့ လေးမျက်နှာမှာ အချက်ပေါင်း နှစ်ထောင် အရိုက် ခိုင်းတယ်။ အာဏာပါးကွက်သားကလည်း မင်းခိုင်းတဲ့အတိုင်း အချက် ပေါင်း နှစ်ထောင်ရိုက်တော့ အလောင်းတော်ရဲ့ အရေပါးတွေ ရစရာ မရှိဘူး၊ အကုန် စုတ်ပြတ်ကုန်တယ်။ အရေထူတွေလည်းပဲ ပေါက်၊ အသားတွေလည်းပဲ စိစိညက်ညက် ကြေပျက်ကုန်တယ်။ သွေးတွေ လည်းပဲ ချင်းချင်းနီလို့ပဲ။

(ခ) ဤမျှလောက် နှိပ်စက်ပြီးပေါ့၊ ပြီးပြီးလားဆိုတော့ မပြီးသေး ဘူး။ ကလာဗုမင်းက တစ်ဖန် -

ကိံ ဝါဒီ တွံ ဘိက္ခု။

ဘိက္ခု=ဟဲ့ ရဟန်း ...။ တွံ=သင်သည်။ ကိံ ဝါဒီ=ဘယ်ဝါဒ ရှိသလဲ ...

လို့ မေးပြန်တယ်။

အလောင်းတော်ကလည်း -

ခန္တိဝါဒီ မဟာရာဇာတိ တွံ မယှံ ပန စမ္မန္တရေ ခန္တိတိ မညသိ၊ နတ္ထိ မယှံ စမ္မန္တရေ ခန္တိ၊ တယာ ဒဋ္ဌုံ အသက္ကုဏေယျေ ဟဒယ- ဗ္ဘန္တရေ မမ ခန္တိ ပတိဋ္ဌိတာ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ အဟံ=ငါသည်။ ခန္တိဝါဒီ= အမျက်မထွက် သည်းခံမှုဆိုတဲ့ ခန္တိဝါဒ ရှိပါ၏။ ဣတိ=ဤသို့ မိန့်ဆိုပြီး။ တွံ ပန=သင် မင်းကြီးသည်ကား။ မယှံ=ငါ၏။ စမ္မန္တရေ

http:\\www.dhammadownload.com



=အရေထူ အရေပါး အကြား၌။ ခန္တိ=သည်းခံခြင်းသည်။ အတ္ထိတိ=ရှိ၏ ဟူ၍။ မညသိ=မှတ်ထင်သလား။ မယှံ=ငါ၏။ စမ္မန္တရေ=အရေအကြား၌။ ခန္တိ=သည်းခံခြင်း တရားသည်။ နတ္ထိ=မရှိပါ။ မဟာရာဇ=မြတ်သောမင်းကြီး ...။ တယာ=သင်သည်။ ဒဋ္ဌုံ=မြင်ခြင်းငှာ။ အသက္ကုဏေယျေ=မတတ်နိုင်သော။ ဟဒယဗ္ဘန္တရေ=နှလုံးအိမ်၏ အတွင်း၌။ မမ ခန္တိ=ငါရဲ့ သည်းခံခြင်း တရားသည်။ ပတိဋ္ဌိတာ =တည်၍ နေပါ၏။

မြတ်သောမင်းကြီး ... သင်မင်းကြီးက ငါ့ရဲ့အရေထူ အရေပါး အသားတွေရဲ့ အကြားမှာ ခန္တိတရား ရှိတယ်လို့ ထင်သလား။ အေး အရေထူ အရေပါး အသားကြားမှာ ခန္တိတရား မရှိပါဘူး။ အမှန်တကယ်ပြောရယင် မြတ်သောမင်းကြီး ...၊ သင်မင်းကြီး မမြင်နိုင်တဲ့ ဟောဒီနှလုံးအိမ်ရဲ့အကြားမှာ ငါ့ရဲ့ ခန္တိတရား တည်နေပါတယ် ... လို့ အဲဒီလိုတရားစကား ပြောကြားတယ်။

ထိုအခါ အာဏာပါးကွက်သားက –

ကိံ ကရောမိ=ရှေ့က အချက်ငါးရာ၊ နောက်က အချက်ငါးရာ၊ နံပါးနှစ်ဘက်က အချက်ငါးရာစီ ဆူးရှိတဲ့ ကြိမ်နဲ့ရိုက်တာ ပြီးပြီ၊ ဒီပြင့် ဘာလုပ်ရဦးမည်လဲ ...

လို့ သူကလည်း ဝတ္တရားအရ မေးတယ်။ ဒီတော့ ကလာဗုမင်းက –

ဣမဿ ကူဋဇဋိလဿ ဥဘော ပာဒေ ဆိန္ဒာဟိ။

သမ္မ=အချင်း ပါးကွက်သား ...။ ဣမဿ ကူဋဇဋိလဿ=ဤရသေ့စဉ်းလဲ၏။ ဥဘောပာဒေ=လက်နှစ်ဖက်တို့ကို။ ဆိန္ဒာဟိ=ဖြတ်လော့ ...

လို့ ဆိုလျှင်ပင် ပါးကွက်သားက အလောင်းတော်ရဲ့ လက်နှစ်ဖက်တို့ကို စဉ်းတီတုံးပေါ်၌ တင်ထားပြီး ပုဆိန်(ခွင်)ကြီးနဲ့ ဖြတ်လိုက်တယ်။

http:\\www.dhammadownload.com



ဖြတ်ပြီး ပါးကွက်သမားက မော့်ပဲ ကြည့်ရသေးတယ်၊ ဘယ်လို လုပ်ရဦးမည်လဲလို့ မမေးရသေးမီကပင် ကလာဗုမင်းက –

ပါဒေ ဆိန္ဒ=ခြေနစ်ဖက်တို့ကို ဖြတ်လိုက်လို့ အမိန့်ပေးတယ်။ ပါးကွက်သားကလည်း ဖြတ်လိုက်တယ်။ ထိုအခါ အလောင်းတော်ရဲ့ လက်နှစ်ဖက် ခြေနှစ်ဖက်တို့မှ သွေးတွေဟာ ရေအိုးပေါက်မှ ချိုင်ရည်တွေ ယိုစီးထွက်သလို တသွင်သွင် ယိုစီးထွက်လာကြတယ်။

(ဂ) ကလာဗုမင်းက မတော်သေးဘူး။ သုံးကြိမ်မြောက် ထပ်ပြီး မေးပြန်တယ်။

ကိံ ဝါဒီ+သိ။

တွံ=သင်ရသေ့သည်။ ကိံ ဝါဒီ=အဘယ်ဝါဒ ရှိသည်။ အသိ=ဖြစ်သနည်း။

သင် ဘယ်ဝါဒ ရှိသလဲလို့ ရိုင်းရိုင်းပဲ မေးပြန်တယ်။ အလောင်းတော်က –

ခန္တိဝါဒီ မေဝ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ ခန္တိဝါဒီမေဝ=သည်းခံခြင်း ခန္တိဝါဒ ရှိသည်သာလျှင် ဖြစ်၏။ (ဟုပြောပြီး) –

တွံ ပန မယှံ ဟတ္ထ+ပါဒကောဋ္ဌီသု ခန္တိ အတ္တီတိ မညသိ။

တွံ ပန=သင်မင်းကြီးသည်ကား။ မယှံ=ငါ၏။ ဟတ္ထ+ပါဒကောဋ္ဌီသု=လက်ဖျား ခြေဖျားတို့၌။ ခန္တိ=ခန္တိတရားသည်။ အတ္ထီတိ=ရှိ၏ဟု။ မညသိ=မှတ်ထင်သလား။

သင်မင်းကြီးက ငါ၏လက်ဖျား ခြေဖျားတို့မှာ ခန္တိတရား ရှိတယ်လို့ မှတ်သလား။

နတ္ထေ+သာ ဧတ္ထ မယှံ ခန္တိ၊ ဂမ္ဘီရဋ္ဌာနေ ပတိဋ္ဌိတာ။

http:\\www.dhammadownload.com



သော မယုံ ခန္တိ=ဤ ငါ၏ ခန္တိတရားသည်။ ဧတ္ထ=ဤလက်ဖျား+ခြေဖျားတို့၌။ နတ္ထိ=မရှိ။ မယုံ ခန္တိ=ငါရဲ့ သည်းခံခြင်းတရားသည်။ ဂမ္ဘီရဋ္ဌာနေ=ဟောဒီ ရင်ချိုင့်ထဲ၌။ ပတိဋ္ဌိတာ=တည်၍ နေပါ၏။

အလောင်းတော်က ရင်ချိုင့်ကိုပဲ ထိုးပြတယ်။

ဒီ ကလာဗုမင်းက အနိုင်စက် မရပ်သေးဘူး၊ အာဏာပါးကွက်သားကို ကြည့်ပြီးတော့ -

ကဏ္ဏ+နာသ-မဿ ဆိန္ဒာဟိ။

အဿ=ထိုရသေ့၏။ ကဏ္ဏ+နာသံ=နားနှစ်ဖက်နှင့် နှာခေါင်းကို။ ဆိန္ဒာဟိ=ဖြတ်လိုက် ... လို့။

အဲဒီလို အမိန့်ပေးတယ်။ အာဏာပါးကွက်သားကလည်း ဝါစ်ခါတည်း နားနှစ်ဖက် နှာခေါင်းတို့ကို ဒီခွင်ကြီး (ပုဆိန်ကြီး)နဲ့ ဖြတ်ပစ်တယ်။ အလောင်းတော်ရဲ့ တစ်ကိုယ်လုံး သွေးတွေဟာ ချင်းချင်းနီနေတယ်။ ပထမအကြိမ် ဆူးရှိတဲ့ကြိမ်နဲ့ အချက်ပေါင်း နှစ်ထောင် ရိုက်တယ်။ ဒုတိယအကြိမ် လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့ကို ဖြတ်စေတယ်။ ယခု တတိယအကြိမ် နားနှစ်ဖက်နဲ့ နှာခေါင်းကို ဖြတ်တယ်။ တော်ပါတော့ဗျာ၊ မတော်သေးဘူး။

စတုတ္ထအကြိမ်ကျတော့ -

ကိံ ဝါဒီ နာမ တွံ။

တွံ=သင်သည်။ ကိံ ဝါဒီ နာမ=အဘယ်ဝါဒရှိသူ မည်သလဲ။

(သင် ဘယ်ဝါဒ ရှိတဲ့သူလဲလို့ ထပ်မေးပြန်တယ်။ အလောင်းတော်က) -

မဟာရာဇ ခန္တိဝါဒီနာမ။

မဟာရာဇ=မြတ်သောမင်းကြီး ...။ ခန္တိဝါဒီ နာမ=သည်းခံခြင်းဝါဒ ရှိတဲ့အတွက် ခန္တိဝါဒီ အမည်ရှိပါ၏။

http:\\www.dhammadownload.com



မာ ခေါ ပန တွံ ကဏ္ဏ+နာသိကကောဋိသု ပတိဋ္ဌာတိ အဿ ခန္တိတိ မညသိ။

ခေါ ပန=စင်စစ်။ တွံ=သင်မင်းကြီးသည်။ အဿ=ထိုကုဏ္ဍာလ ရသေ့၏။ ခန္တိ=သည်းခံခြင်း တရားသည်။ အဿ=ထိုရသေ့၏။ ကဏ္ဏ+နာသိက-ကောဋိသု=နားနှစ်ဖက်အဖျား၊ နှာခေါင်း အစွန်အဖျားတို့၌။ ပတိဋ္ဌာတိ=တည်၏။ ဣတိ=ဤသို့။ မာမညသိ= မမှတ်ထင်ပါလင့်။

(ငါတို့ရဲ့ ခန္တိတရားဟာ ငါရဲ့ နားနှစ်ဖက် အစွန်အဖျား၊ နှာခေါင်း အစွန်အဖျားမှာ တည်နေတယ်လို့ မမှတ်နဲ့နော်၊ ဘယ်နေရာမှာ တည်သလဲလို့ ဆိုတော့) -

မမ ခန္တိ ဂမ္ဘီရေ ဟဒယဗ္ဘန္တရေ ပတိဋ္ဌိတာ။

မမ=ငါ၏။ ခန္တိ=သည်းခံခြင်းတရားသည်။ **ဂမ္ဘီရေ=နက်စွာထ**သော။ ဟဒယဗ္ဘန္တရေ=နှလုံးအိမ်အတွင်း၌။ **ပတိဋ္ဌိတာ=တည်**နေပါ၏။

အေး ... အမျက်မထွက်ခြင်း သည်းခံခြင်း **ဆိုတဲ့** မဟာကုသိုလ် စိတ် စေတသိက်ဟာ ဟောဒီရင်ချိုင့်ထဲမှာ နှလုံးသားကို မှီပြီးတော့ တည်နေတယ်။

အဲ လေးကြိမ်မြောက် ရှိပြီ။ ဒီအခါကျတော့ ကလာဗုမင်းက ဘာ ပြောသလဲဆိုယင် -

ကူဋဇဋိလ တဝ ခန္တိံ တွမေဝ ဥက္ကိပိတွာ သန္နိသီဒ။

ကူဋဇဋိလ=ရသေ့စဥ်းလဲ။ တဝခန္တိံ=သင်ရဲ့ ခန္တိကို။ တွမေဝ= သင်သည်ပင်။ ဥက္ကိပိတွာ=ချီးမြှောက်၍။ သန္နိသီဒ=နေရစ်လော့။

ဟယ် ...ရသေ့စဥ်းလဲ၊ သင်ရဲ့ ခန္တိကို သင့်ဘာသာ သင် ချီးမြှောက် ပြီး နေရစ်တော့။ အလောင်းတော်ရဲ့ ရင်ဘတ်ကို သူ့ဖနောင့်နဲ့ သုံး လေးချက် ပေါက်ပြီး ဖဲသွားတယ်။

ထိုအခါကျမှ စစ်သေနာပတိကြီး လာရောက်ပြီး အလောင်းတော်ရဲ့

http:\\www.dhammadownload.com



ကိုယ်မှ တစက်စက် ယိုနေတဲ့ သွေးတွေကို ရေမိုးဆေးကြောပေးပြီး ကိုယ်မှ ပြန့်ကြဲကြဲ ဖြစ်နေတဲ့ လက်ချောင်းကလေးတွေ၊ ခြေချောင်းကလေးတွေ၊ နားရွက်ကလေးတွေ၊ နှာခေါင်းဖျား အပြတ်ကလေးများကို သူ့ပုဆိုးစွန်မှာ တရိုတသေ ထုပ်ပြီးမှ အလောင်းတော် ခန္တီဝါဒီ ရှင်ရသေ့ကို ဖြည်းညှင်းစွာ ပွေ့ထူ၍ ရှိခိုးပြီး အပြစ်လွှတ်ရာအရပ်က ထိုင်နေလျက်–

သစေ ဘန္တေ ကုဇ္ဈိတုကာမာ၊ တုမှေသု ကတာပရာဓေသာ ရဉ္ဉောဝ ကုဇ္ဈေယျာထ၊ မာ အညေတံ။

ဘန္တေ=အရှင်သူမြတ်ဘုရား ...။ တုမှေ=အရှင်ဘုရားတို့သည်။ သစေ ကုဇ္ဈိတုကာမာ=အကယ်၍ အမျက်ထွက်တော်မူလိုကုန်ငြားအံ့။ တုမှေသု=အရှင်ဘုရားတို့ အပေါ်၌။ ကတာပရာဓေသာ=ပြုအပ်သော ပြစ်မှားခြင်းရှိသော၊ (ဝါ) အမျိုးမျိုး ပြစ်မှားမှုကို ပြုခဲ့သော။ ရဉ္ဉောဝ=ကလာဗုမင်းအားသာလျှင်။ ကုဇ္ဈေယျာထ=အမျက်ထွက်တော်မူကြပါဘုရား ...။ အညေသံ=မင်းမှတစ်ပါး အခြားသူတို့အား။ မာကုဇ္ဈေယျာထ=အမျက်ထွက်တော် မမူကြပါလင့်။

အရှင်ဘုရား ...၊ အရှင်ဘုရားများ အမျက်ထွက်လိုသပ ဆိုယင် အရှင်ဘုရားတို့အပေါ် ပြစ်မှုကျူးလွန်သူ ကလာဗုမင်းအားသာ အမျက်ထွက်တော်မူကြပါ၊ တိုင်းသူပြည်သား အခြားလူတွေအား အမျက်ထွက်တော်မမူပါလင့်။

အဲဒီလို စကားပြေ=စုဏ္ဏိယနဲ့ ပြောပြီး ဂါထာနဲ့ တောင်းပန်စကား လျှောက်ထားလို၍ –

(က) ယော တေ ဟတ္ထေ စ ပါဒေ စ၊
ကဏ္ဏ+နာသဉ္စ ဆေဒယိ။
တဿ ကုဇ္ဈ မဟာဝီရ၊
မာ ရဋ္ဌံ ဝိနသာ ဣဒံ။ ။

http:\\www.dhammadownload.com



ဤဂါထာကို ရွတ်ဆိုတယ်။

မဟာဝီရ=ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော အရှင်ရသေ့ ဘုရား ...။

(တကယ့် လုံ့လ ဝီရိယ ရှိသူများမှ ဒိဒုက္ခမျိုးကို ခံနိုင်တာ။)

မဟာဝီရ-ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော အရှင်ရသေ့သူမြတ်ဘုရား ...။ ယော=အကြင် ကလာဗုမင်းသည်။ တေ=အရှင်ဘုရား၏။ ဟတ္ထေ စ=လက်နှစ်ဖက်တို့ကို လည်းကောင်း။ ပါဒေ စ=ခြေနှစ်ဖက်တို့ကို လည်းကောင်း။ ကဏ္ဏ+နာသဥ္စ=နားရွက်နှစ်ဖက်၊ နှာခေါင်းစွန်ကို လည်းကောင်း။ ဆေဒယိ=ရက်ရက်စက်စက် ဖြတ်တောက်စေပါ၏။ တဿ-တဿေဝ=ထိုကလာဗုမင်းအားသာလျှင်။ ကုဇ္ဈ=အမျက်ထွက်တော်မူပါ။ ဣဒံ ရဋ္ဌံ=ဤကာသိတိုင်း အလုံးကို။ မာ ဝိနာသာ=မပျက်စီးပါစေနှင့် ဘုရား။

အရှင်ဘုရားတို့ စိတ်ဆိုးလို့ အမျက်ထွက်လို့ရှိယင် ဒီကာသိတိုင်းကြီး တစ်တိုင်းလုံး ပျက်ပြုန်းသွားနိုင်ပါတယ်။ ဒါကြောင့် အရှင် ရသေ့သူမြတ် ...၊ အရှင်ဘုရားရဲ့ လက်၊ ခြေ၊ နား၊ နှာခေါင်းတို့ကို အဖြတ်ခိုင်းတဲ့ ကလာဗုမင်းအားသာ အမျက်ထွက်တော်မူပါ။ ကာသိတိုင်းကြီးတစ်ခုလုံးကိုတော့ ပျက်စီးသွားအောင် စိတ်မဆိုးပါနှင့်ဘုရား၊ မပျက်စေပါနှင့် ဘုရား ... လို့ လျှောက်ထားတယ်။

အဲဒီအခါ အလောင်းတော်က ဘယ်လို ပြန်ပြောသလဲဆိုတော့ -

(ခ) ယော မေ ဟတ္ထေ စ ပါဒေ စ၊
ကဏ္ဏ+နာသဥ္စ ဆေဒယိ။
စိရံ ဇီဝတု သော ရာဇာ၊
န ဟိ ကုဇ္ဈန္တိ မာဒိသာ။ ။

http:\\www.dhammadownload.com



သေနာပတိ=ဒါယကာ စစ်သေနာပတိ ...။ ယော=အကြင် ကလာဗုမင်းသည်။ မေ=ငါ၏။ ဟတ္ထေ စ=လက်နှစ်ဖက်တို့ကို လည်းကောင်း။ ပါဒေ စ=ခြေနှစ်ဖက်တို့ကို လည်းကောင်း။ ကဏ္ဏ +နာသဉ္စ=နားရွက်နှစ်ဖက် နှာခေါင်းစွန်းကို လည်းကောင်း။ ဆေဒယိ=ရက်ရက်စက်စက် ဖြတ်တောက်စေပါ၏။ သော ရာဇာ= ထို ငါ့ရဲ့ လက်၊ ခြေ၊ နား၊ နှာ တို့ကို မညှာမတာ မတရား ဖြတ် တောက်စေတဲ့ ကလာဗုမင်းသည်။ စိရံ ဇီဝတု=အသက်ရှည်ထွေ တည်နေပါစေသတည်း။ မာဒိသာ=ငါသို့ ရှုအပ် သူတော်သူမြတ် တို့သည်။ န ဟိ-န ဧဝ ကုဇ္ဈန္တိ=အမျက်မထွက်ရိုး စကန်မုန်လုပါ ကုန်၏။

အေး ... ဒါယကာ စစ်သူကြီး ...၊ ငါ့ရဲ့ လက်၊ ခြေ၊ နား၊ နှာတို့ကို ရက်စက်စွာ ဖြတ်စေတဲ့ ကလာဗုမင်းတရား ကာလကြာမြင့်စွာ အသက် ရှည်ပါစေ၊ ငါတို့လို သူတော်ကောင်းများသည် ဘယ်တော့မှ အမျက် မထွက်ဘူးလို့ အဲဒီလို နောက်ဆုံးပြောပြီးတော့ အလောင်းတော် ခန္တိဝါဒီ ရှင်ရသေ့ဟာ ထိုနေ့ ထိုနေရာမှာပင် စုတိပြတ်ကြွေ သေလွန်တော်မူ သွားရှာတယ်။

ကလာဗုမင်းလည်းပဲ အလောင်းတော် မြင်လောက်တဲ့နေရာ ဒဿန ပစာကို လွန်လျှင်ပင် ယူဇနာ ကိန်း နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီ ဤမြေကြီးက "မြင်းမိုရ်တောင်ကြီး၊ တောင်စဉ်ခုနစ်ထပ်၊ စကြဝဠာတောင်၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ် ငါးရာတို့ကို ငါထမ်းထားရပေမယ့် ဝန်မလေးဘူး၊ နင့်လို အယုတ်တမာ တစ်ကောင်ကို ငါထမ်းထားရတာ ဝန်လေးတယ်ဟဲ့"လို့ ပြောဆိုဘိ သကဲ့သို့ မြေကြီးက နှစ်ဖြာထက်ခြမ်း ကွဲပေးလိုက်တယ်။ အဝီစိငရဲမှ မီးလျှံများ တက်လာပြီး ကလာဗုမင်းကို မိဘပေးတဲ့ ကမ္ဗလာအနီကြီး

http:\\www.dhammadownload.com



ဖြင့် ခြိုးပေးသကဲ့သို့ ငုံ၍ ယူသွားလေတော့၏။ ကလာဗုမင်းသည် ဥယျာဉ်ဝမှာပင် မြေအမျိုးခံရပြီး အဝီစိငရဲကြီး၌ တည်လေတော့၏။

အဲဒါကို ယခု သရဘင် ရှင်ရသေ့က မဟာပထဝီမြေကြီးကို ဣန္ဒိဝိဓ အဘိညာဏ်ဖြင့် ခွဲ၍ အဝီစိငရဲကြီး၌ ကလာဗုမင်း အကျက် အလောင် ခံနေရပုံကို ပြတော်မူတယ်။

မြတ်စွာဘုရားကလည်း ခန္တိဝါဒီဇာတ် ရှေ့နှစ်ဂါထာကို ဟောပြီး အဘိသမ္ဗုဒ္ဓ ဂါထာအနေနဲ့ –

(ဂ) အဟုံ အတီတ+မဒ္ဓါနေ၊
သမဏော ခန္တိဒီပနော။
တံ ခန္တိယာ ယေဝ ဌိတံ၊
ကာသိရာဇာ အဆေဒယိ။ ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ အတီတ+မဒ္ဓါနေ=အဟိတ်ဝေးစွာ ရှေးအခါတုန်းက။ ခန္တိဒီပနော=သည်းခံခြင်းကိုသာ ထပ်၍ထပ်၍ ဟောပြောလေ့ရှိသော။

ကလာဗုမင်းက အသက်သေအောင် နှိပ်စက်တယ်၊ အထပ်ထပ် မေးတိုင်း မေးတိုင်း သည်းခံခြင်းကိုပဲ ဟောပြတယ်။

သမဏော=လူအမည်က ကုဏ္ဍလ၊ ဇာတက အမည်က ခန္တိဝါဒီ အမည်ရှိသော ရသေ့သူမြတ်သည်။ အဟု=ဖြစ်ခဲ့လေပြီ။ ခန္တိယာ ယေဝ=သည်းခံခြင်း၌သာလျှင်။ ဌိတံ=အသက်သေအောင် တည်၍နေသော။ တံ=ထို ခန္တိဝါဒီ ရှင်ရသေ့ကို။ ကာသိရာဇာ=ကာသိတိုင်းကို အစိုးရသည့် ဗာရာဏသီပြည့်ရှင် ကလာဗုမင်းသည်။ အဆေဒယိ=လက်၊ ခြေ၊ နား၊ နှာတို့ကို မညှာမတာ ဖြတ်တောက်စေခဲ့လေပြီ။

http:\\www.dhammadownload.com



(ဃ) တဿ ကမ္မဖရုဿဿ၊
ဝိပါကော ကဋုကော အဟု။
ယံ ကာသိရာဇာ ဝေဒေဟိ၊
နိရယမှိ သမပ္ပိတော။ ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ... ။ ကာသိရာဇာ= ကာသိတိုင်းရှင် ဘုရင်ကလာဗုမင်းသည်။ နိရယမှိ=မဟာအဝီစိ ငရဲ၌။ သမပ္ပိတော=ကျရောက်တည်ရလျက်။ ယံ=အကြင် ရက်စက်လှစွာ မကောင်းမှု အကုသိုလ်ကံကို၊ (ဝါ) အကုသိုလ်ကံ၏ အကျိုးကို။ ဝေဒေသိ=ခံစားရ၏။ တဿ ကမ္မဖရုဿဿ=ထို ကြမ်းကြုတ် ရက်စက်သော မကောင်းမှု အကုသိုလ်ကံ၏။ ဝိပါကော= အကျိုးဝိပါက်သည်။ ကဋုကော=အလွန်အမင်း စပ်ခါး အလွန် အမင်း ဆင်းရဲလှသည်။ အဟု=ဖြစ်ပြီ။

ဤနှစ်ဂါထာတို့ကို ဟောတော်မူတယ်။

အဲဒီလို မြတ်စွာဘုရား အတိတ်ဖြစ်ရပ် ခန္တိဝါဒီဇာတ်ကို ဟောပြီး တော့ ဒီတရားနာ ပရိသတ်ထဲမှ ကျွတ်တမ်းဝင်မယ့် ပုဂ္ဂိုလ်များအတွက်

လ္လာဒံ ခေါ် ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

အစရှိသဖြင့် ဓမ္မစကြာ ဒေသနာတော်နည်း၊ သို့မဟုတ် ဝေနေယျ တို့၏ အလိုဆန္ဒ အာသယနှင့် ကိုက်ညီသောနည်းဖြင့် သစ္စာလေးပါး တရားကို ဟောပြတယ်။ အဲဒီမှာ အဋ္ဌကထာ ဆရာတော်က ဇာတ်တော် ကို သိမ်းပေးပုံက –

သတ္ထာ=လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ ဣမံ ဓမ္မ ဒေသနံ=ဤခန္တိဝါဒီဇာတ် တရားဒေသနာတော်မြတ်ကို။ အာဟရိ– တွာ=ထုတ်ဆောင်ဟောပြ၍။ သစ္စာနိ ပကာသေတွာ=သစ္စာလေး ပါးတရားတို့ကို ပြပြီးလျှင်။ ဇာတကံ=ဇာတ်တော်ကို။ သမောဓာ– နေသိ=ပေါင်းစပ်၍ ပြတော်မူ၏။ သစ္စပရိယောသာနေ= စတုသစ္စ

http:\\www.dhammadownload.com



ဓမ္မကထာ ဒေသနာဒိနိဂုံး ဆုံးသောအခါ၌။ ကောဓနောဘိက္ခု=အမျက်ထွက်တတ်တဲ့ မူလရဟန်းသည်။ အနာဂါမိဖလေ=အနာဂါမ်ဖိုလ်၌။ ပတိဋ္ဌဟိ=တည်လေပြီ ...။

သာမုက္ကံသိက ဓမ္မဒေသနာ ဓမ္မကထာ ဒေသနာဒိနိဂုံးလည်းဆုံးရော စောစောက စိတ်ဆိုးတတ်တဲ့ ကိုယ်တော်ဟာ အနာဂါမိဖိုလ်၌ တည်၍ အနာဂါမ်အရိယာ ဖြစ်သွားတယ်။ သူသာလျှင် အကျိုးရတာလား ဆိုတော့ မဟုတ်သေးဘူး ...။

အညေ ဗဟူ သောတာပတ္တိ ဖလာဒီနိ ပါပုဏိံသု။

အညေ=အမျက်ထွက်တတ်တဲ့ ရဟန်းမှ တစ်ပါးကုန်သော။ ဗဟူ=များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ=သောတာပတ္တိဖိုလ် အစရှိသည်တို့ကို။ ပါပုဏိံသု=ဆိုက်ရောက်ကြကုန်ပြီ။

တချို့ သောတာပန်၊ တချို့ သကဒါဂါမ် စသည်ဖြင့် ပါရမီအလျောက် အရိယာအဖြစ်သို့ ဆိုက်ရောက်ကြတယ်။

သစ္စာလေးပါး တရားပြပြီး အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောဖြစ်ရပ် ဇာတ်တော်ကို ဆက်စပ်၍ ပြတော်မူသည်မှာ –

တဒါ ကလာဗု ကာသိရာဇာ ဒေဝဒတ္တော အဟောသိ။ သေနာပတိ သာရိပုတ္တော၊ ခန္တိဝါဒီ တာပသော ပန+ဟ+မေဝ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ တဒါ=ထိုစဉ်ကာလ။ ကလာဗုကာသိရာဇာ=ကာသိတိုင်းရှင် ကလာဗုဘုရင်သည်။ ဣဒါနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ ဒေဝဒတ္တော=ယောက်ဖတော် ဒေဝဒတ်သည်။ အဟောသိ=ဖြစ်လတ်ပြီ။

ယခု နောက်ဆုံး ပစ္ဆိမဘဝ ယောက်ဖတော် ဒေဝဒတ်ပင် အဲဒီတုန်းက ကလာဗုမင်း ဖြစ်ခဲ့တယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ဣဒါနိ=

http:\\www.dhammadownload.com



နောက်ဆုံးဖြစ်ရ ဤဘဝ၌။ သာရိပုတ္တေ=ငါဘုရားရဲ့ လက်ယာရံ သာရိပုတ္တရာ မထေရ်သည်။ တဒါ=ထိုစဉ်ကာလက။ သေနာပတိ= ငါရဲ့ ပစ္စည်းလေးဖြာ ဒါယကာ စစ်သူကြီးသည်။ အဟောသိ=ဖြစ် ခဲ့လေပြီ။

ယခုဘဝ သာရိပုတ္တရာပဲ အဲဒီတုန်းက စစ်သေနာပတိကြီး ဖြစ်ခဲ့တယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ... ဣဒါနိ= နောက်ဆုံးဖြစ်ရ ဤဘဝ၌။ အဟမေဝ ပန=လူသုံးပါးတို့ဆရာ ဘုရား ငါသည်သာလျှင်။ တဒါ=ထိုစဉ်ကာလက။ ခန္တိဝါဒီ တာပ- သော=ခန္တိဝါဒီ ရသေ့သူမြတ်သည်။ အဟောသိ=ဖြစ်ခဲ့လေပြီ ...။

ဤကဲ့သို့ ဇာတ်တော်ကို ဆက်စပ်၍ ပြတော်မူတယ်။

ဤမှာပင် ခန္တိဝါဒီဇာတ် ဆုံးတယ်။ အေး ... သရဘင်္ဂဇာတ် အလယ်ပိုင်းတရားလည်း ဤမှာပဲ ရပ်နားကြစို့။

## သရဘင်္ဂဇာတ် (တတိယပိုင်း)

သရဘင်္ဂဇာတ် တတိယပိုင်းတရား-တဲ့။ တစ်နွယ်ငင်ရာ တစ်စင်ပါ ဆိုတဲ့ စကားပုံအတိုင်း ဝါဆိုဦးကစပြီး သာသနာ့ချိန်ခွင်ကြီး လေးလက်-

(၁) ရဟန်းယောကျ်ားဘက်က ရှင်သာရိပုတ္တရာ (ပညာချိန်ခွင်ကြီး)+ အရှင်မဟာမောဂ္ဂလ္လာန် (သမာဓိချိန်ခွင်ကြီး)၊

(၂) ရဟန်းမိန်းမဘက်က ခေမာထေရီ (ပညာချိန်ခွင်ကြီး)+ဥပ္ပလဝဏ် ထေရီ (သမာဓိ ချိန်ခွင်ကြီး)၊

(၃) ဥပါသကာ အမျိုးသားတို့ဘက်က စိတ္တသူကြွယ် (ပညာချိန်ခွင် ကြီး)+ဟတ္ထကာဠဝက သိတင်းသည် (သမာဓိချိန်ခွင်ကြီး)၊

(၄) ဥပါသိကာ အမျိုးသမီးတို့ဘက်က ရှင်မခုဇ္ဇုတ္တရာ (ပညာချိန်ခွင် ကြီး)+ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ (သမာဓိချိန်ခွင်ကြီး)။

http:\\www.dhammadownload.com



အဲဒီ ချိန်ခွင်ကြီးလေးလက် လေးခုကို ဟောမယ်ဆိုပြီးတော့ ဟောခဲ့တာ ရဟန်းယောကျာ်း ချိန်ခွင်ကြီး ယနေ့ပြီးပါလိမ့်မယ်။

ဒီ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်ဆိုတော့လည်းပဲ အဂ္ဂသာဝက မထေရ်မြတ်ကြီးတွေဖြစ်တော့ သူတို့ရဲ့ အကြောင်းအရာကလည်း စာထဲမှာ ကျယ်ကျယ်ဝန်းဝန်းပဲ လာရှိပါတယ်။ မိမိ လက်လှမ်းမီသလောက် စာထဲမှာ ကိုယ်တွေ့ရသလောက်တော့ ဒါယကာ+ဒါယိကာမများအား အသိပေးရမယ့် တာဝန်ကို သိပြီး ချိန်ခွင်ကြီးလေးလက်တရားကို ဟောခြင်း ဖြစ်ပါတယ်။ ယနေ့ညတော့ ရဟန်းယောကျာ်းချိန်ခွင်ကြီးတစ်လက် ပြီးသွားပါ့မယ်။ ကျန်တဲ့ ချိန်ခွင်ကြီးသုံးလက်ကိုလည်းပဲ မန္တလေးမြို့ပေါ်မှာ သင့်လျော်တဲ့ တရားပွဲတိုင်းမှာ ဆက်ပြီး ဟောသွားဖို့ စိတ်ထဲမှာ ဆုံးဖြတ်ထားပါတယ်။ ယခု အရှင်မဟာမောဂ္ဂလ္လာန်ဆိုတဲ့ ရဟန်းယောကျာ်းများဘက်က သမာဓိချိန်ခွင်ကြီးအကြောင်း ဟောတဲ့နေရာမှာ မထေရ်ရဲ့ ပရိနိဗ္ဗာန်စံခန်းက သရဘင်္ဂဇာတ်တော်မှာ လာရှိပါတယ်။ ဒါကြောင့် သရဘင်္ဂဇာတ်ကို ဟောပြန်တော့လည်းပဲ ဒီဇာတ်ထဲမှာ ခန္တိဝါဒီဇာတ်က အတွင်းဝင်နေလို့ ဒီအတွင်းဝင်တဲ့ ဇာတ်ကိုလည်း ဟောရပါတယ်။

အေး ... ပြီးခဲ့တဲ့ ဥပုသ်အထိပေါ့လေ၊ ခန္တိဝါဒီဇာတ်ကုန်ပြီးလို့ ယခု ဥပုသ်မှာတော့ သရဘင်္ဂဇာတ် (တတိယပိုင်း)ကို ဟောဖို့ လေ့လာထားပါတယ်။ စဉ်းစားထားပါတယ်။ တရားနာပရိသတ်များအနေနဲ့ မျက်စိမှိတ်ပြီးတော့ (ဘုန်းကြီးလည်း မျက်စိမှိတ်ပြီး စဉ်းစားထားမယ်) မိမိတို့ရဲ့ စိတ်ကို ဂေါဓာဝရီမြစ်ကမ်းရဲ့ အနီး ၁၂ ယူဇနာ ကျယ်ဝန်းတဲ့ သီးပင်တောကြီးရဲ့ အတွင်း ၁၂ ယူဇနာခန့်ပဲ ကျယ်ဝန်းတဲ့ ရသေ့တို့နေရာ သခ်မ်းကျောင်း=သစ်ရွက်မိုး ကျောင်းတိုက်ကြီး=ကမ္ဗဋ္ဌာန်းကျောင်းတိုက်ကြီးမှာ ပို့ထားကြပါ။ အဲဒီ ကမ္ဗဋ္ဌာန်းကျောင်းတိုက်ကြီးထဲမှာ မဟာဝိသာလဆိုတဲ့ အလွန်ကျယ်ပြန့်သော တန်ဆောင်းဝန်းကြီး

http:\\www.dhammadownload.com



ရဲ့ အတွင်းမှာ အလောင်းတော် သရဘင်္ဂ ရသေ့သူမြတ်က အလယ်ဗဟို၌ နေ၍ သူ့ရဲ့တပည့်ရသေ့ပေါင်း မြောက်မြားစွာ ခြံရံလျက်၊ ပြဿနာ မေးလျှောက်တဲ့ ခေါင်းဆောင်က သိကြားမင်း၊ သူ့ရဲ့ပရိသတ်က စတုမဟာရာဇ်၊ တာဝတိံသာ နတ်ပြည်နှစ်ပြည်က နတ်အများ၊ လူ့ပြည် လူသားအနေနဲ့က (၁) အဋ္ဌကမင်းနဲ့ သူ့ရဲ့စစ်သည်ဗိုလ်ပါများ၊ (၂) ဘီမရထမင်းနဲ့ သူ့ရဲ့စစ်သည်ဗိုလ်ပါများ၊ (၃) ကာလိင်္ဂမင်းနဲ့ သူ့ရဲ့ စစ်သည် ဗိုလ်ပါများဖြင့် ကြီးမားသောတရားပွဲ (တစ်နည်းအားဖြင့်) ပြဿနာဖြေရှင်းပွဲကြီး ကျင်းပနေပါတယ်။

အဲဒီပြဿနာဖြေရှင်းပွဲကြီးမှာ ပထမ ရှေ့ပိုင်းမှာ သိကြားမင်း မေးလိုသော ပြဿနာခုနစ်ချက်တို့အနက် သုံးချက်ကို မေး–ဖြေ ရှင်းလင်းပြီးတဲ့အခါ မင်းသုံးပါးတို့၏ စိတ်အကြံကို သိကြားမင်း သိသဖြင့် မိမိ၏ကျန်သော ပြဿနာ လေးချက်ကို မမေးသေးဘဲ မင်းသုံးပါးတို့ သိလိုသော ဒဏ္ဍကီမင်း၊ နာဠိကေရမင်း၊ အဇ္ဇုနမင်း၊ ကလာဗုမင်းတို့ ကျရောက်ရာ ငရဲအသီးသီးတို့ကို ဖြေရှင်း၍ ဣဒ္ဓိဝိဓတန်ခိုးဖြင့် မျက်မြင်ဖြစ်အောင် ပြသပြီး ပရိသတ်များ ထိတ်လန့်သံဝေဂရကြသောအခါ တန်ခိုးဖြင့် ငရဲတို့ကို ကွယ်ပြီးလျှင် အလောင်းတော်သရဘင်္ဂရသေ့ သူမြတ်က ပရိသတ်အားလုံးအား –

၂၅။ ဧတာနိ သုတွာ နိရယာနိ ပဏ္ဍိတော၊
အညာနိ ပါပိဋ္ဌတရာနိ စေတ္ထ။
ဓမ္မံ စရေ သမဏာ ဗြာဟ္မဏေသု၊
ဧဝံကရော သဂ္ဂမုပေတိ ဌာနံ။

လို့ ငရဲခန်းကို ဂါထာနဲ့ သိမ်းပါတယ်။

သက္က=နတ်တို့သေဌ်နင်း သိကြားမင်း ...။ ဧတာနိ နိရယာနိ= ဤယခု ငါပြခဲ့တဲ့ ငရဲတို့ကို လည်းကောင်း။ အညာနိ=ဤငရဲတို့မှ တစ်ပါးကုန်သော။ ပါပိဋ္ဌတရာနိ စ=အထူးသဖြင့် ယုတ်မာ

http:\\www.dhammadownload.com



အထူးသဖြင့် ကြောက်လန့်ဖွယ်ရှိသော ငရဲတို့ကို လည်းကောင်း။ သုတွာန=ကြားနာရ၍။ ပဏ္ဍိတော=ပညာရှိသောသူသည်။ သမဏ ဗြာဟ္မဏေသု=ရဟန်း၊ ပုဏ္ဏား သူတော်သူမြတ်များ၌။ ဓမ္မံ=တရားကို။ စရေ-စရေယျ=ကျင့်ကြရာ၏။

အဓမ္မ အမှုများ သူတော်ကောင်းတွေအပေါ်မှာ သွားပြီး မပြုမှား မပြောမှား မကြံမှားပါစေနဲ့၊ ဒီငရဲတွေကို ကိုယ်တိုင်လည်းပဲ ယခုမြင်ကြရပြီ၊ ဒီငရဲတွေရဲ့ ဒုက္ခကိုလည်းပဲ ကြားသိကြရပြီးတဲ့နောက် ပညာရှိတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် သမဏ ဗြာဟ္မဏခေါ်ဆို သူတော်သူမြတ် ပုဂ္ဂိုလ်တို့ရဲ့ အပေါ်မှာ အဓမ္မမှု မပြုကျင့်ကြနဲ့၊ ဓမ္မမှုကိုသာ ပြုကျင့်ကြ။

ဓဝံကရော=ဤသို့ ပြုကျင့်သောသူသည်။ သဂ္ဂံ ဌာနံ=နတ်ပြည်လောက ဘုံဌာနသို့။ ဥပေတိ=ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရ ပေ၏ ... လို့

မင်းသုံးပါးတို့ သိလိုတဲ့ ငရဲခန်းကို သူတော်တရား လိုက်နာကျင့်သုံးဖို့ တိုက်တွန်းပြီး တရားသိမ်းခဲ့တယ်။ မင်းသုံးပါးတို့လည်းပဲ ရသေ့သူမြတ်တွေအပေါ် ပြစ်မှားခဲ့ကြတဲ့ မင်းလေးဦးတို့ရဲ့ တမလွန်ငရဲဘဝခံနေရပုံကို ဒိဋ္ဌကိုယ်တွေ့ဖြစ်လို့ ကျေကျေနပ်နပ် ဖြစ်ကြတော့မှ သိကြားမင်းက သူမေးလိုတဲ့ ပြဿနာ ၇ ချက်တို့တွင် ၃ ချက်သာ မေးရသေးတယ်။ ၄ ချက်က ကျန်သေးတယ်။

"အဲ ... မင်းသုံးပါးလည်း စိတ်ကျေနပ်ကြပြီ၊ ငါမေးလိုတဲ့ ပြဿနာ ၄ ချက်ကို မေးဦးမှပဲ" လို့ ကြံစည် စဉ်းစားပြီး မေးလျှောက်တယ်။

၂၆။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ တံ ပုစ္ဆာမိ တ+ဒိယံ ဗြူဟိ။
ကထံ ဝိဓံ သီလဝန္တံ ဝဒန္တိ၊
ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ။

http:\\www.dhammadownload.com



ကထံ ဝိဝံ သပ္ပုရိသံ ဝဒန္တိ။
ကထံ ဝိဝံ နော သိရီ နော ဇဟာတိ။ ။

အာစရိယ=သရာဘင်္ဂမည်ငြား ... အို ဆရာကြီးဘုရား ...။ တေ =သင် ဆရာကြီး၏။ သုဘာသိတံ=သုဘာသိတအင်္ဂါ လုံလောက်စွာသော ပြဿနာသုံးပါး အဖြေစကားကို။ အနုမောဒိယာန=နှစ်လိုအားရမ်း ဝမ်းမြောက်ကြပြီး၍။ တံ=အသင်ဆရာကြီးကို။ အညံ=ဆိုပြီး သည့်မှတစ်ပါး အခြားပြဿနာကို။ ပုစ္ဆာမိ=သိလိုရေးဖြင့် မေးလျှောက်ပါရစေ။ ဣဃံ=တိုက်တွန်း တောင်းပန်စကား အကျွန်ုပ်ပြောကြားပါ၏။ တံ=ထို သိလိုရေးနှင့် မေးလျှောက်အပ်တဲ့ ပြဿနာကို။ ဗြူဟိ=ကရုဏာရှေ့ထား ဖြေကြားတော်မူပါဘုရား။ တောင်းပန်တယ်၊ ဆရာကြီးရဲ့ သုဘာသိတအင်္ဂါ လုံလောက်စွာသော ပြဿနာသုံးပါး၊ ပြဿနာလေးပါး အဖြေစကားကြားရလို့ အားရမ်း ဝမ်းမြောက်ကြရပါတယ်။ အခြား ပြဿနာကိုလည်း မေးလျှောက်ပါရစေ။ အဲဒီ မေးတဲ့ ပြဿနာကိုလည်း အကျွန်ုပ်တို့အပေါ် ကရုဏာရှေ့ထား ဖြေကြားတော်မူပါဘုရားလို့ သာယာငြိမ့်ညောင်း ခွင့်တောင်းပြီးမှ သူမေးလိုတဲ့ ပြဿနာလေးချက်ကို တစ်ပိုဒ်စီ တစ်ပိုဒ်စီ မေးတယ်။

ကထံ ဝိဝံ=ဘယ်သို့သော သဘောရှိတဲ့သူကို။ သီလဝန္တံ= သီလရှိသောသူဟူ၍။ ဝဒန္တိ=ခေါ်ဆိုကြပါသနည်း ဘုရား။ (ဒါက ပြဿနာတစ်ခု)။

ကထံ ဝိဝံ=ဘယ်သို့သော သဘောရှိတဲ့သူကို။ ပညဝန္တံ= ပညာရှိသောသူဟူ၍။ ဝဒန္တိ=ခေါ်ဆိုကြပါသနည်း ဘုရား။ (ဒါက ပြဿနာတစ်ခု)။

ကထံ ဝိဝံ=ဘယ်သို့သော သဘောရှိတဲ့သူကို။ သပ္ပုရိသံ= နှလုံးပျော့ပျောင်း သူတော်ကောင်း ဟူ၍။ ဝဒန္တိ=ခေါ်ဆိုကြပါသနည်း ဘုရား။ (ဒါက ပြဿနာတစ်ခု)။

http:\\www.dhammadownload.com



ကထံ ဝိဓံ=ဘယ်သို့သော သဘောရှိတဲ့သူကို။ နော=ဇကန် စင်စစ် အမှန်အားဖြင့်။ သိရိ=ဘုန်းကျက်သရေသည်။ နော ဇဟာတိ=မစွန့်ဘဲ ရှိပါသနည်း ဘုရား။ (ဒါက ပြဿနာတစ်ခု)။

တစ်ဂါထာမှာပဲ တစ်ပိုဒ်လျှင် ပြဿနာတစ်ခု၊ တစ်ပိုဒ်လျှင် ပြဿနာတစ်ခု၊ လေးပိုဒ် လေးပြဿနာ မေးတယ်။ အလောင်းတော်ကလည်း တစ်ခု တစ်ခုလျှင် တစ်ဂါထာ တစ်ဂါထာ တိတိကျကျ သဗ္ဗညုဘုရားရဲ့ အဖြေမျိုးဖြင့် ဖြေကြားတယ်။ ဘယ်လိုဖြေကြားသလဲဆိုတော့ -

၂၇။ ကာယေန ဝါစာယ စ ယော+ဓ သညာတော၊
မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။
န အတ္တဟေတု အလိကံ ဘဏာတိ၊
တထာ ဝိဓံ သီလဝန္တံ ဝဒန္တိ။ ။

ပဌမပုစ္ဆာ၏ အဖြေဂါထာ။

သက္က=နတ်တို့သခင်နင်း သိကြားမင်း ...။ ဣဓ=ဤလောက၌။ ယော=အမှတ်မထင် အကြင်သို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ကာယေန စ=ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ စ=နှုတ်ဖြင့်လည်းကောင်း။ သညတော=အကုသိုလ်မှုကို မပြုမိ၊ မပြောမိအောင် စောင့်စည်း၏။ မနသာ စ=စိတ်ဖြင့်လည်း။ ကိဉ္စိ ပါပံ=တစုံတခုသော မကောင်းမှုကိုမျှ။ န ကရောတိ=မပြုလေ၊ မကြံဖေ။ အတ္တဟေတု=မိမိဟူသော အကြောင်းကြောင့်။ အလိကံ= မုသားစကားကို။ န ဘဏာတိ=မပြောဆို။ တထာ ဝိဓံ= ထိုသို့သော သဘောရှိသောသူကို။ သီလဝန္တံ=သီလရှိသူ ဟူ၍။ ဝဒန္တိ=ဘုရားအစ များလှဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြကုန်၏။

http:\\www.dhammadownload.com



သိကြားမင်း ...၊ ဘယ်လိုသဘောရှိတဲ့ ပုဂ္ဂိုလ်ကို ချီးမွမ်းအပ်တဲ့ ကိုယ်ကျင့်သီလရှိတဲ့ ပုဂ္ဂိုလ်လို့ ဆိုရသလဲ။

အဲဒီ ပထမအမေးပုစ္ဆာရဲ့ အဖြေက -

(၁) ကိုယ်ဖြင့် အကုသိုလ်မှု မပြုမိအောင် စောင့်စည်း

(၂) နှုတ်ဖြင့် အကုသိုလ်မှု မပြောမိအောင် စောင့်စည်း

(၃) စိတ်ဖြင့် အကုသိုလ်မှု မကြံမိအောင် စောင့်စည်း

ဤသုံးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို သီလဝန္တ=သီလရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်။

အဲဒီအထဲမှာ "ကိုယ်ဖြင့် အကုသိုလ်မှု မပြုမိအောင် စောင့်စည်းတယ်" ဆိုတာ -

(၁) ပါဏာတိပါတ=သူ့အသက်ကို သတ်ခြင်း။

(၂) အဒိန္နာဒါန=သူ့ဥစ္စာကို ခိုးခြင်း။

(၃) ကာမေသုမိစ္ဆာစာရ=ကာမတရားတို့၌ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်း။

ဒီသုံးပါးကို ကာယဒုစရိုက် သုံးပါးလို့ ခေါ်တယ်။

အဲဒီ ကာယဒုစရိုက်သုံးပါးကို မပြုမှားမိအောင် ရှောင်ကြဉ်ယင် "ကိုယ်ဖြင့် အကုသိုလ်မှု မပြုမိအောင် စောင့်စည်းတယ်"လို့ ခေါ်တယ်။ (ဒါက ပထမအင်္ဂါ)

"နှုတ်ဖြင့် အကုသိုလ်အမှု မပြောမိအောင် စောင့်စည်းတယ်"ဆိုတာက -

(၁) မုသာဝါဒ=မဟုတ်မမှန် ပြောဆိုခြင်း

(၂) ပိသုဏာဝါစာ=ကုန်းချောစကား ပြောကြားခြင်း

(၃) ဖရုသဝါစာ=ဆဲရေးစကား ပြောကြားခြင်း

(၄) သမ္ဖပ္ပလာပ=အကျိုးမရှိတဲ့ ပြိန်ဖျင်းစကား ပြောကြားခြင်း၊

ဒီလေးပါးကို ဝစီဒုစရိုက်လေးပါးလို့ ခေါ်တယ်။

http:\\www.dhammadownload.com



အဲဒီ ဝစီဒုစရိုက်လေးပါးကို မပြောမှားမိအောင် ရှောင်ကြဉ်ယင် "နှုတ်ဖြင့် အကုသိုလ်မှု မပြောမိအောင် စောင့်စည်းတယ်" လို့ ခေါ်တယ်။ (ဒါက ဒုတိယအင်္ဂါ)

"စိတ်ဖြင့် အကုသိုလ်မှု မကြံမိအောင် စောင့်စည်းတယ်"ဆိုတာ-

(၁) အဘိဇ္ဈာ=သူတစ်ပါး စည်းစိမ်ကို မတရား ရယူလိုခြင်း

(၂) ဗျာပါဒ=သူတစ်ပါး ပျက်စီးအောင် ပြုမူခြင်း

(၃) မိစ္ဆာဒိဋ္ဌိ=အယူဖောက်ပြား မှားယွင်းခြင်း

ဒီသုံးပါးကို မနောဒုစရိုက် သုံးပါးလို့ ခေါ်တယ်။

အဲဒီ မနောဒုစရိုက်သုံးပါးကို မကြံမှားမိအောင် ရှောင်ကြဉ်ယင် "စိတ်ဖြင့် အကုသိုလ်မှု မကြံမိအောင် စောင့်စည်းတယ်"လို့ ခေါ်တယ်။ (ဒါက တတိယအင်္ဂါ)

ထိုသို့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး အကုသိုလ်မဖြစ်အောင် စောင့်သုံးတဲ့ ပုဂ္ဂိုလ်ကို သီလဝန္တ=သီလရှိတဲ့ ပုဂ္ဂိုလ်ဟူ၍ အလောင်းတော် ဖြေဆိုလိုရင်း ဖြစ်တယ်။ ဒီအထဲမှာ -

န အတ္တဟေတု အလိကံ ဘဏာတိ။

"မိမိဟူသော အကြောင်းကြောင့် မုသားစကား မပြောဘူး"ဆိုတာက ဒေသနာဦးတည်ရုံမျှပါ။ ဒေသနာသီလလို့ ကျမ်းဂန်တို့၌ ခေါ်ဆိုပါတယ်။ မိမိကြောင့်လည်းပဲ မုသားစကား မပြောရဘူး။ သူတစ်ပါးကြောင့်လည်းပဲ မုသားစကား မပြောရဘူး။ ရွှေလိုချင်လို့လည်းပဲ မုသားစကား မပြောရဘူး။ ငွေလိုချင်လို့လည်းပဲ မုသားစကား မပြောရဘူး။ ဘယ်လိုအကြောင်းကြောင့်မှ မုသားစကား မပြောရဘူးလို့ ဆိုလိုပါတယ်။

မေးဖွယ်ရှိသည်မှာ ... "အဲဒီ မုသားစကား မပြောရဘူးဆိုတာ နှုတ်ဖြင့် စောင့်စည်းခြင်းဆိုတဲ့ ဝစီဒုစရိုက်လေးပါးမှ ကြဉ်ရှောင်ခြင်း ထဲမှာ ပါဝင်မသွားဘူးလား" လို့ မေးရန် ရှိပါတယ်။ အဖြေက "ပါဝင်ပါတယ်"လို့ပဲ ဖြေရပါမယ်။ "ထိုသို့ ပါဝင်ပြီး ဖြစ်ပါလျက် အလောင်း

http:\\www.dhammadownload.com



တော်က အဘယ့်ကြောင့် 'မုသားစကား မပြောကြားခြင်း'ကို အသီးအခြား ထုတ်ပြီး ဟောရပြန်သလဲဆိုတော့ -

ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။

ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ - (ခု၊၁၊၂၀၇)

လို့ ဒုစရိုက် ဆယ်ပါးတို့အနက် မုသာဝါဒ ဒုစရိုက်ကို ကျူးလွန်ဝံ့တဲ့သူ တစ်ယောက်ဆိုလျှင် ထိုသူ မပြုဝံ့တဲ့ ဒုစရိုက်ဟူ၍ မရှိတော့။ မုသားပြောဝံ့ယင် အကုသိုလ်မှုမှန်သမျှ အကုန်လုံးကို ထိုသူ ပြုဝံ့သွားရောတဲ့။ ဤမျှလောက် မုသာဝါဒသည် ကြောက်ဖွယ်ကောင်းသောကြောင့် သူ့ကို တသီးတသန့် ထုတ်ပြီး ဟောကြားတော်မူပါတယ်။

(၁) ပုစ္ဆာအဖြေ ပြီးပြီ။

(၂) ပုစ္ဆာမှာ သိကြားမင်းက -

ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ=ဘယ်လိုသဘောရှိတဲ့ ပုဂ္ဂိုလ်ကို။ ပညဝန္တ=ပညာရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ပါသလဲ - တဲ့။

ထိုပုစ္ဆာအမေးကို အလောင်းတော် သရဘင်္ဂရသေ့သူမြတ်က -

၂၈။　ဂမ္ဘီရပဉ္ဟံ မနသာ+ဘိစိန္တယံ၊

နာ+စ္စာ+ဟိတံ+ကမ္မ ကရောတိ လုဒ္ဒံ။

ကာလာ+ဂတံ အတ္ထပဒံ န ရိဉ္စတိ၊

တထာဝိဓံ ပညဝန္တံ ဝဒန္တိ။　။

လို့ ဖြေတော်မူတယ်။

သက္က = နတ်တို့သေဌ်နင်း သိကြားမင်း ... ။ ယော = အမှတ်မထင် အကြင်သူသည်။ ဂမ္ဘီရပဉ္ဟံ=နက်နဲတဲ့ အကြောင်းအရာပြဿနာကို။ မနသာ=စိတ်ဖြင့်။ အဘိစိန္တယံ=အမြဲတစေ ကြံစည်စဉ်းစားဆုံးဖြတ်နိုင်ပါပေ၏။ (ဒါက အင်္ဂါတစ်ပါး။)

အစ္စာဟိတံ=အစီးအပွားကို လွန်မြောက်သော (ဝါ) အလွန့်

http:\\www.dhammadownload.com



အလွန် အစီးအပွားမဲ့ ဖြစ်သော။ လုဒ္ဒံ ကမ္မံ=ရုန့်ရင်းကြမ်းတမ်း အကုသိုလ် အမှုသရမ်းကို။ န ကရောတိ=မပြုလုပ်။ (ဒါက အင်္ဂါ တစ်ပါး။)

ကာလာဂတံ=အခါအလျောက် ရောက်ဆိုက်၍ လာသော။ အတ္ထပဒံ=မိမိရသင့်တဲ့ အကျိုးစုကို။ န ရိဉ္စတိ=မဆိတ်သုဉ်းစေ။ (ဒါက အင်္ဂါတစ်ပါး။)

တထာဝိဓံ=ထိုသို့ အင်္ဂါသုံးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို။ ပညဝန္တံ =ပညာရှိသောသူ ဟူ၍။ ဝဒန္တိ=ဘုရားအစ များလှဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြကုန်၏။ သိကြားမင်း ... "ဘယ်လိုဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ပညာရှိ ခေါ်သလဲ"ဆိုတဲ့ အမေးရဲ့ အဖြေက အင်္ဂါသုံးချက်ပဲ။ (ခုနကလည်း သုံးချက်ပဲ။)

(၁) နက်နဲတဲ့ အကြောင်းအရာ ပြဿနာကို စဉ်းစားဆင်ခြင် ဆုံးဖြတ်ခြင်း၊ ဘယ်သူတွေလိုလည်း ဆိုတော့ မဟောသဓာ သုခမိန်တို့လို၊ အလောင်းတော် အာဒါသမုခမင်းတို့လို သာမန်လူများ သိနိုင်ခဲတဲ့ အရာကို စဉ်းစားကြံစည် ဆင်ခြင်သုံးသပ် ဆုံးဖြတ်ခြင်း။

(၂) ဘယ်တော့မှ အကျိုးမရနိုင်ဘဲ အစီးအပွားကို လွန်မြောက်ပြီး အပြစ်ကိုသာ ဖြစ်စေနိုင်တဲ့ ရုန့်ရင်းကြမ်းတမ်းသော အကုသိုလ်မှု မှန်သမျှကို မပြုလုပ်ခြင်း။

(၃) မိမိအတွက်သာ အခါအလျောက် ရောက်ရှိလာတဲ့ အကျိုး တရား။

ကဲ-ဆိုကြပါစို့၊ ဓမ္မနယ်ပယ်ကကြည့်ယင် ဒါနပြုရမယ့်အချိန်မှာ ဒါနတည်းဟူသော အကျိုးကို လက်လွှတ်မသွားစေနဲ့။ သီလစောင့်ရ မယ့် အချိန်မှာ သီလတည်းဟူသော အကျိုးကို လက်လွှတ်မသွားစေနဲ့၊ သမာဓိ+ပညာ+ဘာဝနာ ပွားရမယ့်အချိန်မှာ ဘာဝနာတည်းဟူသော

http:\\www.dhammadownload.com



အကျိုးကို လက်လွတ်မသွားစေနဲ့၊ အဲဒီလို အခါအလျောက် ရောက်လာတဲ့ အကျိုးတရားတွေကို လက်လွတ်မသွားစေခြင်း၊ မဆိတ်သုဉ်းစေခြင်း။ ဤအင်္ဂါသုံးချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ပညဝန္တ=ပညာရှိပုဂ္ဂိုလ်တဲ့။

(၂) ပုစ္ဆာအဖြေ ပြီးပြီ။

(၃) ပုစ္ဆာမှာ သိကြားမင်းက –

ကထံ ဝိဓံ သပ္ပုရိသံ ဝဒန္တိ=ဘယ်လိုသဘောရှိတဲ့ ပုဂ္ဂိုလ်ကို သပ္ပုရိသ=နှလုံးပျော့ပျောင်း သူတော်ကောင်းလို့ ခေါ်ရပါသလဲတဲ့။

ထိုအမေးပုစ္ဆာကို အလောင်းတော် သရဘင်္ဂရသေ့သူမြတ်က –

၂၉။ ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊
ကလျာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။
ဒုက္ခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။ ။

လို့ ဖြေတော်မူတယ်။

သက္က=နတ်တို့သေဋ္ဌနင်း ဒါယကာသိကြားမင်း ...။ ယော=အမှတ်မထင် အကြင်သူသည်။ ဝေ=စင်စစ်။ ကတညူ=သူပြုတဲ့ကျေးဇူးကို စိတ်ဖြင့် သိလေ့ရှိ၏။ ဓီရော=ပညာရှိသော။ ယော=အမှတ်မထင် အကြင်သူသည်။ ကတဝေဒီ=သူ့ကျေးဇူးကို အထင်အရှားပြုလေ့ပြလေ့ ရှိ၏။ (ဒါက အင်္ဂါတစ်ပါး။)

ကလျာဏမိတ္တော=ကောင်းသော အဆွေခင်ပွန်း ရှိသည်ဖြစ်၍။ ဒဠှဘတ္တိ စ=မြဲမြဲမြံမြံ ခိုင်ခိုင်မာမာ ကလျာဏမိတ်ကို ဆည်းကပ်ခြင်းရှိသည်လည်း။ ဟောတိ=ဖြစ်၏။ (ဒါက အင်္ဂါတစ်ပါး)

ဒုက္ခိတဿ=ဆင်းရဲဒုက္ခရောက်သော မိမိမိတ်ဆွေ၏။ ကိစ္စံ=

http:\\www.dhammadownload.com



အမှုကိစ္စကို။ သက္ကစ္စ=အရိုအသေပြု၍။ ကရောတိ=ရှက်ဆောင်ပြု လုပ်၏။ (ဒါက အင်္ဂါတစ်ပါး။)

တထာဝိဓံ=ထိုသို့သဘောရှိသော အင်္ဂါသုံးချက်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို။ သပ္ပုရိသံ=သူတော်ကောင်းဟူ၍။ ဝဒန္တိ=ဘုရားအစ များလှသိတောင်း သူတော်ကောင်းတို့ ငြိမ်းညောင်းသံချို မိန့်ဆို တော်မူကြကုန်၏။

သိကြားမင်း ...၊ ဘယ်လိုဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို သူတော် ကောင်း ခေါ်သလဲဆိုတဲ့ အမေးရဲ့ အဖြေကလည်းပဲ အင်္ဂါသုံးချက်ပဲ။

(၁) သူတစ်ဦးက မိမိအပေါ် ကျေးဇူးပြုယင် ပြုမှန်းသိခြင်း (စိတ်ထဲ ကသာ သိမှုဆိုတဲ့ ကတညုတာ)၊ စိတ်ထဲက သိပြီးတော့ ကိုယ်နှုတ်တို့ ဖြင့် သူ့ကျေးဇူးကို တစ်ဖန်ပြန်၍ တုံ့ဆပ်ခြင်း (ကတဝေဒိတာ) ဤနှစ် ချက်ဖြင့် သူ့ကျေးဇူးကို သိခြင်း။

(၂) ဆရာကောင်း သမားကောင်းဆိုတဲ့ မိတ်ဆွေကောင်း ရှိခြင်း။ ဝတ်ကျော့ဝတ်ကုန် တစ်ခါတလေ နာမည်ကောင်းရရုံ ဆည်းကပ်ခြင်း မျိုး မဟုတ်ဘဲ အမြဲတစေ ဆရာကောင်း မိတ်ကောင်းတို့ကို ဆည်းကပ်ခြင်း။

(၃) မိမိရဲ့ သူငယ်ချင်း မိတ်ဆွေ ဆင်းရဲဒုက္ခ ရောက်လာယင် ထို သူငယ်ချင်း မိတ်ဆွေရဲ့ အလုပ်ကိစ္စများကို ရိုရိုသေသေ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ခြင်း။ ဤအင်္ဂါသုံးချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ သပ္ပု ရိသ=နလုံးပျော့ပျောင်း သူတော်ကောင်း-တဲ့။

(၃) ပုစ္ဆာအဖြေ ပြီးပြီ။

(၄) ပုစ္ဆာမှာ သိကြားမင်းက-

ကထံ ဝိဓံ နော သိရီ နော ဇဟာတိ=ဘယ်လိုသဘောရှိတဲ့ ပုဂ္ဂိုလ်ကို ကျက်သရေက မစွန့်သလဲ ... လို့ မေးတယ်။

http:\\www.dhammadownload.com



ထိုအမေးပုစ္ဆာကို အလောင်းတော် သရဘင်္ဂရသေ့သူမြတ်က -

၃၀။ ဧတေဟိ သဗ္ဗေဟိ ဂုဏေဟု+ပေတော၊
သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။
သင်္ဂါဟကံ သခိလံ သဏှဝါစံ၊
တထာဝိဓံ နော သိရိ နော ဇဟာတိ။ ။

လို့ ဖြေတယ်။

သဏှ=နုတ်တို့သေဋ္ဌနင်း ဒါယကာ သိကြားမင်း။ ယော= အကြင်သူသည်။ သဗ္ဗေဟိ=ခပ်သိမ်းဉသုံ အလုံးစုံကုန်သော။ ဧတေဟိ ဂုဏေဟိ=ဤရှေးက ဆိုပြီးသော ဂုဏ်ကျေးဇူးတို့နှင့်။ ဥပေတော=ပြည့်စုံ၏။

ရှေးကဆိုပြီးသော ဂုဏ်ကျေးဇူးအားလုံးဆိုတာက -

(၁) ကိုယ်ဖြင့် အကုသိုလ်မှု မပြုမိအောင် စောင့်စည်းခြင်း၊

(၂) နှုတ်ဖြင့် အကုသိုလ်မှု မပြောမိအောင် စောင့်စည်းခြင်း၊

(၃) စိတ်ဖြင့် အကုသိုလ်မှု မကြံမိအောင် စောင့်စည်းခြင်းဆိုတဲ့ သီလဝန္တပုဂ္ဂိုလ်ရဲ့ ဂုဏ်ကျေးဇူးသုံးပါး။

(က) နက်နဲတဲ့ အကြောင်းအရာ ပြဿနာကို စဉ်းစားဆင်ခြင် ဆုံးဖြတ်ခြင်း၊

(ခ) အကျိုးမရနိုင်ဘဲ အစီးအပွားကို လွန်မြောက်ပြီး အပြစ်ကိုသာ ဖြစ်စေနိုင်တဲ့ ရန့်ရင်းကြမ်းတမ်းသော အကုသိုလ်မှုမှန်သမျှကို မပြုလုပ်ခြင်း။

(ဂ) မိမိအတွက်တာ အခါအလျောက် ရောက်လာတဲ့ အကျိုးတရားတွေကို လက်လွတ်မသွားစေခြင်း=မဆိတ်သုဉ်းစေခြင်းဆိုတဲ့ ပညာဝန္တပုဂ္ဂိုလ်ရဲ့ ဂုဏ်ကျေးဇူးသုံးပါး။

(၊) ရှေးဆိုခဲ့ပြီးအတိုင်း ကတညုတ+ကတဝေဒိတာ=ဤနှစ်ချက်ဖြင့် သူ့ကျေးဇူးကို သိခြင်း၊

http:\\www.dhammadownload.com



(II) အမြဲတစေ ဆရာကောင်း မိတ်ကောင်းတို့ကို ဆည်းကပ်ခြင်း။

(III) မိမိရဲ့ မိတ်ဆွေ ဆင်းရဲဒုက္ခ ရောက်ခဲ့ယင် သူရဲ့အလုပ်ကိစ္စတို့ကို စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ခြင်းဆိုတဲ့ သူတော်ကောင်းပုဂ္ဂိုလ်ရဲ့ ဂုဏ်ကျေးဇူးသုံးပါး။ ဤဂုဏ်ကိုးပါးတို့နှင့် ပြည့်စုံ၏ဟု ဆိုလိုသည်။

သဒ္ဓေါ = ကံနှင့် ကံ၏ အကျိုးတရားတို့ကို နစ်နစ်ကာကာ ယုံကြည်၏။

မုဒု=နူးညံ့သော စိတ်နှလုံး ရှိပေ၏။

သံဝိဘာဂီ=ဝေခွဲပေးကမ်း လှူဒါန်းလေ့လည်း ရှိပေ၏။

ဝဒညူ=အလှူခံပုဂ္ဂိုလ်တို့ရဲ့ စကားကို နားလည်သိရှိပါပေ၏။

သင်္ဂါဟကံ=သူတစ်ပါးတို့အား ဒါန၊ ပိယဝါစာ၊ အတ္ထစရိယာ၊ သမာနတ္တတာ-ခေါ်တဲ့ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ချီးမြှောက်တတ်သော။ သခိလံ=ချိုမြိန်သောစကားကို ပြောကြားတတ်သော။ သဏှဝါစံ=ပြေပြစ်သော စကားကို ပြောကြားတတ်သော။ တထာဝိဓံ=ထိုသို့သဘောရှိသော သူကို။ နရော=စင်စစ်ကေန် အမှန်ပင်။ သိရီ=အသရေသည်။ နေဝ ဝိဇဟာတိ=မစွန့်ပေ။

ဆိုအပ်ခဲ့ပြီးတဲ့ သီလဝန္တဂုဏ်၊ ပညဝန္တဂုဏ်၊ သပ္ပုရိသဂုဏ်တို့နှင့် ပြည့်စုံ၍နေမှု ထိုသူသည် သဒ္ဓါတရားရှိခြင်း စသော ဂုဏ် ၇ ပါးတို့နှင့် ပြည့်စုံလာတော့၏။ ထိုပုဂ္ဂိုလ်ကို ကျက်သရေက စွန့်ပါလို့ ဆိုတောင်မှ မစွန့်ဘူး။

ပြဿနာလေးချက်အဖြေ ပြီး၏။

ထို့နောက် သိကြားမင်းက ဤသို့ မေးပြန်၏။

http:\\www.dhammadownload.com



၃၁။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ တံ ပုစ္ဆာမိ တ+ဒိယံ ဗြူဟိ။
သီလံ သိရိဉ္စာပိ သတဉ္စ ဓမ္မံ၊
ပညဉ္စ ကံ သေဋ္ဌတရံ ဝဒန္တိ။ ။

အာစရိယ=သရာဘင်္ဂမည်ငြား အို ဆရာကြီးဘုရား ...။ တေ= သင်ဆရာကြီး၏။ သုဘာသိတံ=သုဘာသိတအင်္ဂါ လုံလောက်စွာသော ပြဿနာလေးပါး အဖြေစကားကို။ အနုမောဒိယာန=နှစ်လိုအားရမ်း ဝမ်းမြောက်ကြပြီး၍။ တံ=အသင်ဆရာကြီးကို။ အညံ= ဆိုပြီးသည်မှတစ်ပါး အခြားပြဿနာကို။ ပုစ္ဆာမိ=သိလိုရေးဖြင့် မေးလျှောက်အပ်တဲ့ ပြဿနာကို။ ဗြူဟိ=ကရုဏာရှေ့ထား ဖြေကြားတော်မူပါဘုရား။

သီလံ=ကိုယ်ကျင့်သီလ ကောင်းခြင်းတရား။ သိရိဉ္စာပိ= အသရေဆိုတဲ့ တရား။ (ဒိနေရာမှာ သိရိ အရ ဣဿရိယ=အစိုးရခြင်း ဂုဏ်ကို သိရိဟု ခေါ်၏။) သတဉ္စ ဓမ္မံ=သူတော်ကောင်းတို့ရဲ့တရား။ ပညဉ္စ=ပညာဆိုတဲ့တရား။ (ဧတေသု=ဤတရားလေးပါး တို့အနက်က။) ကံ=အဘယ်တရားကို။ သေဋ္ဌတရံ=အထူးသဖြင့် ချီးမွမ်းအပ် မြတ်၏ဟူ၍။ ဝဒန္တိ=ဘုရားအစ များလှဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော် မူကြပါကုန် သနည်း ဘုရား။

ဆရာကြီး ... (၁) သီလ၊ (၂) အသရေ၊ (၃) သီလ+ပညာမှ တစ်ပါးသော သဒ္ဓါ၊ သုတ၊ စာဂ၊ ဟိရိ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားငါးပါး 'ပါရိသေသနည်းယူ'။ (၄) ပညာ၊ အဲဒီတရားလေးပါးထဲမှာ ဘယ်တရားကို အမြတ်ဆုံး အချီးမွမ်းအပ်ဆုံးလို့ ဘုရားအစရှိတဲ့ ပညာရှိ သူတော်ကောင်းတို့ မိန့်ဆိုကြပါသလဲ ဆရာကြီး ...။ သိကြားမင်းက

http:\\www.dhammadownload.com



တစ်ဂါထာနဲ့ မေးတယ်။

အလောင်းတော် သရဘင်္ဂရသေ့ သူမြတ်ကလည်း -

၃၂။ **ပညာ ဟိ သေဋ္ဌာ** ကုသလာ ဝဒန္တိ၊
**နက္ခတ္တရာဇာ+ရိဝ** တာရကာနံ။
**သီလံ** **သိရီ စာပိ** သတဉ္စ ဓမ္မော၊
အန္ဝာယိကာ ပညဝတော ဘဝန္တိ။ ။

တစ်ဂါထာနဲ့ပဲ ဖြေတယ်။

သက္က=နတ်တို့သခင်နင်း ဒါယကာ သိကြားမင်း ...။ တာရကာနံ=နက္ခတ်ကြယ်တာရာတို့၏။ (မဇ္ဈေ=အလယ်၌။) နက္ခတ္တရာဇာရိဝ=နက္ခတ်တို့၏ မင်းဖြစ်သော လမင်းကဲ့သို့။

နက္ခတ်တို့၏ မင်းဆိုတာ လ-ကို ခေါ်တယ်။ ယခုလို ညမှာ ပြန်ကြည့်ကြစမ်း။ နက္ခတ်တွေ တာရာတွေ အားလုံးရဲ့ အလယ်မှာ လမင်းသည် အားလုံးထက် ချီးမွမ်းအပ် မြတ်တယ်လို့ ဆိုရသလိုပဲ။

ပညာ ဟိ-ပညာ ဧဝ=ပညာသည်သာလျှင်။ သေဋ္ဌာ=အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှ၏ဟူ၍။ ကုသလာ=တရားအရာလိမ္မာတော် မူကြသူတို့သည်။ ဝဒန္တိ=ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြကုန်၏။

သိကြားမင်း ...၊ နက္ခတ်တာရာတို့၏ အလယ်မှာ လဝန်းကြီးသည် အတင့်တယ်ဆုံး အချီးမွမ်းအပ်ဆုံး ဖြစ်သလို သင်မေးတဲ့ တရားလေးမျိုးထဲမှာ ပညာတရားသည် အသာဆုံး အမြတ်ဆုံး အချီးမွမ်းအပ်ဆုံး ဖြစ်တယ်လို့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝက အပေါင်းတို့က မိန့်ဆိုကြပါတယ်။

သီလံ=သီလတရား လည်းကောင်း။ သိရီစာပိ=ကျက်သရေခေါ်တဲ့ ဣဿရိယတရား လည်းကောင်း။ သတဉ္စ ဓမ္မော=သီလပညာမှတစ်ပါး သူတော်တရား ငါးပါးလည်းကောင်း။ (ဧတေ=

http:\\www.dhammadownload.com



ဤတရားတို့သည်။) ပညဝတော=ပညာရှိတဲ့ ပုဂ္ဂိုလ်၏။ အန္ဝာယိကာ=နောက်သို့ လိုက်ကုန်သည်။ ဘဝန္တိ=ဖြစ်ကုန်၏။

ပညာသာ ရှိပါစေ၊ သီလတရားလည်း နောက်က လိုက်တယ်။ ပညာရှိမှသာ သီလကို ဘယ်လို ကျင့်ရတယ်ဆိုတာကို သိတယ်။ ပညာရှိမှသာ အသရေဆိုတဲ့ သိရီတရားလည်း နောက်က လိုက်တယ်။ "ပညာရှိ သူတော်ကောင်း"ဆိုတဲ့ စကားရှိတယ်။ ပညာသာ ရှိပါစေ။ သဒ္ဓါ၊ သုတ၊ စာဂ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားတွေဟာ ထက်ကြပ်မကွာ နောက်က ပါလာပါတယ်။ "ဒီနောက် ရေပါ" ဆိုသလို ပညာရဲ့ နောက်က သီလ၊ သိရီ၊ သဒ္ဓမ္မတရားတို့ဟာ တစ်ခါတည်း လိုက်ပါလာတယ်။

ထိုအခါ သိကြားမင်းက ပညာရကြောင်း အကျင့်ကို မေးလို၍ -

၃၃။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ တံ ပုစ္ဆာမိ တဒိင်္ဃ ဗြူဟိ။
ကထံကရော ကိန္တိကရော ကိမာစရံ၊
ကိံ သေဝမာနော လဘတီဓ ပညံ။
ပညာယ ဒါနိပ္ပဋိပဒံ ဝဒေဟိ၊
ကထံကရော ပညဝါ ဟောတိ မစ္စော။ ။

ဤဂါထာကို ရွတ်ဆိုမေးမြန်းတယ်။

အာစရိယ=သရဘင်္ဂမည်ငြား အို ... ဆရာကြီးဘုရား ...။ တေ=အသင်ဆရာကြီး၏။ သုဘာသိတံ=သုဘာသိတအင်္ဂါ လုံလောက်စွာသော ပြဿနာ၏ အဖြေစကားကို၊ အနုမောဒိယာန=နှစ်လိုအားရမ်း ဝမ်းမြောက်ကြပြီး၍။ တံ=အသင် ဆရာကြီးကို။ အညံ=ဆိုပြီးသည်မှတစ်ပါး အခြားပြဿနာကို။ ပုစ္ဆာမိ=သိလိုရေးဖြင့် မေးလျှောက်ပါရစေ။ ဣင်္ဃ=တိုက်တွန်း တောင်းပန်စကား အကျွန်ုပ် ပြောကြားပါ၏။ တံ=ထို သိလိုရေးဖြင့် မေးလျှောက်အပ်

http:\\www.dhammadownload.com



တဲ့ ပြဿနာကို။ ဗြူဟိ=ကရုဏာရှေ့ထား ဖြေကြားတော်မူပါ ဘုရား။

ကထံကရော=အဘယ်အခြင်းအရာဖြင့် ပြုသော။ ကိန္တိကရော= ဘယ်ပုံဘယ်ပန်းပြုသော။ ကိံ+မာစရံ=အဘယ်တရားကို ကျင့်ကြံသော။ ကိံ=အဘယ်ကို။ သေဝမာနော=မှီဝဲဆည်းကပ်သူသည်။ ဣဓ=ဤလောကဌ။ ပညံ=ပညာတရားကို။ လဘတိ=ရပါသနည်း။

ကထံကရော၊ ကိန္တိကရော၊ ကိမာစရံ၊ ကိံသေဝမာနော ဆိုတဲ့ စကားတွေဟာ ဝစနာလင်္ကာရ=စကားရဲ့ အဆင်တန်ဆာ အနေနဲ့သာ ပြောတာ၊ ဆိုလိုရင်းက "ဘယ်လိုကျင့်ယင် ပညာရမည်လဲ"လို့ မေးလိုရင်း ဖြစ်သည်။

ဒါနိ–ဣဒါနိ=ယခုအခါဌ။ ပညာယ=ပညာ၏၊ (ဝါ)ပညာကို။ ပဋိပဒံ=ရောက်ကြောင်းရကြောင်း အကျင့်ကောင်းကို။ ဝဒေဟိ= ကရုဏာရှေ့ထား ဟောကြားတော်မူ ဘုရား။ ကထံကရော= အဘယ်သို့ ပြုမူသော။ မစ္စော=သတ္တဝါသည်။ ပညဝါ=ပညာရှိသည်။ ဟောတိ=ဖြစ်ပါသနည်း ဘုရား ...။

ဘယ်လိုပြုကျင့်တဲ့ သတ္တဝါသည် ပညာရှိ ဖြစ်နိုင်သလဲ ... တဲ့။

အလောင်းတော်ကလည်း "အိပ်နိုးတင်ခတ်၊ တုံ့ဆတ်မေးဖြေ၊ ဋ္ဌန်းချင်းချေ၏" ဆိုတဲ့အတိုင်း အချိန်မဆိုင်း ဤဆိုလတ္တံ့အတိုင်း ဖြေကြားတော်မူတယ်။

၃၄။ ခေသဝေထ ဝုဍ္ဍေ နိပုဏော ဗဟုဿုတေ၊
ဥဂ္ဂါဟကော စ ပရိပုစ္ဆကော သိယာ။
သုဏေယျ သက္ကစ္စ သုဘာသိတာနိ၊
ဧဝံကရော ပညဝါ ဟောတိ မစ္စော။ ။

သက္က=နတ်တို့သေဌ်နင်း ဒါယကာ သိကြားမင်း။ ဝုဍ္ဍေ=

http:\\www.dhammadownload.com



အသက်အရွယ်ကြီးကုန်သော။ နိပုဏော=သိမ်မွေ့သောပညာ ရှိကုန်သော။ ဗဟုဿုတေ=အကြားအမြင် ဗဟုသုတ ပြည့်ဝကြသော ပုဂ္ဂိုလ်တို့ကို။ သေဝေထ=ဆည်းကပ်မှီဝဲရာ၏။

ပညာရှိ ဗဟုသုတ ကြွယ်ဝတဲ့ လူကြီးများကို မှီဝဲဆည်းကပ်ရမယ်။ ဒါက ပညာရကြောင်း တစ်ပါး။

ဥဂ္ဂါဟကော စ=ထိုပညာရှိတို့ထံ နာယူသင်ကြားသည်လည်း။ သိယာ=ဖြစ်ရာ၏။

ပညာရှိထံ ဆည်းကပ်လို့ ပညာရှိတို့ ပြောဆိုတဲ့ စကားကို ရအောင် နာယူသင်ကြားရမယ်။ ဒါက ပညာရကြောင်း တစ်ပါး။

ပရိပုစ္ဆကော စ=မိမိနားမလည်ယင် ဆရာကို ပြန်ပြီး မေးမြန်းသူသည်လည်း။ သိယာ=ဖြစ်ရာ၏။

ဆရာက ပြောတဲ့စကားကို နားမလည်ယင်လည်းပဲ ဆရာကို ပြန်မေးရမယ်။ ဒါက ပညာရကြောင်းတစ်ပါး။

သုဘာသိတာနိ=ဆရာပြောတဲ့ စကားတို့ကို။ သက္ကစ္စ=အရိုအသေပြု၍။ သုဏေယျ=နာကြားရာ၏။

ဆရာက ပြန်ပြောတဲ့ သုဘာသိတ စကားတို့ကို ရိုသေစွာ နာယူခြင်း။ ဒါက ပညာရကြောင်း တစ်ပါး။

ဧဝံကရော=ဤသို့ အင်္ဂါလေးချက် ပြည့်နက်အောင် ကျင့်ဆောင် ကြိုးကုတ် ပြုလုပ်သော။ မစ္စော=သတ္တဝါသည်။ ပညဝါ=ပညာရှိသောသူသည်။ ဟောတိ=ဖြစ်လေတော့၏။

ပညာရှိဖြစ်ဖို့ရန် အကျင့်ပဋိပတ် လေးပါးဆိုတာ –

(၁) ပညာရှိလူကြီးလူကောင်း ဗဟုသုတ ကြွယ်ဝတဲ့ ပုဂ္ဂိုလ်များထံ ဆည်းကပ်ခြင်း၊

(၂) ထိုပညာရှိထံမှ ကောင်းနိုးရာရာ တရားများကို နာယူသင်ကြားခြင်း၊

(၃) ဆရာပြောသည်ကို နားမလည်ယင် ဆရာထံပြန်၍ မေးမြန်းခြင်း၊

http:\\www.dhammadownload.com



(၄) ဆရာက ပြန်လည်ဖြေကြားတဲ့အခါ ရိုရိုသေသေ နာကြားခြင်း။

ဒီအင်္ဂါလေးပါးနှင့် ပြည့်စုံလို့ရှိယင် အဲဒီ ပုဂ္ဂိုလ်ဟာ ပညာရှိ ဖြစ်လေတော့တယ်။

အေး ... သိကြားမင်းလည်း ကျေနပ်သွားပြီ။ သိကြားကပင် ကျေနပ်သော်လည်း အလောင်းတော်ကမူ ပညာရှိပုဂ္ဂိုလ်ပီပီ "ပညာရှိယင် ဟောဒီလို အကျိုးတွေကို ရတယ်" ဆိုတာကို ဆက်ပြီး ဟောပြန်တယ်။

(၃၅) သ ပညဝါ ကာမဂုဏေ အဝေက္ခတိ၊
အနိစ္စတော ဒုက္ခတောရောဂတော စ။
ဧဝံ ဝိပဿီ ပဇဟာတိ ဆန္ဒံ၊
ဒုက္ခေသု ကာမေသု မဟဗ္ဘယေသု။ ။

သက္က = နတ်တို့သေဌ်နင်း ဒါယကာ သိကြားမင်း။ ပညဝါ= ပညာရှိသော။ သ-သော=ထိုပုဂ္ဂိုလ်သည်။

အကြောင်းအကျင့်လေးပါးနဲ့ ပြည့်စုံသူဟာ ပညာရှိဖြစ်မယ်။ ပညာရှိ ဖြစ်လာယင် ထိုပညာရှိ ပုဂ္ဂိုလ်ဟာ -

ကာမဂုဏေ=ဝတ္ထုအာရုံ ကာမဂုဏ်တရားတို့ကို။ အနိစ္စတော စ=အနိစ္စဟူ၍ လည်းကောင်း။ ဒုက္ခတော စ=ဒုက္ခဟူ၍ လည်းကောင်း။ ရောဂတော စ=ဒိဝတ္ထုအာရုံ ကာမဂုဏ်တို့ဟာ ဆင်းရဲ ရောဂါအမျိုးမျိုးကို ရကြောင်း ရောက်ကြောင်း ဖြစ်၍ ရောဂမျိုးတို့ ပါတကားဟူ၍ လည်းကောင်း။ အဝေက္ခတိ=ဉာဏ်ပညာဖြင့် ကောင်းစွာ ရှုမြင်ဆင်ခြင်နိုင်ပေ၏။

အဲဒီအချိန်က သာသနာပြင်ပဖြစ်လို့ ဝိပဿနာလို့ မပြောဘဲ ပစ္စဝေက္ခဏာဉာဏ်အနေနဲ့ ပြောတယ်။

သက္က=နတ်တို့သေဌ်နင်း အို ဒါယကာ သိကြားမင်း ...။ ဧဝံ ဝိပဿီ=ဤသို့ ဝတ္ထုကာမ အဝဝတို့ကို အနိစ္စမျိုး, ဒုက္ခမျိုး, ရောဂမျိုးဟူ၍ ရှုလေ့ရှိသော သူသည်။ ဒုက္ခေသု=ဆင်းရဲကုန်သော။

http:\\www.dhammadownload.com



မဟဗ္ဘယေသု=ကြောက်ဖွယ်မဟေး ကြီးစွာသောဘေး ဖြစ်ကုန်သော။ ကာမေသု=ဝတ္ထုကာမတို့၌။ ဆန္ဒံ=တပ်မက်တဲ့ တဏှာဆန္ဒကို။ ပဇဟာတိ=တဒင်္ဂ, ဝိက္ခမ္ဘနပဟာန် နှစ်ပါးဖြင့် ပယ်ရှားစွန့်ပစ်နိုင်၏။

သာသနာပြင်ပ၌ အနတ္တအသိဉာဏ်ကို လူသာမန်တို့ လက်ခံနိုင်မည် မဟုတ်သောကြောင့် အလောင်းတော် သရဘင် ရသေ့သူမြတ်က "သိကြားမင်း ... ပညာရှိယင် ဝတ္ထုအာရုံ ကာမဂုဏ်တွေကို အနိစ္စတွေပါတကား၊ ဒုက္ခတွေပါတကား၊ ရောဂတွေပါတကားလို့ ဆင်ခြင်တဲ့ အသိဉာဏ် ဝင်လာမယ်။ အဲဒီလို ရှုဆင်ခြင်တဲ့ ပုဂ္ဂိုလ်ဟာ ဝတ္ထုကာမတို့အပေါ် တွယ်တာတပ်မက်တဲ့ တဏှာ လောဘကို တဒင်္ဂ, ဝိက္ခမ္ဘန=ပဟာန်နှစ်ပါးနဲ့ ပယ်ရှားနိုင်ပါရောတဲ့။

၃၆။ သ ဝီတရာဂေါ ပဝိနေယျ ဒေါသံ၊
မေတ္တစိတ္တံ ဘာဝယေ အပ္ပမာဏံ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
အနိန္ဒိတော ဗြဟ္မ+မုပေတိ ဌာနံ။ ။

သက္က=နတ်တို့သေဋ္ဌနင်း ဒါယကာ သိကြားမင်း။ ဝီတရာဂေါ=တဒင်္ဂပဟာန်ဖြင့် ပယ်ရှားပြီးဖြစ်၍ ကင်းသောရာဂရှိသော။ သ-သော=ထိုပုဂ္ဂိုလ်သည်။ ဒေါသံ=ဒေါသကို။ ပဝိနေယျ=ပယ်ရှား၍။

အနည်းငယ် ဗဟုသုတဖြစ်ရန် ညွှန်ပြလိုပါတယ်။ ရာဂနှင့် ဒေါသနှစ်ပါးတို့အနက် ရာဂက သိမ်မွေ့ပြီး အပယ်ရခက်တဲ့ တရား၊ ဒေါသက ကြမ်းတမ်းပြီး အပယ်ရလွယ်တဲ့ တရား ဖြစ်ပါတယ်။

ဓမ္မနယ်ပယ်မှာ သတ္တဝါတွေရဲ့ စိတ်ဓာတ်ကိန်းပျော်ရာ တရားကို အာသယလို့ ခေါ်တယ်။ ဥပမာ တောထဲက သမင်ကလေးများ နေကုန်နေခန်း အရှေ့၊ အနောက်၊ တောင်၊ မြောက် အစာရှိမယ်ထင်တဲ့နေရာကို သွားပြီး အစာရှာကျက်စားလို့ "ယနေ့ဖြင့် ဝါတော်ပြီ"လို့ ဆုံးဖြတ်

http:\\www.dhammadownload.com



တဲ့အခါ ရောက်တဲ့နေရာက သူအိပ်နေကျ ချုံပုတ်ကလေးသို့ အရောက် ပြန်လာတယ်။ ချုံပုတ်ကလေးကို သားသမင်ရဲ့ စိတ်ဓာတ်ကိန်းပျော်ရာ ဖြစ်လို့ မိဂအာသယ=သားသမင်ရဲ့ ကိန်းပျော်ရာဌာနလို့ ခေါ်တယ်။ ထို့အတူ သတ္တဝါတို့ရဲ့ စိတ်ဓာတ်တည်းဟူသော သားသမင်ရဲ့ ကိန်းပျော်ရာ "အာသယ" တရားကလည်းပဲ (က) ပညာအာသယ၊ (ခ) ဒိဋ္ဌိအာသယ ဟူ၍ နှစ်ပါး ရှိပါတယ်။

လူတစ်ရာလျှင် တစ်ကျိပ်လောက်က (က) ပညာအာသယရှိ၍ ကိုးကျိပ်လောက်က (ခ) ဒိဋ္ဌိအာသယ ရှိတယ်ဆိုကြပါစို့။ ထိုနှစ်မျိုးတို့အနက် (က) ပညာအာသယဓာတ် ရှိကြတဲ့ သတ္တဝါတစ်ကျိပ်လောက်ထဲမှာလည်းပဲ –

(၁) ငါးယောက်လောက်က အနုလောမိက ခန္တီ ခေါ်တဲ့ အကြောင်းအကျိုးကို ဆင်ခြင်တဲ့ ပညာ၊ ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်တဲ့ ပညာ။

(၂) အခြား ငါးယောက်လောက်က ယထာဘူတဉာဏ်လို့ ခေါ်တဲ့ သက်ရှိသက်မဲ့ ခန္ဓာတို့ရဲ့ မမြဲဆင်းရဲ၊ အစိုးမရတဲ့ သဘောကို ဆင်ခြင်တတ်တဲ့ အသိဉာဏ်ပညာ။ အဲဒီလို အာသယဓာတ်ခံ ရှိကြတယ်။ ထပ်၍ ရှင်းပြရပါမူ –

(က) ပညာအာသယဓာတ်ခံ ရှိကြတဲ့ သတ္တဝါ တစ်ကျိပ်လောက် အနက်မှ –

(ခ) အနုလောမိက ခန္တီဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်=အကြောင်းအကျိုးကို ဆင်ခြင်တဲ့ ပညာအာသယ ဓာတ်ခံရှိကြတဲ့ သတ္တဝါငါးယောက်တို့မှာ တစ်နေ့ကုန် အလုပ်လုပ်ပြီး အလုပ်နားပြီဆိုယင် (ကိုယ်တိုင် စာပေကို လေ့လာ၍ဖြစ်စေ၊ ပညာရှိတို့ထံမှ တရားနာရ၍ဖြစ်စေ) တရားအသိဉာဏ် ရင့်သန်လာသောအခါ "ြော် ... အတိတ်ဘဝက ဖြစ်ခဲ့တဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့ကြောင့် ယခုပစ္စုပ္ပန် ဤဘဝ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး

http:\\www.dhammadownload.com



အကျိုးတရားတို့ ဖြစ်ကြတာပါလား" အဲဒီလို သိလာတယ်။ ပစ္စုပ္ပန် ဤဘဝမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ အကြောင်းတရား ငါးပါးတို့ ဖြစ်ယင်လည်း တမလွန်ဘဝ မရှိပါဘူးလို့ နှုတ်ကသာ ပြောဖြစ်မယ်၊ အကြောင်းက ရှိနေယင် အနာဂတ်မှာ ဇာတိ၊ ဇရာ၊ မရဏ ခေါ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒီအနာဂတ် အကျိုးတရားတွေ ဖြစ်ပေါ်မှာ ဧကန္တပဲလို့ ဆင်ခြင်တယ်။ အဲဒီလို ဆင်ခြင်တဲ့ အသိဉာဏ်မျိုးကို အနုလောမိက ခန္တီ အာသယလို့ ခေါ်တယ်။

(၂) ယထာဘူတဉာဏ်ဆိုတဲ့ ဝိပဿနာ ပညာအာသယဓာတ်ခံရှိကြတဲ့ သတ္တဝါ ငါးယောက်တို့ကျတော့ တစ်နေကုန် အလုပ်လုပ်ပြီး အလုပ်နားပြီဆိုယင် (ကိုယ်တိုင် စာပေကို လေ့လာ၍ ဖြစ်စေ၊ ပညာရှိတို့ထံမှ တရားနာရ၍ ဖြစ်စေ) တရားအသိဉာဏ် ရင့်သန်လာသော အခါ "ခန္ဓာငါးပါးတို့သည် အနိစ္စတို့ပါတကား၊ ဒုက္ခတို့ပါတကား၊ အနတ္တတို့ပါတကား၊ ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား"လို့ ဆင်ခြင်တယ်။ အဲဒီလို ဆင်ခြင်တဲ့ အသိဉာဏ် မျိုးကို ယထာဘူတဉာဏ် အာသယလို့ ခေါ်တယ်။

ပညာအာသယ နှစ်ပါး မှတ်ဖွယ် ပြီးပြီ။

## ဒိဋ္ဌိ အာသယ နှစ်ပါး မှတ်ဖွယ်

(ခ) ဒိဋ္ဌိအာသယ ဓာတ်ခံရှိကြတဲ့ သတ္တဝါ ကိုးကျိပ်လောက် အနက်မှ –

(၁) သဿတဒိဋ္ဌိ အာသယဓာတ်ခံရှိကြတဲ့ သတ္တဝါကလည်း လေးဆယ့်ငါးယောက်လောက်၊

(၂) ဥစ္ဆေဒဒိဋ္ဌိ အာသယဓာတ်ခံ ရှိကြတဲ့ သတ္တဝါကလည်း လေးဆယ့်ငါးယောက်လောက်ပဲ ရှိကြတယ် ဆိုပါစို့။

http:\\www.dhammadownload.com



(၁) သဿတဒိဋ္ဌိ အာသယဓာတ်ခံ ရှိကြတဲ့ သတ္တဝါတို့ရဲ့ စိတ်ဟာ ဓမ္မစကြာမှာလာတဲ့ ကာမသုခလ္လိကာနုယောဂ လက်ယာလမ်း အယုတ်တရားဘက်ကို တိမ်းလဲသွားတယ်။

(၂) ဥစ္ဆေဒဒိဋ္ဌိ အာသယဓာတ်ခံ ရှိကြတဲ့ သတ္တဝါတို့ရဲ့ စိတ်ဟာ ဓမ္မစကြာမှာလာတဲ့ အတ္တကိလမထာနုယောဂ လက်ဝဲလမ်း အယုတ်တရားဘက်ကို တိမ်းလဲသွားတယ်။

(၁) သဿတဒိဋ္ဌိ အာသယဓာတ်ကား လောဘလမ်း၊

(၂) ဥစ္ဆေဒဒိဋ္ဌိ အာသယဓာတ်ကား ဒေါသလမ်း။

ဤ နှစ်မျိုးတို့တွင် ဥစ္ဆေဒဒိဋ္ဌိ အာသယ လက်ဝဲလမ်းဒေါသက ပယ်သတ်လွယ်ကြောင်းနှင့် သဿတဒိဋ္ဌိ အာသယ လက်ယာလမ်း လောဘက ပယ်စွန့်နိုင်ခဲကြောင်း မဇ္ဈိမနိကာယ် ဒီဃနခသုတ်အဖွင့်၌ ဖွင့်ဆိုထားသည်ကို အထူးမှတ်သား ဗဟုသုတ ပွားစေရာ၏။

သဗ္ဗေသု ဘူတေသု=အလုံးစုံသော သတ္တဝါတို့၌။ ဒဏ္ဍံ=ဒဏ်ထားမှုကို။ နိဓာယ=ဖယ်ရှား၍။ အပ္ပမာဏံ မေတ္တစိတ္တံ=အတိုင်းမသိတဲ့ သတ္တဝါတို့လျှင် အာရုံရှိတဲ့ မေတ္တာစိတ်ကို။ ဘာဝယေ-ဘာဝေယျ=ပွားများရာ၏။

လောဘကင်းပြီးဆိုယင် ဒေါသကို ပယ်၊ ဒေါသကို ပယ်ပြီးတော့ သတ္တဝါတို့အပေါ်မှာ ဥစ္စာဒဏ်၊ တုတ်နှင်တံဖြင့် ရိုက်နှက်ခြင်းဒဏ်၊ မင်းပြစ်စိုးဒဏ်ဆိုတဲ့ အဲဒီဒဏ်တွေကို လုံးဝမထား ဖယ်ရှားပြီး မေတ္တာတရား ပွားများပါတဲ့။

သ-သော=ထိုမေတ္တာတရား ပွားများတဲ့ ပညာရှိပုဂ္ဂိုလ်သည်။ အနိန္ဒိတော=မကဲ့ရဲ့အပ်သည် ဖြစ်၍။ ဗြဟ္မံ ဌာနံ=ဗြဟ္မာ့ပြည်ဘုံဌာနသို့။ ဥပေတိ=ဘဝ ပဋိသန္ဓေ ကပ်ရောက်၍ နေရ၏။

အလောင်းတော်ကြီး ပါရမီ ဖြည့်စဉ်တုန်းကတော့ ဗြဟ္မာ့ပြည်ကို လောကထုပိကာ=လောက၏ အထွတ်အထိပ်လို့ ခေါ်တယ်။ အဲဒီတုန်း

http:\\www.dhammadownload.com



က အလောင်းတော်ကိုယ်တိုင် နိဗ္ဗာန်ကို မျက်မှောက် မပြုရသေးဘူး။ အလောင်းတော်ရဲ့ ကိုယ်တွေ့တရားဟာ အဲဒီအချိန်မှာ ဗြဟ္မာ့ပြည် ရောက်ခြင်းသည် အထွတ်အထိပ်ပဲ။ ဒါကြောင့် အလောင်းတော်က "မေတ္တာဘာဝနာကို ပွားတဲ့ ပုဂ္ဂိုလ်သည် သောကထုပိကာ=ဗြဟ္မာ့ပြည်သို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရ၏"လို့ ဟောတော်မူခြင်း ဖြစ်တယ်။

အဲဒီလို အလောင်းတော်သူမြတ်က ကာမဝတ္ထုတို့ရဲ့ ကြောက်ဖွယ်ကောင်းတဲ့ ဘေးဘယဖြစ်တဲ့အကြောင်း၊ မမြဲ၊ ဆင်းရဲ၊ ရောဂါသဖွယ်ဖြစ်တဲ့အကြောင်း၊ အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံ၊ ရောဂဖြစ်ပုံ၊ ကြောက်ဖွယ်လိလိ ဘေးကြီးများ ဖြစ်ပုံတို့ကို ဟောပြလိုက်တော့ တရားနာနေကြတဲ့ အင္ဂကမင်း၊ ဘီမရထမင်း၊ ကာလိင်္ဂမင်း မင်းသုံးဦးစလုံးဟာ စစ်သည်ဗိုလ်ပါနှင့်တကွ မိမိတို့ ပိုင်သတဲ့ ကာမဝတ္ထုတွေ အပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာလောဘကို တဒင်္ဂပဟာန်ဖြင့် ပယ်သတ်ပြီး ဖြစ်သွားကြတယ်။ ထိုအကြောင်းကို အလောင်းတော်က ပရစိတ္တဝိဇာနန အဘိညာဏ်နဲ့ သိပြီး မင်းသုံးပါးနှင့်တကွ အားလုံးတို့အား အားပေးစကား မိန့်ကြားတော်မူလို၍ -

၃၇။ မဟတ္ထိယံ အာဂမနံ အဟောသိ၊
တဝ+မင်္ဂက ဘီမရထဿ စာပိ။
ကလိင်္ဂရာဇဿ စ ဥဂ္ဂတဿ၊
သဗ္ဗေသံ ဝေါ ကာမရာဂေါ ပဟီနော။

ဤဂါထာကို ဟောကြားတော်မူတယ်။

အင်္ဂက=ဒါယကာ အင်္ဂကမင်း ...။ တဝ စာပိ=သင်အင်္ဂကမင်း၏ သန္တာန်၌ လည်းကောင်း။ ဘီမရထဿ စာပိ=ဘီမရထမင်း၏ သန္တာန်၌ လည်းကောင်း။ ဥဂ္ဂတဿ=ဇမ္ဗူဒိပ်တလွှား ထင်ရှားကျော်စောသော။ ကလိင်္ဂရာဇဿ စ=ကာလိင်္ဂမင်း၏ သန္တာန်၌

http:\\www.dhammadownload.com



လည်းကောင်း။ သဗ္ဗေသံ=ခပ်သိမ်းကုန်သော။ ဝေါ=အသင် မင်းသုံးဦးတို့၏ သန္တာန်၌။ ကာမရာဂေါ=ကာမရာဂကို။ ပဟီ-နော=တဒင်္ဂပဟာန်အားဖြင့် ပယ်အပ်ပြီးလေပြီ။

မင်းသုံးပါးကို ပြောတာက ပဓာနနည်း။ မင်းသုံးပါးရော စစ်သည်ဗိုလ်ပါတွေပါ ထိုအချိန်မှာ ကာမရာဂကို တဒင်္ဂပဟာန်နဲ့ ပယ်ပြီးသားဖြစ်နေပြီ။

တသ္မာ=ထို့ကြောင့်။ ဝေါ=အသင် မင်းသုံးပါးတို့၏။ အာဂမနံ=ဤအရပ်သို့ လာရောက်ချဉ်းကပ်ခြင်းသည်။ မဟတ္ထိယံ=များသော အကျိုးရှိသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

အဲဒီလို အလောင်းတော်က သူတို့လည်း အားတက်အောင် နှစ်သက်ဖွယ်ရာ တရားစကား ပြောကြားလိုက်ယင်ပဲ မင်းသုံးပါးတို့က-

၃၈။ ဧဝ+မေတံ ပရစိတ္တဝေဒိ၊
သဗ္ဗေသံ နော ကာမရာဂေါ ပဟီနော။
ကရောဟိ ဩကာသ+မနုဂ္ဂဟာယ၊
ယထာ ဂတိံ တေ အဘိသမ္ဘဝေမ။ ။

ဤ ဂါထာကို လျှောက်ဆိုကြတယ်။

ပရိစိတ္တဝေဒိ=သူတစ်ပါးရဲ့ စိတ်အကြံကို သိတတ်တဲ့ ပရစိတ္တဝိဇာနန အဘိညာဏ်ရှင် ဖြစ်တော်မူပါသော သရဘင်္ဂဆရာကြီးဘုရား ...။ ဧတံ=အရှင်ဆရာကြီး ပြောတဲ့စကားသည်။ ဧဝံ=ဤသို့ဆရာကြီး ပြောတဲ့အတိုင်း မှန်လှပါပေ၏။ သဗ္ဗေသံ=ခပ်သိမ်းကုန်သော။ နော=အကျွန်ုပ်တို့၏ သန္တာန်၌။ ကာမရာဂေါ=ကာမရာဂကို။ ပဟီနော=တဒင်္ဂပဟာန်ဖြင့် ပယ်လှန်အပ်ခဲ့ပါပြီ။

ဆရာကြီး ပြောတဲ့အတိုင်း ကျွန်ုပ်တို့အားလုံးရဲ့ သန္တာန်မှာ ကာမရာဂကို တဒင်္ဂအနေနဲ့ ပယ်ပြီးပါပြီ။

http:\\www.dhammadownload.com



ယထာ = အကြောင်းအခြင်းဖြင့် ပြုသည်ရှိသော်။ တေ = အသင်ဆရာကြီး၏။ ဂတိံ=စမ္မဂတိသို့။ အဘိသမ္ဘဝေမ=အကျွန်ုပ်တို့မိနိုင် ရောက်နိုင်ကုန်ရာ၏။ (ဝါ) မိနိုင် ရောက်နိုင်အောင်။ နော=အကျွန်ုပ်တို့အား။ အနုဂ္ဂဟာယ=ရသေ့ ရဟန်းပြုရန် အလို့ငှာ။ ဩကာသံ=အခွင့်ကို။ ကရောဟိ=ပြုတော်မူပါဘုရား ...။

တဲ့တိုး (ဒဲ့ဒိုး)ပဲ ပြောကြတယ်။ ကျွန်တော်တို့အား ဆရာကြီးရဲ့အသိဉာဏ်မိအောင် ရသေ့ရဟန်းပြုလုပ်ခွင့်ပေးပါ ဆရာကြီးလို့တောင်းပန်ကြတယ်။ ဒီတော့ အလောင်းတော် သရဘင် ဆရာကြီးကခွင့်ပြုစကား ဘယ်လိုပြန်ပြောသလဲဆိုတော့ -

၃၉။ ကရောမိ ဩကာသ+မနုဂ္ဂဟာယ၊
တထာ ဟိ ဝေါ ကာမရာဂေါ ပဟီနော။
ဖရာထ ကာယံ ဝိပုလာယ ပီတိယာ၊
ယထာ ဂတိံ မေ အဘိသမ္ဘဝေထ။ ။

လို့ ပြောတယ်။

ဘောန္တော=အို မင်းသုံးပါးတို့ ...။ အနုဂ္ဂဟာယ=ရသေ့ ရဟန်းပြုလုပ်ခြင်းငှာ။ ဩကာသံ=အခွင့်ကို။ ကရောမိ=ငါပြုပါ၏။

သင်တို့အားလုံး ရသေ့ရဟန်းပြုရန် ငါ အခွင့်ပေးတယ်။ ဘာကြောင့်လဲဆိုယင် -

ယသ္မာ=အကြင့်ကြောင့်။ ဝေါ=သင်တို့၏ (သန္တာန်၌)။ ကာမရာဂေါ=ကာမရာဂကို။ ပဟီနော=တဒင်္ဂပဟာန်ဖြင့် ပယ်လှန်အပ်သေပြီ။ တထာ-တသ္မာ=ထို့ကြောင့်။ ဩကာသံ ကရောမိ=ရသေ့ရဟန်းပြုခွင့် ငါပြုပါ၏။ ယထာ=အကြင်အခြင်းဖြင့် ပြန့်ပြောတဲ့ပီတိကို ဖြန့်ကြသည်ရှိသော်။ မေ=ငါ၏။ ဂတိံ=လောကီချာန်သမာပတ်၊ လောကီအဘိညာဏ် အသိဆိုတဲ့ ဉာဏဂတိကို။ အဘိသမ္ဘဝေထ=အစဉ်တစိုက် မိအောင် လိုက်နိုင်ကုန်ရာ၏။ တထာ

http:\\www.dhammadownload.com



= ထိုသို့သော အခြင်းအရာဖြင့်၊ (ဝါ) ထိုသို့ ငါရဲ့ အသိဉာဏ် နောက် အမီရောက်နိုင် လိုက်နိုင်အောင်။ ကာယံ=မိမိတို့ရဲ့ ကိုယ် ကာယကို။ ဝိပုလာယ=ပြန့်ပြောသော။ ပီတိယာ=ဈာနပီတိဖြင့်။ ဖရာထ=ဖြန့်ကြကုန်လော့။

အေး ... ငါရဲ့ ဉာဏ်အမြင်ကို အမီလိုက်နိုင်အောင် ဈာနပီတိဖြင့် တစ်ကိုယ်လုံးနှံ့အောင် ဖြန့်ကြ=ဈာန်တရားရအောင် အားထုတ်ကြလို့ ဆိုတဲ့အခါ မင်းသုံးပါးတို့ကလည်း –

၄၀။ သဗ္ဗံ ကရိဿာမ တဝါ+နုသာသနိံ၊
ယံ ယံ တုဝံ ဝက္ခသိ ဘူရိပည။
ဖရာမ ကာယံ ဝိပုလာယ ပီတိယာ၊
ယထာ ဂတိံ တေ အဘိသမ္ဘဝေမ။

လို့ ပြန်ပြောကြတယ်။

ဘူရိပည=မြေကြီးပမာ ပြန့်ကျယ်စွာသည့် ပညာရှိတော်မူသော သရဘင်္ဂဆရာကြီး ...။ တုဝံ=အသင်ဆရာကြီးသည်။ ယံ ယံ= အကြင် အကြင် အဆုံးအမ ဩဝါဒစကားကို။ ဝက္ခသိ=မိန့်ကြား တော်မူပါလိမ့်မယ်။ သဗ္ဗံ=အလုံးစုံသော။ တဝ=အသင်ဆရာကြီး ၏။ တံ တံ အနုသာသနိံ=ထိုထို အဖန်ဖန် အထပ်ထပ် ဆုံးမအပ် တဲ့ စကားကို။ မယံ=အကျွန်ုပ်တို့သည်။ ကရိဿာမ=လိုက်နာကြ ပါမယ်။

ဆရာကြီး ...၊ ဆရာကြီး ပြောသမျှ အဆုံးအမတွေကို အကျွန်ုပ်တို့ အားလုံး လိုက်နာကြပါမယ်။

ယထာ=အကြင်အခြင်းအရာဖြင့် ဈာနပီတိကို ဖြန့်ကြသည်ရှိ သော်။ တေ=အသင်ဆရာကြီး၏ ဂတိံ=ဉာဏ်အလားသို့။ (မယံ= အကျွန်ုပ်တို့သည်။) အဘိသမ္ဘဝေမ=မီနိုင် ရောက်နိုင်ကုန်ရာ၏။ တထာ=ထိုသို့သော အခြင်းအရာဖြင့်၊ (ဝါ) ဆရာကြီးရဲ့ ဉာဏ်

http:\\www.dhammadownload.com



ပညာ အလားကို မီအောင်။ (မယံ=အကျွန်ုပ်တို့သည်။) ကာယံ= မိမိတို့ရဲ့ ကိုယ်ကာယကို။ ဝိပုလာယ ပီတိယာ=ပြန့်ပြောသော ဈာနပီတိဖြင့်။ ဖရာမ=နှံ့အောင် ဖြန့်ကြပါမည်ဘုရား ...။

ဈာနာပီတိကို မရအရ ယူပြီးတော့ ဤခန္ဓာကိုယ်ကို ဈာနပီတိနဲ့ နှံ့အောင်ဖြန့်ကြမယ်ဘုရား ...လို့ ရဲရဲတောက် ဝန်ခံကြတယ်။ ဒီလို ဝန်ခံပြီးကြတော့မှ မင်းသုံးပါးတို့ကို စစ်သည်ဗိုလ်ပါတို့နှင့်တကွ ရသေ့ ရဟန်း ပြုပေးတော်မူတယ်။ ၅၄၃

အလောင်းတော် သူမြတ်က ရသေ့ရဟန်း ပြုပေးပြီးတယ်ဆိုလျှင်ပဲ တရားပွဲက ပြီးမှန်းမသိ ပြီးနေပြီ။ ရသေ့ရဟန်းလည်း ပြုပေးပြီးရော ယခု ဘာလုပ်မယ်လို့ ရသေ့တွေ စည်းဝေးနေကြတာလဲ၊ (ပြန်စဉ်းစား ကြည့်ပါ။) ကိသဝစ္ဆ ရှင်ရသေ့ရဲ့ ဈာပနကို လုလုကြီး ကျင်းပဖို့ စုဝေး ကြတာ။ အရပ်လေးမျက်နှာမှာ ရှိနေကြတဲ့ ရသေ့တပည့်ကြီး ၆ ဦးတို့ က တပည့်ရသေ့ပေါင်းများစွာတို့နဲ့ လာပြီး ကိသဝစ္ဆ ရှင်ရသေ့ရဲ့ ဈာပနကို ဆရာကြီးနှင့်အတူ ဝိုင်းဝန်းပြီး ခုနစ်ရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပကြတယ်။ ထိုပွဲမှာ နတ်ပန်းများ မိုးရွာချတယ်။

အဲဒီ ဈာပနပွဲအပြီး သရာဘင်္ဂဆရာကြီးနဲ့ တပည့်တွေ စုဝေးမိနေ တုန်း သိကြားမင်းကလည်း စတုမဟာရာဇ်+တာဝတိံသာ နတ်နှစ်ပြည် က နတ်တွေ ခြံရံလျက် ပြဿနာ အမေးလာတယ်။ မင်းသုံးပါးကလည်း ပြဿနာ အမေးလာကြတယ်။ အဲဒီ သူတို့မေးတဲ့ ပြဿနာတွေကို အကြောင်းပြုပြီး "ပြဿနာဖြေတဲ့ တရားပွဲကြီး" ပြီးဆုံးလို့ မင်း သုံးပါးတို့နှင့် သိကြားမင်းတို့ သံသယ ကင်းရှင်းကြပြီး စစ်သည်ဗိုလ်ပါ နှင့်တကွ မင်းသုံးပါးတို့ ရဟန်းပြုကြပြီးနောက် အလောင်းတော် သရာဘင်္ဂရသေ့သူမြတ်က တပည့်ရသေ့ပရိသတ်အား မိမိ မိမိတို့ နေရပ် သို့ ပြန်ကြဖို့ရန် အခွင့်ပေး ဩဝါဒပေးသောအားဖြင့် ဤဂါထာကို ဟောကြားတော်မူတယ်။

http:\\www.dhammadownload.com



၄၁။ ကတာ+ယံ ဝစ္ဆဿ ကိသဿ ပူဇာ၊
ဂစ္ဆန္တု ဘောန္တော ဣသယော သာဓုရူပါ။
ဈာနေ ရတာ ဟောထ သဒါ သမာဟိတာ၊
ဧသော ရတီ ပဗ္ဗဇိတဿ သေဋ္ဌာ။ ။

ဘောန္တော = အို အရှင်ရသေ့တို့ ...။ အမှေဟိ = ငါတို့သည်။ ကိသဿ=အသားအရေ ကြုံလှီခေါင်းပါးသော။ ဝစ္ဆသ=ဝစ္ဆမည်ခေါ် ရသေ့သူတော်၏၊ (ဝါ) ကိသဿ ဝစ္ဆဿ=ကိသဝစ္ဆမည်ခေါ် ရသေ့သူတော်၏ (အတွက်)။ အယံ ပူဇာ=သာဓုကိဋ္ဌန ဈာပနပူဇော်မှုကို။ ကတာ=ဓမ္မသဘင် ဆင်ယင်ကျင်းပ လှလှကြီး ပြုအပ်ပြီးလေပြီ။

သူတော်ကောင်း ရသေ့အပေါင်းတို့ ...၊ သင်တို့ ငါတို့ နာမည်အရင်းက "မောင်ဝစ္ဆ" အသားအရေက သေးသေးပိန်ပိန်မို့ "ကိသဝစ္ဆ" ဟုခေါ်တဲ့ ရသေ့သူမြတ်ရဲ့အတွက် သာဓုကိဋ္ဌန ဈာပနသဘင်ကို လှလှကြီး ယင်ခဲ့ကြပြီးပြီ။

သာဓုရူပါ=သူတော် သူမြတ်တို့၏ သဘော သဘာဝ အပြည့်ရှိကြကုန်သော။ ဣသယော=သချာများတောင်း ရသေ့သူတော်ကောင်းတို့သည်။ ဂစ္ဆန္တု=မိမိတို့ဌာနသို့ ပြန်ကြွကြကုန်လော့။ (မိမိတို့ နေရာဌာန ပြန်ကြတော့။) တုမှေ=အသင် ရသေ့အပေါင်း သူတော်ကောင်းတို့သည်။ သဒါ=နေ့နေ့ညည ခပ်သိမ်းသော ကာလ၌။ သမာဟိတာ=ကောင်းစွာတည်ကြည်သော သမာဓိ ရှိကြကုန်သည်ဖြစ်၍။ ဈာနေ ရတာ=ဈာန်တရား၌ ပျော်ပါးမွေ့လျော်ကြကုန်သည်။ ဟောထ=ဖြစ်ကြကုန်။ (နေ့နေ့ညည ဈာန်သမာပတ်၌ ပျော်မွေ့ခြင်းသည်။) ပဗ္ဗဇိတဿ=ရဟန်းသူမြတ်အဖို့ရာ။ သေဋ္ဌာ=အမြတ်ဆုံး အချီးမွမ်းအပ်ဆုံး ဖြစ်ပါပေ၏။

http:\\www.dhammadownload.com



ဒီလို ခွင့်ပြုတဲ့စကား၊ ဩဝါဒစကား နှစ်ပါးစုံ ဖော်ပြတဲ့ ဂါထာ အဆုံးမှာ များစွာသော ရသေ့တို့သည် သရဘင်္ဂဆရာကြီးရဲ့ ဩဝါဒ စကား၊ ခွင့်ပြုချက်စကားတို့ကို တရိုတသေ ဦးထိပ်ရွက် ပန်ဆင်ကြပြီး ဆရာကြီးအား ရိုသေမြတ်နိုး ရှိခိုးကြ၍ ကောင်းကင်ခရီးဖြင့် မိမိတို့ နေရာဌာန အသီးသီးသို့ ပြန်သွားကြတယ်။ နတ်တို့သေဌ်နင်း သိကြား မင်း၊လည်းပဲ နေကိုမော်၍ ရှိခိုးသကဲ့သို့ သရဘင်္ဂဆရာကြီးကို လှည့်ပြီး မော့ပြီး ရှိခိုးပြီး စတုမဟာရာဇ်၊ တာဝတိံသာ နတ်နှစ်ရွာကပါတဲ့ နတ်များစွာ ခြံရံလျက် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွား တယ်။ အဲဒီ အကြောင်းအရာတွေကို မြတ်စွာဘုရားက ဇာတ်တော်ကို နိဂုံးအုပ်သော အနေနဲ့ "အဘိသမ္ဗုဒ္ဓ နှစ်ဂါထာ" တို့ကို ဤသို့ ဟော တော်မူတယ်။

၄၂။ သုတွာန ဂါထာ ပရမတ္ထသဉှိတာ၊
သုဘာသိတာ ဣသိနာ ပဏ္ဍိတေန၊
တေ ဝေဒဇာတာ အနုမောဒမာနာ၊
ပက္ကာမုံ ဒေဝါ ဒေဝပုရံ ယသဿိနော။ ။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့ ...။ ပဏ္ဍိတေန=ပညာရှိသော။ ဣသိနာ=သရဘင်္ဂ ရှင်ရသေ့သည်။ သုဘာသိတာ=ကောင်းစွာ ဟောကြားအပ်ကုန်သော။ .

ဟို–အခြေခံကို ပြန်စဉ်းစားကြည့်ကြစမ်း။ "ပညာရှိယင် ဝတ္ထု ကာမတို့ကို အနိစ္စ၊ ဒုက္ခ၊ ရောဂအနေနဲ့ ရှုကြည့်ရမယ်။ ရှုကြည့်ခြင်းရဲ့ ရည်ရွယ်ချက်က နိဗ္ဗာန်ကို သွားချင်တာ။ ဒါကြောင့်–

ပရမတ္ထသဉှိတာ=ပရမတ္ထဖြစ်သော နိဗ္ဗာန်နှင့် အကြောင်း အကျိုး ဆက်စပ်၍ နေကုန်သော။ ဂါထာ=တရားဂါထာတို့ကို။ သုတွာန=ကြားနာရသောကြောင့်။ ယသဿိနော=များသောအခြံ အရံ ရှိကုန်သော။ တေ ဒေဝါ=ထို စတုမဟာရာဇ်၊ တာဝတိံသာ

http:\\www.dhammadownload.com



နတ်နှစ်ရွာဘုံသား နတ်အများတို့သည်။ ဝေဒဇာတာ=ဝမ်းမြောက်ခြင်း ဖြစ်ရှိကြကုန်လျက်။ အနုမောဒမာနာ=ဝမ်းမြောက်နှမော်သာခု ခေါ်ကြကုန်လျက်။ ဒေဝပုရံ=နတ်ပြည်လောကသို့။ ပက္ကာမုံ=ဖဲသွားကြကုန်ပြီ။

ဒါ ဘုရားဖြစ်မှ ယခု တရားနာပရိသတ်အား ဟောတဲ့ အဘိသမ္ဗုဒ္ဓဂါထာ ဖြစ်ပါတယ်။ မြတ်စွာဘုရားက အဲဒီ သရဘင်္ဂဇာတ်လာ ဂါထာတွေရဲ့ အကျိုးရှိပုံကို ဤကဲ့သို့ ဆက်ပြီး ဟောတော်မူပြန်ပါတယ်။

၄၃။ ဂါထာ ဣမာ အတ္ထဝတီ သုဗျဥ္ဇနာ၊
သုဘာသိတာ ဣသိနာ ပဏ္ဍိတေန။
ယောကောစိ+မာ အတ္ထိံ ကတွာ သုဏေယျ၊
လဘေထ ပုဗ္ဗာပရိယံ ဝိသေသံ။
လဒ္ဓါန ပုဗ္ဗာပရိယံ ဝိသေသံ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။ ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ပဏ္ဍိတေန=ပညာရှိသော။ ဣသိနာ=သရဘင်္ဂရှင်ရသေ့သည်။ သုဘာသိတာ=ကောင်းစွာဟောအပ်ကုန်သော။ ဣမာ ဂါထာ=ဤဂါထာတို့သည်။ အတ္ထဝတီ=ပရမတ္ထ အနက်သဘောနှင့်လည်း ပြည့်စုံကုန်၏။ သုဗျဥ္ဇနာ=ပြည့်စုံသော ပုဒ်ဗျည်း သဒ္ဒါလည်း ရှိကြကုန်၏။ ယောကောစိ=အမှတ်မထင် အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ဣမာဂါထာ=ဤသရဘင်္ဂ ရသေ့သူမြတ် ဟောကြားအပ်တဲ့ ဂါထာတို့ကို။ အတ္ထိံ ကတွာ=အရိအသေပြု၍။ သုဏေယျ=နာကြားငြားအံ့။

အမှတ်မထင် အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီး တစ်ယောက် ယခု သရဘင်္ဂဇာတ်လာ ဘုရားလောင်း သရဘင်္ဂရှင်ရသေ့ ဟောတဲ့ တရားဂါထာတို့ကို ရိုရိုသေသေ နာကြားယင် အပြင်ဗဟိဒ္ဓ

http:\\www.dhammadownload.com



အကြောင်းဖြစ်တဲ့ ပရတောဃောသဆိုတဲ့ သူတစ်ပါးထံမှ တရားသံ တည်းဟူသော အပြင်အကြောင်းကို ရမယ်။ ရတော့ ယောနိသော မနသိကာရ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ နည်းမှန်လမ်းမှန်ကျ နှလုံး သွင်းခြင်းဆိုတဲ့ အဇ္ဈတ္တ (အတွင်း) အကြောင်းကိုလည်း ရမယ်။ အဲဒီလို အပြင်ဘက်က ပရတောဃောသ၊ အတွင်းဘက်က ယောနိသောမနသိ ကာရ အကြောင်းနှစ်ပါးကို ရပြီဆိုယင် ဓမ္မာနုဓမ္မပဋိပတ်ခေါ်တဲ့ လောကုတ္တရာ တရားကိုးပါးအား လျော်လျောက်ပတ်တဲ့ အကျင့်ပဋိပတ် ကို ကျင့်ဖြစ်ကရော။

မှန်ပါတယ်။ ဒီဇာတ်ကိုသာ ထပ်တလဲလဲ နာမိလို့ ရှိယင်ဖြင့် "သြော် ... ငါပိုင်ဆိုင်တဲ့ ဝတ္ထုကာမ အာရုံတွေဟာ (ဟိုတုန်းကတော့ အလောင်းတော်က သာသနာပြင်ပဖြစ်လို့ အနတ္တလို့ မဟောသော် လည်း ယနေ့ သာသနာတွင်း အသိဉာဏ်ဖြင့်) အနိစ္စတွေပါတကား၊ ဒုက္ခတွေပါတကား၊ အနတ္တတွေပါတကား"လို့ အဲဒီလို နှလုံးသွင်းခြင်း ဆိုတဲ့ လောကုတ္တရာ တရားကိုးပါးအား လျော်လျောက်ပတ်သော ဓမ္မာနုဓမ္မပဋိပတ် ခေါ်တဲ့ ဝိပဿနာဉာဏ် ပညာတွေ ကိုယ့်သန္တာန်မှာ တရိပ်ရိပ် ဖြစ်ပေါ်လာမယ်။ ထိုသို့ ဖြစ်လာပြီဆိုယင်–

သော=ထို ဤသရဘင်္ဂဇာတ်လာ တရားဂါထာတို့ကို သဒ္ဓါ ကြည်ညို ရှိသေစွာနာယူ နှလုံးသွင်းကောင်းကောင်းနဲ့ ဓမ္မာနုဓမ္မ ပဋိပတ်ကို ကျင့်ကြံကျိုးကုတ် အားထုတ်သောသူသည်။ ပုဗ္ဗာ ပရိယံ ဝိသေသံ=ရှေ့+နောက်ဖြစ်တဲ့ တရားအထူးကို။ လဘေထ= မုချမှန်စွာ ရလေရာ၏။

လောကီဈာန် သမာပတ်ရှစ်ပါးနှင့် လောကုတ္တရာမဂ်ဖိုလ်အစုံ လေးပါးတို့ကို ပုဗ္ဗာပရိယ ဝိသေသ=ရှေ့+နောက်ဖြစ်တဲ့ တရားအထူး လို့ ခေါ်ရပါတယ်။ ပုဗ္ဗဝိသေသ+အပရဝိသေသ ခေါ်ဆိုရပုံကို ရှင်း လင်း ဖော်ပြရလျှင် –

http:\\www.dhammadownload.com



၁။ ရူပါဝစရ ပထမဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ ဒုတိယဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၂။ ဒုတိယဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ တတိယဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၃။ တတိယဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ စတုတ္ထဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၄။ စတုတ္ထဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ အာကာသာနဉ္စာယတနဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၅။ အာကာသာနဉ္စာယတနဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ ဝိညာဏဉ္စာယတနဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၆။ ဝိညာဏဉ္စာယတနဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့တရားထူး၊ အာကိဉ္စညာယတနဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၇။ အာကိဉ္စညာယတနဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ နေဝသညာ နာသညာယတနဈာန်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၈။ နေဝသညာ နာသညာယတနဈာန်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ သောတာပတ္တိမဂ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၉။ သောတာပတ္တိမဂ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ သောတာပတ္တိဖိုလ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၁၀။ သောတာပတ္တိဖိုလ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ သကဒါဂါမိမဂ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၁၁။ သကဒါဂါမိမဂ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ သကဒါ

http:\\www.dhammadownload.com



ဂါမိဖိုလ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၁၂။ သကဒါဂါမိဖိုလ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ အနာဂါမိမဂ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၁၃။ အနာဂါမိမဂ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ အနာဂါမိဖိုလ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၁၄။ အနာဂါမိဖိုလ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး၊ အရဟတ္တမဂ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။

၁၅။ အရဟတ္တမဂ်က ပုဗ္ဗဝိသေသ=ရှေ့ရတဲ့ တရားထူး။ အရဟတ္တဖိုလ်က အပရဝိသေသ=နောက်ရတဲ့ တရားထူး။ ဤသို့ အရဟတ္တဖိုလ် သည် နောက်ဆုံးရတဲ့ တရားထူး ဖြစ်ပါတယ်။

သော=ထိုသရဘင်္ဂဇာတ်လာ တရားဂါထာတို့ကို သဒ္ဓါကြည်ညို ရိုသေစွာ နာကြား၍ နှလုံးသွင်းကောင်းကောင်းဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ=ဓမ္မာနုဓမ္မပဋိပတ်ကို မပြတ်ကြိုးကုတ် အားထုတ်သော သူသည်။ ပုဗ္ဗာပရိယံ ဝိသေသံ=ရှေ့နောက် တရားထူးဖြစ်တဲ့, လောကီသမာပတ်ရှစ်ပါး၊ လောကုတ္တရာမဂ်လေးပါး၊ ဖိုလ်လေးပါးကို။ လဒ္ဓါန=အရဟတ္တဖိုလ်ပေါက် ရောက်သကာလ ရခြင်းကိစ္စပြီး၍။ မစ္စုရာဇဿ=သေမင်းခေါ်တဲ့ မရဏတရား၏။ အဒဿနံ=မမြင်ရာဖြစ်တဲ့ နိဗ္ဗာန်သို့။ ဂစ္ဆေ ဂစ္ဆေယျ=မြေလက်ခတ်နဲ့ မလွဲဧကန် အမှန်ထုတ်ချောက် ရောက်ရာ၏။

အရဟတ္တဖိုလ်ပေါက် ပေါက်ပြီဆိုယင် အားလုံးတောင့်တတဲ့ နိဗ္ဗာန်ကို အပြီးအဆုံး ရောက်ပြီတဲ့။

ဤ သရဘင်္ဂဇာတ်လာ တရားဂါထာတွေဟာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်တဲ့ တရားဂါထာများ ဖြစ်ကြောင်း ဒီ အဘိသမ္ဗုဒ္ဓဂါထာဖြင့် အထွတ်တပ်ထူ ယူတော်မူပြီးလျှင် –

http:\\www.dhammadownload.com



န ဘိက္ခဝေ ကာလေန ယံ ပုဗ္ဗေပိ မောဂ္ဂလ္လာနဿ အာဠဟနေ ပုပ္ဖဝဿံ ဝဿိ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့ ...။ န ကာလေ ယံ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌သာ မဟုတ်သေး။ ပုဗ္ဗေပိ= အတိတ်ဝေးစွာ ရှေးအခါတုန်းကလည်းပဲ။ မောဂ္ဂလ္လာနဿ အာဠ-ဟနေ=မောဂ္ဂလ္လာန်၏ သုသာန်သချိုင်း ရှာပနကိစ္စ ကျင်းပရာ အရပ်၌။ ပုပ္ဖဝဿံ=နတ်ပန်းမိုးသည်။ ဝဿိ=ရွာသွန်းခဲ့ဖူးလေပြီ။ ဤကဲ့သို့ မိန့်တော်မူ၍ သစ္စာလေးပါး တရားတို့ကို ဟောပြပြီးလျှင်-

၄၄။ သာလိဿရော သာရိပုတ္တော၊
မေတ္တိဿရော စ ကဿပေါ။
ပဗ္ဗတော အနုရုဒ္ဓေါ စ၊
ကစ္စာယနော စ ဒေဝလော။

၄၅။ အနုသိဿော စ အာနန္ဒော၊
ကိသဝစ္ဆော စ ကောလိတော။
နာရဒေါ ဥဒါယိတ္ထေရော၊
ပရိသာ ဗုဒ္ဓပရိသာ။
သရဘင်္ဂေါ လောကနာထော၊
ဧဝံ ဓာရေထ ဇာတကံ။ ။

လို့ ဂါထာ နှစ်ပုဒ်ခွဲဖြင့် အတိတ်ဖြစ်ရပ်၊ ပစ္စုပ္ပန်ဖြစ်ရပ်၊ ဇာတ်တော်ကို ပေါင်းစပ်၍ ပြတော်မူတယ်။ ဇာတ်ပေါင်း နှစ်ဂါထာခွဲကို အနက်မပေးမီ ကြိုတင်ပြီး သရဘင်္ဂဆရာကြီး၏ တပည့်ကြီး ၇ ယောက်တို့၏ အစဉ်ကို-

သာလိဿရော မေတ္တိဿရော၊
ပဗ္ဗတော ကာလဒေဝလော။
ကိသဝစ္ဆော အနုသိဿော၊
နာရဒေါ ဟောတိ သတ္တမော။ ။

http:\\www.dhammadownload.com



လို့ (၁) သာလိဿရ တပည့်ကြီး၊ (၂) မေဏ္ဍိဿရ တပည့်ကြီး၊ (၃) ပဗ္ဗတ တပည့်ကြီး၊ (၄) ကာလဒေဝလ တပည့်ကြီး၊ (၅) ကိသဝစ္ဆ တပည့်ကြီး၊ (၆) သရဘင်္ဂဆရာကြီးအနီးမှာ အမြဲနေတဲ့ အနုသိဿ တပည့်ကြီး၊ (၇) ခုနစ်ယောက်မြောက် နာရဒ တပည့်ကြီး ဤသို့ အဋ္ဌကထာမှာလာတဲ့ တပည့်ကြီး ၇ ယောက်နဲ့ သရဘင်္ဂဆရာကြီး။

ဒီဇာတ်တော်ဝင် သူမြတ်ကြီး ၈ ဦးကို ယခု မြတ်စွာဘုရားက "သာလိဿရော သာရိပုတ္တော" အစရှိသဖြင့် နှစ်ဂါထာခွဲနဲ့ ဇာတ်ပေါင်း ပြတော်မူတယ်။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့ ...။

(၁) တဒါ=ထိုစဉ်အခါက။ သာလိဿရော=သာလိဿရ အမည်ရတဲ့ ပထမ တပည့်ကြီးသည်။ ဣဒါနိ=နောက်ဆုံးပစ္ဆိမ ဤဘဝ၌။ သာရိပုတ္တော=ငါဘုရား၏ လက်ယာရံ သာရိပုတ္တရာ မထေရ်သည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

(၂) တဒါ=ထိုစဉ်အခါက။ မေဏ္ဍိဿရော စ=မေဏ္ဍိဿရ အမည်ရတဲ့ ဒုတိယ တပည့်ကြီးသည်ကား။ ဣဒါနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ ကဿပေါ=ငါဘုရား၏ တတိယ သာဝက မဟာ ကဿပမထေရ်သည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

(၃) တဒါ=ထိုစဉ်အခါက။ ပဗ္ဗတော စ=ပဗ္ဗတ အမည်ရတဲ့ တတိယ တပည့်ကြီးသည်ကား။ ဣဒါနိ=နောက်ဆုံးပစ္ဆိမ ဤဘဝ၌။ အနုရုဒ္ဓေါ=ငါဘုရားရဲ့ ညီဝမ်းကွဲ ငါဘုရား ပရိနိဗ္ဗာန်စံတဲ့အခါ များစွာကျေးဇူးဆောင်တဲ့ မဟာသာဝက အနုရုဒ္ဓါမထေရ်သည်။ အဟောသိ=ဖြစ်လတ်ပြီ။

(၄) တဒါ=ထိုစဉ်အခါက။ ဒေဝလော စ=ကာလဒေဝလ အမည်ရတဲ့ စတုတ္ထ တပည့်ကြီးသည်။ ဣဒါနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ

http:\\www.dhammadownload.com



၌။ ကစ္စာယနော=“အဆင်းလှ ရှင်ကစ္စည်း”ဟု လူတိုင်းအံ့ချီးရတဲ့ အရှင်မဟာကစ္စည်း မထေရ်မြတ်ကြီးသည်။ အဟောသိ=ဖြစ်လတ်ပြီ။

(၅) တဒါ=ထိုစဉ်အခါက။ အနုသိဿော စ=သရဘင်္ဂဆရာကြီးရဲ့ အနီးမှာ မခွာအမြဲ ပြုစုစောင့်ရှောက်နေတဲ့ အနုသိဿ အမည်ရတဲ့ ပဌမတပည့်ကြီးသည်ကား။ ဣဒါနိ=နောက်ဆုံးပစ္ဆိမ ဤဘဝ၌။ အာနန္ဒော=ဓမ္မဘဏ္ဍာဂါရိကထုံးခံသည့် အာနန္ဒာ မထေရ်မြတ်သည်။ အဟောသိ=ဖြစ်လတ်ပြီ။

(၆) တဒါ=ထိုစဉ်အခါက။ ကိသဝစ္ဆော စ=ဒဏ္ဍကီမင်းနှင့် တကွ တိုင်းသူပြည်သားတို့၏ အပြစ်မှားခံရသည့် ကိသဝစ္ဆ ဆဋ္ဌမ တပည့်ကြီးသည်ကား။ ဣဒါနိ=နောက်ဆုံးပစ္ဆိမ ဤဘဝ၌။ ကောလိတော = လူ့ပြည်လောက မိဘနှစ်ပါး မှည့်ခေါ်တဲ့ အမည်က ကောလိတ၊ သာသနာမှာ ငါဘုရားပေးတဲ့ အမည်က မောဂ္ဂလ္လာန် လက်ဝဲတော်ရံ အဂ္ဂသာဝကသည်။ အဟောသိ=ဖြစ်လတ်ပြီ။

(၇) တဒါ=ထိုစဉ်အခါက။ နာရဒေါ=ခုနစ်ယောက်မြောက် သတ္တမ တပည့်ကြီး နာရဒသည်။ ဣဒါနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ ဥဒါယိတ္ထေရော=မဟာဆွေတော်မျိုးတော်များ အကြည်ညို ပွားစေရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ဘွဲ့ရ ကစ္စာယန မထေရ်သည်။ အဟောသိ=ဖြစ်လတ်ပြီ။

(၈) တဒါ=ထိုစဉ်အခါက။ ပရိသာ=သိကြား၊ လူ၊ နတ် ပရိသတ်သည်။ ဣဒါနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ ဗုဒ္ဓပရိသာ= ငါဘုရား၏ တရားနာလတ် ဗုဒ္ဓပရိသတ်သည်။ အဟောသိ=ဖြစ် လတ်ပြီ။

(၉) ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ တဒါ= ထိုစဉ်အခါက။ သရဘင်္ဂေါ=သရဘင်္ဂဆရာကြီးသည်။ ဣဒါနိ=

http:\\www.dhammadownload.com



နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ လောကနာထော=လူသုံးပါးတို့ ကိုးစားရာ ငါဘုရားသည်။ အဟောသိံ=ဖြစ်လတ်ပြီ။ ဧဝံ=ဤသို့။ ဇာတကံ=အတိတ်ဖြစ်ရပ် ပစ္စုပ္ပန်ဖြစ်ရပ် ဇာတ်တော်မြတ်ကို။ ဓာရေထ=မှတ်ဆောင်ကြကုန် ... လို့ -

ဇာတ်ပေါင်းတာကိုပဲ ဂါထာ နှစ်ဂါထာခွဲနဲ့ ပေါင်းပြ သရဘင်္ဂဇာတ် ဤမှာ ဆုံးတယ်။ အရှင်မဟာမောဂ္ဂလ္လာန်တည်းဟူသော သမာဓိဘက်က ချိန်ခွင်ကြီးရဲ့ အကြောင်း၊ သူ့အကြောင်း ပြီးရုံတင် မကဘူး။ “တစ်နွယ်ငင် တစ်စင်ပါ”အနေဖြင့် အတိတ်ဘဝက ကိသဝစ္ဆ ရှင်ရသေ့ ဖြစ်ပြီး သရဘင်္ဂ ဆရာကြီးနဲ့တကွ တပည့်ရှင်ရသေ့ပေါင်း များစွာတို့ရဲ့ လုလုပပ အရှိုးအမြှောက် အပြုအစု ခံရတာကိုပါ ဖော်ပြတဲ့ သရဘင်္ဂ ဇာတ် ပြီးဆုံးပါပြီ။

## တရားစတော်နိဂုံး

ဤသို့လျှင် စတ္တာလီသနိပါတ် သရဘင်္ဂဇာတ် တရားဒေသနာမြတ်ကို နာယူရခြင်း=ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလတို့ကို ဆောက်တည်ခံယူရခြင်း=သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ တရားနာစဉ် မိမိတို့ဉာဏ်အမြင် မီကြသလောက် ဝဋ္ဋကြာမ အဝဝတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ဉာဏ် အမြင် မီကြသမျှ ဆင်ခြင်ပွားများ နှလုံးထားရခြင်း=ဘာဝနာမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော် လေးပြင် သူတော်စင်တို့အား တရားအလှူကို ပေးလှူရခြင်း=ဓမ္မဒါန အမတဒါန ကောင်းမှုကုသိုလ်ကံစေတနာ၊ ဤသို့ စသည် ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤ ဇာတ် တော်လာ မြတ်စွာဘုရားနှင့်တကွ အဂ္ဂသာဝက၊ မဟာသာဝက ကြီးများ မျက်မှောက်ပြုအပ်တဲ့ သန္တိလက္ခဏာ၊ အစ္စုတိရသ၊ အနိမိတ္တ ပစ္စုပဋ္ဌာန်

http:\\www.dhammadownload.com



ရှိသော နိရောဓသစ္စာ နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာ လွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာ အသိဉာဏ်၊ ရည်သန့်တောင့်တ ပန်ထွာရင်း ရှိကြတဲ့ မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ဒို့တစ်တွေ မျက်မှောက်ပြုရပါလိုသောဝ် ... လို့ အဲဒီလိုနည်းပဲ ဆုတောင်းကြပါ။ အရဟတ္တဖိုလ်ပေါက် မျက်မှောက် ပြုနိုင်ကြသည့်ကိုယ် ဖြစ်ပါစေကုန်သတည်း ...။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထို နောက်ဆုံး ပစ္ဆိမဘဝ=ရဟန္တာဘဝမှာ နောက်ဆုံးကျတဲ့ စုတိစိတ်ကို သံသရာမှာဖြင့် နောက်ဆုံးဖြစ်တဲ့ စိတ်ဖြစ်လို့ စရိမက=ပစ္ဆိမစိတ်လို့ ခေါ်တယ်။ ရဟန္တာဖြစ်ရတဲ့ ထိုနောက်ဆုံး ဘဝဝယ် စရိမက=ပစ္ဆိမ စုတိစိတ်၏ နောက်ကာလ၌ တစုံတခုသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တနိကာယ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာ ငါးပါး ဒုက္ခသစ္စာ ဝဋ္ဋမီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်း ဟူသော အနုပ္ပါဒါနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန် သတည်း ... ။

အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ္ဋ၊ ကိလေသဝဋ္ဋ၊ ဝိပါကဝဋ္ဋ တည်းဟူသော ဝဋ္ဋဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံ ကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း ... ။

သာဓု။ သာဓု။ သာဓု။

သရဘင်္ဂဇာတ် (တတိယပိုင်း) ပြီးပြီ။

ဤတွင် (၁) ရဟန်းယောကျ်ားချိန်ခွင်ကြီး တရားတော် ပြီးပြီ။

တိပိဋကဓရ ဟောစဉ်တရားတော်များ (ပဌမတွဲ) ပြီးပြီ။

http:\\www.dhammadownload.com



# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ (ပဉ္စမတွဲ)
## သာသနာ့ ရိုန်ခွင်ကြီးလေးလက် တရားတော်
## (၁-ရဟန်းယောကျာ်းရိုန်ခွင်ကြီး)
## အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| (အ) | | (အ) | |
| အကုသိုလ်ခွေး | ၄၀၁ | အနုသယဓာတ် | ၁၆၆ |
| အကျဉ်းဆုံး အခက်ဆုံး | | အနုသာသနီပါဋိဟာရိယ | ၃၅၁ |
| အရေးကောင်းသူ | ၂၆ | အနေသန | ၂၆၀ |
| အကျယ်အရေး ကောင်းသော | | အနောမမထေရ် | ၄၄ |
| ဋီကာဆရာ | ၂၆ | အန္တရာဘုံသချာ | ၇၃ |
| အခါမတန်သေး | ၆၄ | အဖြည့်ဂါထာ | ၁၉ |
| အခွင့်ကောင်းလေးမျိုး | ၂၈၄ | အဘိဋ္ဌာနအကုသိုလ် | ၁၉၀ |
| အဂ္ဂသာဝကအစုံ | ၈၂ | အဘိသမ္ဗုဒ္ဓ ၂ ဂါထာ | ၅ |
| အဂ္ဂသာဝကနေ့ | ၆၃ | အမျိုးသမီးတို့၏စံပြ | ၆ |
| အဂံသမဥစ္စာ | ၂ | အရဟံ+အရဟံလို့ချီးကျူး | |
| အင်္ဂီရသ | ၄၈၉ | ပြောဆိုရသော | |
| အဋ္ဌကမင်း | ၄၄၇ | အကြောင်းငါးပါး | ၉ |
| အထင်မှား အမြင်မှား | | အရဟံဂုဏ်တော်ပုတီးစိပ်နည်း | ၈ |
| အကြံမှား | ၁၂၁ | အရိယမဂ်ဉာဏ် | ၁၃၈ |
| အနုဂါမိကဥစ္စာ | ၂ | အရှင်အဿဇိမထေရ် | ၆၃ |
| အနုဂါမိကဥစ္စာရတနာ | | အရှင်ဂေါဓိက | ၁၆ |
| လေးမျိုး | ၂ | အရှင်စုန္ဒ | ၃၄၁ |
| အနုပုဗ္ဗိကထာ | ၈၃ | အရှင်ပိလိန္ဒဝစ္ဆ | ၁၂ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(အ)** | |
| အလယ်အလတ် အရေးကောင်း သောဆရာ | ၂၆ |
| အသက်မရှုဘဲ အိပ်နေသလိုပ | ၅၁ |
| အဿဇိ ရဟန်း | ၂၅၉ |
| အာဒိတ္တပရိယာယ တရားဒေသနာ | ၆၂ |
| အာဒေသနာ ပါဋိဟာရိယ | ၃၅၁ |
| အာယုပါလက ဖလသမာပတ် | ၃၀၈ |
| အာယုသင်္ခါရ | ၃၀၄ |
| အာယုသင်္ခါရဩလောကန | ၄၉ |
| အာရာမ်စောင့်ကြီးလေးဦး | ၃၄၆ |
| အာသယဓာတ် | ၁၆၆ |
| **(ဣ၊ ဤ၊ ဥ)** | |
| ဣဒ္ဓိပါဋိဟာရိယ | ၃၅၁ |
| ဣသိဂိလိတောင် | ၃၉၅ |
| ဤကိုယ်ကာယ ရှိ ဓမ္မလင်္ကာ | ၁၇ |
| ဤကိုယ်ကာယ ရှိ လင်္ကာအဖွင့် | ၁၈ |
| ဥက္ကံသဂတိ | ၂၉၈ |
| ဥစ္စာလေးမျိုး | ၂ |
| ဥစ္ဆေဒအယူရှိသူ | ၁၅၉ |
| ဥစ္ဆေဒဒိဋ္ဌိသမား | ၁၇၈ |
| **(ဥ၊ ဦ၊ ဧ၊ ဩ)** | |
| ဥစ္ဆေဒဝါဒ | ၁၅၉ |
| ဥပနိဿရည်း | ၂၆၃ |
| ဥပရေဝတ | ၃၃၇ |
| ဥပသမာနုဿတိကမ္မဋ္ဌာန်း | ၈ |
| ဥပါဒါနက္ခယ | ၂၉၈ |
| ဥရုဝေလကဿပညီနောင် | ၆၂ |
| ဦးရှိုကျိုးတဲ့နွားလားနဲ့ တူတဲ့ | ၃၇၈ |
| ဧကစ္စသဿတဝါဒ | ၁၅၉ |
| ဧကာဘတ္တိကဆက္ကသီလ | ၄ |
| ဧတဒဂ်ထား | ၂၂၇ |
| ဧဟိဘိက္ခု ပရိက္ခရာ | ၅၃ |
| ဧဟိဘိက္ခုရဟန်း | ၅၃ |
| ဩဝါဒပါတိမောက် | ၂၂၅ |
| **(က)** | |
| ကပေါတချောင်း၊ ကပေါ တတောင်ကြား | ၂၆၈ |
| ကရဏီယ | ၁၁၉ |
| ကလာဗုမင်း | ၄၄၇ |
| ကာမဂဝေသက ကာမဗျာသယ | ၂၅၂ |
| ကာမာနံ အာဒီနဝကထာ | ၃၅၆ |
| ကာယဂတိ | ၉၆ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(က၊ ခ၊ ဂ)** | |
| ကာယသမာစာရ် | ၂၂၇ |
| ကာယိကဒုက္ခ | ၂၇၂ |
| ကာလကဏ္ဏိ | ၄၄၁ |
| ကာလိင်္ဂမင်း | ၄၄၈ |
| ကိစ္စ | ၁၂၁ |
| ကိသဝစ္ဆရှင်ရသေ့ | ၄၄၀ |
| ကိဋ္ဌာဂိရိဇနပုဒ် | ၂၆၀ |
| ကုလဒူသန | ၂၆၀ |
| ကူးတို့ခ | ၄၉၆ |
| ကံပြင်းရှက် | ၄၈၉ |
| ကန်တော့ပြီးပြီ | ၃၆၁ |
| ကြောင်ရဲ့ခံတွင်းဝ၌ ကျရောက်နေသောကြွက်ကလေးကဲ့သို့ | ၃၈၂ |
| ခဏ | ၂၈၄ |
| ခဏိကဖလသမာပတ် | ၃၂၀ |
| ခန္တိဝါဒီရှင်ရသေ့ | ၄၉၁ |
| ခန္ဓာငါးပါးရှိနေခြင်းဟာ ဝန်ထုပ်ဝန်းကြီး | ၄၇ |
| ခန္ဓာပူရမြို့ | ၂၈၈ |
| ခန္ဓာဝန်ကြီးကိုချ၍ရသလောက် | ၄၇ |
| ခြင်္သေ့မင်းရဲ့လျောင်းခြင်း | ၁၄ |
| ဂဝေသီဆရာကြီး | ၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(င၊ စ၊ ဆ)** | |
| ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်ကြောင်းတရားခုနစ်ပါး | ၁၀၀ |
| ငိုက်မျဉ်းခြင်းပျောက်ကြောင်းတရားခုနစ်ပါးသင်္ချာ | ၁၁၁ |
| စတုရုပ်တွေ ဘယ်သွားကုန်သလဲ | ၉၈ |
| စတုတ္ထဈာန် | ၄၈ |
| စတုပစ္စယသန္တောသ | ၂၃၁ |
| စတုမဟာရာဇ် နတ်မင်းကြီးလေးပါး | ၃၄၆ |
| စိတ္တကိလေသတရား | ၂၉၅ |
| စိတ္တဂတိ | ၉၆ |
| စိတ္တိသာရိယဘုန်းတော် | ၃၁၉ |
| စိတ်တည်းဟူသောသားသမင် | ၁၆၇ |
| စိန္တာမယဉာဏ် | ၁၄၄ |
| စိန်ပန်းသာသနာ့ရိပ်သာ | ၁၅၂ |
| စုန္ဒသာမဏေ | ၃၄၁ |
| စုန္ဒသုတ္တန် | ၃၀၈ |
| ဆရာကိုမမေ့မလျော့ ပူဇော်တတ်တဲ့ပုဂ္ဂိုလ် | ၇၈ |
| ဆရာကွန်းထား | ၄၃၇ |
| ဆရာရှာတပည့်တွေ့ | ၆၁ |
| ဆဗ္ဗဂ္ဂီရဟန်း | ၂၅၉ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(ဆ၊ ဇ)** | |
| ဆဗ္ဗဂ္ဂီသူငယ်ချင်းတွေ | ၂၅၉ |
| ဆင်တိုင်းတောင် | ၂၇၁ |
| ဇင်္ဂမဥစ္စာ | ၂ |
| ဇောတိပါလသတို့သား | ၄၁၁ |
| **(တ၊ ထ၊ ဒ)** | |
| တဏှာဒိဋ္ဌိတည်းဟူသော ပရာမာသ | ၂၁၂ |
| တဏှာသင်္ခယဝိမုတ္တိပုဂ္ဂိုလ် | ၁၂၉ |
| တတိယဈာန် | ၄၈ |
| တနုတရာ | ၁၆၅ |
| တပည့်ကြီး ၇ ယောက် | ၄၇၇ |
| တရားစစ်မှူး | ၃၇၁ |
| တီရဏပရိညာ | ၁၃၄ |
| တောရကျောင်း၏ အင်္ဂါ ၅ ချက် | ၁၂၇ |
| တော ၁၁ ချက် | ၁၉၅ |
| တံ ပဿ တာဒိသမေဝ | ၁၆၃ |
| ထာဝရဥစ္စာ | ၂ |
| ထေရဂါထာအဋ္ဌကထာ | ၂၆ |
| ဒါနကထာ | ၈၄ |
| ဒိဋ္ဌိအာသယ | ၁၆၇ |
| ဒိဋ္ဌိနိဝေဌနကထာ | ၁၉၁ |
| ဒိဗ္ဗသောတအဘိညာဉ် | ၂၇၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(ဒ၊ ဓ၊ န)** | |
| ဒီဃနခသုတ္တန် | ၁၅၂ |
| ဒုတိယအဂ္ဂသာဝကဆု | ၅၆ |
| ဒုတိယဈာန် | ၄၈ |
| ဓနန္တေဝါသိက | ၁၄၁ |
| ဓမ္မခင်မင် | ၆ |
| ဓမ္မစကြာညာဏ်မျက်စိ | ၁၆၉ |
| ဓမ္မန္တေဝါသိက | ၄၁၁ |
| ဓမ္မပဒအညတရဣတ္ထိဝတ္ထု | ၂၅၀ |
| ဓမ္မလက်ဆောင်လင်္ကာ | ၁ |
| ဓာတ်ကမ္မဋ္ဌာန်းကျမ်း | ၂၀၄ |
| နဟုတဆိုတာ ဘာလဲ | ၇၂ |
| နာနာဘာဝွာအဝိကောပန | ၄၉ |
| နာမရူပပရိဂ္ဂဟညာဏ် | ၁၃၂ |
| နာလကရွာ | ၃၁၅ |
| နိဗ္ဗာန်ဆိပ်ဦးဓမ္မာရုံ | ၁ |
| နိဗ္ဗိဒါညာဏ် | ၂၀၈ |
| နိရောဓသမာပတ် | ၄၇ |
| နိဿဘမထေရ် | ၄၄ |
| နေဝသညာ နာသညာယတနဈာန် | ၅၀ |
| နားဟုတွင်မည် လင်္ကာ | ၂၈၉ |
| နာမ်ရုပ်တရားအဖွင့် | ၂၀ |
| နိုင်ငံရေးသဘော | ၁၆၉ |
| နှိပ်စက်ခြင်းရာ အဖွင့် | ၂၂ |

http:\\www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (ပ၊ ဗ၊ ဘ၊ မ) | |
| ပစလာယမာနသုတ် | ၁၅၀ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၁၃၄ |
| ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန် | ၂၁၁ |
| ပစ္စဝေက္ခဏာဉာဏ်လေးပါး | ၂၁၀ |
| ပညာအာသယ | ၁၆၇ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၁၄၂ |
| ပဏ္ဍုက | ၂၅၉ |
| ပရိဗိုဇ် ရဟန်းပြု | ၆၁ |
| ပလာယပိဋ္ဌိက ကံကြမ္မာ | ၄၀၁ |
| ပီတိ ငါးမျိုး | ၃၅၀ |
| ပုနဗ္ဗသုက | ၂၅၉ |
| ပုဗ္ဗကိစ္စလေးပါး | ၄၈ |
| ပြာပူငရဲ | ၄၈၀ |
| ပုန်းရည်ပုပ် | ၁၈၂ |
| ဗုဒ္ဓဝေနေယျ | ၃၁၇ |
| ဗြဟ္မစရိယမဥ္စမကသီလ | ၃ |
| ဘာဝနာရာမသန္တောသ | ၂၃၀ |
| ဘီမရထမင်း | ၄၄၈ |
| ဘုရားသဗ္ဗညုဆိုတာမြင်းမိုရ် တောင်ကြီးလောက်ဂုဏ် ကျေးဇူးကြီးလှပါတယ် | ၄၂ |
| ဘိုးတော်အဥ္စန | ၃၀၄ |
| မဂ္ဂါနန္တရဖလသမာပတ် | ၃၁၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (မ၊ ယ၊ ရ) | |
| မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | ၁၄၂ |
| မဟာကောဋ္ဌိက မထေရ် | ၂၉၂ |
| မဟာဗောဓိဝိပဿနာ ကမ္မဋ္ဌာန်းတိုက် | ၂၂၅ |
| မဟာဗြဟ္မာကြီး | ၃၄၈ |
| မဟာဘုံသချာ | ၇၂ |
| မဟာဝဇိရဝိပဿနာဉာဏ် | ၃၂၁ |
| မူလပစ္စဝေက္ခဏာဉာဏ် လေးပါး | ၁၄၀ |
| မေတ္တိယ | ၂၆၀ |
| မာန်မာနတည်းဟူသော နှာမောင်း | ၁၁၈ |
| မျက်စိတွင်မည်၊ လကာ် | ၂၈၉ |
| မြေကြီးပမာအတူ | ၃၇၈ |
| မြေမှုန့်အတူ ကစားဖက် | ၅၈ |
| မှန်ညင်းစေ့ | ၂၀၃ |
| ယထာစာရီ | ၂၂၇ |
| ယထာစာရီသီလ | ၂၂၈ |
| ယက္ခပဟာရသုတ် | ၂၇၆ |
| ယနေ့ကမ္ဘာမှာ ဝါဒ သုံးခု ရှိတယ် | ၁၅၉ |
| ရဟန္တာပုဂ္ဂိုလ်ရဲ့ဂုဏ်ငါးပါး | ၁၃၀ |
| ရာဇခံဆယ်ပါး မင်းကျင့်တရား | ၄၈၂ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| (ရ၊ လ၊ သ) | | (သ၊ ဟ) | |
| ရာဇပုဏ္ဏားကြီး | ၂၅၃ | သုတမယဉာဏ် | ၁၄၄ |
| ရူပသာရီပုဏ္ဏေးမကြီး | ၃၃၈ | သုဒ္ဓါဝါသဘုံသား | ၃၄၉ |
| ရေဝတီ | ၃၆၆ | သုနခ ငရဲကြီး | ၄၈၈ |
| ရှန့်ရှင်းသော ကာမရာဂ | ၂၀၉ | သုဘဒ္ဒ | ၃၂၃ |
| ရှန့်ရှင်းသော ဗျာပါဒ | ၂၀၉ | သုသုမာရဂိရ | |
| ရုပ်ကမ္မဋ္ဌာန်း | ၁၉၇ | အမည်ရသောမြို့ | ၉[illegible] |
| ရွှေပန်းပွင့်အိုးသုံးလုံး | ၃၆၆ | သူကောင်းမျှောမိုး | ၄၄၅ |
| ရွှေပြာသာဒ် | ၃၆၄ | သူတော်ကောင်းတစ်ယောက်ပဲ | ၈ |
| လောကီပထမရျာန် | ၄၈ | သေမင်းခံတွင်းဝ | ၅၉ |
| လောဟိတက ရဟန်း | ၂၆၀ | သဲဖြူမိုး | ၄၄၆ |
| လက္ခဏာသမ္မသန | ၁၉ | သံကိလေသ စကား | ၂၁၂ |
| လက်ဆွဲနှုတ်ဆက် | ၃၆၂ | သံစိတ္တရုစိပုဂ္ဂိုလ် | ၄၉ |
| သီလသာသနာ | ၂၂၈ | သံဃပဋိမာနန | ၂၄၉ |
| သီဟနာဒ | ၁၁၅ | သံဝေဂဖြစ် | ၂၉ |
| သီဟနာဒဂါထာ | ၂၇၈ | ဟင်းလေးအိုး | ၂၂၅ |


တိပိဋကဓရ ဟောစဉ်တရားတော်များ (ပဋ္ဌမတွဲ)
အက္ခရာစဉ်အညွှန်း ပြီးပြီ။